ရုန်းမထွက်သာ အစဉ်အလာ

မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုရေးရာ စံနှုန်းများ၊
လူမှုအလေ့အထများနှင့် ကျား၊ မ ရေးရာ တန်းတူညီမျှရေး။

ဤလေ့လာမှုသည် မြန်မာနိုင်ငံ၏ မတူကွဲပြားသည့် အခင်းအကျင်းများအလိုက် လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းများနှင့် မိသားစုဘဝ၊ လုပ်ငန်းခွင်၊ ကျန်းမာရေးနှင့် ပညာရေးစသည့် ဘဝနယ်ပယ်အသီးသီးနှင့်စပ်လျဉ်းသည့် အမျိုးသား၊ အမျိုးသမီးများ၏ ဘဝအပေါ် အဆိုပါစံနှုန်းများ၏ သက်ရောက်မှုကို ပိုမို နားလည်သဘောပေါက်စေရန် ရည်ရွယ်ပါသည်။

ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်၊
၂၀၁၅၊ ရန်ကုန်၊ မြန်မာ။

ကျား၊ မ ရေးရာ
တန်းတူညီမျှရေး ကွန်ရက်

ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်၊
Yangon, Myanmar
© All rights reserved
Published in Yangon, Myanmar,
November 2015

မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုစံနှုန်းများ၊ လူမှုအလေ့အထများနှင့် ကျား၊ မ ရေးရာ တန်းတူညီမျှရေး

မာတိကာ

အတိုကောက် အသုံးအနှုန်းများ ၆

ကျေးဇူးတင်လွှာ ၇

အနှစ်ချုပ် ၈

၁။ နိဒါန်း ၁၂

၁.၁။ နောက်ခံသမိုင်းနှင့် အကြောင်းတရားများ ၁၄

၁.၂။ ရည်ရွယ်ချက်များနှင့် လေ့လာမှုမေးခွန်းများ ၁၅

၁.၃။ နည်းစနစ် (အကျဉ်းချုပ်) ၁၆

၁.၄။ ကျင့်ဝတ်စည်းကမ်းများနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ထည့်သွင်းစဉ်းစားချက်များ ၁၉

၂။ အခြေအနေ တည်ဆောက်ခြင်း ၂၀

၂.၁။ ‘ပြဿနာကို ပြဿနာဟု မမြင်ခြင်းက ပြဿနာဖြစ်သည်’ ၂၁

၂.၂။ အစဉ်အလာ ပုံပြင်ဇာတ်လမ်းများ - အမျိုးသမီးများ၏ အဆင့်အတန်း မြင့်မားခြင်းနှင့် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ချက်များ ၂၂

၂.၃။ ကျား၊ မ ရေးရာ တန်းတူညီမျှမှု မရှိခြင်းနှင့် လိင်ဆိုင်ရာ ခွဲခြားဆက်ဆံခြင်း - ပြဿနာက ဘယ်မှာလဲ ၂၉

၂.၄။ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကို အနောက်တိုင်း အယူအဆတစ်ရပ်အဖြစ် ရှုမြင်ခြင်း ၃၀

၃။ ယဉ်ကျေးမှု၊ ဘာသာရေး စံနှုန်းများနှင့် အလေ့အထများ ၃၂

၃.၁။ မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုနှင့် မြန်မာ့ယဉ်ကျေးမှု ၃၃

၃.၂။ ယဉ်ကျေးမှုနှင့် ဘာသာရေး ခွဲခြားမရခြင်း ၃၆

၃.၃။ အမျိုးသမီးများအား ယဉ်ကျေးမှုကို ဆက်ခံသူများအဖြစ် ရှုမြင်ခြင်း ၃၉

၃.၄။ ဗုဒ္ဓဘာသာဝင် သီလရှင်များ၏ အခန်းကဏ္ဍ ၄၃

၃.၅။ ဘုန်း၊ လေးစားမှုနှင့် အမျိုးသားများ မြင့်မြတ်သာလွန်မှု ၄၅

၃.၆။ သန့်ရှင်းစင်ကြယ်မှု၊ အမျိုးသမီးများ၏ နိမ့်ကျမှုနှင့် ဘေးဖယ်ထားခြင်း ၄၇

၃.၇။ ဣန္ဒြေ၊ ဖို သဘာဝနှင့် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှု အရေးပါခြင်း ၅၀

၃.၈။ စံပြယောက်ျားသဘာဝကို ထုဆစ်ခြင်း ၅၂

၃.၉။ ဘုရားပေါ်တွင် ငှက်များနားခွင့်ပေးခြင်း - မိမိကိုယ်ကို ထိန်းသိမ်းခြင်း၊ ခက်ခဲကြမ်းတမ်းမှုကို သည်းခံခြင်းနှင့် စွန့်လွှတ်အနစ်နာခံခြင်း

၄။ စံနှုန်းများကို ဖောက်ဖျက်ခြင်း ၅၄

၄.၁။ အလံမပါသော ရထား - အမျိုးသမီးများ၏ တစ်ဦးချင်းတန်ဖိုး ၅၅

၅။ အမျိုးသားများသည် အမျိုးသမီးများထက် ပို၍ အဖိုးတန်ပါသလား။ ၆၆

၅.၁။ သားယောက်ျားလေးအား ပိုမိုတောင့်တခြင်း ၆၇

၅.၂။ သတို့သမီးအတွက် အဖိုးအခ/သတို့သားအား တင်တောင်းရခြင်း ၆၈

၅.၃။ ကျေးရွာအား သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ခြင်း ၆၉

၅.၄။ အမွေဆက်ခံခြင်း ၇၀

၆။ လူမှုပုံစံသွင်းခြင်းနှင့် လက်ခံကျင့်သုံးခြင်း ၇၂

၆.၁။ လူမှုပုံစံသွင်းပေးသည့် အရာများ ၇၃

၆.၂။ အမျိုးသမီးများ လက်ခံထားသည့် နိမ့်ကျမှု ၇၇

၇။ ယဉ်ကျေးမှု အပြောင်းအလဲများဆိုင်ရာ လေ့လာတွေ့ရှိချက်များ ၇၈

၇.၁။ အမျိုးသမီးများအတွက် လူမှုရေးအကန့်အသတ်များအား ဖြေလျှော့ခြင်း ၇၉

၇.၂။ ဖြည်းဖြည်းနှင့် တစ်စိတ်တစ်ပိုင်း ပြောင်းလဲခြင်း ၈၂

၇.၃။ အပြောင်းအလဲကို ခုခံတွန်းလှန်ခြင်း ၈၃

၈။ စီးပွားရေး၊ အလုပ်အကိုင်နှင့် အသက်မွေးမှု ၈၄
၈.၁။ ကျား၊ မ ရေးရာ အလိုက် အလုပ်ခွဲခြားလုပ်ကိုင်ခြင်း ၈၅
၈.၂။ ပြောင်းလဲနေသော အခြေအနေနှင့် စံနှုန်းဟောင်းများ - မည်သည်ကို ဆိုလိုသနည်း။ ၈၉

၉။ ပညာရေး ၁၀၄
၉.၁။ ပြဿနာကို ဘောင်ခတ်ကြည့်ခြင်း ၁၀၅
၉.၂။ ကျား၊ မ ရေးရာ စံနှုန်းများ၊ လူမှုဝန်းကျင်မှ လက်ခံသည့် အပြုအမူများအား လေ့ကျင့်သင်ကြားပေးခြင်းနှင့် ပညာရေး ၁၀၆
၉.၃။ ကျား၊ မ ရေးရာ စံနှုန်းများ၊ ကျောင်းခေါ်ချိန်၊ ကျောင်းဆက်တက်ခြင်းနှင့် စွမ်းဆောင်ရည် ၁၁၁
၉.၄။ ကျား၊ မ ရေးရာ နှင့် ပညာရေး၏တန်ဖိုး ၁၁၄
၉.၅။ ကျား၊ မ ရေးရာ စံနှုန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းပုံသဏ္ဍာန်များ ၁၁၆
၉.၆။ ပညာရေးတွင် အစဉ်အလာတန်ဖိုးများကို အဓိပ္ပာယ် ပြန်လည်ဖွင့်ဆိုခြင်းနှင့် ပြန်လည်ရှာဖွေခြင်း ၁၁၈

၁၀။ အားကစား ၁၂၀

၁၁။ ကျန်းမာရေး ၁၂၄
၁၁.၁။ အမျိုးသမီးများအား မျိုးဆက်ပြန့်ပွားပေးသူများအဖြစ် ရှုမြင်ခြင်း ၁၂၅
၁၁.၂။ လိင်မှုဆိုင်ရာ တားမြစ်ချက်များ ၁၃၁
၁၁.၃။ ရာသီသွေးဆင်းခြင်းကို ညစ်ညမ်းသည်ဟု ရှုမြင်ခြင်း ၁၃၈
၁၁.၄။ ကိုယ်ဝန်ဆောင်ခြင်းနှင့် မီးဖွားခြင်းကို ရှက်စရာဟု ရှုမြင်ခြင်း ၁၄၀
၁၁.၅။ လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်း ၁၄၁

၁၂။ မီဒီယာ ၁၄၆

၁၂.၁။ ပြောင်းလဲလာသော မီဒီယာပတ်ဝန်းကျင် ၁၄၇
၁၂.၂။ မီဒီယာလွတ်လပ်ခွင့်နှင့် ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှု ၁၄၈
၁၂.၃။ အမျိုးသမီးများအား မတရားပြုခြင်း ၁၅၂
၁၂.၄။ အမျိုးသမီးများအား ရုပ်ဝတ္ထုနှင့် လိင်ဆွဲဆောင်မှုပစ္စည်းအဖြစ် အသုံးပြုခြင်း ၁၅၂
၁၂.၅။ အမျိုးသမီးနှင့် အမျိုးသားများအတွက် ပုံသေကားကျဖြစ်၍ ကျဉ်းမြောင်းသည့် အခန်းကဏ္ဍများ ၁၅၃
၁၂.၆။ ကျား၊ မ ရေးရာနှင့် မီဒီယာလုပ်ငန်း ၁၅၄
၁၂.၇။ ကျား၊ မ ရေးရာနှင့် ပုံနှိပ်မီဒီယာတွင် ဖော်ပြမှုအတိုင်းအတာ ၁၅၆
၁၂.၈။ မည်သူက မည်သည့်အကြောင်း ပြောကြမလဲ ၁၅၉
၁၂.၉။ အမျိုးသမီးများအား အဓိက အလေးပေး ဖော်ပြချက်များ၏ ရာခိုင်နှုန်း ၁၆၁
၁၂.၁၀။ အမျိုးသမီးမဂ္ဂဇင်းများကို ကျား၊ မ စံနှုန်းများအား လက်ဆင့်ကမ်းပေးသည်ဟု ရှုမြင်ခြင်း ၁၆၅
၁၂.၁၁။ လက်ထပ်ထိမ်းမြားခြင်းကို ဝေဖန်ဆန်းစစ်ခြင်း ၁၆၅
၁၂.၁၂။ စံနှုန်းများအား ချိုးဖောက်သည့်ဝတ္ထုများ ၁၆၅

၁၃။ အဓိက တွေ့ရှိချက်များ ၁၆၇

၁၃.၁။ နိဂုံးချုပ် ဆွေးနွေးချက် ၁၆၉

၁၃.၂။ အကြံပြု တိုက်တွန်းချက်များ ၁၇၂

၁၃.၃။ မှိုပြမ်းကိုးကားချက်များ ၁၇၃

နောက်ဆက်တွဲများ ၁၇၆
နောက်ဆက်တွဲ (၁) နည်းစနစ် ၁၇၇
နောက်ဆက်တွဲ (၂) ဖြစ်စဉ်လေ့လာချက်များ ၁၈၇

ကိုးကားချက်များ ၁၉၆

အတိုကောက်အသုံးအနှုန်းများ

AIDS	ခုခံစွမ်းအားကျဆင်းမှု ကူးစက်ရောဂါ
BBC	ဗြိတိသျှအသံလွှင့်ဌာန
CU	ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့
DVD	Digital Video Disc
ERC	သုတေသန ကျင့်ဝတ်ကော်မတီ
BPfA	ဘေဂျင်းလုပ်ငန်းစီမံချက်
CESR	ပညာရေးကဏ္ဍအား ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်သုံးသပ်ချက်
CEDAW	အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေး သဘောတူစာချုပ်
FGD	ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်း
GEN	ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်
HIV	ခုခံအားကျဆင်းမှု ကူးစက်ရောဂါပိုး (အိတ်ချ်အိုင်ဗွီပိုး)
KII	အဓိက သတင်းအချက်အလက် ပေးနိုင်သူများနှင့် တွေ့ဆုံမေးမြန်းခြင်း
LGBT	ယောက်ျားလျာ၊ မိန်းမလျာ၊ လိင်နှစ်မျိုးလုံးကို စိတ်ဝင်စားသူနှင့် လိင်ကူးပြောင်းသူ
MMCWA	မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း
MWAF	မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်
MRTV	မြန်မာ့အသံနှင့် ရုပ်မြင်သံကြား
MSWRR	လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သော အဖွဲ့အစည်း
NRC	အမျိုးသားမှတ်ပုံတင်ကတ်ပြား
NSPAW	အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း
SCR WG	လူမှုရေးနှင့် ယဉ်ကျေးမှု စံနှုန်းများ သုတေသနလုပ်ငန်းအဖွဲ့
SC	ပဲ့ကိုင်ကော်မတီ
STD	လိင်ဆက်ဆံမှုမှတစ်ဆင့် ကူးစက်သောရောဂါ
STI	လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ
UN	ကုလသမဂ္ဂ
UNESCO	ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့
VCD	Video Compact Disc
VOA	အမေရိကန် အသံလွှင့်ဌာန

ကျေးဇူးတင်လွှာ

ဤလေ့လာဆန်းစစ်မှုကို မြန်မာနိုင်ငံရှိ ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက်မှ စိတ်ကူးပုံဖော်၍ ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ ဤအကြောင်းအရာကို သုတေသနပြုလုပ်ရာတွင် လူပေါင်းများစွာပါဝင်ခဲ့ပြီး အစီရင်ခံစာထွက်ရှိလာအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးခဲ့သူများ အားလုံးကို ကျေးဇူးအထူးပင်တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဤလေ့လာဆန်းစစ်မှုကို ပြုလုပ်နိုင်ရန်အတွက် မိမိတို့၏ အချိန်နှင့် အတွေ့အကြုံများကို သုတေသနပညာရှင်များအား ဝေမျှပေးခဲ့ပါသော အမျိုးသား၊ အမျိုးသမီး (၅၄၃)ဦးကို ကျေးဇူးတင်ရှိပါကြောင်း အထူးအလေးပေးဖော်ပြလိုသည်။ ယင်းအမျိုးသား၊ အမျိုးသမီးတို့၏ ပံ့ပိုးကူညီမှုမရရှိခဲ့လျှင် လေ့လာဆန်းစစ်မှု အပြီးသတ်နိုင်မည်မဟုတ်ပါ။ ဤသုတေသနလုပ်ငန်းတွင် မိမိတို့၏ ကျွမ်းကျင်မှုနှင့် စိတ်အားထက်သန်မှုတို့ဖြင့် စေတနာ အပြည့်အဝထား ပါဝင်လုပ်ဆောင်ပေးခဲ့ပါသော သုတေသနလုပ်ငန်းအဖွဲ့ဝင်များဖြစ်သည့် Annami Löfving (သုတေသနအဖွဲ့ခေါင်းဆောင်)၊ အေးသီရိကျော် (ပြည်တွင်းမှ သုတေသနပညာရှင်)နှင့် မီမီသင်းအောင် (သုတေသနနှင့် သင်တန်းညှိနှိုင်းရေးမှူး၊ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်) တို့ကိုလည်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ လုပ်ငန်းစဉ်တလျှောက်လုံးတွင် ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အကြံဉာဏ်များသည် တန်ဖိုးမဖြတ်နိုင်ပါ။ အစီရင်ခံစာတွင် ပါဝင်သော အကြောင်းအရာများသည် အဖွဲ့အစည်းများနှင့် တစ်ဦးချင်းစီ၏ ပူးပေါင်းဆောင်ရွက် ကြိုးပမ်းအားထုတ်မှုတို့ကို ထင်ဟပ်ပြလျက်ရှိပြီး မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာ တန်းတူညီမျှမှု ရှိရေး/မရှိရေး နှင့် လူမှုရေးနှင့် ယဉ်ကျေးမှုအလေ့အထများအကြား ဆက်နွယ်မှုများကို သိရှိနားလည်အောင် အထက်ပါအမျိုးသမီး(၃)ဦးက အထူးကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးခဲ့ပါသည်။ Annami Löfving အား လေ့လာသင်ယူစရာ အချက်အလက်များ ပြည့်စုံစွာပါဝင်သော လေ့လာဆန်းစစ်မှုအတွက် ကျေးဇူးအထူးပင်တင်ရှိပါသည်။ ခက်ခဲကြမ်းတမ်းသော အခြေအနေအမျိုးမျိုးအောက်တွင် ဤအစီရင်ခံစာတွင် အခြေခံရေးသားရန် လိုအပ်သော သတင်းအချက်အလက်များ စုဆောင်းပေးခဲ့ပါသော ကွင်းဆင်းသုတေသနအဖွဲ့များကိုလည်း ကျေးဇူးတင်ရှိပါသည်။ သုတေသနနည်းလမ်းများ စမ်းသပ်လုပ်ဆောင်ခြင်းနှင့် သတင်းအချက်အလက် စုဆောင်းခြင်းလုပ်ငန်းစဉ်တွင် မိမိတို့၏ ဝန်ထမ်းများအား ပါဝင်ကူညီခွင့်ပေးခဲ့သော ကျား၊မ ရေးရာ တန်းတူညီမျှရေး ကွန်ရက်အဖွဲ့ဝင် အဖွဲ့အစည်းများ အားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်၏ မိတ်ဖက်အစိုးရအဖွဲ့အစည်းများဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ သုတေသနကျင့်ဝတ်ကော်မတီ (ဆေးသုတေသနဦးစီးဌာန၊ အောက်မြန်မာပြည်) ၏ အကြံဉာဏ်နှင့်လမ်းညွှန်မှုများသည် ဤလေ့လာဆန်းစစ်မှု အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အလွန်ပင် အထောက်အကူ ပြုပါကြောင်း အထူးကျေးဇူးတင်လျက် မှတ်တမ်းတင်အပ်ပါသည်။

အထူးသဖြင့် ဤလေ့လာဆန်းစစ်မှု အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက်၏ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့မှ ဝန်ထမ်းများ၊ ပဲ့ကိုင်ကော်မတီဝင်များ၊ သုတေသနလုပ်ငန်းအဖွဲ့နှင့် လေ့လာဆန်းစစ်မှု လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် အစဉ်တစိုက်ပံ့ပိုးကူညီမှု၊ လမ်းညွှန်မှုနှင့် ကြည့်ရှုစစ်ဆေးမှုများပေးခဲ့ပြီး တက်ကြွစွာ ပူးပေါင်းဆောင်ရွက် ပါဝင်ပေးခဲ့သူများအားလုံးကို ကျေးဇူး အထူးတင်ရှိပါသည်။ ထို့အပြင် မီဒီယာ ဆန်းစစ်လေ့လာသုံးသပ်မှုပြုလုပ်ခဲ့သော ပညာရှင်များနှင့် ဘာသာပြန်ဆိုပေးခဲ့သူများအားလုံးကို ကျေးဇူး အထူးတင်ရှိပါသည်။

ဤလေ့လာဆန်းစစ်မှုလုပ်ငန်းကို အစပြုဆောင်ရွက်ခဲ့ချိန်မှစ၍ လေ့လာတွေ့ရှိချက်များကို ထိရောက်စွာ အသုံးပြုနိုင်ရန်အတွက် ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက်ကို အစဉ်တစိုက်ပံ့ပိုးကူညီမှုများနှင့် ရန်ပုံငွေ အဓိကပံ့ပိုးကူညီပေးခဲ့ပါသော ActionAid, CARE International, Irish Aid, the Livelihoods and Food Security Trust Fund, Norad, Pyoe Pin နှင့် Trocaire တို့ကိုလည်း ကျေးဇူးအထူး ဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

အနှစ်ချုပ်

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးများ ဖွံ့ဖြိုးတိုးတက်မှုနှင့် အပြည့်အဝရရှိခံစားနိုင်ရေးအတွက် အဟန့်အတားတစ်ခုဖြစ်သည့် ကျား၊ မ ရေးရာ တန်းတူညီမျှမှု မရှိခြင်းအပေါ် အရပ်ဖက်အဖွဲ့အစည်းများနှင့် လူမှုကွန်ရက်များအနေဖြင့် ပို၍အလေးထား ဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း(NSPAW)၊ ၂၀၁၃-၂၀၂၂ တွင် အမျိုးသမီးအခွင့်အရေးများအား မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက် အစိုးရအနေဖြင့် ကတိကဝတ်များပေးထားပြီးဖြစ်ပါသည်။ အမျိုးသမီးအခွင့်အရေးများနှင့် ကျား၊ မ ရေးရာ တန်းတူညီမျှရေးအစီအစဉ်များအတွက် တိုက်တွန်းဆွေးနွေးမှုများကို အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ကွန်ရက်များအတွင်း အရှိန်အဟုန်ကောင်းစွာဖြင့် တိုးမြှင့်ဆောင်ရွက်လျက် ရှိပါသည်။အမျိုးသမီးအခွင့်အရေးများနှင့် ကျား၊ မ ရေးရာ တန်းတူညီမျှရေးရရှိမှု လုပ်ဆောင်ချက်များတွင် လူမှုစံနှုန်းများနှင့် အလေ့အထများ၏ ဆက်နွယ်မှု ရှိနေခြင်းအပေါ် ကမ္ဘာတစ်ဝန်းက အသိအမှတ်ပြုလာကြသည်နှင့်အမျှ မြန်မာနိုင်ငံတွင်လည်း စတင်ဆွေးနွေးနေပြီ ဖြစ်ပါသည်။ အမျိုးသမီးများအပေါ် လိင်မှုဆိုင်ရာ အကြမ်းဖက်ခြင်း၊ အများပြည်သူဆိုင်ရာ လူမှုဘဝနှင့် နိုင်ငံရေး ဆုံးဖြတ်ချက်ဆိုင်ရာ အခန်းကဏ္ဍတွင် ပါဝင်ခြင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် ပါဝင်လာခြင်းစသည့် ကိစ္စရပ်များအပေါ် စိတ်ဝင်စားမှု ပိုမိုကောင်းမွန်လာခဲ့ပြီ ဖြစ်ပါသည်။ သို့ရာတွင် အဆိုပါအကြောင်းအရာနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက် ရရှိနိုင်မှုမှာ အနည်းငယ်မျှသာရှိပါသည်။

လူမှုစံနှုန်းသမိုင်းကို ပြန်ကြည့်လျှင် အစဉ်အလာအရ အမျိုးသမီးများအား လူမှုရေးအရ အဆင့်မြင့်သည်ဟု သတ်မှတ်ခဲ့သော်လည်း လက်တွေ့တွင်မူ အမျိုးသမီးများ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခြင်းမရှိခဲ့ပါ။

ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက်(GEN)မှ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (NSPAW) ၂၀၁၃-၂၀၂၂ ကို ရေးဆွဲနိုင်ခဲ့သော်လည်း အမျိုးသမီးကဏ္ဍ မြှင့်တင်ရေးတွင် နိုင်ငံတော်မူဝါဒရေးရာနှင့် တရားဝင်ဖြစ်မှုအပေါ် အသိအမှတ်ပြုခြင်းအားနည်းလျက်ရှိပါသည်။ ထိုသို့ အမျိုးသမီးများ၏အခန်းကဏ္ဍ မြှင့်တင်ရေးအပေါ် အသိအမှတ်ပြုမှု အားနည်းရခြင်းမှာ လူမျိုးဘာသာစုံလင်ကျယ်ပြန့်မှု၊ လူမှုရေးစံနှုန်းများနှင့် ယဉ်ကျေးမှုအစဉ်အလာများကြောင့် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလ ရောက်ရှိနေသောကြောင့် နိုင်ငံရေးနှင့် စီးပွားရေးကဏ္ဍများ ပြောင်းလဲရန် လုပ်ဆောင်သူများအနေဖြင့် မြန်မာနိုင်ငံ၏ လက်ရှိကျင့်သုံးလျက်ရှိသော ကျယ်ပြန့်လှသည့် လူမှုစံနှုန်းများနှင့် ယဉ်ကျေးမှု အလေ့အထများကို ကောင်းစွာနားလည်သဘောပေါက်ခြင်းအားဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (NSPAW) ၂၀၁၃-၂၀၂၂ ကို အကောင်အထည်ဖော်ဆောင်နိုင်ရန် ရည်ရွယ် ပါသည်။ မြန်မာနိုင်ငံရှိ လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းများနှင့် အမျိုးသမီး၊ အမျိုးသားများ၏ မိသားစုဘဝ၊ လူမှုဘဝ၊ အလုပ်အကိုင်၊ ကျန်းမာရေးနှင့် ပညာရေးတို့အပေါ် ၎င်းစံနှုန်းများ၏ သက်ရောက်မှုကို ဓမ္မဓိဌာန်ကျကျ ပိုမို နားလည်သိရှိစေရန် ရည်ရွယ်၍ ဤလေ့လာမှုကို 'ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက်'က စီစဉ်ခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အသွင်ကူးပြောင်းမှုများ လျင်မြန်စွာဖြစ်ထွန်းနေသည့် ကာလအတွင်း အမျိုးမျိုးကွဲပြားသည့် လူမှုရေးနှင့်ယဉ်ကျေးမှုစံနှုန်းများကို အချိန်နှင့်တစ်ပြေးညီ စုဆောင်းတင်ပြခြင်းအားဖြင့် ကျား၊ မ ရေးရာ တန်းတူညီမျှရေးအပေါ် သက်ရောက်မှုရှိသည့် အလွယ်တကူ မမြင်နိုင်သောစံနှုန်းများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို လုပ်ငန်းစဉ်များနှင့် မူဝါဒများရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားနိုင်ရန် ရည်ရွယ်ပါသည်။

ဤလေ့လာမှုကို ၂၀၁၃ ခုနှစ် စက်တင်ဘာလမှ ၂၀၁၄ ခုနှစ် မေလအတွင်း ဆောင်ရွက်ခဲ့ပါသည်။ ဤလေ့လာမှုတွင် ပြည်နယ်၇ခုဖြစ်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်များနှင့် တိုင်းဒေသကြီး ၄ခု ဖြစ်သော ဧရာဝတီ၊ စစ်ကိုင်း၊ တနင်္သာရီနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ အမျိုးသမီး ၂၉၉ ဦး ၅၅% နှင့် အမျိုးသား ၂၄၄ ဦး ၄၅%၊ စုစုပေါင်း ၅၄၃ဦး ပါဝင်ခဲ့ပါသည်။[၁] အရည်အသွေး(ဖြစ်စဉ်)ဆိုင်ရာ မေးခွန်းများကို အသုံးပြုခဲ့ပြီး၊ ကျယ်ကျယ်ပြန့်ပြန့် နမူနာရွေးချယ်၍ အသေးစိတ် သတင်းအချက်အလက်များ ရရှိရန် အမျိုးသမီး ၂၃၅ဦး ၅၁%နှင့် အမျိုးသား၂၂၃ဦး ၄၉%၊ စုစုပေါင်း ရပ်ရွာဒေသခံ ၄၅၈ ဦးတို့ပါဝင်သည့် ဦးတည်အုပ်စု ဆွေးနွေးပွဲ (၇၈)ကြိမ် ပြုလုပ်ခဲ့ပါသည်။ ကြိုတင်ပြင်ဆင်ထားသည့် မေးခွန်းများနှင့် ပြန်လည်ဖြေကြားမှုအပေါ် နောက်ဆက်တွဲမေးခွန်းများ မေးမြန်းသည့်နည်းကို အသုံးပြု၍ အမျိုးသမီး ၁၀ဦးနှင့် အမျိုးသား၆ဦးထံမှ ဖြစ်စဉ်လေ့လာချက်များ ရရှိခဲ့သည့်အပြင် အမျိုးသမီး ၁၀ဦးနှင့် အမျိုးသား ၅ဦးတို့အား ရပ်ရွာဒေသဆိုင်ရာ မေးခွန်းများ မေးမြန်း၍ ရပ်ရွာဒေသနောက်ခံ သတင်းအချက်အလက်များ ရရှိခဲ့ပါသည်။ ကြိုတင်ပြင်ဆင်ထားသည့် မေးခွန်းများနှင့် ပြန်လည်ဖြေကြားမှုအပေါ် နောက်ဆက်တွဲ မေးခွန်းများ မေးမြန်းသည့်နည်းကို အသုံးပြု၍ အဓိက သတင်းအချက်အလက်ပေးနိုင်သူ ၅၄ဦး (အမျိုးသမီး၄၄ဦးနှင့် အမျိုးသား၁၀ဦး)အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ၎င်းတို့တွင် လုပ်ငန်းကဏ္ဍအလိုက် ကျွမ်းကျင်သူများ၊ ကျား၊ မ ရေးရာ လုပ်ငန်းဆောင်ရွက်သူများ၊ မီဒီယာပညာရှင်များနှင့် တာဝန်ရှိသူများ ပါဝင်ပါသည်။ ထို့အပြင် ရွေးချယ်ထားသည့် ပုံနှိပ်မီဒီယာများအား လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့ပါသည်။

၁။ ဤအစီအရင်ခံစာတွင် ပြည်နယ်၊ တိုင်းဒေသကြီးနှင့် မြို့နယ် အမည်များကို မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှုဌာန (MIMU) မှ အတည်ပြုထားသည့် စာလုံးပေါင်း သတ်ပုံအတိုင်း အသုံးပြုထားပါသည်။

မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာ တန်းတူညီမျှမှု မရှိခြင်းအပေါ် အစဉ်အလာ အားဖြင့် အလေးထားရမည့် ကိစ္စရပ်အဖြစ် လက်ခံအသိအမှတ်မပြုခဲ့ပါ။ မြန်မာနိုင်ငံသည် အမျိုးသား၊ အမျိုးသမီးတန်းတူ အခွင့်အရေးရှိသည့် နိုင်ငံဖြစ်သည်ဆိုသည့် အယူအဆသည် ကိုလိုနီခေတ်မှ စတင်၍ စစ်အုပ်ချုပ်ရေးခေတ်တစ်လျှောက် တရားဝင် လက်သုံးစကားအဖြစ် ဆက်လက်ရှိနေခဲ့ပြီး ယနေ့ထက်တိုင် ထိုအတိုင်း ပြောဆိုနေဆဲ ဖြစ်ပါသည်။ အချက်အလက်မရှိခြင်းသည် ကျား၊ မ ရေးရာ လူမှုဆက်ဆံရေးနှင့် စပ်လျဉ်း၍ သမားရိုးကျမဟုတ်သည့် ဆွေးနွေးမှုများ စတင်ဆောင်ရွက်နိုင်ရေးအတွက် အဟန့်အတားဖြစ်စေပါသည်။ ရှိပြီးသည့်အထောက်အထားများအပြင် ၎င်းတို့၏ ဘဝရှင်သန်နေထိုင်မှု အခွင့်အလမ်းများအပေါ် သက်ရောက်စေသည့် အမျိုးသားနှင့် အမျိုးသမီးတို့အကြား မတူကွဲပြားသော တာဝန်များနှင့် တန်ဖိုးများရှိသည်ဆိုသည့် အတွေးအခေါ် အယူအဆများက လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းများအား မည်သို့ လက်ဆင့်ကမ်း သယ်ဆောင်ပေးသည်ကို ဤလေ့လာမှုတွင် ဖော်ပြထားပါသည်။ ယဉ်ကျေးမှုကို ဆက်ခံသူများအဖြစ် အမျိုးသမီးများအား သတ်မှတ်ထားကြသည့်အတွက် ယဉ်ကျေးမှုတန်ဖိုးများ ကွယ်ပျောက်လာသည်ဟု ရှုမြင်ကြသည့် အရာများအတွက် ၎င်းတို့ကို အပြစ်တင်လေ့ရှိကြပါသည်။

ယဉ်ကျေးမှုနှင့် ဘာသာရေးပုံပြင်များတွင် အမျိုးသားများ၏ သာလွန်မြင့်မြတ်မှုသည် အဓိကသွင်ပြင်လက္ခဏာဖြစ်ပြီး၊ အမျိုးသမီးများအား ၎င်းနှင့် ဆန့်ကျင်ဘက် နိမ့်ကျသည့်နေရာတွင် ထားလေ့ရှိပါသည်။ အမျိုးသမီးများကို တန်းတူတန်ဖိုးမထားသည့် အယူအဆသည် ၎င်းတို့၏ ခန္ဓာဗေဒ လုပ်ငန်းစဉ်များ၊ အထူးသဖြင့် ရာသီသွေးဆင်းခြင်း၊ ကလေးမွေးဖွားခြင်းတို့သည် မသန့်ရှင်း၊ မစင်ကြယ်ဟု ယူဆကြသည့် အတွေးအခေါ် များနှင့် ဆက်စပ်နေပါသည်။ အမျိုးသမီးတို့၏ လိင်စိတ်ကို အပျိုစင်ဘဝနှင့် ကွန်မြေ့သိက္ခာ စံနှုန်းများဖြင့် ထိန်းချုပ်ထားလေ့ရှိပြီး အမျိုးသားများနှင့် ဆက်ဆံရေးများဖြင့် ဆုံးဖြတ်ကြပါသည်။ ‘လျော်ကန်သည့်’ ဝတ်စားဆင်ယင်မှုသည် အပျိုစင်ဘဝအား ကိုယ်စားပြုသည်ဟု ကျယ်ကျယ်ပြန့်ပြန့် ယူဆထားကြပါသည်။ အခြားတစ်ဖက်တွင် အမျိုးသားတို့၏ လိင်စိတ်သည် ထိန်းချုပ်မရဘဲ အဓမ္မဖြစ်နိုင်သည့် အလားအလာ ရှိသည်ဟု ယူဆကြပါသည်။ ‘သား’ကို ပို၍တောင့်တခြင်း၊ သတို့သမီးဘက်မှ အဖိုးအခပေးရခြင်း၊ အမွေဆက်ခံရာတွင် တန်းတူအခွင့်အရေး မရခြင်းတို့သည် တန်းတူတန်ဖိုးမထားခြင်းကြောင့် ဖြစ်ပေါ်လာသည့် အဓိကပြဿနာများထဲမှ အချို့ဖြစ်ပြီး၊ အမျိုးသမီးများ၏ ဘဝတွင် ဆိုးကျိုးများ သက်ရောက်စေပါသည်။ မိသားစု၊ ပညာရေးစနစ်၊ အာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးဝန်ဆောင်မှုများ၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်၊ စာပေ၊ လူထုမီဒီယာများ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် ကျား၊ မ ရေးရာ ဆိုင်ရာ စံနှုန်းများအား လူမှုဝန်းကျင်မှ လက်ခံလာစေရန် အဓိကလုပ်ဆောင်ပေးသူ အများအပြား ရှိပါသည်။ ဤသို့ အားလုံးလွှမ်းခြုံ၍ လူမှုပုံစံသွင်းခြင်း၏ သက်ရောက်မှုသည် ကျား၊ မ ရေးရာ စံနှုန်းများအား နက်နက်ရှိုင်းရှိုင်း ခံယူကျင့်သုံးလာကြခြင်း ဖြစ်ပါသည်။ အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်နှင့် အခန်းကဏ္ဍအား ကန့်သတ်ထားသည့် စံနှုန်းများ တဖြည်းဖြည်း ဖြေလျှော့လာသည်ကို တွေ့ရှိရသော်လည်း အားလုံး သဘောတူလက်ခံကြသည် မဟုတ်ပါ။

အမျိုးသမီးနှင့် အမျိုးသားများအတွက် အလုပ်အကိုင်နှင့် အသက်မွေး ဝမ်းကျောင်း အခွင့်အလမ်းများသည် ကျား၊ မ ရေးရာ စံနှုန်းများနှင့် များစွာ ဆက်စပ်နေပါသည်။ လေ့လာမှု နယ်ပယ်အားလုံးတွင် လိင်အပေါ် အခြေခံ၍ အလုပ်ခွဲခြားမှုကို သိသာထင်ရှားစွာ တွေ့မြင်ရပါသည်။ အမျိုးသားနှင့် အမျိုးသမီးတို့၏ လုပ်ငန်းနယ်ပယ်များအား အလုပ်ကြမ်းနှင့် လွယ်ကူပေ့ါပါးသည့် အလုပ်၊ အမိုးအကာအောက်တွင် လုပ်ရသည့်အလုပ်နှင့် အပြင်ထွက်၍ လုပ်ရသည့်အလုပ်၊ ကုန်ထုတ်လုပ်မှုနှင့် အိမ်ထောင်မှုတာဝန် စသည်ဖြင့် ယေဘုယျ ခွဲခြားထားပါသည်။ အမျိုးသားများသည် ဝင်ငွေရှာသူနှင့် အိမ်ထောင်ဦးစီးဖြစ်သည်ဆိုသည့် စံနှုန်းများသည် ကျား၊ မ ရေးရာ ဆက်ဆံရေးကို နားလည်သဘောပေါက်စေရန် အဓိကကျပါသည်။ အမျိုးသားများ၏အလုပ်သည် အဆင့်အတန်းအားဖြင့်ဖြစ်စေ၊ ဝင်ငွေအားဖြင့် ဖြစ်စေ အမျိုးသမီးများ၏ အလုပ်ထက် ပို၍ တန်ဖိုးရှိသည်ဟု ယူဆထား ကြပါသည်။ မညီမျှသည့် လုပ်အားခနှင့် အိမ်ထောင်စုစာရင်းတွင် အမျိုးသမီး များကို ‘မှီခို’အဖြစ်ဖော်ပြခြင်းစသည့် လူမှုရေးနှင့်ရုပ်ဝတ္ထုဆိုင်ရာ အလေ့အထ များသည် အမျိုးသားနှင့် အမျိုးသမီးများ၏ အလုပ်အကိုင်အပေါ် မညီမျှသည့် တန်ဖိုးထားမှုကို ထင်ဟပ်နေပါသည်။

မိန်းကလေးများအတွက် ပညာရေးကို ပိုမို တန်ဖိုးထားလာသော်လည်း ၎င်းအား အခွင့်အရေးတစ်ခုအဖြစ် ရှုမြင်ခြင်းထက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် လက်ထပ်ထိမ်းမြားခြင်း မျှော်လင့်ချက်တို့ဖြင့် တိုင်းတာနေဆဲဖြစ်ပါသည်။ လေ့လာခဲ့သည့် ရပ်ရွာဒေသအများအပြားတွင် မိန်းကလေးများ၏ ပညာရေးသည် ယောက်ျားလေးများထက် နောက်ကျကျန်ရစ်ခဲ့သည်ဟု ဆိုကြပါသည်။ ပညာရေးစနစ်သည် ကျား၊ မ ရေးရာဆိုင်ရာ စံနှုန်းများအား လူမှုဝန်းကျင်မှ လက်ခံလာစေရန် အဓိကလုပ်ဆောင်ပေးသည့်အရာ ဖြစ်ခဲ့ပါသည်။ ယောက်ျားလေးများအား သန်မာသူ၊ ပတ်ဝန်းကျင်ကို အလေးထားသူ၊ ဝင်ငွေရှာဖွေသူ၊ ကုန်ထုတ်လုပ်မှုကို အလေးထားသူ၊ ဉာဏ်ရည်ထက်မြက်၍ အမျိုးသားရေးတွင် တာဝန်ရှိသူများအဖြစ် ဖော်ပြ ကြပါသည်။ မိန်းကလေးများအား နူတ်ဆိတ်သူ၊ ကွန်မြေ့ရှင်၊ မျိုးဆက်ပြန့်ပွားရေး အတွက် တာဝန်ရှိသူ၊ မိသားစုကိုအလေးထားသူနှင့် ရိုးရိုးကုပ်ကုပ်နေသူများ အဖြစ် ဖော်ပြကြပါသည်။ မိသားစု တာဝန်များနှင့် စပ်လျဉ်းသည့် ခံယူ ကျင့်သုံးနေသော ကျား၊ မ ရေးရာ စံနှုန်းများသည် မိန်းကလေးများအား

ကျောင်းဆက်ထား၊ မထား ဆုံးဖြတ်ချက်အပေါ် သက်ရောက်စေပါသည်။ မိန်းကလေးများအား နှောင့်ယှက်ခြင်း၊ အကြမ်းဖက်ခြင်းစသည့် ခြိမ်းခြောက်မှုများသည်လည်း ကျောင်းဆက်ထားသင့်၊ မထားသင့် ဆုံးဖြတ်ချက်အပေါ် သက်ရောက်စေပါသည်။ အခြေခံ အဆောက်အအုံနှင့် ဘေးကင်းလုံခြုံမှု ပိုမိုကောင်းမွန်လာခြင်းသည် မိန်းကလေးများ ကျောင်းနေရေးအပေါ် အပေါင်းလက္ခဏာဆောင်သည့် အကျိုးဆက်များ ဖြစ်စေပါသည်။ ကျောင်းပြီးသည့်အခါ ပညာတတ် အမျိုးသားများသည် ပညာတတ်အမျိုးသမီးများထက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိကြပါသည်။

ယဉ်ကျေးမှုစံနှုန်းများသည် အမျိုးသမီးများ၏ ကျန်းမာသည့် ဘဝနေထိုင်မှု အခွင့်အလမ်းများအပေါ် ကြီးမားစွာ သက်ရောက်စေပါသည်။ ၎င်းစံနှုန်းများတွင် အမျိုးသမီးများ ရာသီသွေးဆင်းခြင်းကို မသန့်ရှင်း မစင်ကြယ်ဟုယူဆခြင်း၊ အပျိုစင်ဘဝကို အလွန်အမင်း တန်ဖိုးထားခြင်း၊ အမျိုးသမီးများအား မျိုးဆက်ပြန့်ပွားသူများအဖြစ် အဓိကရှုမြင်ခြင်း၊ လိင်မှုကိစ္စအား တားမြစ်ထားသည့် အကြောင်းအရာဟု ယူဆခြင်း၊ ကလေးများများမွေးဖွားခြင်း၊ သားဆက်ခြားရန် အားမပေးခြင်း၊ အမျိုးသမီးများအား မိသားစုအတွက် စွန့်လွှတ်အနစ်နာခံရန် တိုက်တွန်းအားပေးခြင်း၊ အိမ်ထောင်စုတွင် အမျိုးသမီးများအား အမျိုးသားများနှင့် တန်းတူနေရာမပေးခြင်း စသည်တို့ပါဝင်ပါသည်။ ၎င်းစံနှုန်းများအား သက်တူရွယ်တူများ၊ မိသားစုများ၊ ကျန်းမာရေးဝန်ထမ်းများက လက်ဆင့်ကမ်း လူမှုပုံစံသွင်းလျက်ရှိပြီး၊ အချို့သောအခြေအနေများတွင် ဥပဒေနှင့် မူဝါဒများဖြင့် အားဖြည့်ပေးထားပါသည်။ ၎င်းစံနှုန်းများ၏ သက်ရောက်မှုများတွင် လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့် မရရှိခြင်း၊ အထူးသဖြင့် အိမ်ထောင်မရှိသူ အမျိုးသမီးများနှင့် အမျိုးသားများအနေဖြင့် လိင်မှုနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အခွင့်အရေးများအား အပြည့်အဝမခံစားရခြင်း၊ အမျိုးသမီးများအပေါ် အမျိုးသားများ၏ အကြမ်းဖက်မှုအား လျော့ကန်သည်ဟု အကြောင်းပြခြင်း၊ အမျိုးသမီးများ၏ ကျန်းမာရေးပြဿနာများကို မိခင်နှင့်ကလေးကျန်းမာရေး ပြဿနာများအဖြစ် လျှော့ချခြင်း၊ အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ ခန္ဓာကိုယ်အတွက် ကိုယ်ပိုင်ဆုံးဖြတ်ချက်မချနိုင်ခြင်းနှင့် အဆိုပါစံနှုန်းများကို မလိုက်နာသည့် အမျိုးသမီးများအား ဘေးဖယ်ထားခြင်းနှင့် ခွဲခြားဆက်ဆံခြင်းများပါဝင်သည်။

မီဒီယာသည် စံနှုန်းများအား အဓိကလက်ဆင့်ကမ်း သယ်ဆောင်ပေးပါသည်။ ယဉ်ကျေးမှုကို ကမ္ဘာမှုပြုရာတွင် ယေဘုယျအားဖြင့် သံသယများဖြင့် ကြုံတွေ့ရပြီး၊ မြန်မာနိုင်ငံ၌ အစဉ်အလာဖြစ်သည့် ကျား၊ မ ရေးရာ စံနှုန်းများကို လိုက်နာရန် ပျက်ကွက်လျှင် မီဒီယာများတွင် အမျိုးသမီးများအား ဝေဖန်ကြပါသည်။ အခြားတစ်ဖက်တွင်လည်း ကမ္ဘာတစ်ဝန်း မီဒီယာများကြောင့် အမျိုးသမီးများ အခန်းကဏ္ဍ အနည်းငယ် မြင့်မားလာခြင်းကို အမျိုးသမီးများက အသိအမှတ်ပြုကြပါသည်။ မီဒီယာသည် ကျူးလွန်ခံရသည့် သက်မဲ့အဖြစ် ဆက်ဆံခံရသည့် ကျား၊ မ ရေးရာ ခွဲခြားခံရသည့် အမျိုးသမီးများ၏ အမြင်များကို ကျယ်ကျယ်ပြန့်ပြန့်နှင့် စဉ်ဆက်မပြတ် ဖော်ပြပေးပါသည်။ ပုံနှိပ်မီဒီယာသည် အထက်တန်းလွှာနှင့် ပညာတတ်များအား အလေးထားပြီး အမျိုးသားများအပေါ် အလွန်အမင်း ဘက်လိုက်သည်ကို တွေ့ရှိရပါသည်။ ပုံနှိပ်မီဒီယာတွင် သတင်းရင်းမြစ်များ၊ ပြောရေးဆိုခွင့်ရှိသူများနှင့် ကျွမ်းကျင်သူများအဖြစ် အမျိုးသမီးများအား အနည်းငယ်သာ ဖော်ပြလေ့ရှိပါသည်။ နိုင်ငံရေးနှင့် စီးပွားရေးနယ်ပယ်တွင် အမျိုးသားများ အဓိကလွှမ်းမိုးထားပြီး၊ အမျိုးသမီးများမှာမူ အနုပညာနှင့် ယဉ်ကျေးမှုနယ်ပယ်တွင် ပိုမိုပါဝင်သည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးမဂ္ဂဇင်းများသည် အမျိုးသမီးများအား မျိုးဆက်ပြန့်ပွားသူများအဖြစ် ရှုမြင်ခြင်းကို ထပ်လောင်းအားဖြည့်ပေးလျက် ရှိပါသည်။

ယဉ်ကျေးမှု စံနှုန်းများနှင့် ၎င်းနှင့်ဆက်စပ်နေသည့် လူမှုအလေ့အထများသည် အမျိုးသားနှင့် အမျိုးသမီးများ၏ ဘဝသက်တမ်းတစ်လျှောက် ရိုက်ခတ်မှု ရှိပါသည်။ လေ့လာမှုတွင် ပါဝင်သူများအနေဖြင့် အဆင့်အတန်း၊ နေရာဒေသ၊ ပညာရေးအခြေခံ၊ အလုပ်အကိုင်၊ အသက်အရွယ်နှင့် တစ်ဦးချင်း၏ ဘဝ အတွေ့အကြုံများအပေါ် မူတည်၍ ထိုစံနှုန်းများအပေါ် တန်ဖိုးထားမှုမတူကြပါ။ ရှေးရိုးဆန်သော လူ့အဖွဲ့အစည်းများတွင် ရိုးရာဓလေ့စံနှုန်းများအား တန်ဖိုးထား ထိန်းသိမ်းသင့်သည်ဟု ဆိုကြသော်လည်း အခြားသူများက ၎င်းတို့ကိုယ်တိုင် နှင့် အခြားအမျိုးသမီးများ၏ ဘဝတွင် ကန့်သတ်ချက်များဖြစ်စေသည်ဟု ယူဆသည့် စံနှုန်းများအပေါ် မေးခွန်း ထုတ်လာကြပါသည်။ ယဉ်ကျေးမှု ဓလေ့ထုံးစံများအား ကာကွယ်ရမည်ဆိုသည့် အယူအဆကို ပြန်လည် အသက်သွင်းခြင်းသည် အမျိုးသမီးများအား ယဉ်ကျေးမှုတစ်ရပ်ကို ကာကွယ်သူများအဖြစ် သဘောထားခြင်းဖြစ်ပြီး အမျိုးသမီးအခွင့်အရေးများအား အကောင်အထည် ဖော်ရာတွင် အတားအဆီး ဖြစ်စေပါသည်။

ဤလေ့လာမှု၏ တွေ့ရှိချက်များအပေါ် အခြေခံ၍ ပညာရေး၊ ကျန်းမာရေး၊ လစာရသည့်အလုပ်နှင့် လစာမရသည့်အလုပ်တို့အပေါ် လူမှုရေးနှင့် ယဉ်ကျေးမှု စံနှုန်းများ၏ သက်ရောက်မှုကို အသိအမြင်ဖွင့်ပေးရန် လိုအပ်ပါသည်။ စံနှုန်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုးကို ထမ်းထားရသည့် ဥပဒေများ၊ မူဝါဒများနှင့် အသုံးစရိတ်များကို ကျား၊ မ ရေးရာ တန်းတူညီမျှရေး ရှုထောင့်မှ စနစ်တကျ လေ့လာသုံးသပ်ခြင်း၊ သက်ဆိုင်ရာ နယ်ပယ်များအတွင်း မှားယွင်းသည့် ပုံသေကားကျအယူအဆများနှင့် လိင်ခွဲခြားမှုတို့ကို သီးခြားဦးတည်ဆောင်ရွက်ကြမည့် အစုအဖွဲ့များအား မြှင့်တင်ပေးခြင်းနှင့် တန်းတူညီမျှရေး လုပ်ငန်းစဉ်များအတွက် အသုံးစရိတ် သတ်မှတ်ပေးရေးတို့သည် အရေးတကြီး လိုအပ်ချက်များဖြစ်ပါသည်။ ထိုနည်းတူစွာ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း၏ ကဏ္ဍအသီးသီးတွင် ကျား၊ မ ရေးရာ သီးခြား အချက်အလက်များရှိရန် လိုအပ်ပါသည်။ ဥပဒေပြုသူများနှင့် မူဝါဒချမှတ်သူများ အနေဖြင့် ကျား၊ မ ရေးရာ တန်းတူညီမျှမှု မရှိခြင်းကို အမျိုးသားရေး ဦးတည်ချက်တစ်ရပ်အဖြစ် ဖြေရှင်းဆောင်ရွက်ရန် လိုအပ်သည့်အပြင်၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများအနေဖြင့် ယဉ်ကျေးမှုနှင့် ကိုက်ညီသော မဟာဗျူဟာများချမှတ်၍ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကို ဦးတည် ရည်ရွယ်သည့် လှုပ်ရှားမှုများမှတစ်ဆင့် ယဉ်ကျေးမှုစံနှုန်းများနှင့် လူမှု အလေ့အထများကြောင့်ဖြစ်သော မညီမျှမှုများ ဆက်လက်ရှိနေခြင်းကို စတင်ဖြေရှင်းဆောင်ရွက်ရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ကြရမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့အားလုံးသည် လူသားများဖြစ်ကြသည့်အတွက် ကျွန်ုပ်တို့ အမျိုးသမီး၊ အမျိုးသား နှစ်ဦးစလုံးတို့တွင် မွေးဖွားသည်မှစ၍ တူညီသော အခွင့်အလမ်းများနှင့် အခွင့်အရေးများ ရှိကြပါသည်။ ဤအခွင့်အလမ်းများ နှင့် အရေးပေးမှုတို့ကို အမျိုးသားများပေး၍ ရရှိကြသည်ဟု အမျိုးသမီးအများစုက ထင်မှတ်ကြပါသည်။ ထိုသို့ မဟုတ်ပါ။ ဤသည်တို့သည် တန်းတူညီမျှ နေထိုင်နိုင်ရေးအတွက် ကျွန်ုပ်တို့ ပိုင်ဆိုင်သည့် အခွင့်အလမ်းများနှင့် အခွင့်အရေးများဖြစ်ပြီး၊ ၎င်းတို့ဆောင်ရွက်ပေးခြင်း မဟုတ်သည့်အတွက် အမျိုးသားများအား ကျေးဇူးတင်ရန်မလိုပါ။

(မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်း မွတ်စလင် အမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

၁ နိဒါန်း

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးနှင့် စီးပွားရေး အပြောင်းအလဲများသည် အမျိုးသား၊ အမျိုးသမီးများအတွက် 'အခွင့်အလမ်းဆိုင်ရာ အခြေခံမူဘောင်များ'တွင် အပြောင်းအလဲဖြစ်နိုင်ခြေကို သယ်ဆောင်လာပါသည်။

လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းတို့၏ စွမ်းအားနှင့် ဩဇာသက်ရောက်မှုသည် ကမ္ဘာတစ်ဝန်းရှိ အမျိုးသားနှင့် အမျိုးသမီးများ၏ ဘဝနေထိုင်မှုအား ပုံဖော်ပေးနိုင်ကြောင်း ပို၍အသိအမှတ်ပြု လက်ခံလာကြပါသည်။ (မိုဟန်တီ၊ ၁၉၉၁၊ ပီတာဆင်နှင့် ရူးနီယန်၊ ၁၉၉၃၊ ဟူးပါး၊ ၂၀၀၀တို့တွင် ဥပမာကြည့်ပါ။) မကြာသေးမီက အသွင်အားဖြင့် လုံးဝကွဲပြားခြားနားသော နိုင်ငံပေါင်း၂၀၌ ကမ္ဘာ့ဘဏ်မှ ပြုလုပ်ခဲ့သည့် လေ့လာမှုတစ်ခုတွင် အမျိုးသား၊ အမျိုးသမီးများ၏ အခွင့်အလမ်းနှင့် လုပ်ဆောင်ချက်များအား ကျား၊ မ ရေးရာ ဆိုင်ရာအခန်းကဏ္ဍ၊ ၎င်းတို့၏ အရည်အသွေးနှင့် စွမ်းဆောင်နိုင်မှုအပေါ် ယုံကြည်မှုများစသည့် လူမှုစံနှုန်းများဖြင့် အဓိက ဆုံးဖြတ်လေ့ရှိသည့်အပြင် ၎င်းတို့နေထိုင်သည့် လူမှုဝန်းကျင်နှင့် နိုင်ငံဆိုင်ရာ အခြေအနေများဖြင့်လည်း သတ်မှတ်လေ့ရှိကြောင်း တွေ့ရှိရပါသည်။ လူမှုဝန်းကျင်နှင့် တစ်ဦးချင်း၏ ဘဝနေထိုင်မှု ကဏ္ဍအားလုံးတွင် စိမ့်ဝင်ပျံ့နှံ့စေရန်၊ အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုဘဝနှင့် ဈေးကွက်တို့ကိုပုံဖော်ရာတွင် ပိုင်းခြားသတ်မှတ်နိုင်ရန် အမျိုးသားနှင့် အမျိုးသမီးများအတွက် သင့်တင့်သည့်နေရာနှင့် အပြုအမူတို့ကို လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းများက လမ်းညွှန်ပေးသည့်အပြင် အခါအားလျော်စွာ မညီမျှသည့် ဩဇာအာဏာ ဆက်ဆံရေးများကို ထပ်လောင်းအားဖြည့်ခြင်း၊ ရွေးချယ်မှုများနှင့် လွတ်လပ်ခွင့်များအပေါ် သက်ရောက်စေခြင်းတို့ကို လေ့လာမှုတွင် တွေ့ရှိရပါသည်။ (ကမ္ဘာ့ဘဏ်၊ ၂၀၁၃)

ထိုနည်းတူစွာပင် မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့အခွင့်အရေးများ အပြည့်အဝ ရရှိခံစားနိုင်ရေးတွင် အဟန့်အတားတစ်ခုဖြစ်သည့် ကျား၊ မ ရေးရာ တန်းတူညီမျှမှု မရှိခြင်းအပေါ် ပို၍အလေးထား ဆောင်ရွက်လျက်ရှိပါသည်။ (GEN 2013a တွင် ဥပမာကြည့်ပါ။) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေး သဘောတူစာချုပ် (CEDAW)နှင့် ဘေဂျင်းလုပ်ငန်း စီမံချက်များ (BPfA)တို့အား သဘောတူထားပြီး ဖြစ်ပါသည်။ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း၊ ၂၀၁၃-၂၀၂၂(NSPAW ၂၀၁၃-၂၀၂၂)ကို ရေးဆွဲခြင်းဖြင့် အထောက်အကူပြု စနစ်များ၊ ပုံသဏ္ဍာန်များနှင့် လုပ်နည်းလုပ်ဟန်များအား ဖန်တီးပုံဖော်၍ မြန်မာအမျိုးသမီးများ၏ အခွင့်အရေးများကို မြှင့်တင်ရန်၊ ကာကွယ်စောင့်ရှောက်ရန်နှင့် အပြည့်အဝ ဖော်ဆောင်ပေးရန် မြန်မာအစိုးရအနေဖြင့် ကတိကဝတ်ပြုထားပြီး ဖြစ်ပါသည်။ လုပ်ငန်းစဉ်၏ အဓိကရည်ရွယ်ချက်များသည် အမျိုးသမီးနှင့် မိန်းကလေးများ၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ရန်နှင့် အပြည့်အဝ ဖော်ဆောင်ပေးရန်ဖြစ်ပါသည် (NSPAW 2012)။ လုပ်ငန်းစဉ် အကောင်အထည်ဖော်ရေးတွင် ဦးဆောင်မည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အမျိုးသားအဆင့် ကော်မတီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားပါသည်။ ထို့အပြင် အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေးနှင့် ကျား၊ မ ရေးရာ တန်းတူညီမျှရေးကို တိုးမြှင့်ဆောင်ရွက်ရန် ဝန်ကြီးဌာန ပေါင်းစုံပါဝင်သည့် လုပ်ငန်းအဖွဲ့ကို မကြာသေးမီက ဖွဲ့စည်းခဲ့ပါသည်။

အရပ်ဘက် လူမှုအဖွဲ့အစည်းများအပိုင်းတွင် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက ဖွဲ့စည်းထားသည့် အမျိုးသမီးကွန်ရက်များနှင့် ကျား၊ မရေးရာ အဖွဲ့အစည်းများအနေဖြင့် အမျိုးသမီးအခွင့်အရေးများနှင့် ကျား၊ မ ရေးရာ တန်းတူ ညီမျှရေးအတွက် လုပ်ငန်းစဉ်များ ရေးဆွဲခြင်းနှင့် တိုက်တွန်းနှိုးဆော်ခြင်းများကို ပို၍အားစိုက်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါသည်။ မကြာသေးမီ နှစ်များအတွင်း လိင်မှုဆိုင်ရာနှင့်စပ်လျဉ်းသည့် အချို့သော ယဉ်ကျေးမှု စံနှုန်းများအား ပွင့်ပွင့်လင်းလင်း စတင်ဆွေးနွေးလာကြပါသည် (Michaels2013တွင် ဥပမာကြည့်ပါ)။ တစ်ချိန်တည်းမှာပင် အမျိုးသမီးများအား အကြမ်းဖက်မှုစသည့် အန္တရာယ်ဖြစ်စေသော လူမှုအလေ့အထများသည် အမျိုးသမီးအရေး လှုပ်ရှားမှုများ၏ ပစ်မှတ် ဖြစ်လာပါသည် (Thein 2012, GEN 2013b တို့တွင် ဥပမာကြည့်ပါ)။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပါအဝင် အများပြည်သူနှင့် နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အမျိုးသမီးများ ပါဝင်ခွင့်ကိုလည်း မကြာသေးမီ နှစ်များအတွင်း ပို၍အလေးထားလာသည်ကို တွေ့ရှိရပါသည် (Lahtaw & Raw 2012, SBC, 2013 တွင် ဥပမာကြည့်ပါ)။

တဖြည်းဖြည်း ဆင်ဆာဖြေလျှော့မှု၊ မီဒီယာ ပွင့်လင်းလာမှုတို့နှင့်အတူ အမျိုးသမီးများ၏ အဆင့်အတန်းနှင့် ကျား၊ မ ရေးရာ တန်းတူညီမျှရေးတို့နှင့် စပ်လျဉ်းသည့် ယဉ်ကျေးမှုစံနှုန်းများနှင့် လူမှုအလေ့အထများအား ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြောဆိုလာကြပါသည်။ ဤသည်မှာ သမိုင်းအစဉ်အလာအားဖြင့် အကြိတ်အနယ် ဆွေးနွေးငြင်းခုံရသည့် အကြောင်းအရာဖြစ်ကြောင်းကို ဣန္ဒြေသိက္ခာ၊ ဝတ်စားဆင်ယင်မှုပုံသဏ္ဌာန်၊ လက်ထပ်ထိမ်းမြားခြင်းနှင့် အိမ်ထောင်စုအတွင်း အမျိုးသား၊ အမျိုးသမီးတို့၏ အခန်းကဏ္ဍစသည့် လက်ရှိ ဆွေးနွေးငြင်းခုံမှုများ၏ နောက်ကွယ်ပြဿနာများကို ဖွင့်ချဖော်ပြထားသည့် 'The Modern Woman' ဆိုသည့် အထူးအစီရင်ခံစာ (မြန်မာတိုင်းမ်စ်၊ ဇွန်လ၊ ၂၀၁၃က သက်သေခံနေပါသည် (Ikeya 2005, 2010, 2012, Harriden 2012, Than 2014 တို့တွင် ဥပမာကြည့်ပါ)။ ကျား၊ မ ရေးရာ လူမှုစံနှုန်းများနှင့် စပ်လျဉ်း၍ ပြည်သူများအကြား ဆွေးနွေးပြောဆိုကြသည့် အခြား

အကြောင်းအရာများတွင် ဥပမာအားဖြင့် အမျိုးသမီးများအား ယဉ်ကျေးမှုကို ကာကွယ်သူများအဖြစ် ယူဆကြသည့် အစဉ်အလာ အတွေးအခေါ်ကို ပြန်လည် အသက်သွင်းသည့် (Belak 2000, Thin 2006) မျိုးစောင့် ဥပဒေမူကြမ်းကို ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးသမားများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများအကြား အချေအတင် ဆွေးနွေးငြင်းခုံနေခြင်း အပါအဝင်ဖြစ်ပါသည် (Hindstrom 2013, Thein 2013, Weng 2014)တို့တွင် ဥပမာကြည့်ပါ)။ ထိုဥပဒေအပေါ် အချေအတင် ဆွေးနွေးငြင်းခုံမှုများသည် ထေရဝါဒဗုဒ္ဓဘာသာအပေါ် အမျိုးသားများ လွှမ်းမိုးသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပေါ်လွင်စေပြီး၊ အပြောင်းအလဲကာလတွင် အမျိုးသမီးများ၏ ပါဝင်ခွင့် အခွင့်အလမ်းများအပေါ် သက်ရောက်နိုင်ဖွယ် ရှိပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးနှင့်စီးပွားရေး အပြောင်းအလဲများသည် အမျိုးသား၊ အမျိုးသမီးများအတွက် 'အခွင့်အလမ်းဆိုင်ရာ အခြေခံမူဘောင်များ'တွင်[၂] အပြောင်းအလဲဖြစ်နိုင်ခြေကို သယ်ဆောင်လာပါသည်။ သို့ရာတွင် ယခင်က မြန်မာအမျိုးသမီးအများစုသည် သမိုင်းတွင် အဓိကကျသည့် အလှည့်အပြောင်းများကို အခွင့်အရေးတစ်ရပ်အဖြစ် အသုံးမချနိုင်ခဲ့ကြဘဲ လူမှုစံနှုန်းများတွင် အမျိုးသားနှင့် အမျိုးသမီးများရနိုင်သည့် အခွင့်အလမ်းများအား အသေးစိတ် ဖော်ပြသတ်မှတ်ထားဆဲ ဖြစ်ပါသည် (Harriden, 2012)။[၃] အဆိုပါ အပြောင်းအလဲများအား အတူတကွ လက်ခံနိုင်လျှင် လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းများနှင့် လက်ရှိမြန်မာနိုင်ငံမှ အမျိုးသား၊ အမျိုးသမီးတို့၏ အခွင့်အလမ်းများအပေါ် ၎င်းတို့၏ သက်ရောက်မှုကို ပို၍ နားလည်သဘောပေါက်စေမည် ဖြစ်ပါသည်။

၁.၁ နောက်ခံသမိုင်းနှင့် အကြောင်းတရားများ

ဤလေ့လာမှုကို တက်ကြွသော လုပ်ငန်းအဖွဲ့အစည်းများစွာ ပါဝင်သည့် ကွန်ရက်တစ်ခုဖြစ်သော ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်(GEN) မှ ပြုလုပ်ခဲ့ပါသည်။ ဤကွန်ရက်တွင် နိုင်ငံတွင်းနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs)၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ကွန်ရက်များ စုစုပေါင်း၁၀၀ကျော်နှင့် နည်းပညာအကြံပေး ပုဂ္ဂိုလ်များ ပါဝင်ပါသည်။ GEN သည် ကျား၊ မ ရေးရာ တန်းတူညီမျှရေးနှင့် အမျိုးသမီးအခွင့်အရေးများ ပိုမိုမြင့်မားလာစေရေးအတွက် အဓိကသက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် လက်တွဲ၍ မြန်မာနိုင်ငံတစ်ဝန်း လုပ်ငန်း ဆောင်ရွက်နေပါသည်။ ကွန်ရက်၏ မဟာဗျူဟာ လုပ်ငန်းစဉ် ၂၀၁၂-၂၀၁၅ တွင် အောက်ပါရည်မှန်းချက်နှင့် ရည်ရွယ်ချက်များ ပါဝင်ပါသည်။

ရည်မှန်းချက်

မြန်မာနိုင်ငံသည် အမျိုးသမီးများအားလုံး စွမ်းရည်ပြည့်ဝ၍ ၎င်းတို့၏ အခွင့်အရေးများကို အပြည့်အဝ သိရှိနားလည်ပြီး ထိထိရောက်ရောက် ဦးဆောင်နိုင်သည့် ရာထူးတာဝန်များကို ရယူကာ ၎င်းတို့အား ဂုဏ်သိက္ခာနှင့် လေးစားမှုတို့ဖြင့် ဆက်ဆံသည့် အဆင့်တိုင်းတွင် ကျား၊ မ ရေးရာ တန်းတူ ညီမျှမှုရှိသည့် လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်လာစေရန်။

ယေဘုယျ ရည်ရွယ်ချက်

မြန်မာနိုင်ငံရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျား၊ မ ရေးရာ တန်းတူညီမျှရေး နှင့် အမျိုးသမီး အခွင့်အရေးများအား နားလည်သိရှိလာစေရေးအတွက် အထောက်အကူပြုစနစ်များ၊ ပုံသဏ္ဌာန်များနှင့် လုပ်နည်းလုပ်ဟန်များကို ရေးဆွဲအကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရန်။

မဟာဗျူဟာ ရည်ရွယ်ချက်များ

၁။ **ဥပဒေများ၊ မူဝါဒများ၊ အခွင့်အရေးများနှင့် အုပ်ချုပ်မှု** — အမျိုးသမီးများ၏ နိုင်ငံသား၊ စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေးအခွင့်အရေးများ ရရှိစေရန်နှင့် အဆင့်တိုင်းတွင် ပါဝင်နိုင်ခွင့် ရရှိစေရန် ဥပဒေများ၊ မူဝါဒများ၊ စနစ်များ၊ ပုံသဏ္ဌာန်များနှင့် လုပ်နည်းလုပ်ဟန်များအား ရေးဆွဲ၊ ပြဋ္ဌာန်းအကောင်အထည်ဖော် ဆောင်ရွက်ရန်။

၂။ **လူမှုအလေ့အထများနှင့် ယဉ်ကျေးမှုစံနှုန်းများ** — ကျား၊ မ ရေးရာ တန်းတူညီမျှရေးကို ဦးစားပေးသည့် လူမှုအလေ့အထများနှင့် ယဉ်ကျေးမှုစံနှုန်းများအား တိကျစွာ ထုတ်ဖော်ပြောဆိုပြီး ထပ်မံအားဖြည့်ရန် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများကို တုံ့ပြန် ဆောင်ရွက်နိုင်ရေးအတွက် မဟာဗျူဟာများ ရေးဆွဲအကောင်အထည်ဖော်ရန်။

၃။ **ခေါင်းဆောင်မှုနှင့် နိုင်ငံ့ဝန်ထမ်းဘဝတွင် အမျိုးသမီးများပါဝင်ခွင့်** — အမျိုးသမီးများတွင် ခေါင်းဆောင်မှု အရည်အသွေးများရှိ၍ ကဏ္ဍတိုင်းတွင် ၎င်းတို့၏ တာဝန်ဝတ္တရားများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်သည့် စွမ်းရည်နှင့် အခွင့်အလမ်းများရှိစေရန်။

၄။ **လိင်မှုဆိုင်ရာ အခြေပြု အကြမ်းဖက်မှု** — အသိအမြင်ဖွင့် လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် လိင်မှုဆိုင်ရာ အခြေပြု အကြမ်းဖက်မှုများအား ကာကွယ်တားဆီးရန်နှင့် လျှော့နည်းစေရန် အတွက် ထိရောက်သည့်အထောက်အထား အခြေပြုနည်းလမ်းများနှင့် မဟာဗျူဟာများ ရေးဆွဲအကောင်အထည်ဖော်နိုင်ရေးအတွက် အဓိကသက်ဆိုင်သည့် အဖွဲ့အစည်းများကိုအကူအညီပေးရန်။

၅။ **ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက် ပိုမိုအားကောင်းစေခြင်း** — ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက် အနေဖြင့် အမျိုးသမီးအခွင့်အရေးများနှင့် ကျား၊ မ ရေးရာ တန်းတူညီမျှရေး အတွက် ထိထိရောက်ရောက် လုပ်ငန်း ဆောင်ရွက်နိုင်သည့် ကျွမ်းကျင်၍ ယုံကြည်မှုရှိသောအဖွဲ့ဝင်များ ပါဝင်၍ အားကောင်းပြီး စည်းလုံးညီညွတ်သည့် ကွန်ရက်တစ်ခု ဖြစ်လာစေရန်။

ဤလေ့လာမှုမှ ရရှိသော တွေ့ရှိချက်များသည် ၂၀၁၃ခုနှစ် အောက်တိုဘာလတွင် စတင်ခဲ့သည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (NSPAW ၂၀၁၃-၂၀၂၂) အား အကောင်အထည်ဖော်ဆောင်ရေးနှင့် စပ်လျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့် ကြိုးပမ်းဆောင်ရွက်နေမှုများကို အထောက်အကူ ဖြစ်စေမည့်အပြင်၊ ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက်၏ မဟာဗျူဟာလုပ်ငန်းစဉ်၊ အထူးသဖြင့် အထက်တွင်ဖော်ပြခဲ့သည့် ရည်ရွယ်ချက် ၁၊ ၂နှင့် ၃

၂။ အခွင့်အလမ်းဆိုင်ရာ အခြေခံမူဘောင်' ဆိုသည်မှာ လူမှုဗေဒအသုံးအနှုန်းဖြစ်၍ လူမှုဘဝတွင် အောင်မြင်စေရန် လူအများလိုက်နာသင့်သည့် စည်းမျဉ်းစည်းကမ်းမူဘောင်တစ်ရပ် ဖြစ်ပါသည်။ အခွင့်အရေးဆိုင်ရာ အခြေခံမူဘောင်များသည် ချမ်းသာကြွယ်ဝမှု သို့မဟုတ် အဆင့်အတန်း ရရှိပိုင်ဆိုင်မှုတို့နှင့် ယေဘုယျအားဖြင့် ဆက်စပ်လျက်ရှိပြီး အချို့သောပညာရေးနှင့်အလုပ်အကိုင်များ ရရှိပိုင်ခွင့် ပါဝင်နိုင်ပါသည်။

၃။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊ အသက်အရွယ်နှင့် လူမှုစီးပွားအဆင့်အတန်းတို့အပေါ် မူတည်၍ အနည်းငယ်ကွဲလွဲနိုင်သော်လည်း ကျား၊ မ ရေးရာ စံနှုန်းများသည် မိသားစုတွင်ဖြစ်စေ၊ ရပ်ရွာဒေသတွင် ဖြစ်စေ၊ လူ့အဖွဲ့အစည်းတွင်ဖြစ်စေ နေရာအားလုံးတွင် အမျိုးသားများ၏ခေါင်းဆောင်မှုအထူးအခွင့်အရေးကို အလေးထားဖွယ် ရှိပါသည်။ (Oxfam, Action Aid and CARE 2011)

တို့ကို အထောက်အကူ ဖြစ်စေမည် ဖြစ်ပါသည်။ ဥပဒေနှင့်မူဝါဒ ပြုပြင်ပြောင်းလဲရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းများ၊ ခေါင်းဆောင်မှု နှင့် နိုင်ငံ့ဝန်ထမ်းဘဝတွင် အမျိုးသမီးများ ပါဝင်ခွင့်တို့အပြင် ဦးတည် ရည်ရွယ်သည့် တိုက်တွန်းနှိုးဆော်ရေးဆိုင်ရာ သိစေလိုရင်း အချက်များနှင့် အသိအမြင် မြှင့်တင်ရေးတို့ လိုအပ်သော အခြားသော နယ်ပယ်များတွင် အနာဂတ်ကာလ လုပ်ငန်းဆောင်ရွက်မှုများအတွက် မရှိမဖြစ် အရေးပါသည့် သတင်းအချက်အလက်များကို ဤလေ့လာမှုမှ ဖြည့်ဆည်း ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

Belak (2000)တွင် မှတ်ချက်ပြုထားသည့်အတိုင်း အမျိုးသမီးများ အဆင့်အတန်း မြှင့်တင်ရေးကို ရည်ရွယ်သည့် ဥပဒေပြဋ္ဌာန်းချက်များ၊ အမျိုးသမီးဦးစားပေး အစီအစဉ်များနှင့် အခြားသော ဆောင်ရွက်ချက် များမှာ မကြာခဏ ကျရှုံးခဲ့ပါသည်။ ဤသည်မှာ အမျိုးသမီးများ လုပ်သင့် လုပ်ထိုက်သည့် သို့မဟုတ် လုပ်နိုင်သည့်အရာများနှင့် စပ်လျဉ်း၍ တည်ရှိ နေသော လူမှုစံနှုန်းများက လူတို့၏ အတွေးအခေါ်များတွင် အဟန့်အတား ဖြစ်စေသောကြောင့် ဖြစ်ပါသည်။ သို့ဖြစ်၍ စတင်နေပြီဖြစ်သည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း (NSPAW)ကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုလျှင် ၎င်းပေါ်ပေါက်လာသည့် နောက်ခံအခြေအနေကို သဘောပေါက်ရန် အထူး အရေးကြီးပါသည်။ မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာ၊ ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် ခေါင်းဆောင်မှုတို့နှင့် စပ်လျဉ်းသည့် အချို့သော ယဉ်ကျေးမှု စံနှုန်းများနှင့် လူမှုအလေ့အထများအား အသေးစိတ် လေ့လာဆန်းစစ်ထားသည့် ယခင်လေ့လာမှုများပေါ်တွင် အခြေခံ၍ လေ့လာမှုများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ (Oxfam, Action Aid and CARE 2011, Oxfam, Trocaire, CARE& Action Aid 2013, GEN 2013c)။

သို့ရာတွင် ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့မှလွဲ၍ (NSPAW) လုပ်ငန်းစဉ်၏ အခြားသော နယ်ပယ်အများစုတွင် ကျား၊ မ ရေးရာနှင့် စံနှုန်းဆိုင်ရာရှုထောင့်မှာ မကြာသေးမီ နှစ်များအတွင်း အလေးထားမှု မရှိသလောက် ဖြစ်ပါသည်။ သို့ဖြစ်ရာ နောက်ခံအကြောင်းတရားများနှင့် ခိုင်လုံသည့် သတင်းအချက်အလက်များအပေါ် အခြေပြုသည့် ကျား၊ မ ရေးရာ တန်းတူညီမျှရေး အစီအစဉ်များ ပိုမိုကောင်းမွန်ရေးတွင် ထည့်သွင်းအသုံးပြုနိုင်သည့် လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းများအား ရှာဖွေ ဖော်ထုတ် သတ်မှတ်ရန် အချိန်အခါကောင်း ဖြစ်ပါသည်။

၁.၂ ရည်ရွယ်ချက်များနှင့် လေ့လာမှု မေးခွန်းများ

၁.၂.၁ ယေဘုယျရည်ရွယ်ချက်

ဤလေ့လာမှု၏ ယေဘုယျရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတစ်ဝန်း မတူ ကွဲပြားသည့် လူမှုရေးနှင့် ယဉ်ကျေးမှု နောက်ခံအခြေအနေ အသီးသီးရှိ လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းများနှင့် အမျိုးသမီး၊ အမျိုးသားများ၏ မိသားစု ဘဝ၊ လူမှုဘဝ၊ အလုပ်အကိုင်၊ ကျန်းမာရေးနှင့်ပညာရေးတို့အပေါ် ၎င်းစံနှုန်းများ၏ သက်ရောက်မှုကို ဓမ္မဓိဋ္ဌာန်ကျကျ ပိုမိုနားလည်သိရှိစေရန် ဖြစ်ပါသည်။ နိုင်ငံရေးနှင့် စီးပွားရေး အသွင်ကူးပြောင်းမှုများ လျင်မြန်စွာ ဖြစ်ထွန်းနေသည့် ကာလအတွင်း မြန်မာနိုင်ငံရှိ အမျိုးမျိုး ကွဲပြားသည့် လူမှုရေးနှင့် ယဉ်ကျေးမှု စံနှုန်းများအား အချိန်နှင့် တစ်ပြေးညီ စုဆောင်း တင်ပြခြင်းအားဖြင့် ထိုသို့နားလည်သိရှိစေရန် ရည်ရွယ်ပါသည်။ ထို့အပြင် ကျား၊ မ ရေးရာ တန်းတူညီမျှရေးအပေါ် သက်ရောက်မှုရှိသည့် အလွယ်တကူ မမြင်နိုင်သော စံနှုန်းများအား မီးမောင်းထိုးပြခြင်းဖြင့် အမျိုးသား၊ အမျိုးသမီးများ၏ ဘဝနေထိုင်မှု ပိုမိုမြင့်မားရေးကို ဦးတည်သည့် လုပ်ငန်းစဉ်များနှင့် မူဝါဒများ ရေးဆွဲရာတွင် သတင်းအချက်အလက်အားဖြင့် ထည့်သွင်းစဉ်းစားနိုင်ရန် ရည်ရွယ်ပါသည်။ အရည်အသွေး (ဖြစ်စဉ်)ဆိုင်ရာ မေးခွန်းများကို အသုံးပြုခဲ့ပြီး၊ ကျယ်ကျယ်ပြန့်ပြန့် နမူနာ ရွေးချယ်ဆောင်ရွက်ခဲ့သည့် ဤလေ့လာမှုမှ တွေ့ရှိချက်များသည် ကျား၊ မ ရေးရာနှင့် ဆက်စပ်နေသော လူမှုရေး နှင့် ယဉ်ကျေးမှုစံနှုန်းများသည် ဗဟုသုတရရှိစေမည်ဟု မျှော်လင့်ပါသည်။ ဤလေ့လာမှုတွင် ပါဝင်သူများ၏ နေ့စဉ်ဘဝတွင် လွှမ်းမိုးသက်ရောက် နေသည်ဟု ၎င်းတို့ယူဆသည့် လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းများအား ကျော်လွှားနိုင်ရန်နှင့် ကိုင်တွယ်ဖြေရှင်းနိုင်ရန် နည်းလမ်းများနှင့် စပ်လျဉ်း၍ အကြံပြု တိုက်တွန်းချက်များပေးရန်လည်း ရည်ရွယ်ပါသည်။

၁.၂.၂ လေ့လာမှု ရည်ရွယ်ချက်များ

- » မြန်မာနိုင်ငံအတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၁ ခုတွင် ကျား၊ မ ရေးရာ တန်းတူညီမျှရေးအပေါ် သက်ရောက်မှုရှိသည့် အဓိက လူမှုရေးနှင့် ယဉ်ကျေးမှု စံနှုန်းများအား ရှာဖွေဖော်ထုတ် သတ်မှတ်ရန်၊[၄]
- » ကျား၊ မ ရေးရာ တန်းတူညီမျှရေး ပိုမိုကောင်းမွန်စေရန် ပို၍ ရှင်းလင်းတိကျစွာ ထုတ်ဖော်ပြောဆိုပြီး ထပ်မံအားဖြည့်နိုင်သည့် အဓိကလူမှုရေး နှင့် ယဉ်ကျေးမှုစံနှုန်းများ၊ အလေ့အထများအပေါ် အကြံပြု တိုက်တွန်းချက်များပေးရန်၊
- » အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း (NSPAW, ၂၀၁၃-၂၀၂၂) ကို အထောက်အကူ ဖြစ်စေမည့် တုံ့ပြန်ဆောင်ရွက်ရေး မဟာဗျူဟာများ ရေးဆွဲ အကောင်အထည် ဖော်ရာတွင် ဦးစားပေးရမည့် ခွဲခြားဆက်ဆံမှုရှိသော ကျား၊ မ ရေးရာဆိုင်ရာ စံနှုန်းများနှင့် အလေ့အထများအား အလေးထားရန်။

၁.၂.၃ လေ့လာမှု မေးခွန်းများ

၁။ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (NSPAW) က ရွေးချယ်ထားသည့် ကဏ္ဍ ၅ခုတည်းသာဟု ကန့်သတ်မထားသော်လည်း ၎င်းတို့အပါအဝင် မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာ တန်းတူညီမျှရေး အယူအဆကို အားပေးသော ယဉ်ကျေးမှုစံနှုန်းများနှင့် ကျား၊မ ရေးရာ တန်းတူညီမျှမှု မရှိခြင်းကို ဖြစ်စေသော သို့မဟုတ် သက်ရောက်စေသော ယဉ်ကျေးမှုစံနှုန်းများမှာ အဘယ်နည်း။[၅]

၂။ ကျား၊ မ ရေးရာဆိုင်ရာ စံနှုန်းများ၊ ပုံသဏ္ဌာန်များက မည်သို့ ရှိသနည်း။ မည်သည်တို့သည် လူမှုဝန်းကျင်မှ လက်ခံလာစေရန် အဓိကလုပ်ဆောင်ပေးသည့်အရာများ ဖြစ်သနည်း။ ၎င်းတို့ မည်သို့ လုပ်ဆောင်နေကြသနည်း။

၄။ အသေးစိတ်ကို အခန်း(၁.၃.၂) လေ့လာမှုပုံသဏ္ဌာန်နှင့် နမူနာကောက်ယူခြင်းတွင် ကြည့်ပါ။

၅။ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းစဉ်၏ အဓိကဦးစားပေးကဏ္ဍများမှာ- အမျိုးသမီးများနှင့်အသက်မွေးမှု၊ အမျိုးသမီးများ ပညာရေးနှင့်လေ့ကျင့်သင်တန်းပေးရေး၊ အမျိုးသမီးများနှင့် ကျန်းမာရေး၊ အမျိုးသမီးများအားအကြမ်းဖက်မှု၊ အမျိုးသမီးများနှင့် အရေးပေါ်အခြေအနေများ၊ အမျိုးသမီးများနှင့် စီးပွားရေး၊ အမျိုးသမီးများနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်စတီကျူးရှင်းဆိုင်ရာ လုပ်နည်းလုပ်ဟန်များ၊ အမျိုးသမီးများနှင့် လူ့အခွင့်အရေး၊ အမျိုးသမီးများနှင့်မီဒီယာ၊ အမျိုးသမီးများနှင့်သဘာဝပတ်ဝန်းကျင် နှင့်အရွယ်မရောက်သေးသည့် မိန်းကလေးများတို့ ဖြစ်ပါသည်။

၃။ ယဉ်ကျေးမှုစံနှုန်းများသည် အချိန်ကာလအလိုက်နှင့် လေ့လာခဲ့သော နေရာဒေသများရှိ အမျိုးသားနှင့် အမျိုးသမီးတို့၏ အသက်အရွယ် အပိုင်းအခြားအလိုက် မည်သို့ ပြောင်းလဲလာသည်ကို တွေ့မြင်ရသနည်း။ လေ့လာမှုတွင် ပါဝင်သူများအနေဖြင့် ဤပြောင်းလဲမှုများအပေါ် မည်သို့ခံစားရသနည်း။

၄။ မြန်မာနိုင်ငံတွင် အမျိုးသားနှင့် အမျိုးသမီးများက ယဉ်ကျေးမှု စံနှုန်းများ ကို မည်သည့် အတိုင်းအတာအထိ ငြင်းပယ် သို့မဟုတ် ခုခံငြင်းဆို ကြသနည်း။

၅။ မြန်မာနိုင်ငံတွင် သတ်မှတ်ထားသော ယဉ်ကျေးမှု စံနှုန်းများကို ချိုးဖောက်သည့် အမျိုးသားနှင့် အမျိုးသမီးများ၏ အယူအဆနှင့် အတွေ့အကြုံများမှာ အဘယ်နည်း။

၁.၂.၄။ မူဘောင်များ

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း (NSPAW)သည် ဘောဂျင်းလုပ်ငန်းစီမံချက်၏ ကဏ္ဍ၁၂ခုလုံးကို လွှမ်းခြုံထားသော်လည်း ယခုလေ့လာမှုတွင် ဦးစားပေးကဏ္ဍ များထဲမှ လက်ရှိအနေအထားအရ သုတေသနပိုင်းတွင် အလွန်အမင်း အားနည်းသည့် ကဏ္ဍ၅ခုအား အဓိက လေ့လာမည်ဖြစ်ပါသည်။ ထိုသို့ လေ့လာရာတွင် သတင်းအချက်အလက် အသစ်များရရှိရန်နှင့် ရှိပြီးသည့် သတင်း အချက်အလက်များအား ထပ်မံဖြည့်စွက်ရန် အရည်အသွေး (ဖြစ်စဉ်) ဆိုင်ရာ လေ့လာမှုသည် အထိရောက်ဆုံး နည်းစနစ် ဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။ ၎င်းကဏ္ဍများမှာ-

- အမျိုးသမီးများ၊ အသက်မွေးမှုနှင့် စီးပွားရေး[၆]
- အမျိုးသမီးများ၊ ပညာရေးနှင့် လေ့ကျင့်သင်တန်းပေးခြင်း
- အမျိုးသမီးများနှင့် ကျန်းမာရေး
- အမျိုးသမီးများနှင့် မီဒီယာ

၁.၃ နည်းစနစ် (အကျဉ်းချုပ်)

ဤလေ့လာမှုကို ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက်က ပုံဖော်ခဲ့ခြင်းဖြစ်ပြီး၊ နိုင်ငံတကာ သုတေသီတစ်ဦးက ပြည်တွင်းသုတေသီတစ်ဦး၊ GEN သုတေသနနှင့် သင်တန်းရေးရာညှိနှိုင်းရေးမှူး၊ GEN ပဲ့ကိုင်ကော်မတီ (SC) နှင့် ပေါင်းစပ်ညှိနှိုင်းရေးဌာနမှ ဝန်ထမ်းများနှင့် အတူလက်တွဲ၍ ပုံသဏ္ဌာန်ရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။ ပြင်ပမှစကားပြန်တစ်ဦးနှင့် မီဒီယာ လေ့လာသုံးသပ်မှုဆိုင်ရာ အကြံပေးတစ်ဦးတို့လည်း ပါဝင်ခဲ့ကြပါသည်။ စိတ်ဝင်စားသည့် GEN အဖွဲ့ဝင်များနှင့် ဖွဲ့စည်းထားသော လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းများ လေ့လာရေးလုပ်ငန်းအဖွဲ့ (SCRWG) က သတင်းအချက်အလက်များ၊ အကြံဉာဏ်များပေး၍ GEN ဦးဆောင်ကော်မတီက လုပ်ငန်းလမ်းညွှန်များ ပေးခဲ့ခြင်းဖြစ်ပါသည်။ ကွင်းဆင်း၍ အချက်အလက်ကောက်ယူခြင်းကို အသင်းခေါင်းဆောင်တစ်ဦး အပါအဝင် GEN အဖွဲ့ဝင် အဖွဲ့အစည်းများက ကွင်းဆင်းလေ့လာသူ ၄ ဦး (အမျိုးသမီး၂ ဦးနှင့် အမျိုးသား ၂ ဦး) ပါဝင်သည့် အဖွဲ့များက ဆောင်ရွက်ခဲ့ပါသည်။ ကွင်းဆင်းလေ့လာသူ အမျိုးသမီး ၁၇ဦးနှင့် အမျိုးသား ၁၈ ဦး၊ စုစုပေါင်း ၃၅ ဦးကိုစုစည်း၍ လေ့ကျင့်သင်တန်းပေးခဲ့ပါသည်။

၁.၃.၁ အဓိကအခြေခံသဘောတရားများ

ကျား၊ မ ရေးရာ တန်းတူညီမျှရေးကို ဤလေ့လာမှုတွင် ပင်ကိုအားဖြင့် အရေးပါ၍ အမျိုးသမီးများအနေဖြင့် နယ်ပယ်အားလုံးတွင် အမျိုးသားများ နှင့် တန်းတူ ရှင်သန်နေထိုင်ခွင့်နှင့် အမျိုးသားများနှင့် တန်းတူအခွင့်အလမ်း ရရှိရေး(CEDAW 1979)ကို အသိအမှတ်ပြုသည့် အခွင့်အရေးအခြေပြု ချဉ်းကပ်မှုကို အခြေခံသော တစ်စုံတစ်ရာအဖြစ် ရှုမြင်ထားပါသည်။ CEDAW နည်းတူ ဤလေ့လာမှုတွင် 'နိုင်ငံတစ်နိုင်ငံ၏ ဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းမှုအကြောင်းခံသည့် နယ်ပယ် အားလုံးတွင် အမျိုးသားများနှင့်တန်းတူ အမျိုးသမီးများအများဆုံး ပါဝင်ခွင့်ရှိခြင်း'ကို အသိအမှတ်ပြုထားပါသည်။ ဤရှုထောင့်မှ စဉ်းစားလျှင် ကျား၊ မ ရေးရာ တန်းတူညီမျှရေးကို ရည်မှန်းချက် ပြည့်ဝစေသော နည်းလမ်းတစ်ရပ်အဖြစ် ရှုမြင်နိုင်ပါသည်။ မြန်မာနိုင်ငံအတွက် အရေးပါသည့် လက်ရှိအပြောင်းအလဲ ကာလတွင် ကျား၊ မ ရေးရာ တန်းတူညီမျှရေးကို နည်းလမ်းတစ်ရပ် အဖြစ်သာမက အမှန်တကယ် ဖြစ်နိုင်သည့်အရာ တစ်ခုအဖြစ် ရည်ရွယ်ဆောင်ရွက်ရန် လိုအပ်သည်ဟု ယုံကြည်ပါသည်။

ကျား၊ မ ရေးရာ စံနှုန်းများနှင့် ဩဇာအာဏာ

ကာလဒေသတစ်ခုတွင် အမျိုးသား သို့မဟုတ် အမျိုးသမီး ဖြစ်ခြင်းအပေါ် ကျွန်ုပ်တို့ နားလည်ယူဆမှုသည် ကျွန်ုပ်တို့ ပတ်ဝန်းကျင်တွင်ရှိသည့် လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းများအပေါ်တွင် များစွာ မူတည်နေပါသည်။ အမျိုးသမီးဖြစ်ခြင်းနှင့် အမျိုးသားဖြစ်ခြင်းကို သတ်မှတ်ထားသည့် အချို့သော စံနှုန်းများအား အမြဲတစေ ထပ်မံအားဖြည့်ခြင်းသည် အမျိုးသမီး၊ အမျိုးသားဖြစ်ခြင်းကို ကန့်သတ်ထားခြင်းဟု ရှုမြင်နိုင်ပါသည် (Butler 1993 တွင် ဥပမာကြည့်ပါ)။ ကျား၊ မ ရေးရာ စံနှုန်းများသည် အရေးပါသည့် ဩဇာအာဏာဆိုင်ရာ အမြင်များကိုလည်း ဖြစ်စေပြီး သမိုင်းကြောင်းတစ်လျှောက် လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်း အမျိုးမျိုးကို အသုံးပြု၍ အမျိုးသမီးများအား နှိမ့်ချဆက်ဆံမှုကို လျော်ကန်ကြောင်း နည်းလမ်းအမျိုးမျိုးဖြင့် အကြောင်းပြခဲ့သည်ကို တွေ့မြင်နိုင်ပါသည် (Perteroson နှင့် Runyan 1993 တွင် ဥပမာ ကြည့်ပါ)။ ရံဖန်ရံခါ အမျိုးသမီးများအား သန်စွမ်းပြီး ပင်ပန်းကြမ်းတမ်းသော အလုပ်များကို လုပ်နိုင်သူများအဖြစ် ဖော်ပြခဲ့ကြပါသည်။ ဥပမာအားဖြင့် ဒုတိယကမ္ဘာစစ်အတွင်း အမေရိကန်စက်ရုံများတွင် အမျိုးသမီးများ အလုပ်လုပ်ရန် လိုအပ်သောအချိန်တွင် ဖြစ်ပါသည်။ ထိုမျှမက အိန္ဒိယနိုင်ငံတွင် စီးပွားရေး လွတ်လပ်ပွင့်လင်းလာစဉ်က အထည်အလိပ် ပို့ကုန်များနှင့် အခြားစက်ရုံများတွင် အမျိုးသမီးလုပ်အား လိုအပ်လာသည့်အခါ အမျိုးသမီးများ၏ စိတ်ရှည်သည်းခံတတ်သည့် သဘာဝကြောင့် ထိုအလုပ်မျိုးသည် အမျိုးသမီးများနှင့် သင့်လျော်သည်ဟု ဖော်ပြခဲ့ကြပါသည်(Blomqvist 2004)။ လိင်မှုဆိုင်ရာ ကွာဟချက်များကို ကျား၊ မ ရေးရာ တန်းတူညီမျှမှု မရှိခြင်းအဖြစ် ယူဆခြင်းနှင့် ထိုမညီမျှမှုများကို အမြဲတစေ ထပ်မံအားဖြည့်နေခြင်းသည် ၎င်းတို့အား 'အသားကျ' သွားစေပါသည်။ ထို့အပြင် မကြာသေးမီက လေ့လာမှုများ(ကမ္ဘာ့ဘဏ်၊ ၂၀၁၂ ၊ ၂၀၁၃) တွင် သတိပေးထားသည့်အတိုင်း အမျိုးသမီးများ၏ ဘဝအဆင့်အတန်းတွင် အရည်အသွေးဆိုင်ရာ အပြောင်းအလဲများ ရှိလာသည့်တိုင် အယူအဆများ မပြောင်းလဲ သို့မဟုတ် တဖြည်းဖြည်းမှ ပြောင်းလဲနိုင်သည့် အန္တရာယ်ရှိနေပါသည်။

[၆]။ ဤသည်မှာ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (NSPAW) ၏ ဦးစားပေးကဏ္ဍ ၂ ဖြစ်သည့် အမျိုးသမီးများနှင့် အသက်မွေးမှုနှင့် ဦးစားပေးကဏ္ဍ ၆ခု ဖြစ်သည့် အမျိုးသမီးများနှင့် စီးပွားရေးတို့ကို တစ်ခုတည်းအဖြစ် ပေါင်းထားခြင်းဖြစ်ပါသည်။

စင်စစ်အားဖြင့် အယူအဆများသည် အခြေအနေသစ်များနှင့်ပင် နေသားတကျ ဖြစ်သွားနိုင်ပါသည်။ ဖယ်ရှားရန်ခက်သည့် စံနှုန်းများနှင့် ယုံကြည်မှုများကြောင့် ရုပ်ပိုင်းဆိုင်ရာ အခွင့်အလမ်းများကို အသုံးမပြုနိုင်သည့် အန္တရာယ်လည်း ရှိနေပါသည် (Harriden 2012)။

ယဉ်ကျေးမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ အပြောင်းအလဲ

လေ့လာမှုတွင် ပါဝင်သူများကို တိုက်ရိုက်ကိုးကားဖော်ပြခြင်း မဟုတ်လျှင်၊ ဤလေ့လာမှုတွင် 'ယဉ်ကျေးမှု'ဆိုသည့် ဝေါဟာရ အနက်အဓိပ္ပာယ်ကို ဖန်တီး ထည့်သွင်းထားသည့် နယ်ပယ်တစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြု ထားပါသည် (Tomlinson, 1999)။ ဤသည်မှာ ဂီတ၊ အနုပညာနှင့် အက စသည့် မတူကွဲပြားသည့် ယဉ်ကျေးမှုဆိုင်ရာ ဖော်ပြချက်များကို အသေးစိတ် လေ့လာခြင်း မဟုတ်ပါ။ ယဉ်ကျေးမှု သို့မဟုတ် ယဉ်ကျေးမှုများအား လေ့လာသုံးသပ်သည့် ထုံးတမ်းစဉ်လာ နည်းလမ်းတွင် ၎င်းတို့ကို အနည်းနှင့်အများ တည်ငြိမ်သော၊ တူညီသော တန်ဖိုးများနှင့် စံနှုန်းများရှိပြီး တစ်သမတ်တည်းဖြစ်၍ သီးခြားလွတ်လပ်စွာ ရှိနေသည့် အရာများအဖြစ် ယူဆကြပါသည်။ ဤအမြင်သည် တဖြည်းဖြည်းချင်း ပြောင်းလဲလာပြီးသည့်နောက် ယဉ်ကျေးမှုကို စဉ်ဆက်မပြတ် ပြောင်းလဲနေသည့် အားကောင်းသော ဖြစ်စဉ်များဖြင့် ဖွဲ့စည်းထားသည်ဟု ယူဆလာကြပါသည်။ ယဉ်ကျေးမှုများပို၍ တစ်ပုံစံတည်း ဖြစ်လာသည်လား (မျိုးတူ ပေါင်းစည်းခြင်း)၊ ပို၍ ယှက်နွယ်လာသည်လား (မျိုးကွဲပေါင်းစည်းခြင်း)၊ သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ ပေါင်းစည်းမှု ဖြစ်စဉ်များက ဒေသဆိုင်ရာယဉ်ကျေးမှုတွင် သီးခြားအဖြစ် ရှုမြင်ထားသည့်အရာများကို အမှန်တကယ် ပြန်လည်ရှင်သန်စေသည်လား စသည်တို့ကို အချေအတင် ဆက်လက်ငြင်းခုံနေဆဲဖြစ်ပါသည် (Hyll and Eriksen, 1994)။ ကျား၊ မ ရေးရာ စံနှုန်းများ၊ လူမှုရေးနှင့်ယဉ်ကျေးမှု စံနှုန်းများနှင့် စပ်လျဉ်းသည့် တွေ့ရှိချက်များအား အဓိပ္ပာယ်ဖွင့်ဆိုရန် ဤလေ့လာမှုတွင် ယဉ်ကျေးမှုပြောင်းလဲခြင်းသီအိုရီ၏ မူဘောင် အမျိုးမျိုးကို အသုံးပြုမည် ဖြစ်ပါသည်။

၁.၃.၂ လေ့လာမှုပုံသဏ္ဍာန်နှင့် နမူနာကောက်ယူခြင်း

အရည်အသွေးအခြေပြုသည့် ဤလေ့လာမှုတွင် နမူနာကောက်ယူခြင်း နည်းလမ်း၏ ယေဘုယျ ရည်မှန်းချက်မှာ လိင်၊ လူမျိုးနှင့် ကိုးကွယ်သည့် ဘာသာ၊ အသက်၊ နေထိုင်ရာဒေသနှင့် GEN အဖွဲ့ဝင်များရှိနေခြင်း စသည့် မတူကွဲပြားမှုများအရ လေ့လာခဲ့သည့် နေရာဒေသများတွင် မူကွဲများ ရရှိနိုင်ရန် ဖြစ်ပါသည်။ လေ့လာမှုတွင် စုစုပေါင်း ၅၄၃ ဦး ပါဝင်ခဲ့ပြီး အမျိုးသမီး၂၉၉ ဦး ၅၅% နှင့် အမျိုးသား ၂၄၄ ဦး ၄၅% ဖြစ်ပါသည်။ ပြည်နယ် ၇ ခု (ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်နှင့် ရှမ်း) နှင့် တိုင်းဒေသကြီး ၄ ခု(ဧရာဝတီ၊ စစ်ကိုင်း၊ တနင်္သာရီနှင့် ရန်ကုန်) အတွင်းရှိ မြို့နယ် ၁၆ မြို့နယ်မှ ကျေးရွာအုပ်စု ၁၈ စုရှိရပ်ကွက် ၇ ခုနှင့် ကျေးရွာ ၁၉ ရွာတို့ ပါဝင်ခဲ့ပါသည်။ အချက်အလက်များကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၄ ခုနှစ် ဇန်နဝါရီလထိ ကောက်ယူခဲ့ပါသည်။ ဤလေ့လာမှု၏ လုပ်ငန်းစဉ်အားလုံးတွင် ကျင့်ဝတ်ဆိုင်ရာ ခွင့်ပြုချက်၊ ပါဝင်သူ တစ်ဦးချင်း၏ သဘောတူညီချက်၊ ဆန္ဒအလျောက် ပါဝင်ခြင်း၊ အချက်အလက် လျှို့ဝှက်လုံခြုံမှုနှင့် ပါဝင်သူများ အန္တရာယ်ကင်းရှင်းရေး စသည့် ကျင့်ဝတ် စည်းကမ်းများကို အထူးအလေးထား ဆောင်ရွက်ခဲ့ပါသည်။ ဤအကြောင်းအရာ တစ်ခုချင်းဆိုင်ရာ အသေးစိတ် သတင်းအချက်အလက်များကို နောက်ဆက်တွဲ ၁ နည်းလမ်းတွင် ကြည့်ပါ။

ကျား၊ မ ရေးရာ ဆက်ဆံရေးနှင့် လူမှုစံနှုန်းများကို လျှပ်တစ်ပြက်အတွင်း အမိအရ သိရှိနိုင်စေရန် ရည်ရွယ်ပြုစုထားသည့် (အဓိကအားဖြင့် ဦးတည်အုပ်စု ဆွေးနွေးမှု လမ်းညွှန် နှစ်စုံပါဝင်သော) အရည်အသွေး အခြေပြု လေ့လာမှုနည်းလမ်းများကို အသုံးပြု၍ အသေးစိတ် သတင်းအချက်အလက်များကို ကောက်ယူခဲ့ကြပါသည်။ ပါဝင်သည့် အကြောင်းအရာများမှာ မိသားစုအတွင်း ဆက်ဆံရေး၊ အိမ်ထောင်စုအတွင်း အလုပ်ခွဲဝေလုပ်ကိုင်ခြင်း၊ အိမ်ထောင်ရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ခံစားချက်များ၊ ဝတ်စားဆင်ယင်မှုပုံစံများ၊ ပညာရေး၊ ကျန်းမာရေး တို့နှင့်စပ်လျဉ်းသည့် ကျား၊ မ ရေးရာ စံနှုန်းများ၊ မီဒီယာဖော်ပြချက် နှင့် အသက်မွေးဝမ်းကျောင်းမှုများ ဖြစ်ပါသည်။ အခြေခံ အချက်အလက် များနှင့် နောက်ခံသတင်းအချက်အလက်များ ရရှိရန် ရပ်ရွာဆိုင်ရာ စစ်တမ်းမေးခွန်းများကိုလည်း အသုံးပြုခဲ့ပါသည်။ လေ့လာမှုနည်းလမ်း များကို အင်္ဂလိပ်ဘာသာဖြင့်ရေးသား၍ မြန်မာဘာသာသို့ပြန်ဆိုပြီး၊ အင်္ဂလိပ်ဘာသာသို့ ထပ်မံပြန်ဆိုပါသည်။ အချက်အလက် ကောက်ယူစဉ် အတွင်း တိုင်းရင်းသားလူနည်းစု ဘာသာစကားများ ပြောဆိုရသည့် အခါများတွင် စကားပြန်ကတဆင့် နှုတ်ဖြင့် ဘာသာပြန်ဆိုပေးပါသည်။ ဦးတည်အုပ်စု ဆွေးနွေးမှုလမ်းညွှန်များကို ကွင်းဆင်းလေ့လာမှု မတိုင်မီ (၂)ကြိမ် ရှေ့ပြေးစမ်းသပ်ခဲ့ပါသည်။ ဦးတည်အုပ်စု ဆွေးနွေးမှုအားလုံးကို အသက်အရွယ် အပိုင်းအခြား (၁၈ နှစ်မှ ၂၅ နှစ်၊ ၂၆ နှစ်မှ ၄၀နှစ် နှင့် ၄၀နှစ်အထက်) အလိုက် အမျိုးသားနှင့် အမျိုးသမီး သီးသန့်ခွဲ၍ ပြုလုပ်ခဲ့ပြီး၊ လူမျိုးနှင့် ကိုးကွယ်သည့် ဘာသာတူသူများကို သီးခြားစုစည်း ထားခြင်း ဖြစ်ပါသည်။ ကျေးရွာအဆင့်တွင် ပါဝင်ဖြေဆိုမည့်သူ ၄ ဦးမှ ၆ ဦးအထိ ရွေးချယ်စုဆောင်းနိုင်ရန် ကျပန်းနမူနာ ကောက်ယူခဲ့ပါသည်။ ဦးတည်အုပ်စုဆွေးနွေးပွဲ စုစုပေါင်း (၇၈) ကြိမ် ပြုလုပ်ခဲ့ပြီး အမျိုးသမီး ၂၃၅ ဦး ၅၁% နှင့် အမျိုးသား ၂၂၃ ဦး ၄၉%ဖြင့် ဆွေးနွေးသူ စုစုပေါင်း ၄၅၈ ဦး ပါဝင်ဆွေးနွေးခဲ့ကြပါသည်။

ကြိုတင်ပြင်ဆင်ထားသည့် မေးခွန်းများနှင့် ပြန်လည်ဖြေကြားမှုအပေါ် နောက်ဆက်တွဲမေးခွန်းများ မေးမြန်းသည့်နည်းကို အသုံးပြု၍ လုပ်ငန်းကဏ္ဍအလိုက် ကျွမ်းကျင်သူများ၊ ကျား၊ မ ရေးရာ လုပ်ငန်း ဆောင်ရွက်သူများ၊ မီဒီယာပညာရှင်များနှင့် ယဉ်ကျေးမှု ကာကွယ် စောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် အစိုးရ တာဝန်ရှိသူများ စသည့် အဓိက သတင်းအချက်အလက်ပေးနိုင်သူများအား တွေ့ဆုံ မေးမြန်းခဲ့ပါသည်။ အဓိက သတင်း အချက်အလက်ပေးနိုင်သူ အမျိုးသမီး ၁၇ ဦး နှင့် အမျိုးသား ၉ ဦးတို့အား သီးခြား တွေ့ဆုံမေးမြန်းခဲ့ပြီး၊ အမျိုးသမီး ၂၇ ဦး နှင့် အမျိုးသား ၁ဦးတို့အား အစုအဖွဲ့လိုက် တွေ့ဆုံမေးမြန်းမှု (၃)ကြိမ်တွင် တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ကြိုတင် ပြင်ဆင်ထားသည့် မေးခွန်းများနှင့် ပြန်လည်ဖြေကြားမှုအပေါ် နောက်ဆက်တွဲမေးခွန်းများ မေးမြန်းသည့်နည်းကို အသုံးပြု၍ အမျိုးသမီး ၁၀ ဦးနှင့် အမျိုးသား ၆ ဦး ထံမှ ဖြစ်စဉ် လေ့လာချက်များ ကောက်ယူခဲ့ပါသည်။ မီဒီယာများအတွက် ကျား၊ မ ရေးရာ သတိထား ဆင်ခြင်ရမည့် အညွှန်းကိန်းများဆိုင်ရာ UNESCO ၏ အခြေခံ မူဘောင်ပေါ်တွင် အခြေပြု၍ ပုံနှိပ်မီဒီယာ လေ့လာဆန်းစစ်မှုကို ဆောင်ရွက်ခဲ့ပါသည်။

ပြောစကားများကို အသံဖမ်းယူ၍ စာဖြင့် ပြန်လည်ရေးသားခြင်း နည်းလမ်းကို အသုံးပြုခဲ့ပါသည်။ အချက်အလက်ကောက်ယူစဉ် အတွင်း အသုံးပြုသည့်ဘာသာစကားဖြင့် အချက်အလက်အသံဖိုင်များကို စာဖြင့် ပြန်လည်ရေးချပါသည်။ တိုင်းရင်းသားလူနည်းစု ဘာသာစကား

အသံဖိုင်များကို မြန်မာဘာသာဖြင့် ပြန်ဆိုပြီး၊ အခြားဘာသာစကားများကို အင်္ဂလိပ်ဘာသာဖြင့် တိုက်ရိုက်ပြန်ဆိုခဲ့ပါသည်။ နှစ်ထပ်ဆင့် သင်္ကေတပြုခြင်း မူဘောင်ကို အသုံးပြု၍ အရည်အသွေးအခြေပြု အချက်အလက် သင်္ကေတပြုခြင်း နည်းစနစ်များဖြင့် အချက်အလက်များကို လေ့လာဆန်းစစ်ခဲ့ပါသည်။ စာဖြင့် ပြန်လည်ရေးသားထားသည်များကို လက်ဖြင့် သင်္ကေတပြုပါသည်။ သဘောတူခွင့်ပြုချက် တောင်းခံရာတွင် အမည်များကို မှတ်တမ်းမယူသည့်အပြင်၊ လုံခြုံစိတ်ချရသည့် သိမ်းဆည်းခြင်း နည်းလမ်းများအတိုင်း အတိအကျလိုက်နာခဲ့ပါသည်။ ဤအစီရင်ခံစာကို အင်္ဂလိပ်၊ မြန်မာ ဘာသာစကား နှစ်မျိုးလုံးဖြင့် ရေးသားထုတ်ဝေထားပါသည်။

လေ့လာမှုကန့်သတ်ချက်များတွင် ကျား၊ မ ရေးရာနှင့် အရည်အသွေးဆိုင်ရာ သုတေသနလုပ်ငန်း အတွေ့အကြုံရှိခြင်း၊ ဘာသာစကား ကျွမ်းကျင်မှုရှိခြင်း စသည့် စံနှုန်းသတ်မှတ်ချက်အသီးသီးနှင့် ကိုက်ညီသော ကွင်းဆင်းလေ့လာသူ အမျိုးသားနှင့် အမျိုးသမီးများကို ရွေးချယ်စုဆောင်းခြင်း ပါဝင်ပါသည်။ ရံဖန်ရံခါ ဘာသာစကား ကျွမ်းကျင်မှု စံနှုန်းသတ်မှတ်ချက်ကို ပို၍ ဦးစားပေးရပါသည်။ ဆိုလိုသည်မှာ နယ်မြေဒေသအသီးသီးက အချက်အလက်များ၏ အရည်အသွေးသည် ရံဖန်ရံခါ မတူညီကြပါ။ လုံခြုံရေးအခြေအနေသည်လည်း လေ့လာမှု ဆောင်ရွက်ရန် နောက်ဆုံးအဆင့် ရွေးချယ်မှုအပေါ် သက်ရောက်မှုရှိခဲ့ပြီး၊ ဤသည်ကြောင့်ပင် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသကို ဤလေ့လာမှုတွင် ချန်လှပ်ထားခဲ့ရပါသည်။

၁.၄ ကျင့်ဝတ်စည်းကမ်းများနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ထည့်သွင်းစဉ်းစားချက်များ

ဤလေ့လာမှု၏ လုပ်ငန်းစဉ်အားလုံးတွင် ကျင့်ဝတ်စည်းကမ်းများကို အထူးအလေးထားခဲ့ပါသည်။ အထူးသဖြင့် လေ့လာမှုပုံသဏ္ဌာန် ရေးဆွဲအကောင်အထည်ဖော်ရာတွင် အောက်ပါအခြေခံမူများအတိုင်း အလေးထားဆောင်ရွက်ခဲ့ပါသည်။

ကျင့်ဝတ်ဆိုင်ရာ ခွင့်ပြုချက်

ဤလေ့လာမှုအတွက် ကျင့်ဝတ်စည်းကမ်းများကို အောက်မြန်မာနိုင်ငံ၊ ဆေးသုတေသနဦးစီးဌာန၏ သုတေသနကျင့်ဝတ်ကော်မတီ (ERC) သို့ တင်ပြ၍ ခွင့်ပြုချက်တောင်းခံခဲ့ပြီး၊ လေ့လာမှုမစတင်မီ ကော်မတီ၏ ပြန်လည်သုံးသပ်ချက်၊ အကြံပြုချက်များအတိုင်း ပြောင်းလဲပြင်ဆင်ခဲ့ပါသည်။

ပါဝင်သူတစ်ဦးချင်း၏ သဘောတူညီချက်

လေ့လာမှုတွင် ပူးပေါင်းပါဝင်ရန် အသိပေးရှင်းလင်းတင်ပြ၍ ပါဝင်သူအားလုံးထံမှ နှုတ်အားဖြင့် သဘောတူညီချက် ရရှိခဲ့ပါသည်။ ကွင်းဆင်း လေ့လာသူများက လေ့လာမှု၏ ရည်ရွယ်ချက်၊ နည်းစနစ်နှင့် ပါဝင်သူများ၏ တောင်းဆိုချက်များအား ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းတင်ပြပြီး သဘောတူညီချက်ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ၎င်းအတွက်လိုအပ်သော သတင်းအချက်အလက်များဖြင့် အသေးစိတ် ရေးသားထားသည့် မိတ်ဆက်ကဏ္ဍအပြင် ကွင်းဆင်းလေ့လာသူများအနေဖြင့် သဘောတူညီချက်ရရှိရန် မည်သို့ ကိုင်တွယ်ဆောင်ရွက်ရမည်ကို ကွင်းဆင်းလေ့လာမှု လမ်းညွှန်များတွင် ထည့်သွင်း ထားပါသည်။ အချက်အလက် ကောက်ယူရာတွင် ပါဝင်ဖြေဆိုသူများ စိတ်ပေါ့ပါးစေရန်နှင့် ပို၍ပွင့်ပွင့်လင်းလင်း ဖြေဆိုနိုင်စေရန် သဘောတူညီချက်ကို စာဖြင့်မဟုတ်ဘဲ နှုတ်အားဖြင့်သာ တောင်းခံခဲ့ပါသည်။

ဓာတ်ပုံရိုက်ခွင့်

အကြောင်းအရာ အားလုံးကို ပါဝင်ဖြေဆိုသူများ စိတ်လက်ပေါ့ပါးစွာ ဆွေးနွေး ပြောဆိုနိုင်ရန် အချက်အလက်ကောက်ယူစဉ်နှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်စဉ်တွင် ဓာတ်ပုံ ရိုက်ခွင့်မပြုခဲ့ပါ။ ကွင်းဆင်းလေ့လာသည့် နေရာဒေသများ၏ နောက်ခံဓာတ်ပုံအချို့ကို ရိုက်ခွင့်ပေးခဲ့ပါသည်။ ရပ်ရွာဒေသခံများအား ဓာတ်ပုံရိုက်ကူးရန် ရည်ရွယ်ပါက အသိပေး ရှင်းလင်းတင်ပြ၍ သဘောတူညီချက် တောင်းခံပြီး၊ ပါဝင်ဖြေဆိုကြသည့် ရပ်ရွာဒေသခံများအား ဓာတ်ပုံရိုက်ကူးခွင့် ပုံစံများတွင် လက်မှတ် ရေးထိုးပေးရန် တောင်းဆိုခဲ့ပါသည်။

ဆန္ဒအလျောက် ပါဝင်ခြင်း

ဤလေ့လာမှုတွင် ပါဝင်ခြင်းသည် ဆန္ဒအလျောက်သာ ဖြစ်ပါသည်။ ပါဝင်ဖြေဆိုသူ အားလုံးသည် သွေးဆောင်ဖြားယောင်းမှု တစ်စုံတစ်ရာကြောင့် မဟုတ်ဘဲ ပါဝင်ရန်၊ မပါဝင်ရန် လွတ်လပ်စွာ ရွေးချယ်နိုင်ပါသည်။ ပါဝင် ဖြေဆိုသူများသည် မည်သည့် အချိန်တွင်မဆို လေ့လာမှုမှ နုတ်ထွက်ခွင့် ရှိပါသည်။ ၎င်းအတွက် ဆိုးကျိုး တစ်စုံတစ်ရာ မရှိစေရပါ။

အချက်အလက် လျှို့ဝှက်လုံခြုံမှု

ဤလေ့လာမှု ဆောင်ရွက်နေစဉ်နှင့် တွေ့ရှိချက်များအား ပြန်လည်ရှင်းလင်းစဉ် တစ်လျှောက်လုံးတွင် လျှို့ဝှက်လုံခြုံမှုရှိစေရန် အတင်းကျပ်ဆုံး စည်းမျဉ်းများ ချမှတ်ထားပါသည်။ ဤသည်ကို ကွင်းဆင်းလေ့လာရေးအဖွဲ့များက တွေ့ဆုံမေးမြန်းခဲ့သည့် လူပုဂ္ဂိုလ်များနှင့် အစုအဖွဲ့များအားလုံးနှင့် သီးခြားတွေ့ဆုံသည့် အခါတိုင်း၌ အသိပေးရှင်းပြခဲ့ပါသည်။ မည်သူဟု သိနိုင်သည့် မည်သည့်အသေးစိတ်ဖော်ပြချက်ကိုမျှ ကွင်းဆင်းလေ့လာရေးအဖွဲ့များက မှတ်တမ်းတင်ခြင်း မရှိပါ။ လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ၎င်းကို အချိန်တိုင်း ရှင်းလင်းပြောပြရန် လျှို့ဝှက်လုံခြုံမှုဆိုင်ရာ သတင်းစကားကို ဦးတည်အုပ်စု ဆွေးနွေးမှုလမ်းညွှန်၏ နိဒါန်းတွင် ထည့်သွင်းဖော်ပြထားပါသည်။

ပါဝင်သူများ အန္တရာယ်ကင်းရှင်းရေး

လေ့လာမှုတွင် ပါဝင်သူများ၏ အန္တရာယ်ကင်းရှင်းရေးသည် ဤလေ့လာမှု၏ အရည်အသွေးနှင့် စံချိန်စံညွှန်းများတွင် အရေးအကြီးဆုံးဖြစ်သည်ဟု ခံယူထားပါသည်။ လေ့လာမှုတွင် ပါဝင်သူများ၏ လုံခြုံမှုကို ဖြစ်နိုင်သမျှ အမြင့်ဆုံး အတိုင်းအတာအထိ အာမခံနိုင်ရန်အတွက် နည်းစနစ်များနှင့် ကြိုတင်ပြင်ဆင်မှုများကို စနစ်တကျ စီမံဆောင်ရွက်ခဲ့ပါသည်။ ဤလေ့လာမှုတွင် လုံခြုံရေးဆိုင်ရာ ကျိုးပေါက်မှု တစ်ခုမျှ မရှိခဲ့ပါ။

ထိခိုက်နစ်နာမှု မရှိစေရေး

တွေ့ဆုံမေးမြန်းမှုများတွင် အကဲဆတ်၍ ဖြေဆိုရန်မသင့်ဟု ပါဝင်ဖြေဆိုသူများက ယူဆနိုင်သည့် အကြောင်းအရာများနှင့် သက်ဆိုင်သော မေးခွန်းများ ပါဝင်ပါသည်။ သို့ဖြစ်၍ လေ့လာရေးအဖွဲ့များအနေဖြင့် အကဲဖြတ်ချက် တစ်စုံတစ်ရာမပေးဘဲ လေ့လာမှုကို ဆောင်ရွက်ရန်အတွက် လိုအပ်ချက်အပေါ်တွင် အလေးထား၍သာ ပါဝင်သူများနှင့် တွေ့ဆုံမေးမြန်းသူများ အားလုံးကို လေးစားမှုဖြင့် ဆက်ဆံခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှုများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှုများအတွက် လေးစားမှုရှိ၍ ယဉ်ကျေးမှုနှင့် ကိုက်ညီသည့် ဘာသာစကားဖြင့် ပြေပြစ်သော မေးခွန်းများဖြစ်စေရန် ကြိုးပမ်းခဲ့ကြပါသည်။

ခွင့်ပြုချက်များနှင့် မိတ်ဆက်ခြင်းများ

ကွင်းဆင်းသည့်အဆင့်တွင် လုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်းများသည် လေ့လာမှု စတင်မဆောင်ရွက်မီ လိုအပ်သောခွင့်ပြုချက်များနှင့် အချက်အလက်ကောက်ယူရန် ခွင့်ပြုမိန့်များရရှိရန် တာဝန်ယူကြရပါသည်။ အဖွဲ့ခေါင်းဆောင်များသည် အချက်အလက် မကောက်ယူမီ လိုအပ်သော ခွင့်ပြုချက်များ ရရှိရန် ပေါင်းစပ်ညှိနှိုင်း ကူညီပေးသည့် အဖွဲ့အစည်းများနှင့် တာဝန်ခံ ချိတ်ဆက်ကြရပါသည်။

ဤလေ့လာမှုတွင် အသုံးပြုခဲ့သည့် နည်းစနစ်ဆိုင်ရာ အသေးစိတ်အချက်အလက်များကို နောက်ဆက်တွဲ ၁ တွင် ဖော်ပြထားပါသည်။

၂ အခြေအနေတည်ဆောက်ခြင်း

ကျွန်မတို့မှာ ‘အလုပ်မရှိ ကြောင်ရေချိုး’ ဆိုတဲ့ စကားပုံရှိပါတယ်။ ကျွန်မတို့မှာ တခြားလုပ်စရာအလုပ်မရှိလို့ ကျား၊ မ ရေးရာ ကိစ္စတွေမှာ ဝင်လုပ်နေကြတာလို့ တချို့လူတွေက ပြောကြပါတယ်။

ယဉ်ကျေးမှု စံနှုန်းများနှင့် ကျား၊ မ ရေးရာ တန်းတူညီမျှရေးတို့ကို စတင်မဆွေးနွေးမီ၊ မြန်မာ့လူ့အဖွဲ့အစည်းတွင် ဤအကြောင်းအရာကို အစဉ်အလာအားဖြင့် ရှုထောင့်အသီးသီးမှ မည်သို့သတ်မှတ်ခဲ့ကြသည်ကို လေ့လာဆန်းစစ်ရန် လိုအပ်ပါသည်။ ဤအခန်းတွင် မြန်မာနိုင်ငံ၌ ကျား၊ မ ရေးရာ တန်းတူညီမျှမှု မရှိခြင်းသည် ‘ပြဿနာမဟုတ်’ ဟု ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်နေကြသည့်အပေါ် သက်ဆိုင်သည့် စာပေများအပြင်၊ လေ့လာမှုတွင် ပါဝင်သူများ၏ စိတ်ကူးများမှကောက်နုတ်၍ အကြောင်းတရားအချို့ကို လေ့လာဖော်ထုတ်ခဲ့ပါသည်။ ဤအမြင်အပေါ် သမိုင်းဆိုင်ရာ ဇာစ်မြစ်များကိုလည်း အကျဉ်းချုပ်၍ ကြိုးစားခြေရာခံထားပါသည်။ ဤအခန်းတွင် ကျား၊ မ ရေးရာ တန်းတူညီမျှမှု မရှိခြင်းနှင့် လိင်မှုဆိုင်ရာ အခြေပြု ခွဲခြားဆက်ဆံခြင်းတို့ကို ဆွေးနွေးရာမှ ပေါ်ပေါက်လာသည့် အယူအဆရေးရာ ရှုပ်ထွေးမှုအချို့ကိုလည်း ဆွေးနွေးတင်ပြထားပါသည်။

ယဉ်ကျေးမှုသည် ဘာသာရေးနှင့်ဆက်နွယ်နေသည် သို့မဟုတ် ဘာသာရေးမှ ဆင်းသက်လာသည်ဟု ရှုမြင်ခြင်းနှင့် လူသားတို့၏ အပြုအမူနှင့် အပြန်အလှန်ဆက်ဆံရေးများ ဖြစ်သည်ဟု ရှုမြင်ခြင်းသည် သမိုင်းဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့် အပြောင်းအလဲမရှိ တည်တံ့မှုကို အလေးထားခြင်းဖြစ်ပါသည်။ ဤအမြင်အရ တစ်နည်းနည်းဖြင့် ကာလကြာရှည် တည်ရှိလာသောအရာများ (ယုံကြည်မှုများ၊ အလေ့အထများ စသည်ဖြင့်)သည် တရားဝင်ဖြစ်သည်ဟု ယူဆခြင်း ဖြစ်ပါသည်။ ယဉ်ကျေးမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ အလေ့အထများအပေါ် ဤရှုမြင်ချက်သည် ကြာမြင့်စွာတည်ရှိခဲ့ပြီး မြန်မာနိုင်ငံရှိ အမျိုးသားနှင့် အမျိုးသမီးများ၏ ‘ဖြစ်သင့်ဖြစ်ထိုက်သည့်’နေရာနှင့် အပြုအမူတို့အပေါ် နားလည်သဘောပေါက်မှုကို ဆက်လက် လွှမ်းမိုးနေဆဲ ဖြစ်ပါသည်။

ကျား၊ မ ရေးရာ မှန်ဘီလူးဖြင့် ဤယဉ်ကျေးမှု အဖွဲ့အစည်းကို အသေးစိတ်လေ့လာကြည့်လျှင် မတူညီသော ရုပ်ပုံတစ်ခု ပေါ်လာပါသည်။ ဤသည်မှာ ပိုမိုများပြားလာသော အမျိုးသမီးအခွင့်အရေးနှင့် ဒီမိုကရေစီရေး လှုပ်ရှားသူများ စတင်ဆောင်ရွက်နေသည့်အရာဖြစ်ပြီး၊ ဤလေ့လာမှုစတင်ရာ နေရာလည်း ဖြစ်ပါသည်။ ကျား၊ မ ရေးရာ မှန်ဘီလူးကို အသုံးပြုခြင်းဖြင့် အများ လက်ခံထားကြသည့် ယဉ်ကျေးမှု တန်ဖိုးများနှင့် ယုံကြည်မှုများတွင် ရှိနေသည့် ဩဇာအာဏာအရွေ့ကို ပိုင်းခြားဝေဖန် လေ့လာဆန်းစစ်နိုင်ပါသည်။ ဤဩဇာအာဏာအရွေ့တွင် ကျား၊ မ ရေးရာ သာမက လိင်၊ အဆင့်အတန်း၊ နေရာဒေသ၊ လုပ်ငန်းဆောင်ရွက်မှု၊ လူမျိုးနှင့် ဘာသာရေးတို့အပြင် အခြား သွင်ပြင်လက္ခဏာများ ပါဝင်ပါသည်။ ဤယူဆချက်သည် ရပ်ရွာ လူ့အဖွဲ့အစည်းများအကြား အပြုသဘောနှင့် ချစ်ခင်ရင်းနှီးစွာ လုပ်ငန်းဆောင်ရွက်ရန်အတွက် ယဉ်ကျေးမှုတန်ဖိုးများတူညီမှု ဖြစ်နိုင်ခြေကို ငြင်းပယ်ခြင်းမဟုတ်ပါ။ ယဉ်ကျေးမှုတန်ဖိုးများ မည်သို့ ရှိလာခဲ့သည်၊ မည်သို့အဓိပ္ပာယ်ဖွင့်ဆိုသည်နှင့် မည်သူက ဖွင့်ဆိုသည်တို့အပြင် အချို့သော အဓိပ္ပာယ်ဖွင့်ဆိုချက်များ၏ လူ့အဖွဲ့အစည်းကဏ္ဍ အသီးသီးအပေါ် သက်ရောက်မှုကို ထည့်သွင်းစဉ်းစားရန် ဖြစ်ပါသည်။

၂.၁ ပြဿနာကို ပြဿနာဟု မမြင်ခြင်းက ပြဿနာဖြစ်သည်။

အောက်ပါ ကိုးကားချက်သည် ဤအခန်းတွင် ဆွေးနွေးမည့် ကျယ်ပြန့် ရှုပ်ထွေးသည့် အကြောင်းတရားများကို အကျဉ်းချုပ် ဖော်ပြထားပါသည်။ ဤအကြောင်းတရားများ စုပေါင်း၍ မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာ တန်းတူ ညီမျှမှုမရှိခြင်း ဆွေးနွေးမှုများကို ဆွံ့အငြိမ်သက်စေခဲ့ပါသည်။

> ကျား၊ မ ရေးရာ တန်းတူညီမျှမှု မရှိတဲ့အကြောင်း ဆွေးနွေးတဲ့အခါတိုင်း ကျား၊ မ ရေးရာတွေမှာ ဘာပြဿနာမှမရှိဘူးလို့ လူတွေကပြောကြတယ်။ ကျွန်မအမြင်တော့ ပြဿနာကိုပြဿနာလို့ မမြင်ကြတာက ပြဿနာ ဖြစ်နေတယ်။ ဒါဟာ အခက်ခဲဆုံး ပြဿနာဖြစ်တယ်။ အကြောင်းကတော့ ဒီကိစ္စတွေ ဒါမှမဟုတ် ဒီပြဿနာတွေကို ပြဿနာလို့ မမြင်ကြလို့ ဖြစ်တယ်။ ဒီတော့ ပြဿနာကို ဘယ်လို ဖြေရှင်းနိုင်မလဲ။ ဒါကိုကျွန်မ အစိုးရိမ်ဆုံးပဲ။ နောက်တစ်ခုက လူ့အဖွဲ့အစည်းမှာ အမျိုးသားနဲ့ အမျိုးသမီးကြား တန်းတူညီမျှမရှိတာကို တွေ့နေတာတောင် လူတွေက ‘ဒါဟာတန်းတူညီမျှမှု မရှိတာ မဟုတ်ဘူး၊ ဒါဟာ ကျွန်တော်၊ ကျွန်မတို့ရဲ့ ယဉ်ကျေးမှု ဖြစ်တယ်၊ ဒါဟာ ကျွန်တော် ကျွန်မတို့ရဲ့ ဘာသာရေး အလေ့အထတွေ ဒါမှမဟုတ် ကျွန်တော် ကျွန်မတို့ရဲ့ လူမှုရေးအလေ့အထ ဖြစ်တယ်’ဆိုတဲ့ ဆင်ခြေတွေနဲ့ ယဉ်ကျေးမှုတို့၊ ဘာသာရေးတို့ကို ခုတုံးလုပ်လေ့ရှိတယ်။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီး ခေါင်းဆောင် ၁ နှင့် တွေ့ဆုံမေးမြန်းခြင်း)

ပြဿနာတွင် ဘက်နှစ်ဖက် ရှိနေသည်ကို တွေ့ရပါသည်။ တစ်ဖက်တွင် ကျား၊ မ ရေးရာ တန်းတူညီမျှမှုမရှိခြင်းကို သတိမထားမိခြင်း ဖြစ်ပြီး၊ အခြားတစ်ဖက်တွင် လိင်မှုဆိုင်ရာအပေါ် အခြေခံသည့် ကွဲပြားခြားနားမှုများကို ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ ငြင်းဆိုချက်များ၊ အကိုးအကားများဖြင့် အကြောင်းပြနိုင်သည့် အလားအလာရှိနေခြင်း ဖြစ်ပါသည်။ ဤသည်ကို အောက်တွင်ဥပမာဖြင့် ဖော်ပြထားပါသည်။

> အမျိုးသမီးတွေကိုယ်တိုင်က မြင့်မြတ်တဲ့ နေရာတွေနဲ့ ပုဂ္ဂိုလ်တွေအနား မသွားချင်တဲ့ သဘောထားရှိနေတော့ ဘာသာရေးပုဂ္ဂိုလ်တွေမှာ တချို့တားမြစ်ချက်တွေ ရှိနေပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံမှာ ကျား၊ မ ရေးရာ ခွဲခြားဆက်ဆံမှု မရှိပါဘူး။ အမျိုးသမီးတွေအနေနဲ့ ရွေးကောက်ပွဲတွေမှာ မဲပေးခွင့်ရှိတဲ့အပြင်၊ ယဉ်ကျေးမှုနဲ့ လူမှုရေးအရ ခွဲခြားဆက်ဆံမှု မရှိပါဘူး။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ အမျိုးသမီးထုရေးရာ အဖွဲ့ကိုယ်စားလှယ်နှင့် တွေ့ဆုံမေးမြန်းခြင်း)

အခြားလူ့အဖွဲ့အစည်းအများအပြားကဲ့သို့ပင် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနှင့် ဘာသာရေးတန်ဖိုးများ၏ စွမ်းအားက ကျား၊ မ ရေးရာ တန်းတူညီမျှမှု မရှိခြင်းကို အလွယ်တကူ မမြင်နိုင်စေရန် တားဆီးထားပါသည်။ အထက်ပါ ကောက်နုတ်ချက်များတွင် မြင်တွေ့ခဲ့ရသည့်အတိုင်း ကျား၊ မ ရေးရာ ဆက်ဆံရေးများအား ယဉ်ကျေးမှုဖြင့် ငုံထားခြင်း သို့မဟုတ် ဘာသာရေးဝတ်ရုံ ခြုံထားခြင်း တို့ကြောင့် ကျား၊ မ ရေးရာ တန်းတူညီမျှမှု မရှိခြင်းကို အများပြည်သူ အာရုံစိုက်လာစေရန် မလွယ်ကူပါ။ မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းလာခဲ့သော နက်ရှိုင်းစွာ အမြစ်တွယ်နေသည့် အမြင်များတွင်လည်း ကျား၊ မ ရေးရာ အပေါ်အောက် ဆက်ဆံရေးများသည် အမျိုးသားနှင့် အမျိုးသမီးများကြား လက်ခံကျင့်သုံးနေကြခြင်းက မညီမျှမှုများအား မြင်နိုင်ရန် ခက်ခဲစေသည်သာမက မေးခွန်းထုတ်ရန်ပါ အလွန် ခက်ခဲစေပါသည်။ ကျား၊ မ ရေးရာ လုပ်ငန်းဆောင်ရွက်သူများ၊ အမျိုးသမီးအခွင့်အရေး လှုပ်ရှားသူများနှင့်တွေ့ဆုံ မေးမြန်းမှုများအရ ကျား၊ မ ရေးရာ တန်းတူညီမျှမှု မရှိခြင်းအပေါ် တောင်းဆိုချက်များအား အလေးအနက်ထားဆောင်ရွက်ရန် ငြင်းဆိုခြင်း၊ ငြင်းပယ်ခြင်းနှင့် အထင်သေးခြင်းများ ရှိကြောင်း သိရှိရပါသည်။

> ဒါဟာ ကျွန်မတို့မှာရှိနေတဲ့ ကြီးမားတဲ့လူမှုရေးဖိအားဖြစ်တယ်။ (ကျား၊ မ ရေးရာကို ကျွန်မစလေ့လာတဲ့အချိန်) ကျွန်မအသက် ၃၀ကျော်ပြီ။ အလုပ်တာဝန် ခွဲတိုင်းခွဲတိုင်းမှာ မမျှတာဘူးလို့ ကျွန်မအမြဲတမ်းခံစားရတယ်။ ဒါပေမဲ့ ဒါဟာ တန်းတူညီမျှမှု မရှိတာလို့တော့ မခံစားရပါဘူး။ ဒါဟာ မိသားစုအတွင်း မသုံးသင့်တဲ့စကားလုံး ဖြစ်ခဲ့ပါတယ်။ အဲဒီ အချိန်တုန်းက မြန်မာနိုင်ငံမှာ အမျိုးသမီး အခွင့်အရေးတွေ အတွက် တိုက်ပွဲဝင်နေတဲ့ အမျိုးသမီးလှုပ်ရှားမှုတို့၊ 'အမျိုးသမီးနဲ့အမျိုးသား၊ မိန်းကလေးနဲ့ ယောကျ်ားလေးကြား မညီမျှမှုတွေ ရှိနေတယ်'လို့ ထောက်ပြတာမျိုးတွေလည်း မရှိခဲ့ဘူး။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီး ခေါင်းဆောင် ၂ နှင့် တွေ့ဆုံမေးမြန်းခြင်း)

၂.၂ အစဉ်အလာ ပုံပြင်ဇာတ်လမ်းများ

အမျိုးသမီးများ၏ အဆင့်အတန်းမြင့်မားခြင်းနှင့် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ချက်များ

အရေအတွက်အားဖြင့် နည်းသော်လည်း တဖြည်းဖြည်းများလာသော ပညာရှင်များ (Andaya 2000, Ikeya 2005, Harriden 2012, Than 2014) က မြန်မာနိုင်ငံနှင့် (ပို၍ ကျယ်ကျယ်ပြန့်ပြန့် ပြောရလျှင်) အရှေ့တောင်အာရှတွင် 'အစဉ်အလာအားဖြင့်' အမျိုးသမီးများအဆင့်အတန်း မြင့်မားသည်ဆိုသည့် အယူအဆ ပျံ့နှံ့လျက်ရှိသည်ကို အခိုင်အမာ ရှင်းလင်းဖော်ပြ ထားပါသည်။ သမိုင်းကြောင်းအရ မြန်မာအမျိုးသမီးများသည် စီးပွားရေးနယ်ပယ်တွင် ပါဝင်ခဲ့ကြပြီး၊ အိန္ဒိယနိုင်ငံတွင် လွှမ်းမိုးခဲ့သည့် အမျိုးသမီးများ အိမ်တွင်းပုန်းအဖြစ် နေရခြင်း(ပူရ်ဒါး)[၇] နှင့် လင်ယောကျ်ားသေဆုံးသည့်အခါတွင် အလောင်းမီးရှို့စင်ပေါ်မှောက်၍ အသေခံရခြင်း(ဆာတီ)[၈] စသည့် အလေ့အထများ မရှိခြင်းသည် မြန်မာနိုင်ငံတွင် အမျိုးသမီးများ၏ အဆင့်အတန်း မြင့်မားကြောင်း ဗြိတိသျှကိုလိုနီများအား စောင့်ကြည့်လေ့လာသူများ၏ အမြင်၌ သက်သေဖြစ်ခဲ့ပါသည်(Ikeya, 2005)။ မြန်မာအမျိုးသမီးများ အဆင်အတန်း မြင့်မားသည်ဆိုသည့် အယူအဆသည် ပြောင်းလွယ် ပြင်လွယ်ဖြစ်ပြီး၊ သမိုင်းတွင်၎င်းကို နိုင်ငံရေး အကျိုးစီးပွား အမျိုးမျိုး အတွက်လည်း အသုံးပြုခဲ့ကြပါသည်။ တစ်ဖက်တွင် ၁၉၃၀ပြည့်လွန် နှစ်များအတွင်း ဗြိတိသျှ ဓနသဟာယနိုင်ငံများက အမျိုးသမီးများ တန်းတူညီမျှရေးလှုပ်ရှားနေသည့် နိုင်ငံတကာအမျိုးသမီး အဖွဲ့အစည်း များသည် မြန်မာအမျိုးသမီးများတွင် ဥစ္စာပစ္စည်း ပိုင်ဆိုင်ခွင့်ရှိပြီးဖြစ်၍ မဲပေးပိုင်ခွင့်အတွက် ကြိုးပမ်းမှုများအတွက် ၎င်းကို နိုင်ငံရေးအရ အသုံးချခဲ့ပါသည်။ အခြားတစ်ဖက်တွင်လည်း နိုင်ငံရေးအရနှိပ်ကွပ်ရန် ရည်ရွယ်၍ ဥပဒေသက်ရောက်မှု နှစ်မျိုးဖြစ်နေခြင်းအပေါ် ထောက်ပြသည့်အနေဖြင့် မြန်မာအမျိုးသမီးများ အဆင့်အတန်း မြင့်မားခြင်းဟူသည့် အယူအဆကို အိန္ဒိယအမျိုးသားရေး ဝါဒီများက အသုံးပြုခဲ့ကြပါသည်။ အမျိုးသမီးများ အဆင့်အတန်း မြင့်မားသည်ဟု အတိအလင်း ကြေညာထားသော်လည်း မြန်မာနိုင်ငံအား ဗြိတိသျှ ကိုလိုနီအဖြစ် ဆက်လက်အုပ်ချုပ်နေခြင်းမှာ အမျိုးသမီးများအား ဖိနှိပ်ထားသည်ဆိုသည့်အခြေခံဖြင့် အိန္ဒိယကို အုပ်ချုပ်နေသော ဗြိတိသျှတို့၏ အမှန်ကိုဖုံးကွယ်ထားသည့် မှိုင်းကာသက်သက်သာ ဖြစ်သည်ကို သက်သေပြနေခြင်းဟု ၎င်းတို့က ပြောဆိုခဲ့ပါသည်။ ကိုလိုနီအုပ်ချုပ်ရေးသည် တရားမဝင်ကြောင်း ဆန့်ကျင်ကြသည့် မြန်မာ အမျိုးသားရေးဝါဒီသမားများကလည်း အလားတူ နှိုင်းယှဉ် ပြောဆိုခဲ့ပါသည်။ (Ikeya, 2005)။

စီးပွားရေးနယ်ပယ်တွင် အမျိုးသမီးများ ပါဝင်မှုအပေါ် လေ့လာချက် များအား အခြေခံထားသော အတိအလင်း ကြေညာထားသည့် အမျိုးသမီးများ၏ 'အဆင့်အတန်းမြင့်မားခြင်း'ဆိုင်ရာ ရှုထောင့်မှ ဆွေးနွေးချက် အနည်းငယ်တွင် ကျယ်ပြန့်သည့် စီးပွားရေးနယ်ပယ်၌ ၎င်းတို့ပါဝင်ဆောင်ရွက်ခြင်းကို ဘာသာရေး ယုံကြည်မှုအရ အရောင် ဆိုးခြင်းအဖြစ် ရှုမြင်ခဲ့ကြပါသည် (Spiro, 1997)။ 'မြင့်မားသော အဆင့်အတန်း' ဆိုရာတွင် အမျိုးသမီးများ၏ ခေါင်းဆောင်မှုအခန်းကဏ္ဍ မပါဝင်ခဲ့ သို့မဟုတ် တရားဝင် မဖြစ်ခဲ့သည့်အပေါ် ဗြိတိသျှကိုလိုနီများအား စောင့်ကြည့် လေ့လာသူများ သို့မဟုတ် ခေတ်သစ်ပညာရှင်များက အလေးမထားခဲ့ကြပါ (Ikeya, 2005)။ သူမ၏စာအုပ်ဖြစ်သော 'လွှမ်းမိုးမှု၏ ဩဇာအာဏာ'တွင် Harriden (2012) က ဤအယူအဆ၏ အရိပ်အောက်တွင် ရှိသည့် အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်များအတွက် ခေတ်ပြိုင်စိန်ခေါ်မှုများကို ဖော်ပြထားပါသည်။

အမျိုးသားများနှင့် တန်းတူအခွင့်အရေး ရှိပြီးဖြစ်သည့်အတွက် ၎င်းတို့အား သီးခြားလုပ်ပိုင်ခွင့် ပေးစရာမလိုဟု မြန်မာအမျိုးသမီးများအား ပြောကြ ပါသည်။ သို့ရာတွင် အမျိုးသားများသည် ခေါင်းဆောင်များဖြစ်ပြီး အမျိုးသမီးများသည် နောက်လိုက်များ ဖြစ်သင့်သည်ဆိုသည်ကို ၎င်းတို့

၇။ အမျိုးသမီးများ အိမ်တွင်းပုန်းဘဝတွင် နေရခြင်း။

၈။ မုဆိုးမဖြစ်သူက အလောင်းမီးရှို့စင်ပေါ်မှောက်၍ ဆန္ဒအလျောက် အသေခံ၍ သေဆုံးသူလင်ယောကျ်ားနောက် လိုက်မည်ဆိုသည့် ယုံကြည်မျှော်လင့်မှုများ။

လူတွေအနေနဲ့ ဒီအကြောင်းအရာကို ဒီထက် နက်နက်နဲနဲ ကြည့်ကြဖို့လိုတယ်။ ကျား၊ မ ရေးရာ ကိစ္စရပ်တွေကို သေချာကြည့်မယ်ဆိုရင် ဒါဟာ ကျယ်ပြန့်တဲ့လေ့လာမှု သို့မဟုတ် ပြန်လည် သုံးသပ်မှု ဖြစ်ဖို့လိုတယ်လို့ ကျွန်တော် ထင်တယ်။ ဥပဒေပြုရေး ဒါမှမဟုတ် ပုံသေကားကျဖြစ်ရေးကိုပဲ ပြဿနာလို့ မြင်လို့မရဘူး။ ဒါပေမဲ့ ဘာကြောင့် ဒါဟာ ပြဿနာတစ်ခု ဖြစ်နေသလဲ။ ဒီကိစ္စကို ဒီထက် နက်နက်လေ့လာရင် အတော်လေး ရှုပ်ထွေးတဲ့အရာတွေတွေ့လာလိမ့်မယ်။ ဒါတွေ အားလုံးကို ပြောင်းလဲဖို့ အများကြီး စဉ်းစားဖို့လိုတယ်။ ဒါတွေကို မလုပ်နိုင်ဘဲနဲ့တော့ ဒီနိုင်ငံမှာ အပြောင်းအလဲဆိုတာ မရှိနိုင်ဘူး။ ဒါက ကျွန်တော့်အမြင်ပါ။ ဒါကတကယ့်ကို နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေတာပါ။ ရှိနေတဲ့ ပြဿနာက သိပ်ပြီးရှုပ်ထွေးနက်နဲတော့ ပြောင်းလဲပစ်ဖို့ဆိုရင် အားစိုက်ထုတ်မှု၊ နားလည်မှုနဲ့ တကယ်လုပ်ဖို့ အများကြီး လိုပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပညာရေးကျွမ်းကျင်သူတစ်ဦးအား တွေ့ဆုံမေးမြန်းခြင်း)

ကျင့်သားရလက်ခံထားပြီး ဖြစ်ပါသည်။ ၎င်းတို့၏ ကိုယ်ပိုင်အစွမ်းအစများနှင့် အလားအလာများ ဖွံ့ဖြိုးတိုးတက်ရန်ထက် မိသားစုနှင့် နိုင်ငံအတွက် ဦးစားပေးကြရန် အမျိုးသမီးများအား သင်ကြားပေးထားပြီး ဖြစ်ပါသည်။ ၎င်းတို့၏ လူ့အဖွဲ့အစည်းအတွင်း သြဇာအာဏာနှင့် လွှမ်းမိုးအုပ်ချုပ်ရန် အမျိုးသားများနှင့် တန်းတူအခွင့်အလမ်းများ ငြင်းပယ်သည့် အင်စတီကျူးရှင်းများ၊ အတွေးအခေါ်များ၊ အလေ့အထများအား လက်ခံရန် ၎င်းတို့အား တိုက်တွန်းထားပြီး ဖြစ်ပါသည်။

သရဖီသန်း (၂၀၁၄) က 'ခေတ်သစ် မြန်မာနိုင်ငံမှအမျိုးသမီးများ'ဆိုသည့် သူမ၏စာအုပ်တွင် "မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ကျား၊ မ ရေးရာ စံနှုန်းများအား လူမှုဝန်းကျင်မှ လက်ခံလာစေရန် မည်သို့ ဆက်လက်ဆောင်ရွက်ရမည်နှင့် စပ်လျဉ်းသည့် အချေအတင် ဆွေးနွေးမှုများကို ထည့်သွင်း ဖော်ပြထားပါသည်။ မြန်မာအမျိုးသမီးများအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများကို တောင်းဆိုရန် မလိုအပ်ပါဆိုသည့် အယူအဆကို အပြည့်အဝ ထောက်ခံကြသူများတွင် ယနေ့ခေတ်အထိ အထက်တန်းလွှာ အမျိုးသမီးများ မည်သို့မည်ပုံ ပါဝင်လာသည်ကို သူမက မီးမောင်းထိုးပြထားပါသည်။ သမိုင်းအစဉ်အလာအားဖြင့် အမျိုးသမီးများတွင် ကျား၊ မ ရေးရာ ဆက်ဆံရေးကို အဓိပ္ပာယ် ပြန်လည်ဖွင့်ဆိုရန် အခြေအနေ မပေးခဲ့သည့်အတွက် အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ ကျား၊ မ ရေးရာ အခန်းကဏ္ဍများကို ကျေနပ်မှုရှိကြောင်း ဖော်ပြရန် အစဉ်အလာသုံး စကားလုံးအလှများ ဖြစ်သော 'ရောင့်ရဲတင်းတိမ်မှု' နှင့် 'လုံခြုံမှု'စသည့် ယေဘုယျအသုံးအနှုန်းများ အကြောင်းကိုလည်း သူမက ထည့်သွင်းပြောဆိုထားပါသည်။ အရေးကြီးသည်မှာ သမိုင်းကြောင်းအရ မြန်မာနိုင်ငံတွင် အမျိုးသမီးလှုပ်ရှားမှု မရှိခဲ့ခြင်းနှင့် စပ်လျဉ်းသည့် ဆွေးနွေးချက်များကို အလေးပေးဖော်ပြထားခြင်း ဖြစ်ပါသည်။ ထိုသို့ မရှိခဲ့ခြင်းကို အမျိုးသမီးများ၏ 'တင်းတိမ်ရောင့်ရဲမှု' ကြောင့် ဟု ရည်ညွှန်းပြီး၊ အမျိုးသမီးလှုပ်ရှားမှုများ မလိုအပ်ကြောင်း အစဉ်အလာအားဖြင့် အခိုင်အမာ ရှင်းလင်းဖော်ပြလေ့ရှိသည်ဟု သရဖီသန်းက ထောက်ပြဝေဖန်ထားပါသည်။

ကျား၊ မ ရေးရာ တန်းတူညီမျှရေးအတွက် စည်းရုံးလှုပ်ရှားရာတွင် ဖြစ်စေ၊ တိုက်တွန်းဆွေးနွေးရာတွင် ဖြစ်စေ ယနေ့ခေတ် အမျိုးသမီးအခွင့်အရေး တိုက်တွန်းဆွေးနွေးသူများအနေဖြင့် ဤအကြောင်းပြချက်များကို ရင်ဆိုင်ကြုံတွေ့နေရဆဲ ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံ ဖြစ်လာရေးတွင် ကျား၊ မ ရေးရာ တန်းတူ ညီမျှရေးကို အရေးကြီးသည်ဟု မယူဆခြင်းသည် ခေါင်းဆောင်မှုတာဝန်များကို အမျိုးသမီးများ ရယူနိုင်ရေးတွင် အဓိကအတားအဆီး တစ်ခု ဖြစ်နေသည်ဟု အမျိုးသမီးများ၏ ခေါင်းဆောင်မှုနှင့် စပ်လျဉ်း၍ မကြာသေးမီက ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာ တစ်စောင်တွင် ဖော်ပြထားပါသည် (Oxfam, Trocaire, CARE, Action Aid 2013)။

ကျွန်မတို့ ဘာကြောင့် အလုပ်မရှိတာလဲဆိုတာ ရှင်တို့ သိသလား။ ကျွန်မတို့မှာ 'အလုပ်မရှိ ကြောင်ရေချိုး' ဆိုတဲ့ စကားပုံရှိပါတယ်။ ကျွန်မတို့မှာ တခြားလုပ်စရာ အလုပ်မရှိလို့ ကျား၊ မ ရေးရာ ကိစ္စတွေမှာ ဝင်လုပ်နေကြတာလို့ တချို့လူတွေက ပြောကြပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီးခေါင်းဆောင် ၂ နှင့် တွေ့ဆုံမေးမြန်းခြင်း)

ကျား၊ မ ရေးရာ ကိစ္စရပ်များကို ချောင်ထိုးထားခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းတရား များစွာရှိပါသည်။ ဥပမာ- ဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာများသည် ကျား၊ မ ရေးရာ ခွဲခြားဆက်ဆံခြင်းကို ညွှန်ပြသည့် တွေ့ရှိချက်များအား အလေးထားထည့်သွင်း မစဉ်းစားခဲ့ပါ သို့မဟုတ် အသေးစိတ် စုံစမ်းစစ်ဆေးရန် ပျက်ကွက်ခဲ့ပါသည်။ အောက်ပါဖော်ပြချက်သည် အလားတူဥပမာဖြစ်ပါသည်။ ' အမျိုးသမီးများသည် ရပ်ရေးရွာရေးအတွက် ဆုံးဖြတ်ချက်ချရာတွင် မပါဝင်သလောက်နီးပါး ဖြစ်ပါသည်၊ သို့ရာတွင် ထိုကိစ္စနှင့်ပတ်သက်၍ မည်သူမျှ စောဒကမတက်ကြပါ။ ဤသည်မှာ ကျေးရွာအကြီးအကဲများနှင့် ရွာသူရွာသားများသည် အကျိုးစီးပွားအားဖြင့် သိသိသာသာ ကွဲလွဲမှု မရှိခြင်းကြောင့်ဖြစ်ပါသည်' (ကမ္ဘာ့ဘဏ်နှင့် MDR 2012)။

ဤလေ့လာမှုတွင် ပါဝင်သူများနှင့် ဆွေးနွေးရာတွင် အကယ်၍ အဆင့်အတန်းနှင့် စပ်လျဉ်း၍ ပို၍ရှင်းလင်းစေမည်ဆိုလျှင် ပါဝင်ဖြေဆိုသူများ၏ သဘောထားအမြင်ကို ပုံဖော်ပေးသည့် ကျား၊ မ ရေးရာ လူမှုဆက်ဆံရေးအပေါ် သမိုင်းဆိုင်ရာဖော်ပြချက် ရှုထောင့်(၂)ရပ် ရှိပါသည်။ ပထမရှုထောင့်မှာ မြန်မာနိုင်ငံမှ အမျိုးသမီးများသည် ရှေးယခင်မှစ၍ ယနေ့ခေတ်အထိ၊ အထူးသဖြင့် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မြင့်မားသည့်အဆင့်အတန်းကို ဆုပ်ကိုင်ထားနိုင်ဆဲဖြစ်သည်ဟု လက်ခံထားခြင်းနှင့် ဆက်စပ်နေပါသည်။ ဒုတိယရှုထောင့်မှာ ခေတ်ပြိုင် မြန်မာ့လူ့အဖွဲ့အစည်းမှ အမျိုးသမီးများအတွက် မြင့်မားသည့်အဆင့်အတန်းဆိုသည့် အယူအဆသည် အကျုံးဝင်၊ မဝင်နှင့် သက်ဆိုင်ပါသည်။ ဤသို့ အဆင့်အတန်းကွဲပြားမှု ဥပမာများကို အောက်တွင် ဖော်ပြထားပါသည်။ ပထမ ကိုးကားချက်တွင် မြန်မာအမျိုးသမီးများ၏ အခြေအနေများသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မည်သို့ မြင့်မားတိုးတက်လာသည်ကို တွေ့မြင်နိုင်ပါသည်။

မြန်မာ့ယဉ်ကျေးမှု ဆိုတာ အိန္ဒိယနိုင်ငံက ဆင်းသက်လာတာပါ။ အိန္ဒိယယဉ်ကျေးမှုမှာ အမျိုးသားတွေက အမျိုးသမီးတွေထက် သာလွန်မြင့်မြတ်ပါတယ်။ အဲဒီမှာ အမျိုးသမီးတွေကို အမျိုးသားတွေက အရမ်းဖိနှိပ်ထားတယ်။ တရုတ်ပြည်မှာ အမျိုးသားတွေက အမျိုးသမီးတွေထက် သာလွန်မြင့်မြတ်ကြပြီး အမျိုးသမီးတွေဟာ အိန္ဒိယနိုင်ငံမှာထက် ပိုပြီး အဖိနှိပ်ခံရတယ်။ မြန်မာနိုင်ငံဟာ ဒီနိုင်ငံနှစ်ခုကြားမှာ ရောက်နေပေမယ့် မြန်မာအမျိုးသမီးတွေကတော့ သမိုင်းရှုထောင့်က ကြည့်မယ်ဆိုရင် အဲဒီ အခြေအနေတွေထက်တော့ ပိုသာ ပါတယ်။ အိန္ဒိယတို့၊ တရုတ်တို့မှာ ဘုရင့်ရဲ့ဇနီးဖြစ်လို့ မိဖုရားဖြစ်တာ၊ ဘုရင်လောင်းကို ထိန်းကျောင်းရတာလောက်ပဲရှိတာ။ မြန်မာနိုင်ငံမှာက အိန္ဒိယတို့၊ တရုတ်တို့နဲ့မတူဘူး။ ဘုရင်မတွေပေါ်ထွက်ခဲ့တယ်။ ကျွန်တော်တို့ရဲ့ဘုရင်မတွေက ထက်မြက်တယ်၊ အမှားအမှန် ပိုင်းခြားနိုင်တယ်၊ တန်ခိုးထက်တယ်။ ဘုရင်တွေရဲ့မိဖုရားတွေလည်း တန်ခိုးထက်ကြတာပါပဲ။ ကုန်းဘောင်ခေတ်တုန်းက စစ်ကိုင်းမင်းတရားကြီးရဲ့မိဖုရားခေါင်ကြီး နန်းမတော်မယ်နုဆိုရင် အရမ်း အာဏာထက်တယ်။ မင်းတုန်းမင်းတရားကြီးရဲ့မိဖုရားလတ်ဖြစ်တဲ့ ဆင်ဖြူမရှင်ဆိုရင်လည်း အာဏာထက်တာပဲ။ ပြီးတော့ သီပေါမင်းရဲ့မိဖုရားခေါင်ကြီး စုဖုရားလတ်လည်း အရမ်းတန်ခိုးအာဏာကြီးမားတယ်။ အဲဒီတော့ အခွင့်အရေးအရ ပြောမယ်ဆိုရင် မျှမျှတတ ဆက်ဆံခံရတဲ့နေရာမှာ

> မြန်မာနိုင်ငံက အမျိုးသမီးတွေဟာ အိန္ဒိယနဲ့တရုတ်က အမျိုးသမီးတွေထက် အများကြီးသာတယ်။ ယဉ်ကျေးမှုအရ သူတို့ကို နိမ့်ကျတယ်လို့ မမြင်ကြပါဘူး။ ခင်ပွန်းက ဇနီးထက် သာလွန်မြင့်မြတ်တယ် ဆိုပေမယ့် ဇနီးက ခင်ပွန်းအပေါ်မှာ မှီခိုနေရတာမျိုး မဟုတ်ပါဘူး။ ဇနီးတစ်ယောက် အနေနဲ့ စီးပွားရေးလည်း လုပ်လို့ရသလို မိသားစုကိုလည်း စီမံအုပ်ချုပ် နိုင်ပါတယ်။ အခုဆိုရင် အမျိုးသမီးဆရာဝန်တွေ၊ ဆရာမတွေ၊ နေရာအသီးသီးမှာ အမျိုးသမီးတွေ အများကြီးရှိနေတာပဲ။ အရှေ့ဖျားမှာရှိတဲ့ တခြားအာဆီယံနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် မြန်မာအမျိုးသမီးတွေဟာ အများကြီး ပိုပြီးသာပါတယ်။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ ယဉ်ကျေးမှုဆိုင်ရာအမျိုးသားအရာရှိ နှင့် တွေ့ဆုံမေးမြန်းခြင်း)

အောက်ဖော်ပြပါ ကိုးကားချက်တွင် အခြားနိုင်ငံများအား ရည်ညွှန်းကိုးကားရုံမျှဖြင့် လေ့လာဆန်းစစ်မှု မပြည့်စုံနိုင်ကြောင်းနှင့် မြန်မာနိုင်ငံတွင် ရှိနေသော မညီမျှမှု အသွင်သဏ္ဍာန်များကို လေ့လာဖော်ထုတ်ရန် လမ်းစဖြစ်ကြောင်း တွေ့မြင်နိုင်ပါသည်။

> ကျွန်မတို့နိုင်ငံမှာ ကျား၊ မ ရေးရာ တန်းတူညီမျှရေး အကြောင်းပြောရင် လူတော်တော်များများဟာ ကျား၊ မ ရေးရာ တန်းတူညီမျှမှု ရှိတယ်၊ ခွဲခြားဆက်ဆံမှု မရှိဘူးလို့ ပြောကြလိမ့်မယ်။ ဥပဒေပိုင်းမှာ အိမ်နီးချင်း နိုင်ငံတချို့နဲ့ နှိုင်းယှဉ်ရင်တော့ တန်းတူညီမျှ အနေအထားက အတော်လေးမြင့်ပါတယ်။ တခြားတစ်ဖက်မှာကျတော့ တန်းတူညီမျှမှု ရှိတယ်၊ ခွဲခြားဆက်ဆံတာ မရှိဘူးဆိုပေမယ့်၊ ကျွန်မ မြင်တာက ကျွန်မတို့နိုင်ငံရဲ့အခြေအနေဟာ တခြား အိမ်နီးချင်းနိုင်ငံတွေလောက် မဆိုးတာ ဖြစ်နိုင်တယ်။ ဒါပေမဲ့ အဲဒါဘာကြောင့်လဲဆိုတော့ ဒီကိစ္စကို ကျွန်မတို့ ဘာမှသိပ်လုပ်စရာမလိုဘူးလို့ ထင်ချင်စရာ ဖြစ်နေလို့ပါပဲ။ အဲဒါမှ တကယ့်ပြဿနာပါ။ အဲဒီလို ထင်နေတာက ပြဿနာပါ။ တခြားနိုင်ငံတွေထက်စာရင် အများကြီးသာတယ်ဆိုတဲ့ အမြင်နဲ့ ကြည့်ကြတာကိုး။ ဒါပေမဲ့ ဒီလောက်လေးနဲ့ ကျွန်မတို့ ရောင့်ရဲမနေသင့်ပါဘူး။ အဲဒီမှာ ကျွန်မမြင်တာက ဥပဒေပိုင်းနဲ့ ပတ်သက်ရင် အမျိုးသားနဲ့ အမျိုးသမီး အမွေဆက်ခံခွင့် တန်းတူ ရှိတဲ့အတွက် ကျွန်မတို့က တခြားအိမ်နီးချင်းနိုင်ငံတွေထက် ပိုသာပါတယ်။ ကျွန်မတို့ စီးပွားရေးလုပ်လို့ရတယ်။ တချို့နိုင်ငံတွေမှာ အမျိုးသမီးတစ်ယောက်ဟာ သူ့ခင်ပွန်း ဆုံးသွားရင်တောင် အမွေဆက်ခံခွင့်မရှိပါဘူး။ ကျွန်မတို့ကပိုသာတဲ့ တခြားအချက်တွေလည်း ရှိပါသေးတယ်။ ဒါပေမဲ့ ယဉ်ကျေးမှုအရဆိုရင် အိမ်ထောင်တစ်ခုကို ကြည့်တဲ့အခါ အမျိုးသားတွေက ဆုံးဖြတ်ချက်ချသူတွေ ဖြစ်တယ်။ ဒါပေမဲ့ အိမ်ထောင်စုမှာ အမျိုးသမီးတွေကို ပြည်ထဲရေးဝန်ကြီးလို့ သူတို့ ပြောကြလိမ့်မယ်။ ကိုယ့်မှာ အခွင့်အရေးတွေရှိသလို ဆုံးဖြတ်ချက် ကိုယ်တိုင်ချပြီးတော့ အိမ်မှုကိစ္စတွေ အဆင်ပြေအောင် လုပ်ရမယ့် တာဝန်ဝတ္တရားလည်းရှိပါတယ်။ ဒါပေမဲ့ အဲဒါတွေအပြင် နောက်ထပ်တစ်ခု ပေါ်လာပါတယ်။ အဲဒါကတော့ ကျွန်မတို့မှာ တန်းတူညီမျှအခွင့်အရေးတွေ မရှိတဲ့ နေရာတွေပါ။”
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပညာရေးကျွမ်းကျင်သူအမျိုးသမီးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ရန်ကုန်)

၂.၂.၁ ယဉ်ကျေးမှုအား နိုင်ငံရေးအရ အသုံးချခြင်းနှင့် ကျား၊ မ ရေးရာ တန်းတူညီမျှရေး

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် သို့မဟုတ် မြင့်မားသောအဆင့်အတန်းဟု ယူဆချက်သည် အမျိုးသမီးများ၏ နေ့စဉ်ဘဝအပေါ် မည်သို့ သွယ်ဝိုက်သက်ရောက်စေသည်ကို အငြင်းပွားနေကြဆဲ ဖြစ်သော်လည်း၊ မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာ လူမှုဆက်ဆံရေးများနှင့် စပ်လျဉ်းသည့် တရားဝင်ပြောကြားချက်များအပေါ် နက်နက်ရှိုင်းရှိုင်း လွှမ်းမိုးမှုရှိသည်မှာ သံသယဖြစ်စရာမလိုပါ။ စစ်အုပ်ချုပ်မှုအောက်ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း ကျား၊ မ ရေးရာ တန်းတူညီမျှမှု မရှိခြင်းအပေါ် CEDAW ကော်မတီ စသည့် လူ့အခွင့်အရေးအဖွဲ့များ၏ ဝေဖန်ချက်များအား ဤအချက်ဖြင့် ကာကွယ်ခဲ့ပါသည်။ CEDAW ကော်မတီသို့ မြန်မာအစိုးရက ပေးပို့ခဲ့သော ၁၉၉၉ခုနှစ် အစီရင်ခံစာမှ ကောက်နုတ်ချက်ကို အောက်တွင်ဖော်ပြထားပါသည်။

> မြန်မာအမျိုးသမီးများသည် အဆင့်အတန်းအားဖြင့် အမျိုးသားများနှင့် တန်းတူညီမျှဖြစ်၍၊ ၎င်းကို အခြေခံအခွင့်အရေးအဖြစ် အမျိုးသမီးများအား အပ်နှင်းထားပြီး ဖြစ်သည့်အတွက် အလွန်ထူးခြားလှပါသည်။ သမိုင်းအထောက်အထားများအရ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကာလ မြန်မာနိုင်ငံ တွင် ယဉ်ကျေးမှု စတင်ထွန်းကားစဉ်ကတည်းက မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ အခွင့်အရေးများ ရရှိခံစားခဲ့ကြရပါသည်။
>
> (ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ၁၉၉၉)

အမျိုးသမီးများ၏ အစဉ်အလာအားဖြင့် မြင့်မားသော အဆင့်အတန်းဆိုင်ရာ အချေအတင် ဆွေးနွေးမှုများအပေါ် တရားဝင် အားထားမှုသည် ယနေ့ထက်တိုင် ဆက်လက်ရှိနေပါသည်။ မကြာသေးမီကပင် အမျိုးသမီးများ၏ အဆင့်အတန်းဆိုင်ရာ ကော်မရှင်၏ (၅၇) ကြိမ်မြောက်အစည်းအဝေးတွင် H.E[၉] ဦးကျော်တင်က ဤသည်ကိုကိုးကား၍ “ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အစဉ်အလာအရရော ဥပဒေအရရော အမျိုးသမီးတွေဟာ အမျိုးသားတွေနဲ့ တန်းတူညီမျှ အခွင့်အရေး ရရှိကြပါတယ်” ဟု ပြောကြားခဲ့ပါသည်။ အခြားသာဓကတစ်ခုမှာ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က “မြန်မာ့ဓလေ့ထုံးစံ၊ အစဉ်အလာနဲ့ ယဉ်ကျေးမှုအရ မြန်မာ့လူ့အဖွဲ့အစည်းမှာ အမျိုးသမီးတွေအပေါ် ခွဲခြားဆက်ဆံမှုမရှိတဲ့အပြင်၊ တခြားအာဆီယံနိုင်ငံတွေက အမျိုးသမီးတွေနဲ့ နှိုင်းယှဉ်ရင် သူတို့မှာ အခွင့်အလမ်းတွေ ပိုကောင်းကြပါတယ်” ဟု မကြာသေးမီကကျင်းပခဲ့သည့် ပြည်သူ့လွှတ်တော်အစည်းအဝေး[၁၀]တွင် ပြောကြားခဲ့ပါသည်။

သမိုင်းဆိုင်ရာရှုထောင့်မှ ကြည့်လျှင် ပျံ့နှံ့လျက်ရှိသော အမျိုးသမီးများ၏ အစဉ်အလာအားဖြင့် မြင့်မားသော အဆင့်အတန်းနှင့်အတူ တင်းကျပ်သည့် ဆင်ဆာဥပဒေများ၊ နိုင်ငံတစ်ဝန်း ကျား၊ မ ရေးရာ သီးခြားအချက်အလက်များမရှိခြင်း (အောက်တွင် ဆွေးနွေးထားပါသည်) နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ဖွဲ့စည်းရေးတွင် ကန့်သတ်ချက်များ ရှိနေခြင်းသည် အမျိုးသမီးများ၏ ဘဝများအပေါ်တွင် ဆိုးကျိုးသက်ရောက်စေသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရန်၊ စည်းရုံးပြောဆိုရန်နှင့် အရေးယူဆောင်ရွက်ရန် အခွင့်အလမ်းမရှိ ဖြစ်စေပါသည်။

၉။ H.E= His Excellency

၁၀။ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး။

မြန်မာလူမျိုးတွေဟာ ဗုဒ္ဓရဲ့အဆုံးအမတွေ၊ သီလတရားတွေနဲ့ လွှမ်းမိုးထားတဲ့ သူတို့ရဲ့ ယဉ်ကျေးမှုကို တောက်လျှောက်ထိန်းသိမ်းခဲ့ကြတယ်။ ဒါကိုကျွန်တော်တို့ရဲ့ ဓလေ့ထုံးစံနဲ့ ယဉ်ကျေးမှုမှာ ထည့်သုံးတဲ့အခါ ဗုဒ္ဓရဲ့အဆုံးအမတွေ၊ သီလတရားတွေမှာ ကျား၊ မ ခွဲခြားဆက်ဆံမှု ကြီးကြီးမားမား သိပ်မရှိဘူးလို့ ကျွန်တော်ထင်ပါတယ်။ အနောက်တိုင်းသားတွေက မြန်မာနိုင်ငံမှာ အမျိုးသမီးတွေဟာ အမျိုးသားတွေလောက် အခွင့်အရေးနဲ့ အခွင့်အလမ်းတွေ မရဘူးလို့ ပြောကြတယ်။ ဂျပန်နဲ့ တရုတ်လူမျိုးတွေကလည်း မြန်မာနိုင်ငံက အမျိုးသမီးတွေရဲ့အနေအထားကို ဝေဖန်ကြတယ်။ မြန်မာနိုင်ငံမှာ အမျိုးသမီးတွေကို နှိမ့်ချဆက်ဆံနေပြီး အမျိုးသမီးတွေဟာ အခွင့်အရေးတွေ ဆုံးရှုံးနေကြတယ်လို့ ဂျပန်အမျိုးသမီးတွေက ပြောတယ်။ မြန်မာနိုင်ငံက အမျိုးသားတွေဟာ ဖိုဝါဒ အတွေးအခေါ်ကို ခုတုံးလုပ်ပြီး အမျိုးသမီးတွေကို လွှမ်းမိုးအနိုင်ယူဖို့ အမြဲကြိုးစားနေကြတယ်လို့ သူတို့ကမှတ်ချက်ချကြတယ်။ အမျိုးသမီးတွေကို ဘုန်းကြီးကျောင်းတွေနဲ့ စေတီပုထိုးတွေမှာရှိတဲ့ ဘာသာရေးဆိုင်ရာ နေရာတချို့ကို ဝင်ရောက်ခွင့်မပြုဘူးဆိုတဲ့ ဥပမာမျိုးတွေပေးပြီး၊ ဒီလို ခွဲခြားဆက်ဆံမှုမျိုးကို ပပျောက်အောင်လုပ်ဖို့လည်း သူတို့က တိုက်တွန်းကြတယ်။ နောက်ထပ် ဥပမာကတော့ ညှော်ပါမောက္ခတစ်ဦး (ပြည်ပတက္ကသိုလ်တစ်ခုတွင်) အနေနဲ့ရခဲ့တဲ့ ကျွန်တော့်အတွေ့အကြုံတွေထဲက တစ်ခုပါ။ အဲဒီတုန်းက ကျွန်တော့်ရဲ့ ဘွဲ့ကြိုစာတမ်းအတွက် ဒေါ်မိမိခိုင်ရေးသားတဲ့ 'မြန်မာမိသားစု'စာအုပ်ကို ကိုးကားခဲ့ရတယ်။ အဲဒီစာအုပ်ထဲမှာ စာရေးသူက မြန်မာနိုင်ငံမှာ အမျိုးသမီးတွေကို အမျိုးသားများနဲ့ တန်းတူတန်ဖိုးထားတယ်လို့ ဖော်ပြထားတယ်။

ဒါပေမဲ့ ပါမောက္ခတွေအပါအဝင် တက္ကသိုလ်ကလူတွေက ဒါကို သဘောမတူကြဘူး။ ဘာကြောင့်လဲဆိုတော့ 'မြန်မာနိုင်ငံက အမျိုးသမီးတွေဟာ မီးဖိုချောင်ထဲမှာ အလုပ်လုပ်နေရတယ်၊ ရိုးရာစကားပုံတစ်ခုအရ အမျိုးသမီးတစ်ဦးဟာ သားကို သခင်၊ လင်ကိုဘုရားလို ကိုးကွယ်ရတယ်၊ အမျိုးသားတွေဟာ အမျိုးသမီးတွေကို လွှမ်းမိုးအနိုင်ယူဖို့ အမြဲကြိုးစားတယ်၊ စေတီပုထိုးတွေပေါ်မှာ အမျိုးသမီးတွေအတွက် ကန့်သတ်ချက်ရှိတယ်' ဒါမျိုးတွေကို သူတို့က ထောက်ပြတယ်။ ကျွန်တော်တို့နိုင်ငံမှာ အမျိုးသမီးတွေဟာ အမျိုးသားတွေနဲ့ တန်းတူ အခွင့်အရေးရကြပါတယ်လို့ ကျွန်တော် ရှင်းပြခဲ့ရတယ်။ တန်းတူညီမျှမှုအပေါ်မှာ သူတို့ရဲ့အယူအဆတွေကို အခြေခံထားတာဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံမှာ အမျိုးသားတွေဟာ အမျိုးသမီးတွေကို လေးစားကြပြီး ဒါဟာ ဗုဒ္ဓယဉ်ကျေးမှုရဲ့ လက္ခဏာတစ်ရပ်ဖြစ်တယ်။ စေတီပုထိုးတွေပေါ်က အချို့ ဘာသာရေးဆိုင်ရာနေရာတွေကို မသွားကြတဲ့ကိစ္စမှာ အမျိုးသမီးတွေက ဒါကို လက်ခံလာတာ နှစ်ပေါင်းများစွာကြာပါပြီ။ အကြောင်းကတော့ သူတို့ရဲ့ ဆန္ဒနဲ့ ဆန့်ကျင်ပြီး ဒီကန့်သတ်ချက်တွေကိုချမှတ်ထားတယ်လို့ မယူဆကြဘဲ ဘုရားဖြစ်ဖို့အတွက် အမျိုးသားတစ်ဦးဖြစ်အောင် အရင်ဆုတောင်းရမယ်လို့ သူတို့ ယုံကြည်ကြလို့ပဲဖြစ်ပါတယ်။ ဒါဟာ သူတို့အခွင့်အရေးတွေ ဆုံးရှုံးနေတဲ့ အခြေအနေမဟုတ်ပါဘူး။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အမျိုးသားစာရေးဆရာတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

၂.၂.၂ ကျား၊ မ ရေးရာ တန်းတူညီမျှရေး ဆွေးနွေးမှုများအား အခြားအစီအစဉ်များတွင် ပေါင်းစပ်ထည့်သွင်းခြင်း

မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာ တန်းတူညီမျှရေး ဆွေးနွေးမှုများ ကြိမ်ဖန်များစွာနှင့် လူမှုဝန်းကျင်မှ လက်ခံလာသည်အထိ ဆက်လက်ပြုလုပ်ရန် နည်းလမ်းများစွာ ရှိပါသည်။ တစ်ချိန်က ကျား၊ မ ရေးရာ တန်းတူညီမျှမှု မရှိခြင်းကို ဖြေရှင်းဆောင်ရွက်ရန်ထက် အခြားပို၍အရေးကြီးသော ကိစ္စရပ်များကို ဦးစားပေးသင့်သည်ဟု အချေအတင် ဆွေးနွေးငြင်းခုံခဲ့သည့် မျက်မှောက်ခေတ် ဖွံ့ဖြိုးတိုးတက်မှု အဝန်းအဝိုင်းတွင်ပင် မြန်မာ့ယဉ်ကျေးမှုသည် ကျား၊ မ ရေးရာ တန်းတူညီမျှမှုမရှိခြင်းကို ဆန့်ကျင်၍ မားမားမတ်မတ် ရပ်တည်သင့်သည်ဆိုသည့် အတွေးအခေါ်က နေရာယူထားပါသည်။ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကျား၊ မ ရေးရာ သုံးသပ်ချက်တွင် ဖော်ပြထားသည့်အတိုင်း 'မြန်မာ့ယဉ်ကျေးမှုတွင် ယေဘုယျအားဖြင့် လိင်အရ ခွဲခြားဆက်ဆံမှုမရှိပါ'[၁၁] စသည့် ယေဘုယျ ကောက်ချက်ဆွဲခြင်းများကို ဖွံ့ဖြိုးရေးလုပ်ဆောင်နေသည့် အဖွဲ့အစည်းများ၏ ထုတ်ပြန်ကြေညာချက်များတွင် တွေ့ရှိနေရဆဲ ဖြစ်ပါသည်။ အဆိုပါ အယူအဆများကို အဆင့်မြင့်ပညာရေးစနစ်မှ တစ်ဆင့် အများလက်ခံလာအောင်လည်း ပြုလုပ်ကြပါသည်။ ကျား၊ မ ရေးရာဆက်ဆံရေးကို ရှုထောင့်ပေါင်းစုံမှ ဖော်ပြထားသည့် ရန်ကုန်စီးပွားရေးတက္ကသိုလ်က မဟာကျမ်းပြုစာတမ်း အများအပြားအား လေ့လာဆန်းစစ်ရာတွင် မြန်မာနိုင်ငံ၌ ကျား၊ မ ရေးရာ တန်းတူညီမျှမှု ရှိကြောင်း သမိုင်းအထောက်အထားများဖြင့် အတည်ပြုထားသည့် အလားတူ ဖော်ပြချက်များကို စာတမ်း၏နိဒါန်းတွင် မလွဲမသွေ တွေ့ရှိရပါသည်။ အဆိုပါ ဖော်ပြချက်များကို တစ်နေရာရာမှ ကိုးကားထားခြင်း မဟုတ်ဘဲ၊ အများလက်ခံထားသည့် အငြင်းပွားစရာ မရှိသော အသိတရားအဖြစ် ရှုမြင်ကြခြင်းဖြစ်သည်ဟု ယူဆရပါသည်။ ဥပမာ၂ခုကို အောက်တွင် ကိုးကားဖော်ပြထားပါသည်။

ရှေးပဝေသဏီကတည်းကပင် မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအဆင့်အတန်းကို ရရှိခဲ့ကြပါတယ်။ မြန်မာနိုင်ငံသည် ဟိန္ဒူဝါဒနှင့် ကွန်ဖြူးရှပ်ဝါဒတို့၏ လွှမ်းမိုးမှုမှ ကင်းလွတ်ခဲ့ပြီး၊ ဤသည်မှာ အမျိုးသမီးများလွတ်လပ်ခွင့်၏ အဓိကအကြောင်းတရား ဖြစ်ပါသည်။ (နုနုတင်၊ ၂၀၀၆)

'သို့ဖြစ်၍ မြန်မာနိုင်ငံမှ အမျိုးသမီးများ၏ အဆင့်အတန်းသည် ရှေးယခင်မှ စ၍ အလားအလာအားဖြင့် ကောင်းမွန်ခဲ့ပါသည်။ ဤသည်မှာ ယနေ့ခေတ် မြန်မာနိုင်ငံမှ အမျိုးသမီးများအထိ ဆက်လက်ရှိနေဆဲ ဖြစ်ပါသည်။ နရသီဟပတေ့မင်း၏ မိဖုရားခေါင်ကြီး ဖွားစောကဲ့သို့ ပုဂံမင်းဆက်တွင် စီမံအုပ်ချုပ်မှု စွမ်းရည်ဖြင့် နာမည်ကြီး ထင်ရှားခဲ့သော၊ မွန်မင်း နေပြည်တော်ကို အုပ်ချုပ်ခဲ့ပြီး ကောင်းခြင်းပြည့်စုံသည့် အမှတ်တရများစွာ ချန်ထားရစ်ခဲ့သည့် ဘုရင်မကြီးရှင်စောပုကဲ့သို့ အကျော်ဇေယျ ဘုရင်မကြီးများ မြန်မာ့သမိုင်းတစ်လျှောက် ပေါ်ထွန်းခဲ့ပါသည်။' (ခင်စိုးကြည်၊ ၂၀၁၂)

ကျား၊ မ ရေးရာ နယ်ပယ်တွင် အချက်အလက်များနှင့် သုတေသနများ မရှိခြင်းသည် ယဉ်ကျေးမှုကို ကျား၊ မ ရေးရာ တန်းတူညီမျှရေး အာမခံပေးသည့်အရာအဖြစ် ရှုမြင်ခြင်းကို ပို၍ရှည်ကြာခိုင်မြဲစေနိုင်ပါသည်။ စိတ်ဝင်စားဖွယ်ဖြစ်၍ ကျား၊ မ ရေးရာနှင့် သက်ဆိုင်သည့် ပညာရှင်တို့၏ ရေးသားထုတ်ဝေမှုများ (Harriden 2012, Ikeya 2005, 2010, 2012; Kawanami 1991, 2000, 2001; Lwyn 1994; Khaing 1984; New 2003; Spiro 1977, 1993, 1997; Than 2014 တို့တွင် ဥပမာကြည့်ပါ) ပိုမိုများပြားလာသော်လည်း၊ ခြုံငုံသုံးသပ်ရလျှင် မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာ ကိစ္စရပ်များအပေါ် သုတေသနလုပ်ငန်းများ လွန်စွာနည်းပါးနေသေးသည့်အပြင်၊ နားလည်သဘောပေါက်မှု လွန်စွာအားနည်းနေဆဲ ဖြစ်ပါသည်။ အထူးသဖြင့် မကြာသေးမီ နှစ်များအတွင်း လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ် တိုးတက်မှုများနှင့် ယခုလက်ရှိအခြေအနေတွင် ဤသည်က အမှန်ပင်ဖြစ်ပါသည်။ (Harriden 2012)

ကျား၊ မ ရေးရာ တန်းတူညီမျှမှုသည် မြန်မာ့လူ့အဖွဲ့အစည်း၏ အခြေခံဝိသေသလက္ခဏာ ဖြစ်သည်ဆိုသည့် ရှိရင်းစွဲအယူအဆနှင့်အတူ လက်တွေ့အားဖြင့် အဖြစ်မှန်သတင်းနှင့် အချက်အလက်များမရှိခြင်းက အထောက်အထားနှင့် သတင်းအချက်အလက်ကိုအခြေခံသည့် ပြုပြင်ပြောင်းလဲမှုကို ရည်ရွယ်လုပ်ဆောင်နေသူများအတွက် စိန်ခေါ်မှုများ ဖြစ်စေပါသည်။ အမျိုးသားများက အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းကို သာဓကကြည့်လျှင်၊ ခိုင်မာသော သတင်းအချက်အလက်မရှိခြင်းနှင့် အမျိုးသမီးများအား ယဉ်ကျေးမှုက ကာကွယ်ပေးထားသည်ဆိုသည့် အတွေးအခေါ်တို့ကြောင့် ၎င်းသည် အမျိုးသမီး အခွင့်အရေးများအား ချိုးဖောက်ခြင်းဖြစ်သည်ဟု အခိုင်အမာသက်သေပြရန်နှင့် လူမှုရေးနှင့် အင်စတီကျူးရှင်းဆိုင်ရာ အပြောင်းအလဲများကို ဦးတည်လုပ်ဆောင်ရန် အခက်အခဲ ရှိနေဆဲဖြစ်ပါသည်။ CEDAW ကော်မတီသို့ မြန်မာအစိုးရက ပေးပို့သော ၁၉၉၉ခုနှစ် အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ အစီရင်ခံစာမှ နောက်ထပ် ကောက်နုတ်ချက်ကို အောက်တွင်ဖော်ပြထားပါသည်။

မြို့နယ်၂ ခုတွင် လေ့လာတွေ့ရှိချက်များအရ အိမ်ထောင်ရေး အကြမ်းဖက်မှုရှိကြောင်း ဖော်ပြနေသော်လည်း အတိုင်းအတာအားဖြင့် ဆိုးဆိုးရွားရွား မဟုတ်ပါ။ မြန်မာ့ယဉ်ကျေးမှုနှင့် ဘာသာတရားက အမျိုးသားနှင့် အမျိုးသမီးများ၏ စိတ်ဓာတ်ရေးရာနှင့် အပြုအမူများကို တန်းတူညီမျှ ခိုင်မာစွာ လွှမ်းမိုးထားပါသည်။ အဓမ္မပြုကျင့်မှုနှင့် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုစသည့် ရာဇဝတ်မှုများကို အလွန်ဆိုးရွားသည့် မကောင်းမှုများဖြစ်သည်ဟု မြတ်ဗုဒ္ဓ၏ အဆုံးအမများတွင် ထည့်သွင်းဟောကြားခြင်းသည် အမျိုးသမီးများနှင့် ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံတွင် လိင်မှုဆိုင်ရာ စော်ကားမှုနှင့် အဓမ္မပြုကျင့်မှုများ လွန်စွာအဖြစ်နည်းသည်ကို တွေ့ရှိရပါသည်။ (ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ ၁၉၉၉)။[၁၂]

ဗုဒ္ဓဘာသာ ရိုးရာအစဉ်အလာ တန်ဖိုးများအား အမျိုးသမီးများအတွက် "မြင့်မားသော အဆင့်အတန်း"၊ "တန်းတူညီမျှမှု" နှင့် "ကာကွယ်

၁၁။ GDI 2011 အား ကိုးကား၍ UNDP ၏ မြန်မာနိုင်ငံတွင် လူ့ဖွံ့ဖြိုးမှုလုပ်ငန်းဆောင်ရွက်ချက်၏ ရလဒ်နှင့်သက်ရောက်မှု (UNDP 2008)

၁၂။ ဤကိုးကားချက်သည်လည်းမကျေနပ်ကြောင်း တိုင်တန်းမှု အနည်းငယ်သာရှိသည့်အတွက် အမျိုးသမီးများအား အကြမ်းဖက်မှုဖြစ်စဉ် အနည်းငယ်သာ ဖြစ်ပွားသည်ဆိုသည့် အများလက်ခံထားသည့်အယူအဆ အမှားတစ်ခုကို ဖော်ပြနေပါသည်။ အကြမ်းဖက်မှုကို မတိုင်ကြားသည့်အကြောင်းတရားများစွာရှိပြီး၊ ၎င်းတို့အနက် တိုင်ကြားမှုကို လူ့အဖွဲ့အစည်းက အသိအမှတ်မပြု၊ လက်မခံခြင်းသည် အဓိကအချက် ဖြစ်ပါသည်။

စောင့်ရှောက်မှု” တို့ကို အာမခံသည့်အရာများအဖြစ် အစိုးရက ခေတ်အဆက်ဆက် ရည်ညွှန်း ပြောဆိုနေခြင်းသည်လည်း ပြဿနာတစ်ရပ် ဖြစ်ပါသည်။ အကြောင်းမှာ အများစုကိုးကွယ်သော ဘာသာရေးအရ ဖြစ်သည့်အပြင်၊ စိတ်ဓာတ်ရေးရာ အဆုံးအမများကို နိုင်ငံရေးရည်ရွယ်ချက်များဖြင့် လက်ခံကျင့်သုံးစေသောကြောင့် ဖြစ်ပါသည်။ ဤသို့ပြောဆိုခြင်းသည် နိုင်ငံတွင်းရှိ ဗုဒ္ဓဘာသာဝင် မဟုတ်သော အမျိုးသမီးများ၏ အခြေအနေ သို့မဟုတ် ၎င်းတို့၏ အခွင့်အရေးများကို မည်သည့် အခြေခံအပေါ်မှ တောင်းဆိုနိုင်မည်ကို ဖြေရှင်းပေးနိုင်ခြင်း မရှိပါ။ ယဉ်ကျေးမှုကို အမျိုးသမီးများ၏ လုံခြုံမှုအတွက် အာမခံချက်တစ်ရပ်အဖြစ် ရှုမြင်ကြသည့် အခြေခံသဘောတရား မပြောင်းလဲသေးသည့်တိုင်၊ ယဉ်ကျေးမှုနှင့် ဘာသာရေးတွင် ပို၍ ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းစဉ်းစားချက်များ ရှိလာသည်ကို မကြာသေးမီက ပြောကြားခဲ့သည့် တရားဝင်မိန့်ခွန်းများတွင် တွေ့ရှိရပါသည်။

အမျိုးသမီးများအား လိင်မှုဆိုင်ရာ အမြတ်ထုတ်ခြင်းကို ပြင်းထန်စွာ တားမြစ်ပိတ်ပင်ထားသည့် မြန်မာ့ရိုးရာဓလေ့ တန်ဖိုးများသည် လိင်မှုဆိုင်ရာ နှင့် လိင်အခြေပြု အကြမ်းဖက်မှုများအပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများမှ အမျိုးသမီးများနှင့် မိန်းကလေးများအား ကာကွယ်ရေး အတွက် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများတွင် ကြီးမားစွာ အထောက်အကူ ဖြစ်စေပါသည်။ (၅၇ ကြိမ်မြောက် အမျိုးသမီးများ၏ အဆင့်အတန်းရေးရာ ကော်မရှင်အစည်းအဝေးတွင် သံအမတ်ကြီး ဦးကျော်တင်၏ ပြောကြားချက်)

၂.၃ ကျား၊ မ ရေးရာ တန်းတူညီမျှမှုမရှိခြင်းနှင့် လိင်မှုဆိုင်ရာ အခြေပြု ခွဲခြားဆက်ဆံခြင်း - ပြဿနာက ဘယ်မှာလဲ

မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာ မညီမျှမှုနှင့် ခွဲခြားဆက်ဆံခြင်းတို့နှင့် စပ်လျဉ်း၍ မကြာခဏဆိုသလို ကွဲပြားခြားနားသည့်အမြင်များ ရှိနေခြင်း၏ ဖြစ်နိုင်ဖွယ်ရှိသော အကြောင်းတရားတစ်ခုမှာ ပြဿနာသည် မည်သည့် နေရာတွင် ရှိနေသည်ဆိုသည့်အပေါ် နားလည်မှုကွဲလွဲခြင်းများနှင့် ဆက်စပ်နေပါသည်။[၁၃] ထိုသို့ နားလည်မှုကွဲလွဲခြင်းကြောင့် ပြဿနာများကို မည်သို့ဖြေရှင်းရမည်နှင့် စပ်လျဉ်း၍ အကျိုးဆက်များရှိလာပါသည်။ ကျား၊ မ ရေးရာ တန်းတူညီမျှမှု မရှိခြင်းနှင့် ခွဲခြားဆက်ဆံမှုဆိုင်ရာ ကိစ္စရပ်များကို မည်သို့ ကျယ်ကျယ်ပြန့်ပြန့် နားလည်ထားသင့်ပါသနည်း။

တစ်ဦးတစ်ယောက်အနေဖြင့် တန်းတူညီမျှမှုကို ဥပဒေကြောင်းဆိုင်ရာ အသိဖြင့်သာ စဉ်းစားသင့်ပါသလား (ဥပဒေနှင့်အညီ ရပိုင်ခွင့်ဖြစ်သော တန်းတူညီမျှမှု)။ သို့တည်းမဟုတ် အမျိုးမျိုးသော ဥပဒေနှင့် မူဝါဒများအား အကောင်အထည်ဖော်သည့် အတိုင်းအတာနှင့် ၎င်းတို့၏ လက်တွေ့အကျိုးရလဒ်များ (လက်တွေ့အားဖြင့်တန်းတူညီမျှမှု သို့မဟုတ် အမှန်တကယ် တန်းတူညီမျှမှု) ကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသလား။ ယဉ်ကျေးမှုကို ကိုးကား၍ အမျိုးသားနှင့် အမျိုးသမီးများအား ခွဲခြားဆက်ဆံခြင်းသည် ဒုတိယအချက်တွင် ပိုမိုပေါ်လွင်ပါသည်။ ဤနေရာတွင် မြန်မာနိုင်ငံသည် အမှန်တကယ် တန်းတူညီမျှမှု အခွင့်အရေးများကို အခြေခံစမှတ်အဖြစ် ယူဆထားသည့် CEDAW ကို သဘောတူ လက်မှတ်ရေးထိုးထားသည်ကို သတိပြုရမည် ဖြစ်ပါသည်။[၁၄]

ဤလေ့လာမှုတွင် ပါဝင်သူများအနက် ကျား၊ မ ရေးရာ တန်းတူညီမျှရေးကို အခြေခံအားဖြင့် ဥပဒေကြောင်းဆိုင်ရာ ကိစ္စရပ်တစ်ခုအဖြစ် ရှုမြင်သူများ ရှိသကဲ့သို့၊ ပိုမိုကျယ်ပြန့်သည့် အမြင်ဖြင့် အမှန်တကယ် တန်းတူညီမျှမှုကို ထည့်သွင်းစဉ်းစားသူများလည်း ရှိပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ အပါအဝင် ဥပဒေပြဋ္ဌာန်းချက်များတွင် ကျား၊ မ ရေးရာ တန်းတူညီမျှရေး စံချိန်စံညွှန်းများနှင့် မည်၍မည်မျှ ကိုက်ညီသည်နှင့် စပ်လျဉ်း၍ မတူကွဲပြားသည့် အမြင်များလည်း ရှိပါသည်။[၁၅] ထို့အပြင် ဥပဒေနှင့် မူဝါဒများသည် ကျား၊ မ ရေးရာ တန်းတူညီမျှရေးဆိုင်ရာ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မည်၍မည်မျှ လိုက်လျောညီထွေရှိသည်နှင့် စပ်လျဉ်း၍ အမြင်များ ကွဲပြားခြားနားပါသည်။ အောက်ပါကိုးကားချက်တွင် ဥပဒေကြောင်းဆိုင်ရာ ရှုထောင့်မှ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကို လေ့လာအကဲဖြတ် ရာတွင်တွေ့ရှိရသည့် ရှုပ်ထွေးမှုများကို မီးမောင်းထိုးပြထားပါသည်။

ကျွန်မဆိုလိုတာက ကျွန်မတို့ ပြဿနာက ဥပဒေပိုင်းမှာ အဲဒီလိုမျိုး အတိအကျ ဖော်ပြမထားလို့ပါ။ ဒါမျိုးက လက်တွေ့ပိုင်းမှာ ပိုများပါတယ်။ ရေရှည်တည်တံ့တဲ့ ဥပဒေတွေ ကျွန်မတို့မှာ ရှိပါတယ်။ နောက်ပြီးတော့ ကျွန်မတို့မှာ ဒေသအလိုက် ဥပဒေတွေလည်းရှိတယ်။ ဒီ့အပြင် အမျိုးသမီးတွေကို တချို့ရာထူးတွေ မပေးတာလိုမျိုး အဓိက ဥပဒေထဲမှာပါတဲ့ အချက်တွေနဲ့ တစ်ခါတစ်ရံ ဆန့်ကျင်ဘက်ဖြစ်တဲ့ ပြဋ္ဌာန်းချက်တွေအပေါ်မှာ အခြေခံထားတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေနဲ့ ညွှန်ကြားချက်တွေလည်း ကျွန်မတို့ဆီမှာ ရှိတယ်။ ဒါမျိုးက အခြေခံဥပဒေထဲမှာ မပါဘူး။ အခုဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်ပြီး ကျွန်မတို့ တော်တော်လေးပြောဖြစ်ကြပါတယ်။ လက်ရှိ

၁၃။ ဤပြဿနာသည် တစ်စိတ်တစ်ပိုင်းအားဖြင့် အယူအဆရေးရာ ရှင်းလင်းမှု မရှိခြင်းနှင့် ဆက်စပ်နေပါသည်။ ဤစာတမ်းတွင်ပါရှိသည့် တန်းတူညီမျှမှုမရှိခြင်းဆိုသည်မှာ အောက်စ်ဖို့ဒ်အဘိဓာန်၏ ဖွင့်ဆိုချက်အတိုင်း အရွယ်အစား၊ ပမာဏ၊ အခြေအနေ စသည်အားဖြင့် မတူညီခြင်းဖြစ်ပြီး၊ ခွဲခြားဆက်ဆံခြင်းဆိုသည်မှာ အထူးသဖြင့် လူမျိုး၊ အသက်အရွယ် သို့မဟုတ် လိင်အရ အမျိုးအစား၊ အဆင့်အတန်း မတူကွဲပြားသည့်အပေါ် မမျှတသည့် သို့မဟုတ် ထိခိုက်နစ်နာစေသည့် ပြုမူဆက်ဆံမှု ဖြစ်ပါသည်။

၁၄။ မြန်မာနိုင်ငံ၏ ဥပဒေမူဘောင်ကို ကိုလိုနီခေတ်နှင့် ဓလေ့ထုံးတမ်းဥပဒေများ ပေါင်းစပ်ရေးဆွဲထားခြင်း ဖြစ်ပါသည်။ ဥပဒေအများအပြားတွင် ကျား၊ မ ရေးရာ ပုံသေကားကျ ကန့်သတ်ချက်များထည့်သွင်းထားပြီး၊ အမျိုးသမီးအခွင့်အရေးများအား အမှန်တကယ်တန်းတူညီမျှမှုအဖြစ် ကာကွယ်၊ မြှင့်တင်ပေးထားခြင်းမရှိသည့်အတွက် CEDAW နှင့် လိုက်လျောညီထွေမှုမရှိပါ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အမျိုးသမီးများတန်းတူညီမျှရေးအား အာမခံချက်ပေးထားသော်လည်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခြင်းအား အဓိပ္ပာယ်ဖွင့်ဆို၍ တားမြစ်ရန်အပါအဝင် CEDAW ၏ သတ်မှတ်ချက်များနှင့် အပြည့်အဝကိုက်ညီမှုမရှိပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချို့သော ပြဋ္ဌာန်းချက်များတွင်လည်း အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူ အလုပ်လုပ်နိုင်စွမ်းမရှိဆိုသည့် အယူအဆကို ထပ်မံအားဖြည့်ထားပြီး၊ တန်းတူရွေးချယ်မှုအခွင့်အလမ်းများကို အာမခံပေးရမည့်အစား အမျိုးသမီးများသည် အမျိုးသားများထက် အားနည်းသည့်အတွက် ၎င်းတို့အား ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည်ဟု ဖော်ပြထားပါသည်။ လိင်အခြေပြု ခွဲခြားဆက်ဆံခြင်းအတွက် တိကျသည့်အဓိပ္ပာယ်ဖွင့်ဆိုချက်များမရှိသည့်အပြင်၊ ထိုသို့ ခွဲခြားဆက်ဆံသည့်လုပ်ရပ်များအား အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအဖြစ်ယူဆ၍ ပြစ်ဒဏ်သတ်မှတ်ထားခြင်းများမရှိပါ။ (ကျား၊ မ တန်းတူညီမျှရေး ကွန်ရက်၊ ၂၀၁၃)

၁၅။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအကြံပြုတိုက်တွန်းချက်များတွင် ကျား၊ မ တန်းတူညီမျှရေး ကွန်ရက်အဖွဲ့ဝင်များက လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေအား CEDAW ၏ စံချိန်စံညွှန်းများနှင့်ကိုက်ညီစေရန် ပြင်ဆင်ပြောင်းလဲရမည့် ကဏ္ဍများအား အလေးထားဖော်ပြခဲ့ပါသည်။ အကြံပြုတိုက်တွန်းချက်များတွင် အခြားအကြောင်းအရာများနှင့်အတူ တန်းတူညီမျှရေးကို လက်တွေ့အမြင်ဖြင့် ရှုမြင်ရန် လိုအပ်ချက်၊ လိင်အခြေပြုခွဲခြားဆက်ဆံခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုရန်နှင့် အတိအလင်းတားမြစ်ပိတ်ပင်ရေး၊ အလုပ်အကိုင်နှင့်စပ်လျဉ်း၍ ခွဲခြားဆက်ဆံသည့် သဘောဆောင်သော စာပိုဒ်များအား ဖြုတ်ရန်နှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အမျိုးသမီးများ ပိုမိုပါဝင်ခွင့်ရရှိရေးအတွက် ယာယီအထူးအရေးယူဆောင်ရွက်ချက်များ သတ်မှတ်ရန်တောင်းဆိုခြင်းစသည်တို့ ပါဝင်ပါသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ပေးဖို့ ကျွန်မတို့ တောင်းဆိုနေရတာ ကလည်း မူအားဖြင့် ဒီမိုကရေစီမဆန်တဲ့အချက် တော်တော်များများ ပါနေတဲ့ အတွက်ပါ။ ရှေ့နဲ့နောက်နဲ့ မညီတာတွေလည်း ရှိတယ်။ ကြည့်လိုက်ရင်တော့ ခွဲခြားဆက်ဆံမှု မရှိသလို ထင်ရတယ်။ ဒါပေမဲ့ နိုင်ငံမှာ သမ္မတဖြစ်နိုင်ဖို့ဆိုရင် သူ/သူမမှာ စစ်ရေး အတွေ့အကြုံ ရှိရမယ်ဆိုတဲ့ အချက်တစ်ချက်ပါတယ်။ ဒီနိုင်ငံမှာ ဘယ်အမျိုးသမီးမှ စစ်ရေးအတွေ့အကြုံ မရှိဘူး။ အခုတော့ အခြေခံအားဖြင့် အမျိုးသမီး စစ်သည်တွေ စခေါ်နေပါပြီ။ တစ်ချိန်မှာ သူတို့တွေပါဝင်ခွင့်ရရင်တောင် ကြာဦးမှာပါ။ ဒါ ကျွန်မအနေနဲ့ ဥပဒေကြောင်းဆိုင်ရာ ရှုထောင့်ကနေ ဥပမာပေးတာပါ။"

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပညာရေးကျွမ်းကျင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

တန်းတူညီမျှရေးကို အမျိုးသားနှင့် အမျိုးသမီးများ၏ နေ့စဉ်ဘဝ ရလဒ်များဖြင့် ကြည့်လျှင်၊ တန်းတူညီမျှရေးကို ယဉ်ကျေးမှုအရ အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် အမျိုးသမီးများအတွက် နစ်လိုဖွယ် မဟုတ်သည့် ရလဒ်များ မည်သို့ဖြစ်စေနိုင်သည်ကို လေ့လာမှုတွင် ပါဝင်သူများက သာဓကများစွာပေး၍ ပြောပြခဲ့ပါသည်။

ကျွန်မယောက်ျားဟာ တစ်ဦးတည်းသောသားဖြစ်ပြီး မိသားစုမှာ အငယ်ဆုံး ဖြစ်ပေမယ့် အလိုလိုက်ခံရတာ၊ ဦးစားပေးခံရတာတို့ တစ်ခါမှ မရှိဘူးလို့ ကျွန်မယောက်ျားမက ကျွန်မကိုပြောတယ်။ (သူတို့က) 'သူ့ကို ငါတို့က အမြဲတမ်း တန်းတူဆက်ဆံတယ်'လို့ ပြောပါတယ်။ 'သူတို့ ပြောတဲ့ ' တန်းတူ' ဆိုတာ ကျွန်မ နောက်တော့သဘောပေါက်သွားတယ်။' ဥပမာ- ကြက်တစ်ကောင်ချက်တဲ့အခါ တစ်ခြမ်းကို ကျွန်မယောက်ျားကစားပြီး ကျန်တဲ့ တစ်ခြမ်းကို မိသားစုတစ်စုလုံး မျှစားရတယ်။ ဒါက သူတို့ပြောတဲ့ 'တန်းတူညီမျှမှု' ပါပဲ။ ဟုတ်ပြီလေ။ သူတို့ကဒါကို ညီမျှတယ်လို့ တကယ်ကို ထင်နေတာ။ ကျွန်မတို့ မြင်တဲ့၊ ယူဆတဲ့ ' တန်းတူညီမျှမှု' ဆိုတာ အမျိုးသားနဲ့ အမျိုးသမီး တန်းတူအခွင့်အရေးတွေ၊ အခွင့်အလမ်းတွေ၊ ရလဒ်တွေ၊ အားလုံးတန်းတူ ရသင့်တာကို ပြောတာ။ ဒါပေမဲ့ လူ့အဖွဲ့အစည်းမှာ သူတို့မြင်တဲ့ 'တန်းတူညီမျှမှု' ဆိုတာ ယဉ်ကျေးမှု၊ ဘာသာရေးနဲ့ လူမျိုးအပေါ် အခြေခံတဲ့အတွက် ကျွန်မတို့နဲ့ အရမ်းကွာတယ်။ ဒါကြောင့် ကျွန်မအမြင်တော့ ပြဿနာဆိုတာ 'တန်းတူ ညီမျှမှု'အပေါ်မှာ လူတွေဘယ်လို ယူဆသလဲဆိုတာပါပဲ။ မြန်မာနိုင်ငံမှာ ကျား၊ မ ရေးရာ တန်းတူညီမျှမှုမရှိတဲ့ ပြဿနာတွေ မရှိလို့မဟုတ်ဘူး။ လူတွေက မညီမျှမှုကို မညီမျှမှုလို့ မမြင်တာက အဓိက အကြောင်းပဲ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်း အမျိုးသမီး ခေါင်းဆောင် ၁ နှင့် တွေ့ဆုံမေးမြန်းခြင်း)

တွေ့ဆုံမေးမြန်းခဲ့သည့် ကျား၊ မ ရေးရာ တန်းတူညီမျှရေး မြှင့်တင်သူများ၏ အဆိုအရ အခြေခံအားဖြင့်ရှိနေသော အမျိုးသမီးများအား ခွဲခြားဆက်ဆံခြင်းကို ကျား၊မ ရေးရာ သီးခြားအချက်အလက်များ အပါအဝင် အချက်အလက် မရှိခြင်းက ဖုံးကွယ်ထားပါသည်။ အကျိုးဆက်အားဖြင့် နိုင်ငံတကာတွင် အသုံးပြုသော ကျား၊ မ ရေးရာ တန်းတူညီမျှရေး စံနှုန်းအများအပြားသည် မြန်မာနိုင်ငံနှင့် စိမ်းနေဆဲဖြစ်ပါသည်။ ဤသည်က ကျား၊ မ ရေးရာများကို ၎င်းတို့၏ အမြင်မှ ထပ်မံ၍ ဘေးဖယ်ထားစေပါသည်။

မညီမျှတဲ့အကြောင်းကို ကျွန်မတို့ ပြောတိုင်းပြောတိုင်း၊ အများစုက တစ်ဦးချင်းနဲ့ မိသားစုအဆင့်လောက်ပဲ စဉ်းစားကြပြီး၊ လူ့အဖွဲ့အစည်း၊ ဒါမှမဟုတ် အသင်းအဖွဲ့နဲ့ နိုင်ငံတော်အဆင့်အထိ မစဉ်းစားကြတာကို ကျွန်မတွေ့ရတယ်။ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကို သူတို့က တစ်ဦးချင်းနဲ့ မိသားစုဘောင်အတွင်းကပဲ စဉ်းစားကြတယ်။ အဲဒီထက် မကျော်ဘူး။ ပြီးတော့ ကျွန်မတို့က မြန်မာနိုင်ငံမှာ အမျိုးသမီးနဲ့ အမျိုးသားကြား တန်းတူညီမျှမှု မရှိတဲ့အကြောင်းပြောရင်၊ သူတို့က အမျိုးသမီးတွေဟာ မိသားစုထဲမှာ အရမ်းဩဇာရှိတယ်၊ မိသားစုရယ်၊ ဝင်ငွေရယ်၊ အရာအားလုံးကို သူတို့က စီမံခန့်ခွဲကြတယ်လို့ ပြောတယ်။ စီးပွားရေးနဲ့ နိုင်ငံရေး နယ်ပယ်တွေမှာ ဆုံးဖြတ်ချက်တွေချတဲ့အခါ အမျိုးသမီးတွေ ပါဝင်ခွင့်လိုမျိုး နိုင်ငံတကာစံနှုန်းတွေ အကြောင်းကိုတော့ သူတို့ ဘယ်တော့မှ မပြောကြပါဘူး။ ပြီးတော့ မြန်မာနိုင်ငံမှာ ဘာကြောင့် ဒေသဆိုင်ရာ စံနှုန်းတွေ မရှိတဲ့အကြောင်း သူတို့ ဘယ်တော့မှ မပြောကြပါဘူး။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီးခေါင်းဆောင် ၂ နှင့် တွေ့ဆုံမေးမြန်းခြင်း)

၂.၄ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကို အနောက်တိုင်း အယူအဆတစ်ရပ်အဖြစ် ရှုမြင်ခြင်း

မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာနှင့် ကျား၊ မ ရေးရာတန်းတူညီမျှမှု မရှိခြင်းအပေါ် သတင်းအချက်အလက် အခြေပြုသည့် ပြည်သူများ ပါဝင်ဆွေးနွေးမှုကို အဟန့်အတား ဖြစ်စေသည့် အခြားအကြောင်းတရား များစွာ ရှိနေသေးသည့်နည်းတူ အများ၏အာရုံစိုက်မှုကို အတားအဆီး ဖြစ်စေသည့် အခြား အဓိက အချက်တစ်ချက်လည်း ရှိနေပါသည်။ ၎င်းမှာ ကျား၊ မ ရေးရာ တန်းတူညီမျှရေးသည် အနောက်တိုင်း အယူအဆတစ်ရပ် ဖြစ်သည်ဆိုသည့်အချက်နှင့် သက်ဆိုင်ပြီး၊ ဤသည်မှာ မြန်မာ့နောက်ခံအခြေအနေနှင့် လုံးဝနီးပါး သို့မဟုတ် လုံးဝ မသက်ဆိုင်ဟု ရှုမြင်ထားခြင်း ဖြစ်ပါသည်။ ၎င်းသည် အမျိုးသမီးများ၏ အစဉ်အလာအားဖြင့် မြင့်မားသော အဆင့်အတန်းရှိသည်ဆိုသည့် ဆွေးနွေးချက်နှင့် ဆက်စပ်နေသည့်သာဓက၊ ၁၉၉၀ ပြည့်နှစ်များက အစပြုခဲ့သော ပို၍ရှည်ကြာသည့် အနောက်တိုင်း တန်ဖိုးများနှင့် အရှေ့တိုင်းတန်ဖိုးများကြား အချေအတင် နှိုင်းယှဉ်ဆွေးနွေးမှုများ နှင့်လည်း ဆက်စပ်နေပါသည်။ ဤသို့ အချေအတင် ဆွေးနွေးရာတွင် အထူးသဖြင့် အများစုကောင်းကျိုးနှင့် အများစု၏ လူမှု စီးပွားဘဝ ဖူလုံ ရေးကို အလေးထားသည့် အာရှတန်ဖိုးများနှင့်၊ ၎င်းနှင့် ဆန့်ကျင်ဘက် တစ်ဦးချင်းလွတ်လပ်ခွင့်များနှင့် အခွင့်အရေးများကို အလေးထားသည့် အနောက်တိုင်းတန်ဖိုးများအား အဓိကထား ဆွေးနွေးခဲ့ကြခြင်းဖြစ်ပါသည်။

ပင်ကိုရေးနှင့် ဘာသာပြန်စာရေးဆရာမတစ်ဦးဖြစ်သည့် မသီဂီက ဤအစဉ်အလာထဲတွင် သူမကိုယ်သူမ ထည့်သွင်း ရေးထားပါသည်။ သူမ၏ ဆောင်းပါးဖြစ်သည့် "ကျွန်မတို့၏ အမျိုးသမီးဝါဒအမှတ်တံဆိပ်" (မသီဂီ၊ ၂၀၁၃) တွင် ပြင်ပမှ၊ အထူးသဖြင့် အနောက်တိုင်းလေ့လာ သူများ ရှင်းရှင်းလင်းလင်းမမြင်နိုင်သည့် အလွှာအဆင့်ဆင့်ပါဝင်သော အာရှယဉ်ကျေးမှု ပန်းချီကားတစ်ချပ်ဖြစ်သည့် သူမ၏ လိုအပ်ချက်ထက် ခင်ပွန်းသည် လိုအပ်သမျှ ကြည်ဖြူစွာ ဦးစားပေးသည့် သားသမီးများ အတွက် စွန့်လွှတ်အနစ်နာခံရန် အမြဲ အဆင်သင့်ဖြစ်နေသည့် ဂုဏ်

သိက္ခာကို မည်သည့်အရာနှင့်မှမလဲ ခိုင်ခိုင်မြဲမြဲ ထိန်းသိမ်းထားသည့် မိသားစု၏ အရှက်ကိုကာကွယ်သည့် ဇနီးမယား တစ်ယောက်အဖြစ် ပါဝင်ပုံဖော်ထားပါသည်။ ဤအမြင်သည် တစ်စိတ်တစ်ပိုင်းအားဖြင့် မြန်မာ့ယဉ်ကျေးမှု၏ ကျယ်ပြန့်နက်နဲမှုများကို နားမလည်ကြသည့် ပြင်ပမှလေ့လာသူများသာလျှင် လုပ်ဆောင်လေ့ရှိသည့် ယဉ်ကျေးမှု ဝေဖန်ရေးကို အလေးပေးထားခြင်းဖြစ်ပါသည်။

ဤနောက်ဆုံးယူဆချက်သည် မှန်ကောင်းမှန်နိုင်သော်လည်း၊ ယဉ်ကျေးမှုစံနှုန်းများနှင့် လူမှုအလေ့အထများကြောင့် လူ့အဖွဲ့အစည်းတွင်၎င်းတို့လှုပ်ရှားနိုင်ခွင့် ကျဉ်းမြောင်းလာသည်ဟု ခံစားနေရသည့် မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ ထုတ်ဖော်ဝေဖန်မှုများကို အားလျော့သွားစေပါသည်။ ထို့အပြင် ဤလေ့လာမှုတွင် ပါဝင်ခဲ့ကြသည့် ကျား၊ မ ရေးရာ တန်းတူညီမျှရေး လုပ်ငန်းဆောင်ရွက်သူ အများအပြားအကြားတွင် အနောက်တိုင်းနှင့် အရှေ့တိုင်းတန်ဖိုးများကို သီးခြားခွဲထားသည့် အယူအဆသည် တဖြည်းဖြည်းပေါင်းစည်းလာသည့် ကမ္ဘာကြီးတွင် ဆိုးကျိုးသာဖြစ်စေသည်ဟု ခံစားကြရပါသည်။ ကျား၊ မ ရေးရာ တန်းတူညီမျှရေး စသည့် အချို့သော အခြေခံမှုများကို အနောက်တိုင်းအယူအဆဟု တံဆိပ်တပ်၍ ရွေးချယ်ဝေဖန်ခြင်းသည် ကမ္ဘာတစ်ဝန်း အမျိုးသမီးအခွင့်အရေးလှုပ်ရှားမှု အများအပြားကို သေးသိမ်စေခြင်း ဖြစ်ကြောင်းကိုလည်း ၎င်းတို့က ထောက်ပြခဲ့ပါသည်။ ထို့အပြင် ဒီမိုကရေစီကဲ့သို့ အခြားသော အခြေခံမှုများကို 'အနောက်တိုင်း' အယူအဆဟု သတ်မှတ်၍ မပစ်ပယ်ခြင်း အပေါ် 'လို' တစ်မျိုး၊ 'မလို' တစ်မျိုး ကျင့်သုံးခြင်းဖြစ်သည်ဆိုသည့် အယူအဆလည်း ရှိခဲ့ပါသည်။

ကျွန်မတို့က နိုင်ငံအပေါ်မှာ အလေးထားမယ်ဆိုရင် ဒီမိုကရေစီကို လက်ခံရမယ်။ ဒီမိုကရေစီဆိုတာလည်း တန်းတူညီမျှခြင်းပါပဲ။ ဒီမိုကရေစီဆိုတာ မြန်မာ့ယဉ်ကျေးမှုက ဆင်းသက်လာတာမဟုတ်ဘူးလို့ ကျွန်မတို့ ပြောလို့ရပါတယ်။ ဒါပေမဲ့ ကျွန်မတို့အားလုံး ဒီမိုကရေစီကို လိုချင်ကြတာပါပဲ။ ပြီးတော့ အဲဒါက တခြားနိုင်ငံတွေက ဆင်းသက်လာတာပါ။ အနောက်တိုင်းက လာတယ်လို့လည်း ပြောလို့ရတယ်။ ဒီတော့ အနောက်တိုင်းကလာတာတွေ အများကြီးရှိပါတယ်။ ကျွန်မတို့ကလည်း ဒါကို ရှာဖွေနေကြတာပဲ။ ဒါ အနောက်တိုင်းအကြောင်း ပြောနေတာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကို ပြောကြတဲ့အခါ အမျိုးသား၊ အမျိုးသမီးတွေအကြောင်း ပြောကြရမှာဖြစ်ပြီး ဒါက တကယ်အဓိကထားဆွေးနွေးရမှာဖြစ်ပေမယ့် ကျွန်မတို့မှာ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကို လက်မခံချင်ကြဘူး။ တကယ်တော့ ကျား၊ မ ရေးရာ တန်းတူညီမျှရေးဆိုတာ အနောက်က ဆင်းသက်လာတာ မဟုတ်ဘူး၊ အနောက်တိုင်းကပဲလာတာ မဟုတ်ပါဘူး။

(အဓိက သတင်းအချက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီးခေါင်းဆောင်၂ နှင့် တွေ့ဆုံမေးမြန်းခြင်း)

၃ ယဉ်ကျေးမှုနှင့် ဘာသာရေးစံနှုန်းများနှင့် အလေ့အထများ

‘Culture’ ကို ‘လိမ္မာယဉ်ကျေးမှု၊ ဒါမှမဟုတ် နူးညံ့မှု’ လို့ အဓိပ္ပာယ် ဖွင့်ဆိုထားတာ ဖြစ်တယ်။

၃ ． ၁။ မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုနှင့် မြန်မာ့ယဉ်ကျေးမှု

အမျိုးသမီး၊ အမျိုးသား၊ ယောက်ျားလေးနှင့် မိန်းကလေးများအတွက် ယဉ်ကျေးမှု၊ ယဉ်ကျေးမှု စံနှုန်းများ၊ တန်ဖိုးများနှင့် စပ်လျဉ်း၍ နိုင်ငံတစ်ဝန်းရှိ ရပ်ရွာဒေသအသီးသီးမှ ဤလေ့လာမှုတွင် ပါဝင်သူများနှင့် ဆွေးနွေးသည့်အခါ စိတ်နေစိတ်ထားနှင့် အပြုအမူဆိုင်ရာ စနစ်တကျ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများရှိ၍၊ ၎င်းတို့သည် ဘာသာတရားရင်းမြစ်များမှ ဆင်းသက်လာလေ့ရှိသည်ကို တွေ့ရှိရပါသည်။ ဤလေ့လာမှုတွင် ပါဝင်သည့် ယဉ်ကျေးမှုဓလေ့ထုံးစံအမျိုးမျိုးကို ဖော်ပြရာတွင် အသုံးပြုသည့် ယေဘုယျအသုံးအနှုန်းများသည် လိမ္မာယဉ်ကျေးမှုနှင့် ရိုသေလေးစားမှုကို ဖော်ညွှန်းသော အသုံးအနှုန်းများ ဖြစ်ပါသည်။

ကျွန်တော်တို့မှာ ‘ရိုင်းတယ်’၊ ‘ယဉ်ကျေးတယ်’ ဆိုတဲ့ အသုံးအနှုန်းတွေ ရှိပါတယ်။ ယဉ်ကျေးမှုဆိုတာ ‘ယဉ်ကျေးတဲ့’ အသုံးအနှုန်းအပေါ်မှာ အခြေခံရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလို လိမ္မာယဉ်ကျေးခြင်းကလည်း နိုင်ငံနဲ့ လူမျိုးအပေါ် မူတည်ပြီး ကွဲပြားပါလိမ့်မယ်။ ကျွန်တော်တို့က ဗုဒ္ဓဘာသာဝင်တွေဖြစ်တဲ့အတွက် လိမ္မာယဉ်ကျေးမှုကို မြတ်ဗုဒ္ဓရဲ့ ‘ငါးပါးသီလ’ကနေ ဆင့်ပွားကူးယူရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ရဟန်းသံဃာတွေနဲ့တော့ မတူနိုင်ပါဘူး။ ဒ့ါအပြင် ကျွန်တော်တို့မှာ ဆရာတွေ၊ တပည့်တွေနဲ့ မိဘတွေအတွက် ကျင့်ဝတ်တွေလည်း ရှိပါတယ်။ ဒီအကြောင်းတရားတွေအပေါ် အခြေခံပြီး ‘ဝတ်စားဆင်ယင်မှု၊ အပြုအမူ၊ အပြောအဆို၊ အနုပညာလက်ရာတွေနဲ့ နည်းပညာအပါအဝင် လူ့အဖွဲ့အစည်းတစ်ခုလုံးကို ယဉ်ကျေးမှုလို့ ခြုံငုံယူဆရမှာ ဖြစ်ပါတယ်။
(အဓိက သတင်းအချက်အလက်ပေးနိုင်သူ မဂ္ဂဇင်းအယ်ဒီတာတစ်ဦးနှင့် တွေ့ဆုံ မေးမြန်းခြင်း)

မြန်မာနိုင်ငံတွင် ယဉ်ကျေးမှုကို ဤသို့ ရှုမြင်ခြင်းသည် ‘ယဉ်ကျေးမှု’ ဆိုသည့် ဝေါဟာရကို လိမ္မာယဉ်ကျေးမှု အယူအဆအပေါ် အခြေခံ၍ ဖွဲ့စည်းထားခြင်းကြောင့် ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ အနုပညာနှင့် ယဉ်ကျေးမှုကဏ္ဍများမှ လူပုဂ္ဂိုလ်များနှင့် ပြောဆိုရာတွင် ယဉ်ကျေးမှုအပေါ် ပို၍ ကျယ်ကျယ်ပြန့်ပြန့်နှင့် အတွင်းကျကျ နားလည်နိုင်သည်မှာ အထင်အရှားဖြစ်ပါသည်။

‘ယဉ်ကျေးမှု’ ဆိုတဲ့ ဝေါဟာရကို အဓိပ္ပာယ်ဖွင့်ဖို့ဆိုတာ အတော်လေး ခက်ခဲရှုပ်ထွေးတယ်လို့ ကျွန်မထင်တယ်။ ‘Culture’ ကို ‘လိမ္မာယဉ်ကျေးမှု၊ ဒါမှမဟုတ် နူးညံ့မှု’လို့ အဓိပ္ပာယ်ဖွင့်ဆိုထားတာ ဖြစ်တယ်။ ဒါကသိပ်တော့ အဆင်မပြေဘူး။ အကျိုးဆက်က ယဉ်ကျေးမှုရဲ့ တကယ့်အနှစ်သာရကို လူတွေနားမလည်ဘူး။ ဒီတော့ ယဉ်ကျေးမှုဆိုတာ ယဉ်ကျေးသိမ်မွေ့မှုနဲ့ လေးစားမှုလို့ သူတို့က ထင်နေကြတယ်။ ကျွန်မကတော့ ဒီအယူအဆကို လက်မခံနိုင်ဘူး။ မိမိကိုယ်ကို ထိန်းသိမ်းနိုင်တဲ့ ယဉ်ကျေးမှုကို ကျွန်မကြိုက်ပါတယ်။ ဒါပေမဲ့ လူတွေကို အတင်းအကျပ် အရိုအသေပေးခိုင်းတဲ့ ယဉ်ကျေးမှုကိုတော့ လုံးဝ သဘောမကျဘူး။ ဒီလိုယဉ်ကျေးမှုမျိုးက လူတွေကို ကိုယ့်ကိုယ်ကို ယုံကြည်မှု ဆုံးရှုံးသွားစေနိုင်တယ်။ လူတွေကို ယဉ်ကျေးမှုထိန်းသိမ်းဖို့ တိုက်တွန်းအားပေးသင့်ပေမယ့် အတင်းအကျပ်ဖိနှိပ်မထားသင့်ပါဘူး။
(အဓိက သတင်းအချက်အလက်ပေးနိုင်သူ စာရေးဆရာမတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

မြန်မာ့ယဉ်ကျေးမှုအကြောင်း ဆွေးနွေးတဲ့အခါ မွေးစကနေ သေတဲ့အထိ၊ အမိဝမ်းကနေ အုတ်ဂူအထိ လုပ်ရပ်တွေအားလုံးဟာ ယဉ်ကျေးမှုနဲ့ ဆက်စပ်နေတာချည်းပဲ။ မွေးကင်းစကလေးအတွက် ခေါင်းဆေးမင်္ဂလာ ရှိပါတယ်။ ကလေးမွေးပြီး တစ်ပတ်အတွင်း ကလေးကို ခေါင်းရိတ်ပေးကြတယ်။ နောက်ပိုင်းမှာ မိဘတွေက ကလေးရဲ့ ဦးစွန်းဖုတ်ကို ချန်ထားပြီး ခေါင်းရိတ်ပေးကြတယ်။ ဒါတွေဟာ မိခင်ဝမ်းက ထွက်ပြီး အုတ်ဂူထဲဝင်တဲ့ အချိန်အထိ အစဉ်အလာတွေ ဖြစ်ပါတယ်။ လူတစ်ယောက်သေပြီဆိုရင် အလောင်းကို ဘာလုပ်ရမလဲ။ အလောင်းရဲ့ ခြေမနှစ်ခုကိုပူးပြီး ကြိုးချည်တာကလည်း ယဉ်ကျေးမှုနဲ့ ဆိုင်တာပဲ။ လက်ငါးချောင်းနဲ့ ထမင်းစားတာလည်း ယဉ်ကျေးမှုပါပဲ။ ဒီနိစ္စဓူဝ အလုပ်တွေအားလုံးက ယဉ်ကျေးမှုကို ထင်ဟပ်နေပါတယ်။
(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပညာရေးအရာရှိတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

မြန်မာနိုင်ငံသည် ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ဘာသာရေးမတူကွဲပြားမှုများ ကျယ်ကျယ်ပြန့်ပြန့်ရှိနေသည့် ယဉ်ကျေးမှုများ ပေါင်းဆုံရာ လူ့အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ လူဦးရေမည်မျှရှိသည်မှာ အငြင်းပွားဖွယ်ကိစ္စတစ်ခု ဖြစ်သော်လည်း၊ ခန့်မှန်းလူဦးရေ သန်းခြောက်ဆယ်၏ သုံးပုံနှစ်ပုံသည် ဗမာ၊ ဗုဒ္ဓဘာသာဝင်များ ဖြစ်သည်ဟု ယူဆရပါသည် (Steinberg 2014)။ ဘာသာရေးကိုးကွယ်မှု ခန့်မှန်းချက်များတွင် လူဦးရေ၏ ၈၉% သည် ထေရဝါဒဗုဒ္ဓဘာသာဝင်များ ဖြစ်ပြီး (Steinberg 2010)၊ ခရစ်ယာန်ဘာသာကိုးကွယ်သူ ၄% (အဓိကအားဖြင့် ရိုမန်ကက်သလစ်၊ ဘတ်ပ်တစ်၊ အင်ဂလီကန်နှင့် ပရိုတက်စတင့်ဂိုဏ်းအများအပြား)၊ အစ္စလာမ် (အများအားဖြင့်ဆွန်နီ) ဘာသာကိုးကွယ်သူ ၄%၊ အစဉ်အလာအားဖြင့် သစ်ပင်၊ တောတောင်၊ နေ၊ လစသည့် သက်မဲ့အရာများကို ကိုးကွယ်သူ ၁% နှင့် မဟာယာန ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ အရှေ့အာရှဘာသာများနှင့် ဘဟာအီ ယုံကြည်ကိုးကွယ်သူများ ဖြစ်သည့် အခြားဘာသာဝင် ၂%ရှိသည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း တရားဝင်စာရင်းများတွင် ဗုဒ္ဓဘာသာဝင်မဟုတ်သူ ဦးရေသည် အမှန်တကယ်ရှိသည်ထက် လျော့နည်းသည်ဟု ယူဆရပါသည် (Wikipedia ၊ 2011၊ အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ၂၀၁၀)။

ကျား၊ မ ရေးရာ ဆက်ဆံရေးများ အပါအဝင် လူတို့၏ စိတ်နေစိတ်ထား ဆိုင်ရာ ယုံကြည်မှုများနှင့် အလေ့အထများအပေါ် ဘာသာတရားက လွန်စွာ လွှမ်းမိုးထားနိုင်သည်ဟု လေ့လာမှုတွင် ပါဝင်သူများက ယူဆကြပါသည်။ ပြီးခဲ့သည့်အခန်းတွင် ဆွေးနွေးခဲ့သည့်အတိုင်း၊ ယဉ်ကျေးမှုအပေါ်တွင် ဗုဒ္ဓဘာသာ၏ လွှမ်းမိုးမှုကို ဗုဒ္ဓဘာသာဝင်များက ကာကွယ်စောင့်ရှောက်ပေးသည့် အရာအဖြစ် ဖော်ကျူးလေ့ရှိကြပါသည်။ တည်ငြိမ်အေးချမ်းမှုကို ကိုယ်စားပြုသည့် ဗုဒ္ဓဘာသာသည် ရှေ့ဆက်ဖြစ်လာမည့် ဂလိုဘယ်လိုက်ဇေးရှင်း(Globalization)၏ အနုတ်လက္ခဏာဆောင်သည့် လွှမ်းမိုးမှုများ နှင့် ဆန့်ကျင်ဘက် ဖြစ်သည်ဟု ရှုမြင်ကြပါသည်။

အထူးသဖြင့် မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာရဲ့လွှမ်းမိုးမှုက ကြီးတယ်လို့ ကျွန်တော်ထင်တယ်။ ဂလိုဘယ်လိုက်ဇေးရှင်း (Globalization) တောင်မှ ကျွန်တော်တို့နိုင်ငံအပေါ် သိပ်ပြီး သက်ရောက်မှုမရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဆီမှာ သံဃာတော်၊ ဆရာတော်တွေ ပို့ချပေးနေတဲ့ ယဉ်ကျေးလိမ္မာသင်တန်းတွေ အများကြီးရှိနေလို့ပါပဲ။ ဒီလိုသင်တန်းမျိုးတွေ ဆက်ပြီးဖွင့်ပေးနိုင်ရင် ကောင်းပါတယ်။ ဂလိုဘယ်လိုက်ဇေးရှင်း (Globalization) ရဲ့ သက်ရောက်မှုတချို့ ရှိချင်ရှိမယ်။ ဒါပေမဲ့ တခြားနိုင်ငံတွေနဲ့ယှဉ်ရင် ဆိုးကျိုးနည်းပါတယ်။
(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပညာရေးအရာရှိနှင့် တွေ့ဆုံမေးမြန်းခြင်း)

တရားဝင် ပြဋ္ဌာန်းစာအုပ်များတွင် ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ထိန်းသိမ်းရန် လိုအပ်ကြောင်း အလေးထား ဖော်ပြလေ့ရှိပါသည်။ ဥပမာအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏မူဝါဒ ကြေညာစာတမ်းတွင် 'မိမိတို့၏ ဓလေ့ထုံးစံကောင်းများအပေါ် ဂုဏ်ယူခြင်း၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များအား ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ရှာဖွေဖော်ထုတ်ခြင်းနှင့် တိုးပွားစေခြင်းအားဖြင့် မိမိနိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးရန်'[၁၆] ဟု ရေးသားထားသည်ကို တွေ့မြင်နိုင်ပါသည်။ ဤကဲ့သို့သော ကြေညာချက်များကို သမိုင်းဝင်နှင့် အမျိုးသားရေးအမြင်ဖြင့် ရှုမြင်ရန် လိုအပ်ပါသည်။ ဗမာ၊ ဗုဒ္ဓဘာသာ အမျိုးသားယဉ်ကျေးမှုသည် နက်ရှိုင်းစွာ အမြစ်တွယ်နေပြီး၊ ဥပမာအားဖြင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း မီဒီယာများတွင် 'ဆုံးရှုံးခဲ့သည့်' နိုင်ငံ့ယဉ်ကျေးမှု 'ပြန်လည်ရှင်သန်ရေး' လှုပ်ရှားမှုများကို တွေ့ရှိရပါသည်။ တိုင်းပြည်အသစ် ထူထောင်ရာတွင် တိုင်းတစ်ပါး ယဉ်ကျေးမှုအဖြစ် ရှုမြင်သည့် ယဉ်ကျေးမှုများကို ပယ်ဖျက်၍ တိုင်းရင်းသား လူမျိုးများ၏ ဓလေ့ထုံးစံများ၊ ဘာသာရေးနှင့် ရိုးရာအစဉ်အလာတို့ အပေါ်တွင် အခြေခံရမည် ဖြစ်သည်ဟု ထိုလှုပ်ရှားမှုများတွင် တိုက်တွန်းထားပါသည် (Than ၊ 2012)။

ယနေ့ခေတ်တွင် ကျယ်ပြန့်စွာသုံးစွဲနေသော မြန်မာ့ယဉ်ကျေးမှုဆိုသည့် ဝေါဟာရတွင် အကောင်း၊ အဆိုး သမိုင်းကြောင်းနှစ်မျိုးစလုံးရှိခဲ့ပြီး ဆင်ဆာတည်းဖြတ်မှုရှိခဲ့သည့် ကာလများအတွင်း နိုင်ငံရေးသဘောများစွာ ပါဝင်ခဲ့ပါသည်။ မြန်မာ့ယဉ်ကျေးမှုဟု ခြုံငုံသုံးသပ်ဆိုရာတွင် မပြောင်းမလဲ၊ တည်ငြိမ်သည့်အယူအဆကို နိုင်ငံအတွင်း ယနေ့ခေတ်အထိ ကျယ်ကျယ်ပြန့်ပြန့် ဆုပ်ကိုင်ထားဆဲဖြစ်သည်ဟု အချို့ကဆိုပါသည်။

ယဉ်ကျေးမှုဆိုတဲ့ စကားလုံးဟာ ကျွန်တော်တို့နိုင်ငံကို စစ်ဗိုလ်ချုပ်တွေ အုပ်ချုပ်တဲ့အချိန်မှာ ရေပန်းအစားဆုံးစကားလုံး ဖြစ်ခဲ့ပါတယ်။ သူတို့က အများကို ကိုယ်စားပြုတဲ့သဘောနဲ့ ဒီစကားလုံးကို သုံးခဲ့ကြတယ်။ တကယ်တော့ သူတို့ဘဝတစ်လျှောက်လုံး ယဉ်ကျေးမှုရဲ့အဓိပ္ပာယ်ကို ဘယ်တော့မှ နားလည်ကြတာမဟုတ်ပါဘူး။ ယဉ်ကျေးမှုဆိုတာ အမြဲပြောင်းလဲနေတယ်၊ တစ်သမတ်တည်းမဖြစ်ဘူး။ ယဉ်ကျေးမှုဆိုတာ နိုင်ငံတွေ၊ အစုအဖွဲ့တွေနဲ့ လူတွေကြားမှာ ဆက်သွယ်ပေးနေတဲ့ အရာလည်း ဖြစ်တယ်။ နောက်ပြီး အဆင့်ဆင့် တိုးတက်ပြောင်းလဲနေတယ်။ ဝတ်စားဆင်ယင်မှုပုံစံတွေ ပြောင်းလာတယ်။ အနုပညာလက်ရာတွေနဲ့ ဟန်တွေ ပြောင်းလာတယ်။ ဝေါဟာရ အသုံးအနှုန်းတွေနဲ့ လူတွေရဲ့အပြုအမူတွေ ပြောင်းလာတယ်။ ဒီလို ပြောင်းလဲတာတွေ အားလုံးဟာ ယဉ်ကျေးမှုပြောင်းလဲခြင်းဖြစ်တယ်။ ပုဂံခေတ်နဲ့ ဆက်စပ်တာတွေကြုံရတဲ့အခါ ပုဂံယဉ်ကျေးမှုလို့ ကျွန်တော်တို့ ရည်ညွှန်းခဲ့ကြတယ်။ ခုခေတ်မှာလည်း ဒီအတိုင်းပဲ။ သူတို့က ကျွန်တော်တို့ရဲ့ အခွင့်အရေးတွေကို ဖုံးကွယ်ဖို့၊ ကန့်သတ်ချုပ်ချယ်ဖို့ 'မြန်မာ့ယဉ်ကျေးမှု' ဆိုတဲ့ စကားလုံးကိုသုံးခဲ့ကြတယ်။ ဒ့ါအပြင် ကျွန်တော်တို့ ပြည်သူတွေ ကိုယ်တိုင်ကလည်း 'ယဉ်ကျေးမှု'ရဲ့ အဓိပ္ပာယ်ကို နောက်ဆုံးမှာ ရှုပ်ထွေးသွားစေတဲ့ ရှေးရိုးအစဉ်အလာတွေနဲ့ ယဉ်ကျေးမှုတွေကို လက်ခံခဲ့ကြတယ်။ ဒါဟာ အနုပညာ အသိုင်းအဝိုင်းမှာ အရမ်းသိသာပါတယ်။ ရုပ်ရှင်တွေနဲ့ စာအုပ်တွေကို ဆင်ဆာရုံးက စစ်ဆေးတဲ့အခါ မြန်မာ့ယဉ်ကျေးမှုနဲ့ မလျော်ညီဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ ကန့်သတ်တားမြစ်တာတွေ တော်တော်များများ ရှိတယ်။ ဒါပေမဲ့ သူတို့မှာ ယဉ်ကျေးမှုကို တိတိကျကျ အဓိပ္ပာယ်ဖွင့်ဆိုထားတာ မရှိပါဘူး။
(အဓိက သတင်းအချက်အလက်ပေးနိုင်သူမဂ္ဂဇင်းအယ်ဒီတာတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

ဤလေ့လာမှုတွင် ပါဝင်ဖြေဆိုကြသူများအနေဖြင့် 'မြန်မာ့ယဉ်ကျေးမှု' နှင့် စပ်လျဉ်း၍ ပြောဆိုကြသည့်အခါ သီးခြားလူမျိုးစု သို့မဟုတ် ဘာသာရေးဟု ထုတ်ဖော်မပြောလျှင် ဗမာ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု၏ လွှမ်းမိုးမှုများအား ၎င်းတို့ ဆိုလိုခြင်းဖြစ်ပါသည်။ အလားတူပင် အစိုးရ တာဝန်ရှိသူများနှင့် ယဉ်ကျေးမှုထိန်းသိမ်းရေး ဆွေးနွေးရာတွင်လည်း ဗမာ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုကို ၎င်းတို့ ဆိုလိုခြင်းဖြစ်ပါသည်။

ဗမာ/ ဗုဒ္ဓဘာသာဝင် မဟုတ်သော အခြားလူမျိုး၊ အခြားဘာသာများ၏ ဓလေ့ထုံးစံများကို ထိန်းသိမ်းရန် သို့မဟုတ် ယဉ်ကျေးမှုကို တန်ဖိုး ထားရန်အတွက် သတင်းအချက်အလက် ဖြန့်ဝေမှုများနှင့် စပ်လျဉ်း၍ မတူကွဲပြားမှုအလိုက် မူဝါဒများ ချမှတ်ရန် ဗဟိုအစိုးရအနေဖြင့် တရားဝင် ဆွေးနွေးမှု မရှိသလောက် ဖြစ်ပါသည်။ ဗုဒ္ဓဘာသာ အယူအဆများနှင့် မြန်မာ့ယဉ်ကျေးမှုကို ထပ်တူပြုထားသည့် သာဓကများကို ပညာရေး ဝန်ကြီးဌာနမှ ထုတ်ဝေသော ဗုဒ္ဓဘာသာ အစဉ်အလာများနှင့် အခိုင်အမာ ဆက်စပ်နေသည့် ကျား၊ မ ရေးရာ စံနှုန်းများ[၁၇] အပါဝင် ယဉ်ကျေးမှုတန်ဖိုးများနှင့် အလေ့အထများကို မြှင့်တင်ပေးသည့် 'မြန်မာ့ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများ' စာစောင်နှင့် အခြားလက်ကမ်းစာစောင် များတွင် တွေ့ရှိနိုင်ပါသည် (ပညာရေးဝန်ကြီးဌာန၊ ၂၀၀၄)။ ထို့အတူ လျော့ပါး ပျောက်ကွယ်သွားနိုင်သည့် ယဉ်ကျေးမှုတန်ဖိုးများအတွက် နိုင်ငံတစ်ဝန်းရှိကျောင်းသား၊ ကျောင်းသူများအကြား ဖြန့်ဝေရန် ယဉ်ကျေးမှု ဝန်ကြီးဌာနမှ မကြာသေးမီက မူကြမ်းရေးဆွဲထားသည့် ပြည်သူ့နီတိ ပညာပေးစာစောင် (သစ္စာ၊ ၂၀၁၃) သည်လည်း ဗုဒ္ဓဘာသာ၏ အခြေခံ တန်ဖိုးများအပေါ် အခြေပြုထားပါသည်။ (ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၂၀၁၃)။

၁၆။ http://www.modins.net/myanmarinfo/ministry/culture.htm.

၁၇။ ဥပမာအားဖြင့် 'ယဉ်ကျေး၍ လူကြီးလူကောင်းဆန်သည့်အမျိုးသားသည် ယောကျ်ားပီသ၍ဖျတ်လတ်တက်ကြွသည့် အမူအရာဖြင့် ပြုမူလေ့၊ လမ်းလျှောက်လေ့ရှိပြီး ယဉ်ကျေးသည့်အမျိုးသမီးများသည် ဣန္ဒြေနှင့် ဟိရိဩတ္တပ္ပဖြင့် ပြုမူနေထိုင်ကြပါသည်။

ဗုဒ္ဓဘာသာ ဗမာယဉ်ကျေးမှု၏ အခန်းကဏ္ဍနှင့် လွှမ်းမိုးမှုသည် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံရေးအရ အကဲဆတ်သည့် ကိစ္စရပ် ဖြစ်ပါသည်။ စတိုင်းဘတ် (Steinberg) မှတ်ချက်ပြုထားသည့်အတိုင်း၊ မြန်မာ့ယဉ်ကျေးမှုသည် အတွင်း၊ အပြင်အားများ (ယဉ်ကျေးမှု၊ စီးပွားရေး၊ နိုင်ငံရေးနှင့် မျိုးဆက်ဆိုင်ရာ)၏ ခြိမ်းခြောက်မှုအောက်တွင် ရောက်ရှိနေသည်ဟု တဖြည်းဖြည်းပို၍ခံစားလာရပါသည်။ ဤသို့သော အကြောက်တရားသည် နိုင်ငံ၏ ကိုလိုနီဘဝသမိုင်းကြောင်းနှင့် အတွေ့အကြုံများကြောင့်ဖြစ်သည်ဟု နားလည်နိုင်ကြောင်း၊ စတိုင်းဘတ်က ဆိုပါသည်။ ယဉ်ကျေးမှုပျောက်ကွယ်မည့် အန္တရာယ် ရှိသည်ဟု ယူဆခြင်းသည် ဗမာတို့၏ ရှေးရိုးအစဉ်အလာတန်ဖိုးများနှင့် ဓလေ့ထုံးစံများအပေါ် ဖိအားဖြစ်စေပြီး၊ (ဗမာတို့၏) ရှေးရိုးအစဉ်အလာ တန်ဖိုးများပျက်စီးသွားမည်ကို စိုးရိမ်ကြောက်ရွံ့မှုများနှင့်အတူ တိုင်းတစ်ပါး ဆန့်ကျင်ရေးစိတ်ဓာတ်ကို အလွန်အမင်း အားကောင်းလာစေပါသည် (စတိုင်းဘတ်၊ ၂၀၁၄)။ တွေ့ဆုံမေးမြန်းခဲ့သည့် ယခင်အစိုးရလက်ထက်မှ အရာရှိတစ်ဦး၏ ပြောကြားချက်များတွင် ထိုသို့သော စိတ်ခံစားမှုများကို တွေ့ရှိရပါသည်။

> ကိုယ်ကအရင် လက်ဦးမှုယူထားခြင်းက အကောင်းဆုံးခံစစ်ပဲ။ ဒါဟာ အစွဲရေးရဲ့ ဒဿနပါ။ ကိုယ့်ယဉ်ကျေးမှုကို တိုင်းတစ်ပါးယဉ်ကျေးမှုက မလွှမ်းမိုးစေချင်ရင်၊ ကိုယ့်ယဉ်ကျေးမှုက တခြားယဉ်ကျေးမှုတွေကို လွှမ်းမိုးနိုင်အောင် ကြိုးစားရမယ်။ ကိုယ့်ဓလေ့ထုံးစံနဲ့ ဝတ်စားဆင်ယင်မှုကို တိုင်းတစ်ပါးသားတွေ လက်ခံလာအောင် လုပ်ရမယ်။ တိုင်းတစ်ပါး ယဉ်ကျေးမှု ဆန့်ကျင်ရေးကို ကြွေးကြော်နေရုံနဲ့ အလုပ်မဖြစ်ဘူး။ ဒေါ်အောင်ဆန်းစုကြည် နိုင်ငံခြားသွားတဲ့အခါ မြန်မာဝတ်စုံဝတ်တာကို ကြည့်ပါ။ သိပ်လှတယ်၊ သိပ်ကျက်သရေရှိတယ်။ ဒါဟာ တိုင်းတစ်ပါးသားတွေကို ယဉ်ကျေးမှုထိုးစစ်ဆင်လိုက်တာပဲ။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ ကျန်းမာရေးအရာရှိဟောင်းတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

ထို့အပြင် ကျား၊ မ ရေးရာ တန်းတူညီမျှရေးနှင့် ဗမာ၊ ဗုဒ္ဓဘာသာ သမိုင်းဆိုင်ရာ ပုံပြင်ဇာတ်လမ်းများ၏ ဆက်နွယ်မှုများကြောင့် ဤလေ့လာမှုတွင် ပါဝင်သူများအနေဖြင့် ကျား၊ မ ရေးရာ တန်းတူညီမျှမှု မရှိသည့် လုပ်ရပ်များသည် တိုင်းရင်းသားလူနည်းစုများတွင် ရှိသည်ဟု ပြောလိုကြောင်း တွေ့ရှိရပါသည်။ ဤအစီရင်ခံစာတွင်၊ အထူးသဖြင့် အောက်တွင်ပါရှိသည့် အခန်း ၃.၂နှင့် ၃.၃ တို့တွင် မည်သည့်လူမျိုးစုတွင်ဖြစ်စေ၊ မည်သည့်ကိုးကွယ်မှုတွင်ဖြစ်စေ လိင်မှု ဆိုင်ရာအခြေပြု ခွဲခြားဆက်ဆံမှုများရှိနေသည်ဟု ဖော်ပြထားပါသည်။ အမျိုးသမီးများအား ယဉ်ကျေးမှုတန်ဖိုးများအား ထိန်းသိမ်းရန် အမျိုးသမီးများအပေါ် မျှော်လင့်ထားခြင်းများသည် ကျား၊ မ ရေးရာ တန်းတူညီမျှရေးအတွက် ယဉ်ကျေးမှု အပြောင်းအလဲလိုအပ်သည်ဟု ယူဆသည့် အမျိုးသမီးများအား အလျှော့ပေးရသည့် အနေအထားသို့ ရောက်ရှိသွားစေသည်ဟုလည်း အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

၃.၂ ယဉ်ကျေးမှုနှင့် ဘာသာရေး ခွဲခြားမရခြင်း

နိုင်ငံတစ်ဝန်း ကိုးကွယ်သည့်ဘာသာနှင့် လူမျိုးမတူကြသည့် အစုအဖွဲ့များ အကြား ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့နေသည့် အယူအဆမှာ အမျိုးသားနှင့် အမျိုးသမီးများအား ခွဲခြားဆက်ဆံခြင်းသည် ဘာသာရေးစာပေများတွင် အစပြုခဲ့သည်ဖြစ်၍ ကျိုးကြောင်းဆီလျော်သည်ဟု ခံယူထားကြခြင်း ဖြစ်ပါသည်။ ဤသို့သော အမြင်ရှိကြောင်းကို သာဓကအဖြစ် အောက်ပါ ကောက်နုတ်ချက်တွင် တွေ့ရှိရပါသည်။

> အမျိုးသားတွေက ကမ္ဘာကြီးကိုအုပ်စိုးပြီး အမျိုးသမီးတွေက ဝိုင်းကူတဲ့ အခန်းကဏ္ဍမှာ ပါဝင်ကြပါတယ်။ နိုင်ငံရေးနဲ့ အုပ်ချုပ်ရေးကဏ္ဍမှာပါတဲ့ အမျိုးသမီး ရာခိုင်နှုန်းနည်းပါတယ်။ အမျိုးသမီးတွေကို ဘာကြောင့်နှိမ့်ချ ဆက်ဆံကြတာလဲသိလား။ ကမ္ဘာမှာ ပထမဆုံးအုပ်ချုပ်သူဖြစ်တဲ့ အာဒမ်ရဲ့ နံရိုးတွေနဲ့ အမျိုးသမီးတွေကို ဖန်ဆင်းခဲ့လို့ပါပဲ။ သမ္မာကျမ်းစာထဲမှာလည်း အမျိုးသမီးတွေဟာ အမျိုးသားတွေကိုမှီခိုရမယ်လို့ ဖော်ပြထားတယ်။
>
> (မြစ်ကြီးနားမြို့နယ်မှ အသက် ၁၈ မှ ၂၅ နှစ်အရွယ် ကချင်ခရစ်ယာန်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ယဉ်ကျေးမှု၊ ဘာသာတရားနှင့် ကျား၊ မ ရေးရာ တန်းတူညီမျှရေးတို့အကြား ဆက်နွယ်မှုများကို ဆွေးနွေးရာတွင်၊ အထူးသဖြင့် ကျား၊ မ ရေးရာ တန်းတူ ညီမျှရေး လှုပ်ရှားသူများအကြား ယေဘုယျယူဆချက်တစ်ခုမှာ အမျိုးသားနှင့် အမျိုးသမီးများအား ခွဲခြားဆက်ဆံခြင်းကို တရားမျှတကြောင်း ပြသရန် ဘာသာရေးကို နည်းလမ်းအဖြစ် တစ်ခါတစ်ရံ အသုံးပြုလေ့ရှိသည်ဆိုသည့် အချက် ဖြစ်ပါသည်။ ဤသို့သော ဖွင့်ဆိုချက်များကို ဘာသာရေး စာပေများတွင် လုံးဝနီးပါး သို့မဟုတ် လုံးဝ အထောက်အထား မတွေ့ရသည့်တိုင်၊ ဘာသာရေးကို ထိုသို့ ခုတုံးလုပ်ကြသည်ဟု ပါဝင်ဖြေဆိုသူ များက ပြောပြကြပါသည်။ ဆုံးဖြတ်ပိုင်ခွင့်ကို အမျိုးသားများက တရားဝင် ယူထားသည့် အမျိုးသားများ ကြီးစိုးလွှမ်းမိုးသော ယဉ်ကျေးမှုသည် အမျိုးသမီးများအတွက် 'ဘာသာရေးဆိုင်ရာ တားမြစ်ချက်များ'ဟု ခေါ်ဆိုရမည့်အရာများကို ဖြစ်စေသည်ဟု ရှုမြင်ကြပါသည်။[၁၈]

> လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်တုန်းက ပျဉ်းမနားမြို့နားမှာ ရွာလေး တစ်ရွာရှိတယ်။ အဲဒီမှာ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူရှိတယ်။ အရင်တုန်းက အမျိုးသားရော အမျိုးသမီးပါ ဗုဒ္ဓရုပ်ပွားတော်အနား သွားလို့ရတယ်။ ဘာမှ ပြဿနာမရှိဘူး။ ဒီလိုနဲ့တစ်နေ့မှာ ဗုဒ္ဓရုပ်ပွားတော်အနားကို မိုးကြိုးပစ်တယ်။ အဲဒီမှာ အမျိုးသားတွေချည်းပါတဲ့ ဘုရား အကျိုးတော်ဆောင် ကော်မတီအဖွဲ့ဝင်တွေက 'အမျိုးသမီးတွေ မဝင်ရ၊ ဗုဒ္ဓရုပ်ပွားတော်အနား မသွားရ' ဆိုပြီး စည်းမျဉ်းတွေ လုပ်လိုက်တယ်။ ဒီလိုလုပ်လိုက်တာ ဘာမှမကြာသေးဘူး။ အမျိုးသားတွေက အပြင် ထွက်နေတာ များတယ်ဆိုတော့ အုပ်စုဖွဲ့ပြီး၊ စည်းမျဉ်းတွေ သတ်မှတ် လုပ်ကိုင်နိုင်တဲ့ အခြေအနေနဲ့ အခွင့်အလမ်း ပိုရှိကြပါတယ်။ တစ်ခေတ်ပြီး တစ်ခေတ် အမျိုးသားတွေ စည်းမျဉ်း စည်းကမ်းတွေ ဘယ်လိုချမှတ်ခဲ့သလဲဆိုတာ တွေ့နိုင်ပါတယ်။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီးခေါင်းဆောင်၃ နှင့် တွေ့ဆုံမေးမြန်းခြင်း)

၁၈။ ဤသို့သော အတွေးကို Belak (2002) တွင်လည်း တွေ့နိုင်ပါသည်။

ဘယ်ဘာသာတရားမှာဖြစ်ဖြစ် အမျိုးသားတွေအတွက် တားမြစ်ချက်ဆိုတာ မရှိဘူး။ အမျိုးသားဆိုတာ မူလကတည်းက မြင့်မြတ်တယ်၊ ကြံ့ခိုင်တယ်၊ သန်မာတယ်။ သူတို့အတွက် ဘယ်နေရာကိုသွားသွား၊ ဘယ်နေရာထဲ ဝင်ဝင် သင့်လျော်တယ်။ အမျိုးသမီးတွေအတွက်တော့ မသင့်လျော်ပါဘူး။ ဒါပေမဲ့ ကျွန်မကတော့ ဒီစည်းမျဉ်းတွေကို လူတွေကပဲထုတ်ထားတာလို့ ထင်တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မ စာအုပ်တွေဖတ်ပါတယ်။ အမျိုးသမီးတွေအတွက် တားမြစ်ချက်ဆိုပြီး ရေးထားတာမျိုး ဘယ်စာအုပ်ထဲမှာမှမတွေ့ဖူးဘူး။ အဲဒါတွေကြောင့်ပဲ ကျွန်မတို့ ဒုက္ခရောက်ခဲ့ရတာ။
(မင်္ဂလာတောင်ညွန့်မြို့နယ်မှ အသက်၄၀နှစ်နှင့်အထက် မွတ်စလင်အမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

အလေ့အထတစ်ခုသည် ဘာသာတရားမှ ဆင်းသက်လာသည်ဟု ရှုမြင်ကြသည်နှင့် တစ်ပြိုင်နက် ၎င်းကိုငြင်းပယ်ရန် ပိုမိုခက်ခဲတတ်ပါသည်။ ထိုသို့ ပြောဆိုခြင်းသည် လက်တွေ့အားဖြင့် ထိုအလေ့အထ၏ ဇစ်မြစ်၊ ဥပမာ အမျိုးသားများ ကြီးစိုးလွှမ်းမိုးမှုကို 'သန့်ရှင်းစင်ကြယ်' စေပြီး၊ တရားဝင်ဖြစ်စေခြင်းဟု ရှုမြင်နိုင်ပါသည်။ ဤသို့ဖြင့် မညီမျှခြင်း အတွေးအခေါ်ကိုဖြစ်စေခဲ့သည့် လက်တွေ့အခြေအနေများ ပြောင်းသွားသည့်တိုင် အဆိုပါအမည်းစက်မှာ ဆက်လက်ရှိနေနိုင်ပြီး ပုံသဏ္ဍာန် အသစ်များ ဖြစ်လာနိုင်ပါသည်။[၁၉]

ဒါကိုပဲစဉ်းစားကြည့်ပါ။ ကျွန်မတို့ရဲ့ လုံချည်တွေကို လူမြင်ကွင်းမှာ ကျွန်မတို့မလှန်းရဲဘူး။ မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုတွေအရအမျိုးသမီးတွေ အနေနဲ့ အလွန်နိမ့်ကျတယ်၊ ကျွန်မတို့ရဲ့ အတွင်းခံအဝတ်အစားတွေဆို တခြားအဝတ်အစားတွေလို အိမ်ရှေ့မှာ မမြင်သင့်ဘူးလို့ ယူဆထားကြတယ်။ ကျွန်မတို့ရဲ့ အတွင်းခံတွေ၊ အထူးသဖြင့် အတွင်းခံ ဘောင်းဘီတွေကို အဖေ့အဝတ်အစားတွေနဲ့ ရောထားလို့မရဘူး။ တကယ်တော့ ကျွန်မတို့ရဲ့ အတွင်းခံဘောင်းဘီတွေ သန့်ရှင်းမှု ရှိ၊ မရှိ ကျွန်မတို့သိပါတယ်။ ကျွန်မ အမြင်ပြောရရင်၊ လစဉ်သုံး ကပ်ခွာကို ကျွန်မသုံးတယ်။ အဲဒါကိုခွာလိုက်ရင် ကျွန်မရဲ့ အတွင်းခံ ဘောင်းဘီမှာ ဘာအစွန်းအထင်းမှ မရှိဘူး။ သန့်နေတာပဲ။ အဲဒီ အတွင်းခံ ဘောင်းဘီကို တခြားအဝတ်အစားတွေနဲ့ ရောလျှော်တော့ ဘာဖြစ်မှာမို့လို့လဲ။ သိပ္ပံနည်းအရဘာမှမဖြစ်နိုင်ဘူး။ ဒါပေမဲ့ ကျွန်မတို့ရဲ့ ယဉ်ကျေးမှုစံနှုန်းတွေက မျှတမှုမရှိဘူး။ ဘာသာရေးကို ဆွဲထည့်ထားတယ်။
(မင်္ဂလာတောင်ညွန့်မြို့နယ်မှ အသက် ၂၆ နှစ်နှင့် ၄၀ နှစ်ကြား မွတ်စလင်အမျိုးသမီးများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အထူးသဖြင့် မတူကွဲပြားသည့် ဓလေ့ထုံးစံနှင့် အလေ့အထများအား ဘာသာရေး အယူအဆတူသည့် နိုင်ငံများတွင် သွားရောက်လည်ပတ် လေ့လာခွင့်ရခဲ့သည့် ဖြေဆိုသူများက ဘာသာရေးအလေ့အထများ၏ ယဉ်ကျေးမှုအပိုင်းကို အလေးထား ပြောပြကြပါသည်။

ဗုဒ္ဓဘာသာမှာ ဘုရားတို့ ရုပ်ပွားတော်တို့အပေါ်ကို အမျိုးသမီးတွေတက်ခွင့် မရှိဘူး။ တကယ်တော့ ဗုဒ္ဓရဲ့အဆုံးအမထဲမှာ ဒီလိုမျိုးသင်ကြားဆုံးမခဲ့တာ မရှိပါဘူး။ ဒါဟာအလေ့အထတစ်ခုပါ။ အဓိပ္ပာယ်ကောက်ပြီးလိုက်လုပ်ကြတဲ့ အလေ့အထဖြစ်ပြီး၊ နောက်တော့ ယဉ်ကျေးမှုဖြစ်လာတယ်။ ယဉ်ကျေးမှုကနေ 'ဒါဟာဘာသာတရားပဲ' ဆိုပြီး ဖြစ်သွားတယ်။

သီရိလင်္ကာမှာ ဗုဒ္ဓဘုရားပွင့်တော်မူခဲ့တဲ့ ညောင်ပင်ရှိတယ်။ အဲဒီပေါ်ကို အမျိုးသမီးတွေ တက်လို့ရတယ်။ ဘာပြဿနာမှမရှိဘူး။ အဲဒါ ဗုဒ္ဓဘုရား ပွင့်တော်မူခဲ့တဲ့နေရာ။ ဒီမှာလား၊ ဒီကို ဗုဒ္ဓဘုရားကြွတောင်မကြွဖူးဘူး။
(အဓိကသတင်းအချက်အလက် ပေးနိုင်သူ အကြီးတန်းအမျိုးသမီး ခေါင်းဆောင်၄ နှင့် တွေ့ဆုံမေးမြန်းခြင်း)

ဆန့်ကျင်ဘက်အားဖြင့် ကျား၊ မ ရေးရာ တန်းတူညီမျှမှုမရှိခြင်းကို ပြောဆိုကြသည့်အခါ ဘာသာရေးခေါင်းဆောင်များအနေဖြင့် ဘာသာရေးထက် 'ယဉ်ကျေးမှု'ကို ပို၍ မီးမောင်းထိုးပြကြသည်ကို လေ့လာမှုတွင် တွေ့ရှိရပါသည်။ ဤသို့ဖြင့် စာရိတ္တဆိုင်ရာ အဆုံးအမများနှင့် မကိုက်ညီသည့် အလေ့အထများနှင့် ဘာသာရေးကို ခွာထားလိုက်ခြင်း ဖြစ်ပါသည်။ ဤသည်ကို ဘာသာရေးစာအုပ်များနှင့် ယုံကြည်ကိုးကွယ်သူများအကြား အလေ့အထများတွင် အသုံးပြု ထားပါသည်။ အောက်ပါသာဓကသည် ခရစ်ယာန်ဘာသာကို ရည်ညွှန်း ထားသော်လည်း၊ လေ့လာမှုတွင်ပါဝင်သည့် (အစ္စလာမ်၊ ဟိန္ဒူ၊ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာ) စသည့် ဘာသာကြီး ၄ မျိုးကို ကိုးကွယ်ကြသည့် ပါဝင်ဖြေဆိုသူများထံမှလည်း အလားတူသာဓကများ တွေ့ရှိရပါသည်။

ကျွန်တော်တို့ ခရစ်ယာန်ဘာသာဝင်တွေက သမ္မာကျမ်းစာအရ အမျိုးသား၊ အမျိုးသမီး ခွဲခြားမဆက်ဆံရဘူးဆိုတာ လက်ခံထားပါတယ်။ ဒါပေမဲ့ အစ္စရေးရဲ့ ဟီးဘရူးယဉ်ကျေးမှုက သမ္မာကျမ်းစာအပေါ်မှာ အများအားဖြင့် လွှမ်းမိုးထားပါတယ်။ သမ္မာကျမ်းစာကို သူတို့ဆီက ယူဆောင်ခဲ့တာမို့ပါ။ အစ္စရေးရဲ့ သမိုင်းကြောင်းတစ်လျှောက်လုံးမှာ အမျိုးသမီးတွေကို ထည့်သွင်းစဉ်းစားလေ့ မရှိခဲ့ပါဘူး။ အစ္စရေးခေါင်းဆောင်ဖြစ်တဲ့ မိုးဇက်ဟာ သူ့လူမျိုးတွေကို အီဂျစ်ကနေခေါ်ထုတ်ခဲ့တဲ့အချိန်မှာ အမျိုးသား ၆၀၀,၀၀၀ကိုသာ မှတ်တမ်းတင်ထားခဲ့ပြီး၊ စာရင်းထဲမှာ အမျိုးသမီးတွေ၊ ကလေးတွေရဲ့ နာမည်တွေမပါပါဘူး။ အဲဒီကစပြီး အမျိုးသားတွေကို အမျိုးသမီးတွေ၊ ကလေးတွေထက် ပိုပြီးဦးစားပေးတယ်ဆိုတာ ကျွန်တော်တို့ သိခဲ့ရတယ်။ သမ္မာကျမ်းစာထဲမှာ ထက်မြက်တဲ့အမျိုးသမီး တစ်ယောက်စ၊ နှစ်ယောက်စ မှတ်တမ်းတင်ထားတာရှိပေမယ့် သူတို့ရဲ့ အခန်းကဏ္ဍနဲ့ သမိုင်းကြောင်းကတော့ မှေးမှိန်ထားခဲ့ပါတယ်။
(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ခရစ်ယာန်ဘာသာရေးခေါင်းဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

၃.၃ အမျိုးသမီးများအား ယဉ်ကျေးမှုကို ဆက်ခံသူများအဖြစ် ရှုမြင်ခြင်း

အမျိုးသမီးတွေက ဘာသာရေးကိုင်းရှိုင်းရမယ်၊ မိဘဘိုးဘွားများနဲ့ နိုင်ငံရဲ့ အမျိုးဂုဏ်သိက္ခာကို ထိန်းသိမ်းသူများဖြစ်ရမယ်။
(ကလောမြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် ဓနုလူမျိုး၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အခြားနိုင်ငံများတွင်ကဲ့သို့ မြန်မာနိုင်ငံတွင် အမျိုးသမီးများကို ယဉ်ကျေးမှုအား 'ဆက်ခံထိန်းသိမ်းသူများ' သို့မဟုတ် 'ကာကွယ် စောင့်ရှောက်သူများ'အဖြစ် ကျယ်ပြန့်စွာ မှတ်ယူထားကြပါသည်

၁၉။ ဤပြဿနာကို ကမ္ဘာ့ဘဏ် (၂၀၁၃) တွင် ဆွေးနွေးထားပါသည်။

လေ့လာမှုတွင် ပါဝင်သည့် ချင်းလူမျိုးများတွင် အမျိုးသမီးများသည် ဘာသာရေး စံနှုန်းများနှင့်အညီ မည်သို့ပြုမူနေထိုင်ရမည်ဆိုသည့်သာဓက အများအပြား ရှိပါသည်။ အများအားဖြင့် အမျိုးသမီးများသည် အမျိုးသားများအား ဘုရားသခင်က ပေးသည့် မြင့်မြတ်သူအဖြစ် ရှိသေလေးစားရန်လိုအပ်သည့်အပေါ် အခြေခံ၍၊ ဘုရားဝတ်ပြုရာတွင် အမျိုးသားများထက် မြင့်သောနေရာတွင် မထိုင်ရန်၊ ဘုရားကျောင်းတွင် တိတ်ဆိတ်စွာနေရန်၊ လက်ထပ်ပြီးသည့်အခါ အမျိုးသား ကိုးကွယ်သည့်ဘာသာကို ကူးပြောင်းကိုးကွယ်ရန် စသည်တို့ ဖြစ်ပါသည်။ ဘာသာရေး စည်းမျဉ်းများကြောင့် ၎င်းတို့၏ဘဝတွင် မည်သည့်ဆိုးကျိုးမှ မရှိဟု အမျိုးသားများကပြောကြသော်လည်း၊ အမျိုးသမီးများကမူ ၎င်းတို့၏ စကားကို အလေးမထားသည့်အတွက် အမျိုးသားများကို ဒေါသထွက်ရကြောင်း၊ ဘာသာရေးအရ နိမ့်ကျသည့်နေရာတွင်နေရခြင်း၊ နှုတ်ဆိတ်နေရခြင်းတို့ကြောင့် စိတ်လေးလံ၍ ဝမ်းနည်းရကြောင်း ပြောပြကြပါသည်။ လက်ရှိ လူမှုရေးနှင့် ဘာသာရေး အစဉ်အလာများကို အကြောင်းပြု၍ ၎င်းတို့အပေါ် အခွင့်အရေးယူသည်ဟု ခံစားရကြောင်းလည်း အချို့ကပြောကြပါသည်။

(Belak, 2002၊ Thin, 2006 တွင် ဥပမာကြည့်ပါ)။ အခန်း (၃·၁) တွင် ဆွေးနွေးခဲ့သည့် ယဉ်ကျေးသိမ်မွေ့မှုနှင့် အရိုအသေပေးမှုအပေါ်တွင် ဗဟိုပြုထားသော ‘ယဉ်ကျေးမှု’ ဆိုသည့် ဝေါဟာရအား တိုက်ရိုက် အဓိပ္ပာယ်ဖွင့်ဆိုမှုကို ပြန်၍ကြည့်လျှင်၊ ယဉ်ကျေးမှု၏အဓိပ္ပာယ် နှင့် အမျိုးသမီးများတွင် ရှိစေလိုသည့် အပြုအမူများကို ဖော်ပြထားသော စံနှုန်းများအကြား ခိုင်မာစွာဆက်နွယ်နေသည်ကို တွေ့နိုင်ပါသည်။ ဤသည်မှာ ယဉ်ကျေးမှုတန်ဖိုးများကို ထိန်းသိမ်းရန် အမျိုးသမီးများတွင် အထူးသဖြင့် တာဝန်ရှိသကဲ့သို့ ထင်မှတ်စေပါသည်။ အမျိုးသမီးများအတွက် ယဉ်ကျေးမှုစံနှုန်းများသည် ယဉ်ကျေးလိမ္မာမှု၊ နူးညံ့သိမ်မွေ့မှုနှင့် ကြန့်ကြာရှိမှုတို့ကို ဗဟိုပြုထားပါသည်။ ရပ်ရွာဒေသခံ များနှင့် ကျား၊ မ ရေးရာ ဆိုင်ရာ ယဉ်ကျေးမှုစံနှုန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် အမျိုးသမီးများ၏ အပြုအမူဆိုင်ရာ ယဉ်ကျေးမှုစံနှုန်း များနှင့် ကျင့်ဝတ်များသည် အမျိုးသားများ၏ အပြုအမူဆိုင်ရာ ယဉ်ကျေးမှုစံနှုန်းများ၊ ကျင့်ဝတ်များနှင့် နှိုင်းယှဉ်လျှင် သိသိသာသာ ပိုမိုများပြားသည့်အပြင်၊ မကြာခဏ ပိုမိုဆွေးနွေးဖြစ်ကြသည့် အကြောင်းအရာများ ဖြစ်ပါသည်။

ယဉ်ကျေးမှုတန်ဖိုးများ ပျောက်ကွယ်သွားခြင်းနှင့် ကာကွယ် စောင့်ရှောက်ခြင်း တို့ကို ပြောကြရာတွင် အစဉ်အလာအားဖြင့် အမျိုးသမီးများ အဆင့်အတန်းကို ပိုမိုမြင့်မားစေပါသည်။ မျိုးချစ်စိတ်မရှိခြင်းဟု ယူဆသည့် လုပ်ရပ်များအတွက် တိုင်းတစ်ပါးသားနှင့် လက်ထပ်ခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်ကဲ့သို့ပင် အမျိုးသမီးများအား ပစ်မှတ်ထား ဝေဖန်ကြသည်ကို မကြာခဏတွေ့ရှိရပါသည်။ (Steinburg, 2014)။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာကော်မတီ (MNCWA) က ၂၀၀၁ခုနှစ်တွင် ဤသို့ရေးသားခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပြင်ပကမ္ဘာဆီသို့ တံခါးများ ဖွင့်လိုက်သည့်အခါ တိုင်းတစ်ပါးလွှမ်းမိုးမှုများ ဝင်ရောက်လာပြီး၊ မြန်မာ့ယဉ်ကျေးမှုစံနှုန်း များသည် အတိုင်းအတာတစ်ခုအထိ ဖိအားပေးခံလာရသည်မှာ ယခု ဆိုလျှင် လူ့အဖွဲ့အစည်းအတွက် စိုးရိမ်စရာ ဖြစ်လာပါသည်။ သို့ဖြစ်၍ ယဉ်ကျေးမှုဆပ်ကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်များနှင့် မြန်မာ့ လူ့အဖွဲ့အစည်း၏ အမျိုးသားရေးလက္ခဏာများကို ထိန်းသိမ်းရန်နှင့် ကာကွယ်စောင့်ရှောက်ရန် ဗီဒီယိုများနှင့် ရေဒီယိုဇာတ်လမ်းများဖြင့် ဝိုင်းဝန်းကြိုးပမ်း လုပ်ဆောင်လျက်ရှိပါသည်။ ဆပ်ကော်မတီသည် မြန်မာ အမျိုးသမီးငယ်များအား မြန်မာ့ယဉ်ကျေးမှုစံနှုန်းများကို ထိန်းသိမ်းရန်၊ တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးတန်ဖိုးထားတတ်ရန်နှင့် မိဘ၊ ဆရာသမား နှင့် လူကြီးသူမများအား လေးစားတန်ဖိုးထားတတ်ရန်၊ မိသားစုနှင့် လူ့အဖွဲ့အစည်းကို ချစ်ခင်မြတ်နိုးတတ်ရန်နှင့် ၎င်းတို့၏ ဂုဏ်သိက္ခာနှင့် တန်ဖိုးကို ကာကွယ်စောင့်ရှောက်ကြရန် တိုက်တွန်းထားပါသည်။

ယနေ့ခေတ်တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကဲ့သို့တရားဝင် ‘အမျိုးသမီးထု’ ကိုယ်စားပြု အဖွဲ့အစည်းများအနေဖြင့် အခြားကိစ္စရပ်များ အပြင် ယဉ်ကျေးမှုထိန်းသိမ်းရေးတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ မြင့်မားလာစေရေး မြန်မာနိုင်ငံတွင် အလေးထားဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက် များတွင် ‘အမျိုးသမီးများတွင် ယဉ်ကျေးမှုအမွေအနှစ်၊ ဓလေ့ထုံးစံနှင့် ရိုးရာအစဉ်အလာများကို ပိုမိုတန်ဖိုးထားတတ်သည့်စိတ် ရှိလာစေရန်နှင့် ပြုစုပျိုးထောင်ပေးရန်’[၂၀] ဆိုသည့်အချက် ပါဝင်ပါသည်။ ထို့နည်းတူစွာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အနေဖြင့်လည်း ‘ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး လှုပ်ရှားမှုများတွင် ပါဝင်ကူညီ’[၂၁]လျက် ရှိပါသည်။

မြန်မာနိုင်ငံတွင် အမျိုးသားနှင့် အမျိုးသမီးများသည် အများ လက်ခံ ထားသည့် ယဉ်ကျေးမှုတန်ဖိုးများကို လိုက်နာစောင့်ထိန်းခြင်းအားဖြင့် ယဉ်ကျေးမှုအား လေးစားကြောင်းပြသရန် သင်ကြားကြရပါသည်။ ယဉ်ကျေးမှုထိန်းသိမ်းရေး (ပုံမှန်အားဖြင့် ဗမာ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု) သည် ၎င်း၏ဝန်ကြီးဌာန အချို့မှတစ်ဆင့် ဆောင်ရွက်သည့် အစိုးရ၏ မြင်သာထင်ရှားသော စီမံကိန်းတစ်ခု ဖြစ်ပါသည်။ အပြုအမူကို ပြဋ္ဌာန်းသည့် အခြေခံမှုများကို အားလုံးက သဘောမတူသည့်တိုင် လူမှုအသိုင်းအဝိုင်းမှ လက်ခံခြင်း၏ အရေးပါမှုနှင့် ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ဆက်ခံထိန်းသိမ်းရန် အမျိုးသမီးများတွင် တာဝန်ရှိသည်ဟု အများကယူဆခြင်းသည် တစ်ဦးချင်းအနေဖြင့် ၎င်းတို့ကိုယ်တိုင် တန်ဖိုးမထားသော စံနှုန်းများကို တစ်ခါတစ်ရံ လိုက်နာကြရသည့် အဓိပ္ပာယ်ဖြစ်ပါသည်။

မြန်မာလူမျိုးအားလုံးမှာ မြန်မာ့ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးစံကို လေးစားရမယ့်တာဝန်ရှိပါတယ်။ မြန်မာ့ယဉ်ကျေးမှုမှာ ဘာသာရေးနဲ့ မြန်မာ့ဓလေ့ထုံးစံတွေရဲ့ ဝိသေသလက္ခဏာတချို့ ရှိပါတယ်။
(အဓိက သတင်းအချက်အလက်ပေးနိုင်သူ သတင်းနှင့်ပြန်ကြားရေးအရာရှိတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

အမျိုးသမီးများအား ယဉ်ကျေးမှုနှင့် ဘာသာရေးကို ဆက်ခံ ထိန်းသိမ်းသူများအဖြစ် ယူဆချက်မှတစ်ဆင့် အမျိုးသားနှင့် အမျိုးသမီးများ၏ ဘဝတွင်ရှိလာသည့် သွင်ပြင်လက္ခဏာနှင့် သက်ရောက်မှုများကို လာမည့်အခန်းတွင် ဆွေးနွေးထားပါသည်။ အောက်ပါကောက်နုတ်ချက်တွင် ယဉ်ကျေးမှု/ဘာသာရေးကို ဆက်ခံထိန်းသိမ်းရမည့် အမျိုးသမီးများ၏တာဝန်သည် လွတ်လပ်စွာ လှုပ်ရှားသွားလာမှု၊ အိမ်ထောင်ရေးနှင့် ကွာရှင်းပြတ်စဲမှုများတွင် မည်သို့ ကန့်သတ်ချက်များဖြစ်စေသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။

အမျိုးသမီးတစ်ယောက်ဟာ တစ်ကိုယ်ရေတစ်ကာယ လွတ်လပ်သူ တစ်ယောက်အဖြစ်တင်မကပါဘူး။ မိခင်တစ်ယောက်ဖြစ်တယ်၊ အစ်မ၊ နှမ တစ်ယောက်၊ ပြီးတော့ မိသားစုရဲ့ အနာဂတ်ဖြစ်တယ်။ မိဘတွေက တခြားဘာသာဝင်တစ်ယောက်နဲ့ အိမ်ထောင်မပြုအောင် သူ့ကို ဂရုစိုက် ရပါတယ်။ ဒီလိုမှ သူဟာ သွေးနှောသူတစ်ယောက်[၂၂] မဖြစ်မှာပါ။ ဟိန္ဒူအမျိုးသမီးတစ်ယောက် လက်ထပ်ပြီဆိုရင် သူ့ခင်ပွန်းဟာ သူ့ရဲ့ အုပ်ထိန်းသူပါ။ မလွတ်လပ်တော့ဘူး။ သူဘယ်သွားသွား၊ သူ့ခင်ပွန်းက အဖော်လိုက်ရတယ်။ သူအသက်ကြီးလာတဲ့အခါ သူ့သားသမီးတွေက သူ့ကို အဖော်ပြုတယ်။ အမျိုးသမီးတွေအပြင်သွားရင် တစ်ယောက်ယောက်က လိုက်ပြီး စောင့်ရှောက်ပေးမှ သွားလို့ရတယ်။ ဒါကလည်း သူတို့အတွက်

၂၀။ http://www.humantrafficking.org/organizations/29
၂၁။ http://www.mmcwa.org.mm/index.php/working-committees/9-social-activities.
၂၂။ အခြားသွေးမရောစေရန် ဆိုလိုခြင်း ဖြစ်ပါသည်။

စိုးရိမ်လို့ပါ။ ဘာသာရေးရှုထောင့်ကနေ ကျွန်တော် ထင်မြင်ချက်ပေးရမယ်ဆိုရင် ခုခေတ်မှာ ဟိန္ဒူအတော်များများက ခရစ်ယာန် ဒါမှမဟုတ် အစ္စလာမ်ဘာသာကို ကူးပြောင်းသွားကြတယ်။ ကျွန်တော်တို့ကတော့ ကျွန်တော်တို့ရဲ့သန့်ရှင်းတဲ့သွေးကို ဘယ်သူမှ အထိမခံဘူး။ အမျိုးသမီးတွေကို ပိုပြီးအားနည်းတဲ့ လိင်အဖြစ် မြင်ကြတာကလည်း ဓလေ့ထုံးစံတစ်ခုပါ။ ဒီလို ဓလေ့ထုံးစံ ယုံကြည်မှုတွေနဲ့ ကင်းလို့မရပါဘူး။ အနောက်နိုင်ငံတွေမှာ လွတ်လပ်ကြတော့ သူတို့ အိမ်ထောင်ပြုကြမယ်၊ နောက်ပြီး နှစ်နှစ်၊ သုံးနှစ်လောက်ကြာရင် ကွာရှင်းကြမယ်၊ ဟိန္ဒူဘာသာမှာတော့ အဲဒီလိုမဟုတ်ဘူး။ အမျိုးသမီးတစ်ယောက် လက်ထပ်လိုက်ပြီဆိုတာနဲ့ ဒါဟာ တစ်ဘဝလုံးစာပဲ။ ယောကျ်ားက အရက်သမားဖြစ်ဖြစ်၊ ဆင်းရဲသားမကလို့ ဘာကြီး ဖြစ်နေနေ အဲဒီယောကျ်ားနဲ့ပဲ သူ တစ်သက်လုံးပေါင်းရမှာပါ။ ဒီနည်းနဲ့ ကျွန်တော်တို့ဟာ ကျွန်တော်တို့ ဟိန္ဒူလူမျိုးတွေရဲ့ သန့်ရှင်းမှုကိုဂရုစိုက် ထိန်းသိမ်းကြတယ်။ လက်မထပ်ဘဲ အတူနေတာမျိုး ဟိန္ဒူအမျိုးသမီးတွေမှာ မရှိဘူး။ လက်ထပ်ပြီးမှ အတူနေလို့ရတယ်။ အနောက်နိုင်ငံတွေမှာ လက်မထပ်ခင်ကတည်းက ကလေး ၂ ယောက်၊ ၃ ယောက်ယူကြတယ်။ ဒါပေမဲ့ ဟိန္ဒူယဉ်ကျေးမှုမှာ ဒါမျိုးမရှိဘူး။ အမျိုးနဲ့ဘာသာကို စောင့်ထိန်းဖို့အတွက် ဗဗဗ[၂၃] ကို ကျွန်တော်ရဲရဲကြီးလက်ခံတယ်။ လုံခြုံရေးအရ ဒါကို ကျွန်တော်တို့စောင့်ထိန်းရမှာပဲ။ လူတိုင်းမှာ နိုင်ငံကိုစောင့်ရှောက်ရမယ့် အခွင့်အရေးရှိတယ်။ အမျိုးသမီးတွေက မျိုးရိုးကိုစောင့်ထိန်းရမယ်။ ကိုယ့်ဓလေ့ထုံးစံနဲ့ ယဉ်ကျေးမှုကို စောင့်ထိန်းရမယ်။ ဒီလိုမှမဟုတ်ရင် တစ်နိုင်ငံလုံးပျက်စီးသွားလိမ့်မယ်။ (အဓိက သတင်းအချက်အလက်ပေးနိုင်သူ ဟိန္ဒူဘာသာရေး ခေါင်းဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

လေ့လာခဲ့သည့် ရပ်ရွာဒေသများတွင် လူမျိုး၊ တိုင်းရင်းသားလူမျိုးစု၊ ဘာသာရေးနှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည်ဆိုသည့် ယူဆချက် အခိုင်အမာရှိနေသည်ကို တွေ့ရှိရပါသည်။ ဘာသာခြား၊ လူမျိုးခြားများနှင့် လက်ထပ်ထိမ်းမြားခြင်းကို ယေဘုယျအားဖြင့် အပြင်းအထန် ကန့်ကွက်လေ့ရှိပါသည်။ ထိုဆွေးနွေးမှုများတွင် အမျိုးသမီးများ၏ အိမ်ထောင်ဖက် ရွေးချယ်မှုသည် အဓိကဆွေးနွေးသည့် အကြောင်းအရာ ဖြစ်ပါသည်။ လူမျိုးတူမဟုတ်သည့် 'ပြင်ပ'မှ တစ်ဦးတစ်ယောက်နှင့် လက်ထပ်သည့် အထူးသဖြင့် ဘာသာခြားနှင့် လက်ထပ်သည့် အမျိုးသမီးများအား ပြင်းပြင်းထန်ထန် ဝေဖန်လေ့ရှိကြပါသည်။ အမျိုးသမီးများအား အဓိကထားရခြင်းမှာ အမျိုးသမီးများသည် လက်ထပ်သည့် ခင်ပွန်းသည် ကိုးကွယ်သည့်ဘာသာကို ကူးပြောင်းကြရသည်ဟု ယုံကြည်ယူဆထားခြင်းကြောင့် ဖြစ်ပါသည်။ မိမိကိုးကွယ်သည့်ဘာသာကို စောင့်ထိန်းရန်နှင့် ပြန့်ပွားရန်မှာ အရေးကြီးသည့် တာဝန်တစ်ရပ်အဖြစ် ခံယူထားရမည် ဖြစ်သည့်အတွက် ပြင်ပမှ လူများနှင့် လက်ထပ်သော အမျိုးသမီးများကို ဘာသာရေးအသိုင်းအဝိုင်းမှ 'ပျောက်ဆုံးသွားသော' အဖွဲ့ဝင်များအဖြစ် ရှုမြင်ကြပါသည်။ ယမန်နှစ်က ခင်ပွန်းသည် သည် ဗုဒ္ဓဘာသာသို့မကူးပြောင်းပါက ဗုဒ္ဓဘာသာအမျိုးသမီးများအား ဘာသာခြားနှင့် လက်ထပ်ခြင်းကို တားမြစ်ရန် ဥပဒေအဆိုပြုချက်နှင့်အတူ ဘာသာခြားနှင့် လက်ထပ်ခြင်းသည် ပေါက်ကွဲလုလု ကိစ္စရပ်တစ်ခု ဖြစ်လာပါသည်။ ဤဥပဒေနှင့် ၎င်းအပေါ် အချေအတင်ဆွေးနွေးငြင်းခုံမှုသည် ဘာသာရေးကို နိုင်ငံရေးအရ အသုံးချ၍ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးကို လူသိရှင်ကြား ချပြဆွဲဆောင်ပြီး၊ ယဉ်ကျေးမှု စောင့်ထိန်းရေးတာဝန်ကို အမျိုးသမီးများအပေါ် ပုံချခြင်းဖြင့် ၎င်းတို့၏ ဘဝအတွက် ရွေးချယ်မှုများကို ကန့်သတ်ခြင်းဖြစ်သည်ကို ပေါ်လွင်စေပါသည်။[၂၄]

အမျိုးသမီးများအား ယဉ်ကျေးမှုကို ဆက်ခံထိန်းသိမ်းသူများအဖြစ် ယူဆခြင်းသည် အမျိုးသမီးများအား မျိုးပွားသတ္တဝါများအဖြစ် အဓိကပုံဖော်ထားသည့် ကျား၊ မ ရေးရာ စံနှုန်းများနှင့် အခိုင်အမာဆက်စပ်နေပါသည်။ ၎င်းသည် အမျိုးသမီးများကို နှိမ့်ချဆက်ဆံသည့် အလေ့အထများကို နားလည်အောင် ကြိုးစားရာတွင် အခြေခံမှု တစ်ခု ဖြစ်ပါသည်။ အမျိုးသမီးများအား ယဉ်ကျေးမှု စောင့်ထိန်းရန် တာဝန်ရှိသည်ဟု တစ်ဖက်သတ် ပြောဆိုနေခြင်းသည် အမျိုးသမီးများအပေါ် အမျိုးသားများ၏ လွှမ်းမိုးမှုကို တရားမျှတကြောင်း ပြသရန်၊ အမျိုးသမီးများ၏ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ကန့်သတ်တားမြစ်ရန် နှင့် ထိုမှတစ်ဆင့် ၎င်းတို့၏ လူမှုရေး၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများကို ကန့်သတ်တားမြစ်ခြင်း ဖြစ်သည့်အပြင် အမျိုးသမီးများအား လူမျိုးခြား သို့မဟုတ် ဘာသာခြားနှင့် လက်ထပ်ခြင်းကို ဟန့်တားခြင်းအားဖြင့် ၎င်းတို့၏ မ သဘာဝနှင့် အိမ်ထောင်ဖက် ရွေးချယ်မှုကို ထိန်းချုပ်ရန် နှင့် အမျိုးသားများ၏ ကာကွယ်မှု လိုအပ်သည်ကို အကြောင်းပြချက်ပေးရန်တို့အတွက် ဖြစ်ပါသည်။ ဖြစ်လာနိုင်သည့် အကြမ်းဖက်မှုများ၊ အထူးသဖြင့် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုနှင့် အဓမ္မပြုကျင့်ခြင်းစသည့် အန္တရာယ်များသည် အပြုအမူဆိုင်ရာ စံနှုန်းများကို လိုက်နာလာစေရန် တွန်းအားပေးနေပါသည်။ စံနှုန်းနှင့်ကိုက်ညီသည့် ဝတ်စားဆင်ယင်မှုနှင့် အပြုအမူများကို မလိုက်နာသည့် အမျိုးသမီးများအနေဖြင့် မတော်မတရား ပြုခံရသည့်အခါ ထိုအန္တရာယ်များကို အလေးမထား၊ ဂရုမစိုက်ခြင်းကြောင့်ဟု အပြစ်တင်ခံကြရပြီး၊ ကျူးလွန်ခံရသူအား အပြစ်ဖို့သည့် အလေ့အထကို ထပ်လောင်း အားဖြည့်ကြပါသည်။

၃.၄ ဗုဒ္ဓဘာသာဝင် သီလရှင်များ၏ အခန်းကဏ္ဍ

မြန်မာ့လူ့အဖွဲ့အစည်းတွင် နားလည်ရခက်သည့် အနေအထားနှင့် လောကီနှင့် လောကုတ္တရာအကြား ဟန်ချက်ညီညီရှိနေသည့် ဗုဒ္ဓဘာသာဝင် သီလရှင်များ၏ အခန်းကဏ္ဍနှင့် အဆင့်အတန်း အကြောင်းကို ဟီရိုကိုကာဝါနာမိ (ကာဝါနာမိ၊ ၂၀၀၁) က ရေးသားခဲ့ပါသည်။ သီလရှင်များတွင် အဆင့်မြင့် ဗုဒ္ဓဘာသာကျမ်းဂန်များကို လေ့လာရန် အခွင့်အလမ်း အလွန်နည်းပါးပါသည်။ ၁၃ရာစုမှစတင်၍ ဘုန်းတော်ကြီးများအား အခွင့်အာဏာအပ်နှင်းထားသည့် သံဃာ့အဖွဲ့အစည်း၏ ပြင်ပတွင် သီလရှင်များအား ထားရှိခဲ့ပါသည်။ သီလရှင်များသည် ၎င်းတို့၏ နိစ္စဓူဝ လိုအပ်ချက်များအတွက် လုံလောက်သော လှူဒါန်းမှုများရရှိနိုင်ရန် ၎င်းတို့တစ်ဦးချင်းစီ၏ စာပေကျမ်းဂန် တတ်မြောက်မှုနှင့် ၎င်းတို့ သီလရှင်ကျောင်းများ၏

[၂၃]။ ဗဗဗ လှုပ်ရှားမှုသည် မွတ်စလင်စီးပွားရေးလုပ်ငန်းများကို သပိတ်မှောက်ပြီး ဗုဒ္ဓဘာသာဝင်များ၏ စီးပွားရေးလုပ်ငန်းများတွင် မွတ်စလင်များအား ဝန်ဆောင်မှုမပေးသည့် အမျိုးသားရေးလှုပ်ရှားမှုတစ်ရပ် ဖြစ်ပါသည်။ ထိုလှုပ်ရှားမှုသည် ဗုဒ္ဓဘာသာဝင်အများစုနေထိုင်သည့် မြန်မာနိုင်ငံတွင် အစ္စလာမ်ဘာသာပြန့်ပွားရေးကိုဆန့်ကျင်ခြင်း ဖြစ်ပါသည်။
[၂၄]။ နောက်ဆက်တွဲ (၂) တွင် ပါရှိသည့် ဖြစ်စဉ်လေ့လာချက် ၁ တွင် ဤဖြစ်စဉ်ကို ကျား၊ မ ရေးရာ ရှုထောင့်မှ ဆွေးနွေးတင်ပြထားပါသည်။

ဂုဏ်သတင်းအပေါ် မှီခိုကြရပါသည်။ ဇနီးနှင့် မိခင်များအဖြစ် အိမ်ထောင်မှု တာဝန်များကို ထမ်းဆောင်ရမည်ဆိုသည့် အမျိုးသမီးများအတွက် သတ်မှတ်ချက်များကို လိုက်နာခြင်းမရှိသည့်အတွက် သီလရှင်များအား အထင်အမြင်သေးကြ၊ သနားကြသော်လည်း၊ ရဟန်းတော်များ အိမ်ထောင်မပြုခြင်းကို ဘာသာရေးအရ မြင့်မြတ်သည့် သင်္ကေတအဖြစ် ရှုမြင်ကြပါသည်။

လေ့လာမှုတွင် ပါဝင်သူများနှင့် သီလရှင်များ၏အခြေအနေကို ဆွေးနွေး ရာတွင် သီလရှင်များသည် သာမန်အမျိုးသမီးများနည်းတူ ကန့်သတ်ချက် အများအပြားနှင့် ရင်ဆိုင်ကြုံတွေ့ရသည်ဆိုသည့် လိင်မှုဆိုင်ရာအခြေပြု အထက်အောက်ဆက်ဆံရေး ရုပ်ပုံကားချပ်ကို တွေ့ရှိရပါသည်။ သီလရှင်ဘဝတွင်ပင် အမျိုးသမီးများ၏ မျိုးဆက်ပွားမှုဆိုင်ရာ စံနှုန်းများမှ မလွတ်မြောက်နိုင်ကြပါ။

ဘာသာရေးအရ ကလေးတွေအပေါ်မှာ မိခင်ရဲ့ကျေးဇူးက ပိုကြီး ပါတယ်။ ဖခင်တွေ ဘယ်လောက်ပဲ ကြိုးစားကြိုးစား၊ မိခင်ရဲ့ နို့တစ်လုံးဖိုးပဲ မီနိုင်တယ်။ ဒါဟာ ကလေးတွေကို မွေးဖွားပြုစုတဲ့ နေရာမှာ အမျိုးသမီးတွေရဲ့ သာလွန်မှုကိုပြတာပါ။ အခုဆိုရင် ကမ္ဘာကြီးမှာ အပြောင်းအလဲတွေ ဖြစ်နေပါတယ်။ အမျိုးသားတွေကို မေးရင် တန်းတူအခွင့်အရေးကို သူတို့လက်ခံတယ်လို့ ပြောလိမ့်မယ်။ ဒါပေမဲ့ စိတ်ထဲကတော့မဟုတ်ဘူး။ သူတို့က ပိုမြင့်မြတ်တယ်လို့ ယူဆထားကြတယ်။ ဒီလို အခြေအနေကို အမျိုးသားတွေကလက်ခံပေမယ့် အမျိုးသမီးတွေကိုမေးကြည့်ရင် ဒါကို လက်ခံကြမှာမဟုတ်ဘူး။ အမျိုးသားတွေက ရဟန်းဝတ်လို့ရတယ်။ အမျိုးသမီးတွေကလည်း (အဲဒီတုန်းက) ဗုဒ္ဓဘုရားရှင်ဆီမှာ သာသနာ့ဘောင် ဝင်ခွင့်တောင်းတာ ဗုဒ္ဓကလက်ခံခဲ့တယ်။ ရဟန်းတော်တွေမှာ ဝိနည်းတွေအများကြီးရှိပေမယ့် သီလရှင်တွေမှာတော့ 'ရှစ်'ပါးသီလပဲ ရှိတယ်။ ဗုဒ္ဓဘုရားရှင်က သီလရှင်တွေကို လက်ခံခွင့်ပြုခဲ့ပေမယ့် တန်းတူအခွင့်အရေး မပေးခဲ့ပါဘူး။ သူ့ကို ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ မိထွေးတော်ဂေါတမီက တောင်းဆိုခဲ့လို့သာ အမျိုးသမီးတွေကို သီလရှင်ဝတ်ခွင့်ပြုခဲ့တာပါ။ အဲလိုမှ မဟုတ်ရင် ဘုရားရှင်က လက်ခံခဲ့မှာမဟုတ်ပါဘူး။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ယဉ်ကျေးမှုအရာရှိတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

အရင်က သီလရှင်ကျောင်းတွေမှာ သီလရှင်ငယ်လေးတွေကို အပြင်ထွက်ခွင့် မပေးဘူး။ အဲဒီသီလရှင်လေးတွေ အန္တရာယ်တစ်ခုခုဖြစ်မှာ စိုးလို့။ ပြီးခဲ့တဲ့ သီတင်းကျွတ်[၂၅] တုန်းက သီလရှင်ငယ်လေးတွေကို အပြင်ပေးထွက်လိုက်တာ အတော်နောက်ကျမှ ကျောင်းကို ပြန်ရောက်တယ်။ အုပ်ထိန်းသူမပါဘဲ သူတို့ အပြင်ထွက်ကြတာ။ ကျောင်းအုပ်သီလရှင်ဆရာမကြီးက နောက်ကျတဲ့အတွက် သူတို့ကို ဆူပြီး ကိုယ်ဝန်ရသွားလိမ့်မယ်လို့ သတိပေးတယ်။ ကောင်မလေးတွေ ညဘက် အပြင်ထွက်တဲ့အခါ တစ်ခုခု ဆိုးဆိုးရွားရွားဖြစ်မှာ အရမ်းကို စိုးရိမ်ကြတာဟာ ကျွန်မတို့ရဲ့ယဉ်ကျေးမှုပါပဲ။ သီလရှင်ငယ်လေးတွေက သူတို့ဘာမှ မဟုတ်တာမလုပ်ခဲ့ကြောင်း၊ ကိုယ်ဝန်ရစရာလည်း အကြောင်းမရှိဘူးလို့ ပြောကြတယ်။ ဘုရားကိုပဲသွားတာလို့ သူတို့ကပြောတယ်။ ကျွန်မတို့ရဲ့ယဉ်ကျေးမှုမှာ အမျိုးသမီးတွေကို တားမြစ်ထားတဲ့ ကန့်သတ်ချက်တွေ အများကြီးရှိတယ်။ ဒီတော့ အသစ်အဆန်းတွေဆို သူတို့သွားမစမ်းရဲဘူး။ ဒီစံနှုန်းတွေက မိန်းကလေးတွေအတွက်ပဲ။ အိမ်ပြန်နောက်ကျရင်ပဲဖြစ်ဖြစ်၊ အပြင်ထွက်ရင်ပဲဖြစ်ဖြစ် မသမာတဲ့ တစ်ယောက်ယောက်က ကိုယ်ဝန်ရအောင် လုပ်နိုင်တယ်။ ဒီတော့ သီလရှင်ဆိုတာကိုလည်း မိန်းကလေးတစ်ယောက်လိုပဲ မြင်ကြတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာကျွမ်းကျင်သူတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ဘာသာရေးစာပေများအား ကိုးကားအဓိပ္ပာယ်ဖွင့်ဆို၍ ရဟန်းတော်များနှင့် နှိုင်းယှဉ်လျှင် သီလရှင်များအကြား အဆင့်အတန်းအားဖြင့် မတူညီခြင်းကို တရားသည်ဟု အချို့ကမြင်ကြသော်လည်း အချို့ကမူ ဘာသာတရားများကို ထိန်းသိမ်းစောင့်ရှောက်သည့် လူ့အဖွဲ့အစည်း၏ အခန်းကဏ္ဍကို အလေးပေးထောက်ပြကြပါသည်။

အမျိုးသားတွေက ရဟန်းပြုပြီး သာသနာကို အလုပ်အကျွေးပြုလို့ရတယ်။ ဒီတော့ သာသနာကို အလုပ်အကျွေးပြုနိုင်တဲ့ အမျိုးသားတွေနဲ့ အလုပ်အကျွေးမပြုနိုင်တဲ့ အမျိုးသမီးတွေဟာ အဆင့်အတန်းအားဖြင့် ဘယ်တူမလဲ။ အမျိုးသားတွေမှာ ဒီလိုအခွင့်အရေးတွေရှိတဲ့အတွက် ပိုပြီးမြတ်တယ်။ ဒါက ဘာသာတရားက သင်ကြားဆုံးမထားတာတော့ မဟုတ်ပါဘူး။ လူ့အသိုင်းအဝိုင်းမှာ သူ့အလိုလိုဖြစ်လာတာပဲ။ ဘာသာရေးအပေါ် မူတည်ပြီး လူတွေက ဒါကိုလက်ခံကျင့်သုံးကြတာပါ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ဗုဒ္ဓဘာသာရဟန်းတစ်ပါးနှင့် တွေ့ဆုံမေးမြန်းခြင်း)

သီလရှင်များအပေါ် ရဟန်းသံဃာများကအားပေးမှုနှင့် လေးစားမှုမရှိခြင်း နှင့် ရဟန်းသံဃာများနှင့် သီလရှင်များအကြား တင်းကျပ်သော လိင်မှုဆိုင်ရာ အခြေပြု အထက်အောက်ဆက်ဆံရေးများ ရှိနေခြင်းတို့ကို လေ့လာမှုတွင်ပါဝင်သူများက ပြောပြကြပါသည်။ ထို့အပြင် လိင်မှုဆိုင်ရာ အနှောင့်အယှက်ပေးမှုနှင့် မဖွယ်မရာပြုမှု၊ အထူးသဖြင့် သာမန် အမျိုးသားများက သီလရှင်ငယ်များအပေါ် ကျူးလွန်မှုများရှိကြောင်း သိရှိရပါသည်။ သီလရှင်များကိုယ်တိုင် ဘာသာရေးနယ်ပယ်၏ အတွင်း၊ အပြင် နှစ်ခုစလုံးတွင် နိမ့်ကျသည့်အနေအထားတွင် ရှိနေသည်ကို လက်ခံထားရသည့် ပုံရိပ်ဖြစ်ပါသည်။

မတူပါဘူး။ အမျိုးသားနဲ့အမျိုးသမီးတွေမှာ အလေ့အထတွေ မတူကြပါဘူး။ ဥပမာ- ဆရာလေးတို့ ပြည်နယ်မှာဆို ပိုသိသာပါတယ်။ မွန်သီလရှင်တွေကို ဘုန်းကြီးကျောင်းရဲ့သိမ်ထဲကို ပေးမဝင်ကြဘူး။ ဒီ တားမြစ်ချက်ဟာ ယဉ်ကျေးမှုကဖြစ်လာတာပါ။ ဗုဒ္ဓရဲ့အဆုံးအမ မဟုတ်ဘူး။ အမျိုးသမီးတွေ သိမ်ထဲမဝင်ရဘူးဆိုတဲ့ တားမြစ်ချက်က ဘယ်ကျမ်းဂန်ထဲမှာမှ ရေးမထားပါဘူး။ အမျိုးသား၊ အမျိုးသမီးတွေနဲ့ ပတ်သက်ပြီး တိကျတဲ့အချက်အလက်တို့၊ ရှင်းလင်းချက်တို့ မရှိပါဘူး။ ဒ့ီအပြင် အမျိုးသမီးတွေက မသန့်ရှင်းဘူး (ရာသီသွေးဆင်းခြင်းကြောင့်) လို့ ပြောထားတာဘာမှမရှိဘူး။ နောက်တစ်ချက်က စေတီပုထိုးအများစုမှာ အမျိုးသမီးတွေကို ကန့်သတ်ထားတာရှိတယ်။ ထိုင်းတို့၊ သီရိလင်္ကာတို့၊ အိန္ဒိယတို့မှာ ကျား၊ မ မရွေး သွားလို့ရတယ်။ ဘာကန့်သတ်ချက်မှ မရှိဘူး။ ဒါပေမဲ့ မြန်မာနိုင်ငံမှာ ခြွင်းချက်အနေနဲ့ ဒီအတိုင်း မကျင့်သုံး ကြဘူး။ ဒီကန့်သတ်ချက်တွေကို ဗုဒ္ဓကချမှတ်ထားတာ မဟုတ်ဘဲ ယဉ်ကျေးမှုအရ ရှိနေတယ်ဆိုတာ သိသာပါတယ်။ ဓလေ့ထုံးစံအရ

၂၅။ ဗုဒ္ဓဘာသာဝင်တို့၏ ဝါကျွတ်အထိမ်းအမှတ်အဖြစ် နှစ်စဉ် ကျင်းပသည့် မီးထွန်းပွဲတော်။

ဒါဟာ အမျိုးသားနဲ့ အမျိုးသမီးကြား ခွဲခြားထားတယ်ဆိုတာ အတော်ရှင်းပါတယ်။ မြန်မာနိုင်ငံမှာ အမျိုးသားနှင့် အမျိုးသမီးကြား တန်းတူညီမျှဖြစ်တယ်ဆိုတာ ထောက်ပြဖို့ အတော်ခက်ပါတယ်။ ဆိုလိုတာက ဗုဒ္ဓဘုရား သက်တော်ထင်ရှားရှိစဉ်က အမျိုးသားတွေ ရဟန်းပြုခွင့်ရသလို အမျိုးသမီးတွေလည်း ဘိက္ခုနီ[၂၆] ဝတ်ခွင့်ရပါတယ်။ ဗုဒ္ဓဘုရားရှင်သီတင်းသုံးရာနေရာမှာ အမျိုးသမီးတွေ ကြမ်းတစ်ပြေးတည်း ထိုင်ခွင့်ရှိခဲ့ပါတယ်။ သဘောကတော့ အဲဒီခေတ်မှာတုန်းက တန်းတူအခွင့်အရေးရှိခဲ့တယ်။ ဘာသာရေးစာပေတွေမှာ ရဟန်းသံဃာတွေက ဗုဒ္ဓရဲ့လက်ယာဘက်မှာထိုင်ပြီး သီလရှင်တွေက လက်ဝဲဘက်မှာထိုင်တယ်။ အဲဒီတုန်းက တန်းတူညီမျှ အခွင့်အရေးရှိခဲ့တယ်ဆိုတဲ့ သဘောပေါ့။ ကျောက်စာတွေအရလည်း ဗုဒ္ဓဘုရားရှင်က အမျိုးသား၊ အမျိုးသမီးသာတူညီမျှ ဆက်ဆံခဲ့တာ ထင်ရှားပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ဗုဒ္ဓဘာသာသီလရှင်တစ်ပါးနှင့် တွေ့ဆုံမေးမြန်းခြင်း)

ဘာသာရေးအလွန်ကိုင်းရှိုင်းသည့် ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးများသည် ပညာသင်စရိတ် အပါအဝင် ရဟန်းသံဃာများကိုသီလရှင်များထက် ပို၍လှူဒါန်းကြသည်ဟု ဖော်ပြထားပါသည်။ သီလရှင်များအနေဖြင့် အဆင့်မြင့် စာပေကျမ်းဂန်များကို လေ့လာရန်အခက်အခဲများ ရှိကြပြီး၊ ရဟန်းသံဃာတော်များလောက် ၎င်းတို့အပေါ်တန်ဖိုးမထားခြင်းကြောင့် ဖြစ်သည်ဟု ဖော်ပြထားပါသည်။ သို့ရာတွင်အဆင့်မြင့် စာပေကျမ်းဂန်များ လေ့လာရာတွင် တန်းတူအခွင့်အရေးမရှိခြင်းနှင့် စပ်လျဉ်း၍ သံဃာတော်တစ်ပါးအား တွေ့ဆုံမေးမြန်းရာ၊ ဤကိစ္စရပ်များသည် လုပ်ထုံးလုပ်နည်းသာဖြစ်၍ အရေးမကြီးကြောင်းနှင့်ခွဲခြားဆက်ဆံခြင်းဟု မယူဆသင့်ကြောင်း မိန့်ကြားခဲ့ပါသည်။ ခွဲခြားဆက်ဆံမှုရှိကြောင်း အမျိုးသမီးများ၏ ပြောကြားချက်များအား ဤသို့သေးသိမ်စေခြင်းသည် သာမန်အမျိုးသားနှင့် အမျိုးသမီးများအကြားခွဲခြားဆက်ဆံမှုများ ရှိနေခြင်းကို အမှန်တကယ် ထင်ဟပ်နေပါသည်။

အရင်တုန်းက သီလရှင်ဆိုတာမရှိဘူး။ ပြီးတော့ ရှေ့တန်းကပါခဲ့တာလည်းမရှိဘူး။ သီလရှင်ဝတ်ပြီး ဇရပ်မှာ အေးအေးချမ်းချမ်းနေခဲ့ကြတယ်။ ပရိယတ္တိ[၂၇] ကို လေ့လာရမယ်ဆိုတာလည်း မသိခဲ့ကြဘူး။ ရဟန်းတော်တေရဲ့ ဝေယျာဝစ္စတွေကို လုပ်ပေးကြတယ်။ အဲဒါကအစပိုင်းမှာပေါ့။ ဒါကြောင့် ရဟန်းတော်တွေဟာ အဓိကဘာသာရေးခေါင်းဆောင်တွေဖြစ်ပြီး၊ စာမေးပွဲတွေရှိလာတဲ့အခါ အဲဒီစာမေးပွဲတွေကလည်း ရဟန်းတော်တွေအတွက် ရည်ရွယ်တယ်။ စာမေးပွဲစည်းမျဉ်းတွေကလည်း သံဃာတော်တွေအတွက်ပဲ။ နောက်ပိုင်းမှာသီလရှင်တွေက သံဃာတော်တွေရဲ့ ဝေယျာဝစ္စတွေ မလုပ်တော့ဘဲသိက္ခာပုဒ်နဲ့အညီ နေလာခဲ့ကြတယ်။ ပရိယတ္တိစာပေတွေကိုသူတို့ဘာသာ လေ့လာကြတဲ့အခါ လေ့လာတယ်၊ ပြီးတော့ ပြန်သင်ပေးဖို့ဖြစ်လာတယ်။ ဒီလိုနဲ့ ဒီစာမေးပွဲတွေကိုဖြေဖို့ စဉ်းစားလာကြတယ်။ သူတို့ စာမေးပွဲဝင်ဖြေချင်တဲ့အချိန်မှာ စာမေးပွဲစည်းမျဉ်းတွေကချထားပြီးသားဖြစ်နေပြီ။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဖို့ အမျိုးသားရော၊ အမျိုးသမီးရော ကျင့်ကြံနိုင်တယ်၊ ကျင့်လည်း ကျင့်ကြံကြတယ်။ စာမေးပွဲတွေနဲ့ ပတ်သက်ပြီး ဘာမှပြောစရာမရှိဘူး။ ဒီစာမေးပွဲတွေကမဂ်ဉာဏ် ဖိုလ်ဉာဏ်ထက် ပိုမြင့်မြတ်နေလို့လား။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဖို့တောင် သူတို့ကျင့်ကြံနိုင်သေးရင်၊ စာမေးပွဲဖြေဖို့ သူတို့မှာအခွင့်အရေးဘာလို့မရှိရမှာလဲ။ သူတို့ အဲဒီစာမေးပွဲတွေ ဖြေလို့မရဘူးဆိုတာ စာစစ်ဌာနက ထုတ်ထားတဲ့ စည်းမျဉ်းတွေကြောင့်ပါ။ သူတို့ ဒီလိုစာမေးပွဲတွေဖြေချင်တယ်ဆိုရင် သူတို့ကိုယ်တိုင် ကော်မတီဖွဲ့ပြီး စာမေးပွဲတွေကျင်းပလို့မရဘူးလား။ ဒီစာမေးပွဲတွေကို ဖြေခွင့်ရမှ ပိုကောင်းတယ်လို့သူတို့က ထင်နေတာလား။

(အဓိကသတင်းအချက်အလက်ပေးနိုင်သူ ဗုဒ္ဓဘာသာရဟန်းတော်တစ်ပါးနှင့် တွေ့ဆုံမေးမြန်းခြင်း)

ဖြစ်လေ့ရှိသည့်အတိုင်း စံနှုန်းများ၏ အပြင်ဘက်သို့ လှမ်းထွက်ကြည့်လျှင်၎င်းတို့ကို မြင်နိုင်ပါသည်။ ဤသည်ကို ဘာသာရေးအရ ရှိနေသည့်ကျား၊ မ ရေးရာ စံနှုန်းများကို ကျော်လွန်၍ သီလရှင်များကို ပို၍ရိုသေလေးစားရန် ကြိုးစားကြသည့် သာမန်ပြည်သူများ ကြုံတွေ့ကြရပါသည်။ ၎င်းတို့ ကြုံတွေ့ရသည့် ပတ်ဝန်းကျင် လူ့အဖွဲ့အစည်း၏ခုခံတွန်းလှန်မှုသည် အမျိုးသားနှင့် အမျိုးသမီးများကြား ပိုင်းခြားထားသည့် နယ်နိမိတ်စည်းများ၏ အားကောင်းခိုင်ခံ့မှုနှင့် ဘာသာရေးနယ်ပယ်တွင်လည်း အလားတူဖြစ်သည်ကို ပြသနေပါသည်။

ပြီးခဲ့တဲ့ ဝါတွင်းသုံးလတုန်းက ရဟန်းသံဃာတွေကို ကျွန်မတို့မြန်မာလူမျိုးတွေ ဝါဆိုသင်္ကန်းကပ်တဲ့ ကာလပေါ့။ ကျွန်မအိမ်နားကဆိုက်ကားသမားတွေနဲ့ ကျွန်မတို့ အလှူခံထွက်တယ်။ ကျွန်မရဲ့စိတ်ကူးက သီလရှင်တွေကိုလည်း တစ်ချိန်တည်းလှူမယ်၊ သီလရှင်တွေအတွက် ဝတ်ရုံလှူမယ်ဆိုပြီးပေါ့။ လူတွေက တကယ့်ကိုလှိုက်လှိုက်လှဲလှဲ လှူကြတယ်။ မြေနီကုန်းသီလရှင်ကျောင်းအတွက်ဝတ်စုံ ၁၂၄စုံကျော် ရတယ်။ လှူမယ့်နေ့မှာ သီချင်းတွေ၊ ပဒေသာပင်တွေ အပြင်အဆင်တွေနဲ့ပေါ့။ ဒါပေမဲ့ အဲဒီရပ်ကွက်ဘုန်းကြီးကျောင်းက ကျောင်းထိုင်ဆရာတော်က လမ်းထဲမှာသီလရှင်ဝတ်စုံတွေနဲ့ ဒီလို ပဒေသာပင် မလှည့်ရဘူးလို့ ကျွန်မတို့ကိုမိန့်တယ်။ ဒါနဲ့ ကျွန်မတို့လည်း သင်္ကန်း ၃ စုံနဲ့ သီလရှင်ဝတ်စုံ ၂ မျိုး ပဒေသာပင်မှာ ဆင်တယ်။ ဒါပေမဲ့ ဘုန်းကြီးတွေက ဒါတွေကိုပဒေသာပင်မှာ ချိတ်ပြီးမပြဖို့နဲ့ ရပ်ကွက်ထဲမှာ မလှည့်ဖို့ အပြင်းအထန်ကန့်ကွက်ကြတယ်။ ဒါကြောင့် ကျွန်မတို့လည်း သီလရှင်ဝတ်စုံတွေကိုအိမ်မှာထားခဲ့ပြီး တခြားလှူဖွယ်ပစ္စည်းတွေကို ဘုန်းကြီးကျောင်းကိုလှူလိုက်တယ်။ အဲဒီမှာ ဆရာတော်က စိတ်ဆိုးပြီး ‘မင်းတို့ ဒါဘာလုပ်တာလဲ’ ဆိုပြီး တခြားလူတွေရှေ့မှာ အလွန်ပြင်းထန်တဲ့စကားလုံးတွေနဲ့ ကျွန်မတို့ကို အပြစ်တင်တယ်။ နောက်တော့ကျွန်မ သာသနာ့တက္ကသိုလ်ကို ဖုန်းဆက်တယ်။ ကျွန်မမှာသာသနာ့တက္ကသိုလ်[၂၈]က ကထိကဆရာတော်တစ်ပါးရဲ့ ဖုန်းနံပါတ်ရှိပါတယ်။ ဒါကြောင့် သူ့ကို ဖုန်းဆက်ပြီး ‘ကျွန်မတို့ ဘုန်းကြီးတွေနဲ့သီလရှင်တွေကို အတူတူလှူချင်ပါတယ်။ ပဒေသာပင်မှာ ဒီလိုအပြင်အဆင်တွေ လုပ်ပါတယ်။ ဒီအပေါ်မှာ ဗုဒ္ဓရဲ့ အမှန်တကယ်မိန့်ကြားချက်က ဘယ်လိုပါလဲ’လို့ ကျွန်မမေးကြည့်ပါတယ်။ အဲဒီမှာကထိကချုပ် ဆရာတော်က ‘ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ဒကာမကြီးတို့လှူချင်တဲ့သူကို လှူနိုင်ပါတယ်။ ပဒေသာပင်ကိုလည်း ဒကာမကြီးတို့ကြိုက်သလို လုပ်နိုင်ပါတယ်။ ဒကာမကြီးတို့ရဲ့ ဆန္ဒအပေါ်မှာပဲ မူတည်ပါတယ်’လို့ ကျွန်မတို့ကို မိန့်ပါတယ်။ ဒါကြောင့် ဒါဟာ ခွဲခြားဆက်ဆံမှုဖြစ်ပြီး ဗုဒ္ဓရဲ့အဆုံးအမတွေကို လွဲမှားစွာမှတ်ယူထားခြင်း ဖြစ်ပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီးခေါင်းဆောင်၂ နှင့်တွေ့ဆုံမေးမြန်းခြင်း)

၂၆။ အမျိုးသမီးများ သာသနာ့ဘောင်ဝင်ခြင်း။
၂၇။ ထေရဝါဒ ဗုဒ္ဓဘာသာတွင် ပရိယတ္တိ ဆိုသည်မှာ ဗုဒ္ဓ၏ ကျမ်းဂန်များအား စုစည်းထားသည့် သုတ္တန်ပါဠိပိဋကတ်များတွင် ပါရှိသည့် ဗုဒ္ဓ ဓမ္မ တရားတော်များအား လေ့လာခြင်း ဖြစ်ပါသည်။
၂၈။ သာသနာ့တက္ကသိုလ်ဆိုသည်မှာ ဘာသာရေးဆိုင်ရာများ သင်ကြားသည့် တက္ကသိုလ်ဖြစ်ပါသည်။

နှစ်ခြင်းခရစ်ယာန်ဘာသာဝင်တွေအနေနဲ့ အရင်ကထက်ပိုပြီး အမျိုးသမီးတွေကို သင်းအုပ်ဆရာမတွေအဖြစ် သာသနာပြုခွင့်ပေးထားပါတယ်။ ကိန်းဂဏန်းအရဆိုရင် ကရင်ပြည်နယ်မှာ သင်းအုပ်ဆရာ ၉၇၄ ယောက်မှာ တစ်ပါးက အမျိုးသမီးဖြစ်တယ်။ ကချင်မှာ ၅၆၉ပါးမှာ တစ်ပါးမှမဖြစ်ဘူး။ ချင်းမှာ အပါး ၃၀၀ကျော်မှာ ၁၁ပါး၊ ပိုးကရင်မှာ အပါး၁၀၀ကျော်မှာ ၂ပါး၊ ဗမာမှာ ၁၁၆ပါးမှာ ၃ပါး၊ လားဟူမှာ အပါး၉၀မှာ ၃ပါး၊ လီဆူးမှာ ၁၃၇ပါးမှာ ၄ပါး၊ ရှမ်းပြည်နယ်မြောက်ပိုင်း(လားရှိုး)မှာ ၇၁ပါးမှာ ၄ပါး၊ ရှမ်းပြည်နယ် ရွှေလီ(မူဆယ်၊ နမ့်ခမ်း)မှာ ၁၅ပါးမှာ ၁ပါး၊ ဝ၊ မွန်၊ ရခိုင်၊ နာဂမှာ မရှိဘူး၊ တီးတိန် ချင်းမှာ ၁ပါးနဲ့ အရှိုချင်းမှာ ၄ပါး မှတ်တမ်းရှိပါတယ်။ စုစုပေါင်းဆိုရင် ၂၇၄၇ပါးမှာ ၄၁ပါး ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၁၅% ဆိုတော့ အတော်လေး နည်းနေပါသေးတယ်။ တန်းတူညီမျှရေးဆိုပြီး တဖွဖွပြောနေကြတာတောင် စာရင်းအရဆိုရင် ဖြည့်ရမယ့်ကွက်လပ်တွေ ရှိနေသေးတာရှင်းပါတယ်။

(အမိက သတင်းအချက်အလက်ပေးနိုင်သူ ခရစ်ယာန်ဘာသာရေးခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

၃.၅ ဘုန်း၊ လေးစားမှုနှင့် အမျိုးသားများ မြင့်မြတ်သာလွန်မှု

အမျိုးသားများ မြင့်မြတ်သာလွန်မှုအယူအဆ၏ အခြေခံသည် 'ဘုန်း' ရှိသည်ဟု ယူဆခြင်းဖြစ်ပါသည်။ 'ဘုန်း'ဆိုသည်မှာ အမျိုးသားများအား ပိုမိုမြင့်မားသော အခွင့်အာဏာနှင့် အဆင့်အတန်းကိုပေးသည့် သဘာဝအလျောက်ဖြစ်၍ ဆုပ်ကိုင်ပြ၍မရသည့် ကိုယ်ရည်ကိုယ်သွေး ဖြစ်ပါသည်။ မြန်မာနိုင်ငံကဲ့သို့ ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားသည့် လူ့အဖွဲ့အစည်းများတွင် ဘာသာရေး အဆင့်အတန်းအားဖြင့် အမျိုးသမီးများသည် 'ဘုန်း'အရ အမျိုးသားများထက် နိမ့်ကျသည်ဟု သတ်မှတ်ထားပါသည်။ လူ့အဖွဲ့အစည်းနှင့် ယဉ်ကျေးမှုအလေ့အထများတွင် ၎င်းကို အားဖြည့်ထင်ဟပ်ထားပါသည်။ (သန်းသန်းနွယ်၊ ၂၀၀၃)

> အမျိုးသားတွေပဲ ဘုရားဖြစ်နိုင်တယ်၊ အမျိုးသမီးတွေက မဖြစ်နိုင်ဘူး။ အမျိုးသမီးတွေက တိုက်ရိုက် ဘုရားဆုပန်လို့မရဘူး။ ဒါဟာ ဘာသာရေး၊ လူမှုရေးရှုထောင့်အရ အမျိုးသမီးတွေဟာ ဒုတိယတန်းစား လိင် ဖြစ်တယ်ဆိုတဲ့ သဘောပါပဲ။ ဒါတွေဟာ ရှေးကတည်းက ရှိခဲ့တဲ့ အစဉ်အလာတွေ၊ ဆိုရိုးတွေပါ။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ ကရင်အမျိုးသမီးခေါင်းဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

> အမျိုးသားတွေက ပဉ္ဇင်းတက်တဲ့အခါ သင်္ကန်းကိုခြုံလိုက်ခြင်းအားဖြင့် ဗုဒ္ဓရဲ့သားတော်တွေ ဖြစ်သွားတယ်။ နောက်တော့ သူတို့လုပ်သမျှ တင့်တယ်တယ်။
>
> (ကလောမြို့နယ်မှ အသက်၄၀နှစ်နှင့်အထက် ဓနုလူမျိုးဗုဒ္ဓဘာသာအမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ကာလကြာမြင့်စွာရှိနေခဲ့သည့် ယဉ်ကျေးမှုနှင့် ဘာသာရေးယူဆချက်များ၊ အထူးသဖြင့် အမျိုးသမီးများအား ဘာသာရေး၊ လူမှုရေးနှင့် နိုင်ငံရေး အင်စတီကျူးရှင်း (institution) များတွင် လုပ်ပိုင်ခွင့်ရှိသည့် ရာထူးများမရရှိစေရန် ဟန့်တားထားသည့် အမျိုးသားများ၏ မွေးရာပါ ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်ပိုင်ခွင့်အာဏာ စသည့် ယူဆချက်များသည် ' ဘုန်း' ဟူသော အယူအဆနှင့် ဆက်စပ်နေပါသည် (Oxfam, Action Aid and CARE, 2011)။ အိမ်ထောင်ကျစတွင် အမျိုးသားများအနေဖြင့် ၎င်းတို့၏လုပ်ပိုင်ခွင့်နှင့် ဩဇာအရှိန်အဝါကို ပြသရန်လိုအပ်ကြောင်း ဆွေးနွေးရာတွင် 'မယားနေစ ကြောင်သေမှ' စသည့် စကားပုံများကို ရည်ညွှန်းလေ့ရှိပါသည်။ အခြားသောဆိုရိုးများ၊ အယူအဆများနှင့် လူမှု အလေ့အထ အများအပြားသည်လည်း ဘာသာရေးနှင့် လောကီရေးရာ နှစ်မျိုးလုံးတွင် အမျိုးသားများ၏ 'ဘုန်း'ကို ထိန်းသိမ်းရန် လိုအပ်သည့် အကြောင်းများ ဖြစ်ပါသည်။

> ရွှေတိဂုံဘုရားကိုသွားပြီး အထက်ပစ္စယံတွေပေါ် တက်မယ်ဆိုရင် အမျိုးသမီးတွေကို တက်ခွင့်မပေးဘူး။ သူတို့က အမျိုးသားတွေထက် နိမ့်ကျလို့ပဲ။ တချို့ဘုရားတွေမှာ အမျိုးသားတွေက စေတီပေါ်အထိ တက်သွားလို့ရပေမယ့် အမျိုးသမီးတွေကမရဘူး။ ကျိုက်ထီးရိုးဘုရား မှာလည်း အတူတူပဲ။ ဒါဟာ ဘာသာရေးအယူအဆပဲ။ ဒီလို အတွေးအခေါ်မျိုးက ဟိုးခေတ်ကတည်းကရှိတယ်။ ဆိုရိုးတစ်ခုရှိတယ်၊ အမျိုးသားတွေဝတ်တဲ့ လုံချည်က ၃ကိုက်ခွဲရှိတယ်၊ အမျိုးသမီးတွေရဲ့ လုံချည်က ၂ကိုက်ပဲရှိတယ်။ ဒါဟာ နိမ့်ကျမှုကိုပြတယ်။ နောက်ထပ် ဆိုရိုးတစ်ခု ရှိသေးတယ်၊ အမျိုးသမီးက အမျိုးသားရဲ့ဘယ်ဘက်မှာ အိပ်ရမယ်တဲ့။ အမျိုးသားတွေဟာ အမျိုးသမီးတွေကို သူတို့ရဲ့ လက်မောင်းပေါ်မှာ ဘယ်တော့မှပေးမအိပ်ရဘူး။ အမျိုးသားတွေက ဘုန်းကြီးတဲ့အတွက် အမျိုးသမီးကို သူတို့ရဲ့လက်မောင်းပေါ် ပေးအိပ်လိုက်ရင် သူတို့ 'ဘုန်း' နိမ့်သွားလိမ့်မယ်။ အမျိုးသားတွေပဲ ဘုရား ဖြစ်နိုင်တယ်။ အမျိုးသမီးတွေ ဘယ်တော့မှ မဖြစ်နိုင်ဘူး။ အမျိုးသားတွေပဲ 'သိကြားမင်း' ဖြစ်နိုင်ပြီးတော့ အမျိုးသမီးတွေကတော့ 'နတ်'[၂၉] တွေ ဖြစ်နိုင်တယ်၊ ဘုရားငယ်တောင်မဖြစ်နိုင်ဘူး။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ ယဉ်ကျေးမှုအရာရှိတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

အမျိုးသားနှင့် အမျိုးသမီးများ၏ အဆင့်အတန်းကွာခြားမှု အယူအဆ၏ ရေသောက်မြစ်သည် အမျိုးသားများရဟန်းပြုခြင်းအားဖြင့်၊ နောက်ဆုံးတွင် သဗ္ဗညုတဉာဏ်အထိရနိုင်သည့် ကောင်းမှုကုသိုလ်ကို အမျိုးသမီးများက မရနိုင်ဟု ယုံကြည်ခြင်းဖြစ်ပါသည်။ အမျိုးသမီးတစ်ဦးအတွက် ထိုသို့ သဗ္ဗညုတဉာဏ်ရရှိရန်မှာ နောက်ဘဝတွင် အမျိုးသားအဖြစ် ပထမအဆင့် ပြန်လည်မွေးဖွားရမည် ဖြစ်ပါသည်။

> သမိုင်းစာပေတွေထဲမှာ အလွန်နာမည်ကြီးတဲ့ ဗန်းမော်ဆရာတော်ကြီးနဲ့ သီလရှင်မယ်ကင်းတို့ အပြန်အလှန် စကားစစ်ထိုးခဲ့ကြတာရှိတယ်။ အချေအတင်ပြောကြရင်းနဲ့ နောက်ဆုံးမှာ ဗန်းမော်ဆရာတော်ကြီးက ဝါကျတစ်ကြောင်းတည်းနဲ့ အနိုင်ရသွားတယ်။ သူ ပြောခဲ့တာက ' နင် ငါနဲ့ယှဉ်ချင်ရင် ငါ့ပေါင်ကြားကဟာကို နင့်ပေါင်ကြားရောက်အောင် အရင်လုပ်ဦး' 'ငါ့ပေါင်ကြားကဟာကို ရအောင် အရင်လုပ်ဦး'တဲ့။ ဒါဟာ မြန်မာနိုင်ငံမှာ အလွန်နာမည်ကြီးတဲ့ ဆိုရိုးတစ်ခုဖြစ်လာပြီး၊ သိတဲ့အတိုင်းပဲ လူတွေက အဲဒါကိုခဏခဏညွှန်းကြတယ်။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီးခေါင်းဆောင်၂ နှင့် တွေ့ဆုံမေးမြန်းခြင်း)

Belak (2002) ဖော်ပြခဲ့သည့်အတိုင်း 'ဘုန်း' ဟူသော အယူအဆသည် မြန်မာ့ယဉ်ကျေးမှုတွင် အများလက်ခံကြသည့် အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ 'ဘုန်း'နှင့် သက်ဆိုင်သော ယုံကြည်မှုများတွင် 'လူမှုရေးအရ နိမ့်ကျသူများ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများသည် ၎င်းတို့ထက် ပို၍ မြင့်မြတ်သူများ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများအပေါ်တွင် မည်သည့်အခါမှ မရှိစေရ' စသည်ဖြင့် ပါဝင်ပါသည်။ အမျိုးသားနှင့် အမျိုးသမီးများ မည်သို့ သွားလာရမည်၊ အိပ်စက်ရမည်၊ ထိုင်ရမည်၊ ဆေးကြောသန့်စင်ရမည်နှင့် အလုပ်လုပ်ရမည် စသည်တို့အပေါ် လွှမ်းမိုးထားသည့်အတွက် နိစ္စဓူဝ လုပ်ငန်းဆောင်တာများအပေါ် နက်ရှိုင်းစွာ သက်ရောက်စေပါသည်။ Belak ၏ တွေ့ရှိချက်များအတိုင်းပင် ဤအယူအဆနှင့် ဆက်စပ်နေသည့် အလေ့အထများနှင့် ရိုးရာဓလေ့အများအပြားကို ဗမာမဟုတ်သူများနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော လူမျိုးစုများတွင်လည်း အလားတူ လက်ခံ ကျင့်သုံးကြသည်ကို ဤလေ့လာမှုတွင် ထပ်မံအတည်ပြုနိုင်ခဲ့ပါသည်။

> အမျိုးသမီးနဲ့ အမျိုးသားတွေမတူပါဘူး။ အမျိုးသမီးတွေက သစ်ရွက်တွေ လိုပါပဲ။ အမျိုးသမီးတွေက အမျိုးသားတွေထက် ပိုပြီးမမြင့်မြတ်ပါဘူး။
>
> (ဒီမောဆိုမြို့နယ်မှ အသက်၂၆နှစ်မှ၄၀နှစ်အတွင်းရှိ ကယန်းတံခွန်တိုင်အမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

၂၉။ ယခင်ရှိခဲ့သည့် သစ်ပင်၊ တောတောင်၊ နေ၊ လ စသည့် သက်မဲ့အရာများအား ကိုးကွယ်သည့်အစဉ်အလာများမှ မြန်မာဗုဒ္ဓဘာသာအစဉ်အလာတွင် ထည့်သွင်းထားသည်ဟု ယူဆသည့်နတ်များ။

အမျိုးသားတွေရဲ့လုံချည်ကို အမြင့်မှာလှန်းလို့ရပေမယ့် အမျိုးသမီးတွေရဲ့ ထဘီကို လှန်းလို့မရပါဘူး။ အိမ်နောက်ဖေးမှာပဲ လှန်းခွင့်ပြုပါတယ်။ ဒါဟာ ဓလေ့ထုံးစံပါပဲ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ဟိန္ဒူဘာသာရေးခေါင်းဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ကျွန်မတို့ရဲ့ လူ့အဖွဲ့အစည်းမှာ ဒီယဉ်ကျေးမှုက မျိုးဆက်တစ်ဆက်ပြီး တစ်ဆက် လက်ဆင့်ကမ်းလာတာလို့ ကျွန်မထင်တယ်။ ယောက်ျား လေးတွေ ဟိုဟာမလုပ်ရဘူး၊ ဒါ မလုပ်ရဘူး၊ မိန်းကလေးတွေ ဟိုဟာ မလုပ်ရဘူး၊ ဒါ မလုပ်ရဘူး။ ကျွန်မ ကျောင်းနေတဲ့အရွယ်ကတည်းက ဆန့်ကျင်တဲ့ကိစ္စတစ်ခု ရှိတယ်။ အဲဒါက ယောက်ျားလေးတွေ ဒါမှမဟုတ် အမျိုးသားတွေက အမျိုးသမီးတွေရဲ့ ထဘီကိုထိရင် မသင့်လျော်ဘူးလို့ ယူဆတဲ့အချက်ပဲ။ အဲဒီတုန်းက သူတို့အားလုံး ဒီထဘီအောက်က မွေးလာကြတာပဲလို့ ကျွန်မ ပြောလိုက်ချင်တာ။ ဒီလို ပြောရင် ရိုင်းကောင်း ရိုင်းလိမ့်မယ်၊ ဒါပေမဲ့ တကယ် အမှန်ပဲလေ။ ဒါကို ရိုင်းတယ်ထင်လို့ ဒီထက် ယဉ်ယဉ်ကျေးကျေး ပြောရမယ်ဆိုရင် ဗုဒ္ဓဘုရားရှင်လည်း မိခင်ဝမ်းထဲက ထွက်လာတာပဲ။ ဒါကို တချို့က သဘောတူကြပေမယ့် တချို့က သဘောမတူဘူး။ ကျွန်မတို့ရဲ့ လူမှုဝန်းကျင်မှာ ဓလေ့ထုံးစံအရ ပုံမှန်အားဖြင့် ယောက်ျားလေးတွေက ဦးစားပေးခံရတယ်။ သူတို့ကို အရင် ဦးစားပေးတယ်။ ဒါက အလေ့အကျင့် ဖြစ်နေပြီ။

(မင်္ဂလာတောင်ညွန့်မြို့နယ်မှ အသက် ၂၆နှစ်မှ၄ဝနှစ်အတွင်း မွတ်စလင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

မြန်မာဗုဒ္ဓဘာသာဝင်များအတွက် ရည်ညွှန်းသည့် အဓိက လမ်းညွှန်ချက် များမှာ 'ငါးပါးသီလ' ဖြစ်ပါသည်။ ဤသည်မှာ အမျိုးသားနှင့် အမျိုးသမီး အားလုံး လိုက်နာကျင့်ကြံရပြီး၊ သူတစ်ပါး အသက်ကိုသတ်ခြင်း၊ သူတစ်ပါး ဥစ္စာခိုးယူခြင်း၊ သူတစ်ပါး သားပျိုသမီးပျိုနှင့် သူတစ်ပါးအိမ်ရာကို ပြစ်မှားခြင်း၊ လိမ်ညာပြောဆိုခြင်းနှင့် အရက်သေစာ သောက်စားခြင်းတို့ကို တားမြစ်ထားခြင်း ဖြစ်ပါသည်။ စာရိတ္တနှင့် ကိုယ်ကျင့်တရားအတွက် အခြားရည်ညွှန်းလေ့ရှိသည်မှာ 'လူမိုက်နှင့် မပေါင်းဖော်ရ' အစရှိသည့် ကိုယ်ကျင့်တရားဆိုင်ရာ စည်းမျဉ်းများ အပါအဝင် ၃၈ ဖြာ မင်္ဂလာတရား ဖြစ်ပါသည်။ ပုံမှန်အားဖြင့် ဘာသာရေးနှင့် ယဉ်ကျေးမှု စံနှုန်းများကို တာဝန်ဝတ္တရားများအဖြစ် သတ်မှတ်ထားလေ့ရှိပြီး၊ လင့်ဝတ်၊ မယားဝတ်၊ မိဘဝတ်၊ တပည့်ဝတ်၊ သားသမီးဝတ်နှင့် ဆရာဝတ် အစရှိသည်ဖြင့် တာဝန်ဝတ္တရားများကို သီးခြား အသေးစိတ်သတ်မှတ်ထားပါသည်။

ဗုဒ္ဓရဲ့အဆုံးအမတွေအရဆိုရင် အမျိုးသမီးနဲ့ အမျိုးသားတွေကတန်းတူပါပဲ။ ဥပမာ- ဗုဒ္ဓဘုရားရှင် ဟောကြားခဲ့တဲ့ 'သိင်္ဂါလောဝါဒသုတ်'မှာဆိုရင် အမျိုးသားနဲ့ အမျိုးသမီးတွေကို လင့်ဝတ်၊ မယားဝတ်နဲ့အညီ လိုက်နာ ကြဖို့ လမ်းညွှန်ထားပါတယ်။ ခင်ပွန်းက ဇနီးကိုလေးစား၊ ဒီလိုပဲ ဇနီးက ခင်ပွန်းကို အပြန်အလှန်လေးစားကြရပါမယ်။ ဇနီးသည်က အိမ်မှုကိစ္စ တွေကို ဆောင်ရွက်ရမယ့်အပြင် မိသားစုကို ငြိမ်းချမ်းပျော်ရွှင်အောင် ထားရမယ်။ တစ်ချိန်တည်းမှာပဲ ခင်ပွန်းသည်က ဇနီးအပေါ် အနိုင်ကျင့် ခြိမ်းခြောက်တာမျိုး ရှောင်ရမယ်၊ သူ ရှာသမျှငွေကို ဇနီးကို အပ်ပြီး ဇနီးသည်ရဲ့ငွေကြေးစီမံခန့်ခွဲမှုအတိုင်း လိုက်နာရမယ်။ ဒီအဆုံးအမက မြန်မာအမျိုးသမီးတွေ ငယ်စဉ်ကလေးဘဝကတည်းက လေ့လာမှတ်သား ခဲ့ကြရတယ်။ မြန်မာနိုင်ငံမှာ အမျိုးသမီးတွေကို 'အမေနှင့်တူသော မယား' 'နှမနှင့်တူသော မယား'လို့ ရည်ညွှန်းလေ့ရှိပါတယ်။ ဒါဟာ မြန်မာ နိုင်ငံမှာ အမျိုးသမီးတွေကို ဘယ်လောက် တန်ဖိုးထားသလဲ ဆိုတာ သက်သေပြနေပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အမျိုးသားစာရေးဆရာတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

ယဉ်ကျေးမှု ဝတ္တရားများကို အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးလုံးအတွက် သတ်မှတ်ထားသည်ဆိုသည့် အချက်သည် ယဉ်ကျေးမှု တန်ဖိုးများသည် လိင်အရ ဘက်လိုက်မှုမရှိကြောင်း ရံဖန်ရံခါတွင် သွယ်ဝိုက်ညွှန်းဆိုလိုခြင်း ဖြစ်ပါသည်။ သို့ရာတွင် အမျိုးသားနှင့်အမျိုးသမီးများသည် မည်သည့် နေရာတွင် မည်သို့ရှိ၍၊ မည်သို့ ပြုမူရမည်ကို ကြည့်လျှင်၊ အမျိုးသမီး များ၏ လွတ်လပ်ခွင့်ကို ပုံမှန်အားဖြင့် ကျဉ်းမြောင်းစွာ အဓိပ္ပာယ်ဖွင့်ထား သည်ကို တွေ့ရှိရပါသည်။ အထက်ဖော်ပြပါ ကောက်နုတ်ချက်ကို အသေးစိတ် လေ့လာကြည့်မည်ဆိုလျှင် ဇနီးအမျိုးအစားများကို ရည်ညွှန်း ခြင်းသည် ဗုဒ္ဓဘုရားဟောကြားခဲ့သည့် 'သုဇာတာသုတ်'တွင် ဖော်ပြ ထားသော မယားအပြား ၇ပါးမှ စတင်ခဲ့သည်ကို တွေ့ရှိရပါသည်။ ၎င်းတို့အနက် စိတ်မချမ်းမြေ့မှုကိုပေးသည့် မယား၃မျိုး (ခိုးသူနှင့်တူသော မယား၊ လူသတ်သမားနှင့်တူသောမယား နှင့် အရှင်နှင့်တူသောမယား) နှင့် စိတ်ချမ်းမြေ့မှုကိုပေးသည့် မယား၄မျိုး (နှမနှင့်တူသောမယား၊ အမေနှင့်တူသောမယား၊ အဆွေခင်ပွန်းနှင့် တူသောမယားနှင့် ကျွန်နှင့် တူသောမယား)[၂၀]ဟူ၍ ဖော်ပြထားပါသည်။ လေ့လာမှုတွင်ပါဝင်သူများ၏ အဆိုအရ ခင်ပွန်းသည်များကို ထိုသို့အမျိုးအစားခွဲခြားထားခြင်းမရှိပါ။

ဗုဒ္ဓဘာသာ မြန်မာ့ယဉ်ကျေးမှုတွင် အဓိကသက်ဝင်ယုံကြည်မှု အခြား တစ်ခုမှာ ကြီးသူကိုရိုသေခြင်းဟု အဓိပ္ပာယ်ရသည့် 'ဂုဏဝုတ္တိ'နှင့် ဂုဏ်သိက္ခာနှင့် ပိုင်ဆိုင်မှုကို ရိုသေလေးစားခြင်းဟု အဓိပ္ပာယ်ရသည့် 'ဝရဝုတ္တိ' ရှိရမည်ဆိုသည့် အယူအဆဖြစ်ပါသည်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အမျိုးသားစာရေးဆရာတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

ကြီးသူကိုရိုသေခြင်း၊ အထူးသဖြင့် မိဘများအားရိုသေခြင်းကို အခြား ဘာသာတရားများတွင်လည်း တွေ့ရှိရပါသည်။ ရိုသေခြင်းဆိုင်ရာယဉ်ကျေးမှု ပြဋ္ဌာန်းချက်များတွင် မိသားစုဝင် အမျိုးသားများအား အမျိုးသမီးများက ရိုသေရမည့်တာဝန် ရှိသည်ဟု ထည့်သွင်းထားပါသည်။ 'သားကို သခင်၊ လင်ကိုဘုရား' စသည့် ဆိုရိုးများကို လေ့လာမှုတွင် ပါဝင်သူ များက အများအားဖြင့် ရည်ညွှန်းလေ့ရှိပြီး၊ ၎င်းတို့သည် ယဉ်ကျေးမှု ဆိုင်ရာ စံနှုန်းများက အမျိုးသားများအား မည်သို့ မြင့်မားစေသည်ကို ညွှန်ပြနေပါသည်။

အမျိုးသားတွေက မိသားစုနဲ့ အိမ်ထောင်တစ်ခုရဲ့ ဦးစီးခေါင်းဆောင်တွေ ဖြစ်တယ်။ ဖခင်က မိသားစုမှာ ခေါင်းဆောင်ဖြစ်တယ်။ ဖခင်ဟာ အလုပ် လုပ်ချင်လုပ်မယ်၊ မလုပ်ချင်မလုပ်ဘူး။ ဒါပေမဲ့ မိသားစုဝင်တွေက ဖခင်ကို ရိုသေလေးစားရမယ်။ ဖခင်ဟာ မိသားစုမှာ အိမ်ထောင်ဦးစီးဆိုတာ ကျွန်တော်တို့ရဲ့ဓလေ့ထုံးစံပဲ။ ဒါပေမဲ့ ခုခေတ်မှာ နည်းနည်းတော့ ပြောင်းတယ်။ ဟိုတုန်းက မြန်မာအမျိုးသမီးတွေဟာ အိမ်ထဲမှာနေပြီး အိမ်မှုကိစ္စတွေ လုပ်ကြတယ်၊ အပြင်မထွက်ကြဘူး။ ဒါပေမဲ့ ခုခေတ်မှာ စီးပွားရေး အခြေအနေအရ အမျိုးသမီးတွေ အိမ်မှာနေလို့မရတော့ဘူး။

[၂၀] အသေးစိတ် သိလိုပါက http://www.dhammasara.webs.com/SujataSutta.html; http://en.wikipedia.org/wiki/Sujata_and_seven_types_of_wives တို့တွင် ဥပမာကြည့်ပါ။

အပြင်ထွက်ပြီး အိမ်စရိတ်အတွက် ပိုက်ဆံရှာရတယ်။ ဒါပေမဲ့ မြန်မာအမျိုးသမီး အများစုဟာ သူတို့ရဲ့ခင်ပွန်းတွေကို အိမ်ထောင်ဦးစီးအဖြစ် ရိုသေကြပါတယ်။ ဒါဟာ မြန်မာတွေရဲ့ ထူးခြားတဲ့ဓလေ့ထုံးစံနဲ့ ယဉ်ကျေးမှုတစ်ခုဖြစ်ပါတယ်။ ထမင်းစားပွဲမှာ အဖေ ဒါမှမဟုတ် အဘိုးကထိုင်လေ့ရှိပြီး သူ့ကို အရင်စားဦးစားဖျား ထည့်ပေးရတယ်။ ဒါကို မြန်မာမှာ 'ဦးချ' တယ်လို့ ခေါ်ပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပြန်ကြားရေးအရာရှိတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

ခင်ပွန်းသည်တစ်ယောက်ဟာ မိသားစုကို ကာကွယ်စောင့်ရှောက်ပေးသူ ဖြစ်တဲ့အတွက် အရေးကြီးပါတယ်။ တခြား မိသားစုဝင်တွေက သူ့ကို ဦးစားပေးရမယ်။ သူဟာ အိမ်ထောင်စုကို စောင့်ရှောက်တဲ့သူဖြစ်ပြီး၊ မှီခိုအားကိုးရတဲ့သူလည်း ဖြစ်တယ်။ ဒီလိုလူမျိုးကို ရိုသေလေးစားရမှာပဲ။"

(ကလောမြို့နယ်မှ အသက်၄၀နှစ်နှင့်အထက် ဓနုလူမျိုးဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အသက်နှင့် လိင်မှုဆိုင်ရာအရ နှိုင်းယှဉ်ကြည့်လျှင် ငယ်ရွယ်သူများနှင့် အမျိုးသမီးများသည် ကြီးသူများနှင့် အမျိုးသားများထက် ပို၍နိမ့်ကျသည် ဆိုသည့် ဆိုရိုးများလည်းရှိပါသည်။

"သားက အဖေလောက် မတော်ဘူး။ ဇနီးက ခင်ပွန်းလောက် မတော်ဘူး။"

(ဒီမောဆိုမြို့နယ်မှ အသက် ၄၀နှစ်နှင့်အထက် ကယန်းတံခွန်တိုင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ယဉ်ကျေးမှုအရ သတ်မှတ်ထားသော စံနှုန်းများနှင့် ပြုမူနေထိုင်ပုံ တန်ဖိုးများက တစ်ဖက်၊ တန်းတူအခွင့်အရေးများနှင့် ကျား၊ မ ရေးရာ တန်းတူညီမျှမှုက တစ်ဖက်၊ ၎င်းတို့အကြား တင်းမာမှုရှိနေသည်မှာ အသေအချာဖြစ်ပါသည်။ အမျိုးသားများအား ရိုသေမှုကို အလေးပေးသည့် ယဉ်ကျေးမှုစံနှုန်းများ ရှိနေခြင်းအပေါ် လေ့လာမှုတွင် ပါဝင်သူများက သဘောတူကြသော်လည်း တန်းတူညီမျှရေး အယူအဆကို မည်၍မည်မျှ လက်ခံလိုသည်နှင့် စပ်လျဉ်း၍ ကွဲလွဲချက်များရှိပါသည်။

ယဉ်ကျေးမှုအရ အမျိုးသားတွေကို အလွန်ရိုသေကြပါတယ်။ ဥပမာ- အဖေတွေ၊ ခင်ပွန်းသည်တွေကို ကျွန်မတို့ရိုသေကြတယ်။ အမျိုးသားတွေက သူတို့ကိုရိုသေတဲ့အပေါ်မှာ အခွင့်အရေးမယူသင့်ဘူး။ သူတို့ကိုရိုသေရတာ အပန်းမကြီးပါဘူး။ ဒါပေမဲ့ ဆုံးဖြတ်ချက်ချတဲ့ နေရာမှာတော့ တန်းတူညီမျှဖြစ်ဖို့ လိုတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အသက်မွေးဝမ်းကျောင်းဆိုင်ရာကျွမ်းကျင်သူတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ယဉ်ကျေးမှုနဲ့ ဘာသာရေးနယ်ပယ်မှာ အခွင့်အရေးအခြေပြုတဲ့ နည်းလမ်းမျိုးကို သုံးလို့မရပါဘူး။ မိသားစုထဲမှာလည်းမရဘူး။ အားလုံးလက်ခံထားတာက အဖေ၊ ယောက်ျားနဲ့ သားကို ဦးစားပေးရမယ်ဆိုတာပဲ။ ဒါဟာ မိသားစုတိုင်းမှာရှိတယ်။ ဒါကို ငြင်းပယ်လို့မရဘူး။ မြန်မာအမျိုးသမီး အားလုံးက ဒီလို လက်ခံယုံကြည်ထားတယ်။ ဗုဒ္ဓဘာသာအရဆိုရင် ၈၀%က ဗုဒ္ဓဘာသာဝင်တွေပါ။ အခွင့်အရေးအခြေပြု စဉ်းစားတဲ့ မူဘောင်ကို သုံးလို့မရပါဘူး။ ဒါပေမဲ့ အသက်မွေးဝမ်းကျောင်း ဘဝမှာတော့ ကျွန်မတို့က အမျိုးသားတွေနဲ့ ယှဉ်နိုင်ပါတယ်။ ခေါင်းဆောင်မှုကဏ္ဍမှာရှိတဲ့ အမျိုးသမီးတွေကို လက်ခံကြပါတယ်။

အဓိက သတင်းအချက်အလက်ပေးနိုင်သူ အမျိုးသမီးကိုယ်စားပြုအဖွဲ့အစည်းမှကိုယ်စားလှယ်များ နှင့် တွေ့ဆုံမေးမြန်းခြင်း)

'သျှောင်နောက် ဆံထုံးပါ'ဆိုသည့် အစဉ်အလာ ဆိုရိုးစကားသည် ရှေးခေတ်ကတည်းက အမျိုးသားများသည် အများအားဖြင့် ၎င်းတို့၏ ဆံပင်ကို ဦးခေါင်းထိပ်တွင် သျှောင်ထုံးအဖြစ် ထုံးနှောင်လေ့ရှိပြီး၊ အမျိုးသမီးများက ဆံပင်ကို ဦးခေါင်းနောက်ဘက်တွင် ပုံမှန်အားဖြင့် ထုံးဖွဲ့လေ့ရှိသည့် ဆံပင်ပုံစံများကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။ အမျိုးသားတို့၏ သဘာဝအရ ခေါင်းဆောင်မှု အရည်အသွေးများနှင့် လုပ်ဆောင်ချက်များအကြောင်း ဆွေးနွေးရာတွင် အမျိုးသားနှင့် အမျိုးသမီးတို့ကြား အဆင့်အတန်းမတူခြင်းကို ပိုမိုပေါ်လွင်စေသည့် ဤဆိုရိုးစကားကို ရပ်ရွာဒေသခံများထံမှ ကြားရလေ့ရှိပါသည်။ အမျိုးသားနှင့် အမျိုးသမီးတို့၏ အခန်းကဏ္ဍ မတူညီမှုများသည် ၎င်းတို့၏ လွှမ်းမိုးမှုအတိုင်းအတာ မတူခြင်းကြောင့်ဖြစ်သည်ဟု အချို့က ဆိုကြသော်လည်း၊ ယေဘုယျအားဖြင့် အမျိုးသားများ၏ လွှမ်းမိုးမှု အတိုင်းအတာသည် ပို၍အရေးပါသည်ဟု ယူဆကြပါသည်။

အမျိုးသား တော်တော်များများက ပြောကြလိမ့်မယ်။ 'ကျွန်တော့်ဇနီးက ပြည်ထဲရေးဝန်ကြီးပဲ၊ သူ့ကို ပြည်ထဲရေးဝန်ကြီးလို့ ကျွန်တော် သတ်မှတ်ထားတယ်။' တစ်ဖက်ကကြည့်ရင် သူတို့မိန်းမတွေကို နေရာ ပေးတယ်လို့ထင်ရတယ်။ ကျွန်တော်ကတော့ ဒီလိုမမြင်ဘူး။ ဒါဟာ အနည်းနဲ့အများ ယောက်ျားတွေရဲ့ရှုထောင့်ကနေ ပြောတာဖြစ်တယ်။ အမျိုးသမီးတစ်ယောက်ကို နေရာသတ်မှတ်ပေးလိုက်တာ၊ သူ့ရဲ့ လုပ်ပိုင်ခွင့်က အိမ်မှာပဲ၊ တခြားဘယ်မှာမှမရှိဘူး ဆိုတာမျိုးပေါ့။ သူမ အိမ်မှာရှိနေသရွေ့ အိမ်မှုကိစ္စတွေနဲ့ပတ်သက်ပြီး ဘာမဆို ဆုံးဖြတ်နိုင်တယ်။ အဲဒါထက်ကျော်လာရင် အမျိုးသားတွေရဲ့ကိစ္စပဲ။ ကျွန်တော်ကတော့ ဒီလိုပဲမြင်တယ်။ အမျိုးသား တော်တော်များများက ဒီလိုပဲပြောကြတယ်။ အထူးသဖြင့် သူတို့ကို 'ကျား၊ မ ရေးရာခွဲခြားမှု ရှိသလား' လို့မေးရင် သူတို့က'မရှိပါဘူး၊ ကျွန်တော်က ကျွန်တော့်မိန်းမကို ပြည်ထဲရေးဝန်ကြီးလို့ သတ်မှတ်ထားတာပါ'လို့ ဖြေကြလိမ့်မယ်။ 'သူက ဘာကြောင့် ဝန်ကြီးချုပ်မဖြစ်နိုင်ရမှာလဲ။' ကျွန်တော်ပြောချင်တာဒါပါပဲ။ သူတို့က ဒါကိုလေးစားမှုရှိတယ်လို့ ထင်နေကြတယ်။ အမျိုးသားတွေက သူတို့ရဲ့မိန်းမတွေကို ဆုံးဖြတ်ခွင့်ပေးတာကို အထူးအခွင့်အရေး ပေးနေရတယ်၊ သီးသန့်အခွင့်အလမ်းတွေ ပေးနေရသလိုမျိုး ထင်နေကြတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပညာရေးကျွမ်းကျင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

၃.၆ သန့်ရှင်းစင်ကြယ်မှု၊ အမျိုးသမီးများ၏ နိမ့်ကျမှုနှင့် ဘေးဖယ်ထားခြင်း

ကျွန်မတို့ရဲ့ ဘိုးဘေးဘီဘင်တွေ လက်ထက်ကတည်းက မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် ဒီလိုထိန်းသိမ်းလာတဲ့ ရိုးရာအစဉ်အလာတွေနဲ့ ကြီးပြင်းလာရတာဆိုတော့ အမျိုးသားတွေက အမျိုးသမီးတွေဟာ သူတို့ထက်နိမ့်ကျတယ်လို့ သူတို့စိတ်ထဲအသည်းထဲက ယုံကြည် ထားကြတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ မွန်အမျိုးသမီးခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

ကျား၊ မ ရေးရာ ခွဲခြားဆက်ဆံတာဟာ ကျွန်တော်တို့ရဲ့ယဉ်ကျေးမှုက ဆင်းသက်လာတာပါ။ ဥပမာဆိုရင် ကျွန်တော်တို့ရဲ့ မိဘဘိုးဘွားတွေက ကျွန်တော်တို့အတွက် စည်းမျဉ်းတွေ ချမှတ်ထားခဲ့ပြီးသားပါ။ ဓလေ့ထုံးစံအရ အမျိုးသားတွေပဲ ဝင်လို့ရတဲ့နေရာတွေမှာ အမျိုးသမီးတွေ ဝင်လို့မရဘူးဆိုတာ ယဉ်ကျေးမှုပါပဲ။ ဒါဟာ ကျွန်တော်တို့ရဲ့ ဓလေ့ထုံးတမ်း ဥပဒေလိုပါပဲ။

(ဒီမောဆိုမြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်အကြား ကယန်းတံခွန်တိုင်အမျိုးသားများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ယဉ်ကျေးမှုနှင့် ဘာသာရေး နယ်ပယ်တို့တွင် အမျိုးသမီးများ၏ နိမ့်ကျသည့် အခြေအနေသည် အမျိုးသမီးများအား သဘာဝတရား၊ ရုပ်ခန္ဓာနှင့် လောကီရေးရာတို့နှင့် ဆက်စပ်သည်ဟု ယူဆချက်နှင့် အမျိုးသားများအား ယဉ်ကျေးမှု၊ အသိဉာဏ်၊ ဘာသာရေးတို့နှင့် ဆက်စပ်သည်ဟု ယူဆသည့် ဆန့်ကျင်ဘက် ဖြစ်တည်မှုအပေါ်တွင် အခြေခံထားပါသည်။ လေ့လာခဲ့သည့် ရပ်ရွာဒေသများတွင် ဤယုံကြည်မှု များကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြပါသည်။ သာဓကအားဖြင့် ဘာသာရေးထုံးတမ်းစဉ်လာ အသီးသီးတွင် အမျိုးသမီးများအား အတွင်းပိုင်း/ အထက်ပိုင်း/အထွတ်အမြတ် နေရာများသို့ မဝင်ရန် တားမြစ်ထားသည့် နေရာဆိုင်ရာ ကန့်သတ်ချက်များ ရှိပါသည်။ အမျိုးသမီးများအား အဆင့်မြင့် ဘာသာရေးရာထူးများ မယူရန်လည်း ယေဘုယျအားဖြင့် တားမြစ်ထားပါသည်။ ထို့အပြင် အမျိုးသမီးများ ရာသီသွေးဆင်းခြင်းသည် ယုတ်ညံ့သည်ဆိုသည့် အယူအဆနှင့် အမျိုးသမီးများ ရာသီသွေးဆင်းခြင်းကြောင့် နတ်၊ ဘုရားကဲ့သို့ မြင့်မြတ်သည့် ပုဂ္ဂိုလ်များနှင့် ၎င်းတို့၏ ဆက်နွယ်မှုကို ကန့်သတ်ထားရမည်ဆိုသည့် အယူအဆတို့ကို လေ့လာခဲ့သည့် ဘာသာတရားအားလုံးတွင် ဖော်ပြထားပြီး၊ မြန်မာနိုင်ငံတွင် ထိုအတိုင်း ကျင့်သုံးကြပါသည်။

ဘာသာရေးအရ အမျိုးသမီးရော၊ အမျိုးသားရော ဘာသာရေးဆိုင်ရာ နေရာတွေကို သွားခွင့်ရှိပါတယ်။ ဒါပေမဲ့ အထွတ်မြတ်ဆုံး နေရာတွေ ကိုတော့ အမျိုးသမီးတွေကို ဝင်ခွင့်မပြုပါဘူး။ အကြောင်း ကတော့ အမျိုးသမီးတွေဟာ ရာသီသွေးဆင်းကြပြီး အဲဒီအချိန်မှာ သူတို့ဟာ မသန့်ရှင်းကြပါဘူး။ အမျိုးသမီးအားလုံး အတူတူပါပဲ၊ ဒီအတွေ့အကြုံ ရှိကြပါတယ်။ ဘယ်သူတွေ ရာသီသွေး ဆင်းနေတယ်၊ ဘယ်အချိန် ဆင်းတယ်ဆိုတာ ကျွန်တော်တို့မသိပါဘူး။ ဒါကြောင့်မို့ အမျိုးသမီးတွေကို အထွတ်အမြတ်နေရာတွေကို မဝင်ဖို့တားမြစ်ထားတာပါ။ အမျိုးသမီးတွေဟာ အထွတ်အမြတ် နေရာတွေကို ဝင်ခွင့်မရှိပါဘူး။ ဗုဒ္ဓဘာသာမှာလည်း ဒီအတိုင်းပါပဲ။ အမျိုးသမီးတွေဟာ တစ်လတစ်ကြိမ် ရာသီသွေးဆင်းတဲ့အချိန်မှာ မသန့်ရှင်းဘူးလို့ ပြောကြပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ဟိန္ဒူဘာသာရေးခေါင်းဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

အမျိုးသမီးတစ်ယောက် ရာသီသွေးဆင်းချိန်မှာ ဘုရားဝတ်ပြုတာကို ရပ်ထားရတယ်။ ကလေးမွေးပြီး ရက် ၄၀ အတွင်းမှာလည်း ဘုရား ဝတ်ပြုတာကို ရပ်ထားရတယ်။ အဲဒီရက်တွေအတွင်းမှာ သူတို့ရဲ့ ကျန်းမာရေးကို အရမ်းဂရုစိုက်ရပါတယ်။ ရုပ်ပိုင်းဆိုင်ရာ အားနည်း နေတယ်လို့ ယူဆကြတယ်။ ဒါကို ကံဆိုးတယ်လို့ မယူဆကြပါဘူး။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ မွတ်စလင်ဘာသာရေးခေါင်းဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ကျွန်မတို့ရဲ့ ဘာသာရေး (တံခွန်တိုင်)ဟာ အလွန်ရှေးရိုးဆန်ပါတယ်။ အထွတ်အမြတ် နေရာတွေကို အမျိုးသားတွေပဲ ဝင်ခွင့်ရှိပါတယ်။ အမျိုးသမီးတွေက ရာသီသွေးဆင်းကြတဲ့အတွက် ဝင်ခွင့်မရှိပါဘူး။ အထွတ်အမြတ် နေရာတွေဟာ သန့်ရှင်းစင်ကြယ်ရပါမယ်။ ဒါဟာ ကျွန်မတို့ရဲ့ ဓလေ့ထုံးစံပါပဲ။

(ဒီမောဆိုမြို့နယ်မှ အသက် ၂၆ နှစ် မှ ၄၀ နှစ်အတွင်း ကယန်းတံခွန်တိုင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အမျိုးသားနှင့် အမျိုးသမီးများအား နယ်ပယ်သီးခြားခွဲထားခြင်းကို ဆက်လက်ထိန်းသိမ်းရမည်ဆိုသည့် အယူအဆက ပျံ့နှံ့လျက်ရှိပြီး၊ အထူးသဖြင့် ရဟန်းတော်များကဲ့သို့ မြင့်မြတ်သည့် အမျိုးသားများနှင့် အမျိုးသမီးများအတွက် ဖြစ်ပါသည်။ အမျိုးသားနှင့်အမျိုးသမီး အတူနေ၍ ကလေးရသည့်အခါတွင်ပင် သဘာဝတရား၊ ရုပ်ပိုင်းနှင့် မျိုးဆက်ပွားမှုတို့ကို ပုံမှန်အားဖြင့် ကိုယ်စားပြုရသည်မှာ အမျိုးသမီးများသာ ဖြစ်ပါသည်။ အောက်ဖော်ပြပါ သံဃာတော်တစ်ပါး၏ မိန့်ကြားချက်တွင် အမျိုးသမီးများ၏ ကိုယ်ခန္ဓာနှင့် ၎င်းတို့၏ ဇီဝလုပ်ငန်းစဉ်များသည် ဘာသာရေးအရ ညစ်ညမ်းရသည့်အကြောင်းရင်း၊ အမျိုးသမီးများအား မြင့်မြတ်သောနေရာများသို့ ဝင်ခွင့်တားမြစ်ထားရန် မည်သို့လိုအပ်ကြောင်း နှင့် သို့မှသာ ရဟန်းတော်များအား နိဗ္ဗာန်မရောက်အောင် အမျိုးသမီး များက တားဆီးနိုင်တော့မည် မဟုတ်ကြောင်း သုံးသပ်ဖော်ပြထားပါသည်။

ဗုဒ္ဓဘာသာမှာ ရဟန်းခံတဲ့ သိမ်အားလုံးကို ကန့်သတ်ထားပါတယ်။ အမျိုးသမီးတွေမှာ သူတို့ရဲ့သဘာဝ မပျက်စီးစေဖို့နဲ့ သူတို့ရဲ့ဂုဏ်သိက္ခာ မကျဆင်းစေဖို့ တချို့တာဝန်တွေကို ယူကြရပါတယ်။ လူတိုင်း သူတို့ရဲ့ တာဝန်နဲ့ ဂုဏ်သိက္ခာကို သဘာဝအားဖြင့် ထိန်းသိမ်းရတယ်ဆိုတာ ပုံမှန်ပါပဲ။ သဘာဝအတိုင်းဆိုရင် မိန်းကလေးတစ်ယောက်ဟာ အရွယ်ရောက်လာမယ်၊ ပြီးရင် အိမ်ထောင်ကျပြီး မိသားစုကို ပြုစုပျိုးထောင်ပေးရမယ့် တာဝန်ရှိပါတယ်။ ဒီတာဝန်ကိုယူဖို့ အမျိုးသမီးတစ်ယောက်ဟာ တိရစ္ဆာန်တွေလို ယောက်ျားတကာနဲ့ အတူနေလို့မရဘူး။ ကိုယ့်မိသားစုဘောင်ထဲမှာပဲ နေရမယ်။ သူဟာ ခင်ပွန်းနဲ့ မိသားစုအတွက်ပဲ ဖြစ်တယ်။ ဒီလို အကန့်အသတ်နဲ့ အထိန်းအကွပ် မရှိရင် ငါတို့လူ့အဖွဲ့အစည်းဟာ တိရစ္ဆာန်တွေနဲ့ အတူတူ ဖြစ်သွားလိမ့်မယ်။ ဒါ့ကြောင့် သဘာဝအရရော၊ ဂုဏ်သိက္ခာအရရော ကန့်သတ်ချက်ဆိုတာ လိုအပ်တယ်။ အဲဒီလိုပဲ လောကီစည်းမျဉ်းတွေနဲ့ လောကုတ္တရာစည်းမျဉ်းတွေကို ကန့်သတ်ချက်မထားဘဲ ရောလိုက်ရင် ငါတို့ရဲ့တန်ဖိုးကို လူတွေသိနိုင်မှာ မဟုတ်တော့ဘူး။ ဒီလိုဆို ငါတို့ရဲ့ တန်ဖိုးကို ဘယ်လိုပြနိုင်တော့မလဲ။ ကန့်သတ်ထားရမယ်၊ ဒါမှသာ လောကုတ္တရာရဲ့တန်ဖိုးကို လျှော့မတွက်မှာ။ ဗုဒ္ဓဘာသာမှာ ရဟန်းခံတဲ့ သိမ်ဆိုတာ ပဉ္စင်းတက်ချင်တဲ့ အမျိုးသားတွေအတွက် သီးသန့်နေရာ ဖြစ်တယ်။ ဒီနေရာဟာ လူတိုင်းအတွက်မဟုတ်ဘူး။ ဒါကြောင့် ဒီနေရာဟာ အမျိုးသမီးတွေနဲ့ လုံးဝမဆိုင်ဘူး။ အမျိုးသမီးတွေအတွက် ဒီနေရာကို ဝင်ရလို့၊ မဝင်ရလို့ ဘာမှမထိခိုက်ပါဘူး။ ဒါ လောကီရှုထောင့်က ပြောတာပါ။ လောကုတ္တရာရှုထောင့်အရ အမျိုးသမီးတွေဟာ ရဟန်းသံဃာတွေအတွက် အန္တရာယ်ပဲ။ အမျိုးသမီးတွေဟာ ရဟန်း သံဃာတွေရဲ့ ဝိပဿနာလမ်းကြောင်းမှာ နှောင့်ယှက်တားဆီးမယ့် အန္တရာယ်ဖြစ်တယ်။ အမျိုးသမီးတွေဟာ ရဟန်းသံဃာတွေကို ဘဝ ဆုံးစေတဲ့အထိ အန္တရာယ်ပေးနိုင်တယ်။ အမျိုးသမီးဆိုတာ အခေါ်အဝေါ်ပါပဲ၊

တကယ်တော့ သူတို့ဟာ ခံစားမှုရှိတဲ့ ရုပ်ဝတ္ထုဖြစ်တယ်။ ဒီခံစားမှုရှိတဲ့ ရုပ်ဝတ္ထုတွေရဲ့ နှောင့်ယှက်တားဆီးမှုကြောင့် ရဟန်းသံဃာတွေဟာ ဝိပဿနာနဲ့လွဲပြီး၊ သံသရာထဲမှာ အဖန်ဖန် ပြန်လည်နေရလိမ့်မယ်။ ဒီလိုမျိုး အတွေးတွေရှိနေတော့ ဒါက ဝိနည်းတွေ၊ သံဃာတွေနဲ့ပဲ ဆိုင်ပါတယ်။ ဒါကြောင့် ရှေးလူကြီးတွေက အမျိုးသမီးတွေကို သိမ်ထဲ မဝင်ဖို့ တားမြစ်ခဲ့တာဖြစ်တယ်။ ဒါဟာ ခွဲခြားတာမဟုတ်ပါဘူး။ အမျိုးသမီးတွေနဲ့ မဆိုင်တဲ့အတွက် လောကုတ္တရာကို သူတို့ ရိုသေ တန်ဖိုးထားတတ်အောင် ရည်ရွယ်ပြီး လုပ်ထားတာပါ။ ဒါဆို အမျိုးသမီးတွေဝင်ရင် ဘာဖြစ်မလဲ။ ဘာမှတော့မဖြစ်ဘူး။ ဒါပေမဲ့ ရိုသေလေးစားမှုနှင့် တန်ဖိုးထားမှုမှာ သွားထိခိုက်လိမ့်မယ်။ ဒီလို မဖြစ်စေချင်တဲ့အတွက် ကန့်သတ်ထားတာပါ။ ဘယ်သူ့ကို တန်ဖိုးထားမလဲ။ ယောက်ျားတကာနဲ့နေတဲ့ မိန်းမကိုလား၊ ဒါမဟုတ် သူ့ခင်ပွန်းနဲ့ အတူနေတဲ့ မိန်းမကိုလား။'

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ဗုဒ္ဓဘာသာရဟန်းတော်တစ်ပါးနှင့် တွေ့ဆုံမေးမြန်းခြင်း)

၃.၇ ကျက်သရေ၊ ဖိုသဘာဝနှင့် အမျိုးသမီးများ၏ ဝတ်စား ဆင်ယင်မှု အရေးပါခြင်း

"မိန်းမကောင်းမှန် တစ်ပွင့်ပန်"

"မိန်းမတို့ ကျက်သရေ ရွှေပေးလို့မရ"

"ခြေတစ်လှမ်း ကုဋေတစ်သန်း"

"မိန်းမတို့ဘုန်း ဆံထုံး၊ ယောက်ျားတို့ဘုန်း လက်ရုံး"

အမျိုးသမီး၊ အမျိုးသားတွေအားလုံး ကျက်သရေရှိသင့်တယ်။ ကျက်သရေ ဆိုတာ မကောင်းတာလုပ်ရမှာကို ရှက်တတ်၊ ကြောက်တတ်ခြင်းဖြစ်တယ်။ မမြင်အပ်တဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းတွေကို လှစ်ဟမပြဘဲ ကျက်သရေရှိရှိ၊ လုံလုံခြုံခြုံ ဝတ်စားသင့်တယ်။ မိန်းကလေးတွေကို လမ်းလျှောက်တဲ့အခါ ခြေမဆောင့်ဖို့၊ လှုပ်တိုက်မလျှောက်ဖို့ အဒေါ်တွေ၊ အမေတွေက ဆုံးမလေ့ရှိတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပညာရေးအရာရှိတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

လေ့လာမှုတွင်ပါဝင်သည့် အမျိုးသား၊ အမျိုးသမီးများက အများဆုံး အားတက်သရော ပြောဆိုဆွေးနွေးကြသည့် အကြောင်းအရာများတွင် အမျိုးသမီးများ၏ ကိုယ်၊ နှုတ်အမူအရာ၊ ဟီရိဩတ္တပ္ပတရားနှင့် ကျက်သရေ တို့ကို သတ်မှတ်ထားသည့် ယဉ်ကျေးမှုစံနှုန်းများက ထိပ်ဆုံးမှဖြစ်ပါသည်။ အမျိုးသမီးများ၏ ကိုယ်ကျင့်သိက္ခာကို ထိုစံနှုန်းများနှင့်အညီ နေထိုင်နိုင်သည့် အရည်အသွေးဖြင့် အဓိက တိုင်းတာကြပါသည်။ လက်တွေ့အားဖြင့် ဤစံနှုန်းများနှင့်အညီ နေထိုင်ခြင်းဆိုသည်မှာ အမျိုးသမီးတစ်ဦးအနေဖြင့် လိင်မှုကိစ္စကို ရှောင်ကြဉ်ခြင်းနှင့် လက်မထပ်ဘဲ မည်သည့်အမျိုးသားနှင့်မှ အတူမနေခြင်း ဖြစ်ပါသည်။ ထို့အပြင် ကျက်သရေရှိသော အပြုအမူကို ဝတ်စားဆင်ယင်မှုဖြင့် သိနိုင်သည်ဟု ယူဆကြပါသည်။ ယဉ်ကျေးမှု စံနှုန်းများနှင့် တန်ဖိုးများဆိုင်ရာ မည်သည့်ဆွေးနွေးမှုတွင်မဆို အထူးသဖြင့် အမျိုးသမီးများ၏ အသွင်အပြင် နှင့် ဝတ်စားဆင်ယင်မှုတို့သည် လေ့လာမှုတွင်ပါဝင်သူများ အဓိက အရေးအကြီးဆုံးဟု ယူဆကြသည့် အကြောင်းအရာများ ဖြစ်ပါသည်။ နိုင်ငံတစ်ဝန်းရှိ ရပ်ရွာဒေသအသီးသီးမှ ပြောပြလေ့ရှိသည်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

အမျိုးသမီးတွေ ဘုရားကျောင်းသွားရင် ဦးထုပ်ဆောင်းရတယ်။ ပြီးတော့ သေသေချာချာ သပ်သပ်ရပ်ရပ် လည်း ဝတ်ရတယ်။ မလုံ့တလုံ ဝတ်ရင် အမျိုးသားတွေကို ဆွဲဆောင်သလို ဖြစ်နိုင်တယ်။ မသန့်ရှင်း၊ မစင်ကြယ်တာတွေ မလုပ်ဖို့ အမျိုးသမီးတွေကို တားမြစ်ထားပါတယ်။

(မြစ်ကြီးနားမြို့မှ အသက်၁၈နှစ်မှ၂၅နှစ်အတွင်း ကချင်လူမျိုးခရစ်ယာန်ဘာသာဝင်အမျိုးသားများ နှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

ယဉ်ကျေးတဲ့ အမျိုးသမီးတစ်ယောက်ဟာ စကားပြောရင်နူးညံ့ရမယ်၊ သိမ်မွေ့ရမယ်၊ စကားကို အသံကျယ်ကျယ် မပြောရဘူး။ အဝတ်အစား ဝတ်တဲ့အခါ ကျက်သရေရရနဲ့ လုံလုံခြုံခြုံဝတ်ရမယ်။ ရွာတွေမှာ အမျိုးသမီးတွေ ဘောင်းဘီဝတ်တာကို လူတွေကလက်မခံဘူး။ မသင့်လျော်ဘူးလို့ ထင်ကြတယ်။

(ဘိုကလေးမြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်အတွင်း ဗမာလူမျိုး ဗုဒ္ဓဘာသာအမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

အမျိုးသမီးတွေ ရိုးရာဝတ်စုံဝတ်ထားတာတွေ့ရင် ကျွန်တော် ကျေနပ်မိတယ်။ အလွန်ကြည့်လို့ကောင်းတယ်၊ ကိုယ့်တိုင်းပြည်ကို ချစ်တယ်ဆိုတာ ပေါ်လွင်တယ်။ ခေတ်ပေါ်အဝတ်အစားတွေ သူတို့ ဝတ်ရင် ကိုယ့်နိုင်ငံကိုဖျက်ဆီးတာပဲ။

(ဘားအံမြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်အတွင်း ကရင်လူမျိုး ဗုဒ္ဓဘာသာအမျိုးသားများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အမျိုးသမီးတွေရဲ့ယဉ်ကျေးမှုနဲ့ ပတ်သက်တဲ့ ဆိုရိုးစကားတစ်ခု ရှိပါတယ်။ 'ယဉ်ကျေးတဲ့ မိန်းကလေးတွေဟာ ခွေးကိုက်ခံရရင်တောင် နောက်လှည့်မကြည့်ဘူး' ဆိုတာပါပဲ။ လူမြင်ကွင်းမှာ အမျိုးသမီးတွေ စကတ်ဝတ်တာ မယဉ်ကျေးဘူး။ အဘွားတို့ခေတ်ကဆိုရင် အမျိုးသမီးတွေက ထဘီကို ခြေမျက်စိဖုံးအောင် ဝတ်ကြတယ်။ ဟိုတုန်းက အမျိုးသမီးတွေဟာ အလွန်ယဉ်ကျေးကြပါတယ်။ အတွင်းသားပေါ်တဲ့ ထဘီမျိုးဝတ်ရင် အဖေတွေကရိုက်တယ်။ ဒါဟာ ကျွန်မတို့ရဲ့ ယဉ်ကျေးမှုမှာ မိန်းမကောင်းတွေ ဝတ်စားဆင်ယင်ပုံ ဖြစ်ပါတယ်။

(အသက် ၄၀နှစ်နှင့်အထက် ရခိုင်လူမျိုးဗုဒ္ဓဘာသာဝင်အမျိုးသမီးများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အမျိုးသားများက ၎င်းတို့ကိုကြည့်သည့်အခါ မည်သို့ခံစားတုံ့ပြန်နိုင်သည့် အပေါ် အဓိကမူတည်၍ အမျိုးသမီးများ ဝတ်စားဆင်ယင်မှုဆိုင်ရာ စံနှုန်း များကို သတ်မှတ်ထားခြင်းဖြစ်ပါသည်။ လေ့လာမှုတွင် ပါဝင်သူများနှင့် ဆွေးနွေးရာတွင် အမျိုးသမီးများ၏ အသွင်အပြင်နှင့်တန်ဖိုးကို အမျိုးသားများ၏ အကြည့်တစ်ချက်ဖြင့် တိုင်းတာဆုံးဖြတ်သည်ဆိုသည့် အယူအဆသည် အများအားဖြင့် ဆွေးနွေးကြသည့် အကြောင်းအရာ ဖြစ်ပါသည်။

အမျိုးသမီးတွေဟာ ဆံပင်ရှည်ထားသင့်ပါတယ်။ ကျွန်တော့်မိန်းမဆို ၆၇-၆၈ နှစ်လောက်ရှိပြီ။ သူ့ဆံပင်က ခါးအထိရှည်တယ်။ ကျွန်တော့်သမီး အကြီးဆုံးကပါမောက္ခ၊ သူက အဲဒီဆံပင်ကိုဖြတ်ချင်တာ၊ ကျွန်တော် လက်မခံဘူး။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အစိုးရ အရာရှိတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုနှင့် စပ်လျဉ်းသည့် အခြားယူဆချက် တစ်ခုမှာ အမျိုးသမီးတစ်ဦး အိမ်ထောင် ရှိ၊ မရှိကို ဝတ်စားဆင်ယင်ပုံဖြင့် သိနိုင်သည်ဆိုသည့် အတွေးအခေါ် ဖြစ်ပါသည်။ ထိုကဲ့သို့ ဝတ်စား ဆင်ယင်မှုနှင့် အသွင်အပြင်အားဖြင့် အိမ်ထောင် ရှိ၊ မရှိကို ဖော်ပြသည်

ဆိုသည်ကို တိုင်းရင်းသားလူမျိုးစုနှင့် ကိုးကွယ်သည့်ဘာသာ အသီးသီးတွင် တွေ့ရှိရပါသည်။

တချို့မိန်းကလေးတွေက လက်မထပ်ခင်မှာ ခေတ်ဆန်ဆန် ဝတ်ချင်ကြတယ်။ အကြောင်းကတော့ အိမ်ထောင်ကျပြီးရင် ဒီလို ခေတ်ဆန်ဆန် မဝတ်သင့်တော့ဘူးလို့ ထင်လို့ပါ။ တချို့ကလည်း ခေတ်ပေါ်အဝတ်အစားတွေက အပျိုလေးတွေအတွက် ဖြစ်ပြီး အိမ်ထောင်သည် အမျိုးသမီးတွေအတွက် မဟုတ်ဘူးလို့ ထင်ကြတယ်။ ဒါကြောင့် သူတို့လက်မထပ်ခင်မှာ ခေတ်ပေါ်တွေကို ရသမျှဝတ်ကြတယ်။ အမျိုးသမီးတွေ အသက်ကြီးမှ ခေတ်ဆန်ဆန်ဝတ်ရင် လူတွေက ကဲ့ရဲ့ပြစ်တင်ကြတယ်။

(ဘိုကလေးမြို့နယ်မှ အသက် ၁၈နှစ် မှ ၂၅ နှစ်အတွင်း ဗမာ၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

ဓလေ့ထုံးစံနဲ့ သင့်တင့်လျောက်ပတ်တဲ့ ဝတ်စားဆင်ယင်မှုကို ထိန်းသိမ်းရမှာက အမျိုးသမီးတွေရဲ့ တာဝန်ပဲ။ အမျိုးသားတွေ ဘောင်းဘီတို ဝတ်လို့ရပေမယ့် အမျိုးသမီးတွေအတွက် မရဘူး။ အမျိုးသမီးတွေ တီရှပ်ဝတ်တာ လုံလုံခြုံခြုံဖြစ်ပေမယ့် ခန္ဓာကိုယ်အလှကို ပေါ်စေတဲ့အတွက်၊ အဲဒီလိုဝတ်ပြီး ဘုရားသွားဖို့ မကောင်းဘူး။ ဆာရီနဲ့ ဘောင်းဘီရှည်ဝတ်တာက ယဉ်ကျေးမှုအတွက် ကောင်းတယ်။ အိန္ဒိယမှာ အမျိုးသမီး ၉၉% က ဆာရီ ခြုံပါတယ်။ ဒါကြောင့် သူတို့ဟာ ဓလေ့ထုံးစံကို စောင့်ထိန်းသူတွေပါ။ အမျိုးသမီးတစ်ယောက် အိမ်ထောင် ရှိ၊ မရှိ သိချင်ရင်၊ အိမ်ထောင်သည် အမျိုးသမီးက ဆံပင်ကို ဆေးနီဆိုးတယ်၊ ပြီးတော့ နဖူးမှာ ဆေးနီတို့ထားတယ်။ ခြေချင်းဝတ်ထားတဲ့ အမျိုးသမီးတွေဆိုရင်လည်း အိမ်ထောင်သည်တွေပဲ။ ဒီတော့ အမျိုးသားတွေက ဘယ်သူ အိမ်ထောင် ရှိ၊ မရှိ သိနိုင်တယ်။ အမျိုးသားတွေက အိမ်ထောင်သည် အမျိုးသမီးတွေကိုတွေ့ရင် အမေလို သဘောထားကြတယ်။ အိမ်ထောင်မရှိတဲ့ အမျိုးသမီးတွေကိုတွေ့ရင် ကြည့်နိုင်တယ်၊ အိမ်ထောင်ဖက်အဖြစ် စိတ်ကူးယဉ်နိုင်တယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ဟိန္ဒူဘာသာရေးခေါင်းဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

အမျိုးသမီးတွေရဲ့သဘာဝကြောင့် သူတို့အတွက် ဆောင်ရန်၊ ရှောင်ရန်တွေ သီးသန့်ရှိပါတယ်။ ဥပမာ- အမျိုးသမီးတွေဟာ ဆွဲဆောင်မှုရှိတယ်။ ဘယ်အမျိုးသမီးမဆို အနည်းဆုံးတော့ အမျိုးသားတွေကို ဆွဲဆောင်နိုင်ကြတယ်။ အပြင်ထွက်လို့ ရပါတယ်၊ ဒါပေမဲ့ သူတို့မှာ အရှက်တရားနဲ့ မကောင်းတာလုပ်ရမှာကို ကြောက်တဲ့စိတ် ရှိရမယ်။ ကျွန်ရှိရမယ်။ အမျိုးသားတွေကို ဆွဲဆောင်နိုင်တဲ့ သူတို့ရဲ့ ခန္ဓာကိုယ်အလှအပတွေကို လုံခြုံအောင် ဖုံးကွယ်ထားရမယ်။ ကွန်ရှေ့ရမယ်ဆိုရင် ဘယ်ဖက်ရှင်မဆို ရပါတယ်။ ဒါဟာ သူစိမ်း(ယောက်ျားတွေ)တွေက သူတို့ကိုကြည့်ပြီး ဆွဲဆောင်ခံရတယ်လို့ထင်ရင် အပြစ်မဖြစ်အောင် ကိုယ့်ကိုယ်ကို ကာကွယ်တဲ့ သဘောပါ။ အစ္စလာမ်ဘာသာမှာ သူစိမ်းတွေ အနားမကပ်နိုင်အောင် အမျိုးသမီးတွေဟာ သူတို့ရဲ့ဦးခေါင်း၊ လည်ပင်း၊ လက်က နေခြေထောက်အထိ ခြုံကြရတယ်။ မျက်နှာကိုတော့ မြင်ရပါတယ်။ အစ္စလာမ်ဘာသာအတွက် သီးသန့်ဝတ်စုံဆိုတာ မရှိပါဘူး။ ရိုးရာဝတ်စုံဖြစ်တဲ့ မြန်မာဝတ်စုံ၊ ရှမ်းဝတ်စုံ ဒါမှမဟုတ် တစ်ခုခုနဲ့ ကိုယ့်ကိုယ်ကို လုံခြုံအောင် ဝတ်ကြတယ်။ မိန်းကလေးက သူ့မျက်နှာကို ဖုံးထားတာဟာ အစ္စလာမ်ဘာသာရဲ့ စည်းမျဉ်းမဟုတ်ပါဘူး။ ဒါက ထုံးတမ်းစဉ်လာတစ်ခုပါ။ ဒါပေမဲ့ မြန်မာနိုင်ငံမှာ ဒါကို ဘာသာရေးအရလို့ ထင်နေကြတာ ရှိပါတယ်။ ဒ့ါအပြင် အရမ်းမွှေးတဲ့ရေမွှေးတွေ သုံးတာကလည်း တခြားလူတွေကို ဆွဲဆောင်ရာ ရောက်ပါတယ်။ အသံမြည်တဲ့ ခြေချင်းလိုမျိုးတွေဝတ်ပြီး တခြားသူတွေကို ဆွဲဆောင်တာမျိုးကိုလည်း လက်မခံပါဘူး။ အရမ်းကျပ်ပြီး ပါးတဲ့ဝတ်စုံတွေ ဝတ်တာမျိုးကိုလည်း လက်မခံပါဘူး။ အမျိုးသမီးတွေ အနက်ရောင်ခြုံထည် ဝတ်တဲ့အကြောင်း မေးကောင်းမေးချင်ကြပါလိမ့်မယ်။ မဟုတ်ပါဘူး။ ဒါဟာ ဘာသာရေး ညွှန်ကြားချက်မဟုတ်ပါဘူး။ ဒါဟာ အာရပ်ဓလေ့ထုံးစံက ယူထားတာပါ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ မွတ်စလင်ဘာသာရေးခေါင်းဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

အထက်ပါကောက်နုတ်ချက်များတွင် တွေ့မြင်ရသည့်အတိုင်း အမျိုးသားများက အမျိုးသမီးများအား လိင်မှုဆိုင်ရာ ရုပ်ဝတ္ထုအဖြစ် ရှုမြင်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြု လက်ခံထားပါသည်။ ထိုမှတဆင့် ဆက်၍စဉ်းစားကြည့်လျှင် ဖိုသဘာဝသည် မတင်းတိမ်နိုင်၊ ထိန်းချုပ်မရနိုင်ဆိုသည့် ထင်မြင်ယူဆချက်များကိုလည်း တွေ့ရှိရပါသည်။ အမျိုးသမီးများက ၎င်းတို့၏ ဝတ်စားဆင်ယင်မှုနှင့် အသွင်အပြင်ကို ထိန်းသိမ်းခြင်းအားဖြင့် ဤသည်ကို တုံ့ပြန်ရန် လိုအပ်သည်ဟု ဆိုကြပါသည်။ အမျိုးသမီးများသည် ကွန်ရှေ့ရရ ဝတ်ဆင်ခြင်းအားဖြင့် လိင်မှုဆိုင်ရာ ထိပါးစော်ကားမှုနှင့် မဖွယ်မရာပြုမှုများမှ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နေကြရသည်ဟု ယူဆဖွယ်ဖြစ်ပါသည်။

ပြောင်းလဲမှုအတိုင်းအတာက ကျယ်ပြန့်လွန်းပါတယ်။ ခုခေတ် မိန်းကလေးတွေဟာ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေမှာတောင် ပေါ်ပေါ်ထင်ထင် (လိင်မှုဆိုင်ရာ ဆွဲဆောင်မှုရှိတဲ့ အဝတ်အစားတွေ) ဝတ်ရဲလာကြပြီ။ တီဗွီ ကြည့်ရင်လည်း တချို့ရုပ်ရှင်တွေဆို တကယ့်ကို ယိုသူမရှက်၊ မြင်သူရှက်ပဲ၊ အရမ်းရှက်ဖို့ကောင်းတယ်။ အမျိုးသားတွေဘက်က ရပ်ပြောရင် အများစုက အဲဒီလို ဟိုပေါ် ဒီပေါ် ဖက်ရှင်မျိုးကိုကြိုက်ကြမှာပဲ။ ခုဆိုရင် အမျိုးသားတွေကို အသားမစားရတဲ့ကျားတွေလို့ ဟာသလုပ်ပြောနေကြတယ်။ အမျိုးသမီးတွေ ဝတ်စားထားတာကလည်း အမျိုးသားတွေရဲ့ရမ္မက်ကို နှိုးဆွဖို့ တမင်ရည်ရွယ်သလို ဖြစ်နေတယ်။ မြို့မှာတော့မသိဘူး။ ကျွန်မတို့ ရွာမှာတော့ ဒါမျိုးဆို ဝေဖန်ကြတယ်။ ဒါကြောင့် သူတို့ ခေတ်ပေါ်အဝတ်အစားတွေကို သိပ်ဝတ်လေ့မရှိဘူး။ ရိုးရာဝတ်စုံဝတ်တာ သူတို့အတွက် အန္တရာယ်ကင်းပါတယ်။ ဒီလိုဆို အမျိုးသားတွေကလည်း သူတို့ကိုမြင်လို့ ရမ္မက်စိတ်ဖြစ်မှာ မဟုတ်ဘူး။ မိန်းကလေးတွေ အတိုအပြတ်လေးတွေဝတ်ရင် သူတို့ရဲ့ ဆွေမျိုးသားချင်းတွေ မရှိတဲ့အချိန်မှာ အမျိုးသားတွေကလာပြီး လိင်မှုဆိုင်ရာ ထိပါးစော်ကားတာမျိုး လုပ်နိုင်တယ်။

(ဘားအံမြို့နယ်မှ အသက် ၁၈နှစ်မှ ၂၅ နှစ်အတွင်း ကရင်လူမျိုး ဗုဒ္ဓဘာသာဝင်အမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

ကျွန်တော်က မြန်မာ့ရိုးရာကိုချစ်တဲ့အတွက် မြန်မာအမျိုးသမီးတွေကို မြန်မာ့ရိုးရာဝတ်စုံဝတ်တာ မြင်ချင်တယ်။ တချို့အမျိုးသမီးတွေက ခေတ်ပေါ်လော်လည်တဲ့ အဝတ်အစားတွေ ဝတ်ကြတယ်။ ဒါတွေက သူတို့အတွက် အန္တရာယ်ကို ဖိတ်ခေါ်နေတာပဲ။ အဲဒီလို အမျိုးသမီးတွေကိုမြင်ရင် အမျိုးသားတွေဟာ ရမ္မက်စိတ်ကြွလာပြီး ပြစ်မှုကျူးလွန်ချင်လာကြတယ်၊ မုဒိမ်းမှုပေါ့။ ယောက်ျားလေးတွေက ရိုးရာဝတ်စုံ ဝတ်ထားတဲ့ အမျိုးသမီးတွေကို 'မိန်းမကောင်းတွေ'လို့ မှတ်ချက်ပေးကြတယ်။ ဒါပေမဲ့ ခေတ်ဆန်ဆန်ဝတ်ထားတဲ့ အမျိုးသမီးတွေ အကြောင်း ပြောတဲ့အခါ 'ကြည့်ပါဦး၊ ဒီတစ်ယောက်က အရမ်း Sexy ဖြစ်တယ်' လို့ ပြောကြတယ်။"

(ဘိုကလေးမြို့နယ်မှ အသက်၂၆နှစ်မှ၄၀နှစ်အတွင်း ဗမာလူမျိုးဗုဒ္ဓဘာသာဝင်အမျိုးသားများ နှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

အမျိုးသမီးများ ကိုယ်တိုင်ပင် အခြားအမျိုးသမီးများနှင့် မိန်းကလေးများ၏ ဝတ်စားဆင်ယင်မှုနှင့် အပြုအမူတို့ကို အမြင်မတော်ဟု ချက်ချင်း ပြစ်တင်ကဲ့ရဲ့လေ့ရှိပါသည်။ အမျိုးသားများအား မြှူဆွယ်သည့် ပုံသဏ္ဍာန်ဖြင့် မဝတ်ကြရန် အမျိုးသမီးများတွင် တာဝန်ရှိသည်ဟု အသားပေးဖော်ပြခြင်းသည် လိင်မှုဆိုင်ရာအကြမ်းဖက်မှုကို ကြုံတွေ့ရသည့် အမျိုးသမီးများအား ယဉ်ကျေးမှုကိုစောင့်ထိန်းရန် သို့မဟုတ် ကျား၊ မ ရေးရာ စံနှုန်းများကို လိုက်နာရန်ပျက်ကွက်ခြင်းကြောင့် ဤသို့ ဖြစ်ရသည်ဟု အပြစ်တင်ခံရစေပါသည်။

မိန်းကလေးတွေအနေနဲ့ အခမ်းအနားတချို့မှာ၊ အထူးသဖြင့် နိုင်ငံတော် အခမ်းအနားတွေ၊ ဘာသာရေး ပွဲလမ်းသဘင်တွေနဲ့ သက်ကြီးဝါကြီးတွေနဲ့ တွေ့ဆုံကြတဲ့အခါတွေမှာ ရိုးရာဝတ်စုံတွေ ဝတ်သင့်ပါတယ်။ မြန်မာ ဝတ်စုံဟာ မမြင်သင့် မမြင်အပ်တဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးကို လုံလုံခြုံခြုံ ဖုံးကွယ်ပေးထားတဲ့ အလွန်ဣန္ဒြေရှိတဲ့ဝတ်စုံ ဖြစ်ပါတယ်။ တချို့ခေတ်ပေါ်အဝတ်အစားတွေက မိန်းကလေးတွေရဲ့ခန္ဓာကိုယ်ကို လှစ်ဟပြနေပါတယ်။ ဒါဟာ လိင်မှုဆိုင်ရာအကြမ်းဖက်မှုကို ကျူးလွန်ဖြစ်အောင် အမျိုးသားတွေကို မြှူဆွယ်သလို ဖြစ်စေပါတယ်။ အထူးသဖြင့် ဒီလို ပူအိုက်တဲ့ရာသီတွေမှာ ဖြစ်တတ်ပါတယ်။ အမျိုးသားတွေကို ကျွန်မတို့ ဒီလိုအခွင့်အရေးမပေးချင်ပါဘူး။"

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အမျိုးသမီးအဖွဲ့အစည်း၂ မှ ကိုယ်စားလှယ်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

အောက်ပါကောက်နုတ်ချက်တွင် အထက်ပါအတိုင်း အမျိုးသမီးများသည် ယဉ်ကျေးမှုကို စောင့်ထိန်းရန် မည်သို့တာဝန်ရှိကြောင်းနှင့် ထိုသို့ မဟုတ်ပါက ပြစ်ဒဏ်အဖြစ် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုအန္တရာယ် ရှိနိုင်ကြောင်း အလားတူ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ဤသို့သော ဖော်ပြချက်များသည် 'သူတစ်ပါးအိမ်ရာ မပြစ်မှားရ' စသည့် ယဉ်ကျေးမှုအရ တန်ဖိုးထားကြသည့် စည်းမျဉ်းများကို ရည်ညွှန်းခြင်း ဖြစ်ပြီး၊ အိမ်ထောင်မပြုမီ ဖြစ်စေ၊ မိမိအိမ်ထောင်နှင့်မဟုတ်ဘဲ ဖြစ်စေ လိင်ဆက်ဆံမှု နှစ်မျိုးစလုံးကို ရည်ရွယ်၍ ဖြေဆိုသူများက ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြသည့်အပြင် ၎င်းတို့အတွက် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှု တစ်ခုတည်းအပေါ်တွင် တာဝန်ပုံချထားခြင်း ဖြစ်ပါသည်။

နေ့စဉ်ဘဝမှာ မိန်းကလေးတွေရဲ့ ပြောပုံဆိုပုံ၊ ဝတ်ပုံစားပုံတွေကို ပြောင်ကျကျ ဆန့်ကျင်ဖို့လိုနေပါပြီ။ ဥပမာ- ယဉ်ယဉ်ကျေးကျေး ပြောဆိုရမယ့်အစား စကတ်အတိုတွေဝတ်ပြီး လူကြီးတွေကို ဗန်းစကားတွေနဲ့ ပြန်ပြောနေတာမျိုးပေါ့။ (ဒါကလည်း) သတင်းစာတွေ၊ မဂ္ဂဇင်းတွေမှာ မကြာခဏဖတ်ရတဲ့ ရာဇဝတ်မှုတွေကနေ သူတို့ကို ကာကွယ်ပေးဖို့ ရည်ရွယ်တာပါပဲ။ မုဒိမ်းမှုတွေလည်း ဒီလိုပါပဲ။ လျှပ်ပေါ်လော်လည် ဝတ်တာစားတာက ဒီလို မုဒိမ်းမှုတွေကို ဖြစ်စေပါတယ်။ ကျွန်မ ကာတွန်းတစ်ခုဖတ်ဖူးတယ်။ လူကြီး တစ်ယောက်က လူငယ်ကိုပြောတာ၊ 'ဒီခေတ်မှာ လူဖြစ်ရတာ သိပ်ကံကောင်းတယ်၊ ငါတို့ခေတ်ကဆို သူတို့ကို ချောင်းကြည့်ခဲ့ရတာ၊ မင်းတို့ကျတော့ အကုန်လုံး အလကားမြင်ရတယ်'။ အရင်ခေတ်က မိန်းကလေးတွေက သူတို့ရဲ့ခန္ဓာကိုယ်ကို လုံလုံခြုံခြုံ သိက္ခာရှိရှိ ဝတ်ကြတယ်။ ဒါကြောင့် အမျိုးသားတွေက ချောင်းကြည့်ခဲ့ရတယ်။ အင်တာနက်ဂျာနယ် ဒါမှမဟုတ် ကားမဂ္ဂဇင်းတွေမှာ လျှပ်ပေါ်လော်လည် ဝတ်စားထားတဲ့ မိန်းကလေးတွေမြင်ရတာ ကျွန်မလိုလူတောင် ရှက်တယ်၊ အဆင်မပြေဘူး။ မိန်းကလေးတွေ ဝတ်တာစားတာ လုံးဝဣန္ဒြေမရှိဘူး။ ဒါကို တားမြစ်သင့်တယ်။ အရင်တုန်းကရှိတဲ့ ဆင်ဆာအဖွဲ့လိုမျိုးက ပိတ်တာမျိုး၊ တားမြစ်တာမျိုး လုပ်သင့်တယ်။ ဒီလို ဝတ်ပုံစားပုံတွေကို ထိန်းချုပ်သင့်တယ်။ ဒီလို အဝတ်အစားမျိုး၊ ဒီလို ဝတ်ပုံစားပုံမျိုးကြောင့် အမျိုးသားတွေလည်း ဖြားယောင်းခံရနိုင်တယ်။ ဗုဒ္ဓဘာသာဝင် တစ်ယောက်အနေနဲ့ပြောရရင် ဒါဟာ အိမ်ထောင်ရေးဖောက်ပြန်တာလို့ ကျွန်မထင်တယ်။ အမျိုးသမီးတွေဘက်က တမင်ရည်ရွယ်တာ မဟုတ်ပေမယ့် အမျိုးသားတွေကို ဖြားယောင်းသလိုဖြစ်သွားနိုင်တယ်။ မိန်းကလေးတွေအနေနဲ့ သူတို့ရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို လှစ်ဟပြတာဟာ သူတို့ရဲ့အလှကိုပြခြင်း ဟုတ်၊ မဟုတ် သေချာ စဉ်းစားသင့်တယ်။ ကျွန်မအနေနဲ့တော့ မိန်းကလေးတွေဟာ လှစ်ဟ မပြသင့်တဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို လုံလုံခြုံခြုံ ဖုံးကွယ်ပြီး၊ ဣန္ဒြေရရဝတ်စားပြီး ကိုယ့်ကိုယ်ကို တန်ဖိုးထားသင့်တယ်လို့ ကျွန်မယုံကြည်တယ်။ ကျွန်မတို့ခေတ်ကဆိုရင် လည်ဟိုက်တွေ၊ လက်ပြတ်တွေ မဝတ်ချင်ဘူး။ ထဘီကို ခြေချင်းဝတ်ဖုံးတဲ့အထိ ဝတ်ကြပါတယ်။ ခြေချင်းဝတ်ပေါ်မှာကိုတောင် ကျွန်မတို့ရှက်ပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပညာရေးအရာရှိတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

အမျိုးသားများ၏ လိင်မှုစွမ်းရည်ကို အမွှမ်းတင်သည့် စံနှုန်းများနှင့် အမျိုးသမီးများ၏ ဣန္ဒြေကိုတန်ဖိုးထားသည့် စံနှုန်းများအကြား ပဋိပက္ခရှိနေသည်မှာ သေချာပါသည်။ လက်မထပ်မီ လိင်မှုကိစ္စကို ရှောင်ကြဉ်ခြင်းနှင့် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းတို့ကို ဖော်ပြထားသည့် အမျိုးသမီးများ၏ ဣန္ဒြေဆိုင်ရာ စံနှုန်းများ၏ အပေါ်ယံလွှာကို ခွာကြည့်လျှင် အမျိုးသားများနှင့် အမျိုးသမီးများအတွက် မတူသည့် စံများရှိနေသည်မှာ အထင်အရှားဖြစ်ပါသည်။

သူတို့က 'ယောက်ျားကောင်း မောင်းမတစ်ထောင်'လို့ ဆိုပါတယ်။ ပြီးတော့ သူတို့က အမျိုးသမီးတွေကို နှိမ်ချင်တယ်၊ ဖိနှိပ်ချင်တယ်။ ယောက်ျားကောင်းတစ်ယောက်ဟာ မိန်းမအများကြီးယူလည်း ဘာမှမဖြစ်ဘူးလို့ ထင်နေကြတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ကရင်အမျိုးသမီး ခေါင်းဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

လိင်မှုဆိုင်ရာသဘာဝနှင့် စပ်လျဉ်း၍ ဤသို့ စံနှစ်မျိုးဖြစ်နေခြင်းအပြင်၊ အမျိုးသမီးများအနေဖြင့် လိင်မှုကိစ္စနှင့် ၎င်းတို့၏ ခန္ဓာကိုယ်ကို လျစ်လျူရှုထားရမည်ဆိုသည့် စံနှုန်းများသည်(အခန်း၁၃ 'ကျန်းမာရေး' တွင် ထပ်မံဆွေးနွေးထားပါသည်) အန္တရာယ်ကင်း၍ နှစ်ဦးသဘောတူ ဖြစ်သည့် ဖို၊ မ ဆက်ဆံရေးတွင် မတူညီသော အခွင့်အလမ်းများ၊ အထူးသဖြင့် လူငယ်များတွင် ဖြစ်လာနိုင်သည့် အန္တရာယ်ရှိပါသည်။ အမျိုးသားများအတွက် ပထမဆုံး လိင်ဆက်ဆံမှု အတွေ့အကြုံကို လိင်လုပ်သားများဖြင့် ရရှိကြသည်မှာ တရားဝင်သတ်မှတ်ထားခြင်း မဟုတ်သည့်တိုင် ဖြစ်ရိုးဖြစ်စဉ်နှင့် မဆန်းသည့်ကိစ္စဖြစ်ပါသည်။ (Roberts 2009)

'မိန်းမကောင်း' သို့မဟုတ် 'သိက္ခာရှိသော' အမျိုးသမီးတစ်ဦးတွင် ရှိရမည့် ယဉ်ကျေးမှုစံနှုန်းများသည် အလွန်အမင်းအားကောင်း၍၊ ၎င်းတို့ကို နည်းလမ်းမျိုးစုံဖြင့် ပြဋ္ဌာန်းထားပါသည်။ ဤလေ့လာမှုမှ ရရှိသော သာဓကများတွင် မုဒိမ်းကျင့်ခံရသော အမျိုးသမီးများအား ၎င်းတို့၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းရန် မုဒိမ်းကျင့်သူများနှင့် အတင်းအကျပ် လက်ထပ်ခိုင်းခြင်း (မွန်ပြည်နယ်) သို့မဟုတ် လက်မထပ်မီ စုံတွဲများ လိင်ဆက်ဆံရခြင်း သို့မဟုတ် မုဒိမ်းကျင့်သူ အမျိုးသားများက ရွာလူကြီးများအား လျော်ကြေးပေးရခြင်း (ကယားပြည်နယ်) စသည့် အလေ့အထများ ပါဝင်ပါသည်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ဓလေ့ ထုံးစံအရ ကျင့်သုံးသည့် လက်မထပ်ဘဲကိုယ်ဝန်ရှိသော အမျိုးသမီး များအား ရွာမှနှင်ထုတ်သည့် အလေ့အထသည် ယခုမရှိတော့ပါဟု ထိုနေရာတွင် မကြာသေးမီကပြုလုပ်ခဲ့သော အလုပ်ရုံဆွေးနွေးပွဲ၌ ပြောပြကြပါသည်။ အိမ်ထောင်မရှိဘဲကိုယ်ဝန်ရသော အမျိုးသမီးများသည် ရပ်မိရပ်ဖများကို ဦးညွှတ်ဂါရဝပြု၍ သူမ၏အပြစ်များအတွက် ခွင့်လွှတ်ရန် တောင်းပန်ရသည်ဟု သိရှိရပါသည်။ ထိုသို့သော ဖြစ်စဉ်များတွင် ရပ်မိရပ်ဖများက အတင်းအကျပ် လက်ထပ်ပေးခြင်းများ ရှိနေသေးကြောင်း သိရှိရပါသည်။ (CARE, 2013)

လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းများအရ အမျိုးသမီးများအား 'ဂုဏ်သိက္ခာ ရှိစေသည်'ဟု ရှုမြင်ကြသည့် အမျိုးသားများ၏ အပြုအမူများကို ဥပမာ များဖြင့် အောက်တွင် ဖော်ပြထားပါသည်။ ယခင်က အမြှောင်မယား သို့မဟုတ် ပြည့်တန်ဆာဖြစ်ခဲ့ဖူးသော အမျိုးသမီးများကို လက်ထပ်ခြင်းဖြင့် သူမသည် ဇနီးမယားတစ်ယောက်၏ လူမှုရေးအဆင့်အတန်းကို ရရှိ လာသည့် အတွက် သူမ၏ဂုဏ်သိက္ခာကို မြှင့်တင်ပေးရာ ရောက်သည်ဟု ယုံကြည်ထားကြပါသည်။

မိန်းကလေး ပြည့်တန်ဆာတွေကို လုံးဝလက်မခံပါဘူး။ မွတ်စလင် တစ်ယောက်အနေနဲ့ ဒုက္ခရောက်နေတဲ့၊ လူမှုရေးအရ လုံခြုံမှုလိုနေတဲ့ မိန်းကလေးတစ်ယောက်ကို ကူညီချင်တယ်ဆိုရင် အမျိုးသားတွေက သူတို့ရဲ့အသိုင်းအဝိုင်းမှာ အသိပေးကြေညာပြီး လက်ထပ်ယူနိုင်ပါတယ်။ ဒီနည်းနဲ့ မွတ်စလင်အမျိုးသားတွေက အဲဒီလို မိန်းကလေးမျိုးတွေကို ကူညီနိုင်ပါတယ်။ ပြီးတော့ အမျိုးသားတစ်ယောက်က အမျိုးသမီး လေးယောက်အထိ လက်ထပ်ယူပြီး၊ သူတို့ကို ကျွေးမွေးစောင့်ရှောက်နိုင်၊ တာဝန်ယူနိုင်ပါတယ်။ ဒါဟာ အဲဒီလိုမိန်းကလေးတွေကို ကူညီဖို့နဲ့ တာဝန်ယူဖို့ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာ အမျိုးသားတွေဟာ အမြှောင်မယားထားတာတို့၊ မိန်းမပျိုလေးတွေရဲ့ဘဝကို ဖျက်ဆီးတာတို့ မလုပ်ရပါဘူး။ နှစ်ယောက်အတူနေချင်ရင် တရားဝင်လက်ထပ်ပြီး လူသိရှင်ကြား ပေါင်းသင်းရပါမယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ မွတ်စလင်ဘာသာရေးခေါင်းဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ယဉ်ကျေးမှုက ဖြည်းဖြည်းချင်း ပြောင်းပါလိမ့်မယ်၊ ရှေးရိုးအစဉ်အလာတွေ ကိုတော့ ကျော်လို့မရပါဘူး။ ဗုဒ္ဓဘာသာမှာ အမျိုးသားတစ်ယောက်ဟာ ရှာကျွေးနိုင်သမျှ မိန်းမကြိုက်သလောက် ယူနိုင်ပါတယ်။ မွတ်စလင် တွေမှာ အမျိုးသားတွေကို မိန်းမလေးယောက်အထိပဲယူဖို့ ကန့်သတ် ထားပါတယ်။ လူ့အဖွဲ့အစည်းက မိန်းမတစ်ယောက်ထက် ပိုယူတာကို လက်မခံပါဘူး၊ နောက်မိန်းမတွေကိုလည်း အထင်သေးကြပါတယ်။ အမျိုးသမီးတွေကလည်း နောက်မိန်းမ မဖြစ်ချင်ကြပါဘူး။ ထားဝယ် ယဉ်ကျေးမှုအရဆိုရင် ချမ်းသာတဲ့ အမျိုးသားတွေမှာ အိမ်ထောင်မကျခင် တရားဝင် လက်ထပ်မထားဘဲ၊ မယားကြီးက သဘောတူလို့ လက်ထပ်ရတဲ့ မိန်းမတွေ အများကြီး ရှိတယ်။ ကျွန်တော့်မှာ မယားငယ်တွေရှိရင်၊ ဂုဏ်သိက္ခာရှိတဲ့ အမျိုးသမီးတစ်ယောက်ကို ကျွန်တော်မယားကြီးအဖြစ် ထပ်ပြီး တရားဝင် လက်ထပ်မယ်ဆိုရင် သူတို့က လက်ခံကြပါတယ်။ မြန်မာ့ယဉ်ကျေးမှုမှာတော့ မတူဘူး။ မယားငယ်တွေက သူတို့ နောက်ဆုတ်ပေးရမှာကို လက်မခံကြဘူး။ ပလက်ဝက ကျွန်တော့် သူငယ်ချင်း တစ်ယောက်ကပြောတယ်၊ ချင်းပြည်နယ်မှာ သူတို့တွေ မိန်းမအများကြီး ယူကြတုန်းပဲတဲ့။ တချို့ တိုင်းရင်းသားလူမျိုးစုတွေမှာ မယားပြိုင်စနစ် ကျင့်သုံးနေတုန်းပါပဲ။ ဒါပေမဲ့ မြန်မာမှာတော့မရှိပါဘူး။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ယဉ်ကျေးမှုအရာရှိတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

တချို့မိန်းကလေးတွေက စိတ်ခွန်အား အရမ်းအားနည်းတယ်။ အမျိုးသား တွေက သူတို့ကို ကူညီပြုပြင်ပြီး စောင့်ရှောက်ပေးသင့်တယ်။ ဒီ့အပြင် မတော်တဲ့ နေရာတွေမှာ အလုပ်လုပ်နေကြတဲ့ မိန်းကလေးတွေကို လမ်းမှန်ပေါ် ရောက်အောင်လည်း ကူညီသင့်တယ်။ အမျိုးသားတွေဆိုတာ မိန်းမပျိုလေးတွေရဲ့ ဘဝကို ဖျက်ဆီးဖို့ မဟုတ်ဘူး။ မိန်းကလေးတွေကို သူတို့က ကူညီပြုပြင်ပေးသင့်တယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပညာရေးအရာရှိတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

၃.၈ စံပြယောက်ျားသဘာဝကို ထုဆစ်ခြင်း

အမျိုးသမီးများနှင့် နှိုင်းစာလျှင် ယဉ်ကျေးမှုအရ အမျိုးသားများ၏ ဝတ်စားဆင်ယင်မှုကို အရေးတကြီး အလေးထားဆွေးနွေးလေ့မရှိကြဘဲ၊ သန့်ရှင်းသပ်ရပ်စွာ ဝတ်စားခြင်းအဖြစ် ရိုးရိုးပင်ဖော်ပြလေ့ရှိပါသည်။ အခမ်းအနားများ၊ ပွဲလမ်းသဘင်များတွင် တိုက်ပုံနှင့်လုံချည်ကို ဦးစားပေး ဝတ်ဆင်ကြပြီး၊ ဆံပင်ရှည်ထားခြင်းကို မနှစ်သက်ကြသော်လည်း၊ ယေဘုယျအားဖြင့် အမျိုးသားများသည် ဝတ်စားဆင်ယင်ပုံကို ၎င်းတို့စိတ်ကြိုက် လွတ်လပ်စွာ ရွေးချယ်နိုင်သည့်အပြင် ဝတ်စားဆင်ယင်မှု အများစုကို သင့်လျော်သည်ဟု ရှုမြင်ကြပါသည်။ အမျိုးသားများ၏ ဝတ်စားဆင်ယင်မှုပုံစံကို ဆွေးနွေးရာတွင် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုကို ဆွေးနွေးရာတွင် ရည်ညွှန်းလေ့ရှိသည့် လျှပ်ပေါ်လော်လည်ခြင်းနှင့် ဣန္ဒြေရှိခြင်းစသည့် တန်ဖိုးဆိုင်ရာ ဝိသေသ လက္ခဏာများမပါသည်ကို တွေ့ရှိရပါသည်။ အမျိုးသားများ၏ ဝတ်စား ဆင်ယင်မှုသည် ပို၍ခေတ်ဆန်သော လမ်းကြောင်းပေါ်သို့ ပြောင်းလဲ ရောက်ရှိလာသည်ဟု ရှုမြင်ကြသည့်တိုင် ယေဘုယျအားဖြင့် ပြစ်တင် ဝေဖန်ခံရမှု နည်းပါးပါသည်။

အမျိုးသားတွေအနေနဲ့ ရိုးရာဝတ်စုံကို စောင့်ထိန်းဖို့ ဘာစည်းမျဉ်း၊ စည်းကမ်းမှ မရှိပါဘူး။ အမျိုးသားတစ်ယောက်ဟာ အနောက်တိုင်းဟန် ဂျင်းဘောင်းဘီနဲ့ တီရှပ်ဝတ်ထားလည်း အဆင်ပြေတယ်။ ဘာပြဿနာမှ မရှိပါဘူး။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အမျိုးသမီးရေးရာအဖွဲ့အစည်း ၂ မှ ကိုယ်စားလှယ်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

ကိုရီးယားရုပ်ရှင်တွေက (ကျွန်တော်တို့ကို) လွှမ်းမိုးလာတယ်။ ဒီလိုနဲ့ ထဘီဝတ်တဲ့အမျိုးသမီး တော်တော်နည်းသွားပြီ အထူးသဖြင့် ပြည်ပ ထွက်တဲ့အခါ၊ အမျိုးသားတွေက နိုင်ငံခြားသွားရင် အနောက်တိုင်းဝတ်စုံ ဝတ်ဆင်ကြရတယ်။ အများနဲ့ လိုက်လျောညီထွေဝတ်ဖို့လိုတယ်။ အမျိုးသားတွေက အမျိုးသမီးတွေရဲ့ဝတ်စားဆင်ယင်ပုံ ပြောင်းလဲတာကို လက်မခံကြပေမယ့် အမျိုးသမီးတွေက အမျိုးသားတွေရဲ့ ဝတ်စားဆင်ယင်ပုံ ပြောင်းတာကို လက်ခံကြပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ယဉ်ကျေးမှုအရာရှိတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

အမျိုးသားများ၏ ဝတ်စားဆင်ယင်မှုနှင့် စပ်လျဉ်း၍ 'လျော်ကန်သင့်မြတ်ခြင်းရှုထောင့်'မှ ထောက်ပြထားသည့် ရှားရှားပါးပါး ကောက်နုတ်ချက်တစ်ခုကို အောက်တွင်ဖော်ပြထားပါသည်။

အမျိုးသားတွေဟာ အမျိုးသမီးတစ်ယောက်ရဲ့ ရှေ့မှာ သူတို့ရဲ့ ခါးဝတ်ပုဆိုး[၃၁] ဖြန့်ဝတ်တာကို ရှောင်ရှားသင့်ပါတယ်။ တချို့ အမျိုးသားတွေက ဒီကျင့်ဝတ်ကိုသိကြတယ်၊ လိုက်နာကြတယ်။ တချို့ကတော့ ဂရုမစိုက်ပါဘူး။ တချို့ဆိုရင် စကားပြောတဲ့အခါ သူတို့ပုဆိုးစကို ပေါင်ကြားညှပ်ပြီးတောင် ပြောလေ့ရှိပါတယ်။ ဒါဟာ အလွန်ကြည့်ရဆိုးပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပညာရေးအရာရှိတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

အမျိုးသားများ၏ ဝတ်စားဆင်ယင်မှုနှင့် စပ်လျဉ်း၍ ယေဘုယျ စိတ်မဝင်စားကြခြင်းတွင် ခြွင်းချက်နှစ်ခုရှိပါသည်။ နှစ်ခုစလုံးသည် အမျိုးသားများအနေဖြင့် 'ယောက်ျားပီသခြင်း' အယူအဆကို လိုက်နာစောင့်ထိန်းရန် 'ယောက်ျားဆန်ဆန်' ပြုမူရမည်ဆိုသည့် ယဉ်ကျေးမှု စံနှုန်းများနှင့် သက်ဆိုင်ပါသည်။ ရှေ့တွင် ဆွေးနွေးခဲ့သည့် အမျိုးသားများ၏ လိင်မှုစွမ်းရည်သည်လည်း 'စံပြ' ယောက်ျားကောင်းတို့၏ ဝိသေသလက္ခဏာတစ်ခု ဖြစ်ပါသည်။ ဤသည်တွင် ကြွက်သား ဖုထစ်ဖြင့် သန်မာကြံ့ခိုင်၍ ကာကွယ်ပေးနိုင်သူ (သူ၏သားမယားကို၊ နိုင်ငံကို အစရှိသည်ဖြင့်)ဆိုသည့် အယူအဆလည်း ပါဝင်ပါသည်။ Connell (1995) ၏ ဆွေးနွေးချက်အရ ဖော်ပြပါလူ့အဖွဲ့အစည်း တစ်ခုတွင် 'စံပြ' ယောက်ျားဆိုသည်မှာ ယောက်ျားပီသခြင်းလက္ခဏာ အဆင့်ဆင့်တွင်ရှိသော အဓိက ယောက်ျားဆန်သည့် အသွင်သဏ္ဍာန်ကို ဆိုလိုခြင်းဖြစ်ပါသည်။ ယောက်ျားပီသခြင်း လက္ခဏာများကို နောက်ခံအခြေအနေပေါ် မူတည်၍ လေ့လာသုံးသပ်ရန်နှင့် သဘောပေါက်နားလည်ရန် လိုအပ်သည့်တိုင် မိန်းမဆန်သည်ဟုယူဆသော လက္ခဏာများသည် ယောက်ျားပီသခြင်း လက္ခဏာအဆင့်များတွင် ပုံမှန်အားဖြင့် အောက်ဆုံးပိုင်းတွင်ရှိနေသည်ကို တွေ့ရှိရပါသည်။ အမျိုးသားများ အလှအပနှင့် နောက်ဆုံးပေါ် ဖက်ရှင်များအား နှစ်သက်လာခြင်းကို လေ့လာမှုတွင် ပါဝင်သူများက ဝေဖန်ပြစ်တင်ခြင်းသည် ထိုယောက်ျားပီသခြင်းဆိုင်ရာ စံနှုန်းများ၊ မည်သို့နေထိုင်ရမည်ဆိုသည့် နည်းလမ်းများနှင့် ဆက်စပ်နေပါသည်။

အမျိုးသားတွေက နာမည်ကြီးအနုပညာရှင်တွေလို ပိုပိုပြီး ပိန်ချင်လာကြတယ်။ ယောက်ျားကောင်းဆိုတာ ကိုယ်ခန္ဓာ ကြံ့ခိုင်သန်စွမ်းရမယ်။ ဒါမှ အရေးကြုံရင် ကာကွယ်စောင့်ရှောက်နိုင်မယ်။ ကိုယ့်နိုင်ငံကို ကာကွယ်နိုင်မယ်။ မော်ဒယ်လ်တွေလို အရမ်းပိန်နေရင် နိုင်ငံကို ဘယ်လိုကာကွယ်မလဲ။ ကျွန်တော်တို့ အလယ်တန်း ကျောင်းသားဘဝတုန်းက ကဗျာတစ်ပုဒ်ရှိတယ်။ 'လူညိုထွား' ဆိုတဲ့ကဗျာ။ ဒီကဗျာထဲမှာ အမေလုပ်သူမှာ သားယောက်ျားလေး တစ်ဦးတည်းရှိတယ်။ သူကြီးလာတဲ့အခါ အသားညိုပြီး ကြွက်သားအဖုအထစ်တွေနဲ့ သန်မာထွားကျိုင်းတယ်။ သတ္တိလည်းရှိတယ်။ အဲဒီအတွက် သူ့အမေက သူ့သားကို အလွန်ဂုဏ်ယူတယ်။ သူ့သားက အလွန်ကြံ့ခိုင်သန်စွမ်းပြီး သတ္တိလည်း အလွန်ကောင်းတာကိုး။ ဒီတော့ သူဟာ သူ့နိုင်ငံကိုကာကွယ်ဖို့ အဆင်သင့် ဖြစ်နေတာပေ့ါ။ မြန်မာလူမျိုးတွေဟာ ယောက်ျားတွေ ကြံ့ခိုင်သန်စွမ်းပြီး ရဲရင့်တာကို တန်ဖိုးထားကြတယ်။ ဒါမှ နိုင်ငံတိုးတက်ဖို့ သူတို့တာဝန်တွေ ထမ်းဆောင်နိုင်ကြမှာ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပြန်ကြားရေးအရာရှိတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

မိန်းမဆန်သည့် အသွင်အပြင်ရှိသည်ဟု အထင်ခံရသော အမျိုးသားများအား စံပြယောက်ျားတို့၏ စံနှုန်းများအတိုင်း နေထိုင်ရန် ပျက်ကွက်သည်ဆိုကာ ဝေဖန်ပြစ်တင်ကြပါသည်။ ဥပမာအားဖြင့် ဖက်ရှင်ကျကျ ဝတ်ဆင်ထားပြီး၊ လက်ဝတ်ရတနာများ သို့မဟုတ် အခြားအဆင်တန်ဆာများ ဝတ်လေ့ရှိသည့် အမျိုးသားများသည် အများ၏ လှောင်ပြောင်မှုကို ရင်ဆိုင်ကြရပါသည်။

သာမန် အမျိုးသမီးတစ်ယောက်အနေနဲ့၊ ခေတ်ပေါ်အဝတ်အစားတွေဝတ်တဲ့ ယောက်ျားလေးတွေအပေါ် ကျွန်မ လုံးဝအထင်မကြီးဘူး။ အဲဒီလို မဟုတ်မဟပ်တွေဝတ်ထားတော့ တစ်ခါတလေ သူတို့ကို ယောက်ျားလေးလား၊ မိန်းကလေးလားတောင် မခွဲတတ်တော့ဘူး။ သူတို့ကို မြင်ရတာ တကယ် စိတ်ကသိကအောက် ဖြစ်တယ်။

(ကလောမြို့နယ်မှ အသက် ၂၆နှစ် မှ ၄၀ နှစ်အတွင်း ဓနုလူမျိုး၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ခုခေတ်မှာ အမျိုးသားတွေဝတ်တာစားတာ ကြည့်ရဆိုးလွန်းလို့ မိန်းမလျာတွေ၊ မိန်းကလေးတွေနဲ့တောင် လူမှားတယ်။ နားကွင်းတွေ၊ လက်ပတ်တွေနဲ့။ ရိုးရိုးရှင်းရှင်းဝတ်ထားတဲ့ အမျိုးသားတွေဆို ကြည့်ကောင်းတယ်။ ယောက်ျားလေးက ယောက်ျားလေးလို ဝတ်တာပဲ မြင်ချင်တယ်။ တချို့ ယောက်ျားလေးတွေဆို အကျႌအကျပ်တွေ၊ ဘောင်းဘီအကျပ်တွေဝတ်ထားတော့ သူတို့ရဲ့ပစ္စည်းတောင်ပေါ်တယ်။ သူတို့တော့ ဘယ်လိုနေလဲမသိဘူး။ ကျွန်မကတော့ သူတို့အစားရှက်တယ်။ သူတို့ကြောင့် ကျွန်မတို့ရဲ့ဓလေ့ထုံးစံတွေနဲ့ ယဉ်ကျေးမှုကို အထင်အမြင်သေးသွားနိုင်တယ်။

(ဘိုကလေးမြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်အမျိုးသမီးများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

မိန်းမဆန်ဆန် သို့မဟုတ် မိန်းမလျာကဲ့သို့ ဝတ်စားဆင်ယင်မှုဆိုင်ရာ ဆွေးနွေးချက်များမှတစ်ဆင့် ယောက်ျားပီသခြင်းစံနှုန်းသည် ဆန့်ကျင်ဘက်လိင်အပေါ် စိတ်ဝင်စားမှုကို ခိုင်မာစွာ အားပြုတည်ဆောက်ထားသည်ကို တွေ့မြင်နိုင်ပါသည်။ ထိုစံနှုန်းကို ယဉ်ကျေးမှု သို့မဟုတ် ဘာသာရေး အကိုးအကားများဖြင့် ထပ်မံအားဖြည့်ထားပါသည်။ လေ့လာမှုတွင် ပါဝင်သည့် ဗုဒ္ဓဘာသာဝင်များက မိန်းမလျာဖြစ်ခြင်းသည် အတိတ်ဘဝတွင် ကျူးလွန်ခဲ့သည့် မကောင်းမှုများအတွက် 'ပြစ်ဒဏ်ခံရခြင်း' ဖြစ်သည်ဟု ယူဆကြပါသည်။ ထိုကဲ့သို့ ယုံကြည်မှုများသည် ယောက်ျားလျာ၊ မိန်းမလျာ၊ လိင်နှစ်မျိုးလုံးကို စိတ်ဝင်စားသူနှင့် လိင်ကူးပြောင်းသူ (LGBT)[၃၂] များအား အပြင်းအထန် ပြစ်တင်ရှုတ်ချခြင်း ဖြစ်ပါသည်။

၃၁။ 'ပုဆိုး' ဆိုသည်မှာ အစနှစ်ဖက်ကို ကွင်းကျယ်ပုံသဏ္ဍာန် ချုပ်ထားပြီး၊ ခါးတွင် ဝတ်သည့်အခါ ဝတ်သူက ကွင်းစနှစ်ဖက်ကို တင်းတင်းဆုပ်၍ အလယ်တွင် စုချည်ပြီး တင်းနေအောင် ထိပ်စကို လိမ်၍ ထုံးချည်ဝတ်ဆင်ရသည့် ခါးဝတ်အထည် ဖြစ်ပါသည်။

၃၂။ LGBT ဆိုသည်မှာ ယောက်ျားလျာ၊ မိန်းမလျာ၊ လိင်နှစ်မျိုးလုံးကို စိတ်ဝင်စားသူနှင့် လိင်ကူးပြောင်းသူများ ဖြစ်ပါသည်။

ပြစ်တင်ဝေဖန်မှုများသည် ဆန့်ကျင်ဘက်လိင်အပေါ် စိတ်ဝင်စားသည့်၊ ယောက်ျားပီသသည့် စံချိန်စံညွှန်းအတိုင်း နေထိုင်ရန် ပျက်ကွက်သည့် ယောက်ျားစစ်စစ်များကိုပါ ဦးတည်ခြင်းဖြစ်ပါသည်။

ဗုဒ္ဓရဲ့လက်ထက်ကတည်းက မိန်းမလျှာဆိုတာ ရှိပါတယ်။ ဒါဟာ ကျွန်တော်တို့ခေတ်မှ ပေါ်လာတဲ့ အသစ်အဆန်းတစ်ခု မဟုတ်ပါဘူး။ ဗုဒ္ဓဘုရားရှင်လက်ထက်က မြင့်မြတ်တဲ့ ရဟန္တာတစ်ပါးကို စော်ကားပြစ်မှားမိတဲ့အတွက် ယောက်ျားဘဝကနေ မိန်းမဘဝပြောင်းသွားတဲ့ ဖြစ်ရပ်တစ်ခု ရှိပါတယ်။ မိန်းမလျှာတွေ ရှိနေတာဟာ သဘာဝပါပဲ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ရုပ်ရှင်ဒါရိုက်တာတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

ဒီနေရာမှာ ကျွန်တော်တို့တွေ အားနည်းနေသေးတယ်လို့ ထင်ပါတယ်။ တန်းတူညီမျှမှုဆိုတာကို အသိအမှတ်ပြုလက်ခံပေးဖို့ နေနေသာသာ၊ လှောင်ချင်ပြောင်ချင်စိတ်ရှိကြတယ်။ ဒီဘဝမှာ မိန်းမလျှာဖြစ်တာဟာ အတိတ်ဘဝက မုဒိမ်းမှုကျူးလွန်ခဲ့တာကြောင့်လို့ ပြောကြတယ်။ ဒါဟာ တကယ်တော့ လက်ရှိဘဝ၊ အတိတ်ဘဝနဲ့ နောက်ဘဝစသဖြင့် အားလုံးအတွက် အဓိပ္ပာယ်ရှိတယ်လို့ ကျွန်တော်ထင်တယ်။ ဘာ့ကြောင့် ဒီလိုမတူညီမှုတွေရှိနေရသလဲ၊ ရှင်းပြလို့မရတာတွေ၊ မတူကွဲပြား လာတာတွေ စသဖြင့် စဉ်းစားစရာပေ့ါ။ ယောက်ျားတစ်ယောက်ရဲ့ ပုံရိပ်က အနော်ရထာတို့၊ အလောင်းဘုရားတို့လို ဘုန်းကြီးတဲ့ဘုရင်တွေ၊ ကြံ့ခိုင်သန်စွမ်းတဲ့ ယောက်ျားတွေလို ဖြစ်ရမယ်ဆိုတာနဲ့ပဲ ဆိုင်တယ်။”

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ကျောင်းဆရာတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

အခြား ဘာသာတရားများတွင်လည်း အမျိုးသားနှင့် အမျိုးသမီးများ၏ ‘ပင်ကို သဘာဝ’ကို ကိုးကား၍ ယောက်ျားပီသခြင်း၊ မိန်းမပီသခြင်း စံနှုန်းကို ဖော်ပြထားပါသည်။

အစ္စလာမ်ဘာသာမှာ ယောက်ျားလေးတွေကို နားကွင်းတွေ၊ ရွှေထည် ပစ္စည်းတွေ ဝတ်ဖို့၊ မိန်းကလေးတွေလို ကနွဲ့ကလျနေဖို့ ဘယ်တော့မှ မတိုက်တွန်းသလို၊ မိန်းကလေးတွေကိုလည်း နူးညံ့သိမ်မွေ့ဖို့နဲ့ ယောက်ျားလျှာတွေလိုမနေဖို့ ဆုံးမကြပါတယ်။ ဒါဟာ သဘာဝကို ဆန့်ကျင်တာပဲ။ ဒါဟာ သူတို့ရဲ့လုံခြုံရေးအတွက်မကောင်းသလို လူမှုရေး အရလည်း မသင့်လျော်ပါဘူး။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ မွတ်စလင်ဘာသာရေးခေါင်းဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

၃.၉ ဘုရားပေါ်တွင် ၄က်များ နားခွင့်ပေးခြင်း - မိမိကိုယ်ကို ထိန်းသိမ်းခြင်း၊

ခက်ခဲကြမ်းတမ်းမှုကို သည်းခံခြင်းနှင့် စွန့်လွှတ်အနစ်နာခံခြင်း

မြန်မာနိုင်ငံတွင် အိမ်ထောင်ပြုခြင်း အမှုကိစ္စကို အလွန်ချီးကျူး ဂုဏ်ပြုလေ့ရှိပြီး၊ ဘဝနှစ်ခုပေါင်းစပ်ရန်အရေးပါ၍ ခိုင်မြဲသည့် အခြေခံ အုတ်မြစ်အဖြစ် ဖော်ကျူးလေ့ရှိကြပါသည်။ အိမ်ထောင်သည်ဘဝ အပြုသဘော ပြောင်းလဲမှုများတွင် ဖြေဆိုသူ အမျိုးသမီးအများစုက စီးပွားရေးအခြေအနေ တိုးတက်လာသည်ဟုဖြေဆိုကြပြီး၊ လေ့လာမှုတွင် ပါဝင်သူ အမျိုးသားများက ပိုမိုတက်ကြွ၍ တာဝန်ကျေသောဘဝကို ခံစားရသည်ဟု အများအားဖြင့် ဖြေဆိုကြပါသည်။ သားသမီးများရှိခြင်းကို အမျိုးသားရော အမျိုးသမီးများကပါ အိမ်ထောင်ရေး၏ ကောင်းကျိုးရလဒ် အဖြစ် ရှုမြင်ကြပြီး၊ ၎င်းတို့ အိုမင်းချိန်တွင် ဘဝအာမခံချက်အဖြစ် မှတ်ယူကြပါသည်။ အိမ်ထောင်သည်ဘဝ အနုတ်သဘောဆောင်သည့် ပြောင်းလဲမှုများတွင် အမျိုးသားနှင့် အမျိုးသမီးနှစ်ဦးလုံးအတွက် ကန့်သတ်ချက်များ ပိုများလာပြီး၊ အထူးသဖြင့် အချိန်ခွဲဝေခြင်းနှင့် သွားရေးလာရေးတို့တွင် ဖြစ်သည်ဟု ဖော်ပြထားပါသည်။ လေ့လာမှုတွင်ပါဝင်သူများ အများအားဖြင့်သုံးကြသည့် စကားပုံများနှင့် ဆိုရိုးစကားများက အိမ်ထောင်ပြုခြင်းသည် ဘဝတစ်သက်စာ ဖြစ်သည်ကို သက်သေခံနေပါသည်။

- » အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည် စုတ်ထိုး၊
- » ဤသုံးမျိုးချက်မပိုင်လျှင် နောင်ပြင်ရန်ခက်သည့်အမျိုး
- » စိုက်နည်းမှားရင် တစ်နှစ်ခံ၊ မယားရွေးမှားရင် တစ်သက်ခံ
- » နွားဆိုးရင် ရောင်းလို့ရ၊ လင်ဆိုးရင် တစ်ဘဝ

မဖြစ်မနေ မဟုတ်သော်လည်း၊ မိမိ ရွေးချယ်သည့် အိမ်ထောင်ဖက်ကို မိသားစုမှ သဘောတူလက်ခံခြင်းကို ယေဘုယျအားဖြင့် လိုလားကြပါသည်။ အမျိုးသားများက ၎င်းတို့၏ အိမ်ထောင်ဖက်ကို ကိုယ်တိုင်ရွေးချယ်လိုသော ဆန္ဒ အမျိုးသမီးများထက် ပိုမိုပြင်းထန်ကြပြီး၊ အမျိုးသမီးများ အနေဖြင့်၊ အထူးသဖြင့် အိမ်ထောင်ရေး အဆင်မပြေခဲ့လျှင် မိသားစု၏ အထောက်အပံ့သည် အရေးကြီးပါသည်။

အမျိုးသမီးတစ်ယောက်အနေနဲ့ ကိုယ့်ဆန္ဒနဲ့ ဆန့်ကျင်ပြီး ဟန်ဆောင်ကြရ၊ အပြုသဘော ပြုမူကြရပါတယ်။ ကြိုက်သည် ဖြစ်စေ၊ မကြိုက်သည် ဖြစ်စေ ဟန်ဆောင်ပြီး ပြုံးကြရပါတယ်။ ဒါဟာ ရွာရဲ့ ဓလေ့ထုံးစံပါ။

(မုံရွာမြို့နယ်မှ အသက် ၂၆နှစ် မှ ၄၀ နှစ်အတွင်း ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်အမျိုးသားများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အိမ်တွင်း အကြမ်းဖက်မှုကို ကြုံတွေ့ရသည့် အမျိုးသမီးများနှင့်စပ်လျဉ်း၍ တိုက်ရိုက်မေးခွန်းများ မမေးသည့်တိုင် လေ့လာမှုတွင် ပါဝင်သူများက ၎င်းတို့အကြောင်း မကြာခဏ ရည်ညွှန်းပြောဆိုကြပါသည်။ အိမ်ထောင် တစ်ခုတွင် အမျိုးသားများ၏ ချုပ်ကိုင်လွှမ်းမိုးမှု၊ ထိန်းချုပ်မှုနှင့်အကြမ်း ဖက်မှု ဆိုင်ရာ လက်တွေ့အတွေ့အကြုံများအဖြစ် ‘လင်နဲ့မယားလျှာနဲ့သွား’၊ ‘မယားနေစ ကြောင်သေမှ’၊ ‘မယားနဲ့ နွား မသနားနဲ့’၊ ‘အရိုးကွဲအောင် ရိုက်မှ အသည်းစွဲအောင်ချစ်’ စသည့် စကားပုံများ၊ ဆိုရိုး စကားများကို မျှော်လင့်ထားသည့် အခြေအနေနှင့် နှိုင်းယှဉ်၍ ဆွေးနွေး ကြပါသည်။ အိမ်တွင်းအကြမ်းဖက်မှုများကို ကြုံတွေ့ရသည့် အမျိုးသမီးများ အတွက် ၎င်းတို့၏ မိဘများထံ ပြန်သွားခြင်းမှလွဲ၍ ရန့်ရင်းကြမ်းတမ်းသည့် ဆက်ဆံရေးမှ လွတ်မြောက်ရန် အခွင့်အလမ်းမရှိသလောက် ဖြစ်ပါသည်။ မိသားစုမှ သဘောတူသည့် အိမ်ထောင်ရေးဖြစ်ပါက၊ သမီးဖြစ်သူကို မိဘများက ပို၍ ထောက်ပံ့ပေးလိမ့်မည်ဟု ယူဆကြပါသည်။

ယောက်ျားအများစုဟာ လက်မထပ်ခင်နဲ့ လက်ထပ်ပြီးမှာ အမျိုးသမီး တွေကို ဆက်ဆံတာ မတူပါဘူး။ လက်ထပ်ပြီးရင် သူတို့က အမျိုးသမီး တွေကို သူတို့ပိုင်ပစ္စည်းတစ်ခုလို့ ယူဆပြီး၊ နောက်ပိုင်းမှာ ရိုက်တာတို့၊ နှိပ်စက်တာတို့ လုပ်လာကြတယ်။ မိဘတွေကလည်း သူ့ဘာသာ ရွေးချယ်ခဲ့တာဆိုပြီး၊ ဒါတွေကို လျစ်လျူရှုထားကြပါတယ်။ ဒီလိုအချိန် မျိုးမှာ အမျိုးသမီးတွေဟာ ယောက်ျားနှိပ်စက်တာ ခံနေရတာတောင် မိဘတွေဆီ မပြန်ရဲတော့ဘူး။ ဒါဟာ သူတို့အတွက် ငရဲခန်းလိုပါပဲ။

(အသက်၄ဝနှစ်နှင့်အထက် ရခိုင်လူမျိုးဗုဒ္ဓဘာသာဝင်အမျိုးသမီးများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ယဉ်ကျေးမှုစံနှုန်းများအရ အိမ်ထောင်ရေးသည် ဘဝတစ်သက်စာ ဖြစ်သည်ဟု သတ်မှတ်ထားသော်လည်း၊ ယေဘုယျအားဖြင့် အိမ်ထောင်သည်ဘဝ အမျိုးသားနှင့် အမျိုးသမီးများ၏ အခက်အခဲများနှင့် စိတ်ညစ်စရာများကို မည်သို့ကိုင်တွယ်ဖြေရှင်းမည် ဆိုသည့်အပေါ် မတူညီသော အမြင်များရှိပါသည်။ လေ့လာမှုတွင် ပါဝင်သူများ၏ အဆိုအရ၊ အမျိုးသားများအနေဖြင့် အရက်သောက်ခြင်း၊ အိမ်ထောင်ရေး ဖောက်ပြန်ခြင်း သို့မဟုတ် အကြမ်းဖက်ခြင်း စသည်အားဖြင့် နေ့စဉ် ဘဝတွင် ကြုံတွေ့ရသည့် စိတ်ညစ်စရာများမှ ထွက်ပေါက်ရှာနိုင်သည် ဆိုသည့် အမြင်များရှိပါသည်။ သို့ရာတွင် အမျိုးသမီးများမှာမူ ခက်ခဲ ကြမ်းတမ်းမှုကို ရေငုံနှုတ်ပိတ်သည်းခံ၍ အပြင်တွင် ဘာမှမဖြစ်သလို ရဲရဲရင်ဆိုင်ရမည်ဆိုသည့်အမြင် ရှိပါသည်။ ဤသည်ကို 'လင်ဆိုးမယား တဖားဖား' ဟူသောဆိုရိုးဖြင့် သာဓကပြုထားပြီး၊ အမျိုးသမီးများသည် ခင်ပွန်းသည် မကောင်းသမျှအားလုံးကို သူတစ်ပါး မရိပ်မိစေရန် ဖုံးကွယ်ထားရမည်ဟု ဆိုလိုပါသည်။

'ကိုယ်တည်တဲ့ ဘုရား၊ ကျီးနားနား၊ လင်းတ နားနား'လို့ ပြောကြတယ်။ အမျိုးသမီး တစ်ယောက်က အမျိုးသားတစ်ယောက်ကို အိမ်ထောင်ဖက် ရွေးလိုက်ပြီဆိုတာနဲ့ အဲဒီယောကျ်ား ကောင်းကောင်းဆိုးဆိုး၊ သူ ပြုသမျှ၊ သူ လုပ်သမျှ သည်းခံရမှာပဲလို့ ဆိုလိုတာပါ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ မွန်အမျိုးသမီးခေါင်းဆောင် တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

လက်ထပ်ပြီးတဲ့အခါ စိတ်မချမ်းသာစရာ အပြောင်းအလဲတွေ အများကြီး ရှိခဲ့တယ်။ အစတော့ မသိသာပေမယ့် တဖြည်းဖြည်းနဲ့ 'ဒီလူနဲ့ ငါ မယူခဲ့ရင် အကောင်းသား'လို့ တစ်ခါတလေ ခံစားရတယ်။ ကျွန်မ အထင်တော့ 'ငါ အိမ်ထောင်ပြုတာ မှန်လိုက်လေခြင်း'လို့ ထုတ်ပြောရဲတဲ့ အမျိုးသမီး တစ်ယောက်မှ မရှိပါဘူး။ 'ငါတို့ အိမ်ထောင်ပြုတာ မှားလိုက် လေခြင်း'လို့လည်း ဘယ်သူမှလဲ ထုတ်ပြောကြမှာမဟုတ်သလို၊ ပြောဖို့ အခွင့်မသာတာ၊ ဒါမှမဟုတ် မပြောရဲတာရှိမှာပဲ။ ဒါပေမဲ့ အမျိုးသမီးတိုင်း အနည်းဆုံး ဒီလိုတော့ တွေးမိကြမှာပါ။

(မင်္ဂလာတောင်ညွန့်မြို့နယ်မှ အသက် ၂၆နှစ် မှ ၄၀ နှစ်အတွင်း မွတ်စလင် အမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

'သားကိုသခင်၊ လင်ကိုဘုရား' ဆိုတဲ့ မြန်မာ့ဆိုရိုးအတိုင်း အိမ်မှာ အမျိုးသားတွေနဲ့ ယောကျ်ားလေးတွေဟာ အများကြီး ဦးစားပေးခံရပါတယ်။ အစားအသောက်ပဲ ဖြစ်ဖြစ်၊ အိမ်ထောင်ဦးစီး ယောကျ်ားကို ဦးဦးဖျားဖျားအကောင်းဆုံးကို ကျွေးကြပါတယ်။ မိန်းမဖြစ်သူက အမြဲ အနစ်နာခံလေ့ရှိပြီး၊ အထူးသဖြင့် ဝင်ငွေနည်းတဲ့အိမ်ထောင်စုတွေမှာ မိန်းမတွေက လျှော့စားကြရပါတယ်။ ယဉ်ကျေးမှုအရလည်း အမျိုးသမီး တွေဟာ အိမ်ထောင်ကိုထိန်းသိမ်းရမယ့်၊ ယောကျ်ားရှာပေးသမျှနဲ့ လောက်ငအောင်သုံးရမယ့် တာဝန်ရှိတယ်လို့ ကျွန်တော်ထင်တယ်။ မိသားစုမှာဝင်ငွေနဲ့ အသုံးစရိတ်ကို စီမံခန့်ခွဲတာမိန်းမတွေပါပဲ။ အိမ်မှာ စိတ်ညစ်စရာရှိရင်၊ ဒါမှမဟုတ် ပြဿနာဖြစ်ရင် အမျိုးသမီးတွေက အရာရာ သည်းခံကြရတဲ့အပြင် တစ်ခါတလေ တာဝန်ယူဖြေရှင်း ကြရတယ်။ အမျိုးသားအများစုကတော့ ဝင်ငွေနည်းတဲ့ မိသားစုတွေ ကြည့်လိုက်ရင် အရက်သောက်ပြီး ထွက်ပေါက်ရှာကြတယ်။ အမျိုးသမီးမှာတော့ ဘာထွက်ပေါက်မှမရှိပါဘူး။

(အဓိကသတင်းအချက်အလက်ပေးနိုင်သူ ပညာရေးကျွမ်းကျင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

၁၄ ရာစုကတည်းက ရှိခဲ့သည့် 'လောကနီတိ' သို့မဟုတ် 'ဘဝလမ်းညွှန်' ခေါင်းစဉ်ဖြင့် မြန်မာဖတ်စာတွင် အမျိုးသမီးများအား အိမ်မှုကိစ္စများကို စိတ်ဝင်စား၍ ကျိုးနွံသူများ ဖြစ်သည်ဟု ဖော်ပြထားပြီး၊ ၎င်းသည် လေ့လာမှုတွင် ပါဝင်သူများကို သိသာစွာ လွှမ်းမိုးထားဆဲ ဖြစ်ပါသည်။ အောက်ပါကောက်နုတ်ချက်တွင် အမျိုးသမီးများအား ဦးစားပေးသည့် ယဉ်ကျေးမှု လက္ခဏာများကို ဆွေးနွေးထားပါသည်။ ၎င်းတွင် ရောင့်ရဲတင်းတိမ်မှု၊ ထိန်းချုပ်နိုင်မှုနှင့် စွန့်လွှတ်အနစ်နာခံမှုတို့သည် မိန်းမကောင်းတစ်ဦး ဖြစ်စေသည့် အဓိကအချက်များဖြစ်ကြောင်း အသားပေးဖော်ပြထားပြီး၊ ထိုအယူအဆများသည် ငယ်စဉ်ကတည်းက အမျိုးသမီးများတွင် ကိန်းဝပ်နေသည်ကို တွေ့ရှိရပါသည်။

မိန်းကလေးတွေအတွက် ကျွန်မတို့ ထိန်းသိမ်းစေချင်တဲ့ ယဉ်ကျေးမှုတွေကို သူတို့ ငယ်စဉ်ကတည်းက အမေတွေက သွန်သင်ဆုံးမကြတယ်။ ကိုယ့်ကိုယ်ကို တန်ဖိုးထားဖို့၊ မမြင်အပ်တဲ့အရာတွေကို မမြင်စေဘဲ၊ ဣန္ဒြေရရ ဝတ်စားဖို့ သမီးတွေကို ဆုံးမကြပါတယ်။ ဒါ့အပြင် မိန်းကလေး တန်ဖိုးရှိအောင် ပညာဆက်သင်ဖို့၊ ဥပမာ- ဘာသာစကားနဲ့ တခြားအတတ်ပညာတွေကို သင်ဖို့။ ဒါဟာ ကျွန်မတို့ ထိန်းသိမ်းစေချင်တဲ့ အရာတွေပဲ။ နောက်တစ်ခုကတော့ မိခင်စိတ် ဖြစ်တယ်။ မိခင်စိတ်ဆိုတာ စွန့်လွှတ် အနစ်နာခံတတ်တဲ့ စိတ်ပါ။ လိုအပ်ရင် ကိုယ့်သားသမီးတွေ အတွက် ကိုယ့်အသက်ကိုတောင် စွန့်လွှတ်နိုင်ရမယ်။ ဒါကို မိခင်စိတ်လို့ ခေါ်တယ်။ မိခင်စိတ်ရှိဖို့က မိခင်တစ်ယောက်ဖြစ်မှ မဟုတ်ဘူး။ အပျိုလေးတွေဆိုရင် မေတ္တာတရား ကြီးမားတာ၊ ကရုဏာတရား ကြီးမားတာ၊ စေတနာကောင်းတာ၊ စွန့်လွှတ်အနစ်နာခံတာ စသဖြင့် ဒါတွေဟာ မိခင်စိတ်ပဲ။ နောက်တစ်ခုကတော့ ကိုယ်ကျင့်တရားပဲ။ သူများလို မစားနိုင်ရင်တောင်မှ ကိုယ်ချက်တဲ့ အစားအသောက်က အာဟာရပြည့်ရမယ်။ ကိုယ့်မှာရှိတာနဲ့ ရောင့်ရဲတတ်ရမယ်။ လောဘ မကြီးရဘူး။ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်ရမယ်။"

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပညာရေးအရာရှိတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

ကိုယ့်ကိုယ်ကိုထိန်းသိမ်းခြင်းဆိုသည့် အယူအဆနှင့် ဆက်စပ်ပြီး၊ အခြားသူများအပေါ် လေးစားရိုသေခြင်းကို အလွန်အမင်း တန်ဖိုးထားခြင်း နှင့် ပေါင်းလိုက်သည့်အခါ 'အားနာတယ်' ဆိုသည့် အယူအဆ ဖြစ်လာ ပါသည်။ 'အားနာတယ်'ဟူသော စကားကို အမျိုးသားနှင့် အမျိုးသမီးများ အပြုအမူ၊ အပြောအဆိုများတွင်ဖြစ်စေ၊ သူတစ်ပါး၏ ဂုဏ်သိက္ခာ မထိခိုက်စေရ သို့မဟုတ် သူတစ်ပါးမျက်နှာကို ထောက်ထားရမည်ဟု ခံစားရသည့်အခါ မိမိမှန်သည်ကိုပင် မှန်ကန်ကြောင်းမပြောဘဲ စောင့်စည်းလိုသည့်အခါများတွင် ဖြစ်စေ၊ သို့တည်းမဟုတ် လေးစားမှု နှင့် ယဉ်ကျေးမှုကို ပြသရန် ဖြစ်စေ အများအားဖြင့် ထိုစကားရပ်ကို သုံးကြပါသည်။[၃၃] Roberts(2009)က ထိုစကားရပ်တွင် အရေးပါသည့် ကျား၊ မ ရေးရာ ရှုထောင့်များရှိနေသည်ဟု ဆိုပါသည်။ 'အားနာတယ်' ဆိုသည်မှာ လူမှုထုံးစံတစ်ခု ဖြစ်သော်လည်း၊ မြန်မာတို့၏ ဘဝနေထိုင်မှု ကဏ္ဍအားလုံးတွင် စိမ့်ဝင်ပျံ့နှံ့နေသည်ဟု သူမကဆိုပါသည်။ အားနာ တတ်သည့် အလေ့အထသည် အမျိုးသားရော အမျိုးသမီးပါ အတူတူ ကျင့်သုံးရန် ဖြစ်သော်လည်း၊ ကိုယ့်ကိုယ်ကိုအတွက် မည်သည်ကိုမှ မတောင်းဆိုနိုင်သည့် အခြေအနေ၊ အဆင့်အတန်း မြင့်မားသူများနှင့် ပြဿနာဖြစ်၍မရသော အခြေအနေတွင်ရှိသည့် သြဇာအာဏာနည်းသူ အမျိုးသမီးများအပေါ်တွင် ပို၍ သက်ရောက်စေပါသည်။

၃၃။ အသေးစိတ်ကို အတန်ငယ်ကြာပြီဖြစ်သော်လည်း Bekker(1981)၏ 'အားနာတယ်'ဆိုသည့် အယူအဆအကြောင်းဆွေးနွေးချက်တွင် ကြည့်ပါ။

၄ စံနှုန်းများကို ဖောက်ဖျက်ခြင်း

အန္တရာယ်ရှိသော လူမှုရေးပုံစံများမှ ခွဲထွက်ခြင်းကြောင့်ဖြစ်သည့် အခက်အခဲများသည် စံနှုန်းများ၏ သက်ရောက်မှုကို အနီးကပ်လေ့လာသူများအကြား ပို၍ သိသာထင်ရှားလာပါသည်။ ကျား၊ မ ရေးရာ ဆိုင်ရာ အပြုအမူများနှင့် စပ်လျဉ်းသည့် အစဉ်အလာ ယုံကြည်မှုများသည် လူအများ၏ဘဝတွင် ခိုင်မာစွာ လွှမ်းမိုးနေကြောင်း ဤသည်က ပြသနေပါသည်။ ဤအခန်းတွင် လူအများ ယေဘုယျအားဖြင့် ဆွေးနွေးကြသည့် ယဉ်ကျေးမှုစံနှုန်းများကို ချိုးဖောက်ခြင်း ဖြစ်စဉ်များကို အသေးစိတ် လေ့လာတင်ပြထားပါသည်။ အမျိုးသမီးတစ်ယောက်သည် မုဆိုးမဖြစ်ခြင်း သို့မဟုတ် သမားရိုးကျမဟုတ်သောအလုပ်ကို ရွေးချယ်ခြင်း စသည်တို့ဖြင့် စံနှုန်းများကို မရည်ရွယ်ဘဲ ချိုးဖောက်မိနိုင်ပါသည်။ ဤဖြစ်ရပ်နှစ်ခုစလုံးတွင် လူမှုရေးအရဒဏ်ခတ်ခြင်း သို့မဟုတ် ပြစ်ဒဏ်ပေးခြင်းများ ရှိပါသည်။ ထို့အပြင် စံနှုန်းများကို ချိုးဖောက်သည့် အတွက် ပြစ်ဒဏ်ပေးရာတွင် အမျိုးသားနှင့် အမျိုးသမီး မတူကြပါ။

စံနှုန်းများအား ချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ အများဆုံး ဆွေးနွေးကြသည့် ဖြစ်စဉ်များသည် အိမ်ထောင်သည် ဘဝတစ်လျှောက် ရာသက်ပန် စောင့်ထိန်းရမည့် လင်နှင့်မယား ဆက်ဆံရေးကို သွေဖည်ခြင်းနှင့် သက်ဆိုင်ပါသည်။ ဤတွင် ဆန့်ကျင်ဘက် လိင်အပေါ် စိတ်ဝင်စားခြင်းနှင့် လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ စံနှုန်းများ၏ စွမ်းအားကို တွေ့မြင်နိုင်ပါသည်။ ၎င်းတွင် သားသမီးများကို အိမ်ထောင် ချပေးရမည့် မိဘများ၏ တာဝန်လည်း ပါဝင်ပါသည်။ (ပညာရေးဝန်ကြီးဌာန၊ ၂၀၀၄)

ယခင်အခန်းတွင် အမျိုးသားများ၏ ဝတ်စားဆင်ယင်မှု နောက်ခံအပြင် အခြားသော ယောကျာ်းပီသခြင်း လက္ခဏာများနှင့် ဖိုသဘာဝလက္ခဏာများကို ဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ ဆွေးနွေးချက်များသည် အမြဲတစေ ဝေဖန်စရာဖြစ်ပြီး အမျိုးသမီးများ၏ လွတ်လပ်ခွင့်ကို ချိုးဖောက်ခြင်းဖြစ်သည်မှာ သေချာပါသည်။ သို့ရာတွင် အမျိုးသမီးများတွင် ဆန့်ကျင်ဘက် လိင်အပေါ် စိတ်ဝင်စားခြင်းဆိုင်ရာ စံနှုန်းများထက် ကျော်လွန်၍ ‘မ’ သဘာဝလက္ခဏာများအကြောင်း မဆွေးနွေးကြပါ။ အမျိုးသမီးများသည် မတူသည့်လိင်သဘာဝကို တွေ့ကြုံခံစားလိုကြောင်း၊ သို့မဟုတ် အချို့အမျိုးသမီးများသည် ယောကျာ်းလျာများ ဖြစ်သည်ကို လုံးဝနီးပါး သို့မဟုတ် လုံးဝအသိအမှတ်မပြုကြပါ။ ‘မ’ သဘာဝ စံနှုန်းများအား သွေဖည်သည့် အမျိုးသမီးများကို ‘ယောကျာ်းဘဝရချင်သူ’ ဆိုလိုသည်မှာ ယောကျာ်းနှင့် ပိုတူလိုသူများဟု ခပ်လွယ်လွယ် နာမည်တပ်ကြပါသည်။

၄.၁ အလံမပါသော ရထား - အမျိုးသမီးများ၏ တစ်ဦးချင်းတန်ဖိုး

၄.၁.၁ အပျိုစင်များ၊ အပျိုကြီးများနှင့် လူပျိုများ

အိမ်ထောင်မရှိသော အမျိုးသမီးတစ်ယောက်အား တစ်ခုခုလိုအပ်နေသည် သို့မဟုတ် မပြည့်စုံဟု သွယ်ဝိုက်ရည်ညွှန်းသည့် စကားပုံများ၊ ဆိုရိုးစကားများသည် လေ့လာမှုတွင်ပါဝင်သည့် ရပ်ရွာဒေသများ အပါအဝင် လူ့အဖွဲ့အစည်းတစ်ခုလုံးတွင် ရှိနေပါသည်။ လက်ထပ်ပြီးမှ အကြောင်းအမျိုးမျိုးကြောင့် အိမ်ထောင်ပျက်ရသည့် အမျိုးသမီးများ သို့မဟုတ် မုဆိုးမများကို ရည်ညွှန်းရာတွင် ထိုကဲ့သို့သော ဆိုရိုးစကားများကို များသောအားဖြင့် အသုံးပြုကြပါသည်။ တစ်ခါတစ်ရံတွင် လက်မထပ်ရသေးသော ‘အပျို’၊ ‘အပျိုကြီး’များ (မြန်မာနိုင်ငံတွင် လက်မထပ်ရသေးသော အမျိုးသမီးများကိုခေါ်ဝေါ်သည့် အသုံးအနှုန်း)ကို ရည်ညွှန်းရာတွင်လည်း ထိုသို့သော ဆိုရိုးများကို အသုံးပြုကြပါသည်။

> ‘မိန်းမကောင်းပန်းပန် တစ်ပွင့်တန်’ဆိုတဲ့ ဆိုရိုးစကားက အကျင့်စာရိတ္တကောင်းမွန်တဲ့ မိန်းမတစ်ယောက်ဟာ တစ်ဘဝလုံးမှာ အိမ်ထောင်တစ်ဆက်ပဲရှိတယ်လို့ ဆိုလိုတာပါ။ အဲဒီအတိုင်းဖြစ်ရင်တော့ ကောင်းတာပေါ့။ ဒါပေမဲ့ အမျိုးသမီးတစ်ယောက်အနေနဲ့ အိမ်ထောင်ကွဲဖို့၊ ဒါမှမဟုတ် မုဆိုးမဖြစ်ဖို့ ကံပါလာရင်တော့ လူတွေက အရမ်းဝေဖန်ကြ၊ အပြစ်တင်ကြတယ်။ အမျိုးသမီးတစ်ယောက်ရဲ့ ဘဝနဲ့အနာဂတ်ဟာ လက်ထပ်လိုက်တဲ့အပေါ်မှာ အများကြီးမူတည်သွားတယ်။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ ဗမာအမျိုးသမီးခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

> ဆိုရိုးစကားတစ်ခု ရှိတယ်။ ‘လင်မရှိတဲ့ မိန်းမဟာ တံခွန်မရှိတဲ့ရထားလိုပဲ မတင့်တယ်ဘူး။’ ဒါပေမဲ့ မိန်းမမရှိတဲ့ ယောကျာ်းတွေကျတော့ အဲဒီလိုမျိုး စကားပုံမရှိဘူး။ စကားပုံတွေက အမျိုးသမီးတွေအကြောင်းချည်းပဲ။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ မွန်၊ဗမာအမျိုးသမီးခေါင်းဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ကျား၊ မ ရေးရာ တန်းတူညီမျှရေး လုပ်ဆောင်ချက်များအား စံနှုန်းများကို ဖောက်ဖျက်ခြင်းအဖြစ် ရှုမြင်ခြင်း

အမျိုးသမီးအခွင့်အရေးလှုပ်ရှားသူ အမျိုးသမီးများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ယဉ်ကျေးမှုစံနှုန်း အများအပြားကို ချိုးဖောက်ကြရပါသည်။ အမျိုးသမီးတစ်ယောက်အနေဖြင့် ပြည်သူလူထု၏ မကျေနပ်ချက်များကို ထုတ်ဖော်ပြောဆိုရခြင်းသည် ယဉ်ကျေးမှုစံနှုန်းများအား စိန်ခေါ်ခြင်းဖြစ်ပါသည်။ ၎င်းတို့အရ အမျိုးသမီးတစ်ယောက်အနေဖြင့် ယုံကြည်မှုရှိစွာနှင့် ရဲရင့်ပြတ်သားစွာ ပြောဆိုခြင်းကို ရန်လိုခြင်း၊ ယောက်ျားဆန်ခြင်းဟု သတ်မှတ်ကြပါသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာ တန်းတူညီမျှမှုရှိသည်ဆိုသည့် အယူအဆများ လွှမ်းမိုးလျက်ရှိပြီး၊ ကျား၊ မ ရေးရာ တန်းတူညီမျှရေး လုပ်ဆောင်ချက်များအား မရောင်ရာဆီလူး လုပ်ရပ်အဖြစ် ရှုမြင်၍ အထင်သေး၊ ပြက်ရယ်ပြုကြပါသည်။ ကျား၊ မ ရေးရာ တန်းတူညီမျှရေး လှုပ်ရှားမှုနှင့် ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ချက်များသည် လိုအပ်ချက်အရ နက်ရှိုင်းစွာ လက်ခံထားကြသည်၊ တစ်နည်းအားဖြင့် အမျိုးသမီးများကာကွယ်စောင့်ထိန်းရမည့် ယဉ်ကျေးမှုတန်ဖိုးများ၊ ယုံကြည်မှုများနှင့် ထိပ်တိုက်တွေ့သည့်အခါ လှုပ်ရှားသူများအား ၎င်းတို့၏လှုပ်ရှားမှု အကြောင်းခံအရဖြစ်စေ၊ တိုက်တွန်းနှိုးဆော်သည့် အကြောင်းအရာအရဖြစ်စေ၊ ယဉ်ကျေးမှုကို သစ္စာဖောက်သူများဟု သတ်မှတ်ကြပြီး၊ နိုင်ငံရပ်ခြားသြဇာခံလှုပ်ရှားသူများဟု စွပ်စွဲလေ့ရှိကြပါသည်။ မြန်မာ၊ ဗုဒ္ဓဘာသာအမျိုးသမီးများ၏ အိမ်ထောင်ဖက်ရွေးချယ်ခွင့်ကို ကန့်သတ်ရန်ကြိုးစားသည့် ဥပဒေမူကြမ်းတစ်ခုဖြစ်သော မျိုးစောင့်ဥပဒေကို ဆန့်ကျင်သူများ ကြုံတွေ့ကြရသည့် စွပ်စွဲချက်များသည် ထင်ရှားသောသာဓကတစ်ခု ဖြစ်ပါသည်။

> ကျွန်တော်တို့မှာ မျိုးဆက်ရှိဖို့လိုသလို၊ ကျွန်တော်တို့ရဲ့မျိုးဆက်ကို ဆက်သယ်ဆောင်သွားဖို့ ဆိုတာလည်း လူသားတွေရဲ့ တာဝန်တစ်ခုပါပဲ။ ကျွန်တော်တို့ကို ဘာသာတရားကလည်း လမ်းပြပေးတယ်။ နွားမ တစ်ကောင် ကလေးမမွေးနိုင်တော့ရင် သတ်စားခံရမှာပဲ။ အိမ်ထောင် မပြုတဲ့လူတွေကို တစ်ကိုယ်ကောင်း ဆန်တယ်လို့ ပြောရမှာပဲ။
>
> (မြစ်ကြီးနားမြို့နယ်မှ အသက် ၁၈နှစ် မှ ၂၅နှစ်ကြား ကချင်၊ ခရစ်ယာန်အမျိုးသားများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ဤစစ်တမ်းတွင် ပါဝင်သူ အမျိုးသမီးများအကြားတွင် အိမ်ထောင်မပြုရန် ဆုံးဖြတ်ခြင်းသည် အကောင်း၊ အဆိုး ဒွန်တွဲနေပါသည်။ တစ်ဖက်တွင် အပျိုစင်ဘဝအပေါ် အလွန်အမင်း တန်ဖိုးထားကြသည့်အတွက် အပျိုစင် အမျိုးသမီးများသည် ဘာသာရေးအရ အိမ်ထောင်ရှင်အမျိုးသမီး များထက် ပို၍ 'သန့်ရှင်းစင်ကြယ်'သည်ဟု ယူဆကြပါသည်။ ဤကဲ့သို့ သန့်ရှင်းစင်ကြယ်မှုကို ထိန်းသိမ်းထားလိုသည့် ဆန္ဒသည် အိမ်ထောင် ပြုခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးများနှင့် စပ်လျဉ်း၍ မေးမြန်းရာတွင် အိမ်ထောင်မပြုခြင်းအတွက် အမျိုးသမီးများပေးလေ့ရှိသော အကြောင်း ပြချက်များထဲမှ တစ်ခုဖြစ်ပါသည်။

> များသောအားဖြင့် အိမ်ထောင်ပြုပြီးရင် ဘာမှ မကောင်းတော့ဘူး။ အမျိုးသမီးတစ်ယောက်ဟာ အပျိုစင် ပြန်မဖြစ်နိုင်တော့ဘူး။ တခြား ပိုဆိုးတာတွေလည်း အများကြီးပဲ။
>
> (ကလောမြို့နယ်မှ အသက် ၁၈နှစ် မှ ၂၅ နှစ်ကြား ဓနု၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အိမ်ထောင်မပြုသော အမျိုးသမီးတစ်ယောက် ကြုံတွေ့ရနိုင်သည့် လူမှုရေး အန္တရာယ်ကျရောက်နိုင်သည့် အခြေအနေများကို ရည်ညွှန်းရာတွင်လည်း အိမ်ထောင်ရှင် အမျိုးသမီးတစ်ယောက်၏ အဆင့်အတန်းကို မြှင့်တင်ပေးသော ဆိုရိုးစကားများကို ကိုးကားကြပါသည်။

> လင်ရှိမယားမှ လူတွေက ရိုသေတယ်။
>
> (ဘိုကလေးမြို့နယ်မှ အသက် ၄၀ နှစ်နှင့် အထက် ဗမာ၊ ဗုဒ္ဓဘာသာဝင်အမျိုးသားများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

> 'တံခွန်မရှိတဲ့ ရထားနဲ့ လင်မရှိတဲ့ မိန်းမ အတူတူပဲ၊ မတင့်တယ်ဘူး' ဆိုတဲ့ စကားပုံအတိုင်းပဲပေါ့ဗျာ။ တချို့ယောက်ျားတွေက အိမ်ထောင်မရှိတဲ့ မိန်းမတွေအပေါ် အခွင့်အရေးယူချင်ကြတယ်။
>
> (ဘိုကလေးမြို့နယ်မှ အသက် ၁၈နှစ်မှ ၂၅ နှစ်အတွင်း ဗမာ၊ ဗုဒ္ဓဘာသာဝင်အမျိုးသားများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

လေ့လာမှုတွင်ပါဝင်သူများက ပြောပြကြသည့် တစ်ကိုယ်တည်းဘဝကို ရွေးချယ်ခြင်း၏ အခြားအကြောင်းအရင်းများတွင် တစ်ကိုယ်စာသာ ဝင်ငွေ ရှာဖွေနိုင်သည့်အတွက် ငွေကြေးအဆင်ပြေစေရန် အိမ်ထောင် မပြုခြင်း၊ မိသားစုနှင့် မခွဲမခွာနေလိုခြင်း၊ လက်ရှိအလုပ်ကို ခင်တွယ်ခြင်း သို့မဟုတ် မိဘများအား ပြုစုစောင့်ရှောက်လိုခြင်း၊ အခြားသူများ အိမ်ထောင်ရေး မသာယာသည်ကို မြင်တွေ့နေရခြင်းနှင့် ဆက်ဆံရေး အဆင်မပြေ၍ အိမ်ထောင်ပြိုကွဲမည်ကို ကြောက်စိတ်ဖြင့် အိမ်ထောင် မပြုလိုခြင်း စသည်တို့ပါဝင်ပါသည်။

အိမ်ထောင်မပြုရန် ဆုံးဖြတ်ခြင်းကြောင့် ပတ်ဝန်းကျင်၏ရှုတ်ချမှုကို ခံရသည့် ဖြစ်ရပ်များစွာရှိပါသည်။ အိမ်ထောင်မရှိသော အမျိုးသမီးများကို ဗျစ်တောက်ဗျစ်တောက် ပြောတတ်သူ၊ ဒေါသကြီးသူ၊ ကပ်စေးနည်းသူ စသည်ဖြင့် အမျိုးမျိုး သတ်မှတ်ကြပါသည်။ ဤသည်မှာ အမျိုးသား များကသာ အမျိုးသမီးများကို ချစ်ရေးဆိုခွင့်ရှိ၍ အမျိုးသမီးများက ငြင်းပယ်ခြင်းကို ရိုင်းသည်ဟုယူဆကြသည့် စံနှုန်းများ၊ လူမှုရေး အလေ့အထများနှင့် ဆက်စပ်နေပါသည်။ ၎င်းတို့အား ပိုးပန်းသည့် အမျိုးသားများအား သနား၍ဖြစ်စေ၊ လက်ထပ်ရန် အကြိမ်ကြိမ် ခွင့်ပန်မှုများကြောင့် စိတ်ညစ်ပြီး လက်ခံလိုက်ရသည်ဟု အမျိုးသမီး အများအပြားက ပြောပြကြပါသည်။

မိသားစုဘဝကို စတင်တည်ထောင်၍ မိသားစုကို ဦးဆောင်ရှာဖွေ ကျွေးမွေးကြရမည့် အမျိုးသားများအတွက် ကျား၊ မ ရေးရာ စံနှုန်း များသည် မွန်းကျပ်၍ စိတ်ဖိစီးမှု ဖြစ်စေသည်ဟု သိရှိရပါသည်။

> အိမ်ထောင်မရှိတဲ့ ယောက်ျားတွေက အချိန်မရွေး မိန်းမယူလို့ရတယ်။ အပျိုကြီးတွေကျတော့ ယောက်ျားလေးဘက်က လက်ထပ်ခွင့်တောင်းမှာကို စောင့်ကြရတယ်။ ဘာလို့ ကျွန်မသိလဲဆိုတော့ ကျွန်မမောင်တစ်ယောက် ဆိုရင် သူ့ကိုကြိုက်နေတဲ့ မိန်းကလေးတွေရှိတာတောင် အိမ်ထောင် မပြုဘူး။ မိသားစုကို ကောင်းကောင်းဦးဆောင်နိုင်မယ်ဆိုတာ သူ့ကိုယ်သူမသေချာလို့ လက်ထပ်ရမှာကိုတွန့်နေတာ။ အမျိုးသမီးတွေ အိမ်ထောင်ပြုတယ်ဆိုတာ လင်သားအပေါ်မှာမှီခိုဖို့ပဲ။ အိမ်ထောင်မရှိတဲ့ အမျိုးသမီးတွေကို ပတ်ဝန်းကျင်အသိုင်းအဝိုင်းက ခနိုးခနဲ့ပြောကြပေမယ့် အိမ်ထောင်မရှိတဲ့ အမျိုးသားတွေကျတော့ အဲဒီလို အဝေဖန်မခံကြရဘူး။
>
> (သံဖြူဇရပ်မြို့နယ်မှ အသက် ၂၆နှစ် မှ ၄၀ နှစ်ကြား မွန်၊ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

လူမှုရေးအရ ပို၍လက်ခံနိုင်ဖွယ် အဆင့်အတန်းတစ်ခုဖြစ်သည့် သီလရှင် ဘဝသည် အိမ်ထောင်ပြုခြင်း သို့မဟုတ် ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် တစ်ကိုယ်တည်း အပျိုကြီးအဖြစ် ရပ်တည်ခြင်းတို့အပြင် အချို့သောအမျိုးသမီးများ ပိုနှစ်သက်ကြသည့် တတိယမြောက် ရွေးချယ်စရာဖြစ်ပါသည်။

> ကျွန်မရဲ့အမေက ကျွန်မအပါအဝင် သားသမီး ၁၃ ယောက်ကို မကျွေးနိုင်တော့တဲ့အဆုံး စွန့်ပစ်ထားခဲ့တယ်။ အဲဒီလို အလားတူ ဝမ်းနည်းကြေကွဲမှုမျိုး ကျွန်မဘဝမှာ မလိုချင်တော့ပါဘူး။ ဒါပေမဲ့ ကျွန်မကတော့ အိမ်ထောင်ပြုရမှာ မကြောက်ပါဘူး။ အိမ်ထောင်မရှိတဲ့ အမျိုးသမီးတွေကို ပတ်ဝန်းကျင်က သုံးစားမရဘူးလို့ မြင်ကြမှာစိုးလို့ အပျိုကြီးအများစုဆိုရင် နှိမ်တာတို့၊ စတာ နောက်တာတို့ ခံရတယ်။ အဲဒီကိစ္စကို စိတ်ပူစရာမလိုပါဘူး။ ဗုဒ္ဓမြတ်စွာဘုရားရဲ့ အဆုံးအမတွေကို ခံယူပြီး သီလရှင်ဝတ်လို့ ရတာပဲ။
>
> (သံဖြူဇရပ်မြို့နယ်မှ အသက် ၂၆နှစ် မှ ၄၀ နှစ်ကြား မွန်၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

အမျိုးသမီးတစ်ယောက်၏ ဘဝနေထိုင်မှုပုံစံ ရွေးချယ်မှုအပေါ် ပတ်ဝန်းကျင်က မည်သို့တုံ့ပြန်မည်ဆိုသည်မှာ စီးပွားရေးအဆင့်အတန်း နှင့်လည်း တစ်စိတ်တစ်ပိုင်း ဆက်စပ်နေပါသည်။ ပို၍ချမ်းသာသူများသည် လူမှုအသိုင်းအဝိုင်းတွင် ပိုမိုဝင်ဆံ့ကြသည်ဟု ဆိုပါသည်။

> အိမ်ထောင်လည်း မရှိ၊ ဆင်းလည်းဆင်းရဲတဲ့ အမျိုးသမီးတွေဆိုရင် ပတ်ဝန်းကျင်က တစ်မျိုးမဟုတ် တစ်မျိုး ပြောတတ်ကြတယ်။ အိမ်ထောင် မရှိပေမယ့်၊ ချမ်းသာတဲ့ အမျိုးသမီးကျတော့ မတူဘူး။ ဘယ်သူမှ စော်စော်ကားကား မပြောရဲကြဘူး။
>
> (သံဖြူဇရပ်မြို့နယ်မှ အသက် ၄၀ နှစ် နှင့် အထက် မွန်၊ ဗုဒ္ဓဘာသာဝင်အမျိုးသားများ နှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

၄.၁.၂ ကွာရှင်းပြတ်စဲခြင်း

အောက်ပါ ကောက်နုတ်ချက်နမူနာများတွင် တွေ့မြင်ရသည့်အတိုင်း၊ ကွာရှင်းပြတ်စဲခြင်းကို ဘာသာရေးနှင့်ယဉ်ကျေးမှု ရှုထောင့်အသီးသီးမှ ပြစ်တင်ရှုတ်ချကြပါသည်။ ၎င်းတို့၏ ပတ်ဝန်းကျင်တွင် လင်မယား ကွာရှင်းမှုများ ပိုမိုများပြားလာသည်ဟု ထုတ်ဖော်ပြောဆိုကြသော်လည်း လေ့လာမှုတွင် ပါဝင်သူများအနေဖြင့် ကွာရှင်းပြတ်စဲခြင်းနှင့် စပ်လျဉ်း၍ ပြင်းပြင်းထန်ထန် မလိုလား၊ မနှစ်သက်ကြသည်ကို တွေ့ရှိရပါသည်။

> တစ်လင်တစ်မယားစနစ်ကို မပြောင်းသင့်ပါဘူး။ ကွာရှင်းပြတ်စဲတယ်ဆိုတာ ကောင်းတဲ့အစဉ်အလာ မဟုတ်ဘူး။ ကျွန်တော်တို့က တိရစ္ဆာန်တွေမှ မဟုတ်တာ။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ ဟိန္ဒူဘာသာရေးခေါင်းဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

> ကျွန်တော်တို့ရဲ့ ဘာသာတရားမှာ လင်မယားကွာရှင်းတာကို ပြင်းပြင်းထန်ထန် တားမြစ်ထားတယ်။ သေကွဲပဲရှိတယ်၊ ရှင်ကွဲ မရှိရဘူးလို့ သမ္မာကျမ်းစာမှာ ပြောထားတယ်။ တစ်ခုလပ်တွေအတွက် ဘုရားကျောင်းမှာ မြင့်မြတ်တဲ့မင်္ဂလာအခမ်းအနား (နောက်အိမ်ထောင် ပြုရင်) မလုပ်ဘူး။ ဒါပေမဲ့ အိမ်တွေမှာလိုက်ပြီး ဆုတောင်းပေးတယ်။ သူတို့ဟာ ခရစ်ယာန်ဘာသာဝင်တွေ ဖြစ်နေသေးတာကိုး။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ ခရစ်ယာန်ဘာသာရေးခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံ မေးမြန်းခြင်း)

> တစ်လင် တစ်မယားစနစ်ဟာ ဆေးတစ်ခွက်ပဲဆိုတဲ့ ဆိုရိုးစကား ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ အိမ်ထောင်ကွဲဖူးတဲ့သူ၊ ဒါမှမဟုတ် မိန်းမ နှစ်ယောက်၊ သုံးယောက်၊ ယောကျ်ား နှစ်ယောက်၊ သုံးယောက် ပြောင်းတဲ့သူတွေဟာ ရဟန်းခံပွဲမှာ ရဟန်းလောင်းယောကျ်ားလေးတွေကို ချီခွင့်မရှိဘူး။[၃၄] ဒီ့အပြင် အိမ်ထောင်ကွဲဖူးတဲ့လူဟာ ရဟန်းသံဃာတွေ အတွက် ဆွမ်း၊ ဟင်းချက်ခွင့်မရှိသလို ဘုန်းကြီးကျောင်းကို လှူဖွယ်ပစ္စည်းတွေ သယ်လို့မရပါဘူး။ ရဟန်းသံဃာတွေအတွက် ချက်ပေးတဲ့သူဟာ တစ်လင်တစ်မယား ဖြစ်ရမယ်။ ခိုးရာလိုက်ပြေးတဲ့ လူတွေလည်း ရဟန်းသံဃာတွေအတွက် ဆွမ်းချက်လို့ မရပါဘူး။
>
> (အသက် ၄၀ နှစ်နှင့်အထက် ရခိုင်၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

တစ်ဖက်တွင် ကွာရှင်းပြတ်စဲခြင်းကို အတ္တကြီးသော လုပ်ရပ်ဟု ယူဆကြပါသည်။ အခြားတစ်ဖက်တွင် တစ်သက်တာ အတူနေရန် ခိုင်မြဲစွာ ချည်နှောင်ထားသည့် စံနှုန်းများကို တစ်ဖက်ဖက်မှ ဖောက်ဖျက်သည်အထိ ဖြစ်စေသော ဆိုးရွားသည့် အိမ်ထောင်ရေးပြဿနာများ ရှိနေသည်ကို အသိအမှတ်ပြုထားပါသည်။ လေ့လာမှုတွင် ပါဝင်သူများ၏အဆိုအရ အိမ်ထောင်ဖက်တစ်ဦးဦးက အိမ်ထောင်ရေး ဖောက်ပြန်ခြင်း၊ လင်ယောကျ်ားက ဝင်ငွေမရှာနိုင်ခြင်း၊ ဇနီးမယားက မိသားစုဝင်ငွေကို မစီမံမခန့်ခွဲနိုင်ခြင်း၊ လင်ယောကျ်ားအရက်သောက်ခြင်း သို့မဟုတ် မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် ဇနီးအပေါ် လင်ယောကျ်ားက ညှဉ်းပန်း နှိပ်စက်ခြင်း စသည်တို့သည် ကွာရှင်းပြတ်စဲခြင်းကို ပို၍ လက်ခံနိုင်စေရန် အများအားဖြင့် ပြောလေ့ရှိကြသည့် ဖြစ်ရပ်အချို့ ဖြစ်ပါသည်။ အမျိုးသမီးများအပေါ် အမျိုးသားများ၏ အကြမ်းဖက်မှုဖြစ်ရပ်များကို ဖော်ပြရာတွင် အများအားဖြင့် ရည်ညွှန်းကိုးကားကြသည့် 'အရိုးကွဲအောင် ရိုက်မှ အသည်းစွဲအောင်ချစ်တယ်' စသည့် စကားပုံများကို ကွာရှင်းပြတ်စဲရန် တရားဝင်အကြောင်းတရားများ နောက်ခံတွင် ဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။

> ယောကျ်ားတစ်ယောက်အနေနဲ့ ကျွန်တော့်မိန်းမက ကျွန်တော့်မိဘတွေ အပေါ်ဆိုးရင် ကျွန်တော့်ဘက်က ကွာရှင်းဖို့ ဝန်မလေးဘူး။ ကျွန်တော့် ဆွေမျိုးတွေအပေါ် မကောင်းရင်လည်း အတူတူပဲ။ မိန်းမတွေက မိသားစု ပိုက်ဆံကို ကိုယ်ကျိုးအတွက် သုံးရင်လည်း လင်မယားကွဲတာမျိုး ဖြစ်နိုင်ပါတယ်။ တချို့ယောကျ်ားတွေက သူတို့မိန်းမတွေတစ်ခုခု ဖုံးကွယ်ထားတယ်ဆိုပြီး ရိုက်တာတွေလည်း ရှိတယ်။
>
> (မြစ်ကြီးနားမြို့နယ်က အသက်၄၀ နှစ် နှင့် အထက် ကချင်၊ ခရစ်ယာန်အမျိုးသားများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ဗမာ၊ ဗုဒ္ဓဘာသာဝင်များ နေထိုင်ရာဒေသများရှိ လေ့လာမှုတွင် ပါဝင်သူများက ကွာရှင်းပြတ်စဲရန် ခင်ပွန်းထံမှခွင့်ပြုချက် လိုအပ်ခြင်းသည် ၎င်းတို့ဘက်မှ စတင်ကွာရှင်းလိုသည့် အမျိုးသမီးများအတွက် အတားအဆီး တစ်ခုဖြစ်နေကြောင်း ဆွေးနွေးကြပါသည်။ ဤအကြောင်းအရာနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်စသည့် အဖွဲ့အစည်းများ အနေဖြင့် ဇနီးမောင်နှံနှစ်ဦးကို ပြန်လည်သင့်မြတ်စေရန် နှစ်သိမ့် ဆွေးနွေးပေးကြသည်ဟု ပါဝင်သူများထံမှ သိရှိရပါသည်။ နေရာဒေသ အသီးသီးမှ လေ့လာမှုတွင်ပါဝင်သည့် အမျိုးသမီးများအနက် ကချင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ အမျိုးသမီးများက ဆိုးရွားသည့် အိမ်ထောင်ရေးပြဿနာများ၊ အထူးသဖြင့် ခင်ပွန်းက ဇနီးအပေါ် အကြမ်းဖက်ခြင်းကဲ့သို့သော ပြဿနာများအတွက် ကွာရှင်း ပြတ်စဲခြင်းသည် ပို၍ လက်ခံနိုင်သည့်အဖြေဟု တွေးမိကြောင်း ပြောပြ ကြပါသည်။

> လင်မယားရယ်လို့ ဖြစ်လာပြီဆိုရင် ယောကျ်ားက မိန်းမကို သူ့ဖြစ်စေချင်တဲ့အတိုင်း လုပ်ဖို့မသင့်ပါဘူး။ ဒီနေ့ ကျွန်တော်တို့ရွာမှာ ယောကျ်ားက မိန်းမကိုနှိပ်စက်တာကို မိန်းမက ဆက်သည်းမခံနိုင်တော့လို့ လင်မယား ကွာရှင်းကြတယ်။ ဒီလိုအရွယ် အမျိုးသမီးတွေဟာ မတရားသဖြင့် နှိပ်စက်ခံ၊ အရိုက်ခံရရင် သေချာပေါက် ကွာရှင်းကြမှာပဲ။
>
> (မြစ်ကြီးနားမြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် ကချင်၊ ခရစ်ယာန်အမျိုးသားများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

၃၄။ ရိုးရာနှစ်သစ်အခါသမယတွင် ရှင်ပြုရဟန်းခံကြသည့် ရှင်လောင်း၊ ရဟန်းလောင်းများအားပွေ့ချီခြင်းသည် ဂုဏ်ယူစရာဖြစ်၍ လူ့အဖွဲ့အစည်းတွင် အဆင့်အတန်းကိုပြသည့် သင်္ကေတတစ်ခုဖြစ်ပါသည်။

ကျွန်မတို့ အိမ်ထောင်မပြုတဲ့အကြောင်းက ကိုယ်ချစ်တဲ့သူက ကိုယ့်ကို ပြန်မချစ်၊ ပြီးတော့ ကိုယ့်ကိုချစ်တဲ့ သူကျတော့လည်း ကိုယ်ကမချစ် အဲဒီလိုမျိုးပါ။ နောက်ပြီး ကိုယ့်ပတ်ဝန်းကျင်မှာ လင်မယားတွေ တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်ကြ၊ အထူးသဖြင့် ယောက်ျားတွေက မိန်းမတွေကို ရိုက်တာတွေကို မြင်နေရတော့ ယောက်ျားတွေကို စိတ်နာတာလည်း ပါကောင်းပါမှာပေါ့။ မိဘတွေက သမီးတွေ အိမ်ထောင်မပြုမှာကို စိုးရိမ်ကြတယ်။ သားထောက်သမီးခံမရှိရင် အသက်ကြီးတဲ့အခါ ဒုက္ခရောက်မှာစိုးလို့။ အိမ်ထောင်မပြုတဲ့ ယောက်ျားတွေက အပျိုကြီးတွေထက် ဒုက္ခပိုများတယ်။ အပျိုကြီးတွေကျတော့ ဘယ်ဆွေမျိုးအိမ်မှာမဆို နေလို့ရတယ်။ သူတို့ကို လိုလိုလားလား လက်ခံကြတယ်လေ။ ဒါပေမဲ့ လူပျိုကြီးတွေကျတော့ ဆွေမျိုးအိမ်မှာ နေလို့မသင့်လျော်ဘူး။ ယဉ်ကျေးမှုအရလည်း မဖြစ်သင့်ဘူးလေ။ အသက်ကြီးလာတဲ့အခါ အပျိုကြီးတွေထက် လူပျိုကြီးတွေက ပိုသနားဖို့ကောင်းတယ်။ ဘယ်မိန်းမကမှ သူတို့ကို မပြုစုမစောင့်ရှောက် ချင်ကြဘူးလေ။ ကိုယ့်သားသမီးနဲ့ ကိုယ့်လင်သားကိုပဲ ပြုစုစောင့်ရှောက် ချင်ကြမှာပေါ့။

(အသက် ၄၀ နှစ်နှင့်အထက် ရခိုင်၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ခုခေတ်မှာ လင်မယားကွာရှင်းတာ တော်တော်လေးများလာတယ်။ ကျွန်မအစ်ကိုတွေ၊ ဦးလေးတွေကအစ အမျိုးသားတွေကို ကြည့်လိုက်ရင် သူတို့ရဲ့ ဇနီးမယားတွေအပေါ် ပိုပြီး သစ္စာမဲ့လာကြတယ်။ ဒါပေမဲ့ မယားကြီးကိုမကွာရှင်းဘဲ တမြည့်မြည့်ခံစားရအောင် နှိပ်စက်တယ်။ အရင်တုန်းကဆို အမျိုးသမီးတွေဟာ မကြာခဏ အရိုက်နှက်ခံရရင်တောင် သူတို့ခင်ပွန်းနဲ့ပဲ ဆက်ပေါင်းကြတယ်။ ဒီနေ့ခေတ်မှာတော့ အမျိုးသမီးတွေက ပိုပြီးထက်ကြတော့ အချစ်မပါဘဲ ဆက်ပေါင်းနေရင်လည်း ဒုက္ခရောက်မှာကို နားလည်လာကြတော့ ကွာရှင်းဖို့ သူတို့ဘက်ကစပြီး တောင်းဆိုလာကြတယ်။

(မင်္ဂလာတောင်ညွန့်မြို့နယ်မှ အသက် ၂၆နှစ်မှ ၄၀ နှစ်အတွင်းရှိ မွတ်စလင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ရှမ်းပြည်နယ်ကဲ့သို့သော အခြားသောဒေသများတွင် စီးပွားရေးမပြေလည်မှုများသည် အိမ်ထောင်ရေး မပြေလည်ခြင်း၏ အခြေခံအကြောင်းတရားများ ဖြစ်သည်ဟု အသားပေးဖော်ပြကြပါသည်။ စီးပွားရေး မပြေလည်မှုကြောင့် အရက်သောက်ခြင်းနှင့် အကြမ်းဖက်ခြင်းတို့ကို ဖြစ်စေပြီး၊ လင်မယား ကွာရှင်းမှုကို ပို၍ ဖြစ်စေနိုင်သည်ဟု လေ့လာမှုတွင် ပါဝင်သူများက ဆိုပါသည်။

အဓိကပြဿနာက ကျွန်တော်တို့ မိန်းမတွေက ကျွန်တော်တို့ အရက်သောက်တာကို မကြိုက်ဘူး။ ကျွန်တော့်မိန်းမဆိုရင် အိမ်ပြန်လို့ ကျွန်တော် မူးလာရင် မကြိုက်ဘူး။ အိမ်ထောင်ရေးကို အက်ကြောင်းထင်စေတဲ့ နောက်တစ်ချက်က စီးပွားရေးအခြေအနေပါပဲ။ တချို့က လုပ်ငန်းအဆင်မပြေတော့ ဝင်ငွေလည်းသိပ်မရှိကြဘူး။ တချို့ဆို ဝင်ငွေနဲ့ထွက်ငွေမမျှတော့ မိန်းမတွေကစိတ်ဆိုးကြတယ်။ နောက်တော့ လင်မယား စကားများကြတယ်။ တစ်ယောက်တစ်ခွန်း ငြင်းကြ ခုံကြတယ်။ တချို့မိန်းမတွေကျတော့ အရမ်းအထက်စီးဆန်ပြီး ချုပ်ချယ်ချင်တယ်။ ယောကျ်ားတွေ ဘယ်လောက်ကြိုးစားရှာရှာ၊ ယောကျ်ားတွေကို ပြဿနာရှာတယ်၊ ရန်ရှာတယ်။ ယောကျ်ားတစ်ယောက်အနေနဲ့ကလည်း အိမ်ထောင်ဦးစီးကောင်း တစ်ယောက်ဖြစ်အောင် ပြုမူနေထိုင်ရမယ်။ ဒီလို အကြောင်းတရားတွေရှိနေရင် လင်မယားတွေ အဆင်မပြေနိုင်ဘူး။ အဲဒီလိုတွေ ဖြစ်ပြီး တဖြည်းဖြည်းကြာလာတော့ ကွာရှင်းဖို့ စဉ်းစားကြတော့တာပဲ။ အဲဒီလို စီးပွားရေးမပြေလည်တာတွေကြောင့် နောက်ဆုံး လင်နဲ့မယား ကွဲကြတယ်။ သူတို့ ဝင်ငွေမကောင်းတာကလည်း သူတို့ရဲ့ ပညာရေးအဆင့်အတန်းကြောင့်လို့ ပြောရမယ်။ အများအားဖြင့် အလုပ်ရှင်တွေက အလုပ်လာလျှောက်သူတွေဟာ အနည်းဆုံး ဆယ်တန်းအောင်မှ အလုပ်ခန့်ချင်တယ်။ ဒီနေ့ခေတ်မှာ ဘယ်အလုပ်ဖြစ်ဖြစ် လိုအပ်ချက်တွေ၊ သတ်မှတ်ချက်တွေကမြင့်တယ်။

(ကလောမြို့နယ်မှ အသက် ၂၆နှစ်မှ ၄၀ နှစ်အတွင်း ဓနု၊ ဗုဒ္ဓဘာသာဝင် အမျိုးသားများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

ဥပဒေကြောင်းတွင်တွေ့ရသော ကွာရှင်းခွင့်နှင့်စပ်လျဉ်းသည့် မညီမျှသော ကျား၊ မ ရေးရာ စံနှုန်းများကိုလည်း လေ့လာမှုတွင် ပါဝင်သူများက ထောက်ပြကြပါသည်။ အမျိုးသမီးများအား တန်းတူညီမျှ အခွင့်အရေး ပေးထားသည်ဟု ယေဘုယျအားဖြင့် လက်ခံထားကြသည့် ဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းဥပဒေတွင် ကွာရှင်းပြတ်စဲခွင့်ဆိုင်ရာ အမျိုးသမီးများ၏ အခွင့်အရေးတွင် ကွဲလွဲချက်များရှိနေသည်ဟု ဆိုရပါမည်။

ဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းဥပဒေအရ အမျိုးသမီးတွေဟာ အမျိုးသားတွေနဲ့ အခွင့်အရေး တန်းတူမရကြပါဘူး။ ဥပမာအားဖြင့် မိန်းမကဖောက်ပြန်ရင် ယောကျ်ားက သူ့မိန်းမနဲ့ဖောက်ပြန်တဲ့သူကို တရားစွဲပိုင်ခွင့် ရှိတယ်။ ဒါပေမဲ့ ယောကျ်ားလုပ်တဲ့သူဖောက်ပြန်ရင်တော့ မိန်းမမှာ အဲဒီလို တရားစွဲခွင့် မရှိပါဘူး။ ဒါပေမဲ့ လက်ရှိဥပဒေအရ ယောကျ်ားက အကြိမ်ကြိမ်ဖောက်ပြန်ရင်တော့ မိန်းမအနေနဲ့ ကွာရှင်းခွင့် ရှိတယ်၊ လက်ထပ်ပွား ပစ္စည်းတွေကို အညီအမျှ ခွဲယူနိုင်တယ်။ ဒါပေမဲ့ မိန်းမက ဖောက်ပြန်ရင်တော့ ယောကျ်ားက ကွာရှင်းရုံသာမက၊ ပိုင်ဆိုင်မှုအားလုံးကို မိန်းမက စွန့်လွှတ်ရတယ်။ ခင်ပွန်းဖြစ်သူက ဇနီးကို ငွေလည်းမထောက်ပံ့၊ အဆက်အသွယ်လည်းမလုပ်ဘဲ ၃နှစ်ပစ်ထားခဲ့ရင် လက်ထပ်ထိမ်းမြားမှုက အလိုအလျောက်ပျက်ပြယ်တယ်။ ဗုဒ္ဓဘာသာဓလေ့ထုံးတမ်း ဥပဒေက မယားပြိုင်စနစ်ကို လက်ခံပါတယ်။ ဒီတော့ အမျိုးသားတစ်ယောက်ဟာ သူရှာကျွေးနိုင်ရင် မိန်းမဘယ်နှစ်ယောက်ဖြစ်ဖြစ် ယူလို့ရတယ်။ အမျိုးသမီးတစ်ယောက်က အိမ်ထောင်ရှိအမျိုးသား တစ်ယောက်ကို လက်ထပ်ရင် အဲဒီလူနဲ့အတူပေါင်းနေသမျှ ကာလပတ်လုံး သူမဘက်က ဘာမှတောင်းဆိုခွင့်မရှိပါဘူး။ ဒါပေမဲ့ ယောကျ်ားတစ်ယောက်က နောက်မိန်းမယူရင် မယားကြီးက သူ့ယောကျ်ားနဲ့ ကွာရှင်းခွင့်တောင်းနိုင်ပါတယ်။

(မြန်မာရှေ့နေတစ်ဦးနှင့် အလွတ်သဘော ဆွေးနွေးချက်)

ချင်းတိုင်းရင်းသားဒေသများကဲ့သို့ သတို့သမီးဘက်မှ လက်ဖွဲ့ပစ္စည်း တင်တောင်းရသည့်စနစ်[၃၅] ကျင့်သုံးသောဒေသများတွင် အမျိုးသား၊ အမျိုးသမီး တန်းတူအခွင့်အရေးမရှိခြင်းကို မညီမျှသည့် ကွာရှင်းခွင့် ဆိုင်ရာ အခွင့်အရေးများတွင် အလားတူ တွေ့ရှိရပါသည်။

လက်ထပ်ထိမ်းမြားတဲ့အခါ သတို့သားဘက်ကပေးတဲ့ ထောက်ပံ့တဲ့ အနေနဲ့ပေးတာ ရှိပါတယ်။ နောက်ပိုင်းမှာ ဇနီးကကွာရှင်းချင်တယ်ဆိုရင် ထောက်ပံ့ပေးထားတာတွေ အားလုံးကို ယောကျ်ားကိုပြန်ပေးရတယ်။ တန်ဖိုးမနည်းဘူးလေ၊ အဲဒီလို လုပ်ဖို့ကလည်းမလွယ်ဘူး။ ဘာကြောင့်လဲ ဆိုတော့ ထောက်ပံ့ထားတာတွေကလည်း တန်ကြေးများတာကိုး။ ဒီ့အပြင် တစ်ခုလပ်အမျိုးသမီးနဲ့ တစ်ခုလပ်အမျိုးသားအပေါ် လူတွေရဲ့အမြင်ကလည်း မတူကြဘူး။ ဒါကြောင့် အမျိုးသမီးတွေဟာ သူတို့ရဲ့သိက္ခာနဲ့မျိုးရိုးဂုဏ်ကို ထိန်းသိမ်းချင်တာနဲ့ပဲ ဖြစ်လာတဲ့ ပြဿနာတွေကို သည်းခံကြရတယ်။ တကယ်လို့ မိန်းကလေးဘက်ကစပြီး ကွာရှင်းချင်တယ်ဆိုရင် ထောက်ပံ့တာတွေ အကုန်လုံးပြန်ပေးရမှာပါ။ ဒါပေမဲ့ ယောကျ်ားလေးဘက်ကစပြီး ကွာရှင်းချင်တယ်ဆိုရင်တော့ သူပြောရမှာက 'သွားတော့' ဆိုတဲ့ စကားတစ်ခွန်းတည်းပဲ၊ ပြီးတော့ ပလိုင်းတစ်လုံးနဲ့ ဂေါ်ပြားတစ်ချောင်း သူ့မိန်းမကိုပေးလိုက်ရင် ပြီးပြီ။ ဒါပါပဲ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ချင်းအမျိုးသမီးခေါင်းဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ကွာရှင်းခြင်းနှင့်စပ်လျဉ်းသည့် ဖြစ်စဉ်ဇာတ်လမ်းများ၊ အများလက်ခံထားသည့် အခြေအနေများ၊ အကျိုးဆက်များဆိုင်ရာ ဒေသတွင်း အလေ့အထများအနက် ယေဘုယျအကျဆုံးအချက်မှာ ကျား၊ မ ရေးရာ ရှုထောင့်မှ အမျိုးသား နှင့် အမျိုးသမီးများအတွက် စံနှုန်းနှစ်မျိုး ကွဲပြားနေခြင်းဖြစ်ပြီး၊ ထိုသို့ ကွာရှင်းခြင်းများတွင် အမျိုးသမီးများအား ပို၍အပြစ်ဖို့ကြခြင်း ဖြစ်ပါသည်။

၃၅။ ဤအကြောင်းအရာနှင့်စပ်လျဉ်းသည့် အသေးစိတ်ဆွေးနွေးချက်ကို အခန်း ၅.၂ တွင် ကြည့်ပါ။

မကောင်းဘူး။ မိန်းကလေးဘက်က နာမည်ပျက်ပြီးကျန်ခဲ့တာပေါ့။ ယောက်ျားကြောင့် လင်မယား ကွာရှင်းရတယ်ဆိုရင်တောင် ပတ်ဝန်းကျင် အသိုင်းအဝိုင်းက မိန်းကလေးကိုပဲ မကောင်းပြောကြ၊ ဝေဖန်ကြတယ်။ ပြီးတော့ အဲဒီမိန်းကလေးက နောက်အိမ်ထောင်ပြုဖို့ ဆုံးဖြတ်ရင် သူ့ကိုပဲ ဝိုင်းပြီး အပြစ်တင်ကြတယ်။ တစ်ခုလပ်ဆိုရင် သူများ တန်ဖိုးမထားတဲ့၊ အထင်သေးတဲ့ဘဝ ရောက်ဖို့ပဲရှိတယ်။

(ကလော မြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်ကြား ဓနု၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

သူတို့က အမျိုးသမီးတွေကို ပိုပြီး အထင်သေးကြတယ်၊ အပျိုကြီးပဲ ဖြစ်ဖြစ်၊ တစ်ခုလပ်ပဲဖြစ်ဖြစ်။ လူတွေရဲ့အတွေးအခေါ်က ကမ္ဘာဦး ကတည်းက အဲဒီလိုပါပဲ။ ယောက်ျားတွေနဲ့ယှဉ်ရင် မိန်းမတွေကို နိမ့်ကျတယ်လို့ သဘောထားကြတယ်။ ကျွန်မတို့ရဲ့ဘာသာစကားမှာ ချီးဇ်လို့ခေါ်တယ်။ မိန်းမတွေကို လူရယ်၊ ဇနီးမယားရယ်၊ မိခင်ရယ်၊ သမီးရယ်လို့တောင် သဘောမထားဘဲ ပစ္စည်းတစ်ခု၊ သက်မဲ့အရာဝတ္ထု တစ်ခုဆိုတဲ့ အဓိပ္ပာယ်ပါ။ ယေဘုယျအားဖြင့် ဘာသာတရားတိုင်းမှာ အမျိုးသမီးတွေကို သက်မဲ့ပစ္စည်းထက် နည်းနည်းပဲသာတယ်လို့ ယူဆကြတယ်။

(မင်္ဂလာတောင်ညွန့်မြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် မွတ်စလင်အမျိုးသမီးများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

၄.၁.၃ မုဆိုးမများ

လေ့လာခဲ့သည့် ရပ်ရွာဒေသအားလုံးတွင် မုဆိုးမများကို ဘေးဒုက္ခ ကျရောက်လွယ်သူများအဖြစ် သီးခြားသတ်မှတ်ထားပါသည်။ မုဆိုးမများ၏ သနားစရာကောင်းသော၊ လှောင်ပြောင်ကဲ့ရဲ့ခံရသော၊ နှောင့်ယှက်ခံရသော အခြေအနေနှင့် အမှန်တကယ်တွင် ထိုသို့ ဖြစ်ရခြင်းအတွက် အပြစ်တင်ခံကြရသည်ဟု ဒေသခံများကဆိုပါသည်။ ဤသို့ ဘေးအန္တရာယ်ကျရောက်လွယ်ခြင်းသည် ဤအခန်းရှေ့ပိုင်းတွင် ဆွေးနွေးခဲ့သည့် အမျိုးသမီးများ၏ သင့်လျော်သော အပြုအမူဆိုင်ရာ စံနှုန်းများနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆက်စပ်နေပြီး၊ ခင်ပွန်းသည် ကွယ်လွန် သွားသည့် အမျိုးသမီးတစ်ဦးအနေဖြင့် မလိုက်နာနိုင်တော့သည့် စံနှုန်းများ ဖြစ်ပါသည်။ သူမ၏ လူမှုရေးအဆင့်အတန်း မှေးမှိန် ပျောက်ကွယ် သွားသည့်အပြင် စီးပွားရေးအဆင့်အတန်းလည်း ဆုတ်ယုတ်လာပါသည်။ ထို့အပြင် မုဆိုးမဖြစ်ရသည်မှာ ရှက်စရာကောင်းသည်ဟု ယူဆကြပြီး၊ ၎င်းတို့၏ ကိုယ်ကျင့်သိက္ခာသည်လည်း အန္တရာယ်ရှိလာပါသည်။ မုဆိုးမ ဘဝ၌ 'ကံကြမ္မာ မုန်တိုင်း' (ဆိုးရွားသော အပျက်သဘော ဆောင်သည့် အခြေအနေကို ဖြစ်စေသည့် အကြောင်းတရားများ၏ တိုက်ဆိုင်မှု) ရိုက်ခတ်မှုကြောင့် စံနှုန်းများကို မရည်ရွယ်ဘဲ ချိုးဖောက်မိရာမှ အမျိုးသမီးများအပေါ် ဆိုးရွားစွာ ခွဲခြားဆက်ဆံသည်အထိ ဖြစ်စေသည် များကို ဤအခန်းတွင် အသေးစိတ် လေ့လာတင်ပြထားပါသည်။

ခင်ပွန်းသည် ကွယ်လွန်သွားသည့်အခါ မုဆိုးမတစ်ယောက်၏ လူမှုရေးအဆင့်အတန်း မည်သို့ဖြစ်သွားသည်ကို အနီးကပ် လေ့လာ ကြည့်လျှင် အစောပိုင်းတွင် ဆွေးနွေးခဲ့သည့် ဣန္ဒြေရှိခြင်းနှင့် အပျိုစင် ဘဝတန်ဖိုးစသည့် ကျား၊ မ ရေးရာ သဘာဝနှင့် ဆက်စပ်နေသော စံနှုန်း အများအပြားကို အလေးထားကြသည်ကို တွေ့မြင်နိုင်ပါသည်။ မုဆိုးမ များသည် လိင်ကိစ္စမရှိသင့် သို့မဟုတ် နောက်အိမ်ထောင်မပြုသင့် ဟု ယူဆထားကြပါသည်။ ၎င်းတို့၏ ဝတ်စားဆင်ယင်မှု၊ အသွင်အပြင်နှင့် လုပ်ရပ်များကို ပတ်ဝန်းကျင်အသိုင်းအဝိုင်းက အနီးကပ်စောင့်ကြည့်နေပြီး၊ ပတ်ဝန်းကျင်၏ အမြင်ကောင်းစေရန်မှာ ဣန္ဒြေသိက္ခာနှင့် စပ်လျဉ်းသည့် စံနှုန်းများနှင့်အညီ နေထိုင်နိုင်သည့် စွမ်းရည်အပေါ်တွင် များစွာ မူတည်နေပါသည်။

အိမ်နီးချင်းတွေက မုဆိုးမဆိုရင် တန်ဖိုးမထားကြဘူး။ မုဆိုးမတစ်ယောက် အနေနဲ့ နေပုံထိုင်ပုံက သိပ်အရေးကြီးတယ်။ ဘယ်လို နေရထိုင်ရမယ် ဆိုတာကတော့ ကိုယ့်ဘာသာ ဆုံးဖြတ်ရမှာပဲ။ မုဆိုးမ တစ်ယောက်ဟာ တကယ် အကျင့်စာရိတ္တ ကောင်းတယ်၊ နေတတ် ထိုင်တတ်တယ် ဆိုရင် ဘယ်သူကမှ သွားထိလို့၊ ဝေဖန်လို့ မရပါဘူး။ မုဆိုးမတစ်ယောက်အနေနဲ့ ဘဝပုံစံကို သတိထားပြီး ဂရုတစိုက် ရွေးချယ်သင့်ပါတယ်။

(ကလောမြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် ဓနု၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

မုဆိုးမတွေကို လူ့အသိုင်းအဝိုင်းက အထင်သေးကြတယ်။ မုဆိုးမတွေ မိတ်ကပ်လိမ်းရင် လူတွေက ဝိုင်းပြီး စကြ နောက်ကြတယ်။ အပြင် ခဏခဏထွက်တဲ့ မုဆိုးမတွေဆိုရင် နောက်အိမ်ထောင်ပြုချင်လို့လို့ ထင်ကြတယ်။

(ဒီမောဆိုမြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် ကယန်း၊ တံခွန်တိုင် အမျိုးသမီးများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

မုဆိုးမတွေဟာ အရမ်းအန္တရာယ်ရှိနိုင်ပါတယ်။ ဘာလို့လဲဆိုတော့ မုဆိုးမ တစ်ယောက်က အိမ်ထောင်ရှင် အမျိုးသားတစ်ယောက်နဲ့ စကားပြောရင် အဲဒီအမျိုးသားရဲ့မိန်းမက မုဆိုးမက သူ့ယောက်ျားကို မြူဆွယ်နေတယ်လို့ စွပ်စွဲတယ်။ ဇနီးတစ်ယောက်နဲ့ မုဆိုးမတစ်ယောက်ဘဝက အရမ်းကွာ ပါတယ်။ မုဆိုးမတစ်ယောက်ဟာ အရင်က သူ့ယောက်ျားရဲ့အလုပ်တွေကို သူကိုယ်တိုင် မလုပ်နိုင်တဲ့အတွက် လူငှားပြီးခိုင်းရတယ်။ အဲဒီတော့ အိမ်နီးချင်းတွေက အဲဒီအလုပ်သမားနဲ့ မုဆိုးမနဲ့ နီးနီးကပ်ကပ်နေတယ်၊ ဇာတ်လမ်းရှုပ်နေတယ်ဆိုတဲ့ သဘောမျိုးပြောကြတယ်။

(မြစ်ကြီးနားမြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်ကြား ကချင်၊ ခရစ်ယာန်အမျိုးသမီးများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

မုဆိုးမတစ်ယောက်က ကိုယ့်ဘာသာရပ်တည်နိုင်ရင် ပတ်ဝန်းကျင်က ဘာမှ မကောင်းပြောမှာ မဟုတ်ဘူး။ ဒါပေမဲ့ သူစိမ်းယောက်ျားတွေနဲ့ ရင်းရင်းနှီးနှီးနေပြီဆိုရင် အဲဒီသူစိမ်းတွေနဲ့ သူနဲ့ဆက်ဆံရေးက ဘယ်လောက်ပဲ ဖြူစင်နေပါစေ၊ ပတ်ဝန်းကျင်က ဝေဖန်ကြတယ်။ လူတွေက သူ့ကို 'မိန်းမပျက်တစ်ယောက်'လို့ ပြောကြလိမ့်မယ်။ ဒါပေမဲ့ မုဆိုးဖိုကိုတော့ သူတို့ သိပ်မဝေဖန်ကြဘူး။ သူ့ဘာသာ လုပ်ချင်တာ လုပ်လို့ရတယ်။ ဒါကတော့ လိင်မတူတဲ့အပေါ်မှာ လူတွေရဲ့မတူညီတဲ့ အမြင်တွေပါပဲ။

(ဘိုကလေးမြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်ကြား ဗမာ၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

မုဆိုးမများသည် ခင်ပွန်းသည်၏ ဝင်ငွေမရှိတော့သည့်နောက်ပိုင်း စီးပွားရေးအခြေအနေ ခက်ခဲလာကြပါသည်။ သို့ရာတွင် နောက်အိမ်ထောင် ပြုခြင်းသည်လည်း လူမှုရေးအရ လက်ခံနိုင်သော ရွေးချယ်မှုမဟုတ်ပါ။ ၎င်းတို့တွင် ပုံမှန်ဝင်ငွေရသည့် အလုပ်အကိုင်မရှိပါက၊ နောက်အိမ်ထောင်

ပြုခြင်းသည် စီးပွားရေးအရ ဘေးဒုက္ခ ပိုမိုကျရောက်စေနိုင်သည်ဟု ယူဆကြပါသည်။ အခြားသောလေ့လာမှုများတွင် မုဆိုးမများအနေဖြင့် ချေးငွေများ၊ ကြွေးမြီများ ရရှိရန်ခက်ခဲကြပြီး (AAM 2011) စီးပွားရေးအရ ရပ်တည်နိုင်မှုကို ပိုမိုရှုပ်ထွေးစေပါသည်။ သို့ရာတွင် အခြေအနေပေါ်မူတည်၍ အပြောင်းအလဲများ ရှိပါသည်။ ဥပမာအားဖြင့် ရခိုင်ပြည်နယ်မြောက်ဘက်ပိုင်းမှ မုဆိုးမများသည် အိမ်ထောင်ရှင် အမျိုးသမီးများနှင့်နှိုင်းယှဉ်လျှင် ပုံမှန်ဝင်ငွေရရှိစေသည့် အလုပ်များတွင် ဝင်ရောက်လုပ်ကိုင်ခြင်း အပါအဝင် ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် ၎င်းတို့အား ပို၍နေရာပေးကြသည်ဟု သိရှိရပါသည်။ (Perera 2012)

မုဆိုးမများသည် ကာကွယ်စောင့်ရှောက်ပေးသည့် ယောကျ်ားသားမရှိသည့်အတွက် လိင်မှုဆိုင်ရာနှောင့်ယှက်မှု၊ မတရားပြုမှုတို့ကို ပိုမိုကြုံတွေ့ရနိုင်သည့် အန္တရာယ်ရှိသည်ဟု လေ့လာမှုတွင် ပါဝင်သူများက ထုတ်ဖော်ပြောဆိုကြပါသည်။

မုဆိုးမတွေမှာ ကာကွယ်ပေးမယ့် လင်ယောကျ်ား မရှိတော့ အမျိုးသားတွေက အခွင့်အရေးယူချင်တယ်၊ မတော်မတရား လုပ်ကြတယ်။ အရမ်းအနိုမ်ခံကြရတယ်။ လွယ်လွယ်ရမယ်ထင်ပြီး၊ ယောကျ်ားတွေက စမ်းချင်ကြတယ်။ အဲဒီအကြောင်း စကားပုံတွေ ရှိတယ်လေ၊ 'အလံမရှိတဲ့ ရထား၊ လင်မရှိတဲ့ မယား မတင့်တယ်ဘူး'၊ 'ရွှေမချတဲ့ ဘုရား၊ လင်မရှိတဲ့မယား မတင့်တယ်ဘူး'။ သူတို့မှာ အားနည်းချက်တွေ အများကြီးရှိတယ်၊ ကာကွယ်ပေးဖို့ လိုအပ်တယ်။

(ဘိုကလေးမြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် ဗမာ၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများနှင့် တွေ့ဆုံမေးမြန်းခြင်း)

မုဆိုးမတွေဟာ အလွန်အားငယ်ပြီး စိတ်ဓာတ်ကျတတ်တယ်။ လူတွေက သူတို့ကို စာနာကြပါတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်ရင် ပြောတဲ့ စကားပုံတစ်ခု ရှိတယ်။ 'ကြောင်ခံတွင်းပျက်နဲ့ ဆက်ရက်တောင်ပံကျိုး'တဲ့။

(ဘိုကလေးမြို့နယ်မှ အသက် ၁၈ မှ ၂၅ နှစ်ကြား ဗမာ၊ ဗုဒ္ဓဘာသာဝင်အမျိုးသားများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

လူတွေက မုဆိုးမတွေကိုသနားတယ်လို့ ပါးစပ်ကပြောပေမဲ့ တကယ်တမ်းကျတော့ လိင်မှုကိစ္စ ဒါမှမဟုတ် တခြားနည်းတွေနဲ့ အရှက်ခွဲချင်တယ်၊ မတော်မတရား လုပ်ချင်တယ်။ မုဆိုးမတွေကို တကယ် လေးလေးနက်နက်တန်ဖိုးထားပြီး လက်ထပ်တဲ့ အမျိုးသားတွေလည်း ရှိပါတယ်။ ဒါပေမဲ့ များသောအားဖြင့် လူတွေက မုဆိုးမတွေကို မလေးစားကြပါဘူး။ ' သနားပါတယ်၊ ယောကျ်ားလည်းမရှိ၊ အားကိုးရမယ့်လူလည်း မရှိဘူး ' လို့ ပြောကြပါလိမ့်မယ်။ ဒါပေမဲ့ မုဆိုးဖိုတွေကတော့ အဆင်ပြေပါတယ်။

(မင်္ဂလာတောင်ညွန့်မြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် မွတ်စလင်အမျိုးသမီးများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အများအားဖြင့် မုဆိုးမများသည် ခင်ပွန်း ကွယ်လွန်ချိန်မှစ၍ မည်သူကမှ အဖက်လုပ်၊ စကားမပြောချင်ကြသည့်အတွက် လူမှုရေးအသိုင်းအဝိုင်းမှ ဖယ်ကြဉ်ခံကြရပါသည်။ ၎င်းတို့သည် ပတ်ဝန်းကျင်အသိုင်းအဝိုင်း၏ အကူအညီမပါဘဲ မိမိကိုယ်ကို ကာကွယ်ကြရပါသည်။ မုဆိုးဖိုနှင့် မုဆိုးမကို ကူညီထောက်ပံ့ကြရာတွင် ကျား၊ မ ရေးရာ စံနှုန်းများနှင့် အလုပ်ခွဲဝေ လုပ်ကိုင်မှုအပေါ် မူတည်၍ ကွဲပြားခြားနားပါသည်။ မုဆိုးမများသည် ကိုယ့်ဘာသာ ချက်ပြုတ် စားသောက်နိုင်သည်၊ မုဆိုးဖိုများမှာ သနားစရာ ကောင်းသည်ဟု ယူဆပြီး ၎င်းတို့အား စာနာကြပါသည်။ မုဆိုးမများအား လူမှုရေးနယ်ပယ်မှ ဖယ်ကြဉ်ထားခြင်းကို ပိုမိုဆိုးရွားစေသည်မှာ မုဆိုးမဘဝသည် ရှက်စရာကောင်း၍ ကြမ္မာဆိုးကိုသယ်ဆောင်လာသူ စသည့် အယူသီးမှုများ ဖြစ်ပါသည်။ အကျိုးဆက်အားဖြင့် ရပ်ရေးရွာရေးကိစ္စများ၊ ပွဲလမ်းသဘင်များတွင် မုဆိုးမများအား ဖယ်ကြဉ်ထားကြပါသည်။

မုဆိုးမတွေအပေါ် ခွဲခြားဆက်ဆံတာနဲ့ ပတ်သက်ပြီး ကျွန်မတို့ မွန်ရိုးရာ အစဉ်အလာမှာ အမျိုးသားနဲ့ အမျိုးသမီးဟာ မင်္ဂလာပွဲမှာ လူတွေကို ဆေးလိပ်နဲ့ လက်ဖက်ကမ်းပြီးရင် လင်မယားအရာ မြောက်ပါတယ်။ ဒီလို လုပ်တာက အောင်မြင်တဲ့ အိမ်ထောင်ရေးဖြစ်ဖို့ပါ။ အဲဒီ ဇနီးမောင်နှံကပဲ အကုန်အကျ ခံရတာပါ။ ပျော်ရွှင်တဲ့မိသားစုဘဝကို တည်ဆောက်နိုင်တဲ့ အိမ်ထောင်ရှင် အမျိုးသမီးတွေကို အဝတ်အစားတွေဝယ်ပေးပြီး၊ လက်ဖက်နဲ့ ဆေးလိပ်ကို သူတို့ကိုကမ်းခိုင်းပါတယ်။ အဲဒီလို ပွဲမျိုးတွေမှာ မုဆိုးမတွေဆို အရမ်းသိမ်ငယ်ပြီး အရမ်းစိတ်ဓာတ်ကျကြတယ်။ အမျိုးသမီးတစ်ယောက်ဟာ သူ့ယောကျ်ားသေသွားရင် သူ့ကိုယ်သူ သတ်သေရမလိုတောင် ဖြစ်နေတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ မွန် အမျိုးသမီးခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

ရှမ်းတိုင်းရင်းသားတွေက အရမ်းအယူသီးတယ်။ ရှမ်းရိုးရာ လက်ထပ်ပွဲမှာ အိမ်ထောင်ရှင်ဇနီးမောင်နှံကိုပဲ ကြင်စဦးဇနီးမောင်နှံအတွက် အိပ်ရာပြင်ခွင့်ပြုတယ်။ မုဆိုးမ ဒါမှမဟုတ် တစ်ခုလပ် အမျိုးသမီးတစ်ယောက်က အဲဒီကိစ္စကို စိတ်ကူးလို့တောင်မရပါဘူး။ သူတို့မှာ အဲဒီလို အခွင့်အရေး ဘယ်လိုမှမရနိုင်ဘူး။ အဲဒါကို သူတို့လည်း သိပါတယ်။ ဒီအစဉ်အလာတွေကို သူတို့ ကောင်းကောင်းသိပါတယ်။ သူတို့ကလည်း ကြင်စဦး ဇနီးမောင်နှံကို ကျွန်မတို့ အိပ်ရာခင်းပေးပါရစေလို့ အတင်းအကျပ် တောင်းဆိုမယ့်လူတွေ မဟုတ်ပါဘူး။ သူတို့မှာ သိမ်ငယ်စိတ် ရှိပြီးသားပါ။ မုဆိုးမနဲ့ တစ်ခုလပ် အမျိုးသမီးတွေကို ဒီအခွင့်အရေးမရှိဘူးလို့ ဥပဒေအရ တရားဝင်တားမြစ်ထားတာ မရှိပါဘူး။ ဒါက ဓလေ့ထုံးစံပါ။ အဲဒီလိုမျိုးပေါ့။ ရှမ်းရိုးရာမှာ မုဆိုးမတစ်ယောက် အိမ်ကအစားအစာကိုစားရင် ကံမကောင်းဘူး၊ သိက္ခာကျတယ်လို့ ယုံကြည်တဲ့အတွက် မစားကြဘူး။ အထူးအစားအသောက် ပွဲတော်တွေ၊ ပွဲလမ်းသဘင်တွေရှိရင်လည်း မုဆိုးမတွေကို အနားအကပ်မခံကြဘူး။ ဒါပေမဲ့ မုဆိုးဖိုတွေကတော့ ဘာမှမဖြစ်ပါဘူး။ မုဆိုးမတစ်ယောက်က အစားအစာတစ်ခုခုကို ထိတယ်ဆိုတာနဲ့ သူထိသမျှကို လူတွေက ရိုးရာဆပ်ပြာတွေ၊ ခေါင်းလျှော်ရည်တွေနဲ့ သန့်စင်အောင် ဆေးပစ်ကြတယ်။ ရွာတွေမှာဆို လူတွေကမုဆိုးမတွေကို ခုချိန်ထိ ဒီလိုပဲ ဆက်ဆံကြတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ရှမ်းအမျိုးသမီးခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

အထက်တွင် ဖော်ပြခဲ့သည့် မုဆိုးမများအား အကောင်းမမြင်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းတို့ကို မုဆိုးဖိုများအား ပြုမူဆက်ဆံခြင်းဆိုင်ရာ ဖော်ပြချက်များတွင် မတွေ့ရှိရပါ။ လေ့လာမှုတွင်ပါဝင်သူများ၏ အဆိုအရ မုဆိုးဖိုများကို ပတ်ဝန်းကျင်အသိုင်းအဝိုင်းက အလားတူ စောင့်ကြည့် ထိန်းသိမ်းခြင်းများမရှိဘဲ၊ ယေဘုယျအားဖြင့် ပတ်ဝန်းကျင် အသိုင်းအဝိုင်း၏ ကဲ့ရဲ့ရှုံ့ချမှုထက် ကူညီထောက်ပံ့မှုကို ပိုမိုရရှိကြပါသည်။ မုဆိုးဖိုများသည် ပုံမှန်ဝင်ငွေရစေသည့် အလုပ်များကို

ဆက်လက် လုပ်ကိုင်နိုင်သောကြောင့် စီးပွားရေးအခြေအနေအရ ပတ်ဝန်းကျင်မှ အဓိကထား စိုးရိမ်ပူပန်စရာမလိုပါ။ မုဆိုးမများအား လူမှုအသိုင်းအဝိုင်းမှ ဖယ်ကြဉ်ထားသကဲ့သို့ မုဆိုးဖိုများအား ဖယ်ကြဉ်ထားခြင်း မရှိကြောင်း သိရှိရပါသည်။

မုဆိုးမနှင့် မုဆိုးဖိုတို့အပေါ် သဘောထားအမြင် ကွာခြားခြင်း၏ အဓိက အချက်မှာ ဖို၊ မ သဘာဝနှင့် သက်ဆိုင်ပါသည်။ လေ့လာမှုတွင် ပါဝင်သူများ၏အဆိုအရ မုဆိုးဖိုများသည် လိင်မှုကိစ္စတွင် စိတ်ထက်သန်ကြပြီး၊ အမှန်တကယ်လိုအပ်ပါက ချက်ချင်းနောက်အိမ်ထောင်ပြု လိုကြသည်ဟု သိရှိရပါသည်။ မုဆိုးဖိုများ၏ လိင်မှုသဘာဝနှင့် စပ်လျဉ်းသည့် လူမှုစံနှုန်းများသည် ၎င်းကို ထိန်းချုပ်မရနိုင်ခြင်းနှင့် အကြမ်းဖက်နိုင်ခြေရှိခြင်းအဖြစ် အားဖြည့်ပုံဖော်ထားပါသည်။

မုဆိုးဖိုတွေ နောက်အိမ်ထောင်ပြုရင် အပျိုစစ်စစ်ကိုတောင် ရနိုင်တယ်လို့ လူတွေက ဝိုင်းပြီး အားပေးကြတယ်။ ဒါကလည်း သူတို့ရဲ့အစွမ်းအစနဲ့ အရည်အချင်းအပေါ်မှာ မူတည်ပါတယ်။

(အသက် ၄၀ နှစ်နှင့် အထက် ရခိုင်၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အခွင့်အရေးရရင် မိန်းကလေးတွေကို အဓမ္မကျင့်မယ့် လူယုတ်မာလို့ မုဆိုးဖိုတွေကို စွပ်စွဲကောင်းစွပ်စွဲနိုင်တယ်။ မုဆိုးဖိုတွေဟာ မိန်းမ အရမ်းလိုချင်နေကြတယ်လို့ တချို့ကထင်ကြတယ်။

(ဘိုကလေးမြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် ဗမာ၊ ဗုဒ္ဓဘာသာဝင်အမျိုးသားများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အမျိုးသားတစ်ယောက်က မုဆိုးဖိုဖြစ်ရင် နောက်အိမ်ထောင်ပြုလို့ ရပါတယ်။ မျိုးဆက်ရှိဖို့ဆိုပြီး မိသားစုကလည်း ခွင့်ပြုပါတယ်။ ဟိန္ဒူအမျိုးသမီးတွေမှာတော့ နောက်အိမ်ထောင်ပြုဖို့ မဖြစ်နိုင်ပါဘူး။ အမျိုးသမီးတွေဟာ သန့်ရှင်းစင်ကြယ်ဖို့ အရေးကြီးပေမယ့် မျိုးဆက်အတွက်တော့ အဲလိုမဟုတ်ပါဘူး။ မျိုးဆက်ဆိုတာ အဖေဘက်က ဆင်းသက်တာပါ။ ဟိန္ဒူဘာသာမှာ အဖေဘက်ကမျိုးရိုးကိုပဲ ယူတယ်။ တစ်လင်တစ်မယားစနစ်က ကောင်းပါတယ်။ အမျိုးသမီးက မုဆိုးမဖြစ်ပြီဆိုရင် ဘယ်သူကမှ သူ့ကို လက်ထပ်မှာမဟုတ်ပါဘူး။ မုဆိုးမကိုယ်တိုင်ကလည်း ဒါဟာ သူ့ကံပဲလို့ ယုံကြည်ပါတယ်။ အမျိုးသားကလည်း မုဆိုးမရဲ့ အရင်ယောက်ျားလို သူလည်း သေမှာစိုးရိမ်ပြီး မုဆိုးမကို လက်ထပ်ဖို့ကို ချီတုံချတုံ ဖြစ်လေ့ရှိတယ်။ ဒါဟာ အရင်ကရှိခဲ့တဲ့ ရိုးရာယုံကြည်မှုပါ။ မုဆိုးဖိုတွေကတော့ ပြဿနာမရှိပါဘူး။ အရင်ကဆိုရင် အမျိုးသမီးတစ်ယောက်ဟာ မုဆိုးမဖြစ်တာနဲ့ အဖြူရောင်ဝတ်စုံကိုပဲ ဝတ်ရတယ်။ ဒါပေမဲ့ ခုတော့ သူတို့ဘဝ ကောင်းစားရေးအတွက် မုဆိုးမတွေက နောက်အိမ်ထောင်ပြုလို့ ရပါတယ်။ အသက် ၃၃ နှစ်နဲ့ ၃၅ နှစ်ကြားက နောက်အိမ်ထောင်ပြုလို့ကောင်းတဲ့ အရွယ်ပါ။ အကယ်၍ အမျိုးသမီးမှာ သားသမီးတွေရှိရင် ဘယ်သူကမှသူ့ကိုလက်ထပ်မှာမဟုတ်ပါဘူး။ အကယ်၍ သေသွားတဲ့ သူ့ယောက်ျားရဲ့ညီ သို့မဟုတ် အစ်ကိုနဲ့ လူကြီးတွေက စီမံပေးရင်တော့ သူလက်ခံရပါတယ်။ ဒါကလည်း များသောအားဖြင့် မိဘတွေစီစဉ်ပေးတာပါ။ မုဆိုးဖိုကိုတော့ ဘယ်သူကမှ ဘာမှမပြောကြပါဘူး။ ဟိန္ဒူဘာသာမှာ အဲဒီ အားနည်းချက်ရှိပါတယ်။ ကျွန်တော်ဝန်ခံပါတယ်။

မုဆိုးမတွေအတွက်တော့ ကန့်သတ်ချက်တချို့ ရှိပါတယ်။ သူ နောက်အိမ်ထောင်ပြုလို့ မရပါဘူး၊ ကျန်တဲ့ဘဝတစ်လျှောက်လုံး ဝတ်စုံအဖြူပဲ ဝတ်ရမှာပါ၊ အခုတော့ ဆန့်ကျင်ဘက်ပဲ၊ လက်ရှိမှာပြောင်းသွားပါပြီ။ မုဆိုးမတွေ ခုခေတ်မှာ နောက်အိမ်ထောင်ပြုလို့ ရပါတယ်။ အသက်အပေါ်မှာလည်း မူတည်ပါတယ်။ မုဆိုးမက အသက် ၃၀ လောက်ဆိုရင် နောက်အိမ်ထောင်ပြုဖို့ အဆင်ပြေပါတယ်။ တကယ်လို့ မုဆိုးမက အသက်ကြီးပြီး သားသမီးတွေနဲ့ဆိုရင် ဘယ်လိုယောကျ်ားမျိုးက လက်ထပ်ချင်ပါ့မလဲ။”

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ဟိန္ဒူဘာသာရေးခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

၅ အမျိုးသားများက အမျိုးသမီးများထက် အဖိုးတန်ပါသလား။

တကယ်လို့ မိခင်တစ်ယောက်က သမီးမိန်းကလေးမွေးရင် ‘ဘုန်း’မရှိဘူး၊

ဤအခန်းတွင် ကျွန်ုပ်တို့အနေဖြင့် အမျိုးသားနှင့် အမျိုးသမီးများ၏ တန်ဖိုးကို တန်းတူညီမျှ မဖြစ်စေသည့် ယဉ်ကျေးမှု စံနှုန်းများနှင့် လူမှုအလေ့အထများကို အဓိက ဆွေးနွေးထားပါသည်။ သာဓက အနည်းငယ်ကိုသာ ကောက်နုတ်တင်ပြထားခြင်းဖြစ်ပြီး ပြီးပြည့်စုံသည်ဟု မယူဆစေလိုပါ။

၅.၁ သားယောက်ျားလေးအား ပိုမိုတောင့်တခြင်း

သမီးမိန်းကလေးထက် သားယောက်ျားလေးကို ပိုမိုတောင့်တခြင်းသည် တိုင်းရင်းသားလူမျိုး အသီးသီးနှင့် ဘာသာတရား အသီးသီး ရှိကြသည့် ပါဝင်ဆွေးနွေးသူများ အကြားတွင် သိသာထင်ရှားသောအချက် ဖြစ်ပါသည်။ မွန်ပြည်နယ်မှ လေ့လာမှုတွင် ပါဝင်သူများ၏ အဆိုအရ သားယောက်ျားလေး မွေးဖွားပြီး ဘုန်းကြီးကျောင်းသို့ ပို့နိုင်ခြင်းသည် အမျိုးသမီးများ လက်ထပ်ရခြင်း၏ အရေးပါသော အကြောင်းတရားတစ်ရပ် ဖြစ်ပါသည်။ ဖခင်အုပ်ထိန်းသည့် ဖခင်ဘက်မှ မျိုးဆက်ကိုယူသည့် ယဉ်ကျေးမှု အစဉ်အလာများရှိသည့် ကချင်နှင့် ချင်းလူမျိုးများတွင် သမီးမိန်းကလေးထက် သားယောက်ျားလေးအား ပိုမိုတောင့်တခြင်းသည် အလွန်ထင်ရှားသော အချက်ဖြစ်ပါသည်။ ဤသည်ကို ကလေးကင်ပွန်းတပ်မင်္ဂလာ ဆင်နွှဲကြသည့် ဓလေ့ထုံးစံများတွင် သာဓကအဖြစ် တွေ့မြင်နိုင်ပါသည်။

> တကယ်လို့ သားယောက်ျားလေး မွေးရင် ကြက်တစ်ကောင် သတ်ရတာ အစဉ်အလာတစ်ခုပါ။ သမီး မိန်းကလေးမွေးရင်တော့ ဘယ်သူမှဘာမှ မလုပ်ကြပါဘူး။
>
> (မတူပီမြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် အမျိုးသမီးများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

လေ့လာမှုတွင် ပါဝင်သူများ၏ အဆိုအရ သားယောက်ျားလေးကို ပိုမို တောင့်တခြင်း၏ သက်ရောက်မှုကို သားနှင့်သမီးများအား ပြုစုပျိုးထောင်ရာတွင် မတူညီမှုများကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။ သမီး မိန်းကလေးများကို ၎င်းတို့၏ ခင်ပွန်းမိသားစုက တစ်ချိန်တွင် ပိုင်ဆိုင်သွားမည်ဟု ယူဆသည့်အတွက် မိသားစုတွင် သမီးမိန်းကလေးများ အတွက် အခွင့်အလမ်းများ တန်းတူညီမျှမရရှိသည့် အန္တရာယ်ရှိနေသည်ကို တွေ့ရပါသည်။

> ကျွန်မတို့ ကချင်လူမျိုးတွေမှာ ကျား၊ မ ရေးရာနဲ့ ပတ်သက်ပြီး တန်းတူညီမျှမဖြစ်တဲ့ ပြဿနာတွေ အများကြီးရှိပေမယ့် ဒါကိုမမျှတဘူးလို့ မမြင်ကြပါဘူး။ ဒါကို သူတို့က ယဉ်ကျေးမှုလို့မြင်ကြတယ်။ ဒါဟာ ကျွန်မတို့ရဲ့ယဉ်ကျေးမှု ဒါမှမဟုတ် အလေ့အထတွေပါ။ ဥပမာ ကျွန်မတို့ ကချင်လူမျိုးတွေရဲ့ အလေ့အထတွေမှာ သားယောက်ျားလေးကိုသာ လိုချင်တဲ့ဓလေ့ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သမီး မိန်းကလေးဆိုရင် သူ့ကို တချိန်မှာ တခြားမိသားစုကို ပေးလိုက်ရမှာပါ။ ဒါကြောင့် သူ့ကို ပြုစုပျိုးထောင်ပေးရတာ မတန်ဘူးလို့ ထင်ကြတယ်။ ဘာလို့လဲဆိုတော့ သူ့ကို ပညာသင်ပေးတာ ဖြစ်ဖြစ်၊ တခြား ဘာပဲလုပ်ပေးပေး တစ်နေ့ သူအိမ်ထောင်ပြုတဲ့အခါ သူဟာ တခြားမိသားစုအတွက်ဖြစ်မယ်၊ သူမွေးတဲ့ ကလေးကလည်း တခြားမိသားစုရဲ့ မျိုးဆက်ပဲဖြစ်မယ်။ သားယောက်ျားလေးကသာ ကိုယ့်မျိုးရိုးနာမည်ကို ဆက်ထိန်းသွားမှာဖြစ်တယ်၊ ဒါကြောင့် သားယောက်ျားလေးအတွက် ရင်းနှီးမြှုပ်နှံတာက ကိုယ့်မိသားစု အတွက်ဖြစ်ပြီး သမီးမိန်းကလေးအတွက် ရင်းနှီးမြှုပ်နှံတာကတော့ တခြား မိသားစုအတွက်ပဲ။ သူတို့က အမြဲ အဲဒီလိုတွေးကြတယ်။ သူတို့က ဒါကို တန်းတူညီမျှမဖြစ်တဲ့ ပြဿနာလို့ မမြင်ကြဘူး။ ဒါဟာ ယဉ်ကျေးမှုပါ။ ဒါဟာ ကျွန်မတို့ နှစ်ရှည်လများ ကျင့်သုံးလာတဲ့ ယဉ်ကျေးမှုပါပဲ။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီးခေါင်းဆောင် ၁ နှင့် တွေ့ဆုံမေးမြန်းခြင်း)

ဗုဒ္ဓဘာသာ ဓလေ့ထုံးစံတွင် သားယောက်ျားလေးအား ပိုမို တောင့်တခြင်းမျိုး မရှိဟု ဆိုကြပါသည်။ ထိုသို့ဆိုသော်လည်း ပါဝင်ဆွေးနွေးသူများ၏ အဆိုအရ ‘သားရှိတဲ့ အမေကပိုမြတ်တယ်၊ သမီးရှိတဲ့ အမေကနိမ့်ကျတယ်’ စသည့် အစဉ်အလာ ဆိုရိုးစကားများရှိကြောင်း သိရပါသည်။ ဤသည်မှာ သားယောက်ျားလေးမွေးသော မိခင်သည် သားကိုရှင်ပြုပေးနိုင်၍ ကုသိုလ်ထူးပြီး မြင့်မားသည့် လူမှုအဆင့်အတန်း ရှိသည်ကို ရည်ညွှန်းနေပါသည်။ ထေရဝါဒယဉ်ကျေးမှုတွင် သားက မွေးသော သားများသည် သမီးကမွေးသော သားများထက် ဘာသာရေး ရှုထောင့်မှကြည့်လျှင် ပို၍မြတ်သည်ဟု ယူဆကြပါသည်။

> မြန်မာနိုင်ငံမှာ သားယောက်ျားလေး မွေးရင် ဂုဏ်ရှိတယ်လို့ထင်ကြတယ်။ တကယ်လို့ မိခင်တစ်ယောက်က သမီးမိန်းကလေးမွေးရင် ‘ဘုန်း’ မရှိဘူး၊ သားမွေးတဲ့ မိခင်မှာမှ ‘ဘုန်း’ရှိတယ်လို့ နှိုင်းပြီးပြောကြတယ်။ ကျွန်မတို့ လူမှုအသိုင်းအဝိုင်းမှာ သားယောက်ျားလေးကို ဘယ်လောက် ပိုလိုချင်တယ်ဆိုတာ တွေ့နိုင်ပါတယ်။ မိသားစုကိုယ်တိုင်က ဒါကိုအမှန်လို့ ထင်နေကြတယ်။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ ကလေးအထူးကုဆရာဝန်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ဟိန္ဒူနှင့် မွတ်စလင်လူမျိုး ပါဝင်ဖြေဆိုသူများတွင် သားယောက်ျားလေးအား ပို၍ လိုချင်ကြသည်ကို ထင်ရှားစွာတွေ့မြင်ရပြီး၊ ဘာသာရေးအရ ယောက်ျားလေးများက ပို၍မြတ်သည်ဆိုသည့် အယူအဆနှင့် ဆက်စပ်

နေပါသည်။ အောက်ပါကောက်နုတ်ချက်တွင် သားယောကျ်ားလေးအား ပိုလိုချင်သည့်အပေါ် အကျိုးသင့် အကြောင်းသင့် ဝိုင်းဝန်းဆွေးနွေးကြသည်များလည်း ရှိပါသည်။ ‘အစဉ်အလာအရ အမျိုးသားများအား ပို၍ တန်ဖိုးထားကြပြီး လွတ်လပ်ခွင့်လည်း ပိုမိုရရှိကြပါသည်။ မိသားစုအတွက်လည်း ပို၍အသုံးဝင်သည်ဟု ယူဆကြပါသည်။ သို့ဖြစ်၍ ၎င်းတို့ကို ပိုလိုချင်ကြပါသည်’ ဟု အကြောင်းပြကြပါသည်။ ဆန့်ကျင်ဘက်အားဖြင့် အမျိုးသမီးများတွင် ဣန္ဒြေသိက္ခာဆိုင်ရာ စံနှုန်းများအပေါ် အခြေပြုသည့် သွားလာလှုပ်ရှားမှု အကန့်အသတ်များနှင့် ရင်ဆိုင်ရသောကြောင့် သမီးမိန်းကလေးများအား တောင့်တမှု နည်းပါးကြပါသည်။

ဟိန္ဒူဘာသာမှာဆိုရင် အမျိုးသားတွေက အခွင့်ထူးတွေ ခံစားရတယ်။ အမျိုးသားတွေက ဦးဆောင်မှုကဏ္ဍမှာ ရှိကြတယ်။ သားယောကျ်ားတွေကို ဦးစားပေးရမယ်ဆိုတဲ့ စည်းမျဉ်းတော့မရှိပါဘူး။ တကယ်လို့အရင်ခေတ်က ဟိန္ဒူမိသားစုတစ်စုကို မေးကြည့်မယ်ဆိုရင် သမီးမိန်းကလေးထက် သားယောကျ်ားလေးကို ပိုလိုချင်တယ်လို့ ဖြေကြမှာပဲ။ အခုလက်ရှိ အခြေအနေကိုတော့ ကျွန်တော် ဂဃနဏ မသိပါဘူး။ ဒါပေမဲ့ လက်ရှိ အခြေအနေကို နားလည်ဖို့ဆိုရင် အတိတ်ကိုပြန်ကြည့်ဖို့ လိုပါတယ်။ သားက မိဘတွေရဲ့ ကောင်းကျိုးကို လုပ်ပေးရပါမယ်။ ဟိန္ဒူမိသားစုတွေမှာ အမျိုးသားတွေက ဘာသာရေးအလုပ်တွေ လုပ်ရပါတယ်။ ဘာသာရေး ကိစ္စတွေက အိမ်မှာချည်းပဲလုပ်လို့မရဘဲ တစ်ခါတလေမှာ ဘုရားကျောင်းကို သွားရပါတယ်။ အရင်တုန်းကဆိုရင် အမျိုးသမီးတွေက အပြင်ထွက်ခွင့် မရှိလို့ အမျိုးသားတွေကပဲ ဒီတာဝန်တွေကို ဖြည့်ဆည်းပေးရပါတယ်။ ဟိုးတုန်းက အမျိုးသမီးတွေကို အပြင်ထွက်ခွင့်မပြုပါဘူး။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ဟိန္ဒူဘာသာရေးခေါင်းဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

၅.၂ သတို့သမီးအတွက် အဖိုးအခ/သတို့သားအား တင်တောင်းရခြင်း

ဖခင်အုပ်ထိန်းသည့် မိသားစုပုံသဏ္ဍာန်နှင့် ဖခင်ဘက်မှမျိုးဆက်ကို ယူသည့် လက်ထပ်ထိမ်းမြားခြင်း ပုံစံများရှိကြသည့် ဥပမာအားဖြင့် ကချင်၊ ချင်းနှင့် ရှမ်းလူမျိုးများတွင် အိမ်ထောင်ပြုပြီးသည့်နောက် အမျိုးသမီးများသည် သျှောင်နောက်ဆံထုံးပါ၍ ခင်ပွန်းဖြစ်သူ၏ မိသားစုနှင့်အတူ လိုက်နေရပြီး၊ ခင်ပွန်းဖြစ်သူက ဇနီးဖြစ်သူ၏ မိဘများအား သတို့သမီးကြေး ပေးကြရပါသည်။ ဤသို့ဖြင့် အမျိုးသမီးများ လက်ထပ်လိုက်သည့်အခါ မိဘများ၏လက်မှ ခင်ပွန်းသည်၏လက်သို့ ‘လွှဲပြောင်းပေးအပ်ခြင်း’ ခံကြရပါသည်။

ကျွန်မတို့ရဲ့သားတွေကို အိမ်ထောင်ချပေးမယ်ဆိုရင် ဝက်တစ်ကောင် မွေးရပါတယ်။ ဒါပေမဲ့ သမီးတွေအတွက် ဆိုရင်တော့ အဲဒီလိုလုပ်ဖို့ မလိုပါဘူး။

(မြစ်ကြီးနားမြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်အရွယ် ကချင်၊ ခရစ်ယာန် အမျိုးသမီးများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

တကယ်လို့ စုံတွဲတွေ လက်ထပ်ကြတော့မယ်ဆိုရင် သတို့သားလောင်းက သတို့သမီးရဲ့ မိခင်ကို အဖိုးအခပေးရပါတယ်။ သူ့ကို မွေးကျေးဖူး၊ နို့ချို လက်ထပ်ခွင့်တောင်းတဲ့အခါ ပေးရတဲ့အဖိုးအခနဲ့ နို့ဖိုးက သပ်သပ်စီပါ။ နို့ဖိုးကို သပ်သပ်ပေးရပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ရှမ်းအမျိုးသမီးခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

တိုက်ကျွေးခဲ့တဲ့ ကျေးဇူးကို အသိအမှတ်ပြုတဲ့အနေနဲ့ နို့ဖိုးပေးရပါတယ်။ လူတွေ ပြောကြတာရှိတယ်။ ကချင် မိန်းကလေးတစ်ယောက်ကို လက်ထပ်ချင်ရင် ပိုက်ဆံ လုံလုံလောက်လောက် စုပါတဲ့။ လက်ထပ်ခွင့် အဖိုးအခက အရမ်းများတယ်။ အဲဒီအဖိုးအခ အပြည့်အစုံပေးနိုင်တဲ့ သတို့သားလောင်းတွေက သူတို့အသိုင်းအဝိုင်းမှာ အရမ်းဂုဏ်ယူကြတယ်။ သတို့သားလောင်းက ကချင်ကောက်ညှင်းဆန် ဘယ်နှစ်အိတ်လောက် အဖိုးအခ ပေးလိုက်တယ်ဆိုတာမျိုး လူတွေက ပြောကြပါလိမ့်မယ်။

(အဓိက သတင်းအချက်အလက် ပေးနိုင်သူ ကချင်အမျိုးသမီး ခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံ မေးမြန်းခြင်း)

ကျွန်မတို့ ချင်းပြည်နယ်တောင်ပိုင်း မတူပီက ချင်းလူမျိုးတွေမှာ သတို့သမီးရဲ့ မိဘတွေကို ရာဝင်အိုးတစ်လုံးနဲ့ တင်တောင်းကြပါတယ်။ မြောက်ပိုင်း ချင်းတွေနဲ့တော့ မတူပါဘူး၊ သူတို့က အဲဒီလိုအိုးနဲ့ တင်မတောင်းကြပါဘူး။ တချို့က လက်ဖက်ရည်နဲ့မုန့် ကျွေးတယ်။ အဲဒီလို အလေ့အထတွေ မတူတာတောင်မှ သတို့သမီးဟာ တောဘက်ကဖြစ်ဖြစ်၊ မြို့ဘက်ကဖြစ်ဖြစ် သတို့သားကသတို့သမီးကို တောင်းရပါတယ်။

(အဓိက သတင်းအချက်အလက် ပေးနိုင်သူ ခရစ်ယာန်ဘာသာရေးခေါင်းဆောင် တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

မိသားစုအတွင်း အငြင်းပွားမှုနှင့် သဘောထားကွဲလွဲမှုများရှိလာသည့် အခါ အသက်အရွယ်ကြီးသူ အမျိုးသားများက ကြားဝင် စေ့စပ် ညှိနှိုင်းပေးကြပါသည်။ ၎င်းတို့၏တာဝန်မှာ အများအားဖြင့် အိမ်တွင်း အကြမ်းဖက်မှုကြောင့် ဇနီးဖြစ်သူက ခင်ပွန်းနှင့် ၎င်း၏ ဆွေမျိုးသားချင်းများ အိမ်မှထွက်ပြေးသော ကိစ္စများတွင် ဖြစ်ပါသည်။ ၎င်းတို့၏ ဇနီးများကိုကျော်၍ အခြားအမျိုးသားများက ကြားဝင်စေ့စပ်ညှိနှိုင်းရန် အမျိုးသားများအား ခွင့်ပြုထားသည့် လူမှုအလေ့အထများသည် အမျိုးသမီးများအား သက်မဲ့ရောင်းကုန်ပစ္စည်းများသဖွယ် ပြုမူခြင်းကို ညွှန်ပြနေပါသည်။ ထိုသို့သော လူမှုအလေ့အထများသည် အမျိုးသမီးများအား တန်ဖိုးမထားသည့် စံနှုန်းများကြောင့် ဘေးဒုက္ခ ကျရောက်လွယ်မှု ဖြစ်နိုင်ခြေကိုလည်း ဖော်ပြနေပါသည်။[၃၇]

တကယ်လို့ ကိုယ်ရိုက်လိုက်လို့ ကိုယ့်မိန်းမ အိမ်ကထွက်ပြေးသွားတယ်ဆိုရင် ကိုယ့်မိန်းမကိုပြန်ရဖို့ သူ့ဆွေမျိုးတွေကို ၂ ဆ အလျော်ပေးရတယ်။

(မတူပီမြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ် အမျိုးသား များနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

ခင်ပွန်းဖြစ်သူက ရွာရဲ့အကြီးအကဲနဲ့ ရပ်မိရပ်ဖတွေရဲ့ ခွင့်ပြုချက်နဲ့ ဇနီးမယားအဖြစ် လက်ထပ်ယူခဲ့တယ်။ တကယ်လို့ ဇနီးဖြစ်သူက စိတ်ညစ်ပြီး မိဘအိမ်ကို ပြန်သွားပြီးမှ ဇနီးဖြစ်သူကို ပြန်ခေါ်ဖို့ ကြိုးစားရင် ရွာရဲ့အကြီးအကဲနဲ့ ရပ်မိရပ်ဖတွေအားလုံးကို မင်္ဂလာဆောင်တုန်းကအတိုင်း ကန်တော့ရပါတယ်။ ရွာလူကြီး မိဘတွေအားလုံးက သဘောတူမှပဲ သူ့ဇနီးကို ပြန်ခေါ်လို့ရပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ကချင်အမျိုးသမီးခေါင်းဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ပုံ ၁ ထုံးတမ်းစဉ်လာအရ လျော်ကြေးပေးခြင်းအလေ့အထနှင့် လိင်မှုဆိုင်ရာအခြေပြု အကြမ်းဖက်မှု၊ ကယားပြည်နယ်

၅.၃ ကျေးရွာအား သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ခြင်း

ကယားပြည်နယ်တွင် လိင်မှုဆိုင်ရာအခြေပြု အကြမ်းဖက်မှုနှင့် အဓမ္မပြုကျင့်ခြင်းတို့ကို ခံရသူများသည် လူမှုရေးအရ ဖိအားပေးခံကြရပြီး၊ ထုံးတမ်းစဉ်လာအရ ၎င်းတို့ကိုယ်စား ရပ်ရွာအားလျှော်ဒါန်းခြင်း၊ တစ်နည်းအားဖြင့် 'ရပ်ရွာအား သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ခြင်း'ဟု ခေါ်ဆိုသည့် ဓလေ့ထုံးတမ်းအရ လျော်ကြေးပေးရသည့် အလေ့အထကို လက်ခံကြရပါသည်။ ဖြစ်စဉ်ကို ရဲတပ်ဖွဲ့ထံ တရားဝင်သတင်းပေး တိုင်ကြားခြင်းထက် ကြက်၊ ဝက်များကိုသတ်ပြီး ဒေသခံများအား ဝေပေးခြင်းသည် ရပ်ရွာ၏ဂုဏ်သိက္ခာကို ထိန်းသိမ်းခြင်းဖြစ်သည်ဟု ယုံကြည်ကြပါသည်။ ဥပဒေကြောင်းဆိုင်ရာ အသိအမြင်မရှိခြင်းသည် ထိုသို့သော ဖြစ်စဉ်များတွင် အမျိုးသမီးများအတွက် တရားမျှတမှု ရရှိရေးတွင် အဓိကအတားအဆီးတစ်ခု ဖြစ်သည်ဟုဆိုရပါမည်။ ထိုဒေသမှ အမျိုးသမီးများ၏အဆိုအရ ထုံးတမ်းစဉ်လာအရ လျော်ကြေးပေးခြင်း အလေ့အထသည် နောင်ဖြစ်လာမည့် လိင်မှုဆိုင်ရာအခြေပြု အကြမ်းဖက် လုပ်ရပ်များအား တားဆီးနိုင်စွမ်းမရှိသည်ကို တွေ့ရပါသည်။ (ထက်၊ ၂၀၁၃)

ကယားပြည်နယ်တွင် မကြာသေးခင်က CARE မြန်မာမှ ဦးစီးကျင်းပခဲ့သည့် 'အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အဆုံးသတ်ရေးတွင် အမျိုးသားများ ပါဝင်ရေး' ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲတွင် လိင်မှုဆိုင်ရာအခြေပြု အကြမ်းဖက်မှုများ နှင့် မိန်းကလေးများ လက်မထပ်ခင် ကိုယ်ဝန်ရခြင်းစသည့် ဖြစ်စဉ်များ၌ ထုံးတမ်းစဉ်လာအရ လျော်ကြေးပေးကြသည်ကို ကျယ်ကျယ်ပြန့်ပြန့် တွေ့ရှိရပါသည်။ အလုပ်ရုံဆွေးနွေးပွဲမှရရှိသော သတင်းအချက်အလက်များအရ ထိုသို့သောဖြစ်စဉ်တွင် အမျိုးသားနှင့် အမျိုးသမီးတို့သည် ရပ်မိရပ်ဖများအား ဝက်တစ်ကောင်နှင့် ခေါင်ရည်ဖြင့် ညှိခံကျွေးမွေးရပါသည်။ ထုံးတမ်းစဉ်လာအရဝန်ခံပြီး၊ လျော်ကြေး ပေးပြီးသည်နှင့် ထိုအမျိုးသားတွင် အမျိုးသမီးအတွက်ဖြစ်စေ၊ ကလေး အတွက်ဖြစ်စေ နောက်ထပ် တာဝန်ယူရန်မလိုတော့ပါ။ အထက်ပါပုံသည် အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်သူတို့၏ ထိုပြဿနာအပေါ် ထင်မြင် သုံးသပ်ချက်ကို ဖော်ပြနေပါသည်။ (CARE ၊ ၂၀၁၃)

၅.၄ အမွေဆက်ခံခြင်း

ကချင်နှင့်ချင်းပြည်နယ်မှ လေ့လာမှုတွင်ပါဝင်သူများက အမျိုးသမီးနှင့် အမျိုးသားများကြား အမွေဆက်ခံခြင်းပုံစံများ တန်းတူညီမျှမှု မရှိကြောင်း ဆွေးနွေးကြပါသည်။ ချင်းပြည်နယ်တွင် အမွေဆက်ခံခြင်းသည် ယဉ်ကျေးမှုအခြေပြု ကျား၊ မ ရေးရာ ခွဲခြားဆက်ဆံခြင်းဆိုင်ရာ ပြဿနာများတွင် အရေးအကြီးဆုံးတစ်ခု ဖြစ်ပါသည်။ တန်းတူအခွင့်အရေး ပိုမိုရရှိရန် အချို့သော အလေ့အထများအား စတင်ပြောင်းလဲနေပြီ ဖြစ်သော်လည်း၊ မိဘများထံမှ အမျိုးသမီးများ အမွေဆက်ခံနိုင်ရေးသည် အလှမ်းဝေးဆဲ ဖြစ်သည်ဟုဆိုရပါမည်။[၃၆] အမျိုးသမီးများတွင် အမွေဆက်ခံပိုင်ခွင့် တန်းတူညီမျှမရှိခြင်းသည် ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ အကျိုးဆက်များရှိပါသည်။ ထိုအလေ့အထများ၏ စီးပွားရေးအကျိုးဆက်များသည် လက်ထပ်ခြင်းနှင့် ကလေးမွေးဖွားခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များတွင် သက်ရောက်စေပါသည်။ ထိုနည်းတူစွာ အမွေဆက်ခံနိုင်မည့် အခွင့်အလမ်းနည်းပါးခြင်းက တစ်ခုလပ်နှင့်မုဆိုးမ အမျိုးသမီးတစ်ယောက်၏ စီးပွားရေးအဆင့်အတန်းအပေါ် သက်ရောက်စေပါသည်။ ကျား၊ မ ရေးရာ ရှုထောင့်မှကြည့်လျှင် ပါဝင်ဆွေးနွေးသူအများအပြားက အမျိုးသမီးများ အမွေဆက်ခံခွင့်ရရှိရန်မှာ အခြေအနေပေါ်မူတည်သည်ဟု ဆိုသော်လည်း (အိမ်ကဲ့သို့)မရွှေ့ပြောင်းနိုင်သောပစ္စည်းများ သို့မဟုတ် (လယ်မြေ၊ စီးပွားရေးလုပ်ငန်းစသည့်) ကုန်ထုတ်လုပ်မှုပစ္စည်းများကို မည်သည့်အခါမှ ပိုင်ဆိုင်ခွင့်ရမည်မဟုတ်ကြောင်း ပြောဆိုကြပါသည်။

> ပုံမှန်အားဖြင့် သမီးမိန်းကလေးတွေဟာ မိဘတွေဆီက အမွေမရကြပါဘူး။ ဒီတော့ မိန်းကလေးတစ်ယောက် အိမ်ထောင်ကျပြီဆိုတာနဲ့ မိဘတွေက အတွင်းပစ္စည်းအနည်းငယ်၊ ဥပမာ- လည်ဆွဲ ဒါမှမဟုတ် တခြား မိန်းကလေးအသုံးအဆောင်တွေ ပေးလိုက်တယ်။ အဲဒါအပြီးပဲ။ အိမ်တို့၊ တခြားပစ္စည်းတွေကိုတော့ သားအတွက်ထားတယ်။ သမီးအတွက်မပါဘူး။ ကျွန်မတို့ကတော့ ဒီလိုမမျှတမှုတွေအားလုံးကို ဘဝတစ်လျှောက်လုံး ခံနေရတယ်။ ကျွန်မတို့က ဒီလိုကိစ္စမျိုးကို မတရားဘူး၊ မမျှတဘူးလို့ ထင်နေပေမယ့် အမျိုးသားတွေကတော့ ဒါကို သာမန်ကိစ္စတစ်ခုလို၊ အလေ့အထတစ်ခုလို မြင်ကြပါတယ်။”
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်း အမျိုးသမီးခေါင်းဆောင် ၁ နှင့် တွေ့ဆုံမေးမြန်းခြင်း)

> ကျွန်မတို့က အမွေဆက်ခံမှုနှင့်ပတ်သက်ပြီးပြောရင် သူတို့က ‘အိုး ဒါက တရားဝင် ကျွန်မအဖေနာမည်နဲ့ ကျွန်မယောကျ်ားနာမည်နဲ့ ဆိုပေမယ့် ကျွန်မတို့လည်း သုံးနိုင်တဲ့အခွင့်အရေးအပြည့်ရှိပါတယ်’ လို့ ပြောကြတယ်။ ကျွန်မပြောချင်တာက အမျိုးသမီးတွေ သုံးပိုင်ခွင့်ရှိတယ်။ ဒါပေမဲ့ ပိုင်ဆိုင်မှုတွေကို ထိန်းချုပ်နိုင်တဲ့၊ ဆုံးဖြတ်နိုင်တဲ့ အခွင့်အရေး မရှိပါဘူး။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်း အမျိုးသမီးခေါင်းဆောင် ၃နှင့် တွေ့ဆုံမေးမြန်းခြင်း)

ဘာသာရေးတန်ဖိုးများနှင့် အစဉ်အလာယဉ်ကျေးမှုတန်ဖိုးများ တစ်ခုနှင့် တစ်ခု ဆန့်ကျင်ဘက်ဖြစ်သည့်အခါ ယဉ်ကျေးမှုအပေါ် အခြေခံသည့် ကာလကြာရှည်ရှိနေခဲ့သော လူမှုအလေ့အထများက ပို၍ အရေးပါသည်ဟု အချို့ကဆိုပါသည်။

> အစဉ်အလာအားဖြင့် ချင်းအမျိုးသမီးတွေကို အမျိုးသားတွေနဲ့ တန်းတူလို့ မသတ်မှတ်ကြပါဘူး။ ခုခေတ်အထိ မြေတို့၊ လယ်မြေတို့၊ အိမ်တို့ကို အမွေဆက်ခံမှုအပိုင်းမှာ အဲဒါတွေက အမျိုးသားတွေပဲ ပိုင်ဆိုင်ခွင့်ရှိတယ်။ မိဘတွေက သမီးမိန်းကလေးတွေကို ဒီအခွင့်အရေးတွေ ဘာကြောင့် မပေးတာလဲ၊ မိန်းကလေးတွေရဲ့ကိစ္စတွေမှာ ဒီလို ရှေးရိုးစွဲဆန်တဲ့ အတွေးအခေါ်တွေ ဘယ်လိုဘယ်လောက်ရှိနေသလဲဆိုတာ ကျွန်တော် စဉ်းစားကြည့်တဲ့အခါ ဒါဟာ ဘာသာရေးကြောင့်မဟုတ်ဘဲ ယဉ်ကျေးမှု အလေ့အထတွေကြောင့်ဆိုတာ တွေ့ရတယ်။ ကျွန်တော်တို့ မိသားစုမှာ ကျွန်တော့်အစ်မနဲ့ ကျွန်တော့်ညီမရှိပါတယ်။ မိဘတွေ ဆုံးပါးသွားတော့ သူတို့လုပ်ကိုင်စားသောက်လို့ရအောင် ကျွန်တော့် လယ်မြေတွေကို သူတို့စိတ်ကြိုက် အသုံးပြုခွင့်ပေးထားတယ်။ ဒါပေမဲ့ အဲဒီလယ်မြေတွေကို တခြားလူကိုတော့ ရောင်းလို့မရဘူး။ ဒီအတွေ့အကြုံအရဆိုရင် ကျွန်တော်ကိုယ်တိုင်လည်း ချင်းရိုးရာ အစဉ်အလာနဲ့ အလေ့အထတွေရဲ့ ထိန်းချုပ်မှုကို ခံနေရတယ်လို့ ထင်တယ်။ ဓမ္မဟောင်းကျမ်းအရဆိုရင် အမျိုးသမီးတွေဟာ အဆင့်အတန်း နိမ့်တယ်။ ဓမ္မသစ်ကျမ်းထဲမှာ ခရစ်တော်ရဲ့တရားတွေက အမျိုးသားနဲ့ အမျိုးသမီး တန်းတူဖြစ်တယ်လို့ ဖော်ပြထားတယ်။ ဒါကြောင့် ကျွန်တော်တို့ နှစ်ခြင်းခရစ်ယာန်တွေဟာ အမျိုးသားနဲ့အမျိုးသမီးကို လုံးဝမခွဲခြားဘူး၊ အလုပ်နဲ့တာဝန်ဝတ္တရားပိုင်းမှာ အားလုံး ညီတူညီမျှ ဆက်ဆံတယ်။ ဒီလို အယူအဆမျိုးက လက်ခံနိုင်ဖွယ်ဖြစ်ပေမယ့် မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားလူမျိုးစု အသီးသီးမှာ သူတို့ရဲ့ အစဉ်အလာယဉ်ကျေးမှုနဲ့ နောက်ခံအကြောင်းတွေ ရှိပါတယ်။ ကိစ္စတော်တော်များများမှာ ကျွန်တော်တို့ရဲ့ နောက်ခံအသိက လွှမ်းမိုး ထိန်းချုပ်နေတုန်းပဲ။ ဥပမာ- ချင်းအမျိုးသမီးတွေမှာ အိမ်၊ မြေနဲ့ အဖိုးတန်ပစ္စည်းတွေ ပိုင်ဆိုင်ခွင့်မရှိပါဘူး။ အခုထိ ဒီအတွေးအခေါ်ကို ကျင့်သုံးနေကြဆဲပါ။ အမျိုးသမီးတစ်ယောက် ပိုင်ဆိုင်တာကသူ့ကိုယ်မှာ ဝတ်ထားတဲ့ လက်ဝတ်ရတနာပစ္စည်းတွေပါပဲ။ ဥပမာ- လည်ဆွဲတစ်ခုဟာ ဘယ်လောက်ပဲ အဖိုးတန်နေပါစေ၊ သူယူလို့ရတယ်။ ဘာကြောင့်လဲ ဆိုတော့ အဲဒီပစ္စည်းက သူ့အတွက်ရည်ရွယ်ထားလို့ပဲ။ ပြီးတော့ အမျိုးသမီးတွေဟာ သူတို့ဝတ်ထားတဲ့ ရွှေ၊ ငွေနဲ့ ရတနာပစ္စည်းတွေ ကိုလည်း ယူနိုင်တယ်။ ဒါပေမဲ့ သေနတ်တို့၊ မြေတို့၊ အိမ်တို့ကိုတော့ ယူလို့မရပါဘူး။ အိမ်က အမျိုးသားတွေအတွက်ပါ။ ဒါတွေဟာ ချင်း လူမျိုးတွေရဲ့ ရိုးရာအစဉ်အလာတွေပါ။ အမျိုးသားတွေက လယ်မြေတွေ၊ အိမ်တွေပိုင်ကြတယ်။ ဘာလို့လဲဆိုတော့ အဲဒါတွေက ရွာမှာပဲ အမြဲရှိတယ်။ ဟိုးတုန်းကဆိုရင် သူတို့က ရွာမှာလည်း လက်ထပ်လေ့ ရှိကြတယ်။ ဒါ့ကြောင့် ဒါဟာ အမျိုးသမီးတွေ ဘာကြောင့် မြေယာနဲ့ အိမ်တွေကို ပိုင်ဆိုင်ခွင့်မရှိသလဲဆိုတာ ကျွန်တော်သတိထားမိတဲ့ အကြောင်းတစ်ချက်ပဲ။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ ခရစ်ယာန်ဘာသာရေးခေါင်းဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

[၃၆] နောက်ဆက်တွဲ ၂ မှ ဖြစ်စဉ်လေ့လာချက် ၃ တွင် မိခင်ထံမှအမွေရရန် လက်ရှိတရားရင်ဆိုင်နေသည့် အမျိုးသမီးတစ်ဦး၏ အခြေအနေများကို အသေးစိတ်ဖော်ပြထားပါသည်။

၆ လူမှုပုံစံသွင်းခြင်းနှင့် လက်ခံကျင့်သုံးခြင်း

ကျွန်မတို့ အမျိုးသမီးတွေကတော့ တောင်ပံတို့၊ ခြေထောက်တို့ စသဖြင့် အရိုးပိုင်းကိုပဲစားကြပါတယ်။

၆.၁ လူမှုပုံစံသွင်းပေးသည့် အရာများ

မိန်းကလေးနှင့် ယောက်ျားလေးများအတွက် သင့်လျော်သောအပြုအမူဟု ယူဆသည့်စံနှုန်းများအား ပတ်ဝန်းကျင်အသိုင်းအဝိုင်းက အမျိုးသမီးနှင့် အမျိုးသားများကိုသင်ကြားပေးပြီး ထပ်တလဲလဲ လေ့ကျင့်ပေးကြပါသည်။ လူမှုရေးအရ ပုံသွင်းပေးသည့်အရာများတွင် မိသားစု၊ ပညာရေးစနစ်၊ အာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးဝန်ဆောင်မှုများ၊ ကျန်းမာရေး စောင့်ရှောက်မှုစနစ်၊ စာပေ၊ မီဒီယာနှင့် ဘာသာရေးခေါင်းဆောင်များ စသည်တို့အပါအဝင် အရေးပါသည့်အရာများစွာ ရှိပါသည်။ ဤအခန်း၌ လေ့လာမှုတွင်ပါဝင်သူများ၏ အတွေ့အကြုံအရ အပြုအမူဆိုင်ရာ ကျား၊ မ ရေးရာ စံနှုန်းများသည် ၎င်းတို့၏ ဘဝနေထိုင်မှုတစ်စိတ်တစ်ပိုင်း မည်သို့ ဖြစ်လာသည်ကို ဖော်ပြထားပါသည်။

ယဉ်ကျေးမှုစံနှုန်းများအား ပြန်လည်အသက်သွင်းရာတွင် အဓိက အရေးကြီးဆုံးတစ်ခုသည် ကျွန်ုပ်တို့ကို နှစ်ပေါင်းများစွာ ပုံသွင်းပေးခဲ့သည့် မိသားစု ဖြစ်ပါသည်။ ပါဝင်ဆွေးနွေးသူအချို့၏ ပြောကြားချက်အရ စံနှုန်းများသည် မွေးရာပါမဟုတ်ဘဲ သင်ကြားပို့ချမှုများသာဖြစ်ပါသည်။ ၎င်းတို့နှင့် နေသားတကျဖြစ်လာသည့်အခါ ရှိနေမှန်းကိုပင် သတိမထားမိတော့ပါ။

ကျား၊ မ ရေးရာနဲ့ ပတ်သက်တဲ့ လူမှုစံနှုန်းတွေနဲ့ ယဉ်ကျေးမှုဆိုင်ရာ သဘောထားတွေ တော်တော်များများဟာ ကလေးတွေ ငယ်ရွယ်စဉ် ကတည်းက အိမ်မှာရောပတ်ဝန်းကျင်မှာပါ ဘဝကို သူတို့ဘယ်လို ဖြတ်သန်းရမယ်ဆိုတာနဲ့ အများကြီးသက်ဆိုင်တယ်လို့ ကျွန်တော် ထင်ပါတယ်။ ပြီးတော့ ဒါက တစ်သက်လုံးပါသွားမှာ၊ နောက်ပိုင်းမှာ ပညာသင်တာက တစ်ပိုင်းပဲ။ ဒီစံနှုန်းတွေက ကိုယ်လက်ခံထားတဲ့အတိုင်း ရှိနေပြီးတော့ နောက်ပိုင်းမှာအလေ့အထဖြစ်လာမှာ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပညာရေးအထူးကျွမ်းကျင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

လေ့လာမှု၌ပါဝင်သူများ၏ ဘဝတွင် ၎င်းတို့၏ မိဘ၊ မောင်နှမ၊ ဘိုးဘွားနှင့် ဆွေမျိုးသားချင်းများသည် လူမှုရေးအရ အဓိကပုံသွင်းပေးသူများ ဖြစ်သည်ဟု ဆိုပါသည်။

ဥပမာ- ကျွန်မတို့ ကြက်သားဟင်းချက်တဲ့အခါ အသားများတဲ့အပိုင်းကို အမျိုးသားတွေကို ကျွေးပြီး ကျွန်မတို့ အမျိုးသမီးတွေကတော့ တောင်ပံတို့၊ ခြေထောက်တို့ စသဖြင့် အရိုးပိုင်းကိုပဲစားကြပါတယ်။ ဒါဟာ ကျွန်မတို့ရဲ့ အလေ့အထပါ။ ဒါဟာ ကျွန်မတို့ သူတို့ကိုဆက်ဆံတဲ့ပုံစံပါ။ ကျွန်မတို့ မိဘတွေ၊ ဘိုးဘွားတွေ တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုဆက်ဆံကြတယ်ဆိုတာ မြင်နေရတာပဲ။ အဲဒီပုံရိပ်တွေက ကျွန်မတို့ရဲ့အတွေးမှာ အမြဲထင်ဟပ်နေတော့၊ ကျွန်မတို့မှာလည်း အဲဒီလိုလုပ်ဖို့ တာဝန်ရှိတယ်လို့ ခံစားရတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ မွန်အမျိုးသမီးခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

လေ့လာမှု၌ပါဝင်ဆွေးနွေးသူ အမျိုးသမီးအများအပြားက ၎င်းတို့၏ ဘဝတွင် ကျား၊ မ ရေးရာ အလိုက် သင့်လျော်သော အပြုအမူများအား ပုံသွင်းပေးခြင်းနှင့် စပ်လျဉ်းသည့် ၎င်းတို့၏အခန်းကဏ္ဍကို ပြောပြကြပါသည်။ ၎င်းတို့၏ ပြောကြားချက်များမှတစ်ဆင့် အမျိုးသမီးရော၊ အမျိုးသားပါ ဖခင်အုပ်ထိန်းသည့် မိသားစုဖွဲ့စည်းပုံကို စောင့်ထိန်းရမည့် တာဝန်များရှိနေသည်ကို တွေ့မြင်နိုင်ပါသည်။

ပြန်ကြည့်မယ်ဆိုရင် အိမ်ထောင်မကျခင်တုန်းက မိဘတွေနဲ့အတူနေတယ်၊ အိမ်ထောင်ကျပြီးတော့ ယောက္ခမတွေနဲ့အတူနေပါတယ်။ ပြန်ကြည့်လိုက်တော့ ကျွန်မကိုပုံသွင်းပေးတာ ကျွန်မယောက်ျား မဟုတ်ဘဲ ယောက္ခမ ဖြစ်နေတယ်။ အမျိုးသမီးချင်း တစ်ယောက်ကို တစ်ယောက် မစာနာသလိုမျိုး ဖြစ်နေတယ်။ ကျွန်မယောက်ျားက ကျွန်မကို ညဘက်အပြင်မထွက်ဖို့၊ နောက်မကျဖို့မပြောဘူး။ ဒါပေမဲ့ ယောက္ခမကတော့ ဘယ်သွား၊ ဘယ်မသွားနဲ့ဆိုပြီး အမိန့်ပေးတာမျိုး ရှိတယ်။ ‘အရမ်းညဥ့်နက်နေပြီ၊ ဒါ မိန်းကလေးတစ်ယောက် အပြင် ထွက်ရမယ့် အချိန်လား’ စသဖြင့် ပြောလေ့ရှိပါတယ်။ တခြား အမျိုးသမီး တစ်ယောက်ကို စာနာနားလည်မပေးနိုင်တာက အမျိုးသားမဟုတ်ဘဲ အမျိုးသမီးဖြစ်နေတာပါ။ ကျွန်မအမေကလည်း ကျွန်မကိုချုပ်ချယ်တယ်။ ဒါမှမဟုတ် ယောက္ခမကလည်းဟိုဟာမလုပ်နဲ့၊ ဒီဟာမလုပ်နဲ့ တားပါလိမ့်မယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ရှမ်းအမျိုးသမီးခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

လေ့လာမှုတွင်ပါဝင်သူ အမျိုးသမီးများက ‘အမျိုးသားများ၏ အလေ့အထ’ အဖြစ် သတ်မှတ်သော အရာများကို ကာကွယ်လိုစိတ် အမျိုးသမီးများတွင် ရှိကြောင်းကိုလည်း ဆွေးနွေးကြပါသည်။ ဤသည်မှာ ဥပမာအားဖြင့် လိင်ပိုင်းဆိုင်ရာ အနှောင့်အယှက်ပေးခြင်းကဲ့သို့ ယောက်ျားလေးများ၏ အချို့သောအပြုအမူများကို သေးငယ်ပပျောက်စေရန် ‘ယောက်ျားလေး ဆိုတာကတော့ ယောက်ျားလေးစရိုက်အတိုင်း ရှိမှာပေါ့’ ‘သူတို့က နောက်နေတာပါ’ စသည့် မှတ်ချက်များဖြင့် ခွင့်လွှတ်နားလည်ပေးခြင်း ဖြစ်ပါသည်။ အထူးသဖြင့် ကျား၊ မ ရေးရာ တန်းတူညီမျှရေး

သမီးတွေဟာ အိမ်မှာနေပြီး မိဘကိုစောင့်ရှောက်မယ့်သူတွေ၊ သားတွေကတော့ သူတို့အိမ်ထောင်နဲ့သူတို့၊ သူတို့မိသားစုနဲ့ သူတို့တစ်အိုးတစ်အိမ် ခွဲနေကြမယ့်သူတွေလို့ မိဘတွေက ယေဘုယျအားဖြင့် ပြောလေ့ရှိတဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ ကျွန်မ ကြီးပြင်းခဲ့ရတာပါ။ ဒါ့ကြောင့် သမီးမိန်းကလေးတွေဟာ အိမ်ထောင်ကျရင်တောင် မိဘတွေနဲ့ နေရပါတယ်။ ဒါကြောင့် သမီးမိန်းကလေးတွေကို စိတ်ရောကိုယ်ပါ မြေတောင်မြှောက်ပေးဖို့၊ အိမ်မှုကိစ္စနိုင်နင်းအောင် သင်ကြားပေးဖို့နဲ့ အိမ်မှုကိစ္စစီမံခန့်ခွဲဖို့တင်မက မိသားစုနဲ့ ပတ်ဝန်းကျင်ကြားဆက်ဆံရေးကို တည်ဆောက်နိုင်ဖို့ စတဲ့ကျွမ်းကျင်မှုတွေကလည်း အရေးကြီးပါတယ်။ အခြေခံ စာရေး၊ စာဖတ်လည်း တတ်ရမယ်။ ပြီးတော့ လူတွေနဲ့ ဘယ်လိုဆက်ဆံရမယ်၊ ဘုန်းကြီးကျောင်းကိုသွားရမယ်၊ ရဟန်းသံဃာတွေ သီလရှင်တွေကို လှူဖွယ်ပစ္စည်းကပ်ရမယ်၊ ဒါမှ အမျိုးကောင်းသမီးဖြစ်မယ်ဆိုတာလည်း သိထားရပါမယ်။ ပတ်ဝန်းကျင်မှာ သူ ဘယ်လိုပြုမူနေထိုင်တယ်၊ အဝတ်အစား၊ အလုပ်အကိုင်၊ အမူအရာနဲ့ သွားတဲ့လာတဲ့နေရာတွေကအစ မိန်းကလေးနဲ့ သင့်လျော်တယ်၊ မသင့်လျော်ဘူးဆိုတာ အထူးဂရုစိုက်ရပါတယ်။ အထူးသဖြင့် ဥပမာပေးရမယ်ဆိုရင် မိန်းကလေးဆိုတာ လက်ဖက်ရည်ဆိုင် မထိုင်ရပါဘူး။ လက်ဖက်ရည်ဆိုင်လို နေရာမျိုးဆိုတာ မိန်းကလေးတွေ မသွားအပ်တဲ့နေရာပါ။ ပြီးတော့ သွားတဲ့လမ်းမှာ ဘီယာဆိုင်တို့၊ ကာရာအိုကေဆိုင်တို့ ရှိတယ်ဆိုရင် လမ်းလျှောက်တာကအစ အထူးသတိထားရပါမယ်။ လမ်းထောင့်မှာ ယောကျ်ားလေးအုပ်စုရှိရင် တစ်ယောက်တည်းသွားတာမျိုး ရှောင်ရမယ်၊ သပ်သပ်ရပ်ရပ် ဝတ်ရမယ်။ ဒီလိုမဟုတ်ရင် အန္တရာယ်ကို ဖိတ်ခေါ်နေသလို၊ နှုတ်နဲ့စော်ကားတာ၊ စတာ နောက်တာမျိုးအပြင် အနားမှာ ဘယ်သူမှမရှိရင် ကိုယ်ထိလက်ရောက် စော်ကားခံရတာမျိုး ဖြစ်အောင် ဖိတ်ခေါ်နေတယ်ဆိုတဲ့ အတွေးအခေါ်ရှိကြတယ်လို့ ကျွန်မထင်တယ်။

ပြီးတော့ လက်ဖက်ရည်ဆိုင်ထိုင်တဲ့လူဟာ အချိန်ဖြုန်းနေတဲ့လူ၊ တချို့ဆိုရင် ဖြုန်းစရာ အချိန်မရှိဘူး။ အထူးသဖြင့် မိန်းကလေးတွေဆိုရင် ကျောင်းသွားရတယ်၊ မိဘတွေနဲ့ မိသားစုအတွက် အိမ်မှုကိစ္စတာဝန်တွေရှိတယ်။ အကယ်၍ မိဘတွေက သမီးမိန်းကလေးကို လက်ဖက်ရည်ဆိုင်ထိုင်ခွင့်ပေးရင် သူ့ကို ‘ပေါ့ပြက်ပြက်’လို့ ထင်ကြတယ်။ ယဉ်ကျေးမှုအရ ဓလေ့ထုံးစံတွေကို သိပ်မလိုက်ဘူး၊ ဒါမှမဟုတ် ရှေးရိုးစွဲ သိပ်မဆန်တဲ့သဘော ထင်ကြတာလည်း ရှိတယ်။ ဘာကြောင့်မှန်း ဂယနဏ မသိဘဲ ဒါခွင့်ပြုတယ်၊ ဒါခွင့်မပြုဘူး ဆိုတာတွေနဲ့ တခြားမိန်းကလေးတွေလိုပဲ ကျွန်မလည်း ဒါတွေနားထောင်ရင်း ကြီးပြင်းလာခဲ့ရတာပါ။ ပထမတော့ ဥပမာ- လက်ဖက်ရည်ဆိုင်မထိုင်ရဘူး၊ ၈ နာရီ ကျော်ရင် အပြင်မထွက်ရဘူး၊ ဘာမှမမေးနဲ့ ဆိုတာတွေနဲ့ စတာပဲ။ နောက်တော့ အလိုလို ခွင့်မပြုဘူးဆိုတာ သိတယ်၊ ဒီတော့ အဲဒါကိုမလုပ်ဘူး။

(ရန်ကုန်မြို့မှ အဓိကသတင်းအချက်အလက်ပေးနိုင်သူ ကျောင်းဆရာမတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

လုပ်ရှားသူများအတွက် ယောက်ျားလေး၊ မိန်းကလေးများကို သမားရိုးကျ အစဉ်အလာများအား လက်ခံလာအောင် ပုံသွင်းပေးရာတွင် အမျိုးသမီးများ ပါဝင်နေခြင်းက အဓိကပြဿနာဖြစ်ပါသည်။ သားသမီးများအား ပြုစု ပျိုးထောင်ရသည့် အမျိုးသမီးများ၏ လက်ရှိတာဝန်အရ အနာဂတ် မျိုးဆက်များတွင် တန်ဖိုးများထည့်သွင်းပေးရန် အမျိုးသမီးများက အဓိက အရေးပါကြောင်း ၎င်းတို့က မီးမောင်းထိုးပြထားပါသည်။ အသေးစိတ်ကို အောက်တွင်ဆွေးနွေးထားပါသည်။

ကျား၊ မ ရေးရာ သီးခြားစံနှုန်းများနှင့် ယောက်ျားလေး၊ မိန်းကလေး များအား သီးခြားခွဲထားခြင်းသည် ကလေးများ လူပျိုဖော်၊ အပျိုဖော် ဝင်စအချိန်တွင် ပို၍ သိသာထင်ရှားသည်ဟု ဆိုပါသည်။ ၎င်းတို့၏ အနာဂတ်ဘဝများတွင် အကျိုးဆက်အဖြစ် ကိုယ့်ကိုယ်ကို ယုံကြည်မှု၊ မိမိကိုယ်ကို ယုံကြည်မှုလွန်ကဲခြင်းနှင့် တန်ဖိုးသိခြင်းတို့ ပါဝင်ပါသည်။ မိန်းကလေးများဦးဆောင်သည့် ကျား၊ မ ရေးရာ သဘောထားများဆိုင်ရာ စစ်တမ်းတစ်ခုတွင် ကျား၊ မ ရေးရာ စံနှုန်းများအား လက်ခံကျင့်သုံးကြသည့် အထောက်အထားများကို ခိုင်ခိုင်မာမာ တွေ့ရှိရပါသည်။ လေ့လာမှုတွင်ပါဝင်သူ သုံးပုံနှစ်ပုံခန့်က ယောက်ျားလေးများနှင့် နှိုင်းယှဉ်ပါက မိန်းကလေးများ၏ လွတ်လပ်စွာ လုပ်ပိုင်ခွင့်၊ သွားလာခွင့်နှင့် အားလပ်ချိန်များအား ကန့်သတ်ထားသည်ကို သဘောတူလက်ခံကြပါသည်။ ပါဝင်ဆွေးနွေးသူ ၇၁% က မိန်းကလေး များ၏ ဉစ္စာခနသည့် ရုပ်ဆင်းအင်္ဂါဖြစ်၍ ယောက်ျားလေးများ၏ဉစ္စာ ခနသည် ပညာရေးဖြစ်ကြောင်းနှင့် အမျိုးသမီးများသည် အိမ်ရှင်မကောင်း တစ်ယောက်ဖြစ်ရန်သာ အဓိကအာရုံစိုက်သင့်ကြောင်း သဘောတူ လက်ခံကြပါသည်။ (Girl Determined/Colourful Girls ၂၀၁၃)

ဘာသာတရားနှင့် ဘာသာရေးပို့ချချက်များသည် ပါဝင်ဆွေးနွေးသူများ၏ နေ့စဉ်ဘဝတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်းသိရှိရပါသည်။ ထို့ကြောင့်ပင် ဘာသာရေးစာပေများနှင့် ဘာသာရေးခေါင်းဆောင်များသည် ငယ်စဉ်ဘဝတွင်သာမက အရွယ်ရောက်သည်အထိ ၎င်းတို့၏ ဘဝကို လူမှုရေးအရ အဓိကပုံသွင်းပေးသူများ ဖြစ်သည်ဟုဆိုပါသည်။ တစ်ဦး တစ်ယောက်က လူ့အဖွဲ့အစည်း၏ ကျား၊ မ ရေးရာ စံနှုန်းများအပေါ် စတင်မေးခွန်းထုတ်သည့်အခါ ဤသို့ပုံသွင်းခြင်း၏စွမ်းပကားသည် ပို၍ သိသာထင်ရှား ဖြစ်လာပါသည်။

ကျွန်မကတော့ အိမ်မှာ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကို ကျင့်သုံးတယ်။ ကျွန်မရဲ့ယောက်ျားက အမျိုးသမီးအခွင့်အရေးဆိုတာ ဘုရားသခင်ရဲ့အလိုတော်နဲ့ဆန့်ကျင်တယ်ဆိုပြီး ဘာသာကကျွန်မကို လက်ခံလာအောင် ပြောပေးစေချင်တယ်။ ဒီတော့ 'မင်းက အမျိုးသမီး အခွင့်အရေးအတွက် လုပ်နေတယ်၊ ဒါဟာ ဘုရားသခင်နဲ့ လုံးဝ ဆန့်ကျင်ဘက်ပဲ၊ သမ္မာကျမ်းထဲမှာ ဘုရားသခင်ကဘာပြောထားသလဲ' လို့ ပြောကြတယ်။ ဒါနဲ့ ကျွန်မကလည်း 'ဘုရားသခင်က မျှတမှုကို ချစ်တယ်၊ ဘုရားသခင်က ဘယ်သူ့ကိုမှ ဒုက္ခမရောက်စေချင်ဘူး၊ အခက်အခဲနဲ့ မကြုံစေချင်ဘူး၊ ဒါ ကျွန်မယုံကြည်တာပဲ'လို့ ပြောလိုက်တယ်။ ပြီးတော့ ကျွန်မတို့ ငယ်ငယ်ကတည်းက ကျမ်းစာ စလေ့လာကတည်းက လက်ခံကျင့်သုံးတာတွေ၊ တန်ဖိုးတွေကရှိနေပြီးသား၊ လုပ်ထားပြီးသားတွေပါ။ ဘာသာရေးခေါင်းဆောင်တွေကို ချဉ်းကပ်ပြီး ဒါတွေဟာ မညီမျှမှုနဲ့ ခွဲခြားဆက်ဆံမှုတွေဆိုတာ မြင်လာအောင် တိုက်တွန်းဆွေးနွေးခွင့်ရရင် ပြောပြချင်တယ်။ ကျွန်မတို့ ပြောင်းလဲလာဖို့ကတော့ တကယ်ကိုခက်ပါတယ်။ ဘာလို့လဲဆိုတော့ ဒါတွေအားလုံးကို မျိုးဆက်တစ်ဆက်ပြီး တစ်ဆက် ပုံသွင်းနေတာက ဘာသာရေးခေါင်းဆောင်တွေ ကိုယ်တိုင်ဖြစ်နေလို့ပါပဲ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီးခေါင်းဆောင်၅ နှင့် တွေ့ဆုံ မေးမြန်းခြင်း)

ကျား၊ မ ရေးရာ စံနှုန်းများ၊ သမားရိုးကျပုံစံများနှင့် စပ်လျဉ်း၍ အခြား အဓိကပုံသွင်းပေးသည့်အရာများမှာ စကားပုံများ၊ စာပေနှင့် မီဒီယာ[၃၇] တို့ ဖြစ်ပါသည်။ ရှေးဟောင်းစာပေမှစ၍ ရုပ်ရှင်၊ ကဗျာနှင့် ကြော်ငြာများစသည်ဖြင့် ရင်းမြစ်အသီးသီးပေါင်းစည်း၍ အမျိုးသမီး၊ အမျိုးသားတို့၏ လူမှုအမြင်များဖြစ်တည်လာခြင်းကို လေ့လာမှုတွင် ပါဝင်သူများက ဆွေးနွေးခဲ့ကြပါသည်။ လူမှုရေးအရ သတ်မှတ်ထားသည့် စံနှုန်းများနောက်ကိုမလိုက်သည့် လေ့လာမှုတွင် ပါဝင်သူများအနေဖြင့် ထိုစံနှုန်းများကို ခပ်လှမ်းလှမ်းမှ ဝေဖန်သုံးသပ်နိုင်ခဲ့ပါသည်။

ကျွန်မကိုယ်ကျွန်မ မိန်းကလေးတစ်ယောက်လို့ ဘယ်တုံးကမှ မတွေးခဲ့ ပါဘူး။ ကျွန်မလုပ်ချင်တာ လုပ်တယ်၊ သွားချင်တာ သွားတယ်။ ဒါပေမဲ့ တချို့ကတော့ ကျွန်မလို မလုပ်နိုင်ကြပါဘူး။ သူတို့က ပတ်ဝန်းကျင်က သူတို့ကို ပုံသွင်းထားတဲ့အတိုင်း နေကြပါတယ်။ ဒီတော့ လောကကြီး အကြောင်း သူတို့ ဘာမှမသိတော့ဘူး။ မိန်းကလေးတွေဟာ စာရေးတတ်၊ ဖတ်တတ်ရင် လုံလောက်ပြီလို့ သူတို့က ထင်နေတယ်။ ဝတ္ထုတွေထဲမှာ ကျွန်မ ဖတ်ဖူးတာကတော့ အရင်တုန်းကဆိုရင် မိန်းကလေးတွေဟာ ယောက်ျားရဖို့အတွက် အများကြီးပြင်ဆင်ရတယ်။ ငရုတ်သီးထောင်းတဲ့အခါ ငရုတ်သီး မစဉ်အောင်ကအစ မိန်းကလေးတွေဟာ ဗိုင်းကောင်းကျောက်ဖိ နေကြရတယ်။ ဒီလိုမြင်ကွင်းတွေကို နာမည်ကြီးဝတ္ထုတွေထဲမှာတောင် တွေ့ရတယ်။ ဒါဟာ တစ်ဦးချင်းစီရဲ့ ရှုန်းကန်မှုပါပဲ။ ကျွန်မကတော့ အဲဒီ အတွေးအခေါ်တွေကို သည်းမခံနိုင်လို့ ဒီလိုမျိုးဝတ္ထုတွေ ဘယ်တော့မှ မဖတ်ချင်ဘူး။ အမျိုးသမီးတွေက ဒီလိုအတွေးအခေါ်တွေကနေ လွတ်မြောက်ဖို့ မကြိုးစားဘဲ လက်ခံနေကြတယ်။ အမျိုးသမီးတွေကို ရောင်းကုန်တစ်ခုလို သဘောထားကြတယ်။ မဂ္ဂဇင်းတွေကိုပဲ ကြည့်ပါ။ မဂ္ဂဇင်းတိုင်းရဲ့အဖုံးမှာ မိန်းမချောလေးတွေရဲ့ ပုံတွေချည်းပဲ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ စာရေးဆရာမတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

ဥပမာ- မြန်မာစာပေမှာ၊ ဘုန်းကြီးတွေရေးခဲ့တဲ့ ရှေးဟောင်းစာပေတွေမှာ ဆိုရင် အမျိုးသမီးတွေကို လှည့်စားတဲ့မာယာများတဲ့သဘော ဖော်ပေးပြီး ရေးထားတဲ့ ဆောင်းပါးတွေ၊ ကဗျာတွေအများကြီးရှိပါတယ်။ ဘုန်းကြီး တွေက အမျိုးသမီးတွေဟာ ရက်စက်တယ်၊ မရိုးသားဘူး၊ မယုံရဘူး ဆိုတာကို ရင့်သီးတဲ့စကားလုံးတွေသုံး၊ ကဗျာတွေရေးပြီး သင်ကြား ပေးကြတယ်။ ဒါတွေကို ဒီနေ့ခေတ်အထိ ကိုးကားနေကြတုန်းပဲ။

(အဓိကသတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီးခေါင်းဆောင်၄ နှင့် တွေ့ဆုံမေးမြန်းခြင်း)

၃၇။ လူမှုရေး ပုံသွင်းပေးသည့် အရာတစ်ခု ဖြစ်သော မီဒီယာ၏အခန်းကဏ္ဍကို အခန်း ၁၄ တွင် အသေးစိတ် ဆွေးနွေးထားပါသည်။

၆.၂ အမျိုးသမီးများ လက်ခံထားသည့် နိမ့်ကျမှု

လက်ခံကျင့်သုံးခြင်းဆိုတာ မမျှတတဲ့အလေ့အထတွေကို အထူးအဆန်းလို့ မမြင်ကြတာပါ။ ဒါကို ဖြစ်ရိုးဖြစ်စဉ်မဟုတ်ဘူးလို့ မယူဆတာပေါ့။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ချင်းအမျိုးသမီးခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

အမျိုးသမီးတွေကိုယ်တိုင်က တချို့အလေ့အထတွေဟာ သူတို့ကို ခွဲခြားဆက်ဆံတဲ့ လုပ်ရပ်တွေဖြစ်တယ်ဆိုတာ သဘောမပေါက်ကြဘူး။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ရှမ်းအမျိုးသမီးခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

အမျိုးသားနှင့် အမျိုးသမီးများ၏ ယဉ်ကျေးမှုစံနှုန်းများအား လူမှုရေးအရ ပုံသွင်းသည့် နည်းလမ်းအများအပြားကို ဆွေးနွေးပြီးသည့်နောက်၊ ဤသို့ လူမှုရေးအရပုံသွင်းခြင်း၏ သက်ရောက်မှုများကို အကျဉ်းချုပ် တင်ပြလိုပါသည်။ အခြေခံအကျဆုံးအဆင့်တွင် ကျွန်ုပ်တို့သည် ငယ်ရွယ်စဉ်ကတည်းက အတွေ့အကြုံများအရ လောကအမြင်များ ရှိလာသည်ကို တွေ့မြင်နိုင်ပြီး အချိန်နှင့်အမျှ ထိုလောကအမြင်များသည် ကျွန်ုပ်တို့အတွက် 'ပုံမှန်' ဖြစ်သွားသည့်အတွက် မမြင်နိုင်တော့ပါ။ ဤသည်မှာ မြန်မာနိုင်ငံတွင်မှ ဖြစ်နေခြင်းမဟုတ်ပါ။ သို့ရာတွင် သတင်းအချက်အလက်ရရှိနိုင်မှုကို ကန့်သတ်ထားခြင်း၊ တွေးခေါ် ဆင်ခြင်မှုကို အားမပေးခြင်းတို့အပြင်၊ အစဉ်အလာအားဖြင့် အဆင့်အတန်းမြင့်သည်ဟု တရားဝင် ခိုင်ခိုင်မာမာပြောနေခြင်းတို့အား ပေါင်းလိုက်သည့်အခါ နိုင်ငံအတွင်း ကျား၊ မ ရေးရာ လူမှုစံနှုန်းများနှင့် တန်းတူညီမျှမှု မရှိခြင်းတို့အပေါ် အားကောင်းသွားစေသည်။ လူမှု ပတ်ဝန်းကျင်တွင် အမျိုးသမီးများအတွက် အဖွဲ့အစည်းများ၊ အရေးပါသော ရာထူးများမရှိသည့် အခြေအနေတွင် လူမှုရေးအရ ပုံသွင်းခြင်းကြောင့် သင့်လျော်သောအမူအရာ၊ အပြောအဆိုနှင့် လုပ်ရပ်များဆိုင်ရာ စံနှုန်းများကို နက်ရှိုင်းစွာ ခံယူကျင့်သုံးလာစေပါသည်။ ၎င်းစံနှုန်းများ မည်၍မည်မျှ နက်ရှိုင်းစွာအမြစ်တွယ်နေသည်ကို ဤလေ့လာမှုတွင် ပါဝင်သူအမျိုးသမီးများက ထုတ်ဖော်ပြောကြားခဲ့ကြပါသည်။ အဆိုပါ အမျိုးသမီးများသည် ၎င်းတို့၏ ပုဂ္ဂိုလ်ရေးနှင့် လုပ်ငန်းခွင်ဘဝများတွင် ကျား၊ မ ရေးရာ ပြဿနာများကို အချိန်ပေးစဉ်းစားကြသူများဖြစ်ပါသည်။

ဒီနိုင်ငံမှာ မတူညီမှုတွေက ယဉ်ကျေးမှုနဲ့ လူမှုရေးစံနှုန်းတွေကြောင့် ဖြစ်တာ ပိုများပါတယ်။ ဒါက တကယ်ကိုအရိုးစွဲနေပြီ။ အမျိုးသမီးတွေ ကိုယ်တိုင်က ပြဿနာလို့မမြင်တော့ ဘယ်သူကမှလဲ တကယ့်ပြဿနာလို့ မမြင်ကြပါဘူး။ အမျိုးသမီးတွေကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကို ပိုပြီး ယုံကြည်မှုရှိဖို့ လိုတယ်၊ အမျိုးသားတွေမှ မဟုတ်ပါဘူး။ ပြီးတော့ အမျိုးသားတွေကပဲ ဆုံးဖြတ်သင့်တယ်လို့ ထင်နေတဲ့ အမျိုးသမီးတွေ အများကြီးရှိနေသေးတယ်။ ဒါက အခွင့်အရေးနဲ့သိပ်မဆိုင်ပါဘူး။ ဝန်ထုပ် ဝန်ပိုးကို ထမ်းရမယ့်တာဝန်နဲ့ စွန့်လွှတ်အနစ်နာခံမှုနဲ့ပဲ ဆိုင်ပါတယ်။ သူတို့ဟာ အားနွဲ့သူတွေ ဖြစ်တယ်၊ ရပ်ပိုင်းဆိုင်ရာတွင်မက တခြား အပိုင်းတွေမှာလည်း အားနည်းတယ်လို့ အမျိုးသမီးတွေကိုယ်တိုင်က ထင်နေကြတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပညာရေးကျွမ်းကျင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

ဒီနိုင်ငံမှာ ပါဝါဖွဲ့စည်းပုံက အမြဲတမ်းပုံသေပဲ။ အပြင်ပန်းအားဖြင့်တော့ ပြောင်းတယ်။ ဒါပေမဲ့ လက်ခံမှု၊ စံနှုန်းတွေနဲ့ ယုံကြည်ချက်၊ ပြီးတော့ အပြုအမူတွေကတော့ အားလုံးတစ်ပုံစံတည်းပဲ။ ဒါပေမဲ့ ကျွန်မကတော့ ' အမျိုးသမီးရေးရာ ပြဿနာတွေ'နဲ့ ကြုံတိုင်းမှာ သူငယ်ချင်းတွေနဲ့ အမြဲတမ်း စကားများရတယ်။ 'နင် ဘာလို့ ဇွတ်လုပ်နေတာလဲ၊ ငါတို့ ဘယ်လောက်ပဲ ကြိုးစားကြိုးစား ငါတို့မှာ အခွင့်အရေးမရှိဘူး၊ ငါတို့က မိန်းမတွေပဲ၊ အမျိုးသမီး ဖြစ်နေတဲ့အတွက် အစကတည်းက ငါတို့က နောက်တန်းကပါ၊ ဒါ ငါတို့ရဲ့ဘဝပဲ' လို့ သူတို့ကပြောကြတယ်။ သူတို့က အဲဒီလို လက်ခံထားကြတာကိုး။ သူတို့ကို စနစ်တကျနဲ့ ပုံစံသွင်းထား တာပါ။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံမှာ ယဉ်ကျေးမှုအရ ကျွန်မတို့ကို အတွေ့အကြုံတွေ၊ ဖန်တီးမှုစွမ်းရည်တွေ အများကြီးရှိခွင့် မပေးပါဘူး။ ကျွန်မတို့ရဲ့ ပညာရေးစနစ်အားလုံး၊ အသက်မွေးဝမ်းကျောင်း အားလုံး၊ နေ့စဉ်ဘဝ အတွေ့အကြုံအားလုံးက ပုံစံသွင်းထားပြီးသားပါ။ ကျွန်မတို့ကို ဖန်တီးခွင့်မပေးကြပါဘူး။

(အဓိက သတင်းအချက်ပေးနိုင်သူ အမျိုးသမီးဂျာနယ်လစ်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

လူ့အဖွဲ့အစည်းအတွင်း ကျား၊ မ ရေးရာ တန်းတူညီမျှမှုမရှိခြင်းနှင့် စပ်လျဉ်း၍၊ လေ့လာမှုတွင် ပါဝင်သူအများအပြားက အမျိုးသမီးများသည် ကိုယ့်ကိုယ်ကို နောက်လိုက်အဖြစ် ခံယူထားကြောင်း ဆွေးနွေးကြပါသည်။ ဤသည်ကို တစ်ခါတစ်ရံတွင် လေ့လာဝေဖန်ချက်နှင့် အထက်ပါ ကောက်နုတ်ချက်များအရ ပြောင်းလဲရန်ခက်ခဲသည်ဟု မှတ်ချက်ပြု ဖော်ပြကြပါသည်။ လက်ခံကျင့်သုံးနေသည့် ကျား၊ မ ရေးရာ စံနှုန်းများကို သက်သေပြု၍ အမျိုးသမီးများသည် ပိုနေမြဲ၊ ကျားနေမြဲအတိုင်း အဆင်ပြေနေသည့်အတွက် ပြောင်းလဲရန် စိတ်ဝင်စားမှုမရှိကြောင်း၊ မလိုအပ်ကြောင်း အချို့က ထောက်ပြကြပါသည်။ အများအားဖြင့် ဤသည်မှာ အထက်တန်းလွှာများ၏အမြင် ဖြစ်ပါသည်။

သိက္ခာတော်ရအမျိုးသမီးတွေ ဘာကြောင့်မရှိတာလဲလို့ မေးကြည့်တော့ အမျိုးသမီးတွေကိုယ်တိုင်က အဲဒီလိုဆန္ဒမရှိတာလို့ ပြောကြပါတယ်။ အမျိုးသမီးတွေကိုယ်တိုင်က ရာထူးတာဝန်တွေယူပြီး ဦးဆောင်ချင်တဲ့စိတ် မရှိကြပါဘူး။ ဘာလို့လဲဆိုတော့ ရိုးရာအစဉ်အလာ နောက်ခံတွေက သူတို့ကို လွှမ်းမိုးနေဆဲဖြစ်လို့ပါ။ နောက်တစ်ချက်က အမျိုးသားတွေကလည်း အမျိုးသမီးတွေ တိုးတက်လာတာ၊ လုပ်ရည် ကိုင်ရည်ရှိတာကို သတိမထားမိကြတာလည်း ပါပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ခရစ်ယာန်ဘာသာရေးခေါင်းဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

၇ ယဉ်ကျေးမှုအပြောင်းအလဲများဆိုင်ရာ လေ့လာတွေ့ရှိချက်များ

‘အစ်ကိုတွေ၊ မောင်တွေတစ်ကျိပ်မကရှိလည်း လင်ယောကျ်ား မရှိတဲ့ အမျိုးသမီးဟာ ဂုဏ်မရှိနိုင်ပါဘူး’ ဆိုတဲ့ စကားပုံက ဒီခေတ်မှာ မဟုတ်တော့ပါဘူး။

နိုင်ငံတစ်ဝန်းလေ့လာခဲ့သည့် ရပ်ရွာဒေသများတွင် လူမှုအလေ့အထ အပြောင်းအလဲများစွာကို တွေ့ရှိရပါသည်။ ၎င်းတို့တွင် ဝတ်စားဆင်ယင်မှု၊ လူမှုဆက်ဆံရေး၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်၊ ပွင့်လင်းမြင်သာမှု၊ အစားအသောက်အလေ့အထများ၊ နည်းပညာ၊ အလုပ်အကိုင်နှင့် လုပ်ရှားသွားလာမှု ပုံသဏ္ဍာန် ပြောင်းလဲခြင်းများအပြင်၊ လူမှုဘဝတွင် ပါဝင်ခြင်းဆိုင်ရာ အပြောင်းအလဲများလည်း ပါဝင်ပါသည်။ လူမှုရေးနှင့်နိုင်ငံရေးတွင် ကြီးမားသည့် အပြောင်းအလဲများဖြစ်သည့် အခါ လူ့အဖွဲ့အစည်း၏ အပြောင်းအလဲအပေါ် တုံ့ပြန်မှုသည်ရောထွေးနေပြီး အပြောင်းအလဲများအား သတိဖြင့်စောင့်ကြည့်ခြင်း သို့မဟုတ် ခုခံတွန်းလှန်ခြင်းတို့ ရှိတတ်သည်မှာ အံ့သြစရာမဟုတ်ပါ။ လေ့လာမှုတွင် ပါဝင်သူများ ဆွေးနွေးတင်ပြထားသည့် အမျိုးသားနှင့် အမျိုးသမီးများ၏ ဘဝတွင်အရေးပါသည့် လူမှုအပြောင်းအလဲမှုများကို ဤအခန်းတွင် ဖော်ပြထားပြီး၊ အလေ့အထများ ပြောင်းလဲခြင်းနှင့် စံနှုန်းများပြောင်းလဲခြင်းတို့ကြား ဆက်စပ်မှုကိုလည်း အကြမ်းဖျင်း ထည့်သွင်းထားပါသည်။

၇.၁ အမျိုးသမီးများအတွက် လူမှုရေးအကန့်အသတ်များအား ဖြေလျှော့ခြင်း

အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှု၊ အပြုအမူနှင့် လုပ်ရပ်များဆိုင်ရာ စံနှုန်းများသည် ခိုင်မာစွာ အမြစ်တွယ်နေဆဲဖြစ်သော်လည်း အမျိုးသမီးများ၏ဘဝတွင် အချို့သော လူမှုရေးအကန့်အသတ်များ ဖြေလျှော့လာသည်ဟု လေ့လာမှုတွင် ပါဝင်သူများက မှတ်ချက်ပြုကြပါသည်။ အမျိုးသမီးများအတွက် အပြုသဘောအပြောင်းအလဲများတွင် ပို၍ လှုပ်ရှားသွားလာနိုင်ခြင်းနှင့် လူမှုရေးတွင် နေရာပိုရလာခြင်းတို့ပါဝင်ပါသည်။ သို့ရာတွင် အဆိုပါ အပြောင်းအလဲများ၏ အတိုင်းအတာနှင့် ၎င်းတို့အပေါ် တုံ့ပြန်မှုများသည် လူ့အဖွဲ့အစည်းအလိုက် ကွဲပြားခြားနားကြပါသည်။ အလုပ်ပုံစံများ ပြောင်းလဲလာခြင်းကို အပြောင်းအလဲကို ဖြစ်စေသည့် အကြောင်းတရား တစ်ရပ်အဖြစ်သာမက၊ အမျိုးသမီးများ လူမှုရေးတွင် နေရာပိုရလာစေသည့် အရာအဖြစ်လည်း ရည်ညွှန်းလေ့ရှိပါသည်။[၃၈] ယဉ်ကျေးမှုဆိုင်ရာ ကျား၊ မ ရေးရာ စံနှုန်းများသည် လူ့အဖွဲ့အစည်းများအပေါ် ခိုင်မာစွာလွှမ်းမိုးထားဆဲ ဖြစ်သော်လည်း၊ ပါဝင်ဆွေးနွေးသူ အချို့က အချို့သောယုံကြည်မှုများသည် အချိန်နှင့်အမျှ လွင့်ပြယ်နေပြီဖြစ်ကြောင်း သုံးသပ်ကြပါသည်။

‘အစ်ကိုတွေ၊ မောင်တွေ တစ်ကျိပ်မက ရှိလည်း လင်ယောကျ်ား မရှိတဲ့ အမျိုးသမီးဟာ ဂုဏ်မရှိနိုင်ပါဘူး’ ဆိုတဲ့ စကားပုံက ဒီခေတ်မှာ မဟုတ်တော့ပါဘူး။ ဘာလို့လဲဆိုတော့ ဒီနေ့ခေတ် အမျိုးသမီးတွေဟာ ကိုယ့် ခြေထောက်ပေါ် ကိုယ် ရပ်တည်နေကြပြီ။

(ကလောမြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် ဓနု၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အရင်တုန်းက အမျိုးသမီးတွေဟာ ညဘက်အပြင်မထွက်ကြဘူး၊ အိမ်မှာပဲ နေရတယ်။ ခုခေတ်မှာတော့ ညဘက်လည်း အပြင်ထွက်တယ်။

(ဘားအံမြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် ကရင်၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အထူးသဖြင့် ရောဝတီတိုင်းမှ ပါဝင်ဆွေးနွေးသူ အမျိုးသမီးများက ရပ်ရေးရွာရေးကိစ္စများတွင် အမျိုးသမီးများ ပို၍ ပါဝင်ဆောင်ရွက်လာကြခြင်းကို အပြုသဘော ရှုမြင်ကြပါသည်။ ဤအပြောင်းအလဲသည် အဓိကအားဖြင့် ၎င်းတို့၏ လှုပ်ရှားမှုများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများကြောင့် ဖြစ်ပါသည်။

သူတို့ရဲ့အကျင့်နဲ့ အပြင်ထွက်တာတွေနဲ့ပတ်သက်ပြီး အမျိုးသမီးတွေကို အရင်ကလောက် မဝေဖန်ကြတော့ပါဘူး။ ဒီလိုကိစ္စတွေကို အရင်ကထက်စာရင် လူတွေက ပိုပြီးနားလည်မှု ပေးကြပါတယ်။ အရင်တုန်းကဆိုရင် လင်ယောကျ်ားတွေက သူတို့မိန်းမတွေကို အပြင်မထွက်အောင် တားမြစ်တာ၊ ထိန်းချုပ်တာတွေ လုပ်ကြတယ်။ သူ့မိန်းမ ဘယ်သွားရမယ်၊ ဘယ်သူနဲ့ စကားပြောရမယ်ဆိုတာကို ယောကျ်ားက ဝင်ဆုံးဖြတ်တယ်။ ဒါပေမဲ့ ဒီလိုကန့်သတ်ချက်တွေ အခု မရှိတော့ပါဘူး။ အခုဆိုရင် အမျိုးသမီး တော်တော်များများ အပြင်ထွက်ကြပါတယ်။ အရင်တုန်းက အစည်းအဝေးတွေ၊ သင်တန်းတွေ တက်ရင် အများစုက အမျိုးသားတွေပဲ။ အမျိုးသမီး အရမ်းရှားတယ်။ ဒါပေမဲ့ ခုတော့အစည်းအဝေးတို့၊ သင်တန်းတို့မှာ အမျိုးသမီးတွေကို ရွေးပြီးလွှတ်တယ်။ သင်တန်းဆရာတွေ ကိုယ်တိုင်ကလည်း အမျိုးသမီးတွေကို တက်စေချင်တယ်။ ဒါမှ သူတို့ရဲ့ဗဟုသုတတွေကို ရွာတွေမှာ ပြန်ဖြန့်ဝေတဲ့အခါ ရှင်းရှင်းလင်းလင်းဖြစ်မယ်။ အမျိုးသမီး ခပ်ငယ်ငယ်တွေရော ခပ်ကြီးကြီးတွေပါ အဲဒီလိုသင်တန်းတွေ

၃၈။ အလုပ်အကိုင်နှင့် စပ်လျဉ်းသည့် ကျား၊ မ နှုန်းစံများအကြောင်း အသေးစိတ်ဆွေးနွေးချက်ကို အခန်း ၁၀ တွင် ကြည့်ပါ။

တချို့စံနှုန်းတွေနဲ့ ယဉ်ကျေးမှုအလေ့အထတွေဟာ နဂိုတုန်းကနဲ့မတူတော့ဘူးဆိုတာ ဖုံးကွယ်ထားစရာ မလိုပါဘူး။ ကိုယ့်ပတ်ဝန်းကျင်မှာ အလွယ်တကူတွေ့နိုင်ပါတယ်။ ရုပ်မြင်သံကြားတို့၊ ရုပ်ရှင်တို့လို မီဒီယာတွေရဲ့ လွှမ်းမိုးမှုကြောင့် မူလယဉ်ကျေးမှု စံနှုန်းတွေကနေ သွေဖည်ပြီး၊ အဲဒါတွေကို ညစ်ညမ်းသွားစေတယ်။ အမျိုးသမီးတွေနဲ့ မိန်းကလေးတွေအဖို့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ မိန်းမကောင်း တစ်ယောက်ဖြစ်အောင် စောင့်ထိန်းရမယ့်စံနှုန်းတွေ၊ အလေ့အထတွေဟာလည်း မီဒီယာတွေရဲ့ လွှမ်းမိုးမှုကြောင့် ပျောက်ကွယ်ကုန်ပြီ။ လူကြီးသူမတွေကတော့ ဒီလို အပြောင်းအလဲတွေ မြင်နေရတာကို စိတ်မသက်မသာလည်းဖြစ်၊ ဒေါသလည်း ထွက်ကြပါတယ်။ ဒါက လူကြီးနဲ့လူငယ် ဆက်ဆံရေးကိုလည်း ထိခိုက်စေပါတယ်။ ဒီနေ့ခေတ်မှာ အမူအရာ၊ အပြုအမူ၊ ပြောပုံဆိုပုံနဲ့ ဝတ်စားဆင်ယင်မှုအပါအဝင် ယဉ်ကျေးမှုစံနှုန်းတိုင်းက ပြောင်းသွားပြီ၊ စံတွေကနေ သွေဖည်သွားပြီ။ အမျိုးသမီးတွေအတွက် အပြောအဆို အနေအထိုင်ကို ထိန်းသိမ်းရမှာဟာ စံနှုန်းတစ်ခုပါပဲ။ ခုခေတ်မှာ အမျိုးသမီးတွေက ပိုပြီး ခေတ်ဆန် လာတယ်၊ ကလပ်တက်တယ်၊ ဘီယာသောက်တယ်။ မြန်မာ့ယဉ်ကျေးမှုအရ အမျိုးသမီးတွေဟာ မလုပ်သင့် မလုပ်အပ်တာတွေကို လုပ်မိရင် ဟီရိဩတ္တပ္ပတရားနဲ့ သူတို့ရဲ့ သိက္ခာကို စောင့်ထိန်းကြရမယ်။ အထူးသဖြင့် မမြင်သင့် မမြင်အပ်တာကို လုံခြုံအောင်ဝတ်စားကြရမယ်။ အမျိုးသားတွေကလည်း အမျိုးသမီးတွေကို သူတို့ရဲ့

အမေတွေ၊ အစ်မတွေလို သဘောထားပြီး ရိုသေလေးစားရမယ်။ ဒါပေမဲ့ ခုခေတ်မှာတော့ ပြောင်းလဲသွားပါပြီ။ အမျိုးသမီးတွေကို မတော်တရော် အတွေးနဲ့ ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံကြတယ်။ ဒီလိုနဲ့ အမျိုးသမီးတွေကို လေးလေးစားစား မဆက်ဆံကြတော့ဘဲ၊ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းက အဲဒီလို အလေ့အထတွေကြောင့် ပျက်စီးနေပြီ။ ဒါတွေဟာ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုနဲ့ လူမှုရေးစံနှုန်းတွေကနေ သွေဖည်နေတာတွေပါပဲ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အမျိုးသားစာရေးဆရာတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

တက်ရတယ်။ အရင်ကနဲ့စာရင် အရမ်းကွာတယ်။ ဟိုတုန်းက အဲဒီလို သင်တန်းမျိုးကို ယောက်ျားတွေပဲ တက်ရတာ။ အမျိုးသမီးတွေဟာ စီးပွားရေးမှာ ဦးဆောင်နေကြပါပြီ။ ခုဆိုရင် မိသားစုကို ဦးဆောင်နေတဲ့ အမျိုးသမီးတွေလည်း ရှိလာပြီ။ အရင်တုန်းက ယောက်ျားတွေကပဲ မိသားစုကို ထိန်းချုပ်ဦးဆောင်ခဲ့တာ။ ရွာတွေမှာဆိုရင် လူမှုရေး၊ ရပ်ရေး ရွာရေး ကိစ္စတွေဆိုရင်လည်း အမျိုးသားတွေပဲ။ ခုတော့ အဲဒီလိုပွဲတွေ၊ တွေ့ဆုံပွဲတွေမှာ အမျိုးသားရော အမျိုးသမီးပါ ပါလာပြီ။

(ဘိုကလေးမြို့နယ်မှအသက် ၂၆ နှစ်မှ ၄၀ နှစ်အတွင်း ဗမာ၊ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

၇.၂ ဖြည်းဖြည်းနှင့် တစ်စိတ်တစ်ပိုင်းပြောင်းလဲခြင်း

လေ့လာတွေ့ရှိရသည့် အပြောင်းအလဲများသည် များသောအားဖြင့် ယာယီဖြစ်၍ နှေးကွေးပြီး၊ တစ်ဆင့်ချင်းဖြစ်သည့်အပြင်၊ မြို့ကြီးများတွင် ရှေ့ရောက်နေသော်လည်း မြို့ငယ်များနှင့် ကျေးလက်ဒေသများတွင် နောက်ကျနေခဲ့သည်ဟု သုံးသပ်ကြပါသည်။ ရပ်ရွာဒေသများတွင် ကျား၊ မ ရေးရာ အသိအမြင်ဖွင့် လှုပ်ရှားမှုများ ရှိလာခြင်းသည် ရပ်ပိုင်းဆိုင်ရာ နှင့် လူမှုရေးတွင် အမျိုးသမီးများ နေရာပိုမိုရရှိလာစေရေးကို စိတ်အား ထက်သန်လာခြင်း၏ အစဖြစ်သည်ဟု ဆိုကြပါသည်။

ခုဆိုရင် မွတ်စလင်အမျိုးသမီးတွေ တဖြည်းဖြည်း ထွက်လာတာကို တွေ့ရပါတယ်။ နောက်မျိုးဆက်မှာ အုပ်စု ၂ စု ဖြစ်လာနိုင်ပါတယ်။ တချို့အမျိုးသမီးတွေက အိမ်ထဲမှာပဲနေဖို့ ဆက်ပြီးဖိအားပေးခံရမယ်၊ တချို့ကတော့ အပြင်မှာတက်တက်ကြွကြွနဲ့ အလုပ်ထွက်လုပ်ကြမယ်။

(မင်္ဂလာတောင်ညွန့်မြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်အရွယ် မွတ်စလင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အမျိုးသားတွေက သဘောထားပိုကြီးလာတယ်၊ ပိုပြီး ပျော့ပျောင်း လာတယ်လို့ ကျွန်မထင်တယ်။ အမျိုးသမီးတွေကို နေရာပေးရမယ်၊ အခွင့်အလမ်းတွေပေးရမယ်ဆိုတာ သူတို့ နားလည်သဘောပေါက် လာတယ်။ ပြီးတော့ အမျိုးသမီးတွေကို ဖေးမရမယ်၊ ကြိုဆိုရမယ်ဆိုတာကို လည်း သူတို့ သိလာပါပြီ။ သိတော့ သိတယ်၊ ဒါပေမဲ့ လက်တွေ့မှာတော့ ဒါကိုဖြစ်အောင် မလုပ်နိုင်သေးပါဘူး။ NLD ပါတီကလွဲပြီးတော့ အမျိုးသမီး တွေ ဥက္ကဋ္ဌနေရာယူပြီး အလုပ်လုပ်နေတဲ့ နိုင်ငံရေးပါတီရယ်လို့လည်း တစ်ခုမှ မရှိသေးပါဘူး။ နိုင်ငံရေးပါတီတွေမှာ အမျိုးသမီးခေါင်းဆောင်တွေ ဆိုတာ အရမ်းရှားတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ မွန်အမျိုးသမီးခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

တန်းတူညီမျှမှု မရှိခြင်းကို ဆွေးနွေးရန် အခွင့်အလမ်းဖွင့်ပေးသည့် တိုင်းပြည်တွင် ပို၍ပွင့်လင်းမြင်သာရှိလာခြင်းကို ယဉ်ကျေးမှုစံနှုန်းများ နှင့် လူမှုအလေ့အထများအား (မပြောင်းလဲသေးသည့်တိုင်) ပြန်လည် သုံးသပ်ရန် အစပျိုးပေးသည့် အရေးပါသောစေ့ဆော်မှုတစ်ခုအဖြစ် ယူဆကြပါသည်။

ယဉ်ကျေးမှုကိုစိန်ခေါ်ထားတဲ့ ဆောင်းပါးတစ်ပုဒ်ကို ကျွန်မ ဖတ်ဖူးပါတယ်။ မဖတ်ခင်ကတည်းက ခေါင်းစဉ်ကိုမြင်ပြီး ကြိုက်တာပါ။ 'ယဉ်ကျေးမှုကို စိန်ခေါ်ခြင်း'တဲ့။ ကျွန်မခေါင်းထဲကို ဒီအတွေးဝင်လာတာ အဲဒါ ပထမဆုံးအကြိမ်ပါ။ ယဉ်ကျေးမှုကို စိန်ခေါ်နိုင်တယ်ဆိုတာ။ ယဉ်ကျေးမှုနဲ့ပတ်သက်ပြီး ကျွန်မတို့ တစ်ခါမှဒီလိုမတွေးဖူးပါဘူး။ ယဉ်ကျေးမှုဆိုတာ ကျွန်မတို့အတွက် 'အမှန်တရား'ပဲ၊ ကျွန်မတို့အားလုံး လိုက်နာကျင့်သုံးရမယ်။ ဘာသာရေးကို ပြောင်းလဲတာလည်း ဒီအတိုင်းပါပဲ။ ဒါ အရမ်းခက်ပါတယ်။ ဒါပေမဲ့ ယဉ်ကျေးမှုအလေ့အထတွေ တော်တော် များများကိုပေါင်းပြီး ဘာသာရေးထဲကို ထည့်လိုက်တာပါ။ တကယ်လို့ ကျွန်မတို့က ယဉ်ကျေးမှုကိုစိန်ခေါ်နိုင်ရင်၊ ယဉ်ကျေးမှုကို စိန်ခေါ်ရမယ်။ ယဉ်ကျေးမှုက ပြောင်းသွားလိမ့်မယ်။ အဲဒီမှာ 'အိုး၊ ဒါ ငါတို့ ယဉ်ကျေးမှုပဲ' လို့ သူတို့က ပြောချင်ကြတယ်။ ဒါပေမဲ့ ယဉ်ကျေးမှုက အန္တရာယ်ရှိတဲ့ အလေ့အထတွေဖြစ်ရင်၊ ယဉ်ကျေးမှုကို ပြောင်းလဲနိုင်တယ်ဆိုတာ မြင်တတ်ဖို့လိုပါတယ်။ ယဉ်ကျေးမှုဆိုတာ လူကလုပ်တာ၊ ပြည်သူတွေက လုပ်တာ၊ အမျိုးသားတွေချည်းပဲ မဟုတ်ဘူး၊ အမျိုးသမီးတွေကလည်း လုပ်ထားတာပါ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီးခေါင်းဆောင် ၁ နှင့် တွေ့ဆုံမေးမြန်းခြင်း)

ခုလို ဒီမိုကရေစီခေတ်မှာ ကျွန်မတို့ ပြောလို့ရလာပါပြီ။ ကျွန်မတို့ အမျိုးသမီးတွေဟာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ပါတယ်။ ကျွန်မငယ်ငယ်တုန်းက အပြင်ထွက်ခွင့်မရခဲ့ပါဘူး။ ကျွန်မ တစ်ယောက်တည်း လမ်းလျှောက်ရင် လူတွေက ကျွန်မကိုအပြစ်တင် ကြမှာပဲ။ ဒီလို စံနှုန်းတွေ ပြောင်းသွားတာကို မြို့ကြီးတွေမှာ မြင်နိုင်ပါတယ်။ ဒါပေမဲ့ မြို့ငယ်လေးတွေမှာ ဒီလိုစံနှုန်းတွေက အရမ်း အားကောင်းနေတုန်းပဲ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အလှမယ်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

တိုင်းရင်းသား လူမျိုးစုအဆင့်မှာရော၊ တစ်နိုင်ငံလုံးမှာပါ အမျိုးသမီးတွေက တစ်ဆင့်နောက်ကျနေတုန်းပါပဲ။ သူတို့ဟာ အမြဲတမ်း ခွဲခြားဆက်ဆံ ခံရတယ်၊ အနိုမ်ခံရတယ်။ အားလုံးအတူတူပါပဲ။ ဒါပေမဲ့ ခုခေတ်မှာ ပိုပြီး ပွင့်လင်းမြင်သာရှိလာပါပြီ။ ဒါပေမဲ့ ကျွန်မတို့နိုင်ငံမှာ အမျိုးသမီးတွေကို ဘယ်လိုတန်းတူဆက်ဆံရမယ်ဆိုတာ လူတွေနားမလည်ကြသေးပါဘူး။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ကရင်အမျိုးသမီးခေါင်းဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

၎င်းတို့၏ ဘဝနှင့်သက်ဆိုင်သည့် အရေးအရာများတွင် အမျိုးသမီးများ ပို၍ ပြောရေးဆိုခွင့်ရှိလာသည်ဟု ဆိုကြပါသည်။ အိမ်ထောင်ပြုခြင်း၊ အိမ်ထောင်ကွဲခြင်းဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်းကို လေ့လာမှုတွင် ပါဝင်သူများက သာဓကပေးကြပါသည်။ သို့တိုင်အောင် အမျိုးသားနှင့် အမျိုးသမီးများ၏ ရွေးချယ်မှုများကို လူ့အဖွဲ့အစည်းက တန်းတူတန်ဖိုးထား လက်ခံရန် အလှမ်းဝေးနေဆဲ ဖြစ်ပါသည်။

အရင်တုန်းကဆိုရင် မိန်းကလေးက လက်မထပ်ချင်တာတောင် ကြိုးတုပ်ပြီး ယောက်ျားလေးအိမ်ကို ပို့ကြတယ်။ ခုခေတ်မှာတော့ အမျိုးသားရော အမျိုးသမီးပါ သူတို့အိမ်ထောင်ဖက်ကို ကိုယ်တိုင် ရွေးချယ်ကြပါတယ်။

(မတူပီမြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်အရွယ် အမျိုးသမီးများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ခုခေတ်မှာ လင်မယားကွာရှင်းဖို့ ပိုလွယ်လာတယ်လို့ ကျွန်မထင်တယ်။ အမျိုးသမီးတွေကလည်း ဆုံးဖြတ်ချက် ပိုပြတ်သားလာတယ်။ ဆက်သည်းမခံနိုင်တော့ရင် အိမ်ထောင်သည်ဘဝကို အဆုံးသတ်လိုက်တော့တာပဲ။ အရင်တုန်းက အမျိုးသမီးတွေက ဒီလို ကွာရှင်းမယ့်အစား သည်းခံတယ်၊ အဆင်ပြေအောင်နေတယ်။ ဒါပေမဲ့ခုတော့ အမျိုးသမီး အခွင့်အရေးနဲ့ ပတ်သက်ပြီး ဗဟုသုတတွေ ပိုရှိလာတယ်၊ ဒီတော့ အမျိုးသမီးတွေက ဆက်ပြီးသည်းမခံကြတော့ဘူး။’

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ကရင်အမျိုးသမီးခေါင်းဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

လေ့လာမှုတွင် ပါဝင်သူများ ဆွေးနွေးကြသည့် လူမှုအလေ့အထဆိုင်ရာ အပြောင်းအလဲများတွင် အမျိုးသားများ၏ဘဝထက် အမျိုးသမီးများ၏ ဘဝတွင် ဖြစ်လာသည့်အပြောင်းအလဲများကို ဦးစားပေးထားသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် အမျိုးသားများသည် အထူးသဖြင့် မြို့ပြတွင် လွှမ်းမိုးချုပ်ကိုင်လိုမှု တဖြည်းဖြည်း လျော့နည်းလာကြောင်းတွေ့ရှိရသည်ဟု အချို့ကဆိုပါသည်။ ယဉ်ကျေးမှုစံနှုန်းများအနက် အမျိုးသမီးများ အမြင်ချင်ဆုံးအပြောင်းအလဲသည် အမျိုးသမီးများ၏ ခေါင်းဆောင်မှုကို ယဉ်ကျေးမှုအရ တားမြစ်ထားသည်အချက် ဖြစ်ပါသည်။

အဖေအလုပ်က ပြန်ရောက်ပြီဆိုတာနဲ့ လွယ်အိတ်ကိုပစ်ချပြီး ကိုယ့်မိန်းမ အလုပ်ရှုပ်နေလား၊ ဘာလားမစဉ်းစားဘဲ ရေတစ်ခွက်ခပ်ခိုင်းတယ်။ ဒါပေမဲ့ခုတော့ ကျွန်မသူငယ်ချင်းတွေရဲ့ ယောက်ျားတွေဆိုရင် သူတို့မိန်းမတွေကို တတ်နိုင်သလောက်ဝိုင်းကူကြတာ တွေ့ရတယ်။

(မင်္ဂလာတောင်ညွန့်မြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်ကြား မွတ်စလင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အမျိုးသမီးတစ်ယောက်ရဲ့ အခွင့်အလမ်းတွေနဲ့ ခေါင်းဆောင်မှုစွမ်းရည်တွေကို ယဉ်ကျေးမှုတန်ဖိုးတွေက တားဆီးပိတ်ပင်ထားတယ်လို့ ကျွန်မထင်တယ်။ လူ့အဖွဲ့အစည်းရဲ့ စံနှုန်းတွေ၊ ဘောင်တွေကို မကျော်နိုင်ရင် အဲဒီအမျိုးသမီးမှာ အလားအလာကောင်းတွေ နည်းသွားပါတယ်။ လူ့အဖွဲ့အစည်းမှာ အမျိုးသမီးတွေ ခေါင်းဆောင်ဖြစ်လာဖို့ အခြေအနေ မပေးတဲ့ လူမှုစံနှုန်းတွေရှိနေတဲ့ ပတ်ဝန်းကျင်မှာ နေနေရသမျှ အမျိုးသမီးတွေရဲ့ အရည်အချင်းတွေ ပိတ်ဆို့ခံရသလို တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုလည်း နှောင့်နှေးနေမှာပဲလို့ ကျွန်မထင်တယ်။ အမျိုးသားတွေ ကိုယ်တိုင်ကလည်း စံနှုန်းတွေကိုကျော်ပြီး စဉ်းစားတတ်ဖို့ လိုပါတယ်။ ယောက်ျားတစ်ယောက်ဟာ သူ့မိန်းမမှာ ထမင်းဟင်းချက်တာ၊ အိမ်မှုကိစ္စတွေ လုပ်တာအပြင် ဦးဆောင်နိုင်တဲ့ အရည်အချင်း ရှိတယ်ဆိုတာကို နားလည်ဖို့လိုပါတယ်။ အမျိုးသမီးတွေကလည်း စံနှုန်းဆိုတဲ့ ဘောင်တွေကိုကျော်ပြီး တွေးနိုင်ခေါ်နိုင်ဖို့ ကျောင်းပညာရေးရော၊ ကျောင်းပြင်ပပညာရေးကိုပါ သင်ကြဖို့လိုပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အသက်မွေးမှုဆိုင်ရာပညာရှင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

၇.၃ အပြောင်းအလဲကို ခုခံတွန်းလှန်ခြင်း

လေ့လာမှုတွင် ပါဝင်ဆွေးနွေးသူအများစုက ဆက်လက်ထိန်းသိမ်းထားလိုကြသည့် အစဉ်အလာဓလေ့များတွင် ယဉ်ကျေးသိမ်မွေ့မှု၊ ဘာသာစကားနှင့် ဝတ်စားဆင်ယင်မှုတို့ကို အလေးထားသည့် ယဉ်ကျေးမှုနှင့် ဘာသာရေးဓလေ့ထုံးစံများ ပါဝင်ပါသည်။ ‘တိုင်းတစ်ပါး ယဉ်ကျေးမှု’ဟု ၎င်းတို့ယူဆသည့် အနောက်တိုင်း သို့မဟုတ် ကိုရီးယားယဉ်ကျေးမှုများ လွှမ်းမိုးနေခြင်း အထူးသဖြင့် ဝတ်စားဆင်ယင်မှုတွင် တိုင်းတစ်ပါး အလေ့အထများ ကူးစက်နေခြင်းကို လေ့လာမှုတွင် ပါဝင်ဆွေးနွေးသူ အမျိုးသမီးရော၊ အမျိုးသားများကပါ အပြင်းအထန် ကန့်ကွက်ကြပါသည်။ စောစောပိုင်းတွင် ဆွေးနွေးခဲ့သည့်အတိုင်း ဤသည်နှင့်စပ်လျဉ်း၍ အများအားဖြင့် အမျိုးသမီးများကို ဦးတည်ဝေဖန်ခြင်း ဖြစ်ပါသည်။

ပြောင်းလဲလာတာကို ကျွန်မတွေ့ရပါတယ်။ အရင်တုန်းက၊ အမျိုးသမီးတွေ အပြင်ထွက်ချင်ရင် မိဘတွေဆီမှာ ခွင့်ပြုချက်တောင်းရပါတယ်။ ဒါပေမဲ့ ခုတော့ ခွင့်ပြုချက်တောင်းစရာမလိုဘဲ စိတ်ကြိုက်အပြင်ထွက်လို့ ရလာပါတယ်။ ခုခေတ်မှာ ကောင်မလေးတွေက ဦးလေးတို့၊ ခဲအိုတို့ စတဲ့ လူကြီးတွေကို ဘယ်လို ရိုသေလေးစားရမယ်ဆိုတာ မသိကြတော့ဘူး။ ခေတ်က ပြောင်းသွားပါပြီ။ ဒီခေတ်မှာ အရာအားလုံး ပြောင်းသွားပါပြီ။”

(ကလောမြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် ဓနု၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

ဟိုးတုန်းကဆိုရင် ပိုပြီး လုံလုံခြုံခြုံနဲ့ ကျနွေရရ ဝတ်စားဆင်ယင်ကြပြီး ဘာသာတရားလည်း ပိုကိုင်းရှိုင်းကြပါတယ်။ ခုခေတ်မှာတော့ အားလုံး ဘက်စုံပြောင်းလဲသွားပြီ။ အမူအရာတွေ၊ ပြုမူပုံတွေ၊ ဘဝပုံစံတွေ၊ ဖက်ရှင်တွေအားလုံးပဲ။ အရမ်းအနောက်တိုင်းဆန်လာကြပြီ။ သင်္ကြန်မှာတောင် အရမ်းအပျော်လွန်လာကြပြီ။

(ကလောမြို့နယ်မှအသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ် ဓနုဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

လေ့လာမှုတွင်ပါဝင်သူ အမျိုးသားကြီးများက ဘာသာရေးယုံကြည်မှုများနှင့် စပ်လျဉ်းသည့်စံနှုန်းများ၊ အစဉ်အလာများ ပျောက်ကွယ်လာခြင်းအပေါ် ဝမ်းနည်းပက်လက်ဖြစ်ရကြောင်းနှင့် ၎င်းတန်ဖိုးများ ပြန်လည်ရှင်သန်ရေးအတွက် တောင်းဆိုကြသည်ကို အောက်ပါကောက်နုတ်ချက်တွင် ဤသို့ ကြားသိခဲ့ရပါသည်။

အမျိုးသမီး ၅၀%လောက်ပဲ ကျွန်တော်တို့ရဲ့ ဓလေ့ထုံးစံနဲ့ ယဉ်ကျေးမှုတွေကို နားလည်ကြပါတယ်။ ခေတ်မိန်းကလေးတွေက ယောက်ျားတွေရဲ့ အစဉ်အလာ တန်ဖိုးတွေကိုမသိကြဘူး။ အရင်တုန်းကဆိုရင် အမေတွေက သားတွေကို သူတို့နဲ့ခပ်ဝေးဝေး နေဖို့တောင် ပြောကြတယ်။ ဘာလို့လဲဆိုတော့ သူတို့ထဘီကြောင့် သားတွေဘုန်းနိမ့်မှာစိုးလို့၊ ဒီခေတ်မှာ ဘယ်အမျိုးသမီးမှ ဒါကိုမသိကြဘူး၊ လက်လည်းမခံကြဘူး။ သံဃာတွေက ဒါတွေသင်ပေးဖို့လိုတယ်။

(ဘိုကလေးမြို့နယ်မှ အသက် ၄၀ နှစ်နှင့် အထက် ဗမာ၊ ဗုဒ္ဓဘာသာဝင်အမျိုးသားများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

၈ စီးပွားရေး၊ အလုပ်အကိုင်နှင့် အသက်မွေးမှု

ဒီမှာလူတွေက သိပ်အမြင်မကျယ်ကြဘူး။ ကျွန်မတို့ တာဝန်က အဝတ်လျှော်၊ ထမင်းချက်ပဲ။

၈.၁ ကျား၊ မ ရေးရာ အလိုက် အလုပ်ခွဲခြားလုပ်ကိုင်ခြင်း

အမျိုးသမီးနှင့် အမျိုးသားများအတွက် အလုပ်အကိုင်နှင့် အသက်မွေးမှု အခွင့်အလမ်းများသည် ၎င်းတို့ မည်သည့်နေရာတွင် ရှိနိုင်သည်၊ မည်သည်တို့ကို လုပ်နိုင်သည်၊ မည်သည့်အချိန်တွင် လုပ်နိုင်သည် ဆိုသည့် 'ကောင်းသည်'၊ 'သင့်လျော်သည်'ဟု အများလက်ခံနိုင်မည့် ယူဆချက်များဆိုင်ရာ ကျား၊ မ ရေးရာစံနှုန်းများနှင့် အခိုင်အမာဆက်စပ်နေပါသည်။ လေ့လာခဲ့သည့် နေရာဒေသများအားလုံးတွင် ကျား၊ မ ရေးရာ အလိုက်အလုပ် ခွဲခြားလုပ်ကိုင်ခြင်းကို အထင်အရှား တွေ့ရှိရပါသည်။ ပုံမှန်အားဖြင့် အမျိုးသားနှင့် အမျိုးသမီးများအတွက် လုပ်ငန်းနယ်ပယ်များသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်အနေအထားတွင် ရှိကြပါသည်။ ယေဘုယျအားဖြင့် ခက်ခဲကြမ်းတမ်းသောအလုပ်များသည် အမျိုးသားများ အတွက်ဖြစ်ပြီး၊ ဆန့်ကျင်ဘက်အားဖြင့် သက်သာပေါ့ပါးသော အလုပ်များသည် အမျိုးသမီးများအတွက် ဖြစ်သည်ဟု ယူဆကြပါသည်။ အိမ်မှုကိစ္စများ၊ မျိုးဆက်ပွားခြင်းနှင့် ပြုစုစောင့်ရှောက်ခြင်း စသည်တို့နှင့် သက်ဆိုင်သည့် အလုပ်များသည် အမျိုးသမီးများ၏ တာဝန်ဖြစ်၍၊ အပြင်ထွက်၍လုပ်ရသည့် ကုန်ထုတ်လုပ်မှု အလုပ်များသည် အမျိုးသားများနှင့် သင့်လျော်သည်ဟု ယူဆထားကြခြင်းဖြစ်ပါသည်။

မိန်းမနဲ့ယောက်ျားတွေရဲ့ အခန်းကဏ္ဍချင်းမတူပါဘူး။ မိန်းမတွေရဲ့ တာဝန်က ကလေးမွေးရမယ်၊ ကလေးတွေကို ပြုစုပျိုးထောင်ရမယ်။ အမေတွေက အိမ်မှုကိစ္စလုပ်တယ်၊ အဖေတွေက ဝင်ငွေရှာတယ်။ မိသားစုမှာ အိမ်မှုကိစ္စနဲ့ ငွေရေးကြေးရေးကို စီမံခန့်ခွဲသူတွေကတော့ အမေတွေပါပဲ။ ကျွန်တော်တို့ဘာသာရေးမှာ ယောက်ျားတွေကို ရာဇဝတ်မှုကလွဲရင် ကျန်တာအားလုံးခွင့်ပြုထားတယ်။ မိန်းမတွေကျတော့ ယောက်ျားတွေထက် ပိုပြီးတားမြစ်ခံရတယ်။ ယောက်ျားတွေက ဘာမဆို လုပ်ခွင့်ရှိတယ်။ ရုပ်ပိုင်းဆိုင်ရာအရလည်း မတူဘူးလေ။ ယောက်ျားတွေက ခွန်အားဗလရှိတယ်၊ ဒီတော့ခွန်အားသုံးပြီးလုပ်ရတဲ့ အပြင်အလုပ်တွေ၊ စီးပွားရေးတွေ လုပ်ဖို့ပိုသင့်လျော်တယ်။ မိန်းမတွေကတော့ ကလေးမွေးရတဲ့အတွက် သူတို့သဘာဝနဲ့ကိုက်တဲ့ အလုပ်လုပ်ကြရပါတယ်။ လူ့စွမ်းအားအရင်းအမြစ်နဲ့ဆိုင်တဲ့အလုပ်တွေ သူတို့လုပ်ကြရပါတယ်။
(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ဟိန္ဒူဘာသာရေးခေါင်းဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

အမျိုးသားတွေက တာဝန်အရ ခက်ခဲကြမ်းတမ်းတဲ့ အလုပ်တွေလုပ်ရတယ်။ အလုပ်ကြမ်းတွေက အမျိုးသမီးတွေအတွက် မဟုတ်ဘူး။ ပေါ့ပါးလွယ်ကူတဲ့ အလုပ်တွေက အမျိုးသမီးတွေအတွက်ပဲ။ အမျိုးသမီးတွေက အိမ်မှာ နေတယ်၊ မိသားစုဝင်တွေကို စောင့်ရှောက်တယ်၊ တိရစ္ဆာန်တွေကို အစာကျွေးတယ်။
(မတူပီမြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ် အမျိုးသားများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ကျွန်မကတော့ လင်ယောက်ျားကို အလုပ်အကျွေးပြုရမယ့် တာဝန်ရှိတယ်လို့ယူဆတယ်။ အိမ်မှုကိစ္စဗာဟီရတွေဖြစ်တဲ့ ထမင်း၊ ဟင်းချက်တာတို့၊ သူတို့ အဝတ်အစားတွေလျှော်ဖွပ်ပေးတာတို့ လုပ်ပေးတယ်။ တစ်နည်းအားဖြင့် အမေတွေနေရာမှာနေပြီး ကျွန်မတို့က သူတို့ကို ဂရုစိုက်ပေးတဲ့ သဘောပါပဲ။
(သံဖြူဇရပ်မြို့နယ်မှ အသက် ၂၆နှစ်မှ ၄၀ နှစ်အရွယ် မွန်၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

အမျိုးသားနှင့် အမျိုးသမီး လုံးဝမတူသည့်အတွက် အလုပ်ခွဲခြားလုပ်ကိုင်ရန် သင့်လျော်သည်ဆိုသည့် အယူအဆက ရပ်ရွာဒေသခံများအကြား ကျယ်ကျယ်ပြန့်ပြန့် ရှိနေပါသည်။ လေ့လာမှုတွင် ပါဝင်သူများက ၎င်းတို့၏ မိသားစုအတွင်း မည်သို့ အလုပ်ခွဲခြားလုပ်ကိုင်ကြသည်နှင့် စပ်လျဉ်း၍ အမျိုးသားများသည် ခွန်အား၊ သတ္တိနှင့် ဇွဲရှိကြပြီး အမျိုးသမီးများတွင် ထိုသို့သော အရည်အသွေးများမရှိသည့်အပေါ် မူတည်ကြောင်း ရှင်းပြကြပါသည်။ အမျိုးသမီးများသည် မျိုးပွားခြင်းအလုပ်ကိုသာ အာရုံစိုက်သင့်သည်ဆိုသည့် အယူအဆက အရိုးစွဲနေသည်အတွက် အများအားဖြင့် ရှင်းပြစရာမလိုလောက်အောင်ပင် လက်ခံထားကြပါသည်။ အမျိုးသမီးများအား မိသားစုကိုစောင့်ရှောက်သူများဟု ဆိုခြင်းသည် ကလေးမွေးပေးသူများ ဖြစ်သည့်အတွက် သဘာဝကပေးသည့် အကျိုးဆက်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ အမျိုးသမီးများအနေဖြင့် အိမ်မှုကိစ္စများ လုပ်ရခြင်းသည် တာဝန်တစ်ရပ်ဖြစ်၍ ၎င်းနှင့်ဆန့်ကျင်ဘက် ဖြစ်သည့် (ပြင်ပ၊ ထုတ်လုပ်မှု) အလုပ်များကို အမျိုးသားများလုပ်ရခြင်း၏ နောက်ဆက်တွဲအဖြစ် သတ်မှတ်ကြပါသည်။

> အမျိုးသားတွေက သစ်ပင်တွေမှာပျားဖွပ်တာတို့လိုမျိုး၊ တော၊ တောင်၊ မြစ်၊ ချောင်းတွေမှာ အန္တရာယ်နဲ့ရင်းပြီး စွန့်စွန့်စားစား အလုပ်လုပ်ကြရတယ်။ ဒါပေမဲ့ မိသားစုအတွက် သူတို့လုပ်ကြတယ်။ အမျိုးသမီးတွေကလည်း ကလေးတွေနဲ့ သူတို့ရဲ့ယောက်ျားတွေကို ပြုစုစောင့်ရှောက်ဖို့ အလုပ်တွေ အများကြီးလုပ်ကြရပါတယ်။"
>
> (မင်းပြားမြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်အရွယ် ရခိုင်၊ ဗုဒ္ဓဘာသာဝင်အမျိုးသားများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

> ကျွန်မအဖေက လယ်လုပ်ပါတယ်။ ဒီမှာလူတွေက သိပ်အမြင်မကျယ်ကြဘူး။ ကျွန်မတို့ တာဝန်က အဝတ်လျှော်၊ ထမင်းချက်ပဲ။ ကျွန်မတို့မှာ အလုပ် ခွဲခြားလုပ်ကိုင်တာ ရှိတယ်။ ကျွန်မယောက်ျားက အိမ်မှာဆိုဘာမှ သိပ်မလုပ်ဘူး။ အမျိုးသားတွေက အိမ်အလုပ် သိပ်မလုပ်ကြဘူး။
>
> (ဒီမောဆိုမြို့နယ်မှ အသက် ၂၆နှစ်မှ ၄၀ နှစ်အရွယ် ကယန်း၊တံခွန်တိုင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

အမျိုးသမီးနှင့် အမျိုးသားများအတွက် အလုပ်ခွဲခြားခြင်းဆိုင်ရာ စံနှုန်းများသည် ကာလကြာရှည် အမြစ်တွယ်နေပါသည်။ ကျား၊ မ ရေးရာအလိုက် အလုပ်ခွဲခြားလုပ်ကိုင်ခြင်းကို သမိုင်းကြောင်းအရ အသက်ရှင်ရပ်တည်ရေး နည်းလမ်းများနှင့် ဆက်စပ်နေသည်ဟု ရပ်ရွာဒေသများအားလုံးက ဆွေးနွေးပြောဆိုကြပါသည်။ အိမ်မှုကိစ္စများနှင့် စပ်လျဉ်း၍ 'အိမ်ထောင်ရေးဈေးကွက်'တွင် အမျိုးသမီးများ၏ တန်ဖိုးကို အိမ်မှုကိစ္စ ကျွမ်းကျင်နိုင်နင်းမှုဖြင့် တိုင်းတာလေ့ရှိပါသည်။

> အရင်တုန်းက အမျိုးသားတစ်ယောက်က ကချင်အမျိုးသမီးတစ်ယောက်ကို အစဉ်အလာအတိုင်း လက်ထပ်ခွင့်တောင်းမယ်ဆိုရင် အဲဒီအမျိုးသမီးကို အရင်ဆုံး ငရုတ်သီးထောင်းခိုင်းတယ်၊ တံမြက်စည်းလှည်းခိုင်းတယ်။ အဲဒီအမျိုးသမီးက ငရုတ်သီးကို ကျွမ်းကျွမ်းကျင်ကျင်နဲ့ ညက်အောင်ထောင်းနိုင်မှသာ အိမ်မှုကိစ္စတာဝန်ကျေတဲ့ မိန်းမကောင်းတစ်ယောက်အဖြစ် သတ်မှတ်ခံရတယ်။ အဲဒီအမျိုးသမီး တံမြက်စည်းလှည်းတာ၊ ချက်တာ၊ ပြုတ်တာကို ကြည့်ပြီးမှ ဇနီးအဖြစ်လက်ထပ်ယူဖို့၊ မယူဖို့ကို အမျိုးသားက ဆုံးဖြတ်တယ်။ ဆိုလိုတာက အမျိုးသမီးတွေဟာ အိမ်မှုကိစ္စတွေမှာ ကျွမ်းကျင်ပိုင်နိုင်မှု ရှိ၊ မရှိ အဓိကစမ်းသပ်စစ်ဆေးခံရတဲ့ သဘောပါပဲ။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ ကချင်အမျိုးသမီးခေါင်းဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

မိဘနှင့်အတူ သို့မဟုတ် ယောက္ခမများနှင့်အတူစသည်ဖြင့် မည်သူတို့နှင့် နေထိုင်သည့်အပေါ်မူတည်၍ အမျိုးသမီးများအပေါ် မျှော်လင့်ထားသည့် လုပ်ငန်းတာဝန်များ မတူကြပါ။ ယောက္ခမများနှင့်အတူနေသည့် အမျိုးသမီးများသည် သူစိမ်းမိသားစု၏ ကြည်ဖြူလက်ခံမှုကို ရရှိရန် ပို၍ ပင်ပင်ပန်းပန်း အလုပ်လုပ်ကြရသည်ဟု သိရှိရပါသည်။ ချွေးမများအနေဖြင့် ယောက္ခမမိသားစုနှင့် သဟဇာတဖြစ်အောင် နေထိုင်လုပ်ကိုင်ရသည့်အတွက် လုပ်ငန်းတာဝန်များနှင့် အလုပ် ခွဲခြားလုပ်ကိုင်မှုများဆိုင်ရာ အစီအမံများသည် သဘောထားကွဲလွဲမှုများ၊ အလျော့အတင်းညှိနှိုင်းမှုများဖြင့် အတိပြည့်နေသည်ဟု ဆိုကြပါသည်။

> ချွေးမဆိုတာ သမီးအရင်းနဲ့ ယှဉ်လို့မရနိုင်ပါဘူး။ 'သမီးတွေ အိပ်နေချိန်မှာ ချွေးမတွေက အလုပ်လုပ်ရတယ်'ဆိုတဲ့ စကားပုံ ကျွန်မတို့မှာရှိပါတယ်။ ကျွန်မတို့ကို သူတို့ဆက်ဆံတာ တကယ့်ကို တော်တော်ဆိုးပါတယ်။
>
> (သံဖြူဇရပ်မြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်အရွယ် မွန်၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

အလုပ်ခွဲခြားလုပ်ကိုင်ခြင်းကို ဖော်ကျူးသည့် စကားပုံများနှင့် ဆိုရိုးစကားများအကြောင်း မေးကြည့်သည့်အခါ လေ့လာခဲ့သည့် နေရာဒေသအသီးသီးမှ အမျိုးသားနှင့်အမျိုးသမီးများက'မောင်တစ်ထမ်း၊ မယ်တစ်ရွက်' ဆိုသည့် ဆိုရိုးစကားကို အများအားဖြင့် ရည်ညွှန်းလေ့ရှိပါသည်။ ၎င်းနှင့် အလားတူဆိုရိုးစကားတစ်ခုမှာ 'ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ' ဖြစ်ပါသည်။ လေ့လာမှုတွင်ပါဝင်သူအချို့၏ အဆိုအရ ဤဆိုရိုးစကားများသည် အမျိုးသားနှင့် အမျိုးသမီးများ တာဝန်ခွဲဝေယူခြင်းကို ဆိုလိုပါသည်။ သို့ရာတွင် အခြားသူများကမူ ထိုသို့သော ဆိုရိုးစကားများသည် အမျိုးသား၊ အမျိုးသမီးတို့၏ မတူညီသောစွမ်းရည်များကို ထင်ဟပ်နေသည်ဟု ရှုမြင်ကြပါသည်။ အချို့က ထိုဆိုရိုးစကားများသည် အမျိုးသားများနှင့် ၎င်းတို့အလုပ်ကို စံအဖြစ်ယူဆပြီး၊ အမျိုးသားနှင့်အမျိုးသမီးများ၏ အလုပ်များ တန်ဖိုး မတူညီမှုကို ထောက်ပြခြင်းဖြစ်သည် ဟု အဓိပ္ပာယ်ကောက်ယူကြပါသည်။ ဤဆိုရိုးစကားများနှင့်စပ်လျဉ်း၍ လေ့လာမှုတွင်ပါဝင်သူများ၏ ဆွေးနွေးချက်များအရ အလုပ်များတွင် အဆင့်အတန်းခွဲခြားမှု ရှိနေခြင်းကို အထင်ရှားဆုံး တွေ့ရှိရပါသည်။ ထိုအဆင့်အတန်းခွဲခြားမှုသည် အမျိုးသားများ၏ လုပ်ငန်းတာဝန်များအား အမျိုးသမီးများ၏ လုပ်ငန်းတာဝန်များထက် ပို၍ တန်ဖိုးထားကြခြင်းဖြစ်ပါသည်။

> အိမ်မှုကိစ္စကျွမ်းကျင်ပိုင်နိုင်မှသာ အမျိုးသမီးတွေကို မိန်းမကောင်းအဖြစ် ယူဆကြပါတယ်။ ဒီနေ့ခေတ်မှာတော့ ဒီအယူအဆက သိပ်အရေး မကြီးတော့ပါဘူး။ ချင်းတိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးစံအရ အိမ်ထောင်ဦးစီးတွေဟာ အမျိုးသားတွေပါပဲ။ ဒါပေမဲ့ ချင်းအမျိုးသမီးတွေကတော့ ရိုးရာရက်ကန်းလုပ်ငန်းနဲ့ မိသားစုကို ထောက်ပံ့တယ်။ ဒါပေမဲ့ ဒီလို အလုပ်ကို အမျိုးသားတွေက တကယ့်အလုပ်လို့ သဘောမထားကြဘူး။ လင်ယောက်ျားရှာဖွေလို့ရတဲ့ဝင်ငွေကိုပဲ အဓိကဝင်ငွေလို့ ယူဆကြပြီးတော့ မိန်းမတွေကို မှီခိုအဖြစ်ပဲ သဘောထားကြပါတယ်။ ယောက်ျားရော၊ မိန်းမရော နှစ်ယောက်လုံး ပိုက်ဆံရှာရရင်တောင် ယောက်ျားတွေကိုပဲ ဝင်ငွေရှာတဲ့သူလို့ ယူဆကြတယ်။
>
> (အဓိကသတင်းအချက်အလက် ပေးနိုင်သူ ချင်းအမျိုးသမီး ခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

၈.၁.၁ ဝင်ငွေရှာသူနှင့် အိမ်ထောင်ဦးစီးအမျိုးသား

အလုပ်အကိုင်နှင့်စပ်လျဉ်းသည့် ကျား၊ မ ရေးရာ စံနှုန်းများတွင် အမျိုးသားကိုဝင်ငွေရှာဖွေသူဟု ယူဆခြင်းသည် အဓိကအကျဆုံးအချက် တစ်ချက်ဖြစ်ပါသည်။ ကျား၊ မ ရေးရာ စံနှုန်းများအရ လင်ယောက်ျား ရှာဖွေရသမျှကိုစီမံခန့်ခွဲရန်မှာ အမျိုးသမီးများ၏ တာဝန်ဖြစ်ပါသည်။[၃၉]

၃၉။ မိသားစုအတွက် အသေးသုံးငွေကြေးစီမံခန့်ခွဲမှုသည် အမျိုးသမီးများ၏တာဝန် (အကြီးစားငွေကြေးသုံးစွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များတွင် အမျိုးသမီးများ ဝင်ရောက်ဆုံးဖြတ်ခွင့်မရှိသော်လည်း) ဖြစ်ကြောင်း အထူးသဖြင့် ဗုဒ္ဓဘာသာဝင် မိသားစုများက ပြောပြကြပါသည်။ မိသားစုတစ်စုနှင့်တစ်စု အလေ့အထများမတူကြသော်လည်း ငွေကြေးဆိုင်ရာဆုံးဖြတ်ချက်များတွင် ယောက်ျားဖြစ်သူက ပို၍ အဓိကကျကြောင်း မွတ်စလင်နှင့် ချင်းအမျိုးသမီးများက ပြောပြကြပါသည်။

အဆိုပါ စံနှုန်းများကို 'စီးတဲ့ရေ၊ ဆည်တဲ့ကန်သင်း'ဆိုသည့် ဆိုရိုးစကားဖြင့် ခိုင်နှိုင်းကြပါသည်။ ရပ်ရွာဒေသခံများနှင့် ဆွေးနွေးရာတွင် အမျိုးသားများသည် ဝင်ငွေရှာဖွေရေးကိုသာ အဓိက အာရုံစိုက်ရသည့်အတွက် အမျိုးသမီးများသည် လခစားအလုပ်ကို လုပ်နေသည့်တိုင် အခြားသောတာဝန်များသည် အမျိုးသမီးများ၏ ပခုံးပေါ်ကျရောက်သည်ဟု ဆိုကြပါသည်။

ဇနီးကောင်းဆိုတာ လင်ယောကျ်ားမနိုးခင် အိပ်ရာထရတယ်လို့ ပြောကြပါတယ်။ ပြီးတော့ အိမ်မှုကိစ္စတွေ အကုန်ပြီးစီးအောင် လုပ်ကြရပါတယ်။ မိန်းမတွေဟာ အိမ်မှုကိစ္စအတွက် သူတို့အမျိုးသားတွေကို အားကိုးလို့ မရပါဘူး။ ချွေချွေတာတာနဲ့ မိသားစုစားဖို့ စီမံခန့်ခွဲရပါတယ်။

(မင်းပြားမြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်အရွယ် ရခိုင်၊ ဗုဒ္ဓဘာသာဝင်အမျိုးသားများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အမျိုးသားကို ဝင်ငွေရှာဖွေသူဟုယူဆသည့် စံနှုန်းသည် အမျိုးသားကို အိမ်ထောင်ဦးစီးအဖြစ် ယူဆသောစံနှုန်းနှင့် ဆက်စပ်နေပါသည်။ အဆိုပါပြင်းထန်သည့် စံနှုန်းကို 'ကြက်မတွန်လို့ မိုးမလင်း၊ ကြက်ဖတွန်မှ မိုးလင်းတာ'[၄၀] ဆိုသည့် စကားပုံနှင့် ဥပမာပေးလေ့ရှိပါသည်။ အိမ်ထောင်စုတွင် အမျိုးသားများပို၍ သြဇာအာဏာရှိခြင်းကို လူမှုရေး၊ ယဉ်ကျေးမှု၊ ဘာသာရေးနှင့် စီးပွားရေးရှုထောင့် အသီးသီးဖြင့် အကြောင်းပြချက် ပေးကြပါသည်။ ရပ်ရွာဒေသခံများပြောပြကြသည့် အလားတူ အခြား ဆိုရိုးစကားများတွင် 'ယောကျ်ားဆိုတာ မိန်းမရဲ့ခေါင်းဆောင်၊ ဘုရားဆိုတာ ယောကျ်ားတွေရဲ့ခေါင်းဆောင်'၊ 'သားကိုသခင်၊ လင်ကိုဘုရား' စသည်တို့ ပါဝင်ပါသည်။

'နွားရှေ့မှာထွန်မကျူးသင့်သလို မိန်းမကလည်း ယောကျ်ားထက် မကျော်သင့်ဘူး'ဆိုတဲ့ ဆိုရိုးအတိုင်းပါပဲ။ မိန်းမတွေက မိသားစုကို ဦးမဆောင်သင့်ဘူး၊ ဒါမှမဟုတ်ရင် မိသားစုစီးပွားရေးမှာ ခိုက်လိမ့်မယ်။ ကျွန်တော်တို့ရဲ့ ဘိုးဘေးဘီဘင်တွေက ဒီလိုပဲသင်ပေးခဲ့တယ်။ ကျွန်တော်တို့ အားလုံးလည်း ဒါကိုလက်ခံတယ်။

(သံဖြူဇရပ်မြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် မွန်၊ဗုဒ္ဓဘာသာဝင်အမျိုးသားများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အမျိုးသားကို အိမ်ထောင်ဦးစီးအဖြစ် သတ်မှတ်ထားသည့် စံနှုန်းအား ကျယ်ကျယ်ပြန့်ပြန့် လက်ခံကြသည်ကို တွေ့ရှိရသည်။ သို့ရာတွင် ရှိနေသည့်လူမှုအစဉ်အလာကို ခေတ်မမီတော့ပါ၊ မမျှတပါဟု မေးခွန်းထုတ်မှုများလည်း ရှိပါသည်။

'ကြက်မတွန်လို့ မိုးမလင်း၊ ကြက်ဖတွန်မှ မိုးလင်းတာ' လို့ ပြောကြတယ်။ ဆိုလိုတာက အမျိုးသားတွေက အမျိုးသမီးတွေထက် ပိုအရေးပါတယ်၊ ဒါကြောင့် ဦးဆောင်တဲ့နေရာမှာနေသင့်တယ် အမျိုးသမီးတွေကတော့ မီးဖိုထဲမှာ ချက်ပြုတ်၊ ပန်းကန်ဆေး၊ အဝတ်လျှော်၊ ကလေးထိန်းရမယ် ဆိုတဲ့သဘောပါပဲ။ ယောကျ်ားတွေက မိန်းမတွေနဲ့စကားများတဲ့အခါ အနိုင်ရအောင် ဒီစကားပုံကိုရည်ညွှန်းလေ့ရှိတယ်။ ဒါကအစဉ်အလာတစ်ခု ဖြစ်နေပြီ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ မွန်အမျိုးသမီးခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

ကျွန်မတို့ ချင်းတိုင်းရင်းသားမှာ လူမျိုးစုတွေအများကြီးရှိတယ်။ ပလက်ဝနယ်က ဆမ်သူ ချင်းလူမျိုးစုတွေမှာ အိမ်ထောင်ပြုရင် သစ်ခွ စိုက်ကြတယ်။ မိန်းမတွေက အဲဒီသစ်ခွပန်းကို ဈေးမှာရောင်းနိုင်တဲ့အထိ အစစတာဝန်ယူရတယ်။ ယောကျ်ားတွေ ဘာလုပ်နေကြသလဲ၊ မြိန့်မြိန့်ကြီးထိုင်ပြီး ရေနွေးကြမ်းသောက်တယ်၊ လောင်းကစားလုပ်တယ်။ မိန်းမတွေက တောင်ယာစိုက်တယ်၊ ရိတ်တယ်၊ ထုတ်တယ်၊ ရောင်းတယ်၊ အဲဒါတွေ အကုန်လုံးလုပ်ရတယ်။ ပြီးတော့ ရသမျှဝင်ငွေအကုန်လုံးကို ယောကျ်ားတွေကိုအပ်ရတယ်။ အဲဒီမှာ ယောကျ်ားတွေက ဝင်ငွေကို သူတို့စိတ်ကြိုက်စီမံတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ချင်းအမျိုးသမီးခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

မူလတန်းအရွယ်ကနေ ကိုယ့်အိမ်ထောင်နဲ့ကိုယ်ဖြစ်တဲ့ အချိန်အထိ လူမှုစံနှုန်းတွေက ယောကျ်ားကို အိမ်ဦးနတ်လို့ သတ်မှတ်ပေးထားတယ်။ ဘာကြောင့်လဲ၊ မိန်းမတွေကတာဝန်အားလုံး ယူရတယ်ဆိုရင် သူတို့လည်း အိမ်ဦးနတ်တွေပဲ။ ဒါကို အသိအမှတ်ပြုရမယ်။

(မင်္ဂလာတောင်ညွန့်မြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် မွတ်စလင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

အိမ်ထောင်ဦးစီးများ ဖြစ်သည့်အတွက် လူမှုဆက်ဆံရေးကို စီမံခန့်ခွဲရန်နှင့် ယေဘုယျအားဖြင့် ရပ်ရေးရွာရေးတွင် မိသားစုကို ကိုယ်စားပြုရန်လည်း အမျိုးသားများတွင် တာဝန်ရှိသည်ဟု ဆိုကြပါသည်။

မိန်းမက မိသားစုအတွက်ငွေကြေးစီမံခန့်ခွဲတာအပြင်၊ ချက်တာပြုတ်တာ၊ အိမ်မှုကိစ္စတွေလုပ်နေချိန်မှာ ယောကျ်ားက လူမှုဆက်ဆံရေးကို တာဝန်ခံရတယ်၊ ဝင်ငွေရဖို့ အပြင်ထွက်ပြီးအလုပ်လုပ်ရတယ်။

(မြစ်ကြီးနားမြို့မှ အသက် ၄၀ နှစ်နှင့်အထက် ကချင်၊ခရစ်ယာန်အမျိုးသားများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

နေရာဒေသအများအပြားတွင် ဥပမာ - မုံရွာနှင့် ဒီမောဆိုမြို့နယ်များမှ လေ့လာမှုတွင်ပါဝင်သူများက အမျိုးသားများက ပို၍ကြံ့ခိုင်သန်စွမ်းသည်၊ ပို၍ထက်မြက်သည်၊ ဝင်ငွေပိုရှာနိုင်သည်ဆိုသည့် အချက်များဖြင့် အမျိုးသားများ၏ ခေါင်းဆောင်မှုတာဝန်များကို အကြောင်းပြချက် ပေးကြပါသည်။ အမျိုးသားများ၏ ခေါင်းဆောင်မှုအရေးပါကြောင်းကို ရခိုင်ပြည်နယ်အတွင်း ရပ်ရွာဒေသများမှလည်း ဆွေးနွေးကြပါသည်။

ယောကျ်ားနဲ့ မိန်းမအိမ်ထောင်ပြုကြပြီ ဆိုပါစို့။ တကယ်လို့ မိန်းမက ယောကျ်ားထက် ပိုပြီးတော်နေ၊ ထက်နေရင် ပြဿနာတက်လာနိုင်တယ်။ ဒါပေမဲ့ ယောကျ်ားကမိန်းမထက် ပိုပြီးတော်နေ၊ ထက်နေရင်လည်း တချို့အခြေအနေတွေမှာ မိန်းမတွေအသုံးဝင်ပါတယ်။ မိန်းမတွေဟာ ယောကျ်ားတွေရဲ့ နောက်လိုက်ဒါမှမဟုတ် အစေအပါးဖြစ်သင့်တာ။

(မင်းပြားမြို့နယ်မှ အသက် ၂၆နှစ်မှ ၄၀ နှစ်အရွယ် ရခိုင်၊ ဗုဒ္ဓဘာသာဝင်အမျိုးသားများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

၄၀။ အများဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ရာတွင်ပါဝင်ခွင့်နှင့်ခေါင်းဆောင်မှု တာဝန်ယူပိုင်ခွင့်ဆိုင်ရာ အမျိုးသမီးများ၏အခွင့်အလမ်းများအပေါ် ကျား၊မစံနှုန်း၏သက်ရောက်မှုကို Oxfam, ActionAid and CARE ၂၀၁၁ တို့တွင် အကျယ်တဝင့်ဆွေးနွေးတင်ပြထားပါသည်။

၈.၁.၂ အမျိုးသားနှင့် အမျိုးသမီးတို့၏ အလုပ်အကိုင်တန်ဖိုး မညီမျှမှု

အမျိုးသားရော၊ အမျိုးသမီးပါ အလုပ်လုပ်ရန်လိုအပ်ချက်နှင့် အပြန်အလှန် အမှီသဟဲပြုမှုဆိုင်ရာ ဆွေးနွေးမှုများရှိသော်လည်း အမျိုးသားများ၏ အလုပ်ကို အမျိုးသမီးများ၏အလုပ်ထက် ပို၍တန်ဖိုးထားသည့် အယူအဆ ရှိနေသည်မှာ အသေအချာဖြစ်ပါသည်။ အမျိုးသားများနည်းတူ လုပ်ကိုင်ရန် ကြံ့ခိုင်သန်စွမ်းမှု လိုအပ်ခြင်းသည် ဤအယူအဆအတွက် အကြောင်းပြချက် ဖြစ်နေပါသည်။

> အမျိုးသားတွေက အမျိုးသမီးတွေထက် ပိုပြီး ခက်ခက်ခဲခဲ၊ ပင်ပင်ပန်းပန်း လုပ်ရတာမို့ အမျိုးသားတွေရဲ့အလုပ်က ပိုပြီးတန်ဖိုးရှိတယ်။
>
> (သံဖြူဇရပ်မြို့နယ်မှအသက် ၄၀ နှစ်နှင့်အထက် မွန်၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

> အမျိုးသမီးတွေဟာ အမျိုးသားတွေထက် ပိုအားနဲ့တယ်၊ ဝီရိယလည်း နည်းတယ်ဆိုတော့ အမျိုးသား ၃ ယောက်လောက် လုပ်တဲ့အလုပ်ကို အမျိုးသမီး ၁၀ ယောက်လောက်လုပ်ရလိမ့်မယ်။ အမျိုးသမီးတွေက အလုပ်တစ်ခုကို ဘယ်လို လက်စသတ်ရမှန်း မသိဘူး၊ အမျိုးသားတွေ ကတော့ အဲဒီနေရာမှာကျွမ်းကျင်တယ်။
>
> (မင်းပြားမြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက်ရခိုင်၊ ဗုဒ္ဓဘာသာဝင် အမျိုးသားများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

ကချင်ပြည်နယ်ကဲ့သို့သော နေရာဒေသများတွင် အမျိုးသမီးများကို ရည်ညွှန်းသည့် ရိုးရာဆိုရိုးများတွင် ‘မီးဆိုက်တဲ့ထင်းတုံးကြီးတွေ’ ဆိုသည့် စကားပုံသည် အိမ်ထောင်သားမွေးမှုတွင် အမျိုးသမီးများ၏ ဝန်ထုပ်ဝန်ပိုးကို တစ်စုံတစ်ရာ အသိအမှတ်ပြုထားခြင်းဖြစ်ပါသည်။ သို့ရာတွင် အလုပ်တန်ဖိုးများအကြောင်း ဆွေးနွေးသည့်အခါ ဒေသခံ အမျိုးသမီးများကိုယ်တိုင်က အိမ်မှုကိစ္စဆိုသည်မှာ ဂုဏ်သိက္ခာလည်းမရှိ၊ ဝင်ငွေလည်းမရသည့်အတွက် ပုံမှန်အားဖြင့် အမျိုးသမီးများ၏ အလုပ်ကို သိပ်တန်ဖိုးမထားသည်ကို ဆက်စပ်သိရှိရပါသည်။

> အမျိုးသမီးတွေမှာ အထွေအထူးလုပ်စရာမရှိဘူးလို့ တချို့ကထင်ကြတယ်။ တချို့အမျိုးသမီးတွေက ရက်ကန်းရက်ကြတယ်။ ဒါပေမဲ့ ကျွန်မက အဲဒီလိုအလုပ်မျိုး မကြိုက်ဘူး။ မိန်းကလေးအများစုက ရက်ကန်းတော့ ရက်တတ်ကြတယ်။ နောက်အလုပ်တစ်ခုက သက်ငယ်နဲ့ ခေါင်မိုးမိုးတာပါ။ ဝင်ငွေများများ ရတဲ့အလုပ်တွေကို တန်ဖိုးထားကြတယ်။ ကျွန်မတို့ရဲ့ အိမ်အလုပ်က ဝင်ငွေမရနိုင်ဘူးလေ။
>
> (သံဖြူဇရပ်မြို့နယ်က အသက် ၁၈ မှ ၂၅ နှစ်ကြား မွန်၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများ နှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

> ခက်ခဲတဲ့ ပိုပင်ပန်းတဲ့အလုပ်တွေကို ပိုတန်ဖိုးထားကြတယ် အဆင့် မြင့်တယ်လို့ ထင်ကြတယ်။ လယ်လုပ်တာက ပင်ပန်းတဲ့အလုပ် တစ်ခုပါ။ နေ့စဉ် တောက်တိုမည်ရ အလုပ်တွေကတော့လွယ်တယ်။ စာသင်တာလည်း ခက်တာပဲ၊ ဒါပေမဲ့ စိုက်ပျိုးရေးက ပိုခက်လို့ စာသင်တာထက် ပိုတန်ဖိုးထားကြတာလို့ ကျွန်မထင်တယ်။ ပိုပြီး ပင်ပင်ပန်းပန်း အားစိုက်ရတဲ့အလုပ်က ပိုပြီးတန်ဖိုးရှိတယ်။ ကျွန်မကတော့ ရုံးအလုပ်တွေက အဲဒီအလုပ်တွေထက် ပိုတန်ဖိုးရှိတယ်လို့ ထင်တာပဲ၊ အဲဒါတွေက အဆင့်အတန်း မြင့်တယ်လေ။
>
> (သံဖြူဇရပ်မြို့နယ်မှ အသက် ၄၀နှစ်နှင့်အထက် မွန်ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

၈.၁.၃ ကျား၊ မ ရေးရာ စံနှုန်းများ၏ အလုပ်အပေါ်သက်ရောက်မှုကို စစ်ဆေးခြင်း

> မိန်းမရဲ့အလုပ်ကို ယောကျ်ားကလုပ်ရရင် အဲဒီမိန်းမကိုပျင်းတယ်၊ ထုံတယ်လို့ ပြောကြပါတယ်။ ယောကျ်ားတွေလည်း ထိုနည်းလည်းကောင်းပဲ။
>
> (သံဖြူဇရပ်မြို့နယ်မှ အသက် ၁၈နှစ်မှ ၂၅နှစ်အရွယ် မွန်၊ ဗုဒ္ဓဘာသာဝင်အမျိုးသားများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ပုံမှန်အားဖြင့် ဆန့်ကျင်ဘက်လိင်၏တာဝန်ဟု ယူဆထားသည့်အလုပ်ကို လုပ်ရသည့်အခါ ၎င်းတို့၏ခံစားချက်နှင့် အတွေ့အကြုံများကိုမေးမြန်းသည့် အခါ၊ မိသားစုနှင့် ပတ်ဝန်းကျင် အသိုင်းအဝိုင်းက ဝေဖန်ကြ၊ သနားကြ၊ ပြက်ရယ်ပြုကြသည်ဟု ရပ်ရွာဒေသခံများက ပြောပြကြပါသည်။ ကျား၊ မ ရေးရာ အလိုက် အလုပ်ခွဲခြား လုပ်ကိုင်ခြင်းသည် အရေးပါနေဆဲဖြစ်သည်ကို ၎င်းတို့၏ ပြောကြားချက်များအရ သိရှိရပါသည်။ ကျား၊ မ ရေးရာ အလိုက် အလုပ်ခွဲခြားလုပ်ကိုင်ခြင်း ဘောင်ကိုကျော်သွားသည့်အခါ ဝေဖန်ခံရသည်ဟု ဒေသခံများ၏ ပြောကြားချက်သည် ‘ယောကျ်ားပီသမှု’ အရည်အသွေးနှင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို တန်ဖိုးထားကြပြီး၊ မိန်းမဆန်သည်ဟုယူဆသည့် လုပ်ငန်းတာဝန်များကို တန်ဖိုးမထားခြင်းဟု ဆိုရမည်ဖြစ်ပါသည်။

၎င်းတို့၏ တာဝန်ဟုသတ်မှတ်ထားသည်များကို မလုပ်နိုင်သည့် အမျိုးသားများသည် ပတ်ဝန်းကျင်အသိုင်းအဝိုင်း၏ ဝေဖန်မှုကို ခံကြရပါသည်။ အလားတူပင် အမျိုးသားများ၏တာဝန်ဟု သတ်မှတ် ထားသည့်အလုပ်၊ သို့မဟုတ် ပင်ပင်ပန်းပန်းအလုပ်ကို လုပ်ရသည့် အမျိုးသမီးများကို သနားကြပြီး၊ ဤသည်မှာ‘လင်ဆိုး’ မယားဖြစ်ခြင်း၏ သက်သေအဖြစ် ရှုမြင်ကြပါသည်။ တာဝန်ယူမှု ပြောင်းပြန်ဖြစ်ခြင်းကို ဆင်းရဲသည့်မိသားစုများတွင် အများအားဖြင့် တွေ့ရလေ့ရှိသည့်အတွက် ၎င်းကို လိုအပ်ချက်ကြောင့်ဟု သတ်မှတ်ကြပါသည်။

> ‘အို၊ သူ့ယောကျ်ားအလုပ်ကို သူလုပ်နေရတယ်၊ ကံဆိုးလိုက်တာ’ လို့ တချို့ကပြောလေ့ရှိတယ်။ ‘လင်ဆိုးမယားဆိုတော့ ဘယ်တော့မှ မပြောင်ရောင်ဘူးပေါ့’။ လူ့အသိုင်းအဝိုင်းမှာ ၂၀%လောက်ပဲ တာဝန် ပြောင်းပြန်ယူကြတာကို အကောင်းမြင်ကြတာ၊ ကျန်တဲ့လူတွေကတော့ အဆိုးပဲ မြင်ကြတယ်။
>
> (ဘိုကလေးမြို့နယ်မှ အသက် ၂၆ မှ ၄၀ နှစ်အရွယ် ဗမာ၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

> ထင်းရဖို့သစ်ပင်ပေါ်ကို ကျွန်မကိုယ်တိုင်တက်ရတယ်။ ယောကျ်ားက ဆိုးတော့ အကုန်လုံး ကျွန်မပဲလုပ်ရတာ၊ ဝမ်းလည်းနည်းတယ်။ ကျွန်မရဲ့မိသားစုက ကျွန်မကိုသနားကြတယ်။ တချို့ကချီးကျူးတယ်၊ တချို့ကလည်း ကဲ့ရဲ့တယ်။
>
> (ဒီမောဆိုမြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် ကယန်း၊ တံခွန်တိုင် အမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

> အိမ်ထောင်တစ်ခုမှာ ယောကျ်ားကိုပဲ သူတို့အပြစ်တင်ကြတယ်။ တကယ်လို့ လင်မယားနှစ်ယောက်စလုံး စည်းစည်းလုံးလုံး၊ တက်ညီလက်ညီ အလုပ်လုပ်နေရင် ဘာမှ ပြောကြမှာမဟုတ်ဘူး။ ဒါပေမဲ့ အိမ်ထောင်တစ်ခုမှာ အမျိုးသားတွေရှိပြီး အမျိုးသမီးတွေပဲ အလုပ်လုပ်နေရတယ်ဆိုရင်တော့ ပတ်ဝန်းကျင်က ဝေဖန်ကြလိမ့်မယ်။
>
> (ကလောမြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်ကြား ဓနု၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

အချို့သောအခြေအနေများတွင် အမျိုးသားများအတွက်ဟု သတ်မှတ်ထားသည့် အလုပ်များကို အမျိုးသမီးများ လုပ်ခြင်းသည် လက်ခံနိုင်ဖွယ်ဖြစ်၍၊ ၎င်းတို့အပေါ် ကရုဏာသက်နိုင်သည့်တိုင်၊ ကျော်ဖြတ်မရသည့် ယဉ်ကျေးမှုအကန့်အသတ်အချို့ ရှိနေပါသည်။ ဗုဒ္ဓဘာသာလူ့အဖွဲ့အစည်းတွင် 'ဘုန်း'နှင့် ဆက်စပ်သည့် တားမြစ်ချက်များကို လုပ်ငန်းသဘောအရ ချိုးဖောက်မိသည့်အခါမျိုးတွင် ဤသို့ ဖြစ်တတ်ပါသည်။ အမျိုးသားများအား 'ဘုန်း'နိမ့်စေသည်ဟု ယုံကြည်ကြသည့် အိမ်ခေါင်မိုးမိုးခြင်း၊ သစ်ပင်တက်ခြင်းစသည့် အလုပ်များကို အမျိုးသမီးများမလုပ်ရန် အပြင်းအထန် တားမြစ်ခြင်းမျိုး ဖြစ်ပါသည်။[၄၁] သုတေသနစစ်တမ်းတစ်ခုအရ စိုက်ပျိုးရေးနှင့် ငါးအရောင်းအဝယ်လုပ်ငန်းတွင် အမျိုးသမီးများပါဝင်မှုသည် ဆန်စက်များတွင် အလုပ်လုပ်သည့် အမျိုးသမီးအရေအတွက်ထက် ပို၍နည်းပါးကြောင်းနှင့် ဆန်စက်များရှိ စက်ယန္တရားများပေါ်သို့ အမျိုးသမီးများတက်ခြင်းမှာ မသင့်လျော်ဟု ယူဆကြသောကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။
(Oxfam ၂၀၁၂၊ အဖွဲ့တွင်းမှတ်တမ်း)

အိမ်ခေါင်ပေါ်တက်ပြီး အမိုးပြင်တယ်ဆိုတာ မိန်းမတွေနဲ့မသင့်လျော်ဘူးလို့ ပတ်ဝန်းကျင်က ပြောကြလိမ့်မယ်။
(ကလောမြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် ဓနုဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အမျိုးသားများ 'ဘုန်း' နိမ့်သွားစေသည်ဆိုသည့် အယူအဆသည်လည်း 'အမျိုးသမီးများ၏အလုပ်' ဟုယူဆသည့် လုပ်ငန်းတာဝန်များတွင် အမျိုးသားများမပါဝင်စေရန် အရေးပါသည့် အကြောင်းပြချက်တစ်ခု ဖြစ်ပါသည်။

ကိုယ့်တာဝန်နဲ့ ကိုယ်ပဲ၊ မပြောင်းသင့်ပါဘူး။ ယောက်ျားတွေက မိန်းမတွေလို အဝတ်မလျှော်သင့်ဘူး။ အဲဒီလိုလုပ်တာ'ဘုန်း'နိမ့်တယ်။
(မင်းပြားမြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်အရွယ် ရခိုင်၊ဗုဒ္ဓဘာသာဝင်အမျိုးသားများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ကျွန်တော့်မိန်းမရဲ့အလုပ်တွေကို ကျွန်တော်လုပ်နေတာမြင်ရင် ပတ်ဝန်းကျင်က အရမ်းဒေါသထွက်ကြတယ်ဗျ။ ကျွန်တော့်မှာ မိန်းမ စရိုက်ရှိနေတယ်ဆိုပြီး အခြောက်လို့တောင် သူတို့ကစွပ်စွဲနိုင်တယ်။
(ဘိုကလေးမြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ် ဗမာ၊ ဗုဒ္ဓဘာသာဝင်အမျိုးသားများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

'အမျိုးသမီးများ၏ အလုပ်'ဟု ယူဆကြသည့်အလုပ်များကို အမျိုးသားများ လုပ်ခြင်း၏ ရလဒ်အဖြစ် မကြာခဏ လှောင်ပြောင်ကဲ့ရဲ့ခံရခြင်းသည် ၎င်းတို့၏ယောက်ျားပီသမှုကို မေးခွန်းထုတ်ခြင်းနှင့် ဆက်စပ်နေပါသည်။ (အခန်း-၃တွင် ကြည့်ပါ)။ 'အမျိုးသမီးများ၏' အလုပ်ကို လုပ်ခြင်းကြောင့် 'အခြောက်' ဟု အစအနောက်ခံရခြင်းသည် အမျိုးသားများ အိမ်အလုပ်မလုပ်ခြင်း၏ အကြောင်းပြချက်တစ်ခု ဖြစ်ပါသည်။

ကျွန်တော်တို့ သိက္ခာမကျချင်ဘူး၊ အဲဒီလိုလည်း အစမခံချင်ဘူး။ အမျိုးသမီးတွေရဲ့ ဟာဟီရတွေလုပ်ရင် စိတ်ပျော့တယ်၊ မိန်းမဆန်တယ်လို့ အပြောခံရလိမ့်မယ်။"
(မင်းပြားမြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက်ရခိုင်၊ ဗုဒ္ဓဘာသာဝင် အမျိုးသားများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

လင်နှင့်မယားကြား မလွှဲမရှောင်သာ တာဝန်ပြောင်းပြန်ယူရသည့် အခြေအနေများရှိလာသည့်အတွက် ၎င်းကို ပို၍လက်ခံလာကြပါသည်။ ဥပမာ- ဇနီးဖြစ်သူ နေထိုင်မကောင်းဖြစ်သည့်အခါ၊ သို့မဟုတ် ကလေးမီးဖွားသည့်အခါမျိုးတွင် ဖြစ်ပါသည်။[၄၂]

မလွှဲမရှောင်သာအခြေအနေမှလွဲ၍ လင်နှင့်မယားကြား တာဝန်ပြောင်းပြန်ယူခြင်းကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြသည်ဟု အမျိုးသမီးများက ဆိုပါသည်။ ၎င်းအတွက် အဓိက အကြောင်းပြချက်မှာ ပို၍ သဟဇာတဖြစ်စေရန်နှင့် အိမ်တွင်းပဋိပက္ခကို ရှောင်ရှားနိုင်ရန်ဖြစ်ပါသည်။

အမျိုးသားအများစုက အမျိုးသမီးတွေရဲ့ အလုပ်တွေကို မလုပ်ချင်ကြပါဘူး။ ဒီလို ခွဲခြားဆက်ဆံတာမျိုးနဲ့ပတ်သက်ပြီး သည်းခံတာကောင်းပါတယ်။ အဲလိုမှမဟုတ်ရင် ရန်ဖြစ်ကြရလိမ့်မယ်။
(မုံရွာမြို့နယ်မှ အသက် ၂၆နှစ်မှ ၄၀ နှစ်အရွယ် ဗမာ၊ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

၈.၂ ပြောင်းလဲနေသော အခြေအနေနှင့် စံနှုန်းဟောင်းများ - မည်သည်ကို ဆိုလိုသနည်း။

၈.၂.၁ အမျိုးသမီးများ ဝင်ငွေပိုရှာနိုင်လာကြသည်။

ရရှိသည့်လုပ်သားအင်အား အချက်အလက်များအရ စိုက်ပျိုးရေးမဟုတ်သော လခစားအလုပ်များတွင် အမျိုးသမီးများ ပိုမိုလုပ်ကိုင်လာကြသော်လည်း၊ အရေအတွက်အားဖြင့် နည်းနေဆဲဖြစ်ပါသည်။ ၎င်းသည် စိုက်ပျိုးရေးကဏ္ဍ၏အရေးပါမှုနှင့် စက်မှုနှင့်ဝန်ဆောင်မှုကဏ္ဍများတွင် အမျိုးသမီးများ လုပ်ကိုင်ခွင့် ကန့်သတ်ချက်များ ရှိနေခြင်းကို ထင်ဟပ်နေပါသည် (ADB 2012; ILO 2008)။ သို့ရာတွင် ဒေသခံများ ထံမှရရှိသော သတင်းအချက်အလက်များတွင် အထင်ရှားဆုံးတွေ့ရှိချက်တစ်ခုမှာ လခစားအလုပ်များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာခြင်း ဖြစ်ပါသည်။ ယေဘုယျအားဖြင့် စီးပွားရေးအခြေအနေ ကျဆင်းလာသည့် အနေအထားတွင် ဤအခြင်းအရာသည် မိသားစုများအတွက် ဝင်ငွေထွက်ငွေညီမျှစေမည့် လိုအပ်ချက်တစ်ခုအဖြစ် ရှုမြင်ကြပါသည်။ မိသားစုအတွက် အထောက်အကူ ဖြစ်စေသည့် အမျိုးသမီးများ ဝင်ငွေရှာခြင်းကို ထုတ်ဖော်ဆန့်ကျင်သည့်သဘော မရှိကြပါ။ သို့ရာတွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ လုပ်ငန်းနယ်ပယ်များ ပို၍ထွေးရောယှက်တင်ဖြစ်လာခြင်းကို အမျိုးသားအားလုံးက အပြုသဘောဆောင်သော

၄၁။ Oxfam, Action Aid and CARE ၂၀၁၁ တို့တွင်လည်း ကြည့်ပါ။
၄၂။ ဤတွေ့ရှိချက်များသည် Oxfam, Action Aid and CARE(၂၀၁၁)and CARE (၂၀၁၃)တို့၏ တွေ့ရှိချက်များနှင့် အတူတူဖြစ်ပါသည်။

တိုးတက်မှုအဖြစ် မရှုမြင်ကြပါ။ အစဉ်အလာအားဖြင့် ‘အမျိုးသားများ၏’ လုပ်ငန်းခွင်များတွင် အမျိုးသမီးများ ဝင်ရောက်လုပ်ကိုင်လာကြခြင်းနှင့် စပ်လျဉ်း၍ အချို့သော ပါဝင်ဆွေးနွေးသူအမျိုးသားများက စိုးရိမ်ပူပန်မိကြောင်း ပြောဆိုကြပါသည်။

မတူညီမှုဆိုတာ ရှိကိုရှိရမှာဖြစ်တဲ့အတွက် ရှိမှာပဲ။ အမျိုးသမီးတွေမှာ သူတို့ ကျွမ်းကျင်တဲ့အလုပ်တွေရှိသလို အမျိုးသားတွေမှာလည်း သူတို့ ကျွမ်းကျင်တဲ့အလုပ်တွေ ရှိပါတယ်။ ဒါကို ကျွန်တော်တို့ လက်ခံရမှာပဲ။ အမျိုးသားတွေ ကျွမ်းကျင်တဲ့ အလုပ်တွေကို လုပ်တတ်ရင်တောင်မှ အမျိုးသမီးတွေအနေနဲ့ ဝင်မလုပ်သင့်ဘူး။

(ဘိုကလေးမြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်အရွယ် ဗမာ၊ ဗုဒ္ဓဘာသာဝင်အမျိုးသားများ နှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

အမျိုးသမီးများ ဝင်ငွေပိုရလာခြင်းကို ကျား၊ မ ရေးရာ တန်းတူညီမျှမှု တိုးတက်လာခြင်း သင်္ကေတအဖြစ် အမျိုးသားများက သာဓကပေးလိုကြပါသည်။ လုပ်အားဈေးကွက်တွင် အမျိုးသမီးများ ပို၍

ကျွန်မတို့ကတော့ ရှေ့ကိုပဲဆက်သွားချင်တယ်။ ကျွန်မတို့ကို မီးဖိုချောင်မှာပဲ အမြဲနေရမယ် ဆိုတာမျိုးကတော့ အဆင်မပြေနိုင်တော့ဘူး။ ကျွန်မတို့အမျိုးသမီးတွေဟာ မိခင်တွေဖြစ်တဲ့အတွက် သားသမီးတွေအတွက် ဝတ္တရားရှိပါတယ်။ ကျွန်မတို့မှာ အရည်အသွေးတွေ၊ စွမ်းရည်တွေ ရှိရပါမယ်။ ကျွန်မတို့ကိုယ်တိုင် ရှေ့ကိုလှမ်းနိုင်မှ၊ သားသမီးတွေကို ပြုစုပျိုးထောင်ပေးနိုင်မယ်၊ သူတို့ဘဝ တိုးတက်မြင့်မားအောင် လုပ်ပေးနိုင်သူတွေ ဖြစ်မှာပါ။ အမျိုးသမီးတွေမှာ ကိုယ်ပိုင်အရည်အချင်းတွေ ရှိရမယ်။ ကျွန်မတို့က တန်းတူဖြစ်ချင်တယ်လို့တွေးရင် အမျိုးသားတွေက သူတို့ကို ကျွန်မတို့ကကျော်သွားမယ်လို့ ထင်နေကြပါတယ်။

(ဘိုကလေးမြို့နယ်မှ အသက် ၂၆နှစ်မှ ၄၀ နှစ်အရွယ် ဗမာ၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

နိုင်ငံအနှံ့အပြားတွင် ဒေသနောက်ခံအခြေအနေများနှင့် အလုပ်အကိုင်ရရှိနိုင်မှုတို့က ကျား၊ မ ရေးရာ အလိုက် အလုပ်ခွဲခြားလုပ်ကိုင်ခြင်းကို မည်သို့အဓိပ္ပာယ်သတ်မှတ်သည်၊ မည်သို့ဆောင်ရွက်သည် ဆိုသည့်အပေါ် သက်ရောက်စေပါသည်။ ဥပမာ- ကချင်ပြည်နယ်မှ အမျိုးသမီးအဖွဲ့တစ်ဖွဲ့က အလုပ်အကိုင် အခွင့်အလမ်းများမရှိခြင်းသည်

တချို့အလုပ်တွေက အမျိုးသားတွေအတွက်ပဲဆိုတော့ ကြက်မတွန်လို့ မိုးမလင်းဆိုတာ အမှန်ပါပဲ။

ပါဝင်လာခြင်းနှင့် စပ်လျဉ်း၍ အမျိုးသမီးများ၏ စဉ်းစားချက်များက ပိုမိုရှုပ်ထွေးပါသည်။ ၎င်းတို့၏ ပြောကြားချက်များအရ လုပ်ငန်းခွင်တွင် ကျား၊ မ ရေးရာ တန်းတူညီမျှမှုရှိသည်ဟု ပြောနိုင်ရန် အများကြီး လုပ်ရဦးမည်ဟု ဆိုပါသည်။

လေယာဉ်မှူးရာထူးဟာ အမျိုးသားတွေနဲ့ပဲ သင့်လျော်တယ်လို့ ယူဆကြတယ်။ ဒါပေမဲ့ ခုခေတ်မှာ အမျိုးသမီးလေယာဉ်မှူးဆိုတာ ရှိလာပြီ။ စစ်တပ်ထဲမှာလည်း ဒီအတိုင်းပဲ။ အမျိုးသားတွေက မိသားစုအတွက် ဝင်ငွေရှာပြီး၊ အမျိုးသမီးတွေက အိမ်အလုပ်ပဲလုပ်ရမယ်ဆိုတဲ့ သမားရိုးကျ အတွေးအခေါ်တွေကို ကျွန်မပြောင်းပစ်ချင်တယ်။ ဒီလို ကန့်သတ်ချက်တွေကို ပြောင်းသွားစေချင်တယ်။”

(ကလောမြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ် ဓနု၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

အမျိုးသမီးနှင့် အမျိုးသားတို့၏ ဆန့်ကျင်ဘက် ဝိသေသလက္ခဏာများကို ဖော်ပြထားသည့်စံနှုန်းများနှင့် တိုက်ရိုက်ဆက်စပ်နေသည်ဟု ဆိုပါသည်။

အမျိုးသမီးတွေအတွက် လုပ်စရာအလုပ် သိပ်မရှိပါဘူး။ အမျိုးသမီးတွေဟာ အားနွဲ့တယ်၊ ကြံ့ခိုင်သန်စွမ်းမှုမရှိဘူး၊ သတ္တိမရှိဘူးဆိုတဲ့ အချက်တွေကြောင့် အလှကုန်ဆိုင်တို့၊ ကုန်စုံဆိုင်တို့မှာ အရောင်းစာရေးလုပ်ကြတယ်၊ စက်ချုပ်ကြတယ်။ အမျိုးသမီးတစ်ယောက်ဖြစ်ရတာ ကျွန်မစိတ်ဓာတ်ကျတယ်၊ ဝမ်းလည်းနည်းတယ်၊ နောင်တလည်းရတယ်၊ ပြီးတော့ မပျော်ဘူး။

(မြစ်ကြီးနားမြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅နှစ် အရွယ် ကချင်၊ ခရစ်ယာန် အမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

အခြားသော နေရာဒေသများ၊ ဥပမာ- လေ့လာခဲ့သည့် မွန်ပြည်နယ်အတွင်းရပ်ရွာဒေသများတွင် အမျိုးသမီးများ၏ ဝင်ငွေလိုအပ်ချက်နှင့် ကိုက်ညီစေရန် အချို့သောစံနှုန်းများပြောင်းလဲလာသည့် အထောက်အထားများတွေ့ရှိရပါသည်။

ဟိုတုန်းကဆိုရင် အမျိုးသမီးတွေ ညဘက် အပြင်မထွက်ရဘူး။ ဒါပေမဲ့ ခုတော့ပြောင်းသွားပြီ၊ အမျိုးသမီးတွေလည်း အမျိုးသားတွေနဲ့အတူ ရော်ဘာခြံထဲမှာ ည ၁၁ နာရီလောက်အထိ အလုပ်လုပ်လို့ရလာပြီ။
(သံဖြူဇရပ်မြို့နယ်မှ အသက် ၂၆နှစ်မှ ၄၀ နှစ်အရွယ် မွန်၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

၈.၂.၂ အမျိုးသမီးများ၏ မှီခိုသူဘဝ

အလုပ်အကိုင်နှင့် ရာထူးကိုထည့်မတွက်ဘဲ၊ အိမ်ထောင်ရှင် အမျိုးသမီးများအား မိသားစု သန်းခေါင်စာရင်းတွင် မှီခိုအဖြစ် စာရင်းသွင်းကြသည့် အလေ့အထသည် မိသားစုအတွက် အဓိကဝင်ငွေရှာသူမှာ အမျိုးသားများ ဖြစ်သည်ဆိုသည့် သမားရိုးကျအတွေးအခေါ်ကို ပြန်လည်မွေးမြူခြင်း ဖြစ်ပါသည်။ ထိုသို့သောအလေ့အထများသည် အမျိုးသမီးများအား မိသားစုတွင်လက်အောက်ခံအဖြစ် ဆက်လက်ရှိနေရန် တွန်းပို့နေခြင်းလည်း ဖြစ်ပါသည်။ ဤအလေ့အထကို အလွှာအသီးသီးမှ အမျိုးသမီးများက ဝေဖန်ထောက်ပြကြပါသည်။

တိုင်းရင်းသားလူမျိုးတိုင်းရဲ့အိမ်ထောင်စုတိုင်းမှာ မိသားစု သန်းခေါင်စာရင်း ရှိကြပါတယ်။ အဲဒီအိမ်ထောင်စုစာရင်းတွေကို ကြည့်လိုက်ရင် ယောက်ျားတွေကို မိသားစုရဲ့ အဓိကဝင်ငွေရှာသူအဖြစ် ဖော်ပြထားပြီး၊ မိန်းမတွေကိုတော့ မှီခိုသူတွေလို့ပဲ တွေ့ရပါလိမ့်မယ်။ အမျိုးသမီးတွေကို မြှင့်တင်ပေးဖို့ဆိုရင် အဲဒီစနစ်ကို ပထမဆုံးပြောင်းပစ်ရမှာပါ။ အမျိုးသမီးတွေရဲ့ အလုပ်အကိုင်နဲ့ရာထူးကို ညွှန်ကြားရေးမှူး ဒါမှမဟုတ် ကျောင်းဆရာမဆိုပြီး သန်းခေါင်စာရင်းထဲမှာ ဖော်ပြသင့်ပါတယ်။ ဥပမာ- ကျွန်မကိုကြည့်ပါ။ ကျွန်မက တရားရုံးရှေ့နေတစ်ယောက်ပါ။ ဒါပေမဲ့ သန်းခေါင်စာရင်းထဲမှာကျတော့ ကျွန်မကို မှီခိုအဖြစ် စာရင်းသွင်းပြီး ကျွန်မယောက်ျားကိုတော့ ဗိုလ်မှူးလို့ရေးထားပါတယ်။ သူကျတော့ ဗိုလ်မှူးဆိုတာ တခမ်းတနားဖော်ပြခွင့်ရပါတယ်။ အဲဒီအတွက် ကျွန်မ ခံစားရတယ်။ အိမ်ထောင်စုစာရင်းကို ပြောင်းဖို့ကလည်းမလွယ်ဘူး။
(အဓိက သတင်းအချက်အလက်ပေးနိုင်သူ မွန်အမျိုးသမီးခေါင်းဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ကျွန်မရဲ့ဖြစ်စဉ်မှာ အဖေကအစိုးရအရာရှိတစ်ယောက် လုပ်လာတာ အနှစ်၃၀ ကျော်ပြီ။ အမေကတော့ အိမ်ရှင်မပဲဆိုပါတော့။ ဒါပေမဲ့ အဖေ့ လစာက မိသားစုမစားလောက်ဘူး။ ကျွန်မတို့မှာ မောင်နှမ ၇ ယောက် ရှိတယ်။ အမေက အပြင်မှာအထည်ရောင်းတာတို့ ဘာတို့လုပ်ရတယ်၊ ဒီ့အပြင် အိမ်မှုကိစ္စတွေလည်း လုပ်ရတယ်။ ကျွန်မတို့ကျောင်းမှာ ကတ်ပြားဖြည့်ရတယ်။ အဲဒီမှာ အဖေနာမည်၊ အမေနာမည်နဲ့ အလုပ်အကိုင် ဖြည့်ရတယ်။ အမေကဝင်ငွေရှာတာရော၊ သားသမီးတွေ ကိစ္စရော အဖေ့ထက်အလုပ်ပိုလုပ်ရပေမယ့် အမေ့အလုပ်အကိုင်နဲ့ အဆင့်အတန်းကတော့ အမြဲတမ်း 'မှီခို'ပဲ။ တကယ်တော့ အဖေက အမေ့ကို မှီခိုနေရတာ။ တစ်မိသားစုလုံးကလည်း အမေ့ကိုမှီခိုနေရတာ။ အမေ့ကို ဘာကြောင့် 'မှီခို'ဆိုပြီး တံဆိပ်တပ်ကြတာလဲ။
(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီးခေါင်းဆောင် ၄ နှင့် တွေ့ဆုံမေးမြန်းခြင်း)

လခစားအလုပ်ကို လုပ်နေကြသည့် အမျိုးသမီးများအနေဖြင့် စံနှုန်းများက တံဆိပ်တပ်ကြသည့်အတွက် ၎င်းတို့အလုပ် လုပ်ရသည်ကို ဥပမာအားဖြင့် မမျှော်လင့်သည့် စီးပွားရေးအခက်အခဲကြောင့် သို့မဟုတ် ခင်ပွန်း၏ လစာဖြင့်မလောက်သောကြောင့် စသည်ဖြင့် အကြောင်းပြချက် ပေးကြပါသည်။ ထိုသို့သော အကြောင်းပြချက်များသည် အမျိုးသမီးများ အနေဖြင့် မိသားစုဝင်ငွေ မည်မျှရှာဖွေပေးသည်ဖြစ်စေ၊ ၎င်းတို့ကို အရန် သို့မဟုတ် အပိုဝင်ငွေရှာသူများအဖြစ်သာဖော်ပြကြပြီး အမျိုးသားများကသာ အဓိကဝင်ငွေရှာသူ ဖြစ်သည်ဆိုသည့် စံသတ်မှတ်ချက်ကို ဆက်လက်ဆုပ်ကိုင်ထားခြင်းသာ ဖြစ်ပါသည်။ အမျိုးသမီးများ မိသားစု အတွက် လက်တွေ့ဝင်ငွေရှာနိုင်ခြင်းသည် စံနှုန်းများကို ချိုးဖောက်ခြင်းကြောင့် ဖြစ်လာသည့် အဖျက်သဘောအမြင်များကို တစ်စုံတစ်ရာ လျော့ပါးစေပါသည်။

၈.၂.၃ လုပ်အားခနှင့် စီးပွားရေးအရင်းအမြစ်များ ရပိုင်ခွင့်မညီမျှမှု

အလုပ်အကိုင်ဆိုင်ရာ စံနှုန်းများသည် အမျိုးသမီးများ လုပ်ခလစာ ပိုနည်းခြင်းအပါအဝင် အရေးပါသည့် ရုပ်ပိုင်းဆိုင်ရာ အကျိုးဆက်များ ရှိပါသည်။ အပြန်အလှန်အားဖြင့် အမျိုးသားသည် ဝင်ငွေရှာသူနှင့် စီးပွားရှာသူ ဖြစ်သည်ဆိုသည့် စံနှုန်းကို ၎င်းက ဆက်လက်တည်တံ့ စေပါသည်။[၄၃] နေရာဒေသအသီးသီးတွင် အကြောင်းပြချက်များ မတူကွဲပြားကြသော်လည်း၊ လေ့လာခဲ့သည့် နေရာဒေသအားလုံးတွင် အမျိုးသားနှင့်အမျိုးသမီး လုပ်အားခ မညီမျှမှုကို မှတ်တမ်းတင်နိုင် ခဲ့ပါသည်။ အမျိုးသမီးများအတွက် အထူးသဖြင့် ဆင်းရဲနွမ်းပါးမှု ပြဿနာများ အဓိကရှိနေသည့် မုံရွာမြို့တွင် ယင်းပြဿနာက ပို၍ သိသာပါသည်။

တချို့အလုပ်တွေက အမျိုးသားတွေအတွက်ပဲဆိုတော့ ကြက်မတွန်လို့ မိုးမလင်းဆိုတာ အမှန်ပါပဲ။ အမျိုးသားတွေက တစ်နေ့ကို ၄၀၀၀ကျပ်၊ ၅၀၀၀ကျပ်လောက်ရပေမယ့် အမျိုးသမီးတွေကတော့၂၀၀၀ကျပ် လောက်ပဲ ရတယ်။ ဒါကြောင့် အဲဒီဆိုရိုးစကားမှန်တယ်လို့ ကျွန်မပြောတာ။
(မုံရွာမြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်အရွယ် ဗမာ၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

အမျိုးသားတွေက လယ်ခင်းထဲမှာ လယ်လုပ်ပြီး အမျိုးသမီးတွေက ယာခင်းထဲမှာ ကြက်သွန်စိုက်ကြတယ်။ အမျိုးသမီးတွေက ၁၅၀၀ကျပ် ရတယ်၊ အမျိုးသားတွေက (၂၅၀၀-၃၀၀၀)ကျပ် လောက်ရတယ်။ ဆေးသုတ်တဲ့ အမျိုးသားတွေဆိုရင်(၃၅၀၀-၄၀၀၀)ကျပ် လောက်ရကြတယ်။
(မုံရွာမြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်အရွယ် ဗမာ၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ခွဲခြားမှုနှင့် အလုပ်အကိုင်အဆင့်အတန်းတို့အပေါ် အခြေပြုသည့် အလုပ် ခွဲခြားလုပ်ကိုင်ခြင်းဆိုင်ရာ ကျား၊ မ ရေးရာ စံနှုန်းများ၏ သက်ရောက်မှုသည် အမျိုးသားနှင့် အမျိုးသမီးတို့အတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများ၊ အကျိုးရလဒ်များနှင့် ချိတ်ဆက်နေသော်လည်း ၎င်းကို ခွဲခြားဆက်ဆံခြင်းအဖြစ် လူတိုင်းက ရှင်းရှင်းလင်းလင်း မမြင်ကြပါ။ အမျိုးသားများ လစာဝင်ငွေ ပိုမို ရသင့်ကြောင်းကို ၎င်းတို့၏ခွန်အားနှင့် ခေါင်းဆောင်မှုတာဝန်များဖြင့် အကြောင်းပြချက်ပေးကြပါသည်။

၄၃။ အဆိုပါ အကြောင်းအရာ အသေးစိတ်ကို Oxfam (၂၀၁၂) တွင် ကြည့်ပါ။

ဝင်ငွေနဲ့ပတ်သက်ရင် အမျိုးသားတွေက ၃၀၀၀ကျပ်ရရင် အမျိုးသမီးတွေက ၂၅၀၀ကျပ်ရတယ်။ ဒါအဆင့်အတန်းနဲ့ မဆိုင်ဘူး။ ခွန်အားဗလနဲ့ပဲ ဆိုင်တယ်။ ဒါဟာခွဲခြားဆက်ဆံတာမဟုတ်ဘူး။

(ဒီမောဆိုမြို့နယ်မှ အသက် ၂၆နှစ်မှ ၄၀ နှစ်အရွယ် ကယန်း၊တံခွန်တိုင်အမျိုးသားများ နှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တူညီသောအလုပ်အတွက် ညီမျှသောလုပ်ခလစာ ရရှိရမည်ဟု ပြဋ္ဌာန်းထားသော်လည်း လက်တွေ့တွင် အမျိုးသားနှင့် အမျိုးသမီးများ၏ လစာဝင်ငွေမညီမျှမှုက ဆက်လက်ရှိနေပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ ခွဲခြားဆက်ဆံတာ မရှိပါဘူး။ အမျိုးသားနဲ့ အမျိုးသမီး လစာအတူတူပါပဲ။ တချို့အလုပ်တွေမှာ ဥပမာ- ခွန်အားသုံးပြီး လုပ်ရတဲ့အလုပ်ကြမ်းတို့၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်တို့မှာဆိုရင် အမျိုးသမီးတွေက အမျိုးသားတွေကို မယှဉ်နိုင်ဘူး။ မန်နေဂျာတွေက အမျိုးသားတွေကို ပိုခန့်ချင်တယ်။ ဒီတော့ အရည်အချင်းပေါ် မူတည်ပြီး လစာကမတူဘူး။ တကယ်လို့ အမျိုးသားနဲ့ အမျိုးသမီး အရည်အချင်း တူရင်တော့ လစာလည်း အတူတူပါပဲ။

(အဓိက သတင်းအချက်အလက် ပေးနိုင်သူ အမျိုးသမီး အဖွဲ့အစည်း ၂မှ ကိုယ်စားလှယ်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

စီးပွားရေးနှင့် အလုပ်အကိုင်ဆိုင်ရာ ကျား၊ မ ရေးရာ စံနှုန်းများသည် ရုပ်ဝတ္ထု အရင်းအမြစ်များ ရပိုင်ခွင့်နှင့် ထိန်းချုပ်ခွင့်တို့ အပေါ်တွင်လည်း သက်ရောက်စေပါသည်။ ချေးငွေနှင့် ငွေချေးခြင်းဆိုင်ရာ အခွင့်အလမ်းများတွင် အထူးသဖြင့် အိမ်ထောင်မရှိသည့် အမျိုးသမီးများ သို့မဟုတ် မုဆိုးမများအား ခွဲခြားဆက်ဆံသည့် စီးပွားရေး အလေ့အထများ ရှိနေသည်ဟု ဆိုပါသည်။ အချို့သော လူ့အဖွဲ့အစည်းများ၊ အထူးသဖြင့် ချင်းပြည်နယ် (နောက်ဆက်တွဲ ၂ ပါ ဖြစ်စဉ်လေ့လာချက် ၃ တွင် ကြည့်ပါ)တွင် အမျိုးသမီးများ အမွေဆက်ခံပိုင်ခွင့် မရှိခြင်းသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများတွင် ဆိုးရွားသည့် ပြဿနာများကို ဖြစ်စေပါသည်။ ကျား၊ မ ရေးရာအလိုက် စီးပွားရေးဆိုင်ရာ စံနှုန်းများ၏ အခြား အကျိုးဆက်တစ်ခုမှာ အမျိုးသမီးများအား စီးပွားရေးစွမ်းရည် မြှင့်တင်ရေး အစီအစဉ်များသည် ပုံမှန်အားဖြင့် အသေးစား ငွေကြေးထောက်ပံ့မှုအဖြစ်သာ ရှိနေခြင်းဖြစ်ပါသည်။ အမျိုးသမီးအခွင့်အရေး လှုပ်ရှားသူများ၏ အဆိုအရ ထိုသို့သော လုပ်ဆောင်ချက်များသည် အရေးပေါ် အကူအညီပေးနိုင်သော်လည်း ရေရှည်တွင် အမျိုးသမီးများအား စီးပွားရေးဘဝမှ ဘေးဖယ်ထားခြင်း ဖြစ်သွားစေပါသည်။

အမျိုးသမီးတွေကို အားကိုးလို့မရဘူး၊ အမျိုးသမီးတွေက မှန်မှန်ကန်ကန် မဆုံးဖြတ်နိုင်ဘူး၊ လုပ်ငန်းကြီးတွေကို စီမံခန့်ခွဲနိုင်တဲ့ အတွေ့အကြုံ သူတို့မှာ မရှိဘူးလို့ အခိုင်အမာယုံကြည်ထားတာ ရှိတယ်။ ဒါကြောင့် ဖွံ့ဖြိုးရေး စီမံကိန်းတွေမှာတောင် အမျိုးသမီးစွမ်းရည်မြှင့်တင်ရေးအစီအစဉ်ဆိုတာ အသေးစားချေးငွေ လုပ်ငန်းပဲရှိတယ်။ ဆိုလိုတာက အမျိုးသမီးတွေစီမံခန့်ခွဲနိုင်တာ ငွေကြေးပမာဏနည်းနည်းပဲ။ တကယ်လို့ အမျိုးသားတစ်ယောက်က သူ့လုပ်ငန်း၊ ကုမ္ပဏီ၊ ဒါမှမဟုတ် တခြား စီးပွားရေးလုပ်ငန်းတစ်ခုခု ရှုံးခဲ့ရင် လူတွေက သူ့ကို အပြစ်မတင်ဘူး။ ဒါပေမဲ့ အမျိုးသမီးသာဆိုရင် 'အိုး လူတွေက အပြစ်တင်ကြမှာပဲ။ သိတဲ့ အတိုင်း၊ လုပ်ငန်းကြီးတွေကို သူတို့မလုပ်တတ်ဘူး' ဆိုတဲ့ အဲဒီလိုစံနှုန်းတွေ၊ အယူအဆတွေအရ အမျိုးသမီးတွေက ဦးမဆောင်နိုင်ဘူးလို့ ထင်ကြတယ်။ အမျိုးသမီးဆိုရင် မဆုံးဖြတ်နိုင်ဘူး၊ စီးပွားရေး လုပ်ရလောက်အောင် စိတ်မခိုင်ဘူး၊ မထက်မြက်ဘူးလို့ဘဲ ယူဆကြတယ်။ ဒါတွေက အမျိုးသမီးတွေရဲ့ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းတွေကို အများကြီး ထိခိုက်စေပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်း အမျိုးသမီး ခေါင်းဆောင် ၄နှင့် တွေ့ဆုံမေးမြန်းခြင်း)

၈.၂.၄ အမျိုးသမီးများ၏ နှစ်ဆတိုး ဝန်ထုပ်ဝန်ပိုး

ဝင်ငွေရသည့် အလုပ်များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာကြသည်ဟု သိရှိရသော်လည်း အိမ်မှုကိစ္စများတွင် အမျိုးသားများ ပို၍ တာဝန်ယူလာသည်ကို ယှဉ်တွဲမတွေ့ရှိရကြောင်း အချက်အလက်များက အထင်အရှားပြသနေပါသည်။ ဤတွေ့ရှိချက်များကို မြန်မာနိုင်ငံ၏ ကျား၊ မ ရေးရာ ပြဿနာများဆိုင်ရာအခြားသော လတ်တလော အစီရင်ခံစာများတွင်လည်း အလားတူဖော်ပြထားပါသည်။ (ဥပမာ- UN Women ၂၀၁၃ မူကြမ်း၊ Trocaire, CARE, ActionAid ၂၀၁၃)

ကျွန်မတို့ရဲ့ ရိုးရာအစဉ်အလာတွေ ဓလေ့ထုံးစံတွေက ကျွန်မတို့ကို ဒီအတိုင်းလေ့ကျင့်ပေးခဲ့တယ်။ တချို့စနစ်တွေမှာ အမျိုးသမီးရော၊ အမျိုးသားရောကနဲ့သတ်ထားတာ ရှိပါတယ်။ ကိုယ့်မိန်းမကို တကယ်ချစ်ရင် အိမ်အလုပ်တွေ ဝိုင်းကူပြီးလုပ်ပေးသင့်တယ်လို့ တချို့ခင်ပွန်းတွေက ပြောပါတယ်။ တကယ်တော့ ကျွန်မအမြင်အရဆိုရင် အမျိုးသားတွေက ကူညီသင့်တာမဟုတ်ဘူး။ သူတို့မှာ တာဝန်ရှိတာ၊ အိမ်အလုပ်တွေ လုပ်ရမယ့်တာဝန်ရှိတာပါ။ ကျွန်မတို့ရဲ့ ရိုးရာယုံကြည်မှုတွေနဲ့ တွေးပုံခေါ်ပုံတွေက ဒီလိုမျိုးပါ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ မွန်၊ဗမာအမျိုးသမီးခေါင်းဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

၎င်းတို့၏ ဝင်ငွေရရှိသည့်အလုပ်များကို ကျား၊ မ တန်းတူညီမျှမှု သင်္ကေတအဖြစ် အမျိုးသမီးများကမသတ်မှတ်ကြသည့် အကြောင်းအရင်းတစ်ရပ်မှာ ဝင်ငွေရှာရခြင်းနှင့် အိမ်ထောင်မှုတာဝန်များဖြင့် ၎င်းတို့တွင် ဝန်ထုပ်ဝန်ပိုး နှစ်ဆတိုးလာခြင်းကြောင့် ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ထိုသို့ လက်ခံရမည့်အစား ဝန်ထုပ်ဝန်ပိုးပိုလာသည့် အခြေအနေတစ်ရပ်ဟု ၎င်းတို့က ဆိုလိုဟန် ရှိပါသည်။

ကျွန်မတို့ အဓိကဝင်ငွေရတဲ့အလုပ်က ရော်ဘာစေး ခြစ်တာပါ၊ ယောကျ်ားရော မိန်းမရော လုပ်ရတယ်။ ဒါပေမဲ့ မိန်းမတွေက ရော်ဘာခြံကပြန်လာရင် မီးဖိုချောင်မှာချက်ရပြုတ်ရ၊ သားသမီးတွေအတွက် လုပ်ပေးရနဲ့ ပိုပြီးပင်ပန်းပါတယ်။ ယောကျ်ားတွေကတော့ ရော်ဘာခြံကပြန်လာတာနဲ့ တန်းပြီးအိပ်ရာဝင်ကြတယ်။

(သံဖြူဇရပ်မြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀နှစ်အရွယ် မွန်၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ယောက်ျားတွေက ပိုပင်ပန်းတယ်လို့ လူတွေကထင်ကြတယ်။ တကယ်တော့ မိန်းမတွေက ပိုပင်ပန်းတာ။ အမေတွေက သားသမီးတွေကို ကျွေးမွေးစောင့်ရှောက်ရတယ်၊ အဖေတွေရဲ့တာဝန်က ပိုက်ဆံရှာပြီး မိသားစုကို ထောက်ပံ့ရုံပဲ။

(ကလောမြို့နယ်မှ အသက် ၄၀ နှစ် နှင့်အထက် ခနု၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

ဒါဟာ ကျွန်မ မမွေးခင်ကတည်းကရှိခဲ့တဲ့ ရိုးရာအစဉ်အလာတစ်ခုပဲ။ ယောက်ျားတွေအဖို့က ခေါင်းရှောင်ရတာ လွယ်ပါတယ်။ ကျွန်မတို့ ကျတော့ ချက်ရပြုတ်ရတယ်၊ ပိုက်ဆံလည်း အများဆုံး ရှာရတယ်။ နေရာ တော်တော်များများမှာ ယောက်ျားအများစုက စိုက်ခင်းတွေမှာ လုပ်တာ တွေ့တယ်။ အဲဒါလွဲရင် တခြားအလုပ်တွေအားလုံးကို မိန်းမတွေကပဲ များသောအားဖြင့် လုပ်ရတယ်။ ယောက်ျားတွေက ဒီလိုအလုပ်တွေကို မိန်းမတွေဘာသာ လုပ်နိုင်တာကိုသိလို့ အမြဲတမ်း ခေါင်းရှောင်နေကြတယ်။ တကယ်အကူအညီလိုမှ သူတို့က ဝင်ကူရုံလောက်ပဲ။

(ဘိုကလေးမြို့နယ်မှ အသက် ၂၆ မှ ၄၀ နှစ်အရွယ် ဗမာ၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများ နှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

အမျိုးသမီးများသည် ဝင်ငွေရသည့်အလုပ်ကို အပြင်ထွက်၍လုပ်ရသည့် အပြင် အိမ်မှုကိစ္စများကို ဆက်လက်တာဝန် ယူနေကြရသည့်အတွက် ပါဝင်ဆွေးနွေးသူ အမျိုးသမီးများနှင့် နိူင်းစာလျှင် အမျိုးသားများက ယခု လက်ရှိ အလုပ်ခွဲဝေလုပ်ကိုင်ခြင်းပုံစံကို ပို၍သဘောကျသည်ဟု ဆိုပါသည်။ အခြားတစ်ဖက်တွင် အမျိုးသမီးများက ဤသည်ကို အလွန်အမင်း ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် အခြေအနေများအဖြစ် ပြောဆိုကြပါသည်။

ကျွန်တော့်မိသားစုမှာ အမျိုးသမီးတွေများတော့ ကျွန်တော့်အနေနဲ့ အိမ်မှု ကိစ္စတွေ ဝင်လုပ်စရာမလိုဘူး။ တကယ်လို့ ကျွန်တော် အိမ်အလုပ် ဝင်လုပ်ရင် သူတို့က အသုံးမကျလို့လို့ တွေးကြတယ်။ ကျွန်တော်တို့ အိမ်အလုပ်တွေ ဝင်မလုပ်တဲ့ တခြားအကြောင်းတစ်ခုကတော့ အမျိုးသမီး တွေကို တာဝန်ပိုင်းမှာ မပေါ့လျော့စေချင်လို့ပါပဲ။ ဒါကြောင့် သူတို့ အလုပ်တွေကို ကျွန်တော်တို့ မလုပ်ကြတာပါ။ ကျွန်တော်တို့ မိန်းမတွေ ပျင်းရနေမှာကို စိတ်ပူလို့ပါ။

(မုံရွာမြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်အရွယ် ဗမာ၊ ဗုဒ္ဓဘာသာဝင် အမျိုးသားများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အမျိုးသမီးများအနေဖြင့် အပြင်ထွက်အလုပ်လုပ်ရန် အခွင့်အလမ်းများ သို့မဟုတ် လိုအပ်ချက် ပိုများလာသော်လည်း အကျိုးဆက်အားဖြင့် အမျိုးသားများ အိမ်မှုတာဝန်ကို ပို၍ ဝိုင်းကူလာကြမည်မဟုတ်ပါဟု လူငယ်အဖွဲ့တစ်ဖွဲ့က ခန့်မှန်းထားပါသည်။ အိမ်မှုကိစ္စများကို ငွေကြေးဖြင့် ခိုင်းစေ၍ ရနေသည့်အတွက် ကျား၊ မ ရေးရာ အလိုက်အလုပ် ခွဲခြားလုပ်ကိုင်ခြင်းများ ဆက်လက်ရှိနေမည်ဟု ၎င်းတို့က ခန့်မှန်း ပြောဆိုကြပါသည်။

နောက်မျိုးဆက်တွေမှာ ကျား၊ မ ရေးရာ ခွဲခြားဆက်ဆံမှုရှိတော့မှာ မဟုတ်ပါဘူး။ လူတွေက ပိုပြီးပညာတတ်လာကြပြီ။ ဒါကြောင့် အမျိုးသမီးတွေရော အမျိုးသားတွေရော သူတို့လုပ်ချင်တဲ့အလုပ် လုပ်လို့ရတယ်။ အိမ်မှုကိစ္စ ဗာဟီရတွေ လုပ်ဖို့ အိမ်ဖော်ငှားတာမျိုး ဖြစ်နိုင်တယ်။

(ဘိုကလေးမြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ် ဗမာ၊ ဗုဒ္ဓဘာသာဝင် အမျိုးသားများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အမျိုးသားများ အရက်သေစာ သောက်စားခြင်းနှင့် မူးယစ်ဆေးဝါး သုံးစွဲမှုတို့ကြောင့် အမျိုးသမီးများ၏နှစ်ဆတိုး ဝန်ထုပ်ဝန်ပိုးများသည် ပိုမိုဆိုးရွားလာကြောင်းလည်း ပြောဆိုကြပါသည်။ အထူးသဖြင့် ထိုသို့သော ပြဿနာများကို ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များတွင် ပိုမိုတွေ့ရှိရပါသည်။

ခုဆိုရင် အမျိုးသမီးတွေကအလုပ်တွေ အများကြီး လုပ်ဖို့လိုလာတယ်၊ နံနက်စောစော ထရတယ်၊ တောင်ယာလုပ်ကြရတယ်။ အမျိုးသမီးတွေ နိုးရင် ယောက်ျားကိုနှိုးရတယ်။ ကျွန်မတို့မှာ ခွန်အားမရှိပေမယ့် ယောက်ျားတွေအတွက် အကြံဉာဏ်ပေးရတယ်၊ အားလုံးလည်း လုပ်ပေးရတယ်။ ယောက်ျားတွေကပျင်းရိပြီး ပိုက်ဆံမရှာရင် ကျွန်မတို့ စိတ်ဓာတ်ကျရတယ်။ တစ်ခါတလေဆို သူတို့ကို ထားပစ်ခဲ့ပြီး ထွက်သွား လိုက်ချင်တယ်။ ရွာထဲမှာ ယောက်ျားတွေဆိုရင် ဒီခေတ်မှာ မူးယစ်ဆေးဝါးတွေ သုံးကြတယ်၊ ကျွန်မတို့ အရမ်းဒေါသထွက်တယ်။ တခြားသူတွေလို ချမ်းသာချင်တာကို နားလည်ပေးလို့ရပေမယ့် မူးယစ်ဆေးဝါးသုံးတာကတော့ လုံးဝအဓိပ္ပာယ်မရှိဘူး။ ချမ်းသာအောင် မလုပ်နိုင်ရင် လမ်းမှားရောက်သွားကြတယ်၊ နောက်ဆုံးမှာ မိသားစု ပြိုကွဲတဲ့အထိ ဖြစ်ကြရတယ်။

(မြစ်ကြီးနားမြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်အရွယ် ကချင်၊ ခရစ်ယာန် အမျိုးသမီးများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

'မောင်တစ်ထမ်း မယ်တစ်ရွက်' ဆိုတဲ့ စကားပုံရဲ့အဓိပ္ပာယ်က ဟိုတုန်းကနဲ့ အခု မတူတော့ပါဘူး။ ခုခေတ်မှာတော့ အမျိုးသားနဲ့ အမျိုးသမီး ဆတူလုပ်ရတာပဲ။ ဟုတ်တယ်၊ တချို့အမျိုးသမီးတွေဆို အမျိုးသားတွေထက် ပိုအလုပ်လုပ်ကြရတယ်။ ယောက်ျားတွေက တစ်ချိန်လုံး အရက်ပဲ သောက်နေတာ။ အလုပ် တကယ်မလုပ်ကြဘူး။

(သံဖြူဇရပ်မြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် မွန်၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

ဥပမာ- ငါးလုပ်ငန်းမှာဆိုရင် အမျိုးသမီးတွေက အရမ်းအလုပ်လုပ် ရပေမယ့် အကျိုးခံစားခွင့်အရမ်းကို နည်းပါတယ်။ ယောက်ျားတွေက ပင်လယ်ထွက်ပြီး ငါးဖမ်းတယ်၊ မိန်းမတွေက ဈေးမှာငါးရောင်းတယ်။ ယောက်ျားတွေက ရသမျှပိုက်ဆံ အရက်သောက်ပစ်တယ်။ ဒီလိုနဲ့ ပိုဆင်းရဲသွားကြတယ်။ တကယ်လို့ မိန်းမတွေကို ဝင်ငွေစီမံခန့်ခွဲဖို့ လုပ်ပိုင်ခွင့်ပေးမယ်ဆိုရင် ဒီလို ဆင်းရဲကြမှာမဟုတ်ဘူး။ ဆုံးဖြတ်ချက် ချပိုင်ခွင့်က အမျိုးသားတွေလက်ထဲမှာ။ မိန်းမတွေကလည်း

> ယောက်ျားတွေနဲ့ အတိုက်အခံမလုပ်နိုင်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်ကို မယူနိုင်ကြဘူး။ ရှမ်းပြည်နယ်မှာဆိုရင် ရွာရဲ့တစ်ဝက်လောက်က မိန်းမတွေ ဦးဆောင်တာပါ။ အဲဒီအိမ်ထောင်စုတွေက ယောက်ျားတွေ ဦးဆောင်တဲ့ အိမ်ထောင်စုတွေထက် ပိုပြီး ဆင်းရဲတာတွေ့ရတယ်။ နောက်တစ်ခုက ယောက်ျားကဦးဆောင်ပေမယ့် ဆေးစွဲနေတော့၊ မိန်းမက ပိုက်ဆံရှာရတယ်၊ သူတို့မိသားစုက ရွာထဲမှာအဆင်းရဲဆုံးပဲ။ ကျွန်တော်တို့ စားနပ်ရိက္ခာဝေတဲ့အခါ မိန်းမဦးဆောင်တဲ့ အိမ်ထောင်စုတွေကို ဦးစားပေးတယ်။ ရိက္ခာထုတ်တဲ့ကတ်တွေကို ရွာမှာရှိတဲ့အမျိုးသမီးတွေရဲ့ နာမည်နဲ့ဖြစ်ဖို့လည်း သဘောပေါက်အောင် ပြောရပါတယ်။ တကယ်လို့ ကတ်က အမျိုးသမီးနာမည်နဲ့ဆိုရင် ပေးတဲ့အစားအစာက မိသားစုဆီကို ရောက်တယ်။ တကယ်လို့ ကတ်က အမျိုးသားနာမည်နဲ့ဆိုရင် သူတို့က ရိက္ခာကို မူးယစ်ဆေးဝါးနဲ့လဲပစ်ကြတယ်။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရှင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ဂ.၂.၅ ယောက်ျားပီသခြင်း ပြဿနာ

ရပ်ရွာဒေသခံများနှင့် အလွတ်သဘော ဆွေးနွေးပြောဆိုရာတွင် အမျိုးသားများအနေဖြင့် မိသားစုတွင် အဓိကဝင်ငွေရှာသူများ၊ ဦးဆောင်သူများ ဖြစ်ရမည်ဆိုသည့် မျှော်လင့်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်မှာ ၎င်းတို့အတွက် ဖိအားတစ်ခုဖြစ်ကြောင်း သိရှိရပါသည်။ ထိုသို့သော စံနှုန်းများနှင့်အညီ အဓိကဝင်ငွေရှာဖွေနိုင်သူ ဖြစ်မလာသည့်အခါ စိတ်ဓာတ်ကျပြီး၊ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ အရက်သေစာသောက်စားခြင်းနှင့် အိမ်တွင်း အကြမ်းဖက်မှုများ ဖြစ်လေ့ရှိသည်ကို တွေ့မြင်နိုင်ပါသည်။ အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေရေးဆွဲရန် မကြာသေးခင်က ကျင်းပခဲ့သည့် အရပ်ဘက်အဖွဲ့အစည်းများနှင့် နှီးနှောဖလှယ်ပွဲများမှ တွေ့ရှိချက်များကို ဤသည်က ထပ်လောင်း အတည်ပြုပေးပါသည်။ (GEN 2013)

> ဒီမှာဆိုရင် သားယောက်ျားလေး မွေးတဲ့အခါ သူ့ရဲ့အဖေ၊ အမေနဲ့ ပတ်ဝန်းကျင်တစ်ခုလုံးက အဲဒီကလေးကို မိသားစုရဲ့ ခေါင်းဆောင်အဖြစ်၊ တစ်ချိန်မှာ သူ့ဇနီးနဲ့သူ့မိသားစုအတွက် တာဝန်ရှိတယ်ဆိုပြီး ဝန်ထုပ်ဝန်ပိုးကို သူ့အပေါ်တင်ပေးလိုက်ကြတယ်။ ဒါတွေဟာ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေ မျှော်လင့်ချက်တွေပါ။ ဒီနေ့ခေတ်မှာတော့ အားလုံးသိတဲ့အတိုင်း ယောက်ျားလစာ တစ်ခုတည်းနဲ့ မိသားစုတစ်ခုလုံး မလောက်ငတော့ပါဘူး။ ဒီလိုအခြေအနေမှာ အမျိုးသားတွေအနေနဲ့ သူတို့မျှော်လင့်ထားသလို တာဝန်မကျေ နိုင်တော့ပါဘူး။ ပြောရရင် ဒါဟာ သူတို့ရဲ့အမှားတော့ မဟုတ်ပါဘူး။ အဲဒီလို သူတို့မျှော်လင့်ထားတဲ့အတိုင်း တာဝန်မကျေတဲ့အခါ သူတို့စိတ်တိုလာပြီး၊ အဲဒီဒေါသကို အကြမ်းဖက်မှုအဖြစ် ပေါက်ကွဲတတ်ကြတယ်။ ဒါကလည်း အမျိုးသားတွေအတွက် မကောင်းပါဘူး။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီးခေါင်းဆောင် ၅ နှင့် တွေ့ဆုံမေးမြန်းခြင်း)

မိသားစုအတွင်း တစ်ဦးအပေါ်တစ်ဦး အပြန်အလှန်လေးစားမှုသည် မိသားစုတစ်ဦးချင်းစီ၏ သီးခြား ကျား၊ မ ရေးရာ စံနှုန်းများနှင့်အညီ နေထိုင်သည့်အပေါ် မူတည်သည်ဆိုသည့် အယူအဆက ကျယ်ကျယ် ပြန့်ပြန့် ရှိနေပါသည်။ ရုပ်ဝတ္ထုအခြေအနေများနှင့် အဖြစ်အပျက် အပြောင်းအလဲများအလိုက် မိသားစုအတွင်း မည်သို့အလုပ် ခွဲခြား လုပ်ကိုင်ရမည်ဆိုသည့် 'နည်းလမ်းဟောင်း'များသည် အလုပ်မဖြစ်တော့ဘဲ မိသားစုအတွက် ဖိအားဖြစ်လာစေနိုင်ပါသည်။[၄၄]

> များသောအားဖြင့် မြန်မာအမျိုးသမီးတွေက သူတို့ခင်ပွန်းတွေကို ရိုသေကြပါတယ်။ ဒါပေမဲ့ ဒီခေတ်မှာတော့ပြောင်းသွားပြီ။ တချို့ အမျိုးသမီး တွေက သူတို့လည်း ဝင်ငွေရှာနိုင်တယ်ဆိုပြီး ယောက်ျားတွေကို သိပ်မလေးစားကြတော့ဘူး။ တစ်ခါတလေ မိန်းမကယောက်ျားထက် ဝင်ငွေပိုကောင်းတယ်။ အဲဒီလိုမျိုးဆိုရင် မိသားစုထဲမှာ ပြဿနာတွေ ဖြစ်နိုင်ပါတယ်။ ယောက်ျားရဲ့ဝင်ငွေကနည်းပြီး မိန်းမရဲ့ဝင်ငွေက များနေတာကိုး။ အဲဒီလိုအခြေအနေမျိုးမှာ လင်မယားရန်ဖြစ်ကြတာပဲ။ ပုံမှန် အားဖြင့်တော့ ယောက်ျားတွေက မိန်းမတွေထက် ကြံ့ခိုင်သန်စွမ်းပြီး ဝင်ငွေလည်း ပိုရသင့်ပါတယ်။ ဒီလိုပဲတွေးကြတာပဲ။ ကျွန်မကတော့ ဒါဟာ ယောက်ျားတွေရဲ့ဂုဏ်သိက္ခာနဲ့ဆိုင်တယ်လို့ ထင်ပါတယ်။ ဒါပေမဲ့ လက်တွေ့ကျတော့ ယောက်ျားကအိမ်မှာနေပြီး ဝင်ငွေလည်းမရှိဘူးဆိုရင် သိမ်ငယ်တယ်လို့ ခံစားရတယ်။ သိမ်ငယ်စိတ်ပေါ့။ တစ်ခါတလေ သူ့မိန်းမက သူ့ကိုတစ်ခုခုပြောရင်တောင် သူကဒါသူ့ကို အမိန့်ပေး နေတာလို့ ထင်တယ်။ သူကအဲဒီလိုတွေးတာကိုး။ ဒီလိုနဲ့ လင်မယားကြား ရန်ဖြစ်ကြတယ်။ နောက်ဆုံး လင်မယားကွဲတဲ့အထိ တစ်ခါတလေ ဖြစ်ကြတယ်။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပြန်ကြားရေးအရာရှိတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

ဂ.၂.၆ အလုပ်နှင့် အိမ်ထောင်မှုတာဝန်များ ပေါင်းဆုံခြင်း၏ စိန်ခေါ်မှုများ

> ကျွန်မဘယ်လိုခံစားရလဲ ဟုတ်လား။ အဆင်ပြေတယ်။ ကျွန်မ ငယ်ငယ်ကတည်းက ပညာသင်ရတာကို အရမ်းစိတ်အားထက်သန်ပြီး ရည်မှန်းချက်တွေ ရှိခဲ့တယ်။ ဒါပေမဲ့ အိမ်ထောင်ကျပြီးတဲ့နောက် ကျွန်မ ရည်မှန်းချက်တွေ ဖြစ်မလာတော့ဘူး။ ကျွန်မယောက်ျားက ကလေးတွေကို ဦးစားပေးရမယ်ဆိုတော့ ကျွန်မရဲ့ ရည်မှန်းချက်တွေကို စတေးပစ်ခဲ့ရတယ်။ စိတ်ကူးထဲမှာ မဟာသိပ္ပံဘွဲ့ရ တက္ကသိုလ်ဆရာမတစ်ယောက်ဖြစ်ဖို့ အမြဲတမ်း တွေးခဲ့တာပါ။ ကျွန်မဟာ အပြင်လောကမှာ အရေးပါတဲ့သူ တစ်ယောက် ဖြစ်နိုင်ပေမယ့် အဲဒီအခွင့်အရေးတွေ အားလုံး ဆုံးရှုံးခဲ့ရပြီး အိမ်မှုကိစ္စတွေလုပ်နေရတယ်။ ကျွန်မမှာ အဲဒီခံစားချက် အမြဲတမ်းရှိတယ်။ ဒါပေမဲ့ သူငယ်ချင်းတွေက ကျွန်မမှာ လုပပြီးချစ်စရာကောင်းတဲ့ ကလေးတွေရှိတဲ့အတွက် အားပေးကြတယ်။ ဟုတ်တယ်၊ ဒါ ကျွန်မဘဝပဲ။ ကျွန်မလည်းကျေနပ်ပါတယ်၊ ပျော်လည်းပျော်ပါတယ်။ ကျွန်မတို့မှာ ရွေးစရာမှမရှိတာ။ ဒီတော့ အကောင်းရော၊ အဆိုးရော အားလုံးကို လက်ခံပြီး အကောင်းဆုံးကြိုးစားဖို့ပဲရှိတယ်။
>
> (မင်္ဂလာတောင်ညွန့်မြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် မွတ်စလင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

[၄၄] ဤတွေ့ရှိချက်များကို Oxfam, ActionAid and CARE (၂၀၁၁) နှင့် Oxfam, Trocaire, CARE, ActionAid (၂၀၁၃) တို့တွင် ဖော်ပြထားပါသည်။

သင့်လျော်သောအမှုအရာဆိုင်ရာ ကျား၊ မ ရေးရာ စံနှုန်းများနှင့် ရုပ်ပိုင်းဆိုင်ရာ လက်တွေ့အခြေအနေများ ပေါင်းဆုံသည့်အခါ အမျိုးသမီးများ၏ အသက်မွေးမှုအခွင့်အလမ်းများတွင် အကန့်အသတ်များဖြစ်လာစေပါသည်။ မြို့ပြဒေသများမှ ပါဝင်ဆွေးနွေးသူများနှင့် ပညာရှင်များအဖြစ် အလုပ်လုပ်နေကြသည့် အမျိုးသမီးများ၏ဆွေးနွေးချက်များတွင် ကျား၊ မ ရေးရာအလိုက် အလုပ်ခွဲခြားလုပ်ကိုင်ခြင်းသည် အမျိုးသမီးများအား အိမ်ထောင်မှုတာဝန် တစ်ခုတည်းကိုသာ အလေးထားရန် တွန်းပို့သည့်အတွက် အမျိုးသမီးများ၏ မဖြည့်ဆည်းရသောအိပ်မက်များနှင့် အလားအလာကောင်းများအတွက် စိုးရိမ်ဖွယ်ရာဖြစ်သည်ဟု ဆိုပါသည်။

ကျွန်မမှာ စေ့စပ်ထားတဲ့ သူငယ်ချင်းတစ်ယောက်ရှိပါတယ်။ လက်ထပ်ဖို့လည်း ပြင်ဆင်နေပါပြီ။ သူ့မှာ အလုပ်လည်းရှိပါတယ်။ သူဖြစ်ချင်တာနဲ့ သူ့အိမ်ထောင်ဖက်က သူ့အပေါ်မျှော်လင့်ထားတာတွေကြားမှာ မျှခြေတစ်ခုရှာဖို့ လုပ်ရတယ်။ ကျွန်မထင်တာပြောရရင် သူက ဆရာဝန်တစ်ယောက်ဖြစ်ပြီး သူရည်မှန်းတဲ့ တကယ့်ပညာရှင်တစ်ယောက် ခေတ်ပညာတတ်တစ်ယောက်ဖြစ်ဖို့ရာမှာ အရင်တုန်းက အခွင့်အလမ်းတွေ အားလုံးရခဲ့တဲ့အတွက် အိမ်ထောင်ပြုပြီးရင် တခြားအကန့်အသတ်တွေ ရှိမလာဘူးလို့မပြောနိုင်ဘူး။ တစ်ဦးချင်းအနေနဲ့ပဲဖြစ်ဖြစ်၊ အိမ်ထောင်သည်ဘဝ ဆက်ဆံရေးအရပဲဖြစ်ဖြစ် မျှခြေတစ်ခုရဖို့မလွယ်ဘူး။ သူ့ဘာသာနဲ့သူ ဖြစ်သွားလိမ့်မယ်လို့ ပြောလို့မရဘူး။ ဘာကြောင့်လဲဆိုတော့ နောက်ဆုံးမှာ သူတို့လက်မထပ်ဖြစ်တော့ဘူး။ သူ့မိသားစုနဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းက အိမ်ထောင်ပြုရမယ့်အရွယ်လို့ မျှော်လင့်ထားပေမယ့် ကိုယ်ရေးကိုယ်တာနဲ့ အိမ်ထောင်ရေးကို ဦးစားမပေးဘဲ သူ သေသေချာချာ ဆုံးဖြတ်ရွေးချယ်ခဲ့တယ်လို့ ကျွန်မထင်တယ်။ ဘာကြောင့်လဲဆိုတော့ သူကပညာဆက်သင်ချင်တယ်။ အိမ်ထောင်ပြုလိုက်ရင် အများကြီးအလျှော့ပေး ညှိနှိုင်းရတာတွေရှိလာမယ်။ မိသားစုဘဝနဲ့ အလုပ်နဲ့ကြားမှာ အဆင်ပြေအောင် ဘာတွေပဲညှိညှိ၊ အိမ်ထောင်ရှင်အမျိုးသမီးတွေအနေနဲ့ အရင်ကထက် ၂ ဆ ပိုလုပ်ရရင်တောင် ခင်ပွန်းတွေက တစ်ဝက်လောက်တောင် ဝိုင်းမကူချင်ကြဘူး။ အမျိုးသမီးတွေက အိမ်မှုကိစ္စလည်း တာဝန်အပြည့်ယူရသေးတယ်။ အဲဒီလိုညှိနှိုင်းဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်မှန်း သူသဘောပေါက်သွားတယ်။

(ရန်ကုန်မြို့မှ ကျောင်းဆရာမတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

လခစားအလုပ်လုပ်နေသည့် အမျိုးသမီးများအတွက် စိန်ခေါ်မှုများစွာထဲမှ ဥပမာတစ်ခုမှာ အလုပ်နှင့် ၎င်းတို့၏ အဓိကတာဝန်ဖြစ်သည့် သားသမီးများကို ပြုစုစောင့်ရှောက်ခြင်းတို့ကို အတူတွဲလုပ်နိုင်ရမည်ဆိုသည့် အချက်ဖြစ်ပါသည်။ ထို့အပြင် အိမ်ထောင်ရှင်အမျိုးသမီးများ သို့မဟုတ် မိခင်များ၏ လုပ်ငန်းစွမ်းဆောင်ရည်အပေါ် အလုပ်ရှင်များ၏ မျှော်မှန်းချက်သည် လခစားအလုပ်လုပ်ကြသည့် အမျိုးသမီးများ၏ အခွင့်အလမ်းများအပေါ် သက်ရောက်စေပါသည်။ သားသမီးရှိသော အမျိုးသမီးများ၏ လုပ်ငန်းစွမ်းဆောင်ရည်အပေါ် သံသယရှိကြသည့်အတွက် ၎င်းတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးရခြင်းသည် ကျား၊ မ ရေးရာ ခွဲခြားဆက်ဆံခြင်း ဖြစ်ပါသည်။

တကယ်တော့ ကျွန်မတို့လင်မယား လုပ်ငန်းတူ၊ ရာထူးတူအလုပ် အတူတူလျှောက်ခဲ့တယ်။ သူတို့က ကျွန်မခင်ပွန်းကိုအလုပ်ခန့်တယ်။ သူနဲ့ကျွန်မမှာ ၈နှစ်အရွယ် သမီးလေးတစ်ယောက် ရှိပါတယ်။ ကျွန်မကိုမရွေးတာ ကျွန်မမှာ အဲဒီ၈နှစ်အရွယ် သမီးလေးရှိလို့တဲ့။ ဒါကြောင့် ကျွန်မဟာ အပျိုတွေလောက်၊ ယောက်ျားလေးတွေလောက် ထိထိရောက်ရောက် အလုပ်မလုပ်နိုင်ဘူးလို့ သူတို့ကထင်ကြတယ်။ သားသမီးရှိတဲ့ အိမ်ထောင်ရှင်အမျိုးသမီးတွေအပေါ်မှာ ဒီလိုမျိုး ထင်ကြတာရှိပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီးခေါင်းဆောင် ၁ နှင့် တွေ့ဆုံမေးမြန်းခြင်း)

နိုင်ငံ၏ အထက်တန်းလွှာအသိုင်းအဝိုင်းအပါအဝင် ချမ်းသာကြွယ်ဝသည့် ခေတ်ပညာတတ်အမျိုးသမီးများနှင့် ဆွေးနွေးပြောဆိုရာတွင် အထက်တန်းလွှာ လူတန်းစားတွင်လည်း တင်းကျပ်သော ကျား၊ မရေးရာ စံနှုန်းများရှိနေပြီး၊ အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ပို၍ ရှေးရိုးစွဲဆန်သော အမြင်အယူအဆရှိနေသည်ကို အထင်အရှား တွေ့ရှိရပါသည်။

အမျိုးသမီးအများစုက အိမ်ရှင်မတွေဖြစ်ပြီး အဲဒီအတိုင်းပဲနေချင်ကြပါတယ်။ အမျိုးသမီးတွေဟာ သားသမီးတွေကို ပြုစုစောင့်ရှောက်ကြရမှာဖြစ်တဲ့အတွက် အမျိုးသမီးတွေအလုပ်လုပ်ဖို့ အတားအဆီးတွေ အများကြီး ရှိပါတယ်။ တကယ်လို့ အမျိုးသားတွေကသာ လုံလုံလောက်လောက် ရှာကျွေးနိုင်ရင် အမျိုးသမီးတွေ အပြင်ထွက်ပြီး အလုပ်မလုပ်ချင်ကြပါဘူး။

(အဓိကသတင်း အချက်အလက်ပေးနိုင်သူ အမျိုးသမီးအဖွဲ့အစည်း ၁ ၏ ကိုယ်စားလှယ်များ နှင့် တွေ့ဆုံမေးမြန်းခြင်း)

များသောအားဖြင့် ခေတ်ပညာတတ် အမျိုးသမီးတွေဟာ သားသမီးတွေ ရှိလာပြီးတဲ့နောက် လုပ်ငန်းခွင်ကိုပြန်မဝင်ကြတော့ပါဘူး။ သူတို့မှာ ပါရဂူဘွဲ့တွေရထားပေမယ့် သားသမီးတွေကိုငဲ့ပြီး သူတို့ရဲ့အလုပ်ကို စွန့်လွှတ်ကြရပါတယ်။ ဒါဟာ နိုင်ငံအတွက် အလွန်ကြီးမားတဲ့ဆုံးရှုံးမှုပါ။ နိုင်ငံခြားသွားပြီး တကယ်အဖိုးတန်တဲ့ပညာတွေကို သူတို့သင်ခဲ့ကြတယ်။ ကမ္ဘာ့ဘဏ်ရဲ့ အထောက်အပံ့နဲ့ပေါ့။ လက်တွေ့မှာတော့ သူတို့ သားသမီးတွေကို ကျောင်းအကြိုအပို့ လုပ်ပေးနေကြတယ်။ ဒါဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အလဟဿဖြစ်သွားတယ်။ ကျွန်မအရမ်း စိတ်ဓာတ်ကျတယ်။ တကယ် အထင်ကြီးလေးစားလောက်တဲ့ ဘာသာရပ်တွေကို သူတို့သင်ခဲ့ကြတယ်။ ပြန်လာတဲ့အခါကျတော့ မိသားစုဘဝထဲက ရုန်းမထွက်နိုင်ဘဲ လူ့အဖွဲ့အစည်းရဲ့အကျိုးအတွက် ဘာမှမလုပ်ပေးနိုင်ကြတော့ဘူး။ အမျိုးသမီးတွေအနေနဲ့ သူတို့ရဲ့အတွေးအခေါ်အယူအဆတွေကိုပြောင်းရမယ်။ ဓလေ့ထုံးစံပုံစံခွက်ထဲကသူတို့ ရုန်းထွက်ရမယ်။ ဒါ တကယ်နစ်နာတယ်။ အမျိုးသမီးတစ်ယောက် အိမ်ထောင်ကျသွားရင် ယောက်ျားလုပ်စာထိုင်စားပြီး နေနိုင်ရင်အဆင်ပြေပါတယ်။ 'သူကံကောင်းတယ်'လို့ လူတွေကထင်ကြတယ်။ အိမ်ထောင်ရှင်အမျိုးသမီးက အလုပ်ထွက်လုပ်ရင် အားလုံးက သူ့ကိုသနားကြတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အသက်မွေးဝမ်းကျောင်းပညာရှင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

လူတွေရဲ့ အစဉ်အလာဆန်တဲ့အမြင်၊ အတွေးအခေါ်တွေကို ကျွန်မပြောင်းစေချင်တယ်။ ဥပမာ- ခေတ်ပညာတတ် အမျိုးသမီးတစ်ယောက်ဟာ ကိုယ့်တိုးတက်မှုအတွက် အလုပ်လုပ်သင့်တယ်၊ ပြီးတော့ သူတတ်တဲ့ပညာတွေနဲ့ သူ့ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်အောင် အသုံးချရမယ်။ ဒါပေမဲ့ လက်တွေ့ကျတော့ မိန်းကလေးတစ်ယောက်ဟာ ပညာစုံပြီ၊ အလုပ်အကိုင်လည်းရှိပြီဆိုရင် 'သမီးကညာ အခါမလင့်' ဆိုတဲ့အတိုင်း အိမ်ထောင်ချပေးလိုက်ကြတယ်။ သူ့မှာ ချစ်သူရည်းစားရှိရင်ရှိ၊ မရှိရင် မိဘတွေက သူ့အတွက်သင့်လျော်တဲ့လူရှာပြီး လက်ထပ်ပေးလိုက်တယ်။ တကယ်လို့ကိုယ် ချစ်တဲ့သူနဲ့ လက်ထပ်ရင်တော့ ကိုယ့်အိမ်ထောင်ဖက်က ကိုယ့်အပေါ်မှာတကယ်ချစ်လို့၊ ဒါမှမဟုတ် ကိုယ့်ကို အလိုလိုက်လို့ လက်ရှိလုပ်နေတဲ့အလုပ်ကို ချက်ချင်းထွက်စရာမလိုဘဲ ဆက်လုပ်ခွင့် ပေးတာမျိုး ရှိပါတယ်။ ကလေးရပြီဆိုရင်တော့ အလုပ်ကခွင့်ယူရင်ယူ၊ မယူရင် အလုပ်ကနေခဏနား၊ တကယ်လို့ သူ့အလုပ်ရှင်ကခွင့်မပေးရင်၊ ခဏနားလို့မရရင်၊ အလုပ်ကထွက်ရပါတယ်။ နောက်ပိုင်းမှာ သူ့ကို အလုပ်လုပ်ဖို့ ခင်ပွန်းက ပြန်ပြီးခွင့်ပြုရင်တောင် ခင်ပွန်းရဲ့ထိန်းချုပ်မှုက ရှိလာပြီ။ အမျိုးသမီးတွေမှာ ဆုံးဖြတ်ပိုင်ခွင့် အရမ်းနည်းသွားပြီ။ သူတို့ ခင်ပွန်းတွေရဲ့ သဘောအတိုင်းပဲ။ ကိုယ့်မှာ သားသမီးရှိလာပြီဆိုတာနဲ့ အလုပ်လုပ်ခွင့်မရတော့ဘူး။ ဒီလိုနဲ့ အမျိုးသမီးတွေလုပ်ငန်းခွင်ထဲ ပြန်မရောက်ကြတော့ဘူး။ တကယ်လို့ ကိုယ်ချစ်တဲ့သူ မဟုတ်ဘဲ တခြားတစ်ယောက်နဲ့ လက်ထပ်လိုက်ရင် အဲဒီလူက သူ့ကို အလုပ်လုပ်ဖို့ ခွင့်ပြုမှာမဟုတ်ဘူး။ တကယ်လို့ယောက်ျားမှာ ကိုယ်ပိုင်ဆိုင်ရှိရင် သူနဲ့အတူ

ဆိုင်မှာလုပ်ခိုင်းလိမ့်မယ်။ ကိုယ်က တခြားနေရာမှာလုပ်နေရင် အဲဒီအလုပ်ကနေ ထွက်ခိုင်းလိမ့်မယ်။ ဒါဟာ သူ့ခင်ပွန်းရဲ့ဆန္ဒပဲ။ ဒါပေမဲ့ ကိုယ်အလုပ်ကထွက်လိုက်လို့ သူ့ဆိုင်ကိုခေါ်သွားလည်း ခဏပါပဲ။ နောက်ပိုင်းကျတော့ ဆင်ခြေတွေအမျိုးမျိုးပေးပြီး ကိုယ့်ကို အိမ်မှာပဲနေခိုင်းမယ်၊ ဆိုင်ကို သူတစ်ယောက်တည်းပဲသွားမယ်။ ဒီလိုနဲ့ပဲ သူတတ်ထားတဲ့ပညာတွေ အလဟဿ ဖြစ်သွားတယ်၊ အချိန်တွေအားလုံးကလည်း မီးဖိုချောင်ကနေ ညှော်ခန်းထဲသွားလိုက်၊ ခြံဝင်းထဲဆင်းလိုက်၊ ဈေးဝယ်လိုက်နဲ့ပဲ ကုန်သွားတာပဲ။ ကျွန်မက ဒီလိုမျိုးရှေးရိုးအစဉ်အလာတွေကို တော်လှန်ပြောင်းလဲပစ်ချင်တယ်။ ခင်ပွန်းတစ်ယောက်က သူ့ဇနီးကို အလုပ်ကထွက်ခိုင်းစရာ ဘာအကြောင်းမှ မရှိသလို၊ ထွက်ခိုင်းစရာလည်း လုံးဝမလိုပါဘူး။ ကျွန်မတို့ အမျိုးသမီးတွေဟာ ဘယ်သူတစ်ဦးတစ်ယောက်ရဲ့ အာဏာစက်အောက်မှာမှ နေစရာမလိုဘူး။ ကျွန်မတို့ အမျိုးသမီးတွေလုပ်ချင်တာလုပ်နိုင်ဖို့၊ ကျွန်မတို့ဘာသာကျွန်မတို့ ဆုံးဖြတ်နိုင်ဖို့ ဒါတွေကို ပြောင်းလဲပစ်ချင်တယ်။ ဒါဟာ ကျွန်မရဲ့ အပြင်းပြဆုံးဆန္ဒပါပဲ။

(မင်္ဂလာတောင်ညွန့်မြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်အရွယ် မွတ်စလင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

၈.၂.၇ အလုပ်အကိုင် ရွေးချယ်မှုများတွင် ကျား၊ မ ရေးရာ စံနှုန်းများ၏ သက်ရောက်မှု

လိင်မှုဆိုင်ရာအရ သင့်လျော်သည်ဟု လူ့အဖွဲ့အစည်းကယူဆသည့် သတ်မှတ်ချက်များဖြင့် အမျိုးသမီး၊ အမျိုးသားနှစ်ဦးစလုံး၏ အလုပ်အကိုင်ရွေးချယ်မှုများကို ထိန်းချုပ်ထားပါသည်။ ဤတွေ့ရှိချက်များသည် အမျိုးသမီးနှင့်အမျိုးသားများ၏ အလုပ်အကိုင်ရွေးချယ်မှုတွင် အဓိကအရေးပါသည့် ယောကျ်ားပီသခြင်း၊ မိန်းမပီသခြင်းဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ မိသားစုတာဝန်များအပေါ် ၎င်းတို့၏ ရှုထောင့်အမြင်များ၊ ဈေးကွက်အခွင့်အလမ်းများကို ဖော်ပြထားသည့် စံနှုန်းများဆိုင်ရာ နိုင်ငံစုံလေ့လာဆန်းစစ်ချက်နှင့် အေဂျင်စီတို့၏ တွေ့ရှိချက်များကို ထင်ဟပ်စေပါသည်။ (ကမ္ဘာ့ဘဏ်၊ ၂၀၁၃)။

တန်းတူညီမျှမှုရှိအောင် အခွင့်အလမ်းရဖို့ပဲလိုတာပါ။ ဥပမာ- အမျိုးသမီးတစ်ယောက်က လေယာဉ်မှူးဖြစ်ချင်တယ်၊ မဖြစ်ချင်ဘူးဆိုတာ သူကိုယ်တိုင်ဆုံးဖြတ်ရမှာပါ။ ဒါပေမဲ့ လူ့အသိုင်းအဝိုင်းက ဒီအလုပ်ဟာ အမျိုးသားတွေနဲ့ ပိုပြီးသင့်လျော်တယ်ဆိုလို့ ကျွန်မတို့အပေါ် ခွဲခြားဆက်ဆံတာမျိုး မဖြစ်သင့်ပါဘူး။ ဒါကြောင့်ဆိုတာမျိုး မဖြစ်သင့်ပါဘူး။ တချို့အလုပ်တွေကို အမျိုးသမီးတွေလုပ်ချင်တယ်၊ မလုပ်ချင်ဘူးဆိုတာ သူတို့ကိုယ်တိုင် ဆုံးဖြတ်ခွင့်ပြုသင့်တယ်လို့ ကျွန်မထင်ပါတယ်။ ခုထိတော့ ဒီလိုမဖြစ်သေးပါဘူး။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပညာရေးကျွမ်းကျင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

အမျိုးသားများအဖို့ အဓိကဝင်ငွေရှာသူများ ဖြစ်ရမည်ဆိုသည့် ကျား၊ မ ရေးရာ စံနှုန်းများနှင့် ကိုက်ညီရန်မှာ ၎င်းတို့အနေဖြင့် လစာဝင်ငွေမြင့်မားသည့်အလုပ်များကို ရည်ရွယ်ရွေးချယ်ရမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ထိုအချက်သည် အမျိုးသားများအနေဖြင့် လူမှုရေးအရ ဂုဏ်သိက္ခာရှိသည့် အလုပ်အကိုင်တစ်ခုခုကို ကြိုးစားရှာဖွေရာတွင် အတားအဆီးတစ်ခုဖြစ်လာနိုင်သည်ဟု လေ့လာမှုတွင် ပါဝင်ဆွေးနွေးသူအချို့က မှတ်ယူကြပါသည်။

ဘွဲ့ရပြီးအလုပ်ရှာတဲ့အခါ အမျိုးသားတွေက အမျိုးသမီးတွေထက် ပိုခက်ပါတယ်။ လစာနဲ့ပတ်သက်ရင် သူတို့က ကကျီကကျောင်အရမ်းကျတယ်၊ လစာများတာကိုလိုချင်တာကိုး။ ပြီးတော့ ဘယ်အလုပ်နဲ့ ပိုပြီးသင့်လျော်တယ်၊ ဒါမှမဟုတ်ပိုလုပ်ချင်တယ်၊ လစာဘယ်လောက်ရမလဲဆိုတာတွေနဲ့ဆိုတော့ ပိုပြီးခက်ခဲတယ်။ တစ်နှစ်လောက် ရင်းနှီးမြှုပ်နှံပြီးမှ တစ်ထစ်ချင်း ဖြည်းဖြည်းချင်းတက်ရတဲ့လုပ်ငန်းမျိုးထက်စာရင် ၂ လ၊ ၃လလောက်နဲ့ ပိုက်ဆံအများကြီးရနိုင်တဲ့ ပွဲစားလိုအလုပ်မျိုး ပိုလုပ်ချင်ကြတယ်။ ဒါဟာ စီးပွားရေးအရလုပ်ပိုင်ခွင့် အာဏာ၊ ဒါမှမဟုတ် ပိုက်ဆံပိုရှာနိုင်တဲ့သူက ပိုက်ဆံနဲ့လွှမ်းမိုးချင်တဲ့အပေါ်မှာ အာရုံစိုက်လို့ ဖြစ်တာပါ။ အမျိုးသားတွေက ဝင်ငွေပိုရှာနိုင်သူတွေ ဖြစ်ဖို့လိုတယ်လို့ ကျွန်မထင်တယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ကျောင်းဆရာမတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

အမျိုးသားများ၏ အလုပ်အကိုင်ရွေးချယ်မှုများအပေါ် သက်ရောက်စေနိုင်သည့် အခြားသော ယောကျ်ားပီသမှုဆိုင်ရာစံနှုန်းများသည် ဆန့်ကျင်ဘက်လိင်အပေါ် စိတ်ဝင်စားမှုကိုဦးစားပေးသည့် စံနှုန်းနှင့် သက်ဆိုင်ပြီး ဤရှုထောင့်အားဖြင့် ယောကျ်ားပီသသည်ဟုယူဆသည့် လုပ်ရပ်များကို ပို၍တန်ဖိုးထားခြင်း ဖြစ်ပါသည်။

ကျွန်တော့်သူငယ်ချင်းတစ်ယောက်ဆိုရင် မိတ်ကပ်ဖန်တီးရှင်တစ်ယောက်ဖြစ်ချင်တာ။ သူက ဆံပင်ညှပ်ချင်တယ်၊ အဝတ်အစား ဒီဇိုင်းတွေဆွဲချင်တယ်။ သူ့မိသားစုကလုံးဝ လုပ်ခွင့်မပေးဘူး။ သူတို့အမြင်မှာ မိတ်ကပ်ပြင်ပေးတယ်ဆိုတာ အမျိုးသမီးတွေရဲ့အလုပ် ဒါမှမဟုတ် အခြောက်တွေလုပ်ရမယ့်အလုပ်လို့ ထင်ကြတယ်နဲ့တူပါတယ်။ ပြီးတော့ အမျိုးသားတစ်ယောက်က မိတ်ကပ်လိမ်းနည်း သိစရာမလိုဘူးလို့ ယူဆကြတယ်။ တကယ်စိတ်ဝင်စားဖို့ကောင်းတယ်၊ အမျိုးသားတစ်ယောက်က တခြားအမျိုးသားတစ်ယောက်ရဲ့ဆံပင်ကို ညှပ်ပေးတာ အဆင်ပြေတယ်။ အမျိုးသားတစ်ယောက်က အမျိုးသမီးတစ်ယောက်ရဲ့ ဆံပင်ကိုညှပ်ပေးတာ ဘာကြောင့်အဆင်မပြေသလဲ စဉ်းစားကြည့်စမ်းပါ။ ယောကျ်ားချင်းဆံပင်ညှပ်တော့ ပညာရှင်ဆန်တယ်၊ အဆင်ပြေတယ်၊ ယောကျ်ားလေးနဲ့သင့်လျော်တယ်လို့ မြင်တယ်။ ယောကျ်ားလေးက မိန်းကလေးကို ဆံပင်ညှပ်ပေးရင်တော့ မသင့်လျော်ဘူးလို့ မြင်ကြတယ်။

(အဓိကသတင်းအချက်အလက်ပေးနိုင်သူ ကျောင်းဆရာမတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

အမျိုးသမီးများ၏ အလုပ်အကိုင် ရွေးချယ်မှုများအပေါ် ကန့်သတ်ထားသည့် စံနှုန်းအများစုကို ခြေရာကောက်ကြည့်လျှင် အပျိုစင်ဘဝနှင့် ဣန္ဒြေရှိခြင်းတို့အပေါ်ထားသည့် တန်ဖိုးကြောင့်ဖြစ်သည်ကို တွေ့နိုင်ပါသည်။ ထို့အပြင် အမျိုးသမီးများအဖို့ ခေါင်းဆောင်မှုရာထူးများကို ရယူနိုင်ရေးတွင်လည်း ဤသည်မှာ အမျိုးသားများ၏ ခေါင်းဆောင်မှုစံနှုန်းများကို စိန်ခေါ်နေသည့်အတွက် အခက်အခဲများရှိပါသည်။ မိုးချုပ်သည်အထိ လုပ်ရသောအလုပ်များ၊ အထူးသဖြင့် အမျိုးသားများနှင့်အတူ လုပ်ရခြင်း၊ သို့မဟုတ် တစ်ယောက်တည်းခရီးသွားရခြင်း သို့မဟုတ် ဝေးလံသောဒေသတွင်တာဝန်ကျခြင်း စသည်တို့ကို ကျား၊ မ ရေးရာ စံနှုန်းများနှင့် ဆန့်ကျင်သည်ဟု ရှုမြင်ကြပြီး ထိုသို့သောအလုပ်များကို ရှောင်ကြဉ်ရန် အမျိုးသမီးများအား တိုက်တွန်းဆုံးမလေ့ရှိပါသည်။

ကျွန်တော့်မိသားစုမှာ သမီးအကြီးဆုံးက ပါမောက္ခတစ်ယောက်ပါ။ သူ့ကို ညွှန်ကြားရေးမှူးချုပ် ရာထူးကမ်းလှမ်းတယ်။ ဒါပေမဲ့ ကျွန်တော်က သူ့ကို ယောကျ်ားတွေလုပ်ရတဲ့အလုပ်မျိုး မလုပ်စေချင်ဘူး။ ညွှန်ကြားရေးမှူးချုပ်ရာထူးက အမျိုးသမီးနဲ့မသင့်လျော်ဘူး။ အချိန်ပိုအလုပ်လုပ်ရတယ်။ ပြီးတော့ သမီးကိုယ်တိုင်ကလည်း မလုပ်ချင်ဘူး။ အမျိုးသမီးအများစုရဲ့ စိတ်ထဲမှာ အမျိုးသားတွေနဲ့တန်းတူ၊ ရာထူးတူအလုပ်လုပ်ရမှာကို ကြောက်ကြတယ်။ အပြောင်းအလဲတွေက တဖြည်းဖြည်းချင်းမှပဲဖြစ်မှာပါ။”

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ယဉ်ကျေးမှုအရာရှိတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

မိုးချုပ်တဲ့အထိ ကျွန်မ အလုပ်လုပ်ရင် ‘သူ ဘာလို့ ဒီလောက် မိုးချုပ်တဲ့အထိ အလုပ်လုပ်တာလဲ’၊ ပြီးတော့ ‘သူက ဘာလုပ်တာလဲ’ ဆိုတဲ့ မေးခွန်းတွေ အမြဲမေးလေ့ရှိပါတယ်။ ပြီးတော့ ဒီလိုမေးတာ အိမ်နီးနားချင်းတွေတင်မကပါဘူး။ မိသားစုကပါ မေးပါတယ်။ မိန်းကလေးတွေ၊ အမျိုးသမီးတွေအတွက် သင့်လျော်တဲ့အလုပ်ချိန်က နံနက် ၉နာရီကနေ ညနေ ၅ နာရီ၊ ဒါမှမဟုတ် နံနက်ပိုင်း ဒီ့ထက်စောချင်စောလို့ရတယ်၊ ဒါပေမဲ့ ညနေပိုင်းတော့မိုးမချုပ်ရဘူး။ ပြီးတော့ အလုပ်ကိစ္စနဲ့ အမျိုးသမီးတစ်ယောက်တည်း ခရီးသွားတာက ပြဿနာရှိနိုင်ပါတယ်။ ဒါမျိုးက ရန်ကုန်မှာတင်မဟုတ်ပါဘူး။ နယ်တွေမှာလည်း အတူတူပဲ။ ‘ဘာ့ကြောင့်တစ်ယောက်တည်းသွားတာလဲ’၊ ‘ဘာ့ကြောင့် အဖော်မပါတာလဲ’ စသဖြင့်။ အမျိုးသမီးတွေက ဖြစ်နိုင်တဲ့အန္တရာယ်ကို နားမလည်ဘူးဆိုတဲ့ အမြင်လည်းရှိပါတယ်။ အချိန်မရွေး အန္တရာယ်ဖြစ်နိုင်တယ်လို့ ယူဆထားလည်း ဘယ်လိုပဲဖြစ်ဖြစ် အမျိုးသမီးတွေကိုပဲ အပြစ်ဖို့ကြတယ်။ ဘာလို့လဲဆိုတော့ တစ်ယောက်တည်းခရီးသွားတာကိုး (အန္တရာယ်ဖြစ်မှာပေါ့)။ တစ်ယောက်တည်းပဲသွားသွား၊ အဖော်နဲ့ပဲသွားသွား။

အမျိုးသားတွေလွှမ်းမိုးတဲ့ လူ့အဖွဲ့အစည်းမို့လို့လည်း ဖြစ်နိုင်တယ်။ ဗမာစကားပုံတစ်ခု ရှိပါတယ်။ အမျိုးသမီးနဲ့အမျိုးသားကို နှိုင်းယှဉ်တဲ့အခါ 'ဆူးပေါ်ဖက်ကျလည်း ဖက်ပေါက်တယ်၊ ဖက်ပေါ် ဆူးကျလည်း ဖက်ပဲပေါက်တယ်'[၄၅] ဆိုသလိုပါပဲ။ ဘာပဲဖြစ်ဖြစ် မိန်းကလေးဘက်ကပဲ အရှုံးပါ။ လူမှုရေးမှာလည်း ဒီလိုပဲမြင်ကြတယ်လို့ ကျွန်မထင်ပါတယ်။ အမျိုးသားတွေအဖို့ကတော့ ပြဿနာမရှိပါဘူး။ သူတို့က ကိုယ့်ကိုယ်ကိုယ်ကာကွယ်နိုင်တယ်၊ ဘာမှသိပ်တွေးစရာ မလိုဘဲ သွားချင်ရာသွားနိုင်ကြပါတယ်။ ဒါပေမဲ့ အမျိုးသမီးတွေအတွက် ကတော့ အန္တရာယ်ပိုရှိပါတယ်။ ကိုယ့်ဘက်ကမမှားရင်တောင်မှ အမျိုးသမီးဖြစ်တဲ့အတွက် လူမှုရေးအရ ဝိုင်းပယ်ခံရနိုင်ပါတယ်။ အမျိုးသမီးတစ်ယောက် အဓမ္မကျင့်ခံရတာ၊ ဒါမှမဟုတ် အရွယ် မရောက်သေးဘဲ အိမ်ထောင်ကျသွားတာ၊ မမျှော်လင့်ဘဲ ကိုယ်ဝန် ရသွားတာ စသဖြင့် တစ်ခုခုဖြစ်ပြီဆိုပါစို့။ ဒါဟာ သူ အနေအထိုင် မတတ်လို့ ဖြစ်တာလို့မြင်ကြပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ကျောင်းဆရာမတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

အများဆုံး ပြစ်တင်ကဲ့ရဲ့ခံရသောအလုပ်အကိုင်များမှာ အမျိုးသမီးများ၏ ဣန္ဒြေနှင့်သိက္ခာကို တစ်စုံတစ်ရာထိပါးစေသည်ဟု ယူဆသောအလုပ်များ ဖြစ်ပါသည်။ လေ့လာမှုတွင် ပါဝင်ဆွေးနွေးသူများ၏အဆိုအရ ယဉ်ကျေးမှု အရ အမျိုးသမီးများနှင့် မသင့်လျော်ဟုယူဆသည့် အလုပ်များကို မနှစ်မြို့ကြောင်း အပြင်းထန်ဆုံးထုတ်ဖော်ပြောဆိုကြသူများမှာ အများ အားဖြင့် အထက်တန်းလွှာများ ဖြစ်ကြပါသည်။

စားဝတ်နေရေးအရ ကာရာအိုကေဆိုင်မှာ အလုပ်လုပ်နေကြသူတွေ အကြောင်းကို ကျွန်မတို့ ကြားဖူးပါတယ်။ ငယ်ရွယ်တဲ့ မိန်းကလေးတွေ အဖို့ အဲဒီလိုနေရာတွေမှာ အလုပ်လုပ်ကြတာ သိပ်တော့မဖြစ်သင့်ပါဘူး။ ကျွန်မသာဆိုရင်တော့ ထမင်း ၃နပ်မှာ ၂ နပ်ပဲစားမယ်။ ကျွန်မတို့ရဲ့ ဂုဏ်သိက္ခာနဲ့ အကျင့်စာရိတ္တကိုမထိခိုက်တာ ပိုကောင်းပါတယ်။ ဒါပေမဲ့ ဒီလို ယဉ်ကျေးမှုတန်ဖိုးတွေကို တစ်ဦးချင်းစီက ထိန်းသိမ်းဖို့ လိုပါတယ်။ ကျွန်မတို့ မြန်မာလူမျိုးတွေက အင်မတန်ရောင့်ရဲတတ်သူ တွေပါ။ ကျွန်မတို့ရဲ့ ယဉ်ကျေးမှုကိုလည်း စောင့်ထိန်းပါတယ်။ အပျိုစင်ဘဝကိုလည်း အရမ်းတန်ဖိုးထားခဲ့ကြပါတယ်။ ဒါတွေကို အရင်တုန်းကအတိုင်း ဆက်လက်စောင့်ထိန်းသင့်ပါတယ်။ ကျွန်မအမြင် ပြောရရင် မိန်းကလေး၏တွေဟာ သူတို့ရဲ့အပျိုစင်ဘဝကို တန်ဖိုး ထားသင့်တယ်။ ပြီးတော့ ဒီအပျိုစင်ဘဝကို မင်္ဂလာဦးညအထိ ထိန်းသိမ်း ထားနိုင်ရင်တော့ အတိုင်းထက်အလွန်ပဲလို့ထင်ပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပညာရေးအရာရှိတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

စာပေနှင့် ရုပ်ရှင်တို့တွင် အထူးသဖြင့် ယဉ်ကျေးမှုစံနှုန်းများကို တစ်နည်းနည်းဖြင့် ချိုးဖောက်သည့် အမျိုးသမီးများ မည်သို့ကြုံတွေ့ ရသည်ကို ဖော်ပြသည့်အရေးအသား ဇာတ်လမ်းများကို အဖန်တလဲလဲ တွေ့နေရပါသည်။ ထိုအရေးအသားများအရ စံနှုန်းများနှင့်အညီ မနေထိုင်သည့် အမျိုးသမီးများအနေဖြင့် ဒဏ်ခတ်ခံကြရပါသည်။ အသက်မွေးဝမ်းကျောင်း ရွေးချယ်မှုများတွင်လည်း ဤသည်က ပြဿနာ ဖြစ်ပါသည်။ အောက်ပါကောက်နုတ်ချက်တွင် အမျိုးသမီးများ ယာဉ်မောင်းခြင်းကို မနှစ်မြို့ကြောင်း ထိုသို့သောဇာတ်လမ်းဖြင့် မည်သို့ ပုံဖော်ထားသည်ကို သာဓကတစ်ခုအဖြစ် တွေ့မြင်နိုင်ပါသည်။

ကျွန်တော်ကိုယ်တိုင် အမျိုးသမီးမောင်းတဲ့တက္ကစီစီးရမှာ ကြောက်တယ်။ သူတို့တွေကို နိမ့်ကျတယ်လို့ ကျွန်တော်တို့က ထင်ထားတာကိုး။ ကျွန်တော်ကတော့ အမျိုးသားယာဉ်မောင်းတွေကို ပိုသဘောကျတယ်၊ ဒါပေမဲ့ လူတွေကတော့ လက်ခံကြမှာပါ။ ကိုယ်ပိုင်ကားမောင်းတဲ့ အမျိုးသမီးတွေ ကျွန်တော်တို့တွေ့နေတာပဲ။ သူ့ယောက်ျားနေမကောင်းလို့ ယောက်ျားကိုယ်စား တက္ကစီဝင်မောင်းနေတဲ့ အမျိုးသမီးတစ်ယောက်နဲ့ ကျွန်တော်စကားပြောဖူးတယ်။ အဲဒီအမျိုးသမီးမောင်းတဲ့ ကားကို အမျိုးသားတွေ ငှားစီးတဲ့အခါ နှုတ်အားဖြင့်စော်ကားခံရတာတွေ ရှိတယ်။ ဒီတော့ အဲဒီမိန်းမလည်း ဒီအလုပ်မျိုးမလုပ်ချင်တော့ဘူး။ ဒီလိုပြဿနာတွေ ဖြစ်နေတယ်ဆိုတာ အမျိုးသမီးတွေကိုနိမ့်ကျတယ်လို့ အမျိုးသားတွေက ယူဆထားကြလို့ပါ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ယဉ်ကျေးမှုအရာရှိတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ယဉ်ကျေးမှု စံနှုန်းများ၊ လူမှုတန်ဖိုးများနှင့်အညီ အသက်မွေးဝမ်းကျောင်း ရွေးချယ်မှုများတွင် အနည်းနှင့်အများ အကန့်အသတ်ဖြင့် ဂရုတစိုက် ရွေးချယ်ရသည့် အမျိုးသမီးများ၏ ဇာတ်လမ်းများမှာ ကြားနေကျ ဖြစ်ပါသည်။

အမျိုးသမီးတွေဘက်က ကျွန်တော်စဉ်းစားကြည့်တယ်။ ကိုယ့်ကိုယ်ကို စောင့်စည်းရတယ်၊ ထိန်းချုပ်ရတယ်၊ အလုပ်အကိုင်ရွေးချယ်တဲ့အခါ ဒါမှမဟုတ် တခြားရွေးချယ်မှုတွေလုပ်ရတဲ့အခါ ယဉ်ကျေးမှုအရရော လူမှုရေးအရပါ သင့်လျော်မှာကို စဉ်းစားကြရတယ်။ ဒီလို စဉ်းစား ကြည့်ရအောင်။ မိဘဆွေမျိုးအသိုင်းအဝိုင်းက လက်ခံတဲ့အလုပ်မျိုး၊ ဒါမှမဟုတ် မေးငေါ့မခံရမယ့်၊ အထူးအဆန်း ဝိုင်းကြည့်ခံရတာမျိုး မဟုတ်တဲ့ တစ်ခုခုပေါ့။ ဘယ်ဘာသာ၊ ဘယ်ယဉ်ကျေးမှုပဲဖြစ်ဖြစ်၊ ဒါကို ကျော်လွှားနိုင်တဲ့ အမျိုးသမီးတွေရှိပါတယ်။ သာဓကတွေရှိပါတယ်။ ဒါပေမဲ့ အဲဒီလို ဖြစ်ဖို့လုပ်ရမှာရယ်၊ အကျိုးသက်ရောက်မှုရယ်၊ ဖိအားရယ်၊ ပြီးတော့ လုပ်ရမယ်အလုပ်ရယ်။ ကျွန်တော့်အထင်လွယ်တော့မလွယ်ဘူး။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ကျောင်းဆရာတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

တန်ဖိုးထားသည့် အမျိုးသမီးများ၏ အပြုအမူနောက်ခံဖြင့် ကြည့်လျှင် ဤသို့ ကိုယ့်ကိုယ်ကို စောင့်စည်းထိန်းချုပ်ရခြင်းများကို နားလည် နိုင်ပါသည်။ အထူးသဖြင့် မိသားစုအတွက် ကိုယ်တိုင်စွန့်လွှတ် အနစ်နာခံ ရသည့် အခြေအနေတွင် ဖြစ်ပါသည်။

ကျွန်မအမေက ဆရာဝန်ပါ။ ကျွန်မတို့ ၅တန်းတုန်းက အမေက ရာထူး တိုးပြီး မြို့နယ်ကျန်းမာရေးမှူးအဖြစ် တခြားမြို့နယ်ကိုပြောင်းရပါတယ်။ အဲဒီမြို့ကို မြို့နယ်ကျန်းမာရေးမှူးအဖြစ် ပြောင်းရတာပါ။ ရာထူးတိုးတာ ဆိုတော့ အမေကလည်း ဖလလောက်သွားပြီး လုပ်လိုက်သေးတယ်။ နောက်တော့ အမေက မိသားစုနဲ့သားသမီးတွေကို စောင့်ရှောက်ဖို့ အလုပ်ကနေထွက်လိုက်တယ်။ ဆိုချင်တာက သူရာထူးတိုးဖို့ နယ်ပြောင်း ရတာကို အပြစ်တစ်ခုလို အမေကခံစားရတယ်။ နောက်ဆုံးတော့ အမေအလုပ်ထွက်လိုက်တယ်။ အချုပ်ပြောချင်တာက အမေနဲ့ အဖေရဲ့ အခြေအနေပါ။ အဖေက သူ့အလုပ်သူဆက်လုပ်နိုင်တော့ ရာထူးတိုးပြီး ဦးစီးမှူးဖြစ်သွားတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီးခေါင်းဆောင် ၂ နှင့် တွေ့ဆုံမေးမြန်းခြင်း)

[၄၅]။ ဖက်ပေါ် ဆူးကျလည်း ဖက်ပေါက်တယ်၊ ဆူးပေါ် ဖက်ကျလည်း ဖက်ပေါက်တယ်။

၈.၂.၈ အမျိုးသမီးများအတွက် မမြင်နိုင်သော အတားအဆီး

မြန်မာနိုင်ငံရှိ အားအကောင်းဆုံးဖြစ်သော ကျား၊ မ ရေးရာ စံနှုန်းများထဲမှ အမျိုးသားကဦးဆောင်၍ အမျိုးသမီးက နောက်လိုက်ဖြစ်သည်ဆိုသည့် စံနှုန်း၏သက်ရောက်မှုကို လုပ်ငန်းခွင်အတွင်း ရာထူးအဆင့်ဆင့် မြင့်တက်ခြင်းတွင် ကန့်သတ်ချက်များရှိနေခြင်းက အထင်အရှား ပြသနေပါသည်။ လုပ်ငန်းခွင်အတွင်း ရာထူးအဆင့်ဆင့်မြင့်တက်ရန် နှင့် ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှုရာထူးများရရှိရန် အမျိုးသမီးများအတွက် ကန့်သတ်ချက်များရှိနေသည်ကို တွေ့မြင်ရပါသည်။ အချို့သော အလုပ်အကိုင်များနှင့် ရာထူးများ ဥပမာ- မကြာသေးမီအချိန်အထိ လေယာဉ်မှူးနှင့် စစ်ဘက်ဆိုင်ရာရာထူးအများစုကို အမျိုးသမီးများအတွက် တရားဝင် တားမြစ်ထားပါသည်။ ထို့အပြင် အမျိုးသမီးများအား ရာထူး တိုးပေးခြင်းနှင့်စပ်လျဉ်း၍ တရားဝင်ကန့်သတ်ချက်များ မရှိသည့်တိုင် အမျိုးသမီးများအနေဖြင့် အခွင့်အလမ်းများအတွက် ဆက်လက်ရုန်းကန် နေရသည့် နယ်ပယ်များစွာရှိနေဆဲဖြစ်ပါသည်။ ဤသို့ အဆင့်မြင့် ရာထူးတာဝန်များမရနိုင်ခြင်းကို 'အမျိုးသမီးများအတွက် မမြင်နိုင်သော အတားအဆီးများ'ဟု ခေါ်ဆိုကြပါသည်။ နိုင်ငံရေးနယ်ပယ်နှင့် ပြည်သူ့ ဝန်ထမ်းကဏ္ဍများသာမက ပုဂ္ဂလိကကုမ္ပဏီများ၊ အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့်ပါ ဆက်စပ်နေသည့် ၎င်း၏ကျိုးဆက်များကို လေ့လာမှုတွင်ပါဝင်သူများက ဆွေးနွေးခဲ့ကြပါသည်။

အမှန်အတိုင်းပြောရမယ်ဆိုရင် လုပ်ငန်းခွင်မှာ အမျိုးသမီးတွေအနေနဲ့ ဆုံးဖြတ်နိုင်တဲ့ အနေအထားရောက်ဖို့ဆိုတာ မလွယ်သေးပါဘူး။ လူမှု အသိုင်းအဝိုင်းမှာဆိုရင် ပိုခက်ပါတယ်။ ပတ်ဝန်းကျင်ရဲ့ သက်ရောက်မှုက ဥပဒေရဲ့ သက်ရောက်မှုထက် ပိုကြီးပါတယ်။ ဥပဒေနဲ့ပတ်သက်ရင် ကျွန်မမှာ သာဓကတချို့ရှိပါတယ်။ အမျိုးသမီးတွေကို လွှတ်တော်အမတ် မဖြစ်ရဘူးလို့ ဥပဒေမှာတားမြစ်မထားပါဘူး။ ဒါပေမဲ့ အမျိုးသမီးတွေ အပေါ်မှာ လူမှုဝန်းကျင်ရဲ့သက်ရောက်မှုက ဥပဒေထက်ပိုဆိုးပါတယ်။ ဥပမာ- စကားပုံတစ်ခုရှိတယ်။ 'မိန်းမတစ်ယောက်ကြောင့် တိုင်းပြည် ပျက်နိုင်တယ်'တဲ့။ ယှဉ်ကြည့်ရင် ဥပဒေအရ ခွဲခြားဆက်ဆံတာထက် လူမှုရေးအရခွဲခြားဆက်ဆံတာက ပိုဆိုးပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အမျိုးသမီးစာရေးဆရာမတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

သူတို့က ကျွန်မတို့ကို အမြဲတမ်းဘာပြောလဲသိလား။ ကိုယ့်အစွမ်းအစ နဲ့ ထိုက်တန်တဲ့နေရာယူပါ၊ ကြိုဆိုပါတယ်လို့ သူတို့က ကျွန်မတို့ကို ပြောတယ်။ ဒါပေမဲ့ လွှတ်တော်ထဲမှာ အစွမ်းအစမရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်တွေ အများကြီးပါ။ သူတို့ရဲ့အရည်အချင်းနဲ့ ပတ်သက်ပြီး ဘယ်သူကမှ ဘာမှမေးခွန်းမထုတ်ကြပါဘူး။ ကျွန်မ ပြောချင်တာက ကိုယ့်မှာအရည်အချင်းမရှိရင်၊ ကိုယ်နဲ့ မထိုက်တန်ရင် ကျွန်မတို့ဆို အဲဒီရာထူးကိုယူမှာမဟုတ်ဘူး။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ မွန်၊ ဗမာ အမျိုးသမီးခေါင်းဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ပုဂ္ဂလိကကဏ္ဍတွင် အမျိုးသမီးများအတွက် မမြင်နိုင်သည့်အတားအဆီးများ ရှိနေခြင်းနှင့်စပ်လျဉ်း၍ အမျိုးသားက အိမ်ထောင်ဦးစီးဖြစ်ခြင်းနှင့် အမျိုးသမီးများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာအားနည်းချက်များ ရှိသည် စသည့်စံနှုန်းများသည် အမျိုးသမီးများ၏ ဦးဆောင်မှုတွင် အတားအဆီးဖြစ်စေသည်ဟု ဆိုကြပါသည်။ အမျိုးသမီးများတွင် အလွန် အားကောင်းသည့် အတွေ့အကြုံများရှိနေသည့်တိုင် ကျား၊ မ ရေးရာ စံနှုန်းများက ပို၍ အားကောင်းနေသည့်အတွက် အမျိုးသမီးများ၏ အခွင့်အလမ်းများ ဆက်လက်ကန့်သတ်ခံနေရခြင်း ဖြစ်ပါသည်။

အမျိုးသမီးတွေက အားနွဲ့တယ်လို့ လူတွေကထင်ကြတယ်။ ကျွန်မတို့က သိပ်ပြီးစိတ်မခိုင်ဘူး။ အတွေ့အကြုံအများကြီးရှိတဲ့ အမျိုးသမီးတွေတောင် ကုမ္ပဏီတစ်ခုကိုဦးဆောင်ဖို့ တူညီတဲ့အခွင့်အရေး မရကြပါဘူး။ အမျိုးသားတွေက ဦးဆောင်တဲ့နေရာမှာအမြဲရှိကြတယ်။ ကုမ္ပဏီတွေကို ကြည့်လိုက်ရင် အမျိုးသားတွေက အမြင့်ဆုံးရာထူးတွေရကြတယ်။ အမျိုးသမီးတွေကို ဒုတိယတန်းမှာပဲထားတာ တွေ့ရပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အလှမယ်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

ကျွန်မသိချင်တာတစ်ခုက နိုင်ငံအတော်များများရဲ့ စီးပွားရေးကဏ္ဍ အကြီးတန်းရာထူးတွေမှာ ဘာကြောင့်အမျိုးသားတွေက အမြင့်ဆုံး ရာထူးတွေ ရနေကြတာလဲ။ အမျိုးသမီးတွေဟာ အရောင်းအဝယ်တွေ၊ စေ့စပ်ညှိနှိုင်းတာတွေမှာ ကျွမ်းကျင်ကြပါတယ်။ ဈေးမှာဆို အမျိုးသမီးတွေဟာ အသေးစားကုန်သည်တွေပါပဲ။ ငွေကြေးလဲလှယ်မှု၊ ငွေကြေးရဲ့တန်ဖိုးနဲ့ ငွေကြေးကို ဘယ်လို ရေရှည်ထိန်းသိမ်းရမယ်ဆိုတာ သူတို့ ကောင်းကောင်းသိပါတယ်။ ကုန်စည်တွေကို ဝယ်သူကိုရောင်းမယ်၊ ဒါကို လက်ကားဝယ်မယ်၊ ပြီးတော့ လက်လီပြန်ရောင်းမယ်။ အသေးစားနဲ့ အကြီးစား အရောင်းအဝယ်လုပ်တာ မတူပါဘူး။ ယဉ်ကျေးမှုအရ ခွဲခြား ဆက်ဆံမှုတွေနဲ့ အစဉ်အလာယဉ်ကျေးမှုတွေကြောင့် အမျိုးသားတွေကို အဓိက ဝင်ငွေရှာဖွေသူတွေလို့ ထင်နေကြတာပါ။ ဒါကြောင့် အမျိုးသားတွေက ဦးဆောင်မှုအပိုင်းမှာ ရှိနေတာပါ။ ဒါကြောင့်လည်း ဒီကိစ္စနဲ့ပတ်သက်ပြီး ဆင်ခြေတွေ အများကြီးရှိနေပါလိမ့်မယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အမျိုးသမီးသတင်းထောက်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

မွေးရပ်မြေနှင့် ဝေးကွာသော နေရာဒေသများတွင် မကြာခဏ ပြောင်းရွှေ့ တာဝန်ဆောင်ရွက်ရသည့် အစိုးရဌာနဆိုင်ရာ ရာထူးများနှင့် စပ်လျဉ်း၍ အမျိုးသမီးများအတွက် သွားလာနိုင်မှုကို တားမြစ်ကန့်သတ်ထားသည့် စံနှုန်းများသည် (ဂုဏ်သိက္ခာ၊ ဗြဟ္မစရိယနှင့် အပျိုရည်ထိန်းသိမ်းမှုစံနှုန်း များ၏ အပြန်အလှန်ဆက်နွယ်နေပြီး) အဓိကအခန်းကဏ္ဍတွင်ရှိနေပါသည်။ အမျိုးသမီးများအနေဖြင့် အစိုးရဌာနများတွင် အမျိုးသားများနှင့် တန်းတူ မြင့်မားသော ရာထူးအဆင့်များ မရနိုင်ကြောင်း အကြောင်းပြချက်များ ပေးရာတွင် ဤစံနှုန်းများကို ကိုးကားလေ့ရှိကြပါသည်။

အလုပ်အကိုင်အတော်များများမှာ ကျား၊ မ ရေးရာအပေါ် အခြေခံပြီး ဘက်လိုက်တာ အများကြီးရှိပါတယ်။ ပညာရေးကဏ္ဍမှာ အမျိုးသမီးတွေ အများကြီးရှိပါတယ်။ ဒါပေမဲ့ အများစုက သင်ကြားရေးပိုင်းမှာပဲနေရတယ်၊ အုပ်ချုပ်ရေးနဲ့ စီမံခန့်ခွဲရေးပိုင်းရာထူးတွေ မရကြပါဘူး။ ပညာရေးကဏ္ဍ မှာ အမျိုးသမီးတွေကို ညွှန်ကြားရေးမှူးအဆင့်အထိ ရာထူးပေးတာ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကမှ စတယ်လို့ထင်ပါတယ်။ ဒါကြောင့် အရမ်းနည်းပါတယ်။ အခြေခံပညာအဆင့်မှာ လက်ထောက်မြို့နယ် ပညာရေးမှူးစုစုပေါင်း ၇၀၀ လောက် ရှိမယ်ထင်တယ်။ အဲဒီမှာ အမျိုးသမီးတစ်ယောက်မှမရှိပါဘူး။ သူတို့ပေးတဲ့ အကြောင်းပြချက်က ဒီရာထူးယူရင် ခရီးအရမ်းသွားရတယ်၊ ပြီးတော့ အမျိုးသမီးတွေက ခရီးခဏခဏသွားဖို့ အခက်အခဲရှိတယ်လို့ဆိုတယ်။ ဒါဟာ လက်ခံနိုင် လောက်တဲ့ အဖြေမဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ ရန်ကုန်နဲ့မန္တလေးလို မြို့ကြီးတွေမှာ ခရီးသွားရတာသိပ်မခက်ပါဘူး။ အတွေ့အကြုံရှိတဲ့

အမျိုးသမီးတွေ အများကြီးရှိပါတယ်။ ဒါပေမဲ့ သူတို့က အမျိုးသမီးတွေကို ဘယ်တော့မှထည့်မစဉ်းစားကြဘူး။ လွန်ခဲ့တဲ့ အနှစ် ၂၀ကျော်တုန်းက ဒီရာထူးကိုလာလျှောက်တဲ့ အမျိုးသမီးတစ်ယောက်ရှိခဲ့ဖူးတယ်၊ လက်ထောက်မြို့နယ်ပညာရေးမှူး အမျိုးသမီးတစ်ယောက် ရှိခဲ့တယ်။ အဲဒီနောက်ပိုင်း ဒီရာထူးကို အမျိုးသမီးတွေကိုမပေးတော့ဘူး။ အစိုးရဌာနတွေမှာ ဩဇာအာဏာရှိတဲ့ ရာထူးတွေကို အဓိကယူထားတာ အမျိုးသားတွေချည်းပဲ။ နိုင်ငံတကာ ဖိအားတွေကြောင့်သာ အခုဆိုရင် အမျိုးသမီးဝန်ကြီးတစ်ယောက်နဲ့ ဒုဝန်ကြီးတချို့ ရှိလာတယ်လို့ ထင်ပါတယ်။ လွှတ်တော်ထဲကိုကြည့်လိုက်ရင် အမတ် ၆၀၀ကျော်မှာ အမျိုးသမီးက ၃၀ လောက်ပဲ ပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပညာရေးကျွမ်းကျင်သူတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ရာထူးကြီးကြီးရထားသည့် အမျိုးသမီးများပင် ကျား၊ မ ရေးရာ နှင့် ခေါင်းဆောင်မှုဆိုင်ရာ စံနှုန်းများ၏အရေးပါမှုကို အထူးသတိရှိကြပါသည်။ လုပ်ငန်းခွင်တွင် ကျား၊ မ ရေးရာ ဆက်ဆံရေး မထိခိုက်စေရန် ထိုစံနှုန်းများကို မည်သို့ဆက်လက်လိုက်နာရသည်ကို ၎င်းတို့က ပြောပြကြပါသည်။

ရပ်ရွာအဆင့်မှာရော ပညာတတ် အသိုင်းအဝိုင်းမှာပါ အမျိုးသမီးတွေရဲ့ ဦးဆောင်မှုကိုအသိအမှတ်ပြုတဲ့ အလေ့အထရှိဖို့လိုပါတယ်။ အမျိုးသားတွေကလည်း အမျိုးသမီးတွေရဲ့ အားနည်းချက်၊ အားသာချက်တွေကို အသိအမှတ်ပြုရမယ်။ အမျိုးသမီးဦးဆောင်မှုနဲ့ပတ်သက်ပြီး အသိအမြင်ဖွင့်ရေးကို အမျိုးသားတွေကြားမှာ မြှင့်တင်ပေးဖို့လိုပါတယ်။ ပညာတတ်အသိုင်းအဝိုင်းမှာတောင် အမျိုးသားတွေဟာအမျိုးသမီးတွေရဲ့ ဦးဆောင်မှုအောက်မှာမလုပ်ချင်ကြပါဘူး။ အမျိုးသမီးခေါင်းဆောင်တစ်ယောက်အနေနဲ့ အမျိုးသမီးဦးဆောင်မှုကြောင့် အမျိုးသားတွေနိမ့်ကျတယ်လို့ မထင်အောင် ဘယ်လိုလုပ်ရမလဲဆိုတာ ကျွန်မထည့်စဉ်းစားရပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အသက်မွေးဝမ်းကျောင်းပညာရှင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

အမျိုးသမီးများ၏ ဦးဆောင်မှုကိုတွန်းလှန်ခြင်းသည် ကွယ်ပျောက်သွားရန် မလွယ်ကူပါ။ အမျိုးသမီးခေါင်းဆောင်များကို တတ်နိုင်သမျှမရွေးချယ်ရန် သို့မဟုတ် အမျိုးသမီးတို့တွင် အခွင့်အရေးများဆုံးရှုံးနေကြောင်းကို သိမြင်နေသည့် အမျိုးသမီးခေါင်းဆောင်များအား တတ်နိုင်သမျှမရွေးချယ်ရန် မဟာဗျူဟာများရှိနေကြောင်းကို လေ့လာမှုတွင် ပါဝင်သူများက ပြောပြကြပါသည်။

တချို့အဖွဲ့အစည်းတွေမှာ ခေါင်းဆောင်မှုအရည်အသွေး၊ ဒါမှမဟုတ် ခေါင်းဆောင်နိုင်တဲ့ အရည်အချင်းရှိတဲ့ အမျိုးသမီးတွေကို အဖွဲ့ဝင်အဖြစ် သိပ်မရွေးချယ်ကြဘူး။ နောက်လိုက်ကောင်းဖြစ်တဲ့ အမျိုးသမီးတွေကို အဆင့်မြင့်ရာထူးတွေအတွက် အနည်းနဲ့အများဆိုသလို အမျိုးသားတွေက ရွေးချယ်ကြပါတယ်။ အကြောင်းကတော့ သူတို့လုပ်ချင်တဲ့အရာတွေအတွက် အကူအညီရအောင် သွယ်ဝိုက်တဲ့နည်းနဲ့ ကြိုးစားတာလို့ ကျွန်မထင်ပါတယ်။ ခေါင်းဆောင်မှုအရည်အသွေးနဲ့ အစွမ်းအစရှိတဲ့ အမျိုးသမီးတွေ အများကြီးရှိတယ်လို့ ကျွန်မတစ်ခါတလေတွေးမိတယ်။ ဒါပေမဲ့ အမျိုးသားအများစုကြားမှာ ဘာမှမပြောနိုင်ကြတော့ဘူး။ ဒါဟာ ဒီနိုင်ငံမှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပညာရေးကျွမ်းကျင်သူတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

အမျိုးသမီးများ ဦးဆောင်မှုရာထူးများရရှိရေး အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ လေ့လာမှုတွင်ပါဝင်သည့် ပညာရှင်အဆင့်တွင် အလုပ်လုပ်နေကြသူများနှင့် ဆွေးနွေးရာတွင် အမျိုးသမီးများ၏အခွင့်အလမ်းများအပေါ် လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းများ၏ အနုတ်သဘောသက်ရောက်မှုများသည် အဓိက အကြောင်းတရားဖြစ်သည်ဟု ဆိုပါသည်။ သို့ရာတွင် အမျိုးသားများထက် အမျိုးသမီးများအတွက် စံနှုန်းမြင့်မြင့် ပိုထားလိုကြောင်းလည်း ဤဆွေးနွေးမှုများတွင် တွေ့ရှိရပါသည်။ အမျိုးသမီးများသည် အပြုအမူအားဖြင့် အပြစ်ကင်းရမည်ဖြစ်သော်လည်း အမျိုးသားများ၏ စာရိတ္တနှင့် အရည်အသွေးများအပေါ် မေးခွန်းထုတ်လေ့မရှိကြပါ။

အမျိုးသားတွေက အမျိုးသမီးတွေနဲ့ တန်းတူမလုပ်ချင်ကြပေမယ့် ရွေးချယ်စရာမရှိတော့ အတူအလုပ်လုပ်ကြရတာပါပဲ။ အမျိုးသားတွေကို ဩဇာပိုရှိတယ်၊ ဘုန်းရှိတယ်လို့ ယူဆထားကြတဲ့အတွက် မိသားစုမှာ သူတို့ကပဲ ဦးဆောင်လေ့ရှိကြတယ်။ ဒါပေမဲ့ တချို့လုပ်ငန်းခွင်တွေမှာ အမျိုးသမီးတွေက ရာထူးပိုမြင့်နေတော့ အမျိုးသားတွေဟာ ကံပဲလေဆိုပြီး ဒီအခြေအနေကို လက်ခံကြရတယ်။ လက်လည်း လက်ခံသင့်ပါတယ်၊ တကယ်လို့ အမျိုးသမီးတွေမှာ အရည်အချင်းရှိတယ်၊ စာရိတ္တအားဖြင့် လေးစားလောက်တယ်၊ အပြစ်ကင်းတယ်ဆိုရင် အမျိုးသားတွေအနေနဲ့ ဒီအခြေအနေကို လက်ခံရမှာပဲ။ ခွဲခြားမှုမရှိဘဲ အမျိုးသားနဲ့ အမျိုးသမီး အတူတကွ တန်းတူအလုပ်လုပ်သင့်ပါတယ်။ ဒါဟာရှိသင့်တဲ့ စည်းမျဉ်းဖြစ်ပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပညာရေးအရာရှိတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

၈.၂.၄ အမျိုးသမီးများ၏ အလုပ်အကိုင် အခွင့်အလမ်းများသည် လွတ်လပ်ခွင့်လား

လခစားအလုပ်လုပ်ကိုင်ခွင့်ရခြင်းနှင့် အမျိုးသမီးများလွတ်လပ်ခွင့် တို့အကြား ဆက်နွယ်မှုရှိသည်ဟု ယူဆကြပါသည် (Kabeer2000 Pearson2007)။ အလုပ်လုပ်ကိုင်ခွင့်ရခြင်းနှင့် ပြင်ပဝင်ငွေ ရရှိခြင်းသည် အိမ်ထောင်စုအတွင်းနှင့် လူ့အဖွဲ့အစည်းနှစ်မျိုးလုံးရှိ အမျိုးသမီးများ၏ လူမှုအဆင့်အတန်းအပေါ် ထင်ထင်ရှားရှား သက်ရောက်မှုရှိသည်ဟု Sen(1999)က အခိုင်အမာ ပြောကြားထားပါသည်။ အမျိုးသမီးများ လုပ်ငန်းခွင်အဝန်းအဝိုင်းတွင် ပါဝင်ခွင့်မရခြင်းသည် အမျိုးသမီးများ၏ လွတ်လပ်ခွင့်ကို ကန့်သတ်ခြင်းဖြစ်သည်ဟု ပညာရှင်အများစုက သဘောတူခဲ့ကြသော်လည်း အခြားပညာရှင်အများအပြားက အလုပ်အကိုင်သည် လွတ်လပ်ခွင့်ကိုဦးတည်သည်ဆိုသည့် ယူဆချက်အပေါ် သတိထားကြရန်လည်း ထောက်ပြကြပါသည် (Elson 1999၊ Ghosh 1999၊ Koggel 2003, Pearson 2007)။ ၎င်းတို့အစား နေရာအသီးသီးတွင် အမျိုးသမီးများ ဝင်ရောက်လုပ်ကိုင်နိုင်မည့် နည်းလမ်းများနှင့်အခြေအနေများကို အလေးအနက်အကဲဖြတ် ဆန်းစစ်ရန် လိုအပ်သည်ဟု ပညာရှင်များကအကြံပြုထားပါသည်။ သို့ဖြစ်၍ အလုပ်လုပ်ကိုင်ခြင်း၏ အကျိုးဆက်များကို နောက်ခံအခြေအနေအလိုက် ချဉ်းကပ်လေ့လာရမည်ဖြစ်ပါသည်။ (Franck2012)[၄၆]

မြန်မာနိုင်ငံအနေဖြင့် အထူးစီးပွားရေးဇုန်များအား မြှင့်တင်ခြင်းဖြင့် ပိုကုန်အခြေပြု ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ် ရောက်ရှိနိုင်မည့် အလားအလာများစွာ ရှိနေပါသည်။ မကြာသေးမီက စီးပွားရေးနှင့် ကုန်သွယ်ရေး ပိတ်ဆို့မှုများကို ပယ်ဖျက်လိုက်ခြင်းနှင့်အတူ နိုင်ငံခြား

၄၆။ နောက်ဆက်တွဲ(၂)ပါ ဖြစ်စဉ်လေ့လာချက် ၄ တွင် ရန်ကုန်မြို့ဆင်ခြေဖုံးဒေသများမှ အမျိုးသမီးစက်ရုံအလုပ်သမများအကြောင်းကို ဆွေးနွေးတင်ပြထားပြီး၊ ဖြစ်စဉ်လေ့လာချက် ၅ တွင် ကိုယ်ထူကိုယ်ထ အမျိုးသမီးစွန့်ဦးတီထွင်သူတစ်ဦး၏ဖြစ်စဉ်ကို ဖော်ပြထားပါသည်။

ရင်းနှီးမြှုပ်နှံမှု ဥပဒေ(၂၀၁၂)ကို အတည်ပြုလိုက်ခြင်းသည် နိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှုကို အများအပြားတိုးတက်လာစေပါသည်။ အရှေ့တောင်အာရှဒေသတွင်းရှိ အခြားနိုင်ငံများ၏အတွေ့အကြုံများမှတစ်ဆင့် ပို့ကုန်အခြေပြုစနစ်၏ ကနဦးအဆင့်များတွင် အမျိုးသမီးလုပ်သားအင်အား ပိုမိုပါဝင်လာစေမည်ဖြစ်ပါသည် (Caraway2007)။ သို့ရာတွင် အမျိုးသမီးအေဂျင်စီများအတွက် အကျိုးရှိစေမည်လား၊ အလျှော့အတင်း ညှိနှိုင်းနိုင်သည့် ပါဝါပိုမိုရရှိလာမည်လား သို့တည်းမဟုတ် ကျား၊ မ ရေးရာ တန်းတူညီမျှရေး လှုပ်ရှားမှုများ ပိုမိုကျယ်ပြန့်လာမည်လား ဆိုသည်တို့နှင့် စပ်လျဉ်း၍ အချေအတင် ငြင်းခုံမှုအများအပြားရှိနေပါသည်။

အနိမ့်ဆုံးအလုပ်အကိုင်အခြေအနေ၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ ကျား၊ မ ရေးရာ တန်းတူညီမျှရေးတို့ အပါအဝင် အမျိုးသမီးများ၊ လုပ်အားဈေးကွက် စသည်တို့နှင့် စပ်လျဉ်းသည့် အဓိက ဥပဒေပြုရေးနယ်ပယ်အများအပြားသည် ဆိုင်းငံ့နေဆဲဖြစ်ပါသည်။ ILO(မြန်မာ) က ဖော်ပြပါဖွံ့ဖြိုးမှုကဏ္ဍ ၃ခုဖြစ်သည့် ခရီးသွားလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းနှင့် ငါးဖမ်းလုပ်ငန်းများအနက်မှ ကဏ္ဍ ၂ ခုတွင် ပြည်ပမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် စပ်လျဉ်းသည့် အလုပ်အကိုင်အခွင့်အလမ်းများနှင့် သင့်တင့်သော အလုပ်အကိုင်အခြေအနေများ ဖန်တီးရေးတွင် ကြုံတွေ့ရသည့်စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်အတွက် အစိုးရနှင့် လက်တွဲဆောင်ရွက်ရန် အစီအစဉ်များ ချမှတ်ထားပြီး ဖြစ်ပါသည်။ (ILO၊ ၂၀၁၂)။ ထို့အပြင် အလုပ်ရှင်နှင့် အလုပ်သမားကြား စေ့စပ်ညှိနှိုင်းခြင်းနှင့် အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းရေးတို့နှင့်စပ်လျဉ်း၍ မကြာသေးမီနှစ်များအတွင်း အရေးပါသော ဖွံ့ဖြိုးမှုနှစ်ရပ် ပေါ်ပေါက်လာခဲ့ပါသည်။ ပထမတစ်ခုမှာ အလုပ်သမားသမဂ္ဂများ တရားဝင်ဖွဲ့စည်းခွင့်ပြုသည့် အလုပ်သမားအဖွဲ့အစည်းများ ဥပဒေ(၂၀၁၁)ကို အတည်ပြုခြင်းနှင့် ဒုတိယတစ်ခုမှာ အလုပ်သမားအငြင်းပွားမှုများ ဖြေရှင်းရေးဥပဒေ (၂၀၁၂) ကို အတည်ပြုခြင်းတို့ဖြစ်ပါသည်။ ဤဖွံ့ဖြိုးမှုများသည် မြန်မာနိုင်ငံရှိ အလုပ်သမား ဈေးကွက်ဆက်ဆံရေးများ ပုံမှန်ပြန်လည်ဖြစ်စေရေးတွင် အဓိကခြေလှမ်းနှစ်ရပ်ဖြစ်ခဲ့ပြီး၊ ဥပဒေများနှင့် ၎င်းတို့အား အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်းသည့် အဓိကအားနည်းချက်များကို သတ်မှတ်ဖော်ထုတ်နိုင်ခဲ့ပါသည်။ အရေးပါသည့် ထည့်သွင်းစဉ်းစားချက်များတွင် အလုပ်သမားများအတွက် လုံလောက်သည့် ကာကွယ်စောင့်ရှောက်မှုမရှိခြင်း၊ အလုပ်ရှင်ကိုယ်စားလှယ်များဘက်မှ စိတ်ဝင်စားမှုနည်းပါးခြင်း၊ ၎င်းတို့၏ အခွင့်အရေးများကို တောင်းဆိုကြသည့် အလုပ်သမားများအား ပြစ်ဒဏ်ပေးခြင်းနှင့်ဖမ်းဆီးခြင်း (ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဥပဒေအရ) နှင့် အလုပ်သမားသမဂ္ဂများ၏ စွမ်းဆောင်နိုင်မှုနှင့် ရန်ပုံငွေမလုံလောက်ခြင်းတို့ ပါဝင်ပါသည်။ (ILO 2013၊   Forum Asia2013)

အမျိုးသမီးနှင့် အမျိုးသားများအတွက် သင့်လျော်သောအလုပ်အကိုင်ဆိုင်ရာ ကျား၊ မ ရေးရာ စံနှုန်းများသည် မြန်မာ့လူ့အဖွဲ့အစည်း၏ အားကောင်းသော လက္ခဏာတစ်ရပ်ဖြစ်သည့် အသက်အပိုင်းအခြားအလိုက် ခွဲခြားဆက်ဆံခြင်းနှင့် ပို၍ပင် ခိုင်မာအားကောင်းစွာ ဆက်စပ်နေပါသည်။ ငယ်ရွယ်သော မိန်းကလေးအများအပြားသည် မိသားစုဝင်ငွေကို ကူညီရှာဖွေရမည့်တာဝန်ရှိသည်ဟု ယူဆသည့်အတွက် ကျောင်းထွက်ကြပါသည်။ (လာမည့်အခန်းတွင် ထပ်မံဆွေးနွေးထားပါသည်)။ လေ့လာမှုတွင်ပါဝင်သူများ၏ ဆွေးနွေးချက်အရ မိန်းကလေးများနှင့် ငယ်ရွယ်သူအမျိုးသမီးများအတွက် အများဆုံးအလုပ်အကိုင်အခွင့်အလမ်းများမှာ စက်ရုံအလုပ်၊ အိမ်မှုအလုပ်နှင့် ကာရာအိုကေဆိုင်များတွင် ဖြစ်ပါသည်။ ဤအခြေအနေများအားလုံးတွင် ငယ်ရွယ်ခြင်းနှင့် အမျိုးသမီးဖြစ်ခြင်းသည် ခေါင်းပုံဖြတ်ခံရသည့် အန္တရာယ်နှင့် ပိုမိုကြုံတွေ့ရစေပါသည်။ မိသားစုဝင်ငွေ ကူညီရှာဖွေရခြင်းသည် အလွန်အရေးပါသည့် အခြေအနေဖြစ်သော်လည်း အများအပြားပေးဆပ်ရပါသည်။ အလုပ်အကိုင်စာချုပ်မရှိခြင်း၊ လုပ်ခလစာ အပြည့်အဝမရရှိခြင်း၊ လိင်မှုဆိုင်ရာအမြတ်ထုတ်ခြင်း၊ မတော်မတရားပြုခြင်း၊ လိင်မှုဆိုင်ရာ ထိပါးစော်ကားခြင်းများအပြင် အခြားပြဿနာများကိုပါ ကြုံတွေ့ရကြောင်း ထိုလုပ်ငန်းခွင်များအကြောင်း ထဲထဲဝင်ဝင်သိထားကြသည့် လေ့လာမှုတွင်ပါဝင်သူများက ဆွေးနွေးပြောပြကြပါသည်။ ထိုတွေ့ရှိချက်များသည် ၂၀၀၃ ခုနှစ်က ရန်ကုန်မြို့ဆင်ခြေဖုံးဒေသများရှိ စက်ရုံအလုပ်သမများအား လေ့လာရာတွင် ရရှိသော တွေ့ရှိချက်များကို ရောင်ပြန်ဟပ်နေပြီး ထိုအခြေအနေများမှာ တိုးတက်မှုမရှိသလောက်ဖြစ်သည်ကို ညွှန်ပြနေပါသည်။ သို့ရာတွင် ထိုလေ့လာမှုတွင်ပင် အတွေ့အကြုံအသစ်များရရှိခြင်းနှင့် အသိအမြင်ကျယ်လာခြင်း၊ ပင်ပန်းခက်ခဲသောစိုက်ပျိုးရေးလုပ်ငန်းမှ လွတ်မြောက်လိုခြင်း၊ မြို့ပေါ်တွင်အလုပ်လုပ်ခြင်းအားဖြင့် ဂုဏ်ရှိခြင်း၊ မိဘများနှင့် လူကြီးသူမများ၏ ထိန်းချုပ်မှုအောက်မှ လွတ်မြောက်လိုခြင်း၊ တစ်ကိုယ်ရေ လွတ်လပ်ခွင့်ရရှိခြင်းတို့ အပါအဝင် ကျေးလက်မှမြို့ပြသို့ ပြောင်းရွှေ့ခြင်းဆိုင်ရာ စီးပွားရေးနှင့်မသက်ဆိုင်သော အကြောင်းတရားများကို နားလည်သဘောပေါက်ရန် အရေးကြီးကြောင်းလည်း ထောက်ပြထားပါသည်။ (Chaw 2003)

ကျောင်းထွက်ထားတဲ့ မိန်းကလေးတချို့က စက်ရုံမှာအလုပ်လုပ်ကြတယ်။ သူတို့ကိုလက်မခံရင် တခြားလူတွေရဲ့ မှတ်ပုံတင်ကတ်ပြားကိုသုံးပြီး ဖိနပ်ချုပ်စက်ရုံ၊ အထည်စက်ရုံလိုမျိုး စက်ရုံတွေမှာအလုပ်လုပ်ကြတယ်။ သူတို့ရဲ့ အစ်မတွေရဲ့အဆက်အသွယ်နဲ့ အလုပ်လုပ်ကြရတယ်။ အသေးစားစားသောက်ကုန် လုပ်ငန်းတွေမှာလည်း အလုပ်လုပ်ကြတယ်။ စက်ရုံအလုပ်သမားအများစုက မိန်းကလေးတွေပဲ။ နေ့စားအလုပ်သမားတွေပေါ့။ ကလေးသာသာ မိန်းကလေးတွေဆိုတော့ လုပ်ခအပြည့်မရကြပါဘူး။ တခြားအလုပ်တွေက ကာရာအိုကေဆိုင်မှာလုပ်ရတာပါ။ ကလေးသူငယ်ပြည့်တန်ဆာလိုမျိုးပြဿနာတွေလည်း အများကြီးရှိပါတယ်။ တချို့ကလေးတွေက ဒီအလုပ်ကိုမလုပ်ချင်ကြပါဘူး။ တချို့မိန်းကလေးတွေဆိုရင် သူတို့ခေါင်းပုံဖြတ်ခံနေရတယ်ဆိုတာတောင် မသိကြပါဘူး။ ပြီးတော့ ပြည့်တန်ဆာအလုပ်လုပ်နေတာ ရပ်ရွာအသိုင်းအဝိုင်းက သိသွားရင်လည်း သူတို့မှာခွဲခြားဆက်ဆံတာ ခံကြရသေးတယ်။ တကယ်တော့ပွဲစားတွေက အပျိုစင်မိန်းကလေးတွေကို ရှာကြတယ်။ မိသားစုကအရမ်းဆင်းရဲတာကို ပွဲစားကသိသွားရင် အိမ်ကို မကြာမကြာသွားလည်ပြီး သမီးကိုပြည့်တန်ဆာလုပ်ခိုင်းဖို့ အမေကိုစည်းရုံးတယ်။ ဒါပေမဲ့ မိန်းကလေးတွေက ပိုက်ဆံအပြည့်အဝမရကြဘူး။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အရွယ်မရောက်သေးသည့် မိန်းကလေးများဆိုင်ရာ ကျွမ်းကျင်သူတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

အိမ်မှုအလုပ်များနှင့်စပ်လျဉ်း၍ ကျား၊ မ ရေးရာနှင့် အသက်အပိုင်းအခြား အလိုက် ခွဲခြားဆက်ဆံခြင်းတို့ကြောင့် အသက်အရွယ်ကြီးသော အိမ်အကူများထက် လုပ်ခနည်းသော အရွယ်မရောက်သေးသည့် မိန်းကလေးများကို ပိုမိုနှစ်သက်လာကြပါသည်။ ယဉ်ကျေးမှုစံနှုန်းများ၊ စီးပွားရေးလိုအပ်ချက်နှင့် ငယ်ရွယ်သည့်မိန်းကလေးများအား ဥပဒေကြောင်းအရ အကာအကွယ်ပေးခြင်းဆိုင်ရာ အားနည်းချက်တို့ ပေါင်းဆုံသည့်အခါ အလုပ်သမားအခွင့်အရေးများ၊ ပညာရေး၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုဖူလုံရေး ရှုထောင့်တို့မှကြည့်လျှင် ဒုက္ခရောက်စေသော အခြေအနေများကို ဖြစ်စေပါသည်။

အိမ်မှုကိစ္စတွေအတွက် ငယ်ရွယ်တဲ့မိန်းကလေးတွေကို အများအားဖြင့် ငှားကြပါတယ်။ အသက်ကြီးတဲ့ အမျိုးသမီးတွေကျတော့လည်း အိမ်အကူလုပ်ဖို့ မသင့်လျော်ပြန်ဘူး။ ငယ်ရွယ်တဲ့ မိန်းကလေးတွေကို တစ်လကျပ် ၃၀,၀၀၀နဲ့ ငှားလို့ရတယ်။ အမျိုးသမီးကြီးတွေနဲ့ အသက် ၁၈နှစ်အထက်တွေကျတော့ အိမ်အကူအဖြစ်သုံးဖို့ မသင့်လျော်ဘူးလို့ ယူဆကြတယ်။ ပြီးတော့ မြန်မာလူမျိုးတွေက ကိုယ့်ထက်အသက်ကြီးတဲ့သူကို အခိုင်းအစေလုပ်ခိုင်းဖို့ အားနာကြတယ်။ အသက် ၃၀၊ ၄၀နှစ်လောက် အမျိုးသမီးတွေကို အိမ်အကူအဖြစ်မငှားချင်ကြဘူး။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အလုပ်သမားအခွင့်အရေး လှုပ်ရှားသူတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

အိမ်အကူအလုပ်သမားတွေက ပညာအရည်အချင်း ၄-၅ တန်းလောက်ပဲရှိပြီး ကျောင်းလည်းမတက်ကြတော့ပါဘူး။ မိဘတွေက ၆လ ဒါမှမဟုတ် ၁ နှစ်စာငွေကြိုထုတ်ထားကြတော့ သူတို့ အိမ်ပြန်ချင်တောင်ပြန်လို့မရဘူး။ သူတို့လိုအိမ်အကူတွေကို ကျွန်မတို့က ကိုယ့်အဆက်အသွယ်နဲ့ ကိုယ် ခေါ်ရတယ်။ ဥပမာ- ကျွန်မက မကွေးကဆွေမျိုးတွေဆီကို အိမ်အကူတစ်ယောက် ရှာခိုင်းလိုက်တယ်။ သူတို့နဲ့လည်း သိ၊ ဆင်းလည်းဆင်းရဲ၊ အလုပ်လုပ်ချင်စိတ်လည်းရှိတဲ့ တစ်ယောက်ယောက်ကို သူတို့က ရှာပေးတယ်။ တချို့က လစာ ၃၀,၀၀၀ ကျပ်၊ တချို့က ၂၀,၀၀၀ ကျပ် ရကြတယ်။”

(အဓိက သတင်းအချက်အလက် ပေးနိုင်သူ အရွယ်မရောက်သေးသည့် မိန်းကလေးများဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

ကျွန်မတို့ ဒေသတစ်ဝိုက်မှာ အသက် ဂ နှစ်၊ ၉ နှစ်လောက် ရှိတဲ့ မိန်းကလေးတွေရှိတယ်။ သူတို့ရဲ့ မိသားစုတွေက သူတို့ကို ကျွေးနိုင်သလား၊ မိသားစုမှာ ဒီကလေးရဲ့ဝင်ငွေလိုနေသလား စသဖြင့် မေးခွန်းတွေ ကျွန်မတွေးမိတယ်။ လုံခြုံမှုထက်စာရင် ဒါကို အရင် တွေးမိတယ်။ ကြားနေကျစကားက တခြားလူတွေလည်း ဒီအလုပ်လုပ်နေတာပဲဆိုတာပါ။ ကျေးလက်ကနေမြို့ပြကို သူတို့ရောက်လာကြတယ်။ အများစုက ဧရာဝတီတိုင်းနဲ့ မြေပြန့်ဒေသတွေကပါ။ တစ်လကို ၁၀,၀၀၀ကျပ်၊ ၂၀,၀၀၀ကျပ်လောက် သူတို့ရကြတယ်။ ဒါပေမဲ့ သူတို့လက်ထဲရောက်တာမဟုတ်ဘူး၊ မိဘတွေဆီပဲရောက်သွားတာ။ နောက်ပြီးပွဲစားက အမြဲရှိတယ်။ ကျွန်မအထင်တော့ ဒါဟာရုပ်ပိုင်းဆိုင်ရာ အန္တရာယ်တင်မကဘူး၊ ငယ်ငယ်ရွယ်ရွယ်မှာ မိသားစုနဲ့ခွဲနေရတဲ့အတွက် စိတ်ဒဏ်ရာတို့၊ ခံစားချက်တို့၊ ဖိအားတို့လည်းရှိတယ်။ ဘာကြောင့်လဲဆိုတော့ ပွဲစားက ဘယ်အချိန်လာပြီး ဘယ်နေရာထပ်ပြောင်းမယ်ဆိုတာ မသိနိုင်ဘူးလေ။ ပွဲစားတွေက အလုပ်ရှင်ဆီလာပြီး သူတို့ရဲ့မိဘတွေက ပြန်ခေါ်နေတယ်လို့ ပြောတယ်။ ပြီးတော့ ပွဲစားကသူတို့ကို တခြားတစ်အိမ်ကိုပြောင်းတယ်၊ ပွဲခထပ်လိုချင်တာကိုး။ ဒါကြောင့် အလုပ်လုပ်နေတဲ့မိသားစုအပေါ် ခင်မင်တာပဲဖြစ်ဖြစ်၊ သံယောဇဉ်တွယ်တာပဲဖြစ်ဖြစ် ဘာမှမကောင်းပါဘူး။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ရန်ကုန်မြို့မှကျောင်းဆရာမတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

တွေ့ရှိချက်များ၏ ရိုက်ခတ်မှု

လုပ်ငန်းနယ်ပယ်၊ အသက်မွေးမှုများနှင့်စီးပွားရေးတွင် ယဉ်ကျေးမှုစံနှုန်းများ၏ ရုပ်ပိုင်းဆိုင်ရာ ရိုက်ခတ်မှုများနှင့် စပ်လျဉ်းသည့် အရှင်းလင်းဆုံး သာဓကအချို့ကို မြင်တွေ့ရပါသည်။ ၎င်းတို့တွင် လုပ်အားစိုက်ထုတ်မှုအပေါ် တန်ဖိုးထားမှုမတူညီသည့်အတွက် အမျိုးသားနှင့်အမျိုးသမီး လုပ်အားခမတူညီကြသည့် သာဓကများ ပါဝင်ပါသည်။ ဥပဒေများ၊ မူဝါဒများဖြင့်ထိန်းချုပ်ခြင်း၊ လေးစားလိုက်နာမှုရှိ၊ မရှိ စောင့်ကြည့်ခြင်းနှင့် အလုပ်ရှင်များအနေဖြင့် ခွဲခြားဆက်ဆံမှုများဆက်လက်ရှိနေပါက အရေးယူအပြစ်ပေးခြင်းစသည်တို့ဖြင့် ဤသို့သော အလေ့အထများကို ဖြေရှင်းဆောင်ရွက်ရန် အရေးကြီးပါသည်။ မြန်မာနိုင်ငံတွင် အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံးအတွက် လုပ်အားဈေးကွက် မရေရာသည့်အခြေအနေတွင် အမျိုးသမီးများအား စည်းမျဉ်းဥပဒေများဖြင့် စနစ်တကျမဟုတ်သည့် သီးခြားဖြစ်သည့် လုပ်ငန်းခွင်များတွင် တွေ့မြင်ရလေ့ရှိပြီး၊ အမျိုးသမီးအလုပ်သမားများအပေါ် အထူးသဖြင့် မတော်မတရားပြုခံရနိုင်သည့် အန္တရာယ်ရှိနေပါသည်။ ဤသည်ကိုပြောင်းလဲနိုင်ရန် အခွင့်အလမ်းနှင့်လစာ နှစ်ခုစလုံးတွင် ကျား၊ မ တန်းတူညီမျှမှု လိုအပ်ပါသည်။ ဤသည်မှာ စနစ်များ၊ ဖွဲ့စည်းမှုပုံသဏ္ဍာန်နှင့် အလေ့အထများအရ ကျား၊ မ တန်းတူညီမျှမှု အပြည့်အဝရရှိရေးကို အလေးထားဆောင်ရွက်ရန် ရည်ရွယ်သည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းစဉ်၏ အခြေခံမူနှင့်ကိုက်ညီပါသည်။

၉ ပညာရေး

ယောက်ျားလေးတွေဆိုရင် ဆံပင်အတိုနဲ့၊ တစ်ခါတလေ မျက်မှန်နဲ့ အသံဩဇာရှိတယ်။ စာတွေအများကြီးဖတ်ထားသလိုမျိုး။ ပြီးတော့ ပညာလည်းတတ်တယ်။ စဉ်းစားတွေးခေါ်တတ်တယ်။

၄.၁ ပြဿနာကို ဘောင်ခတ်ကြည့်ခြင်း

ကျား၊ မ ရေးရာ တန်းတူညီမျှရေးနှင့် ပညာရေးတို့အကြောင်း မကြာခဏ ဆွေးနွေးကြရာတွင် ကျား၊ မ ရေးရာ တူညီမှု (ယောက်ျားလေး နှင့် မိန်းကလေးကျောင်းသူများ၏ အချိုး) နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များက အဓိကနေရာယူထားပါသည်။ မြန်မာနိုင်ငံတွင် (ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်(၃)ဆိုင်ရာ အစီရင်ခံစာနှင့်ဆက်စပ်သည့်) တရားဝင် စုစုပေါင်းအရေအတွက်အရ မူလတန်းပညာရေးတွင် ကျား၊ မ ရေးရာ တန်းတူညီမျှရှိစေရန် ဆောင်ရွက်ပြီးဖြစ်ပါသည်။ သို့ရာတွင် အသေးစိတ် လေ့လာမှုများမရှိသဖြင့် ကျား၊ မ ရေးရာ တန်းတူညီမျှမှုနှင့် မတူညီသည့် ဒေသနောက်ခံ အခြေအနေများတွင် တန်းတူညီမျှ ဖြစ်စေရန် ထည့်သွင်းစဉ်းစားရမည့် အခြားပြဿနာများနှင့် အကြောင်းတရားများ မသိရှိသလောက်နီးပါးဖြစ်ပါသည် (ADB 2012)။ အပြန်အလှန်အားဖြင့် ကျား၊ မ ရေးရာနှင့် ပညာရေး စပ်လျဉ်း၍ ပြည်သူများအကြား အချေအတင် ဆွေးနွေးမှုများနှင့် အခွင့်အလမ်းများအပေါ် ကျား၊ မ ရေးရာကို နားလည်သဘောပေါက်မှုတို့က လွှမ်းမိုးလျက်ရှိသည်။

ရနိုင်သမျှပညာရေးဆိုင်ရာ စာရင်းဇယားများကို အသေးစိတ် လေ့လာ ကြည့်သည့်အခါ ၂၀၀၉-၂၀၁၀ စာသင်နှစ်အတွင်း အသားတင် ကျောင်းအပ်နှံမှုအချိုးသည် မှန်းခြေအားဖြင့် အကြမ်းဖျင်း ၉၀% အထိ ရှိပြီး၊ မူလတန်းပညာရေးတွင် ယောက်ျားလေးများရော၊ မိန်းကလေးများပါ ကျောင်းအပ်နှံမှုမြင့်မားကြောင်းခိုင်လုံသည့် အစီရင်ခံစာများကို တွေ့ရှိရပါသည်။[၄၇] သို့ရာတွင် သူငယ်တန်းမှစ၍ ကျောင်းအပ်နှံသည့် ကျောင်းသူ၊ ကျောင်းသားများ၏ ၇၅% ခန့်သာလျှင် စတုတ္ထတန်း အထိ တက်ရောက်ကြပါသည်။ ထို့အပြင် အလယ်တန်းနှင့် အထက်တန်း ပညာရေးတွင် အသားတင်ကျောင်းအပ်နှံမှုအချိုးသည် ခန့်မှန်းခြေအားဖြင့် ၅၃၀% မှ ၅၈၃% အတွင်း၌သာ ရှိ၍၊ မူလတန်းအဆင့် ပြီးသည့်အခါ ကျောင်းအပ်နှံမှု သိသိသာသာကျဆင်းသွားပါသည်။ အသက် ၁၀နှစ် မှ ၁၅ နှစ်အတွင်းကလေးများတွင် ကျောင်းထွက်သည့်နှုန်း ၂၉.၈% ရှိသည်ဟု ခန့်မှန်းထားပါသည်။ ကျောင်းတက်နှုန်း အလွန်အမင်း ကွာဟချက်များသည် ဝင်ငွေနှင့်ဆက်စပ်နေကြောင်း ဤကိန်းဂဏန်းများက ဖုံးကွယ် ထားပါသည်။ အချမ်းသာဆုံးကလေးများ၏ ၂၀% တွင် ၁၀နှစ်မှ၁၅နှစ်အတွင်း ၉.၅%သာကျောင်းထွက်ကြပါသည်။ အဆင်းရဲဆုံး ၂၀% တွင် ၅၂၄% ကျောင်းထွက်ကြပါသည် (ADB 2012)။

ဤအချက်အလက်များတွင် လိင်နှင့်ဝင်ငွေအဆင့်များကို သီးခြား ဖော်ပြမထားသည့်အတွက် မတူညီသည့်လူမှုအလွှာများနှင့် နေရာ ဒေသအလိုက် ကျား၊ မ ဆိုင်ရာ အသေးစိတ်လေ့လာဆန်းစစ်မှုကို မဆောင်ရွက်နိုင်ပါ။ သို့ရာတွင် ဆင်းရဲသောမိသားစုများ ဝေးလံ ခေါင်ဖျားသည့် ကျေးလက်ဒေသများနှင့် တိုင်းရင်းသားလူမျိုးစုအချို့တို့ မှ မိန်းကလေးများသည် အထူးသဖြင့် ကျောင်းတက်ခွင့်ဆုံးရှုံးရကြောင်း ယုံကြည်ရပါသည်။ တက္ကသိုလ်ပညာရေး ကျောင်းအပ်နှံမှုနှင့်စပ်လျဉ်း၍ တရားဝင်အချက်အလက်များအရ အမျိုးသမီးအနည်းဆုံး ၆၀%ရှိ သော်လည်း၊ နည်းပညာနှင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေးနှင့် သင်တန်းများတွင်ပါဝင်မှုနည်းသည်ကို တွေ့ရှိရပါသည်။ လူမှုစီးပွားရေးနှင့် တိုင်းရင်းသားလူမျိုးစုများအကြား အခွင့်အလမ်းအားဖြင့် ကွာဟမှု တစ်စုံ တစ်ရာ ရှိနေဆဲဖြစ်သည်ဟု ယူဆနိုင်ဖွယ်ရှိပါသည်။ ပညာသင်ကြားမှုနှင့် ဆက်စပ်နေသည့်အဓိက စိုးရိမ်ဖွယ်ရာ ပြဿနာများတွင် 'ဘာသာစကား နှင့် အခြားယဉ်ကျေးမှုဆိုင်ရာအကြောင်းတရားများ' ပါဝင်နေသည်ကို တွေ့ရှိရပါသည် (ADB 2012)။

မိဘများက ယောက်ျားလေး၊ မိန်းကလေးအပေါ်မူတည်၍ ပညာရေးကို မည်သို့တန်ဖိုးထားကြောင်းအပါအဝင် ပညာရေးနှင့်စပ်လျဉ်းသည့် ယဉ်ကျေးမှုစံနှုန်းများနှင့် လူမှုအလေ့အထများကို ဤအခန်းတွင် လေ့လာ တင်ပြထားပါသည်။ တစ်ဖက်တွင် ပညာရေးအပေါ်တန်ဖိုးထားမှုသည် စံနှုန်းများနှင့် မည်သို့ဆက်စပ်နေကြောင်းနှင့် အခြားတစ်ဖက်တွင် လူမှုရေးဆိုင်ရာ ပကတိတရားများနှင့် မည်သို့ဆက်စပ်နေကြောင်း ဆွေးနွေး ထားပါသည်။ အထူးသဖြင့် ပညာရေး၊ လုပ်အားဈေးကွက်နှင့် လက်ထပ် ထိမ်းမြားခြင်း ဓလေ့ထုံးစံများအကြား ဆက်စပ်မှုများကို လေ့လာတင်ပြ ထားပါသည်။ လမ်းပုံစံသွင်းပေးသူများဖြစ်သည့် ဆရာ၊ ဆရာမများ အပါအဝင် ပညာရေးဆိုင်ရာအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကိုလည်း ဤအခန်းတွင် အလေးထားဖော်ပြထားပြီး၊ သင်ထောက်ကူပစ္စည်းများတွင် နှစ်မြှုပ်ထားသည့် စံနှုန်းများကိုလည်း ရှင်းလင်းဖော်ပြထားပါသည်။ ဤအခန်းတွင် ဆွေးနွေးတင်ပြထားသည့် အဓိကစံနှုန်းများတွင် 'တစ်ခု ဟုတ်၊ အခြားတစ်ခုမဟုတ်' ဆိုသည့် ယုတ္တိဗေဒအရ ယောက်ျားလေးနှင့် မိန်းကလေးများအား သီးခြားခွဲထားသည့်စံနှုန်းများ ပါဝင်ပါသည်။ (ကျော င်းပညာရေးသုံးပစ္စည်းများတွင် အပါအဝင်) ခိုင်လုံသည့် သတ်မှတ်ချက် များတွင် ယောက်ျားလေးများအား သန်မာသူ၊ ပတ်ဝန်းကျင်ကို အလေးထားသူ၊ ဝင်ငွေရှာဖွေသူ၊ ကုန်ထုတ်လုပ်မှုကို အလေးထားသူ၊

၄၇။ မြန်မာနိုင်ငံအိမ်ထောင်စု စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း (IHLCS)၊ ဆင်းရဲနွမ်းပါးမှုအခြေအနေ (Poverty Profile) (၂၀၀၉-၁၀)ရန်ကုန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ယူနီဆက်ဖ်၊ ၂၀၁၁။ အညွှန်းကိန်းအမျိုးမျိုး အသုံးပြုသော အစုအဖွဲ့စစ်တမ်း (Multiple Indicator Cluster Survey) (MICS) ၂၀၀၉-၂၀၁၀။ IHLCS နှင့် MICS တို့၏ မူလတန်းအဆင့် အသားတင် ကျောင်းအပ်နှံမှုအချိုး (၈၈%-၉၀.၂%)သည် ပညာရေးဝန်ကြီးဌာန၏ ခန့်မှန်းချက် (၈၄၆%)ထက် ပိုများနေပါသည်။ ကိန်းဂဏန်းများကို ADB(2012) မှ ကိုးကားထားပါသည်။

ပုံ (၂) စတုတ္ထတန်း အင်္ဂလိပ်ဖတ်စာအုပ်မှပုံ

ဉာဏ်ရည်ထက်မြက်၍ အမျိုးသားရေးတွင် တာဝန်ရှိသူများအဖြစ် ပုံဖော်ကြပါသည်။ မိန်းကလေးများအား ထိုဝိသေသလက္ခဏာများနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် နူတ်ဆိတ်သူ၊ ကြင်နာသူ၊ မျိုးဆက်ပြန့်ပွားရေး အတွက် တာဝန်ရှိသူ၊ မိသားစုကိုအလေးထားသူနှင့် ရိုးရိုးကုပ်ကုပ် နေသူများအဖြစ် သတ်မှတ် ကြပါသည်။

၉.၂ ကျား၊ မ ရေးရာ စံနှုန်းများ၊ လူမှုဝန်းကျင်မှ လက်ခံသည့် အပြုအမူများအား လေ့ကျင့်သင်ကြားပေးခြင်းနှင့် ပညာရေး

၉.၂.၁ ကျောင်းသင်ခန်းစာများတွင်ပါရှိသည့် ကျား၊ မ ရေးရာ တရားသေအမြင်များ

မြန်မာစာ၊ အင်္ဂလိပ်စာ၊ သမိုင်းနှင့် ပထဝီဘာသာရပ်များအပါအဝင် သူငယ်တန်းမှ ဆဋ္ဌမတန်းအထိ ကျောင်းသုံးဖတ်စာအုပ်များအား ပြန်လည်သုံးသပ်ရာတွင် ယောကျ်ားလေး၊ မိန်းကလေး၊ အမျိုးသားနှင့် အမျိုးသမီးအပေါ် ထားရှိသည့်မတူညီသော လူမှုရေးမျှော်မှန်းချက်များက အလွန်ရှင်းလင်း၍ တစ်သမတ်တည်းဖြစ်သောပုံစံများဖြင့် တွေ့ရှိရပါသည်။ ယောကျ်ားလေးများကို အားကစားလိုက်စားခြင်း၊ သစ်ပင်တက်ခြင်း အစရှိသည့် သွက်လက်ဖျတ်လတ်၍ ဆော့ကစားသန်သူများအဖြစ် မြင်တွေ့ရပါသည်။ မိန်းကလေးများကို ပုံမှန်အားဖြင့် ၎င်းတို့၏မိခင်များကို ကူညီတတ်သူ၊ နာခံသင်ကြားတတ်သူများအဖြစ် ပုံဖော်ထားပါသည်။

> ကျောင်းသုံးဖတ်စာ စာအုပ်တွေထဲက ပုံတွေကိုကြည့်ရင် မိန်းကလေးနဲ့ ယောကျ်ားလေးတစ်ဦးချင်းစီမှာ တိကျတဲ့အလုပ်ခွဲခြားလုပ်ကိုင်မှု ရှိနေပါတယ်။ အိမ်မှုကိစ္စလုပ်တာက မိန်းကလေးတွေရဲ့တာဝန်ပဲ။
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပညာရေးကျွမ်းကျင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

ကျောင်းသုံးဖတ်စာစာအုပ်များတွင် မိဘများ၏တာဝန်နှင့် အခန်းကဏ္ဍကို ခွဲခြားထားခြင်းသည်လည်း အလားတူမြင်သာထင်ရှားဖြစ်ပါသည်။ အမျိုးသားများအား စားပွဲထိပ်ဆုံးတွင်ထိုင်နေသည့်ပုံ၊ စာဖတ်နေသည့်ပုံနှင့် သတင်းနားထောင်နေသည့်ပုံတို့ဖြင့် ဖော်ပြလေ့ရှိပြီး၊ အမျိုးသမီးများအား ပုံမှန်အားဖြင့် အိမ်မှုကိစ္စလုပ်နေသည့်ပုံဖြင့် ဖော်ပြလေ့ရှိပါသည်။ အမျိုးသမီးများ/မိခင်များအား ပြုစုစောင့်ရှောက်သူများ၊ အိမ်မှုကိစ္စစီမံခန့်ခွဲသူများအဖြစ်ဖော်ပြပြီး၊ အမျိုးသားများ/ဖခင်များအား ဝင်ငွေရှာသူများအဖြစ် ပုံဖော်လေ့ရှိပါသည်။ ယခုပြောပြသည့် ပုံစံနမူနာကို ဒုတိယတန်း မြန်မာစာဖတ်စာအုပ်မှ ကဗျာနှစ်ပုဒ်တွင်တွေ့ရပါသည်။ ‘တို့မေမေ’ အမည်ရှိ ကဗျာသည် သွန်သင်ဆုံးမခြင်းနှင့် ကောင်းစွာပြုမူနေထိုင်ရန် သင်ကြားခြင်းအစရှိသည့် မွေးဖွားသည့်အချိန်မှစ၍ မိခင်တစ်ယောက်အနေဖြင့် ရင်သွေးများအပေါ် ပြုစုရမည့်တာဝန်များကို ဖော်ပြထားပါသည်။ သူမ၏တာဝန်များတွင် ကျောင်းနေအရွယ်ရောက်သည့်အခါ သားသမီးများကို ကျောင်းထားခြင်း၊ ကျန်းမာစေသော အစားအစာများ ကျွေးမွေးခြင်းနှင့် သင့်တင့်စွာဝတ်စားဆင်ယင်ပေးခြင်းတို့ ပါဝင်ပါသည်။ ကဗျာတစ်ပုဒ်လုံးတွင် သူမ၏ သားသမီးများအပေါ်ထားရှိသော မေတ္တာနှင့် အကြင်နာကို မီးမောင်းထိုးပြထားပါသည်။ ‘တို့ဖေဖေ’ကဗျာသည် ‘စံပြ’ မိခင်၏ အတွင်းသဘောဆောင်သော၊ မိသားစုကို အလေးထားသော ပုံဖော်ချက်နှင့် လုံးလုံးလျားလျား ဆန့်ကျင်ဘက်ဖြစ်သည့် အခန်းကဏ္ဍကို တင်ပြထားပါသည်။ ဖခင်အပေါ်ထားရှိသော မျှော်မှန်းချက်များတွင် မိသားစုအတွက် ဝင်ငွေရှာခြင်း၊ ပြဿနာများကို ကျွမ်းကျင်စွာ ဖြေရှင်းခြင်းနှင့် ကြီးမားသော မိသားစုအရေးကိစ္စများကို စီမံခန့်ခွဲခြင်းတို့ ပါဝင်ပါသည်။ ကဗျာတွင်ဖော်ပြထားသော ဖခင်သည် ပတ်ဝန်းကျင်ကို အလေးထား၍ သူ၏အံ့မခန်းဉာဏ်ပညာနှင့် ဆင်ခြင်တွေးခေါ်နိုင်စွမ်းဖြင့် အကြံဉာဏ်များပေးပြီး၊ နိုင်ငံ့အကျိုးကို သယ်ပိုးသူဖြစ်ပါသည်။

တို့ဖေဖေ

စားဝတ်နေရေး၊ ငွေရှာပေး
ကျေးဇူးကြီးပေ၊တို့ဖေဖေ။

ကိစ္စများဖြင့်၊ ပေါ်ပေါက်လျှင်
စီရင်တတ်ပေ၊ တို့ဖေဖေ။

အိမ်ထောင်အရေး၊စီမံပေး
လေးစားလောက်ပေ၊ တို့ဖေဖေ။

စဉ်းစားမြော်မြင်၊ ဉာဏ်နှင့်ယှဉ်
ပဲ့ပြင်တတ်ပေ၊ တို့ဖေဖေ။

နိုင်ငံ့အကျိုး၊ တို့အကျိုး
သယ်ပိုးနိုင်ပေ၊ တို့ဖေဖေ။

တို့မေမေ

ကျွေးမွေးသုတ်သင်၊ သက်ဆုံးပင်
ချစ်ခင်ရှာပေ၊ တို့မေမေ။

ငယ်စဉ်ကာလ၊ စည်းကမ်းပြ
ဆုံးမခဲ့ပေ၊ တို့မေမေ။

အရွယ်ရောက်လာ၊ ကျောင်းအပ်ကာ
ပညာပေးပေ၊ တို့မေမေ။

ကျန်းမာဖို့ရေး၊ သင့်ရာကျွေး
လေးစားအပ်ပေ၊ တို့မေမေ။

ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်
ချစ်ခင်အပ်ပေ၊ တို့မေမေ။

ပုံ(၃) ဒုတိယတန်းမြန်မာစာ ဖတ်စာအုပ်မှ 'တို့မေမေ' နှင့် 'တို့ဖေဖေ' ကဗျာများ

ရွတ်ဆိုရန်

တို့တာဝန်

လယ်သမားကြီး ဦးသာအောင်
စပါးစိုက်ကာ ပြည်ကျိုးဆောင်။
ကိုဖိုးမောင် အလုပ်သမား
ကုန်ထုတ်တိုးဖို့ သူကြိုးစား။

ဦးဖိုးကျားက ကျောင်းဆရာ
စာပေတတ်ဖို့ သင်ပေးတာ။
မောင်ထွန်းသာ တပ်မတော်သား
နိုင်ငံ့ရန်ကို ကာကွယ်ထား။

စာဖြန့်ဖြူးရေး မောင်သိန်းတန်
စာပို့ရာတွင် အချိန်မှန်။
ကိုသာစံ မီးသတ်သမား
မီးသတ်ရာတွင် သူစွမ်းစား။

ပုံ(၄) (အပေါ် ဝဲ) ပထမတန်းမြန်မာစာ ဖတ်စာအုပ်မှ'တို့တာဝန်'ကဗျာ

ပုံ(၅) (အပေါ် ယာ) ဆဋ္ဌမတန်းအင်္ဂလိပ်စာ ဖတ်စာအုပ်မှ'လူရည်ချွန်'ကဗျာမှပုံ



ပုံ(၆)   ဒုတိယတန်းမြန်မာစာ ဖတ်စာအုပ်မှ လွတ်လပ်ရေးကျောက်တိုင် အလေးပြုနေပုံ

အမျိုးသားများ၏ အလုပ်အကိုင်များသည် ပို၍ဂုဏ်ရှိပြီး လစာဝင်ငွေပိုကောင်းရုံသာမက အမျိုးအစားအားဖြင့် ပိုမိုများပြားပါသည်။ သို့သော် အမျိုးသမီးများတွင် ရွေးချယ်နိုင်ခွင့် အလွန်အမင်းနည်းပါးပါသည်။[၄၈] အမျိုးသမီးများအတွက် ယေဘုယျအကျဆုံး ဖော်ပြလေ့ရှိသည်မှာ ကျောင်းဆရာမအလုပ် ဖြစ်ပါသည်။ တစ်ခါတစ်ရံ အမျိုးသမီးများအား ဈေးသည်နှင့် သူနာပြုများအဖြစ်လည်း ဖော်ပြလေ့ရှိပါသည်။ တတိယတန်း အင်္ဂလိပ်စာဖတ်စာအုပ်မှ အလုပ်အကိုင်ရွေးချယ်မှုများနှင့် စပ်လျဉ်းသည့် ထပ်မံလေ့ကျင့်ရန် လေ့ကျင့်ခန်းတွင် အမျိုးသားများအတွက် မတူညီသည့် အလုပ်အကိုင် ၁၆ခုထက်မနည်း (စစ်သား၊ ဆရာဝန်၊ သင်္ဘောသား၊ ဆိုင်ပိုင်ရှင်၊ အပ်ချုပ်သမား၊ ဥယျာဉ်မှူး၊ လယ်သမား၊ စက်ခေါင်းမောင်းသူ၊ တံငါသည်၊ အလုပ်သမား၊ မုန့်ဖုတ်သမား၊ မီးသတ်သမား၊ စာပို့သမား၊ ဘတ်စ်ကားမောင်းသူနှင့်ရဲသား) ဖော်ပြထားသော်လည်း အမျိုးသမီးများအတွက် ကျောင်းသူဟု ဖော်ပြထားသည့် မိန်းကလေးတစ်ယောက်အပြင် အလုပ်အကိုင်နှစ်မျိုး (သူနာပြုနှင့် ရဲမေ)သာရှိသည်ကို တွေ့ရပါသည်။

အခြား ဥပမာတစ်ခုမှာ ပထမတန်းမြန်မာစာ ဖတ်စာအုပ်မှ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များနှင့် စပ်လျဉ်းသည့် 'တို့တာဝန်' ကဗျာဖြစ်ပါသည်။ ထိုကဗျာတွင် အမျိုးသားများကို ကိုယ်စားပြုသည့် အလုပ်အကိုင် ၁၀ ခုပါဝင်ပြီး၊ အမျိုးသမီးများကို ကိုယ်စားပြုသည့် အလုပ်အကိုင် ၂ ခုကိုသာ ဖော်ပြထားပါသည်။ ကဗျာ၏သဘောသဘာဝနှင့် ရေးဖွဲ့ဟန်သည် ဗုဒ္ဓဘာသာမှဆင်းသက်လာသော အပြုအမူဆိုင်ရာ ကျင့်ဝတ်များ (ဥပမာ-မိဘဝတ်၊ သားသမီးဝတ်၊ ခင်ပွန်းဝတ်၊ ဇနီးဝတ် စသည်ဖြင့်)နှင့် ဆင်ဆင်တူပါသည်။ စံအဖြစ်သတ်မှတ်ထားသည့် အပြုအမူများကို 'တာဝန်'နှင့် 'ဝတ္တရား'များအဖြစ် ဘောင်ခတ်ထားသော သဘောဖြစ်ပါသည်။ ဤသို့ဖြင့် 'သင့်လျော်သည့်' ကျား၊ မ ရေးရာဆိုင်ရာ အပြုအမူ (အလုပ်အကိုင် ရွေးချယ်မှုများအလိုက်) စံနှုန်းများကို လေးစားလိုက်နာနိုင်စေမည့်နည်းဖြင့် ပြဋ္ဌာန်းထားပါသည်။

သွင်ပြင်လက္ခဏာဆိုင်ရာ စံနှုန်းများကိုလည်း ကျောင်းသင်ခန်းစာများတွင် တွေ့ရပါသည်။ အမျိုးသမီး များအတွက် နိမ့်ချကျိုးနွံခြင်းနှင့် အမျိုးသားများအတွက် ထက်မြက်ခြင်း စရိုက်လက္ခဏာများမှာ ထင်ရှားသောဝိသေသများ ဖြစ်ပါသည်။

မိန်းကလေးတွေကို အမြဲတမ်းဆံပင်အရှည်နဲ့၊ ပန်းတွေနဲ့မြင်ရလေ့ရှိတယ်။ ယောက်ျားလေးတွေဆိုရင်ဆံပင်အတိုနဲ့၊ တစ်ခါတလေမျက်မှန်နဲ့ အသံြသြဇာရှိတယ်။ စာတွေအများကြီးဖတ်ထားသလိုမျိုး။ ပြီးတော့ ပညာလည်းတတ်တယ်။ စဉ်းစားတွေးခေါ်တတ်တယ်။ အမျိုးသမီးတွေက ဆံပင်အရှည်နဲ့ ပန်းတွေနဲ့။ ပြီးတော့ ရိုးရာအဝတ်အစား၊ လုံချည်ပေါ့။ အမျိုးသားတွေလည်း အတူတူပါပဲ။ ဒါပေမဲ့ ရှပ်အင်္ကျီကတော့ တခြား ဘယ်လိုရှပ်အင်္ကျီဖြစ်ဖြစ်။ အဝတ်အစားတွေကတော့ သိပ်မကွာဘူးလို့ ကျွန်မထင်တယ်။"

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ကျောင်းဆရာမတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ကျောင်းသုံးဖတ်စာစာအုပ်များကို ပြန်လည်သုံးသပ်ရာတွင် အလုပ်သမားနေ့၊ လွတ်လပ်ရေးနေ့အစရှိသည့် နိုင်ငံအတွက်အရေးကြီးသော အထိမ်းအမှတ်အခမ်းအနားများကို အမျိုးသားများနှင့် အဓိကသက်ဆိုင်သည့် ကိစ္စရပ်များအဖြစ် ပုံဖော်ထားပါသည်။ ပတ်ဝန်းကျင်ကိုအလေးထားခြင်းနှင့် အမျိုးသားများအတွက် လစာဝင်ငွေပိုကောင်းသည့် အလုပ်အကိုင်များ အစရှိသည့် အနာဂတ်အလုပ်အကိုင် ရွေးချယ်မှုများနှင့် အခွင့်အလမ်းများသည် ကျား၊ မရေးရာ တရားသေအမြင်များကို မြင်သာထင်ရှားစေပြီး တစ်သမတ်တည်းဖြစ်သောပုံစံများကို ကျောင်းသုံးဖတ်စာအုပ်များတွင် တွေ့ရပါသည်။

မကြာခဏ ကျောင်းမှာရည်မှန်းချက်အကြောင်း ပြောကြတဲ့အခါ ကလေးတွေကို ကြီးလာရင် ဘာဖြစ်ချင်လဲဆိုတာမျိုး စာစီစာကုံးရေးခိုင်းတယ်။ ယောက်ျားလေးတွေက အင်ဂျင်နီယာ၊ စစ်ဗိုလ် ဒါမှမဟုတ် တခြားဟာတွေ ရေးတယ်။ မိန်းကလေးတွေကတော့ အများစုက ဆရာဝန်၊ ကျောင်းဆရာမ၊ ဒါမှမဟုတ် သူနာပြုဆိုပြီးရေးကြတယ်။ အရမ်းကို ပုံသေကားကျ ဖြစ်နေတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပညာရေးကျွမ်းကျင်သူတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

၄.၂.၂ လူမှုပုံစံသွင်းပေးသူဆရာ/ဆရာမများ

စာသင်ကြားခြင်း အသက်မွေးမှုသည် အထူးသဖြင့် မြို့ကြီးပြကြီးများနှင့် ဝေးရာနေရာဒေသများတွင် အမျိုးသမီးများအတွက် နည်းပါးလှသော အသက်မွေးမှုဆိုင်ရာ အခွင့်အလမ်းများအနက်မှတစ်ခု ဖြစ်ပါသည်။ ဆရာမဖြစ်ခြင်းသည် အများလေးစားသည့်အလုပ်အကိုင်ဖြစ်ပြီး၊ ကျား၊မ စံနှုန်းများအား ချိုးဖောက်ရန်မလိုသည့် အမျိုးသမီးများ၏ အသက်မွေးမှုဆိုင်ရာ လုပ်ငန်းတစ်ခုဖြစ်ပါသည်။

၄၈။ အမျိုးသမီးများနှင့် ခေါင်းဆောင်မှု လေ့လာချက် (Oxfam, Trocaire, CARE and ActionAid, ၂၀၁၃) မှ ဆက်စပ်တွေ့ရှိချက်များက အလုပ်အကိုင်ရည်မှန်းချက်များတွင် ကျား၊ မ အလိုက် ကွဲလွဲချက်များနှင့် ခေါင်းဆောင်မှု အခန်းကဏ္ဍများတွင် စံထားရမည့် အမျိုးသမီးများ ပို၍နည်းပါးခြင်း အယူအဆများကိုမီးမောင်းထိုးပြထားပါသည်။

စာသင်တယ်ဆိုတာ ဝါသနာပါလွန်းလို့၊ ဒါမှမဟုတ် ဒီအလုပ်ကို ကြိုက်လွန်းလို့ မဟုတ်ဘူး။ အမျိုးသမီးတော်တော်များများ ဝင်လုပ်နိုင်တာ ဒီအလုပ်ပဲ ရှိတာကိုး။ ပြီးတော့ ဆရာမဆိုရင် ပတ်ဝန်းကျင်က လေးစားကြတယ်။ အများလေးစားတဲ့အလုပ် ဖြစ်တယ်။ ကိုယ်နဲ့လည်းသင့်တယ်၊ ကိုယ်လည်းလုပ်နိုင်တယ်။ ဒါ့ကြောင့် အမျိုးသမီးအများစုက စာသင်ကြားတဲ့အလုပ်ကို လုပ်ကြတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပညာရေးကျွမ်းကျင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

ကျား၊ မ ရေးရာ စံနှုန်းများအကြောင်း မေးခွန်းထုတ်ရန်နှင့် လေ့လာစူးစမ်းရန် အခွင့်အလမ်းများများစားစား မရနိုင်သည့် ဆရာမများသည် အနာဂတ်မျိုးဆက်သစ်များအား တရားသေဆန်သည့် ကျား၊ မ ရေးရာ စံနှုန်းများကို ပုံစံသွင်းသင်ကြားပေးရာတွင် အရေးပါသည့်ကဏ္ဍမှ မည်သို့ပါဝင်နေကြောင်း ပညာရေးကျွမ်းကျင်သူများက ဆွေးနွေးထားပါသည်။

တခြားအမျိုးသမီး၊ အမျိုးသားတွေနဲ့ ဆရာမတွေကြားမှာရှိတဲ့ဆက်ဆံရေးက ကျောင်းသားတွေရဲ့ အပြုအမူကို သူတို့ ဘယ်လိုမျှော်လင့်တယ်ဆိုတဲ့ အပေါ်မှာ လွှမ်းမိုးနေတယ်လို့ ကျွန်မထင်တယ်။ ဆရာအတတ်သင် သင်တန်းတွေကို ပြန်ကြည့်ရင်၊ စာသင်ခန်းတစ်ခန်းထဲမှာ ယောက်ျား လေးရော၊ မိန်းကလေးတွေရောကို ဘယ်လိုကိုင်တွယ်ရမယ်ဆိုတာ သူတို့ကိုသင်ပေးခဲ့သလား ကျွန်မ သေသေချာချာမသိဘူး။ မိန်းကလေး တွေက ငြိမ်တယ်ဆိုတဲ့ ယေဘုယျအမြင်လည်း ရှိတယ်။ မိန်းကလေးတွေ ဆူညံနေရင် ဆရာမက 'မိန်းကလေးဆိုတာ အသံမထွက်ရဘူး၊ နင်တို့ဘာလို့ဆူညံနေတာလဲ'၊ ဒါမှမဟုတ် 'ယောက်ျားလေးဆိုတာ မငိုရဘူး၊ မင်းဘာလို့ငိုနေတာလဲ'လို့ ပြောလိမ့်မယ်။ အဲဒီလိုမျိုးပေါ့။ သူတို့တွေက ဒီတရားသေပုံစံတွေကို အားဖြည့်ပေးနေတာ။ ဒီတော့ သူတို့ကိုယ်တိုင်လည်း ဒါတွေ၊ ဒီလိုအယူအဆတွေ၊ တရားသေပုံစံတွေ ရှိတယ်ဆိုတာ သိထားဖို့လိုတယ်။ ဆရာမဖြစ်လာတဲ့လူတိုင်းက ဒီပုံသေကားကျပုံစံတွေနဲ့ အယူအဆတွေအားကောင်းတဲ့ နေရာတွေမှာ ကြီးပြင်းလာကြတာ။ သူ့အနေနဲ့ တခြားမတူတာတွေကိုမသိတော့ ဒါကိုမပြောင်းလဲနိုင်ဘူး။ ဘာလို့လဲဆိုတော့ သူ့ကိုသင်မပေးထားရင် ဒါမှမဟုတ် သတိမထားမိရင် သူ့ကိုခွဲထွက်လာဖို့ မျှော်လင့်လို့မရဘူး။ ဒီတော့ ဒါကတကယ်အရေးကြီးတယ်လို့ ကျွန်မထင်ပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ကျောင်းဆရာမတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

မိသားစုအဝန်းအဝိုင်းမှ စာသင်ကျောင်းသို့ ရွှေ့ပြောင်းရောက်ရှိလာခြင်းသည် သက်တူရွယ်တူများနှင့် အပြန်အလှန်ဆက်ဆံရေးမှတစ်ဆင့် စံနှုန်းများကို ကလေးသူငယ်များ ထိတွေ့ယဉ်ပါးလာသည့် အရေးပါသောလူမှုပုံစံ သွင်းခြင်း ဖြစ်စဉ်တစ်ခုဖြစ်သည်ဟု ဆိုပါသည်။ အခြားနေရာဒေသတွင် ကျောင်းတက်လျှင်လည်း ကလေးသူငယ်များအနေဖြင့် ဘဝနေထိုင်မှု ဟန်ပန်များ၊ ပုံစံများနှင့် အလုပ်အကိုင်မတူကွဲပြားခြင်းများကို လေ့လာ စူးစမ်းနိုင်မည့် အခွင့်အလမ်း ရရှိကြပါသည်။ သို့ရာတွင် ၎င်းတို့၏ မိသားစုများထံမှ ကလေးသူငယ်များတွင် ပါလာ၊ မလာ မသိနိုင်သော ကျား၊ မ ရေးရာ စံနှုန်းများကို ထပ်လောင်းအားဖြည့်ပေးသည့် သို့မဟုတ် စတင် မိတ်ဆက်ပေးသည့် ပညာရေးစနစ်၏ အန္တရာယ်များကို ကိုယ်ပိုင်သင်တန်း ဆရာ၊ ဆရာမများက ပြောဆိုခဲ့ကြပါသည်။

ရန်ကုန်မြို့ဆင်ခြေဖုံးရပ်ကွက်မှာနေတဲ့ ကျွန်မသူငယ်ချင်းရဲ့သမီးလေး တစ်ယောက်ဆို အသက်၄၊ ၅ နှစ်လောက်ပဲရှိဦးမယ်။ သူ့ဆရာမက အတန်းထဲမှာ ယောက်ျားလေးတွေနဲ့စကားမပြောဖို့ သူ့ကိုပြောတယ်။ ဒီတော့ကလေးက သူ့အမေကိုပြန်ပြောတာပေါ့။ 'သမီးကို ယောက်ျားလေး တွေနဲ့ စကားမပြောရဘူးဆိုတော့ ဖေဖေနဲ့ရောစကားပြောလို့ရလား' လို့ ကလေးကမေးတယ်။ ဒါက ကျွန်မတို့ကြားရတာ၊ ကျွန်မတို့လုပ်လို့ ရတာ၊ ဒါမှမဟုတ် လုပ်လို့မရတာ၊ ဒါတွေက စိတ်ထဲမှာစွဲသွားပြီး အလေ့အကျင့်တစ်ခုဖြစ်လာတယ်။ အမြစ်တွယ်လာတယ်။ နောက်တော့ တခြားလူတွေလုပ်နေတာနဲ့ ကိုယ်နဲ့မတူတာမမြင်မချင်း ဒီအပေါ်မှာ မေးခွန်းထုတ်မနေတော့ဘူး။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ကျောင်းဆရာမတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

အပျိုဖော်ဝင်စ မိန်းကလေးများ၏ ဦးဆောင်မှုနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင် အသိုင်းအဝိုင်း၏ သဘောထားများကို လေ့လာရာတွင် ဆရာမများသည် ယောက်ျားလေးနှင့် မိန်းကလေးအကြား ဉာဏ်ရည်ဉာဏ်သွေး မတူဟု





ပုံ(၇) ပထမတန်းအင်္ဂလိပ်စာ ဖတ်စာအုပ်မှ ဆရာမပုံများ

ယူဆထား ကြောင်းတွေ့ရှိရပါသည်။ ဆရာမများက မိန်းကလေးများအား တာဝန်ကျေ၍ ၎င်းတို့သင်ခန်းစာများကို အလွတ်ကျက်မှတ်နိုင်သည့် အရည်အသွေးရှိသည်ဟု ယူဆကြပြီး၊ ယောက်ျားလေးများအား ဆင်ခြင်ပိုင်းခြားတွေးခေါ်တတ်သည့် အရည်အချင်းပိုကောင်းသူများဟု ရှုမြင်ကြပါသည်။ မိန်းကလေးများအား ရှက်တတ်သော၊ မဝံ့မရဲ ဖြစ်တတ်သော သဘာဝရှိသည်ဟု ရှုမြင်ကြောင်း ဆရာမများကဆိုပါသည်။ စာသင်ခန်းတွင်း ယောက်ျားလေးနှင့် မိန်းကလေးများကို တာဝန်ခွဲဝေရာတွင်လည်း အစဉ်အလာ ကျား၊ မ ရေးရာ စံနှုန်းများကို ထပ်လောင်းအားဖြည့်ကြပါသည်။ မိန်းကလေးများအား ဘုရားစင်တွင်ပန်းအိုးများလဲခြင်း နှင့် အခန်းသန့်ရှင်းရေးတို့တွင် တာဝန်ပေး၍ ယောက်ျားလေးများအား အမှိုက်သန့်ရှင်းရေးတာဝန်ပေးပါသည်။ ဆရာမအများစုက ယောက်ျားလေးများအား အတန်းခေါင်းဆောင် အဖြစ် ရွေးချယ်လေ့ရှိပါသည်။ စာသင်ခန်းထဲတွင်ကိုရင်များရှိနေ၍ မိန်းကလေးက အတန်းခေါင်းဆောင် လုပ်ရန်မသင့်လျော်ဆိုသည့်အချက်ဖြင့် ၎င်းတို့ ထိုသို့ဆုံးဖြတ်ခြင်းအပေါ် အကြောင်းပြချက်ပေးကြပါသည်။
(Girl Determined/Colourful Girls ၂၀၁၃)

ပညာရေးကျွမ်းကျင်သူများနှင့် တွေ့ဆုံမေးမြန်းခဲ့ရာတွင် ဆရာအတတ်သင်သင်တန်းများတွင်ပါ ကျား၊ မ ရေးရာ ဆက်ဆံရေးအပေါ် ပို၍ အာရုံစိုက်လာကြပြီး၊ ဆရာ/ဆရာမများသည် ကျား၊မ ရေးရာ တန်းတူညီမျှရေးကို အဓိကဆောင်ရွက်မည့်သူများ ဖြစ်လာနိုင်သည်ဆိုသည့် အယူအဆရှိကြောင်းတွေ့ရပါသည်။ သို့ရာတွင် တစ်ဦးချင်း စွမ်းရည်မြှင့်တင်ပေးရန် ဦးစွာလိုအပ်သည်ဟု ရှုမြင်ထားကြပါသည်။

အထူးသဖြင့် မူလတန်းအဆင့်မှာသင်တဲ့ ဆရာ/ဆရာမ ဆိုရင်၊ ကလေးတွေက အခုမှစပြီး လေ့လာတဲ့အရွယ်မှာပဲရှိနေသေးတော့ ယဉ်ကျေးမှုနဲ့ လူမှုအလေ့အထတွေအများကြီးကို ထည့်ပေးရတာ လွယ်တယ်။ ဒီအဆင့်မှာ သင်တဲ့ဆရာ/ဆရာမတွေ ကိုယ်တိုင်က ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရင်၊ ကျား၊ မ တန်းတူညီမျှရေးကို ယုံကြည်ရင်၊ ကောင်းတဲ့ အကျိုးသက်ရောက်မှုတွေ အများကြီး ရှိလာနိုင်တယ်လို့ ကျွန်မထင်တယ်။ ဒါပေမဲ့ ပညာရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေအနေနဲ့ ဒါကို လုပ်ချင်စိတ်ရှိ၊ မရှိ၊ ဒါမှမဟုတ် ဖြေရှင်းသင့်တဲ့ကိစ္စတစ်ခုလို့ မြင်လား၊ မမြင်ဘူးလားဆိုတာတော့ ကျွန်မမသိဘူး။ လုပ်သင့်တယ်လို့ထင်တာပဲ။
(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပညာရေးကျွမ်းကျင်သူတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ဆရာအတတ်သင် သင်တန်းသည် ကျား၊မ တန်းတူညီမျှရေး၏ တန်ဖိုးများ မြှင့်တင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နိုင်သည့်အလားအလာ တွေ့ရသော်လည်း အတားအဆီးများရှိနေပါသည်။ လုပ်ငန်းခွင်ဝင် ဆရာအတတ်သင်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ရာတွင် တိုးတက်မှု ရှိသော်လည်း၊ လက်ရှိ ဆရာ/ဆရာမများတွင် လုပ်ငန်းခွင်ပညာရေးနှင့် လေ့ကျင့်ရေးသင်တန်းများ စနစ်တကျပေးနိုင်ခြင်းမရှိပါ (ADB 2012)။ ထို့အပြင် ဆရာ/ဆရာမများလက်ခံထားသည့် ကျား၊ မ ရေးရာ စံနှုန်းများသည် အရေးကြီးသောကဏ္ဍမှပါဝင်နေပြီး ပညာရေးစနစ်၏ အခြားပကတိတရားအများအပြားက စာသင်ခန်းအခြေအနေကို ထိထိရောက်ရောက်ပြောင်းလဲရန် ပိုမိုခက်ခဲစေပါသည်။ ၎င်းတို့တွင် တန်းခွဲများ၌ ကျောင်းသား၊ ကျောင်းသူ အယောက် ၅၀ မှ ၇၀ အထိ များပြားနေခြင်း၊ သင်ကြားရေးလက်စွဲနှင့် သင်ထောက်ကူပစ္စည်းများ မရှိခြင်း၊ ကျောင်းသုံးဖတ်စာအုပ်များ အရည်အသွေးညံ့ဖျင်းခြင်း တို့ ပါဝင်ပါသည်။ ထို့အပြင် ဆရာ/ဆရာမများ လစာနည်းခြင်းနှင့် နောက်ထပ်ဝင်ငွေရသည့်အလုပ်များ လုပ်ကိုင်ရန်လိုအပ်ခြင်းတို့က သင်ခန်းစာများ ကြိုတင်ပြင်ဆင်ရမည့်အချိန်ကို လျော့နည်းစေပြီး ပညာရေး၏အရည်အသွေးနှင့် လူမှုအလေ့အထများ ပြောင်းလဲနိုင်ခြေ အပေါ် ကြီးမားစွာသက်ရောက်စေပါသည်။ ပညာရေးကျွမ်းကျင်သူများ အဓိကထားဆွေးနွေးကြသည့် လိုအပ်ချက်များမှာ ဆရာအတတ်သင် သင်တန်းများ ပြုပြင်ပြောင်းလဲရေး၊ ပညာရေး အဖွဲ့အစည်းများ၏ ယဉ်ကျေးမှုပြောင်းလဲရေး၊ အရင်းအမြစ်များ တစ်ခဲနက်ပိုမိုရရှိရေးနှင့် ပညာရေးကဏ္ဍတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် ပါဝင်ကူညီနိုင်မည့် အခွင့်အလမ်းများ မြှင့်တင်ပေးရေးစသည်တို့ ဖြစ်ပါသည်။

ကျောင်းမှာ ယဉ်ကျေးမှုကပွဲတွေလုပ်တဲ့အခါ အများအားဖြင့် မိန်းကလေးတွေက ကရတယ်၊ ယောက်ျားလေးတွေက သီချင်းဆိုကြတယ်။ ဒီလို အသေးအဖွဲလေးတွေကစပြီးတော့ စံနှုန်းတွေကို ပြောင်းကြည့်လို့ရတယ်၊ ယောက်ျားလေးတွေကို ကခိုင်းတာမျိုး လုပ်လို့ရတယ်။ ယောက်ျားလေးတွေက ကဖို့ ရှက်နေကြတယ်။ ဘာလို့လဲဆိုတော့ ကတာက မိန်းမဆန်တယ်လို့ ထင်နေတာကိုး။ ဒီလိုမျိုးတွေပေ့ါ။ ကျောင်းမှာရှိနေပြီးသားဟာတွေနဲ့ပတ်သက်ပြီး နည်းနည်းချင်း စလုပ်ကြည့်ရင် ရနိုင်ပါတယ်။ တာဝန်ခွဲထားပြီးသား ဆိုပေမယ့် ကိုယ်ကြိုက်တဲ့နေရာကပါလို့ရတယ်လို့ ပြောလို့ရတယ်။
(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ကျောင်းဆရာမတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ကျွန်မခုနစ်တန်းတုန်းက အတန်းဖော်ကောင်လေးတစ်ယောက် ရှိတယ်။ သူက သူ့ကိုယ်သူ မိန်းကလေးတစ်ယောက်လို့ ခံယူထားပါတယ်။ ကျောင်းတက်ရင် မိန်းကလေးလိုပဲဝတ်တယ်။ သူ့ကိုမိန်းကလေးလို့မမြင်ဘဲ ယောက်ျားလေးလို့ မြင်နေကြတော့ ဆိုးဆိုးဝါးဝါး အစအနောက်ခံရတယ်။ ဒါဟာ ဖို၊ မ လက္ခဏာပဲ။ နောက်တော့ ဆရာမက 'ယောက်ျားလေးလို မဝတ်ရင်ကျောင်းမတက်နဲ့' လို့ပြောပါတယ်။ ဒီလိုနဲ့ နောက်ဆုံးတော့ သူကျောင်းထွက်လိုက်တယ်။ သူ့အသက် ၁၅ နှစ်လောက်ပဲရှိဦးမယ်။ ကျောင်းကို သူဘာလို့မလာတော့တာလဲ တွေးမိတယ်။ ဘာများဖြစ်လို့လဲ။ အတန်းပဲပြောင်းသွားတာလား။ ကျောင်းမှာရှိနေသေးရင်တော့ ကျွန်မတို့ အားလုံးသိမှာပါ။ ဘာလို့လဲဆိုတော့ သူကဟာသတွေလည်း ပြောတယ်၊ ပျော်ပျော်နေတတ်တယ်၊ အကျင့်လည်းတကယ်ကောင်းတယ်၊ စာလည်းကြိုးစားတယ်။ ကြီးလာတဲ့အခါ ပြန်တွေ့တော့ သူ့ကို မေးကြည့်တယ်။ သူက 'ငါ့ကို ယောက်ျားလေးလို ဝတ်ခိုင်းတဲ့အတွက် ကျောင်းဆက်တက်လို့ မရတော့တာ' လို့ပြောပါတယ်။ ပြီးတော့သူက 'ငါ့ကိုယ်ငါ ယောက်ျားလေးလို့ သတ်မှတ်မထားဘူး' လို့ ပြောပါသေးတယ်။ ကျွန်မအရမ်း စိတ်ဆိုးတယ်။ ကိုယ်က ယောက်ျားလား၊ မိန်းမလားဆိုတာ အဝတ်အစားနဲ့ ဆုံးဖြတ်သလိုဖြစ်နေတယ်။ အခုသူက ဒီဇိုင်းတွေဆွဲပြီး အရမ်းနာမည်ကြီးနေပါပြီ။ အဲဒီတုန်းကဆိုရင် ဝိုင်းဝန်းထိုးနှက်ခံရတဲ့ မိသားစုက လာတာ၊ သူတစ်ယောက်တည်း 'ယောက်ျားလေး'ပါတာ၊ အစ်မတွေ အများကြီးရှိတာ၊ သေလောက်အောင် အစအနောက် ခံရတာလောက်ပဲ ကျွန်မစဉ်းစားမိတာ၊ နောက်တော့သူ့မှာ မိန်းကလေး သဘာဝရှိနေတာ သိလိုက်ရတယ်။ နောက်တော့ဘယ်ဝန်းကျင်မှာပဲ

သူနေနေ အစအနောက်ခံရ၊ ခွဲခြားဆက်ဆံခံရ၊ ဘေးဖယ်ခံရတာတွေ ရှိတယ်။ ခုခေတ်မှာ ကျား၊ မ ရေးရာဆိုတာ ယောကျ်ားလေးနဲ့ မိန်းကလေးကို ပြောတာလို့ လူတွေကပြောကြတယ်။ ဒါဆိုယောကျ်ားလျာ၊ မိန်းမလျာ၊ လိင်နှစ်မျိုးလုံးကိုစိတ်ဝင်စားသူနဲ့ လိင်ကူးပြောင်းသူ (LGBT) တွေဆိုရင် ဘာပြောကြမလဲ။ သူတို့ကျတော့ ဘယ်ထဲမှာထည့်မလဲ။ သူတို့အတွက် ဘာတွေပြောမလဲ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ကျောင်းဆရာမတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

၄.၃ ကျား၊ မ ရေးရာ စံနှုန်းများ၊ ကျောင်းခေါ်ချိန်၊ ကျောင်းဆက်တက်ခြင်းနှင့် စွမ်းဆောင်ရည်

ကျား၊ မ စံနှုန်းများနှင့် ယောကျ်ားလေး၊ မိန်းကလေးများ ကျောင်းဆက်တက်ခြင်းတို့ အကြား ဆက်နွယ်မှုသည် ကျယ်ပြန့်ရှုပ်ထွေးပြီး လေ့လာခဲ့သည့် ရပ်ရွာဒေသများ၏ သီးခြားအခြေအနေအပေါ် မူတည်သည်ကို တွေ့ရှိရပါသည်။ ကလေးများအားကျောင်းထားရန် ဆုံးဖြတ်ချက်များသည် မိသားစု၏စီးပွားရေးအခြေအနေသာမက ရှိနေသည့် ကျား၊ မ ရေးရာ စံနှုန်းများနှင့်လည်း အခိုင်အမာဆက်စပ်နေပါသည်။ လေ့လာခဲ့သည့် နေရာဒေသအများစုတွင် ယခင်ခေတ်များထက်စာလျှင် မိန်းကလေးများ၏ ပညာရေးကို ပို၍ တန်ဖိုးထားလာကြသည်ဟု ဦးတည်အုပ်စုဆွေးနွေးပွဲများတွင် ပါဝင်သူများကဆိုပါသည်။ သို့ရာတွင် ထိုလက်ရှိပုံရိပ်သည် အတန်ငယ်ရောထွေးလျက်ရှိပြီး၊ နေရာဒေသအများအပြားတွင် မိန်းကလေးများအား ကျောင်းထားသည့် အခြေအနေသည် ယောကျ်ားလေးများနှင့်နှိုင်းယှဉ်လျှင် နောက်ကျကျန် နေဆဲဖြစ်သည်ဟု ပါဝင်သူများကပြောပြကြပါသည်။

အမျိုးသမီးတွေအတွက် ကိုယ့်နာမည်ကို ရေးတတ်၊ ဖတ်တတ်ရင်ရပြီ။ သူတို့အတွက်က ဒီလောက်ပဲ။ ဟိုတုန်းက အမျိုးသမီးတွေဆိုရင် ပညာ မသင်ခဲ့ကြရဘူး။ ခုခေတ်မှာတော့ အမျိုးသမီးတွေအတွက် ပညာရေး အခွင့်အလမ်းတွေ ပိုရလာပါပြီ။ ယောကျ်ားလေးတွေက ပုံမှန်အားဖြင့် ၈ တန်းလောက်အထိ၊ မိန်းကလေးတွေက ၄ တန်းလောက်ထိပဲ ကျောင်းနေကြတယ်။

(ဒီမောဆိုမြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅နှစ် အရွယ် ကယန်း၊တံခွန်တိုင် အမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

ကျောင်းဆက်ထားရေးဆုံးဖြတ်ချက်သည် မိန်းကလေး၊ ယောကျ်ားလေးများ ငယ်စဉ်ကတည်းက လက်ခံထားရသည့် အပြုအမူဆိုင်ရာစံနှုန်းများနှင့် အခိုင်အမာဆက်စပ်နေပါသည်။ အရွယ်မရောက်သေးသည့် မိန်းကလေးများဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးက မိန်းကလေးများ၏ မိသားစုကို ထောက်ပံ့လိုသည့်ဆန္ဒနှင့် စပ်လျဉ်း၍ ၎င်းသည် မိန်းကလေး များအနေဖြင့် ပညာရေးအခွင့်အလမ်းများကို စွန့်လွှတ်ဆုံးရှုံးခံသည်အထိ ဖြစ်စေနိုင်ကြောင်းကို လေ့လာတွေ့ရှိရသည့် ဥပမာတစ်ခုဖြင့် ဆွေးနွေးထားပါသည်။

ကျွန်မတို့အလုပ်လုပ်နေရတဲ့ မိန်းကလေးတွေက ဆင်းရဲတဲ့မိသားစုတွေက ဖြစ်ပြီး ကျောင်းလည်းမပြီးကြပါဘူး။ မိသားစုတွေက မိန်းကလေးတွေအပေါ် ပိုပြီးအားကိုးကြပါတယ်။ မိန်းကလေးတွေအပေါ် အားကိုးတာတော့ ကောင်းပါတယ်။ ဒါပေမဲ့ မိန်းကလေးတွေအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်လာတာက မကောင်းတဲ့ရလဒ်ပါပဲ။ လိုအပ်ချက်အရ ငယ်ငယ်ရွယ်ရွယ်နဲ့ သူတို့ကျောင်းကထွက်ကြရပါတယ်။ မိသားစုကိုရှာကျွေးနေတဲ့ မိန်းကလေးတွေက သူတို့ကိုယ်သူတို့ ဂုဏ်ယူကြတာကို တွေ့ရတယ်။ ဒါပေမဲ့ မိန်းကလေးအများစုက ကျောင်းဆက်မတက်ချင်တော့ဘဲ ဆင်းရဲတဲ့မိသားစုအတွက် ပိုက်ဆံရှာချင်တာကတော့ ဆုံးရှုံးမှုဖြစ်ပါတယ်။ ဒီတော့ သူတို့က လိုလိုလားလားပဲကျောင်းထွက်ကြတယ်။ မိသားစု အခြေအနေအမှန်ကို သူတို့သိတယ်။ အမေတွေ ခက်ခက်ခဲခဲရုန်းကန် နေရတာကို သူတို့မြင်တယ်။ တချို့မိန်းကလေးတွေဆို အဖေမရှိဘူး။ တချို့တွေဆို မိဘတွေမရှိတော့ဘူး၊ ဆွေမျိုးတွေနဲ့နေရတယ်။ ဒီတော့ အခြေအနေအမှန်ကိုသိတယ်၊ အဆင်မပြေဘူးလို့ခံစားရတယ်။ တစ်ခုက နွေရာသီမှာ စက်ရုံမှာသူတို့အလုပ်ဝင်လုပ်တယ်။ နွေရာသီအလုပ်ကနေ ပိုက်ဆံနည်းနည်းရတယ်။ ဒီတော့စက်ရုံမှာလုပ်ရင် ပိုက်ဆံရမယ်ဆိုတာ သူတို့သိလာတယ်။ သူတို့မိသားစုမငတ်ဖို့ကသူတို့ရဲ့တာဝန်လို့ ယုံကြည် ထားတယ်။ မိသားစုကိုဦးစားပေးတယ်၊ ဒီပုံစံကို သူတို့လက်ခံတယ်။ သူတို့ခွဲခြားဆက်ဆံခံရတာကို သူတို့မသိဘူး။ မြန်မာနိုင်ငံမှာက ကိုယ့်ထက်အကြီးကို ခွန်းတုံ့ပြန်တာကိုလက်မခံကြဘူး။ လူငယ်တွေကို အထင်မကြီးဘူး၊ သက်ကြီးဝါကြီးတွေလို ဗဟုသုတမရှိဘူးလို့ သတ်မှတ် ထားတယ်။ ဒါကြောင့် လူငယ်တွေဟာ အမြဲနှုတ်ဆိတ်နေရတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အရွယ်မရောက်သေးသည့်မိန်းကလေးများဆိုင်ရာ ကျွမ်းကျင်သူတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

အကြီးဆုံးသမီးက အိမ်ထောင်မပြုဘဲ မိဘများနှင့်အတူနေသည့် သမားရိုးကျအလေ့အထတွင်လည်း မိန်းကလေးများအပေါ် မိသားစုများ၏ မှီခိုအားထားမှုကိုတွေ့ရပြီး[၄၉] မိဘများအိုမင်းသည့်အခါ ဆက်၍ ပြုစု စောင့်ရှောက်ကြပါသည်။ မိသားစု၏ စီးပွားရေးအဆင့်အတန်းနှင့် အခြေ အနေ အပေါ်မူတည်၍ ဤသို့မှီခိုအားထားမှုသည် သမီးမိန်းကလေးကို ပညာသင်ပေးရန် စေ့ဆော်မှုတစ်ခု ဖြစ်ကောင်းဖြစ်လာနိုင်ပါသည်။ ဆန့်ကျင်ဘက်အားဖြင့် သားများကိုမူ မိသားစုအား ပြန်လည်ပြုစု လုပ်ကျွေးမည်ဟု မျှော်လင့်မထားကြကြောင်းသိရှိရပါသည်။

သမီးက ဟင်းတစ်ခွက်တော့ မိဘဆီရောက်တယ်။ ဆိုလိုတာက သမီး မွေးထားရင် နောင်ရေးအတွက် ပူစရာမလိုဘူး၊ သားမွေးထားရင်တော့ ဘာမှရမှာ မဟုတ်ဘူး။ သားဆိုတာက အိမ်ထောင်ပြုပြီးရင် သူတို့ မိန်းမတွေနောက် ပါသွားတာ။ သားအိမ်ထောင်ပြုရင် သူပိုင်ဆိုင်တာ အားလုံး၊ စိတ်ရောကိုယ်ရော သူ့မိန်းမဆီ ရောက်သွားတယ်ဆိုတာ မိဘတွေအများစုက လက်ခံကြတယ်။ သူက မိသားစုအတွက်မဟုတ် တော့ဘူး။ ကျွန်မတို့မှာစကားပုံရှိတယ်၊ 'အမေပြောရင် တစ်လ၊ မယားပြောရင် တစ်ည'တဲ့။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အရွယ်မရောက်သေးသည့် မိန်းကလေးများဆိုင်ရာ ကျွမ်းကျင်သူတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

သားသမီးများသည် သူတို့ကိုပြုစုစောင့်ရှောက်လိမ့်မည်ဟု မိဘများက မျှော်လင့်ချက်ထားခြင်းသည် မိန်းကလေးများ၏ ပညာရေးအခွင့်အလမ်းများ ကန့်သတ်ခံရခြင်း၏ အကြောင်းတရားတစ်ခုဖြစ်သည်ကို တွေ့ရှိရပါသည်။

၄၉။ မြန်မာနိုင်ငံတွင် ယေဘုယျအိမ်ထောင်မပြုသည့်ရာခိုင်နှုန်း မြင့်မား၍ ၂၀၀၆ခုနှစ်မှတ်တမ်းအရ ၅၄.၁% ရှိပါသည်။ (UNFPA, 2010)

ဟိုတုန်းကအကြောင်းတွေ ကျွန်မပြန်တွေးမိတယ်။ သားသမီးဆိုတာ အလုပ်လုပ်ခိုင်းဖို့လို့ ပြောကြတယ်။ သားသမီးတွေရဲ့တာဝန်က သူတို့ကို ပြုစုစောင့်ရှောက်ဖို့ ဖြစ်တယ်။ ကလေးတွေကို ကျောင်းမထားချင်ကြဘူး။ ကလေးတွေကိုကျောင်းထားရင် အလုပ်ခိုင်းလို့မရတော့ဘူးလေ။ မိန်းကလေးဆိုရင် ကျောင်းမထားဘူး။ သမီးကိုအိမ်မှာပဲ သူတို့နေစေ ချင်ကြတယ်။

(သံဖြူဇရပ်မြို့နယ်မှ အသက် ၁၈နှစ်မှ ၂၅နှစ် အရွယ် မွန်၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ကျေးလက်ဒေသတွေမှာဆိုရင် စီးပွားရေးအခြေအနေကြောင့် စာတော်တဲ့ သမီးမိန်းကလေးတွေ ကျောင်းထွက်ရတယ်။ ထမင်းဟင်းချက်တာ၊ လယ်စိုက်တာ ဝိုင်းကူရတယ်။ မိဘတွေအနေနဲ့လည်း ပညာရေးရဲ့ အကျိုး ကျေးဇူးတွေကို နားလည်ဖို့လိုတယ်။ ကိုယ့်သမီးက စာတော်တယ် ဆိုရင် ကျောင်းဆက်ထားရမယ်၊ ပညာဆုံးခန်းတိုင်တဲ့အထိ ခွင့်ပြုရမယ်။ အဲဒီလိုမှ မဟုတ်ရင် အားကိုးစရာလူတစ်ယောက်ယောက်နဲ့ အိမ်ထောင်ပြုပြီးရင် သူ့ဘဝကဆုံးပြီ။ မိန်းကလေးတစ်ယောက်ရဲ့ ဘဝကမီးဖိုချောင်ထဲမှာပဲ အချိန်ကုန်ရမယ်ဆိုရင် အဓိပ္ပာယ်မရှိဘူး။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အသက်မွေးဝမ်းကျောင်းပညာရှင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

မိန်းကလေးများအား ပညာဆက်မသင်စေခြင်းအတွက် အခြားယေဘုယျ အကြောင်းပြချက်တစ်ခုမှာ နေအိမ်မှ ဝေးလံသည့်ကျောင်းများသို့ စေလွှတ်ရာတွင် ရှိလာနိုင်သည့်အန္တရာယ် (အမှန်တကယ် သို့မဟုတ် ထင်မြင်ယူဆချက်)ကြောင့် ဖြစ်ပါသည်။ ပညာသင်ကြားခွင့် ပိုမို လက်လှမ်းမီလာပါက မိဘများအနေဖြင့် သမီးမိန်းကလေးများကို ကျောင်းထားရန် ယခင်ကလောက် စိုးရိမ်စရာမရှိတော့သည့် သဘောလည်း ဖြစ်ပါသည်။ မိန်းကလေးများပို၍ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ကျောင်းတက်နိုင်ရန် စာသင်ကျောင်းများ တိုးချဲ့ဆောက်လုပ်ခြင်း သို့မဟုတ် အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ခြင်းတို့သည် အချို့ဒေသများတွင် ထိုသို့စိုးရိမ်မှုရှိနေကြောင်း ထင်ရှားပါသည်။

မိန်းကလေးတွေကို လေးတန်းအထိတော့ ကျောင်းထားကြတယ်။ ဒါပေမဲ့ အထက်တန်းရောက်ရင် တခြားရွာကကျောင်းကိုလွှတ်ဖို့ မိသားစုတွေက ဝန်လေးကြပါတယ်။

(မင်းပြားမြို့နယ်မှ အသက် ၁၈နှစ် မှ ၂၅နှစ်အရွယ် ဗုဒ္ဓဘာသာဝင်၊ ရခိုင်အမျိုးသားများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

ခုခေတ်မှာ တက္ကသိုလ်ကဘွဲ့ရတဲ့အထိ အမျိုးသမီးတွေ ကျောင်းဆက်တက် ကြတယ်။ ဟိုတုန်းကဆိုရင် စိုက်ခင်းတွေ၊ လယ်ကွင်းတွေကိုဖြတ်ပြီး ကျောင်းကိုခြေကျင်သွားကြရတယ်။ ဒါပေမဲ့ခုတော့ တချို့နေရာ တွေမှာ ကျောင်းကိုစက်ဘီးနဲ့သွားလို့ရတယ်။ အရင်က ကျောင်းသွား ကျောင်းပြန် ခြေကျင်သွားရတဲ့အခါ ချုံထူတဲ့နေရာတွေမှာ ကလေးတွေအန္တရာယ်ဖြစ်လေမလားလို့ အမြဲစိတ်ပူနေရတယ်။

(သံဖြူဇရပ်မြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ်မွန်၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အခြားတစ်ဖက်တွင် ပညာရေးကိုစိတ်မဝင်စားခြင်းနှင့် ငြီးငွေ့ခြင်းတို့သည် ယောကျ်ားလေးများ ကျောင်းထွက်ခြင်းအတွက် အများဆုံးပေးလေ့ရှိသည့် အကြောင်းပြချက်များဖြစ်ပါသည်။ ၎င်းတို့၏ပညာရေးကို ရှေ့ဆက်၊ မဆက် ဆုံးဖြတ်ရာတွင် ယောကျ်ားလေးများကိုယ်တိုင် ပိုမိုပါဝင်ကြသည်ကို တွေ့ရှိရပါသည်။

ယောကျ်ားလေးတွေက ကျောင်းသိပ်မတက်ကြဘူး။ ကျောင်းစာကို သူတို့စိတ်မဝင်စားဘူး။ ၅တန်း၊ ဒါမှမဟုတ် ၇တန်းအထိ ခြေကျင် ကျောင်းတက်ရတော့ ကျောင်းထွက်လိုက်ကြတယ်။

(သံဖြူဇရပ်မြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ် မွန်၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ပညာတစ်ပိုင်းတစ်စဖြင့် ကျောင်းထွက်သည့်နှုန်းသည် ယောကျ်ားလေးရော မိန်းကလေးများတွင်ပါ သိသိသာသာမြင့်မားနေပြီး၊ နောက်ခံအခြေအနေပေါ်မူတည်၍ ဦးတည်ချက်အမျိုးမျိုး ရှိနေသည်မှာ အထင်အရှားဖြစ်ပါသည်။ သို့ရာတွင် ဒေသဆိုင်ရာ ပုံသဏ္ဌာန်များကို ကျား၊ မ ရေးရာ အမြင်ဖြင့် ကြည့်လျှင် ကျောင်းမတက်သော ကလေး သူငယ်များနှင့် လူငယ်များ ငယ်ငယ်ရွယ်ရွယ်နှင့် အလုပ်လုပ်ကြသည့် မြင်ကွင်းများက ပညာသင်ကြားရေး ယန္တရားအဆင့်ဆင့်တွင် ရှိနေသော မိန်းကလေးများနှင့် ယောကျ်ားလေးများ၏ ကျောင်းဆက်တက်ခြင်းနှင့် ကျောင်းထွက်ခြင်းတို့အပေါ် သိသိသာသာလွှမ်းမိုးနေပါသည်။

ယောကျ်ားလေးရော မိန်းကလေးရော မူလတန်းအပြီး၊ ဒါမှမဟုတ် မူလတန်းနှင့် အလယ်တန်းကြားမှာ ကျောင်းထွက်တဲ့နှုန်း အရမ်းများတယ်။ အခြေအနေပေါ်မှာတော့ မူတည်တာပေါ့။ များသောအားဖြင့် မိသားစု ယောကျ်ားလေးတွေကျတော့ ၉ တန်း၊ ၁၀ တန်း ဒါမှမဟုတ် အနည်းဆုံး ၈ တန်းလောက်အောင်ပြီးမှ ပိုကောင်းတဲ့အလုပ်မျိုး ရနိုင်တာလေ။ မိန်းကလေးတွေကျတော့ ယောကျ်ားလေးတွေမလုပ်ချင်တဲ့ ဒါမှမဟုတ် ကျားကျားလျားလျားမဟုတ်တဲ့ အိမ်အကူလိုမျိုး၊ ပန်းရောင်းတာမျိုးတို့ လုပ်လို့ရတယ်။ ယောကျ်ားလေးတွေက ဥပမာအားဖြင့် ဆောက်လုပ်ရေး လုပ်ငန်း၊ ဒါမှမဟုတ် အဲဒီလို အခြေခံအဆောက်အအုံနဲ့ဆိုင်တဲ့ အလုပ်တွေ၊ အနည်းဆုံး လက်ဖက်ရည်ဆိုင်တွေမှာ အလုပ်လုပ်ကြတယ်။ ပိုငယ်တဲ့ယောကျ်ားလေးတွေက လက်ဖက်ရည်ဆိုင်ပေါ့။ ၆ တန်း၊ ၇ တန်း အရွယ်ထက်ငယ်ရင် လက်ဖက်ရည်ဆိုင်တွေက ပိုသဘောကျတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ကျောင်းဆရာ/ဆရာမများနှင့် တွေ့ဆုံမေးမြန်းခြင်း)

ယောကျ်ားလေးများနှင့်ယှဉ်လျှင် စက်ရုံများတွင်အလုပ်လုပ်ရန် ရည်ရွယ်ချက်ဖြင့် မိန်းကလေးများက ပို၍ ကျောင်းထွက်ကြသည်မှာ အထူးအဆန်းမဟုတ်ပါဟု လေ့လာမှုတစ်ခုတွင် ဆရာ/ဆရာမများက ဖြေဆိုကြပါသည်။ ဤအခြေအနေသည် မိန်းကလေးများအား ဉာဏ်ရည် နိမ့်သည်ဟု ယူဆခြင်း သို့မဟုတ် သူများနှင့်တန်းတူ ဝတ်ချင်စားချင်၊ လှချင်ပချင်သည့် မိန်းကလေးများ၏ ဆန္ဒကြောင့်ဖြစ်သည့်ရလဒ်ဖြစ်သည် ဟု တွေ့ဆုံမေးမြန်းခဲ့သော ဆရာ/ဆရာမများကဆိုပါသည်။ (Girl Determined/Colourful Girls 2013)။ ပညာရေးကျွမ်းကျင်သူတစ်ဦး၏ အဆိုအရ ယောကျ်ားလေးများ၏လူမှုပုံစံ (သွက်လက်ဖျတ်လတ်၊ ပွင့်လင်း ဖော်ရွေ၊ ရဲဝံ့) နှင့် မိန်းကလေးများ၏ လူမှုပုံစံ (မသွက်လက်၊ နှိမ့်ချ၊ ကျိုးနွံ) တို့သည် ၎င်းတို့ပါဝင်ဆောင်ရွက်နိုင်သည့် ဆည်းပူးလေ့လာမှုများမှ အကျိုးကျေးဇူးရနိုင်သည့် အတိုင်းအတာအပေါ် များစွာသက်ရောက်စေ ပါသည်။ ဤသည်မှာ ယောကျ်ားလေးများ ကျောင်းဆက်တက်ခြင်းနှင့် စွမ်းဆောင်ရည်ဆိုင်ရာ ပြဿနာများနှင့်ဆက်စပ်နေပါသည်။

အမျိုးသမီးတွေက တစ်နေ့မှာ အမျိုးသားတစ်ယောက်ယောက်နဲ့ အိမ်ထောင်ပြုမှာ ဆိုတော့ ပညာတတ်ဖို့ သိပ်မလိုပါဘူး။ သူတို့က အိမ်မှုကိစ္စတွေပဲ လုပ်ရမှာ။ မိန်းကလေးတွေအနေနဲ့ စာရေး၊ စာဖတ် တတ်ရင် တော်ပြီ။ ဒီလို အယူအဆက မြန်မာနိုင်ငံဒေသတချို့မှာ အခုထိပျံ့နှံ့နေတုန်းပဲ။ ဒါပေမဲ့ မိန်းကလေးတွေရဲ့ ပညာရေးကို ဦးစားပေးတဲ့ မိသားစုတွေလည်း ရှိပါတယ်။ ဒါပေမဲ့ ယေဘုယျအားဖြင့်တော့ မိန်းကလေးတွေရဲ့ ပညာရေးကို သိပ်ဦးစားမပေးကြပါဘူး။ အမျိုးသားက ဝင်ငွေရှာရမယ်၊ မိသားစုကို ဦးဆောင်ရမယ်၊ ဒါကြောင့် ပညာတတ်ဖို့ လိုတယ်ဆိုတဲ့ အယူအဆလည်းရှိတယ်။

(အမိက သတင်းအချက်အလက်ပေးနိုင်သူ အရွယ်မရောက်သေးသည့် မိန်းကလေးများဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

ယောကျ်ားလေးတွေမှာ အပြင်ကမ္ဘာကို စူးစမ်းရှာဖွေနိုင်တဲ့ အခွင့်အလမ်းတွေ ပိုရှိတဲ့အတွက် တခြားယောကျ်ားလေးတွေနဲ့ ပေါင်းတာသင်းတာပဲဖြစ်ဖြစ်၊ ကစားတာပဲဖြစ်ဖြစ် သူတို့မှာ စိတ်အပန်းဖြေစရာ ဒါမှမဟုတ် အားကစားတွေ ပိုလုပ်နိုင်တယ်။ မိန်းကလေးတွေကျတော့ ယောကျ်ားလေးတွေလောက် အခွင့်အလမ်းမရှိဘူး။ ဒီတော့ သူတို့ရဲ့နေရာက အိမ်၊ ဒါမှမဟုတ် ဈေးပဲရှိတယ်။ ဈေးသွားဝယ်ရင်ဝယ်၊ ဒါမှမဟုတ် အိမ်မှုကိစ္စလုပ်ရင်လုပ်။ မိန်းကလေးတွေက ပိုကြိုးစားတယ်လို့ ကျွန်မထင်တယ်။ အိမ်မှာဆိုရင်လည်း မိန်းကလေးတွေက ယောကျ်ားလေးတွေထက် မိဘစကားပိုနားထောင်တယ်၊ လိမ္မာတယ်လို့ ယူဆကြတယ်။ စာကြိုးစားတာလည်းပါတယ်။ ယောကျ်ားလေးတွေက တစ်ခါတလေ မိန်းကလေးတွေထက် ပိုပြီးစွန့်စားချင်တယ်၊ ပိုပြီး စူးစမ်းလေ့လာချင်တယ်။ အဲဒါတွေက သင်ရိုးညွှန်းတမ်းထဲမှာ၊ ကျောင်းစာထဲမှာမပါဘူး။ ဒီတော့ စာသင်နေရတာ သူတို့အတွက် အရမ်းငြီးငွေ့စရာ ဖြစ်နေတယ်။ မိန်းကလေးတွေက ဘယ်လောက် ပျင်းစရာကောင်းကောင်း သည်းခံနိုင်တယ်၊ ယောကျ်ားလေးတွေကျတော့ မရဘူး။ ဒါကြောင့် ယောကျ်ားလေးတွေကိုချည်း အပြစ်တင်လို့တော့မရဘူး။ ကလေးတွေကို တီထွင်ဖန်တီးတတ်အောင်၊ စူးစမ်းရှာဖွေချင် လာအောင်၊ အတွေ့အကြုံတွေရအောင် မလုပ်ပေးနိုင်တဲ့ ပညာရေးစနစ် နဲ့လည်း အများကြီးဆိုင်နေပါသည်။ အတွေ့အကြုံကိုအခြေခံတဲ့သင်ကြားမှု အရမ်းအားနည်းတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပညာရေးကျွမ်းကျင်သူတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

၉.၄ ကျား၊ မ ရေးရာနှင့် ပညာရေး၏တန်ဖိုး

ယောကျ်ားလေး၊ မိန်းကလေးများ၏ အနာဂတ်ဘဝများနှင့်စပ်လျဉ်းသည့် ပညာရေး၏တန်ဖိုးကို ဆွေးနွေးကြရာတွင် လေ့လာမှုတွင်ပါဝင်သူများက အဓိကအချက်နှစ်ချက်ကို ကိုးကားကြပါသည်။ တစ်ချက်မှာ လက်ထပ်ထိမ်းမြားခြင်းနှင့် နောက်ဆက်တွဲ အိမ်ထောင်စုအတွင်း အလုပ်ခွဲခြားလုပ်ကိုင်ခြင်းနှင့် မျှော်လင့်ချက်များကို ထည့်သွင်းစဉ်းစားခြင်းဖြစ်ပါသည်။ အခြားတစ်ချက်မှာ လုပ်အားဈေးကွက်နှင့်ဆက်စပ်နေသည့် ကျား၊မရေးရာ ဖွဲ့စည်းမှုပုံသဏ္ဍာန်များနှင့် အခွင့်အလမ်းများက ပညာရေးဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ရာတွင် ကဏ္ဍတစ်ခုအဖြစ်ပါဝင်နေခြင်းဖြစ်ပါသည်။

၉.၄.၁ လက်ထပ်ထိမ်းမြားခြင်း

လက်ထပ်ထိမ်းမြားခြင်းနှင့်စပ်လျဉ်း၍ အမျိုးသမီးများ အိမ်ထောင်ကျပြီးသည့် အခါ ၎င်းတို့၏ ခင်ပွန်းများအပေါ် မှီခိုလိမ့်မည်ဆိုသည့် အယူအဆနှင့် ပညာရေးသည် ၎င်းတို့အတွက် အရေးမကြီးဆိုသည့် အယူအဆများသည် နိုင်ငံအတွင်းရှိ တိုင်းရင်းသား လူမျိုးစုအသီးသီး၊ ကိုးကွယ်သည့်ဘာသာအသီးသီးအပြင်၊ အသက်အရွယ်အပိုင်းအခြား အသီးသီးနှင့် မတူကွဲပြားသောအခြေအနေများတွင် စိမ့်ဝင်ပျံ့နှံ့နေကြောင်း တွေ့ရှိရပါသည်။ မျိုးဆက်တစ်ခုနှင့်တစ်ခုအကြား ပညာရေးဆိုင်ရာ မညီမျှမှု ဆက်လက်တည်ရှိနေသည်ကို ကချင်ပြည်နယ်ရဲ့ နောက်ခံအခြေအနေအကြောင်း အကြီးတန်းအမျိုးသမီးခေါင်းဆောင်တစ်ဦး၏ ပြောကြားချက်က မီးမောင်းထိုးပြနေပါသည်။

ကျွန်မအဖေဘက်မှာ ညီနှစ်ယောက်နဲ့ ညီမတစ်ယောက်ရှိတယ်၊ ညီနှစ်ယောက်ကဘွဲ့ရတယ်။ ညီမဖြစ်တဲ့ ကျွန်မအဒေါ်ကစာမတတ်ဘူး။ သူတို့ရဲ့ နောက်မျိုးဆက်ဖြစ်တဲ့ ကျွန်မတို့ကျတော့ ကျွန်မအဖေနဲ့ သူ့ညီ နှစ်ယောက်က မွေးတဲ့သားသမီးတွေအားလုံး ဘွဲ့ရကြတယ်။ တစ်နည်းအားဖြင့် အားလုံးပညာတတ်တွေလို့ ဆိုပါစို့။ ဒါပေမဲ့ ကျွန်မအဒေါ်ရဲ့ သားသမီးတွေနဲ့ ယှဉ်ကြည့်ရင်သူတို့ တစ်ယောက်မှ ဘွဲ့မရကြဘူး။ လစာနည်းတဲ့ အလုပ်လေးတွေနဲ့ ဒီလိုပဲနေကြတယ်။ မျိုးဆက်တစ်ခုနဲ့ တစ်ခုကြည့်ရင် မိန်းကလေးနဲ့ ယောကျ်ားလေးမှာ အခွင့်အလမ်း လုံးဝမတူဘူး။ တကယ်တော့ ကျွန်မအဒေါ်လည်း ဒီအမေ၊ ဒီအဖေက မွေးလာတာပဲ။ ဒါပေမဲ့ တစ်သက်လုံး တခြားမိသားစုမှာ လိုက်နေရမှာလို့ သတ်မှတ်ထားတဲ့အတွက် ပညာရေးမှာ၊ အတတ်ပညာတွေမှာ၊ တခြားကိစ္စတိုင်းမှာ သူ့အတွက် ရင်းနှီးမြှုပ်နှံတာကို မလုပ်ပေးချင်ကြဘူး။ ဒီလိုနဲ့ လူမှုရေးအဆင့်အတန်းအားဖြင့်ရော၊ သူ့ရဲ့ အနာဂတ်မျိုးဆက်တွေ အတွက်ရော မညီမျှတာတွေ ဖြစ်လာတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီးခေါင်းဆောင် ၂ နှင့် တွေ့ဆုံမေးမြန်းခြင်း)

လေ့လာမှုတွင်ပါဝင်သူများက ယောကျ်ားလေးများအား ပညာသင်ပေးခြင်းသည် ပို၍တန်ဖိုးရှိကြောင်း အကြောင်းပြချက်ပေးရာတွင် အမျိုးသားများသည် အိမ်ထောင်ဦးစီးနှင့် ဝင်ငွေရှာသူများဖြစ်၍ အမျိုးသမီးများသည် အိမ်ရှင်မများ၊ အိမ်မှုကိစ္စလုပ်သူများနှင့် နောက်လိုက်များ ဖြစ်သည်ဆိုသည့်စံနှုန်းများကို နောက်ခံအခြေအနေ အမျိုးမျိုးဖြင့် ရည်ညွှန်းကိုးကားကြပါသည်။

အမျိုးသမီးတွေက တစ်နေ့မှာ အမျိုးသားတစ်ယောက်ယောက်နဲ့ အိမ်ထောင်ပြုမှာဆိုတော့ ပညာတတ်ဖို့ သိပ်မလိုပါဘူး။ သူတို့က အိမ်မှုကိစ္စတွေပဲ လုပ်ရမှာ။ မိန်းကလေးတွေအနေနဲ့ စာရေး၊ စာဖတ် တတ်ရင် တော်ပြီ။ ဒီလို အယူအဆက မြန်မာနိုင်ငံဒေသတချို့မှာ အခုထိပျံ့နှံ့နေတုန်းပဲ။ ဒါပေမဲ့ မိန်းကလေးတွေရဲ့ ပညာရေးကို ဦးစားပေးတဲ့ မိသားစုတွေလည်း ရှိပါတယ်။ ဒါပေမဲ့ ယေဘုယျအားဖြင့်တော့ မိန်းကလေးတွေရဲ့ ပညာရေးကို သိပ်ဦးစားမပေးကြပါဘူး။ အမျိုးသားက ဝင်ငွေရှာရမယ်၊ မိသားစုကို ဦးဆောင်ရမယ်၊ ဒါကြောင့် ပညာတတ်ဖို့ လိုတယ်ဆိုတဲ့ အယူအဆလည်းရှိတယ်။

(အဓိကသတင်းအချက်အလက်ပေးနိုင်သူ အရွယ်မရောက်သေးသည့် မိန်းကလေးများဆိုင်ရာ ကျွမ်းကျင်သူ တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

ရည်းစားစာရေးတတ်ရင်ရပြီလို့ ကျွန်မအမေကပြောဖူးတယ်။

(သံဖြူဇရပ်မြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ် မွန်၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

အမျိုးသားတွေက ပညာပိုရှာသင့်တယ်။ ဘာလို့လဲဆိုတော့ သူတို့က အိမ်ထောင်ဦးစီးလုပ်မယ့်သူတွေပဲ။

(ဘားအံမြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်အရွယ် ကရင်၊ ဗုဒ္ဓဘာသာဝင် အမျိုးသားများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

အချိန်နှင့်အမျှ အမျိုးသမီးများပညာသင်ကြားခြင်းကို ပိုမိုလက်ခံလာကြသော်လည်း အိမ်ထောင်ပြုပြီးလျှင် အိမ်ရှင်မဖြစ်ရမည်ဆိုသည့် အစဉ်အလာစံနှုန်းများက ရှိနေဆဲဖြစ်ပါသည်။ ဘွဲ့ရပြီး အလုပ်အကိုင်ရှာဖွေကြသည့် အမျိုးသမီးများအတွက် ဤသည်မှာ မျိုးဆက်နှင့်ချီ၍ အပြောင်းအလဲ ရှိလာခြင်းဖြစ်ပါသည်။

> လက်ထပ်ပြီးရင် မီးဖိုချောင်ထဲမှာ အလုပ်လုပ်ရမှာဆိုတော့ စာရေး၊ စာဖတ်ကလွဲရင် မိန်းကလေးတွေကို ကျောင်းဆက်မထားတော့ဘူး။ ကျွန်မတို့ ညီအစ်မတွေအားလုံးက ဘွဲ့ရပညာတတ်တွေ။ အမေက အမြဲပြောတယ်၊ အိမ်မှုကိစ္စတွေမလုပ်တတ်လို့ ကျွန်မတို့ဘယ်တော့မှ ယောကျ်ားကောင်းရမှာ မဟုတ်ဘူးတဲ့။ ကျွန်မတို့ပညာတတ်တာကို အမေကထည့်မတွက်ဘူး။ မိန်းကလေးတစ်ယောက်ရဲ့ တန်ဖိုးကို အိမ်မှုကိစ္စလုပ်တတ်တာနဲ့ပဲ အမေကတိုင်းတယ်။ အရင်တုန်းကဆိုရင် မိန်းကလေးတွေပညာသင်ရင် တက္ကသိုလ်ဝင်တန်းအောင်ပြီးရင် ပြီးပြီ။ ခုခေတ်မှာတော့ တက္ကသိုလ်ဆက်တက်လို့ရတယ်။ ဒါပေမဲ့ မိသားစုကတော့ အိမ်ထောင်ပြုဖို့ပဲတိုက်တွန်းတယ်။ အလုပ်လျှောက်ပြီ ဆိုရင်လည်း ယောကျ်ားအတင်းပေးစားတော့တာပဲ။
>
> (မင်္ဂလာတောင်ညွန့်မြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ် မွတ်စလင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အထူးသဖြင့် အမျိုးသမီးများ၏ပညာရေးကို ဆန့်ကျင်မှုများ ပျံ့နှံ့နေသည့် ရပ်ရွာဒေသများတွင် အမျိုးသမီးများအတွက်အခြေခံပညာကို အနိမ့်ဆုံးထား တောင်းဆိုမှုများလည်း ရှိနေပါသည်။

> ကျွန်မတို့ပညာမတတ်ရင်၊ ဘယ်လား၊ ညာလားတောင်မသိရင် တော်တော် စိတ်ပျက်စရာကောင်းပါတယ်။ ကျွန်မတို့က အနိမ့်ဆုံး ၄၊ ၅ တန်းစာ လောက်တော့ တတ်သင့်တယ်။
>
> (မုံရွာမြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်အရွယ် ဗမာ၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

> အမျိုးသမီးတွေဟာအရွယ်ရောက်ရင် အိမ်ထောင်ရှင်မတွေဖြစ်ကြမှာ ဆိုပြီး ပညာတတ်စရာမလိုဘူးလို့ ပြောကြတာရှိပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့မိန်းမတွေ ပညာမတတ်ကြတာပါ။ ဒီတော့ အိမ်ထောင်ရှင်မ တွေလည်းပညာတတ်အောင် ကျွန်တော်တို့လုပ်ရလိမ့်မယ်။ ပညာ မတတ်တော့ လုပ်ပိုင်ခွင့်လည်းမရှိဘူး၊ လုပ်နိုင်တဲ့စွမ်းရည်လည်း မရှိဘူး။
>
> (မြစ်ကြီးနားမြို့နယ်မှ အသက် ၂၆နှစ်မှ ၄၀နှစ် အရွယ် ကချင်၊ ခရစ်ယာန်ဘာသာဝင် အမျိုးသားများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

၉.၄.၂ လုပ်အားဈေးကွက်

လုပ်အားဈေးကွက်နှင့်ဆက်စပ်၍ မိန်းကလေးများအား ပညာသင်ပေးခြင်း၏ တန်ဖိုးအကြောင်း ဆွေးနွေးကြရာတွင် ၎င်းသည် အမျိုးသား၊ အမျိုးသမီး တို့၏ စွမ်းဆောင်ရည်များကို ခွန်အားကြီး/အားနွဲ့ဦးဆောင်သူ/ နောက်လိုက် စသည်ဖြင့် ဒွိစုံများဖြင့် ခွဲခြားထားသည့် ကျား၊ မ ရေးရာ စံနှုန်းများနှင့် ယေဘုယျအားဖြင့် ဆက်စပ်နေပါသည်။ ယိုယွင်းလာသည့် စီးပွားရေးအခြေအနေအရ မိသားစုဝင်ငွေတွင် အမျိုးသမီးများ၏ အားဖြည့်ကူညီမှု အရေးပါလာသည့်အတွက်[၅၀] လုပ်အားဈေးကွက်တွင် ကိုယ်တိုင်ယှဉ်ပြိုင်ထိုးဖောက်နိုင်ရန် နှင့် ရှိထားသော ရပ်ပိုင်းဆိုင်ရာအားနည်းမှုကို ဖြည့်ဆည်းရန်အတွက် မိန်းကလေးများလည်း ပညာတတ်ရန်လိုအပ်သည်ဆိုသည့် အတွေးအခေါ် တစ်ရပ် ပေါ်ပေါက်လာပါသည်။ အထူးသဖြင့် ဆောက်လုပ်ရေးကဲ့သို့ ပင်ပန်းခက်ခဲသည့်အလုပ်များတွင် ပညာမတတ်သော အမျိုးသမီးများနှင့် ယှဉ်လျှင် ပညာမတတ်သောအမျိုးသားများက အလုပ်ရရန် ပိုမို လွယ်ကူကြောင်း နောက်ခံအခြေအနေမတူကြသည့် ချင်းပြည်နယ်နှင့် ရောဝတီတိုင်းဒေသကြီးတို့မှ လေ့လာမှုတွင်ပါဝင်သူများက ပြောကြပါသည်။ ဤပြောကြားချက်ကို ပြောင်းပြန်တွေးကြည့်လျှင် အမျိုးသားများသည် ၎င်းတို့၏ခွန်အားဗလကိုအသုံးပြု၍ အလုပ်အကိုင်ရှာဖွေနိုင်သဖြင့် ပညာရေးသည် ၎င်းတို့အတွက်အဓိကမကျဟု ယူဆနိုင်ပါသည်။

> ယောကျ်ားတစ်ယောက်အနေနဲ့ ပညာမတတ်ရင်တောင် ခွန်အားနဲ့ ပိုက်ဆံရှာလို့ရနိုင်သေးတယ်။
>
> (မတူပီမြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ် အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

> မိန်းမတွေက ယောကျ်ားတွေလို ခွန်အားသုံးရတဲ့အလုပ်တွေ မလုပ်နိုင်တော့ ပညာကောင်းကောင်းမတတ်ရင် ခက်ခဲတဲ့အခြေအနေတွေ ကြုံရမှာပဲ။ သမားရိုးကျပညာရေးရော၊ သမားရိုးကျမဟုတ်တဲ့ပညာရေးပါ တတ်ထားဖို့လိုတယ်။
>
> (မြစ်ကြီးနားမြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ် ကချင်၊ ခရစ်ယာန်ဘာသာဝင် အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ပြီးခဲ့သည့်အခန်းများတွင် ဖော်ပြခဲ့သည့်အတိုင်း ခွန်အားအသုံးပြုရသော အလုပ်များကိုလုပ်ရသည့် အမျိုးသမီးများအား ယေဘုယျအားဖြင့် စာနာသနားကြပြီး၊ အပြုအမူဆိုင်ရာ ကျား၊ မ ရေးရာ စံနှုန်းများကို ချိုးဖောက်နေသည်ဟု ရှုမြင်ကြပါသည်။ ပညာရေးမြင့်မားလာခြင်းသည် လုပ်အားဈေးကွက်တွင် အမျိုးသမီးများအား ပိုမို ကောင်းမွန်သော အခွင့်အလမ်းရစေသည်ဟု ယူဆကြပါသည်။ ထို့အပြင် အမျိုးသမီးများအား ၎င်းတို့၏ ပတ်ဝန်းကျင်အသိုင်းအဝိုင်းက ပို၍ လေးစားလာစေသည်ဟုလည်း ယူဆကြပါသည်။

> ပညာတတ်တာ ပိုမကောင်းဘူးလား။ အမျိုးသမီးတစ်ယောက်က ပညာမတတ်ရင် ကျွန်မလို ဈော်ဘာစိုက်ခင်းမှာ အလုပ်လုပ်ရမှာ။ ပညာတတ်ရင်တော့ စားစရာရှိတာ၊ မရှိတာ ခဏထား၊ သူများရဲ့ ရှေ့ကနေရမှာပါ။ ပညာမတတ်ရင် အသက်ကြီးလာတဲ့အခါ သူများ နောက်ကနေရမှာပဲ။ ပညာတတ်ရင် ငယ်တဲ့သူဖြစ်ဖြစ်၊ ကြီးတဲ့သူဖြစ်ဖြစ် တခြားလူတွေက သူ့ကိုချီးကျူးကြမှာပါ။
>
> (သံဖြူဇရပ်မြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် မွန်၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ဦးတည်အုပ်စု ဆွေးနွေးပွဲအများအပြားတွင် မိန်းကလေးများ၏ ပညာရေး တန်ဖိုးကို မြှင့်တင်ပေးခြင်းသည် ယဉ်ကျေးမှုအရွေ့တစ်ခုဖြစ်သည်ကို ထောက်ပြထားပါသည်။ အမျိုးသမီးများ (နှင့်အမျိုးသားများ)အား ပညာသင်ကြားပေးခြင်းကို အသုံးဝင်မှုတန်ဖိုးအရ ကျယ်ကျယ်ပြန့်ပြန့် တွက်ချက်နေကြဆဲ ဖြစ်ပါသည်။ ဆိုလိုသည်မှာ ပညာတတ်လျှင် ဘာတွေရလာနိုင်မည်လဲဆိုသည်ကို တွက်ချက်ခြင်းဖြစ်ပါသည်။ ပညာရေးကို အခြေခံတန်ဖိုးတစ်ခုအဖြစ် သို့မဟုတ် အခွင့်အရေးအဖြစ်၊ ကျယ်ကျယ်ပြန့်ပြန့် မမြင်ကြခြင်းဖြစ်ပါသည်။

ပညာရေးအဆင့်အတန်းအပေါ် များသောအားဖြင့် ဝေဖန်မှုများ ရှိနေသော်လည်း ပညာရေး၏သင်္ကေတတန်ဖိုးမှာ အရေးကြီးပါသည်။ တွေ့ဆုံမေးမြန်းခဲ့သည့် ကျောင်းဆရာတစ်ဦးက ပြောကြားရာတွင်-

[၅၀]။ ၎င်းကို စီးပွားရေး၊ အလုပ်အကိုင်နှင့် အသက်မွေးမှု အခန်းတွင် ထပ်မံဆွေးနွေးထားပါသည်။

အချိန်နှင့်အမျှ အမျိုးသမီးများ ပညာသင်ကြားခြင်းအပေါ် ပိုမိုလက်ခံလာကြသော်လည်း ၎င်းသည် 'လက်ထပ်ထိမ်းမြားခြင်းဈေးကွက်'တွင် မညီမျှမှုများကိုဖြစ်စေကြောင်း လေ့လာတွေ့ရှိရပါသည်။

မြန်မာ့ဓလေ့မှာ ဟိုတုန်းကအမျိုးသမီးတွေကို စာရေးတတ်၊ ဖတ်တတ်ရင် လုံလောက်ပြီလို့ ယူဆခဲ့ကြတယ်။ အမျိုးသားတွေပဲ ဘုန်းကြီးဝတ်ပြီး ဘုန်းကြီးကျောင်းတွေမှာ အဆင့်မြင့်ပညာတွေ ဆက်သင်ကြတယ်။ ဒါပေမဲ့ ခုခေတ်မှာ အဲဒီလိုမဟုတ်တော့ဘူး။ အမျိုးသားအများစုက စောစောကျောင်းထွက်ပြီး တခြားနေရာမှာ အလုပ်သွားလုပ်ကြတော့ မိန်းကလေးအများစုက အဆင့်မြင့်ပညာရေးတွေ သင်လာကြတယ်။ မြန်မာနိုင်ငံမှာက မိန်းကလေးတွေ ပညာဘယ်လောက် တတ်တတ်၊ ဘွဲ့တွေဘယ်လောက်ရရ အလုပ်ကောင်းကောင်းတစ်ခုရဖို့ အသုံးမဝင်ဘူး။ ဒီနေ့ခေတ် မြန်မာနိုင်ငံမှာ အရည်အချင်းရှိတဲ့အမျိုးသားတွေ အရမ်းရှားလာတော့ ပညာတတ်အမျိုးသမီးတစ်ယောက်အနေနဲ့ ဘဝမှာ အထောက်အကူဖြစ်စေမယ့် လက်တွဲဖော်ရှာဖို့ မလွယ်လှဘူး။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အငြိမ်းစား ကျန်းမာရေးအရာရှိတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ဘွဲ့လက်မှတ်ဆိုတာ မင်္ဂလာဆောင်ဖိတ်စာနဲ့ နာရေးမှာထည့်ဖို့အတွက်ပဲ ဆိုတဲ့ ဟာသတစ်ခုရှိတယ်။ မင်္ဂလာဆောင်တဲ့အခါ၊ ဒါမှမဟုတ် သေတဲ့အခါ သတင်းစာမှာ နာမည်နဲ့ဘွဲ့နဲ့ထည့်ပြီး ကြော်ငြာလေ့ရှိတယ်။ ပြောချင်တာက ဘွဲ့လက်မှတ်ဆိုတာစာရွက်ပဲ၊ သိပ်တန်ဖိုးမရှိဘူး။ ဒါပေမဲ့ အဲဒီစာရွက်က အရေးကြီးတယ်၊ ဘာလို့လဲဆိုတော့ မြန်မာနိုင်ငံမှာက ဂုဏ်သိက္ခာတို့၊ အဆင့်အတန်းတို့ကို အတွေ့အကြုံနဲ့တန်ဖိုးဖြတ်တာ မဟုတ်ဘူး၊ အဲဒီစာရွက်လေးတစ်ရွက်နဲ့ တန်ဖိုးဖြတ်နေတာ။ ပြီးတော့ တတ်ထားတဲ့ပညာနဲ့ လုပ်မယ့်အလုပ်နဲ့ ဘာမှမဆိုင်ဘူးဆိုတာ လူတိုင်းသိပါတယ်။ ဒါပေမဲ့အဲဒီစာရွက်လေးကို လိုချင်နေကြတုန်းပါပဲ။

(အဓိကသတင်းအချက်အလက်ပေးနိုင်သူ ကျောင်းဆရာတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

၄.၅ ကျား၊ မ ရေးရာ စံနှုန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်း ပုံသဏ္ဌာန်များ

ပညာရေးစနစ်အတွင်း ပုံသဏ္ဌာန်အားဖြင့်ရှိနေသည့် ကျား၊ မ ခွဲခြားဆက်ဆံခြင်းနှင့်စပ်လျဉ်း၍ အများအားဖြင့် ဆွေးနွေးကြသောရှုထောင့်တစ်ခုမှာ ဆေးပညာ၊ သို့မဟုတ် အင်ဂျင်နီယာပညာစသည့် ယှဉ်ပြိုင်ရသော ပညာရေးအစီအစဉ်များတွင် အမျိုးသားနှင့် အမျိုးသမီးများအတွက် ဝင်ခွင့်သတ်မှတ်ချက်များမတူညီခြင်း ဖြစ်ပါသည်။ ဤမူဝါဒကို ကာကွယ်ရန် အသုံးပြုလေ့ရှိသည့် အကြောင်းပြချက်တစ်ခုမှာ မိန်းကလေးများသည် ယေဘုယျအားဖြင့် ရမှတ်အဆင့် သတ်မှတ်ချက်ပိုမြင့်၍၊ ဝင်ခွင့်အမှတ်များကို ဤသို့ ခွဲခြားသတ်မှတ်မထားပါက အချို့ပညာရပ်နယ်ပယ်များတွင် အမျိုးသမီးများ အလွန်အမင်းများနေလိမ့်မည်ဟူ၍ ဖြစ်ပါသည်။ သို့ရာတွင် ထိုသို့အငြင်းပွားဖွယ် အသက်မွေးဝမ်းကျောင်းပညာရပ်များသည် အမျိုးသားများနှင့်သာ သင့်လျော်သည်ဟု ယေဘုယျသတ်မှတ်ထားသည့် ပညာရပ်များဖြစ်သည့်အတွက် အလုပ်အကိုင်ဆိုင်ရာ ကျား၊ မ ရေးရာ စံနှုန်းများက တစ်စိတ်တစ်ပိုင်း ပါဝင်ပတ်သက်နေဟန်ရှိပါသည်။ ဆေးပညာရပ်တွင် မကြာခဏကြားရသည့် အကြောင်းပြချက်တစ်ခုမှာ ဆရာဝန်များသည် ဝေးလံခေါင်ဖျား ဒေသများတွင် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ရာ အမျိုးသမီးများအား ထိုသို့တာဝန်ချထားရာတွင် အခက်အခဲများ ရင်ဆိုင်ရလိမ့်မည် ဖြစ်ပြီး၊ ၎င်းတို့အတွက် လုံခြုံစိတ်ချရမှုမရှိနိုင်ဟူ၍ ဖြစ်ပါသည်။ ဤနေရာတွင် ဝေးလံခေါင်ဖျားဒေသများတွင် အလားတူ တာဝန်ချ ထားခံရသော သားဖွားဆရာမများအားလုံးသည် အမျိုးသမီးများ ဖြစ်သည်ဆိုသည့်အချက်ကို ထည့်သွင်းမစဉ်းစားထားကြောင်း တွေ့မြင်နိုင်ပါသည်။ အလုပ်အကိုင်ဆိုင်ရာ အခွင့်အလမ်းများတွင် အရိုးစွဲနေသည့် ကျား၊ မ ရေးရာအခြေပြု အထက်အောက်ဆက်ဆံရေးက အရေးပါသော ပြဿနာဖြစ်ကြောင်း ဤသည်ကပြသနေပါသည်။

စက်မှုတက္ကသိုလ်အကြောင်းပြောရရင်၊ အခုဆို နှစ်ပေါင်း ၄၀ လောက်ရှိပြီ ထင်ပါတယ်။ သူက တစ်နည်းအားဖြင့် ခွဲတမ်းစနစ်ပုံစံမျိုး၊ ဝင်ခွင့်ကို ဆယ်တန်းစာမေးပွဲအမှတ်နဲ့ သတ်မှတ်တယ်။ အဲဒီမှာ မိန်းကလေးတွေက ယောက်ျားလေးတွေထက် အမှတ်ပိုများကြတယ်။ ယောက်ျားလေးတွေအတွက် ခွဲတမ်းရှိတော့ အဲဒီခွဲတမ်းပြည့်ဖို့ ယောက်ျားလေးတွေကို ပညာအရည်အချင်း ဒါမှမဟုတ် အမှတ်လျှော့ပြီး ခေါ်ရတယ်။ ဥပမာအားဖြင့် စက်မှုအင်ဂျင်နီယာပညာရပ်အတွက် မိန်းကလေးတွေကို မခေါ်တာမျိုးရှိဖူးတယ်။ မြို့ပြအင်ဂျင်နီယာ၊ ဓာတုအင်ဂျင်နီယာတို့ဆိုရင် မိန်းကလေးပိုများတယ်။ လျှပ်စစ်အင်ဂျင်နီယာမှာတော့ ကျွန်တော်သေချာမသိဘူး။ ဘာသာရပ်အမျိုးမျိုးရှိတယ်။ ခုတော တချို့ဘာသာရပ်တွေမှာ ပြောင်းလိုက်ပြီ။ မိန်းကလေး ၂၀% လောက်ရှိတယ်။ ဒါပေမဲ့ စက်မှုအင်ဂျင်နီယာပညာရပ်မှာတော့ မိန်းကလေး လုံးဝမရှိသလောက်ဘဲ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပညာရေးကျွမ်းကျင်သူတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ပညာတတ်ရင် ယောက်ျားလေးတွေက မျက်နှာသာပိုရပါတယ်။ မကြာသေးခင်က ကျောင်းဆရာခေါ်သလိုမျိုးပေ့ါ။ နောက်ထပ် ဥပမာတစ်ခုက တက္ကသိုလ်ဝင်ခွင့်တစ်ခုမှာ နောက်ဆုံးအမှတ်က ၃၅၀ဆိုရင် မိန်းကလေးတွေက ၃၅၀ အတိအကျဖြစ်ရမယ်၊ ဒါပေမဲ့ ယောက်ျားလေးတွေကျတော့ အလျှော့အတင်းရှိတယ်။

(ဘိုကလေးမြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ် ဗမာ၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ကျား၊ မ ရေးရာ စံနှုန်းများက အခွင့်အလမ်းများအပေါ် သိသိသာသာ လွှမ်းမိုးထားသည့် အခြားသောပညာရေးနယ်ပယ်များမှာ သမားရိုးကျ မဟုတ်သော ပညာရေး (NFE) နှင့် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာရေးနှင့် သင်တန်းများ(TVET) တို့ဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းသင်တန်းဆိုင်ရာ တရားသေအမြင်များသည် အမျိုးသမီးများ လုပ်သင့်သည့်အလုပ်အကိုင်နှင့် ရှိသင့်သည့်နေရာတို့နှင့် စပ်လျဉ်းသည့် သဘောထားများအပေါ် အခြေခံပါသည်။ အသက်မွေးဝမ်းကျောင်းသင်တန်းပေးသည့် အဖွဲ့အစည်းများနှင့် ဆွေးနွေးရာတွင် စက်ချုပ်သင်တန်း၊ ပန်းအလှပြင်သင်တန်း၊ ဟင်းချက်နည်းသင်တန်း၊ သိုးမွေးထိုးနည်းသင်တန်းနှင့် လက်မှုပညာသင်တန်း စသည်တို့သည် အမျိုးသမီးများအတွက် အဓိကဖြစ်၍ မိသားစု၏ဝင်ငွေကို တစ်တပ်တစ်အား ဖြည့်ဆည်းပေးနိုင်သည့် အပိုဝင်ငွေအနည်းငယ် ရရှိစေရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ အမျိုးသမီးများအတွက် ရည်ရွယ်သည့် သင်တန်းများ၏ အခြား လက္ခဏာတစ်ရပ်မှာ အမျိုးသမီးများသည် အိမ်ထောင်သားမွေး တာဝန်များရှိသဖြင့် ၎င်းသင်တန်းများသည် အမျိုးသမီးများအား အိုးမကွာအိမ်မကွာအလုပ်လုပ်နိုင်စေရန် ဖြစ်ပါသည်။

အဆိုပါသင်တန်းများအတွက် သင်ရိုးညွှန်းတမ်းနှင့် သင်တန်းအစီအစဉ် ရေးဆွဲရာတွင် ပါဝင်ကြသည့် ပညာရေးကျွမ်းကျင်သူများ အနေဖြင့် ကျား၊မအလိုက် မျှော်လင့်ချက်များကို ကျော်လွှန်စဉ်းစားရန်မှာ အတွင်းအပြင် ရှုထောင့်နှစ်ခုစလုံးမှ စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။

ဟင်းချက်နည်းသင်တန်းနဲ့ လက်သမားသင်တန်းရှိတယ်ဆိုပါစို့။ ယေဘုယျ အမြင်မှာ လက်သမားသင်တန်းက ယောက်ျားလေးတွေအတွက်၊ ဟင်းချက်နည်းသင်တန်းက မိန်းကလေးတွေအတွက် ဒီသင်တန်းတွေ အားလုံးကိုတက်နိုင်အောင် စီစဉ်ပေးထားတော့ အစဉ်အလာအားဖြင့် ယောက်ျားလေးတွေရွေးချယ်တဲ့ဘာသာရပ်ကို မိန်းကလေးတွေအနေနဲ့ ရွေးချယ်ဖို့ ယုံကြည်မှုဘယ်လောက်ရှိနိုင်မှာလဲ။ ပြီးတော့ ယောက်ျားလေး တွေကလည်း အစဉ်အလာအရ၊ ယဉ်ကျေးမှုအရ မိန်းကလေးတွေ ရွေးချယ်ကြတဲ့ဘာသာရပ်ကို စိတ်သက်သက်သာသာနဲ့ ရွေးချယ် နိုင်မလား။ ဒါကစိန်ခေါ်မှုပဲ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ကျောင်းဆရာတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

သင်တန်းများကို လက်ရှိကျား၊မ အခြေပြု လုပ်အားဈေးကွက်အရ စီစဉ် ရေးဆွဲထားသည့်အတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်ပြီး အမျိုးသမီးများအနေဖြင့် လစာနည်းသည့် သို့မဟုတ် ရာထူးနိမ့်သည့် အလုပ်အကိုင်များကိုသာရနိုင်သည့် အလားအလာ ရှိကြောင်း ပြောပြကြပါသည်။

မြို့နယ်အဆင့် အသက်မွေးဝမ်းကျောင်း စွမ်းရည်မြှင့်သင်တန်းမှာ ဟင်းချက်နည်းနဲ့ စက်ချုပ်သင်တန်းပါတယ်။ ဒီတော့ အမျိုးသမီးတွေက အထည်ချုပ်လုပ်ငန်း၊ ဒါမှမဟုတ် စားသောက်ကုန်လုပ်ငန်းတွေမှာ ဝင်လုပ်နိုင်တယ်။ ဘာသာစကားနှင့် ကွန်ပျူတာသင်တန်းတွေလည်းပါတော့ အမျိုးသမီးတွေအနေနဲ့ အတွင်းရေးမှူးရာထူးနဲ့ ရုံးအလုပ်မှာလည်း ဝင်လုပ်နိုင်တယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အမျိုးသမီးရေးရာအဖွဲ့မှကိုယ်စားလှယ်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

သို့ရာတွင် အသက်မွေးဝမ်းကျောင်းပညာရေးသင်တန်းများသည် နည်းပညာ ရှုထောင့်ကို ကျော်လွှန်ရန်နှင့် လုပ်အားဈေးကွက်တွင် အမျိုးသမီးများ၏ လုပ်အားတန်ဖိုးကို ထည့်သွင်းတွက်ချက်ခြင်းသည် စီးပွားရေး၊ အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကြောင်းပြဿနာများကို ဖြေရှင်းရန် နည်းလမ်းတစ်ခုဖြစ်သည်ဟု ပါဝင်သူအချို့က ယူဆကြပါသည်။

အမျိုးသမီးတွေကိုယ်တိုင်က ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုသိပ်မရှိဘူး။ ပညာတတ်ရင်တောင် တချို့ကိစ္စတွေက သူတို့နဲ့မဆိုင်ဘူးလို့ ထင်နေတုန်းပဲ။ အရေးကြီးတဲ့ကိစ္စတွေကို အမျိုးသားတွေနဲ့ ဆက်လွှဲ ထားတယ်။ သူတို့က ဝင်မဆုံးဖြတ်ဘူး။ နည်းပညာနဲ့ အသက်မွေး ဝမ်းကျောင်းပညာရေးနဲ့ သင်တန်းတွေအကြောင်းပြောတဲ့အခါ အသက်မွေးဝမ်းကျောင်း သက်သက်မဟုတ်ဘဲ ကျား၊ မ ရေးရာ ခွဲခြား ဆက်ဆံတာနဲ့ပတ်သက်တာတွေ၊ ဒါမှမဟုတ် အမျိုးသမီးတွေအတွက် အခွင့်အလမ်းနည်းတဲ့ ကိစ္စတွေလိုမျိုး လက်တွေ့ကျတာတွေ ထည့်ပြောလို့ရတယ်။ အမျိုးသမီးတွေကို ကာကွယ်စောင့်ရှောက်ဖို့ ပြောကြတဲ့အခါ ကာကွယ်စောင့်ရှောက်မှုဆိုတာ တကယ်တမ်းကဘာလဲ။ ကျွန်မအနေနဲ့ပြောရရင် ကာကွယ်စောင့်ရှောက်တယ်ဆိုတာ စွမ်းရည် မြှင့်ပေးတာပဲ။ အမျိုးသမီးတွေကို စွမ်းရည်ပိုမြှင့်တင်ပေးတာဟာ သူတို့ကို ကာကွယ်စောင့်ရှောက်တာပဲ။ အမျိုးသမီးတွေကို အမျိုးသား တွေက ကာကွယ်ပေးဖို့မလိုပါဘူး။ ဒါကျွန်မရဲ့အမြင်ပဲ။ ဒါကြောင့် သင်တန်းတွေ၊ အသက်မွေးဝမ်းကျောင်း အစီအစဉ်တွေနဲ့ ပတ်သက်ပြီး ကျွန်မစဉ်းစားမိတာက လူမှုရေးပြဿနာတွေ ပါသင့်တယ်၊ ပိုပြီး အသိအမြင်ဖွင့်ပေးတာတွေလည်း ထည့်ရမယ်။ အလုပ်အကိုင် အခွင့်အလမ်းအတွက် သက်သက်မဟုတ်ဘူး၊ ကျွမ်းကျင်မှုအတွက် သက်သက် မဟုတ်ဘူး၊ အဲဒီကျွမ်းကျင်မှုတွေကို ဘဝမှာ အသုံးချ နိုင်ဖို့လည်းပါရမယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပညာရေးကျွမ်းကျင်သူတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

၄.၆ ပညာရေးတွင် အစဉ်အလာတန်ဖိုးများကို အဓိပ္ပာယ် ပြန်လည်ဖွင့်ဆိုခြင်းနှင့် ပြန်လည်ရှာဖွေခြင်း

ပညာရေးဆိုင်ရာ၊ လူမှုရေးနှင့်ယဉ်ကျေးမှုစံနှုန်းများအကြောင်း ဆွေးနွေး ရာတွင် ဘာသာရေး၊ စာပေနှင့် ပညာရေးနယ်ပယ်များမှ အဓိကသတင်း အချက်အလက်ပေးနိုင်သူအများအပြားက မြန်မာနိုင်ငံပညာရေးစနစ်တွင် ကြက်တူရွေးနှုတ်တိုက်ပုံစံ ဖြစ်လာခြင်းအပေါ် စိတ်မကောင်းဖြစ်ရသည်ဟု ဆိုပါသည်။ လေ့လာမှုတွင်ပါဝင်သည့် အထက်ပါပုဂ္ဂိုလ်များက ဝေဖန် ပိုင်းခြားဆင်ခြင်နိုင်သည့် စွမ်းရည်ကိုမြှင့်တင်ပေးသည့် နည်းစနစ်များ အပါအဝင် ရှေးရိုးအစဉ်အလာဓလေ့များနှင့် လေ့လာသင်ယူခြင်း နည်းစနစ်များအား ပြန်လည်တန်ဖိုးထားကြရန် အလေးထား ပြောဆို ကြပါသည်။

ရှင်မဟာရဋ္ဌသာရဆိုတဲ့ မြန်မာပညာရှိရဟန်းအကျော်တစ်ပါး ရှိခဲ့ဖူးတယ်။ မှန်ကန်တဲ့ လေ့လာဆည်းပူးမှုမှာရှိတဲ့အဆင့်တွေကို ကာရန်နဲ့ ကဗျာ စပ်ထားတာ အရမ်းနာမည်ကြီးတယ်။ 'သု၊စိ၊ပု၊ဘာ၊ဝိ၊လိ၊သိ၊ဓာ'[၅၁] လို့ ခေါ်တယ်။ လေ့လာဆည်းပူးတဲ့ လူငယ်တွေရဲ့တာဝန်မှာ အဆင့် ၈ ဆင့် ရှိတယ်။ ပထမဆုံးက နားထောင်ဖို့၊ သု(သုနေယျ) ဆိုတာ နားထောင် တာကို ဆိုလိုတာ။ စိ(စိန္တေယျ) ဆိုတာ စဉ်းစားတာ။ ဒီကဗျာက ၁၅ ရာစုနှစ်ကတည်းက။ ပု ဆိုတာက ပုစ္ဆေယျ၊ မရှင်းလင်းရင် မေးရမယ်လို့ ဆိုလိုတာ။ ပထမဆုံးနားထောင်၊ ပြီးရင် စဉ်းစား၊ အဲဒီနောက်မှာ မေး၊ ဒီ ၃ခုရဲ့ အဓိပ္ပာယ်က ဆွေးနွေးတာပဲ။ ဘာ ဆိုတာ ဘာသေယျ၊ သူကလည်းအမှန်တော့ ဆွေးနွေးတာကို ဆိုလိုတယ်။ ဝိ ဆိုတာက ဝိစ္ဆေယျ၊ အဓိပ္ပာယ်က အပြန်ပြန်စဉ်းစားဆင်ခြင်တာ။ လိ(လိက္ခေယျ) ဆိုတာရေးတာ။ အကြောင်းအရာတွေကို ဆွေးနွေးပြီးတဲ့အခါ၊ အလွတ်ကျက်မှတ်ရုံတင်မကဘဲ ချရေးရမယ်၊ တစ်နည်းအားဖြင့် မှတ်သားထားရမယ်။ သိဆိုတာက သိက္ခေယျ၊ အဓိပ္ပာယ်က

၅၁ ဤကဗျာသည် နဝမတန်း ကျောင်းသုံး မြန်မာကဗျာလက်ရွေးစင် ဖတ်စာအုပ်တွင် ပါရှိပါသည်။ ကဗျာ၏ ခေါင်းစဉ်မှာ 'သီကုံးပန်းသွင် နေ့တိုင်းဆင်လော့' ဖြစ်၍ ၁၅ ရာစုနှစ် အင်းဝခေတ်တွင် ပေါ်ထွန်းခဲ့သည့် ထင်ရှားသော ရဟန်းစာဆို ရှင်မဟာရဋ္ဌသာရက ရေးသား သီကုံးခဲ့ခြင်း ဖြစ်ပါသည်။

လေ့လာဆည်းပူးထားသမျှကို လက်တွေ့ကျင့်သုံးဖို့၊ ဒီအဆင့်တွေကို ကြည့်လိုက်ရင် စဉ်းစားရမယ်၊ နားမလည်တာတွေကိုမေးရမယ်၊ ပြီးတော့ ကိုယ်စဉ်းစားမိတာကို ဆွေးနွေးရမယ်၊ အဲဒီလိုဆွေးနွေးပြီးတဲ့အခါ ထပ်ပြီးစဉ်းစားရမယ်၊ ပြီးမှ ရေးမှတ်ထားရမယ်။ နောက်ဆုံးတစ်ခု ဓာ ဆိုတာက မှတ်ဉာဏ်ကို ကိုယ့်စိတ်က လက်ခံလာအောင်လုပ်တာ။ ကျွန်တော်တို့က ဒါကိုအဓိပ္ပာယ်ကောက်လွဲပြီး နားထောင်တာနဲ့ မှတ်သားတာပဲလို့ ထင်နေကြတာ။ ဒီအဆင့်တွေ အားလုံးကို ကျွန်တော်တို့က မှန်မှန်ကန်ကန် မသုံးခဲ့ကြဘူး။ တကယ်တော့ ကျွန်တော်တို့နိုင်ငံမှာ ဒါကအစဉ်အလာ ဖြစ်နေတာ။ နေရာတကာမှာ အလွယ်လိုက်ချင်ကြတယ်။ ဒါကြောင့်လည်း ဒီနေ့ခေတ်မှာ ကျွန်တော်တို့ရဲ့ သင်ကြားတဲ့၊ လေ့လာဆည်းပူးတဲ့နည်းစနစ်တွေ အရမ်းညံ့တယ်၊ လုံးဝ ခေတ်မမီဘူး၊ မတိုးတက်ဘူးလို့ လူတွေကထင်နေကြတာ။ ဝေဖန်ပိုင်းခြား ဆင်ခြင်တတ်တဲ့ အတွေးအခေါ်ကို သင်မပေးဘူးလို့ထင်ကြတယ်။ တကယ်တမ်းက အဲဒီလိုဝေဖန်ပိုင်းခြားတတ်တဲ့ အတွေးအခေါ်က ၁၅ ရာစုနှစ်ကတည်းက စာနဲ့ပေနဲ့ပြောခဲ့ပြီးသားပါ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပညာရေးကျွမ်းကျင်သူတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

စစ်အစိုးရအုပ်ချုပ်ခဲ့သည့် ၁၀ စုနှစ်များအတွင်း ဝေဖန်ပိုင်းခြားတတ်သည့် အတွေးအခေါ်နှင့် အုပ်ချုပ်သူလူတန်းစားအပေါ် မေးခွန်းထုတ်ခြင်းကို သည်းမခံခဲ့ပါ။ လေ့လာမှုတွင်ပါဝင်သူအချို့က ဤသည်မှာ လက်ရှိ ပညာရေးစနစ်၏ အားနည်းချက်ကို ပိုမိုဆိုးရွားစေသည့် အချက်တစ်ချက် အဖြစ် ရှုမြင်ကြပါသည်။ အမျိုးသမီးများအား ပုံစံတကျနေတတ်စေရန်နှင့် နာခံတတ်စေရန် အလွန်အမင်း လူမှုပုံစံသွင်းထားသည့်အတွက် ပါဝင်သူများက ဤအလေ့အထကို ကျား၊ မ ရေးရာ ရှုထောင့်မှလည်း ဆွေးနွေးခဲ့ကြပါသည်။ ထိုနည်းတူစွာ ဝေဖန်ပိုင်းခြားတတ်သည့် အတွေးအခေါ်ကို မြှင့်တင်ပေးသည့် ပညာရေးစံနှုန်းများအား ပြန်လည် တန်ဖိုးထားခြင်းနှင့် အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေး တို့ကိုလည်း ကြိုဆိုကြပါသည်။

ကျွန်တော် အခုကျောင်းဆရာဘဝက အငြိမ်းစားယူထားတာ၊ နှစ်ပေါင်း များစွာ ကျွန်တော်မဆွေးနွေးချင်တာတွေရှိခဲ့တယ်ဆိုတာ ကျွန်တော် ဝန်ခံပါတယ်။ ဒီနေ့ခေတ်မှာ အပြောင်းအလဲဆိုတာကို ကျွန်တော်တို့ ကြုံနေရတာပါ။ ပညာရေးမူဝါဒတွေနဲ့ သင်ရိုးညွှန်းတမ်းတွေလည်း ပြောင်းလိမ့်မယ်ထင်ပါတယ်။ ကျောင်းသားတွေကို အလွတ်ကျက်ခိုင်းပြီး၊ စာမေးပွဲအောင်ဖို့ စာတွေကို အလွတ်ကျက်မှတ်ရတဲ့ပညာရေးစနစ်နဲ့ ကျွန်တော်တို့ကရင်းနှီးခဲ့ကြတာ။ ကျောင်းမှာ လွတ်လွတ်လပ်လပ် ဆွေးနွေးနိုင်တဲ့ အခွင့်အရေးမရှိဘူး။ ကျောင်းသားတွေအတွက် နှီးနှောဖလှယ်ပွဲတွေ၊ ဆွေးနွေးပွဲတွေ များများစီစဉ်ပေးသင့်တယ်၊ ပညာရေး စနစ်ကလည်း ကျောင်းသားဗဟိုပြုတဲ့စနစ်မျိုး ဖြစ်သင့်တယ်။ 'ဂုဏဝုတ္တိ' နှင့် 'ဝရဝုတ္တိ' ဆိုတဲ့ ဝေါဟာရတွေအကြောင်းကိုလည်း ကျွန်တော်ရှင်းပြခဲ့တယ်။ လူကြီးတွေ ပြောသမျှကို နားထောင်တာ၊ လိုက်လုပ်တာက စာသင်တာမှမဟုတ်တာ၊ ဒါပေမဲ့ ဒီအမှားကြီးကို ကျွန်တော်တို့ နှစ်ပေါင်းများစွာမှားခဲ့ကြတယ်။ သက်ကြီးဝါကြီးတွေကို အတိုက်အခံဆွေးနွေးနိုင်တဲ့အခွင့်အရေး ကျွန်တော်တို့မှာ မရှိခဲ့ဘူး။ လူငယ်အများစုက ဒါကို ကျင့်သားရနေပါပြီ။ ဒီကနေ့သတ်ချက်တွေ၊ မကောင်းတဲ့အလေ့အထတွေနဲ့ပဲ သူတို့ကြီးပြင်းလာကြရတာကိုး။

စာဒကတက်တာပဲဖြစ်ဖြစ် ဒါမှမဟုတ် ငယ်တဲ့လူကကြီးတဲ့လူကို ကိုယ့်စိတ်ကူးကို ထုတ်ပြောတာပဲဖြစ်ဖြစ် ရိုင်းတယ်လို့ယူဆတာ များနေတယ်။ ခုခေတ်မှာ လူငယ်တွေအနေနဲ့ ကိုယ့်ခံစားချက်တွေ၊ အမြင်တွေကို ရဲရဲဝံ့ဝံ့ပြောနိုင်တဲ့ အခွင့်အရေးတွေ၊ အခွင့်အလမ်းတွေ ပိုရလာပါပြီ။ နိုင်ငံခြားတိုင်းပြည်တွေနဲ့တောင် ဆက်ဆံနိုင်နေကြပြီ။ ဒါကအပြောင်းအလဲရဲ့ အပေါင်းလက္ခဏာတစ်ခုပါပဲ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အမျိုးသားစာရေးဆရာတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

တွေ့ရှိချက်များ၏ရိုက်ခတ်မှု

ပညာရေးကဏ္ဍဘက်စုံ ပြန်လည်သုံးသပ်ချက် (CESR)သည် ကျား၊ မ ရေးရာ တန်းတူညီမျှမရှိခြင်းများကို ဖြေရှင်းနိုင်မည့် ပညာရေးဥပဒေများနှင့် မူဝါဒများရေးဆွဲရန် တောင်းဆိုထားပြီး၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းစဉ် ၂၀၁၃-၂၀၂၂ (NSPAW) က မိန်းကလေးများနှင့် အမျိုးသမီးများအတွက် အရည်အသွေးပြည့်မီသည့် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော ပညာရေးအခွင့်အရေးကို သေချာစေရန် သုတေသန၊ မူဝါဒ၊ အကောင်အထည်ဖော်ရေးနှင့် အသုံးစရိတ်များအားလုံး၏ အရေးပါမှုကို အသိအမှတ်ပြုထားပါသည်။ အမျိုးသမီးများ၏ပညာရေးတွင် အတားအဆီးများဖြစ်သည့် ဓလေ့ထုံးစံများ၊ အယူသီးမှုများနှင့် အယူအဆများအားတိုက်ဖျက်ရန် လိုအပ်ကြောင်းကိုလည်း NSPAW တွင် အလေးထားဖော်ပြထားပါသည်။ ဤလေ့လာမှုတွင် ဖော်ပြထားသည့်အတိုင်း ထိုသို့သော အတားအဆီး များသည် ပညာသင်ကြားပိုင်ခွင့်၊ ကျောင်းဆက်တက်ခြင်း၊ အသက်မွေး ဝမ်းကျောင်း အခွင့်အလမ်းများနှင့် ဆက်စပ်နေပါသည်။ တစ်ခုတည်းသော အတားအဆီးမဟုတ်သော်လည်း လက်ရှိ ကျား၊ မ ရေးရာ တရားသေ အမြင်များသည် အဓိကအခန်းကဏ္ဍတွင်ရှိနေပြီး၊ ကျား၊ မ ရေးရာ တန်းတူညီမျှရေး၏တန်ဖိုးများကို ဆောင်ကြဉ်းပေးနိုင်သည့် ပညာရေး စနစ်၏ အခန်းကဏ္ဍကို အပြည့်အဝဆုံး အကောင်အထည်ဖော်နိုင်ရန် များစွာ ဝိုင်းဝန်းကြိုးပမ်းကြရမည် ဖြစ်ပါသည်။

ဤလေ့လာမှုတွင် အကြံပြုထားသည်မှာ[၅၂] ကျား၊မ စံနှုန်းများနှင့် တရားသေအမြင်များကို ချိုးဖျက်နိုင်ရေးအတွက် ဆရာ/ဆရာမများနှင့် ပို၍ ထိတွေ့ဆက်ဆံရန်ဖြစ်ပါသည်။ ထိုသို့ပြုလုပ်ရန် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော ပညာရေးပုံသဏ္ဍာန်နှစ်ခုစလုံး၏ ဆရာ အတတ်သင်သင်တန်းများ၌ ကျား၊ မ ရေးရာအသိအမြင် ထည့်သွင်းခြင်းသည် အရေးပါသော အဆင့်တစ်ခုဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်မှုများသည် လက်တွေ့ကျရန်လိုအပ်ပြီး၊ လူတစ်ဦးချင်းစီတွင် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသည့် လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းများ၊ တန်ဖိုးများအား ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။ သို့ဖြစ်၍ စံနှုန်းများကို ပြောင်းလဲရန် ဦးတည်သည့်ကြိုးပမ်းချက်များသည် မိန်းကလေးနှင့် ယောကျ်ားလေးများအတွက် နေ့စဉ် ကျောင်းပတ်ဝန်းကျင်တွင် လေ့လာမှု၊ အလုပ်အကိုင်ဆိုင်ရာ ရွေးချယ်မှုများ ရရှိစေမည့် အခွင့်အလမ်းများနှင့် အတူယှဉ်တွဲသွားရန် လိုအပ်ပါသည်။ ဤသည်က ကျောင်းသား၊ ကျောင်းသူများရော ဆရာ/ဆရာမများအပေါ်တွင်ပါ သက်ရောက်စေပါသည်။

[၅၂]။ အကြောင်းအရာအလိုက် အသေးစိတ်အကြံပြုတိုက်တွန်းချက်များကို အခန်း ၁၇ တွင် တွေ့နိုင်ပါသည်။

၁၀ အားကစား

ကျန်းမာရေးရှုထောင့်ကကြည့်ရင် အားကစားလုပ်တာ အရမ်းကောင်းပါတယ်။ ဒါပေမဲ့ ရွာမှာ ယဉ်ကျေးမှုရှုထောင့်ကကြည့်ရင်တော့ မိန်းကလေးတွေ အားကစားလုပ်တာမသင့်လျော်ပါဘူး။

ဤလေ့လာမှုတွင် ပါဝင်သည့် ရပ်ရွာဒေသအများစုတွင် ယောက်ျားလေးများ အားကစားလုပ်ခြင်းသည် ကောင်းသည်၊ ကျန်းမာစေသည်ဟုထင်မြင်ကြသော်လည်း၊ မိန်းကလေးများ အားကစားလုပ်ခြင်းကို သင့်လျော်သည်ဟု မထင်ကြပါ။ အားကစားလုပ်ခြင်းဖြင့် ပို၍ ယောက်ျားပီသစေပြီး အမျိုးသားများသည် သွက်လက်ဖျတ်လတ်ရမည်၊ ကြံ့ခိုင်သန်စွမ်းရမည်၊ ခွန်အားဗလကောင်းရမည် စသည့်စံနှုန်းများနှင့် ကိုက်ညီစေသည်ဟု ယူဆကြသဖြင့် အမျိုးသားများအားကစားလုပ်ခြင်းကို တိုက်တွန်းအားပေးကြပါသည်။ ယောက်ျားလေးများနှင့် သင့်လျော်သော အားကစားနည်းများထဲမှ အချို့ကိုဖော်ပြရလျှင် ခြင်းလုံးခတ်ခြင်း၊ ကြက်တိုက်၊ နွားရိုင်းသတ်ပွဲ တို့ကိုကြည့်ခြင်း၊ ဘောလုံးကန်ခြင်း၊ ပြေးခြင်းနှင့် လက်ဝှေ့ထိုးခြင်းတို့ ပါဝင်ပါသည်။ အမျိုးသမီးများနှင့် သင့်လျော်သည့် အနည်းငယ်သော အားကစားနည်းများမှာ အေရိုးဗစ်၊ ကြက်တောင်၊ ကြိုးခုန်ခြင်းနှင့် အကတို့ဖြစ်ပါသည်။ အထူးသဖြင့် ဘောလုံးကန်ခြင်းသည် အမျိုးသမီးများနှင့် မသင့်လျော်ဟု ယူဆကြပါသည်။ အမျိုးသမီးများ ပြေးပြေးလွှားလွှားကစားခြင်းသည် ဤလေ့လာမှု အစောပိုင်းတွင် ဖော်ပြခဲ့သည့် ဣန္ဒြေသိက္ခာ၊ နူးညံ့သိမ်မွေ့သည်သာမှုစသည့် အပြုအမူဆိုင်ရာ စံနှုန်းများနှင့် ဆန့်ကျင်သည်ဟုရှုမြင်ကြပြီး၊ 'ခြေတစ်လှမ်း ကုဋေတစ်သန်း'ကဲ့သို့သော ဆိုရိုးစကားများဖြင့် အမျိုးသမီးများ၏ နူးညံ့သိမ်မွေ့မှု၊ တင့်တယ်မှုနှင့် ဣန္ဒြေသိက္ခာတို့၏တန်ဖိုးကို ထပ်လောင်းအားဖြည့်ကြပါသည်။ ဤစံနှုန်းများသည် ကျားမရေးရာ တရားသေအမြင်များကို ထပ်လောင်းအားဖြည့်နေသည့်အပြင် အမျိုးသားနှင့် အမျိုးသမီးများ၏ ကိုယ်လက်လှုပ်ရှား အားကစားတွင်ပါဝင်နိုင်မည့် အခွင့်အလမ်းများကို နယ်နိမိတ်ပိုင်းခြားလိုက်ခြင်း ဖြစ်ပါသည်။

ကျန်းမာရေးရှုထောင့်ကကြည့်ရင် အားကစားလုပ်တာ အရမ်းကောင်းပါတယ်။ ဒါပေမဲ့ ရွာမှာ ယဉ်ကျေးမှုရှုထောင့်ကကြည့်ရင်တော့ မိန်းကလေးတွေ အားကစားလုပ်တာမသင့်လျော်ပါဘူး။

(မုံရွာမြို့နယ်မှ အသက် ၄၀ နှစ်နှင့် အထက် ဗမာ၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အားကစားဆိုတာ အမျိုးသားတွေနဲ့ပဲ ပိုသင့်လျော်ပါတယ်။ ဘာလို့လဲဆိုတော့ မိန်းကလေးတွေ ခြေတွေလက်တွေလှုပ်ပြီး အားကစားလုပ်နေတာမြင်ရတာ မသင့်လျော်ဘူးလေ။ လှုမြင်လို့လည်းမကောင်းဘူး။

(ကလောမြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် ဓနု၊ ဗုဒ္ဓဘာသာဝင်အမျိုးသားများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အားကစားလုပ်ခြင်းသည် အမျိုးသမီးများ ကိုယ်ဝန်ဆောင်စဉ်နှင့် ကလေး မီးဖွားစဉ်တွင် အခက်အခဲများ ဖြစ်စေနိုင်သည်ဆိုသည့် အကြောင်းပြချက်ဖြင့် အမျိုးသမီးများ အားကစားလုပ်ခြင်းကို အမျိုးသားများရော အမျိုးသမီးများကပါ အားမပေးကြပါ။ ချင်းနှင့် ကချင်ပြည်နယ်များကဲ့သို့ အမျိုးသားများ လွှမ်းမိုးအုပ်ချုပ်သည့် ရပ်ရွာဒေသများတွင် ဤအကြောင်း ပြချက်များကို ပို၍ပြင်းပြင်းထန်ထန်၊ ပေါ်ပေါ်ထင်ထင် ထုတ်ဖော်ပြောဆို ကြပါသည်။ သို့ရာတွင် လေ့လာခဲ့သည့် နေရာဒေသများ အားလုံးတွင် အလားတူအကြောင်းပြချက်များကို ခြွင်းချက်မရှိ ကြားခဲ့ရပါသည်။

အမျိုးသမီးတွေအားကစားလုပ်တာ မသင့်လျော်ပါဘူး။ မြန်မာနိုင်ငံမှာ အမျိုးသမီးအားကစားသမားတွေ အိမ်ထောင်မပြုကြဘူး။ အိမ်ထောင်ပြုရင်လည်း ကလေးမမွေးနိုင်ကြပါဘူး။ မီးတွင်းထဲမှာလည်း ဒုက္ခရောက်ကြတယ်။

(မတူပီမြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်အရွယ်၊ အမျိုးသားများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အရင်တုန်းက အေရိုးဗစ်ကအဓိကပဲ၊ ဒါပေမဲ့ ခုတော့ အလေးမတာတို့လို အားကစားတွေ အမျိုးသမီးတွေ အများကြီးလုပ်နေကြပါပြီ။ ကျွန်မတို့ဘေးအိမ်က မိန်းကလေးကျတော့ ကတယ်။ သူ ကလေးမွေးတော့ အရမ်းဒုက္ခရောက်တယ်၊ နောက်ထပ်ကလေးရဖို့လည်း မလွယ်တော့ဘူး။

(မြစ်ကြီးနားမြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ်၊ ကချင်၊ ခရစ်ယာန် အမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

အမျိုးသမီးများအားကစားလုပ်ခြင်းကို ဆန့်ကျင်သည့် နောက်ထပ်အကြောင်းတစ်ရပ်မှာ ယောက်ျားလေးများနှင့် မိန်းကလေးများ အထူးသဖြင့် လူပျိုပေါက်၊ အပျိုပေါက်အရွယ်တွင် အဖွဲ့လိုက်ကစားနည်းများကို ရောထွေးကစားရန်မသင့်လျော်ဟု ထင်မြင်ကြခြင်းဖြစ်ပါသည်။ ယောက်ျားလေး၊ မိန်းကလေးရောထားသည့် အသင်းများတွင် ပါဝင်သော မိန်းကလေးသည် သူမ၏ ဣန္ဒြေသိက္ခာအပေါ် မေးခွန်းထုတ်ခံရသည့် အန္တရာယ်ရှိလာနိုင်ပါသည်။ အားကစားနှင့် အပန်းဖြေရာ အများပြည်သူပိုင်နေရာများသည် အမျိုးသားများ၏ နေရာများသဖွယ်ဖြစ်နေကြောင်း သိရှိရပါသည်။

ယောက်ျားလေးတွေနဲ့ ဘောလုံးအတူကန်တဲ့ မိန်းကလေးတစ်ယောက်ကို တခြားလူတွေက ဘယ်လိုထင်မလဲ စဉ်းစားကြည့်ပါ။ ဘောလုံးကန်တဲ့ မိန်းကလေးတချို့ရှိပါတယ်။ ဒါပေမဲ့ မိန်းကလေးအချင်းချင်းပဲ ကန်တာကောင်းပါတယ်။ ယောက်ျားလေးတွေကလည်း ယောက်ျားလေးအချင်းချင်းပဲ ကန်သင့်တယ်။

(သံဖြူဇရပ်မြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ်၊ မွန်၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

အမျိုးသမီးများသည် အားကစားတွင် စိတ်ဝင်စားသည်ဟု ယူဆမထားပါ။ များသောအားဖြင့် အားကစားနည်းများသည် ယောကျ်ားလေးများနှင့် အမျိုးသားများအတွက်သာ ရည်ရွယ်သည်ကို[၅၃] ပုံနှိပ်နှင့် ရုပ်သံမီဒီယာ နှစ်မျိုးစလုံးတွင် ထင်ဟပ်၊ အားဖြည့်ထားပါသည်။ ထို့အပြင် အားကစား လုပ်ရန် အမျိုးသမီးများတွင်အချိန်မရှိဟု ကျယ်ကျယ်ပြန့်ပြန့် ယူဆ ထားကြပြီး၊ အားကစားလုပ်ပါက ၎င်းတို့၏ဦးစားပေးအိမ်မှုကိစ္စများတွင် တစ်နည်းနည်းဖြင့် လျစ်လျူရှုထားခြင်းဖြစ်မည်ဟု ထင်ကြပါသည်။ အမျိုးသားများ အားကစားကိုစိတ်ဝင်စားခြင်းနှင့် အချိန်ပေးခြင်းတို့အပေါ် ဤသို့သော ကန့်သတ်ချက်များမရှိပါ။

ဒီခေတ်အမျိုးသမီးတွေက အားကစားကို သိပ်စိတ်မဝင်စားကြပါဘူး။ အားကစားကို တကယ်စိတ်အားထက်သန်တဲ့အမျိုးသမီး ကျောင်းမှာ ၁၀ ယောက်ပြည့်အောင်မရှိပါဘူး။ သူတို့စိတ်ထဲမှာ အားကစားထက် ဖက်ရှင်နဲ့အလှအပတွေပဲ ရှိနေတာများတယ်။

(၂၀၁၃ခုနှစ်၊ ဇွန်လထုတ်မြန်မာတိုင်းမ်ဂျာနယ်တွင်ပါရှိသည့် "Modern Women" အထူး ဆောင်းပါးမှ၊ ရန်ကုန်တိုင်းဒေသကြီး ဘတ်စကက်ဘောအသင်းမှ အမျိုးသမီးကစားသမား မသက်စုထွေး၏ ပြောကြားချက်)

ကျွန်မတို့မိသားစုမှာ ဘောလုံးပွဲသွားကြည့်တာ ကျွန်မတစ်ယောက်ပဲ ရှိတယ်။ ဘာလို့လဲဆိုတော့ ဒီနေ့ခေတ်အထိ မိန်းကလေးတွေ ဘောလုံးပွဲကြည့်တာကို မသင့်လျော်ဘူးလို့ထင်နေကြလို့ပဲ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီးခေါင်းဆောင် ၄ နှင့် တွေ့ဆုံမေးမြန်းခြင်း)

အမျိုးသမီးများအားကစားလုပ်ခြင်းကို ထောက်ခံသည့်သဘောထားများလည်း ရှိပါသည်။ သို့ရာတွင် ၎င်းတို့မှာ ပတ်ဝန်းကျင်ကလက်ခံထားသည့် စံနှုန်းများမဟုတ်ဘဲ တစ်ဦးချင်း၏ အမြင်များသာဖြစ်ပါသည်။ ယောကျ်ားလေးရော မိန်းကလေးပါ အားကစားလုပ်ခြင်းကို အနည်းငယ် ပို၍ လက်ခံသည့် ရောဝတီတိုင်းဒေသကြီးက ချွင်းချက်ဖြစ်ပါသည်။

ယောကျ်ားရော မိန်းမအတွက်ပါ အားကစားလုပ်တာ သင့်လျော်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အားကစားကို အရမ်းစိတ်ဝင်စားပါတယ်။ အမျိုးသမီးတွေအတွက်လည်း လေ့ကျင့်ခန်းလုပ်တာ အရေးကြီးပါတယ်။ ကျန်းမာရေးအတွက်ရော အလှအပအတွက်ပါ အထောက်အကူ ဖြစ်စေပါတယ်။

(ဒီမောဆိုမြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် ကယန်း၊ တံခွန်တိုင်အမျိုးသားများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ကျွန်မကဘောလုံးကန်ချင်တာ၊ ဒါပေမဲ့ အဖေကခွင့်မပြုဘူး။

(ဒီမောဆိုမြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ် ကယန်း၊ တံခွန်တိုင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ကျွန်မသမီးတွေက ကျွန်မတို့ရွာကို ကိုယ်စားပြုပြီးမြို့မှာ အားကစားပြိုင်ပွဲ သွားပြိုင်ရတယ်။ အမျိုးသမီးတွေလည်း အားကစားလုပ်နိုင်ပါတယ်။ သိပ်အညံ့ကြီးမဟုတ်ပါဘူး။ အားကစားနဲ့ပညာရေးက ဆက်စပ်နေတယ်။ ကျန်းမာရေးအတွက်လည်း ကောင်းပါတယ်။

(မင်းပြားမြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀နှစ် အရွယ်၊ ရခိုင်၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ယဉ်ကျေးမှုအရ ဆန့်ကျင်ခြင်းက အခိုင်အမာရှိနေဆဲ ဖြစ်သော်လည်း၊ မိန်းကလေးများနှင့် အမျိုးသမီးများ အားကစားလုပ်ခြင်းကို တဖြည်းဖြည်း ပို၍လက်ခံလာသည်ကို တွေ့ရှိရပါသည်။ အားကစားကို အမျိုးသားရေး ဂုဏ်သိက္ခာဆိုင်ရာ အရေးကိစ္စအဖြစ် ရှုမြင်လာကြသည့်အခါ အမျိုးသမီးများပါဝင်မှုကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ယူဆကြပြီး အမျိုးသမီးများ အားကစားလုပ်ခြင်းကို ပိုမိုလက်ခံလာသည်ဟုဆိုရမည် ဖြစ်ပါသည်။ ၂၀၁၃ခုနှစ်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံ ကျင်းပခဲ့သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (SEA Games) ကာလအတွင်း ကောက်ယူခဲ့သည့် စစ်တမ်းအရ ဤသို့သော စိတ်ခံစားမှု များသည် ပုံမှန်ထက်ပို၍ ပျံ့နှံ့လွှမ်းမိုးလာခဲ့ပါသည်။ သို့ရာတွင် ပြိုင်ပွဲ ကာလအတွင်း မီဒီယာသတင်းများတွင် အမျိုးသားအားကစားသမားများ၏ ပွဲရလဒ်များကို ပို၍အလေးထား နေရာပေးဖော်ပြသည်ကို တွေ့ရှိရပါသည်။

ခေတ်က ဂလိုဘယ်ခေတ်ဆိုတော့ အရှေ့တောင်အာရှအားကစားပွဲမှာ မြင်ရတဲ့အတိုင်း အမျိုးသားရော အမျိုးသမီးတွေပါ အားကစားလုပ်သင့် ပါတယ်။ အမျိုးသမီးတွေကို ချန်မထားသင့်ပါဘူး။ သူတို့နဲ့အတူ သူတို့ကို လက်တွဲခေါ်ရမယ်။ ဘယ်လိုပဲဖြစ်ဖြစ် အားကစားလုပ်တဲ့ နေရာမှာတော့ အမျိုးသားတွေက အမျိုးသမီးတွေထက် ပိုပြီးစိတ်ပါကြတယ်။

(ကလောမြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် ဓနု၊ ဗုဒ္ဓဘာသာဝင် အမျိုးသားများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

ရန်ကုန်တိုင်းဒေသကြီး ဘတ်စကက်ဘောအသင်းမှ အမျိုးသမီးကစားသမား မသက်စုထွေးက အားကစားဖြင့် အသက်မွေးရသည့် အခက်အခဲများကို ရည်ညွှန်း၍ ကြေးစားအဆင့်အားကစားသမားဖြစ်လိုသည့် အမျိုးသမီးများ အတွက် ဤသည်က မည်သို့အတားအဆီး ဖြစ်စေသည်ကို ထုတ်ဖော် ပြောဆိုခဲ့ပါသည်။ အမျိုးသားများထက် အမျိုးသမီးများအတွက် 'ချစ်ကြည်ရေးပွဲများ'နှင့် ပြိုင်ပွဲများ ပိုမိုနည်းပါးခြင်းသည် မြန်မာနိုင်ငံတွင် အမျိုးသမီးအားကစားသမားများ ဆက်လက်ရုန်းကန်ရဖွယ်ရှိသည့် နောက်ထပ်အကြောင်းတရားတစ်ခုအဖြစ် သူမကရှုမြင်ပါသည်။ (အောင်စည်ဟိန်း၊ ၂၀၁၄)

အမျိုးသမီးအားကစားသမားများ အားကစားတွင်ပါဝင်ရန် ရုန်းကန်ရခြင်းကို အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွင်း မီဒီယာတွင် အတိုင်းအတာ တစ်ခုအထိထင်ပေါ်ခဲ့သည့် မြန်မာအမျိုးသမီးဘောလုံးအသင်းကို ကိုးကား၍ မီးမောင်းထိုးပြထားပါသည်။ အမျိုးသမီးများ၏ အလှအပစံနှုန်းများမှ သွေဖည်၍ ကစားသမားအားလုံးလိုလို ဆံပင်အတိုဖြင့် တွေ့ရပါသည်။ မီဒီယာတွေ့ဆုံမေးမြန်းခန်း တစ်ခုတွင် အမျိုးသမီး ဘောလုံးသမားများက ကွင်းထဲတွင် ၎င်းတို့အချင်းချင်း'အစ်ကို'ဟု ခေါ်ကြကြောင်းပြောကြပါသည် (Verbruggen၊ ၂၀၁၄)။ အမျိုးသမီးများအတွက် နေရာပိုမိုဖန်တီးနိုင်စေရန် အခြားသော ကျား၊ မ ရေးရာ 'အခေါ်များ' ပြောင်းလဲအသုံးပြုရန် လိုအပ်ကြောင်း ဤသည်ကညွှန်ပြနေပါသည်။ ယေဘုယျအားဖြင့် သက်တူ ရွယ်တူများထက် ပို၍ သွက်လက်တက်ကြွပြီး၊ 'မိန်းမတစ်ယောက်'၏ စံနှုန်းများနှင့် မကိုက်ညီသည့် အမျိုးသမီးများအား 'ယောကျ်ားလျာ'ဟု ခေါ်ဝေါ်သုံးနှုန်းခြင်းနှင့် ဤသည်က ပုံစံတူဖြစ်ပါသည်။

၅၃။ ယောကျ်ားပီသမှုနှင့် အားကစား အခိုင်အမာဆက်စပ်နေသည်မှာ ကမ္ဘာလုံးဆိုင်ရာအခြင်းအရာ ဖြစ်ပါသည်။ ဥပမာအားဖြင့် လွန်ခဲ့သည့် ၁၀-၁၅ နှစ်အတွင်းမှသာ အမျိုးသမီးအားကစားအစီအစဉ် တင်ဆက်သူများနှင့် တိုက်ရိုက်ကြေညာသူ အရေအတွက် သိသိသာသာများလာ ခြင်းဖြစ်ပြီး၊ ဥရောပ မီဒီယာများတွင် အမျိုးသမီး အားကစားသတင်းများ ထုတ်လွှင့်မှု စတင်မြင့်မားလာခြင်း ဖြစ်ပါသည်။ ထို့အပြင် အားကစားသတင်း အယ်ဒီတာများမှာ အများအားဖြင့် အမျိုးသားများ ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ်၊ Associated Press၏ လူမျိုးရေးနှင့် ကျား၊ မ ရေးရာ တိုးတက်မှုမှတ်တမ်း(Lapchick နှင့် အခြား၊ ၂၀၁၃)တွင် အမေရိကန်ပြည်ထောင်စုရှိ အားကစားသတင်း အယ်ဒီတာများတွင် အမျိုးသမီးအရေအတွက်သည် ၁၀%ထက်နည်းကြောင်း ဖော်ပြထားပါသည်။

ကျွန်မမှာ အမြွှာအစ်ကိုတစ်ယောက်ရှိတယ်၊ ဘာလုပ်လုပ်အတူတူပဲ၊ ကစားတာ၊ အပြင်ထွက်တာ၊ အားလုံး ကျွန်မရဲ့အမြွှာအစ်ကိုနဲ့တန်းတူပဲ။ ဒီတော့ မိဘတွေနဲ့ကျွန်မ အမြဲတမ်းစကားများရတယ်။ ယောက်ျားလေးတွေနဲ့ကျွန်မ ဘောလုံးအတူကန်တယ်။ ကျွန်မထဘီကို သူတို့လုံချည်တွေနဲ့ အတူလှန်းတယ်။ ဒီလိုနဲ့ ပထမတော့အမေ၊ နောက်တော့ အဘိုး၊ အဘွားတွေက ကျွန်မကိုသတိပေးတယ်။ ရိုက်တယ်။ ဒါပေမဲ့ ကျွန်မကလက်မခံဘူး၊ 'မဟုတ်ဘူး၊ သမီးကစားချင်တယ်၊ သစ်ပင်တက်ချင်တယ်'လို့ သူတို့ကိုပြောပြတယ်။ နောက်ဆုံးမှာ သူတို့ လက်ခံတယ်။ တစ်နည်းအားဖြင့် ကျွန်မကို ယောက်ျားလျာတစ်ယောက်လို့ သတ်မှတ်ပြီးလက်ခံလိုက်တာ။ ကျွန်မမိသားစုက ကျွန်မကို မိန်းကလေးလို့ မသတ်မှတ်တာ၊ ဒါကြောင့်ခွင့်ပြုတာ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီးခေါင်းဆောင် ၂ နှင့် တွေ့ဆုံမေးမြန်းခြင်း)

မြန်မာအမျိုးသမီး ဘောလုံးအသင်းမှ မိုးမိုးဝါကပြောပြရာတွင် သူတို့ ညီအစ်မနှစ်ဦး ငယ်စဉ်က ဘောလုံးကစားရာတွင် အစ်ကိုများလိုက်၍ ပြေးရခြင်း၊ အရိုက်ခံရခြင်းတို့အပါအဝင် ၎င်းတို့၏အိပ်မက် တကယ် ဖြစ်လာရန် အများကြီးရင်းနှီးပေးဆပ်ခဲ့ရသည်ဟု ဆိုပါသည်။ (Verbruggen, ၂၀၁၄)

တွေ့ရှိချက်များ၏ ရိုက်ခတ်မှု

၂၀၁၂ ခုနှစ်၊ဒီဇင်ဘာလ ၁၁ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် အမှတ် ၆၇/၁၇၃ အားကစားသည် အခြားအရာများအပြင် ပညာရေးနှင့် ကျန်းမာရေးကို မြှင့်တင်ပေးရန်နှင့် မိန်းကလေးများနှင့် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ပေးရန်အတွက် နည်းလမ်းတစ်ခုအဖြစ် အလေးထားဖော်ပြထားပါသည်။ အားကစားတွင် အမျိုးသမီးများမပါဝင် နိုင်စေရန် ဟန့်တားခြင်းသည် ၎င်းတို့၏ ကျန်းမာရေး၊ ကိုယ်လက် လှုပ်ရှားမှု၊ အပန်းဖြေခြင်း၊ အဖွဲ့လိုက်လုပ်ဆောင်ချက်နှင့် ပျော်ရွှင်မှု တို့ကို ကန့်သတ်လိုက်ခြင်းဖြစ်ပါသည်။ အမျိုးသားများနှင့် တန်းတူ အားကစားတွင် အမျိုးသမီးများ ပါဝင်နိုင်ခွင့်ရှိခြင်းသည် ၎င်းတို့၏ ဘဝနေထိုင်မှုတွင် အကျိုးကျေးဇူးများစွာ ရရှိစေပါသည်။ ဤသည်တို့ကို ပြန်လည်ဖော်ထုတ်ရာတွင် မီဒီယာသာမက အခြားလူမှုပံ့ပိုးသွင်းပေးသူများ ဖြစ်သည့် မိသားစုများ၊ အသိုင်းအဝိုင်းများနှင့် ပညာရေးစနစ်တို့က တစ်စိတ်တစ်ဒေသ ပါဝင်နေပါသည်။[၅၄] အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲအတွင်း အမျိုးသမီးအားကစားအပေါ် ပုံမှန်ထက်ပို၍ အာရုံစိုက် လာကြချိန်တွင် အမျိုးသမီးအားကစားအပေါ် အသိအမှတ်ပြုမှုသည် အမျိုးသားရေးဂုဏ်သိက္ခာအဖြစ် ရလဒ်ကိုသာတန်ဖိုးထားသည့် ယှဉ်ပြိုင်ခြင်းအပေါ် အလေးထားမှုထက်ကျော်လွန်ရန်နှင့် တစ်ဦးချင်း၏ အားကစားတွင် ပါဝင်ခွင့်ကို လိင်မှုဆိုင်ရာအပေါ်အခြေပြု၍ မကန့်သတ်၊ မတားမြစ်ရန် အရေးကြီးပါသည်။

၅၄။ ဤအကြောင်းအရာကို အခန်း ၁၂တွင် အသေးစိတ်လေ့လာနိုင်ပါသည်။

၁၁ ကျန်းမာရေး

အမျိုးသမီး ကျန်းမာရေးစောင့်ရှောက်မှုလို့ ဆိုလိုက်ရင် လူတွေက မိခင်နှင့်ကလေး ကျန်းမာရေးလို့ပဲ တလွဲထင်နေတယ်။

ယဉ်ကျေးမှုစံနှုန်းများ၊ လူမှုအလေ့အထများနှင့် အဆင့်မှီသောကျန်းမာရေး စောင့်ရှောက်မှု တန်းတူညီမျှ ရပိုင်ခွင့်တို့အကြား တိကျသည့် ဆက်နွှယ်မှုများ ရှိပါသည်။ ၎င်းတွင် အမျိုးသား၊ အမျိုးသမီးများအတွက် လိင်နှင့် မျိုးဆက်ပွားဆိုင်ရာ ကျန်းမာရေးအခွင့်အရေးများနှင့် စောင့်ရှောက်မှုတို့ကို ခံစားပိုင်ခွင့်တို့အပြင် အခြားများစွာပါဝင်ပါသည်။ ကျန်းမာရေးဆိုင်ရာများတွင် ကျား၊ မ စံနှုန်းများက လွှမ်းမိုးနေပါသည်။ ၎င်းတို့တွင် အမျိုးသမီးများဓမ္မတာလာခြင်းကို ညစ်ညမ်းသည်ဟုယူဆသည့် အမျိုးသမီးများ၏အပျိုစင်ဘဝကို အလွန်အမင်း တန်ဖိုးထားသည့် အမျိုးသမီးများကို အဓိကအားဖြင့် မျိုးပွားနိုင်သောသက်ရှိများဟု ရှုမြင်သည့် စံနှုန်းများပါဝင်ပါသည်။ လိင်မှုကိစ္စကိုတားမြစ်သည့် ကလေးမွေးဖွားခြင်းကိုအားပေး၍ သားဆက်ခြားခြင်းကိုအားမပေးသည့် အမျိုးသမီးများအား မိသားစုအတွက် စွန့်လွှတ်အနစ်နာခံရန် တိုက်တွန်း အားပေးသည့် စံနှုန်းများသည် အမျိုးသမီးများ၏ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်စေပါသည်။ မိသားစုဘဝတွင် အမျိုးသမီးများအား လက်အောက်ငယ်သားအဖြစ်ထား၍ အမျိုးသားများအား ဦးဆောင်သူနှင့် အဓိကဆုံးဖြတ်သူများအဖြစ် သတ်မှတ်သည့် စံနှုန်းများသည်လည်း ကျန်းမာရေးအပေါ် သက်ရောက်မှုရှိပါသည်။ ရှင်းလင်းစေလိုသည့် ရည်ရွယ်ချက်ဖြင့် ဤစံနှုန်းများကို သီးခြားခွဲ၍ ဖော်ပြထားသော်လည်း၊ အမှန်တကယ်တွင် ၎င်းတို့သည် တစ်ခုနှင့်တစ်ခုဆက်စပ်နေပြီး အပြန်အလှန် အကျိုးပြုနေပါသည်။

ထို့အပြင် အထက်ဖော်ပြပါစံနှုန်းများသည် တစ်ခုချင်းစီလွှမ်းမိုးနေခြင်း မဟုတ်ပါ။ ရံဖန်ရံခါတွင် စံနှုန်းများအား ကျန်းမာရေးဆိုင်ရာဥပဒေများနှင့် မူဝါဒများက ကျောထောက်နောက်ခံပြုပေးထားပါသည်။ ပြည်သူ့ ကျန်းမာပျော်ရွှင်ရေးဆိုင်ရာ လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းများကို သက်တူရွယ်တူများ၊ မိသားစုများ၊ ကျန်းမာရေးပညာပေးသူများနှင့် ကျန်းမာရေး စောင့်ရှောက်သူများမှတစ်ဆင့် အများလက်ခံလာစေရန် ပုံစံသွင်းပေးကြပါသည်။ နောက်ကျမှလက်ထပ်ခြင်း၊ အိမ်ထောင် မပြုဘဲ ဘဝကိုဖြတ်သန်းကြသူ အများအပြားတွင် လိင်နှင့် မျိုးဆက်ပွားဆိုင်ရာ ကျန်းမာရေးသတင်းအချက်အလက်နှင့် နောက်ဆက်တွဲ ဗဟုသုတ နည်းပါးခြင်း၊ အယူသီးမှုအနံ့အပြားရှိ နေခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှု အခွင့်အလမ်းမညီမျှခြင်း၊ ကန့်သတ်ထားခြင်းစသည့် နောက်ခံအခြေအနေများတွင် ၎င်းတို့ကို ပေါင်းစပ်ထည့်သွင်း၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ခေတ်ပြိုင် မြန်မာနိုင်ငံနောက်ခံ အခြေအနေတွင် ဥပဒေများသည် အမျိုးသမီးများ၏ လိင်မှုအခြေပြု နှင့် မျိုးပွားမှုဆိုင်ရာ ကျန်းမာရေးအခွင့်အရေးများနှင့် ရုပ်ပိုင်း ဆိုင်ရာ ဂုဏ်သိက္ခာကို အာမခံချက်မပေးနိုင်သေးသည်ကို တွေ့ရှိ ရပါသည်။ ခုခံအားကျဆင်းမှုကူးစက်ရောဂါပိုး (HIV) ကြိုတင် ကာကွယ်ရေးသတင်းအချက်အလက်များက လိင်မှုဆိုင်ရာကိစ္စသည် အများပြည်သူဆွေးနွေးရမည့် ခေါင်းစဉ်တစ်ခုဖြစ်သည်ဟု စတင် မိတ်ဆက်ပြီး ပိတ်ထားသည့် ယဉ်ကျေးမှုတံခါးများကို ဖွင့်လှစ် လိုက်ပါသည်။ ထို့အပြင် ညစ်ညမ်းစာပေနှင့် ရုပ်ပုံများရရှိနိုင်သည့် အခွင့်အလမ်း သိသိသာသာ မြင့်မားလာသည်ကို တွေ့ရှိရပါသည်။

ဤအခြေအနေတွင် အဆိုပါစံနှုန်းများသည် (အထူးသဖြင့်လက်မထပ် ရသေးသော) အမျိုးသမီးနှင့်အမျိုးသားများ၏ လိင်နှင့် မျိုးဆက်ပွားဆိုင်ရာ ကျန်းမာရေးနှင့် အခွင့်အရေးများကို ကန့်သတ်တားဆီးထားပါသည်။[၅၅] အမျိုးသမီးများ၏ ကျန်းမာရေးဆိုသည်မှာ မိခင်နှင့်ကလေးကျန်းမာရေး ကိစ္စများဖြစ်သည်ဟု လျှော့ချလိုက်ပြီး၊ အမျိုးသမီးများ၏ ခန္ဓာကိုယ်ဆိုင်ရာ ကိုယ်ပိုင် ဆုံးဖြတ်ချက်ချပိုင်ခွင့်ကို ကန့်သတ်ထားပါသည်။ နောက်ထပ် သက်ရောက်မှုတစ်ခုမှာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အပါအဝင် အမျိုးသားများ၏ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် ယဉ်ကျေးမှုနှင့် လူမှုစံနှုန်းများကို အမျိုးသမီးများလိုက်နာရန် ပျက်ကွက်ခြင်းကြောင့် ဖြစ်သည်ဟု အကြောင်းပြကြပါသည်။ နောက်ဆုံးအနေဖြင့် ကျား၊ မ ရေးရာ စံနှုန်းများအား မလိုက်နာသည့် အမျိုးသမီးများ၊ အထူးသဖြင့် လိင်လုပ်သားများသည် ဘေးဖယ်ခံရခြင်း၊ ခွဲခြားဆက်ဆံခံရခြင်းတို့ကို ရင်ဆိုင်ကြရပါသည်။ ဤအခန်းတွင် အဆိုပါစံနှုန်းများနှင့် အမျိုးသမီး (နှင့်အမျိုးသားများ)၏ ဘဝအပေါ် ၎င်းတို့၏သက်ရောက်မှုကို နောက်ခံ အခြေအနေအမျိုးမျိုးနှင့် ရှုထောင့်အမျိုးမျိုးမှ စူးစမ်းလေ့လာ၍ ဆွေးနွေး တင်ပြထားပါသည်။

၁၁.၁ အမျိုးသမီးများအား မျိုးဆက်ပြန့်ပွား ပေးသူများအဖြစ် ရှုမြင်ခြင်း

အမျိုးသမီးများအား မျိုးဆက်ပြန့်ပွားပေးသူများအဖြစ်နှင့် ဆန့်ကျင်ဘက် အားဖြင့် အမျိုးသားများအား ထုတ်လုပ်သူများအဖြစ် သတ်မှတ်ထားသည့် စံနှုန်းများသည် အမျိုးသမီးများ၏ကျန်းမာပျော်ရွှင်ရေးအပေါ် နည်းအမျိုးမျိုး ဖြင့် သက်ရောက်စေပါသည်။ အမျိုးသမီးများ၏ ကျန်းမာရေးလိုအပ်ချက် များဟုဆိုလိုက်သည်နှင့် မိခင်နှင့်ကလေး ကျန်းမာရေးကို အလေးထား၊ အာရုံစိုက်ခြင်းဟု ယူဆကြပါသည်။ မိခင်နှင့်ကလေး ကျန်းမာရေးကိုသာ သီးသန့် အလေးပေးခြင်းသည် အမျိုးသမီးများ၏ အခြားကျန်းမာရေး လိုအပ်ချက်များကို ဘေးဖယ်ထားသကဲ့သို့ ဖြစ်စေသည်ကို စိုးရိမ်ပူပန် ကြောင်း တွေ့ဆုံ မေးမြန်းခဲ့သည့် ကျန်းမာရေးပညာရှင်များက ဆိုပါသည်။ တစ်ချိန်တည်းမှာပင် အမျိုးသားများ၏ လိင်မှုနှင့် မျိုးပွားမှုဆိုင်ရာ ကျန်းမာရေးလိုအပ်ချက်များကိုလည်း သတိမထားမိဘဲ ဖြစ်တတ်ပါသည်။

၅၅။ အမျိုးသားများ၏ လိင်မှုနှင့်မျိုးပွားမှုဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များရရှိပိုင်ခွင့်အပေါ် လူမှုနှင့်ယဉ်ကျေးမှုစံနှုန်းများ၏သက်ရောက်မှုအကြောင်း အပြည့်အစုံကို CARE(၂၀၁၃)တွင် ကြည့်ပါ။

အမျိုးသမီးကျန်းမာရေးစောင့်ရှောက်မှုလို့ ဆိုလိုက်ရင် လူတွေက မိခင်နှင့်ကလေးကျန်းမာရေးလို့ပဲ တလွဲထင်နေတယ်။ ဒါပေမဲ့ အမျိုးသမီး ကျန်းမာရေးစောင့်ရှောက်မှုဆိုတာ ဒီ့ထက်မကကျယ်ပြန့်တယ်။ ဒါကြောင့် အသေးစိတ် ဘာတွေလိုအပ်တယ်ဆိုတာ ကျွန်မတို့ ပိုပြီး တိတိကျကျနားလည်ဖို့လိုပါတယ်။ ဥပမာအားဖြင့် သားအိမ်ခေါင်း ကင်ဆာဆေးစစ်တာကို စီမံချက်ရှိတဲ့ မြို့တွေမှာပဲ စစ်လို့ရတယ်။ ရောဂါကာကွယ်တားဆီးရေးကလည်း သိပ်မလုပ်နိုင်သေးဘူး။ ကျွန်မတို့ ပိုပြီးလုပ်ပေးဖို့လိုတယ်။ ကာကွယ်ဆေးတွေက သူ့ဌေးတွေပဲ တတ်နိုင်တယ်။ ရင်သားကင်ဆာနဲ့ အမျိုးသမီးတွေမှာဖြစ်နိုင်တဲ့ တခြားကင်ဆာရောဂါ စီမံချက်တွေကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဖို့ လိုပါတယ်။ အမျိုးသမီးတွေရဲ့ကျန်းမာရေးကို မိခင်နှင့်ကလေးကျန်းမာရေးလို့ အလွယ်တကူယူဆကြတယ်။ အမျိုးသမီးတွေရဲ့ဘဝမှာ အသက်အပိုင်းအခြားအလိုက် ကျန်းမာရေး စောင့်ရှောက်မှု ပုံသဏ္ဍာန်အမျိုးမျိုး လိုအပ်တယ်။ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုကလည်း အရေးကြီးပါတယ်။ ဒါပေမဲ့ မိခင်မဖြစ်သေးတဲ့ မိန်းကလေးတွေရဲ့ကျန်းမာရေးနဲ့ လိင်လုပ်သားတွေလိုမျိုး တခြားခုခံနိုင်စွမ်းအားနည်းတဲ့ အမျိုးသမီးတွေရဲ့ကျန်းမာရေးကလည်း တန်းတူအရေးကြီးတာပါပဲ။ ဝန်ဆောင်မှုပေးသူတွေ အနေနဲ့ အမျိုးသမီးတွေကိုပဲ အာရုံစိုက်ပြီး ဦးစားပေးတဲ့အခါ အမျိုးသားတွေရဲ့ အခန်းကဏ္ဍကိုလည်း လျစ်လျူရှုထားလို့မရဘူး။ အမျိုးသားတွေရဲ့ ကျန်းမာရေးကိုလည်း အာရုံစိုက်ဖို့လိုတယ်။ ဝန်ဆောင်မှုပေးသူတွေအနေနဲ့ အမျိုးသားတွေရဲ့ကျန်းမာရေးက အမျိုးသမီးတွေနဲ့ သူတို့မိသားစုတွေအတွက် အရေးကြီးတယ်ဆိုတာ ရှင်းပြဖို့လိုတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ လိင်မှုနှင့်မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူ တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

၁၁.၁.၁ အပျိုစင်ဖြစ်မှု၏တန်ဖိုး

ကျေးဇူးသိတတ်မှုနှင့်သိမ်မွေ့မှုစသော အပြုအမူဆိုင်ရာ ယေဘုယျစံနှုန်းများ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် လက်မထပ်ရသေးသူ အမျိုးသမီးတစ်ဦး၏ အပျိုစင်ဖြစ်မှုတန်ဖိုးသည် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း အတင်းကျပ်ဆုံး ကျား၊ မ ရေးရာ စံနှုန်းများတွင်ပါဝင်ပါသည်။ ‘မိန်းမကောင်း ပန်းပန် တစ်ပွင့်တန်’စသည့် ဆိုရိုးစကားများသည် ဤတန်ဖိုးများကို ထင်ဟပ်နေပါသည်။ ကျေးဇူးသိတတ်မှုဆိုင်ရာ စံနှုန်းများအားလိုက်နာရန် အရေးကြီးသည့်အပြင် အများလက်ခံသည့် နေထိုင်မှုပုံစံများနှင့် စပ်လျဉ်းသည့် တိကျသော သတင်းအချက်အလက်များကို အမျိုးသမီး အဖွဲ့အစည်းများက ဖြန့်ဖြူးပေးပါသည်။ အမျိုးသမီးအဖွဲ့အစည်း ကိုယ်စားလှယ်တစ်ဦး၏ အောက်ပါပြောကြားချက်သည် ကြားနေကျ သာဓကတစ်ခုဖြစ်ပါသည်။

ကျွန်မတို့ရဲ့ယဉ်ကျေးမှုအရ လက်မထပ်ခင်အတူနေတာကို လက်မခံ နိုင်သလို၊ ဖအေမပေါ်ဘဲကလေးမွေးတာကိုလည်း လက်မခံပါဘူး။

ဂလိုဘယ်လိုက်ဇေးရှင်း (Globalization) နှင့် အခြားသောယဉ်ကျေးမှု ဓလေ့ထုံးစံများ လွှမ်းမိုးလာခြင်းတို့သည် ကျေးဇူးသိတတ်မှုကို တန်ဖိုး ထားမှုအား ဆုတ်ယုတ်ပွန်းပဲ့စေသည်ဆိုသည့် အမြင်ရှိကြောင်း တွေ့ဆုံမေးမြန်းခြင်းများအရ သိရှိရပါသည်။ အပျိုစင်ဖြစ်မှု/ ကျေးဇူးသိတတ်မှုဆိုင်ရာစံနှုန်းများ ပွန်းပဲ့လျော့ပါးလာခြင်းသည် HIVအပါအဝင် လိင်ဆိုင်ရာကူးစက်ရောဂါများနှင့် ဆက်စပ်နေသည်ဟု အချို့ကယူဆကြပါသည်။ ကျန်းမာရေးရှုထောင့်မှ ကြည့်လျှင်၊ လူမှုရေးနှင့် လိင်ပိုင်းဆိုင်ရာဆက်ဆံရေးပုံစံ အပြောင်းအလဲများအား တုံ့ပြန်ရန်လိုအပ်သည်ကို ကျယ်ကျယ်ပြန့်ပြန့် သဘောတူကြပါသည်။ သို့မှသာ လိုအပ်သူများအနေဖြင့် သတင်းအချက်အလက်နှင့် ဝန်ဆောင်မှု များကို ရရှိနိုင်မည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ယဉ်ကျေးမှုအရ အပြင်းအထန်ဆန့်ကျင်ခြင်းနှင့် ကျေးဇူးသိတတ်မှုဆိုင်ရာ ယဉ်ကျေးမှုစံနှုန်းများ ထပ်မံပွန်းပဲ့လျော့ပါးခြင်းအပေါ် စိုးရိမ်ကြောက်ရွံ့မှုများရှိနေပါသည်။

ကျွန်တော်တို့ လက်မထပ်ခင်အတူမနေခဲ့ကြပါဘူး။ မြန်မာအမျိုးသမီး၊ အမျိုးသားတွေအနေနဲ့ ဒီတန်ဖိုးကိုလက်ခံထားကြပါတယ်။ အပျိုစင်ဖြစ်မှု ဆိုတာ တန်ဖိုးထားရမယ့်အရာတစ်ခုပါ။ ဒါပေမဲ့ခုခေတ်မှာ ဂလိုဘယ် လိုက်ဇေးရှင်း(Globalization) ကြောင့် လက်မထပ်ဘဲ အတူနေကြတဲ့ ကိုရီးယားဇာတ်လမ်းတွဲတွေကို တီဗွီမှာကြည့်ကြတယ်။ အနောက်တိုင်း ဓလေ့ထုံးစံတွေကို ကြားလာ၊ မြင်လာတယ်။ မြန်မာလူငယ်တွေက ဒီဓလေ့ထုံးစံတွေကို အတုခိုးချင်လာတယ်။ အဲဒီလိုလုပ်တော့ HIV/ AIDS ရောဂါတွေ အလွယ်တကူကူးနိုင်တာပေါ့။ ဒါကြောင့် ကျန်းမာရေး ဝန်ကြီးဌာနက ကျန်းမာရေးဝန်ထမ်းတွေက ပညာပေးရမယ်။ မြန်မာ့ ဓလေ့တန်ဖိုးတွေကို ကျွန်တော်တို့စောင့်ထိန်းနိုင်ရင် ဒီရောဂါ လျော့နည်းသွားမယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပြန်ကြားရေးအရာရှိတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

လက်မထပ်ရသေးတဲ့ ငယ်ရွယ်တဲ့စုံတွဲတွေမှာ လူမှုအလေ့အထတွေ နည်းနည်းပြောင်းလာတယ်။ လက်ရှိမှာ ပိုပြီးပွင့်လင်းမြင်သာနဲ့ လွတ်လပ် လာတာ၊ လူငယ်တွေကြားမှာ စီးပွားရေးမပြေလည်တာ၊ အလုပ်အကိုင် ကောင်းကောင်းရချင်တဲ့ဆန္ဒ စတာတွေကြောင့် လက်ထပ်တာ နောက်ကျ လာတယ်။ ဒါပေမဲ့သူတို့မှာ လိင်မှုကိစ္စမရှိဘူးလို့ ဆိုလိုတာမဟုတ်ဘူးနော်။ ကျွန်မတို့နိုင်ငံက တစ်စုံတစ်ရာခေတ်မီလာတော့ ငယ်ရွယ်တဲ့စုံတွဲတွေမှာ လက်မထပ်ခင် လိင်ဆက်ဆံကြတဲ့သက်တမ်းက ပိုရှည်လာတယ်။ လက်ထပ်တဲ့အသက်အရွယ် ပိုကြီးလာတာဟာ လိင်ဆက်ဆံမှုမရှိဘူး၊ အန္တရာယ်မရှိဘူးလို့ ဆိုလိုတာမဟုတ်ဘူး။ ခုခေတ်မှာ မဖြစ်သင့်တာတွေ မဖြစ်ဖို့နဲ့ ကြိုတင်ကာကွယ်မှုတွေ လုပ်နိုင်ဖို့ ပညာပေးအစီအစဉ်တွေ ပိုပြီး အရေးတကြီးလိုအပ်လာတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ လိင်မှုနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

အပျိုစင်ဆိုင်ရာစံနှုန်းများသည် ကျန်းမာရေးပြဿနာများအား အသိအမှတ် ပြုခြင်း၊ အမျိုးအမည်ခွဲခြားခြင်း၊ ဆွေးနွေးခြင်းတို့နှင့် စပ်လျဉ်းသည့် အမျိုးသမီးများ၏ ကျန်းမာပျော်ရွှင်မှုအပေါ် ကြီးမားစွာသက်ရောက်စေ ပါသည်။ ဤစံနှုန်းများသည် ကျန်းမာရေးသတင်းအချက်အလက်များ နှင့် ဝန်ဆောင်မှုများရှာဖွေခြင်းနှင့် ရရှိခြင်းအခွင့်အလမ်းများအပေါ် အထူးသဖြင့် လိင်မှုနှင့်မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးများအပေါ် ကြီးမားစွာ သက်ရောက်စေပါသည်။

ယဉ်ကျေးမှုရှုထောင့်ကစဉ်းစားမယ်ဆိုရင် လက်မထပ်ရသေးသူတွေနဲ့ လူငယ်တွေအတွက် လိုအပ်တဲ့အချိန်မှာ မျိုးဆက်ပွားကျန်းမာရေး ဝန်ဆောင်မှုတွေနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်ရဖို့တောင် မလွယ်သေးပါဘူး။ ယဉ်ကျေးမှုရှုထောင့်နဲ့ လူမှုစံနှုန်းတွေအရ လူငယ် တစ်ယောက်မှာ ဒီလိုကိစ္စတွေရှိသင့်တယ်လို့ လူတွေကလက်ခံကြမှာ မဟုတ်ပါဘူး။ အထူးသဖြင့် လက်မထပ်ရသေးတဲ့ အမျိုးသမီးငယ်တွေ အတွက် လိုအပ်တဲ့အခါ ဒီသတင်းအချက်အလက်တွေ၊ ဝန်ဆောင်မှု တွေရဖို့ဆိုတာ အရမ်းကိုခက်ခဲနေပါသေးတယ်။ ယောကျ်ားလေး၊

မိန်းကလေးချစ်သူစုံတွဲတွေမှာ မလိုချင်ဘဲ၊ မမျှော်လင့်ဘဲ ကိုယ်ဝန်ရသွားတဲ့ ပြဿနာနဲ့ကြုံရတယ်၊ အဲဒါဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ရှင်းရှင်းလင်းလင်းနားမလည်လို့၊ ဗဟုသုတမရှိကြလို့ဘဲ။ အဲဒီလို လိုအပ်တဲ့ဗဟုသုတ မရအောင်၊ ဘယ်နေရာမှာမဆို ပြောနိုင်ဆိုနိုင် မေးနိုင်မြန်းနိုင်အောင် မလုပ်ပေးထားတာ လူမှုစံနှုန်းတွေကြောင့်ပဲ။ လိုအပ်တဲ့သတင်းအချက်အလက်ကို မမေးရဲမမြန်းရဲလောက်အောင် ကြောက်နေ၊ ရှက်နေတော့ မလိုချင်ဘဲ ကိုယ်ဝန်ရလာတဲ့အခါ အဲဒီကိုယ်ဝန်ကို ဖျက်ချတတ်ကြတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ လိင်မှု နှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

လက်မထပ်ရသေးသော အမျိုးသားရောအမျိုးသမီးများအတွက်ပါ လိင်မှုနှင့်မျိုးဆက်ပွားမှု ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်နှင့် ဝန်ဆောင်မှုများရရှိရေးတွင် အခက်အခဲဖြစ်စေပါသည်။

မျိုးဆက်ပွားကျန်းမာရေးဆိုတာ အိမ်ထောင်ရှင်တွေနဲ့ပဲ ပိုဆိုင်တယ်လို့ ကျွန်တော်တို့က ထင်ကြတယ်။ ဒါက ယေဘုယျအယူအဆပါပဲ။ အိမ်ထောင်ရှင်တွေတောင်မှ မျိုးဆက်ပွားကျန်းမာရေးဆိုတာ အသက်ကြီးတဲ့သူတွေနဲ့ ပိုပြီးဆိုင်တယ်လို့ လူတွေကထင်ကြတယ်။ လူပျို၊ အပျိုတွေနဲ့ ဘာမှမဆိုင်ဘူးလို့ ယုံကြည်ထားကြတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ကျေးရွာကျန်းမာရေးလုပ်သားတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

များသောအားဖြင့် ဒီ (လိင်နှင့် မျိုးဆက်ပွားကျန်းမာရေး) ကိစ္စက အိမ်ထောင်ရှင်တွေနဲ့ပဲ ဆွေးနွေးကြတယ်။ ကျွန်တော်ကလူပျိုဆိုတော့ အဲဒါတွေသိပ်မသိပါဘူး။

(မင်းပြားမြို့နယ်မှ အသက်၁၈ နှစ်မှ ၂၅ နှစ်အရွယ်၊ ရခိုင်၊ဗုဒ္ဓဘာသာဝင်အမျိုးသားများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အမျိုးသားများသည်လည်း လိင်မှုဆိုင်ရာ ကျန်းမာရေးကိစ္စရပ်များကို ဝန်ဆောင်မှုပေးသူများနှင့် ဆွေွးနွေးရန် အတိုင်းအတာတစ်ခုထိ ရှက်ရွံ့တတ်ကြပြီး၊ အပျိုစင်ဖြစ်မှုစံနှုန်းများသည် အမျိုးသမီးများအားပို၍ တင်းကျပ်ထားပြီး၊ ယောက်ျားလေးများလိုက်နာစရာမလိုဘဲ မိန်းကလေးများသာ လိုက်နာနေရသည့်အပေါ် ဖြေဆိုသူ အချို့က ဝေဖန်ပြောဆိုကြပါသည်။ ၎င်းတို့၏ ဂုဏ်သိက္ခာနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်၏သဘောထားအမြင်ကောင်းစေရန် အမျိုးသမီးများအနေဖြင့် ပို၍သတိကြီးစွာ ကိုင်တွယ်ဆောင်ရွက်ရကြောင်း သိရှိရပါသည်။

အမျိုးသားတွေက ဆေးခန်းထဲ ဝင်ရဲ၊ ထွက်ရဲကြတယ်။ လူတွေဘာထင်ထင်၊ သူတို့က သိပ်ဂရုစိုက်စရာမလိုဘူး။ အမျိုးသမီးတွေကျတော့ မတူဘူး။ အိမ်ထောင်မရှိတဲ့ အမျိုးသမီးတွေက ရှက်တတ်တယ်။ ဆရာဝန်ပြရင်တောင် တစ်ယောက်တည်းပြတယ်။ ကျွန်မတို့နဲ့တိုင်ပင်ဆွေးနွေးရတာတောင် သူတို့အတွက် ခက်ခဲတယ်။ ကျွန်မတို့က မေးရင်တောင် ဘာမှမဖြစ်ပါဘူးလို့ပြောကြတယ်။ ဘေးမှာ တစ်ယောက်ယောက်ရှိနေရင် သူတို့ရဲ့ ပြဿနာကိုမပြောတော့ဘူး။ အိမ်ထောင်မရှိတဲ့အမျိုးသမီးတွေက ပတ်ဝန်းကျင်က အထင်သေးမှာကို အရမ်းကြောက်ကြတယ်။ သူတို့ ဆေးခန်းလာရင် လူရှင်းတဲ့အချိန်ကို ရွေးပြီးလာကြတယ်။ ကျွန်မတို့ကတော့ ဆေးခန်းကိုဘယ်သူပဲလာလာ အပျိုဖြစ်ဖြစ်၊ အိမ်ထောင်သည်ဖြစ်ဖြစ် အားလုံးကိုကြိုဆိုတဲ့အကြောင်း သူတို့ကို အားပေးရတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ကျေးရွာကျန်းမာရေးလုပ်သားတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ရရှိပိုင်ခွင့်နှင့် စရိတ်ကျဉ်းမှုအပါအဝင် လိင်နှင့် မျိုးဆက်ပွားကျန်းမာရေး အခွင့်အရေးများနှင့် ဝန်ဆောင်မှုများရရှိရေးတွင် အတားအဆီး အများအပြားရှိနေပါသည်။[၅၆] ထို့အပြင် လက်မထပ်ရသေးသော အမျိုးသမီးများအကြား လိင်မှုကိစ္စရှောင်ကြဉ်ခြင်းဆိုင်ရာ စံနှုန်းများ၏ သက်ရောက်မှုနှင့် မသိနားမလည်ခြင်းတို့ကြောင့် လိင်နှင့်မျိုးဆက်ပွား ကျန်းမာရေး ဝန်ဆောင်မှုများရရှိရန် အမျိုးသမီးများအနေဖြင့် အိမ်ထောင်ရှိဟန်ဆောင်မှသာ စံနှုန်းများကို လိုက်နာရာရောက်မည် ဖြစ်ပါသည်။ ဝန်ဆောင်မှုပေးသူများ ကိုယ်တိုင်သည်ပင် ယဉ်ကျေးမှု အကန့်အသတ်များအရ လိင်နှင့် မျိုးဆက်ပွားကျန်းမာရေးအကြောင်း ပွင့်ပွင့်လင်းလင်းပြောဆိုရန် ဝန်လေးတတ်ကြပါသည်။ အားလုံး ပေါင်းလိုက်သည့်အခါ၊ ဤအတားအဆီးများသည် လိင်နှင့် မျိုးဆက်ပွား ကျန်းမာရေးနှင့်စပ်လျဉ်း၍ ဆယ်ကျော်သက်များအတွက် ရွေးချယ်မှုများတွင် အကန့်အသတ်များ ဖြစ်စေပါသည်။ လိင်မှုကိစ္စ ရှောင်ကြဉ်ခြင်းအပေါ် အလေးထား၍ သတင်းအချက်အလက်ပေးခြင်းသည် ဆယ်ကျော်သက်များ အတွက် ၎င်းတို့၏လိုအပ်ချက်နှင့် ကိုက်ညီမည့် အသုံးဝင်သော အကြံဉာဏ်များရရှိရန် ပို၍ပင်ခက်ခဲစေပါသည်။

အခြေခံအားဖြင့် အမျိုးသမီးနဲ့ အမျိုးသားကြားမှာ စံချိန်စံညွှန်းကနှစ်မျိုး ဖြစ်နေတယ်။ အိမ်ထောင်မရှိတဲ့ အမျိုးသားတွေက လိင်မှုကိစ္စ အတွေ့အကြုံ ရှိရင် သင့်လျော်တယ်လို့ယူဆကြပေမယ့် အိမ်ထောင်မရှိတဲ့ အမျိုးသမီးကျတော့ လိင်မှုကိစ္စလုံးဝမရှိတဲ့ အပျိုစင်တစ်ယောက်ဖြစ်ဖို့ မျှော်လင့်ကြတယ်။ ဒီရှုထောင့်က ကြည့်ရင် လက်မထပ်ရသေးတဲ့စုံတွဲတွေ အနေနဲ့ မျိုးဆက်ပွားကျန်းမာရေး ဝန်ဆောင်မှုတွေ ရဖို့ဆိုတာမလွယ်သေးဘူး။ တချို့ အိမ်ထောင်မရှိတဲ့လူနာတွေက အိမ်ထောင်ရှိတယ်ဆိုပြီး ဟန်ဆောင်ကြတယ်။ အိမ်ထောင်မရှိတဲ့ အမျိုးသမီးလူနာတွေက အိမ်ထောင်မရှိပေမယ့် ဒီလို လိင်မှုကိစ္စနဲ့ပတ်သက်တဲ့ ကျန်းမာရေး ဝန်ဆောင်မှု ယူတဲ့အခါ ဝေဖန်ခံရမှာ ကြောက်ကြတဲ့အတွက် အိမ်ထောင်ရှင် အမျိုးသမီးတွေအဖြစ် ဟန်ဆောင်ကြတယ်။ မလိုချင်ဘဲ ကိုယ်ဝန်ရသွားတဲ့ အိမ်ထောင်မရှိတဲ့အမျိုးသမီးတွေဆိုရင် ဒီလိုကျန်းမာရေး ဝန်ဆောင်မှုအတွက်လာတဲ့အခါ အိမ်ထောင်ရှိတယ်လို့ လိမ်ကြတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ လိင်မှုနှင့်မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ဤအယူအဆ၏ အစွန်းတစ်ဖက်တွင် သက်ဆိုင်သူတို့၏ အရှက်ကို ကာကွယ်ရန်အတွက် လူ့အဖွဲ့အစည်းသည် စံနှုန်းများကို စောင့်ထိန်းနိုင်ရေးအတွက် အပြင်းအထန်ကြိုးပမ်းကြပါသည်။ အဆိုပါလုပ်ရပ်များတွင် လက်မထပ်ရသေးသော စုံတွဲတစ်တွဲ ကိုယ်ဝန်ရှိလာပါက အတင်းအကျပ် လက်ထပ်ပေးခြင်း၊ ရပ်ရွာကိုသန့်ရှင်းစင်ကြယ်စေရန် ထုံးတမ်းဓလေ့အဖြစ် နစ်နာကြေးပေးခြင်းနှင့် ၎င်းတို့ကို အဓမ္မပြုကျင့်သည့် အမျိုးသားများနှင့် အမျိုးသမီးများကိုလက်ထပ်စေခြင်းတို့ ပါဝင်ပါသည်။ (အခန်း ၃တွင်ကြည့်ပါ) အဆိုပါလုပ်ရပ်အချို့သည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပုံသဏ္ဍာန်များဖြစ်ပါသည်။

၅၆။ လေ့လာမှုများစွာဖြင့် ဤအချက်အလက်ကို အတည်ပြုထားပြီး ဖြစ်ပါသည်။ ဥပမာ CARE(2013) ? MSI (2008; 2013)

နောက်သုံးရက်ဆိုသူတို့ လက်ထပ်ကြတော့မှာ။ ယောက်ျားလေးက တခြားမြို့ကဆိုတော့ ရန်ကုန်မှာ သတို့သမီးရဲ့ မိသားစုဆီမှာ လာနေတာ။ (သတို့သမီးရဲ့မိဘတွေက) သတို့သားသက်သက်၊ သတို့သမီးသက်သက် အခန်းမစီစဉ်ပေးဘူး။ နောက်သုံးရက်မှာ လက်ထပ်ကြမှာ ဆိုတော့သူတို့ကို တစ်ခန်းထဲမှာပေးနေလိုက်တယ်။ နောက်တစ်နေ့ မနက်ကျတော့ သတို့သားကသတို့သမီးရဲ့ မိဘတွေကို မကျေမနပ်နဲ့ပြောတယ်။ ‘ဦးတို့အန်တီတို့သမီးက အပျိုစင်မဟုတ်ဘူး။ (သူ့ရဲ့မိန်းမကိုယ်က) အရမ်းလျော့ရဲနေပြီ’ ဆိုပြီး သတို့သမီးကို လက်မထပ်နိုင်တော့ဘူးလို့ ပြောတယ်။ မိဘတွေက ‘သူအပျိုစင်မဟုတ်တော့ဘူးဆိုတာ မင်းဘယ်လိုသိသလဲ။ မင်းမှာ အတွေ့အကြုံ ရှိလို့လား’ လို့မမေးခဲ့ကြဘူး။ မြန်မာ့ယဉ်ကျေးမှုမှာ ရည်းစားနဲ့ ကျူးကျူးလွန်လွန် ဖြစ်ပြီးသွားရင် ကိုယ့်ဘက်က‘အရှုံး’ပဲ။ ဒီတော့ ဒီစံနှုန်းတွေကြောင့် မိဘတွေက သမီးကို သတို့သားနဲ့လက်ထပ်ဖို့ အတင်းအကျပ်တိုက်တွန်းတယ်၊ ဖိအားပေးတယ်။ မိသားစုဝင်အားလုံးက သတို့သမီးကိုလက်ထပ်ဖို့ သတို့သားကို ဝိုင်းတောင်းပန်ကြတယ်။ နောက်တော့ သတို့သားကသူ့ကို လက်ထပ်လိုက်တယ်။ တစ်ဘဝလုံး နိုင့်ထက်စီးနင်းလုပ်ခံရတယ်၊ နှိပ်စက်ညှဉ်းပန်းခံရတယ်၊ နောက်ဆုံးတော့ ဆက်သည်းမခံနိုင်တဲ့အဆုံး တရားဝင်ကွာရှင်းခွင့်တောင်းတယ်။ ဒါပေမဲ့ သူက ‘မင်းဒီလို ကွာရှင်းဖို့ဆက်လုပ်နေမယ်ဆိုရင် မင်းကိုငါသတ်ပစ်မယ်’ လို့ ပြောတယ်။ ဒါနဲ့ သူလည်းဆက်မလုပ်တော့ဘူး။ နေ့တိုင်းနှိပ်စက်ခံရတယ်။ ဒီယဉ်ကျေးမှုက အမျိုးသမီးတွေကို ဒီလိုအခြေအနေရောက်အောင် တွန်းပို့တယ်၊ အမျိုးသမီးတွေအနေနဲ့ ထုတ်ပြောလို့လည်းမရဘူး။ ဒီလို အပျိုစင်ဆိုင်ရာစံနှုန်းတွေကြောင့် အမျိုးသမီးတွေ အများကြီး ဒုက္ခရောက်ကြရတယ်။

(အမိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီးခေါင်းဆောင် ၃ နှင့် တွေ့ဆုံမေးမြန်းခြင်း)

၁၁.၁.၂ သားသမီးများခြင်းသည် ရတနာ

လေ့လာမှုတွင် ပါဝင်သူများအကြား သားသမီးများခြင်းစံနှုန်းက ပျံ့နှံ့လွှမ်းမိုးနေပါသည်။ ပါဝင်သူများ၏ ဆွေးနွေးချက်များအရ သားဆက်ခြားခြင်းကို အမျိုးသမီးများအကြား မိသားစုစီးပွားရေး အခြေအနေကို အဆင်ပြေစေနိုင်သည့် နည်းလမ်းတစ်ခုအဖြစ် ပို၍ လက်ခံလာကြသည် (အောက်တွင်ထပ်မံဆွေးနွေးထားပါသည်)ဟု ဆိုပါသည်။ တစ်ချိန်တည်းမှာပင် ပါဝင်သူများတွင် ပါဏာတိပါတာကံကို ကျူးလွန်ခြင်းအားတားမြစ်ထားသည့် ဗုဒ္ဓ၏ အဆုံးအမနှင့်ဆက်စပ်၍ ကိုယ်ဝန်ဆောင်ခြင်းကို အမြဲတစေကြိုဆိုရမည်ဆိုသည့် အယူအဆ ရှိကြောင်းတွေ့ရပါသည်။

> မြန်မာယဉ်ကျေးမှုမှာ ငါးပါးသီလကို အလွန်တန်ဖိုးထားတယ်။ ယဉ်ကျေးမှုကိုအခြေခံပြီး သူတစ်ပါးအသက်မသတ်ရဘူးဆိုတဲ့ ရိုးရာကိုယ်ကျင့်တရားအပေါ် အလွန်အမင်းတန်ဖိုးထားလာတဲ့အခါ ကိုယ်ဝန်ဖျက်ချတဲ့ အမျိုးသမီးတွေကို လုံးလုံးလျားလျား အပြစ်တင်ကြတယ်။ အမျိုးသမီးတစ်ယောက်ဟာ ကိုယ်ဝန်ဆောင်ပြီဆိုရင် ကလေးမွေးရမယ်ဆိုတဲ့စံနှုန်းအပေါ် သွားပြီးအခြေခံတာကို။ ကိုယ်ဝန် မဆောင်ချင်ရင် အစကတည်းက ကိုယ်ဝန်မရအောင်ကာကွယ်ရမယ်။ ဒါပေမဲ့ ကိုယ်ဝန်ရပြီဆိုရင်တော့ ဒီကလေးကိုမွေးရမယ်။ ဒါကစံနှုန်းပဲ။ ဒါပေမဲ့ ဆန့်ကျင်ဘက်ဖြစ်နေတာက ဒီစံနှုန်းအတိုင်း ရဲရဲဝံ့ဝံ့ကလေးမွေးရင် ပတ်ဝန်းကျင်က သူ့ကို သူရဲကောင်းတစ်ယောက်လို ချီးကျူးကြတယ်။ ဒါပေမဲ့ ယောကျ်ားမရှိဘဲကလေးမွေးတဲ့ အမျိုးသမီးကျတော့ လုံးလုံးလျားလျား ပစ်ပယ်ကြတယ်၊ စာရိတ္တမကောင်းတဲ့ အမျိုးသမီးလို့ သတ်မှတ်ကြတယ်။ ဒီ့အပြင် မွေးလာတဲ့ကလေးတွေကိုလည်း အရမ်းနှိမ်ပြီး ဆက်ဆံကြတယ်။ ဒီလိုစံနှုန်းတွေရှိနေတယ်။ ကိုယ်ဝန်ဖျက်ချတာ တရားမဝင်ပေမယ့် လက်တွေ့မှာ ဆင်းရဲချမ်းသာမရွေး ကိုယ်ဝန်ဖျက်ချတာတွေ ဖြစ်နေတာပဲ။ ဒီစံနှုန်းနှစ်ခုက အမျိုးသမီးတွေကို ချောင်ပိတ်ထားပြီး ထွက်ပေါက်မပေးထားသလို ဖြစ်နေတယ်။ ယောကျ်ားမရှိဘဲ ကိုယ်ဝန် ရတာဖြစ်စေ၊ ကိုယ်ဝန်ရပြီးမှ ယောကျ်ားဒါမှမဟုတ် ချစ်သူရည်းစား သေသွားတာဖြစ်စေ၊ အဖြစ်အပျက်တွေအများကြီးရှိတယ်။ အစ်ကိုတွေ ဒါမှမဟုတ် အဖေ၊ မိသားစုက သူ့ကိုသတ်ပစ်လိုက်တာမျိုး။ ဒီတော့ ပတ်ဝန်းကျင်ရဲ့အမြင်တွေ ဒါမှမဟုတ် စံတွေကမညီမျှမှုကိုဖြစ်စေတယ်။ ကျွန်မတို့နိုင်ငံမှာက ကိုယ်ဝန်ဖျက်ချတဲ့ကိစ္စကို ဘယ်တော့မှ အရေးကြီး တယ်လို့ မယူဆဘူး။ ပြဿနာတစ်ခုရယ်လို့ ဘယ်တော့မှတက်မလာဘူး။ ဒါတွေကို အရေးတကြီးဖြေရှင်းဖို့လိုတယ်။ ဒါမှမဟုတ် ဝန်ဆောင်မှုတို့၊ ဥပဒေတို့လိုမျိုး အကူအညီရဖို့လိုတယ်။ ဒီကိစ္စတွေက အမျိုးသမီးတွေ ရင်ဆိုင်နေရတဲ့ အပေါ်ယံပြဿနာတွေရဲ့အောက်မှာ ပျောက်နေတယ်။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီးခေါင်းဆောင်၄ နှင့် တွေ့ဆုံမေးမြန်းခြင်း)

သားသမီးများများမွေးခြင်းစံနှုန်းကို ကလေးများများမွေးခြင်းကို ထောက်ခံသည့် နိုင်ငံ၏လူဦးရေဆိုင်ရာမူဝါဒ ရပ်တည်ချက်နောက်ခံဖြင့် ကြည့်ရန်လိုအပ်ပါသည်။ ဥပမာအားဖြင့် ကိုယ်ဝန်ဖျက်ချခြင်းနှင့် သားကြောဖြတ်ခြင်းကို တားမြစ်ထားသည့်ဥပဒေများတွင် ဤ ရပ်တည်ချက်ကို တွေ့မြင်နိုင်ပါသည် (GEN 2013a)။ လိင်နှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများက ၎င်းတို့ထံ လာရောက်သူများအား အခြားနိုင်ငံများတွင် ဘေးအန္တရာယ်ကင်း၍ တရားဝင်ကိုယ်ဝန်ဖျက်ချနိုင်ကြောင်း အသိပေးတိုက်တွန်းကြပါသည်။ အခြားရွေးချယ်စရာများမရှိသည့် လက်ရှိအချိန်တွင် သားဆက်ခြား ကျန်းမာရေးအစီအစဉ်များ ပိုမိုရရှိရန် လိုအပ်ကြောင်းကိုလည်း ၎င်းတို့က အလေးအနက်ထားပြောကြားပါသည်။ မြန်မာနိုင်ငံတွင် သားဆက်ခြားကျန်းမာရေးလိုအပ်ချက် မဖြည့်ဆည်းနိုင်မှုသည် အိမ်နီးချင်း ထိုင်းနိုင်ငံ၏ ၃%နှင့် နှိုင်းယှဉ်ပါက ၁၉%ရှိသည်ဟု ခန့်မှန်းထားပါသည် (UNFPA ၂၀၁၀)။ လူတစ်ယောက်၏ ရုပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို ကိုယ်တိုင်ဆုံးဖြတ်ရန်အတွက် လိင်မှုနှင့် မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုနှင့် အခွင့်အရေးများတွင် ရွေးချယ်မှုများအား ကန့်သတ်ထားခြင်းသည် စိုးရိမ်ဖွယ်ရာဖြစ်လာခဲ့ပါသည်။[၅၇]

> အမျိုးသမီးတွေရဲ့ တစ်ဦးချင်းဆုံးဖြတ်ချက်တွေနဲ့ ရွေးချယ်မှုတွေကို ကန့်သတ်ထားတဲ့၊ တားမြစ်ထားတဲ့ ဥပဒေတွေ အများကြီးရှိတယ်။ ဥပမာအားဖြင့် အမျိုးသမီးတစ်ယောက် သားကြောဖြတ်ချင်ရင်လုပ်ထုံး လုပ်နည်းတွေ အဆင့်ဆင့်ဖြတ်ရတယ်။ ခွင့်ပြုချက်တွေ အများကြီး ယူရတယ်။ ဒီအမျိုးသမီးဟာ အမှန်တကယ် သားကြောဖြတ်ဖို့ လိုအပ်တယ်ဆိုတဲ့ ဆရာဝန်ကြီးတွေဆီက ထောက်ခံစာတွေလည်း ယူရတယ်။ အမျိုးသမီးတစ်ယောက်အနေနဲ့ စီးပွားရေးအခက်အခဲ ဒါမှမဟုတ် လူမှုရေးပြဿနာတွေကြောင့် ကလေးထပ်မယူချင်တော့ဘူး ဆိုရင်၊ သားကြောဖြတ်ပေးတဲ့ ကျန်းမာရေး ဝန်ဆောင်မှုကို လိုချင်တယ် ဆိုရင်၊ သူ့အနေနဲ့ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်လို့၊ လုပ်လို့မရဘူး။ သူ့ရဲ့ဆန္ဒတစ်ခုတည်းနဲ့ ဆုံးဖြတ်ခွင့်မရှိဘူး။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ လိင်မှုနှင့် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ကလေးမွေးဖွားခြင်းအပေါ် အလွန်အမင်းတန်ဖိုးထားကြသည်ကို တိုင်းရင်းသားလူမျိုးစုများအကြား တင်းမာမှုသမိုင်းကြောင်း အပါအဝင် လူဦးရေကိန်းဂဏန်းဆိုင်ရာ အပြောင်းအလဲဖွယ်ရာများ၊ တိုင်းရင်းသားလူမျိုးစု များ၏ နှိုင်းရအရွယ်အစား၊ အဓိပ္ပာယ်သတ်မှတ်ချက်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားတွင် မည်သည့် တိုင်းရင်းသားလူမျိုးဖြစ်ကြောင်း တရားဝင် မှတ်ပုံတင်ခြင်း စသည်တို့နှင့် ဆက်စပ်နားလည် သဘောပေါက်ရန်လည်း လိုအပ်ပါသည် (TNI/BCN ၂၀၁၄တွင် ဥပမာကြည့်ပါ)။

မွေးဖွားနှုန်းမြင့်မားခြင်းကိစ္စကို အထူးသဖြင့် ကျေးလက်ဒေသများ၏ နောက်ခံအခြေအနေတွင် ဆွေးနွေးထားပါသည်။ အဆိုပါဒေသများသည် လိင်နှင့် မျိုးဆက်ပွားကျန်းမာရေး သတင်းအချက်အလက်နှင့် ဝန်ဆောင်မှုများရရှိမှုသည် အနည်းဆုံးဖြစ်နေသေးသည့်အပြင် (MSI ၂၀၀၇)၊ ခန့်မှန်းခြေအားဖြင့် မိခင်သေဆုံးမှု ၇၇%အထိ ရှိနေပါသည် (UNFPA ၂၀၁၀)။ ကျေးလက်ဒေသများတွင် ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ပြုကြပြီး အများအားဖြင့် မိသားစုအရွယ်အစားကြီးမားခြင်းသည် အမျိုးသမီးများ ကလေးများများမွေးဖွားရန်စံနှုန်းများအား အားဖြည့်ပေးခြင်း ဖြစ်သည်ဟု ရှုမြင်ကြပါသည်။ ထို့အပြင် ကျန်းမာရေးကျွမ်းကျင်သူများက ကျန်းမာရေးစနစ်ပုံစံတွင်ရှိသည့် အကန့်အသတ်များနှင့် ကျေးလက်ဒေသ များတွင် လိင်နှင့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု၊ ဝန်ဆောင်မှုများ ရရှိနိုင်မှုအပေါ် သက်ရောက်မှုတို့ကို စပ်လျဉ်း၍ ထုတ်ဖော်ပြောဆို ကြပါသည်။ ထိုသို့သော ကန့်သတ်ချက်များသည် ကျေးလက်ဒေသများတွင် မျိုးဆက်ပွားဆိုင်ရာစံနှုန်းများ ဆက်လက်တည်တံ့စေရေးအတွက် အထောက်အကူဖြစ်စေသည်ဟု ယူဆကြပါသည်။

၅၇။ အမျိုးသားများ ဦးဆောင်သည့် ရပ်ရွာဒေသများတွင် အမျိုးသမီးများအတွက် မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုရရှိရေးဆောင်ရွက်ချက်များကို ဖြစ်စဉ်လေ့လာချက် ၆ တွင် ဖော်ပြထားပါသည်။

> ပငိုသန္ဓေတားတဲ့ ကိစ္စတွေနဲ့ ပတ်သက်ပြီးပြောရရင် သူနဲ့ဆိုင်တဲ့ လူမှုစံနှုန်း တချို့ရှိပါတယ်။ သန္ဓေတားတဲ့အခါ ဘယ်အဆင့်ကို ကျန်းမာရေးအရာရှိ ဘယ်လိုအဆင့်က လုပ်ပေးနိုင်တယ်ဆိုတာ အကြံပေးထားတဲ့ ကန့်သတ်ချက်တွေ ရှိတယ်။ အထူးသဖြင့် ပြည်သူတွေနဲ့ အနီးကပ်ဆုံး ကျန်းမာရေးဝန်ထမ်းတွေဖြစ်တဲ့ သားဖွားဆရာမတွေမှာ သူတို့လုပ်ပေးနိုင်တဲ့ မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှု ကန့်သတ်ချက်တွေ ရှိတယ်။ အကျိုးဆက်အားဖြင့် ကျေးလက်ဒေသက အမျိုးသမီးတွေအတွက် ရွေးချယ်ရာမှာ အကန့်အသတ် ရှိတယ်။ တချို့ကိစ္စတွေက ဥပဒေတွေနဲ့လည်း ဆက်စပ်နေတယ်။ တချို့ကန့်သတ်ချက်တွေက သက်ဆိုင်ရာအစိုးရဌာနတွေရဲ့ လုပ်ထုံးလုပ်နည်းတွေ၊ လမ်းညွှန်ချက်တွေအပေါ်အခြေခံတယ်။ ကျွန်မတို့တိုင်းပြည်မှာ ဆရာဝန်တွေ လုပ်ပေးနိုင်တာက ပိုကျယ်ပြန့်တယ်၊ သန္ဓေတားဖို့ ကျန်းမာရေး စောင့်ရှောက်မှုပေးတဲ့နေရာမှာ သားဖွားဆရာမတွေက လုပ်ပိုင်ခွင့်နည်းတယ်။ ဥပမာအားဖြင့် သန္ဓေတားတဲ့ နည်းလမ်း၄၊ ၅ ခု၊ ရှိတယ်ဆိုရင် သားဖွားဆရာမတွေနဲ့ပဲ အဓိကဆက်ဆံရတဲ့ ကျေးလက်ဒေသက အမျိုးသမီးတွေအနေနဲ့ သန္ဓေတားတဲ့နည်းလမ်း တစ်ခု၊ နှစ်ခုလောက်ပဲ ရွေးချယ်စရာရှိတယ်။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ လိင်နှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

၁၁.၁.၃ စွန့်လွှတ်အနစ်နာခံသည့် အမျိုးသမီးဆိုင်ရာစံနှုန်း

စွန့်လွှတ်အနစ်နာခံသည့် အမျိုးသမီးဆိုင်ရာစံနှုန်းသည် အမျိုးသမီးတို့၏ ကျန်းမာရေးသိက္ခာဆိုင်ရာစံနှုန်းများ၊ အမျိုးသမီးများအား မျိုးဆက်ပွားပေးသူများအဖြစ် ယူဆချက်များနှင့် ဆက်နွှယ်နေသည့် ကာလကြာရှည် ရှိခဲ့သော နောက်ထပ်ယဉ်ကျေးမှု လက္ခဏာတစ်ရပ်ဖြစ်ပါသည် (Than ၂၀၁၄)။ အမျိုးသမီးများ၏ စွန့်လွှတ်အနစ်နာခံမှုကို တန်ဖိုးထားခြင်းနှင့် မိမိအရေးထက် မိသားစု၏လိုအပ်ချက်များကို ဦးစားပေးတတ်ရန် အမျိုးသမီးများအား လူမှုပုံစံသွင်းပေးသည့် စံနှုန်းများသည် အမျိုးသမီးများကို ၎င်းတို့၏ တစ်ကိုယ်ရေကျန်းမာရေး လိုအပ်ချက်များနှင့် ပျော်ရွှင်မှုများအား လျစ်လျူရှုထားစေသည်ဟု ဖော်ပြကြပါသည်။ မိသားစု အကျိုးစီးပွားအတွက် ဆောင်ရွက်နေရင်း ၎င်းတို့၏ တစ်ကိုယ်ရေ ကျန်းမာရေးလိုအပ်ချက်များကို ဖြေရှင်းရန်အတွက် အမျိုးသမီးများတွင် အခက်အခဲများရှိနေကြောင်းကို ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်သူများက ပြောကြပါသည်။

> များသောအားဖြင့် သားသမီးအများကြီးရှိတဲ့ မိခင်တစ်ယောက်ဟာ ကိုယ့်ကိုယ်ကို ဂရုမစိုက်နိုင်တာကို ကျွန်မတို့တွေ့ရတယ်၊ သူ့မှာ အိမ်မှုကိစ္စတွေနဲ့ အမြဲအလုပ်ရှုပ်နေတယ်။ တကယ်လို့ ကျွန်မတို့ကသာ သူယုံကြည်အောင်လုပ်နိုင်ရင်၊ သူ့ခံစားချက်တွေ၊ အတွေ့အကြုံတွေကို သူကပြောပြတယ်။ ကလေးအများကြီး မွေးတဲ့အတွက် နောက်ဆက်တွဲ ကျန်းမာရေးအကျိုးဆက်တွေကို ကျွန်မတို့ကရှင်းပြတယ်၊ သန္ဓေတားဆေး သောက်ဖို့၊ ထိုးဖို့ အကြံပေးတယ်။ သူ့ဘက်က မတတ်နိုင်ရင် ကျွန်မတို့က အလကားပေးတယ်။
>
> (အဓိက သတင်းအချက်အလက် ပေးနိုင်သူ ကျေးရွာကျန်းမာရေး လုပ်သားတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

> မိန်းကလေးတစ်ယောက် ကိုယ်ဝန်ရှိပြီဆိုရင်၊ တခြား မိသားစုဝင်တွေထက် သူက အစားပိုစားရမယ်ဆိုတာ နားလည်ဖို့လိုတယ်။ ဒါဟာ သူ့ရဲ့ရပိုင်ခွင့်ပဲ။ သူ့အနေနဲ့ တစ်ကိုယ်ကောင်းဆန်တာမျိုး မဟုတ်တဲ့အတွက် ဒါကို အပြစ် ရှိတယ်လို့ ထင်စရာမလိုဘူး။ ဒါတွေက သူတို့ကို စွမ်းရည်မြှင့်ပေးတာနဲ့ ဆိုင်တယ်လို့ထင်တယ်။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပညာရေးကျွမ်းကျင်သူတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

မိသားစု လိုအပ်ချက်များအတွက် ၎င်းတို့၏ တစ်ကိုယ်ရေ လိုအပ်ချက်များကို စွန့်လွှတ်အနစ်နာခံကြသည့် သရုပ်သကန်များအနက် ခိုင်လုံသည့် သာဓကတစ်ခုမှာ အစာအာဟာရ လုံလောက်စွာမစားခြင်း (အထူးသဖြင့် မလောက်မင အခြေအနေများတွင်)ဖြစ်ပါသည်။ ဤသည်မှာ အမျိုးသမီးများ အတွက်သာမက ကလေးသူငယ်များအတွက်ပါ ဆိုးရွားသည့် ကျန်းမာရေး ပြဿနာများ ဖြစ်စေနိုင်သည့် စံနှုန်းများမှ ဥပမာတစ်ခုဖြစ်ပါသည်။

> မိခင်တွေကအနစ်နာခံပြီး ဖခင်နဲ့သားသမီးတွေအတွက် အစားအသောက်ကို ဦးစားပေးတာအများဆုံး တွေ့ရတယ်။ ဒါဟာ နို့တိုက် မိခင်တွေအတွက် အလွန်ဆိုးတဲ့ ပြဿနာပါ။ တခြားမိသားစုဝင်တွေအတွက် အစားကောင်း အသောက်ကောင်းတွေပေးပြီး ကိုယ်တိုင်ကျတော့ အာဟာရချို့တဲ့ သွားတယ်။ ဒါက ကိုယ်ဝန်ဆောင်ချိန်မှာ တခြားရောဂါတွေဝင်နိုင်တယ်။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ အသက်မွေးဝမ်းကျောင်းကျွမ်းကျင်သူတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

> မိခင်အနေနဲ့ မိသားစုအတွက် အနစ်နာခံတာ ကောင်းတယ်လို့ မြင်ကြတယ်။ အဲဒီလိုမျိုးစံနှုန်းတွေ၊ အယူအဆတွေလည်း ရှိတယ်။ ဒါကြောင့် အမျိုးသမီးတွေရဲ့ ကျန်းမာရေးအခြေအနေအကြောင်း ပြောတဲ့ အခါတိုင်း ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ဖို့၊ ဆေးမှန်မှန်သောက်ဖို့နဲ့ အစားကောင်းကောင်းစားဖို့ ပြောပြရတယ်။ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေကိုလည်း စံနှုန်းတွေမှာ စွန့်လွှတ်အနစ်နာခံဖို့ သွန်သင်ထားတော့ သူတို့က ကိုယ့်ကျန်းမာရေးကိုလည်း ဂရုမစိုက်၊ မွေးလာမယ့်ကလေးရဲ့ ကျန်းမာရေးကိုလည်း ဂရုမစိုက်ကြဘူး။ ဒါကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးတွေကို ဆေးတွေ၊ သံဓာတ် အားဆေးတွေ ပေးတဲ့အခါ၊ သူတို့က ဆေးကို ဆိုင်မှာပြန်ရောင်းပြီး မိသားစုအတွက် အစားအသောက်ဝယ်ကြတယ်။ ဒါတွေဟာ သူတို့ရဲ့ကျန်းမာရေးကို တိုက်ရိုက်ထိခိုက်စေတဲ့ စံနှုန်းတွေပဲ။
>
> (အဓိကသတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်း အမျိုးသမီးခေါင်းဆောင် ၃ နှင့် တွေ့ဆုံမေးမြန်းခြင်း)

၁၁.၂ လိင်မှုဆိုင်ရာ တားမြစ်ချက်များ

မြန်မာနိုင်ငံတွင် လိင်မှုကိစ္စအကြောင်း လူသိရှင်ကြားပြောဆိုခြင်းကို ပြင်းထန်စွာတားမြစ်ထားသည့် စံနှုန်းများရှိပါသည်။ လိင်မှုကိစ္စကို ညစ်ညမ်းသောအကြောင်းအရာနှင့် အတွင်းရေးကိစ္စအဖြစ်ယူဆကြပြီး၊ ၎င်းတို့နှစ်ခုစလုံးသည် ဤတားမြစ်ချက်တွင်တစ်စိတ်တစ်ပိုင်းပါဝင်ပါသည်။

'sex'ဆိုတာကို မြန်မာစကားမှာ 'လိင်' လို့ ဘာသာပြန်ကြတယ်။ ဒါပေမဲ့ တကယ်တမ်းက ဒါဟာ မြန်မာစကားမဟုတ်ဘူး၊ ပါဠိစကား ဖြစ်တယ်။ မြန်မာစကားမှာ လိင်ဆိုတာက ပြောင်းလဲခြင်း၊ ဒါမှမဟုတ် အသွင်ပြောင်းခြင်းလို့ အဓိပ္ပာယ်ရတယ်။ ကိုရင်ဝတ်ပြီး လူထွက်တဲ့အခါ၊ ကိုရင်ဘဝကနေ လူဘဝကို ပြန်ပြီးပြောင်းတာကို 'ရှင်လိင်ပြန်'တယ်လို့ ခေါ်ကြတယ်။ အသွင်ပြောင်းခြင်းပဲဖြစ်တယ်၊ ဒါပေမဲ့ အများစုက 'လိင်' ဆိုတဲ့ ဝေါဟာရကို ညစ်ညမ်းတဲ့ စကားရပ်လို့ ထင်နေကြတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ မဂ္ဂဇင်းအယ်ဒီတာတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

အမျိုးသားရော အမျိုးသမီးများပါ လိုအပ်သည့်အခါ မည်သည့်ကျန်းမာရေး ပြဿနာများကိုမဆို အခြားသူများအား ဖွင့်ဟပြောပြနိုင်ပြီး၊ ပြုစု စောင့်ရှောက်မှုခံယူနိုင်ကြောင်းနှင့် စပ်လျဉ်း၍ ကန့်သတ်ချက်များ ရှိနေသည်ဟု ခံစားရကြောင်းသိရှိရပါသည်။ လိင်ပိုင်းဆိုင်ရာကိစ္စများကို လူသိရှင်ကြားဆွေးနွေးရာတွင် အဆိုပါတားမြစ်ချက်များသည် လိင်နှင့် မျိုးဆက်ပွားကျန်းမာရေးကုသမှုတွင် အတားအဆီးများဖြစ်နေကြောင်း

ကျွန်မတို့က ကျေးရွာသူတွေဆိုတော့ သားအိမ်ပြဿနာတွေအကြောင်း ထုတ်ပြောရမှာရှက်တယ်။

(မတူပီမြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် ချင်း၊ ခရစ်ယာန်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ရောဝတီတိုင်းဒေသကြီးသည် လိင်နှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက် ပိုမိုရရှိသောဒေသအဖြစ် ရပ်တည်နေသော်လည်း အထက်ဖော်ပြပါပုံသဏ္ဌာန်များမှာ လေ့လာခဲ့သည့်နေရာဒေသများ အားလုံးတွင် အတူတူဖြစ်ပါသည်။ လိင်နှင့်မျိုးဆက်ပွားကျန်းမာရေး ဆိုင်ရာ ကိစ္စရပ်များ၊ အထူးသဖြင့် ရာသီသွေးဆင်းခြင်း (အခန်း ၁၃.၃ တွင် ကြည့်ပါ)ကို အခြားသူများအားဖွင့်ပြောရန် အခက်အခဲရှိသည်ဟု အမျိုးသမီးများကဆိုပါသည်။ လိင်မှုကိစ္စနှင့် မျိုးပွားခြင်းတို့နှင့် ဆက်စပ်နေသည့် ရင်သားစသည့် ခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် စပ်လျဉ်း၍လည်း အတူတူပင်ဖြစ်ပါသည်။ ပတ်ဝန်းကျင်က ကဲ့ရဲ့ ပြစ်တင်မည်ကို ကြောက်ရွံ့သည့်အတွက် ကိုယ်ဝန်ပျက်ကျခြင်းနှင့်

တခြားသူတွေကို ပြောပြရမှာရှက်လို့ဆိုပြီး အဲဒီလိုရောဂါတွေကို ဖုံးကွယ်ထားကြတယ်။ သူတို့သေသွားပြီးတော့မှပဲ လူတွေက သူတို့မှာ အဲဒီရောဂါရှိတယ်ဆိုတာသိရတယ်။

၎င်းတို့က တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရည်ညွှန်းပြောဆို ကြပါသည်။ မကျန်းမာသည့်အခါ ကျန်းမာရေးစောင့်ရှောက်မှု ခံယူရေး၊ မယူရေးတွင် စီးပွားရေးဆိုင်ရာ အကြောင်းအချက်များက အဓိက လွှမ်းမိုးထားသော်လည်း ဣန္ဒြေသိက္ခာ၊ (မ)စင်ကြယ်ခြင်း၊ အပျိုစင် ဖြစ်ခြင်းနှင့် တစ်လင်တစ်မယားစနစ်တို့လို စံနှုန်းများသည်လည်း အမျိုးသား၊ အမျိုးသမီးများ၏ ကျန်းမာစွာနေထိုင်ရေးအပေါ် ဆိုးရွားစွာ သက်ရောက်စေပါသည်။

သားအိမ်ခေါင်းကင်ဆာ၊ ရင်သားကင်ဆာတို့လို ကင်ဆာဖြစ်တာတွေ ရှိပါတယ်။ တခြားသူတွေကို ပြောပြရမှာရှက်လို့ဆိုပြီး အဲဒီလို ရောဂါ တွေကို ဖုံးကွယ်ထားကြတယ်။ သူတို့သေသွားပြီးတော့မှပဲ လူတွေက သူတို့မှာအဲဒီရောဂါရှိတယ်ဆိုတာ သိရတယ်။

(မုံရွာမြို့နယ်မှ အသက် ၄၀နှစ်နှင့်အထက် ဗမာ၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ပတ်ဝန်းကျင်ရဲ့အမြင်မှာ မကောင်းဘူးလို့ယူဆတဲ့ ကျန်းမာရေး ပြဿနာတွေကို ကျွန်မတို့မပြောဖြစ်ကြဘူး။ ကျွန်မစပြီး ဓမ္မတာမလာခင် ကျွန်မရဲ့ရင်သားတွေနာပါတယ်။ ဘယ်သူ့ကိုမှ မပြောရဲခဲ့ဘူး။ ဒါဟာ တားမြစ်ချက်ပဲ။

(မတူပီမြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

စပ်လျဉ်းသည့်ကိစ္စများကိုလည်း ဖွင့်မပြောကြကြောင်း သိရှိရပါသည်။ (အခန်း ၁၃.၁.၂တွင် ကြည့်ပါ)။ တစ်ခါတစ်ရံ အမျိုးသမီးများအနေဖြင့် မိသားစုဝင်အမျိုးသမီးများ သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်ပေးသူ အမျိုးသမီးများကို ခြွင်းချက်ဖြင့် ဖွင့်ဟတိုင်ပင်ကြပါသည်။

လူသိရှင်ကြား ဖွင့်ဟဆွေးနွေးရန်အခက်ခဲဆုံးဖြစ်သည့် ကိစ္စရပ်များမှာ ၎င်းတို့၏ အကြီးမားဆုံး ကျန်းမာရေးပြဿနာများဟု အမျိုးသမီးများက ယူဆသည့် ကိစ္စရပ်များပင်ဖြစ်သည်။ အမျိုးသမီးများ ရှက်ရွံ့နေခြင်းသည် တစ်စိတ်တစ်ပိုင်းအားဖြင့် ၎င်းတို့၏ခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် ရောဂါလက္ခဏာများကို ဖွင့်ဟပြောနိုင်မည့် အခေါ်အဝေါ်များမရှိခြင်းကြောင့် ဖြစ်ပါသည်။ ထို့အပြင် ယဉ်ကျေးမှုအရခွင့်မပြုသည့် အပြုအမူများ ရှိသည်ဟု အထင်ခံရပါက ဂုဏ်သိက္ခာထိခိုက်မည်ကို အမျိုးသမီးများက စိုးရိမ်ကြပါသည်။

ဒီကိစ္စတွေကို အမျိုးသမီးတွေကအချင်းချင်းပဲဆွေးနွေးကြတယ်။ ရင်သား အကျိတ်လိုကိစ္စကို အမျိုးသမီးတွေက အမျိုးသားတွေနဲ့ ဘယ်တော့မှ ထုတ်မပြောဘူး။ မိဘတွေကိုပြောတယ်၊ အထူးသဖြင့် အမေတွေနဲ့ ဆွေးနွေးတယ်။ အခြေအနေသိပ်မဆိုးရင် တိုင်းရင်းဆေးနဲ့ပဲ ကုတယ်။

(မြစ်ကြီးနားမြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ် ကချင်၊ ခရစ်ယာန် အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အများအားဖြင့် HIV/AID ရောဂါအကြောင်း ပြောလေ့မရှိဘူး။ တချို့ အမျိုးသမီးတွေက ရင်သားမှာ ဒါမှမဟုတ် မိန်းမအင်္ဂါမှာ အနာဖြစ်ရင် ထုတ်မပြောရဲကြဘူး။

(ကလောမြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်အရွယ် ဓနု၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

HIV မဟုတ်ရင်တောင်မှ တခြားလူတွေကို ထုတ်မပြောရဲဘူး။ ဘယ်လိုပြောရမလဲမသိဘူး။ ကျွန်မ ကိုယ်တိုင်လည်း အဲဒီလိုမျိုး ထုတ်မပြောရဲဘူး။ ကျွန်မရိုင်းသွားရင် ခွင့်လွှတ်ပါ။ ဥပမာအားဖြင့် အမျိုးသမီး တစ်ယောက်ကိုယ်ဝန်ရှိတယ်။ လိင်ကတစ်ဆင့်ကူးစက်တဲ့ ရောဂါတစ်ခုခုမရှိရင်တောင်မှ သူကိုယ်ဝန်ရှိတဲ့အကြောင်း တခြားသူတွေကို မပြောပြရဲဘူး။ ဒီလိုမျိုးအခြေအနေတွေရှိတယ်။ မတော်တရော်တစ်ခုခုလုပ်ထားတယ်လို့ လူတွေပြောမှာ ကြောက်တဲ့ အတွက် အမျိုးသမီးတစ်ယောက်ဟာ ဒီအကြောင်း တခြားလူတွေကို ထုတ်ပြောရဲမှာမဟုတ်ပါဘူး။

(သံဖြူဇရပ်မြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ် မွန်၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

တချို့မိန်းကလေးတွေက အမျိုးသမီးဆရာဝန်နဲ့တောင် သူတို့ရဲ့မိန်းမအင်္ဂါ ပြဿနာတွေအကြောင်း ထုတ်ပြောဖို့ရှက်တတ်ကြတယ်။

(မင်္ဂလာတောင်ညွန့်မြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ် မွတ်စလင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

လိင်မှုဆိုင်ရာနှင့် မျိုးပွားအင်္ဂါဆိုင်ရာ ကျန်းမာရေးကိစ္စများအား ဆွေးနွေးရာတွင် အမျိုးသားများလည်း ချီတုံချတုံဖြစ်လေ့ရှိကြောင်း တင်ပြထားသည်။ အများအားဖြင့် ၎င်းတို့စိုးရိမ်ပူပန်သည်မှာ လိင်မှတစ်ဆင့်ကူးစက်သော ရောဂါများ(HIVစသည်တို့) နှင့် အိမ်ထောင်ရေးဖောက်ပြန်မှု သို့မဟုတ် လိင်လုပ်သားများဖြင့် လိင်ဆက်ဆံမှုအစရှိသည့် မကောင်းသောအပြုအမူဟု သတ်မှတ်ထားသည် များကြောင့် ကဲ့ရဲ့ပြစ်တင်ခံရခြင်းတို့ ဖြစ်ပါသည်။ အမျိုးသားအချင်းချင်း လိင်ဆက်ဆံခြင်းကို လေ့လာမှုတွင် ပါဝင်သူများက ပွင့်ပွင့်လင်းလင်း မဆွေးနွေးကြသော်လည်း အလားတူသတ်မှတ်ကြဖွယ် ရှိပါသည်။ ဆီးလမ်းကြောင်းပိုးဝင်ခြင်းကဲ့သို့ လိင်နှင့် မျိုးပွားအင်္ဂါဆိုင်ရာ အခြားကျန်းမာရေးကိစ္စများသည်လည်း ရှက်စရာဟု အမျိုးသားများက ယူဆကြသည့်အတွက် အခြားသူများနှင့် လိုလိုလားလား မဆွေးနွေးကြပါ။

ဥပမာအားဖြင့် တခြားလူတွေကသူ့ရောဂါအကြောင်း သိသွားရင်၊ သူ့ကို အထင်သေးကြမယ်။ သူ ပြည့်တန်ဆာတွေဆီသွားလို့ ဒီရောဂါရတာလို့ လူတွေက အလွယ်တကူကောက်ချက်ဆွဲနိုင်တယ်။

(သံဖြူဇရပ်မြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ် မွန်၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

လိင်နှင့် မျိုးပွားအင်္ဂါဆိုင်ရာကျန်းမာရေးပြဿနာများကို ဆွေးနွေးရာတွင် အမျိုးသားများသည်ရှက်ရွံ့မှုနှင့် ချီတုံချတုံဖြစ်မှု တစ်စုံတစ်ရာရှိသော်လည်း၊ အမျိုးသမီးများနှင့် နှိုင်းယှဉ်လျှင်မှု ပြဿနာများကို ဆွေးနွေးရန် အမျိုးသားများက ပို၍ပွင့်လင်းသည်၊ လက်ခံသည်ကို တွေ့ရှိရပါသည်။

အမျိုးသားတွေနာမကျန်းဖြစ်တာကို လူတိုင်းကဆွေးနွေးတယ်၊ အကြံပေး ကြတယ်၊ ဒါပေမဲ့ အမျိုးသမီးတွေ နာမကျန်းဖြစ်တာကျတော့ တခြားသူ မသိရဘူး၊ အမျိုးသမီးအချင်းချင်းပဲ ဖွင့်ဟတိုင်ပင်ရမယ်လို့ ယေဘုယျ အားဖြင့် ယူဆထားကြတယ်။

(မင်းပြားမြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် ရခိုင်၊ ဗုဒ္ဓဘာသာဝင်အမျိုးသားများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ကျား၊ မတန်းတူညီမျှ မဖြစ်တာ၊ အထူးသဖြင့် ကျား၊မစံနှုန်းတွေက မညီမျှမှုတွေကို အများကြီးဖြစ်စေတယ်၊ပြီးတော့ အမျိုးသမီးတွေရဲ့ ကျန်းမာရေး၊ အထူးသဖြင့် လိင်နဲ့ မျိုးဆက်ပွားကျန်းမာရေးအပေါ်မှာ သက်ရောက်စေတယ်။ လိင်ကိစ္စမှာတက်ကြွတဲ့အမျိုးသမီးတွေဟာ စာရိတ္တမကောင်းတဲ့ အမျိုးသမီးတွေဖြစ်တယ်ဆိုတဲ့ စံနှုန်းလိုမျိုးတွေနဲ့၊ ခင်ပွန်းက လိင်ဆက်ဆံချင်တဲ့အခါတိုင်းမှာ ဇနီးက အမြဲတမ်းအဆင်သင့် ဖြစ်နေရမယ်ဆိုတဲ့ စံနှုန်းတွေရှိတယ်။ ဒီ့အပြင် ဥပဒေနဲ့ဆက်စပ်ပြီးပြောရင် (လင်မယားအချင်းချင်းကြားမှာ)အလိုမတူဘဲ လိင်ဆက်ဆံတာကို မုဒိမ်းမှုလို့ မသတ်မှတ်ဘူး။ ဒီစံနှုန်းတွေကိုအခြေခံပြီး အမျိုးသားနဲ့ အမျိုးသမီးကြား လိင်ဆက်ဆံရေးမှာမညီမျှတာတွေ အများကြီးရှိတယ်။ ဒါပေမဲ့ အမျိုးသမီးဘက်က ဇနီးကောင်းတစ်ယောက်ဖြစ်အောင် နေရတယ်။ ပြီးတော့ လိင်ကိစ္စတွေ၊ ဖို၊ မ သဘာဝတွေနဲ့ အထူးသဖြင့် လင်ခန်း၊ မယားခန်းကိစ္စတွေကို အပြင်လူတွေကိုမပြောဖို့ ပတ်ဝန်းကျင်က အမျိုးသမီးတွေကို ဖိအားပေးတယ်။ မိသားစုအချင်းချင်းဖြစ်ဖြစ်၊ ဖအေဖြစ်ဖြစ်၊ မအေဖြစ်ဖြစ် မပြောရဘူး။ ဒါတွေဟာ ချမ်းသာသည် ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ 'စံပြအမျိုးသမီး'၊ 'ဇနီးကောင်း' တို့ရဲ့ စံနှုန်းတွေပဲ။ ဒီ့အပြင် ဒါတွေကြောင့် အကြမ်းဖက်မှုတွေ၊ အိမ်တွင်း အကြမ်းဖက်မှုတွေလည်း ဖြစ်လာတယ်။ ယောက်ျားဖြစ်တဲ့သူက ဒီစံနှုန်းမျိုးအတိုင်းယူဆရင် အကြမ်းဖက်နိုင်တဲ့ အခွင့်အရေးတစ်ခုလို့ ယူဆနိုင်တယ်။ ကိုယ်ထိလက်ရောက်တော့ ဟုတ်ချင်မှ ဟုတ်မယ်၊ ဒါပေမဲ့ တခြားနည်းလမ်းနဲ့ပေါ့၊ အမျိုးသမီးတွေကသူတို့ကို လိင်ကိစ္စမှာ 'ကောင်းကောင်းမွန်မွန်' မဆက်ဆံတဲ့အခါမျိုးပေါ့။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီးခေါင်းဆောင် ၅ နှင့် တွေ့ဆုံမေးမြန်းခြင်း)

၁၁.၂.၁ လိင်မှုဆိုင်ရာ ပညာရေးနှင့် သတင်းအချက်အလက် မရရှိခြင်း

ကျန်းမာရေးစောင့်ရှောက်မှု ရပိုင်ခွင့်ကန့်သတ်ချက်နှင့်အတူ အပျိုစင် ဖြစ်မှုနှင့် လိင်ကိစ္စမဆွေးနွေးရန် တားမြစ်ချက်ဆိုင်ရာ စံနှုန်းများသည် အထူးသဖြင့် မိန်းကလေးငယ်များနှင့် အမျိုးသမီးများ လိင်မှုဆိုင်ရာ ပညာရေးရရှိနိုင်မှုကို တားဆီးထားပါသည်။ အမျိုးသမီးငယ်များသည် မည်သည့် အပြုအမူမျိုးက ၎င်းတို့ကို ကိုယ်ဝန်ရှိစေနိုင်ကြောင်း မသိရှိသည့်အပေါ် စိုးရိမ်ပူပန်ကြပါသည်။ လိင်ဆက်ဆံမှုရှိခဲ့လျှင် မလိုချင်သည့်ကိုယ်ဝန် မရစေရန်နှင့် လိင်မှတစ်ဆင့်ကူးစက်သော ရောဂါများမှ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်စေရန်လည်း ၎င်းတို့တွင် အခက်အခဲရှိပါသည်။

အပျိုဖော်ဝင်စ မိန်းကလေးအများစုက ယောက်ျားလေးတွေနဲ့ သွားစကား ပြောရင် ကိုယ်ဝန်ရသွားလိမ့်မယ်လို့ထင်ကြတယ်။ ဒါဒီနေ့ခေတ်မှာဖြစ်နေတာ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ကျောင်းဆရာမတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

၂၀၀၈ခုနှစ်တုန်းက မိန်းကလေးတစ်ယောက်နဲ့ ကျွန်မဆုံတယ်။ သူ့အသက်က ၁၉၊ ၂၀ လောက်ပဲ ရှိဦးမယ်။ သူက ကျွန်မကို သူ့အကြောင်းပြောပြတယ်။ သူက သူ့အဒေါ်ကို တိရစ္ဆာန်အမကိုဘယ်လိုသန္ဓေတားရမလဲလို့ မေးတဲ့အခါ၊ သူဆိုလိုတာက သန္ဓေတားတယ်ဆိုတာဘာလဲလို့ သူသိချင်တာ။ ဒါကြောင့် သူ့အဒေါ်ကိုမေးတာ။ ဒါပေမဲ့ အဲဒီတုန်းက သူ့မှာရည်းစားရှိတယ်၊ ဒီတော့သူ့အဒေါ်က ကောင်မလေးရဲ့အမေကို ‘နင့်သမီးက ငါ့ကိုအဲဒီလိုမေးနေတယ်၊ နင့်သမီးကိုလည်း မေးစမ်းကြည့်ဦး’ လို့ ပြောတယ်။ အဲဒီမှာ ကောင်မလေးရဲ့အမေနဲ့သူ့အဒေါ်တို့ ညီအစ်မနှစ်ယောက်က ဘာဖြစ်ခဲ့တယ်ဆိုတာပြောပြဖို့ သူ့ကိုဖိအားပေးတယ်။ ‘သမီးချစ်သူနဲ့အိပ်ခဲ့လို့လား၊ ဘာလို့မေးတာလဲ’စသဖြင့် အမေနဲ့အဒေါ်က နေ့ရောညပါဖိအားပေးတယ်၊ ဆိုတယ်။ ဒီလိုနဲ့ရက်တွေကြာလာတဲ့အခါ သူ့ရည်းစားကောင်လေးနဲ့လက်ထပ်ဖို့ နောက်ဆုံးမှာ ဆုံးဖြတ်လိုက်တယ်။ ခုတော့သူလည်း မိခင်တစ်ယောက်ဖြစ်နေပါပြီ၊ ယောက္ခမတွေနဲ့ နေတယ်။ သူပြောချင်တာက သူ့မှာအလားအလာတွေ အများကြီးရှိပေမယ့် ကျောင်းဆက်မတက်ခဲ့ရတော့ဘူး။ ဒါဟာ မိန်းကလေးတွေအနေနဲ့ လိင်မှုကိစ္စတွေကို မမေးသင့်ဘူးဆိုတဲ့စံနှုန်းတွေကြောင့်ဖြစ်တာ။ မေးခဲ့ရင် သူ့မှာဖုံးကွယ်ထားတာ တစ်ခုခု ရှိရမယ်၊ ဒါမှမဟုတ် တစ်ခုခုလုပ်ချင်လို့ မေးတာလို့ထင်ကြတယ်။ အဲဒီစံနှုန်းက သူ့ကို အိမ်ထောင်စောစောကျအောင် ဖိအားပေးတာပဲ။

(အမိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီးခေါင်းဆောင် ၂ နှင့် တွေ့ဆုံမေးမြန်းခြင်း)

ကျွန်မခြောက်တန်းတုန်းကပါ။ အသက်က ၁၁ နှစ်။ ဓမ္မတာစလာတာ သုံး၊ လေး၊ ငါးလလောက်ရှိပါပြီ၊ တစ်နေ့မှာ အဲဒီတုန်းက ကျွန်မက အရမ်းဆော့တယ်၊ ဆော့ရင်းနဲ့ ကောင်လေးတစ်ယောက်ကို ဝင်တိုက်မိတယ်။ ညရောက်တော့ ကျွန်မအရမ်းတုန်လှုပ်သွားတယ်၊ 'ဘုရားရေ၊ ဓမ္မတာလာနေတုန်းမှာ ကောင်လေးတစ်ယောက်နဲ့ ဝင်တိုက်မိလို့ ကိုယ်ဝန်ရှိနေပြီ၊ ဘုရားရေ၊ ငါ့မှာကိုယ်ဝန်ရှိနေပြီ၊ ဒီပြဿနာကို ဘယ်လိုရှင်းရမလဲ ငါမသိဘူး' ဆိုပြီး တွေးမိတယ်။ အိမ်သာထဲမှာ သွားပြီး ကျွန်မငိုတယ်၊ တစ်နေ့လုံး၊ တစ်ညလုံးငိုတယ်၊ ဒီပြဿနာကို ဘယ်လိုရှင်းရမှန်း မသိဘူး။ ကလေးမွေးခဲ့ရင် ကလေးရဲ့ဖခင် ဘယ်သူလဲ ဆိုတာလည်း ကျွန်မမသိဘူး။ ကလေးအဖေကဘယ်သူလဲ။ ကျွန်မတိုက်မိခဲ့တဲ့လူကို ကျွန်မမမှတ်မိဘူး။ နေ့ရောညရော ကျွန်မငိုတယ်။ ကိုယ့်ကိုယ်ကိုယ်သတ်သေဖို့တောင် တွေးမိသေးတယ်။ ဒါပေမဲ့ ဘယ်လိုသတ်သေရမှန်းလည်း မသိဘူး။ (သူမ၏ လက်ကောက်ဝတ်များကိုပြ၍) ဒီနေရာကိုဘယ်လိုဖြတ်ရမယ်ဆိုတာ ကျွန်မမသိဘူး။ ဒီလိုနဲ့ တစ်နေ့မှာ ကျွန်မရဲ့အစ်မတစ်ဝမ်းကွဲလာတော့ ဒီအကြောင်း ကျွန်မပြောပြတယ်။ သူကရယ်ပြီးတော့ ကျွန်မမှာကိုယ်ဝန်မရနိုင်ဘူးလို့ ပြောပြခဲ့တယ်။ ကျွန်မသာ ကိုယ့်ကိုယ်ကိုယ်သတ်သေဖြစ်ခဲ့ရင်၊ သူငယ်ချင်းတွေ၊ မိသားစုနဲ့ မိဘတွေက ကျွန်မဘာကြောင့်သတ်သေတယ်ဆိုတာ သိမှာတောင် မဟုတ်ဘူး။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီးခေါင်းဆောင် ၃ နှင့် တွေ့ဆုံမေးမြန်းခြင်း)

ညစ်ညမ်းရုပ်ပုံနှင့် စာအုပ်များသည် ယောက်ျားလေးများ ရရှိနိုင်သော လိင်မှုကိစ္စများ ပါဝင်သည့် အထင်ရှားဆုံးရင်းမြစ်တစ်ခု ဖြစ်ပါသည်။ လေ့လာမှုတွင်ပါဝင်သူများက ဤသည်ကို ပြဿနာအဖြစ် ထင်မြင်ကြပါသည်။ အကြောင်းမှာ ထိုညစ်ညမ်းရုပ်ပုံနှင့် စာအုပ်များက ယောက်ျားလေးများနှင့် ငယ်ရွယ်သည့်အမျိုးသားများအား လိုအပ်သည့် လိင်ပိုင်းဆိုင်ရာ ကာကွယ်ရေးသတင်းအချက်အလက် မပေးနိုင်၍ ဖြစ်ပါသည်။ ဤကဲ့သို့သော ရင်းမြစ်များမှရရှိသည့် လိင်မှုကိစ္စအကြောင်း အရာများတွင် အမျိုးသားများ၏လိင်စိတ်သည် တင်းတိမ်ရောင့်ရဲမှုမရှိဘဲ၊ အကြမ်းဖက်သည်အထိဖြစ်နိုင်၍ အမျိုးသမီးများ လိင်စိတ်သည် လိုက်လျော၊ နာခံတတ်သည့်သဘောဟုယူဆသည့် စံနှုန်းများအား ထပ်လောင်းအားဖြည့်ပေးပါသည်။ ညစ်ညမ်းရုပ်ပုံနှင့်စာအုပ်များကို တစ်ဦးချင်း ဖြစ်စေ၊ သက်တူရွယ်တူ ယောက်ျားလေးများ အချင်းချင်းကြား ဖြစ်စေရနိုင်ပါသည်။ အမျိုးသားရော၊ အမျိုးသမီးများအတွက်ပါ လိင်ပညာပေးရေးကို ကန့်သတ်ထားခြင်း သို့မဟုတ် လုံးဝမရှိခြင်းတို့ နှင့် ပေါင်းစပ်မိသည့်အခါ၊ အမျိုးသားများ၏ လိင်စိတ်ကို နားလည်သဘောပေါက်ရန် ပုံဖော်ရာတွင်ပါဝင်နေသည့် ညစ်ညမ်းရုပ်ပုံနှင့် စာအုပ်များ၏အခန်းကဏ္ဍသည် လိင်မှုနှင့်မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ နယ်ပယ်များတွင် လုပ်ငန်းဆောင်ရွက်နေကြသူများအတွက် စိုးရိမ်ပူပန်စရာ ဖြစ်လာပါသည်။

ဒီကိစ္စကိုဆွေးနွေးတိုင်ပင်ဖို့ ဘယ်သူ့ကိုယုံကြည်ရမလဲ၊ အဲဒီလို လူမျိုးတွေကို ဘယ်မှာတွေ့နိုင်မလဲ၊ ကိုယ့်အတွက်လိုအပ်တာကို အသေးစိတ်သိရဖို့ ဘယ်ကိုသွားရမလဲဆိုတဲ့မေးခွန်းမျိုးတွေ ရှိနိုင်ပါတယ်။ ဒီ့အပြင် ယောက်ျားလေးတွေက ဒီလိုကိစ္စမျိုးတွေကို သက်တူရွယ်တူတွေနဲ့ တိုင်ပင်တယ်လို့ ပြောကြပါတယ်။ ဒါပေမဲ့ အကျိုးကျေးဇူးထက် ဒုက္ခရောက်တာမျိုးလည်း တစ်ခါတလေရှိနိုင်ပါတယ်။ ယောက်ျားစစ်စစ်ဆိုရင် ဘယ်လိုလုပ်တယ်၊ ဘာတွေကယောက်ျားမဆန်ဘူးဆိုတဲ့အကြောင်း သက်တူရွယ်တူတွေကြားမှာ ပြောကြဆိုကြတဲ့အခါ၊ ယောက်ျားဆန်တဲ့ အပေါ် အရမ်းအာရုံစိုက်ပြီး၊ အနုတ်လက္ခဏာဆောင်တဲ့ ရွယ်တူချင်း ဖိအားကို ဖြစ်စေနိုင်ပါတယ်။ တစ်ခါတလေ မိဘတွေ၊ ဆရာ၊ ဆရာမ တွေက မိန်းကလေးတွေကို ဒီလိုမျိုးကိစ္စတွေမပြောဖို့၊ မမေးဖို့တားကြတယ်။ သူတို့က 'ဒါကသိသင့်တဲ့၊ ပြောသင့်တဲ့အကြောင်းအရာ မဟုတ်ဘူး'လို့ ပြောကြပါတယ်။ ဒီလိုနဲ့ ပိုပြီးငယ်ရွယ်တဲ့အမျိုးသမီးတွေဟာ နောက်ဆုံး ရောဂါကူးစက်ခံရတော့မှပဲ လိုအပ်တဲ့သတင်းအချက်အလက်ကို ရတာမျိုး ဖြစ်သွားတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ လိင်မှုနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

HIV ရောဂါပေါ်လာခြင်းနှင့် ၎င်းနှင့်ဆက်စပ်နေသည့် ကျန်းမာရေး အန္တရာယ်များသည် လိင်မှုဆိုင်ရာကိစ္စ မဆွေးနွေးရန် အစဉ်အလာ တားမြစ်ချက်များမှ ခေတ္တကင်းလွတ်ခွင့်ရသည့် အခြေအနေအဖြစ် လေ့လာမှုတွင်ပါဝင်သူများက ဆိုပါသည်။ သို့ရာတွင် HIV ကာကွယ်ရေး သတင်းအချက်အလက်များသည် ရောဂါထိန်းချုပ်ရေး ဆွေးနွေးမှုများမှ ပို၍ကျယ်ပြန့်သည့် လိင်မှုဆိုင်ရာ ပညာပေးရေးအပါအဝင် လိင်နှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အခွင့်အရေးနှင့် သတင်းအချက် အလက်များ ရရှိရေးအထိ မလွှမ်းခြုံနိုင်ခဲ့ပါ။ လိင်မှုဆိုင်ရာစံနှုန်းများအား ချိုးဖောက်လိုသည့် ဆန္ဒဖြင့်မဟုတ်ဘဲ ရောဂါကူးစက်မှုကို ကာကွယ်ရန် လိုအပ်သည့်အတွက် ပွင့်လင်းခြင်းသည် သမားရိုးကျစဉ်းစားချက်တစ်ရပ် ဖြစ်ပါသည်။ လိင်နှင့်မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်း၍ ပိုမိုပွင့်လင်းကြရန် ကျယ်ပြန့်သည့်အတိုင်းအတာဖြင့် အလားတူ တိုက်တွန်းမှုမရှိပါ။ အန္တရာယ်ရှိသော ကိုယ်ဝန်ဖျက်ချခြင်းများသည် ကြီးမားသည့်ကျန်းမာရေးပြဿနာများကိုဖြစ်စေပြီး၊ မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှု မြင့်မားစေသည့် အဓိကအကြောင်းတရား ၃ခုတွင် ပါဝင်နေသော်လည်း (UNFPA 2010)၊ ၎င်းတို့နှင့်စပ်လျဉ်း၍ ပွင့်ပွင့်လင်းလင်း ဆွေးနွေးအဖြေရှာခြင်းမရှိသေးပါ။

မလိုလားတာ၊ ဆန့်ကျင်တာကို နေရာတကာမှာတွေ့ရမှာပါ၊ မြန်မာ နိုင်ငံမှာတင် မဟုတ်ဘူး၊ အာရှနိုင်ငံတွေအားလုံးမှာလည်း ရှိတယ်။ လုပ်ကိုလုပ်ရမှာဖြစ်တဲ့အတွက် လိင်မှုဆိုင်ရာပညာပေးရေးတွေ လုပ်ကြတယ်။ ဟိုတုန်းက HIV နဲ့ ဆိုင်တဲ့ဗဟုသုတတွေကို လူသိရှင်ကြား ချမဆွေးနွေးရင်လည်း ပြဿနာမရှိဘူး။ ခုခေတ်မှာ ဒါက ရှောင်လွှဲလို့မရတဲ့ ခေါင်းစဉ်တစ်ခုဖြစ်လာတော့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးလာကြတယ်။ လူတွေကြားမှာနေ့စဉ်နဲ့အမျှ HIV က ပျံ့နှံ့နေတုန်းပဲ။ ဆေးကုဖို့လိုတဲ့လူတွေ အများကြီးရှိတယ်။ ဒီအမှန်တရားကို ကျွန်မတို့ ဆက်ပြီးဖုံးကွယ်ထားလို့မရတော့ဘူး။ ဒီတော့ လိုအပ်ချက်တစ်ခုအနေနဲ့ ဒီအကြောင်း ဆွေးနွေးတိုင်ပင်မှုဖြစ်မယ်၊ ဒီလိုကိစ္စတွေကို ပွင့်ပွင့်လင်းလင်း ဖွင့်ဟမပြောချင်တဲ့ လူတချို့ရှိတယ်ဆိုတာ ကျွန်မသိပါတယ်။

မြန်မာ့အသံမှာ HIV အသိအမြင်ဖွင့်ပညာပေး အခန်းဆက်အစီအစဉ်တစ်ခု ကျွန်မလွှင့်ဖူးတယ်။ ၄၊ ၅ ပိုင်းလောက် မြန်မာ့အသံက လွှင့်ပြီးတဲ့အချိန်မှာ ဘုန်းကြီးတစ်ပါးဆီက အကြံပြုတဲ့စာတစ်စောင် ကျွန်မရတယ်၊ စာထဲမှာ မြန်မာ့အသံဆိုတာ နိုင်ငံရဲ့ပုံရိပ်ကို ကိုယ်စားပြုတဲ့ ရေဒီယို အသံလွှင့်ဌာနတစ်ခုဖြစ်တယ်၊ ပြီးတော့ အဲဒီဘုန်းကြီးက သူလည်း ပုံမှန်နားထောင်တယ်လို့ ရှင်းပြထားတယ်။ ဒါကြောင့် ဒီလိုအစီအစဉ်မျိုးတွေကို မြန်မာ့အသံကနေ မထုတ်လွှင့်သင့်ဘူးလို့ ပြောတယ်။ သူ့ဘက်ကကြည့်ရင်တော့ ဘုန်းကြီးပြောတာမှန်ပါတယ်။ ဒါပေမဲ့ အိမ်ထောင်ပြုတာ၊ ကလေးမွေးတာစတဲ့ လောကီကိစ္စတွေက တားလို့မှမရနိုင်တာ၊ ပြီးတော့ တစ်ယောက်ပြီးတစ်ယောက် ဒီရောဂါ ကူးစက်နေတာကို ရပ်လို့မှမရတာ။ ကျွန်မတို့လိုလူတွေက ဒီလိုကိစ္စတွေကို လူသိရှင်ကြားပြောဖို့ လိုတယ်။ ဒီလိုကဏ္ဍကနေ အသံလွှင့်ဖို့အခွင့်အရေး မရခဲ့ရင်၊ ဒီလိုလုပ်ပေးနိုင်တဲ့ တခြားကြားခံတစ်ခုခု ကျွန်မရှာရမှာပဲ။ 'ညို့'မဂ္ဂဇင်းကိုပိုင်းပြီးဆန့်ကျင်ကြတာ အံ့သြစရာမရှိပါဘူး။[၅၈] ဒါပေမဲ့ ပြောစရာရှိတာကိုတော့ တတ်နိုင်တဲ့နည်းလမ်းနဲ့ ကျွန်မတို့ပြောကြရမှာပဲ။ ကိုယ်ပေးချင်တဲ့သတင်းအချက်အလက်ကို တကယ်လိုအပ်နေတဲ့လူတွေဆီ ရောက်ဖို့ ကျွန်မတို့ပြောရမှာပဲ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ရုပ်ရှင်မင်းသမီးတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

မြန်မာပြည်သူများအား လိင်မှုဆိုင်ရာပညာပေး ဗဟုသုတများရရှိစေရန် ဆောင်ရွက်ခြင်းသည်သင့်လျော်မှု ရှိ၊ မရှိ ဆွေးနွေးကြရာတွင် လိင်မှုကိစ္စကို လူသိရှင်ကြားဆွေးနွေးခြင်းကို အစဉ်အလာအရ တားမြစ်ချက်များ ရှိခဲ့သလားဆိုသည့်မေးခွန်း ထွက်ပေါ်လာပါသည်။ လေ့လာမှုတွင်ပါဝင်သူတစ်ဦးက ဤကိစ္စကိုရေရှည်အမြင်ဖြင့် ကြည့်ခြင်းသည် အကျိုးရှိပြီး၊ ထိုကိစ္စနှင့်ဆိုင်သည့် နိုင်ငံရေးရပ်တည်ချက် ပြောင်းလဲလာစေရန် အထောက်အကူဖြစ်စေသည်ဟု ဆိုပါသည်။

ကျွန်တော်တို့နိုင်ငံကို ဝန်ကြီးချုပ်ဦးနုအုပ်ချုပ်ခဲ့တဲ့ ပါလီမန်ခေတ်ကနေ စပြောချင်ပါတယ်။ ကျွန်တော်က မ.ဆ.လ (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ) ခေတ်မှာ ကြီးလာတာဆိုတော့ အဲဒီခေတ်က ကျွန်တော့်အတွေ့အကြုံတွေ ပြောပြချင်တယ်။ အဲဒီခေတ်က နာမည်ကြီးစာရေးဆရာ တစ်ယောက်ရှိတယ်။ ဆရာ 'မဟာဆွေ' ပေါ့၊ သူက လိင်မှုဆိုင်ရာပညာပေးဆိုပါစို့၊ အဲဒီလိုစာတွေရေးတယ်။ သူ့စာအုပ်ထဲမှာ လိင်ဆက်ဆံတဲ့နည်းအမျိုးမျိုး၊ အနေအထားအမျိုးမျိုးကို ရေးထားတယ်။ ပြီးတော့ ဆရာပီမိုးနင်းရေးတဲ့ 'ကာမသိဒ္ဓိ' ဆိုတဲ့ စာအုပ်ကလည်း အဲဒီတုန်းကအလွန်ခေတ်စားတယ်။ ဦးနုခေတ်မှာ အိန္ဒိယမှာအလွန်နာမည်ကြီးတဲ့ 'ကာမသုတ္တရ' စာအုပ် ကိုလည်း ဘာသာစကားနှစ်မျိုးနဲ့ ဘာသာပြန်ခဲ့တယ်။ ဆိုလိုတာက အဲဒီခေတ်တုန်းက လိင်မှုဆိုင်ရာပညာပေးနဲ့ လိင်မှုဆိုင်ရာကိစ္စနဲ့ ပတ်သက်တဲ့ စာအုပ်တွေကို လွတ်လွတ်လပ်လပ်ထုတ်လို့ရတယ်။ စာအုပ်တွေရဲ့ တန်ဖိုးကို စာဖတ်ပရိသတ်က ဆုံးဖြတ်လိမ့်မယ်၊ ဒါ ဒီမိုကရေစီပဲ။ ဒါပေမဲ့ ဦးနေဝင်းခေတ်ရောက်တော့ အဲဒီစာအုပ်တွေကို ပိတ်ပစ်လိုက်တယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ မဂ္ဂဇင်းအယ်ဒီတာတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

၁၁.၂.၂ ...... နှင့် ၎င်းအတွက်ဆန္ဒ

ကျန်းမာရေးဆိုင်ရာ... ကျန္ဒြေသိက္ခာ၊ အိမ်ထောင်မပြုမီအပျိုစင်ဖြစ်မှုနှင့် လိင်မှုဆိုင်ရာအကြောင်း လူအများကြားဆွေးနွေးခြင်းကို တားမြစ်ချက်များ စသည်တို့ကို စံအဖြစ် အခိုင်အမာအလေးပေးထားသည့် ရပ်ရွာဒေသဆိုင်ရာ အချက်အလက်များထဲမှ အံ့သြဖွယ်တွေ့ရှိချက်တစ်ခုမှာ ရပ်ရွာဒေသများတွင် လိင်မှုဆိုင်ရာပညာပေးရေးအစီအစဉ်များ ရရှိနိုင်ရေးကို ယောက်ျားလေးရော မိန်းကလေးများပါ အားလုံးနီးပါး လက်ခံ၍ လိုလားကြခြင်းဖြစ်ပါသည်။ အသက်အရွယ်မရွေး ဒေသခံအမျိုးသား၊ အမျိုးသမီးအားလုံးက လိင်ပညာပေးရေးကို အထူးသဖြင့် လူငယ်များကို လိင်မှကူးစက်သောရောဂါများနှင့် HIV ရောဂါတို့မှ ကာကွယ်ရာတွင် အသက်ကယ်ပေးသည့် အရာတစ်ခုအဖြစ် လက်တွေ့ကျကျ ပြောဆိုကြပါသည်။

လူငယ်တွေအနေနဲ့ ဒါကို သိသင့်ပါတယ်။ မဟုတ်ရင် ဗဟုသုတ မရှိတဲ့အတွက် ပိုဆိုးတဲ့အကျိုးဆက်တွေ ဖြစ်လာနိုင်ပါတယ်။ တချို့လူတွေဆိုရင် လိင်မှုဆိုင်ရာပညာရေးအကြောင်း ဘာမှမသိတော့ တစ်ဘဝလုံးနဲ့ ရင်းကြရတယ်။

(မင်္ဂလာတောင်ညွန့်မြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ် မွတ်စလင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

မိန်းကလေးတွေအနေနဲ့ သူတို့ရည်းစားတွေဆက်ဆံတဲ့အခါ အန္တရာယ်ကို ရှောင်နိုင်ဖို့ ဒီလိုသတင်းအချက်အလက်တွေကို သိထားသင့်ပါတယ်။

(မုံရွာမြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်အရွယ် ဗမာ၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

အမျိုးသားတွေသိထားသင့်ပါတယ်။ ဇနီးအပါအဝင် အမျိုးသမီးတွေနဲ့ ဘယ်လိုလိင်ဆက်ဆံရမယ်၊ ရောဂါမကူးအောင် ဘယ်လိုကာကွယ်ရမယ် ဆိုတာတွေ သိထားဖို့လိုပါတယ်။

(မင်းပြားမြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ်၊ ရခိုင်၊ ဗုဒ္ဓဘာသာဝင်အမျိုးသားများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း ရပ်ရွာဒေသများတွင် တိုးချဲ့လုပ်ဆောင်လာခဲ့သည့် HIV ကာကွယ်ရေးဆွေးနွေးပွဲများသည် ရပ်ရွာဒေသခံများအား လိင်မှုဆိုင်ရာပညာပေးရေးလိုအပ်ကြောင်းနှင့် ၎င်းကို စတင်လက်ခံလာစေခဲ့ပါသည်။ သို့ရာတွင်အဆိုပါ ဆွေးနွေးပွဲများမှပေးသည့် သတင်းအချက်အလက်သည် ရောဂါကာကွယ်ရေးကိုသာ အဓိကဦးတည်သည်ကို တွေ့ရပါသည်။ (ဆယ်ကျော်သက်များ၏) လိင်မှုနှင့် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများကို လွှမ်းခြုံနိုင်ရန် အခြားလုပ်ဆောင်ရမည့် အရာများစွာကျန်ရှိနေပါသေးသည်။ ထို့အပြင် လိင်မှုဆိုင်ရာ ပညာပေးရေးကို အကျင့်ပျက်အပြုအမူများနှင့် ချိတ်ဆက်၍ထားခြင်းသည် ၎င်းကို ပို၍ ကျယ်ကျယ်ပြန့်ပြန့် လက်ခံလာစေရေးတွင် အဟန့်အတား တစ်ခု ဖြစ်နေပါသည်။

၅၈။ လိင်မှုဆိုင်ရာပညာပေးသတင်းအချက်အလက်များနှင့် မလုံမလဲအမျိုးသမီးပုံများ၏ ဆွဲဆောင်မှုတို့ ပေါင်းစပ်ထားသည့် 'ညို့' မဂ္ဂဇင်းသည် ၂၀၁၂ခုနှစ် နိုဝင်ဘာလတွင် ပထမဆုံးနှင့်တစ်ကြိမ်တည်းသာ ပုံနှိပ်ထုတ်ဝေခဲ့ပြီး အငြင်းပွားစရာဖြစ်စေခဲ့ပါသည်။ စာပေစိစစ်ရေးကို ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် တရားဝင်ဖျက်သိမ်းခဲ့ပြီး မကြာမီပင် ၎င်းမဂ္ဂဇင်းအား ထုတ်ဝေခွင့်ပြန်လည်ရုပ်သိမ်းခဲ့ပါသည်။

ကျား၊ မ တန်းတူညီမျှ မဖြစ်တာ၊ အထူးသဖြင့် ကျား၊ မ စံနှုန်းတွေက မညီမျှမှုတွေကို အများကြီး ဖြစ်စေတယ်၊ပြီးတော့ အမျိုးသမီးတွေရဲ့ ကျန်းမာရေး၊ အထူးသဖြင့် လိင်နဲ့ မျိုးဆက်ပွား ကျန်းမာရေးအပေါ်မှာ သက်ရောက်စေတယ်။ လိင်မှုဆိုင်ရာကိစ္စမှာ တက်ကြွတဲ့ အမျိုးသမီးတွေဟာ စာရိတ္တမကောင်းတဲ့ အမျိုးသမီးတွေ ဖြစ်ဆိုတဲ့ စံနှုန်းလိုမျိုးတွေနဲ့၊ ခင်ပွန်းက လိင်ဆက်ဆံချင်တဲ့အခါတိုင်းမှာ ဇနီးက အမြဲတမ်း အဆင်သင့်ဖြစ်နေရမယ်ဆိုတဲ့ စံနှုန်းတွေရှိတယ်။ ဒ့ီအပြင် ဥပဒေနဲ့ဆက်စပ်ပြီး ပြောရင် (လင်မယားအချင်းချင်းကြားမှာ) အလိုမတူဘဲလိင်ဆက်ဆံတာကို မုဒိမ်းမှုလို့မသတ်မှတ်ဘူး။ ဒီစံနှုန်းတွေကို အခြေခံပြီး အမျိုးသားနဲ့ အမျိုးသမီးကြား လိင်ဆက်ဆံရေးမှာမညီမျှတာတွေ အများကြီးရှိတယ်။ ဒါပေမဲ့ အမျိုးသမီးဘက်က ဇနီးကောင်းတစ်ယောက် ဖြစ်အောင် နေရတယ်။ပြီးတော့ လိင်မှုဆိုင်ရာကိစ္စတွေ၊ ကျား၊ ၊မ သဘာဝတွေနဲ့ အထူးသဖြင့် လင်ခန်း၊ မယားခန်းကိစ္စတွေကို အပြင်လူတွေကိုမပြောဖို့ ပတ်ဝန်းကျင်ကအမျိုးသမီးတွေကို ဖိအားပေးတယ်။ မိသားစုအချင်းချင်းဖြစ်ဖြစ်၊ ဖအေဖြစ်ဖြစ်၊ မအေဖြစ်ဖြစ် မပြောရဘူး။ ဒါတွေဟာ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ ‘စံပြအမျိုးသမီး’၊ ‘ဇနီးကောင်း’ တို့ရဲ့ စံနှုန်းတွေပဲ။ ဒ့ီအပြင် ဒါတွေကြောင့် အကြမ်းဖက်မှုတွေ၊ အိမ်တွင်းအကြမ်းဖက်မှုတွေလည်းဖြစ်လာတယ်။ ယောကျ်ားဖြစ်တဲ့သူက ဒီစံနှုန်းမျိုးအတိုင်းယူဆရင် အကြမ်းဖက်နိုင်တဲ့ အခွင့်အရေးတစ်ခုလို့ ယူဆနိုင်တယ်။ ကိုယ်ထိလက်ရောက်တော့ ဟုတ်ချင်မှ ဟုတ်မယ်၊ ဒါပေမဲ့ တခြားနည်းလမ်းနဲ့ပေါ့၊ အမျိုးသမီးတွေကသူတို့ကို လိင်မှုဆိုင်ရာကိစ္စမှာ ‘ကောင်းကောင်းမွန်မွန်’ မဆက်ဆံတဲ့အခါမျိုးပေါ့။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီးခေါင်းဆောင် ၅ နှင့် တွေ့ဆုံမေးမြန်းခြင်း)

စိတ်ဝင်စားဖွယ်ကောင်းသည်မှာ မြို့ပြ၊ ပညာတတ် လူတန်းစားနှင့် တာဝန်ရှိသူများ၏ လိင်မှုဆိုင်ရာ ပညာပေးရေးအပေါ် သဘောထားကို ကျေးလက် သို့မဟုတ် မြို့ပြမဟုတ်သည့် ရပ်ရွာလူ့အဖွဲ့အစည်းများ၏ သဘောထားနှင့် နှိုင်းယှဉ်လျှင် ကွာခြားသည်ကိုတွေ့ရှိရပါသည်။ မြို့ပြလူ့အဖွဲ့အစည်းတွင် လိင်မှုဆိုင်ရာပညာပေးရေးကို လက်ခံရာမှာ ယဉ်ကျေးမှုစံနှုန်းများနှင့် ကိုက်ညီရမည် ဆိုသည့်အချက်က ပို၍ ကြီးမားသော အတားအဆီးများကို ဖြစ်ပေါ်စေပါသည်။ အဆိုပါကိစ္စရပ် အပေါ် ကျေးရွာများနှင့် မြို့ပြမဟုတ်သည့် ရပ်ရွာလူ့အဖွဲ့အစည်းများ၏ သဘောထားက ပို၍လက်တွေ့ကျသည်ကို တွေ့ရပါသည်။

တချို့လူတွေက ကျန်းမာရေးဆိုတာရော၊ လိင်ဆက်ဆံတဲ့အခါ ဘယ်လို ကာကွယ်ရမယ်ဆိုတာရော ဘာမှမသိကြဘူး။ ဒီလိုအခြေအနေမှာ လိင်မှုဆိုင်ရာပညာပေးရေး လုပ်ဖို့လိုတယ်။ ကိုယ့်ဇနီးမဟုတ်ဘဲ တခြားအမျိုးသမီးတွေနဲ့ လိင်ဆက်ဆံချင်တယ်ဆိုရင် ကွန်ဒုံးသုံးရမယ်။ ဒါဟာ ကျန်းမာရေးအတွက်ကောင်းတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ ဓလေ့ထုံးစံနဲ့ ဗုဒ္ဓရဲ့အဆုံးအမတွေအရ အိမ်ထောင်သည်အမျိုးသား၊ အမျိုးသမီးတွေဟာ တခြားသူနဲ့လိင်မဆက်ဆံရဘူး။ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုနဲ့ ဘာသာရေးရှုထောင့်ကကြည့်ရင် တခြားသူနဲ့ လိင်ဆက်ဆံတာကို လက်မခံဘူး။ ဒါပေမဲ့ ကျန်းမာရေးပညာပေးတဲ့ဘက်က ကြည့်ရင်တော့ ကျန်းမာရေးဝန်ကြီးဌာနက ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ လူတွေကိုပညာပေးရမယ်၊ လိင်ဆက်ဆံတဲ့အခါ HIV/AIDS မဖြစ်အောင် ဘယ်လိုကာကွယ်ရမယ်ဆိုတာ ပညာပေးရမယ်။ ဒါကြောင့် လိင်မှုဆိုင်ရာ ပညာပေးရေး ရှိဖို့လိုတယ်။ ကျွန်တော်တို့က ဗုဒ္ဓဘာသာဝင် မြန်မာ လူမျိုးတွေဖြစ်ပေမယ့် တချို့ကျတော့ ဗုဒ္ဓရဲ့အဆုံးအမကို မနာခံကြဘူး။ တခြားအမျိုးသမီး၊ အမျိုးသားတွေနဲ့ အလွယ်တကူ လိင်ဆက်ဆံကြတယ်။ အဲဒီလိုလူမျိုးတွေက ကွန်ဒုံးသုံးဖို့လိုတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပြန်ကြားရေးအရာရှိတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ရပ်ရွာဒေသများတွင် လိင်မှုနှင့် မျိုးဆက်ပွားကျန်းမာရေးသည် အိမ်ထောင်ရှိသူများ အထူးသဖြင့် အိမ်ထောင်သည်အမျိုးသမီး များနှင့်သာ သက်ဆိုင်သည်ဟု အခိုင်အမာယူဆထားကြသည့် အတွက် လူငယ်များအတွက် လိင်မှုနှင့် မျိုးဆက်ပွားကျန်းမာရေး ဆိုင်ရာ သတင်းအချက်အလက်များသည် ၎င်းတို့၏လိုအပ်ချက်ကို ဖြည့်ဆည်း မပေးနိုင်သေးသည်ကို တွေ့ရပါသည်။ ထိုကိစ္စကို ဖွင့်ဟဆွေးနွေးရန်အတွက် ယဉ်ကျေးမှုအရ ရှက်ရွံ့ခြင်း အပြင် အချိန်မပေးနိုင်ခြင်းနှင့် ပညာရေးစနစ်တွင် ဤအကြောင်းအရာကို ဦးစားမပေးခြင်းတို့သည် အတားအဆီးများဖြစ်သည်ဟု တွေ့ဆုံမေးမြန်း ခဲ့သည့် ပညာရေးကျွမ်းကျင်သူများက အလေးထားပြောဆိုကြပါသည်။ သို့ရာတွင် အမျိုးသားပညာရေးဥပဒေနှင့်မူဝါဒတွင် လိင်မှုဆိုင်ရာ ပညာပေးရေးထည့်သွင်းမှု ပိုမိုအားကောင်းစေရေး ကြိုးပမ်းမှုများ ရှိနေ ပါသည် (Michaels 2014တွင် ဥပမာကြည့်ပါ)။ လေ့လာမှုတွင် ပါဝင်သည့် ရန်ကုန်မြို့တွင်နေထိုင်သူများကသာ လက်ရှိပညာရေးစနစ်တွင် လိင်မှုဆိုင်ရာပညာပေးရေးကို တစ်စိတ်တစ်ပိုင်းရရှိကြသည်ဟု ဆိုပါသည်။

ကျွန်မ ၁၀ တန်းတုန်းက ဆရာမ ပြောတာကြားဖူးပါတယ်။ အဲဒီနောက်ပိုင်း ဒီလိုသတင်းအချက်အလက်တွေ ဘယ်ကမှမရခဲ့ပါဘူး။ ကျွန်မတို့ သူငယ်ချင်းတွေအချင်းချင်းပဲ လက်ဆင့်ကမ်းပြောကြပါတယ်။

(မင်္ဂလာတောင်ညွန့်မြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ်၊ မွတ်စလင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ကျွန်မတို့ ၉ တန်း၊ ၁၀ တန်းလောက်တုန်းက လိင်မှုဆိုင်ရာ ပညာပေးဆွေးနွေး ပွဲတွေ လုပ်တယ်။ အမျိုးသမီး ဆရာဝန်တွေက ကျောင်းကိုလာပြီး လိင်မှုဆိုင်ရာ ပညာပေးရေးအတွက် သီးခြားခန်းမတွေထဲမှာ ယောက်ျားလေး၊ မိန်းကလေးတွေကို တွေ့ပါတယ်။

(မင်္ဂလာတောင်ညွန့်မြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ်၊ မွတ်စလင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

လိင်မှုဆိုင်ရာ ပညာပေးရေးဆောင်ရွက်ခြင်းသည် လူငယ်များ (အထူးသဖြင့် အမျိုးသမီးများ) အား'မမှားစေရန်' ဆိုလိုသည်မှာ မိမိပတ်ဝန်းကျင်တွင် အလွန်အမင်း ကဲ့ရဲ့ပြစ်တင်ခံရနိုင်သည့် လက်မထပ်မီကိုယ်ဝန်ရခြင်းမျိုး မဖြစ်စေရန် အထောက်အကူ ပေးနိုင်ပါသည်။ ဤသို့ဆိုလျှင် သတင်း အချက်အလက် ပိုမိုရရှိနိုင်ခြင်းသည် ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားသည့် ကျန်းမာသိက္ခာဆိုင်ရာ စံနှုန်းများအတိုင်း လိုက်နာရန်အတွက်ရပ်ရွာဒေသခံ များအား အထောက်အကူ ဖြစ်စေပါသည်။ ဤတွင် သတင်းအချက် အလက်ကို မည်သို့ဖော်ပြမည်၊ လိင်မှုဆိုင်ရာပညာပေးရေး သင်ရိုး ညွှန်းတမ်းနှင့် နည်းစနစ်များမည်သို့ရေးဆွဲမည်တို့နှင့် စပ်လျဉ်း၍ ထည့်သွင်းစဉ်းစားရမည့် အရာများရှိပါသည်။

ဤလေ့လာမှုတွင်ပါဝင်သည့် လိင်မှုနှင့်မျိုးဆက်ပွားကျန်းမာရေး ကျွမ်းကျင်သူများက သတင်းအချက်အလက် ပိုမိုရရှိစေခြင်းဖြင့် လိင်အကြောင်းဆွေးနွေးရာတွင် ယဉ်ကျေးမှုအတားအဆီးများကို ချိုးဖျက် နိုင်သည်ဟု ဆိုပါသည်။ ၎င်းတို့၏ ပြောကြားချက်များအရ အသိအမြင်ပို မိုမြင့်မားလာသည်နှင့်အမျှ အမျိုးသား၊ အမျိုးသမီးများနှင့် သက်ဆိုင်သည့် လိင်မှုနှင့် မျိုးဆက်ပွားကျန်းမာရေးကို ပိုမိုလက်ခံလာကြသည်ကို တွေ့ရှိရပါသည်။

HIVဆိုတာ အမျိုးသမီးတွေသာမက လူ့အဖွဲ့အစည်းတစ်ရပ်လုံးမှာ ထုတ်မပြောချင်တဲ့ကိစ္စ ဖြစ်နေတုန်းပဲ။ လူတွေကြားမှာ အဲဒီလို ထုတ်မပြောချင်တာလျော့သွားမှ လူတွေက ဒီအကြောင်းပိုပြီးသိချင်လာမယ်၊ ပြီးတော့ သတင်းအချက်အလက်ရဖို့ ကျွန်မတို့ဆီကို ပိုပြီးလာကြမယ်။ မျိုးဆက်ပွား ကျန်းမာရေးကိစ္စတွေမှာလည်း အတူတူပဲ။ မျိုးဆက်ပွား ကျန်းမာရေးပညာပေးတဲ့ အဖွဲ့အစည်းတွေ ပိုများလာလေလေ၊ ဒီဝန်ဆောင်မှုတွေအကြောင်း လူတွေပိုသိလာမယ်၊ ကျွန်မတို့ဆီ ပိုလာကြမယ်။ ကျွန်မတို့အဖွဲ့အစည်းမှာလာပြီး ဆွေးနွေးတဲ့သူ အရေအတွက် ပိုများလာတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခုချိန်မှာ ဒီ ကျန်းမာရေး ပြဿနာတွေအကြောင်းကို လူတွေကပိုသိလာကြတယ်၊ လက်လည်းလက်ခံလာကြတယ်။ တချို့အရိုးစွဲနေတဲ့ လူတွေရဲ့ တစ်ဦးချင်းအမြင်တွေကတော့ မပြောင်းသေးဘူးပေါ့။ တချို့မိသားစုတွေမှာ ယောက်ျားကသဘောတူမှလုပ်လို့ရတဲ့ ကိစ္စတွေရှိတယ်၊ ပြီးတော့ တချို့သီးခြားကိစ္စတွေကို အမျိုးသမီးတွေနဲ့ပဲဆိုင်တယ်လို့ ခုထိ ယူဆထားကြတယ်။ မျိုးဆက်ပွား ကျန်းမာရေးဝန်ဆောင်မှုတွေကို လူတွေကပိုပြီး ပွင့်ပွင့်လင်းလင်းလက်ခံလာတဲ့ သဘောထားတွေ ရှိလာပါပြီ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ လိင်မှုနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ရောဝတီတိုင်းဒေသကြီးတွင် ပိုမိုပွင့်လင်းလာသည့် အလားအလာ တွေ့ရှိရပြီး၊ လေ့လာမှုတွင် ပါဝင်သူများအကြား လိင်မှုဆိုင်ရာ ပညာပေးရေးသည် သမားရိုးကျအကြောင်းအရာ ပို၍ဖြစ်လာပါသည်။ နာဂစ်မုန်တိုင်းကာလအတွင်း ကျန်းမာရေးဆိုင်ရာ NGO များ၏ ကောင်းကျိုးများအကြောင်း ဒေသခံအများအပြားက ပြောပြကြပါသည်။ NGO များထံမှရရှိသည့် ကျန်းမာရေး ဗဟုသုတများအရ မျိုးဆက်ခြားကျန်းမာရေးစီမံချက်လည်း သိသိသာသာ တိုးတက်လာပါသည်။ ၎င်းတို့၏ စီးပွားရေးအခြေအနေအရ လိုချင်သည့် မိသားစုအရွယ်အစားကို ကိုယ်တိုင်သဘောပေါက်၍ ရွေးချယ်နိုင်ကြောင်း လေ့လာမှုတွင် ပါဝင်သူများကပြောပြကြပါသည်။

ဒါ ရှက်စရာကိစ္စမဟုတ်ဘူးလို့ ကျွန်တော်ထင်တယ်။ ပညာပေးတဲ့သူတွေ မရှက်သလို ကျွန်တော်တို့နားထောင်သူတွေလည်း ရှက်စရာမလိုပါဘူး။ (ကျန်းမာရေးNGO)တစ်ဖွဲ့က နာဂစ်မုန်တိုင်းအပြီးမှာ ကျွန်တော်တို့ ရွာကိုလာပြီး သုံးလတစ်ကြိမ် မျိုးဆက်ပွားကျန်းမာရေးအကြောင်း ပညာပေးဆွေးနွေးပွဲတွေလုပ်တယ်။ ခုဆိုရင် ရွာသူရွာသားတွေက အသားကျနေပါပြီ။ ဆယ်ကျော်သက်တွေကို လိင်မှုဆိုင်ရာကိစ္စတွေစပြီး ပညာပေးသင့်တယ်လို့ ကျွန်တော်ထင်တယ်။ သူတို့က အသစ်တွေကို လေ့လာချင်တယ်၊ စမ်းသပ်ချင်တယ်၊ ချစ်သူရည်းစားထားချင်တယ်၊ အရက် သောက်ချင်တယ် စသဖြင့်ပေါ့။ ဒါကြောင့် သူတို့ကိုလည်း ကျွန်တော်တို့ အာရုံစိုက်သင့်ပါတယ်။

(ဘိုကလေးမြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်အရွယ် ဗမာ၊ ဗုဒ္ဓဘာသာဝင်အမျိုးသားများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

၁၁.၃ ရာသီသွေးဆင်းခြင်းကို ညစ်ညမ်းသည်ဟု ရှုမြင်ခြင်း

ဓမ္မတာလာခြင်းကိုညစ်ညမ်း၍ ရှက်စရာကောင်းပြီး မင်္ဂလာမရှိသည့်အရာ အဖြစ် သတ်မှတ်သောစံနှုန်းများသည် နိုင်ငံတစ်ဝန်းတွင် ပျံ့နှံ့လွှမ်းမိုး နေပါသည်။ ဓမ္မတာလာချိန်တွင် အစားအသောက်နှင့် တစ်ကိုယ်ရေ သန့်ရှင်းမှုဆိုင်ရာ အလေ့အထများပြောင်းလဲရန်နှင့် လိင်ဆက်ဆံမှုကို ရှောင်ကြဉ်ရန်အပါအဝင် ဓမ္မတာလာခြင်းနှင့်စပ်လျဉ်းသည့် အယူအဆ အမှားများစွာရှိပါသည်။ ဤအယူအဆများသည် အမျိုးသမီးများ၏ အပြုအမူကို ကန့်သတ်ထိန်းချုပ်သည့် တားမြစ်ချက်များနှင့် အခြေအမြစ် မရှိသော အစွဲအလမ်းများနှင့်အတူ ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့နေပါသည်။ အမျိုးသမီးများဓမ္မတာလာချိန်တွင် ကန့်သတ်ထားသည့် အချို့သော လူမှုရေးတားမြစ်ချက်များရှိပါသည်။ အမျိုးသမီးများသည်လိင်အရ ရာသီသွေးဆင်း၍ ဤသည်က ၎င်းတို့အားညစ်ညမ်းစေပြီး အမျိုးသားများ နှင့် နှိုင်းယှဉ်လျှင် နိမ့်ကျသည်ဆိုသည့် အကြောင်းပြချက်ဖြင့် အမျိုးသမီးများ၏ ဘဝတစ်လျှောက်လုံးတွင် အခြားလူမှုရေးနှင့် ယဉ်ကျေးမှု အလေ့အထများဖြစ်သည့် ဘာသာရေးဆိုင်ရာနေရာများနှင့် လုပ်ဆောင်ချက်များတွင် ၎င်းတို့ကိုယေဘုယျအားဖြင့် ဖယ်ထုတ်ထားလေ့ ရှိပါသည် (အခန်း ၅ တွင် ကြည့်ပါ)။

ဓမ္မတာလာတဲ့အချိန်မှာ ကျွန်မတို့ ရေမကိုင်ရပါဘူး။ ရေကိုင်ရင် အမျိုးသမီးရောဂါတွေရနိုင်တယ်။ ကျွန်မတို့မိဘတွေက ကျွန်မတို့ကို ဒီအတိုင်းသွန်သင်ထားပါတယ်။

(မတူပီမြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ်၊ အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ဓမ္မတာလာခြင်းနှင့်စပ်လျဉ်းသည့် အယူအဆအမှားများသည် အမျိုးသားရော၊ အမျိုးသမီးများကြားတွင်ပါ ပျံ့နှံ့နေပါသည်။ ၎င်းအယူအဆ အမှားများအား မျိုးဆက်တစ်ခုမှတစ်ခုလက်ဆင့်ကမ်း ခံယူကျင့်သုံး ကြသည်ကို လူငယ်မျိုးဆက်များတွင်လည်း ထိုအယူအဆများရှိနေခြင်းက ပြသနေပါသည်။ ဓမ္မတာလာခြင်းနှင့်စပ်လျဉ်းသည့် တားမြစ်ချက်များနှင့် အယူအဆအမှားများကို ခန္ဓာကိုယ်၊ လိင်မှုဆိုင်ရာကိစ္စနှင့် မျိုးဆက်ပွားခြင်း အကြောင်းတို့ကို မပြောရဆိုသည့်တားမြစ်ချက်နှင့် ပေါင်းစပ်လိုက်သည့်အခါ ငယ်ငယ်ရွယ်ရွယ် အမျိုးသမီးများအနေဖြင့် အပျိုဖော်ဝင်သည့်အခါနှင့် အရွယ်ရောက်သည့်အခါတွင် ကြောက်ရွံ့ခြင်း၊ စိုးရိမ်ခြင်းနှင့် မလုံခြုံခြင်း တို့ကို ခံစားကြရပါသည်။

အပျိုဖော်ဝင်တာတို့၊ မျိုးဆက်ပွားကျန်းမာရေးဆိုတာတို့ကို သူတို့မသိ ကြဘူး။ ဆေးပညာနယ်ပယ်မှာရှိတာနဲ့ ကျွန်မတို့ပတ်ဝန်းကျင်ကနေ သိထားတာတွေက လုံးဝမတူဘူး။ မိန်းကလေးတွေ ဓမ္မတာလာတဲ့အခါ သူတို့ကို သင်ပေးထားတဲ့ လူမှုအလေ့အထတွေရှိတယ်။ ဥပမာအားဖြင့် ကော်ဖီမသောက်ရဘူး၊ လက်ဖက်သုပ်မစားရဘူး၊ ခေါင်းမလျှော်ရဘူး၊ ရေခဲမစားရဘူး။ ဘာကြောင့် ရာသီသွေးဆင်းသလဲဆိုတာရော၊ တစ်ကိုယ်ရေ သန့်ရှင်းမှုအတွက် ဘာလုပ်ရမယ်ဆိုတာရော သူတို့ မသိကြဘူး။ ဒီလို တားမြစ်ချက်တွေကို အမေတွေ၊ အစ်မတွေက သူတို့ကို သင်ပေးထားတယ်။ ‘ကော်ဖီသောက်ရင် ဓမ္မတာလာတာရပ်သွားမယ်’ လို့သူတို့ကို ပြောထားတယ်။ ဓမ္မတာလာနေတဲ့အချိန် ခေါင်းလျှော်ရင် သေတတ်တယ်လို့ ကျွန်မတို့ကို ပြောထားတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အရွယ်မရောက်သေးသည့် မိန်းကလေးများဆိုင်ရာ ကျွမ်းကျင်သူတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

အဲဒီအချိန်မှာလိင်ဆက်ဆံရင် ကိုယ်ဝန်ရနိုင်တယ်လို့ ကြားဖူးတယ်။ ပြီးတော့(အမျိုးသမီးတွေဟာ) ဓမ္မတာလာချိန်မှာ ခေါင်းပေါ်ရေလောင်းပြီး မချိုးရဘူးလို့လည်း ကြားဖူးတယ်။

(မင်းပြားမြို့နယ်မှ အသက် ၁၈ နှစ် ၂၅ နှစ်အရွယ်၊ ရခိုင် ဗုဒ္ဓဘာသာဝင် အမျိုးသားများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ရာသီသွေးဆင်းသည့် မိန်းကလေးများနှင့် အမျိုးသမီးများအတွက် တားမြစ်ချက်များသည် မည်သည့်ဒေသတွင်မဆို၊ မည်သည့် လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာတွင်မဆို ကွဲလွဲချက်အနည်းငယ်ရှိသည်မှလွဲ၍ အားလုံးအတူတူ ဖြစ်ပါသည်။ ဥပမာအားဖြင့် တနင်္သာရီတိုင်းဒေသကြီးတွင် ဓမ္မတာလာနေသော အမျိုးသမီးများအား ဘာသာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အချို့အစားအစာများစားခြင်း၊ သစ်ပင်တက်ခြင်းနှင့် ခေါင်းလျှော်ခြင်းတို့ကို တားမြစ်ထားသည်ဟုဆိုပါသည်။ ကရင်နှင့်မွန် ပြည်နယ်တို့တွင် ဓမ္မတာလာနေသောအမျိုးသမီးများအား ထိုကာလအတွင်း လူအများနှင့် ရောနှောနေခွင့်မပြုကြောင်း သိရပါသည်။ ရောဝတီနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဓမ္မတာလာနေသော အမျိုးသမီးများသည် သံဃာတော်များကို ဆွမ်းကပ်ခြင်းအပါအဝင် တားမြစ်ချက်အများအပြားကို လိုက်နာကြရပါသည်။ ဘာသာရေးအရ သန့်ရှင်းမှုကိုအဓိကထားသည့် မွတ်စလင်လူ့အဖွဲ့အစည်းများတွင် အမျိုးသမီးများအနေဖြင့် တစ်ကိုယ်ရေ သန့်ရှင်းမှုကို ကောင်းစွာထိန်းသိမ်းလိုခြင်းနှင့် ဓမ္မတာလာစဉ်ဆေးကြောခြင်း မပြုလုပ်ရသည့် ယဉ်ကျေးမှုဆိုင်ရာ တားမြစ်ချက်များကို စိုးရိမ်ကြောက်ရွံ့မှု တို့ကြား ချောင်ပိတ်မိနေသလိုခံစားရကြောင်း ဆွေးနွေးထားပါသည်။

လိင်မှုဆိုင်ရာပညာပေးရေးသည် လိင်မှုကိစ္စ သက်သက်မဟုတ်ဘဲ၊ ကျန်းမာရေး၊ ပါဝါ၊ အကြမ်းဖက်မှု၊ ဥပဒေ၊ လိင်မှုဆိုင်ရာဝိသေသလက္ခဏာများ၊ သင့်ကိုယ်သင်၊သင့်ပုံရိပ်၊ သင့်ဆက်ဆံရေး၊ သင့်ဆက်သွယ်ရေးနှင့် ဆုံးဖြတ်ချက်ချခြင်းတို့ကို သင်မြင်သည့်အမြင် ဖြစ်သည်။ သင့်ခန္ဓာကိုယ်အကြောင်းသိခြင်းသည် ယဉ်ကျေးမှုနှင့်မဆန့်ကျင်ပါ။

(ဒေါ်ထားထား၊ Michales 2014 မှ ကိုးကားသည်။)

ရှောက်သီး၊ ငှက်ပျောသီး၊ ဆီးသီး၊ အရွက်စိမ်းတွေမစားဖို့နဲ့ ဓမ္မတာလာတဲ့အချိန်မှာ ခေါင်းလျှော်တာ၊ ရေအေးကိုင်တာတွေမလုပ်ဖို့ ကျွန်မကို ပြောပြထားပါတယ်။ အမျိုးသမီးတစ်ယောက်ဆိုရင် ဓမ္မတာလာချိန်မှာ အလှပြင်ဆိုင်သွားပြီး ဆံပင်ဖြောင့်လို့သေသွားတယ်လို့ ကြားဖူးတယ်။ ဒါကြောင့် ဒီကမ္ဘာကြီးမှာ မိန်းမဖြစ်ရတာ အရမ်းကံဆိုးတယ်လို့ ထင်ပါတယ်။ ကျွန်မကတော့ဂရုမစိုက်ဘူး၊ ဒါကြောင့် ဓမ္မတာလာချိန်မှာ သန့်ရှင်းနေအောင် ရေအမြဲတမ်းချိုးတယ်။

(မင်္ဂလာတောင်ညွန့်မြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ်၊ မွတ်စလင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

အမျိုးသမီးလစဉ်သုံးပစ္စည်းကဲ့သို့သော ခေတ်ပေါ်ပစ္စည်းများပေါ်လာခြင်းကို အမျိုးသမီးများက အပြုသဘော ဆွေးနွေးကြပါသည်။ အမျိုးသမီးများက ထိုအကူပစ္စည်းများသည် ၎င်းတို့အား ပို၍သက်သောင့်သက်သာရှိစေရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းစေရန် အထောက်အကူဖြစ်စေသည်ဟုဆိုပါသည်။ သို့ရာတွင် အမျိုးသမီးလစဉ်သုံးပစ္စည်းများ ပိုမိုရရှိလာခြင်းသည် ဓမ္မတာလာမှုဆိုင်ရာ ကန့်သတ်ချက်စံနှုန်းများ လျော့ပါးလာစေရန် အထောက်အကူ ဖြစ်စေသည်လားဆိုသည်ကိုတော့ မွန်အမျိုးသမီးကြီးများ နှင့် စကားဝိုင်းတွင် ဥပမာပေးထားသကဲ့သို့ပင် ထင်ထင်ရှားရှားမတွေ့ရပါ။

အပြင်မထွက်ဖို့လိုတယ်။ လျှောက်သွားနေလို့ ဘယ်သင့်လျော်ပါ့မလဲ။ ဟိုတုန်းကဆိုရင် လုံချည်စအပြင် ဘာမှမရှိပေမယ့် ခုတော့လစဉ်သုံးပစ္စည်းတွေ ရှိနေပါပြီ။

(သံဖြူဇရပ်မြို့နယ်မှ အသက် ၄၀ နှစ်နှင့် အထက် မွန်၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အမျိုးသမီးလစဉ်သုံးပစ္စည်းများအပါအဝင် ဓမ္မတာလာခြင်းအကြောင်း ပွင့်လင်းစွာဆွေးနွေးခြင်းကို ယဉ်ကျေးမှုအရတားမြစ်ထားဆဲ ဖြစ်ကြောင်း အထင်အရှားတွေ့ရပါသည်။

သူတို့က အရှက်အကြောက်အရမ်းကြီးတော့ ပွင့်ပွင့်လင်းလင်း မပြောချင်ကြဘူး။ ဒီကိစ္စကို တခြားသူတွေနဲ့ ပြောရမှာတကယ် ရှက်တတ်ကြတယ်။ အမေတွေကိုယ်တိုင်တောင်မှ သူတို့သမီးတွေ ဓမ္မတာလာတာကိုမသိကြဘူး။ လစဉ်သုံးပစ္စည်းကို ဘယ်လိုသုံးရမယ်ဆိုတာ ရွယ်တူချင်းဆီကသိတာ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အရွယ်မရောက်သေးသည့် မိန်းကလေးများဆိုင်ရာ ကျွမ်းကျင်သူတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

နာမည်ကြီးစာရေးဆရာ 'ဆရာလူထုစိန်ဝင်း' အပါအဝင် အများစုက အမျိုးသမီးလစဉ်သုံးပစ္စည်းတွေကို တီဗွီမှာကြော်ငြာတာကို ဝေဖန်ကြတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ မဂ္ဂဇင်းအယ်ဒီတာတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

သူတို့ကဘာပြောလဲသိလား။ ကျွန်မတို့ ဓမ္မတာလာတာက ညစ်ညမ်းတယ်တဲ့။ ကလေးအတွက်ပြင်ထားတဲ့အခန်းမှာ ကျွန်မတို့ရဲ့အဝတ်တွေကို အိမ်နောက်ဖေးမှာ အိပ်ရာခင်းနဲ့ဖုံးပြီးလှန်းရတယ်၊ တခြားအမျိုးသားတွေ မမြင်အောင်လို့။ ဒါပေမဲ့ ကျွန်မတို့အစ်ကိုတွေ၊ မောင်တွေနဲ့ တူတွေရဲ့ အဝတ်တွေကိုကျတော့ အိမ်ရှေ့မှာလှန်းလို့ရတယ်။ ဘာကြောင့်မှန်းတော့ မသိဘူး။ ကျွန်မတို့ရဲ့ယဉ်ကျေးမှုအရ ကျွန်မတို့ခွဲခြားဆက်ဆံခံနေရတာကို မသိကြဘူး။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ မွန်၊ ဗမာ အမျိုးသမီးခေါင်းဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

၁၁.၄ ကိုယ်ဝန်ဆောင်ခြင်းနှင့် မီးဖွားခြင်းကို ရှက်စရာဟု ရှုမြင်ခြင်း

ကိုယ်ဝန်ဆောင်ခြင်းနှင့် မီးဖွားခြင်းဆိုင်ရာစံနှုန်းများသည် ဓမ္မတာလာခြင်းနှင့် စပ်လျဉ်းသည့်စံနှုန်းများနှင့် အတိုင်းအတာတစ်ခုအထိ အတူတူဖြစ်ပါသည်။ တစ်ဖက်တွင် အမျိုးသမီးများ၏ မျိုးဆက်ပွားတာဝန်ကို အားသာချက်အဖြစ် ဂုဏ်ယူကြသော်လည်း၊ (အမျိုးသားအဓိကဖြစ်သည့်) ထုတ်လုပ်မှုတာဝန်များနှင့် ဆန့်ကျင်ဘက်ဖြစ်သော မျိုးဆက်ပွားတာဝန် အပေါ် ထားသည့်တန်ဖိုးမှာ ပို၍နိမ့်ပါးသည်ကို အထင်အရှားတွေ့ရပါသည်။ ထို့အပြင် အမျိုးသားများ၏ 'ဘုန်း'ကို ထိန်းသိမ်းရန် အမျိုးသားနှင့် အမျိုးသမီးတို့၏ လုပ်ဆောင်ချက်များနှင့် နေရာများအား ခွဲခြားထားသည်ကို ကလေးမွေးဖွားခြင်းနှင့် စပ်လျဉ်း၍လည်းတွေ့ရပါသည်။ ဤသို့ နေရာခွဲခြားထားခြင်းကို မိဘများဖြစ်လာမည့် ဇနီးမောင်နှံများအတွက် ဆုံးရှုံးမှုနှင့် ခင်ပွန်းအနေဖြင့် ဇနီးကိုကူညီပံ့ပိုးရန်နှင့် မိမိရင်သွေးကိုဆက်သွယ်ရန် အတွက် အခွင့်အရေးဆုံးရှုံးမှုအဖြစ် ပါဝင်သူအချို့က ယူဆကြပါသည်။

တချို့ရွာတွေမှာ မီးဖွားပြီး ၄၅ရက်ကြာတဲ့အထိ ယောက်ျားကို မီးနေခန်းထဲ ပေးမဝင်တဲ့ ရိုးရာဓလေ့တွေကို ကျင့်သုံးနေကြတုန်းပဲ။ မီးဖွားတဲ့အချိန် အမျိုးသမီး စိတ်အားငယ်နေတဲ့အချိန်မှာ မီးနေခန်းထဲကို သူ့ယောက်ျားက မဝင်ရဘူးဆိုတာ ဆိုးပါတယ်။ မီးနေခန်းထဲဝင်ရင် အမျိုးသားတွေ ဘုန်းနိမ့်တယ်လို့ လူတွေကထင်နေကြတယ်။ မီးဖွားပြီး ၄၅ ရက်ကြာမှ အခန်းကို ဆပ်ပြာတွေ၊ ခေါင်းလျှော်ရည်တွေနဲ့ ဆေးကြောသန့်စင်ပြီးမှ အမျိုးသားက ဝင်ခွင့်ရတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ရှမ်းအမျိုးသမီးခေါင်းဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ကလေးမွေးတာမင်္ဂလာရှိတယ်လို့ ကျွန်မထင်တယ်။ ပြီးတော့ ဒါက သူ့ကလေးပဲ။ ဒါကြောင့်သာ အမျိုးသားတွေဘုန်းနိမ့်တယ်ဆိုရင် ဟိုတုန်းကတည်းက ဘုန်းနိမ့်ပြီးသား။ ဒီလိုအချိန်မှာ အမျိုးသမီး တစ်ယောက်အနေနဲ့ ဘယ်လောက်စိတ်အားငယ်နေမလဲ စဉ်းစားကြည့်စမ်းပါ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ကယန်းအမျိုးသမီးခေါင်းဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

အသုဘပို့ခွင့်မပြုခြင်းကဲ့သို့သော ကိုယ်ဝန်ဆောင်ခြင်းနှင့် မီးဖွားခြင်း ဆိုင်ရာ ယဉ်ကျေးမှုအလေ့အထများနှင့် အယူသီးမှုများရှိကြောင်းကိုလည်း လေ့လာခဲ့သည့် နေရာဒေသအသီးသီးမှ လူကြီးလူငယ်အားလုံးက ပြောပြကြပါသည်။ ကိုယ်ဝန်ဆောင်စဉ် အလေးအပင် မမရခြင်းစသည့် ကန့်သတ်ချက်အချို့သည် မိခင်နှင့်ကလေးကျန်းမာရေးကို ကာကွယ်စောင့်ရှောက်သည့် အယူအဆအပေါ် ရှင်းရှင်းလင်းလင်းအခြေခံပါသည်။ အခြား ကန့်သတ်ချက်များသည် ကိုယ်ဝန်ကို အောင်မြင်စွာမွေးဖွားရန် အမျိုးသမီးများ၏တာဝန်ဖြစ်သည်ဟု သတ်မှတ်ပြီး၊ တစ်စုံတစ်ခု မှားယွင်းခဲ့လျှင်လည်း အမျိုးသမီးများအပေါ်သာ အပြစ်ပုံချရန်ဖြစ်ပါသည်။

အမျိုးသမီးတွေ ကိုယ်ဝန်ရှိတဲ့အခါ ကျီးသားမစားရဘူး။ အသုဘမပို့ရဘူး။ ဒါတွေက ကန့်သတ်ချက်တွေပါပဲ။

(ဒီမောဆိုမြို့နယ်မှ အသက် ၂၅ နှစ်မှ ၄၀ နှစ်အရွယ် ကယန်း၊တံခွန်တိုင်အမျိုးသားများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

> ကိုယ်ဝန်ဆောင်အမျိုးသမီးဆိုတာ နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့နဲ့ဂရုစိုက်ပြီး နေရတယ်၊ ပြီးတော့ မီးဖွားရင်လွယ်ကူအောင် အသားမစားရဘူး။ ပြီးတော့ မွေးလာမယ့်ကလေးက ရုပ်ချောအောင်၊ မွေးရာပါ ချို့ယွင်းချက်တွေ ပါမလာအောင် ဗုဒ္ဓရဲ့အဆုံးအမတွေကို အမြဲနှလုံးသွင်း ထားရမယ်။
>
> (ဘိုကလေးမြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ် ဗမာ၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

> ကိုယ်ဝန်ဆောင် အမျိုးသမီးတွေက ခပ်စောစောရေချိုးရမယ်။ မဟုတ်ရင် ကျန်းမာရေး ပိုဆိုးလိမ့်မယ်။ ပုံမှန်ရေချိုးရင် အချင်းကပ်ပြီး မီးဖွားတဲ့အခါ အခက်အခဲနဲ့ ကြုံရနိုင်ပါတယ်။
>
> (မုံရွာမြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် ဗမာ၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

၁၁.၅ လိင်မှုနှင့် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်း

သားဆက်ခြားကျန်းမာရေးနှင့် သန္ဓေတားဆေးအသုံးပြုခြင်း ဆုံးဖြတ်ချက်များတွင် အမျိုးသမီးများ၏မျိုးဆက်ပွားစွမ်းရည်ကို မြင့်မြင့်မားမား တန်ဖိုးထားသည့်စံနှုန်းနှင့် အမျိုးသားအိမ်ထောင်ဦးစီးက အဓိက ဆုံးဖြတ်ချက်ပေးသူဆိုင်ရာ စံနှုန်းတို့ ပေါင်းစည်းသွားပါသည်။ ရပ်ရွာဒေသ အသီးသီးတွင် သားဆက်ခြားကျန်းမာရေးအပေါ် အမျိုးသားနှင့် အမျိုးသမီးများကြား မတူကွဲလွဲသည့် သဘောထားအမြင်များ ရှိကြပါသည်။ လေ့လာမှုတွင်ပါဝင်သူ အမျိုးသမီးများက သားဆက်ခြား ကျန်းမာရေးနည်းလမ်းများ အမျိုးမျိုး အသုံးပြုခြင်းကို အပြုသဘောဆွေးနွေးကြသော်လည်း ထိုသို့ သားဆက်ခြား ကျန်းမာရေးနည်းလမ်းများ အသုံးပြုသည့်အပေါ် ၎င်းတို့၏ခင်ပွန်းသည်များက စိုးရိမ်ကြသည် သို့မဟုတ် မနှစ်မြို့ကြသည်များလည်း ရှိသည်ဟုဆိုပါသည်။

> တချို့တွေက သားအိမ်ထဲကို သန္ဓေတားပစ္စည်းထည့်ချင်ပေမယ့် သူတို့ ခင်ပွန်းတွေကမကြိုက်ကြဘူး။ သန္ဓေတားဖို့ဆုံးဖြတ်ရင် ခင်ပွန်းတွေ၊ ယောက္ခမတွေက အမြဲဝင်ပါတယ်။ များသောအားဖြင့် ကျွန်မတို့ဆီ ရောက်လာတဲ့ အမျိုးသမီးတွေကသားအိမ်ထဲကို သန္ဓေတားပစ္စည်း ထည့်ချင်ပေမယ့် ကျန်တဲ့မိသားစုဝင်တွေက လက်မခံကြဘူး။ တစ်ခါတလေဆိုရင် တခြားမိသားစုဝင်တွေ မသိအောင်လုပ်ရတယ်။ ဒီကိစ္စမှာ အမျိုးသားတွေကထောက်ခံတာ အရမ်းနည်းပါတယ်။ တချို့အမျိုးသမီးတွေဆို သန္ဓေတားတာကို ယောက်ျားမသိအောင် လုပ်ကြရတယ်။ သူတို့ယောက်ျားတွေတွေ့ရင် ပြဿနာဖြစ်မှာစိုးလို့ ဆေးမှတ်တမ်းစာအုပ်ကိုတောင်မှ ဆေးခန်းမှာပဲထားတယ်။ တချို့ အမျိုးသမီးတွေကျတော့ တားဆေးသောက်ကြတယ်။ ကလေးမွေးရတာ ဘယ်လောက်ခက်ခဲတယ်ဆိုတာ အမျိုးသမီးတွေပဲနားလည်တယ်။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ ကျေးရွာကျန်းမာရေးလုပ်သားတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

မိသားစုဝင်များ၏ စားရေးသောက်ရေးနှင့် ကျန်းမာရေးကိစ္စများတွင် အမျိုးသမီးများက အဓိကတာဝန်ရှိသည်ဟု ကျယ်ကျယ်ပြန့်ပြန့် ယူဆ ထားကြသော်လည်း၊ ၎င်းတို့တွင် ထိုရလဒ်များကို အာမခံနိုင်သည့် ဆုံးဖြတ်ချက် ချပိုင်ခွင့်အမြဲတစေမရှိပါ။ ကချင်ပြည်နယ်မှလေ့လာမှုတွင် ပါဝင်သူများက သားဆက်ခြားကျန်းမာရေးသည် အမျိုးသမီးများ၏ တာဝန် ဖြစ်သော်လည်း သဘောမတူခြင်းနှင့် အိမ်ထောင်ရေးဖောက်ပြန်သည်ဟု စွပ်စွဲခံရခြင်းတို့ အလွယ်တကူဖြစ်စေနိုင်သည်ဟု ဆိုပါသည်။

> ယောက်ျားတွေက ကျွန်မတို့ ကလေးဘယ်နှယောက်မွေးမွေး ဂရုစိုက်တာ မဟုတ်တဲ့အတွက် သန္ဓေတားတာကို ကိုယ့်ဘာသာကိုယ်လုပ်ကြရတယ်။ သားသမီးဆိုတာ ဘုရားသခင်ပေးတဲ့ကောင်းချီးဖြစ်လို့ အရင်တုန်းကတော့ ကလေး ဘယ်လောက်များများ ယူပါတယ်။ ခုတော့ မိသားစုရဲ့ဝင်ငွေအရ ကလေး ဘယ်နှစ်ယောက်ယူမယ်ဆိုတာ စဉ်းစားရတယ်။
>
> (မြစ်ကြီးနားမြို့နယ်မှအသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ် ကချင်၊ခရစ်ယာန်အမျိုးသမီးများ နှင့် ဦးတည်အုပ်စု ဆွေးနွေးမှု

> (သားဆက်ခြား ကျန်းမာရေးနဲ့ပတ်သက်တဲ့) ဒီလို ဆုံးဖြတ်ချက်တွေကြောင့် အမျိုးသမီးတွေကို အကျင့်ပျက်တယ်လို့ စွပ်စွဲခံရနိုင်ပါတယ်။မိသားစု တစ်စုမှာ အပြင်မှာပိုက်ဆံရှာတဲ့ အမျိုးသားနဲ့ နှိုင်းယှဉ်ရင် အမျိုးသမီးတွေ လုပ်ရတာတွေ အများကြီး ရှိတယ်။ ပြီးတော့ အမျိုးသမီးတွေက သန္ဓေ တားဖို့ တိုင်ပင်ရင် အမျိုးသားတွေက သန္ဓေတားတဲ့ဆုံးဖြတ်ချက် တွေကို သဘောမတူကြဘူး။
>
> (မြစ်ကြီးနားမြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ် ကချင်၊ ခရစ်ယာန် အမျိုးသမီးများနှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ရှမ်းနှင့် ရခိုင်ပြည်နယ်တို့မှလေ့လာမှုတွင် ပါဝင်သူများကလည်း သန္ဓေ တားဆေး အသုံးပြုခြင်းကို မိသားစုက သဘောမတူကြကြောင်းပြောကြ ပါသည်။ အမျိုးသမီးအနေဖြင့် မိသားစုအတွင်း ပဋိပက္ခကို ရှောင်လွှဲရန် ခင်ပွန်းမသိအောင် သန္ဓေတားဆေးသုံးရကြောင်း သိရှိရပါသည်။ စံနှုန်း များအရ အမျိုးသမီးများ၏ အဓိကတာဝန်သည် ကလေးများများ မွေးဖွားခြင်းသာ ဖြစ်ပြီး၊ ၎င်းတို့အား မျိုးဆက်ပွားပေးသူများအဖြစ် သဘောထားသည့် အခြေအနေကို ဤဆွေးနွေးချက်များက ဖော်ပြနေ ပါသည်။ မိမိတို့၏ ခန္ဓာကိုယ်ကို အမျိုးသမီးများကိုယ်တိုင် ထိန်းချုပ်ခွင့် မရှိခြင်းကိုလည်း မီးမောင်းထိုးပြထားပါသည်။

> ကလေးမွေးတာနဲ့ပတ်သက်ပြီး ကျွန်တော်တို့မှာ ကြိုတင်စီစဉ်ထားတာ မရှိပါဘူး။ သွေးမဆုံးခင်အထိ ကလေးမွေးလို့ရပါတယ်။ အရင်က အမျိုးသမီးတွေဟာ အသက်၄၀အရွယ်မှာသွေးဆုံးတယ်၊ ခုတော့ အသက် ၅၀လောက်မှ သွေးဆုံးတယ်။ အမျိုးသမီးတွေသားကြောဖြတ်တာ ကျွန်တော်မကြိုက်ဘူး။ ကလေးမွေးတာဟာ အမျိုးသမီးတစ်ယောက်ရဲ့ တာဝန်ပဲ။ ကျွန်တော်တို့ဆီရောက်လာမယ့် ကလေးတွေကို မတားဆီးရဘူး။ ခုခေတ်မှာ အိမ်ထောင်သည်အများစုက ကလေး နှစ်ယောက်၊ သုံးယောက်လောက်ပဲယူကြတယ်။ ဒါပေမဲ့ အမျိုးသမီးက သားကြောဖြတ်ပြီးရင် ကလေးထပ်မရနိုင်တော့ပါဘူး။ အမျိုးသမီး တချို့က သားအိမ်ကိုပြင်ကြတယ်၊ ကလေးမရအောင်လို့၊ နောက်တော့ ယောက်ျားသိသွားတဲ့အခါ ပြဿနာတက်ကြတယ်။ သားသမီးတွေဆိုတာရှိရမယ်၊ မိဘတွေစကားများတဲ့အခါ ကလေး မျက်နှာကို တစ်ချက်ကြည့်လိုက်တာနဲ့ ရပ်သွားနိုင်တယ်။ ပြီးတော့ လင်မယားကွဲတဲ့နှုန်းလည်း လျော့သွားနိုင်တယ်။ ဗုဒ္ဓဘုရားရှင်ခေတ်က သံဃာတော်တွေဟာ ကလေးမရှိတဲ့အိမ်ကိုမကြွဘူးလို့ ကြားဖူးတယ်။
>
> (ကလောမြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် ဓနု၊ ဗုဒ္ဓဘာသာဝင်အမျိုးသားများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

လိင်မှုနှင့် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများရရှိရေး ဆုံးဖြတ်ချက်များချမှတ်ရာတွင် လိင်လုပ်သားများသည် အထူးသဖြင့် ဘေးအန္တရာယ်ကျရောက်လွယ်သူများ ဖြစ်ပါသည်။ အဓိကဆုံးဖြတ်ချက်ချသူများဖြစ်သည့် ပြည့်တန်ဆာခေါင်းများ၏ ထိန်းချုပ်မှုအောက်တွင် လိင်လုပ်သားများအတွက် ဤသည်ကပြဿနာဖြစ်ပါသည်။

ကျွန်မတို့ဆီကိုလာတဲ့ လိင်လုပ်သားတွေဆိုရင် အရမ်းခွဲခြားဆက်ဆံခံကြရတယ်။ တခြားလာတဲ့သူတွေနဲ့ တစ်ချိန်တည်းမှာ သူတို့ရောက်လာတဲ့အခါ တခြားလူတွေက သူတို့ကိုအထင်အမြင်သေးတဲ့၊ မလိုလားတဲ့ အမူအရာတွေလုပ်ကြတယ်။ လိင်လုပ်သားတွေအနေနဲ့ သူတို့ရဲ့ ပြည့်တန်ဆာခေါင်း ဒါမှမဟုတ် ဆောင်ကြာမြိုင်ပိုင်ရှင်က ခွင့်ပြုမှ ကျွန်မတို့ဆီလာလို့ရတယ်။ လမ်းပေါ်မှာကျက်စားတဲ့ ဒါမှမဟုတ် အလွတ်လုပ်စားတဲ့ လိင်လုပ်သားတွေကလွဲလို့ပေါ့။ သူတို့ကို အထင်အမြင်သေးကြတဲ့ အကြောင်းနှစ်ချက် ရှိတယ်၊ အမျိုးသမီး ဖြစ်နေတာရယ်၊ လိင်လုပ်သား ဖြစ်နေတာရယ်ကြောင့်ပဲ။ ဒီ့အပြင် သူတို့ရဲ့ အလုပ်သဘာဝအရ တခြားလူရဲ့လွှမ်းမိုးထိန်းချုပ်ခံထားရတော့ ကျန်းမာရေး ဗဟုသုတရချင်ရင်တောင်မှ လွတ်လွတ်လပ်လပ် သွားလို့လာလို့မရဘူး။ ဒါကသူတို့လုပ်ငန်းအတွက်အကျိုးမရှိတော့ ပြည့်တန်ဆာခေါင်းတွေ၊ အလုပ်ရှင်တွေက သူတို့ကို ကျွန်မတို့ဆီလာခွင့်မပေးဘူး။
(အဓိက သတင်းအချက်အလက်ပေးနိုင်သူ လိင်မှုနှင့်မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ကျား၊ မ ရေးရာ စံနှုန်းများကို ပြန်လည်ဖော်ထုတ်ခြင်းတွင် ကျန်းမာရေး စောင့်ရှောက်မှုပေးသူများ၏ အခန်းကဏ္ဍကို လေ့လာမှုတွင် ပါဝင်သူများ၏ ဆွေးနွေးချက်များက မီးမောင်းထိုးပြထားပါသည်။ ကျန်းမာရေး စောင့်ရှောက်မှုပေးသူများ ကိုယ်တိုင်က အမျိုးသမီးများ၏ကျန်းမာရေး ဝန်ဆောင်မှုများ ရရှိခွင့်အပေါ် တားမြစ်ထားသည့်စံနှုန်း အများအပြားကို လက်ဆင့်ကမ်း ကျင့်သုံးကြပါသည်။ သို့ဖြစ်၍ ၎င်းတို့၏သဘောထား အမြင်များနှင့် လုပ်ရပ်များ သည် အမျိုးသမီးများ၏ ခန္ဓာကိုယ်ဆိုင်ရာ ကိုယ်ပိုင်ဆုံးဖြတ်ချက်များ ချမှတ်ခြင်းကို အတားအဆီးဖြစ်စေနိုင်ပါသည်။

တချို့နေရာတွေမှာ အမျိုးသမီးတစ်ဦးဟာ ဘယ်လိုပဲဖြစ်ဖြစ် ကလေး မွေးရမယ်လို့ ဝန်ဆောင်မှုပေးသူတွေက ယူဆကြတယ်။ ဝန်ဆောင်မှုပေးသူ တချို့ကသန္ဓေတားတာကို မကြိုက်ကြဘူး။ တချို့ဆိုရင် အမျိုးသမီးတွေကို မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုအတွက် ခင်ပွန်းတွေရဲ့ ခွင့်ပြုချက် ပါရမယ်လို့ ပြောတာရှိတယ်။ တချို့နေရာတွေမှာ ကလေးယူဖို့၊ မယူဖို့ ကိစ္စမှာ ခင်ပွန်းတင်မကဘူး၊ ယောက္ခမတွေရဲ့ ဆုံးဖြတ်ချက်တွေ၊ လွှမ်းမိုးမှုတွေ ရှိတယ်။ ဒီလို လူမှုရေးစံနှုန်းတွေက အမျိုးသမီးတွေ မျိုးဆက်ပွား ကျန်းမာရေးဝန်ဆောင်မှု ယူ၊ မယူ ဆုံးဖြတ်တဲ့အပေါ်မှာ သက်ရောက်မှုရှိတယ်။
(အဓိက သတင်းအချက်အလက်ပေးနိုင်သူ လိင်မှုနှင့်မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

မိသားစုဝင်များ၊ အထူးသဖြင့် သားသမီးများ၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဆုံးဖြတ်ချက်များတွင် ၎င်းတို့၏ ကျန်းမာရေး ကောင်းမွန်စေရန်အတွက် အမျိုးသမီးများတွင် တာဝန်ရှိသည်ဟု ယူဆကြပါသည်။ တစ်ချိန်တည်းမှာပင် အမျိုးသမီးများသည် အဆုံးသတ်ဆုံးဖြတ်နိုင်သူများ မဟုတ်ပါ။ အထူးသဖြင့် ငွေကုန်ကြေးကျများသည့် ကျန်းမာရေးဆိုင်ရာ ဆုံးဖြတ်ချက်များတွင် ဖြစ်ပါသည်။

ကျန်းမာရေးနဲ့ဆိုင်တဲ့ ဆုံးဖြတ်ချက်တွေချတဲ့အခါ မိခင်မှာတာဝန်ရှိတယ်၊ ပြီးတော့ မိသားစုဝင်တွေ မကျန်းမာရင် အပြစ်တင်ခံရတယ်။ ကလေးတွေ နေမကောင်းရင်ကျွန်မအပြစ်ပဲ၊ ကျွန်မကိုဆေးဝယ်ခိုင်းတယ်။ ယောက်ျားက ကျွန်မကိုခဏခဏ အပြစ်ပြောနေတော့ ကျွန်မ စိတ်မကောင်းဘူး။
(ဒီမောဆိုမြို့နယ် မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ် ကယန်း၊ တံခွန်တိုင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

မိသားစုထဲမှာရှိတဲ့ ယဉ်ကျေးမှုအလေ့အထတွေနဲ့စံနှုန်းတွေကြောင့်လည်း ကျား၊ မ တန်းတူညီမျှမှုမရှိတာက ကျန်းမာရေးမှာ အများကြီးဆိုးကျိုး ဖြစ်စေတယ်လို့ ကျွန်မထင်ပါတယ်။ ကလေးနေမကောင်းရင် အမေက ပြုစုရတယ်၊ အမေကပဲ ရောဂါလက္ခဏာတွေအကြောင်း လေ့လာရတယ်။ အမေကဆရာဝန်ကိုမေးရတယ်၊ မိတ်ဆွေတွေကိုမေးရတယ်၊ ရောဂါ လက္ခဏာတွေက ဘာတွေလဲဆိုတာ သိပြီဆိုတဲ့အခါ ကလေးကို ဆေးရုံတင်ရတော့မယ်။ အဲဒီမှာသူဆုံးဖြတ်ရတယ်။ ဒါပေမဲ့ သူမဆုံးဖြတ် နိုင်ဘူး။ အရေးတကြီးဆေးရုံတင်ရတော့မယ်ဆိုတဲ့အချိန်မှာ ပိုက်ဆံ ဘယ်လောက်ကုန်မလဲ၊ ဘယ်ဆေးရုံကအသင့်လျော်ဆုံးဖြစ်မလဲ။ သူ့မှာ ဆုံးဖြတ်နိုင်တဲ့ပါဝါမရှိဘူး၊ ယောက်ျားကိုပဲ အားကိုးရတယ်၊ အထူးသဖြင့် ရွာတွေမှာပေါ့။
(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီးခေါင်းဆောင် ၄ နှင့် တွေ့ဆုံမေးမြန်းခြင်း)

တွေ့ရှိချက်များ၏ ရိုက်ခတ်မှု

ကျား၊ မ စံနှုန်းများသည် အမျိုးသမီးများ၏ကျန်းမာရေးကိစ္စများကို မျိုးဆက်ပွားခြင်းနှင့် တန်းတူထားလေ့ရှိပါသည်။ သို့တိုင်အောင် အပျိုစင် ဖြစ်ခြင်း၊ ခန္ဓာကိုယ်ပိုင်း ဆုံးဖြတ်ချက်ချခြင်းဆိုင်ရာ စံနှုန်းများနှင့် ဖို၊ မ သဘာဝကို လက်ထပ်ထိမ်းမြားခြင်းနှင့်ချိတ်ဆက်သည့် စံနှုန်း များကြောင့် လိင်မှုနှင့် မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးများ ရရှိခံစားနိုင်ရေးတွင် အားနည်းချက်များရှိနေပါသည်။ ရပိုင်ခွင့်ဆိုင်ရာ ပြဿနာများအပြင် စံနှုန်းများနှင့်ဆက်စပ်နေသည့် သတင်းအချက် အလက်များတွင်ပါဝင်သော အကြောင်းအရာဆိုင်ရာ ပြဿနာများလည်း ရှိနေပါသည်။ ဆိုလိုသည်မှာ ရောဂါထိန်းချုပ်ရန် ရည်ရွယ်ချက်ဖြင့် HIV ကာကွယ်တားဆီးရေးတွင် ယဉ်ကျေးမှုအတားအဆီးများကို ချိုးဖျက်နိုင်ခဲ့သော်လည်း အခြေခံ လိင်မှုဆိုင်ရာပညာပေးရေးအတွက် အလားတူ ထိုးဖောက်မှုများမလုပ်နိုင်ခဲ့ပါ။ ၎င်းတို့၏ ခန္ဓာကိုယ်အကြောင်း လေ့လာရန် နှင့် လိင်မှုနှင့်မျိုးဆက်ပွားဘဝဆိုင်ရာများတွင် သိရှိနားလည်၍ ဆုံးဖြတ်နိုင်ရန်အတွက် အမျိုးသမီးများတွင် အခွင့်အလမ်းမရှိသလောက် နည်းပါးနေဆဲ ဖြစ်ပါသည်။ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး အမျိုးသား အဆင့် မဟာဗျူဟာလုပ်ငန်းစဉ် ၂၀၁၃-၂၀၂၂ (NSPAW)တွင် လိင်မှုနှင့် မျိုးဆက်ပွားကျန်းမာရေး အပါအဝင် အမျိုးသမီးနှင့် မိန်းကလေးများ၏ အရည်အသွေး ပြည့်မီ၍ စရိတ်ကျဉ်းသော ကျန်းမာရေး စောင့်ရှောက်မှု ရပိုင်ခွင့်များ ရရှိစေရန်အတွက် သုတေသန၊ မူဝါဒ၊ အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့်အသုံးစရိတ်တို့သည် အလွန်အရေးပါကြောင်း အလေးပေး ဖော်ပြထားပါသည်။ ကျန်းမာရေးမူဝါဒများနှင့် စီမံချက်များအားလုံးအပြင် အရေးပါသည့် လူမှုပံ့ပိုးသွင်းပေးသူများဖြစ်သော ကျန်းမာရေးဝန်ထမ်းများနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် ကျား၊ မရေးရာကို ပေါင်းစပ်ထည့်သွင်းခြင်း သည် အမျိုးသမီးများ၏ ကျန်းမာရေးလိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် မရှိမဖြစ်လိုအပ်ပါသည်။[၅၉]

၅၉။ အသေးစိတ် အကြံပြုတိုက်တွန်းချက်များကို အခန်း ၁၇ တွင် တွေ့နိုင်ပါသည်။

လူပျို၊ အပျိုဖော်ဝင်တဲ့အရွယ်ရောက်လာရင် ဇီဝသဘောအရ ခန္ဓာကိုယ်က လိင်နဲ့ဆိုင်တဲ့ဟော်မုန်းတွေ ထုတ်ပေးတယ်။ ကိုယ့်ကိုယ်ကိုမထိန်းနိုင်ရင်တော့ ဟော်မုန်းတွေကိုလည်း ထိန်းလို့ရမှာမဟုတ်ဘူး။ လိင်မှုဆိုင်ရာပညာပေးရေးက လိုအပ်ပါတယ်။ ကလေးတွေကို လိင်မှုဆိုင်ရာအကြောင်း ပညာပေးမထားရင် သူတို့ရဲ့ကာမဆန္ဒကိုထိန်းနိုင်မှာ မဟုတ်ဘူး။ ဗဟုသုတရှိမှသာ ကိုယ့်ရဲ့ဆန္ဒကို ထိန်းနိုင်မယ်၊ မမှားအောင်ရှောင်နိုင်မယ်။ ကျောင်းတွေမှာ လိင်မှုဆိုင်ရာ ပညာပေးရေးအစီအစဉ်တွေ ရှိသင့်တယ်။ ကျောင်းသင်ရိုးညွှန်းတမ်းမှာ ဒါကို စနစ်တကျထည့်သွင်းထားသင့်တယ်။ သင်ရိုးကိုကျွမ်းကျင်တဲ့ ပညာရှင်တွေက သေသေချာချာ ပြင်ဆင်ရေးဆွဲမယ်ဆိုရင် အငြင်းပွားစရာလည်းရှိမှာ မဟုတ်ဘူး။ မီဒီယာတွေမှာလည်း ထပ်ပြီးဝေဖန်ကြတော့မှာ မဟုတ်ဘူး။ ဒါကြောင့် ကျွန်မတို့အနေနဲ့ ပွင့်လင်းတဲ့လူ့အဖွဲ့အစည်းတစ်ခု ဖြစ်လာဖို့ စနစ်တစ်ခုရှိရမယ်။ ကျွန်မတို့ရဲ့ လူ့အဖွဲ့အစည်းတစ်ခုလုံး ဘက်စုံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျွန်မတို့ အသင့်ပြင်ထားရမယ်။ ကျွန်မတို့ရဲ့ အဆုံးစွန် ရည်မှန်းချက်အောင်မြင်ဖို့ ပညာရေး၊ ကျန်းမာရေးစနစ်တွေ၊ ယဉ်ကျေးမှုမူဝါဒ၊ စာပေမူဝါဒစတာတွေနဲ့ လိုက်လျောညီထွေဖြစ်မယ့်အရာမှန်သမျှကို ထည့်သွင်းစဉ်းစားရမယ်။ ကျွန်မတို့မျိုးဆက်တွေက နှစ်ပေါင်းများစွာ ဆင်ဆာစနစ်နဲ့ ကြီးပြင်းလာရတာ။ ဥပမာအားဖြင့် ဥပဒေအရ ဆင်ဆာဖြတ်တဲ့စနစ်ရှိခဲ့တယ်။ လူမှုရေးအရ ခေတ်မမီတော့တဲ့စံနှုန်းတွေရှိတယ်။ နှစ်ပေါင်းများစွာမပွင့်လင်းခဲ့ဘူး။ ရလဒ်ကကမ္ဘာကြီးမှာ ဖြစ်ပျက်နေတာတွေကို ကျွန်မတို့မသိခဲ့ရဘူး။ ကျွန်မအဘွားတို့ မျိုးဆက်တင်မက အမေတို့မျိုးဆက်မှာလည်း ကမ္ဘာကြီးအကြောင်းဘာမှမသိခဲ့ဘူး။ သူတို့မှာ ကမ္ဘာကြီးနဲ့သက်ဆိုင်တဲ့ဗဟုသုတ မရှိဘူး။ ခုခေတ်မှာ ကျွန်မတို့ မျိုးဆက်က ကမ္ဘာကြီးမှာဘာတွေဖြစ်နေတယ်ဆိုတာ စပြီးသိလာပြီ၊ ပြီးတော့ ပြုပြင်ပြောင်းလဲမှုကိုလိုချင်လာပြီ၊ ပြောင်းလဲမှုကိုမလိုချင်တာတွေကို ကြုံတွေ့လာရပြီ။ ကျွန်မတို့ ပြည်သူတွေကသူတို့ ဘဝတစ်လျှောက်လုံး ဖိနှိပ်ခံထားရတော့အရမ်း

အသားကျနေတယ်၊ ဒီတော့ ပြုပြင်ပြောင်းလဲမှုကိုသူတို့ မလိုချင်ကြဘူး၊ အပြောင်းအလဲကိုဆန့်ကျင်ကြတယ်။ တစ်ခုခုကို အသစ်ကပြန်စရမှာကို သူတို့စိုးရိမ်တယ်၊ ပူပန်တယ်။ ဒါကြောင့်လည်း သူတို့က အပြောင်းအလဲကို ဆန့်ကျင်ကြတာဖြစ်တယ်။ ဒီလိုတားမြစ်ထားတဲ့ အကြောင်းအရာတွေ၊ မပြောရဲမဆိုရဲဖြစ်နေတဲ့ကိစ္စရပ်တွေကို မူလတန်းနဲ့အလယ်တန်းပညာရေးမှာ ကျွန်မတို့ထည့်သွင်းရမယ်။ ဒါက မဖြစ်မနေလုပ်ရမှာဖြစ်တယ်။ မိသားစုထဲမှာ တားမြစ်ထားတဲ့အကြောင်းအရာကို ကျောင်းမှာသင်ပေးရင် နောက်တော့ မိသားစုကလည်း သိသွားတာပေါ့။ နောက်တော့ ဒါတွေကစံနှုန်းဖြစ်လာမယ်။ ကျောင်းသင်ခန်းစာလို့ မိသားစုကလက်ခံလိုက်ပြီဆိုတာနဲ့ ဘာပြဿနာမှ မရှိတော့ဘူး။ လူတစ်ယောက်ဘဝမှာ လိင်မှုဆိုင်ရာ ပညာပေးရေးအကြောင်းကို တစ်ခါမှမကြားဖူးရင် ဒါဟာ တားမြစ်ထားတဲ့အရာလို့ ယူဆပြီးခိုးဖတ်ကြတာမျိုး ဖြစ်လာမယ်။ လိင်ပညာပေးဆိုတာ ခိုးကြောင်ခိုးဝှက်လုပ်ရမယ့်အရာ မဟုတ်ဘူးလို့သူတို့ သိသွားတဲ့အခါ သူတို့ရဲ့ ကျား၊ မ သဘာဝတွေနဲ့ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း ဖြစ်သွားတာပေါ့။ တချို့က သဘောမတူကြဘူး။ တစ်ခါတလေကျရင် လူတစ်ယောက်ကို ချုပ်ချယ်ထားတာထက် သူ့ဆန္ဒအတိုင်းလုပ်ခွင့်ပေးတာက ပိုကောင်းပါတယ်။ သူတို့ဆန္ဒအတိုင်းလုပ်နိုင်တဲ့အခါ သူတို့ကိုယ်သူတို့အသိစိတ်နဲ့ ထိန်းသွားလိမ့်မယ်။ ဒါကို နားလည်သဘောပေါက်ပြီးတော့ သဘောတူလက်ခံခြင်းလို့ခေါ်တယ်။ ကိုယ်ရတဲ့ သတင်းအချက်အလက်အပေါ် ကိုယ့်ဘာသာကိုယ်ဆုံးဖြတ်။ နားလည်သဘောမပေါက်ဘဲနဲ့ သဘောတူလိုက်ရတာဆိုရင် ဒါက ကိုယ်ပိုင်ဆုံးဖြတ်ချက်မဟုတ်ဘူး၊ တခြားသူတွေက ခိုင်းတဲ့အတိုင်း လိုက်လုပ်တာဖြစ်သွားပြီ။ ဒါဆိုရင် ချိုးဖောက်ဖို့အရမ်းလွယ်သွားပြီ၊ ကိုယ်ကလည်း ချိုးဖောက်ချင်လာတယ်။ ကိုယ့်ကိုယ်ကို အသိစိတ်နဲ့ထိန်းနိုင်ရင် ဘယ်တော့မှ မချိုးဖောက်တော့ဘူး။ ဒါ့ကြောင့် အသိအမြင်ဖွင့်ပေးဖို့နဲ့ လွတ်လပ်ခွင့်ပေးခြင်းက ဘာမှမပေးတာထက်စာရင် အများကြီးပိုကောင်းပါတယ်။

(အမိက သတင်းအချက်အလက်ပေးနိုင်သူ စာရေးဆရာမတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

၁၂ မီဒီယာ

> ဘေးအန္တရာယ်ကျတာ၊ ပြဿနာဖြစ်တာမျိုးမြင်ကွင်းကို ပြချင်ရင် နိုင်ငံတကာရော၊ ပြည်တွင်းရော မီဒီယာနှစ်ခုစလုံးက အမျိုးသမီးတွေနဲ့ ကလေးတွေရဲ့ပုံတွေကို သုံးကြတယ်။

ကျား၊ မ ရေးရာ တန်းတူညီမျှရေး ပြဿနာနှင့် မီဒီယာကို ရှုထောင့်အသီးသီးမှ ခွဲခြမ်းစိတ်ဖြာ သုံးသပ်ကြည့်နိုင်ပါသည်။ မီဒီယာသည် စံနှုန်းများကို အဓိကလက်ဆင့်ကမ်း သယ်ဆောင်ပေးပြီး လူ့အဖွဲ့အစည်း၏ ပုံရိပ်အဖြစ် ရှုမြင်နိုင်ရုံသာမက ပြည်သူ့သဘောထားနှင့် အမြင်များကို ပုံဖော်ရာတွင် အဓိကလုပ်ဆောင်ပေးသည့်အရာ ဖြစ်သည့်အပြင် လက်ရှိ ယဉ်ကျေးမှုဆိုင်ရာ အချေအတင်ငြင်းခုံမှုများတွင် မတူကွဲပြားသည့် အမြင်များကိုလည်း ပုံဖော်ပေးနိုင်ပါသည်။ ဤအခန်းတွင်နက်ရှိုင်းပြီး မြန်ဆန်သည့် အပြောင်းအလဲဖြင့် ဝိသေသပြုထားသည့် နောက်ခံ အခြေအနေမှာ လက်ရှိမီဒီယာပတ်ဝန်းကျင်ကို ထားကြည့်ပြီး၊ ကျား၊ မ ရေးရာ လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းများအား အများ လက်ခံထားသည့် မီဒီယာများတွင် မည်သို့ဖော်ပြကြသည်ကို လေ့လာဖော်ထုတ်ထားပါသည်။ ၎င်းတို့ လက်လှမ်းမီသည့် မီဒီယာအမျိုးအစားများတွင် အမျိုးသား၊ အမျိုးသမီး ကိုယ်စားပြုမှုအပေါ် ရုပ်ရှာဒေသခံများ၏ အမြင်သဘောထား ဆွေးနွေးချက်များကိုလည်း မီဒီယာပညာရှင်အသီးသီး၏ မီဒီယာကဏ္ဍနှင့် ကျား၊ မ ရေးရာ တန်းတူညီမျှရေးအပေါ် ထင်မြင်ယူဆချက်များနှင့်အတူ တင်ပြထားပါသည်။ ဇယား - ၁ တွင် ဖော်ပြထားသည့် ပုံနှိပ်မီဒီယာ များကို UNESCO၏ မီဒီယာဆိုင်ရာ Gender Sensitive Indicators မူဘောင် (UNESCO 2012)ကို အသုံးပြု၍ ကျား၊ မ ရေးရာရှုထောင့်မှ ခွဲခြမ်းစိတ်ဖြာ သုံးသပ်ထားပါသည်။

၁၂.၁ ပြောင်းလဲလာသော မီဒီယာပတ်ဝန်းကျင်

မကြာသေးမီနှစ်များအတွင်း မြန်မာ့မီဒီယာ ပတ်ဝန်းကျင်တွင် အရေးအပါဆုံးသော အပြောင်းအလဲမှာ မီဒီယာကဏ္ဍ လွတ်လပ်ခွင့် ရှိလာခြင်း ဖြစ်ပြီး၊ အထူးသဖြင့် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လတွင် စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာနကို ဖျက်သိမ်းလိုက်ခြင်း ဖြစ်ပါသည်။ နိုင်ငံရေးကိစ္စများကို မီဒီယာတွင် ပို၍ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြလာကြပြီး၊ ပုံနှိပ်ထုတ်ဝေမှုနှင့် ရုပ်သံထုတ်လွှင့်မှု ခွင့်ပြုချက် အများအပြားကို ထပ်မံထုတ်ပေးခဲ့ပါသည်။ ၎င်းတို့တွင် နေ့စဉ်ထုတ် သတင်းစာ အစောင် ၃၀ ပါဝင်၍ လက်ရှိတွင် ၁၅ စောင်ထုတ်ဝေလျက်ရှိပါသည်။ သို့ရာတွင် မီဒီယာ ပိုင်ဆိုင်ခွင့်ကို ယခင်အစိုးရအဖွဲ့ဝင်များ သို့မဟုတ် ၎င်းတို့နှင့် နီးစပ်သည့် လူတစ်စုကသာ အဓိကထိန်းချုပ်ထားဆဲ ဖြစ်ပါသည် (ကိုထွေးနှင့် Williams, 2014)။ လွတ်လပ်သည့် မီဒီယာရင်းမြစ်များမှ သတင်းနှင့်အချက်အလက်များကိုရရှိသူမှာ မြန်မာနိုင်ငံသား အနည်းငယ်မျှသာရှိပြီး၊ အပတ်စဉ်ထုတ်သတင်းစာများကို ဖတ်ရှုသူ ခန့်မှန်းခြေ ၃၀၀,၀၀၀ ခန့်သာရှိပါသည် (McCarthy, 2013)။ ပါးစပ်စကားသည် သတင်းမျှဝေရာတွင် အရေးကြီးသောလမ်းကြောင်း တစ်ခုအဖြစ် ဆက်လက်ရှိနေဆဲ ဖြစ်ပါသည်။ လူဦးရေ၏ ၁.၃%သာ အင်တာနက်သုံးနိုင်ကြပါသည်။ အင်တာနက်သုံးသူများတွင်

ထုတ်ဝေမှု အမျိုးအစား	ထုတ်ဝေသည့်အမည်	လေ့လာသည့်စောင်ရေ	အချိန်
နေ့စဉ်ထုတ် သတင်းစာများ	Daily 11 News	၇	ဒီဇင်ဘာ ၃-၁၀ ၂၀၁၃
	မြန်မာ့အလင်း	၇	ဒီဇင်ဘာ ၁၄-၂၀ ၂၀၁၃
အပတ်စဉ်ထုတ်ဂျာနယ်များ	The Voice Weekly	၂	ဒီဇင်ဘာ ၂၃၊ ၂၀၁၃ မှ ဇန္နဝါရီ ၅၊ ၂၀၁၄
	7 Day News	၃	ဒီဇင်ဘာ ၁၈-၃၁ ၂၀၁၃
	Mizzima News	၂	ဒီဇင်ဘာ ၁၃-၂၇ ၂၀၁၃
	Myanmar Times	၂	ဒီဇင်ဘာ ၆-၁၉ ၂၀၁၃
လစဉ်ထုတ် မဂ္ဂဇင်းများ	အပျိုစင်	၃	အောက်တိုဘာ-ဒီဇင်ဘာ ၂၀၁၃
	ရွှေအမြုတေ	၃	အောက်တိုဘာ-ဒီဇင်ဘာ ၂၀၁၃
	သရဖူ	၃	အောက်တိုဘာ-ဒီဇင်ဘာ ၂၀၁၃
	ရောဝတီမဂ္ဂဇင်း	၃	အောက်တိုဘာ-ဒီဇင်ဘာ ၂၀၁၃

ဇယား (၁) ပုံနှိပ်မီဒီယာများတွင်ပါဝင်သည့် အကြောင်းအရာများအား ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်

Facebook accounts ၈၀၀,၀၀၀ ခန့်ရှိသည့် လူမှုမီဒီယာသည် အဓိက အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ ဝေဖန်သုံးသပ်သူများက ထိတွေ့ဆက်ဆံမှုတွင် အဆင်ပြေချောမွေ့စေသည့် အပြန်အလှန် ဆက်သွယ်ရေးကိရိယာတစ်ခုအဖြစ် Facebook၏ကဏ္ဍကို အလေးထား ပြောဆိုကြသော်လည်း၊ အမုန်းစကားဟုသတ်မှတ်နိုင်သည့် အဆိုးဆုံး ပုံသဏ္ဌာန်များအပါအဝင် အနုတ်လက္ခဏာဆောင်သည့် ပြောကြားချက်များအတွက် လမ်းကြောင်းတစ်ခုလည်း ဖြစ်လာပါသည် (Bourgault, 2013)။

ရပ်ရွာလူ့အဖွဲ့အစည်းများတွင် မီဒီယာအသုံးပြုမှုပုံသဏ္ဌာန်များကို မီဒီယာလွတ်လပ်ခွင့်ကပြောင်းလဲစေသည်လား အသေအချာပြောနိုင်ရန်မှာ ဤလေ့လာမှု၏နယ်ပယ်ကို ကျော်လွန်နေပါသည်။ ရပ်ရွာဒေသခံများနှင့် ဆွေးနွေးမှုများအရ လေ့လာခဲ့သည့်နေရာဒေသများတွင် မီဒီယာကို အတိုင်းအတာတစ်ခုအထိသာ အသုံးပြုနိုင်သည်ဟု ဆိုပါသည်။ ၂၀၁၂ ခုနှစ် မီဒီယာလွတ်လပ်ခွင့်နောက်ပိုင်းတွင် မီဒီယာကို ယခင်ကထက် ပို၍ အားကိုးယုံကြည်လာကြသည့်အတွက် သတင်းမီဒီယာများကို ပို၍ စိတ်ဝင်စားလာကြပါသည်။ DVD အခွေများသည် နိုင်ငံခြားနှင့် ပြည်တွင်းရုပ်ရှင်များအပါအဝင် လူကြိုက်အများဆုံး ဖျော်ဖြေရေးပုံစံ ဖြစ်လာပါသည်။ အမျိုးသားများနှင့်ဦးတည်အုပ်စု ဆွေးနွေးမှုများအရ ညစ်ညမ်းဇာတ်လမ်းခွေများကို DVD အခွေများမှတစ်ဆင့် ရရှိကြသည်ဟု ဆိုပါသည်။ ရုပ်မြင်သံကြားကို အများအားဖြင့် သတင်း၊ မိုးလေဝသ နှင့် ဖျော်ဖြေရေးတို့အတွက် ကြည့်ရှုကြပါသည်။ မြဝတီနှင့် မြန်မာ့ ရုပ်မြင်သံကြား တို့သည် ဖော်ပြပါထုတ်လွှင့်မှုအစီအစဉ်များ ဖြစ်ပါသည်။ ကိုရီးယားဇာတ်လမ်းတွဲများနှင့် ရုပ်ရှင်များအကြောင်းကို ရပ်ရွာဒေသအားလုံးတွင် ဆွေးနွေးကြပါသည်။ မွန်ပြည်နယ်တွင် နိုင်ငံခြားရုပ်ရှင်များအကြောင်း ပြောဆိုရာတွင် ထိုင်းရုပ်ရှင်များလည်း ပါဝင်ပါသည်။ လေ့လာခဲ့သည့် ရပ်ရွာဒေသများတွင် သတင်းအပြင် သီချင်းနှင့် တရားတော်များနားထောင်ရန် ရေဒီယိုကို ပို၍နှစ်သက်ကြသည်ကို တွေ့ရှိရပါသည်။ ပတ္တမြား FM, VOA, BBC,လိုင်ဇာ FM နှင့် ချယ်ရီ FM တို့သည် ဖမ်းယူနားဆင်နိုင်သည့် ရေဒီယိုအစီအစဉ်များ ဖြစ်ပါသည်။ အခြားအိမ်မှုကိစ္စများကို အနှောင့်အယှက် မဖြစ်စေသည့် အတွက် သတင်းနားထောင်ရာတွင် TV ထက် ရေဒီယိုကို ပို၍ နှစ်သက်ကြပါသည်။ မေးမြန်းခဲ့သည့် ရပ်ရွာဒေသခံများသည် ကုန်ကျစရိတ်နှင့် လက်လှမ်းမမီခြင်း တို့ကြောင့် ပုံနှိပ်မီဒီယာကို သိပ်ဖတ်လေ့မရှိကြပါ။ ပုံနှိပ်မီဒီယာကိုအများဆုံးဖတ်သူများမှာ အမျိုးသားဖြစ်ကြပြီး၊ ဥပမာအားဖြင့် အားကစားဂျာနယ်များ ဖြစ်သည်ဟု ဆိုပါသည်။ ရန်ကုန်မြို့နေ မြို့ပြလူတန်းစားများသည်ခြွင်းချက်ဖြစ်၍ အမျိုးသားရော၊ အမျိုးသမီးပါ လေ့လာခဲ့သည့် အခြားနေရာဒေသများထက် ပုံနှိပ်မီဒီယာကို ပိုမိုရရှိကြပါသည်။ လေ့လာခဲ့သည့် နေရာဒေသအများစုတွင် အင်တာနက်မရရှိကြပါ။

၁၂.၂ မီဒီယာလွတ်လပ်ခွင့်နှင့် ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှု

မီဒီယာလွတ်လပ်ခွင့်သည် မတူကွဲပြားသည့် အစုအဖွဲ့များကြား ခြားနားသည့်တုံ့ပြန်မှုများကို ဖြစ်စေပါသည်။ လေ့လာမှုတွင်ပါဝင်သူ အများအပြားက မြန်မာနိုင်ငံတွင် မီဒီယာလွတ်လပ်ခွင့်ရရှိလာခြင်း နှင့် ကမ္ဘာလုံးဆိုင်ရာယဉ်ကျေးမှုတွင် ပို၍ထိတွေ့လာခြင်း၊ ပါဝင်လာခြင်းတို့သည် ယဉ်ကျေးမှုစံနှုန်းများနှင့် ရိုးရာအစဉ်အလာများ အတွက် ခြိမ်းခြောက်မှုများဖြစ်လာသည်ဟု ရှုမြင်ကြပါသည်။ ဤသို့ယူဆခြင်းသည် ယဉ်ကျေးမှုကိုတည်ငြိမ်သော၊ မပြောင်းလဲသော အရာအဖြစ် ရှုမြင်ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ ယဉ်ကျေးမှုအပြောင်းအလဲကို သံသယကြီးစွာဖြင့် စောင့်ကြည့်ကြပါသည်။ ဤအခြေအနေတွင် အမျိုးသားနှင့် အမျိုးသမီးများကို မီဒီယာတွင်တင်ပြပုံဆိုင်ရာ ထင်မြင်ချက်များအား သုံးသပ်ရန်လိုအပ်ပါသည်။ အမျိုးသမီးများအား ‘ယဉ်ကျေးမှုကို ဆက်ခံသူများ’အဖြစ်ဖော်ပြကြပြီး ယဉ်ကျေးမှုစံနှုန်းများနှင့် တန်ဖိုးများကို စောင့်ထိန်းရန် အဓိကတာဝန်ရှိသည်ဟု သတ်မှတ်ထားပါသည်။ ဆိုလိုသည်မှာ အမျိုးသမီးများ၏မီဒီယာပုံရိပ်သည် အစဉ်အလာ ကျား၊ မ ရေးရာ စံနှုန်းများနှင့် မကိုက်ညီလျှင် အဓိကဝေဖန်ခံကြရပါသည်။ သို့ရာတွင် အမျိုးသားများ၏မီဒီယာပုံရိပ်နှင့်စပ်လျဉ်း၍ အပြောင်းအလဲ အချို့ဖြစ်နေသည့်တိုင် ဝေဖန်ပြောဆိုမှုသိပ်မရှိပါ။ ‘ယဉ်ကျေးမှုကို ဆက်ခံသူများ’အဖြစ် သတ်မှတ်ခံရခြင်းသည် အမျိုးသမီးများ၏ ဘဝတွင် သက်ရောက်မှုအများအပြားရှိပြီး၊ ၎င်းတို့ထဲမှအချို့ကို ဤအခန်းတွင် ဆွေးနွေးတင်ပြသွားမည် ဖြစ်ပါသည်။

၁၂.၂.၁ ဂလိုဘယ်လိုက်ဇေးရှင်း (Globalization) ကို ယဉ်ကျေးမှု၏ အန္တရာယ်အဖြစ် ရှုမြင်ခြင်း

ဝတ်စားဆင်ယင်မှုပုံစံသည် ယဉ်ကျေးမှုနှင့် တန်ဖိုးများဆိုင်ရာ သင်္ကေတ ဖြစ်ပါသည်။ အမျိုးသမီးများအား မီဒီယာတွင်ဖော်ပြသည့်အခါ အမျိုးသမီးများ၏ မီဒီယာပုံရိပ်တွင်ရှိလာသည့် အပြောင်းအလဲနှင့်နှိုင်းယှဉ်၍ ဝတ်စားဆင်ယင်သည့်ပုံစံသည် အများဆုံးပစ်မှတ်ထား ဝေဖန်စရာဖြစ်လာပါသည်။ အမျိုးသမီးများ၏ ဝတ်စားဆင်ယင်ပုံ ပြောင်းလဲလာခြင်းကို မီဒီယာများတွင်ဆွေးနွေးသည့်အခါ ကန့်ကွက်သဘောထားနှင့် အနေအထိုင်သိမ်မွေ့မှု စံနှုန်းများကို ကိုးကားလေ့ရှိပါသည်။

> ၂၀၁၂ ခုနှစ် ဩဂုတ်လမှာ စာပေစိစစ်ရေးကို လုံးဝဖျက်သိမ်းလိုက်တယ်။ အဲဒီနောက်မှာကောင်းတာရော၊ ဆိုးတာရောရှိလာတယ်။ အကောင်းဘက်က ကြည့်ရင် ပွင့်လင်းမြင်သာမှုပိုရှိလာတယ်၊ ဒါပေမဲ့ ဆိုးတာလည်းရှိတယ်။ စိစစ်ရေးမရှိတော့တဲ့အတွက် ကိုယ်ကြိုက်တာအကုန်ထည့်တယ်။ နာမည်ကြီး အမျိုးသမီးတွေ မလုံ့တလုံဝတ်ထားတာတွေ သတိထားမိမှာပါ။ ဒါကကျွန်တော်တို့ ဓလေ့ထုံးစံနဲ့မကိုက်ဘူး။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပြန်ကြားရေးအရာရှိတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

> အရင်တုန်းက အမျိုးသမီးတွေကို ဗိုင်းကောင်းကျောက်ဖိနေရမယ်၊ ရယ်ရင်တောင် ခပ်တိုးတိုးရယ်ရမယ်လို့ သွန်သင်ကြတယ်။ ခုတော့ ဝတ်ချင်သလိုဝတ်ကြတယ်၊ လူအမြင်မတော်ဘူး။ မီဒီယာမှာ အကျင့်ပျက်တဲ့ မိန်းမဆိုးတွေပဲ တွေ့ရတယ်။
>
> (မတူပီမြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ဖြေဆိုသူများ၏ ပြောကြားချက်အရ ဝတ်စားဆင်ယင်မှုနှင့် မီဒီယာပုံရိပ်တို့ကိုဆွေးနွေးသည့်အခါ အမျိုးသမီးများ၏ ခန္ဓာကိုယ်ကို ပစ်မှတ်ထားသကဲ့သို့ အမျိုးသားများ၏ခန္ဓာကိုယ်ကို ပစ်မှတ်မထားကြသည်မှာ အထင်အရှားဖြစ်ပါသည်။ ဤသို့ အာရုံစိုက်မှုမတူခြင်းမှာ အမျိုးသားများ၏ ခန္ဓာကိုယ်သည် အမျိုးသမီးများ၏ ခန္ဓာကိုယ်ကဲ့သို့ လိင်စိတ်ကိုမဖြစ်စေပါဆိုသည့်ယူဆချက်နှင့် ဆက်စပ်နေပါသည်။

> ကျွန်မအမြင်ကတော့ အမျိုးသမီးတွေကို အတွင်းခံအဝတ်အစားနဲ့မြင်ရတာ မသင့်လျော်ပါဘူး။ ဒါပေမဲ့ အမျိုးသားတွေကျတော့ အလေးမပြိုင်ပွဲတွေမှာ မကြာခဏတွေ့ရသလို အတွင်းခံအဝတ်အစားနဲ့ တွေ့ရတာ အဆင်ပြေပါတယ်။
>
> (မုံရွာမြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်အရွယ် ဗမာ၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု)

လူထုမီဒီယာများမှတစ်ဆင့် အခြားယဉ်ကျေးမှုများ၏ လွှမ်းမိုးမှု (အထူးသဖြင့်ကိုရီးယားယဉ်ကျေးမှု)သည် အစဉ်အလာယဉ်ကျေးမှုစံနှုန်းများနှင့် ဓလေ့ထုံးစံများအတွက် အန္တရာယ်အဖြစ်ယူဆကြပါသည်။ မီဒီယာများတွင် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုပုံရိပ်နှင့် ယဉ်ကျေးမှုစံနှုန်းများလျော့ကျလာသည်ဟု ယူဆကြသည့်အပေါ်တွင် များသောအားဖြင့် ကိုရီးယားရုပ်ရှင်များကို အပြစ်တင်ကြပါသည်။

> ကျွန်မတို့ရဲ့ ဓလေ့ထုံးစံနဲ့ယဉ်ကျေးမှုတွေ ကွယ်ပျောက်သွားပါပြီ။ မြန်မာရုပ်ရှင်တွေက ကိုရီးယားရုပ်ရှင်တွေကို အတုခိုးကြတယ်။ ရုပ်ရှင်ထဲမှာတောင် နမ်းတဲ့အခန်းတွေတွေ့ရတယ်။ ဝတ်ပုံစားပုံနဲ့ နေပုံထိုင်ပုံတွေက အရမ်းရိုင်းတယ်။ လွန်ခဲ့တဲ့ ၁၀နှစ်ကနဲ့စာရင် အရမ်းကွာသွားပြီ။
>
> (မင်းပြားမြို့နယ်မှ အသက် ၂၆နှစ်မှ ၄၀ နှစ်အရွယ် ရခိုင်၊ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

မလိုလားအပ်သည့် ဝတ်စားဆင်ယင်မှုပုံစံများ ပျံ့နှံ့စေခြင်းတွင် မီဒီယာက အဓိကဖြစ်သည်ဟုရှုမြင်ကြပြီး ယဉ်ကျေးမှုတန်ဖိုးများကို စောင့်ထိန်းရန် စည်းမျဉ်းစည်းကမ်းများရှိရမည်ဟု အချို့ကတောင်းဆိုကြပါသည်။

> အစိုးရက ဒီလိုဟော့ဟော့ရမ်းရမ်းနဲ့ မလုံ့တလုံဝတ်တာတွေကို ထိန်းချုပ်ဖို့ စည်းမျဉ်းစည်းကမ်းတွေချမှတ်သင့်တယ်လို့ ကျွန်မထင်တယ်။ ဒါက ဗုဒ္ဓရဲ့ အဆုံးအမတွေနဲ့လည်း မကိုက်ညီပါဘူး။
>
> (မုံရွာမြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် ဗမာ၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

> အသက်အရွယ်အရ ပြောင်းသွားကြတာပါပဲ။ ဝတ်ပုံစားပုံနဲ့ အပြုအမူတွေ ပြောင်းလာတယ်။ အရင်တုန်းက လူကြီးဆိုရင် လေးလေးစားစား၊ ယဉ်ယဉ်ကျေးကျေး ဆက်ဆံကြတယ်။ ဒါပေမဲ့ခုတော့ လူကြီးသူမကို လေးစားတယ်၊ ယဉ်ကျေးတယ်ဆိုတာ ဘာမှန်းတောင်မသိကြတော့ဘူး။ မီဒီယာကအရင်တုန်းက ကိုယ့်ယဉ်ကျေးမှုကို ကိုယ်စားပြုတယ်၊ ဒါပေမဲ့ ခုတော့တခြားယဉ်ကျေးမှုတွေကိုပဲ ကိုယ်စားပြုတယ်။
>
> (ကလေးမြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်အရွယ် ဓနု၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

၁၂.၂.၂ မီဒီယာလွတ်လပ်ခွင့်နှင့် လိင်မှုကိစ္စပါဝင်မှု

မီဒီယာလွတ်လပ်ခွင့်တစ်ခုတည်းကိုစဉ်းစားလျှင် လိင်မှုကိစ္စကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးခြင်းကဲ့သို့သော ယဉ်ကျေးမှုတားမြစ်ချက်များ (အခန်း ၁၃ တွင် ဆွေးနွေးခဲ့ပြီး) သည် အလွန်အမင်းထိလွယ်ရှလွယ်သည့် အကြောင်းအရာများ ဖြစ်ပါသည်။ လိင်၊ လိင်မှုဆိုင်ရာပညာပေးရေးတို့အပြင် ညစ်ညမ်းရုပ်ပုံနှင့် စာအုပ်များအကြောင်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတို့အကြား ခြားနားချက်ကို လေ့လာမှုတွင် ပါဝင်သူများနှင့်ဆွေးနွေးရာတွင် တစ်ခါတစ်ရံ ရောထွေးဝေဝါးနေသည်ကို တွေ့ရပါသည်။ မုဒိမ်းမှုနှင့်လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဖြစ်စဉ်များအတွက် မီဒီယာလွတ်လပ်ခွင့်၊ အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုပုံစံ နှင့် ယဉ်ကျေးမှုလျော့ပါး ဆုတ်ယုတ်လာခြင်းတို့ကိုသာ အများအားဖြင့် အပြစ်တင်လေ့ရှိပါသည်။ အမျိုးသားများ၏လုပ်ရပ်များကိုမူ ပစ်မှတ်ထား ဝေဖန်လေ့မရှိပါ။

> ဖြစ်စဉ်တချို့ရှိခဲ့ပါတယ်။ 'ညို့မဂ္ဂဇင်းဆိုတာရှိတယ်။ လိင်အကြောင်းတွေ ပါတယ်။ ဒီတော့လူငယ်တွေက ဒီမဂ္ဂဇင်းကိုဖတ်တယ်၊ မကောင်းတဲ့ စရိုက်တွေဝင်လာတယ်၊ လိင်မှုကိစ္စ ဗဟုသုတတွေရတယ်။ ဒီလို မဂ္ဂဇင်းမျိုးကိုဖတ်ပြီး မုဒိမ်းမှုတွေများလာတယ်။ လိင်စိတ်ကို ကြွစေတဲ့ ပုံတွေမြင်ပြီး စိတ်တွေထလာတယ်။ ဒီလိုနဲ့ အမျိုးသားတစ်ယောက်က အမျိုးသမီးတစ်ယောက်ကို ညဘက်၁၀နာရီလောက် လမ်းမှာတွေ့ရင်၊ လိင်စိတ်ကြွစေတဲ့ပုံတွေကိုလည်း ကြည့်ထားတဲ့သူဆိုရင် မုဒိမ်းမှုကို အလွယ်တကူ ကျူးလွန်နိုင်တယ်။ ဒီလိုဟာတွေကတော့ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုနဲ့ မသင့်လျော်ဘူး။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပြန်ကြားရေးအရာရှိတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

အများအပြားပျံ့နှံ့နေသည်ဟုဆိုသည့် ညစ်ညမ်းရုပ်ပုံနှင့် စာအုပ်များတွင် ပါရှိသည့် အကြောင်းအရာများကို လေ့လာစစ်ဆေးခဲ့သည့် ဤလေ့လာမှုတွင်ပါဝင်သူများ၏အဆိုအရ အမျိုးသားများ၏ လိင်စိတ်ကို သဘာဝကျသော၊ ဖြစ်လေ့ရှိသော၊ မတင်းတိမ်နိုင်သောနှင့်အကြမ်းဖက်နိုင်ခြေ ပုံရိပ်တစ်ခုအဖြစ် တွေ့ရှိရပါသည်။ သမားရိုးကျညစ်ညမ်း ဇာတ်လမ်းများအရ အမျိုးသမီးတစ်ယောက်သည် အမျိုးသားတစ်ယောက်အား နေ့စဉ်ဘဝတွင် အခြားကိစ္စများကိုပြုစုပေးသကဲ့သို့ လိင်ပိုင်းဆိုင်ရာအရ ပြုစုပေးရပါသည်။ သတင်းအချက်အလက်များတွင် အမျိုးသားစာဖတ်သူများအား လိင်ဆက်ဆံရာ၌ အမျိုးသမီးများ၏ဆန္ဒကို ထည့်တွက်စရာမလိုဟု နည်းလမ်းပြထားပြီး မုဒိမ်းကျင့်ခြင်းကို သာမန်ဖြစ်သည်ဟု ယူဆသွားစေပါသည်။ အိမ်ထောင်ဖက်အပေါ် အလိုမတူဘဲ လိင်ဆက်ဆံခြင်းသည် ရာဇဝတ်မှုမမြောက်ဆိုသည့်အချက်ကို ထည့်သွင်း စဉ်းစားခြင်းအားဖြင့် အမျိုးသားများ၏ လိင်ကိစ္စကျူးလွန်ပိုင်ခွင့်ကို အများလက်ခံလာစေရန် ပုံစံသွင်းခြင်းနှင့် အမျိုးသမီးများ၏ ခုခံကာကွယ်မှုကို အင်အားသုံးကျော်လွှားရန် စေ့ဆော်ခြင်းတို့သည် အထူးသဖြင့် စိုးရိမ်ပူပန်ဖွယ်ဖြစ်ပါသည်။

> မြန်မာလိုရေးထားတဲ့ 'အပြာစာအုပ်တွေ'[၆၀] အများကြီးရှိတယ်။ အားလုံး ကုန်အောင်တောင်မဖတ်နိုင်ဘူး။ ဒါပေမဲ့ ဇာတ်လမ်းတိုင်းမှာပေးထားတဲ့ မက်ဆေ့ချ်က မိန်းကလေးတစ်ယောက်ကို စပြီးချဉ်းကပ်ရင် အစပိုင်းမှာ ငြင်းလိမ့်မယ်၊ ဒါပေမဲ့ သူဘာပြောပြောဂရုမစိုက်ဘဲ ရှေ့ဆက်တိုးပြီး လိင်စိတ်ကြွလာအောင်လုပ်ရင် သူကိုယ်တိုင်စိတ်ပါလာမယ်၊ နောက်တော့ ကြိုက်သွားမယ်၊ နောက်ဆုံးမှာ သူကိုယ်တိုင်က တောင်းဆိုလာလိမ့်မယ်။ ဒါက ဒီဇာတ်လမ်းတွေရဲ့ ဆိုလိုချက်ပဲ။ အများအားဖြင့် ဆယ်ကျော်သက်တွေက ဒီလိုဇာတ်လမ်းတွေ ဖတ်ကြတယ်။
>
> (အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီးခေါင်းဆောင်၂ နှင့် တွေ့ဆုံမေးမြန်းခြင်း)

၆၀။ ညစ်ညမ်းရုပ်ပုံနှင့်စာအုပ်များကို ခေါ်ဝေါ်သည့်အသုံးအနှုန်း။

တချို့အမျိုးသားသတင်းထောက်တွေကို ကျွန်မချီးကျူးပါတယ်။ သူတို့က အမျိုးသမီးတွေအကြောင်း စိတ်ဝင်စားတယ်၊ ဒါပေမဲ့ အမျိုးသားတွေရဲ့စိတ်အခံထဲမှာ (အမျိုးသမီးတွေကို) သနားစရာကောင်းတယ်လို့ရေးချင်တယ်၊ ဘယ်နေရာမှာဖြစ်ဖြစ် အရမ်းသနားစရာကောင်းတယ်၊ ကရုဏာသက်စရာကောင်းတယ်လို့ရေးချင်တယ်။ အမျိုးသမီးတွေ ကယ်ဆယ်ရေးစခန်းမှာရောက်နေတယ်၊ ဒုက္ခရောက်နေကြတယ်၊ အိမ်သာမရှိ၊ စားစရာမရှိ၊ ကလေးတွေတစ်ပုံတစ်ခေါင်းနဲ့ ကလေးပျက်ကျတာတွေလည်း ရှိတယ်။ (အမျိုးသားသတင်းထောက်တွေက) ကျွန်မသူငယ်ချင်းတွေပါ၊ ဒီတော့ ကျွန်မက 'အမျိုးသမီးတွေကို သနားစရာကောင်းသူတွေအဖြစ် အမြဲတမ်းပြောနေတာ ဘာကြောင့်လဲ' လို့ မေးကြည့်တယ်။ (သူတို့ကပြောတယ်) 'အမျိုးသမီးတွေကို သနားစရာ၊ ကရုဏာသက်စရာလို့ ငါတို့ကမြင်တယ်။ ငါတို့ရဲ့ဆောင်းပါးတွေက ကချင်ကယ်ဆယ်ရေးစခန်းတွေမှာ အရမ်းဒုက္ခရောက်နေတဲ့ အမျိုးသမီးတွေအကြောင်း၊ (ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ) အမျိုးသမီးတွေနေစရာမရှိ၊ စားစရာမရှိ၊ ပညာမတတ်နဲ့ ဒုက္ခရောက်နေတဲ့အကြောင်း၊ (ဒီတော့ ငါတို့ပြောချင်တာက) နိုင်ငံတကာအသိုင်းအဝိုင်း၊ ဒါမှမဟုတ် အစိုးရကဒီလိုမျိုးတွေထပ်မဖြစ်အောင် ဘာလို့မလုပ်ကြတာလဲ။ ကျွန်မသာသူတို့နေရာမှာဆို ဆောင်းပါးတစ်ပုဒ်တည်းနဲ့ အမျိုးသမီးတွေအားလုံးကို မကယ်နိုင်ရင်တောင်မှ ကယ်ဆယ်ရေးစခန်းတွေမှာ အမျိုးသမီးတွေရဲရဲဝံ့ဝံ့နဲ့ဘယ်လို ရုန်းကန်နေတယ်၊ ကိုယ်ပိုင်ဝင်ငွေရဖို့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဘယ်လိုရှာဖွေနေတယ်၊ ကယ်ဆယ်ရေးစခန်းမှာ ဟင်းသီးဟင်းရွက်တွေ ဘယ်လိုစိုက်ကြတယ် ဆိုတာတွေ ကျွန်မရေးမှာပဲ။ တစ်နေ့စာစားဖို့၊ တစ်ပတ်စာစားဖို့အဆင်ပြေတယ်၊ မြန်မြန်စိုက်၊ မြန်မြန်ကြီးတဲ့ ဟင်းသီးဟင်းရွက်တွေ၊ အသီးအနှံတွေကို တရုတ်နယ်စပ်မှာရှိတဲ့ ကချင်စစ်ရှောင်စခန်းတွေမှာ စိုက်ကြတယ်။ တချို့အမျိုးသမီးတွေဆိုရင် ထင်းခုတ်ပြီး ပြန်ရောင်းတယ်လို့ ကျွန်မကြားတယ်။ အသေးစား ရောင်းဝယ်ဖောက်ကားမှုတွေ လုပ်ကြတယ်။ ဆပ်ပြာရည်၊ ဆပ်ပြာမှုန့်တို့လိုမျိုးလုပ်ပြီး ပြန်ရောင်းကြတယ်။ ဒီလိုမျိုးတွေ ကျွန်မရေးချင်တာလို့ (အမျိုးသားသတင်းထောက်တွေနဲ့)

ပြောဖြစ်တယ်။ အဲဒီမှာ သူတို့က နင်ဒီလိုရေးရင် ကုလသမဂ္ဂတို့၊ အန်ဂျီအိုတို့လိုမျိုး ဘယ်အဖွဲ့အစည်းကမှ သူတို့ကို ပိုက်ဆံပေးမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကုလသမဂ္ဂဖြစ်ဖြစ်၊ တခြားအဖွဲ့အစည်းတွေဖြစ်ဖြစ်၊ အစိုးရဖြစ်ဖြစ် သနားအောင်၊ လူတွေမျက်ရည်ကျအောင် လုပ်ရတယ်လို့ပြောကြတယ်။ ဒါကြောင့် သူတို့က အမျိုးသမီးတွေကို အရမ်းသနားစရာကောင်းအောင်ရေးပြီးတော့ အမျိုးသမီးတွေရဲ့ ကိစ္စတွေကိုကူညီပေးနေတယ်၊ ဒါမှ ငွေကြေးထောက်ပံ့မှုတွေရမယ်လို့ ထင်နေကြတယ်။ ဒီတော့ ‘ကောင်းပါတယ်၊ နင်တို့ဆောင်းပါးကအလုပ်ဖြစ်တယ်’ လို့ ကျွန်မ ပြောလိုက်တယ်။ တခြားနိုင်ငံက လူတွေ၊ ကုလသမဂ္ဂ၊ အစိုးရကသူတို့ကိုသနားပြီး ပေးကြ၊ ကမ်းကြတဲ့အတွက် သူတို့ဆောင်းပါးက အမျိုးသမီးတွေကို စားစရာရှာကျွေး နိုင်ပါတယ်။ ဒါက လတ်တလောဖြေရှင်းတာပါ၊ ကျွန်မတော့သိပ်မကြိုက်ဘူး၊ ရေရှည်ကိုကျွန်မစဉ်းစားကြည့်တယ်။ အမျိုးသမီးတွေကို သနားစရာ၊ မပြည့်စုံတဲ့၊ ပညာမတတ်တဲ့ အရမ်းဆင်းရဲတဲ့ပုံစံမျိုး ဘာကြောင့်ပုံဖော်ကြတာလဲလို့ ကျွန်မ စဉ်းစားကြည့်တဲ့အခါ သူတို့ရေးတဲ့ဇာတ်လမ်းမျိုးက နိုင်ငံအနှံ့၊ နှစ်စဉ်နှစ်တိုင်း ဖြစ်နေခဲ့တာကြာပြီလို့ တွေးမိတယ်။ အမျိုးသမီးတွေဟာကဲ့ရဲ့ရှုတ်ချတာပဲ ခံရတယ်။ အမျိုးသမီးတွေဟာ ဘောင်ခတ်ထားခံရတယ်။ ကျွန်မအတွက်တော့ အမှန်တရားက ‘ အမျိုးသမီးတွေကို သူတို့ ဘာဖြစ်လို့မတူတဲ့အမြင်မရှိတာလဲ’။ ကိုယ့်ဇာတ်လမ်းကြောင့် လှုပ်ရှားတာတန်းတာတွေ ရနိုင်တယ်လို့ ထင်နေရင်တော့ ဒါက ကိုယ့်အပိုင်းပဲ။ ကျွန်မအနေနဲ့ကတော့ ဒါက ကျွန်မရဲ့အိပ်မက်ပဲ၊ ကျွန်မရဲ့အခွင့်အရေးပဲ၊ ဒီဇာတ်လမ်းကို ကျွန်မရေးခွင့်ရှိတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အမျိုးသမီးသတင်းထောက်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

၁၂.၃ အမျိုးသမီးများအား မတရားပြုခြင်း

လူထုမီဒီယာတွင် အမျိုးသားနှင့် အမျိုးသမီးများအား ပုံဖော်ရာတွင် နောက်ထပ် သိသိသာသာခြားနားသည့်အချက်မှာ လူကြိုက်များသည့် မီဒီယာများတွင် အမျိုးသမီးများအား မတရားခံရသူများအဖြစ် ဖော်ပြလေ့ရှိခြင်း ဖြစ်ပါသည်။ လူကုန်ကူးမှု၊ မုဒိမ်းမှု၊ အကြမ်းဖက်မှုနှင့် ဆင်းရဲနွမ်းပါးမှုစသည့် လူထုမီဒီယာတွင်ဖော်ပြသော လူမှုရေးပြဿနာအများအပြားသည် အမျိုးသမီးများ၏ဘဝတွင် အမှန်တကယ်စိုးရိမ်စရာများ ဖြစ်ပါသည်။ အမျိုးသမီးများ၏ ခက်ခဲကြမ်းတမ်းမှုဇာတ်လမ်းများသည် အမျိုးသမီးများအား ကူညီရာမဲ့သားကောင်များအဖြစ် ပုံဖော်ကြပါသည်။ မိမိကိုယ်ကိုပို၍ ယုံကြည်မှုရှိသည့် ပုံရိပ်များမရှိခြင်းကြောင့် ထိုသို့ သရုပ်ဖော်မှုများသည် အမျိုးသမီးများအား နားလည်ယူဆရာတွင် အရေးပါသောကဏ္ဍတွင် ရှိနေပါသည်။

အမျိုးသမီးတွေကို ရောင်းစားတယ်၊ လူကုန်ကူးတယ်ဆိုတာ မီဒီယာကနေ သိရပါတယ်။ အမျိုးသမီးတွေ စော်ကားခံနေရပါတယ်။

(ဘားအံမြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်အရွယ် ကရင်၊ ဗုဒ္ဓဘာသာဝင်အမျိုးသားများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အမျိုးသမီးတွေက ချမ်းသာတဲ့ဘဝရော၊ ဆင်းရဲတဲ့ဘဝမှာပါ သရုပ်ဆောင်ကြတယ်။ အမျိုးသမီးတွေက ရုပ်ရှင်တွေထဲမှာလည်း ရုန်းကန်ကြရပါတယ်။ ပြဿနာတွေနဲ့ ရင်ဆိုင်နေရချိန်မှာ သူတို့ သိပ်ပြီး မလွတ်လပ်ကြပါဘူး။ အမျိုးသားတွေက သူတို့အပေါ် အခွင့်အရေးယူကြတယ်။ အမျိုးသားတွေက အခွင့်အရေး ယူတယ်၊ အနိုင်ရတယ်။ အမျိုးသမီးတွေက ဖက်ရွက်နဲ့ တူတယ်၊ အမျိုးသားတွေက ဆူးနဲ့ တူတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် ဖက်ပဲ နာတယ်၊ ဖက်ပဲပေါက်တယ်။

(မင်းပြားမြို့နယ်မှ အသက် ၂၆ နှစ်မှ ၄၀ နှစ်အရွယ်ရခိုင်၊ ဗုဒ္ဓဘာသာဝင်အမျိုးသားများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

မီဒီယာများတွင်တွေ့ရသည့် အမျိုးသမီးများအား မတရားမှုကျူးလွန်သည့် သီးခြားပုံသဏ္ဍာန်တစ်ခုမှာ ယဉ်ကျေးမှုနှင့်လူမှုစံနှုန်းများကို မလိုက်နာသည့်အတွက် အမျိုးသမီးများအား ဒဏ်ခတ်သည့်ဇာတ်အိမ်များ ဖြစ်ပါသည်။ ဤသည်ကို ရုပ်ရှင်နှင့်ဝတ္ထုများတွင် အများအားဖြင့်တွေ့ရလေ့ရှိပြီး၊ အမျိုးသမီးမဂ္ဂဇင်းများတွင် ပါဝင်သည့်အကြောင်းအရာများအား ခွဲခြမ်းစိတ်ဖြာ သုံးသပ်ရာတွင်လည်းတွေ့နိုင်ပါသည်။ (အခန်း ၁၄.၁၀.၄တွင်ကြည့်ပါ)။

ဟိုးအရင်ကတည်းက ပုံနှိပ်မီဒီယာမှာရော၊ ရုပ်သံတွေမှာရော အမျိုးသမီးတွေကို အရေးမပါတဲ့လူသားတွေအဖြစ် ပုံဖော်ခဲ့ကြတယ်။ လူတို့က အမျိုးသမီးဆိုရင် မှီခိုသူ၊ အားနွဲ့သူလို့ပဲ အလွယ်တကူ ထင်ကြတယ်။ အမျိုးသမီးတစ်ယောက်ရဲ့တန်ဖိုးကို မိသားစုအတွက် ဘယ်လောက် အထောက်အကူပေးနိုင်တယ်ဆိုတာနဲ့ပဲ တိုင်းတာကြတယ်။ ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲမှာ အမျိုးသမီးတွေကို လိင်ဆိုင်ရာအဖြည့်ခံ ရုပ်ဝတ္ထုအနေနဲ့ပဲထည့်ကြတယ်။ ဇာတ်ကောင်ကတော်တဲ့၊ ထက်မြက်တဲ့ အမျိုးသမီးခေါင်းဆောင်ဖြစ်နေရင် ဇာတ်လမ်းအရ နောက်ဆုံးမှာ ဒဏ်ခတ်ခံရလိမ့်မယ်။ အမျိုးသမီးကို ခေါင်းဆောင်နေရာက အသားပေးတဲ့၊ ပျော်ပျော်ရွှင်ရွှင် အောင်အောင်မြင်မြင်နဲ့ ဇာတ်သိမ်းတဲ့ ရုပ်ရှင်မျိုးဆိုတာ အရမ်းရှားပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ရုပ်ရှင်မင်းသမီးတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

အောက်ဖော်ပြပါဇာတ်လမ်းတွင် ကျန်းမာရေးသိက္ခာဆိုင်ရာ ယဉ်ကျေးမှုစံနှုန်းများကို မလိုက်နာသည့် အမျိုးသမီးများအား ဒဏ်ခတ်သည့် နည်းလမ်းကို သတင်းရေးသားရာတွင် (မှုခင်းသတင်း ရေးသားရာ၌) မည်သို့ထည့်သွင်း အသုံးပြုထားသည်ကို တွေ့နိုင်ပါသည်။

မုဒိမ်းမှုတွေ အထူးသဖြင့် သက်ငယ်မုဒိမ်းမှုတွေကို အဓိကဖော်ပြတဲ့ မှုခင်းဂျာနယ်တစ်စောင်ရှိတယ်။ မုဒိမ်းကျင့်ခံရတဲ့ မိန်းကလေးတချို့ဆို ၄ နှစ်သမီးလောက်ပဲ ရှိမယ်၊ ပထွေးက ကျူးလွန်တာ။ ဒီဆောင်းပါးထဲမှာ ကလေးတွေကို ပထွေးက ကျူးလွန်တဲ့ မုဒိမ်းမှု ၆ မှု၊ ၇ မှု လောက်ပါတယ်။ ဒါပေမဲ့ ဆောင်းပါးမှာ အသားပေးဖော်ပြထားတာက ခေါင်းစီးတပ်ထားကတည်းက 'အမျိုးသမီးများသတိပြု၊ မိမိပျော်ရွှင်မှုအတွက် နောက်အိမ်ထောင်မပြုသင့်ပါ'လို့ ရေးထားတယ်။ ဒါကို မီးမောင်းထိုးပြထားတယ်။ သတင်းထောက်က အဓိကအသားပေးပြောချင်တာ ဒါပဲ။ တကယ်တမ်းကျတော့ ဒါကစံနှုန်းတွေကနေ ဖြစ်လာတာ။ ဒီလို အမှုအခင်းဖြစ်ရင် အမေတွေက အရင်ဆုံးအပြစ်တင်ခံရတယ်။ ဆောင်းပါးမှာပါတဲ့ 'အမျိုးသမီးများ သတိပြု' ဆိုတဲ့သတင်းစကားက ကိုယ်ကတစ်ခုလပ် ဒါမှမဟုတ် မုဆိုးမဆိုရင် သတိထားရမယ်၊ ကိုယ့်ဂုဏ်သိက္ခာကို ထည့်စဉ်းစားရမယ်၊ နောက်အိမ်ထောင်ပြုဖို့ အညှာမလွယ်ရဘူး၊ ကျန်းမာမဲ့ရဘူးဆိုတာ နားလည်ထားရမယ်။ ဒီတော့ ဒါဟာတန်းတူညီမျှမှုမဖြစ်တဲ့ နောက်ထပ်စံနှုန်းတစ်ခုပဲ။ မုဒိမ်းမှုဖြစ်တိုင်းမှာ ဆောင်းပါးတွေ၊ မီဒီယာတွေမှာ ဒီစကားလုံးတွေနဲ့ မီးမောင်းထိုးပြတယ်၊ အပြစ်တင်တယ်၊ အမျိုးသမီးတွေကို အရမ်းအပြစ်တင်ကြတယ်။ အဲဒီနေရာကို ဘာဖြစ်လို့ တစ်ယောက်တည်းသွားတာလဲ။ ဘာကြောင့် ဒီလိုလုပ်တာလဲ။ ပြီးတော့ ဒီလိုယောက်ျားမျိုးနဲ့ဘာဖြစ်လို့ လက်ထပ်သလဲ။ ဒါတွေက လူ့အဖွဲ့အစည်းတစ်ခုလုံး အလွတ်ကျက်ထားကြတဲ့မေးခွန်းတွေပဲ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီးခေါင်းဆောင်၂ နှင့် တွေ့ဆုံမေးမြန်းခြင်း)

၁၂.၄ အမျိုးသမီးများအား ရုပ်ဝတ္ထုနှင့် လိင်ဆွဲဆောင်မှု ပစ္စည်းအဖြစ် အသုံးပြုခြင်း

ယဉ်ကျေးမှုစောင့်ထိန်းရေးတွင် အထောက်အကူဖြစ်စေရန်အတွက် အမျိုးသမီးများ လုံလုံခြုံခြုံဝတ်ဆင်ရေး တောင်းဆိုချက်များသည် မမြင်အပ်သည့် အမျိုးသမီးများ၏ခန္ဓာကိုယ်အစိတ်အပိုင်းကို လူသိရှင်ကြား ထုတ်ဖော်ပြခြင်းသည် မသင့်လျော်ဟုယူဆကြသည့်အပေါ် တုံ့ပြန်ခြင်း ဖြစ်ပါသည်။ ကြော်ငြာများတွင် စီးပွားရေးအကျိုးအမြတ်အတွက် အမျိုးသမီးများ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို ရုပ်ဝတ္ထုနှင့် လိင်ဆွဲဆောင်မှုပစ္စည်းအဖြစ် အသုံးပြုသည့်အပေါ်မှာလည်း ဝေဖန်မှုများ ထွက်ပေါ်လာပါသည်။ ထိုဝေဖန်သံများသည် အမျိုးသမီးများ၏ ခန္ဓာကိုယ် အစိတ်အပိုင်းများကို စီးပွားရေးအရအသုံးပြုခြင်းကို နားလည်သဘောပေါက်ပြီး၊ အပြောင်းအလဲကိုမြင်လိုသည့် အမျိုးသမီးများထံမှ ဖြစ်ပါသည်။

စီးပွားရေးအရငွေရှာဖို့ အမျိုးသားတွေကို လိင်ပိုင်းဆိုင်ရာအရဆွဲဆောင်တဲ့ အလှအပပစ္စည်းတစ်ခုလို အမျိုးသမီးတွေကိုသုံးကြတယ်။ ဥပမာအားဖြင့် မော်တော်ဆိုင်ကယ်ကြော်ငြာတစ်ခုမှာ စီးပွားရေးသမားက လိင်ပိုင်းဆိုင်ရာ ဆွဲဆောင်ဖို့ အမျိုးသမီးတစ်ယောက်ကို ရင်သားဖော်ပြီး ကြော်ငြာ ရိုက်ခိုင်းတယ်။

(မြစ်ကြီးနားမြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ် ကချင်၊ ခရစ်ယာန်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

တီဗွီမှာကြည့်ရတဲ့ အမျိုးသမီးပုံတွေအကြောင်းပြောရရင် အမျိုးသမီးတွေကို အရက်ကြော်ငြာတွေမှာတွေ့ဖူးတယ်။ အမျိုးသမီးတွေ အရက်မသောက်ပေမယ့် သူတို့ကိုကြော်ငြာတွေမှာသုံးတယ်။ တကယ်ဆိုရင် အရက်ကြော်ငြာတွေမှာ အမျိုးသားသရုပ်ဆောင်တွေကိုသုံးသင့်တယ်လို့ ကျွန်မထင်တယ်။

(သံဖြူဇရပ်မြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ် မွန်၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

လူထုမီဒီယာနှင့် အမျိုးသမီးများ၏ ကြော်ငြာပုံရိပ်များကို မည်သို့မြင့်တင်မည်ဆိုသည့် အသေးစိတ်အဆိုပြုချက်မရှိပါ။ သို့ရာတွင် တွေ့ဆုံမေးမြန်းခဲ့သည့် စာရေးဆရာမတစ်ဦးက အခင်းအကျင်းကိုပြောင်းနိုင်သည့် အခွင့်အရေးရှိလျှင် အမျိုးသမီးများအား ရုပ်ဝတ္ထုနှင့် လိင်ဆွဲဆောင်မှုပစ္စည်းအဖြစ်ဖော်ပြသည့် လှည့်ကွက်အတွင်းမဝင်မိစေရန် သတိပေးထားပါသည်။ အမျိုးသမီးများ (နှင့်အမျိုးသားများ) အား ကွဲပြားစွာပုံဖော်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများသည် အမျိုးသမီးနှင့် အမျိုးသားများတွင် အစဉ်အလာ ကျား၊ မ ရေးရာ စံနှုန်းများ မည်မျှနက်ရှိုင်းစွာ အမြစ်တွယ်နေသည်ကို ပြသနေပါသည်။

မဂ္ဂဇင်းမျက်နှာဖုံးမှာ မိန်းကလေးရုပ်ပုံနဲ့ဆိုရင် ရောင်းကောင်းတယ်လို့ ယူဆပြီးတော့ အဖော်အချွတ် မိန်းကလေးပုံတွေကို သုံးကြတယ်။ အလှကုန်ပစ္စည်းတို့၊ အိမ်အလှဆင်ပစ္စည်းတို့ဆိုရင် မိန်းကလေးပုံတွေကို သုံးတယ်၊ စီမံခန့်ခွဲမှုတို့၊ ခေါင်းဆောင်မှုတို့နဲ့ဆိုင်တဲ့ ကြော်ငြာတွေဆိုရင် အမျိုးသားတွေရဲ့ပုံကို သုံးတယ်။ အမျိုးသမီးပုံတွေကိုတော့ ရောင်းကုန်ပစ္စည်းတွေကြော်ငြာဖို့နဲ့ ဒုက္ခသည်တွေအဖြစ် ဖော်ပြတဲ့အခါမှာသုံးတယ်။ ဥပမာအားဖြင့် ဘေးအန္တရာယ်ကျတာ၊ ပြဿနာဖြစ်တာမျိုးမြင်ကွင်းကို ပြချင်ရင် နိုင်ငံတကာရော၊ ပြည်တွင်းရော မီဒီယာ နှစ်ခုစလုံးက အမျိုးသမီးတွေနဲ့ ကလေးတွေရဲ့ပုံတွေကို သုံးကြတယ်။ ဒီလိုမြင်ကွင်းမျိုးကို အမျိုးသားတွေနဲ့ ရိုက်ပြရင် မရလို့ထင်တယ်။ ပိုဆိုးတာက ဒီလိုပြဿနာတွေ၊ ဘေးအန္တရာယ်တွေကြုံတဲ့အခါ အမျိုးသမီးတွေက ပိုပြီးစိတ်ထိခိုက်လွယ်တယ်။ ဒီတော့ ကျွန်မကိုယ်တိုင် အမျိုးသမီးဖြစ်ပေမယ့် ကိုယ်ပေးချင်တဲ့မက်ဆေ့ချ်နဲ့ ပိုပြီး သင့်လျော်အောင် နောက်ဆုံးမှာအမျိုးသမီးတွေကိုပဲ ရွေးရတယ်။ ကျွန်မ အမြဲတမ်းပြောလေ့ရှိတာက ကျွန်မတို့အမျိုးသမီးတွေအနေနဲ့ ကိုယ့်ပုံရိပ်ကို ပြောင်းဖို့ ကြိုးစားကြရမယ်။ ကိုယ့်ကိုယ်ကိုယ် ရောင်းကုန်ပစ္စည်းတွေ၊ ဒုက္ခရောက်သူတွေအဖြစ်လက်ခံထားတဲ့ ခံယူချက်ကို ဆက်လက်စွဲကိုင်နေသရွေ့တော့ ကျွန်မတို့ ဘယ်တော့မှရှေ့ရောက်မှာမဟုတ်ဘူး။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ စာရေးဆရာမတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

၁၂.၅ အမျိုးသမီးနှင့်အမျိုးသားများအတွက် ပုံသေကားကျဖြစ်၍ ကျဉ်းမြောင်းသည့် အခန်းကဏ္ဍများ

ကျား၊ မ ရေးရာ တန်းတူညီမျှရေးဆောင်ရွက်နေကြသည့် လေ့လာမှုတွင် ပါဝင်သူများနှင့် အချို့သောရပ်ရွာဒေသခံများတွင် တန်းတူညီမျှရေးအတွက် အလားအလာအားဖြင့် အပေါင်းလက္ခဏာဆောင်သည့် မီဒီယာက လုပ်ဆောင်နိုင်သည့်အခန်းကဏ္ဍကို ထိန်းချုပ်အသုံးချခြင်း မရှိဆိုသည့် အမြင်ရှိနေပါသည်။ အပေါင်းလက္ခဏာဆောင်သည့် စံနမူနာအဖြစ် အတိုင်းအတာတစ်ခုအထိ လုပ်ဆောင်နိုင်သော်လည်း များစွာကျန်ရှိနေပါသေးသည်။ မီဒီယာတွင် အမျိုးသမီးများအား ပုံသေကားကျ ဖော်ပြခြင်းများသည် အမျိုးသမီးများကို ကျယ်ကျယ်ပြန့်ပြန့်နေရာမပေးလိုသည့် ၎င်းတို့၏သဘောထားဖြစ်သည်ဟု ဝေဖန်ကြပါသည်။ ထို့အပြင် အမျိုးသမီးများအား မတရားဖိနှိပ်၍ မမျှတစွာ တာဝန်ယူခိုင်းသည့် မီဒီယာဖော်ပြချက်များကို ဦးတည်ဝေဖန်ကြပါသည်။

မိသားစုအတွက် အနစ်နာခံတဲ့ အမျိုးသမီးတွေက တကယ်လေးစားဖို့ကောင်းပါတယ်၊ စွန့်လွှတ်အနစ်နာခံတယ်၊ မိသားစုကောင်းစားဖို့ တစ်ကိုယ်ရေကောင်းစားရေးနဲ့လဲတယ်။ ဒီလိုမျိုးတွေကို ကဗျာတွေ၊ ရုပ်ရှင်တွေမှာလည်း တွေ့ရပါတယ်။ ဒါတင်မကသေးဘူး၊ ကဗျာတွေမှာဆိုရင် အမျိုးသမီးတွေရဲ့ အလှအပကိုပဲရေးကြတယ်။ ပြီးတော့ ယဉ်ကျေးမှုကိုထိန်းသိမ်းတဲ့ ဓလေ့ထုံးစံတွေကို လေးစားလိုက်နာတဲ့ စံနှုန်းတွေကိုတန်ဖိုးထားတဲ့ အမျိုးသမီးတွေဟာ ဘယ်လိုတန်ဖိုးရှိတယ်၊ ဘယ်လိုလေးစားစရာကောင်းတယ်ဆိုတာတွေပေါ့။ ဒီလိုမျိုးအဆုံးအမတွေက သတင်းတွေ၊ မီဒီယာတွေမှာပျံ့နှံ့နေတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အကြီးတန်းအမျိုးသမီးခေါင်းဆောင် ၄ နှင့် တွေ့ဆုံမေးမြန်းခြင်း)

ရပ်ရွာဒေသခံများအကြား မီဒီယာတွင် အမျိုးသမီးများ ရရှိသည့်နေရာနှင့် အခန်းကဏ္ဍအကြောင်းကို လွန်စွာစိတ်ဝင်တစားရှိကြပါသည်။ လက်ရှိ ကျား၊ မ ရေးရာဆက်ဆံရေးများနှင့် ကျား၊ မ ရေးရာအလိုက် အလုပ်ခွဲခြားလုပ်ကိုင်ခြင်းတို့ အပေါ် ပြဿနာဟု မယူဆသည့် အစုအဖွဲ့အချို့က မီဒီယာသည် အခြေအနေကိုဖြစ်သင့်သည့်အတိုင်း တိတိကျကျထင်ဟပ်သည်ဟု ယူဆကြပါသည်။

မီဒီယာမှာ အမျိုးသားနဲ့ အမျိုးသမီးတွေကို တင်ပြတဲ့အခါ မတူတာတွေ အများကြီးရှိပါတယ်။ သူတို့ရဲ့သဘာဝအရ အမျိုးသားနဲ့အမျိုးသမီးမတူတဲ့ ဇာတ်ကောင်တွေအနေနဲ့ သရုပ်ဆောင်ကြရတယ်။ ဥပမာအားဖြင့် အမျိုးသားတွေ မီးဖိုချောင်ထဲမှာ အလုပ်လုပ်တာလည်းပါချင်ပါမယ်၊ ဒါပေမဲ့ များသောအားဖြင့် ရုပ်ရှင်ထဲမှာ အမျိုးသမီးတွေအိမ်မှုကိစ္စလုပ်ကြရတယ်။ ဒါက ကျွန်မတို့လူ့အဖွဲ့အစည်းရဲ့ အစဉ်အလာနဲ့ဓလေ့ပဲ။

(ဘိုကလေးမြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ် ဗမာ၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အမျိုးသမီးတွေနဲ့ပတ်သက်ရင် အလှအပ၊ အချက်အပြုတ်တို့လိုဟာတွေကို ကျွန်တော်တို့သဘောကျပါတယ်။ အားကစားအစီအစဉ်တွေက အမျိုးသားတွေအတွက်ပဲ။ ကျွန်တော်တို့မှာ အားကစားအကြောင်းဆွေးနွေးတဲ့ အထူးအစီအစဉ်တစ်ခု ရှိတယ်။ အမျိုးသား နှစ်ယောက်၊ သုံးယောက်ထိုင်ပြီး အားကစားနဲ့ ဘောလုံးအကြောင်း ဆွေးနွေးကြတယ်။ အမျိုးသားအများစုက ဒီအစီအစဉ်ကို စိတ်ဝင်စားကြတယ်။ မြန်မာအမျိုးသား အများစုက ဘောလုံးကိုကြိုက်တာကိုး။ ဒီအစီအစဉ်က အမျိုးသားတွေအတွက် အထူးအစီအစဉ်လို့ ကျွန်တော်ထင်တယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ပြန်ကြားရေးအရာရှိတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ကျား၊ မ ရေးရာ ဆက်ဆံရေးကို မေးခွန်းထုတ်သူများက မီဒီယာ၏ အမျိုးသမီးပုံရိပ်ဖော်ပြမှုသည် ပုံသေကားကျဖြစ်နေသည်ဟု ယူဆကြပြီး ပိုမိုဝေဖန်ကြပါသည်။

ကျွန်မဖတ်ခဲ့ဖူးတဲ့စာအုပ်တစ်အုပ်ထဲမှာ မိန်းကလေးတစ်ယောက်ကို ယောက်ျားလေးတွေကဝိုင်းစလို့ အစမခံရအောင် အလှကုန်ပစ္စည်းကို သုံးဖို့တိုက်တွန်းထားတဲ့ ကြော်ငြာပါတယ်။ ဒီလို ကြော်ငြာမျိုးကို မိန်းကလေးတွေကနားလည်မှုလွဲပြီး၊ သူတို့မလှရင် ယောက်ျားလေးတွေ စတာခံရလိမ့်မယ်လို့ ထင်သွားနိုင်တယ်။ ပြီးတော့ အဝတ်လျှော်ဆပ်ပြာမှုန့် ကြော်ငြာတွေအများစုမှာ အဝတ်လျှော်နေသူတွေအားလုံးက အမျိုးသမီးတွေချည်းပဲ။

(မင်္ဂလာတောင်ညွန့်မြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ် မွတ်စလင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

၁၂.၅.၁ မီဒီယာနှင့် တဖြည်းဖြည်း ပြောင်းလဲလာသည့် ကျား၊ မ ရေးရာ အခန်းကဏ္ဍ

ဦးတည်အုပ်စုဆွေးနွေးမှုအနည်းငယ်တွင် အမျိုးသမီးများက ၎င်းတို့အတွက် အခန်းကဏ္ဍများ ပိုမိုများပြားလာသည်ဟုယူဆကြကြောင်း အပြုသဘော ပြောဆိုကြပါသည်။ အထူးသဖြင့် နိုင်ငံခြားရုပ်ရှင်များတွင် စီမံခန့်ခွဲမှု အခန်းကဏ္ဍများတွင် ဖြစ်ပါသည်။ ဧရာဝတီတိုင်းဒေသကြီးမှ လေ့လာမှုတွင် ပါဝင်သူအမျိုးသမီးများက ၎င်းတို့၏ ရပ်ရွာဒေသများနှင့် နိုင်ငံအတွင်းလေ့လာတွေ့ရှိရသည့် အပြောင်းအလဲများနှင့် အမျိုးသမီးများ ပို၍ ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုလာခြင်းကို ချိတ်ဆက်ဆွေးနွေး ကြပါသည်။

ခုခေတ် ရုပ်ရှင်တွေမှာ အမျိုးသမီးတွေက စီမံခန့်ခွဲတဲ့ ရာထူးတွေမှာ အမျိုးသားတွေလိုပဲ ပါဝင်လာကြပါပြီ။ အမျိုးသမီးတွေကပိုပြီးမြင့်တဲ့ အစိုးရရာထူးတွေ၊ အစိုးရဝန်ကြီးတွေလိုမျိုးတောင်မှ ပြောင်းပြီးသရုပ်ဆောင် နေကြပါပြီ။ အမျိုးသမီးတွေကိုရုပ်ရှင်ထဲမှာ အမျိုးသားတွေလို ခေါင်းဆောင်မှု အခန်းတွေမှာမြင်ရတာ အရမ်းဝမ်းသာကျေနပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီနေ့ခေတ်မှာ ကျွန်မတို့က မိသားစုအတွက် ရုန်းကန်နေရတယ်၊ ယောက်ျားတွေရဲ့ဝင်ငွေအပေါ်မှာပဲ မှီခိုနေလို့ မရ တော့ဘူး။ ဒီနေ့ခေတ်မှာ အမျိုးသမီးတွေအပေါ် ခွဲခြားဆက်ဆံတာတွေ လျော့သထက်လျော့လာပြီလို့ ပြောလို့ရပါတယ်။ ကျွန်မကဂျာနယ်တွေ၊ မဂ္ဂဇင်းတွေဖတ်တယ်၊ ခုဆိုရင် NGO အဖွဲ့တွေက ကျွန်မတို့ကို သင်တန်းတွေလာပေးတယ်။ NGO တွေက ကျား၊ မ ရေးရာ တန်းတူညီမျှရေးနဲ့ အမျိုးသမီးအခွင့်အရေးတွေအကြောင်း ပညာပေး သင်တန်းတွေပေးတယ်။ အရင်တုန်းက အမျိုးသမီးတွေကို ဒီလို အစည်းအဝေးမျိုးကို တက်ခွင့်မပေးကြဘူး။ ဒါပေမဲ့ခုတော့ ကျွန်မတို့ကို ထည့်စဉ်းစားကြပါတယ်။

(ဘိုကလေးမြို့နယ်မှ အသက် ၄၀ နှစ်နှင့်အထက် ဗမာ၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

ခုဆိုရင် အမျိုးသမီးတွေ ရုပ်ရှင်ထဲမှာ ပိုပြီးလွတ်လွတ်လပ်လပ်သရုပ်ဆောင် ကြတယ်။ အရင်တုန်းကအမျိုးသမီးတွေဟာ အရမ်းရှက်တတ်ပြီး၊ တားမြစ်ခံခဲ့ရတော့ အိမ်မှုကိစ္စတွေပဲလုပ်ကြရတယ်။ ဒါပေမဲ့ ခုတော့ အိမ်အပြင်က ဇာတ်ဝင်ခန်းတွေမှာ သူတို့သရုပ်ဆောင်နေကြပါပြီ။

(မြစ်ကြီးနားမြို့နယ်မှ အသက် ၁၈ နှစ်မှ ၂၅နှစ်အရွယ် ကချင်၊ ခရစ်ယာန်အမျိုးသမီးများ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု)

အဆက်အစပ်ရှိ၍ ယုံကြည်ရသည့်မီဒီယာအဖြစ် ဆက်လက်ရပ်တည် နိုင်ရေးအတွက် မီဒီယာသည် လူမှုရေးအပြောင်းအလဲများကို မျက်ခြည် မပြတ်ရန် လိုအပ်သည်ဆိုသည့်အမြင်လည်း မီဒီယာပညာရှင်များအကြား တွင် ရှိနေပါသည်။

ကျွန်တော်တို့ရဲ့ရုပ်ရှင်တွေက ခေတ်နဲ့အရမ်းမကွာဖို့လိုတယ်။ လက်ရှိခေတ်ရဲ့ လူမှုစံနှုန်းတွေနဲ့ မြန်မာလူမျိုးတွေရဲ့အစဉ်အလာ၊ ယဉ်ကျေးမှု၊ စရိုက် လက္ခဏာတွေကြားမှာ ပါးပါးနပ်နပ်ချိန်ညှိနိုင်ဖို့လိုတယ်။ ဒီနေ့ခေတ် ရုပ်ရှင်ကားထဲမှာ ရိုးရာအဝတ်အစားတွေ (ထိုင်မသိမ်းနဲ့ရင်ဖုံး) ကို ဝတ်ဖို့မသင့်လျော်ဘူး။ အဓိကအချက်ကမြန်မာ့စိတ်ဓာတ်ကို ခေတ်မီတဲ့လူတွေ၊ အဝတ်အစားတွေနဲ့ အံဝင်ခွင်ကျဖြစ်အောင်လုပ်ပေးဖို့ ပဲ။ အရင်ကနဲ့စာရင် ခုခေတ်မှာ အမျိုးသမီးတွေ အများကြီးအရည်အချင်း ရှိလာပြီ။ ဒီနေ့ခေတ် ကျွန်တော်တို့နိုင်ငံမှာ ကားတွေအများကြီး။ လမ်းမှာကြည့်လိုက်ရင် ယာဉ်မောင်းအများစုက အမျိုးသမီးတွေပဲ။ ဒီတော့ ရုပ်ရှင်ထဲမှာ အမျိုးသမီးတွေကို ယာဉ်မောင်းသူနေရာကထားဖို့လိုတယ်။ အရင်တုန်းက အမျိုးသားတွေပဲ ကားမောင်းပြီး အမျိုးသမီးတွေကထို င်ပြီးလိုက်တယ်။ ဒါပေမဲ့ ခုခေတ်မှာတော့ တကယ့်လက်တွေ့ဘဝမှာ အမျိုးသမီးတွေကကားမောင်းတယ်၊ မိသားစုကိုလည်းဦးဆောင်တယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ရုပ်ရှင်ဒါရိုက်တာတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

၁၂.၆ ကျား၊ မ ရေးရာနှင့် မီဒီယာလုပ်ငန်း

အမျိုးသားနှင့် အမျိုးသမီးကိုယ်စားပြုမှုအားဖြင့် မီဒီယာ၏‘ဖော်ပြချက်’ ကို ဆွေးနွေးပြီးသည့်အခါ ယခုတစ်ဖန် မီဒီယာကို စီးပွားရေးလုပ်ငန်း အဖြစ် ကြည့်ပါမည်။ ဤတွင် မီဒီယာလုပ်ငန်း၌ အမျိုးသမီးများ တန်းတူ ပါဝင်ပုံဖော်ခွင့်ကို ထိန်းချုပ်ထားသည့် ယဉ်ကျေးမှုစံနှုန်းများကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။ တွေ့ဆုံမေးမြန်းခဲ့သည့် မီဒီယာ ပညာရှင်အများစုက မီဒီယာလုပ်ငန်းတွင် စာရေးသူ၊ ဇာတ်ညွှန်းရေးသူ၊ ရုပ်ရှင်ဒါရိုက်တာစသည်ဖြင့် အမျိုးသမီးမရှိသလောက်နည်းသည်ကို ထောက်၍ ကျား၊ မ ရေးရာတန်းတူညီမျှမှုမရှိခြင်းကို လက်ခံကြပါသည်။ ထိုအတွက် အကြောင်းပြချက်များကိုမူ အားလုံးသဘောတူကြသည် မဟုတ်ပါ။ အမျိုးသားအနုပညာကြယ်ပွင့်များကို ပိုမိုနှစ်သက်ကြသည့် ဈေးကွက်တောင်းဆိုမှုသည် ရုပ်ရှင်များတွင် မင်းသမီးများ ခေါင်းဆောင် နေရာမရခြင်းအတွက် ရှင်းလင်းချက်တစ်ခုဖြစ်ပါသည်။ လူတို့၏ နိစ္စဓူဝ လုပ်ရပ်များတွင် ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ ကျား၊ မ ရေးရာမညီမျှမှုကို နည်းလမ်းများစွာဖြင့် ဆက်လက်ဖြစ်နေစေသည်ကို ဤသို့သော ဆွေးနွေးမှုများက မီးမောင်းထိုးပြနေပါသည်။

ဒီနေ့ခေတ်မှာပရိသတ်တွေက မင်းသားတွေကို ပိုပြီးတောင်းဆိုကြသည်။ ဥပမာ ပရိသတ်တစ်ယောက်က ဗွီစီဒီခွေငှားဆိုင်မှာခွေငှားတဲ့အခါ နေတိုး၊ ပြေတီဦး၊ အောင်ရဲလင်း၊ မြင့်မြတ်စသဖြင့် မင်းသားနာမည်တွေကို မေးကြတယ်။ မင်းသမီးနာမည်တွေကိုမေးပြီး ဘယ်တော့မှငှားမှာမဟုတ်ဘူး။ တစ်နိုင်ငံလုံးမှာဒီအတိုင်းပဲ။ ဒီတော့ထုတ်လုပ်သူကလည်း ပရိသတ် အကြိုက် မင်းသားကိုအဓိကထားရိုက်ရတယ်။ မင်းသမီးတွေကို မမေးကြတဲ့အကြောင်းက မင်းသားတွေကစပြီး ရုပ်ရှင်ရိုက်ကတည်းက ရုပ်ရှင်ထဲမှာ အရမ်းခက်တဲ့၊ လေးနက်တဲ့ဇာတ်ကောင်စရိုက်တွေကို ရွေးပြီးရိုက်ရတယ်။ ဒါပေမဲ့ မင်းသမီးအများစုကျတော့ ခေါင်းဆောင် နေရာကိုမရွေးဘဲ မင်းသားရဲ့ ဇာတ်ကောင်စရိုက်အတိုင်း လိုက်ဖြည့် ရတယ်။ မင်းသမီးတွေချည်းပဲပါတဲ့ရုပ်ရှင်ကားကို ဘယ်သူမှကြည့်မှာ မဟုတ်ဘူး၊ သေချာတယ်။ ဗွီစီဒီခွေငှားဆိုင်မှာ ပရိသတ်တွေက မင်းသမီးနာမည်တပ်ပြီးမေးတဲ့အခါကျမှ မင်းသမီးတွေက မင်းသားတွေကို ကျော်နိုင်မယ်။ ထုတ်လုပ်သူကတော့ ပရိသတ်တောင်းဆိုတဲ့အတိုင်း

ရွေးမှာပဲ။ ပရိသတ်တွေက မင်းသမီးတစ်ယောက်ယောက်ကို နာမည်နဲ့ စပြီးတောင်းဆိုမှ ထုတ်လုပ်သူက မင်းသားကိုအဓိကမထားမှာ။ အဲဒီ မင်းသမီးကို သူထုတ်တဲ့ဇာတ်ကားတိုင်းမှာ သေချာပေါက်ထည့်ရိုက်မှာပဲ။ ဘာလို့လဲဆိုတော့ ရုပ်ရှင်ကြည့်ပရိသတ်တွေရဲ့ တောင်းဆိုမှုအတိုင်းလုပ်မှ (ရုပ်ရှင်က) ပိုက်ဆံရမှာလေ။ မင်းသမီးတွေအနေနဲ့ ရုပ်ရှင်တွေထဲမှာ ခေါင်းဆောင်နေရာက ကြိုးစားပြီး သရုပ်ဆောင်ရမယ်။ ဒီတော့မှ ပရိသတ်တွေက သူ့ကို ကြိုက်၊ မကြိုက်ဆုံးဖြတ်လိမ့်မယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ရုပ်ရှင်ဒါရိုက်တာတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

ဈေးကွက်ကြောင့်လည်း တစ်စိတ်တစ်ပိုင်းဖြစ်နိုင်တယ်။ ထုတ်လုပ်သူတွေရဲ့ သဘောထားအမြင်တွေကိုလည်း ထည့်တွက်ရမယ်။ ဒါရိုက်တာက အမျိုးသားဆိုရင် ရိုက်ကွင်းမှာပိုပြီးသြဇာညောင်းတယ်။ ပြောနိုင်ဆိုနိုင်တယ်လို့ ထင်ကြတယ်။ အမျိုးသားဒါရိုက်တာတွေက ရုပ်ရှင်တစ်ဖွဲ့သားလုံးအပေါ် ပိုပြီးလွှမ်းမိုးနိုင်တယ်လို့ ယူဆကြတယ်။ အမျိုးသမီးတွေကျတော့ ကျွန်မတို့မှာ တကယ့်ဒါရိုက်တာသင်တန်းတွေမရှိတဲ့အတွက် အားနည်းပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အမျိုးသမီးသရုပ်ဆောင်တစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ အခြားသော လုပ်ငန်းနယ်ပယ်များကဲ့သို့ပင် (အခန်း ၁၁ တွင် ဆွေးနွေးခဲ့ပြီး) အမျိုးသမီး သရုပ်ဆောင်များသည် အမျိုးသားသရုပ်ဆောင်များထက် ဝင်ငွေပိုနည်းကြောင်း မီဒီယာနှင့် ယဉ်ကျေးမှုပညာရှင်များက ပြောကြပါသည်။

မင်းသားတွေက ရုပ်ရှင်တစ်ကားကို ကျပ်သိန်း ၁၀၀၊၂၀၀အထိ[၆၁] ရတယ်၊ မင်းသမီးတွေကအများဆုံး သိန်း ၄၀ လောက်ပဲရတယ်လို့ ကျွန်တော် ကြားဖူးတယ်။ အဲဒီလိုဘာကြောင့်ဖြစ်သလဲဆိုတော့ လူတွေက ရုပ်ရှင်တွေ၊ ဗွီဒီယိုဇာတ်ကားတွေဝယ်တဲ့အခါ မင်းသားဘယ်သူလဲဆိုတာကိုပဲ စိတ်ဝင်စားတယ်၊ မင်းသမီးကို စိတ်မဝင်စားကြဘူး။ ဒါကြောင့် မင်းသားကပိုက်ဆံပိုရတယ်။ ဒါရိုက်တာအများစုကလည်း အမျိုးသားတွေပဲ။ တစ်ယောက်၊ နှစ်ယောက်လောက်ပဲ အမျိုးသမီးရှိတယ်။ အမျိုးသမီးတေးရေးသူ၊ ဇာတ်ညွှန်းရေးသူဆိုတာမရှိဘူး။ လက်ရှိမှာ ၅ ပုံ ၃ ပုံလောက်က အမျိုးသားတွေပဲ။ ဟိုတုန်းကဆိုရင် အမျိုးသမီး စာရေးဆရာမဆိုလို့ တစ်ယောက်စ၊ နှစ်ယောက်စလောက်ပဲ ရှိတယ်။ အရင်နဲ့စာရင်တော့ပိုများလာပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ယဉ်ကျေးမှုအရာရှိတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

အမျိုးသားနှင့် အမျိုးသမီးသရုပ်ဆောင်များ၏ အခွင့်အလမ်းမတူညီမှုများကို မီဒီယာပညာရှင်များနှင့်ဆွေးနွေးသည့်အခါ တစ်ဦးချင်း၏ သွင်ပြင်လက္ခဏာများအပေါ် အလေးထားသည်ကိုတွေ့ရပါသည်။ အမျိုးသားနှင့် အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်း ဘဝအခွင့်အလမ်းများတွင် မူဝါဒနှင့်အခြေခံပုံသဏ္ဍာန်များကြောင့် ပြဿနာပို၍ ဖြစ်နိုင်သည်ကို ဤသို့သောအမြင်အယူအဆက ဖုံးကွယ်ထားပါသည်။

အမျိုးသမီးတွေက အခွင့်အလမ်းကိုတိုက်မယူကြတဲ့အတွက် အခွင့်အလမ်းနည်းတယ်။ ကျွန်တော်တို့မိသားစုက ရုပ်ရှင်ဒါရိုက်တာမျိုးရိုးမဟုတ်ဘူး။ ဒီတော့ ဒါရိုက်တာဖြစ်ဖို့ ကျွန်တော်ရုန်းကန်ရတယ်၊ ကိုယ့်ဘာသာကိုယ် နည်းလမ်းရှာရတယ်။ အမျိုးသမီးတွေအနေနဲ့ဘဝမှာ အခက်အခဲတွေကို ကျော်လွှားဖို့နဲ့ ကိုယ်လိုချင်တာရဖို့ ကျွန်တော်တို့လိုသတ္တိရှိရမယ်။ ဒီလို သတ္တိရှိရင်သူတို့သမိုင်းကို သူတို့ကိုယ်တိုင်ရေးနိုင်မယ်၊ အမျိုးသမီးတွေက ကျွန်တော်တို့ထက်သာသွားရင် ကျွန်တော်တို့အရမ်းဝမ်းသာပါတယ်။ ဒါပေမဲ့ အမျိုးသမီးတွေလည်းအမျိုးသားတွေလိုပဲ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်လမ်းကိုယ်လျှောက်နိုင်ဖို့ လိုတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အမျိုးသားရုပ်ရှင်ဒါရိုက်တာတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

သတင်းစာပညာနှင့်စပ်လျဉ်း၍ အစဉ်အလာအားဖြင့် 'အမျိုးသမီးတို့၏ ပင်ကိုအရည်အချင်းများ' ဖြစ်သည့် 'စိတ်ရှည်သည်းခံခြင်းနှင့် စကားပြောချိုသာခြင်း' တို့ကိုအသုံးပြု၍ အစိုးရအရာရှိ (အများအားဖြင့်အမျိုးသား) များထံမှသတင်းရယူရာတွင် အမျိုးသမီးများသည် ဘဝတူအမျိုးသား သတင်းထောက်များထက် ပို၍ကျွမ်းကျင်သည်ဟု ယူဆကြပါသည်။ ငြင်းပယ်ခြင်းကို စိတ်ရှည်သည်းခံနိုင်ခြင်းသည် သတင်းစာပညာတွင် ရှိအပ်သော အမျိုးသမီးများ၏ ပင်ကိုအရည်အချင်းများအဖြစ် စံပြုထားပါသည်။ သို့ရာတွင် သတင်းစာပညာဖြင့် အသက်မွေးရာတွင် အမျိုးသမီးများအနေဖြင့် အမျိုးသားများထက် အောင်မြင်မှုရရှိရန် ပို၍ ခက်ခဲသည်ဟု ယူဆထားကြဆဲဖြစ်ပါသည်။ အမျိုးသမီးများသည် ဂုဏ်ပြုဆုများနှင့် အခြားပညာရပ်ဆိုင်ရာ အသိအမှတ်ပြုမှုရရှိနိုင်သည့် အခွင့်အရေးနည်းပါးသည်ဟုလည်း ဆိုကြပါသည်။ လေ့လာမှုတွင် ပါဝင်သူများနည်းတူ အမျိုးသမီးများတွင် ဤအလုပ်ကိုလုပ်ကိုင်ရန် အရည်အသွေးအမျိုးမျိုးနှင့် အမြင်အမျိုးမျိုးရှိသည်ဟု ကျွန်ုပ်တို့ ယုံကြည်လျှင် အမျိုးသမီးများအား ၎င်းတို့ အရေးကြီးသည်ဟုယူဆသည့် ကိစ္စရပ်များအတွက် သီးခြားလုပ်ပိုင်ခွင့်နှင့် အာရုံစိုက်လုပ်ဆောင်ရန် အားမပေးသည့်အခါ ပြဿနာဖြစ်လာပါသည်။ တွေ့ဆုံမေးမြန်းခဲ့သည့် အမျိုးသမီးသတင်းထောက်တစ်ဦးက 'အမျိုးသမီးရေးရာကိစ္စများ'ကို သတင်းရေးရာတွင် အရေးကြီးသည်၊ သတင်းဖြစ်သည်ဟု ယူဆလေ့မရှိဘဲ အယ်ဒီတာများကအားမပေးကြကြောင်း ပြောပြပါသည်။

စာရေးဆရာများတွင် အမျိုးသမီးစာရေးဆရာမ အနည်းငယ်သာ နာမည်ကျော် လူသိများကြပါသည်။ ၎င်းတို့အနက်အချို့သည် ၎င်းတို့၏ အရေးအသားများတွင် အစဉ်အလာမဟုတ်သော အမျိုးသမီး ဇာတ်ကောင်များ ဖန်တီးခြင်းအပါအဝင် ယဉ်ကျေးမှုစံနှုန်းများကို စမ်းသပ်ဖောက်ဖျက်ကြသူများ ဖြစ်ပါသည်။ အဆိုပါစာရေးဆရာမများကို မီဒီယာလောကတွင်သာမက အပြင်လောကတွင်ပါ အခြားအမျိုးသမီးများအတွက် စံထားစရာ၊ နမူနာယူစရာအဖြစ် ရည်ညွှန်းဖော်ပြကြပါသည်။ အမျိုးသမီးများ၏ မီဒီယာပုံရိပ်သာမက မီဒီယာပညာရှင်များအဖြစ် ကိုယ်စားပြုမှုတွင် အမှန်တကယ်အပြောင်းအလဲများ လိုအပ်နေကြောင်းကို ၎င်းတို့၏ ကျော်ကြားမှုက ပြသနေပါသည်။

ဆရာမကြီးဒေါ်ခင်မျိုးချစ်လို ကိုလိုနီလက်အောက်၊ လွတ်လပ်ရေးမရခင်ကတည်းက အမျိုးသမီးတွေရဲ့ ဘဝအကြောင်းရေးခဲ့ကြတဲ့ စာရေးဆရာမကြီးတချို့ရှိပါတယ်။ ဒေါ်ခင်နှင်းယုရဲ့ 'မိချို'ဝတ္ထုကြောင့် ကျွန်မ ခုချိန်အထိဆက်လက်ရပ်တည်ဖို့ သတ္တိတွေ၊ ခွန်အားတွေရခဲ့တာပါ။ မီဒီယာလောကမှာရှိတဲ့ အမျိုးသမီးတွေထဲက ဒေါ်ခင်မျိုးချစ်၊ ဒေါ်ခင်နှင်းယု၊ ဂျူးနဲ့ ခုနောက်မျိုးဆက်က စာရေးဆရာမတချို့ဟာ တကယ်မာတဲ့အမျိုးသမီးတွေပါ။ ရလဒ်အနေနဲ့သူတို့ ဝတ္ထုတွေထဲက ဇာတ်ကောင်တွေကလည်းသူတို့လိုပဲ စိတ်ဓာတ်ခိုင်မာကြတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ရုပ်ရှင်မင်းသမီးတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း)

၆၁။ ၁'သိန်း' ဆိုသည်မှာ ၁၀၀,၀၀၀ နှင့် ပမာဏ ညီမျှသည်။

၁၂.၇ ကျား၊ မ ရေးရာနှင့် ပုံနှိပ်မီဒီယာတွင် ဖော်ပြမှု အတိုင်းအတာ

အဓိကပုံနှိပ်မီဒီယာများတွင် အမျိုးသမီးများအား ဖယ်ထုတ်ထားပါသည်။ အောက်ဖော်ပြပါ ပုံ၁၀တွင်မြင်ရသည့်အတိုင်း အဓိကပုံနှိပ်မီဒီယာများ (သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများ)တွင် ဖော်ပြသည့်လူပုဂ္ဂိုလ်များ၏ ၂၀% မှ ၃၁% သည် အမျိုးသမီးများဖြစ်ပါသည်။ သတင်းစာများတွင် အမျိုးသမီးများအား ဖော်ပြမှုနှင့်စပ်လျဉ်း၍ယေဘုယျ ၂၂% ပျမ်းမျှရှိ၍၊ Daily Eleven News ၁၇%နှင့် မြန်မာ့အလင်း ၂၇.၅% ဖြစ်ပါသည်။ ခွဲခြမ်းစိတ်ဖြာသုံးသပ်ထားသည့် ဂျာနယ်များတွင် အမျိုးသမီးများ ယေဘုယျပါဝင်မှုမှာ ၃၁% ဖြစ်ပါသည်။ မဇ္ဈိမသတင်း ၄၂% သည် The Voice Weekly News ၂၂%၊ 7Day News ၂၃% နှင့် မြန်မာတိုင်းမ်စ် ၂၇%တို့နှင့် နှိုင်းယှဉ်လျှင် အမျိုးသားနှင့်အမျိုးသမီးများအား ပို၍မျှမျှတတဖော်ပြသည်ကို အထင်အရှားတွေ့ရပါသည်။ ခွဲခြမ်းစိတ်ဖြာသုံးသပ်ခဲ့သည့် တစ်ခုတည်းသော



ပုံ (၁၀) လိင်/ကျား၊ မ အလိုက် ပုံနှိပ်မီဒီယာတွင်ဖော်ပြမှု

မြန်မာအမျိုးသမီးဆိုင်ရာ ဆွေးနွေးပွဲ
အင်ဂျလီနာဂျိုလီ သဝဏ်လွှာပို့

ပုံ (၈) ၂၀၁၃ခုနှစ် နိုဝင်ဘာလ ၁၃ရက်ထုတ် The Voice ဂျာနယ်တွင်ဖော်ပြထားသည့် အင်ဂျလီနာဂျိုလီပုံ

ဓာတ်ပုံထဲမှာ ဘာပါသလဲ။

၂၀၁၃ ခုနှစ် နိုဝင်ဘာလက ရန်ကုန်မြို့တွင်ကျင်းပခဲ့သည့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံလုံးဆိုင်ရာအမျိုးသမီးများတွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံအတွင်းရှိ အဆိုပါကဏ္ဍများတွင် ကျွမ်းကျင်သူများသာမက နိုင်ငံရပ်ခြားမှ ငြိမ်းချမ်းရေးလှုပ်ရှားသူအများအပြား တက်ရောက်ခဲ့ကြပါသည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ အထူးသံတမန်နှင့် လိင်အကြမ်းဖက်မှုတားဆီးကာကွယ်ရေး လှုပ်ရှားမှုအဖွဲ့၏တွဲဖက်တည်ထောင်သူ အင်ဂျလီနာဂျိုလီက ငြိမ်းချမ်းရေးဖော်ဆောင်မှု၊ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် အုပ်ချုပ်မှုနှင့်အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အရေးပါသောကဏ္ဍများတွင် အမျိုးသမီးများပါဝင်ရန် လိုအပ်သည်ဟု အလေးထားတောင်းဆိုနေကြသည့်ကိုယ်စားလှယ်များထံ ထောက်ခံအားပေးကြောင်း သဝဏ်လွှာတစ်စောင်ပေးပို့ခဲ့ပါသည်။ အဆိုပါသတင်းကို နောက်တစ်နေ့ထုတ် ပြည်တွင်းသတင်းစာစောင်များတွင် မြန်မာနိုင်ငံ၏ ပုံမှန်မီဒီယာအသိုင်းအဝိုင်းက သဘောတူခွင့်ပြုမည်မဟုတ်သည့်အပြင် ဆောင်းပါးနှင့်လည်းဆက်စပ်မှုမရှိသည့် မစ္စဂျိုလီ၏ဓာတ်ပုံ (အပေါ် ဘယ်ပုံ)ဖြင့် ဖော်ပြထားပါသည်။ ဂျာနယ်အယ်ဒီတာ၏ ရွေးချယ်မှုနှင့် အထူးသံတမန်အဖြစ်မစ္စဂျိုလီ၏ လူမှုရေးနှင့်နိုင်ငံရေးဆောင်ရွက်သည့် နောက်ခံဖြင့်ဓာတ်ပုံအများအပြားရှိနေခြင်းကို ဆွေးနွေးပွဲနောက်တစ်ရက်တွင် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဖိုရမ်တွင်တင်ပြ၍ တက်ရောက်လာသူများအား မည်သည့်ဓာတ်ပုံကမည်သည့်သင်္ကေတဖြစ်သည်ကို ပြန်လည်ဆွေးနွေးစေခဲ့ပါသည်။ ထို့နောက်တွင် လူမှုမီဒီယာအကြောင်းဆက်လက်ဆွေးနွေးကြပြီး၊ ၎င်းတွင်ကိုယ်စားလှယ်များက ဝေဖန်ထားသည်ကို ဂျာနယ်အယ်ဒီတာသိရှိသွားပါသည်။ မီဒီယာလွတ်လပ်ခွင့်နှင့် လူမှုမီဒီယာအကြောင်းဆွေးနွေးကြခြင်းဖြစ်ပါသည်။

ယေဘုယျပရိသတ်ရှိသည့်မဂ္ဂဇင်းမှာ ရောဝတီမဂ္ဂဇင်းဖြစ်ပါသည်။ ၎င်းတွင် ဖော်ပြထားသည့် လူပုဂ္ဂိုလ်များတွင်အမျိုးသမီး ၂၀% သာ ပါဝင် ပါသည်။ အမျိုးသမီးနှင့်အမျိုးသားများအား ပို၍ တန်းတူဖော်ပြခြင်းကို မတွေ့မိ အမျိုးသမီးပရိသတ်များအတွက်ရည်ရွယ်သည့် မဂ္ဂဇင်းများကို လေ့လာရပါမည်။ လေ့လာသုံးသပ်ခဲ့သည့် အမျိုးသမီးဖတ် မဂ္ဂဇင်းများတွင် အမျိုးသမီးများအား ဖော်ပြမှုသည် ပျမ်းမျှ ၅၆% ရှိ၍၊ အပျိုစင် ၆၃%၊ ရွှေအမြုတေ ၅၀% နှင့် သရဖူ ၆၀% တို့ ပါဝင်ပါသည်။ လိင်ကူးပြောင်းသူများကို ဖော်ပြသည်မှာလည်း အဆိုပါမဂ္ဂဇင်းများတွင်သာ ဖြစ်သည်ကို တွေ့ရပါသည်။

၁၁·၇·၁ သတင်းအချက်အလက်နှင့် အမြင်သဘောထားရင်းမြစ်များ

ပုံနှိပ်မီဒီယာတွင် အမျိုးသမီး၊ အမျိုးသားနှင့် လိင်ကူးပြောင်းသူများအား ဖော်ပြမှုအတိုင်းအတာကိုလေ့လာပြီးသည့်အခါ ပုံနှိပ်မီဒီယာတွင် သတင်းအချက်အလက်နှင့် အမြင်သဘောထားရင်းမြစ်များသည် မည်သူတို့ ဖြစ်သည်ကိုဆက်၍ မေးခွန်းထုတ်ကြည့်ပါမည်။ ကိန်းဂဏန်းများသည် ယေဘုယျဖော်ပြမှု အချိုးများနှင့်ဆင်တူပြီး၊ ၁၉ မှ ၃၀% ကြား



ပုံ (၁၁) လိင်/ ကျား၊ မ အလိုက် ပုံနှိပ်မီဒီယာ၏သတင်းအချက်အလက်ရင်းမြစ်များ

ရှိပါသည်။ လေ့လာသုံးသပ်ခဲ့သည့်သတင်းစာများတွင် ဖော်ပြသည့် သတင်းအချက်အလက်နှင့် အမြင်သဘောထားရင်းမြစ်များအဖြစ် အမျိုးသမီးများက ပျမ်းမျှ ၂၂% ရှိ၍၊ Daily Eleven News ၁၇% နှင့် မြန်မာ့အလင်းသတင်းစာ ၂၆% အသီးသီး ဖြစ်ပါသည်။ ဂျာနယ်များတွင် အမျိုးသမီးသတင်းအချက်အလက် ရင်းမြစ်များသည် ပျမ်းမျှ ၃၀% ရှိ၍၊ The Voice Weekly News ၂၃%၊ 7Day News ၂၂%နှင့် မြန်မာတိုင်းမ်စ် ၂၅% တို့နှင့်နှိုင်းယှဉ်လျှင် မဇ္ဈိမသတင်း ၄၂% က ရင်းမြစ်အားဖြင့် ကျား၊ မ ရေးရာ ပို၍ မျှမျှတတဖော်ပြသည့်အတွက် ပျမ်းမျှရာခိုင်နှုန်း ပိုမို မြင့်မားပါသည်။ ရောဝတီမဂ္ဂဇင်းတွင် အမျိုးသမီးများသည် သတင်းအချက်အလက်ရင်းမြစ်အားဖြင့် ၁၉% သာပါဝင်ပါသည်။ အမျိုးသမီးပရိသတ်အတွက် ရည်ရွယ်သည့် မဂ္ဂဇင်းများတွင် လေ့လာသုံးသပ်မှု အမျိုးအစားကို ပါဝင်သော အကြောင်းအရာနှင့် တိုက်ရိုက် တွေ့ဆုံမေးမြန်းခန်းများဟူ၍ ခွဲခြားထားပါသည်။ စုစုပေါင်းရလဒ်တွင် တိုက်ရိုက်တွေ့ဆုံမေးမြန်း ဖော်ပြသည့်အမျိုးသမီး ပျမ်းမျှ ၄၉% ရှိသည့် အတွက် ကျား၊ မ ရေးရာ တန်းတူညီမျှနီးပါးဖြစ်သည်ဟုဆိုနိုင်ပြီး၊ အပျိုစင် ၅၀%၊ ရွှေအမြုတေ ၄၆%နှင့် သရဖူ ၅၂%အသီးသီး ဖြစ်ပါသည်။

၁၂·၇·၂ သတင်းအချက်အလက် ရင်းမြစ်များ

ပြောရေးဆိုခွင့်ရှိသူများ



ပုံ (၁၂) ကျား၊ မ အလိုက် ပုံနှိပ်မီဒီယာတွင် ပြောရေးဆိုခွင့်ရှိသူများ

အမျိုးသား၊ အမျိုးသမီး ပြောရေးဆိုခွင့်ရှိသူများ၏အချိုးနှုန်း လေ့လာဆန်းစစ်မှုကို အဓိကမီဒီယာရင်းမြစ်များတွင်သာ ဆောင်ရွက်ခဲ့ပါသည်။ အမျိုးသမီးများအား ဖော်ပြမှုနှင့် အမျိုးသမီးသတင်းအချက်အလက်၊ ရင်းမြစ်များ စသည်တို့နှင့်နှိုင်းယှဉ်လျှင် ယေဘုယျရလဒ်တွင် အမျိုးသမီးများ ကိုယ်စားပြုမှုပို၍နည်းသည်ကို တွေ့ရှိရပါသည်။ 'ပြောရေးဆိုခွင့်ရှိသူ' ဆိုသည်မှာ အသိအမှတ်ပြုထားသည့် ရာထူးတစ်ခုကို ကိုယ်စားပြု ပြောဆိုခြင်းဖြစ်သည့်အတွက် ဤလေ့လာဆန်းစစ်မှုတွင် လူ့အဖွဲ့အစည်းအတွင်း လုပ်ပိုင်ခွင့်မညီမျှခြင်းများကို ပို၍ထင်ထင်ရှားရှား တွေ့နိုင်မည်ဖြစ်ပါသည်။ လေ့လာဆန်းစစ်ခဲ့သည့် သတင်းစာများတွင် အမျိုးသမီးပြောရေးဆိုခွင့်ရှိသူ ပျမ်းမျှ ၁၇% ရှိ၍၊ Daily Eleven News ၁၆% နှင့် မြန်မာ့အလင်းသတင်းစာ ၁၉% တို့ ဖြစ်ပါသည်။ ဂျာနယ်များတွင်ပိုနည်းပြီး ပျမ်းမျှ ၁၃·၅%သာ ရှိပါသည်။ လေ့လာဆန်းစစ်မှုပြုလုပ်စဉ်အတွင်း The Voice Weekly တွင် အမျိုးသမီး ပြောရေးဆိုခွင့်ရှိသူ ၇% သာရှိပြီး၊ 7Day News တွင် တစ်ဦးမှမရှိပါ။ မဇ္ဈိမသတင်းတွင် ၂၁%နှင့် မြန်မာတိုင်းမ်စ်တွင် ၂၈% အသီးသီး ရှိပါသည်။ ယေဘုယျပရိသတ်ရှိသည့် မဂ္ဂဇင်းဖြစ်သည့် ရောဝတီတွင် ပြောရေးဆိုခွင့်ရှိသူ ၈၀% သည် အမျိုးသားများဖြစ်ပြီး ၂၀% သည် အမျိုးသမီးများ ဖြစ်ပါသည်။

၁၂·၇·၃ ကျွမ်းကျင်သူများ

ပြောရေးဆိုခွင့်ရှိသူအချိုးနှုန်းနှင့် နှိုင်းယှဉ်လျှင် အမျိုးသမီးများအား ကျွမ်းကျင်သူများအဖြစ် အနည်းငယ်ပိုမိုတွေ့ရှိရပါသည်။ လေ့လာဆန်းစစ်ခဲ့သည့်သတင်းစာများတွင် အမျိုးသမီးကျွမ်းကျင်သူပျမ်းမျှ ၃၇%ရှိပြီး၊ Daily Eleven News တွင် ၃၃% နှင့် မြန်မာ့အလင်းသတင်းစာတွင် ၅၀% ရှိပါသည်။ ဂျာနယ်များတွင် အမျိုးသမီး ကျွမ်းကျင်သူပျမ်းမျှ ၂၉% ရှိပြီး၊ The Voice Weekly News နှင့်



ပုံ (၁၃) ကျား၊ မ အလိုက် ပုံနှိပ်မီဒီယာ ကျွမ်းကျင်သူများ

မဇ္ဈိမ သတင်းတွင် ၃၃% နှင့် မြန်မာတိုင်းမ်စ်တွင် ၂၈% အသီးသီး ရှိပါသည်။ လေ့လာဆန်းစစ်မှုပြုလုပ်စဉ်အတွင်း 7Day သတင်းစာ၏ ဖော်ပြချက်များတွင် အမျိုးသမီးကျွမ်းကျင်သူ များမပါရှိပါ။ ရောဝတီ မဂ္ဂဇင်းတွင် အမျိုးသမီး ကျွမ်းကျင်သူ ၃၃% ရှိပါသည်။

၁၂.၇.၄ သာမန်ပြည်သူများ

ရာထူး သို့မဟုတ် ရပ်တည်မှု တစ်ခုခုလိုအပ်သည့် ပြောရေးဆိုခွင့်ရှိသူ သို့မဟုတ် ကျွမ်းကျင်သူကဲ့သို့သော အခန်းကဏ္ဍများနှင့် နှိုင်းယှဉ်လျှင် သာမန်ပြည်သူများအဖြစ် အမျိုးသမီးများအား ပုံနှိပ်မီဒီယာများတွင် ပို၍ ဖော်ပြသည်ကို တွေ့ရှိရပါသည်။ လေ့လာဆန်းစစ်ခဲ့သည့် သတင်းစာ နှင့် ဂျာနယ်များတွင် ပျမ်းမျှရလဒ်များသည် ကျား၊ မ ရေးရာ တန်းတူညီမျှ နီးပါးဖြစ်ပါသည်။ သတင်းစာများတွင် ယေဘုယျအားဖြင့် ၄၉% ပျမ်းမျှရှိ၍၊ Daily Eleven News တွင် ၃၁% နှင့် မြန်မာ့အလင်းသတင်းစာတွင် ၈၀% ရှိပါသည်။ ဂျာနယ်များတွင် ယေဘုယျအားဖြင့် ၅၆%ပျမ်းမျှ ရှိ၍၊ The Voice Weekly News တွင် ၅၀%၊ 7 Day Newsတွင် ၅၆%၊ မဇ္ဈိမသတင်းတွင် ၃၇.၅% နှင့် မြန်မာတိုင်းမ်စ်တွင် ၇၃% အသီးသီး ရှိပါသည်။ လေ့လာဆန်းစစ်သည့် အကြောင်းအရာတွင် မဂ္ဂဇင်းကဏ္ဍ မပါရှိသည့်အတွက် မဂ္ဂဇင်းများကို ဤလေ့လာမှုတွင် မထည့်သွင်းခဲ့ပါ။

မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ထူးခြားသည့်တွေ့ဆုံမေးမြန်းမှု တစ်ခုကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်ထုတ် မဇ္ဈိမသတင်းတွင်တွေ့ရပါသည်။



ပုံ (၁၄) ကျား၊ မ အလိုက် ပုံနှိပ်မီဒီယာတွင်ဖော်ပြသည့် သာမန်ပြည်သူများ

အတွေ့အကြုံနှင့် ဘဝဖြတ်သန်းမှု အသီးသီးကို ကိုယ်စားပြုသည့် အမျိုးသမီးများ (အမျိုးသမီးဆေးရုံ၏ ဆေးရုံအုပ်၊ ရပ်ရှင်မင်းသမီး၊ အယ်ဒီတာနှင့် လက်လုပ်လက်စား ကိုယ်ဝန်ဆောင် အမျိုးသမီး) ပါဝင်သည့်သာမက 'ကိုယ်ဝန်ကြောင့် အမျိုးသမီးအခွင့်အလမ်းများ ဆုံးရှုံးပါသလား' ဆိုသည့်မေးခွန်းက မျိုးဆက်ပွားခြင်းသည် အမျိုးသမီး များ၏ သီးခြားတာဝန်ဟု ရှုမြင်နေကြခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရန် လှုံ့ဆော်တိုက်တွန်းထားခြင်း ဖြစ်ပါသည်။ ဤတွေ့ဆုံ မေးမြန်းမှုသည် ခွဲခြားဆက်ဆံခြင်းနှင့် မတရားမှုတို့ကို ဖော်ထုတ်ရန် အရေးပါသောမေးခွန်းများအတွက် သာဓကကောင်းတစ်ခု ဖြစ်ပါသည်။ ပါဝင်သူအချို့၏ သုံးသပ်ချက်များကို အောက်တွင်ဖော်ပြထားပါသည်။

> ကျွန်မကိုယ်တိုင်လည်း ဒီပြဿနာကို ကြုံရပါတယ်။ မီးဖွားခွင့် ၆ပတ်ပဲရလို့ အရမ်းပင်ပန်းပါတယ်။ ဒါကြောင့် တခြားအမျိုးသမီးတွေ အတွက်လည်း ဒီလိုအခြေအနေကို ကိုယ်ချင်းစာပါတယ်။

> တချို့အမျိုးသားတွေက သားသမီးတွေကို စောင့်ရှောက်ပေမယ့် အများစုက တာဝန်မဲ့ ကြပါတယ်။ 'အဲဒီကလေးကို အငိုတိတ်အောင်လုပ်စမ်း၊ အလုပ်ကို ဖြောင့်ဖြောင့် မလုပ်ရဘူး' လို့တောင် ပြောကြပါတယ်။
>
> (ဒေါက်တာအေးအေးမော်၊ အမျိုးသမီးဆေးရုံအုပ်)

> ခုခေတ်မှာ သားသမီးရှိတဲ့ ရုပ်ရှင်မင်းသမီးတွေက ကျွန်မတို့ ခေတ်တုန်း ကလောက် အခွင့်အရေးမရကြပါဘူး။ ဒီလိုမဖြစ်သင့်ပါဘူး။ အလုပ်အကိုင် အခွင့်အလမ်းဆိုတာ ပင်ကိုစွမ်းရည်နဲ့ အရည်အချင်းအပေါ် မူတည်သင့် ပါတယ်။ ယောက်ျားဖြစ်တာ၊ မိန်းမဖြစ်တာနဲ့ မဆိုင်ပါဘူး။
>
> (မေသန်းနု၊ ရုပ်ရှင်မင်းသမီး)

> တချို့အလုပ်ရှင်တွေက သားသမီးရှိတဲ့ အမျိုးသမီးတွေကို အလုပ်မခန့် ချင်ကြပါဘူး။ ဒါကြောင့် တချို့အမျိုးသမီးတွေဆိုရင် သားသမီးရှိတာတောင် အပျိုဆိုပြီး ဟန်ဆောင်ကြရပါတယ်။
>
> (ဒေါ်ခင်သဇင်အောင်၊ အယ်ဒီတာ၊ 7Day News ဈေးဝယ်လမ်းညွှန်)

> ကိုယ်ဝန်ဆောင်နေစဉ်နဲ့ ကလေးမီးဖွားပြီးချိန်တွေမှာ မိသားစုနဲ့အိမ်နီးချင်း တွေက အမျိုးသမီးတွေကို ဝိုင်းပြီးကူညီဖေးမသင့်ပါတယ်။ ကျွန်မတို့လို အောက်ခြေလူတန်းစား အမျိုးသမီးတွေမှာ ဒီလိုအခွင့်အရေးမျိုးတွေ ခုထိ မရသေးပါဘူး။
>
> (ဒေါ်မာမာနိုင်)

၁၂.၇.၅ နိုင်ငံရေး အထက်တန်းလွှာများ

ယေဘုယျအားဖြင့် လေ့လာဆန်းစစ်ခဲ့သည့် ပုံနှိပ်မီဒီယာများသည် အထက်တန်းလွှာများကို ဦးစားပေးဖော်ပြလေ့ရှိပြီး၊ ဆင်းရဲသော၊ ကျေးလက်နေ လူတန်းစားနှင့် လက်လုပ်လက်စားများကို အနည်းအကျဉ်း မျှသာ ဖော်ပြလေ့ရှိပါသည်။ သတင်းစာများတွင်ဖော်ပြသည့် နိုင်ငံရေး အထက်တန်းလွှာဟု သတ်မှတ်နိုင်သည့် စုစုပေါင်း လူဦးရေ၏ ၁၉%သည် အမျိုးသမီးများ ဖြစ်ပါသည်။ တစ်ခုချင်းစီ ကြည့်လျှင် Daily Eleven News တွင် ၁၅% နှင့် မြန်မာ့အလင်းသတင်းစာတွင် ၂၂% ရှိပါသည်။ ဂျာနယ်များတွင်ဖော်ပြသည့် နိုင်ငံရေးအထက်တန်းလွှာများ၏ ၁၇%သည် အမျိုးသမီးများ ဖြစ်ပြီး၊ The Voice Weekly News တွင် ၁၇%၊ 7Day News တွင် ၁၅%၊ မဇ္ဈိမတွင် ၁၆%နှင့် မြန်မာတိုင်းမ်စ်တွင် ၂၂% ဖြစ်ပါသည်။ လေ့လာဆန်းစစ်ခဲ့သည့် ရောဝတီမဂ္ဂဇင်း ၃ စောင်တွင် နိုင်ငံရေး အထက်တန်းလွှာအဖြစ် မည်သည့်အမျိုးသမီးကိုမှဖော်ပြမထားပါ။ အောက်ဖော်ပြပါ ပုံ (၁၅) တွင် ပုံနှိပ်မီဒီယာအသီးသီး၌ ပျံ့နှံ့ပါဝင်မှုကို ဖော်ပြထားပါသည်။



ပုံ (၁၅) ကျား၊ မ အလိုက် ပုံနှိပ်မီဒီယာတွင်ဖော်ပြသည့် နိုင်ငံရေးအထက်တန်းလွှာများ

၁၁.၇.၆ စီးပွားရေး အထက်တန်းလွှာများ

အမျိုးသမီး နိုင်ငံရေးအထက်တန်းလွှာများကဲ့သို့ပင် ပုံနှိပ်မီဒီယာများတွင် အမျိုးသမီးများအား လုပ်ငန်းရှင်နှင့် စီးပွားရေးအထက်တန်းလွှာများအဖြစ် ဖော်ပြမှုသည် အရေအတွက်အားဖြင့် နည်းပါးပါသည်။ လေ့လာဆန်းစစ်ခဲ့သည့် သတင်းစာများတွင် ဖော်ပြသည့် စီးပွားရေး အထက်တန်းလွှာများတွင် အမျိုးသမီး ၁၆% သာရှိပြီး Daily Eleven News တွင် ၁၉%နှင့် မြန်မာ့အလင်းသတင်းစာတွင် ၁၀% ဖြစ်ပါသည်။ လေ့လာဆန်းစစ်ခဲ့သည့် ဂျာနယ်များတွင် ဖော်ပြသည့် စီးပွားရေး အထက်တန်းလွှာများတွင် အမျိုးသမီး ပျမ်းမျှ ၂၃% ရှိပြီး The Voice Weekly News တွင် ၁၀%၊ မဇ္ဈိမသတင်းတွင် ၁၇% နှင့် မြန်မာတိုင်းမ်စ်တွင် ၄၁% ဖြစ်ပါသည်။ လေ့လာဆန်းစစ်ချိန်အတွင်း 7Day News တွင် အမျိုးသမီးများအား စီးပွားရေးအထက်တန်းလွှာများအဖြစ် မဖော်ပြကြောင်း ထပ်မံတွေ့ရှိရပါသည်။ ရောဝတီမဂ္ဂဇင်းတွင် ဖော်ပြသည့် စီးပွားရေး အထက်တန်းလွှာများတွင် အမျိုးသမီး ၁၄% ရှိပါသည်။ အောက်ဖော်ပြပါ ပုံ (၁၆) တွင် ဤတွေ့ရှိချက်များကို ဂရပ်ဖ်ဖြင့် တင်ပြထားပါသည်။



ပုံ (၁၆) ကျား၊ မ အလိုက် ပုံနှိပ်မီဒီယာတွင်ဖော်ပြသည့် စီးပွားရေးအထက်တန်းလွှာများ

၁၂.၈ မည်သူက မည်သည့်အကြောင်း ပြောကြမလဲ။

ပုံနှိပ်မီဒီယာတွင် အမျိုးသမီး၊ အမျိုးသားများ၏ အခန်းကဏ္ဍနှင့် ဖော်ပြမှုများ ပြီးသည့်နောက် အကြောင်းအရာအမျိုးမျိုးကို ဖော်ပြကြသည့်အခါ သဘောထား အသံမျိုးစုံကို မည်မျှအထိ နားထောင်သည်ကို လေ့လာရန်အတွက် သီးခြားအကြောင်းအရာနယ်ပယ်များကို ဆက်လက်လေ့လာပါမည်။

၁၂.၈.၁ နိုင်ငံရေးနှင့် အစိုးရရေးရာများ

နိုင်ငံရေးနှင့် အစိုးရရေးရာ သတင်းများနှင့်စပ်လျဉ်း၍ သတင်းစာများတွင် အမျိုးသမီးများ၏ သဘောထားအသံ ဖော်ပြချက်၁၄% ရှိပြီး Daily Eleven News တွင် ၁၃% နှင့် မြန်မာ့အလင်းတွင် ၁၅% ဖြစ်ပါသည်။ ယေဘုယျ နိုင်ငံရေးနယ်ပယ်၌ သတင်းခေါင်းကြီးပိုင်းတွင် အမျိုးသမီးများအား ရှားရှားပါးပါး ဖော်ပြသည့် သာဓကတစ်ခုမှာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၄ ရက်ထုတ် Dialy Eleven News ၏ မျက်နှာဖုံးသတင်း ဖြစ်ပါသည်။ တရားရေးအဖွဲ့အစည်းများတွင် အဂတိလိုက်စားသည့် ယဉ်ကျေးမှု အမြစ်တွယ်နေခြင်းကို ဖော်ထုတ်တင်ပြထားသည့် အပြည်ပြည်ဆိုင်ရာ တရားရုံးတော်(ICJ)၏ အစီရင်ခံစာနှင့် ဆက်စပ်သည့် သတင်းဆောင်းပါးဖြစ်ပြီး အမျိုးသမီး ရှေ့နေနှင့် အစီရင်ခံစာ ရေးသားသူတို့ကို မျက်နှာဖုံးတွင် ဖော်ပြထားပါသည်။ နိုင်ငံရေးနှင့် စပ်လျဉ်းသည့် အကြောင်းအရာများတွင် အမျိုးသမီးများကိုယ်စားပြုမှု အများအပြား ရှိလာခြင်းသည် စာစောင်တစ်ခုတည်းတွင်ပင် သတင်းအမျိုးမျိုး၌ ထည့်သွင်းဖော်ပြခံရသည့် ဒေါ်အောင်ဆန်းစုကြည်၏ ကျယ်ပြန့်သော မီဒီယာပုံရိပ်ကြောင့်ဖြစ်သည်ကို ချန်လှပ်ထား၍မရပါ။ ဒေါ်အောင်ဆန်းစုကြည်အကြောင်း သတင်းအများအပြားဖော်ပြခြင်းက ကိန်းဂဏန်းများကို တိမ်းစောင်းစေပြီး၊ သူမအကြောင်း မီဒီယာတွင် မပါခဲ့လျှင် အမျိုးသမီးများ၏ မီဒီယာကိုယ်စားပြုမှုသည် အလွန်နည်းပါးနေမည် ဖြစ်ပါသည်။

လေ့လာဆန်းစစ်ခဲ့သည့် ဂျာနယ်များတွင်ဖော်ပြသည့် နိုင်ငံရေးနှင့်အစိုးရရေးရာ အကြောင်းအရာများ၏ ပျမ်းမျှ ၁၈%သည် အမျိုးသမီးများ၏ နိုင်ငံရေးဆွေးနွေးချက်များဖြစ်ပါသည်။ The Voice Weekly News တွင် ၂၀%၊ 7 Day News တွင် ၂၈.၅%၊ မဇ္ဈိမသတင်းတွင် ၁၀% နှင့် မြန်မာတိုင်းမ်စ်တွင် ၁၇% အသီးသီး ဖြစ်ပါသည်။ လေ့လာဆန်းစစ်ခဲ့သည့် ရောဝတီမဂ္ဂဇင်း ၃ စောင်တွင်အမျိုးသမီးများ၏ နိုင်ငံရေးဆွေးနွေးချက်များ မပါရှိပါ။

လေ့လာဆန်းစစ်မှုအရ ဤကဏ္ဍတွင် မဇ္ဈိမသတင်းက ကိုယ်စားပြုမှုရာခိုင်နှုန်း နည်းသော်လည်း၊ ဤဂျာနယ်သည် အမျိုးသမီးရေးရာနှင့် ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကိစ္စများအတွက် မကြာသေးမီကပင် အလယ် မျက်နှာပြည့် နှစ်စုံ (၄ မျက်နှာ) တိုးမြှင့်ဖော်ပြခဲ့သည့်အတွက် လေ့လာ ဆန်းစစ်ခဲ့သည့်ဂျာနယ်များအနက် အထူးခြားဆုံးဖြစ်ပါသည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့ထုတ် စာစောင်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ကျား၊ မ ရေးရာများကို အလေးထား ဖော်ပြထားပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျား၊ မ ရေးရာရှုထောင့်မှ လေ့လာဆန်းစစ်ရန် အချက် ၁၇ချက်ပါ မှုဘောင်တစ်ခုကို ဖော်ပြထားပါသည်။ ထိုဆောင်းပါးကို အခြေခံသည့် သဘောထား အမြင်ကဏ္ဍတွင် ကျား၊ မ ရေးရာ ကိစ္စရပ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းဖြေရှင်းနိုင်ရေးအတွက် ပြုပြင်ပြောင်းလဲရေး လိုအပ်ချက်ကို ဆွေးနွေးထားသည့် သဘောထားအမြင်များကို တွေ့ရှိရပါသည်။ တင်ပြထားသော ကိစ္စရပ်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကျား၊ မ ရေးရာ တန်းတူညီမျှရေးနှင့်စပ်လျဉ်း၍ ကျဉ်းမြောင်းသည့် ဖွင့်ဆိုချက် ပါဝင်ပါသည်။ ဥပမာ- 'ဖွဲ့စည်းပုံ အခြေခံဥပဒေကို လေ့လာသည့်အခါ အမျိုးသမီးများအား ဦးဆောင်မှုကဏ္ဍတွင် မဟုတ်ဘဲ နိုင်ငံတော်မှ ကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်သူများအဖြစ် ရှုမြင်ထားသည်ကို တွေ့ရှိရပါသည်။
(ဆွေးနွေးထွင်း၊ Charity Oriented Myanmar ၊ ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၁၃-၁၉ ထုတ် မဇ္ဈိမသတင်း စာစောင်တွင် ကိုးကားဖော်ပြချက်)။

၁၂.၈.၂ ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေး

စီးပွားရေးကူးသန်းရောင်းဝယ်ရေးတို့နှင့် စပ်လျဉ်းသည့် ဖော်ပြချက်များတွင် အမျိုးသမီးများ၏ သဘောထားအမြင် ကိုယ်စားပြုမှုသည် အလားတူ နည်းပါး၍ ၁၀% မှ ၂၄% အကြား ရှိပါသည်။ ရောဝတီမဂ္ဂဇင်းတွင် အမျိုးသမီးများနှင့် သက်ဆိုင်သည့် စီးပွားရေး သတင်းပါဝင်မှု ၂၁%ရှိပါသည်။ လေ့လာဆန်းစစ်ခဲ့သည့်

သတင်းစာများတွင် ပျမ်းမျှ ၁၈% သာရှိပါသည်။ Daily Eleven News တွင် ၁၈% နှင့် မြန်မာ့အလင်းသတင်းစာတွင် ၁၇% အသီးသီး ဖြစ်ပါ သည်။ ဂျာနယ်များတွင်အနည်းငယ် ပို၍ဖော်ပြပြီး ပျမ်းမျှ ၂၄% ဖြင့် ပါဝင်မှုအနည်းငယ် ပိုမိုမြင့်မားသည်ကို တွေ့ရပါသည်။ ယခုတစ်ကြိမ်တွင်လည်း 7 Day News တွင် အမျိုးသမီးများ၏ သဘောထားအသံများ မထည့်သွင်းသည်ကို ထူးထူးခြားခြားတွေ့ရပါသည်။ လေ့လာဆန်းစစ်ချိန်အတွင်း ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေး အကြောင်းအရာများတွင် အမျိုးသမီးများ၏ သဘောထားအမြင်များ မပါရှိပါ။ The Voice Weekly တွင်လည်း အမျိုးသမီးများနှင့် သက်ဆိုင်သည့် စီးပွားရေးသတင်း ပါဝင်မှု အနည်းဆုံးဖြစ်ပြီး၇% သာရှိပါသည်။ မဇ္ဈိမသတင်းတွင် အမျိုးသမီးများ၏ သဘောထားအမြင်များကို ဖော်ပြသည့် စီးပွားရေး သတင်းပါဝင်မှု ၁၄% ရှိ၍ အများအပြား ဖော်ပြသည်ဟုမဆိုနိုင်ပါ။ သို့ရာတွင် မြန်မာတိုင်းမ်စ်သတင်းစာ၌ အမျိုးသမီးများ၏ သဘောထားအမြင်များပါဝင်သည့် ကူးသန်း ရောင်းဝယ်ရေး နှင့် စီးပွားရေးသတင်းများ ဖော်ပြမှု၄၈% ရှိပြီး၊ ကျား၊ မ ရေးရာ တန်းတူညီမျှမှုနီးပါးရှိသည်ကို အထင်အရှားတွေ့ရပါသည်။ လေ့လာဆန်းစစ်ခဲ့သည့် မြန်မာတိုင်းမ်စ်စာစောင်များတွင် စံနှုန်းနှင့် သဘောထားများစသည့် ဖြစ်နိုင်ခြေ အဓိကအကြောင်းတရားများကို ဆန်းစစ်၍ စီးပွားရေးနယ်ပယ်တွင် အမျိုးသမီးများအား ဘေးဖယ်ထားခြင်းကို ဆွေးနွေးအဖြေရှာရန် သဘောထားအမြင်များ ပါဝင်ပါသည်။

> မြန်မာနိုင်ငံရဲ့ လူဦးရေတစ်ဝက်ကို ချန်ထားလို့ မရနိုင်ပါဘူး။ အမျိုးသမီးတွေက လူဦးရေရဲ့ တစ်ဝက်ရှိပါတယ်၊ ပြီးတော့ အမျိုးသမီးတွေရဲ့ လူ့အခွင့်အရေးတွေကို ထည့်မစဉ်းစားရင် ကျွန်မတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုက ရှေ့မဆက်နိုင်ပါဘူး။ အမျိုးသမီးတွေက စီးပွားရေးနယ်ပယ်မှာ ပါဝင်နိုင်တဲ့ အစွမ်းအစရှိပေမယ့် အစဉ်အလာသဘောထားတွေက သူတို့ရဲ့ပါဝင်မှုကို ဟန့်တားထားပါတယ်။
>
> (ဒေါ်ဝေဝေနု၊ အမျိုးသမီးများငြိမ်းချမ်းရေးကွန်ရက်၊ ရခိုင်၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်ထုတ် မြန်မာတိုင်းမ်စ်မှ)

၁၂.၈.၃ အနုပညာနှင့် ယဉ်ကျေးမှု

နိုင်ငံရေးနှင့် စီးပွားရေး အကြောင်းအရာများတွင် အမျိုးသမီးများ၏ သဘောထား အမြင်များကို ဘေးဖယ်ထားကြသော်လည်း အနုပညာ နှင့် ယဉ်ကျေးမှု နယ်ပယ်တွင် အမျိုးသားများနှင့်တန်းတူ ၎င်းတို့၏ သဘောထား အမြင်များကို ကြားရလေ့ရှိပါသည်။ နိုင်ငံရေး၊ စီးပွားရေး စသည့် 'အမာ' အကြောင်းအရာများသည် အမျိုးသားများနှင့်သာ သက်ဆိုင်သည်ဟု သမားရိုးကျသတ်မှတ်ထားပြီး၊ ဆန့်ကျင်ဘက်အားဖြင့် 'အပျော့' အကြောင်းအရာများအဖြစ် ယူဆကြသည့် အနုပညာနှင့် ယဉ်ကျေးမှုတွင် အမျိုးသမီးများ ပါဝင်သင့်သည်ဟု ခွဲခြားထားခြင်းမှာ မတော်တဆမဟုတ်ပါ။ လေ့လာဆန်းစစ်ခဲ့သည့် သတင်းစာများတွင် Daily Eleven News နှင့် မြန်မာ့အလင်းသတင်းစာတို့၏ အနုပညာနှင့် ယဉ်ကျေးမှုသတင်းများတွင် အမျိုးသမီးများ၏သဘောထားအမြင်များ ၅၀% ကိုယ်စားပြု ဖော်ပြထားပါသည်။ ဂျာနယ်များတွင်ပျမ်းမျှ ၄၈% ရှိပြီး၊ The Voice Weekly တွင် ၄၇%၊ 7 Day News တွင် ၈၀%၊ မဇ္ဈိမသတင်းတွင် ၄၆%နှင့် မြန်မာတိုင်းမ်စ်တွင် ၄၀% အသီးသီး ရှိပါသည်။ ရောဝတီမဂ္ဂဇင်း၏ အနုပညာနှင့် ယဉ်ကျေးမှုသတင်းများတွင် အမျိုးသမီးများ၏ သဘောထားအမြင် ၄၄% ကိုယ်စားပြု ဖော်ပြထားပါသည်။

၁၂.၈.၄ အားကစား

အားကစားသည် အနည်းနှင့်အများ အမျိုးသားများ၏နယ်ပယ်ဖြစ်သည် (အခန်း ၁၂ တွင် ကြည့်ပါ)ဟု နားလည်ထားပြီး အားကစားတွင်လိင်အရ ဘက်လိုက်သည့် သဘောထားများ အခိုင်အမာရှိနေသော်လည်း အမျိုးသမီး အားကစားသမားများအကြောင်း မီဒီယာဖော်ပြချက်သည် အံ့သြစရာ ကောင်းလောက်အောင်မြင့်မားသည်ကို တွေ့ရပါသည်။ ဤသို့ဖြစ်ရသည့် အဓိကအကြောင်းတစ်ရပ်မှာ လေ့လာမှုပြုလုပ်သည့်အချိန်သည် အမျိုးသမီး အားကစားသမားများ စွမ်းဆောင်ရည်ကောင်းမွန်၍ မီဒီယာနှင့် ပြည်သူလူထု၏အာရုံစိုက်မှုနှင့် ထောက်ခံအားပေးမှု အများအပြားရရှိခဲ့သည့် မြန်မာနိုင်ငံတွင်ကျင်းပသော ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှအားကစား ပွဲတော်နှင့် တိုက်ဆိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ထိုဖော်ပြချက်များသည် အားကစားတွင် ပို၍ ကျား၊ မ ရေးရာ တန်းတူညီမျှဖြစ်စေရေးကို ဦးတည်သည့် အပေါင်းလက္ခဏာဆောင်သော အရွေ့တစ်ခုအဖြစ် ရှုမြင်နိုင်သည်လား မသိရပါ။ လေ့လာဆန်းစစ်ခဲ့သည့် သတင်းစာများတွင် အမျိုးသမီးများနှင့်သက်ဆိုင်သည့် အားကစားသတင်းများပါဝင်မှု ပျမ်းမျှ ၅၀.၅% ရှိပြီး၊ Daily Eleven News တွင် ၃၃% နှင့် မြန်မာ့အလင်း သတင်းစာတွင် ၅၂% ဖြစ်ပါသည်။ မြန်မာ့အလင်း သတင်းစာတွင် မြန်မာအမျိုးသမီးကရာတေးနှင့် ဟော်ကီအားကစား ကြယ်ပွင့်များကို အများအပြားချီးကျူးဖော်ပြထားပါသည်။ ယဉ်ကျေးမှု စံနှုန်းများတွင် ဘောလုံးကစားနည်းကို အမျိုးသားအားကစားအဖြစ် အခိုင်အမာသတ်မှတ်ထားချိန်တွင် အထူးသဖြင့် မြန်မာအမျိုးသမီးဘောလုံး အသင်းအား ချီးကျူးဂုဏ်ပြုခြင်းနှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ခြင်းတို့သည် အရေးပါပါသည်။

> သန့်ရှင်းစွာကစား၍ အနိုင်မခံအရှုံးမပေးသည့် မြင့်မြတ်သော အားကစားစိတ်ဓာတ်ကိုပြသနိုင်ခဲ့သည့် မြန်မာအမျိုးသမီးဘောလုံးအသင်းအတွက် ကျွန်ုပ်တို့ အလွန်ပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။ ကျွန်ုပ်တို့ အမျိုးသား၊ အမျိုးသမီးများအနေဖြင့် သင်တို့ကိုနမူနာယူပါမည်။
>
> (၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ)

ပုံနှိပ်ထုတ်ဝေမှုများ၌ အမျိုးသားနှင့် အမျိုးသမီး အားကစားသမားများအား နေရာခွဲခြား သတ်မှတ်ခြင်းတွင် ကျား၊ မ ရေးရာ အထက်အောက် အဆင့်များ အခိုင်အမာရှိနေသည်ကို တွေ့ရပါသည်။ သာဓကတစ်ခုမှာ အမျိုးသားနှင့်အမျိုးသမီး ခြင်းလုံးအသင်းနှစ်သင်းစလုံး ရွှေတံဆိပ်ဆုများ ရရှိခဲ့စဉ်က ဖြစ်ပါသည်။ အမျိုးသားအသင်း၏ဓာတ်ပုံကို ရှေ့ဖုံးတွင် ဖော်ပြပြီး၊ အမျိုးသမီးအသင်းကို နောက်ဖုံးတွင်ပုံအသေးတစ်ပုံဖြင့် ဖော်ပြခဲ့ပါသည်။ (Daily Eleven News၊ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

လေ့လာဆန်းစစ်ခဲ့သည့်ဂျာနယ်များတွင် အမျိုးသမီးအားကစားအကြောင်း ဖော်ပြချက်သည် စုစုပေါင်း ၄၇% ရှိပြီး၊ The Voice Weekly တွင် ၆၇%၊ 7 Day News တွင် ၂၀%၊ မဇ္ဈိမသတင်းတွင် ၅၆% နှင့် မြန်မာတိုင်းမ်စ်တွင် ၁၀၀% အသီးသီးဖြစ်ပါသည်။ လေ့လာဆန်းစစ်ချိန် အတွင်း ရောဝတီမဂ္ဂဇင်းတွင် အမျိုးသမီးအားကစားအကြောင်း ဖော်ပြသည်ကို မတွေ့ရပါ။

နိုင်ငံအတွင်း လွှမ်းမိုးနေသည့်အားကစားတွင် အမျိုးသမီးများပါဝင်မှုကို ဆန့်ကျင်သည့် အစဉ်အလာသဘောထားများနှင့် စပ်လျဉ်း၍ အမျိုးသမီးဘောလုံးအသင်းမှ ဘောလုံးသမားတစ်ယောက်နှင့် ဆွေးနွေးမှုကို နေရာပေးဖော်ပြခဲ့ပါသည်။ လက်ရှိအနေအထားအထိ

ရောက်ရှိရန် အခက်အခဲများကို မည်သို့ကျော်ဖြတ်ခဲ့ရကြောင်း သူမက ပြန်လည်ပြောပြပါသည်။

> ကျွန်မငယ်ငယ်တုန်းက မိဘတွေ၊ ညီအစ်ကိုမောင်နှမတွေက ကျွန်မ ဘောလုံးကန်တာကို မကြိုက်ကြပါဘူး။ 'ဒါ မိန်းကလေးနဲ့မဆိုင်ဘူး' လို့ ပြောလေ့ရှိပါတယ်။ မိသားစုကဘာပြောပြော ကျွန်မဘယ်တော့မှ ဂရုမစိုက်ပါဘူး။ ဘောလုံးပွဲမှာဝင်ကန်ဖို့အခွင့်အရေးရတိုင်း ကျွန်မ အမြဲတမ်းဝင်ကစားပါတယ်။ နောက်ဆုံးတော့ မိသားစုက ကျွန်မကို လက်လျှော့လိုက်ပြီး ဘောလုံးကန်ဖို့ခွင့်ပြုခဲ့ပါတယ်။
>
> (မသန်းသန်းထွေး၊ မြန်မာအမျိုးသမီးဘောလုံးအသင်း၊ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့ထုတ် 7 Day News မှ)

အောက်ဖော်ပြပါ ပုံ (၁၇) တွင် သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများ အပါအဝင် ယေဘုယျ ပရိသတ်ရှိသည့်ပုံနှိပ်မီဒီယာများတွင် အကြောင်း



ပုံ (၁၇) ပုံနှိပ်မီဒီယာတွင်ဖော်ပြသည့် အကြောင်းအရာနှင့် ကျား၊ မ အလိုက် သဘောထားအမြင်များ

အရာအလိုက် အမျိုးသား၊ အမျိုးသမီးများ၏သဘောထားအမြင်များ ကိုယ်စားပြုမှုကို အကျဉ်းချုံးဖော်ပြထားပါသည်။

၁၂.၉ အမျိုးသမီးများအား အဓိကအလေးပေး ဖော်ပြချက်များ၏ ရာခိုင်နှုန်း

အထူးသဖြင့် အမျိုးသမီးများနှင့်သက်ဆိုင်သည့် ကိစ္စရပ်များအပေါ် မီဒီယာ၏အလေးထားမှုကို ဆန်းစစ်လေ့လာရာတွင်[၆၂] လေ့လာဆန်းစစ်ခဲ့သည့် မီဒီယာရင်းမြစ်များတွင် အဆိုပါကိစ္စရပ်များအပေါ် သီးခြားအာရုံစိုက်ဖော်ပြမှု မရှိသလောက်နည်းသည်ကို တွေ့ရှိရပါသည်။ လေ့လာဆန်းစစ်ခဲ့သည့် သတင်းစာများတွင်ပျမ်းမျှ ၄% ရှိပြီး Daily Eleven News တွင် ၂.၅% နှင့် မြန်မာ့အလင်းသတင်းစာတွင် ၆.၅% ဖြစ်ပါသည်။ ဂျာနယ်များတွင် အလားတူပျမ်းမျှ ၃.၅% ရှိပြီး The Voice Weekly တွင် ၁.၇%၊ 7 Day News တွင် ၃.၅%၊ မဇ္ဈိမသတင်းတွင် ၆% နှင့် မြန်မာတိုင်းမ်စ်တွင်၂% အသီးသီးရှိပါသည်။ ရေဝတီမဂ္ဂဇင်းတွင်လည်း အလားတူ ၂၅% ရှိပါသည်။

၁၂.၁၀ အမျိုးသမီးမဂ္ဂဇင်းများကို ကျား၊ မ ရေးရာ စံနှုန်းများအား လက်ဆင့်ကမ်းပေးသည်ဟု ရှုမြင်ခြင်း[၆၃]

အမျိုးသမီးပရိသတ်အတွက် ရည်ညွှန်းသည့် မဂ္ဂဇင်းများတွင် အသားပေး ဖော်ပြခံရသူများမှာ သမားရိုးကျအားဖြင့် ရုပ်ရှင်မင်းသား၊ မင်းသမီးများ၊ မော်ဒယ်လ်များ၊ အဆိုတော်များ၊ ဖက်ရှင်ဒီဇိုင်နာများ၊ မိတ်ကပ်ပညာရှင်များ စသည်တို့ ဖြစ်ပါသည်။ မဂ္ဂဇင်းများတွင် အသားပေးဖော်ပြသူများတွင် ကျား၊ မ ရေးရာ တန်းတူညီမျှမှု တစ်စုံတစ်ရာရှိပါသည်။ ဖက်ရှင်နှင့် မိတ်ကပ်ကဲ့သို့ ပုံသေကားကျနယ်ပယ်များတွင် မိန်းမလျာ၊ ယောကျ်ားလျာ



ပုံ (၁၈) ပုံနှိပ်မီဒီယာတွင် အမျိုးသမီးရေးရာများ/ အခွင့်အရေးများဆိုင်ရာဖော်ပြချက်များ

များကိုဖော်ပြသော်လည်း အဆိုပါမဂ္ဂဇင်းများသည် လေ့လာဆန်းစစ်ခဲ့သည့် မီဒီယာများအနက် သိသာထင်ရှားပါသည်။

၁၂.၁၀.၁ အမျိုးသမီးများအား မျိုးဆက်ပြန့်ပွားပေးသူများအဖြစ်ရှုမြင်ခြင်း

လေ့လာဆန်းစစ်ခဲ့သည့် မဂ္ဂဇင်းများ၏ အဓိကအကြောင်းအရာများသည် အမျိုးသမီးများအား ဆက်ဆံရေးကို ဦးစားပေးသည်၊ မျိုးဆက်ပွားရန် တာဝန်ရှိသည်ဟု သတ်မှတ်ထားသည့် 'မ'သဘာဝစံနှုန်းများနှင့် လိုက်လျောညီထွေရှိသည်ကို တွေ့ရပါသည်။ အဓိကအကြောင်းအရာများမှာ ဖက်ရှင်၊ အလှအပ၊ အချက်အပြုတ်၊ အချုပ်အလုပ်တို့ အပြင် အချစ်၊ ရည်းစားထားခြင်း၊ အိမ်ထောင်ပြုခြင်းတို့နှင့် ဆက်စပ်သည့် ကိစ္စများဖြစ်ပါသည်။ မဂ္ဂဇင်းများတွင် ဥပမာအားဖြင့် အမျိုးသားများက မိသားစုများ၊ သို့မဟုတ် သူငယ်ချင်းမိတ်ဆွေများအတွက် ချက်ပြုတ်သည့် အကြောင်း ဆောင်းပါးအနည်းငယ်ပါဝင်သော်လည်း အမျိုးသမီးများအား မျိုးဆက်ပွားသက်ရှိများအဖြစ် ယေဘုယျအားဖြင့် ပုံဖော်ထားသည်မှာ အလွန်ထင်ရှားပါသည်။

ရွှေအမြုတေမဂ္ဂဇင်း (၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ)တွင် ပုံနှိပ်ဖော်ပြခဲ့သည့် ဝတ္ထုတိုတစ်ပုဒ်[၆၄]တွင် အိမ်မှုကိစ္စများတွင် တာဝန်ရှိသူများအဖြစ်

၆၂။ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(UNESCO)၏ မီဒီယာအတွက် Gender Sensitive Indicators မူဘောင်တွင် ဤကဏ္ဍဆိုင်ရာဖွင့်ဆိုချက်သည် 'သတင်းနှင့်မျက်မှောက်ရေးရာများတွင် အမျိုးသမီးများအား အဓိကအလေးပေးဖော်ပြချက်များနှင့်/သို့မဟုတ် အမျိုးသမီးများနှင့် သီးခြားဆက်စပ်/သက်ဆိုင်သည့်ကိစ္စရပ်များ၏ ရာခိုင်နှုန်း (ဥပမာ- ကျား၊ မ အခြေပြုအကြမ်းဖက်မှု၊ အမျိုးသမီးအခွင့်အရေးများ၊ အမျိုးသမီးများ၏ အောင်မြင်မှုများစသည်ဖြင့်) ဖြစ်ပါသည်။' ဤအမျိုးအစားကိုအသုံးပြုခြင်းသည် ဤသည်တို့သာလျှင် အမျိုးသမီးများစိတ်ဝင်စားသည့် နယ်ပယ်များသာဖြစ်ကြောင်း ပြောလိုခြင်းဖြစ်သည်ဟု မမှတ်ယူသင့်ပါ။ ဤသို့ လေ့လာဆန်းစစ်ခြင်းသည် မီဒီယာဖော်ပြချက်များတွင်ရော လူ့အဖွဲ့အစည်းတွင်ပါ အမျိုးသမီးရေးရာကိစ္စရပ်များအား ယေဘုယျဘေးဖယ်ထားခြင်းကို မီးမောင်းထိုးပြရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

၆၃။ လေ့လာဆန်းစစ်ခဲ့သည့် မဂ္ဂဇင်းသုံးစောင်တွင် သရဖူမဂ္ဂဇင်းက လစဉ်အုပ်ရေ ၂၀,၀၀၀ ရိုက်နှိပ်ပါသည်။ အပျိုစင်မဂ္ဂဇင်းက လစဉ်အုပ်ရေ ၁,၀၀၀ ကန့်သတ်ရိုက်နှိပ်ပါသည်။ ရွှေအမြုတေမဂ္ဂဇင်းအား ဆက်သွယ်မေးမြန်းရာတွင် စာဖတ်သူဦးရေကိုဖြေကြားရန်ငြင်းဆိုခဲ့ပါသည်။

၆၄။ စာရေးဆရာမမြသွေးနီ၏ 'သီတင်းကျွတ်ရင်ခုန်တမ်းချင်း' (စာ- ၁၂၀-၁၂၇)

အမျိုးသမီးများ၏ အဓိကအခန်းကဏ္ဍများနှင့်ဆိုင်သည့် စံနှုန်းများကို အတိအလင်းဖော်ပြထားပါသည်။ ဝတ္ထုတွင် ဇနီးသည်က လစဉ်မိသားစု အသုံးစရိတ်ကိုစီမံခန့်ခွဲရသည်ကို ပုံဖော်ထားပါသည်။ လင်မယား နှစ်ယောက်စလုံး အလုပ်ထွက်လုပ်ရသော်လည်း၊ အလုပ်မှပြန်လာသည့် အခါတွင် သူမအနေဖြင့် ခင်ပွန်းကိုပြုစုရန်နှင့် မျိုးဆက်ပွားတာဝန်များကို ဆောင်ရွက်ရသေးကြောင်းဖြစ်ပါသည်။ အတွေးနယ်ထဲတွင် သူမ လွင့်မျော နေသည်ကိုတွေ့ရသည့် ခင်ပွန်းက 'မိန်းမရေ၊ ညစာပြင်ပါလို့ပြောထားတာ၊ ဘာတွေများ ဒီလောက်စဉ်းစားနေလဲ'ဟု ပြောပါသည်။ အတွေးစကို ရှင်းထုတ်ရန် သူမခေါင်းခါလိုက်သည့်အခါ ခင်ပွန်းက 'ခေါင်းခါတာက ညစာပြင်မပေးဘူးဆိုတဲ့သဘောလား' ဟုမေးပါသည်။ စကားသံအားဖြင့် မမာသော်လည်း အမျိုးသမီးများသည် ဝင်ငွေရှာဖွေရသည့်တိုင် အိမ်မှုကိစ္စ အတွက် တာဝန်ရှိသည်ဆိုသည့်စံနှုန်းကို ထပ်လောင်းအားဖြည့်ခြင်း ဖြစ်ပါသည်။

အမျိုးသမီးများသည် မျိုးဆက်ပွားခြင်းနှင့်အိမ်မှုကိစ္စကျွမ်းကျင်နိုင်နင်းရန် အဓိကလိုအပ်သည်ဆိုသည့် အယူအဆများသည် ခင်ပွန်းလောင်းအနေဖြင့် ၎င်း၏ဇနီးလောင်းသည် ဤသည်တို့တွင် ကျွမ်းကျင်နိုင်နင်းရန်မျှော်လင့် လိမ့်မည်၊ သို့မဟုတ် တောင်းဆိုလိမ့်မည်ဆိုသည်နှင့် ဆက်စပ်နေပါသည်။ ရွှေအမြုတေမဂ္ဂဇင်း(၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ)ပါ ဝတ္ထုတိုတစ်ပုဒ်တွင်[၆၅] သမီးဖြစ်သူ သင့်လျော်သည့် အိမ်ထောင်ဖက်ရှာတွေ့မတွေ့ ပူပန်နေရသည့် မိခင်တစ်ယောက်အကြောင်း ဖော်ပြချက်သည် ဤစိုးရိမ်မှုကို သာဓက ပြနေပါသည်။ ဝတ္ထုထဲတွင် မိခင်က 'ထမင်းဟင်းလည်း မချက်တတ်၊ မီးဖိုချောင်ကိစ္စတွေလည်း မလုပ်တတ်နဲ့ ငါ့သမီးသင့်လျော်တဲ့ယောက်ျား ဘယ်လိုများတွေ့နိုင်ပါ့မလဲ'ဟုညည်းပါသည်။ အမျိုးသမီးများ၏ အနစ်နာခံတတ်သော၊ ဂရုစိုက်တတ်သော သဘာဝသည် အမျိုးသမီး မဂ္ဂဇင်းများတွင်ဖော်ပြသည့် နောက်ထပ် အဓိကသွင်ပြင်လက္ခဏာ ဖြစ်ပါသည်။ (သမားရိုးကျအားဖြင့် ၎င်းတို့၏ မိသားစုအတွက်) အမျိုးသမီးများ၏ အနစ်နာခံခြင်းစံနှုန်းကို အခက်အခဲ ကြုံရသည့်အခါ ရင်ဆိုင်ကျော်လွှားနိုင်သည့် အခြင်းအရာအဖြစ် ယူဆကြပါသည်။

အမျိုးသမီးများ လခစားအလုပ်လုပ်ကြသည်ကို လက်တွေ့အားဖြင့် ပိုမို လက်ခံလာကြသော်လည်း မီဒီယာမှတစ်ဆင့် '၎င်းတို့၏နေရာ' အကြောင်း အမျိုးသမီးများအားမကြာခဏ သတိပေးလေ့ရှိပါသည်။ ရွှေအမြုတေမဂ္ဂဇင်း (၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ)မှ နောက်ထပ် ဝတ္ထုတိုတစ်ပုဒ်[၆၆]တွင် မိသားစုအတွက်ဝင်ငွေရှာသည့် မုဆိုးမမိခင်ကို ကူညီရင်း၊ 'သမီးကောင်း' တစ်ယောက် ဖြစ်လိုသည့် တစ်ဦးတည်းသောသမီး မိန်းကလေးတစ်ယောက်၏ဘဝကို ဖော်ပြထားပါသည်။ ဝတ္ထုတွင် အဓိက ဖော်ပြလိုသည်မှာ အမျိုးသားများအတွက်ဟု သတ်မှတ်ထားသည့် အလုပ်ကြမ်းများကို သူမလုပ်သည့်အခါ ရွာမှအမျိုးသားများ၏ အစ အနောက်ကို ခံရသည့်အချက် ဖြစ်ပါသည်။

၁၂.၁၀.၂ အပျိုစင်ဘဝ၊ ကုန္ဒြေသိက္ခာနှင့် နာခံကျိုးနွံမှု

လေ့လာဆန်းစစ်ခဲ့သည့် ပုံနှိပ်မီဒီယာဖော်ပြချက်များတွင် လွှမ်းမိုးပျံ့နှံ့ နေသော အဓိက ကျား၊ မ ရေးရာ စံနှုန်းများသည် အမျိုးသမီးများ၏ ကုန္ဒြေသိက္ခာနှင့်ရည်မွန်မှုကို အလေးပေးထားပါသည်။ အပျိုစင်ဖြစ်မှုဆိုင်ရာ စံနှုန်းများကို လေ့လာဆန်းစစ်ခဲ့သည့် မဂ္ဂဇင်းများတွင်အခိုင်အမာ ထပ်လောင်းအားဖြည့်ထားပါသည် (လေ့လာဆန်းစစ်ခဲ့သည့် မဂ္ဂဇင်း များထဲမှ တစ်စောင်၏အမည်မှာ 'အပျိုစင်' ဖြစ်ပါသည်)။ ၎င်းတို့ကို ဘာသာရေးဆိုင်ရာကျင့်ဝတ်များ၊ အလေ့အထများကို ကိုးကား၍ ကျောထောက်နောက်ခံပြုပေးထားပါသည်။ ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလထုတ် အပျိုစင်မဂ္ဂဇင်းမှ အက်ဆေးတစ်ပုဒ်[၆၇] တွင် သတင်းသမားတစ်ဦးက "ကျွန်မတို့ မြန်မာအမျိုးသမီးတွေဟာ လက်ထပ်တဲ့အချိန်အထိ အပျိုရည်ကို ထိန်းသိမ်းကြရပါမယ်။ ဗုဒ္ဓရုပ်ပွားတော်တွေကို ရွှေသင်္ကန်း ကပ်တဲ့အခါ အပျိုစင်မိန်းကလေးတွေပဲ ဒီအခွင့်အရေးကိုရကြတယ်။ အပျိုစင်ဘဝဟာ အလွန်မြင့်မြတ်တယ်။ တချို့ဒေသတွေမှာ အပျိုစင် မိန်းကလေးတွေက သစ်သီးတွေကိုခေါင်းပေါ်တင်ပြီး နတ်ဆက်ကြရတယ်၊ ဒါကြောင့်လည်း သီးနှံတွေအောင်မြင် ဖြစ်ထွန်းတယ်။ ဒါကြောင့် အပျိုစင်ဆိုတဲ့ ဂုဏ်သိက္ခာကို အရမ်းတန်ဖိုးထားကြတယ်" ဟု အတိအလင်း ပြောဆိုထားပါသည်။ 'အမေ့ရဲ့အပျိုစင်သမီးလေး' (၂၀၁၃ခုနှစ်၊ အောက်တိုဘာလထုတ်၊ အပျိုစင်မဂ္ဂဇင်း) ခေါင်းစဉ်ဖြင့် အက်ဆေးတွင် မိန်းကလေးများအား မိဘကအုပ်ထိန်းရာတွင် မိန်းကလေး တစ်ယောက်၏ ကုန္ဒြေသိက္ခာစောင့်ထိန်းမှုသည် မည်သို့အလေးထားရန် လိုအပ်ကြောင်း သူမ၏အတွေးများကို မော်ဒယ်တစ်ယောက်၏ မိခင်က ဤသို့ ပြောပြထားပါသည်။

အမျိုးသမီးဆိုတာ အိမ်အလုပ်ကိုတော့ အနည်းနဲ့အများလုပ်ရမှာပဲ။ ဒါက သဘာဝပဲ။ ကျွန်မတို့ငယ်ငယ်တုန်းက 'မိန်းမတို့ ကုန္ဒြေရွှေပေးလို့မရ' ဆိုတဲ့စကားအတိုင်း လိုက်နာခဲ့ကြတယ်။ ကျွန်မသမီးက ကျွန်မမပါဘဲ အပြင်မထွက်ရပါဘူး။ သမီးရဲ့အဖေနဲ့ကျွန်မက ဒါနဲ့ပတ်သက်လို့ တကယ် ကျေနပ်ပါတယ်။

အမျိုးသမီးများအား ကုန္ဒြေသိက္ခာကိုစောင့်ထိန်းစေရာတွင် မိဘ၏ လမ်းညွှန်မှုနှင့် သွန်သင်ဆုံးမမှုတို့သည် ဤမဂ္ဂဇင်းများတွင် တွေ့ရလေ့ ရှိသည့် အခြင်းအရာတစ်ခုဖြစ်ပါသည်။ နောက်ထပ် ဥပမာတစ်ခုမှာ သူမ၏ ဦးလေးကွယ်လွန်သည့်အခါ တစ်ယောက်တည်းအထီးကျန် မဖြစ်လိုသည့် အတွက် ဦးလေးကို သူမအတွက်ခင်ပွန်းတစ်ယောက် ရွေးချယ်ပေးရန် တောင်းဆိုသည့် ငယ်ရွယ်၍ ဉာဏ်ကောင်းသောတူမအကြောင်း ရေးထား သည့်အပျိုစင်မဂ္ဂဇင်း (၂၀၁၃ခုနှစ်၊ နိုဝင်ဘာလထုတ်) မှ ကာတွန်း ဇာတ်လမ်းတစ်ခု[၆၈] ဖြစ်ပါသည်။ မိန်းကလေးသည် နှစ်သက်သူတစ်ဦးကို ရှာဖွေရန်အတွက် အမျိုးသားများဖြင့်ချိန်းတွေ့ရန် မသင့်လျော်ဟုယူဆသဖြင့် သူမ၏ဦးလေးကို ဆုံးဖြတ်ပေးရန်တောင်းဆိုခြင်းဖြစ်ပြီး၊ ဤသည်က မိန်းကလေး သို့မဟုတ် ငယ်ရွယ်သူအမျိုးသမီးသည် မည်သည်က သူမ အတွက် ကောင်းဆုံးဖြစ်သည်ကို နားမလည်ဆိုသည့် အမြင်အပေါ် ထပ်လောင်းအားဖြည့်ထားပါသည်။

'သင့်လျော်သော' ဥပမာအနေဖြင့် လုစ်ဟမပြသော ဝတ်စားဆင်ယင်မှုကို အများအားဖြင့် အကျင့်စရိုက်ကိုပြသည့် သင်္ကေတအမှတ်အသားအဖြစ် အသုံးပြုကြပြီး မဂ္ဂဇင်းများ၏ဝတ္ထုများနှင့် အက်ဆေးများတွင် ထပ်လောင်း အားဖြည့်ထားပါသည်။ အကျင့်စရိုက်နှင့်ဝတ်စားဆင်ယင်မှု ဆက်စပ်သည် ဆိုသည့်အယူအဆကိုဆန့်ကျင်သည့် မော်ဒယ်တစ်ဦး၏ သဘောထားအမြင် ကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလထုတ်အပျိုစင်မဂ္ဂဇင်း[၆၉] တွင် ရှားရှားပါးပါး

၆၅။ စာရေးဆရာမ မိမိုး၏ 'သော့' (စာ- ၂၁၃)
၆၆။ စာရေးဆရာရေအေး၏ 'မွေးမေလေ့' (စာ- ၂၂၇) မျိုးမာန၏ 'အမေချစ်တဲ့အပျိုစင်မိန်းကလေး' စာ-၄၉
၆၇။ မျိုးမာန၏ 'အမေချစ်တဲ့ အပျိုစင်မိန်းကလေး' စာ-၄၉
၆၈။ စာရေးဆရာ အရိုး၏ 'ကျွန်တော့်တူမ' စာ- ၇၈-၈၀
၆၉။ ကိုကိုလှမြင့်၏ 'မော်ဒယ်လ် နန်းစန္ဒာလှထွန်းနှင့် တွေ့ဆုံမေးမြန်းခြင်း' စာ-၃၉

တွေ့ရပါသည်။ "တစ်ခါတလေမှာ ကျွန်မတို့မော်ဒယ်တွေ အတိုအပြတ်တွေ ဝတ်ရပေမယ့် လူတွေကို အဝတ်အစားနဲ့ဆုံးဖြတ်လို့မရပါဘူး"။

အမျိုးသမီးများအနေဖြင့် ကျိုးနွံနာခံရမည်ဆိုသည့် စံနှုန်းကိုလည်း ဤမဂ္ဂဇင်းများတွင် အခိုင်အမာ ထပ်လောင်းအားဖြည့်ထားပါသည်။ အမျိုးသမီးများအတွက် သုံးနေကျအမှာစကားမှာ (၂၀၁၃ ခုနှစ်၊ အောက်တိုဘာနှင့် နိုဝင်ဘာလထုတ် အပျိုစင်မဂ္ဂဇင်းတွင်ဥပမာ ကြည့်ပါ) 'မိန်းမကောင်း'တစ်ဦးအဖြစ် စောင့်ထိန်းရန်မှာ လိင်မှုကိစ္စများတွင် မသိနားမလည်၊ အတွေ့အကြုံမရှိအောင်နေရေးဖြစ်ပါသည်။ ၎င်းတွင် အမျိုးသားများက ရင်းနှီးပတ်သက်လို၍ ကမ်းလှမ်းဖိတ်ခေါ်မှုများကို သတိမပြုမိသလိုဟန်ဆောင်ခြင်းနှင့် ချဉ်းကပ်မှုများကို ရှောင်ကြဉ်ခြင်းတို့ ပါဝင်ပါသည်။ ကျိုးနွံနာခံမှုနှင့်စပ်လျဉ်း၍ ဘဝလက်တွဲဖော်ဖြစ်သည့် အမျိုးသမီးများအပေါ် အမျိုးသားများ၏လွှမ်းမိုးထိန်းချုပ်ပိုင်ခွင့်ကိုအလေးထား ဖော်ပြကြပါသည်။ အမျိုးသမီးများအား အမျိုးသားများပိုင် ပစ္စည်းအဖြစ် မကြာခဏဖော်ပြကြပါသည်။ 'လင်ကိုဘုရား'သဖွယ် ဆက်ဆံရမည်ဆိုသည့် စံနှုန်းများကိုလည်း မဂ္ဂဇင်းများမှတစ်ဆင့် လက်ဆင့်ကမ်း ပျံ့နှံ့စေပါသည်။

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလထုတ်အပျိုစင်မဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြသည့် ဝတ္ထုတိုတစ်ပုဒ်[၇၀] တွင် အမျိုးသားက သူ၏မိန်းမကိုထိန်းချုပ်ရန် စဉ်းစားနေသည့်အတွေးများ ပါဝင်ပါသည်။ 'ယောကျ်ားတွေအများကြီးက သူ့ရဲ့အပြုံးကိုမြင်နေရတာကို သည်းမခံနိုင်တဲ့အတွက် ငါသူ့ကို Facebook ဆက်မသုံးဖို့ပြောမယ်'။ ဤသည်က အမျိုးသားများသည် အမျိုးသမီးများ၏ ကိုယ်ပိုင်ဘဝကို လွှမ်းမိုးထိန်းချုပ်ခွင့်ရှိသည်ဆိုသည့် အယူအဆအပေါ် ထပ်လောင်းအားဖြည့်ထားခြင်း ဖြစ်ပါသည်။ အမျိုးသားများ၊ အမျိုးသမီးများ အပေါ် လွှမ်းမိုးထိန်းချုပ်ခွင့်နှင့်စပ်လျဉ်းသည့် နောက်ထပ်ဥပမာတစ်ခုမှာ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလထုတ် သရဖူမဂ္ဂဇင်းမှ ဆောင်းပါးတစ်ပုဒ်[၇၁] ဖြစ်ပြီး၊ ရုပ်ရှင်မင်းသမီးတစ်ယောက်၏ခင်ပွန်းဖြစ်သူ ပြောကြားချက်ကို ကိုးကားထားပါသည်။ "ကျွန်တော်က အမေရိကမှာအကြာကြီးနေခဲ့တယ်၊ ဒါပေမဲ့ မြန်မာအမျိုးသမီးတွေကိုပဲကြိုက်တယ်။ သူတို့က အိမ်မှုကိစ္စမှာ တော်ကြပါတယ်။ တစ်ခါတလေမှာ သူ့ကိုရုပ်ရှင်ရိုက်ကွင်းမှာ တခြား အမျိုးသားတွေနဲ့မြင်ရတာ သဝန်တိုမိတယ်၊ ဒါပေမဲ့ 'သူ့ကို ကျွန်တော် ပိုင်တယ်' လို့ တွေးလိုက်ရင်စိတ်ပြေသွားတယ်"။

အမျိုးသမီးများ၏ ကျိုးနွံနာခံမှုနှင့် အမျိုးသားများ၏ ၎င်းတို့ဇနီးများ အပေါ် လွှမ်းမိုးထိန်းချုပ်ခွင့်ကို လိုလားကြသည့်အကြောင်း နောက်ထပ် ဥပမာတစ်ခုမှာ ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလထုတ်အပျိုစင်မဂ္ဂဇင်းပါ ဝတ္ထုတစ်ပုဒ်[၇၂] ဖြစ်ပါသည်။ ထိုဝတ္ထုတွင်စာရေးဆရာက သူ့အိပ်မက် ထဲမှအမျိုးသမီးကို လှပသောနတ်သမီးလေးအဖြစ်ပုံဖော်၍ ၎င်းအား နံနက်စာပြင်ပေးခြင်း၊ မျက်နှာသစ်သွားတိုက်ရန် ပြင်ဆင်ပေးခြင်း၊ ညစာပြင်ပေးခြင်း၊ သူ၏သုတေသနလုပ်ငန်းတွင်ကူညီပေးခြင်း တို့ကို ရေးဖွဲ့ထားပါသည်။ သူ၏အိပ်မက်အမျိုးသမီးသည် စက်ရုပ်တစ်ရုပ် ဖြစ်သည်ကို သိရှိသွားသည့်အခါ လက်တွဲဖော်အမျိုးသမီးအပေါ် သူ လိုလားသည်မှာ လက်တွေ့မကျသည်ကို နားလည်သဘောပေါက်ပြီး ထိုအမျိုးသားရူးသွားပါသည်။

လေ့လာဆန်းစစ်ခဲ့သည့် မဂ္ဂဇင်းများတွင် အမျိုးသမီးများသည် 'မ' သဘာဝစံများကို မည်သို့လိုက်နာကြကြောင်း သာဓကအများအပြား ပါဝင်ပါသည်။ အမျိုးသမီးဇာတ်ကောင်များအား လေ့လာကြည့်သည့်အခါ စံနှုန်းများ၊ အထူးသဖြင့် ကျွန်သြေသိက္ခာဆိုင်ရာစံနှုန်းများကို လိုက်နာ ကြသည့် အမျိုးသမီးများ၏လုပ်ရပ်များနှင့်အပြုအမူများတွင် ၎င်းတို့ကို လက်ခံလာအောင် လူမှုပုံစံသွင်းသည့်ဖြစ်စဉ်ကို စာဖတ်သူများ တွေ့မြင်နိုင်ပါသည်။ ရည်းစားများ၊ ခင်ပွန်းများ၏ဆန္ဒနှင့်အညီ ပို၍ ဗိုင်းကောင်းကျောက်ဖိ ဖြစ်စေရန် စိတ်ဓာတ်မာကျော၍ လွတ်လပ်သော မိန်းကလေးများ၊ အမျိုးသမီးများအနေဖြင့် ၎င်းတို့၏အပြုအမူကို မည်သို့ ပြုပြင်ပြောင်းလဲကြကြောင်းကို သာဓကများတွင်တွေ့ရပါသည်။ အပျိုစင်မဂ္ဂဇင်း (၂၀၁၃ ခုနှစ်၊ အောက်တိုဘာလထုတ်)မှ အမျိုးသား စာရေးဆရာတစ်ဦး၏ ဝတ္ထုတစ်ပုဒ်[၇၃] မှကောက်နုတ်ချက်ကို အောက်တွင် ဖော်ပြထားပါသည်။ ကောက်နုတ်ချက်မှာ ထက်မြက်သော်လည်း သူမျှော်လင့်ထားသည့် 'မ'သဘာဝစံများနှင့်အညီမနေသည့် အမျိုးသမီး တစ်ဦးအား ချစ်မိသည့် အမျိုးသားတစ်ယောက်အကြောင်းဖြစ်ပါသည်။

> မိန်းမဆိုတာ မိန်းမပဲကွ၊ ဒါကို မင်းနားလည်ရမယ်။ အရမ်းယဉ်ကျေးတဲ့၊ နူးညံ့တဲ့၊ မာန်မာနမရှိတဲ့ တကယ့်မိန်းမမျိုး၊ အရမ်း ကျက်သရေရှိတဲ့ မိန်းမမျိုးကို ငါကြိုက်တယ်။ ရုံးကို မြန်မာဆန်ဆန်ဝတ်ပြီး လာပါလားကွာ။ မင်း ဒီလိုဝတ်ဖို့ ငါ တစ်ရက်ကလေးပဲ တောင်းဆိုတာပါ။ ငါ့ကို လေးစားရင် ငါ ကြိုက်တဲ့ မြန်မာဝတ်စုံနဲ့ ရုံးကိုလာစေချင်တယ်။

ဝတ္ထုထဲမှအမျိုးသမီးသည် သူ့ရည်းစား၏ တောင်းဆိုချက်အတိုင်း လိုက်လျောပြီး၊ သမီးရည်းစားဘဝတွင် 'မ'သဘာဝ အသွင်အပြင်၊ အပြုအမူဆိုင်ရာ စံနှုန်းများနှင့်အညီ သူ့ကိုယ်သူ ပုံစံပြောင်းလိုက်ပါသည်။

၁၂.၁၀.၃ အမျိုးသမီးများအား လိင်မှုကိစ္စအဖြည့်ခံများအဖြစ် ရှုမြင်ခြင်း

လိင်ဆက်ဆံမှုများနှင့်စပ်လျဉ်း၍ အမျိုးသမီးမဂ္ဂဇင်းများတွင် ယေဘုယျ အားဖြင့် အမျိုးသမီးများအား လိင်မှုကိစ္စပြုသူများထက် အဖြည့်ခံများအဖြစ် ဖော်ပြကြပါသည်။ သို့ရာတွင် ဤအကြောင်းအရာကို ပွင့်ပွင့်လင်းလင်း မဟုတ်ပဲ သွယ်ဝိုက်ဖော်ပြခြင်းဖြစ်ပါသည်။ ဤကိစ္စရပ်ကို အောက်တွင် ပို၍ အသေးစိတ်ဆွေးနွေးထားပါသည်။

ကျန်းမာရေးရှုထောင့်မှကြည့်လျှင် ဤမဂ္ဂဇင်းများတွင် အမျိုးသမီးများ အနေဖြင့် နေ့စဉ်ဘဝ၌ဆွေးနွေးရန် တစ်နည်းနည်းဖြင့် တားမြစ်ခံရ နိုင်သည့် လိင်နှင့်မျိုးဆက်ပွားကျန်းမာရေး ပြဿနာများအပါအဝင် နာမကျန်းမှုများအကြောင်း ရေးသားမေးမြန်းနိုင်သည့်ကဏ္ဍများ ပါဝင်သည်မှာ အပေါင်းလက္ခဏာဖြစ်ပါသည်။ ဥပမာအချို့ကို ဖော်ပြရလျှင် အမျိုးသမီးများမေးမြန်းကြသည့် သားအိမ်ခေါင်းကင်ဆာနှင့် ရင်သား ကင်ဆာဆိုင်ရာမေးခွန်းများကို ပြန်လည်ဖြေကြားမှုများပါဝင်ပါသည်။ သို့ရာတွင် လိင်မှုဆိုင်ရာကိစ္စများနှင့် လိင်မှုဆိုင်ရာပညာပေးရေး သတင်းအချက်အလက်များဆိုင်ရာ အသေးစိတ်ဆွေးနွေးမှုများကို အမျိုးသမီးမဂ္ဂဇင်းများတွင် မတွေ့ရပါ။

ပထမတစ်အုပ်ထုတ်ဝေအပြီး တားမြစ်ခံရသည့် အငြင်းပွားဖွယ် 'ညို့' မဂ္ဂဇင်းတွင် အမျိုးသမီးများအားနာခံကျိုးနွံ၍ လိင်မှုကိစ္စအဖြည့်ခံများအဖြစ်

၇၀။ စာရေးဆရာမမဒီခင်လေး၏ 'ပြုံးဖို့မေ့လို့မုန်းရင်လည်း' စာ-၁၇၅
၇၁။ ခင်ချိုချိုဦး၏ 'သက်မွန်မြင့်တို့ဇနီးမောင်နှံနှင့်တွေ့ဆုံမေးမြန်းခြင်း' အချပ်ပို စာ-ဂ
၇၂။ သက်ဦးမောင်၏ 'ခေတ်သစ်ပန်းသီးပုံပြင်' စာ- ၁၆၆-၁၇၁
၇၃။ လျှန်ဇွဲကို၊ စာ- ၁၆၃-၁၆၆

ဖော်ပြသည့် လိင်ပိုင်းဆိုင်ရာဆောင်းပါးအများအပြားကို ပါဝင်ခဲ့ပါသည်။ အမျိုးသမီးများအားရည်ရွယ်သည့် ထိုဆောင်းပါးများတွင် ၎င်းတို့ကိုယ်တိုင်အတွက်မဟုတ်ဘဲ လိင်ဆက်ဆံရာတွင် အမျိုးသားများ ပို၍ကျေနပ်မှုရစေရန်မည်သို့ ပြုလုပ်ရမည်ဆိုသည့် သတင်းအချက်အလက်များပါဝင်ပါသည်။ အမျိုးသမီးများ၏ လိင်မှုသဘာဝနှင့် စိတ်ကျေနပ်မှုကို ထည့်သွင်းဖော်ပြမထားပါ။ ဆောင်းပါးခေါင်းစဉ်များသည် 'အမျိုးသားများ၏ လိင်စိတ်ကိုဘယ်လိုနှိုးဆွမလဲ'၊ 'အိပ်ရာထဲမှာဘယ်လိုတုံ့ပြန်ရမလဲ'၊ 'လိင်ဆက်ဆံနေစဉ် အမျိုးသမီးတွေကို အမျိုးသားတွေကြိုက်အောင်ဘယ်လိုလုပ်မလဲ'နှင့်၊ 'ဘယ်လိုအမျိုးသမီးတွေကို အမျိုးသားတွေမုန်းသလဲ' စသည်တို့ ဖြစ်ပါသည်။ ဤဆောင်းပါးများ၏ ဖော်ပြချက်များတွင် အမျိုးသမီးများ၏တာဝန်သည် အမျိုးသားများအား စိတ်ကျေနပ်မှုပေးရန် ဖြစ်သည်ဆိုသည့်အမြင်ကို ထပ်လောင်းအားဖြည့်ထားပြီး၊ တစ်ချိန်တည်းတွင် အကျင့်ပျက်သည်ဟု အထင်မခံရစေရန် 'ကုန္တြေသိက္ခာမျှဉ်း'ပေါ်တွင် သူမအနေဖြင့် မှန်မှန်ကန်ကန်ရပ်တည်ရမည်ဖြစ်ပါသည်။ ၎င်းမဂ္ဂဇင်းပါဆောင်းပါးများမှ ကောက်နုတ်ချက်များ[၇၄] ကို အောက်တွင်ဖော်ပြထားပါသည်။

» ယောကျ်ားတစ်ယောက်ကကိုယ့်ကို ကြိုက်နေတာသိရင် အရမ်းမြန်မြန်မတုံ့ပြန်နဲ့၊ ယောကျ်ားတွေက လွယ်လွယ်ရတဲ့ မိန်းမတွေကိုမကြိုက်ဘူး။

» ယောကျ်ားတွေက အနံ့အသက်မကောင်းတဲ့ အိပ်ရာခင်းတွေကို မကြိုက်ဘူး။

» ယောကျ်ားတွေက လိင်မဆက်ဆံခင် နမ်းရှုပ်ကိုင်တွယ်တာကို ကြိုက်တယ်။ ကိုယ်ဒီလိုမလုပ်နိုင်ရင် မကြာခင် သူကကိုယ့်ကို စိတ်ကုန်သွားလိမ့်မယ်။

အမျိုးသမီးများသည် လိင်မှုဆိုင်ရာကိစ္စအဖြည့်ခံများဖြစ်ပြီး ၎င်းတို့၏ အဓိကတာဝန်မှာ အမျိုးသားများ၏လိင်မှုဆိုင်ရာကိစ္စ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးရန်ဖြစ်သည်ဆိုသည့် သိစေလိုရင်းကို ထိုမဂ္ဂဇင်းတွင် ပါဝင်သည့်ပုံအများစုက ထပ်လောင်းအားဖြည့်ထားပါသည်။ သို့ရာတွင် ပါဝင်သည့်ဆောင်းပါးအချို့တွင် ကွဲလွဲသည့်သိစေလိုရင်းအချက်ကို ဖော်ပြထားပါသည်။ ၎င်းကို ဥပမာပြရလျှင် ဆရာဝန်စာရေးဆရာမတစ်ဦး၏ဆောင်းပါး[၇၅] ဖြစ်ပြီး၊ 'လိင်ဆက်ဆံတဲ့အခါ အမျိုးသမီးတွေက အဖြည့်ခံ၊ အမျိုးသားတွေကပြုသူတွေလို့ ယုံကြည်နေသေးတယ်ဆိုရင် လုံးဝခေတ်နောက်ကျနေပါပြီ' ဟု ရဲရဲတင်းတင်းဖော်ပြထားပါသည်။ ထိုဆောင်းပါးတွင် အမျိုးသားများအားရည်ရွယ်သည့် လိင်မှတစ်ဆင့်ကူးစက် ပြန့်ပွားသောရောဂါများနှင့် HIVရောဂါဆိုင်ရာ သိစေလိုရင်းအချက်များ၊ လိင်မှုဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်နှင့် မိမိ၏ လက်တွဲဖော်ကို ကာကွယ်စောင့်ရှောက်ခြင်းတို့ အပါအဝင် အသိအမြင်ဖွင့် သတင်းစကားများပါဝင်ပါသည်။

၁၂.၁၀.၄ အမျိုးသမီးများအား မတရားပြုခံရသူများအဖြစ် ရှုမြင်ခြင်း

အမျိုးသမီးများ၏ နာခံကျိုးနွံမှုဆိုင်ရာစံနှုန်းများမှ ဆင်းသက်လာနိုင်သည့် အခြားဖော်ပြချက်များသည် စစ်ပွဲ၊ အမျိုးသားများအကြမ်းဖက်မှု သို့မဟုတ် အိမ်ထောင်ရေးဖောက်ပြန်မှုတို့အပါအဝင် အခြေအနေအသီးသီးတွင် အမျိုးသမီးများအား ခုခံနိုင်စွမ်းနည်းပါးသော မတရားပြုခံရသူများအဖြစ် ဖော်ပြခြင်းဖြစ်ပါသည်။ သာဓကတစ်ခုအနေဖြင့် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလထုတ်ရွှေအမြုတေမှ ဝတ္ထုတစ်ပုဒ်[၇၆]တွင် ရန်ကုန်မြစ်ထဲ၌ လှေငယ်တစ်စင်းဖြင့် မုန့်ရောင်းရင်း ဘီယာနှင့်အစားအသောက်ကို ဒီဇယ်ဆီဖြင့်လဲလှယ်၍ အသက်မွေးသည့် ဆင်းရဲသားမိတဆိုးသားအဖအကြောင်းဖြစ်ပါသည်။ တစ်နေ့တွင် ဆီတင်သင်္ဘောပေါ်မှ အမျိုးသားတစ်စုက သမီးဖြစ်သူကို ရိုင်းပျစွာ လက်ဟန်ခြေဟန်ပြလျက် 'ဟေ့ ကောင်မလေး၊ ဒီကိုလာခဲ့'ဟု သင်္ဘောပေါ်မှ လှမ်းအော်ပါသည်။ လိင်ပိုင်းဆိုင်ရာ စော်ကားခြင်းဖြစ်သည်ကို ဖခင်ကသတိထားမိသောအခါ သူနှင့်သူ့သမီးအနေဖြင့် အမျိုးသားများ၏ ပြောင်စပ်စပ်မျက်နှာများကို စိုက်ကြည့်ရုံမှ လွဲ၍တခြားဘာမှမတတ်နိုင်ပါ။

ထိုစာအုပ်မှာပင် အမျိုးသမီးများအားမတရားပြုခံရသူများအဖြစ် ဖော်ပြထားသည့် နောက်ထပ်သာဓကတစ်ခုမှာ ငယ်ရွယ်သူမုဆိုးမတစ်ဦးနှင့် ချစ်ကြိုက်မိသည့် အမျိုးသားတစ်ဦးအကြောင်းဝတ္ထုတစ်ပုဒ်[၇၇] ဖြစ်ပါသည်။ မုဆိုးမအမျိုးသမီးသည် ကွယ်လွန်သွားသည့်ခင်ပွန်း၏ အဓမ္မပြုကျင့်ခြင်းခံခဲ့ရပြီးနောက် လက်မထပ်ဘဲအပျိုရည်ပျက်ရသဖြင့် အရှက်ရမှုကို သည်းမခံနိုင်သည့်အဆုံး သူမအားကျူးလွန်သူနှင့် လက်ထပ်ခဲ့ရခြင်းဖြစ်ပါသည်။ ယခင်အိမ်ထောင်ဖြင့် လိင်မှတစ်ဆင့်ကူးစက်သည့်ရောဂါတစ်ခုလည်းရခဲ့ပြီး၊ အကျိုးဆက်အနေဖြင့် ခွဲစိတ်ကုသ၍ သားအိမ်ထုတ်လိုက်ရပါသည်။ သူမ၏အတိတ်အကြောင်းနှင့် ကလေးမမွေးနိုင်တော့သည့်အခြေအနေကြောင့် သူမကိုချစ်သည့်အမျိုးသား၏ ချစ်ရေးဆိုမှုကိုလက်ခံရန် မဖြစ်နိုင်ဟု တွေးမိပါသည်။ မတရားပြုခံခဲ့ရသည့် သူ့အတိတ်ကြောင့် ထာဝရကံဆိုးမိုးမှောင်ကျရသူအဖြစ် သူမအားပုံဖော်ထားပါသည်။

ဤဖြစ်စဉ်များတွင် အမျိုးသမီးများသည် မကြာခဏမတရားပြုခံရသည်သာမက ထိုသို့ကြုံရသည့် ကြမ္မာဆိုးအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အပြစ်တင်ခံရလေ့ရှိပါသည်။ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလထုတ် အပျိုစင်မဂ္ဂဇင်းတွင်ပုံနှိပ်ဖော်ပြခဲ့သည့် ပထွေးဖြစ်သူက အဓမ္မပြုကျင့်ရန်ကြိုးစားစဉ် ပြန်လည်ခုခံတိုက်ခိုက်ခဲ့သည့် မိန်းကလေးတစ်ယောက်အကြောင်း ဝတ္ထုတိုတစ်ပုဒ်[၇၈]တွင် ဤဖြစ်ရပ်ကိုပုံဖော်ထားပါသည်။ မိခင်ကိုယ်တိုင်က သူမဘက်ကမရပ်တည်ခဲ့သဖြင့် အိမ်မှထွက်ပြေးခဲ့ပြီး မြို့သို့ရောက်သည်နှင့် ပြည့်တန်ဆာခေါင်းတစ်ယောက်က ခေါ်ထားပြီး လိင်လုပ်သားအဖြစ် ဖိအားပေးခိုင်းစေခံခဲ့ရပါသည်။ ဝတ္ထု၏ နိဂုံးတွင် သူမအားရဲကဖမ်းဆီးခဲ့ပါသည်။ သူမပြန်လွတ်လာသည့်အခါ ပြည့်တန်ဆာခေါင်း၏လက်မှလွတ်မြောက်ခဲ့၍ ပျော်ရွှင်ရသော်လည်း၊ သွားစရာနေရာမရှိသည့်အပြင် ဘဝအတွက်လည်း ရွေးချယ်စရာမရှိဖြစ်ရသည်ကို ပုံဖော်ထားပါသည်။

၁၂.၁၀.၅ အမျိုးသမီးများအား မာယာများသူ/လှည့်ဖြားတတ်သူများအဖြစ် ရှုမြင်ခြင်း

အပျိုစင်ဆိုင်ရာ စံနှုန်းများအား အမျိုးသမီးများလိုက်နာရန် ပျက်ကွက်သည့်အတွက် အမျိုးသားများအိမ်ထောင်ရေးဖောက်ပြန်မှုသည် အမျိုးသမီးများ၏ တာဝန်ဖြစ်သည်ဆိုသည့်အယူအဆသည် ဤမဂ္ဂဇင်းများတွင် လွှမ်းမိုးပျံ့နှံ့

၇၄။ ညို့၊ စာ ၃၉-၄၀၊
၇၅။ စာရေးဆရာမ 'နိုက်တင်ဂေး'၏ 'ရင်ခွင်တကာ ခိုဝင်မှာလား'
၇၆။ စာရေးဆရာ မိုးကျော်ဇင်၏ 'ရန်ကုန်မြစ်တွင်း တစ်နေရာ'စာ- ၂၂၅-၂၃၀
၇၇။ စာရေးဆရာ ပိုင်ဒွေး၏ 'နွေဦးနှင်းဆီ'စာ- ၁၂၆-၁၃၀
၇၈။ စာရေးဆရာ နတ်ရဲ၏ 'အသိုက်ပျောက်တဲ့ငှက်'

နေပါသည်။ ထိုသို့ဖော်ပြမှုများသည် အမျိုးသမီးမဂ္ဂဇင်းများတွင် နောက်ထပ် အာဘော်တစ်ခုဖြစ်သည့် အမျိုးသမီးများသည် မာယာများ၍ လှည့်ဖြား တတ်သည်ဆိုသည့်ယူဆချက်နှင့် အခိုင်အမာဆက်စပ်နေပါသည်။ သာဓက တစ်ခုမှာ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလထုတ်ရွှေအမြုတေမဂ္ဂဇင်းတွင် ပြန်လည် ပုံနှိပ်ဖော်ပြခဲ့သည့် ၁၉၈၀၀န်းကျင်နှစ်များမှ ဝတ္ထုတိုပောင်းတစ်ပုဒ်[၇၉] ဖြစ်ပါသည်။ အပြင်တွင် အမျိုးသားများရှုပ်သည့်ပွေသည်ကိစ္စများကို လက်ခံ ခွင့်လွှတ်ရန် လိင်မတူသည့်အပေါ် ဇီဝသဘောခြားနားမှုများ ရှိသည်ဆိုသည့် အယူအဆကို ဝတ္ထုထဲတွင် ထပ်လောင်းအားဖြည့်ထားပါသည်။ ထို့အပြင် အိမ်ထောင်ရေးဖောက်ပြန်သည့် ယောကျ်ားများအပြစ်ကို ၎င်းတို့နှင့် ဖောက်ပြန်သည့်အမျိုးသမီးများအပေါ် လွှဲချလေ့ရှိကြောင်းဖြစ်ပါသည်။

> အမျိုးသမီးတွေအများကြီးနဲ့နေနိုင်အောင် သဘာဝအခြေအနေတွေက အမျိုးသားတွေကို မျက်နှာသာပေးထားတယ်။ ဒါပေမဲ့ ခုခေတ်မှာ အမျိုးသမီးတွေလည်း သန္ဓေတားတဲ့နည်းလမ်းတွေသုံးပြီး သဘာဝကို ဆန့်ကျင်နေကြတာပါပဲ။ ရလဒ်ကတော့ ကွာရှင်းပြတ်စဲတဲ့နှုန်း မြင့်မား လာတာပါ။ များသောအားဖြင့် အမျိုးသားတွေကအပျော်ရှာတယ်၊ သဘာဝက သူတို့ကို ဒီနည်းနဲ့မျက်နှာသာပေးထားတာကိုး။ ဒုတိယ တစ်ချက်က သူတို့အိမ်ထောင်ရေးဖောက်ပြန်ဖို့ အမျိုးသမီးတွေက အခွင့်အရေးပေးတယ်။ တကယ်လို့သာ တခြားအမျိုးသမီးတွေက အိမ်ထောင်ရှိတဲ့အမျိုးသားကို လက်မခံဘူးဆိုရင် အဲဒီအမျိုးသားက အိမ်ထောင်ရေးဖောက်ပြန်လို့ရမှာ မဟုတ်ပါဘူး။

၁၂.၁၁ လက်ထပ်ထိမ်းမြားခြင်းကို ဝေဖန်ဆန်းစစ်ခြင်း

မဂ္ဂဇင်းများတွင် လက်ထပ်ထိမ်းမြားခြင်းနှင့် သမီးရည်းစားဆက်ဆံရေးများ ဆိုင်ရာ ဖော်ပြချက်အချို့၌ လက်ထပ်ထိမ်းမြားခြင်းကို (အထူးသဖြင့်) အမျိုးသမီးများသည် လက်ထပ်ထိမ်းမြားခြင်း၏ကျေးကျွန်များ သို့မဟုတ် အကျဉ်းသားများအဖြစ်ပုံဖော်သည့် ဝတ္ထုများနှင့် ဆွေးနွေးချက်များကို နေရာပေးဖော်ပြလာကြပါသည်။ အချို့သောဝတ္ထုများတွင် အမျိုးသမီး များအား အခြေအနေ၏သားကောင်များအဖြစ် ယူဆသည့်အမြင်ကို ထပ်လောင်းအားဖြည့်ထားသော်လည်း၊ အခြားဝတ္ထုများတွင် လက်ထပ် ထိမ်းမြားခြင်း၏ ကောင်းကျိုးများအပေါ် ဆင်ခြင်သုံးသပ်ရန် အခွင့်အလမ်းများပေးထားပါသည်။

၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလထုတ်အပျိုစင်မဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြခဲ့သည့် 'အကျဉ်းကျ အမျိုးသမီးများ' ဝတ္ထုတို[၈၀] တွင် အမျိုးသမီးငယ် တစ်ယောက်သည် မတ်ဖြစ်မည့်သူ၏အိမ်သို့အလည်သွားပြီး 'အချစ်ဟုအမည်ခံသည့် အကျဉ်းထောင်တစ်ခု' ဟုဆိုရမည့် ၎င်း၏ အိမ်ထောင်သည်ဘဝကို လေ့လာပြီးသည့်နောက် သူမ၏ချစ်သူနှင့် စေ့စပ်ထားသည့်အပေါ် သံသယဝင်စပြုလာပါသည်။ လက်ထပ်ပြီးသည် နှင့် သူမအားအလုပ်မှထွက်ရန် ချစ်သူကပြောလာသည့်အခါ အမျိုးသမီးငယ်သည် နောက်ဆုံးတွင် စေ့စပ်လက်စွပ်ကိုပြန်ပေးရန် ဆုံးဖြတ်လိုက်ပါသည်။ လက်ထပ်ထိမ်းမြားခြင်းတွင် ဇနီးတစ်ယောက် အနေဖြင့် မျိုးဆက်ပွားတာဝန်သာယူရမည့် 'လုံခြုံရေးအာမခံချက်'အဖြစ် ချစ်သူကောင်လေးက ထိုအမျိုးသမီးဇာတ်ကောင်အား ကမ်းလှမ်းခြင်း ဖြစ်ပါသည်။ "မိန်းမတစ်ယောက်က အိမ်ထောင်ကျပြီးရင် အလှအပအတွက် စိတ်ပူနေစရာ မလိုပါဘူး။ သားသမီးတွေနဲ့ လင်ယောကျ်ားကိုပဲ ပြုစု စောင့်ရှောက်ရမှာ။ ယောကျ်ားက ဝင်ငွေလုံလုံလောက်လောက်ရှာနိုင်ရင် သူ့ဘဝကပြည့်စုံနေပြီ၊ တခြားဘာမှမလိုပါဘူး'ဟု သူကဆိုပါသည်။ အမျိုးသမီးဇာတ်ဆောင်က ဤကမ်းလှမ်းချက်ကို "ရုပ်ဝတ္ထုပစ္စည်းတွေက ကျွန်မဘဝကို မပြည့်စုံစေပါဘူး။ လွတ်လပ်တဲ့ မိန်းမတစ်ယောက်အနေနဲ့ ကိုယ့်ရပ်တည်ချက်နဲ့ လွတ်လပ်ခွင့်တွေဆုံးရှုံးရမှာကို ကျွန်မစိုးရိမ်တယ်။ အိမ်ထောင်သည်ဘဝကို အကျဉ်းထောင်တစ်ခုလိုပဲ ကျွန်မမြင်တယ်" ဟုပြော၍ ငြင်းဆိုပါသည်။ 'အချစ်ဆိုတာရယူပိုင်ဆိုင်လိုခြင်းပဲ။ ယောကျ်ားတစ်ယောက်ရဲ့ အချစ်ဆိုတာ ချစ်တဲ့သူကိုလက်ထပ်ပြီး ပိုင်ဆိုင်ဖို့ ဖြစ်တယ်' ဆိုသည့် သူမချစ်သူ၏အချစ်အပေါ် အဓိပ္ပာယ် ဖွင့်ဆိုချက်ကိုလည်း အမျိုးသမီးဇာတ်ကောင်က လက်မခံပါ။ ဤတွင် အမျိုးသမီးဇာတ်ကောင်၏အချစ်အပေါ် အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ "ကျွန်မ နားလည်တာကတော့ အချစ်ဆိုတာ အပြန်အလှန်လေးစားမှုရှိဖို့ တစ်ဦးရဲ့ ပျော်ရွှင်မှုကို တစ်ဦးကတန်ဖိုးထားဖို့၊ တစ်ဦးရဲ့ကိုယ်ပိုင်ဘဝကို တစ်ဦးက နားလည်ပေးဖို့နဲ့ လက်ထပ်ထိမ်းမြားခြင်းဆိုတဲ့ အကျဉ်းထောင်ထဲမှာ တစ်ဦးကိုတစ်ဦး မချုပ်နှောင်မိဖို့ဂရုစိုက်ရမှာဖြစ်တယ်"ဟူ၍ ဖြစ်ပါသည်။ ဝတ္ထုအများစုတွင် လက်ထပ်ထိမ်းမြားခြင်းကို အမျိုးသမီးများအတွက် အန္တိမရည်မှန်းချက်နှင့်ကံကြမ္မာဟု သတ်မှတ်ထားသော်လည်း၊ လက်ထပ် ထိမ်းမြားခြင်း၏ပုံသဏ္ဌာန်နှင့် ကောင်းကျိုးများကို ဤသို့ဝေဖန်ဆန်းစစ် နိုင်ရန်လည်းအရေးကြီးပါသည်။

၁၂.၁၂ စံနှုန်းများအားချိုးဖောက်သည့် ဝတ္ထုများ

နောက်ဆုံးအားဖြင့် မျှော်မှန်းထားသည့် စံနှုန်းများကိုဆန့်ကျင်၍ အမျိုးသမီး များအား ရဲရင့်သူ၊ အကြောက်တရား ကင်းမဲ့သူများအဖြစ် ယူဆသည့် ဖော်ပြချက်အချို့လည်း ရှိပါသည်။ သာဓကတစ်ခုမှာ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလထုတ်၊ သရဖူမဂ္ဂဇင်းမှ အက်ဆေးတစ်ပုဒ်[၈၁] ဖြစ်ပြီး၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နေသည့် အသက် ၆၀ အရွယ် အမျိုးသမီး ကာယဆရာမတစ်ဦးအကြောင်း ဖြစ်ပါသည်။ တစ်ခုလပ်မုဆိုးမ ဘဝဖြင့် ကလေးနှစ်ယောက်အား ကိုယ်တိုင် ပြုစုပျိုးထောင်ခဲ့သည့် သူမသည် ထိုသို့သောမဂ္ဂဇင်းများတွင်ဖော်ပြသည့် ရှားရှားပါးပါး စံနမူနာဖြစ်ပါသည်။ အမျိုးသမီးစာဖတ်ပရိသတ်များကို သူမ အဓိက ပြောလိုသည်မှာ ဇွဲမလျှော့ဘဲ ဆက်လက်ကြိုးပမ်းကြရန် ဖြစ်ပါသည်။

လေ့လာဆန်းစစ်ခဲ့သည့် ပုံနှိပ်ထုတ်ဝေမှုများအားလုံးအနက် စံနှုန်းများအား အများဆုံးချိုးဖောက်သည့်ဝတ္ထုတိုတစ်ပုဒ်မှာ ၂၀၁၃ခုနှစ်၊ အောက်တိုဘာလထုတ် ရွှေအမြုတေမဂ္ဂဇင်းတွင် ဖော်ပြခဲ့ခြင်းဖြစ်ပြီး၊ ရွာတွင် အမျိုးသားများ၏ညံ့ဖျင်း၍ခြစားနေသည့် ခေါင်းဆောင်မှုကို တုံ့ပြန်သည့်အနေဖြင့် ကျေးရွာခေါင်းဆောင်မှုတာဝန်အတွက် ဝင်ရောက် ယှဉ်ပြိုင်ရန်ဆုံးဖြတ်သည့် ရိုးသားရဲရင့်သူအမျိုးသမီးတစ်ဦးအကြောင်း ပုံဖော်ထားပါသည်။ သို့ရာတွင် ထိုဇာတ်ကောင်အားသူမတွေ့ရှိရသည့် အဂတိလိုက်စားမှုများကို စိန်ခေါ်ရန်ဝတ္ထုကခွင့်မပြုပါ။

ရုပ်ရှင်မင်းသမီးများ၊ အဆိုတော်များစသည့် နိုင်ငံခြားအနုပညာကြယ်ပွင့် များနှင့် တွေ့ဆုံမေးမြန်းခန်းများကို မကြာခဏ ဘာသာပြန်ဆိုဖော်ပြ ကြသော်လည်း၊ အမျိုးသမီးများစွမ်းရည်မြှင့်တင်ရေးဆိုင်ရာ အမှာစကားများနှင့် လိုရင်းအချက်များကို ပုံနှိပ်ထုတ်ဝေသည့် အခြား အကြောင်းအရာများတွင် ရှားရှားပါးပါးတွေ့ရှိရပါသည်။ ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလထုတ် အပျိုစင်မဂ္ဂဇင်းမှ အမျိုးသမီးသရုပ်ဆောင် နီကိုးလ် ကစ်ဒ်မင်းနှင့် တွေ့ဆုံမေးမြန်းခန်းမှ အောက်ပါကောက်နုတ်ချက်သည် သာဓကတစ်ခုဖြစ်ပါသည်။

၇၉။ စာရေးဆရာမ မြနှောင်းညို၏ 'ကျွန်မ ပြီးတော့ အချစ်'စာ- ၁၀၂-၁၀၈၊
၈၀။ ရေးသူ ထက်မြက်နိုင်ဇင်၊စာ ၁၇၅-၁၈၁၊
၈၁။ ဒေါ်မာလာတင်၏ 'အမျိုးသမီးတိုင်း လှစေချင်'၊စာ ၁၁၈-၁၂၀၊

> အမျိုးသမီးနဲ့ အမျိုးသား တန်းတူပဲလို့ ကျွန်မအမေက သင်ပေးထားပါတယ်။ ကျွန်မသမီးတွေကိုလည်း ကျွန်မ ဒီအတိုင်းပဲ သင်ထားပါတယ်။ ကျွန်မတို့ရဲ့ စိတ်ခွန်အားတွေကို ဘယ်သူ့ကိုမှ ဖျက်ဆီးခွင့် မပေးနိုင်ပါဘူး။ မည်သူတစ်ဦးတစ်ယောက်ကိုဖြစ်စေ ခွဲခြားဆက်ဆံတာမျိုးကိုလည်း ဘယ်တော့မှ လက်ခံဖို့မလိုပါဘူး။ ဒါဟာ ကျွန်မနဲ့ကျွန်မအမေ နှစ်ယောက်စလုံးရဲ့ ရပ်တည်ချက်ပါပဲ။

'ပြင်ပမှလူများ'၏ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ အမှာစကားများအနက် နောက်ထပ်သာဓကတစ်ခုမှာ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလထုတ်၊ သရဖူ မဂ္ဂဇင်းပါ အမျိုးသမီးအဆိုတော် ဘီယွန်းစေးနှင့်တွေ့ဆုံမေးမြန်းခန်း[၈၂] မှ အောက်ပါကောက်နုတ်ချက်ဖြစ်ပါသည်။

၈၂။ H&M 2013 Summer issue မှ စိုးသိမ်း ဘာသာပြန်သည့် 'အောင်မြင်မှုသရဖူဆောင်းခဲ့သည့် ဘီယွန်စေး'

တွေ့ရှိချက်များ၏ ရိုက်ခတ်မှု

နိုင်ငံရေး၊ စီးပွားရေးစသည့် အရေးပါသောနယ်ပယ်များတွင် အမျိုးသမီးများ ကိုယ်စားပြုဖော်ပြမှုမရှိခြင်း၊ ကျား၊ မ ရေးရာ တရားသေအမြင်များအား ပြန်လည်အသက်သွင်းခြင်း၊ အမျိုးသမီးများအား မတရားမှုကျူးလွန်ခြင်း နှင့် ကျူးလွန်ခံရသူအား အပြစ်ဖို့ခြင်းတို့သည် မီဒီယာအနေဖြင့်ကျား၊ မ ရေးရာ တန်းတူညီမျှမှုမြင့်မားလာစေရေးဆောင်ရွက်ရာတွင် အပေါင်းလက္ခဏာ ဆောင်သည့် အားတစ်ခုဖြစ်လာစေရေးအတွက် ဖြေရှင်းဆောင်ရွက်ရမည့် အဓိကကိစ္စရပ်များထဲမှ အချို့ဖြစ်ပါသည်။ သတင်းထောက်များ၊ အယ်ဒီတာများနှင့် အခြားမီဒီယာလောကသား အစုအဖွဲ့များနှင့် လက်တွဲဆောင်ရွက်ခြင်းသည် မီဒီယာရေစီးကြောင်းတွင် လတ်တလော ဖြစ်ပေါ်နေသည့် အနုတ်လက္ခဏာဆောင်သော လူမှုပုံစံသွင်းသည့် အခြင်းအရာများကို ကျော်လွှားနိုင်ရန် အရေးကြီးသောမဟာဗျူဟာများ ဖြစ်လာမည်ဖြစ်ပါသည်။[၇၃]

၇၃။ အသေးစိတ်အကြံပြုတိုက်တွန်းချက်များကို အခန်း ၁၃ တွင် တွေ့နိုင်ပါသည်။

၁၃ အဓိကတွေ့ရှိချက်များ



မြန်မာနိုင်ငံအနေဖြင့် ပြုပြင်ပြောင်းလဲရေး လမ်းကြောင်းကို ဆက်လက် လျှောက်လှမ်းရာတွင် ကျား၊ မ ရေးရာ တန်းတူ ညီမျှရေးရှုထောင့်မှကြည့်လျှင် မျှော်လင့်စရာနှင့်စိုးရိမ်စရာ နှစ်မျိုးစလုံး ရှိနေပါသည်။

၁၃.၁ အခြေအနေ တည်ဆောက်ခြင်း

မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာ တန်းတူညီမျှမှုမရှိခြင်းအား အစဉ်အလာအားဖြင့် အလေးထားရမည့် ကိစ္စရပ်အဖြစ် လက်ခံ အသိအမှတ်မပြုခဲ့ပါ။ ကိုလိုနီခေတ် အရေးအသားများမှ စတင်ခဲ့သည့် မြန်မာနိုင်ငံသည် အမျိုးသား၊ အမျိုးသမီး တန်းတူအခွင့်အရေးရှိသည့် နိုင်ငံဖြစ်သည်ဆိုသော အယူအဆသည် ပျံ့နှံ့လွှမ်းမိုးနေဆဲ ဖြစ်ပါသည်။ စစ်အစိုးရ လက်ထက်တွင် ကျား၊ မ ရေးရာကို နိုင်ငံရေးအရ အသုံးချခဲ့ပြီး မြန်မာ သို့မဟုတ် ဗုဒ္ဓဘာသာဝင်တို့၏ ယဉ်ကျေးမှုကို ကိုးကား၍ ကျား၊ မ ရေးရာ တန်းတူညီမျှရေးရှိသည်ဟု ကြွေးကြော်ခဲ့ပြီး နိုင်ငံတကာအသိုင်းအဝိုင်း၏ ဝေဖန်မှုများကို တားဆီး ကာကွယ်ခဲ့ပါသည်။ ယနေ့ခေတ်အထိဆက်၍ ကျား၊ မ ရေးရာ တန်းတူ ညီမျှသည်ဆိုသည့် အပြောအဆို အရေးအသားများကို တက္ကသိုလ်များ၊ တရားဝင်နိုင်ငံရေး ထုတ်ပြန်ချက်များနှင့် ဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာများတွင် အသက်သွင်းနေဆဲ ဖြစ်သည်။ ဤသည်မှာ ယခု စတင်ပြောင်းလဲနေပြီဖြစ်ပြီး၊ ယေဘုယျ အချက်အလက်မရှိခြင်း (အထူးသဖြင့် ကျား၊ မ ရေးရာ သီးခြားအချက်အလက်မရှိခြင်း) နှင့် အယူအဆရေးရာ ရှုပ်ထွေးမှုများက ကျား၊ မ ရေးရာ လူမှုဆက်ဆံရေးတွင် အခြားသောပုံသဏ္ဍာန်များ ပေါ်ထွက်လာခြင်းကို အဟန့်အတား ဖြစ်စေခဲ့ပါသည်။ ဤလေ့လာမှုတွင် တွေ့ရသကဲ့သို့ လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းများသည် အမျိုးသား၊ အမျိုးသမီးများအတွက် လုပ်ငန်းတာဝန်နှင့်တန်ဖိုး မတူကွဲပြားသည် ဆိုသည့် အယူအဆများကို လက်ဆင့်ကမ်း သယ်ဆောင်လာပါသည်။

၁၃.၁.၁ ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာအဓိက စံနှုန်းများ

မြန်မာဘာသာစကားတွင် ‘ယဉ်ကျေးမှု’ဆိုသည့် စကားရပ်သည် ဘာသာဗေဒအားဖြင့် ယဉ်ကျေးသိမ်မွေ့မှုနှင့် ဆက်စပ်နေပြီး၊ သင့်လျော်သည့် ယဉ်ကျေးမှုဆိုင်ရာ ဖော်ပြချက်ဟု ယူဆနိုင်ပါသည်။ လေ့လာမှုတွင် ပါဝင်သူများက အမျိုးသမီးများအား ‘ယဉ်ကျေးမှုကို ဆက်ခံသူများ’ အဖြစ် ရှုမြင်ကြပြီး၊ ယဉ်ကျေးမှုတန်ဖိုးများ ပျောက်ကွယ်မှုဆိုင်ရာ ဆွေးနွေးမှုများတွင် အမျိုးသမီးများအား မကြာခဏ အပြစ်တင်လေ့ရှိပါသည်။ မြန်မာ့ယဉ်ကျေးမှုသည် တရားဝင်အားဖြင့် ဗုဒ္ဓဘာသာဝင်ဗမာတို့၏ယဉ်ကျေးမှုနှင့် ယေဘုယျအားဖြင့် အတူတူဖြစ်ပါသည်။ ဤသည်က တိုင်းရင်းသား လူနည်းစုယဉ်ကျေးမှုများ၏ ယဉ်ကျေးမှုဆိုင်ရာ ဖော်ပြချက်များကို နှုတ်ဆိတ်သွားစေသည့်အပြင် လူများစုယဉ်ကျေးမှုတွင် ကျား၊ မ ရေးရာ တန်းတူညီမျှပြီး၊ ဆန့်ကျင်ဘက်အားဖြင့် လူနည်းစုယဉ်ကျေးမှု များတွင်တန်းတူ ညီမျှမှုမရှိဟု ဆိုလိုရာရောက်သည့် ဆိုးကျိုးနှစ်ခု ဖြစ်စေပါသည်။ မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာ တန်းတူညီမျှ မရှိခြင်းကို အမျိုးသားကြီးစိုးရေးဝါဒ အခြေခံ ပုံသဏ္ဍာန်များအားဖြင့် ပြန်လည် အသက်သွင်းသည့် ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ အရေးအသား များတွင် တွေ့နိုင်ပါသည်။ ဤသည်ကို လေ့လာမှုတွင် ပါဝင်ခဲ့သည့် တိုင်းရင်းသား လူမျိုးစုအားလုံးနှင့် ကိုးကွယ်သည့်ဘာသာ အားလုံးတွင် လေ့လာတွေ့ရှိရပါသည်။

ယဉ်ကျေးမှုစံနှုန်းများ၏ ကျား၊ မ ရေးရာ အမြင်များတွင် အမျိုးသားများ၏ သာလွန်မြင့်မြတ်မှုကို အဓိကထားပြီး၊ အမျိုးသမီးများအား ၎င်းနှင့် ဆန့်ကျင်ဘက် နိမ့်ကျသည့်နေရာတွင် ထားလေ့ရှိပါသည်။ အမျိုးသမီး များအား တန်းတူတန်ဖိုးမထားသည့် အယူအဆသည် ၎င်းတို့၏ ခန္ဓာဗေဒ လုပ်ငန်းစဉ်များ၊ အထူးသဖြင့် ရာသီသွေးဆင်းခြင်း၊ ကလေး မွေးဖွားခြင်းတို့သည် မသန့်ရှင်း၊ မစင်ကြယ်ဟု ယူဆကြသည့် အတွေး အခေါ်များနှင့် ဆက်စပ်နေပါသည်။ အမျိုးသမီးများ၏ အပျိုစင်ဘဝ နှင့် ကျန္နေသိက္ခာတို့သည် မြင့်မြင့်မားမား တန်ဖိုးထားကြသည့် စံနမူနာများ ဖြစ်ပြီး၊ ‘သင့်လျော်သော’ ဝတ်စားဆင်ယင်မှုသည် ဤ စံနမူနာကို ကိုယ်စားပြုရာ၌ အလွန်အမင်း အရေးကြီးပါသည်။ ‘မဖွယ် မရာ’ ဝတ်စားဆင်ယင်မှုကို ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချလေ့ရှိပြီး၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် စပ်လျဉ်း၍ ကျူးလွန်ခံရသည့် အမျိုးသမီးများအား အပြစ်တင်ခြင်းသည် ဝတ်စားဆင်ယင်မှု ပုံစံများနှင့် ဆက်စပ်နေပါသည်။ အမှန်တကယ်၊ သို့မဟုတ် ပြစ်မှုကျူးလွန်နိုင်ခြေ ရှိသူများကို အမျိုးသားများ၏ ဖိုသဘာဝသည် ထိန်းချုပ်မရနိုင်ဘဲ အကြမ်းဖက်နိုင်ခြေရှိသည် ဆိုသည့် စံနှုန်းများက နောက်ကွယ်မှ အကာ အကွယ် ပေးထားပါသည်။

ယောက်ျားပီသမှုဆိုင်ရာ စံနှုန်းများသည် ဆန့်ကျင်ဘက်လိင်အပေါ် စိတ်ဝင်စားမှုနှင့်ဆက်စပ်နေပြီး ယေဘုယျအားဖြင့် ဝတ်စားဆင်ယင်မှု စံများဖြင့် လူမှုရေးအရ ထိန်းချုပ်ထားပါသည်။ အမျိုးသမီးများ၏

ဆန့်ကျင်ဘက်လိင်အပေါ် စိတ်ဝင်စားမှုကို လက်ခံသော်လည်း၊ အခြားလိင်ဆိုင်ရာ ဝိသေသလက္ခဏာများနှင့် ဖော်ပြချက်များကို ဆွေးနွေးမှု မရှိသလောက် ဖြစ်ပါသည်။ မိမိကိုယ်ကိုယ် ထိန်းချုပ်မှုနှင့် စွန့်လွှတ်အနစ်နာခံမှုတို့သည် 'မ'သဘာဝ စံများဖြစ်ပြီး၊ အရှက်နှင့် ဂုဏ်သိက္ခာကို စောင့်ထိန်းသည့် ယဉ်ကျေးမှု၏ ကျား၊ မ ရေးရာ ရှုထောင့် အမြင်တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။ အမျိုးသမီးများ၏ အဆင့်အတန်းကို အမျိုးသားများနှင့် ဆက်ဆံရေးအားဖြင့် မြှင့်တင်နိုင်သည်ဟု ယူဆပြီး လက်ထပ်ထိမ်းမြားခြင်းဖြင့် သတ်မှတ်ကြပါသည်။ ၎င်းတို့၏ အဆင့်အတန်းသည် လင်မယား ကွာရှင်းခြင်း၊ မုဆိုးမ ဖြစ်ခြင်း သို့မဟုတ် လက်ထပ်ရန် ငြင်းဆိုခြင်း စသည်တို့ကြောင့် ကျဆင်းနိုင်ပါသည်။

'သား' အား ပို၍တောင့်တခြင်း၊ သတို့သမီးဘက်မှ အဖိုးအခပေးရခြင်း၊ အမွေဆက်ခံရာတွင် တန်းတူအခွင့်အရေး မရခြင်းတို့သည် တန်းတူတန်ဖိုးမထားခြင်းကြောင့် ဖြစ်ပေါ်လာသည့် အဓိကပြဿနာများထဲမှ အချို့ဖြစ်ပြီး၊ အမျိုးသမီးများ၏ ဘဝတွင် ဆိုးကျိုးများ သက်ရောက်စေပါသည်။ မိသားစု၊ ပညာရေးစနစ်၊ အာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးဝန်ဆောင်မှုများ၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်၊ စာပေ၊ လူထုမီဒီယာများ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် ကျား၊ မ ရေးရာဆိုင်ရာ စံနှုန်းများအား လူမှုဝန်းကျင်မှ လက်ခံလာစေရန် အဓိကလုပ်ဆောင်ပေးသူ အများအပြား ရှိပါသည်။ ဤသို့ အားလုံးလွှမ်းခြုံ၍ လူမှုပုံစံသွင်းခြင်း၏ သက်ရောက်မှုသည် ကျား၊ မ ရေးရာ စံနှုန်းများအား နက်နက်ရှိုင်းရှိုင်း လက်ခံကျင့်သုံးလာကြခြင်း ဖြစ်ပါသည်။ ကျား၊ မ ရေးရာ စံနှုန်းများနှင့် စပ်လျဉ်း၍ အပြောင်းအလဲများကိုလေ့လာတွေ့ရှိရပြီး၊ အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်နှင့် အခန်းကဏ္ဍအား ကန့်သတ်ထားသည့် စံနှုန်းများ တဖြည်းဖြည်း ဖြေလျှော့လာသည်ကို တွေ့ရှိရသော်လည်း အားလုံး သဘောတူ လက်ခံကြသည် မဟုတ်ပါ။

၁၃.၁.၂ စီးပွားရေး၊ အလုပ်အကိုင်နှင့် အသက်မွေးမှု

အမျိုးသမီးနှင့် အမျိုးသားများအတွက် အလုပ်အကိုင်နှင့် အသက်မွေးမှု အခွင့်အလမ်းများသည် ၎င်းတို့ မည်သည့် နေရာတွင် ရှိနိုင်သည်၊ မည်သည်တို့ကို လုပ်နိုင်သည်၊ မည်သည့်အချိန်တွင် လုပ်နိုင်သည် ဆိုသည့် 'ကောင်းသည်'၊ 'သင့်တော်သည်'ဟု အများ လက်ခံနိုင်မည့် ယူဆချက်များဆိုင်ရာ ကျား၊ မ ရေးရာ စံနှုန်းများနှင့် အခိုင်အမာ ဆက်စပ်နေပါသည်။ လေ့လာခဲ့သည့် နေရာဒေသများအားလုံးတွင် ကျား၊ မ ရေးရာ အလိုက် အလုပ် ခွဲခြားလုပ်ကိုင်ခြင်း ကို အထင်အရှား တွေ့ရှိရပါသည်။ ပုံမှန်အားဖြင့် အမျိုးသားနှင့် အမျိုးသမီးများအတွက် လုပ်ငန်းနယ်ပယ်များသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက် အနေအထားတွင် ရှိကြပါသည်။ ၎င်းတို့တွင် ခက်ခဲကြမ်းတမ်းသော အလုပ်နှင့် ဆန့်ကျင်ဘက်အားဖြင့် လွယ်ကူပေါ့ပါးသောအလုပ်၊ အိမ်တွင်းအလုပ်နှင့် ဆန့်ကျင်ဘက်အားဖြင့် အပြင်ထွက်လုပ်ရသည့် အလုပ်၊ ကုန်ထုတ်လုပ်မှုနှင့် ဆန့်ကျင်ဘက်အားဖြင့် မျိုးဆက်ပွားခြင်း အလုပ်တို့ ပါဝင်ပါသည်။ အမျိုးသား တစ်ယောက်၏ ခွန်အား၊ သတ္တိနှင့် ဇွဲတို့သည် အမျိုးသမီးတစ်ယောက်တွင် မရှိသည့် အရည်အသွေး များဖြစ်သည် ဆိုသည့် အယူအဆရှိနေပါသည်။ မျိုးဆက်ပွားခြင်းအလုပ်အပေါ် အမျိုးသမီးများအာရုံစိုက်ရမည် ဆိုသည့် အယူအဆကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြပါသည်။ မိသားစုဝင်များအား ပြုစုစောင့်ရှောက်သူများအဖြစ် အမျိုးသမီးများအား ရည်ညွှန်းခြင်းသည် အမျိုးသမီးများ ကလေးမီးဖွားနိုင်ခြင်းနှင့် ဆက်စပ်နေပါသည်။ အမျိုးသမီးများ၏ အိမ်မှုကိစ္စများကို တာဝန်တစ်ခု၊ လိုအပ်ချက်တစ်ခုဟု ခပ်လွယ်လွယ် ဖော်ပြကြပြီး၊ ဆန့်ကျင်ဘက်တာဝန်ဖြစ်သည့် အမျိုးသားများ ပြင်ပတွင် အလုပ်လုပ်ရခြင်း၏ အကျိုးဆက်အဖြစ် ယူဆကြပါသည်။

အမျိုးသားများသည် ဝင်ငွေရှာသူနှင့် အိမ်ထောင်ဦးစီးဖြစ်သည် ဆိုသည့် စံနှုန်းများသည် ကျား၊ မ ရေးရာ ဆက်ဆံရေးကို နားလည်သဘောပေါက်စေရန် အဓိကကျပြီး 'ဘုန်း' ဆိုသည့် အယူအဆမှ ဆင်းသက်လာခြင်း ဖြစ်ပါသည်။ အမျိုးသားများ၏ အလုပ်သည် ပို၍တန်ဖိုးရှိသည်ဟု ယူဆကြပြီး၊ လုပ်ကိုင်ရန် ခွန်အားလိုအပ်ခြင်းက ထိုယူဆချက် များအတွက် အကြောင်းပြချက်တစ်ခု ဖြစ်ပါသည်။ အမျိုးသမီးများ၏ အလုပ်အပေါ် တန်းတူတန်ဖိုးမထားခြင်းမှာ အိမ်မှုကိစ္စများကို အဆင့်အတန်းအားဖြင့်ဖြစ်စေ၊ ဝင်ငွေအားဖြင့်ဖြစ်စေ တန်းတူမထားသည့်အချက်ကို ညွှန်ပြနေပါသည်။ ရပ်ရွာဒေသခံများက ဆန့်ကျင်ဘက်လိင်၏ တာဝန်ဟုသတ်မှတ်ထားသည့် အလုပ်တစ်ခုကို လုပ်ရသည့်အခါ အလွန်ကသိကအောက် ဖြစ်လေ့ရှိပြီး၊ အလုပ်အကိုင်တွင် ကျား၊ မ ရေးရာ နယ်နိမိတ်ကိုကျော်မိလျှင် ပတ်ဝန်းကျင်၏ မကောင်းမြင်မှုက ဤခွဲခြားမှုကို ပိုမိုအားကောင်းစေပါသည်။ အလုပ်အကိုင်နှင့်စပ်လျဉ်း၍ ကျား၊ မ ရေးရာ စံနှုန်းများကို ချိုးဖောက်ရသည့်အတွက် စိတ်ကသိကအောက်ဖြစ်မှု အတိုင်းအတာသည် အမျိုးသားနှင့် အမျိုးသမီးများ၏ အလုပ်အပေါ် တန်းတူတန်ဖိုးမထားကြောင်းကို ဖော်ပြနေပါသည်။

အမျိုးသမီးအများအပြားသည် ညံ့ဖျင်း၍ အန္တရာယ်ရှိသော လုပ်ငန်းခွင်အခြေအနေများ၊ ရာထူးတိုးရေး၊ နေရာကောင်းရရေးတို့တွင် မမြင်နိုင်သည့် အတားအဆီးများ၊ အိမ်မှုကိစ္စနှင့် အပြင်အလုပ်တို့ကြောင့် ဝန်ထုပ်ဝန်ပိုးနှစ်ဆဖြစ်လာခြင်း စသည့် စိုးရိမ်ဖွယ်ရာ အကြောင်းများကိုတွေ့ကြုံနေရသည့်အတွက် လခစားအလုပ်တွင် အမျိုးသမီးများ ပိုမိုပါဝင်လာခြင်းကို ပို၍တန်းတူညီမျှရှိလာသည့် လက္ခဏာတစ်ရပ်ဟု မယူဆနိုင်ပါ။ မိသားစုသန်းခေါင်စာရင်းတွင် အမျိုးသမီးများအား မှီခိုသူများအဖြစ် စာရင်းသွင်းခြင်းစသည့် လူမှုအလေ့အထများသည် အမျိုးသားနှင့် အမျိုးသမီးများ၏အလုပ်အပေါ် တန်းတူတန်ဖိုးမထားခြင်းကို ထင်ဟပ်နေပါသည်။ အမျိုးသားနှင့်အမျိုးသမီးများ၏ အလုပ်အပေါ်တန်းတူတန်ဖိုးမထားခြင်း၏ အထင်ရှားဆုံးသာဓကမှာ အမျိုးသားများအား မျက်နှာသာပေးသည့် ခွဲခြားဆက်ဆံမှုရှိသော လုပ်အားခပုံသဏ္ဌာန် ဖြစ်ပါသည်။

၁၃.၁.၃ ပညာရေး

ကျား၊ မ ရေးရာ တန်းတူညီမျှရေးကို ပညာရေးနယ်ပယ်တွင် အထူးအလေးပေး အာရုံစိုက်မှုမရှိပါ။ တစ်စိတ်တစ်ပိုင်းအားဖြင့် အားလုံးအတွက် အခြေခံပညာရေး၊ ကျောင်းအပ်နှံမှုအချက်အလက်နှင့် ကျား၊ မ ရေးရာ အချိုးညီမျှရေး လုပ်ဆောင်ချက်များစသည့် အနိမ့်ဆုံးရည်မှန်းချက်များအပေါ် အာရုံစိုက်ခြင်းကြောင့်ဖြစ်ပြီး၊ တစ်စိတ်တစ်ပိုင်းအားဖြင့် ကျား၊ မ ရေးရာ သီးခြားအချက်အလက်များ ရှားပါးခြင်းကြောင့်ဖြစ်ပါသည်။ ရပ်ရွာဒေသအဆင့်တွင် မိန်းကလေးများအတွက် ပညာရေးတန်ဖိုးကို ၎င်းတို့၏မွေးရာပါအခွင့်အရေးအဖြစ် ရှုမြင်ခြင်းထက် အလုပ်အကိုင် အခွင့်အလမ်းများ၊ အိမ်ထောင်ရေး အလားအလာများနှင့် တိုင်းတာကြပါသည်။

ဤလေ့လာမှုတွင် ပညာရေးစနစ်သည် ကျား၊ မ ရေးရာ စံနှုန်းများအား အထိရောက်ဆုံး လူမှုပုံစံသွင်းပေးသည့် ကိုယ်စားလှယ်များအနက် တစ်ခုဖြစ်သည်ကို တွေ့ရှိရပါသည်။ ဤသည်ကို ကျောင်းသုံးစာအုပ်များနှင့် ဆရာ၊ ဆရာမများမှတစ်ဆင့် လုပ်ဆောင်ခြင်းဖြစ်ပါသည်။ ပညာရေးစနစ်မှတစ်ဆင့် ပြန်လည်အသက်သွင်းသည့် ကျား၊

မ ရေးရာ စံနှုန်းများတွင် ယောက်ျားလေးများအား သန်မာသူ၊ ပတ်ဝန်းကျင်ကို အလေးထားသူ၊ ဝင်ငွေရှာဖွေသူ၊ ကုန်ထုတ်လုပ်မှုကို အလေးထားသူ၊ ဉာဏ်ရည်ထက်မြက်၍ အမျိုးသားရေးတွင် တာဝန်ရှိသူများအဖြစ် ပုံဖော်ကြပါသည်။ မိန်းကလေးများအား ထိုဝိသေသလက္ခဏာများနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် နူတ်ဆိတ်သူ၊ ဣန္ဒြေရှင်၊ မျိုးဆက်ပြန့်ပွားရေးအတွက် တာဝန်ရှိသူ၊ မိသားစုကို အလေးထားသူနှင့် ရိုးရိုးကုပ်ကုပ်နေသူများအဖြစ် သတ်မှတ်ကြပါသည်။ အသက်မွေးဝမ်းကျောင်း သင်တန်းများသည် ယောက်ျားလေးနှင့် မိန်းကလေးများအား ကျား၊ မ ရေးရာ သီးခြား အလုပ်အကိုင်ဈေးကွက်အတွက် အညီအမျှပြင်ဆင်ပေးခြင်းဖြစ်သဖြင့် ဤလူမှုပုံစံသွင်းသည့် ပုံသဏ္ဌာန်ကို ဆက်လက်လုပ်ဆောင်နေပါသည်။

ကျား၊ မ ရေးရာ စံနှုန်းများသည် ကျောင်းခေါ်ကြိမ်၊ ကျောင်းဆက်တက်ခြင်းနှင့် စွမ်းဆောင်ရည်တို့အပေါ် သက်ရောက်မှုရှိသည်ဟု ယုံကြည်ကြပါသည်။ မိန်းကလေးများ ပညာသင်ကြားရေး၏ အရေးပါမှုနှင့် စပ်လျဉ်း၍ အပေါင်းလက္ခဏာဆောင်သည့်အပြောင်းအလဲကို လေ့လာတွေ့ရှိရပါသည်။ သို့ရာတွင် လေ့လာခဲ့သည့် ရပ်ရွာဒေသအများအပြားတွင် မိန်းကလေး များ၏ ပညာရေးသည် ယောက်ျားလေးများ၏ ပညာရေးထက် နောက်ကျကျန်ရစ်ခဲ့သည်ဟု ဆိုပါသည်။ မိသားစုတာဝန်များနှင့် ဆက်စပ်သည့် ကျား၊ မ ရေးရာ စံနှုန်းများသည် မိန်းကလေးများ ကျောင်းထွက်ရန် ဆုံးဖြတ်ချက်များအပေါ် သက်ရောက်စေပါသည်။ အမှန်တကယ်ဖြစ်စေ၊ ယူဆသည်ဖြစ်စေ မိန်းကလေးများအပေါ် နှောင့်ယှက်မှုနှင့် အကြမ်းဖက်မှုစသည့် ခြိမ်းခြောက်မှုများသည် မိန်းကလေးများအား ကျောင်းဆက် ထား၊ မထား ဆုံးဖြတ်ရာတွင် သက်ရောက်စေပါသည်။ အခြေခံ အဆောက်အအုံနှင့် လုံခြုံရေး ပိုမိုကောင်းမွန်လာခြင်းသည် မိန်းကလေးများ ကျောင်းနေရေးအတွက် အပေါင်းလက္ခဏာဆောင်သော အခြေအနေများ ဖြစ်ပါသည်။ အမျိုးသားများအပေါ် မျှော်မှန်းသည့် အနာဂတ် ဦးဆောင်မှုတာဝန်များသည် ၎င်းတို့အား ကျောင်းဆက်တက်ရန် အခြေအနေ ပိုပေးပါသည်။ ၎င်းတို့အား လူမှုပုံစံသွင်းထားသည့်အတိုင်း မိန်းကလေးများသည် နာခံမှုနှင့် ဝီရိယဆိုင်ရာ စံနှုန်းများအရ ကျောင်းတွင် ယောက်ျားလေးများထက် ပိုတော်ကြပါသည်။ ကျောင်းပြီးသည့်အခါ ပညာတတ်အမျိုးသားများသည် အသက်မွေးဝမ်းကျောင်းတွင် အောင်မြင်နိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိကြသော်လည်း၊ ပညာတတ်အမျိုးသမီးများသည် လစာနည်းသော အလုပ်များ၌သာ ပို၍ကန့်သတ် လုပ်ကိုင်ကြရပါသည်။

၁၃.၁.၄ အားကစား

အားကစားကို ဖွဲ့နှင့် ခွန်အား စသည့် အစဉ်အလာအရ ယောက်ျားပီသသော ပင်ကိုအရည်အသွေးများ ပါဝင်သည့် အမျိုးသားတို့၏ နယ်ပယ်တစ်ခုအဖြစ် ရှုမြင်ကြပါသည်။ အသင်းလိုက် အားကစားတွင် ယောက်ျားလေးနှင့် မိန်းကလေး ရောထားခြင်းသည် ဣန္ဒြေသိက္ခာဆိုင်ရာ စံနှုန်းများနှင့် အလျှော့အတင်း ညှိနှိုင်းရသည်ဟု ရှုမြင်ကြပါသည်။ အားကစား လေ့ကျင့်ခန်းများသည် မျိုးဆက်ပွားတာဝန်ကို အနှောင့်အယှက် ဖြစ်စေနိုင်သည်ဟုယူဆကြပြီး အမျိုးသမီးများ အားကစားတွင်ပါဝင်ခြင်းကို အားမပေးကြသည်ကိုလည်း တွေ့ရပါသည်။ ဤလေ့လာမှု ဆောင်ရွက်စဉ်အတွင်း မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှ အားကစားပွဲတော်တွင် အမျိုးသမီး အားကစားသမားများ အောင်မြင်မှုရခဲ့သည့်အတွက် အားကစားတွင် အမျိုးသမီးများပါဝင်ခြင်းအပေါ် ပို၍ အပြုသဘောရှုမြင်လာကြပါသည်။

၁၃.၁.၅ ကျန်းမာရေး

ယဉ်ကျေးမှုစံနှုန်းများသည် အမျိုးသမီးများ၏ ကျန်းမာသည့် ဘဝနေထိုင်မှု အခွင့်အလမ်းများအပေါ် ကြီးမားစွာ သက်ရောက်စေပါသည်။ ၎င်းစံနှုန်းများတွင် အမျိုးသမီးများ ရာသီသွေးဆင်းခြင်းကို မသန့်ရှင်း၊ မစင်ကြယ်ဟု ယူဆခြင်း၊ အပျိုစင်ဘဝကို အလွန်အမင်းတန်ဖိုးထားခြင်း၊ အမျိုးသမီးများအား မျိုးဆက်ပြန့်ပွားသူများအဖြစ် အဓိကရှုမြင်ခြင်း၊ လိင်မှုကိစ္စအား တားမြစ်ထားသည့်အကြောင်းအရာဟု ယူဆခြင်း၊ ကလေးများများမွေးဖွားခြင်း၊ သားဆက်ခြားရန် အားမပေးခြင်း၊ အမျိုးသမီးများအား မိသားစုအတွက် စွန့်လွှတ်အနစ်နာခံရန် တိုက်တွန်းအားပေးခြင်း၊ အိမ်ထောင်စုတွင် အမျိုးသမီးများအား အမျိုးသားများကဲ့သို့ မိသားစု၏အကြီးအကဲနှင့် အဓိက ဆုံးဖြတ်ချက်ချမှတ်သူအဖြစ် တန်းတူနေရာမပေးခြင်း စသည်တို့ပါဝင်ပါသည်။ ၎င်းစံနှုန်းများအား သက်တူ ရွယ်တူများ၊ မိသားစုများ၊ ကျန်းမာရေးဝန်ထမ်းများက လက်ဆင့်ကမ်း လူမှုပုံစံသွင်းလျက်ရှိပြီး၊ အချို့သော အခြေအနေများတွင် ကျန်းမာရေးဆိုင်ရာ ဥပဒေနှင့်မူဝါဒများဖြင့် အားဖြည့်ပေးထားပါသည်။

၎င်းစံနှုန်းများ၏ သက်ရောက်မှုများတွင် လိင်မှုနှင့် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့် မရရှိခြင်း၊ အထူးသဖြင့် အိမ်ထောင်မရှိသူ အမျိုးသမီးများနှင့် အမျိုးသားများအနေဖြင့် လိင်မှုနှင့် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများအား အပြည့်အဝမခံစားရခြင်း၊ ယဉ်ကျေးမှုနှင့် လူမှုရေးစံနှုန်းများအား မလိုက်နာခြင်းကြောင့်ဖြစ်ရသည်ဟု ယူဆပြီး လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် အမျိုးသမီးများအပေါ် အမျိုးသားများ၏ အကြမ်းဖက်မှုအား လျော့ကန်သည်ဟုအကြောင်းပြခြင်း၊ အမျိုးသမီးများ၏ ကျန်းမာရေးပြဿနာများကို မိခင်နှင့်ကလေး ကျန်းမာရေးပြဿနာများအဖြစ် လျှော့ချခြင်း၊ အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ ခန္ဓာကိုယ်အတွက် ကိုယ်ပိုင်ဆုံးဖြတ်ချက် မချနိုင်ခြင်းနှင့် အဆိုပါစံနှုန်းများအား မလိုက်နာသည့် အမျိုးသမီးများအား ဘေးဖယ်ထားခြင်းနှင့် ခွဲခြားဆက်ဆံခြင်းများ ပါဝင်ပါသည်။

၁၃.၁.၆ မီဒီယာ

စာပေစိစစ်ရေး ဖျက်သိမ်းခြင်းနှင့် ပိုမိုလွတ်လပ်လာခြင်းတို့ဖြင့် ဝိဂြိုဟ်ပြုထားသည့် လျင်မြန်သော မီဒီယာဝန်းကျင် အပြောင်းအလဲသည် နယ်နိမိတ်များကို စမ်းသပ်၊ ကျော်ဖြတ်ခဲ့ရသည့်အတွက် ယဉ်ကျေးမှုစံနှုန်းများ၏ ခိုင်မြဲမှုကို ပေါ်လွင်စေပါသည်။ အထူးသဖြင့် ကျား၊ မ သဘာဝဆိုင်ရာ စံနှုန်းများနှင့် စပ်လျဉ်း၍ဖြစ်ပါသည်။ မီဒီယာသည် စံနှုန်းများကို အဓိက လက်ဆင့်ကမ်းသယ်ဆောင်ပေးပြီး၊ လူ့အဖွဲ့အစည်း၏ ပုံရိပ် အဖြစ် ရှုမြင်နိုင်ရုံမက ပြည်သူ့သဘောထားနှင့် အမြင်များကို ပုံဖော်ရာတွင် အဓိကလုပ်ဆောင်ပေးသည့်အရာဖြစ်သည့်အပြင် လက်ရှိ ယဉ်ကျေးမှုဆိုင်ရာ အချေအတင်ငြင်းခုံမှုများတွင် မတူကွဲပြားသည့် အမြင်များကိုလည်း ပုံဖော်ပေးနိုင်ပါသည်။ ယဉ်ကျေးမှုများ ပေါင်းစည်းခြင်းသည် ယေဘုယျအားဖြင့် သံသယများနှင့်ကြုံတွေ့ရပြီး၊ အမျိုးသမီးများ၏ မီဒီယာပုံရိပ်သည် အစဉ်အလာ ကျား၊ မ ရေးရာ စံနှုန်းများနှင့် မကိုက်ညီလျှင် အဓိက ဝေဖန်ခံကြရပါသည်။ အခြားတစ်ဖက်တွင်လည်း ကမ္ဘာတစ်ဝန်းမီဒီယာများကြောင့် အမျိုးသမီးများအခန်းကဏ္ဍ အနည်းငယ်မြင့်မားလာခြင်းကို အမျိုးသမီးများက အသိအမှတ်ပြုကြပါသည်။

မီဒီယာသည် ကျူးလွန်ခံရသည့်၊ သက်မဲ့အဖြစ် ဆက်ဆံခံရသည့်၊ ကျား၊ မ ရေးရာ ခွဲခြားခံရသည့် အမျိုးသမီးများ၏အမြင်များကို ကျယ်ကျယ်ပြန့်ပြန့်နှင့် စဉ်ဆက်မပြတ် ဖော်ပြပေးပါသည်။ ပုံနှိပ်မီဒီယာသည် အထက်တန်းလွှာနှင့် ပညာတတ်များအား

အလေးထားပြီး အမျိုးသားများအပေါ် အလွန်အမင်းဘက်လိုက်သည်ကို တွေ့ရှိရပါသည်။ ပုံနှိပ်မီဒီယာတွင် သတင်းရင်းမြစ်များ၊ ပြောရေးဆိုခွင့်ရှိသူများနှင့် ကျွမ်းကျင်သူများအဖြစ် အမျိုးသမီးများအား အနည်းငယ်သာ ဖော်ပြလေ့ရှိပါသည်။ နိုင်ငံရေးနှင့် စီးပွားရေးနယ်ပယ်များတွင် အမျိုးသားများက အဓိကလွှမ်းမိုးထားပြီး အမျိုးသမီးများမှာ အနုပညာနှင့် ယဉ်ကျေးမှုနယ်ပယ်တွင် ပိုမိုပါဝင်သည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးမဂ္ဂဇင်းများသည် ကျန်းမာရေးဆိုင်ရာ စံနှုန်းများအား အဓိကထားလေ့ရှိပြီး အမျိုးသမီးများအား အခြေခံအားဖြင့် မျိုးဆက်ပြန့်ပွားသူများအဖြစ် ရှုမြင်ခြင်းကို ထပ်လောင်းအားဖြည့်ပေးလျက် ရှိပါသည်။

ထိုနည်းတူပင် မီဒီယာလုပ်ငန်းကိုယ်တိုင်က အမျိုးသမီးများအတွက် ကျဉ်းမြောင်း၍ တရားသေဖြစ်သော အခွင့်အလမ်းများကိုသာ ပေးပါသည်။ လိင်အရ ဘက်လိုက်သည့် ဈေးကွက် တောင်းဆိုမှုများသည် မီဒီယာလုပ်ငန်းတွင် လုပ်အားခမညီမျှခြင်းအတွက် အကြောင်းပြချက်များ ဖြစ်ပါသည်။ လုပ်ငန်းဆိုင်ရာ အသိအမှတ်ပြုမှုရရှိရန် အခွင့်အလမ်း ပို၍ နည်းပါးခြင်းနှင့် ကျား၊ မ ရေးရာ ကိစ္စရပ်များကို မီဒီယာမှတစ်ဆင့် ထုတ်ဖော် ရေးသားရန် အားမပေးခြင်းတို့သည် အခြား အရေးပါသော တွေ့ရှိချက်များ ဖြစ်ပါသည်။

၁၃.၂ နိဂုံးချုပ် ဆွေးနွေးချက်

ဤလေ့လာမှုတွင် ပါဝင်သူများအကြား ကျား၊ မ ရေးရာစံနှုန်းများအပေါ် သဘောထား၊ ထင်မြင်ချက် အမျိုးမျိုးရှိကြသည်ကို တွေ့ရပါသည်။ ထိုစံနှုန်းများတွင် ပါဝင်သည့်အချက်များအား ဆွေးနွေးရာတွင် အများအားဖြင့် တူညီကြသော်လည်း ထိုစံနှုန်းများအား မည်သို့မည်ပုံ တန်ဖိုးထားရမည်နှင့်စပ်လျဉ်း၍ ကောက်ချက်ချရာတွင်ပါဝင်သူများအကြား ကွဲလွဲမှုများရှိပါသည်။ သဘောထားအမြင် ကွဲလွဲချက်များသည် အခြားအရာများအပြင် လူနေမှုအဆင့်အတန်း၊ နေထိုင်ရာဒေသ၊ ပညာရေးနောက်ခံ၊ အလုပ်အကိုင်၊ အသက်အရွယ်၊ ကိုယ်ပိုင်ဘဝအတွေ့အကြုံများ စသည်တို့နှင့် သက်ဆိုင်ပါသည်။ ပို၍ ရှေးရိုးစွဲဆန်သော လူ့အဖွဲ့အစည်းများတွင် အစဉ်အလာစံနှုန်းများကို ဆက်လက်စောင့်ထိန်းသင့်သည်ဟု ယူဆကြပါသည်။ အခြားသူများက ၎င်းတို့ကိုယ်တိုင်နှင့် အခြားအမျိုးသမီးများ၏ဘဝတွင် ကန့်သတ်ချက်များ ဖြစ်စေသည်ဟု ယူဆသည့်ကျား၊ မ ရေးရာ စံနှုန်းများအပေါ် မေးခွန်း ထုတ်လာကြပါသည်။

ယဉ်ကျေးမှုစံနှုန်းများနှင့် ၎င်းနှင့်ဆက်စပ်နေသည့် လူမှုအလေ့အထများသည် အမျိုးသားနှင့်အမျိုးသမီးများ၏ ဘဝသက်တမ်းတစ်လျှောက်နှင့် ဘဝအခြေအနေ အသီးသီးတွင် တစ်ဦးချင်းဖြစ်တည်မှု၊ ရုပ်ခန္ဓာ၊ ယုံကြည်မှု၊ အချစ်နှင့် လက်ထပ်ထိမ်းမြားခြင်းစသည့် အနက်ရှိုင်းဆုံး ပုဂ္ဂိုလ်ရေးမှသည် ဝင်ငွေရသော၊ ဝင်ငွေမရသော အလုပ်၊ ပညာရေး အခွင့်အလမ်းများ၊ ကျန်းမာရေးအခြေအနေနှင့် ဝန်ဆောင်မှုများ၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်ခြင်းနှင့် တိုင်းရေးပြည်ရာကိစ္စများအပြင် အခြားများစွာသော လက်တွေ့ဘဝနေထိုင်မှုနှင့် တန်ဖိုးထားခြင်းတို့အထိ သက်ရောက်စေသည်ကို ဤလေ့လာမှုတွင် ဖော်ပြထားပါသည်။ ယခုအချိန်တိုင်အောင် ကျား၊ မ ရေးရာ စံနှုန်းများအကြောင်း ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုခြင်း၊ ဆွေးနွေးငြင်းခုံခြင်းများ မရှိသလောက်ဖြစ်ပါသည်။ အမျိုးသမီးများ၏ လူ့အခွင့်အရေး ခံစားပိုင်ခွင့်ကို ဟန့်တားသည့် စံနှုန်းများအပါအဝင် အခြားစံနှုန်းများသည် မြန်မာနိုင်ငံတွင် အံ့သြလောက်ဖွယ် တည်မြဲနေဆဲဖြစ်သော်လည်း၊ အများအပြားမှာ တဖြည်းဖြည်းချင်း ပြောင်းလဲလာသည်ကို လေ့လာမှုတွင်ပါဝင်သူများနှင့် ဆွေးနွေးချက်များက သက်သေပြနေပါသည်။

စံနှုန်းများပြောင်းလဲခြင်းတွင် အဓိကအတားအဆီးတစ်ခုမှာ ကိန်းဂဏန်းအချက်အလက်နှင့် သတင်းအချက်အလက်များ မရှိခြင်းဖြစ်ပြီး၊ ၎င်းက စံနှုန်းများမှတစ်ဆင့် စနစ်တကျ ခွဲခြားဆက်ဆံခြင်းဖြစ်သွားစေပါသည်။ ဤကိစ္စကို အချေအတင်ဆွေးနွေးရန်နှင့် အစပျိုးပေးရာတွင် တစ်တပ်တစ်အား ဖြစ်စေရန်အတွက် ဤလေ့လာမှုကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး၊ သီးခြားနယ်ပယ်များတွင် ပို၍ အသေးစိတ် လေ့လာမှုများ ပြုလုပ်ရန် လိုအပ်ပါသည်။ အစိုးရနှင့် ဝန်ကြီးဌာနများ၊ လွှတ်တော်အမတ်များ၊ ပညာရေးကျွမ်းကျင်သူများ၊ ကျန်းမာရေးပညာရှင်များ၊ မီဒီယာအမှုဆောင် အရာရှိချုပ်များ၊ စီးပွားရေးမူဝါဒချမှတ်သူများ၊ အလုပ်သမားအခွင့်အရေး လှုပ်ရှားသူများ၊ လူမှုဖူလုံရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များမှ အစီအစဉ်အရာရှိများနှင့် ပြန်ကြားရေးအရာရှိများအနေဖြင့် ၎င်းတို့၏ သီးခြားနယ်ပယ်များတွင် ကျား၊ မ ရေးရာ စံနှုန်းများ၏ သက်ရောက်မှုကို နားလည်၊ အသိအမှတ်ပြုရန် လိုအပ်ပါသည်။ အဆိုပါ အဓိကသက်ဆိုင်သူများအနေဖြင့် မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ ကျောင်းသုံးဖတ်စာအုပ်များ၊ တရားဝင်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အလွန်အရေးပါသည့် ရသုံးမှန်းခြေ ငွေစာရင်း ရေးဆွဲခြင်းတို့တွင် ကျား၊ မ ရေးရာ တရားသေအမြင်များနှင့် တန်းတူတန်ဖိုးမထားခြင်း အယူအဆများ၊ စံနှုန်းများကို ထည့်သွင်း စဉ်းစားခြင်းမပြုရန် အရေးကြီးပါသည်။ ယခုအခါတွင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်သော မူဘောင်တစ်ခုဖြစ်သည့် ‘အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းစဉ် ၂၀၁၃-၂၀၂၂’ ရှိနေပြီဖြစ်၍ မဟာဗျူဟာလုပ်ငန်းစဉ် အကောင်အထည်ဖော်ခြင်း အဆင့်ဆင့်အကြောင်း အသိပေးရန်အတွက် ဤလေ့လာမှုမှရရှိသည့် သတင်းအချက်အလက်များကို အသုံးပြုသင့်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပြုပြင်ပြောင်းလဲရေး လမ်းကြောင်းကို ဆက်လက်လျှောက်လှမ်းရာတွင် ကျား၊ မ ရေးရာ တန်းတူညီမျှရေး ရှုထောင့်မှကြည့်လျှင် မျှော်လင့်စရာနှင့်စိုးရိမ်စရာ နှစ်မျိုးစလုံးရှိနေပါသည်။ ယဉ်ကျေးမှုများပေါင်းစည်းခြင်းကို ဆန့်ကျင်ခြင်းနှင့် အမျိုးသမီးများအား ‘ယဉ်ကျေးမှုကို ကာကွယ်စောင့်ရှောက်သူများ’အဖြစ် သတ်မှတ်သည့် ယဉ်ကျေးမှု ကာကွယ်စောင့်ရှောက်ရေး အယူအဆကို ပြန်လည်အသက်သွင်းခြင်းတို့သည် အမျိုးသမီးအခွင့်အရေးများရရှိရေး ဆောင်ရွက်မှုများ၏ အတားအဆီးအဖြစ် ရှုမြင်နိုင်ပါသည်။ ဆန့်ကျင်ဘက်အားဖြင့် အမျိုးသားများ၏အပြုအမူ၊ ဝတ်စားဆင်ယင်မှုနှင့် အခန်းကဏ္ဍများအပေါ် ကန့်သတ်ချက် သို့မဟုတ် ဝေဖန်ပြောကြားမှု မရှိသလောက်ဖြစ်သည်။ ဤသို့ ဖြစ်လာခြင်းအပေါ် ဆန့်ကျင်ပြောဆိုသည့် အမြင်သဘောထားများကို ရပ်တန့်စေခြင်းသည် အမျိုးသားကြီးစိုးရေး ယဉ်ကျေးမှု (အမျိုးသမီးများကို ကာကွယ်စောင့်ရှောက်ရေးသည် အမျိုးသားများ၏ တာဝန်ဖြစ်သည်ဟူသော အယူအဆ)ကို အားကောင်းစေသည့် နောက်ထပ်အထောက်အထားဖြစ်သည်။ ပြုပြင်ပြောင်းလဲရေး လမ်းကြောင်းကို မြင်တွေ့လိုသည့် လူ့အဖွဲ့အစည်းကို ပုံဖော်ရာ၌ အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ပိုမို နည်းပါးသွားစေပါသည်။

ပို၍ပွင့်လင်းမြင်သာဖြစ်လာခြင်းနှင့် လွတ်လပ်လာခြင်းတို့ကြောင့် ရရှိလာသည့် အခွင့်အလမ်းများသည် အမျိုးသမီးများ၏ စီးပွားရေး တိုးတက်မှုနှင့် စွမ်းဆောင်ရည်မြင့်မားမှုဆီသို့ ဦးတည်စေမည်လား ဆိုသည်က ဆက်လက်စောင့်ကြည့်ရမည် ဖြစ်ပါသည်။ လုပ်အားဈေးကွက် စည်းမျဉ်းစည်းကမ်းများ မည်သို့ဖြစ်လာမည်နှင့် အလုပ်သမား အခွင့်အရေးများ မည်သည့်အတိုင်းအတာအထိ ဆောင်ရွက်ပြီးစီးမည် တို့သည် အရေးပါသော အဆုံးအဖြတ်များဖြစ်ပါသည်။ လွတ်လွတ်လပ်လပ် အလုပ်လုပ်နိုင်သည့် အလားအလာကိုလည်း အမျိုးသားများက

မျိုးဆက်ပွားတာဝန်ကို မည်မျှခွဲဝေယူနိုင်သည်ဆိုသည်နှင့် ဆုံးဖြတ်မည် ဖြစ်သည်မှာ သေချာပါသည်။ အပြောင်းအလဲအတွက် အမျိုးသမီးများ ပို၍ စုစည်းလာခြင်း၊ အသေးစိတ်လုပ်ငန်းစဉ်များ ရေးဆွဲဆောင်ရွက် လာခြင်းတို့သည် မျှော်လင့်စရာလက္ခဏာများဖြစ်ပါသည်။ အထောက်အထားအပေါ် အခြေခံမှုမြင့်မားလာသည်နှင့်အမျှ အမျိုးသမီးများ၏ လုပ်ဆောင်ချက်များသည် ပို၍အခြေခိုင်လာမည် ဖြစ်ပါသည်။ အချုပ်အားဖြင့် ကျား၊ မ ရေးရာ တန်းတူညီမျှရေးကို ဦးတည်သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် အမျိုးသားများ ပူးပေါင်းပါဝင်ရန် လိုအပ်နေပါသေးသည်။ ထူးထူးချွန်ချွန် လှုပ်ရှား ဆောင်ရွက်နေသူအချို့ရှိသည်မှလွဲ၍ အရေးပါသည့် အတိုင်းအတာအထိ မဖြစ်သေးပါ။

၁၃.၃ အကြံပြုတိုက်တွန်းချက်များ

၁၃.၃.၁ ပညာရေး

» ကျား၊ မ ရေးရာ စံနှုန်းများနှင့် တရားသေအမြင်များကို ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုများတွင် အမျိုးသား၊ အမျိုးသမီး ဆရာ၊ ဆရာမများ ပါဝင်လာစေရန်နှင့် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော ပညာရေးနှစ်ခုစလုံး၏ ဆရာအတတ်သင် သင်တန်းများတွင် ကျား၊ မ ရေးရာ အသိအမြင်ဖွင့်ရေးကို အသေအချာထည့်သွင်းရပါမည်။

» လုပ်ငန်းစဉ်ချထားပြီးဖြစ်သည့် ရာထူးဝင် ဆရာအတတ်သင် ပညာရေး ပြုပြင်ပြောင်းလဲမှုများတွင် ကျား၊ မ ရေးရာကို ပေါင်းစပ် ထည့်သွင်းရမည်။ အဆင့်မြင့်ပညာနှင့် အခြေခံပညာ နှစ်ခုစလုံးကို ရည်ရွယ်ကြိုးပမ်းရန် လိုအပ်သည်။ ၎င်းတွင် သင်ကြား နည်းစနစ်များနှင့် သင်ရိုးညွှန်းတမ်း နှစ်ခုစလုံးပါဝင်သည်။

» လက်ရှိ ဆရာ၊ ဆရာမများနှင့် ရပ်ရွာမှ ဆရာ၊ ဆရာမများအား ကျား၊ မ ရေးရာ စံနှုန်းများအကြောင်း ဆွေးနွေးရန်နှင့် ဆင်ခြင်စဉ်းစားနိုင်ရန် အခွင့်အလမ်း ဖန်တီးပေးရမည်ဖြစ်ပြီး၊ သက်တူရွယ်တူချင်း လေ့လာ သင်ယူသည့် ပုံစံကိုသုံး၍ ကျောင်းတွင်အသုံးပြုနိုင်မည့် လက်တွေ့ နည်းလမ်းများကို ပေးရမည်။ နက်နက်ရှိုင်းရှိုင်း လက်ခံစွဲကိုင်ထားသည့် စံနှုန်းများအား ပြန်လည်သုံးသပ်ရန် တိုက်တွန်းသည့်အခါ ဖြစ်ပေါ်လာ နိုင်သည့် အသိတရားဆိုင်ရာ ဝိရောဓိများကို ကိုင်တွယ်ဖြေရှင်းရန် ဆရာ၊ ဆရာမများအား တစ်ဦးချင်းကူညီဖေးမပေးရမည်။

» ကျောင်းသုံးဖတ်စာအုပ်များ အပါအဝင် သင်ကြားရေးနှင့် သင်ယူရေးပစ္စည်းများ အားလုံးကို ကျား၊ မ ရေးရာ မှန်ဘီလူးဖြင့် ပြန်လည်သုံးသပ်ရမည်။ အနာဂတ်ပညာရေးသုံးပစ္စည်းများသည် တရားသေဖြစ်သော ကျား၊ မ ရေးရာ စံနှုန်းများ ထပ်လောင်း အားဖြည့်ခြင်းမဖြစ်စေရဘဲ ယောကျ်ားလေး၊ မိန်းကလေး၊ အမျိုးသားနှင့် အမျိုးသမီးများအား တန်းတူအခွင့်အလမ်းများဖြင့် ဘဝနယ်ပယ်အားလုံးတွင် တန်းတူညီမျှပါဝင်နိုင်ရေးကို ဦးတည်ရမည်။

» စံနှုန်းချိုးဖျက်ခြင်း ကြိုးပမ်းမှုများသည် မိန်းကလေး၊ ယောကျ်ားလေးများအတွက် အလုပ်အကိုင်/လေ့လာမှုဆိုင်ရာ ရွေးချယ်မှုများပြုလုပ်နိုင်ရန် လက်တွေ့အခွင့်အလမ်းများနှင့် အသေအချာ ချိတ်ဆက်ဆောင်ရွက်ရမည်။

» စိတ်ဝင်စားမှု သို့မဟုတ် ပင်ကိုစွမ်းရည်အရ လူတိုင်း ရွေးချယ်နိုင်သည့် ဝန်းကျင်အခြေအနေများ ဖန်တီးခြင်းဖြင့် သမားရိုးကျမဟုတ်သော ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများတွင် ကျား၊ မ ရေးရာ စံနှုန်းများကို စိန်ခေါ်ရမည်။

» ‘ရောင်းလိုအား’နှင့် ‘ဝယ်လိုအား’ နှစ်ခုစလုံးကို ထည့်သွင်းစဉ်းစားရမည်။ သို့မှသာ ကျား၊ မ ရေးရာ စံနှုန်းများကို စိန်ခေါ်သည့် အသက်မွေးဝမ်းကျောင်း ရွေးချယ်မှုများကို လုပ်အားဈေးကွက်တွင် လက်တွေ့ကျကျ အသုံးချနိုင်မည်ဖြစ်သည်။

» အလုပ်အကိုင် ရွေးချယ်မှုများတွင် ကျား၊ မ ရေးရာ စံနှုန်းများကို စိန်ခေါ်ရန် ရည်ရွယ်သည့် အပြုသဘောဆောင်သော ဆွေးနွေး ညှိနှိုင်းခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်းတို့တွင် ဆရာ၊ ဆရာမများ၊ အလုပ်ရှင်များ၊ မူဝါဒချမှတ်သူများနှင့် ကျောင်းသူ၊ ကျောင်းသားများ အပါအဝင် အဓိကသက်ဆိုင်သူအသီးသီး ပါဝင်စေရမည်။

» ဆရာ၊ ဆရာမများအား သင်ကြားခြင်းအပေါ်အာရုံစိုက်ရန် အခွင့်အရေး ပေးပြီး၊ ထူးထူးခြားခြားလုပ်နိုင်သည်ဟု ယုံကြည်လာစေရန် သင်ကြားမှု နယ်ပယ်ကို လွတ်လပ်စေရပါမည်။ ၎င်းသည်မှာတာဝန်များ လျော့နည်း စေခြင်း၊ ဆရာ၊ ဆရာမအင်အားဖြည့်ခြင်း၊ ကျောင်းသူ၊ ကျောင်းသား အရေအတွက်လျှော့ချခြင်း၊ မတူကွဲပြားသောသင်ကြားရေးသုံး ပစ္စည်းများ၊ လုံလောက်သောအချိန်၊ နည်းလမ်းများနှင့် လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်တို့ကို ဆိုလိုပါသည်။ ဘဏ္ဍာငွေသုံးစွဲမှုနှင့် ညွှန်ကြားချက် များတွင် ၎င်းကဏ္ဍအပေါ်အလေးထားရန် မုချလိုအပ်ပါသည်။

» ပညာရေးကဏ္ဍ ဘက်စုံပြန်လည်သုံးသပ်ချက်(CESR)တွင် တောင်းဆို ထားသည့်အတိုင်း ကျား၊ မ ရေးရာ တန်းတူညီမျှမရှိခြင်းများကို ရည်ရွယ်ဖြေရှင်းမည့် ပညာရေးဥပဒေများနှင့် မူဝါဒများပေါ်ထွန်းလာရေး သေချာစေရမည်။

» အားလုံးလွှမ်းခြုံသည့် ပညာရေးဥပဒေတစ်ရပ် ရေးဆွဲရာတွင် အစိုးရ၏ နိုင်ငံတကာ ကတိကဝတ်များ (CEDAW, BPfA)အပြင် အမျိုးသားရေး ကတိကဝတ်များ (NSPAW)နှင့် တစ်ပြေးညီရှိစေရမည်။

» လိင်၊ တိုင်းရင်းသားလူမျိုးစု၊ လူမှုရေး သို့မဟုတ် စီးပွားရေး အဆင့်အတန်း၊ ပထဝီအနေအထား၊ ကိုးကွယ်သည့်ဘာသာ၊ မသန်စွမ်းမှု၊ သို့မဟုတ် အခြားဝိသေသများကို ထည့်သွင်းမစဉ်းစားဘဲ၊ မြန်မာနိုင်ငံရှိ ကလေးသူငယ်များ၊ လူငယ်များနှင့် အရွယ်ရောက် ပြီးသူများ အားလုံးအနေဖြင့် အဆင့်မီပညာများ သင်ယူပိုင်ခွင့်ကို အသေအချာ ရရှိခံစားနိုင်စေရန် ဖေးမ၍ တန်းတူညီမျှမှုအပေါ် အဓိကအလေးထားသည့် အမျိုးသားအဆင့် ဘက်စုံလွှမ်းခြုံသည့် အားလုံးအကျုံးဝင်သော ပညာရေးမူဝါဒတစ်ရပ် ရေးဆွဲရမည်။

» အားလုံးအကျုံးဝင် ပညာရေး၊ သမားရိုးကျ မဟုတ်သော ပညာရေးနှင့် သင်ကြားသည့် ဘာသာစကားတို့အပေါ် အဆိုပြုထားသည့် ကနဦး လုပ်ငန်းစဉ်များ အစရှိသော သီးခြားပညာရေးမူဝါဒများ ရေးဆွဲရာတွင် ကျား၊ မ ရေးရာကို ပေါင်းစပ်ထည့်သွင်းရမည်။

» NSPAW တွင် တောင်းဆိုထားသည့်အတိုင်း သုတေသနနှင့် စစ်တမ်း များဖြင့် အချက်အလက်ကောက်ယူရာတွင် လိင်၊ အသက်အရွယ်၊ တိုင်းရင်းသားလူမျိုးနှင့် နေထိုင်ရာဒေသအလိုက် ခွဲခြားဖော်ပြရမည်။

» ကျား၊ မ ရေးရာ ဘက်လိုက်မှုကင်းသည့် ကျောင်းသုံးဖတ်စာများ ထုတ်ဝေရန်ရည်ရွယ်သည့် ပညာရေးသုံး အထောက်အကူပစ္စည်း များအား ဘက်စုံပြန်လည်သုံးသပ်ရာတွင် အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်စေရမည်။

၁၃.၃.၂ ကျန်းမာရေး

» မိခင်နှင့်ကလေးကျန်းမာရေး ပါဝင်သော်လည်း၊ ၎င်းချည်းသက်သက် မဟုတ်ဘဲ အမျိုးသမီးများ၏ ကျန်းမာရေးလိုအပ်ချက်များအတွက် သုတေသနလုပ်ငန်းများ ပိုမိုဆောင်ရွက်ရမည်။

- ခန္ဓာကိုယ်ဆိုင်ရာများတွင် အမျိုးသမီးများကိုယ်တိုင် ဆုံးဖြတ်ခွင့်ကို ပိုမိုလက်ခံလာစေရန် ရည်ရွယ်၍ အမျိုးသား၊ အမျိုးသမီးများအား လိင်မှုနှင့်မျိုးဆက်ပွား ကျန်းမာရေးနှင့် အခွင့်အရေးများအကြောင်း အသိအမြင် မြှင့်တင်ပေးရမည်။
- ယဉ်ကျေးမှုဆိုင်ရာ ထင်မြင်ယူဆချက်များက အမျိုးသား၊ အမျိုးသမီးများအား ချဉ်းကပ်မှုအပေါ် မည်သို့လွှမ်းမိုးသည် (အမျိုးသမီး၊ အမျိုးသားများအား မည်သည်ကိုမေးမြန်းသည်၊ မည်သည်ကို မမေးပါနှင့်၊ မည်သို့မေးမြန်းသည်၊ စသည်တို့ပါဝင်သည့်) နှင့် စပ်လျဉ်းသည့် ကျန်းမာရေးစောင့်ရှောက်မှု နောက်ခံအခြေအနေများအား သုတေသနလုပ်ရပါမည်။
- ခန္ဓာကိုယ်ဆိုင်ရာကိစ္စများတွင် အမျိုးသမီးများ၏ ကိုယ်တိုင်ဆုံးဖြတ်ပိုင်ခွင့်အပေါ် အလေးထားသည့် မူဝါဒများ အဆင့်မြှင့်တင်ရပါမည်။ ရပ်ရွာကျန်းမာရေးအစီအစဉ်များနှင့် အခြားမူဝါဒရေးရာ မှတ်တမ်းမှတ်ရာများတွင် ကျား၊ မ ရေးရာကို ပေါင်းစပ်ထည့်သွင်းရန် မရှိမဖြစ်လိုအပ်ပါသည်။
- HIV ကာကွယ်ရေးလုပ်ငန်းများမှ ရရှိလာသည့် အခွင့်အရေးကို အသုံးချ၍ ရောဂါထိန်းချုပ်ရေးအပေါ် အာရုံစိုက်မှုမှ အသိအမြင်မြှင့်တင်ရေးလုပ်ငန်းများအထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည်။ လိင်မှုဆိုင်ရာပညာပေးရေး ကနဦးလုပ်ငန်းများတွင် လိင်မှုကိစ္စ၊ ခန္ဓာကိုယ်ပုံရိပ်၊ ဂုဏ်သိက္ခာနှင့် လိင်မှုနှင့် မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးများ ပါဝင်စေရမည်။ ပညာပေးအကြောင်းအရာများသည် အသက်အရွယ်၊ နောက်ခံအခြေအနေတို့နှင့် သင့်လျော်မှုရှိရမည်။
- လူနာများနှင့် ဆက်ဆံရေးတွင် လွှမ်းမိုးနိုင်သည့် ယဉ်ကျေးမှုစံနှုန်းများနှင့် ကျား၊ မ ရေးရာ တရားသေအမြင်များကို ထုတ်ဖော်ဆွေးနွေးရန်အတွက် ကျန်းမာရေးစောင့်ရှောက်ပေးသူများအား အခွင့်အလမ်းများ ဖန်တီးပေးရမည်။
- လိင်မှုနှင့်မျိုးဆက်ပွား ကျန်းမာရေးဝန်ဆောင်မှုများ ရရှိနိုင်ခွင့်သည် အိမ်ထောင် ရှိခြင်း၊ မရှိခြင်း သို့မဟုတ် အခြားအကြောင်းတရားများအပေါ် အခြေခံ၍ ကန့်သတ်ထားခြင်းမရှိစေရ။

၁၃.၃.၃ စီးပွားရေး

- အလုပ်သမားဥပဒေများနှင့် မူဝါဒများတွင် တူညီသော အလုပ်အကိုင် အခွင့်အလမ်းများ(လိင်၊ ကျား၊ မ ရေးရာ ဝိသေသ၊ အသက်အရွယ်၊ အိမ်ထောင် ရှိ၊ မရှိတို့ကို ထည့်သွင်းမစဉ်းစားဘဲ)နှင့် တူညီသော လုပ်အားခဆိုင်ရာ ပြဋ္ဌာန်းချက်များ ပါဝင်ရမည်။ ဤစံချိန်စံညွှန်းများအား မလိုက်နာသည့် အလုပ်ရှင်များအား အပြစ်ပေးအရေးယူရမည်။
- ငယ်ရွယ်သည့် အမျိုးသမီးလုပ်သားအင်အား အများစုဖြစ်၍ ကျန်းမာရေးနှင့်မညီသည့် လုပ်ငန်းခွင်အခြေအနေများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး စိုးရိမ်မှုများနှင့် အလုပ်အာမခံချက်မရှိခြင်းတို့ကို ထည့်သွင်းစဉ်းစားပြီး အလုပ်သမားအခွင့်အရေးများနှင့် စက်ရုံလုပ်ငန်းခွင် အခြေအနေများကို မြှင့်တင်ပေးရမည်။
- အလုပ်သမားသမဂ္ဂများနှင့် အမျိုးသမီးအခွင့်အရေးလှုပ်ရှားမှုတို့အကြား ချိတ်ဆက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းစေရမည်။
- ကာရာအိုကေဆိုင်များ၊ အိမ်အကူများ စသည့် ဥပဒေ၊ စည်းမျဉ်းများမရှိသော၊ အများနှင့်လုပ်ရခြင်း မဟုတ်သော အလုပ်များကို လုပ်ရသည့် အမျိုးသမီးများအတွက် အလုပ်သမားအခွင့်အရေးများနှင့် စံချိန်စံညွှန်းများ မြှင့်တင်ပေးရမည်။
- မျိုးဆက်ပွားတာဝန်အများစုကို ထမ်းဆောင်ရသည့် အမျိုးသမီးများအား လုပ်အားဈေးကွက်တွင်မပါဝင်နိုင်အောင် စနစ်တကျ ခွဲခြားဆက်ဆံခြင်း မရှိစေရန် ကလေးသူငယ်စောင့်ရှောက်ရေး အစီအစဉ်များကို တိုးချဲ့ဆောင်ရွက်ရမည်။
- မိသားစု သန်းခေါင်စာရင်းတွင် အမျိုးသမီးများအား မှီခိုသူများအဖြစ် စာရင်းသွင်းခြင်းစသည့် အမျိုးသမီးများ၏ အလုပ်ကို အမျိုးသားများ၏ အလုပ်နှင့် တန်းတူတန်ဖိုးမထားသည့် အတွေးအခေါ်ကို ဆက်လက်အသက်သွင်းပေးသည့် အလေ့အထများအား ဖျက်သိမ်းရမည်။
- အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းစဉ်၏ အနှစ်သာရအရ လက်ရှိနှင့်အဆိုပြုထားသော အလုပ်သမား စည်းမျဉ်းစည်းကမ်းများအား အစအဆုံး ပြန်လည်သုံးသပ်ရမည်။ မူဝါဒချမှတ်သူများ၊ အစီအစဉ်ရေးဆွဲသူများ၊ တက်ကြွလှုပ်ရှားသူများနှင့် သမဂ္ဂများအနေဖြင့် ကျား၊ မ ရေးရာ အလုပ်ခွဲခြားလုပ်ကိုင်ခြင်းနှင့် တန်းတူတန်ဖိုးမထားခြင်းတို့ကို ဖြစ်စေသည့်စံနှုန်းများအပါအဝင် ကျား၊ မ ရေးရာ တန်းတူညီမျှမှုမရှိခြင်းကို အားဖြည့်ပေးနေသည့် အခြေခံပုံသဏ္ဍာန်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းဆောင်ရွက်ရမည်။

၁၃.၃.၄ မီဒီယာ

- သတင်းထောက်များ၊ အယ်ဒီတာများနှင့် အခြားမီဒီယာလုပ်ငန်းလုပ်ကိုင်သူများအား ကျား၊ မ ရေးရာ သင်တန်းပေးရပါမည်။ တရားသေအမြင်များ၊ အမျိုးသမီးများအား မတရားပြုခံရသူများအဖြစ် ဖော်ပြခြင်းနှင့် အပြစ်ဖို့ခြင်းတို့ကို ရှောင်ရှားရန်မှာ ဖြေရှင်းဆောင်ရွက်ရမည့် အဓိကကိစ္စရပ်များ ဖြစ်သည်။
- မီဒီယာတွင် အမျိုးသမီးများအား ပိုမိုဖော်ပြရန် လိုအပ်ကြောင်းနှင့် လတ်တလောတွင် အမျိုးသမီးများအား ဖော်ပြမှုနည်းသည့် နိုင်ငံရေးနှင့် စီးပွားရေးကဲ့သို့သော နယ်ပယ်အသီးသီးတွင် အမျိုးသား၊ အမျိုးသမီးများအား ပိုမိုမျှတစွာဖော်ပြရန် အသိအမြင်မြှင့်တင်ရမည်။
- မီဒီယာတွင် အမျိုးသမီးများအား နှိမ့်ချစိတ်၊ မုန်းတီးစိတ်ဖြင့်ဖော်ပြချက်များကို တရားစွဲဆိုနိုင်သည့် မကျေနပ်ချက်များကို စုံစမ်းတင်ပြရန် ခန့်ထားသော အရာရှိရာထူးကို ထည့်သွင်းနိုင်ရန် ဖြစ်နိုင်ခြေ ရှိ၊ မရှိ လေ့လာစူးစမ်းရမည်။

ကျား၊ မ ရေးရာ တန်းတူညီမျှရေးလုပ်ငန်းစဉ်ကို မည်သို့ရှေ့ဆက်လုပ်ဆောင်ရန်မှာ

- အလှူရှင်များ၊ မူဝါဒချမှတ်သူများ၊ စီးပွားရေးလုပ်ငန်းများ၊ သမဂ္ဂများ၊ ဖွံ့ဖြိုးရေးဆောင်ရွက်သည့် အဖွဲ့အစည်းများ စသည်တို့အား ကျား၊ မ ရေးရာကို ပါးစပ်ပြောတင်မဟုတ်ဘဲ လက်တွေ့ဆောင်ရွက်ရန် စိန်ခေါ်တိုက်တွန်းရမည်။ ကျား၊ မ ရေးရာ တန်းတူညီမျှ မရှိခြင်း၏ အဓိကရေသောက်မြစ် အကြောင်းရင်းခံများ၊ အကျိုးသက်ရောက်မှုများနှင့် ကြီးမားစွာ လွှမ်းမိုးသက်ရောက်မှုများကို မီးမောင်းထိုးပြပြီး ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များအားလုံးတွင် ကျား၊ မ ရေးရာ မှန်ဘီလူးကို အသုံးပြုရန် တိုက်တွန်းစည်းရုံးရပါမည်။
- ကျား၊ မ ရေးရာ တန်းတူညီမျှရေးကို 'အမျိုးသမီးများ၏ ကိစ္စ'အဖြစ် ရှုမြင်ခြင်းမှ 'နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဆိုင်ရာကိစ္စအဖြစ် ပုံသဏ္ဍာန်ပြောင်းနိုင်ရန် ရည်ရွယ်လုပ်ဆောင်ရမည်။
- ကျား၊ မ ရေးရာ တန်းတူညီမျှရေးလုပ်ငန်းများ၏ အခြေခံကို လက်ရှိတက်ကြွလှုပ်ရှားသူ အဝန်းအဝိုင်းထက် ပိုမိုကျယ်ပြန့်စေရန်နှင့် လူမှုစီးပွားနောက်ခံများ၊ ပညာရေးအဆင့်အတန်း၊ တိုင်းရင်းသား

လူမျိုးများနေထိုင်ရာဒေသများ၊ ဖို၊ မသဘာဝ၊ စွမ်းရည်အသီးသီး ရှိကြသည့် မတူကွဲပြားသူအားလုံး ပါဝင်လုပ်ဆောင်စေရမည်။

- လူတို့၏ ဘဝများတွင် လက်ဆုပ်လက်ကိုင် ပြနိုင်သော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကျား၊ မ ရေးရာ တန်းတူညီမျှမရှိခြင်းအကြောင်း ဆွေးနွေးမှုများကို စတင်ပြုလုပ်ရပါမည်။ တစ်ဦးချင်းနှင့် အများအပေါ် သက်ရောက်မှု နှစ်ခုစလုံးကို လေ့လာရပါမည်။
- မျက်ကန်းတောတိုးလိုက်နာခြင်းထက် မေးခွန်းထုတ်ခြင်းနှင့် စူးစမ်းရှာဖွေခြင်းသဘောကို မြှင့်တင်ပေးသည့် ယဉ်ကျေးမှုနှင့် ဘာသာရေးစာပေများ၊ လူမှုတာဝန်များဆိုင်ရာ စာအုပ်စာတမ်းများကို ပြန်လည်ဖော်ထုတ်ရေးနှင့် ပြန်လည်တန်ဖိုးထား လာစေရေးတို့ကို ဦးတည်ကြိုးပမ်းရပါမည်။ ကျား၊ မ ရေးရာ တန်းတူညီမျှရေး လုပ်ငန်းစဉ်များ အရှိန်မြှင့်ဆောင်ရွက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့် လက်ခံကြသည့် အဆိုပါ ယဉ်ကျေးမှုနှင့်ဘာသာရေး စာပေများကို အသုံးပြုရပါမည်။
- ယဉ်ကျေးမှုအရ လက်ခံထားသည့် ရည်ညွှန်းခေါ်ဝေါ်ခြင်းနှင့် အပြန်အလှန် ပြောဆိုခြင်းပုံစံများကို သတိပြုရပါမည်။ အပြောင်းအလဲကို ချဉ်းကပ်ရာတွင် ထိပ်တိုက်ရင်ဆိုင်ခြင်းထက် အပြုသဘော ဆွေးနွေးပြောဆိုခြင်းဖြင့် ချဉ်းကပ်ရပါမည်။
- ကျား၊ မ ရေးရာကို ပေါင်းစပ်လုပ်ကိုင်ရာတွင် လက်တွေ့ကျပြီး ကိစ္စရပ်အပေါ်အခြေခံ၍ ထိုကိစ္စကို 'မည်သို့' ဖြေရှင်းမည်ဆိုသည့် အဖြေရှိရပါမည်။
- အခန်းကဏ္ဍအသီးသီးရှိ ကျား၊ မ ရေးရာပြဿနာများနှင့် စပ်လျဉ်း၍ ယုံကြည်ရသည့် သတင်းအချက်အလက်များကို အချိန်နှင့် တစ်ပြေးညီ စုဆောင်းထားရမည်ဖြစ်ပြီး ထိရောက် လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ခိုင်လုံသော သတင်းအချက်အလက်များပေးရန် အသင့်ရှိနေရပါမည်။
- ပေးလာသည့်အခြေအနေတွင် 'အပြောင်းအလဲကို အဓိက ဆောင်ရွက်သူများ'ကို ရှာဖွေရွေးထုတ်နိုင်ရပါမည်။ ဥပမာအားဖြင့် ကျား၊ မ ရေးရာ အသိအမြင်ရှိ၍ နယ်ပယ်တစ်ခုခုတွင် အတွင်း ကျကျ သိထားသူများ၊ စာနာစိတ်ရှိပြီး လုပ်ပိုင်ခွင့်ပါဝါ ကိုင်ထားသူများ၊ ဆရာ၊ ဆရာမများ၊ ကျန်းမာရေးစောင့်ရှောက်သူများ၊ ဘာသာရေးခေါင်းဆောင်များ၊ သတင်းထောက်များ၊ မိဘများ၊ ကလေးသူငယ်များနှင့် မိတ်ဆွေသူငယ်ချင်းများ။
- မိမိတစ်ဦးချင်းဘဝတွင် မိမိအပေါ်လွှမ်းမိုးနေသော စံနှုန်းများ၏ ကျား၊ မ ရေးရာ အမြင်များအား ပြန်လည်စဉ်းစားဆင်ခြင်၍ မိမိ၏ လုပ်ငန်းတာဝန်များတွင်သာမက ကိုယ်ပိုင်ဘဝတွင်ပါ အပြောင်းအလဲ ဖြစ်အောင် စတင်ဆောင်ရွက်ရပါမည်။

နောက်ဆက်တွဲ(၁) နည်းစနစ်

အဓိက အခြေခံသဘောတရားများ

ကျား၊ မ ရေးရာ တန်းတူညီမျှရေးကို ဤလေ့လာမှုတွင် ပင်ကိုအားဖြင့် အရေးပါ၍ အမျိုးသမီးများအနေဖြင့် နယ်ပယ် အားလုံးတွင် အမျိုးသားများနှင့်တန်းတူ ရှင်သန်နေထိုင်ခွင့်နှင့် အမျိုးသားများနှင့် တန်းတူအခွင့်အလမ်းရရှိရေး (CEDAW 1979)ကို အသိအမှတ်ပြုသည့် အခွင့်အရေးအခြေပြု ချဉ်းကပ်မှုကိုအခြေခံသော တစ်စုံတစ်ရာအဖြစ် ရှုမြင်ထားပါသည်။ CEDAW နည်းတူ ဤလေ့လာမှုတွင် ' နိုင်ငံ တစ်နိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းမှုအကြောင်းခံသည့် နယ်ပယ်အားလုံးတွင် အမျိုးသားများနှင့်တန်းတူ အမျိုးသမီးများအများဆုံး ပါဝင်ခွင့်ရှိခြင်း ' ကို အသိအမှတ်ပြုထားပါသည်။ ဤရှုထောင့်မှစဉ်းစားလျှင် ကျား၊ မ ရေးရာ တန်းတူညီမျှရေးကို ရည်မှန်းချက်ပြည့်ဝစေသော နည်းလမ်းတစ်ရပ်အဖြစ် ရှုမြင်နိုင်ပါသည်။ မြန်မာနိုင်ငံအတွက်အရေးပါသည့် လက်ရှိအပြောင်းအလဲ ကာလတွင် ကျား၊ မ ရေးရာ တန်းတူညီမျှရေးကို နည်းလမ်းတစ်ရပ်အဖြစ်သာမက အမှန်တကယ်ဖြစ်နိုင်သည့် အရာတစ်ခု အဖြစ် ရည်ရွယ်ဆောင်ရွက်ရန် လိုအပ်သည်ဟုယုံကြည်ပါသည်။

ကျား၊ မ ရေးရာ စံနှုန်းများနှင့် သြဇာအာဏာ

ကာလဒေသတစ်ခုတွင် အမျိုးသား သို့မဟုတ် အမျိုးသမီးဖြစ်ခြင်းအပေါ် ကျွန်ုပ်တို့နားလည်ယူဆမှုသည် ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင်ရှိသည့် လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းများအပေါ်တွင် များစွာမူတည်နေပါသည်။ အမျိုးသမီးဖြစ်ခြင်းနှင့် အမျိုးသားဖြစ်ခြင်းကို သတ်မှတ်ထားသည့် အချို့သောစံနှုန်းများအား အမြဲတစေထပ်မံအားဖြည့်ခြင်းကို အမျိုးသမီး သို့မဟုတ် အမျိုးသားတစ်ဦးနှင့်စပ်လျဉ်း၍ အခြားနည်းလမ်းများဖြင့် စဉ်းစားခြင်း သို့မဟုတ် အမျိုးသမီး၊ အမျိုးသားဖြစ်ခြင်းကို ကန့်သတ် ထားခြင်းဟုရှုမြင်နိုင်ပါသည် (Butler 1993တွင် ဥပမာကြည့်ပါ)။ ကျား၊ မ ရေးရာ စံနှုန်းများသည် အရေးပါသည့်သြဇာအာဏာဆိုင်ရာ အမြင်များကိုလည်းဖြစ်စေပြီး သမိုင်းကြောင်းတစ်လျှောက် လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းအမျိုးမျိုးကို အသုံးပြု၍ အမျိုးသမီးများအား နှိမ့်ချ ဆက်ဆံမှုကို လျော်ကန်ကြောင်းနည်းလမ်းအမျိုးမျိုးဖြင့် အကြောင်းပြခဲ့ သည်ကို တွေ့မြင်နိုင်ပါသည် (Perteroson နှင့် Runyan 1993 တွင် ဥပမာကြည့်ပါ)။ ရံဖန်ရံခါ အမျိုးသမီးများအားသန်စွမ်းပြီး ပင်ပန်း ကြမ်းတမ်းသော အလုပ်များကိုလုပ်နိုင်သူများအဖြစ် ဖော်ပြခဲ့ကြပါသည်။ ဥပမာအားဖြင့် ဒုတိယကမ္ဘာစစ်အတွင်း အမေရိကန်စက်ရုံများတွင် အမျိုးသမီးများအလုပ်လုပ်ရန် လိုအပ်သောအချိန်တွင်ဖြစ်ပါသည်။ ထိုမျှမက အိန္ဒိယနိုင်ငံတွင် စီးပွားရေး လွတ်လပ်ပွင့်လင်းလာစဉ်က အထည်အလိပ်ပို့ကုန်များနှင့် အခြားစက်ရုံများတွင် အမျိုးသမီးလုပ်အား လိုအပ်လာသည့်အခါ အမျိုးသမီးများ၏ စိတ်ရှည်သည်းခံတတ်သည့် သဘာဝကြောင့် ထိုအလုပ်မျိုးသည် အမျိုးသမီးများနှင့် သင့်လျော်သည်ဟု ဖော်ပြခဲ့ကြပါသည် (Blomqvist 2004)။ လိင်မှုဆိုင်ရာကွာဟချက်များကို ကျား၊ မ ရေးရာ တန်းတူညီမျှမှု မရှိခြင်းအဖြစ်ယူဆခြင်းနှင့် ထိုမညီမျှမှုများကို အမြဲတစေထပ်မံအားဖြည့်နေခြင်းသည် ၎င်းတို့အား ' အသားကျ'သွားစေပါသည်။ ထို့အပြင် မကြာသေးမီက လေ့လာမှုများ (ကမ္ဘာ့ဘဏ်၊ ၂၀၁၂ ၊ ၂၀၁၃)တွင် သတိပေးထားသည့်အတိုင်း အမျိုးသမီးများ၏ ဘဝအဆင့်အတန်းတွင် အရည်အသွေးဆိုင်ရာ အပြောင်းအလဲများ ရှိလာသည့်တိုင် အယူအဆများမပြောင်းလဲ သို့မဟုတ် တဖြည်းဖြည်းမှပြောင်းလဲနိုင်သည့် အန္တရာယ်ရှိနေပါသည်။ စင်စစ်အားဖြင့် အယူအဆများသည် အခြေအနေသစ်များနှင့်ပင် နေသားတကျဖြစ်သွားနိုင်ပါသည်။ ဖယ်ရှားရန်ခက်သည့် စံနှုန်းများနှင့် ယုံကြည်မှုများကြောင့် ရုပ်ပိုင်းဆိုင်ရာအခွင့်အလမ်းများကို အသုံးမပြု နိုင်သည့်အန္တရာယ်လည်း ရှိနေပါသည် (Harriden 2012)။

ယဉ်ကျေးမှုနှင့် ယဉ်ကျေးမှုဆိုင်ရာအပြောင်းအလဲ

လေ့လာမှုတွင်ပါဝင်သူများကို တိုက်ရိုက်ကိုးကား ဖော်ပြခြင်းမဟုတ်လျှင်၊ ဤလေ့လာမှုတွင် 'ယဉ်ကျေးမှု' ဆိုသည့် ဝေါဟာရအနက် အဓိပ္ပာယ်ကို ဖန်တီးထည့်သွင်းထားသည့် နယ်ပယ်တစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုထားပါသည် (Tomlinson, 1999)။ ဤသည်မှာ ဂီတ၊ အနုပညာနှင့်အက စသည့် မတူကွဲပြားသည့် ယဉ်ကျေးမှုဆိုင်ရာဖော်ပြ ချက်များကို အသေးစိတ်လေ့လာခြင်းမဟုတ်ပါ။ ယဉ်ကျေးမှု သို့မဟုတ် ယဉ်ကျေးမှုများအား လေ့လာသုံးသပ်သည့် ထုံးတမ်းစဉ်လာနည်းလမ်းတွင် ၎င်းတို့ကို အနည်းနှင့်အများတည်ငြိမ်သော၊ တူညီသောတန်ဖိုးများနှင့် စံနှုန်းများရှိပြီး တစ်သမတ်တည်းဖြစ်၍ သီးခြားလွတ်လပ်စွာ ရှိနေသည့် အရာများအဖြစ် ယူဆကြပါသည်။ ဤအမြင်သည် တဖြည်းဖြည်းချင်း ပြောင်းလဲလာပြီးသည့်နောက် ယဉ်ကျေးမှုကို စဉ်ဆက်မပြတ် ပြောင်းလဲ နေသည့် အားကောင်းသောဖြစ်စဉ်များဖြင့် ဖွဲ့စည်းထားသည်ဟု ယူဆလာ ကြပါသည်။ ယဉ်ကျေးမှုများပို၍ တစ်ပုံစံတည်း ဖြစ်လာသည်လား (မျိုးတူပေါင်းစည်းခြင်း)၊ ပို၍ ယှက်နွယ်လာသည်လား (မျိုးကွဲ ပေါင်းစည်းခြင်း)၊ သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာပေါင်းစည်းမှု ဖြစ်စဉ်များက ဒေသဆိုင်ရာယဉ်ကျေးမှုတွင် သီးခြားအဖြစ် ရှုမြင်ထားသည့်အရာများကို အမှန်တကယ် ပြန်လည်ရှင်သန်စေသည်လား စသည်တို့ကို အချေအတင် ဆက်လက်ငြင်းခုံနေဆဲ ဖြစ်ပါသည် (Hyll and Eriksen, 1994)။ ကျား၊ မ ရေးရာ၊ လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းများနှင့် စပ်လျဉ်းသည့် တွေ့ရှိချက်များအား အဓိပ္ပာယ်ဖွင့်ဆိုရန် ဤလေ့လာမှုတွင် ယဉ်ကျေးမှုပြောင်းလဲခြင်းသီအိုရီ၏ မူဘောင်အမျိုးမျိုးကို အသုံးပြုမည် ဖြစ်ပါသည်။

နမူနာကောက်ယူခြင်းနည်းလမ်းနှင့် သွားရောက်လေ့လာခဲ့သည့် နေရာများ

သုတေသနနယ်ပယ်နှင့်သက်ဆိုင်သော ပြည်တွင်းနှင့်နိုင်ငံတကာ စာအုပ်စာပေများကို ပြန်လည်သုံးသပ်ပြီး လေ့လာမှုပုံစံရေးဆွဲရာတွင် လိုအပ်သောအထောက်အကူများ ရယူခဲ့ပါသည်။ လေ့လာမှုကို အရည်အသွေးအခြေပြု ပုံစံရေးဆွဲထားပြီး ပို၍ကျယ်ပြန့်သောလူဦးရေကို ကိုယ်စားပြုသည့် ယေဘုယျကောက်ချက်ဆွဲနိုင်စေမည့် သတင်းအချက်အလက်များပေးရန် မရည်ရွယ်ခဲ့ပါ။ နမူနာကောက်ယူသည့် နည်းလမ်း၏ရည်ရွယ်ချက်မှာ နေရာဒေသအသီးသီးတွင် မတူညီမှုများနှင့် ဆက်စပ်သည့် ပြောင်းလဲနိုင်ခြေများကို ကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်ရန် လေ့လာမှုဖြစ်ပါသည်။ သို့ဖြစ်၍ နမူနာကောက်ယူခြင်း နည်းလမ်းသည် ရှင်းလင်းတိကျသောရည်ရွယ်ချက်ဖြင့် အောက်ပါဖြစ်နိုင်ခြေများကို ကျယ်ကျယ်ပြန့်ပြန့်ရရှိစေရန် ဖြစ်ပါသည်။

အမျိုးသား၊အမျိုးသမီး နှစ်ဦးစလုံး၏ ဘဝနှင့်သက်ဆိုင်သည့် စံနှုန်းများကို သီးခြားစီသာမက၊ တစ်ခုနှင့်တစ်ခု ဆက်စပ်မှုတို့ကိုပါ နားလည်မှသာလျှင် ကျား၊ မ ရေးရာနှင့်သက်ဆိုင်သည့် လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းများဆိုင်ရာ အရေးပါသည့်အချက်အလက်များ ရရှိနိုင်မည်ဟု ယုံကြည်သည့်အလျောက် လိင်ကို အဓိကပြောင်းလဲနိုင်ခြေတစ်ခုအဖြစ် လေ့လာမှုတွင်ထည့်သွင်းစဉ်းစားခဲ့ပါသည်။ သို့ဖြစ်ရာ နမူနာကောက်ယူလေ့လာရာတွင် အမျိုးသား၊ အမျိုးသမီးအရေအတွက် အတူတူဖြစ်ပါသည်။ လေ့လာမှုတွင် ပါဝင်သူ စုစုပေါင်း ၅၄၃ ဦး ရှိပြီး အမျိုးသမီး ၂၉၉ ဦး ၅၅% နှင့် အမျိုးသား ၂၄၄ ဦး ၄၅% ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးနှင့် ကိုးကွယ်သည့်ဘာသာတို့ကိုလည်း ကျား၊ မ ရေးရာနှင့် ဆက်စပ်နေသော လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းများကို ပုံဖော်ရာတွင် အထူးအရေးပါသည့် ပြောင်းလဲနိုင်ခြေများအဖြစ် ထည့်သွင်းစဉ်းစားခဲ့ပါသည်။ တစ်ဦးချင်းစီ၏ အသက်အပိုင်းအခြားအလိုက် ပြောင်းလဲနေသည့် လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းများအား အမိအရ အကဲဖြတ်နိုင်ရန်အရေးကြီးသည်ဟု ယူဆသည့်အတွက် အသက်အရွယ် အသီးသီးကို ထည့်သွင်းစဉ်းစားခဲ့ပါသည်။ ထို့အပြင် အသက်အရွယ် အသီးသီး၏ အမြင်အယူအဆများကို လေ့လာခြင်းအားဖြင့် လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းများသည် အချိန်နှင့်အမျှ တဖြည်းဖြည်းချင်းပြောင်းလဲ လာသည့်အပေါ် ပိုမိုနားလည်သဘောပေါက်စေသည်ဟု ယုံကြည်ယူဆ ခဲ့ပါသည်။ လေ့လာမှုတွင် ကျေးလက်နှင့်မြို့ပြဒေသနှစ်မျိုးစလုံး မှ ရှုထောင့်အမြင်များကို အမိအရအကဲဖြတ်နိုင်ရန် ကြိုးပမ်းခဲ့ပါသည်။ မတူသည့် နေရာဒေသအသီးသီးမှပါဝင်သူများတွင် မတူသည့်ယဉ်ကျေးမှု အခင်းအကျင်းများနှင့် ယဉ်ကျေးမှုပုံသဏ္ဌာန်အမျိုးမျိုး၏ လွှမ်းမိုးခံရသည့် ပမာဏချင်းမတူညီဟု ယူဆထားပါသည်။ နောက်ဆုံးအားဖြင့် နမူနာ ကောက်ယူခြင်းမူဘောင်ကို ကျား၊ မ ရေးရာ တန်းတူ ညီမျှရေးကွန်ရက် (GEN) အဖွဲ့ဝင်များ ရှိနေခြင်းအပေါ် မူတည်ဆုံးဖြတ်ခဲ့ပါသည်။ ဤသည်မှာ လေ့လာမှုဖြစ်နိုင်ခြေအတွက် လိုအပ်သည့်အနေအထားတစ်ရပ် ဖြစ်ပါသည်။ လေ့လာမှုကို အကောင်အထည်ဖော်ရာတွင် GEN အဖွဲ့ဝင် များနှင့် လက်တွဲဆောင်ရွက်ခြင်း၏ အခြားအကြောင်းရင်းခံတစ်ခုမှာ လေ့လာမှုဆောင်ရွက်သည့် နေရာဒေသများမှ အသေးစိတ်သတင်းအချက် အလက်များရရှိရေးတွင် ကွန်ရက်အဖွဲ့ဝင် အဖွဲ့အစည်းများအား အကူအညီ ပေးရန်နှင့် အဆိုပါဒေသများ၏ ကျား၊ မ ရေးရာ တန်းတူညီမျှရေး အနာဂတ် အစီအစဉ်များတွင် အသုံးပြုနိုင်ရန် ဖြစ်ပါသည်။

အထက်တွင်ဖော်ပြခဲ့သည့် ပုံစံရေးဆွဲရေး ထည့်သွင်းစဉ်းစားချက်များနှင့် အတူ နိုင်ငံတွင်းရှိ ပြည်နယ် ၇ ခုစလုံး (ချင်း၊ ကချင်၊ ကယား၊ ကရင်၊ မွန်၊ ရခိုင်နှင့် ရှမ်း)ကို နမူနာကောက်ယူလေ့လာမှုတွင် ထည့်သွင်းခဲ့ ပါသည်။ ထို့အပြင် တိုင်းဒေသကြီး ၄ ခု (ဧရာဝတီ၊ စစ်ကိုင်း၊ တနင်္သာရီနှင့် ရန်ကုန်)တို့ကို အောက်ပါထည့်သွင်းစဉ်းစားချက်များအရ လေ့လာမှုတွင်ထည့်သွင်းရန် ရွေးချယ်ခဲ့ပါသည်။ နမူနာကောက်ယူရာတွင် မြို့ပြ၏ ပကတိအခြေအနေများနှင့် ယဉ်ကျေးမှုအခင်းအကျင်းမျိုးစုံကို လေ့လာဖော်ထုတ်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးကို ထည့်သွင်းခဲ့ပါသည်။ မိရိုးဖလာဗုဒ္ဓဘာသာဝင်များ၏ ယုံကြည်မှုများပျံ့နှံ့လွှမ်းမိုးသည့် ပူပြင်းခြောက်သွေ့သောဒေသရှိ ရပ်ရွာများ၏သရုပ်မှန်များကို အမိအရအကဲဖြတ်နိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီးကို နမူနာကောက်ယူလေ့လာမှုတွင် ထည့်သွင်းခဲ့ပါသည် (Oxfam, ActionAid နှင့် CARE 2011 တွင် ဥပမာ ကြည့်ပါ)။ နောက်ဆုံးအနေဖြင့် မကြာသေးမီက နာဂစ်ဆိုင်ကလုန်း ဒဏ်ကိုခံခဲ့ရပြီး မုန်တိုင်းလွန်ကာလတွင် ကျား၊ မ ရေးရာ အလေ့အထ အပြောင်းအလဲများရှိသည့် ဧရာဝတီတိုင်းဒေသကြီးကို လေ့လာမှုတွင် ထည့်သွင်းခဲ့ပါသည် (Oxfam 2009 အဖွဲ့တွင်းမှတ်တမ်းတွင် ဥပမာ ကြည့်ပါ)။ လေ့လာမှုဆောင်ရွက်ခဲ့သော နေရာဒေသများတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၁ ခုရှိ မြို့နယ် ၁၆ မြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၈ စုအောက်ရှိ ရပ်ကွက် ၇ခုနှင့် ကျေးရွာ ၁၉ရွာ ပါဝင်ပါသည်။ အချက်အလက်များကို ၂၀၁၃ နိုဝင်ဘာလမှ ၂၀၁၄ ဇန်နဝါရီလအတွင်း ကောက်ယူခဲ့ပါသည်။

လေ့လာမှုပုံစံ

ချင်း၊ ကချင်၊ ကယား၊ ကရင်၊ မွန်၊ ရခိုင်နှင့် ရှမ်း စသည့် ပြည်နယ် ၇ ခုနှင့် ဧရာဝတီ၊ စစ်ကိုင်း၊ တနင်္သာရီနှင့် ရန်ကုန်စသည့် တိုင်းဒေသကြီး ၄ ခုမှ လေ့လာမှုတွင် ပါဝင်သူစုစုပေါင်း ၅၄၃ ဦးတွင် အမျိုးသမီး ၂၉၉ ဦး (၅၅%) နှင့် အမျိုးသား ၂၄၄ ဦး (၄၅%) ဖြစ်ပါသည်။ အချက်အလက်များကို အောက်ပါနည်းလမ်းများဖြင့် ကောက်ယူခဲ့ပါသည်။

- အမျိုးသမီး ၂၃၅ ဦး (၅၁%) နှင့် အမျိုးသား ၂၂၃ ဦး (၄၉%) ပါဝင်သည့် ရပ်ရွာဒေသခံ ၄၅၈ ဦးနှင့် ဦးတည်အုပ်စုဆွေးနွေးမှုများ။
- ကြိုတင်စီစဉ်ထားသောမေးခွန်းများနှင့် နောက်ဆက်တွဲ အလွတ်သဘော မေးခွန်းများပါဝင်သော တွေ့ဆုံမေးမြန်းမှုဖြင့် အမျိုးသမီး ၁၀ ဦးနှင့် အမျိုးသား ၆ ဦးတို့ထံမှ ဖြစ်စဉ်လေ့လာချက်များရယူခြင်း။
- အမျိုးသမီး ၁၀ ဦးနှင့် အမျိုးသား ၅ ဦးတို့အား ရပ်ရွာအခြေပြု မေးခွန်းများမေးမြန်းခြင်း။
- ကြိုတင်စီစဉ်ထားသော မေးခွန်းများနှင့် နောက်ဆက်တွဲ အလွတ် သဘောမေးခွန်းများပါဝင်၍ အဓိက သတင်းအချက်အလက် ပေးနိုင်သူများဖြစ်သည့် ကဏ္ဍအလိုက်ကျွမ်းကျင်သူများ၊ ကျား၊ မ ရေးရာ လုပ်ငန်းဆောင်ရွက်သူများ၊ မီဒီယာပညာရှင်များနှင့် တာဝန်ရှိအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအပါအဝင် စုစုပေါင်း ၅၄ ဦး (အမျိုးသမီး ၄၄ ဦးနှင့် အမျိုးသား ၁၀ ဦး) တို့နှင့် တွေ့ဆုံမေးမြန်းခြင်းများ။

နမူနာကောက်ယူလေ့လာမှုအသီးသီးမှ ကျယ်ပြန့်သောသဘောထား အမြင်များရရှိရန် ရည်ရွယ်ပြီး အရည်အသွေးအခြေပြု လေ့လာမှုနည်းလမ်း များကို အသုံးပြု၍အသေးစိတ် သတင်းအချက်အလက်များရရှိရန် ကြိုးပမ်းခဲ့ပါသည်။ လေ့လာမှုတွင် အဓိကအသုံးပြုခဲ့သည့် နည်းလမ်းများမှာ ဦးတည်အုပ်စု ဆွေးနွေးမှုလမ်းညွှန် ၂ စုံ ဖြစ်ပါသည် (အောက်တွင် ကြည့်ပါ)။ ကျား၊ မ ရေးရာ ဆက်ဆံရေးများနှင့် လူမှုစံနှုန်းများကို တစ်ခဏအတွင်း အချိန်ကိုက် အမိအရအကဲဖြတ်နိုင်ရန် အဓိကရည်ရွယ်၍ လေ့လာမှုနည်းလမ်းများကို ပုံစံရေးဆွဲထားခြင်းဖြစ်ပါသည်။ သို့ရာတွင် ဤလေ့လာမှုတွင် ထင်ဟပ်ထားသည့် ယဉ်ကျေးမှုအရွေ့ဆိုင်ရာအမြင်နှင့် အညီ စံနှုန်းများ တဖြည်းဖြည်းပြောင်းလဲလာခြင်းနှင့် ယဉ်ကျေးမှု

အပြောင်းအလဲအတွက်လည်း ထည့်သွင်းကြိုးပမ်းခဲ့ပါသည်။ သို့ဖြစ်၍ ဦးတည်အုပ်စုဆွေးနွေးမှုများတွင် ပါဝင်သူများအား အဓိကလေ့လာမှု အကြောင်းအရာများနှင့်စပ်လျဉ်း၍ လက်ရှိအခြေအနေနှင့် လွန်ခဲ့သော ၁၀နှစ်မှ အခြေအနေများအားနှိုင်းယှဉ်ရန် သို့မဟုတ် လက်ရှိနှင့်ယခင် မျိုးဆက်များအားနှိုင်းယှဉ်ရန် ဖိတ်ခေါ်ခဲ့ပါသည်။ ပါဝင်သူများအား ၎င်းတို့၏အနာဂတ်နှင့် ၎င်းတို့သားသမီးများ၏ အနာဂတ်အတွက် မျှော်လင့်ချက်များကိုလည်း ဆွေးနွေးမှုဝေစေခဲ့ပါသည်။

လေ့လာမှုနည်းလမ်းများကို အင်္ဂလိပ်ဘာသာဖြင့် စီစဉ်ရေးသား၍ မြန်မာဘာသာသို့ ပြန်ဆိုပြီး အဓိပ္ပာယ်ကွဲလွဲမှုမရှိစေရန် အင်္ဂလိပ်ဘာသာသို့ ထပ်မံပြန်ဆိုခဲ့ပါသည်။ အချက်အလက်ကောက်ယူစဉ်အတွင်း တိုင်းရင်းသားဘာသာစကားများကို သုံးရသည့်အခါကူညီပံ့ပိုးသူက နှုတ်ဖြင့် ဘာသာပြန်ဆိုပေးပါသည်။[၈၄]

ရပ်ရွာအခြေပြု မေးခွန်းများ

လက်တွေ့ကွင်းဆင်းလေ့လာရန် ရွေးချယ်ထားသည့် ရပ်ရွာဒေသ (ကျေးရွာ/ရပ်ကွက်များ)ဆိုင်ရာ အခြေခံအချက်အလက်များနှင့် နောက်ခံသတင်းအချက်အလက်များကို ရရှိစေရန် ရပ်ရွာအခြေပြု မေးခွန်းများကို စီစဉ်ထားပါသည်။ လေ့လာသည့် ရပ်ရွာဒေသများတွင် ဦးတည်အုပ်စုဆွေးနွေးမှုများ မပြုလုပ်မီရပ်ရွာဒေသအကြောင်း နှံ့နှံ့စပ်စပ် သိထားသည့် ရပ်ရွာဒေသခံများ (ဥပမာ-ရပ်မိရပ်ဖသို့မဟုတ် ရွာသူကြီး/ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့) ထံမှ ကွင်းဆင်းလေ့လာသူများက သက်ဆိုင်သည့် သတင်းအချက်အလက်များတောင်းခံ၍ ထိုစစ်တမ်းမေးခွန်း များကို ကြိုတင်ပြင်ဆင်ကြပါသည်။ ရပ်ရွာအခြေပြု မေးခွန်းများကို အမျိုးသမီး ၁၀ ဦးနှင့် အမျိုးသား ၅ ဦးတို့က ပါဝင်ဖြေဆိုခဲ့ကြပါသည်။

ဦးတည်အုပ်စု ဆွေးနွေးမှုများ

ဦးတည်အုပ်စုဆွေးနွေးမှုများကို လေ့လာမှုနည်းလမ်းတစ်ခုအဖြစ် အသုံးပြုခြင်း၏ရည်ရွယ်ချက်သည် ရွေးချယ်ထားသော အစုအဖွဲ့နှင့် အကြောင်းအရာတစ်ခုကို အသေးစိတ်ဆွေးနွေးအဖြေရှာရန် ဖြစ်ပါသည်။ ၎င်းတို့၏နောက်ခံနှင့်ဆက်စပ်၍ ပါဝင်ဖြေဆိုသူများ စိတ်ကြိုက်ဆွေးနွေး နိုင်ရန် မေးခွန်းများသည် ယေဘုယျအားဖြင့် အဖွင့်မေးခွန်းများဖြစ်ပါသည်။ သတင်းအချက်အလက် အနည်းငယ်သာရရှိသည့် အကြောင်းအရာ သို့မဟုတ် ကိစ္စရပ်အပေါ်ရွေးချယ်ထားသည့်အစုအဖွဲ့၏ စိတ်ခံစားချက် များကို ရှာဖွေဖော်ထုတ်ရာတွင် ဦးတည်အုပ်စု ဆွေးနွေးမှုများက အထူး အသုံးဝင်ပါသည်။ ဦးတည်အုပ်စု ဆွေးနွေးမှုလမ်းညွှန် ၂ စုံကို လေ့လာမှုအတွက် ရည်ရွယ်ထုတ်ဝေခဲ့ပါသည်။ ဦးတည်အုပ်စုဆွေးနွေးမှု လမ်းညွှန် A သည် မိသားစုဆက်ဆံရေးများ၊ အိမ်ထောင်စုအတွင်း အလုပ်ခွဲခြားလုပ်ကိုင်ခြင်း၊ အိမ်ထောင်ရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခင်းအကျင်းများကို အဓိကဖော်ပြထားပါသည်။ ဦးတည်အုပ်စု ဆွေးနွေးမှု လမ်းညွှန် B တွင် ဝတ်စားဆင်ယင်မှု၊ မီဒီယာတွင် ကိုယ်စားပြုဖော်ပြချက်၊ အသက်မွေးဝမ်းကျောင်း၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ကျား၊ မ ရေးရာ စံနှုန်းများကိုဖော်ပြထားပါသည်။

လေ့လာခဲ့သည့်နေရာများ		အမျိုးသမီးများ			အမျိုးသားများ			စုစုပေါင်း
ပြည်နယ်/တိုင်းဒေသကြီး	မြို့နယ်	၁၈ - ၂၅	၂၆ - ၄၀	>၄၁	၁၈ -၂၅	၂၆ - ၄၀	>၄၁	
ဧရာဝတီတိုင်းဒေသကြီး	ဘိုကလေး	၁	၁	၁	၁	၁	၁	၆
ချင်းပြည်နယ်	မတူပီ	၂	၂	၂	၂	၂	၂	၁၂
	ဟားခါး	၁	၁	၁	၁	၁	၁	၆
စစ်ကိုင်းတိုင်းဒေသကြီး	မုံရွာ	၁	၁	၁	၁	၁	၁	၆
ကချင်ပြည်နယ်	မြစ်ကြီးနား	၁	၁	၁	၁	၁	၁	၆
ကယားပြည်နယ်	ဒီမောဆို	၁	၁	၁	၁	၁	၁	၆
ကရင်ပြည်နယ်	ဘားအံ	၁	၁	၁	၁	၁	၁	၆
မွန်ပြည်နယ်	မော်လမြိုင်	၁	၁	၁	၁	၁	၁	၆
ရခိုင်ပြည်နယ်	မြေပုံ	၁	၁	၁	၁	၁	၁	၆
ရှမ်းပြည်နယ်	ကလော	၁	၁	၁	၁	၁	၁	၆
တနင်္သာရီတိုင်းဒေသကြီး	ထားဝယ်	၁	၁	၁	၁	၁	၁	၆
ရန်ကုန်တိုင်းဒေသကြီး	မင်္ဂလာတောင်ညွန့်	၁	၁	၁				၃
	ပုဇွန်တောင်				၁	၁	၁	၃
စုစုပေါင်း		၁၁	၁၁	၁၁	၁၁	၁၁	၁၁	၇၈

ဇယား (၁) ဦးတည်အုပ်စုဆွေးနွေးမှုဆိုင်ရာ အသေးစိတ်အချက်အလက်များ

၈၄။ ဘာသာစကားနှင့် ဘာသာပြန်ဆိုခြင်း ကိစ္စများကို အခန်း ၃.၂.၅ ပါ အသံဖိုင်များအား စာဖြင့်ပြန်ရေးခြင်းနှင့် ဘာသာစကားတွင် ကြည့်ပါ။

ဦးတည်အုပ်စုဆွေးနွေးမှု လမ်းညွှန်များကို ကွင်းဆင်းလေ့လာမှုမတိုင်မီ ရှေ့ပြေးစမ်းသပ်မှု နှစ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ ပထမအကြိမ် ရှေ့ပြေး စမ်းသပ်မှုကို သုတေသနအဖွဲ့က ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး၊ ကြာချိန်နှင့် မေးခွန်းများ ရှေ့၊ နောက် စီစဉ်ထားရှိမှု၊ အဆက်အစပ်ရှိမှုနှင့် နားလည်နိုင်မှုတို့ကို အကဲဖြတ်ဆန်းစစ်ရန် အဓိကရည်ရွယ်ပါသည်။ ပထမတစ်ကြိမ် ရှေးပြေးစမ်းသပ်မှုအပြီး လမ်းညွှန်များတွင် အရေးပါသော ပြန်လည်သုံးသပ်မှုများ ပြုလုပ်ခဲ့ပါသည်။ ဒုတိယအကြိမ် ရှေ့ပြေးစမ်းသပ်မှုများကို ကွင်းဆင်းလေ့လာသူများအတွက် သင်တန်း ပို့ချရာတွင် ထည့်သွင်း ဆောင်ရွက်ခဲ့ပါသည်။ ဤကွင်းဆင်းစမ်းသပ်မှု၏ အဓိကရည်ရွယ်ချက်မှာ လမ်းညွှန်တွင် ပြန်လည်ပြင်ဆင်ချက်များသည် ရည်ရွယ်သည့်အတိုင်း ပိုမိုကောင်းမွန်လာခြင်း ရှိ၊ မရှိ စစ်ဆေးရန် နှင့် ကွင်းဆင်းလေ့လာသူများအား အဆင်ပြေချောမွေ့စွာ လုပ်ငန်း ဆောင်ရွက်ခြင်း၊ မှတ်စုလိုက်ခြင်းနှင့် စူးစမ်းလေ့လာခြင်းစသည်တို့ကို လက်တွေ့လေ့ကျင့် နိုင်မည့် အခွင့်အလမ်းရရှိစေရန် ဖြစ်ပါသည်။ ဤရှေ့ပြေး စမ်းသပ်ချက်ပြီးသည့်အခါ ကွင်းဆင်းလေ့လာရေးအဖွဲ့နှင့် ပူးပေါင်း၍ လမ်းညွှန်များတွင် အဓိကအားဖြင့် အသုံးအနှုန်းနှင့် ဘာသာစကားဆိုင်ရာ အသေးစားပြန်လည်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပါသည်။

လေ့လာမှုနည်းစနစ် ရေးဆွဲရာတွင် လေ့လာသည့် ရပ်ရွာဒေသများ၏ လူမှုရေးနှင့် ယဉ်ကျေးမှု ဆက်ဆံရေးများကို ထည့်သွင်းစဉ်းစားရေးဆွဲခဲ့ ပါသည်။ ရှိနေသည့်အပြုအမူဆိုင်ရာ ကျား၊ မ ရေးရာ စံနှုန်းများ၏ လွှမ်းမိုးမှု နည်းနိုင်သမျှနည်းပြီး၊ ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြောဆိုနိုင်စေရန် ဦးတည်အုပ်စု ဆွေးနွေးမှုများအားလုံးကို အမျိုးသား၊ အမျိုးသမီးသီးခြားစီ ခွဲ၍ ပြုလုပ်ခဲ့ပါသည်။ ထို့အပြင် ရှိနေသည့်အသက်အရွယ်အလိုက် အပေါ်အောက်ဆက်ဆံရေးအရ မျိုးဆက်များအကြား ကြီးသူ၊ ငယ်သူ၊ ဩဇာအာဏာသက်ရောက်မှုကို ရှောင်ရှားနိုင်ရန် ဦးတည်အုပ်စုများတွင် အသက်အရွယ်အလိုက် အကြမ်းဖျင်းအုပ်စု သုံးစု (၁၈ -၂၅နှစ်၊ ၂၆ - ၄၀ နှစ် နှင့် ၄၀ နှစ်အထက်) သီးခြားခွဲထားပါသည်။

လေ့လာမှုပုံစံဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များ၏ ရည်ရွယ်ချက်မှာ ပါဝင်သူများအနေဖြင့် လုံခြုံစိတ်ချမှုကိုခံစားရပြီး ပုံမှန်အားဖြင့် ၎င်းတို့ စဉ်းစားလေ့မရှိသော ၎င်းတို့၏နေ့စဉ်ဘဝ၊ လူမှုဆက်ဆံရေး၊ စိတ်ကူးအိပ်မက်များ၊ မျှော်လင့်ချက်များနှင့် သက်ဆိုင်သည့် အကြောင်းအရာနှင့် ကိစ္စရပ်များစွာကို စဉ်းစားသုံးသပ်နိုင်စေရန် ဖြစ်ပါသည်။ လူမှုရေးအလေ့အထများအပြင် ထိုအလေ့အထများ၊ အမှန်၊ အမှား အတွေးများနှင့် အရေးပါသည့် ဘဝဆိုင်ရာ ဆုံးဖြတ်ချက်များ စသည်တို့ကို ကျောထောက်နောက်ခံ ပြုပေးနေသော မမြင်နိုင်သည့် ယဉ်ကျေးမှု စံနှုန်းများအား နားလည်သဘောပေါက်စေရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။ ထို့အပြင် ဦးတည်အုပ်စုများကို တိုင်းရင်းသားလူမျိုးနှင့် ကိုးကွယ်သည့် ဘာသာအလိုက် တူရာတွဲထားပါသည်။ သို့မှသာ ပါဝင်သူ များသည် ယေဘုယျ တူညီသော ယဉ်ကျေးမှုရှုထောင့်မှ ဆွေးနွေး ပြောဆိုနိုင်မည် ဖြစ်ပါသည်။ လေ့လာမှုတစ်ခုလုံးတွင် မတူညီသည့် အမြင်များ ပါဝင်စေရန် GEN ကွန်ရက်အဖွဲ့ဝင် အဖွဲ့အစည်းများ လုပ်ငန်း ဆောင်ရွက်ရာ နေရာဒေသများမှ ဒေသခံ လူဦးရေအပေါ်အခြေခံ၍ ဦးတည် အုပ်စုများကို လူမျိုး၊ ကိုးကွယ်သည့်ဘာသာတူရာ အစုအဖွဲ့အလိုက် ကြိုတင် သတ်မှတ်ထားပါသည်။

ဦးတည်အုပ်စု ဆွေးနွေးမှုများကို အထက်တွင်ဖော်ပြခဲ့သည့် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၁ ခုတို့မှ ရပ်ရွာဒေသခံ အမျိုးသား၊ အမျိုးသမီးများနှင့် ဆောင်ရွက်ခဲ့ပါသည်။ ချင်းပြည်နယ်မှလွဲ၍ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီး တစ်ခုစီတွင် ဦးတည်အုပ်စု ဆွေးနွေးမှု ၆ ကြိမ်ပြုလုပ်ခဲ့ပါသည်။[၈၅] အောက်ပါဇယားတွင် ပြထားသည့်အတိုင်း ပြည်နယ်/တိုင်းဒေသကြီး တစ်ခုစီတွင် အမျိုးသားများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု ၃ ကြိမ်၊ အမျိုးသမီးများနှင့် ဦးတည်အုပ်စု ဆွေးနွေးမှု ၃ ကြိမ်ပြုလုပ်ခဲ့ပြီး၊ နေရာဒေသ တစ်ခုစီတွင် အသက်အရွယ် အုပ်စု ၃ စု ပါဝင်ပါသည်။ ဦးတည်အုပ်စုဆွေးနွေးမှုစုစုပေါင်း ၇၀ ကြိမ် ဖြစ်ပါသည် (အောက်ပါဇယား ၁ တွင် ကြည့်ပါ)။ ဦးတည်အုပ်စုဆွေးနွေးမှုတွင် ပါဝင်သူ ၄၅၈ ဦးကို အဖွဲ့ ၇၈ ဖွဲ့ ခွဲပြီး၊ အမျိုးသမီး ၂၃၅ ဦး (၅၁%) နှင့် အမျိုးသား ၂၂၃ ဦး (၄၉%) ဖြစ်ပါသည်။

ထုတ်ဝေမှု အမျိုးအစား	ထုတ်ဝေသည့်အမည်	လေ့လာသည့်စောင်ရေ	အချိန်
နေ့စဉ်ထုတ် သတင်းစာများ	Daily 11 News	၇	ဒီဇင်ဘာ ၃ - ၁၀၊ ၂၀၁၃
	မြန်မာ့အလင်း	၇	ဒီဇင်ဘာ ၁၄ - ၂၀၊ ၂၀၁၃
အပတ်စဉ်ထုတ်ဂျာနယ်များ	The Voice Weekly	၂	ဒီဇင်ဘာ ၂၃၊ ၂၀၁၃ - ဇန်နဝါရီ ၅၊ ၂၀၁၄
	7 Day News	၃	ဒီဇင်ဘာ ၁၀ - ၃၁၊ ၂၀၁၃
	Mizzima News	၂	ဒီဇင်ဘာ ၁၃ - ၂၇၊ ၂၀၁၃
	Myanmar Times	၂	ဒီဇင်ဘာ ၆ - ၉၊ ၂၀၁၃
လစဉ်ထုတ် မဂ္ဂဇင်းများ	အပျိုစင်	၃	အောက်တိုဘာ - ဒီဇင်ဘာ၊ ၂၀၁၃
	ရွှေအမြုတေ	၃	အောက်တိုဘာ - ဒီဇင်ဘာ၊ ၂၀၁၃
	သရဖူ	၃	အောက်တိုဘာ - ဒီဇင်ဘာ၊ ၂၀၁၃
	ရောဝတီမဂ္ဂဇင်း	၃	အောက်တိုဘာ - ဒီဇင်ဘာ၊ ၂၀၁၃

ဇယား (၂) ပုံနှိပ်မီဒီယာများတွင် ပါဝင်သည့် အကြောင်းအရာများအား ခွဲခြမ်းစိတ်ဖြာ သုံးသပ်ချက်။

၈၅။ ခြွင်းချက်အနေဖြင့် ချင်းပြည်နယ်တွင် ဦးတည်အုပ်စု ဆွေးနွေးမှု ၁၀ ကြိမ် ပြုလုပ်ခဲ့ပါသည်။ နမူနာလေ့လာကောက်ယူမှု အရွယ်အစားကြီးမားရခြင်းသည် ကျား၊ မ ရေးရာ အချက်အလက်နှင့် သတင်းအခြေခံများ ဆိုးဆိုးရွားရွား မရှိခြင်း၊ ကျား၊ မ ခွဲခြားဆက်ဆံသော လူမှုနှုန်းစံနှင့် အလေ့အထများနှင့်စပ်လျဉ်းသည့် မခိုင်လုံသောအထောက်အထား အများအပြားရှိနေခြင်း၊ တောင်ပိုင်းနှင့်မြောက်ပိုင်းကြား ယဉ်ကျေးမှုကွဲလွဲချက်များ၊ ဒေသတွင်း လက်တွေ့လုပ်ငန်းများ ကူညီဆောင်ရွက်နေသည့် GEN ကွန်ရက်အဖွဲ့ဝင် အဖွဲ့အစည်းမှ လက်လှမ်းမီခြင်း၊ အပိုဆောင်း လေ့လာရန်အခြေအနေပေးခြင်းတို့ကြောင့် ဖြစ်ပါသည်။

ရွေးချယ်လေ့လာခဲ့သည့် နေရာဒေသများတွင် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်မီသည့် ရပ်ရွာဒေသခံများအား နမူနာ ကောက်ယူခြင်းမူဘောင်တွင် ထည့်သွင်းခဲ့ပါသည်။

» အစိုးရသို့မဟုတ် အခြားတာဝန်ရှိသူ သို့မဟုတ် ထိုလူပုဂ္ဂိုလ်၏ မိသားစုဝင်မဟုတ်သူ[၈၆]
» ဦးတည်အုပ်စုအတွက် လိင်၊ အသက်အရွယ်၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ သတ်မှတ်ချက်များနှင့် ကိုက်ညီသူ
» ပွင့်လင်း၍ဆွေးနွေးလိုစိတ်ရှိသူ
» မိနစ် ၉၀ အချိန်ပေးနိုင်သူ

ဦးတည်အုပ်စုတစ်ခုစီအတွက် သတ်မှတ်ချက်များနှင့်ကိုက်ညီသူ ၄ ဦးမှ ၆ ဦးအထိရွေးချယ်ရန် ကျပန်းနမူနာကောက်ယူခြင်းကို ကျေးရွာအဆင့်တွင် ဆောင်ရွက်ခဲ့ပါသည်။ လေ့လာမှုအဆင့်အားလုံးတွင် ဖြစ်နိုင်ခြေ ဘက်လိုက်မှုများကိုလျော့နည်းစေရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဖြစ်စေရန် နမူနာကောက်ယူခြင်း လုပ်ထုံးလုပ်နည်းအသေးစိတ်ကို သင်တန်းကာလအတွင်း ကွင်းဆင်းလေ့လာသူများအားပေးသည့် စာရွက်စာတမ်းများထဲတွင် ဖြန့်ဝေခဲ့ပါသည်။[၈၇]

အဓိက သတင်းအချက်အလက်ပေးနိုင်သူများနှင့် တွေ့ဆုံမေးမြန်းမှုများ

အကြောင်းအရာတစ်ခုကို ရှုထောင့်အမျိုးမျိုးမှ စူးစမ်းလေ့လာ၍ အသေးစိတ်သတင်းအချက်အလက်များ ရရှိနိုင်ရေးအတွက် အဓိက သတင်းအချက်အလက်ပေးသူနိုင်များနှင့် တွေ့ဆုံမေးမြန်းမှုကို ပုံစံရေးဆွဲထားပါသည်။ ဤလေ့လာမှုတွင် အဓိကသတင်းအချက်အလက်ပေးသူနိုင်များနှင့် တွေ့ဆုံမေးမြန်းခြင်းများကို သုတေသနအဖွဲ့ခေါင်းဆောင်၊ နိုင်ငံသားသုတေသီနှင့် GEN သုတေသနနှင့် သင်တန်းစီစဉ်ညှိနှိုင်းရေးမှူးတို့က တစ်ဦးချင်းဖြစ်စေ၊ အတွဲလိုက်ဖြစ်စေ ဆောင်ရွက်ခဲ့ပါသည်။ အချို့တွေ့ဆုံမေးမြန်းမှုများကို အင်္ဂလိပ်ဘာသာဖြင့်၊ အချို့ကို မြန်မာဘာသာဖြင့်၊ အချို့ကို ဘာသာစကားနှစ်မျိုးလုံးဖြင့် ပြုလုပ်ခဲ့ပါသည်။ လိုအပ်လျှင် မြန်မာဘာသာမှအင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းကို နိုင်ငံသားသုတေသီနှင့် GEN သုတေသနနှင့် သင်တန်းစီစဉ်ညှိနှိုင်းရေးမှူးတို့က ဆောင်ရွက်ပေးခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှုများကို ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ မှ ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်း ကွင်းဆင်းလေ့လာမှုများနှင့်အတူ ရန်ကုန်၊ နေပြည်တော်နှင့်မန္တလေးတို့တွင် ဆောင်ရွက်ခဲ့ပါသည်။

အဓိကသတင်းအချက်အလက်ပေးနိုင်သူများအား လေ့လာမှုတွင် ဦးစားပေးဖြစ်သည့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းစဉ် (NSPAW)နှင့် ဆက်စပ်သော နယ်ပယ်များမှ ကဏ္ဍအလိုက် ကျွမ်းကျင်သူများထဲမှ အဓိကရွေးချယ်ပါသည်။ ထို့အပြင် နယ်ပယ်တစ်ခုချင်းစီရှိ အဓိက ကျား၊ မ ရေးရာ ကိစ္စရပ်များအပေါ် ပိုမိုနားလည်သဘောပေါက်စေရန် လေ့လာခဲ့သည့်နေရာဒေသများမှ ကျား၊ မ ရေးရာ ကိစ္စရပ်များကို နှံ့နှံ့စပ်စပ်သိထားသူများကိုလည်း ရွေးချယ်ခဲ့ပါသည်။ အဓိကသတင်းအချက်အလက်ပေးနိုင်သည့် အခြားလူပုဂ္ဂိုလ်များတွင် မီဒီယာပညာရှင်များ၊ ယဉ်ကျေးမှုကို ကာကွယ်စောင့်ရှောက်ရန် စနစ်တကျဖြစ်စေ၊ အလွတ်သဘောဖြစ်စေ လုပ်ဆောင်နေကြသည့် အမျိုးသား၊ အမျိုးသမီးတာဝန်ရှိသူများ ပါဝင်ပါသည်။ မေးခွန်းအချို့ကို ကြိုတင်ပြင်ဆင်ထားပြီး နောက်ဆက်တွဲအလွတ်သဘော မေးခွန်းများဖြင့် တွေ့ဆုံမေးမြန်းမှုများ၊ တွေ့ဆုံမေးမြန်းမှု တစ်ခုချင်းအတွက် သီးခြားစီစဉ်ထားသည့် ပုံစံများကို အဓိက သတင်းအချက်အလက်ပေးနိုင်သူများနှင့် တွေ့ဆုံမေးမြန်းခြင်းများတွင် အသုံးပြုခဲ့ပါသည်။ သို့မှသာ စာအုပ်စာတမ်းများအား သုံးသပ်ချက်နှင့် လက်တွေ့ကွင်းဆင်းလေ့လာမှုတို့မှပေါ်ထွက်လာသည့် အဓိကအကြောင်းအရာများနှင့် စံနှုန်းများအား အသေးစိတ်ဆွေးနွေးသုံးသပ်နိုင်မည် ဖြစ်ပါသည်။ အဓိက သတင်းအချက်အလက်ပေးနိုင်သူ အမျိုးသမီး ၁၇ ဦး နှင့် အမျိုးသား ၉ ဦးတို့အား တစ်ဦးချင်းတွေ့ဆုံမေးမြန်းခဲ့ပြီး၊ အမျိုးသမီး၂၇ ဦး နှင့် အမျိုးသား ၁ ဦးတို့အား အဖွဲ့၃ဖွဲ့ခွဲ၍ တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဖြစ်စဉ်လေ့လာချက်များ

ကျား၊ မ ရေးရာ တန်းတူညီမျှရေးကို အထောက်အကူဖြစ်စေသော သို့မဟုတ် အဟန့်အတားဖြစ်စေသော လူမှုရေးနှင့် ယဉ်ကျေးမှု စံနှုန်းများအား ရှာဖွေဖော်ထုတ်ရန်အပါအဝင် လေ့လာမှု၏ အဓိက ရည်ရွယ်ချက်များနှင့်ကိုက်ညီသည့် ဖြစ်စဉ်လေ့လာချက်များကို ကောက်ယူခဲ့ပါသည်။ ဖြစ်စဉ်လေ့လာချက်များကို ရွေးချယ်ရာတွင် လမ်းညွှန်ချက်သည် (က) ကျား၊ မ ရေးရာ တန်းတူညီမျှရေးအပေါ် ထိုစံနှုန်းများ၏သက်ရောက်မှု၊ (ခ) လူမှုအလေ့အထများပြောင်းလဲခြင်း၏ အထောက်အထားများကို ပေါ်လွင်စေသည့် ဖြစ်စဉ်များကို အဓိကထားပါသည်။ ကွင်းဆင်းလေ့လာသူများအား ကွင်းဆင်းလေ့လာချိန်အတွင်း လေ့လာမှုတွင် ပါဝင်သူများ၊ အစုအဖွဲ့များ၊ လုပ်ငန်းဆောင်ရွက်မှုများ၊ စီမံချက်များစသည်တို့မှ ပေါ်ပေါက်လာသည့် စိတ်ဝင်စားဖွယ် ‘ဖြစ်စဉ်များ’ အား နောက်ဆက်တွဲ အသေးစိတ်ရယူရန်၊ အထူးသဖြင့် ဦးတည်အုပ်စု ဆွေးနွေးမှုများအတွင်း ဆွေးနွေးကြသည့်ကိစ္စရပ်များအား နောက်ဆက်တွဲမေးမြန်းရန် တာဝန်ပေးထားပါသည်။ ဤဖြစ်စဉ်လေ့လာမှုများအတွက် သတင်းအချက်အလက်ရယူခြင်း နည်းစနစ်သည် ကွင်းဆင်းလေ့လာသူ များအတွက်ပြုစုထားသော လမ်းညွှန်၂စုံနှင့်အညီ ကြိုတင်ပြင်ဆင်ထားသည့် မေးခွန်းများနှင့် နောက်ဆက်တွဲ အလွတ်သဘော မေးခွန်းများဖြင့် တွေ့ဆုံမေးမြန်းခြင်း ဖြစ်ပါသည်။ ဖြစ်စဉ်လေ့လာမှုများအတွက် အမျိုးသမီး၁၀ဦးနှင့် အမျိုးသား၆ဦးကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မီဒီယာအား လေ့လာဆန်းစစ်ခြင်း

မီဒီယာတွင်အမျိုးသားနှင့် အမျိုးသမီးကိုယ်စားပြု ဖော်ပြမှုသည် လက်ရှိယဉ်ကျေးမှုဆိုင်ရာ ဆွေးနွေးငြင်းခုံမှုများတွင် ပြဿနာများ၊ အက်ကြောင်းများရှိနေကြောင်း ပြသနေပါသည်။ လေ့လာမှုတွင် ပါဝင်သူများနှင့် ဆွေးနွေးသည့်အကြောင်းအရာအဖြစ်သာမက လူကြိုက်များသည့် ပုံနှိပ်မီဒီယာများတွင် ပါဝင်သည့်အကြောင်းအရာများအား လေ့လာဆန်းစစ်ရန် အဓိကရင်းမြစ်အဖြစ် ဤလေ့လာမှုတွင် လူထုမီဒီယာသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ကျား၊ မ ရေးရာ ရှုထောင့်မှနေ၍ အောက်ပါပုံနှိပ်မီဒီယာများကို ယူနက်စကို၏ မီဒီယာဆိုင်ရာ Gender Sensitive Indicators မူဘောင် (UNESCO 2012)ကို အသုံးပြု၍ ကျား၊ မ ရေးရာ ရှုထောင့်မှ ခွဲခြမ်းစိတ်ဖြာသုံးသပ်ထားပါသည်။

၈၆။ ဆွေးနွေးမှုများ၏ လွတ်လပ်ပွင့်လင်းမှုအတိုင်းအတာအပေါ် သက်ရောက်စေနိုင်သည်ဟုယူဆသည့်အတွက် ဦးတည်အုပ်စုဆွေးနွေးမှုများတွင် ဩဇာအရှိန်အဝါမတူညီမှုကို လျော့နည်းစေရန် ဤသတ်မှတ်ချက်ကို ထည့်သွင်းခဲ့ခြင်းဖြစ်ပါသည်။

၈၇။ ကွင်းဆင်းလေ့လာသူများအတွက် လေ့လာရန် စာရွက်စာတမ်းများကို ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်ထံ တောင်းခံရယူနိုင်ပါသည်။

ကွင်းဆင်းလေ့လာသူများအား ရွေးချယ်စုဆောင်းခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်း

ရပ်ရွာဒေသအဆင့်တွင် အချက်အလက်ကောက်ယူခြင်းကို သက်ဆိုင်ရာ လေ့လာမှုဒေသများတွင်လုပ်ငန်းဆောင်ရွက်နေသည့် ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်အဖွဲ့အဝင် အဖွဲ့အစည်းများနှင့် ရန်ကုန်အခြေစိုက် အဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ ပါဝင်သည့် ကွင်းဆင်းလေ့လာရေးအဖွဲ့များက အဓိကဆောင်ရွက်ခဲ့ကြပါသည်။ ကွင်းဆင်းလေ့လာရေး အဖွဲ့တစ်ဖွဲ့လျှင် အဖွဲ့ခေါင်းဆောင်တစ်ဦးနှင့် အဖွဲ့ဝင် ၄ ဦး (မ ၂ ဦး၊ ကျား ၂ ဦး) ပါဝင်ခဲ့ပါသည်။ ကွင်းဆင်းလေ့လာသူ မ ၁၇ ဦးနှင့် ကျား ၁၈ ဦး၊ စုစုပေါင်း ၃၅ ဦးအား ရွေးချယ်စုဆောင်း၍ လေ့လာမှုအတွက် သင်တန်းပို့ချပေးခဲ့ပါသည်။

ကွင်းဆင်းလေ့လာသူများအား ရွေးချယ်ရာတွင် ယေဘုယျ သတ်မှတ်ချက်များမှာ-

- » ကျား၊ မ ရေးရာတွင် ယေဘုယျ နားလည်သဘောပေါက်ခြင်း/ နောက်ခံရှိခြင်း
- » ဆက်ဆံရေးကောင်း၍ နားထောင်နိုင်မှုစွမ်းရည်ထက်မြက်ခြင်း
- » လေ့လာသည့်နေရာဒေသများ၏ ဘဝနေထိုင်မှုအခြေအနေများအား နားလည်သဘောပေါက်ခြင်း
- » ရပ်ရွာဒေသများနှင့် ကောင်းမွန်သောဆက်ဆံရေးစွမ်းရည်ရှိခြင်း
- » အရည်အသွေးကိုအခြေပြုလေ့လာမှုစွမ်းရည်များ ဖွံ့ဖြိုးရေးကို စိတ်ထက်သန်ခြင်း
- » သင်တန်းကာလ ၁ ပတ်နှင့် အချက်အလက်ကောက်ယူခြင်းအတွက် ၃ပတ်အပါအဝင် လေ့လာမှုတွင် ၁လကြာပါဝင်နိုင်ခြင်းတို့ ဖြစ်ပါသည်။

ကွင်းဆင်းလေ့လာသူများအား ရွေးချယ်ရာတွင် ဖြေဆိုသူများ၏ ဒေသသုံးဘာသာစကားများဖြင့် တွေ့ဆုံမေးမြန်းခြင်းများနှင့် ဦးတည်အုပ်စုဆွေးနွေးမှုများကို ဆောင်ရွက်နိုင်သည့်စွမ်းရည်ကို အဓိကထား ရွေးချယ်ပါသည်။ တွေ့ဆုံမေးမြန်းမှုတွင် ပါဝင်ဖြေဆိုသူများနှင့် မေးမြန်းသူများ၊ မှတ်တမ်းရေးသူများသည် လိင်အတူတူ ဖြစ်စေရန် ကွင်းဆင်းလေ့လာရေးအဖွဲ့တွင် ကျား၊ မ ရေးရာ နှစ်မျိုးစလုံး ပါဝင်ခဲ့ပါသည်။ ပါဝင်ဖြေဆိုသူများ၏ ဘဝနေထိုင်မှု အခြေအနေများအား နားလည်သဘောပေါက်ရန် လိုအပ်သော်လည်း ကွင်းဆင်းလေ့လာသူများအနေဖြင့် ၎င်းတို့၏ မိခင်အဖွဲ့အစည်းများသည် ထိုဒေသတွင် သို့မဟုတ် အနီးအနားနေရာများတွင် လုပ်ငန်းဆောင်ရွက်နေသည့်တိုင် အချက်အလက်ကောက်ယူမည့် ကျေးရွာ၊ ရပ်ကွက်များတွင် ပုံမှန်အားဖြင့် ဤသည်ကို မပြုလုပ်ကြပါ။ အဖွဲ့အစည်းကို သိနေပြီးဖြစ်ခြင်းကြောင့် လေ့လာမှုတွင်ပါဝင်သူများနှင့် ကွင်းဆင်းလေ့လာသူများအကြား ရင်းနှီးမှု၊ ယုံကြည်မှုရှိရန် အရေးကြီးသည်ဟု ယူဆသည့်အတွက် ဤသတ်မှတ်ချက်ကို ထည့်သွင်းစဉ်းစားခဲ့ခြင်း ဖြစ်ပါသည်။ အဖွဲ့အစည်းတစ်ခုမှ ဝန်ထမ်းများနှင့် ရပ်ရွာဒေသခံများအကြား အပြန်အလှန်လွှမ်းမိုးနိုင်သည့် အထက်အောက် ဆက်ဆံရေးရှိနိုင်သည်ကို သတိထားရန်နှင့် လေ့လာမှုလုပ်ငန်းစဉ်ကို မလွှမ်းမိုးရန် လိုအပ်ကြောင်းကို လေ့လာမှုပုံစံတွင်လည်း အသိအမှတ် ဖော်ပြထားပြီးဖြစ်ပါသည်။

ကွင်းဆင်းလေ့လာသူများ တစ်ပတ်ကြာတက်ရောက်ခဲ့သည့် သင်တန်း၏ ရည်ရွယ်ချက်များမှာ-

- » တစ်ဦးချင်းနှင့် ရပ်ရွာဒေသအဆင့်တွင်ရှိနေသည့် ကျား၊ မ ရေးရာ ကိစ္စရပ်များအား သင်တန်းသားများပိုမိုသတိထားတုံ့ပြန်နိုင်စေရန်။
- » လေ့လာမှု၏ရည်ရွယ်ချက်များနှင့် ယဉ်ကျေးမှုစံနှုန်းများနှင့် ကျား၊ မ ရေးရာ တန်းတူညီမျှရေး၊ မညီမျှခြင်းနှင့် ခွဲခြားဆက်ဆံခြင်းများအကြား ဆက်သွယ်ချက်များကို ပိုမိုနားလည်သဘောပေါက်စေရန်။
- » အားလုံးပါဝင်သည့် ဦးတည်အုပ်စုဆွေးနွေးမှုများအား အဆင်ပြေ ချောမွေ့စွာဆောင်ရွက်နိုင်ရေးကို အဓိကထားသည့်အရည်အသွေး အခြေပြုလေ့လာမှုနှင့် သက်ဆိုင်သည့်စွမ်းရည်များ ထပ်မံဖွံ့ဖြိုးလာ စေရန်နှင့် ဘက်လိုက်မှုကင်းစွာဖြင့် လုပ်ငန်းဆောင်ရွက်နိုင်စေရန်။
- » ကျင့်ဝတ်ဆိုင်ရာလမ်းညွှန်များနှင့် လုပ်နည်းလုပ်ဟန်များကို ပို၍ ကွင်းဆင်းလေ့လာသူများအနေဖြင့် ကွင်းဆင်းလေ့လာရေး နည်းလမ်းများနှင့် လုပ်နည်းလုပ်ဟန်များအား ရင်းနှီးကျွမ်းဝင် လာစေရန်တို့ ဖြစ်ပါသည်။

ကျင့်ဝတ်စည်းကမ်းများနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ထည့်သွင်းစဉ်းစားချက်များ

ဤလေ့လာမှု၏ လုပ်ငန်းစဉ်အားလုံးတွင် ကျင့်ဝတ်စည်းကမ်းများကို အထူး အလေးထားခဲ့ပါသည်။ အထူးသဖြင့် လေ့လာမှုပုံသဏ္ဍာန်ရေးဆွဲ အကောင်အထည်ဖော်ရာတွင် အောက်ပါအခြေခံမူများအတိုင်း အလေးထား ဆောင်ရွက်ခဲ့ပါသည်။

ကျင့်ဝတ်ဆိုင်ရာ ခွင့်ပြုချက်

ဤလေ့လာမှုအတွက် ကျင့်ဝတ်စည်းကမ်းများကို အောက်မြန်မာနိုင်ငံ၊ ဆေးသုတေသနဦးစီးဌာန၏ သုတေသန ကျင့်ဝတ်ကော်မတီ (ERC) သို့ တင်ပြ၍ ခွင့်ပြုချက်တောင်းခံခဲ့ပြီး၊ လေ့လာမှုမစတင်မီ ကော်မတီ၏ ပြန်လည်သုံးသပ်ချက်၊ အကြံပြုချက်များအတိုင်း ပြောင်းလဲ ပြင်ဆင်ခဲ့ပါသည်။

ပါဝင်သူတစ်ဦးချင်း၏ သဘောတူညီချက်

လေ့လာမှုတွင်ပူးပေါင်းပါဝင်ရန် အသိပေးရှင်းလင်းတင်ပြ၍ ပါဝင်သူအားလုံး ထံမှ နှုတ်အားဖြင့် သဘောတူညီချက်ရရှိခဲ့ပါသည်။ ကွင်းဆင်းလေ့လာသူ များက လေ့လာမှု၏ရည်ရွယ်ချက်၊ နည်းစနစ်နှင့် ပါဝင်သူများ၏ တောင်းဆိုချက်များအား ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းတင်ပြပြီး သဘောတူညီချက်ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ၎င်းအတွက် လိုအပ်သော သတင်းအချက်အလက်များဖြင့် အသေးစိတ်ရေးသားထားသည့် မိတ်ဆက်ကဏ္ဍအပြင် ကွင်းဆင်းလေ့လာသူများအနေဖြင့် သဘောတူ ညီချက်ရရှိရန် မည်သို့ကိုင်တွယ်ဆောင်ရွက်ရမည်ကို ကွင်းဆင်း လေ့လာမှုလမ်းညွှန်များတွင် ထည့်သွင်းထားပါသည်။ အချက်အလက် ကောက်ယူရာတွင် ပါဝင်ဖြေဆိုသူများ စိတ်ပေါ့ပါးစေရန်နှင့် ပို၍ ပွင့်ပွင့် လင်းလင်းဖြေဆိုနိုင်စေရန် သဘောတူညီချက်ကို စာဖြင့်မဟုတ်ဘဲ နှုတ်အားဖြင့်သာ တောင်းခံခဲ့ပါသည်။

ဓာတ်ပုံရိုက်ခွင့်

အကြောင်းအရာအားလုံးကို ပါဝင်ဖြေဆိုသူများ စိတ်လက်ပေါ့ပါးစွာ ဆွေးနွေးပြောဆိုနိုင်ရန် အချက်အလက်ကောက်ယူစဉ်နှင့် ဆက်စပ်လုပ်ငန်း ဆောင်ရွက်စဉ်တွင် ဓာတ်ပုံရိုက်ခွင့်မပြုခဲ့ပါ။ ကွင်းဆင်းလေ့လာသည့် နေရာဒေသများ၏ နောက်ခံဓာတ်ပုံအချို့ကို ရိုက်ခွင့်ပေးခဲ့ပါသည်။ ရပ်ရွာဒေသခံများအား ဓာတ်ပုံရိုက်ကူးရန်ရည်ရွယ်ပါက အသိပေး ရှင်းလင်းတင်ပြ၍ သဘောတူညီချက်တောင်းခံပြီး၊ ပါဝင်ဖြေဆိုကြသည့် ရပ်ရွာဒေသခံများအား ဓာတ်ပုံရိုက်ကူးခွင့်ပုံစံများတွင် လက်မှတ်ရေးထိုး ပေးရန် တောင်းဆိုခဲ့ပါသည်။

ဆန္ဒအလျောက် ပါဝင်ခြင်း

ဤလေ့လာမှုတွင်ပါဝင်ခြင်းသည် ဆန္ဒအလျောက်သာ ဖြစ်ပါသည်။ ပါဝင်ဖြေဆိုသူအားလုံးသည် သွေးဆောင်ဖြားယောင်းမှု တစ်စုံတစ်ရာကြောင့် မဟုတ်ဘဲ၊ ပါဝင်ရန်၊ မပါဝင်ရန် လွတ်လပ်စွာရွေးချယ်နိုင်ပါသည်။ ပါဝင် ဖြေဆိုသူများသည် မည်သည့်အချိန်တွင်မဆို လေ့လာမှုမှ နုတ်ထွက်ခွင့် ရှိပါသည်။ ၎င်းအတွက် ဆိုးကျိုးတစ်စုံတစ်ရာ မရှိစေရပါ။

အချက်အလက် လျှို့ဝှက်လုံခြုံမှု

ဤလေ့လာမှုဆောင်ရွက်နေစဉ်နှင့် တွေ့ရှိချက်များအား ပြန်လည် ရှင်းလင်းစဉ် တစ်လျှောက်လုံးတွင် လျှို့ဝှက်လုံခြုံမှုရှိစေရန် အတင်းကျပ်ဆုံး စည်းမျဉ်းများချမှတ်ထားပါသည်။ ဤသည်ကို ကွင်းဆင်း လေ့လာရေးအဖွဲ့များက တွေ့ဆုံမေးမြန်းခဲ့သည့် လူပုဂ္ဂိုလ်များနှင့် အစုအဖွဲ့များအားလုံးကို သီးခြားတွေ့ဆုံသည့်အခါတိုင်း၌ အသိပေး ရှင်းပြခဲ့ပါသည်။ မည်သူဟုသိနိုင်သည့် မည်သည့်အသေးစိတ်ဖော်ပြချက် ကိုမျှ ကွင်းဆင်းလေ့လာရေးအဖွဲ့များက မှတ်တမ်းတင်ခြင်းမရှိပါ။ လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ၎င်းကို အချိန်တိုင်းရှင်းလင်းပြောပြရန် လျှို့ဝှက်လုံခြုံမှုဆိုင်ရာ သတင်းစကားကို ဦးတည်အုပ်စု ဆွေးနွေးမှု လမ်းညွှန်၏နိဒါန်းတွင် ထည့်သွင်းဖော်ပြထားပါသည်။

ပါဝင်သူများ အန္တရာယ်ကင်းရှင်းရေး

လေ့လာမှုတွင် ပါဝင်သူများ အန္တရာယ်ကင်းရှင်းရေးသည် ဤလေ့လာမှု၏ အရည်အသွေးနှင့် စံချိန်စံညွှန်းများတွင် အရေးအကြီးဆုံးဖြစ်သည်ဟု ခံယူထားပါသည်။ လေ့လာမှုတွင်ပါဝင်သူများ၏ လုံခြုံမှုကို ဖြစ်နိုင်သမျှ အမြင့်ဆုံးအတိုင်းအတာအထိအာမခံနိုင်ရန် နည်းစနစ်များနှင့် ကြိုတင် ပြင်ဆင်မှုများကို စနစ်တကျစီမံဆောင်ရွက်ခဲ့ပါသည်။ ဤလေ့လာမှုတွင် လုံခြုံရေးဆိုင်ရာဖြစ်စဉ် တစ်ခုမှမရှိခဲ့ပါ။

ထိခိုက်နစ်နာမှု မရှိစေရေး

တွေ့ဆုံမေးမြန်းမှုများတွင် အကဲဆတ်၍ဖြေဆိုရန်မသင့်ဟု ပါဝင် ဖြေဆိုသူများက ယူဆနိုင်သောအကြောင်းအရာများနှင့် သက်ဆိုင်သည့် မေးခွန်းများပါဝင်ပါသည်။ သို့ဖြစ်၍ လေ့လာရေးအဖွဲ့များအနေဖြင့် အကဲဖြတ်ချက်တစ်စုံတစ်ရာမပေးဘဲ၊ လေ့လာမှုကိုဆောင်ရွက်ရန် လိုအပ်ချက်အပေါ်တွင်အလေးထား၍ ပါဝင်သူများနှင့် တွေ့ဆုံမေးမြန်းသူများ အားလုံးကို လေးစားမှုဖြင့် ဆက်ဆံခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှုများနှင့် ဦးတည်အုပ်စုဆွေးနွေးမှုများအတွက် လေးစားမှုရှိ၍ ယဉ်ကျေးမှုနှင့် ကိုက်ညီသည့် ဘာသာစကားဖြင့် ပြေပြစ်သောမေးခွန်းများ ဖြစ်စေရန် ကြိုးပမ်းခဲ့ကြပါသည်။

ခွင့်ပြုချက်များနှင့် မိတ်ဆက်ခြင်းများ

ကွင်းဆင်းသည့်အဆင့်တွင် လုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်းများသည် လေ့လာမှုစတင်မဆောင်ရွက်မီ လိုအပ်သောခွင့်ပြုချက်များနှင့် အချက် အလက်ကောက်ယူရန် ခွင့်ပြုမိန့်များရရှိရန် တာဝန်ယူကြရပါသည်။ အဖွဲ့ခေါင်းဆောင်များသည် အချက်အလက်မကောက်ယူမီ လိုအပ်သော ခွင့်ပြုချက်များရရှိရန် ပေါင်းစပ်ညှိနှိုင်း ကူညီပေးသည့် အဖွဲ့အစည်းများနှင့် တာဝန်ခံချိတ်ဆက်ကြရပါသည်။

အချက်အလက်စီမံခန့်ခွဲမှု၊ လေ့လာဆန်းစစ်မှုနှင့် ပြန်လည်ဖြန့်ဝေခြင်း

အသံသွင်းမှတ်တမ်းများ စီမံခန့်ခွဲခြင်း

လေ့လာမှုတွင်ပါဝင်သူများက ဆွေးနွေးမှုများကို အသံမဖမ်းရန် တောင်းဆိုသည့် အခြေအနေအချို့တွင် အသေးစိတ်မှတ်တမ်း ရေးယူသည်မှလွဲ၍ အချက်အလက်ကောက်ယူရာတွင်(ဥပမာ- ဦးတည်အုပ်စု ဆွေးနွေးမှုနှင့် တွေ့ဆုံမေးမြန်းခြင်းများ) အသံသွင်းမှတ်တမ်းယူသည့်နည်းကို အသုံးပြုခဲ့ပါသည်။ လေ့လာမှုမတိုင်မီကတည်းကပင် ကွင်းဆင်းလေ့လာရေး အဖွဲ့တိုင်းအတွက် အသံဖမ်းစက်များပေးထားပြီး၊ မည်သို့အသုံးပြုရမည်၊ ပြုပြင်ထိန်းသိမ်းရမည်ကို သင်တန်းတွင်ထည့်သွင်းပို့ချထားပြီး ဖြစ်ပါသည်။ အချက်အလက်ကောက်ယူပြီးသည့်အခါတိုင်း အသံသွင်းမှတ်တမ်းများကို ကွန်ပျူတာတွင်ထည့်သွင်းပြီး၊ ပင်မအချက်အလက်စနစ်တွင် ထည့်သွင်း နိုင်ရန်အတွက် ရန်ကုန်အခြေစိုက်သုတေသနအဖွဲ့သို့ အီးမေးလ်မှတစ်ဆင့် ပေးပို့ပါသည်။ ဤအသံမှတ်တမ်းတစ်ခုစီကို သုတေသနအဖွဲ့က ပြန်လည် သုံးသပ်ပြီး ပြီးပြည့်စုံကြောင်းအတည်ပြုပေးပြီးသည်နှင့်တစ်ပြိုင်နက် အခြား အသံမှတ်တမ်းအားလုံးကို ဖျက်ပစ်ခဲ့ပါသည်။ (ဥပမာ- အသံဖမ်းစက်နှင့် အချက်အလက်ကို ယာယီသိုလှောင်ပေးသည့် ကွန်ပျူတာများမှ အသံမှတ်တမ်းများအားလုံး)။

အသံဖိုင်များအား စာဖြင့် ပြန်ကူးရေးခြင်းနှင့် ဘာသာစကား

အချက်အလက်များကို အသံဖိုင်များမှ စာမှတ်တမ်းများအဖြစ် ပြန်လည်ကူးယူခဲ့ပါသည်။ အချက်အလက်ကောက်ယူရာတွင် ပိုမို အဆင်ပြေလွယ်ကူစေရန်အတွက် မြန်မာဘာသာစကားကို အသုံးပြုခဲ့လျှင် ကောက်ယူထားသော သတင်းအချက်အလက်များကို မြန်မာဘာသာဖြင့် ပြန်လည်ထုတ်ယူခဲ့ပါသည်။ အခြား တိုင်းရင်းသား ဘာသာစကားများအသုံးပြုခဲ့လျှင် အချက်အလက်များကို သက်ဆိုင်ရာ ဘာသာစကားဖြင့် ဦးစွာထုတ်ယူရေးသားပြီး ကွင်းဆင်းလေ့လာရေးအဖွဲ့က မြန်မာဘာသာဖြင့် ပြန်ဆိုခဲ့ပါသည်။ များသောအားဖြင့် အသံဖိုင်များအား စာဖြင့် ပြန်ကူးရေးခြင်းကို အချက်အလက်ကောက်ယူပြီး ၂၄နာရီ အတွင်း အပြီးဆောင်ရွက်ကြပါသည်။ အချို့ဖြစ်စဉ်များတွင် ရုံးလုပ်ငန်းပိုင်းဆိုင်ရာ အခက်အခဲများကြောင့် အသံဖိုင်များအား စာဖြင့်ချက်ချင်း ပြန်ကူးရေးရာတွင် အတားအဆီးဖြစ်စေခဲ့သော်လည်း အချက်အလက်ကောက်ယူပြီး တစ်ပတ်ထက်မကျော်စေဘဲ စာဖြင့်ကူးရေးကြရပါသည်။ စာဖြင့်ကူးယူ ထားသော အချက်အလက်မှတ်တမ်းများကို ရန်ကုန်ရှိသုတေသနအဖွဲ့သို့ လူကြုံဖြင့်ဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ပေးပို့ပါသည်။ ရန်ကုန်ရှိ သုတေသန အဖွဲ့မှ အချက်အလက်မှတ်တမ်းများရရှိကြောင်း အတည်ပြုပြီးသည်နှင့် ကြားခံကွန်ပျူတာများမှ မှတ်တမ်းများအား ဖျက်ဆီးလိုက်ပါသည်။ သုတေသနအဖွဲ့ခေါင်းဆောင်နှင့် နိုင်ငံသားသုတေသီတို့က ပြန်လည် သုံးသပ်ရှင်းလင်းပြီးနောက် စာမှတ်တမ်းများကို (အစအဆုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း) အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပါသည်။

အချက်အလက်များအားလေ့လာဆန်းစစ်ခြင်း

Mikkelsen, 1995;Russel, 2011 နှင့် Taylor-Powell & Renner, 2003တို့ ပြုစုထားသည့် အရည်အသွေးအခြေပြု အချက်အလက် သင်္ကေတစနစ်များကို အသုံးပြု၍ အချက်အလက်များအား လေ့လာဆန်းစစ်ခဲ့ပါသည်။ ပထမအဆင့်အနေဖြင့် သုတေသနအဖွဲ့က သင်္ကေတမူဘောင်တစ်ခုကို ရေးဆွဲပြီး၊ လေ့လာမှု၏ အဓိကအကြောင်းအရာများ၊ မေးခွန်းများနှင့်အညီ အချက်အလက်အားလုံးကို အပိုင်းလိုက်ခွဲခြမ်းစိတ်ဖြာလေ့လာပါသည်။ လေ့လာဆန်းစစ်ခြင်း ဒုတိယအဆင့်တွင် တွေ့ရှိချက်များအား ထပ်ဆင့်သင်္ကေတစနစ်များနှင့် အမျိုးအစားခွဲခြင်းတို့တွင် အသုံးပြုပါသည်။ စာမှတ်တမ်းများအား သင်္ကေတစနစ်ပြုခြင်းကို လူအားဖြင့် ဆောင်ရွက်ကြပါသည်။ အချက်အလက် လေ့လာဆန်းစစ်ရာတွင် ကွင်းဆင်းလေ့လာသူများအား ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်ဖွံ့ဖြိုးလာစေရန် ၂ရက်တာ အချက်အလက်လေ့လာဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲဖြင့် သုတေသနအဖွဲ့ခေါင်းဆောင်နှင့် နိုင်ငံသားသုတေသီတို့မှ ဦးဆောင်၍ ဤနည်းစနစ်သည်ကွင်းဆင်း လေ့လာသူများအတွက်ဖြစ်ကြောင်း သရုပ်ပြသင်ကြားပေးပါသည်။ လေ့လာဆန်းစစ်မှု၏ နောက်ပိုင်းအဆင့်များနှင့် အစီရင်ခံစာမူကြမ်းရေးသားခြင်း အဆင့်များတွင် လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းများ သုတေသနလုပ်ငန်းအဖွဲ့ (SCR WG) နှင့် GEN ကြီးကြပ်မှုကော်မတီတို့၏ ဖြည့်စွက်အကြံပြုချက်များကို တောင်းခံခဲ့ပါသည် (လေ့လာမှုစီမံခန့်ခွဲရေးတွင် ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို အခန်း ၁.၇ တွင်ကြည့်ပါ)။

အချက်အလက် စီမံခန့်ခွဲခြင်း

လေ့လာမှု၏ ဖြောင့်မတ်မှန်ကန်ခြင်းဂုဏ်ကို ထိန်းသိမ်းရန်နှင့် ပါဝင်သူများအတွက် ဖြစ်လာနိုင်သည့်နောက်ဆက်တွဲ ဆိုးကျိုးများကို နည်းနိုင်သမျှနည်းစေရန် အချက်အလက်စီမံခန့်ခွဲမှုကို အောက်ပါ လမ်းညွှန်ချက်များအတိုင်း လုပ်ဆောင်ခဲ့ပါသည်။

- ဖြေဆိုသူများ၏အမည်ကိုမသုံးဘဲ နှုတ်အားဖြင့် သဘောတူခွင့်ပြုချက်ရယူခြင်း
- အသံဖိုင်များ၊ မှတ်စုများနှင့်စာမှတ်တမ်းများတွင် အမည်မဖော်ပြခြင်း
- အချက်အလက်များကို စကားဝှက်ဖြင့်သာဖွင့်နိုင်သည့် ကွန်ပျူတာများသို့ထည့်သွင်းပြီး မူရင်းအသံဖိုင်များအားဖျက်ဆီးခြင်း
- GEN ၏ လုပ်ထုံးလုပ်နည်းအတိုင်း ဥပမာအားဖြင့် ဓာတ်ပုံရိုက်ခွင့်ပုံစံများ၊ စာမှတ်တမ်းများနှင့် ဘာသာပြန်ဆိုချက်များ အပါအဝင် အချက်အလက်မူကြမ်းဖိုင်များကို GEN ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့က သိမ်းဆည်း၍ စီမံခန့်ခွဲပါသည်။ အသံဖိုင်များအားဖျက်ဆီးပစ်ပါသည်။

တွေ့ရှိချက်များများ ပြန်လည်ဖြန့်ဝေခြင်း

ဤအစီရင်ခံစာကို အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ရေးသားထုတ်ဝေထားပြီး 'ပြန်လည်ဖြန့်ဝေခြင်းမဟာဗျူဟာ' ကို အသေးစိတ်ရေးဆွဲလျက် ရှိပါသည်။

အခန်းကဏ္ဍနှင့် တာဝန်များ

ဤလေ့လာမှုကို ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်မှ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး၊ လေ့လာမှုလုပ်ထုံးလုပ်နည်းများ၊ ကျင့်ဝတ်နှင့် လေ့လာရေးနည်းစနစ်များကို နိုင်ငံတကာ သုတေသီတစ်ဦးမှ ဦးဆောင်၍ မူကြမ်းပုံစံရေးဆွဲခဲ့ခြင်းဖြစ်၍၊ သက်ဆိုင်ရာစာအုပ်စာတမ်းများကို ပြန်လည်သုံးသပ်ခြင်း၊ ကွင်းဆင်းလေ့လာသူများအား သင်တန်းပို့ချခြင်း၊ အဓိကသတင်းအချက်အလက်ပေးနိုင်သူများအား တွေ့ဆုံမေးမြန်းခြင်း၊ အချက်အလက်များ လေ့လာဆန်းစစ်ခြင်းနှင့် အစီရင်ခံစာမူကြမ်းရေးသားခြင်း လုပ်ငန်းစဉ်များကိုလည်း အဆိုပါသုတေသီက ဦးစီးဆောင်ရွက်ခဲ့ပါသည်။ ဤလုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် သုတေသနအဖွဲ့ခေါင်းဆောင်နှင့် အနီးကပ်လက်တွဲအလုပ်လုပ်ခဲ့သူမှာ နိုင်ငံသားသုတေသီတစ်ဦးဖြစ်ပါသည်။ GEN သုတေသနနှင့် သင်တန်းရေးရာ ပေါင်းစပ်ညှိနှိုင်းရေးမှူးက အထက်ဖော်ပြပါ လုပ်ငန်းတာဝန်များအား ကူညီပံ့ပိုးပေးခဲ့သည့်အပြင်၊ GEN အဖွဲ့ဝင် အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်နိုင်ရန်ကူညီပေးခြင်း၊ GEN ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့မှ ဝန်ထမ်းများ၏ အကူအညီဖြင့် အသေးစိတ်ထောက်ပံ့ရေး အစီအစဉ်များကို စနစ်တကျဖြစ်စေရန် ဆောင်ရွက်ပေးခဲ့ပါသည်။ လေ့လာရေးအဖွဲ့အနေဖြင့် လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ပြင်ပမှစကားပြန်တစ်ဦးနှင့် အနီးကပ်လုပ်ငန်းဆောင်ရွက်ခဲ့ပါသည်။ မီဒီယာလေ့လာဆန်းစစ်ခြင်းကဏ္ဍတွင် ပြင်ပမှအကြံပေးတစ်ဦးက ပါဝင်ဆောင်ရွက်ပေးခဲ့ပါသည်။

စိတ်ဝင်စားသည့် GEN အဖွဲ့ဝင်များပါဝင်သည့် GEN လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းများ သုတေသနလုပ်ငန်းအဖွဲ့(SCRWG)သည် လေ့လာမှုပုံစံရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အစီရင်ခံစာမူကြမ်းရေးသားခြင်းနှင့် တွေ့ရှိချက်များအား ပြန်လည်ဖြန့်ဝေခြင်း အဆင့်ဆင့်တွင် အချိန်နှင့်တစ်ပြေးညီ နည်းပညာနှင့်နောက်ခံဆိုင်ရာ ဖြည့်စွက်ချက်များနှင့် အကြံပြုချက်များအပါအဝင် လေ့လာမှုလုပ်ငန်းစဉ်အတွက် အကြံဉာဏ်နှင့်လမ်းညွှန်များပေးခဲ့ပါသည်။ SCRWG အဖွဲ့ဝင်များသည် GEN အဖွဲ့ဝင် အဖွဲ့အစည်းများနှင့်အတူ ကွင်းဆင်းလေ့လာသူများအား ရွေးချယ်စုဆောင်းခြင်း၊ လေ့လာမှုနည်းစနစ်များအား ကွင်းဆင်းစမ်းသပ်ခြင်းနှင့် ကွင်းဆင်းလေ့လာမှုတို့တွင်လည်း ကူညီပေးခဲ့ကြပါသည်။ GEN ကြီးကြပ်မှုကော်မတီ (SC) သည် လုပ်ငန်းစဉ်အား အပြီးသတ်လမ်းညွှန်မှုပေးခြင်း၊ လုပ်ငန်းအဖွဲ့မှတစ်ဆင့် အကြံဉာဏ်များပေးခြင်းနှင့် လေ့လာမှုနှင့်သက်ဆိုင်သော အဓိကဆုံးဖြတ်ချက်များချမှတ်ခြင်းတို့တွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

လေ့လာမှုအတွက်ရွေးချယ်ထားသည့် ကွင်းဆင်းလေ့လာသူများသည် အဖွဲ့လိုက်ရွေးချယ်ထားသော အဖွဲ့ခေါင်းဆောင်၏ လမ်းညွှန်မှုဖြင့် လုပ်ငန်းဆောင်ရွက်ကြပါသည်။ ကွင်းဆင်းလေ့လာသူများ၏ အဓိကတာဝန်များမှာ လေ့လာမှုနှင့်နည်းစနစ်ဆိုင်ရာ တစ်ပတ်တာသင်တန်းနှင့် လေ့လာရေးနည်းစနစ်များကို ရန်ကုန်မြို့တွင် ကွင်းဆင်းစမ်းသပ်ရာတွင် ပါဝင်ခြင်း၊ လုပ်ငန်းလမ်းညွှန်ချက်များခံယူခြင်းနှင့် အတွေ့အကြုံနှင့် သင်ခန်းစာများအားအခြား GEN အဖွဲ့ဝင်များနှင့် ဝေမျှဖလှယ်ရာတွင် ပါဝင်ခြင်း၊ အချက်အလက်နှင့်သတင်းများကောက်ယူခြင်း၊ ကွင်းဆင်းချိန်တွင် အချက်အလက်များကို အမှားအယွင်းမရှိစေရန် ပြန်လည်စစ်ဆေးခြင်း၊ အသံဖိုင်များအားစာဖြင့်ပြန်ကူးရေးခြင်းနှင့် ဒေသသုံးဘာသာစကားဖြင့် တွေ့ဆုံမေးမြန်းထားသည့် အကြောင်းအရာများကို မြန်မာဘာသာဖြင့် ပြန်ဆိုပေးခြင်းတို့ ဖြစ်ပါသည်။

ကွင်းဆင်းလေ့လာရေးအဖွဲ့ တစ်ဖွဲ့စီတွင် အဖွဲ့ခေါင်းဆောင်တစ်ဦးကို ရွေးချယ်ခန့်ထားပြီး ၎င်း၏အဓိကတာဝန်များမှာ လေ့လာမှုသုံးပစ္စည်းများအား စီမံခန့်ခွဲခြင်း၊ ကွင်းဆင်းလေ့လာသူများအား လမ်းညွှန်မှုပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်မည့်အစီအစဉ် အသေးစိတ်ရေးဆွဲခြင်း၊ အချက်အလက်ကောက်ယူမှုနှင့် ကွင်းဆင်းလုပ်ငန်း ဆောင်ရွက်မှု

အားလုံးကိုပေါင်းစပ်ညှိနှိုင်းခြင်း၊ လေ့လာမှုလုပ်ထုံးလုပ်နည်းနှင့် ကျင့်ဝတ်ဆိုင်ရာလမ်းညွှန်အရ နမူနာရွေးချယ်ရာတွင် ဦးဆောင်ခြင်း၊ ကွင်းဆင်းလေ့လာရေးအဖွဲ့များနှင့် GEN သုတေသနအဖွဲ့တို့အတွက် ဆက်သွယ်ရေးတာဝန်ခံအဖြစ် ဆောင်ရွက်ခြင်း၊ အရည်အသွေး စစ်ဆေးခြင်းနှင့် တာဝန်ရှိအဖွဲ့အစည်းများ၊ ငွေကြေးစီမံခန့်ခွဲမှုတို့နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

လေ့လာမှု ကန့်သတ်ချက်များ

မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သင်တန်း တက်ရောက်ဖူးသူ အမျိုးသား၊ အမျိုးသမီးအများအပြားရှိပြီး တဖြည်းဖြည်း ပိုမိုများပြားလာသော်လည်း လုပ်ငန်းအတွေ့အကြုံရှိသူများနှင့် နှိုင်းယှဉ်လျှင်မူ နည်းနေပါသေးသည်။ ဤလေ့လာမှုအတွက် လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်များအနေဖြင့် ကျား၊ မ ရေးရာနှင့်စပ်လျဉ်း၍ အခြေခံဗဟုသုတ နှင့် အရည်အသွေးအခြေပြု အချက်အလက်ကောက်ယူရေးတွင် အတွေ့ အကြုံရှိသူ အမျိုးသား၊ အမျိုးသမီးများအား ရွေးချယ်ခေါ်ယူခဲ့ပါသည်။ ထို့အပြင် ကွင်းဆင်းလေ့လာသူများတွင် အနည်းဆုံးဘာသာစကား ၈ မျိုး ပြောနိုင်သော အမျိုးသား၊ အမျိုးသမီးများလည်း လိုအပ်ခဲ့ပါသည်။ ဤလေ့လာမှုဆိုင်ရာ သတ်မှတ်ချက်များကြောင့် လိုအပ်သည့်စံများ အားလုံးနှင့် ကိုက်ညီရန်မှာ အခက်အခဲများ ဖြစ်စေခဲ့ပြီး၊ အချို့သော အခြေအနေတွင် လေ့လာမှုကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ဘာသာစကားကျွမ်းကျင်မှုကို အခြားအရေးကြီးသည့်စံများထက် ဦးစားပေး ရွေးချယ်ခဲ့ရပါသည်။

အဖွဲ့ဝင်များအား အဓိကထားသည့်ကွန်ရက်မှ စီစဉ်သည့် ဤလေ့လာမှု၏ အရေးကြီးသည့်ရည်မှန်းချက်တစ်ရပ်မှာ အဖွဲ့ဝင်အဖွဲ့အစည်းများအား ကျား၊ မ ရေးရာနှင့်အရည်အသွေးအခြေပြု အချက်အလက်ကောက်ယူခြင်းတို့ကို လက်တွေ့လေ့လာနိုင်မည့် အခွင့်အလမ်းများရရှိစေရန် ဖြစ်ပါသည်။ အထက်တွင်ဆွေးနွေးခဲ့သည့် ကွင်းဆင်းလေ့လာသူများ ရွေးချယ် စုဆောင်းရေး အခက်အခဲများကြောင့် စွမ်းရည်မြှင့်တင်ရေး ရည်မှန်းချက်ကို လေ့လာခဲ့သည့်နေရာဒေသအသီးသီးတွင် အချက်အလက်များ၏ အရည်အသွေးတစ်သမတ်တည်းဖြစ်စေရေး လိုအပ်ချက်နှင့် ထိန်းညှိချိန်ဆ ခဲ့ရပါသည်။

ယခင် လေ့လာမှုများတွင် ဒေသတွင်း၌ အမျိုးသမီးများအား စံနှုန်းများ အပေါ်အခြေခံသော ခွဲခြားဆက်ဆံမှု အများအပြားရှိနေသည် (Oxfam, ActionAid,CARE 2011နှင့် Perera 2012 တို့တွင် ဥပမာကြည့်ပါ) ဟု ဖော်ပြထားသည့် ရခိုင်ပြည်နယ်မြောက်ပိုင်းကို ဤလေ့လာမှုတွင် ထည့်သွင်းနိုင်ရန် အရေးကြီးသည်ဟုယူဆခဲ့ပါသည်။[၈၈] သို့ရာတွင် လေ့လာမှု ဆောင်ရွက်သည့်အချိန်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၏ ဆိုးရွားသော လုံခြုံရေးအခြေအနေကြောင့်၊ ရရှိနိုင်သော အထောက်အပံ့ သက်သက်ဖြင့် လေ့လာမှုတွင်ပါဝင်သူများနှင့် ကွင်းဆင်းလေ့လာသူများ၏ လုံခြုံရေးကို အာမမခံနိုင်ဟုယူဆသည့်အတွက် ထိုဒေသကို နမူနာရွေးချယ်ခြင်း မှဘောင်မှချန်လှပ်ထားခဲ့ရပါသည်။ မည်သို့ဖြစ်စေ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် အမျိုးသမီးများအား စံနှုန်းများအပေါ် အခြေခံသော ခွဲခြားဆက်ဆံမှုများရှိနေသည့် နောက်ခံအခြေအနေကို ဤအစီရင်ခံစာပါ တွေ့ရှိချက်များတွင် အသိအမှတ်ပြုဖော်ပြရန် အရေးကြီးသည်ဟု ယူဆမိပါသည်။

၈၈။ သာဓကများဖြင့် Perera (2012) က ရေးသားဖော်ပြရာတွင် ‘ဘာသာရေးနှင့် လူမှုရေးစံနှုန်းများ၊ တားမြစ်ချက်များနှင့် မိရိုးဖလာ ကျား၊ မ ရေးရာ အခန်းကဏ္ဍ သတ်မှတ်ချက်များသည် အမျိုးသမီးများ၏ ဘဝနေထိုင်မှုပုံစံ အားလုံးနီးပါးတွင် အတားအဆီးဖြစ်နေပါသည်။ ထိုစည်းမျဉ်းစည်းကမ်းများ၏အခြေခံဖြစ်သည့် ယုံကြည်ရာအယူအဆများက နက်ရှိုင်းစွာအမြစ်တွယ်လျက်ရှိပါသည်။ ထူးခြားသည်မှာ ဒေသခံအများအပြားက အမျိုးသမီးများ အိမ်မှာသာနေရမည်ဟု အခိုင်အမာယူဆထားကြပြီး၊ လူ့အဖွဲ့အစည်းအတွင်း စွန့်စားဝင်ရောက်ခြင်း၊ အမျိုးသားများ သွားလာလေ့ရှိသည့်နေရာများသို့ သွားလာခြင်းနှင့် အမျိုးသားများနှင့်အတူ ယှဉ်တွဲအလုပ်လုပ်ခြင်းတို့ကို မကောင်းမှုဟုယူဆကြသည့်အပြင်၊ ထိုသို့သောအမျိုးသမီးများသည် ဒုက္ခရောက်ကြရသည်၊ အမျိုးသမီးရှာပေးသည့်ပိုက်ဆံကို သုံးသည့်အမျိုးသားသည် မကောင်းမှုကိုကျူးလွန်ခြင်းဖြစ်သည်ဟု ယုံကြည်ထားကြပါသည်။

နောက်ဆက်တွဲ(၂) ဖြစ်စဉ်လေ့လာချက်များ

ဖြစ်စဉ်လေ့လာချက် (၁)

မျိုးစောင့်ဥပဒေ

ဗုဒ္ဓဘာသာဘုန်းတော်ကြီးတချို့ကဦးဆောင်ပြီး ဗုဒ္ဓဘာသာဝင် အမျိုးသမီးတွေအတွက်ပဲ သက်သက်ရည်ရွယ်တဲ့ ဒီဥပဒေမူကြမ်း ပေါ်ပေါက်ဖို့လုပ်နေတယ်လို့ ကြားကြားချင်း ဒါဟာ အမျိုးသမီးတွေ အတွက် မတရားဘူး၊ ပြီးတော့ သူတို့ကိစ္စလည်းမဟုတ်ဘူးလို့ ကျွန်မ ခံစားရတယ်။ ဒါက ကျွန်မတို့ရဲ့ကိစ္စပါ။ ပြီးတော့ တရားဥပဒေဆိုတာ မျှမျှတတဖြစ်ရမယ်။ ဥပဒေတင်မဟုတ်ပါဘူး၊ တရားစီရင်ရေးမှာလည်း တရားမျှတပြီး အားလုံးတစ်ပြေးညီဖြစ်ရမယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ပြောရရင် ကျွန်မလက်မခံနိုင်ပါဘူး။ ဒါကြောင့် တခြားအမျိုးသမီး ခေါင်းဆောင်တွေနဲ့ဆက်သွယ်ပြီး ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်မတို့ ရေငုံ နှုတ်ပိတ်နေဖို့မလိုဘူးလို့ ဆွေးနွေးတိုင်ပင်ကြတယ်၊ ပြီးတော့ ကျွန်မတို့ ကြေညာချက်တစ်စောင်ထုတ်ဖို့ ဆုံးဖြတ်ခဲ့တယ်။

ကြေညာချက်မှာ လူသားဖြစ်တဲ့အမျိုးသမီးတွေရဲ့ ဆင်ခြင်တုံတရားကို အဓိကဖော်ပြထားပါတယ်။ တစ်ဖက်ကကြည့်ရင် ကျွန်မတို့ရဲ့နိုင်ငံဟာ အသွင်ကူးပြောင်းရေးကာလကို ဖြတ်သန်းနေတာဖြစ်ပြီး၊ ဒီမိုကရေစီ လူ့အဖွဲ့အစည်းကို တည်ထောင်နိုင်ဖို့ဆိုရင်မတူ ကွဲပြားတဲ့သဘောထား အမြင်တွေ၊ ကိုးကွယ်တဲ့ဘာသာမတူတာတွေနဲ့ လူ လူချင်း မတူတာတွေကို ကျွန်မတို့လေးစားဖို့လိုပါတယ်။ ကျွန်မတို့နိုင်ငံမှာ ဟိုးအရင်ကတည်းက အတူတကွနေထိုင်လာခဲ့ကြတဲ့ (ဗုဒ္ဓဘာသာဝင် မဟုတ်တဲ့) တခြားဘာသာဝင်တွေကို ဘေးဖယ်ထားတဲ့အတွက် ဒီဥပဒေက ဒီမိုကရေစီလူ့အဖွဲ့အစည်းကို တည်ထောင်တဲ့နေရာမှာ အထောက်အကူမပြုပါဘူး။ ပြီးတော့ တခြားတစ်ဖက်ကကြည့်ရင် ဒီဥပဒေကို မူကြမ်းရေးဆွဲသူတွေအနေနဲ့ အမျိုးသမီးတွေရဲ့ သဘောထား အမြင်ကို ထည့်သွင်းစဉ်းစားသင့်ပါတယ်။ ဒီဥပဒေမူကြမ်းရေးဆွဲတဲ့ လုပ်ငန်းစဉ်မှာ အမျိုးသမီးတွေရဲ့အသံကို လုံးဝကိုယ်စားပြုထားခြင်း မရှိပါဘူး။ ဒါကြောင့် ကျွန်မတို့ ဒါကိုလက်မခံပါဘူး။ အရင်တုန်းက လူ့အသိုင်းအဝိုင်းမှာ၊ အထူးသဖြင့် ဘာသာရေးခေါင်းဆောင်တွေက အမျိုးသမီးတွေကို ခံရသူလို့ပဲယူဆခဲ့တာပါ၊ ပြုလုပ်သူအဖြစ် မစဉ်းစား ခဲ့ပါဘူး။ ဒါကြောင့် ကျွန်မတို့တုံ့ပြန်ဖို့လိုပါတယ်။ အမျိုးသမီး အဖွဲ့အစည်းတွေသာမကဘဲ တခြားအရပ်ဘက်အဖွဲ့အစည်းတွေ၊ ကျောင်းသားသမဂ္ဂတွေနဲ့ တက္ကသိုလ်တွေကပါ ပါဝင်ကြပါတယ်။

နောက်တစ်နေ့နံနက်မှာ ကျွန်မရဲ့ လုပ်ဖော်ကိုင်ဖက်တစ်ယောက်က ကျွန်မကိုဖုန်းဆက်ပြီး ဒီဥပဒေကို ထောက်ခံတဲ့အုပ်စုထဲမှာ သူလည်းပါတဲ့အကြောင်းဝန်ခံပါတယ်။ ကျွန်မကသူ့ကို "ရှင်တို့ တခြားနည်းလမ်းတွေကို စဉ်းစားသင့်တယ်။ ကျွန်မတို့အမျိုးသမီးတွေကို ရှင်တို့ တကယ်ကာကွယ်ပေးချင်တယ်ဆိုရင်၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးတွေအတွက်ပဲ မစဉ်းစားဘဲနဲ့ အမျိုးသမီးတွေအားလုံးအတွက် စဉ်းစားသင့်တယ်"လို့ အကြံပေးလိုက်တယ်။ ကျွန်မတို့နှစ်ယောက် တော်တော်ပြင်းပြင်းထန်ထန် ဆွေးနွေးကြ၊ ငြင်းခုံကြပါတယ်၊ ဒါပေမဲ့ ဒီတန်ဖိုးအပေါ်မှာ အလျှော့ပေးညှိနှိုင်းဖို့ မလိုအပ်ဘူးလို့ကျွန်မထင်ပါတယ်။ သူ့အမြင်နဲ့ စိုးရိမ်ပူပန်တာကို ကျွန်မကြွင်းမဲ့နားလည်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ကိုယ့်တန်ဖိုးကို ကိုယ်ထူထောင်ဖို့လိုပါတယ်။ ဒီမိုကရေစီ အင်အားစုတွေ အချင်းချင်းကြားထဲမှာတောင် (ဒီလိုဆွေးနွေးရတာ) ကျွန်မတို့အတွက် ဒါပထမဆုံးအကြိမ်ပါပဲ။

ကျွန်မတို့ကအလွန်တရားသေဆန်တဲ့ လူ့အသိုင်းအဝိုင်းမှာ နေနေကြ ရတာပါ။ ကျွန်မတို့ပြည်သူတွေ ဒီမိုကရေစီအကြောင်းကို ဒီထက်ပိုပြီး နက်နက်ရှိုင်းရှိုင်း နားလည်ဖို့လိုပါတယ်။ ဒါအားလုံးပါဝင်ရမှာ ဖြစ်ပါတယ်။ ကျွန်မ အမြင်ပြောရရင် ဗုဒ္ဓဘာသာဆိုတာ အလယ်အလတ်လမ်းစဉ် ဖြစ်ပြီး တစ်ဦးချင်းနဲ့ဆိုင်ပါတယ်။ 'အမျိုး၊ ဘာသာ၊ သာသနာကို ကာကွယ်စောင့်ရှောက်ဖို့' ဆိုတဲ့ စကားလုံးတွေကို သုံးတာဟာ သာမန် ပြည်သူတွေရဲ့စိတ်ဝင်စားမှုနဲ့ ထောက်ခံမှုကိုရဖို့ အရမ်းလွယ်ကူပါတယ်။ ကျွန်မအတွေ့အကြုံအရ (အရင်) အစိုးရတုန်းကလည်း ဒီလို 'အမျိုး၊ ဘာသာ၊ သာသနာကို ကာကွယ်စောင့်ရှောက်ဖို့' ဆိုတဲ့ စကားလုံးတွေ သုံးပြီး သူတို့ရဲ့အခန်းကဏ္ဍနဲ့တရားဝင်မှုကို ပိုမို အားကောင်းအောင် လုပ်ခဲ့တာပါပဲ။ ဒီမှာ အထူးသဖြင့် နိုင်ငံရေး၊ ဒီမိုကရေစီရေး တက်ကြွ လှုပ်ရှားသူတစ်ယောက်အနေနဲ့ ကျွန်မမေးချင်တာက ကျွန်မတို့မှာ လူမျိုး၊ ဘာသာအမျိုးမျိုး ရှိတဲ့အထဲမှာ 'အမျိုး၊ ဘာသာ၊ သာသနာကို ကာကွယ်ဖို့'လို့ပြောရင် ဘယ်လူမျိုး၊ ဘယ်ဘာသာကိုကာကွယ်မှာလဲ။ ဒါ ကျွန်မမေးချင်တဲ့မေးခွန်းပါ။ ပြီးတော့ အမျိုး၊ ဘာသာ၊ သာသနာ ကို ကာကွယ်စောင့်ရှောက်ဖို့ အမျိုးသမီးတွေမှာပဲ ဘာကြောင့် တာဝန်ရှိရတာလဲ။

ဒီကိစ္စနဲ့ပတ်သက်ပြီး အရမ်းတက်တက်ကြွကြွလှုပ်ရှားနေတဲ့ ဘုန်းကြီးတွေနဲ့ ကျွန်မတို့တွေ့ခဲ့ပါတယ်။ အမျိုးသမီးအဖွဲ့တွေက ဒီကြေညာချက်ထုတ်တဲ့အချိန်မှာ သူတို့ အရမ်းတုန်လှုပ်သွားတယ်။ တကယ်ကိုတုန်လှုပ်သွားတယ်။ ဒီလိုတုံ့ပြန်မှုမျိုး သူတို့ အရင်က တစ်ခါမှမကြုံဖူးဘူး။ သူတို့ ဘာပြောပြော၊ လူတွေကသဘောတူတူ၊ မတူတူ လိုက်နာခဲ့တယ်။ ရေငုံနှုတ်ပိတ်ပြီး သူတို့ပြောတဲ့အတိုင်း လိုက်နာခဲ့ကြတယ်။ ဒီဥပဒေမှာ ဘာတွေက ကျွန်မတို့သဘောမတူတဲ့ အချက်တွေလဲ။ ပထမဆုံးတစ်ခုက ဒီဥပဒေကိုမူကြမ်းရေးတာမှာ အမျိုးသမီးတွေကို ကိုယ်စားပြုတဲ့လူလုံးဝမပါဘူး။ သူတို့စိုးရိမ်ပူပန်တာတွေ ကိုပဲ အဓိကထားခဲ့တယ်။ သူတို့စိတ်ထဲမှာ ရိုးသားကောင်း ရိုးသား လိမ့်မယ်၊ မရိုးသားချင်လည်း မရိုးသားဘူး။ ဒါပေမဲ့ ဒါက သူတို့ စိုးရိမ်နေတာတွေပဲဖြစ်တယ်။

(ဒီဥပဒေမှာပါတဲ့) အချက်တစ်ချက်က ဗုဒ္ဓဘာသာအမျိုးသမီးတစ်ဦး အိမ်ထောင်ပြုမယ်ဆိုရင် တရားဝင်မှတ်ပုံတင်ထားတဲ့ ဗုဒ္ဓဘာသာ

အမျိုးသားနဲ့ပဲ အိမ်ထောင်ပြုရမယ်။ ဒါ ဘာကိုဆိုလိုတာလဲ။ အဲဒီအမျိုးသားက ဗုဒ္ဓဘာသာဝင်မဟုတ်ရင် ဗုဒ္ဓဘာသာဝင် တစ်ယောက်အဖြစ် ဒေသဆိုင်ရာအာဏာပိုင်ရှေ့မှာ တရားဝင် မှတ်ပုံတင်ရမယ်။ ဒါ ဒီမိုကရေစီနည်းမကျဘူး။ နောက်ပြီး ကျွန်မ အထင် ဒီဥပဒေကမအောင်မြင်နိုင်ဘူး။ အမျိုးသမီးတွေကိုလည်း အမှန်တကယ်ကာကွယ်ပေးနိုင်မှာ မဟုတ်ဘူး။ ပြီးတော့ ဒီဥပဒေက ဗုဒ္ဓဘာသာအမျိုးသမီးတွေကိုပဲ ရည်ရွယ်တယ်။ ဗုဒ္ဓဘာသာဝင် အမျိုးသားတွေအတွက်ရောဘယ်လိုလဲ၊ ဗုဒ္ဓဘာသာဝင်အမျိုးသားက တခြားဘာသာဝင်(အမျိုးသမီး) နဲ့ လက်ထပ်ရင် ဘယ်လိုလုပ်မှာလဲ။

ခုဆိုရင် သူတို့က ဒါကိုလွှတ်တော်မှာတင်ပေးဖို့ လွှတ်တော်အမတ်တွေကို ချဉ်းကပ်ဖို့၊ တိုက်တွန်းစည်းရုံးဖို့လုပ်နေကြတယ်။ သူတို့က ဒီကိစ္စကို နိုင်ငံရေးကိစ္စလုပ်ချင်နေကြတယ်။ ဗုဒ္ဓဘာသာဘုန်းကြီးတစ်ပါးက ဘယ်လိုပြောလဲဆိုရင် ‘လွှတ်တော်မှာ ဒီကိစ္စကိုဆွေးနွေးတဲ့အခါ ဒါကိုလက်မခံတဲ့လူ ၂၀၁၅ရွေးကောက်ပွဲမှာမနိုင်စေရဘူး’တဲ့။ ဒါဟာ ခြိမ်းခြောက်တာပဲ။ ဒီဥပဒေကိုဆန့်ကျင်တဲ့ ကျွန်မတို့လို (အမျိုးသမီး) ခေါင်းဆောင်တွေကိုလည်း အမျိုးမျိုးစွပ်စွဲကြတယ်။ လူမှုမီဒီယာမှာ ကျွန်မတို့ရဲ့အမြင်တွေနဲ့ ပုဂ္ဂိုလ်ရေးကိစ္စတွေကို သတင်းအမှားတွေနဲ့ တိုက်ခိုက်ကြတယ်။ တချို့ကတော့ ကျွန်မတို့ကိုအားပေးတယ်၊ အသိအမှတ်ပြုတယ်။ ‘ခင်ဗျားတို့ ဒီလိုထုတ်ပြောရဲတာ အရမ်း သတ္တိကောင်းတယ်”လို့ ပြောကြတယ်။ ဒါပေမဲ့ တချို့ကတော့ အရမ်းပြင်းထန်တဲ့စကားလုံးတွေနဲ့ ကျွန်မကိုခြိမ်းခြောက်ကြတာရှိတယ်။

ကျွန်မသိချင်လို့မေးတာကို ဘာကြောင့်လူ့အသိုင်းအဝိုင်းက အရမ်းစိတ်ဆိုး ဒေါသထွက်နေကြတာလဲလို့ ကျွန်မလည်း ပြန်မေးလိုက်တယ်။ (ကျွန်မအတွက်တော့) ဗုဒ္ဓဘာသာဆိုတာ ကျင့်ကြံဖို့ဖြစ်တယ်။ ပြီးရင် ကိုယ်ကြိုက်တာရွေးချယ်နိုင်တယ်လို့ ကျွန်မကရှင်းပြခဲ့တယ်။ ကိုးကွယ်ရုံ၊ ဆုတောင်းနေရုံ မဟုတ်ဘူး။ ဒါဟာ လိုက်နာကျင့်ကြံဖို့နဲ့ တစ်ဦးနဲ့ တစ်ဦးလေးစားကြဖို့ဖြစ်တယ်။ ကျွန်မသူတို့ကို ဗုဒ္ဓဟောခဲ့တဲ့ပုံပြင် တစ်ပုဒ်ကိုပြောပြခဲ့တယ်။ ဗုဒ္ဓလက်ထက်က ဗုဒ္ဓဘုရားကိုအရင်ဆုံး ကြည်ညိုကိုးကွယ်သူတွေထဲမှာ အရမ်းချမ်းသာတဲ့‘ဝိသာခါ’ဆိုတဲ့ သူကြွယ်မကြီးတစ်ဦးရှိခဲ့တယ်။ သူ့ခင်ပွန်းက ဗုဒ္ဓဘာသာဝင်မဟုတ်ဘူး၊ ဒါပေမဲ့သူက ဗုဒ္ဓကိုအမှန်တကယ်ယုံကြည်ပြီး ဗုဒ္ဓနဲ့အလွန်နီးစပ်တဲ့ ကိုးကွယ်သူတစ်ယောက်ဖြစ်တယ်။ ဒါကြောင့် ကျွန်မရှင်းပြချင်တာက ‘ဗုဒ္ဓဘုရားရှင်တောင်မှ အမျိုးသမီးတွေဟာ ဗုဒ္ဓဘာသာဝင် အမျိုးသားတွေနဲ့ပဲလက်ထပ်ရမယ်လို့ မဟောခဲ့ဘူး’ဆိုတာပါ။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ ကျား၊ မ ရေးရာတက်ကြွလှုပ်ရှားသူတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ဖြစ်စဉ်လေ့လာချက် (၂)

ချင်းမလေ့ထုံးတမ်းအရ လင်မယားကွာရှင်းခဲ့သည့် အမျိုးသမီးတစ်ဦး၏အတွေ့အကြုံ

ကျွန်မမှာသားတစ်ယောက်ရှိတယ်၊ ခင်ပွန်းကတော့ကွယ်လွန်သွားတာ ကြာပါပြီ။ သားကိုရန်ကုန်မှာထားခဲ့ပြီး ထိုင်းမှာအလုပ်သွားလုပ်ဖို့ စဉ်းစားတော့ သားက သူ့ကိုကျွန်မနဲ့အတူခေါ်သွားဖို့ အတင်းအကျပ် ပြောတာနဲ့ သားကို ကျွန်မခေါ်သွားတယ်။ ကျွန်မတို့သားအမိနှစ်ယောက် ထိုင်းနိုင်ငံမှာသွားပြီး အလုပ်လုပ်ကြတယ်။ ဒုတိယခင်ပွန်းကို ထိုင်းနိုင်ငံမှာတွေ့ပြီး ထိုင်းမှာပဲ ကျွန်မတို့လက်ထပ်ခဲ့ပါတယ်။ ကျွန်မတို့ နှစ်ယောက်လုံး ထိုင်းနိုင်ငံမှာအလုပ်လုပ်ပြီး ပိုက်ဆံစုခဲ့ကြတယ်။ နောက်တော့ ကျွန်မသားက ထိုင်းကနေမလေးရှားကို ဆက်သွားတယ်၊ ကျွန်မတို့လင်မယားက ချင်းပြည်ကိုပြန်လာခဲ့တယ်။ တစ်နေ့မှာ မလေးရှားမှာအလုပ်လုပ်ရင်း ကျွန်မသား ရုတ်တရက်ဆုံးသွားတယ်ဆိုတဲ့ သတင်းဆိုးကို ကြားလိုက်ရတယ်။ အမေတစ်ယောက်အနေနဲ့ သားအတွက် အရမ်းပူဆွေးဝမ်းနည်းရတယ်၊ သူ့ကိုနောက်ထပ် ဘယ်တော့မှ မတွေ့ရတော့ရင်တောင် အနည်းဆုံးသူ့အတွက် အုတ်ဂူလေးတစ်လုံး လုပ်ပေးချင်တယ်။ ဒါနဲ့ကျွန်မလည်း ယောက်ျားနဲ့အသေအချာတိုင်ပင်ပြီး မလေးရှားကိုလိုက်သွားခဲ့တယ်။

မလေးရှားကပြန်ရောက်တော့ အမေ့ကျန်းမာရေးကအသည်းအသန် ဖြစ်နေပြီးတော့ ကျွန်မရဲ့ယောက်ျားကလည်း ဖောက်ပြန်နေတယ်ဆိုတဲ့ သတင်းကြားလိုက်ရတော့ ကျွန်မအရမ်းလန့်သွားတယ်။ ဒါ့ကြောင့် ချင်းတောင်ကို အပြေးအလွှားပြန်သွားခဲ့တယ်။ မွေးရပ်မြေကို ကျွန်မ ခြေချချချင်းပဲ ကျွန်မယောက်ျားက ‘ငါ မင်းနဲ့ကွာရှင်းပြီးပြီ’လို့ ကျွန်မကို ပြောတယ်။ ကျွန်မအရမ်းတုန်လှုပ်သွားပြီး သတိလစ်သွားတယ်။ ဟုတ်တယ်၊ ကျွန်မကြွယ်ရာမှာ သူတကယ်ဖောက်ပြန်ခဲ့တယ်။ ပြီးတော့နှစ်ဖက်လူကြီးတွေက ကျွန်မကိုအသိလည်းမပေး၊ ကျွန်မရဲ့ သဘောတူညီချက်လည်းမပါဘဲ ကွာရှင်းဖို့ကိစ္စကို သူတို့သဘောနဲ့သူတို့ စီစဉ်ခဲ့ကြတယ်။ ကျွန်မတို့ချင်းရိုးရာအရ ကျွန်မရတဲ့လျော်ကြေးက နွားနောက်တစ်ကောင်ပဲ။ ဒီလျော်ကြေးကို ဘယ်သူယူသွားတယ်ဆိုတာလဲ ကျွန်မမသိဘူး။ ဒီအကြောင်းကိုလည်း ကျွန်မထပ်မသိချင်တော့ဘူး။ မေးလည်းမမေးခဲ့ဘူး။ ကျွန်မယောက်ျားက ကျွန်မတို့နှစ်ယောက် နဖူးက ချွေး ခြေမကျအောင် အလုပ်လုပ်ပြီးရှာထား၊ စုထားတဲ့ ပိုင်ဆိုင်မှုအားလုံးကို ယူသွားတယ်၊ ကျွန်မကတော့ လက်ဗလာနဲ့ အမေ့အိမ်ပြန်ခဲ့ရတယ်။ တကယ်ဆိုရင် ကျွန်မတို့အိမ်ထောင်သက် ၁၀နှစ်အတွင်းမှာ မိသားစုအတွက် ကျွန်မရှာဖွေစုဆောင်းထားတဲ့ ငွေပမာဏက တော်တော်များပါတယ်။ အဲဒီထဲက နည်းနည်းလောက်တော့ ကျွန်မပိုင်ဆိုင်ခွင့်ရှိရမယ်လို့ ကျွန်မထင်တယ်။ ဒီကိစ္စကို အမျိုးသမီးရေးရာ အဖွဲ့ကိုတိုင်တဲ့အခါ သူတို့က ‘ဒီကိစ္စဟာ ကျွန်မတို့ရဲ့ချင်းရိုးရာအရ သဘောတူဆုံးဖြတ်ပြီး ဖြေရှင်းခဲ့တာဖြစ်တဲ့အတွက် သူတို့အနေနဲ့ ဘာမှလုပ်ပေးလို့မရဘူး’လို့ ပြောပါတယ်။ ခရစ်ယာန်ဘာသာရေး ခေါင်းဆောင်တွေက ကျွန်မကိုတရားချတယ်၊ ကိုယ်စိုက်ခဲ့သမျှကိုယ် ပြန်ရိတ်သိမ်းရမယ်လို့ နှစ်သိမ့်တယ်၊ ကျွန်မစိတ်ကို ငြိမ်သက်အောင် လုပ်ပေးတယ်၊ ဘုရားသခင်နဲ့ယေရှုရဲ့အကူအညီနဲ့ ကျွန်မရဲ့စိတ်ဒဏ်ရာကို သက်သာအောင်လုပ်ပေးကြပါတယ်။ ဓမ္မဆရာတွေ ပြောတဲ့အတိုင်းပဲ ကျွန်မလုပ်ခဲ့ပါတယ်။ ဒါပေမဲ့ သူကျွန်မအပေါ်လုပ်ခဲ့တာ ပြန်စဉ်းစားမိတိုင်း ကျွန်မနာတယ်။ ခဏခဏငိုရတယ်။

ကျွန်မလိုချင်တာက ဒီကိစ္စဟာကျွန်မနဲ့ တိုက်ရိုက်ပတ်သက်တဲ့အတွက် ဆွေးနွေးတာမှာ ပါချင်တယ်။ ကွာရှင်းဖို့ကိစ္စမှာ ကျွန်မကို အသိပေး စေချင်တယ်။ ကျွန်မအဖေဘက်က ဆွေမျိုးတွေကိုလည်း ကျွန်မအရမ်း နာတယ်၊ အရမ်းလည်းစိတ်ဆိုးတယ်။ ဒီကိစ္စကိုတရားရုံးမှာရှင်းရင် ကျွန်မပဲအရှုံးကဲ့မှာမို့လို့ ရေငုံနှုတ်ပိတ်နေဖို့ပဲ ဆုံးဖြတ်လိုက်တယ်။ ဒီကမ္ဘာမှာဆက်ရှင်သန်ဖို့ ကျွန်မ ပင်ပင်ပန်းပန်းရုန်းကန်ရဦးမယ်။ အခု လက်ဖက်ရည်ဆိုင် ခပ်သေးသေးလေး ကျွန်မဖွင့်ထားတယ်။ ကျွန်မ နောက်ဆုံးပြောချင်တဲ့စကားကတော့ ကျွန်မလိုအဖြစ်မျိုး တခြား မိန်းကလေးတွေ ထပ်ပြီးမကြုံစေချင်ဘူး။ ကျွန်မတို့ရဲ့ချင်းရိုးရာ အစဉ်အလာတွေက အမျိုးသမီးတွေအတွက် ကောင်းကျိုးမပြုဘူး။ ဒီတော့ ကျွန်မတို့အမျိုးသမီးတွေကို ကာကွယ်စောင့်ရှောက်ပေးမယ့် ဥပဒေတွေ ကျွန်မတကယ်လိုချင်တယ်။ ဒီအတွက်လည်း ကျွန်မဆက်ပြီး မျှော်လင့်နေမယ်။

ဖြစ်စဉ်လေ့လာချက် ၃

အမျိုးသမီးများ အမွေဆက်ခံခွင့် ရှိသင့်သလား။

ကျွန်မနာမည်ကရိုင်ကစ်ပါ။ အသက်က ၅၀။ ကျွန်မတို့ မိသားစုမှာ အမေရယ်၊ အဖေရယ်၊ အစ်ကိုရယ်၊ ကျွန်မရယ် အားလုံးပေါင်း ၄ယောက် ရှိပါတယ်။ ကျွန်မအဖေ တပ်မတော်သားတစ်ယောက်အဖြစ် တာဝန်ကျတဲ့ ချင်းပြည်နယ်တောင်ပိုင်းမှာ နေပါတယ်။ ကံဆိုးချင်တော့ ကျွန်မမွေးမွေးချင်းမှာပဲ ကျွန်မအဖေတိုက်ပွဲမှာကျသွားတယ်။ အမေက မုဆိုးမအနေနဲ့ အဲဒီမှာ တစ်ယောက်တည်း ရပ်တည်ဖို့ခက်တာနဲ့သူ့ဇာတိ ချင်းပြည်နယ်ကို ကလေး၂ယောက်နဲ့ ပြန်ခဲ့တယ်။ ကျွန်မအဖေဆုံးတော့ ကျွန်မတို့ရဲ့ဓလေ့ထုံးစံအရ အဖေဘက်ကဆွေမျိုးတွေ ကလေးတွေကို ပြုစုစောင့်ရှောက်ဖို့ အဓိကတာဝန်ရှိတယ်။ အမေက ဆွေမျိုးတွေကို အဖေဆုံးတဲ့အကြောင်းပြောပြီး ကျွန်မတို့ကိုလာခေါ်ခိုင်းတယ်။ ဒါပေမဲ့ သူတို့မလာကြဘူး။ နောက်တော့ အမေကအခြေအနေကို သူ့အစ်ကိုတွေ၊ မောင်တွေကို အကြောင်းကြားလိုက်တယ်၊ နောက်ဆုံးတော့ အမေ့ဘက်ကအမျိုးတွေရောက်လာပြီး ကျွန်မတို့ကို ချင်းပြည်နယ် မြို့ငယ်လေးတစ်မြို့ကို ခေါ်သွားတယ်။ အဲဒီမြို့ငယ်လေးကနေ ကျွန်မတို့က ရွာလေးတစ်ရွာအထိ ထပ်ပြီးခရီးဆက်ရဦးမှာ။ ဒါပေမဲ့ ဘယ်သူမှကျွန်မတို့ကို လာမခေါ်ကြဘူး။ အဲဒီမြို့က ဦးလေးအိမ်မှာ ကျွန်မတို့နေရတယ်။

နောက်တော့ ကျွန်မတို့အိမ်ငှားပြီးပြောင်းနေတယ်။ ဒီခြံအတွက် မြေပါမစ်လျှောက်တော့ ကံကောင်းထောက်မစွာနဲ့ ကျွန်မတို့ရခဲ့တယ်။ အစကတော့ ယာယီတဲလေးဆောက်တယ်၊ ပြည်သူ့ကောင်စီခေတ်တုန်းက တရားဝင်မြေဂရမ်ရတယ်။ အမေ့ဘက်ကဦးလေးတွေက တဲအတွက် လိုတဲ့ သစ်သားတို့၊ ဝါးတို့ခုတ်ပေးတယ်။ သူတို့က အစစအရာရာ ကူညီကြပါတယ်။ ဒီလိုနဲ့ ကျွန်မအမေမုဆိုးမက အိမ်လေးတစ်လုံး ပိုင်ခဲ့တယ်။ မိသားစုစီးပွားရေးအခြေအနေကျပ်တည်းတော့ အစ်ကို့ကို ဦးစားပေးပြီး ကျောင်းတက်ခိုင်းတယ်။ ကျွန်မကတော့ ၈ တန်းအထိပဲ ကျောင်းတက်တယ်။ အစ်ကိုကတော့ ဘွဲ့ရတဲ့အထိ ကျောင်းဆက်တက်ပြီး နောက်တော့ အစိုးရဌာနတစ်ခုမှာ အရာရှိတစ်ယောက်ဖြစ်လာတယ်။ အစ်ကိုအိမ်ထောင်ကျပြီးတော့ မိသားစုမှာမပြေလည်တာလေးတွေ၊ ပြဿနာလေးတွေရှိလာတယ်။ သူတို့ ထမင်း၊ ဟင်းချက်တဲ့အခါ အမေ့အတွက်ထည့်ချက်ပေမယ့် ကျွန်မအတွက်မပါဘူး။ အဲဒါ အမေ သိသွားတော့ အရမ်းဝမ်းနည်းသွားတယ်၊ ကျွန်မအတွက်လည်း စိတ်မကောင်းဖြစ်သွားတယ်။ ခုတော့ ကျွန်မတို့သားအမိနှစ်ယောက်က သူတို့နဲ့ စားအိုးခွဲပြီး သတ်သတ်ချက်စားတယ်။

နောက်တော့ အဖေဘက်ကအမျိုးတွေက ကျွန်မတို့မိသားစုပြဿနာကို ဆွေးနွေးကြတယ်။ ပြဿနာရဲ့အကြောင်းရင်းခံက ကျွန်မကြောင့်ပဲလို့ ကောက်ချက်ချပြီး ကျွန်မကို အိမ်ကနေနှင်ထုတ်လိုက်တယ်။ ကျွန်မက မိန်းကလေးဆိုတော့ အိမ်ပေါ်ကဆင်းပြီး ဦးလေးတစ်ယောက်အိမ်မှာ သွားနေရတယ်။ အဲ့ဒီမှာနေရင်းနဲ့ တစ်နေ့ကို ၇ကျပ်၊ ခုခေတ်ဆိုရင်တော့ ၂၀၀၀၊ ၃၀၀၀ကျပ်လောက် ဖြစ်မှာပေါ့၊ ရတဲ့နေ့စားအလုပ်လုပ်ရတယ်။ ဦးလေးအိမ်မှာနေတဲ့အချိန်မှာ အမေက သူ့ပင်စင်လခနဲ့ ဆန် လစဉ်မှန်မှန် ဝယ်ပို့ပေးတယ်။ ဦးလေးအိမ်မှာ ၁ လ၊ ၂လလောက်ကြာတယ်ထင်တယ်၊ မမှတ်မိတော့ဘူး။ အမေဘက်ကအမျိုးတွေက တခြားမြို့ကရွှေတွင်းမှာ အလုပ်သွားလုပ်ကြမယ်ဆိုတာနဲ့ သူတို့နဲ့လိုက်သွားခဲ့တယ်။ ကျွန်မ မသွားခင် အမေကပိုက်ဆံ၃၀၀၀ကျပ်ပေးတယ်။

ကျွန်မရွှေတွင်းမှာအလုပ်လုပ်နေတုန်း အမေနဲ့ အစ်ကိုတို့မိသားစု အဆင်မပြေလို့ဆိုပြီး မီးဖိုချောင်ကို နှစ်ပိုင်းပိုင်းတယ်။ သူငယ်ချင်းတွေက ကျွန်မဆီစာရေးပြီး အမေ့အတွက် စားဖို့သောက်ဖို့နဲ့ တခြားစရိတ် နည်းနည်းပို့ပေးဖို့ ကျွန်မကိုပြောကြတယ်။ သူတို့စာဖတ်ပြီးတော့ အမေ့ကို အရမ်းလွမ်းတဲ့စိတ်ကြောင့်၊ အဲဒီမှာအလုပ်လုပ်ရတာ ကျွန်မမပျော်တော့ဘူး။ အဲဒီတုန်းက ကျွန်မမှာလည်းကိုယ်ဝန်နဲ့။ ကျွန်မယောက်ျားနဲ့ အားလုံး တိုင်ပင်ပြီးတော့ အမေရှိတဲ့ချင်းပြည်နယ်ကို ကျွန်မတို့ ပြန်ခဲ့ကြတယ်။ အစ်ကိုတို့မိသားစုက ရန်ကုန်ကိုပြောင်းကြတော့မှာမို့ ကျွန်မတို့ကို သူတို့အိမ်မှာ အိမ်စောင့်အဖြစ်ခဏနေပေးဖို့ ပြောတယ်။ ကျွန်မတို့ ၂လလောက်နေပြီးတော့ အစ်ကိုက ကျွန်မတို့ကိုထပ်မောင်းချပြန်တယ်။ ကျွန်မတို့ကိုယ်ပိုင်အိမ်ဝယ်နိုင်တော့ အမေ့ကိုခေါ်ပြီး ကျွန်မတို့ အတူနေကြတယ်။

အမေကအသက်ကြီးလာတော့ ကျန်းမာရေးမကောင်းတော့ဘူး။ တစ်နေ့မှာအမေက တရားရုံးမှာကျမ်းကျိန်ထားတဲ့ အမွေဆက်ခံခွင့် စာချုပ်နဲ့ပစ္စည်းတွေ ကျွန်မကိုပေးတယ်။ အမေဘယ်တုန်းက ဒါတွေ လုပ်ခဲ့တယ်ဆိုတာ ကျွန်မမသိရိုးအမှန်ပါ။ ကျွန်မကို အဲဒီ စာချုပ်ပေးပြီးပြီးချင်းမှာ ကျွန်မချက်ချင်းနားလည်လိုက်တာက အဖေ့ဘက်ကအမျိုးတွေနဲ့ ဒီကိစ္စစကားပြောဖို့လိုတယ်ဆိုတာပါ။ ကျွန်မက သူတို့ကိုခေါ်လိုက်တယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ အမေကဆုံးသွားပြီ။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မအိမ်မှာအမေဆုံးသွားတာ ကျွန်မကျေနပ်ပါတယ်။ ကျွန်မတို့လင်မယားနှစ်ယောက် အမေ့ရဲ့နာရေးကိစ္စအားလုံး အကုန်ကျခံပြီး လုပ်ပေးတယ်။

အဲဒီနောက်တော့ ကျွန်မတို့ရဲ့ ချင်းဓလေ့ထုံးစံအရ အမွေဆက်ခံခွင့်ရှိသူက ဝက်တစ်ကောင်သတ်ပြီး ပွဲလုပ်ရတဲ့အစဉ်အလာရှိတယ်။ ဒါပေမဲ့ ကျွန်မတို့က ပြင်ဆင်နေတုန်းရှိသေးတယ်၊ အဖေဘက်ကအမျိုးတွေက ဝက်ကိုဦးအောင်သတ်ပြီးပြီ။ ကျွန်မတို့ကို အသိလည်းမပေး၊ အကြောင်းလည်းမကြားဘဲ ဒီလိုလုပ်တာသိတော့ ကျွန်မယောက်ျားက အရမ်းစိတ်ဆိုးတယ်။ အဲဒီကစပြီး ကျွန်မတို့နဲ့သူတို့ကြားမှာ မိသားစု အမွေဆက်ခံခွင့်နဲ့ပတ်သက်ပြီး ပြဿနာတွေဖြစ်လာကြတယ်။ အမေ့ရဲ့ သေတမ်းစာထဲမှာ ရေးထားတာက အမေမသေခင် ကျွန်မကပဲကျွေးမွေး ပြုစုခဲ့တဲ့အတွက် ခြံရယ်၊ အိမ်ရယ်၊ လယ်ရယ်အားလုံးကို ကျွန်မကို ပေးခဲ့တယ်လို့ပါတယ်။

အမေ မဆုံးခင်တုန်းက အမေ့ခွင့်ပြုချက်မရဘဲ အစ်ကိုကခြံကိုတစ်ခြမ်း ရောင်းလိုက်တယ်။ အဲဒီတုန်းကအမေက အစ်ကို့ကိုအရမ်းစိတ်ဆိုးပြီး ခြံရောင်းလို့ရတဲ့ ပိုက်ဆံကိုတောင်းတယ်။ ဒါပေမဲ့အစ်ကိုက ရောင်းရငွေ စုစုပေါင်း ၃၅ သိန်းရတာမှာ အမေ့ကို ၈ သိန်းပဲပေးတယ်။ ပြီးတော့ သူရောင်းတဲ့ခြံတစ်ခြမ်းမှာ အိမ်ပါပါသွားတော့ အမေကကျန်တဲ့မြေ တစ်ဝက်ကို ကျွန်မကိုပေးခဲ့တာပါ။ အစ်ကိုဆုံးတော့ ပိုက်ဆံ ၇သိန်းလောက် အကြွေးတင်နေလို့ ကျွန်မပဲစိုက်ပြီးပြန်ဆပ်ရပါတယ်။

အမေဆုံးသွားတော့ အစ်ကို့ဇနီးနဲ့ အဖေ့ဘက်ကအမျိုးတွေက အမေ့ခြံ တစ်ဝက်ကို ကျွန်မကိုမရစေချင်ကြပါဘူး။ ရပိုင်ခွင့်နဲ့ပတ်သက်ပြီး ကျွန်မတို့ငြင်းခုံကြတဲ့အခါ ကျွန်မမှာ အမွေဆက်ခံခွင့်အတွက် စာရွက်စာတမ်းတို့၊ စာချုပ်တို့ရှိသလားဆိုပြီး သူတို့ကမေးကြတယ်။ ကျွန်မက ကျွန်မမှာစာရွက်စာတမ်းတွေရှိတယ်လို့ အမှန်အတိုင်း ပြောပြီးစာချုပ်ကို ထုတ်ပြလိုက်တယ်။ အဲဒါကို သူတို့ကယူပြီး မီးရှို့ပစ်တယ်။ မိန်းမတစ်ယောက်ဖြစ်နေပြီးတော့ ဘယ်လိုပုံစံမျိုးနဲ့ ဘာကြောင့်အိမ်ပိုင်ဆိုင်ချင်တာလဲဆိုပြီး ကျွန်မကိုဝေဖန်ကြတယ်။ ကျွန်မတို့အစဉ်အလာတွေကို ကျွန်မလည်းသိပါတယ်။ နားလည်း နားလည်တယ်။ ဒါပေမဲ့ အမေမဆုံးခင် အမှန်တကယ် ပြုစု စောင့်ရှောက်ခဲ့တဲ့သူက ဒီအိမ်ကိုပိုင်ဆိုင်ရင် ပိုကောင်းလိမ့်မယ်လို့ ကျွန်မပြောခဲ့တယ်။ အဲဒီမှာ အဖေ့ဘက်ကအမျိုးတွေက အမေ

အိမ်ဆောက်တုန်းက သူတို့လည်းဝိုင်းကူဆောက်ပေးခဲ့တယ်ဆိုပြီး စကားများကြတယ်၊ ငြင်းကြခုံကြတယ်။ ကျွန်မသိသလောက်ဆိုရင် အမေ့ပါးစပ်က သူတို့နာမည် တစ်ခါမှမထွက်ခဲ့ဖူးပါဘူး။ ကြားလည်း မကြားဖူးပါဘူး။ အဲဒီကတည်းက ကျွန်မယောက်မတွေနဲ့ အဖေဘက်က အမျိုးတွေက အမွေဆက်ခံခွင့်ကိစ္စကို တရားရုံးမှာတရားဆိုင်ကြတယ်။ အဲဒီအချိန်မှာ မြေနဲ့အိမ်ရဲ့တရားဝင်ဂရမ် စာရွက်စာတမ်းတွေကို အစ်ကို့နာမည်နဲ့ ပြောင်းထားပြီးပြီ။ အဲဒီပြဿနာကို ခရိုင်ထွေ/အုပ်ရုံးမှာ ရှင်းတော့ အိမ်ပိုင်ဆိုင်မှုအတွက် ကျွန်မကသိန်း၃၀ပေးမယ်ဆိုပြီး သဘောတူလက်မှတ်ထိုးခဲ့တယ်။ လိုတဲ့ပိုက်ဆံကို သူများဆီကအတိုးနဲ့ ချေးပြီး ရတဲ့အခါကျတော့ သူတို့ကစိတ်ပြောင်းသွားတယ်။ သူတို့က မြေကလွဲပြီး တခြားဘာမှလက်မခံဘူးလို့ပြောတယ်။ အမှုအတွက် သူတို့က ရှေ့နေငှားနိုင်တယ်လေ။ ဒါနဲ့ခရိုင်ထွေ/အုပ်ရုံးတို့၊ မြေစာရင်းရုံးတို့၊ မြေတိုင်းရုံးတို့ကခေါ်ရင် ကျွန်မ ခုချိန်ထိသွားနေရတုံးပဲ။ ပြီးတော့ သူတို့ ကျွန်မကိုမေးရင် ကျွန်မသိသလောက်ဖြေပါတယ်။ ရဲကတောင် ကျွန်မကို ခေါ်သေးတယ်။ ကျွန်မသွားပြီးဖြေရှင်းရသေးတယ်။ တချို့ကတော့ ကျွန်မ အမျိုးတွေမီးရှို့လိုက်တဲ့ တရားဝင်အမွေဆက်ခံခွင့်စာချုပ်ကိစ္စကို တိုင်ဖို့ အကြံပေးကြပါတယ်။

ကျွန်မတို့အမှုက ခုထိ တရားရုံးမှာစစ်ဆေးနေတုန်းပါ။ ဂုဏ်သိက္ခာနဲ့ အမှန်တရားအတွက် နမူနာကောင်းတစ်ခု၊ စံထားစရာတစ်ခု ကျွန်မက ဖြစ်ချင်တာပါ။ ဒီကိစ္စမှာတကယ်လို့ ကျွန်မသာယောက်ျားလေးဆိုရင် ဒီလိုမျိုး ဆိုးဆိုးရွားရွားပြဿနာတွေ ကြုံရမှာမဟုတ်ပါဘူး။ အမျိုးသမီး တစ်ယောက်ဖြစ်နေတဲ့အတွက် ဒီလို တရားတဘောင်ဖြစ်ရတာတွေ၊ ဒုက္ခရောက်ရတာတွေ ကြုံရတာပါ။ ကျွန်မမှာ သား ၃ ယောက်နဲ့ သမီးတစ်ယောက်ရှိပါတယ်။ ကျွန်မအစ်ကိုမှာ သမီးချည်းပဲ ၃ယောက်ပါ။ ခုဆိုရင် ကျွန်မကိုယ်ပိုင် ကုန်စုံဆိုင်လေးဖွင့်ထားပါတယ်။ နောက်တစ်ကြိမ် အမှုစစ်ဖို့ ကျွန်မကို ဘယ်တော့ထပ်ခေါ်မလဲဆိုတာ ကျွန်မမသိပါဘူး။

ဖြစ်စဉ်လေ့လာချက် ၄

ရန်ကုန် ဆင်ခြေဖုံးရပ်ကွက်များမှ စက်ရုံ အလုပ်သမများ

များသောအားဖြင့် စက်ရုံအလုပ်သမားတွေက ဒီကို ရွှေပေါက်ကံကနေ ပြောင်းလာကြတာပါ။ တော်တော်များများက အညာဘက်ကဖြစ်ပြီး မြစ်ဝကျွန်းပေါ်ဘက်ကလည်းပါတယ်။ အညာဘက်ကအလုပ်သမားတွေက များသောအားဖြင့် တောဘက်ကလာကြတာပါ။ တချို့ကမကွေးကပါ။ ရေနံချောင်းတို့၊ ချောက်တို့မှာ အလုပ်မရှိပါဘူး။ တချို့ကတော့ စစ်ကိုင်းတိုင်း နေရာအနှံ့ကလာကြတာပါ။ အဲဒီမှာအလုပ်မရှိလို့ ဒီမှာ အလုပ်လာလုပ်ကြတာပါ။ လယ်ယာမြေနဲ့ စပါးကိစ္စပြဿနာတွေက ပိုပြီးဆိုးလာပါတယ်။ သူတို့ကလည်း လယ်စိုက်တာပဲ ကျွမ်းကျင်ကြပါတယ်။ သူတို့လယ်မြေတွေကို အစိုးရကသိမ်းတော့ တချို့က လျော်ကြေးရပေမယ့် တချို့ကမရကြပါဘူး။ လယ်သမားတွေဆိုတော့ စီးပွားရေးမလုပ်တတ်ကြပါဘူး။ ခဏလေးနဲ့ လျော်ကြေးရတဲ့ ငွေတွေကုန်သွားတော့ သူတို့အလုပ်လက်မဲ့ဖြစ်သွားကြတာပါပဲ။ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေမှာ သူတို့လုပ်ကြရတယ်။ ရန်ကုန်လာပြီး ရတဲ့အလုပ်လုပ်ကြရတယ်။ တချို့အမျိုးသမီးခပ်ငယ်ငယ်တွေက စက်ချုပ်တတ်တော့ ရန်ကုန်လာပြီး အခြေခံအလုပ်သမားအဖြစ် စက်မှုဇုန်တွေမှာ အကျီချုပ်တဲ့အလုပ် စလုပ်ကြတယ်။ သူတို့အတွက် အရမ်းပင်ပန်းတာပေါ့။

ကိုယ်ပိုင်လယ်မရှိတဲ့လူတွေ၊ ကျွန်တော်တို့က လယ်သူရင်းငှားလို့ခေါ်တယ်၊ သူတို့ကျတော့ တစ်နေ့ကို ၂၀၀၀ကျပ်လောက်ရတယ်၊ အမျိုးသမီးတွေကျတော့ ကောက်ရိတ်ခတစ်နေ့ကို ၅၀၀ပဲ ပေးတယ်။ ရန်ကုန်မှာဆိုရင် လုပ်အားခပိုရနိုင်တဲ့အတွက် ဒီမှာလာပြီးလုပ်ကြတယ်။ ရန်ကုန်မှာ အမျိုးသားတွေအတွက် အလုပ်ရဖို့ပိုခက်ပါတယ်။ အမျိုးသားတွေကျတော့ ထုပ်ပိုးတဲ့အပိုင်းမှာပဲလုပ်ရတော့ စက်ရုံတွေမှာ အမျိုးသားအလုပ်သမား အရမ်းနည်းပါတယ်။ ပုံမှန်အားဖြင့် ကျွန်တော်တို့နိုင်ငံမှာ အထည်ချုပ်လုပ်ငန်းဆိုရင် အမျိုးသမီးတွေပဲများပါတယ်။ ဒါက ဟိုတုန်းကတည်းက ရှိခဲ့တဲ့အစဉ်အလာပါ၊ အထည်ချုပ်မှာဝင်လုပ်ချင်တဲ့ အမျိုးသားဆိုတာ အရမ်းရှားတယ်။ စစ်အစိုးရလက်ထက်မှာ ကျွန်တော်တို့နိုင်ငံကိုဝင်လာတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ တော်တော်များများက အထည်ချုပ်လုပ်ငန်းတွေပါ။ နောက်ပိုင်းမှာ အခြေအနေတွေပိုတိုးတက်လာရင် တိုယိုတာတို့လို နိုင်ငံခြားစက်မှုလုပ်ငန်းတွေ၊ ရေနက်ဆိပ်ကမ်းစီမံကိန်းတွေ ဝင်လာရင်တော့ အမျိုးသားတွေအတွက် အလုပ်အကိုင်တွေ ပိုရလာမှာပါ။

စက်ရုံပိုင်ရှင်တွေက အမျိုးသမီးတွေကိုထိန်းရတာ၊ အုပ်ချုပ်ရတာ ပိုလွယ်တယ်လို့ယူဆကြပါတယ်။ ဒ့ါအပြင် သူတို့က အမျိုးသမီး အခြေခံလုပ်သားတွေရဲ့အသက်ကို အများဆုံး၃၀ဆိုပြီး ကန့်သတ်ထားတယ်။ ၂၅နှစ်ကျော်တဲ့ အမျိုးသမီးတွေဆိုရင် အလုပ်ရှင်တွေကသိပ်မလိုချင်ကြဘူး။ အသက် ၁၈ နှစ်ဝန်းကျင် ငယ်ရွယ်တဲ့အမျိုးသမီးတွေကိုပဲ အလုပ်ရှင်တွေက လိုချင်တာပါ။ ငယ်ရွယ်တဲ့သူတွေဆိုတော့လုပ်နိုင်တယ်၊ ရုပ်ပိုင်းအရ ကျန်းမာကြံ့ခိုင်တယ်။ နောက်တစ်ချက်ကသူတို့က ပိုပြီး ပြောစကားနားထောင်တယ်။ အလုပ်ရှင်တွေက ရန်ကုန်ကထက်စာရင် တောက တက်လာတဲ့ အလုပ်သမတွေကို ပိုလိုချင်ကြတယ်။ အကြောင်းပြချက်ကတော့ တခြားနေရာကလာတဲ့ အမျိုးသမီးတွေမှာ နေစရာနေရာ အသည်းအသန်လိုတဲ့အပြင်၊ သူတို့ နေ့စဉ်အသက်ရှင်ရပ်တည်ဖို့ အခက်အခဲတွေရှိတဲ့အတွက်ပါပဲ။ သူတို့အတွက် အိပ်ဖို့တစ်နေရာနဲ့ ထမင်းတစ်နပ်အတွက် ခက်ခဲနေတဲ့အခါ၊ ဘာမှ အထွန့်မတက်ဘဲ ပြောသမျှနားထောင်ပြီး မလွှဲမရှောင်သာ ဒီအလုပ်ကိုလုပ်ကြရပါတယ်။ ရန်ကုန်ကအလုပ်သမတွေကျတော့ နေစရာမပူရတဲ့အတွက် တခြား အလုပ်တစ်ခုက ပိုကောင်းတယ်လို့ယူဆရင် ပြောင်းသွားကြမှာပဲ။ ဒါကြောင့် အလုပ်ရှင်တွေက တခြားမြို့ကအမျိုးသမီးအလုပ်သမတွေကို ပိုသဘောကျပါတယ်။

၂၀၀၃ခုနှစ်လောက်တုန်းက တချို့ငယ်ငယ်ရွယ်ရွယ် အမျိုးသမီးတွေ ရန်ကုန်လာပြီး အထည်ချုပ်စက်ရုံတွေမှာ အလုပ်လုပ်ကြတယ်။ အဲဒီမှာ စက်ရုံက နောက်ထပ်နေရာတစ်ခုကိုရွှေ့တာတို့၊ အလုပ်ပြုတ်တာတို့၊ လစာမရတဲ့ပြဿနာတို့လိုမျိုး ပြဿနာတွေကြုံကြရတယ်။ ပြီးခဲ့တဲ့ နှစ်က စက်ရုံတစ်ရုံမှာ အလုပ်သမားတွေဆန္ဒပြကြတယ်၊ သူတို့ ဆန္ဒပြနေတုန်းမှာ လူတချို့ရောက်လာပြီး ကေတီဗွီဆိုင်တွေမှာ အလုပ်တွေလိုနေတဲ့အကြောင်း လာပြီးကြော်ငြာသွားတယ်။[၈၉] ဘယ်လို မိန်းကလေးမျိုးတွေလိုတယ်ဆိုတာ ထည့်ပြီးကြော်ငြာသွားတယ်။ အဲဒီမှာ တောကလာတဲ့တချို့ရိုးရိုးအအ မိန်းကလေးတွေက သူတို့ အကွက်ထဲဝင်သွားပြီး သားကောင်ဖြစ်ကြရတယ်။

၈၉။ ကာရာအိုကေဆိုင်များတွင် အမျိုးသမီးငယ်များသည် အများစုဖြစ်သည့် အမျိုးသားဖောက်သည်များအား ဝန်ဆောင်မှုပေးကြရသည်။ ထိုဆိုင်အများစုတွင် အမျိုးသမီးများသည် ငွေကြေးအတွက်ဖောက်သည်များနှင့် လိင်ဆက်ဆံကြသည်ဟုလည်း သိထားကြသည်။

မိန်းကလေးတွေက ကေတီဗွီမှာ သီချင်းဆိုရမှာတင်မဟုတ်ဘူး၊ တခြားသူတို့မလုပ်ချင်တာတွေကိုပါ လုပ်တတ်အောင်သင်ပေးတယ်။ ကေတီဗွီမှာလုပ်ရင် သူတို့ကိုအဆောင်တွေမှာထားတယ်။ အဆောင်က မိန်းကလေးတချို့ဆိုရင် သူတို့ကိုထောက်ပံ့ပေးဖို့ အခု မြန်မာပြည်မှာ ဗန်းစကားအဖြစ်သုံးနေတဲ့ 'စပွန်ဆာ' ဆိုတာမျိုးတွေရှာပြီး လိင်ကိစ္စတွေပါ ပါလာတယ်။ သူတို့နဲ့လိင်ဆက်ဆံသူတွေက များသောအားဖြင့် အိမ်ထောင်ရှင်အမျိုးသားတွေပါ။ မိန်းကလေး အတော်များများဟာ သူတို့ကို ငွေကြေးအရထောက်ပံ့ပေးမယ့်သူတွေနဲ့ လိင်ဆက်ဆံရင်း လမ်းမှားရောက်သွားကြတယ်။ သူတို့ဘာသာရပ်တည်ဖို့ မဖြစ်နိုင်လောက်အောင် ခက်ခဲကြလို့ပါ။ နေ့တိုင်းအလုပ်လုပ်ရတယ်၊ ဝဝလင်လင် မစားရဘူး။ ဒီတော့ သူတို့မှာတခြား ရွေးချယ်စရာမရှိဘူး။ တကယ်တော့ ဒီလိုနေရာတွေမှာ သူတို့မလုပ်ချင်ကြပါဘူး။ ဒါပေမဲ့ နောက်ဆုံးတော့ သူတို့နဲ့ လိင်ဆက်ဆံသူတွေရဲ့ အငယ်အနှောင်းဘဝကို ရောက်ကြရတယ်။ သူတို့ရဲ့ နေ့စဉ်ရှင်သန်မှုအတွက် ဒါကိုလုပ်နေကြရတယ်။

ဒီ့အပြင် ရွာမှာကျန်ခဲ့တဲ့မိသားစုတွေရဲ့ စားဝတ်နေရေးကိုလည်း စိတ်ပူကြရတယ်။ သူတို့မှာ ကျောင်းတက်နေတဲ့ ညီမလေးတွေ၊ မောင်လေးတွေကိုလည်း ထောက်ပံ့နေရတယ်။ ကျွန်တော်တို့နိုင်ငံမှာ အမျိုးသမီး ၇၀% လောက်က မိဘတွေရဲ့စားဝတ်နေရေးကို စိတ်ပူနေရတဲ့အတွက် သူတို့မလုပ်ချင်တဲ့အလုပ်တွေကို လုပ်နေရတယ်လို့ပဲ ပြောပါရစေ။ အရင်တုန်းက ယောကျ်ားတစ်ယောက်ရဲ့ဝင်ငွေက မိသားစု အသုံးစရိတ်ကိုကာမိတယ်။ ခုတော့ပြောင်းသွားပြီ။ အမျိုးသမီးတွေကိုယ်တိုင် မိသားစုရဲ့ နေ့စဉ်စားရေးသောက်ရေးပြဿနာကို လျစ်လျူရှုထားလို့ မရတော့ဘူး။ သမီးမိန်းကလေးတွေချည်းပဲရှိတဲ့ မိသားစုဆိုရင်ပိုဆိုးတယ်။ အဲဒီလို မိသားစုမျိုးမှာ သမီးမိန်းကလေးတွေက မိသားစုတာဝန်ကို ထမ်းထားရတယ်။ မိသားစုစားဝတ်နေရေးအတွက် သမီးရော၊သားရော အားကိုးကြရတာပါပဲ။ ဒါပေမဲ့ ယောကျ်ားလေးတွေအတွက် အလုပ်ကတော်တော်ရှားပါတယ်။ ဒီ့အပြင် ယောကျ်ားတွေက ပုံမှန် အားဖြင့် လယ်လုပ်ငန်းပဲလုပ်တတ်ကြတယ်။ အမျိုးသမီးတွေက အထည်ချုပ်စက်ရုံမှာ သန့်ရှင်းရေး ဒါမှမဟုတ် ပိတ်စညှပ်ပြီး အမျိုးသားတွေကို တစ်ဖက်တစ်လမ်း ကူညီပေးနိုင်ပါတယ်။ အစဉ်အလာအားဖြင့် အမျိုးသားတွေက ဒီလိုအလုပ်တွေကို မလုပ်ကြတာရယ်၊ အလုပ်ရှင်တွေက အမျိုးသမီးတွေကိုပဲ ပိုလိုချင်တာရယ်နဲ့ အမျိုးသားတွေအပေါ် သိပ်ပြီးမမှီခိုကြတော့ဘူး။

ကျွန်တော်တို့နိုင်ငံမှာ မိသားစုတော်တော်များက သမီးမိန်းကလေးတွေကို အပြင်အလုပ်မလုပ်စေချင်ကြပါဘူး။ လက်ရှိအခြေအနေမှာ မိဘတွေက သမီးတွေ အပိုဝင်ငွေရှာနိုင်ပေမယ့် ဒါနဲ့ပတ်သက်ပြီး ဝမ်းမသာကြပါဘူး။ ငယ်ရွယ်တဲ့ မိန်းကလေးတွေအနေနဲ့ ဒီ့အတွက်တော်တော်လေး ကြိုးစားပြီး ဖောက်ထွက်ရပါတယ်။ ဒါပေမဲ့ ပိုပြီးကျပ်တည်းလာတဲ့အခါ မိဘတွေက သူတို့သမီးတွေရဲ့ဝင်ငွေက မိသားစုအတွက် လက်တွေ့အထောက်အကူ ဖြစ်မှန်းသိလာတဲ့အခါ မိသားစုအတော်များများက ဒီကိစ္စနဲ့ ပတ်သက်ရင် ပိုပြီး အပြုသဘော အမြင်တွေပြောင်းလာပါတယ်။ အရင်တုန်းကဆိုရင် အမျိုးသမီးတွေကို အပြင်ပေးမထွက်ပါဘူး။ တချို့ဆိုရင် ကျောင်းတောင် ပေးမတက်ပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ မိန်းကလေးတွေ အခြေခံစာရေး၊ စာဖတ်တတ်ရင်လုံလောက်ပြီလို့ အရင်တုန်းကထင်ခဲ့ကြပါတယ်။ ဒါပေမဲ့ ခုတော့ ဒါတွေပြောင်းလဲသွားပါပြီ။ ပိုကောင်းပါစေဆိုတဲ့ သဘောနဲ့ ပြောင်းသွားတာတော့ မဟုတ်ပါဘူး။ လူတွေအမြင် ပြောင်းသွားတာ ငတ်မွတ်ခြင်းနဲ့ ဆင်းရဲမှုကြောင့်ပါ။ စားစရာမရှိတဲ့အခါ ဒီလိုကိစ္စတွေကို ရေးကြီးခွင်ကျယ် အထွန့်တက်မနေကြတော့ပါဘူး။ 'အင်း၊ ငါတို့သမီးလေး အပြင်ထွက်အလုပ်လုပ်ရင် အဆင်ပြေမှာပါ'ဆိုတာမျိုး ဖြစ်လာကြတယ်။ လူတွေရဲ့စားဝတ်နေရေးက ပြီးခဲ့တဲ့ ၂၅နှစ်အတွင်း ဆိုးဆိုးရွားရွား ယိုယွင်းသွားတယ်။ သူတို့ရဲ့ အခွင့်အရေးတွေနဲ့ အခွင့်အလမ်းတွေအတွက် တခြားနိုင်ငံတွေကအမျိုးသမီးတွေ တိုက်ပွဲဝင်နေကြတဲ့အချိန်မှာ ငတ်မွတ်မှုက ကျွန်တော်တို့နိုင်ငံကအမျိုးသမီးတွေကို ပြောင်းလဲကြဖို့ တွန်းအားပေးလိုက်တာပါပဲ။

ငယ်ရွယ်တဲ့အမျိုးသမီးတွေဟာ စက်ရုံတွေမှာ အန္တရာယ်ရှိတဲ့ အခြေအနေတွေနဲ့ ကြုံတွေ့ရနိုင်ပါတယ်။ စက်ရုံတချို့မှာ ငယ်ရွယ်ပြီး ချောမောလှပတဲ့မိန်းကလေးတွေကို မကောင်းတာတွေ၊ မသင့်လျော်တာတွေ လုပ်ဖို့ စက်ရုံပိုင်ရှင်တွေက သွေးဆောင်ဖြားယောင်းကြပါတယ်။ သွားရေး လာရေးကလည်း ပြဿနာရှိပါတယ်။ အချိန်ပိုဆင်းရတယ်ဆိုရင် အမျိုးသမီးအလုပ်သမတွေက ည ၁၀နာရီ၊ ၁၁နာရီမှ အလုပ်ပြီးပါတယ်။ ရွှေပြည်သာတို့၊ လှော်ကားတို့လို ဝေးလံတဲ့ဒေသတွေမှာ တစ်နေရာက တစ်နေရာကိုသွားဖို့ အတော်ဝေးပါတယ်။ စပါးခင်းတွေက နေရာအနှံ့မှာ ရှိပါတယ်။ အလုပ်သမတွေကို ပြန်ပို့ပေးတဲ့ဖယ်ရီကားက အဆင်ပြေတဲ့ နေရာမှာရပ်ပေးတယ်၊ ကြမ်းတမ်းပြီး ကျင်းတွေ၊ ချိုင့်တွေနဲ့ လမ်းတစ်လျှောက် အမှောင်ထဲမှာ မိန်းကလေးတွေက အိမ်အထိ လမ်းလျှောက်ကြရပါတယ်။ အဓမ္မကျင့်ခံရတဲ့ဖြစ်စဉ်တချို့လည်း ရှိပါတယ်။ ဒီ့အပြင် ယာဉ်မတော်တဆမှုတွေလည်း ပိုများလာ၊ ပိုစိပ်လာပါတယ်။ ပြီးခဲ့တဲ့နှစ်မှာ ယာဉ်မတော်တဆမှု ၁၀ကြိမ်မက ဖြစ်ခဲ့ပါတယ်၊ သေတာ၊ ဒဏ်ရာပြင်းထန်တာတွေ ရှိပါတယ်။ အမျိုးသမီးတွေကို ကားတစ်စီးထဲမှာ ပြွတ်သိပ်တင်တော့ မတော်တဆမှုတွေ ဖြစ်တာပေ့ါ။ ဖြစ်စဉ်တစ်ခုမှာဆိုရင် အလုပ်သမား ၄ယောက်ပွဲချင်းပြီးသေတယ်။ ဘယ်သူမှ စုံစမ်းစစ်ဆေး တာလဲမရှိဘူး၊ မိဘတွေဆီလည်း အကြောင်းမကြားပေးဘူး။ သူတို့ သူငယ်ချင်းတွေကလည်း သူတို့ဘယ်မြို့ကမှန်း မသိကြပါဘူး။

အခြေခံပြဿနာကတော့ အလုပ်သမားတွေကို လေဘာကတ်မရှိတဲ့အတွက် အလုပ်သမားလို့ အသိအမှတ်မပြုကြတာပါပဲ။ များသောအားဖြင့် အမျိုးသမီးအလုပ်သမတွေက ဒီအခွင့်အရေးမရကြပါဘူး။ အလုပ်ခန့်တာ မှာလည်း လေဘာကတ်ရှိတဲ့ အလုပ်သမားတစ်ယောက်က အာမခံပေးမှ၊ အဲဒီလိုလူနဲ့သိမှပါ။ အလုပ်သမားတွေကို နေ့စားအဖြစ်ခန့်ပေမယ့် လစာကျတော့ လကုန်မှပေးပါတယ်။ ၃လကနေ ၆ လအထိက အစမ်းခန့်ကာလဖြစ်ပြီး၊ လုပ်ရည်ကိုင်ရည်ကို မကြိုက်ဘူးဆိုရင် အလုပ်ထုတ်ခံရတယ်။ အလုပ်သမားဝန်ကြီးဌာနကိုယ်တိုင်က အလုပ်သမားတွေမှာလိုအပ်တဲ့ လေဘာကတ်လုပ်ပေးဖို့ အလုပ်ရှင်တွေကို ထိထိရောက်ရောက် သတိပေးတာမျိုးမရှိပါဘူး။ တာဝန်ရှိသူတွေက သက်ဆိုင်ရာအစိုးရဌာနတွေကို ဖိအားပေးတာမျိုးလည်းမရှိတော့ အလုပ်ရှင်တွေက စိတ်ကြိုက်လုပ်ခွင့်ရနေတာပေ့ါ။ အလုပ်သမားတွေ ရက်ပျက်ရှိရင် စက်ရုံပိုင်ရှင်တွေက ဒဏ်ကြေးကောက်တယ်။ စက်ရုံ လုပ်သားတစ်ယောက်ရဲ့ လစာက ၄၀၀၀၀ နဲ့ ၅၀၀၀၀ကျပ်ကြား ဆိုပါတော့။ ရက်ပျက်ဒဏ်ကြေးနုတ်လိုက်တော့ လစာက ဘာမှ မကျန်တော့ဘူး။

၂၀၁၂ခုနှစ်၊ မတ်လမှာ အလုပ်သမားသမဂ္ဂတွေဖွဲ့စည်းဖို့ စပြီးခွင့်ပြုချိန် ကတည်းက အလုပ်သမားတွေကို အလုပ်သမားသမဂ္ဂ ဘယ်လိုဖွဲ့စည်း ရမယ်ဆိုတာ အကြံပေးထားပါတယ်။ အကြံပေးတဲ့အထဲမှာ သမဂ္ဂတွေဖွဲ့စည်းတဲ့အခါ ရွေးကောက်တင်မြှောက်ပြီး ဖွဲ့စည်းကြဖို့၊ သတ်မှတ်ချက်နဲ့ ကိုက်ညီသူတွေကို သမဂ္ဂအဖွဲ့ဝင်တွေအဖြစ် ရွေးချယ်ပြီး၊ သမဂ္ဂခေါင်းဆောင်ကို အလုပ်သမားထဲကပဲ ရွေးချယ် တင်မြှောက်ဖို့ဆိုတာတွေ ပါပါတယ်။ အကျိုးဆက်အနေနဲ့ အမျိုးသမီး ခေါင်းဆောင်တွေပေါ်လာတယ်။ ခုဆိုရင် သမဂ္ဂမှာဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးရာထူးတွေမှာ အမျိုးသမီးတွေရှိလာပါပြီ။ အရင်တုန်းက လွတ်လပ်ရေးကြိုးပမ်းမှုတွေမှာပဲ အမျိုးသမီးခေါင်းဆောင်တွေ ရှိခဲ့ဖူးတာပါ။

လုပ်ငန်းခွင်တွေမှာ အမျိုးသမီးခေါင်းဆောင်တွေ မရှိသလောက် တွေ့ရခဲ့ပါတယ်။ ခုခေတ်မှာ အမျိုးသမီးတွေက စက်ရုံတွေမှာ အလုပ်သမအဖြစ် အလုပ်လုပ်နေကြပါပြီ။ ဆိုးကျိုးတွေရှိပေမယ့် အဆိုးထဲက အကောင်းကတော့ စက်ရုံတွေမှာ အမျိုးသမီးတွေဟာ ခေါင်းဆောင်ရာထူးတွေ ရနေကြပါပြီ။ တကယ်လို့ အိမ်မှာပဲနေမယ်ဆိုရင် ချက်ရင်းပြုတ်ရင်း၊ ပန်းကန်ဆေးရင်း၊ အဝတ်လျှော်ရင်း၊ ကလေးထိန်းရင်း နဲ့ပဲ သူတို့ရဲ့ဘဝတွေ အချိန်ကုန်သွားမှာပါ။ သူတို့ အပြင်ထွက် အလုပ်လုပ်ဖို့ ဆုံးဖြတ်ခဲ့တဲ့အတွက် ခုလိုခေါင်းဆောင်တွေ ဖြစ်လာကြတာပါ။ ဒီ့အပြင် အမျိုးသမီးတွေဟာ စာအုပ်တွေနဲ့ဂျာနယ်တွေလည်း ဖတ်လာကြပါပြီ။

စက်ရုံတွေမှာ အလုပ်သမားအများစုက အမျိုးသမီးတွေဖြစ်လို့ သမဂ္ဂတွေက အမျိုးသမီးတွေထဲက ခေါင်းဆောင်တွေရွေးချယ်ဖို့ သဘောတူထားကြပါတယ်။ အမျိုးသမီးနဲ့အမျိုးသားယှဉ်ပြီး ရွေးကြတဲ့ အခါ သူတို့က အမျိုးသမီးတွေဘက်က စိတ်အားထက်သန်စွာနဲ့ ရပ်တည်ကြပါတယ်။ ဒါပေမဲ့ အမျိုးသမီးရေးရာကိစ္စတွေနဲ့ အမျိုးသမီးတွေရဲ့ လိုအပ်ချက်တွေကို တင်ပြတဲ့အခါ သမဂ္ဂက ပိုပြီးအရေးကြီးတဲ့ ပြဿနာတွေကို ဖြေရှင်းနေရတဲ့အတွက် အဲဒီလို ပြဿနာတွေကို ဂရုမစိုက်နိုင်ဘူးလို့ ပြောပါတယ်။ အခွင့်အရေးတွေနဲ့ ပတ်သက်ပြီး ပညာပေးတဲ့အခါ အမျိုးသမီးရော၊ အမျိုးသားကိုပါ ပညာပေးပါတယ်။ အလုပ်သမားအခွင့်အရေးတွေနဲ့ပတ်သက်ရင် ကိုယ့်ရပိုင်ခွင့်ကို သိတဲ့ အလုပ်သမား ကျွန်တော်တို့နိုင်ငံမှာမရှိသလောက်ပါဘဲ။ အမျိုးသမီးတွေက ခုဆိုရင် ဒီလိုသင်တန်းတွေမှာ အရမ်းစိတ်အားထက်သန်ကြပါတယ်။ ဒါပေမဲ့ ပြဿနာက သူတို့က ၁ပတ်မှာ ၁ရက်ပဲ နားရပါတယ်။ ဒီတော့ ကျွန်တော်တို့ကလည်း ရတဲ့အချိန်အတွင်းမှာ သင်တန်းတွေကို ဖုတ်ပူမီးတိုက် စီစဉ်ပေးရပါတယ်။ ကျွန်တော်တို့ တတ်နိုင်သလောက် လုပ်ပေးနေပါတယ်။

အမျိုးသမီး အလုပ်သမတွေမှာ အပျိုဖြစ်ရမယ်ဆိုတဲ့ သတ်မှတ်ချက်လည်း ရှိပါတယ်။ အဲလိုဆိုတော့ အမျိုးသမီးတွေဟာ သူတို့အပျိုဖြစ်ကြောင်း နည်းအမျိုးမျိုးနဲ့ လိမ်ကြရပါတယ်။ အမျိုးသားတွေကို အလုပ်ခန့်တဲ့အခါ ကျတော့ လူပျိုပဲဖြစ်ဖြစ်၊ အိမ်ထောင်သည်ပဲဖြစ်ဖြစ် ဒါကို ထည့်မတွက်ပါဘူး။

၁၃ နှစ်အထက် ယောကျ်ားလေးအများစုက အလုပ်လုပ်ကြပါတယ်။ အဲဒီမှာ ဘာဖြစ်သလဲဆိုတော့ ၁၃နှစ်အရွယ် လူငယ်အလုပ်သမားလေး တွေက ၁၈ နှစ်မပြည့်သေးတဲ့အတွက် သမဂ္ဂမှာဝင်လို့မရသေးပါဘူး။ အကျိုးဆက်ကတော့ ၁၈ နှစ်အောက် အလုပ်သမားတွေရဲ့ ပြဿနာတွေကို မကိုင်တွယ်နိုင်ဘဲ ဘေးဖယ်ထားရတဲ့ ပြဿနာရှိလာပါတယ်။ တကယ်လို့ လူ ၁၀၀မှာ အယောက်၂၀ က အမျိုးသားဆိုရင် ကျန်တဲ့အထဲက ၄၀% က ၁၈ နှစ်အထက်၊ နောက်ထပ် ၄၀% က ၁၈နှစ်အောက်တွေ ဖြစ်ပါတယ်။

(အဓိက သတင်းအချက်အလက်ပေးနိုင်သူ အလုပ်သမားအခွင့်အရေး တက်ကြွလှုပ်ရှားသူတစ်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း)

ဖြစ်စဉ်လေ့လာချက် ၅

ပညာရှင် အမျိုးသမီးတစ်ယောက်အဖြစ် နေရာတစ်နေရာရရှိခြင်း၊ မုံရွာ။

လွန်ခဲ့တဲ့နှစ်အနည်းငယ်က မုံရွာအနီးတစ်ဝိုက်က ရွာတွေမှာ စိုက်ခင်းတွေ၊ လယ်ယာလုပ်ငန်းတွေ အကြီးအကျယ် ဆုံးရှုံးနစ်နာခဲ့ပါတယ်။ အစိုးမရတဲ့ ရာသီဥတုအပြောင်းအလဲတွေနဲ့ တက်လိုက်၊ ကျလိုက်ဖြစ်နေတဲ့ ကြက်သွန်ဈေးနှုန်းတွေကြောင့် ရာသီအလိုက်နေ့စား အလုပ်သမားတွေမှာ အခက်အခဲတွေကြုံကြရပါတယ်။ စိုက်ခင်းမှာအလုပ်လုပ်တဲ့ ယောကျ်ား တစ်ယောက်က တစ်နေ့ကို ၃၅၀၀ နဲ့ ၄၀၀၀ကျပ်ကြား ရတဲ့အချိန်မှာ အမျိုးသမီးနေ့စားအလုပ်သမားက ၁၅၀၀ကျပ်ပဲရတာကို ကျွန်မ နားမလည်နိုင်အောင်ဖြစ်ရပါတယ်။ ကျွန်မတို့ အမျိုးသမီးတွေလည်း အားစိုက်ရတာချင်း၊ အချိန်ပေးရတာချင်းအတူတူပါပဲ၊ ဒါပေမဲ့ ဒီလို မမျှတတဲ့ လုပ်အားခရတာကို ဘာမှမလုပ်နိုင်ပါဘူး။ 'ရပါတယ်၊ ယောကျ်ားတွေက ငါတို့ထက်ပိုပြီးသာတဲ့လူတွေပဲ'လို့ ကျွန်မတို့ တွေးခဲ့ပါတယ်။ ပြီးတော့ အလုပ်အကိုင်အခွင့်အလမ်းတွေက ရှားပါးတဲ့အတွက် ကျွန်မတို့မှာ ရွေးလို့လည်းမရပါဘူး။ ရာသီဥတု အပြောင်းအလဲကအရမ်းမြန်တော့ ရွာမှာ အတည်တကျအလုပ်ရယ်လို့ မရှိခဲ့ပါဘူး။ ဒါနဲ့ ဖြစ်နိုင်တဲ့အလုပ်တစ်ခုခုရလိုရငြား မီဇိုရမ်မှာ ရက်ကန်း ပညာသင်ဖို့ တီးတိန်ကတစ်ဆင့် အိန္ဒိယကိုကျွန်မတို့ သွားခဲ့ကြပါတယ်။ ခုတော့ ကျွန်မတို့ အဲဒီမှာသင်ခဲ့တဲ့ရက်ကန်းပညာနဲ့ ကိုယ်ပိုင်ရက်ကန်း လုပ်ငန်းလုပ်နေပါတယ်။

မီဇိုရမ်မှာ အလုပ်သွားလုပ်ရတာက စွန့်စားခန်းတစ်ခုပါပဲ၊ မိသားစု အားလုံးက ကျွန်မအတွက်စိတ်ပူပန်နေကြရတာပါ။ ပြီးတော့ ပြဿနာ အမျိုးမျိုးနဲ့လည်း ကျွန်မတို့ရင်ဆိုင်ခဲ့ကြရပါတယ်။ ပိုက်ဆံရဖို့နဲ့ ရက်ကန်းပညာ ထိထိရောက်ရောက်တတ်ဖို့ ကျွန်မတို့ အများကြီး စွန့်လွှတ်အနစ်နာခံခဲ့ရပါတယ်။ အဲဒီမှာ၂နှစ်လောက် လုပ်ပြီးတော့ ပိုက်ဆံ၃သိန်းလောက်စုမိတဲ့အခါ ကျွန်မတို့ရွာပြန်ခဲ့ပါတယ်။ ရွာမှာ ၂ နှစ်လောက်နေပြီးတော့မှ ကိုယ်ပိုင်လုပ်ငန်းစလုပ်နိုင်တာပါ။ ရက်ကန်းလုပ်ငန်းအတွက် လိုအပ်တဲ့ ပစ္စည်းတွေအားလုံးကို အိန္ဒိယက မှာယူခဲ့ပါတယ်။ ပထမတော့ ကျွန်မတို့မှာ ရက်ကန်းစင်တစ်စင်ပဲ ရှိပါတယ်။

ကျွန်မတို့ရွာပြန်ရောက်တော့ လယ်ယာလုပ်ငန်းက ပုံမှန်အနေအထား ပြန်ဖြစ်နေပါပြီ။ ဒါပေမဲ့ လုပ်အားခတွေကတော့ မပြောင်းလဲသေးပါဘူး၊ အမျိုးသမီးတွေကိုတန်းတူမဆက်ဆံဘူး၊ ခေါင်းပုံဖြတ်ခံကြရတယ်။ ဒီအခြေအနေတွေက ကိုယ်ပိုင်အိမ်တွင်းမှုလုပ်ငန်းတွေ စတင်ဖို့ ကျွန်မတို့ကိုတွန်းအားပေးခဲ့တာပါ။ လှပပြီးသပ်ရပ်တဲ့ ချင်းရိုးရာချည်ထည် ဒီဇိုင်းတွေကို ကျွန်မတို့ရက်လုပ်ခဲ့ပါတယ်။ စတိုးဆိုင်တွေကိုသွားပြီး ကျွန်မတို့ရဲ့အထည်တွေကို ရောင်းတယ်။ စတိုးဆိုင်တွေ၊ ဈေးဆိုင်တွေက ကျွန်မတို့ရဲ့အထည်တွေကို ဝယ်တဲ့အပြင် ဘယ်လိုဒီဇိုင်းတွေက လူကြိုက်များတယ်၊ ဘယ်ဟာတွေကအရောင်းသွက်တယ် ဆိုတာတွေ

ကိုလည်း ဝိုင်းပြီးအကြံပေးကြပါတယ်။ ခုဆိုရင် ဆိုင်ပိုင်ရှင်တွေက ကျွန်မတို့လိုအပ်တဲ့ ပိတ်စတွေ၊ ချည်တွေကိုပေးတယ်၊ ဒီတော့ ကိုယ့်ပိုက်ဆံနဲ့ ကြိုဝယ်စရာမလိုတော့ဘူး။ နားချိန်မရှိလောက်အောင် အလုပ်က အရမ်းကောင်းနေပါပြီ။ ရွာကလူတွေကို အခမဲ့ ရက်ကန်းပညာ သင်တန်းပေးပါတယ်။ သင်တန်းသားတွေ ရက်ကန်းပညာ ကျွမ်းကျင်လာတဲ့ အခါ သူတို့ကို တစ်ထည်၂၅၀၀ကျပ်နှုန်းနဲ့ အလုပ်ခန့်ပါတယ်။ ကိုယ်ပိုင် ရက်ကန်းစင်ထောင်ချင်တဲ့လူတွေကိုလည်း ကျွန်မကူညီပေးတယ်။

ခုဆိုရင်ရွာမှာ ရက်ကန်းစင်ရှိတဲ့အိမ်တွေအများကြီးပဲ။ ဒါဟာ အရင်တုန်းက တစ်နေကုန်လုပ်မှ ၁၅၀၀ကျပ်ပဲရခဲ့တဲ့ ကျွန်မတို့ အမျိုးသမီးတွေအတွက် မှတ်တိုင်တစ်ခုပါပဲ။ ခုဆိုရင် အရင်တုန်းကနဲ့ မတူတော့ဘဲ လူတွေကကျွန်မတို့ကို လေးလေးစားစား ဆက်ဆံလာတယ်၊ ကျွန်မတို့ကို အထင်ကြီးအားကိုးလာတယ်။ ကျွန်မတစ်ချိန်က ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲသင်ခဲ့ရတာတွေ ပြန်အသုံးချနိုင်တဲ့ အတွက်ရော၊ ပြန်ပြီးမျှဝေပေးနိုင်တဲ့အတွက်ရော ကျွန်မကျေနပ်ပါတယ်၊ ဝမ်းလည်းသာတယ်။ လူတွေက သူတို့ရဲ့လုပ်ငန်းနဲ့ပတ်သက်ပြီး တိုင်ပင်တာတို့၊ အကြံဉာဏ်တောင်းတာတို့ရှိလာတော့ ကိုယ့်ကိုယ်ကိုလည်း ကျွန်မ ပိုပြီးယုံကြည်မှုရှိလာတယ်။

ကျွန်မနောင်တရတာကတော့ ကျွမ်းကျင်တဲ့သူတစ်ယောက်ကို ငှားရတဲ့အတွက် ရက်ကန်းစက်ဆင်တဲ့နည်းကို ကျွန်မမတတ်ခဲ့ဘူး။ ရက်ကန်းစက်ဆင်တတ်တဲ့အမျိုးသမီး တစ်ယောက်ပဲရှိတယ်။ သူက အရမ်းကို အလုပ်များတယ်။ ပိုပြီးဆန်းသစ်တဲ့၊ ပညာပါတဲ့၊ လှပတဲ့ အဆင်တွေ၊ ဒီဇိုင်းတွေရဖို့ ကျွန်မတို့အားထုတ်ဖို့လိုတယ်။ ဒီရက်ကန်းအလုပ်ကို လယ်စိုက်တဲ့ရာသီပြီးတဲ့အခါ အလုပ်မရှိတဲ့ သူတွေ၊ လုပ်ခနည်းနည်းပဲရတဲ့သူတွေ၊ အတန်းပညာမတတ်လို့ အလုပ်ရဖို့ အခက်အခဲဖြစ်နေတဲ့သူတွေကို ဝေမျှပေးချင်ပါတယ်။ ကျွန်မကိုယ်တိုင် ကြိုးစားရုံတင်မကဘဲ တခြား ကျွမ်းကျင်တဲ့လုပ်ငန်းရှင် အမျိုးသမီးတွေကိုလည်း ကျွန်မနဲ့အတူ ဒီလုပ်ငန်းမှာလာလုပ်ဖို့ တိုက်တွန်းချင်ပါတယ်။

ဖြစ်စဉ်လေ့လာချက် ၆

လူငယ်များ၏ အမျိုးသမီးများ ကျန်းမာရေး စောင့်ရှောက်မှုစီမံချက်

ဒါဟာ ကျွန်တော့်အိပ်မက်တွေ အကောင်အထည်ပေါ်လာသလိုပါပဲ။ အထူးသဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးတွေနဲ့ ၅ နှစ်အောက် ကလေးတွေအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု လိုအပ်နေတဲ့ ကျွန်တော်တို့ရွာမှာ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုအဖွဲ့လေး တစ်ဖွဲ့လောက်ရှိရင် သိပ်ကောင်းမှာပဲလို့ ကျွန်တော်စပြီးတွေးမိတယ်။ မြို့ကိုမသွားနိုင်လို့ ရွာမှာပဲဖြစ်သလိုမွေးပြီး မီးတွင်းထဲမှာဆုံးပါးသွားတဲ့ အမျိုးသမီးတွေနဲ့ ဆေးရုံကိုမရောက်နိုင်လို့သေကြရတဲ့ မွေးကင်းစ ကလေးတွေအကြောင်းကိုကြားရတာ ကျွန်တော်အရမ်းစိတ်ထိခိုက်တယ်။

'စေတနာမြင့်မိုရ် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့'ကို လူငယ် ၁၇ ယောက်နဲ့ ၂၀၁၃ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။ ရည်ရွယ်ချက် တွေကတော့ ကျွန်တော်တို့ရွာရဲ့ ကျန်းမာရေးလိုအပ်ချက်တွေကို ကူညီပေးဖို့နဲ့ အထက်မှာပြောခဲ့တဲ့ ဖြစ်ရပ်မျိုးတွေကို တတ်နိုင်သမျှ မဖြစ်အောင် တားဆီးကာကွယ်ပေးဖို့ပါ။ ခုဆိုရင် လူတွေပိုပြီးစိတ်ဝင်စား လာကြတဲ့အတွက် ကျွန်တော်တို့မှာ အဖွဲ့ဝင်၂၃ယောက်အထိတိုးလာပါပြီ။ ရွာသားတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ဘယ်လို ကူညီပေးမယ်ဆိုတာ ကျွန်တော်တို့ဆွေးနွေးကြတယ်။ လူနာကိုဆေးရုံပို့ပေးပြီး စောင့်ပေးတဲ့ လူတွေကို ၅၀၀၀ကျပ်စီ ထောက်ပံ့ပေးမယ်လို့ ကျွန်တော်တို့ ဆုံးဖြတ် ထားတယ်။ အရမ်းကြီးအထောက်အပံ့မဖြစ်ပေမယ့် ကျွန်တော်တို့ တတ်နိုင်သလောက် လုပ်ပေးတာပါ။ ကျွန်တော်တို့က ကိုယ့်ရန်ပုံငွေနဲ့ ကိုယ် ရပ်တည်ချင်တဲ့အတွက် ကိုယ့်ပိုက်ဆံနဲ့ပဲသုံးတယ်၊ ရန်ပုံငွေအတွက် အဖွဲ့ဝင်တစ်ယောက်ချင်းစီက ၁လကို ၂၀၀ကျပ်စီထည့်ကြတယ်။ ခုတော့ ကျွန်တော်တို့ လစဉ်ထည့်ဝင်ငွေကို ၅၀၀ကျပ်အထိတိုးလိုက်ပြီ။ ဒီ့အပြင် ကျွန်တော်တို့မှာရွာထဲက တစ်ဦးချင်းအလှူရှင် ၄ယောက်ရှိပါတယ်။

ဒီ့အပြင် အစာမစားမီနဲ့အစာစားပြီးတဲ့အခါ လက်ကိုဆပ်ပြာနဲ့စင်အောင် ဆေးဖို့၊ ခြင်ပေါက်ဖွားနိုင်တဲ့နေရာတွေကို စစ်ဆေးဖို့၊ ယင်လုံအိမ်သာ ဆောက်ဖို့ စတဲ့ အခြေခံကျန်းမာရေး ဗဟုသုတတွေပေးဖို့ ပညာပေးအစီအစဉ်တချို့လည်း လုပ်ခဲ့ပါတယ်။ ရွာကလည်း ကျွန်တော်တို့ အစီအစဉ်တွေအတွက် ဆပ်ပြာတို့၊ လက်သုတ်ပဝါတို့၊ ရေခွက်တို့လှူကြတာ အရမ်းအားတက်စရာ ကောင်းပါတယ်။ အရင်တုန်းကဆိုရင် ရွာမှာအိမ်သာမရှိလို့ လူတွေကအလေးသွားချင်ရင် ချုံတိုးရတယ်။ အဲဒီလိုအခါမျိုးမှာ အမျိုးသမီးငယ်တွေကို လိင်ပိုင်းဆိုင်ရာ စော်ကားတာမျိုးတွေ ရှိခဲ့ဖူးတယ်။

အဖွဲ့ဝင်တွေဆီက လစဉ်ပိုက်ဆံကောက်ပေမယ့် ကျွန်တော်တို့မှာ ရန်ပုံငွေအလုံအလောက်မရှိပါဘူး။ ဒါကြောင့် ရွာထဲမှာအလုပ်လုပ်ရင်း နဲ့ ရန်ပုံငွေရှာမယ်ဆိုတဲ့အတွေး ရခဲ့ပါတယ်။ ဥပမာ- ရွာမှာ လမ်း ဖောက်တော့မယ်ဆိုရင် လမ်းဖောက်တဲ့အလုပ်မှာ ကျွန်တော်တို့ ဝင်လုပ်ကြတယ်။ ကျား၊ မ မခွဲခြားဘဲ ကျွန်တော်တို့အလုပ်လုပ်ကြတော့ တချို့စိတ်ဝင်စားတဲ့ရွာသားတွေနဲ့ ချမ်းသာတဲ့မိသားစုတွေကလည်း ကျွန်တော်တို့ရဲ့ လှုပ်ရှားမှုတွေထဲမှာ ပါဝင်လာကြပါတယ်။ ကျွန်တော်တို့ အမျိုးသား၊ အမျိုးသမီးအဖွဲ့ဝင်တွေရဲ့ ညီညွတ်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ကျွန်တော်တို့ရွာက 'သူတို့လုပ်တာ တကယ်ကောင်းလိုက်တာ'လို့ ပြောပြီး ချီးကျူးကြပါတယ်။ ဒါပေမဲ့ ရွာက တချို့လူကြီးတွေကျတော့ ယောက်ျားနဲ့မိန်းမ အလုပ်ခွဲခြားချင်ကြတယ်။ ယောက်ျားလေးနဲ့မိန်းကလေးတွေအတွက် အလုပ်တာဝန်တွေ ခွဲပြီး သတ်မှတ်ပေးတယ်။ အစပိုင်းတုန်းက ကျွန်တော်တို့ကို အသိအမှတ်မပြု ပေမယ့် ခုတော့သူတို့ကျွန်တော်တို့ကိုကူတယ်၊ ဝိုင်းပြီးပံ့ပိုးပေးတယ်။

ခုဆိုရင် အရင်ကမလုပ်နိုင်ခဲ့တာတွေကို လုပ်နိုင်ပြီ၊ ထုတ်ပြောလာနိုင်ပြီ။ အခက်အခဲနည်းနည်းတော့ ရှိနေတုန်းပါပဲ။ ရွာမှာ ခြင်ပေါက်နိုင်တဲ့ နေရာတွေကို လှည့်ပြီးစစ်ဆေးကြတဲ့အခါ ရွာထဲက လူငယ်တချို့က ကျွန်တော်တို့အဖွဲ့ဝင် အမျိုးသမီးစေတနာ့ဝန်ထမ်းတွေကို စကြ နောက်ကြတယ်။ တချို့ယောက်ျားလေးအဖွဲ့ဝင်တွေက မိန်းကလေး စေတနာ့ဝန်ထမ်းတွေက အသုံးမတည့်ဘူးလို့ထင်ပြီး အဖွဲ့ထဲမှာ လိုလိုလားလား မကြိုဆိုချင်ကြဘူး။ ဒါပေမဲ့ ခုတော့ သူတို့ရဲ့ သဘောထားအမြင်တွေ ပြောင်းသွားပါပြီ။ မိန်းကလေးတွေရဲ့ လုပ်ဆောင်ချက်တွေအပေါ်မှာ 'တကယ်တော်တာပဲဟေ့၊ သူတို့ပါလို့ ဒီလောက်ကောင်းကောင်း လုပ်နိုင်တာ၊ငါတို့ချည်းပဲဆိုရင် သူတို့ လုပ်သလို သပ်သပ်ရပ်ရပ်လုပ်နိုင်မှာမဟုတ်ဘူး' ဆိုပြီး သူတို့က မှတ်ချက်ဝိုင်းပေးကြပါတယ်။

တချို့သက်ကြီးရွယ်အိုတွေက 'ရွာသားတွေကို လက်ကိုစင်အောင်ဆေးဖို့ ပြောရမှာ၊ ပညာပေးရမှာက မိန်းကလေးတွေရဲ့တာဝန်ပဲ၊ ယောက်ျားလေးတွေရဲ့ အလုပ်မဟုတ်ဘူး၊ မင်းတို့က ဘာကြောင့်ဒါတွေနဲ့ အလုပ်ရှုပ်ခံနေမှာလဲ' စသဖြင့်ပြောကြပါတယ်။ ကျွန်တော်တို့ ဘက်ကလည်း အဖွဲ့ဝင်တွေကို လေ့ကျင့်ပေးထားတော့ သူတို့မေးခွန်းတွေကို ချောချောမွေ့မွေ့ဖြေနိုင်ပါတယ်။ ကျား၊ မ မခွဲခြားဘဲ ကျွန်တော်တို့ အဖွဲ့မှာပါဝင်လာအောင်၊ အဖွဲ့ဝင်အရေအတွက် တိုးလာအောင် လူတွေကိုစည်းရုံးရပါတယ်။ ကျွန်တော်တို့အားလုံးက ကျွန်တော်တို့ ကြုံရနိုင်တဲ့ ဝေဖန်မှုတွေ၊ အတင်းအဖျင်းတွေ ဘယ်လောက်ပဲရှိရှိ နောက်ပြန်မလှည့်ဘဲ ကျွန်တော်တို့ရွာ ဖွံ့ဖြိုးတိုးတက်ဖို့ ရှေ့ဆက်ကြဖို့ သန္နိဋ္ဌာန်ချထားပြီးပါပြီ။

ကျန်းမာရေးဗဟုသုတအတွက် ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာန (သားဖွားဆရာမများ)နဲ့ ပူးပေါင်းပြီးတော့ ပညာပေးဆွေးနွေးပွဲတွေ စီစဉ်ပေးပါတယ်။ အဲဒီဆွေးနွေးပွဲတွေမှာ ရာသီအလိုက်ဖြစ်တတ်တဲ့ ရောဂါတွေနဲ့ ကာကွယ်ရေးအစီအစဉ်တွေပါပါတယ်။ ဒါပေမဲ့ ကျန်းမာရေးဆိုင်ရာဗဟုသုတတွေပဲ ဘယ်လောက်ပဲပေးပေး ပထမဆုံးအကြိမ် ကိုယ်ဝန်ဆောင်တဲ့အမျိုးသမီးငယ်တွေဟာ ဒီကိစ္စကိုဆွေးနွေးဖို့ အကြံဉာဏ်ယူဖို့ ရှက်နေကြတုန်းပါပဲ။ နောက်တော့ ကျွန်တော်တို့ရဲ့ အမျိုးသမီးအဖွဲ့ဝင်တွေကို နှစ်သိမ့်ဆွေးနွေးမှုသင်တန်းပေးပြီး၊ သူတို့က တစ်ဆင့် ကိုယ်ဝန်ဆောင်အမျိုးသမီးတွေနဲ့ နှစ်သိမ့်ဆွေးနွေးမှုတွေ လုပ်တော့မှ ကျွန်တော်တို့အဖွဲ့နဲ့ရင်းနှီးသွားပြီး ကိုယ်ဝန်ဆောင်ကျန်းမာရေး စောင့်ရှောက်မှုအကြောင်း နှစ်သိမ့်ဆွေးနွေးပညာပေးတဲ့အခါ အဆင်ပြေသွားတယ်။ တကယ်အံ့ဩဖို့ကောင်းတယ်။ အရင်တုန်းကဆိုရင် 'ဒီကိုယ်ဝန်ဆောင် ကျန်းမာရေးစောင့်ရှောက်မှုကိစ္စတွေနဲ့ ပတ်သက်ပြီး ငါတို့က ဘာလုပ်ပေးနိုင်မှာမို့လို့လဲ'လို့ ကျွန်တော်တို့ တွေးမိခဲ့တယ်။ ဒါပေမဲ့ခုတော့ ကျွန်တော်တို့ လက်တွေ့ကြိုးစားလုပ်ရင်းနဲ့ တစ်ခုခု လုပ်ပေးနိုင်တယ်ဆိုတာ သဘောပေါက်လာတယ်။ တကယ်လို့သာ ကျွန်တော်တို့အနေနဲ့ အမျိုးသမီးကိစ္စ၊ အမျိုးသားကိစ္စဆိုပြီး ခွဲထားမယ်ဆိုရင် ဒီလိုလုပ်နိုင်မှာမဟုတ်ဘူးဆိုတာ နားလည်လာတယ်။

ကျွန်တော်တို့အဖွဲ့ကို စနစ်တကျနဲ့ ရေရှည်ရှေ့ဆက်လို့ရအောင် ကျွန်တော်တို့မှာ ရည်ရွယ်ချက်တွေ၊ ရည်မှန်းချက်တွေချထားတာ ရှိပါတယ်။ ကျွန်တော်တို့အဖွဲ့မှာ ရည်ရွယ်ချက် ၄ခု ရှိပါတယ်။ ရပ်ရွာက ကိုယ်ဝန်ဆောင်မိခင်တွေနဲ့ ၅ နှစ်အောက် ကလေးတွေကို အထူးကူညီပေးဖို့၊ လူတွေရဲ့ကျန်းမာရေးဗဟုသုတ မြင့်မားလာစေဖို့၊ ရပ်ရွာကို ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့အခါ ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်ဖို့နဲ့ ရွာသားတွေရဲ့ အထွေထွေကျန်းမာရေး ပြဿနာတွေကို ကူညီပေးနိုင်ဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့ ရန်ပုံငွေ ရှာဖွေရေးလည်းလုပ်ပါတယ်။ နေ့စဉ်လုပ်ငန်းဆောင်တာတွေကို ဝိုင်းကူပေးတယ် (ဥပမာ-လူနာနဲ့ အဖော်လိုက်ပေးတာ၊ လူနာကို စောင့်ရှောက်ပေးတာ၊ ရွာကသားဖွားဆရာမကိုဝိုင်းကူပေးတာ)၊ ပြီးတော့ မော်တော်ယာဉ်ပိုင်ရှင်တွေနဲ့ မြို့မှာရှိတဲ့ဆေးရုံတွေ၊ လူနာတွေကြားမှာ အဆက်အသွယ် လုပ်ပေးတယ်။ အားလုံးပါဝင်နိုင်တဲ့ ကျန်းမာရေး ပညာပေးအစီအစဉ်တွေလည်း ကျွန်တော်တို့ စီစဉ်ပေးတယ်၊ ပြီးတော့ ဒီလိုအစီအစဉ်တွေမှာ လူတွေစိတ်ဝင်စားလာအောင်နဲ့ အသိအမြင် မြှင့်တင်ရေးတွေလည်း လုပ်ပေးတယ်။

တရားသေအယူအဆတွေနဲ့ ခိုင်ခိုင်မာမာအမြစ်တွယ်နေတဲ့ မိရိုးဖလာ ယုံကြည်မှုတွေရှိခဲ့ကြတယ်။ ဒီလိုမျိုး ကျား၊ မ မခွဲခြားဘဲ အတူ လက်တွဲ အလုပ်လုပ်နိုင်ဖို့ ကျွန်တော်တို့အနေနဲ့ ရွာလူကြီးနဲ့ ရပ်ရွာခေါင်းဆောင်တွေက ခွင့်ပြုလာအောင် ညှိနှိုင်းရတယ်၊ တိုက်တွန်းစည်းရုံးရတယ်။ ကျွန်တော်တို့ရဲ့ ကျန်းမာရေးဗဟုသုတတွေ ပိုပြီးမြင့်မားလာအောင် ကျန်းမာရေးဦးစီးဌာနနဲ့တခြား လူမှုရေး အဖွဲ့အစည်းတွေကနေ အမြဲလေ့လာသင်ယူနေရတယ်။ ခုဆိုရင် ကျွန်တော်တို့ရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့် ကျွန်တော်တို့အဖွဲ့လေးက တကယ်အသိအမှတ်ပြုခံရတယ်၊ အတိုင်းအတာတစ်ခုအထိ အောင်လည်း အောင်မြင်တယ်၊ ဒီ့အတွက် ကျွန်တော်တို့ တကယ်ဝမ်းသာကျေနပ် မိပါတယ်။

မှီငြမ်းကိုးကားချက်များ

Ackerly, B. (2010).	Framework for Research Ethics and Evaluation: Justification and Guidelines. Vanderbilt University.
ActionAid. (2011).	A Force for Change: Achievements of the Fellowship Programme in Myanmar. Yangon: ActionAid.
Andaya, Barbara Watson. (2000).	'Introduction'. in Barbara Watson Andaya, editor, Other Pasts: Women, Gender and History in Early Modern Southeast Asia.Manoa: Center for Southeast Asian Studies, University of Hawaii. pp 1-26.
Asian Development Bank (2012).	Myanmar: Interim Country Partnership Strategy (2012-2014), October 2012. Burma/Myanmar: New Forms of Control and Threats to Freedoms of Expression,
Asian Forum for Human Rights and Development (2012).	Assembly and Association amidst Reforms Fanfare. International Fact-Finding Mission 24-30 October 2012.
Aung Si Hein (2013).	Tall Order. In Modern Woman: A Myanmar Times Special report June 2013. Myanmar Times. June 2013.
Bekker, Sarah M. (1981).	The Concept of Anade- Personal, Social, and Political Implications. In John P. Ferguson. Essays on Burma-Contributions to Asian Studies. Essays on Burma 16. Brill Archive. pp. 19–37.
Belak, Brenda. (2002).	Gathering Strength- Women from Burma on their Rights. Chiang Mai: Images Asia.
Bernard, Russel H. (2006).	Research methods in anthropology – Quantitative and Qualitative approaches. 4th edition. Oxford: Alta Mira Press.
Blomqvist, Gunilla. (2004).	Gender discourses at work: export industry workers and construction workers in Chennai, Tamil Nadu, India. Göteborg: Göteborg University.
Boudet, Ana Maria Munoz , Patti Petesch, and Carolyn Turk with Angelica Thumala. (2013).	On Norms and Agency. Conversations about gender equality with women and men in 20 countries. The World Bank.
Bourgault, J (2013).	Is Facebook holding Burmese media back?. The Guardian, [Newspaper]. URL: http://www.theguardian.com/global-development-professionals-network/2013/aug/21/letters-facebook-monopoloy-limits-progress-burma [21 August 2013].
Butler, Judith. (1993).	Bodies that matter: On the discursive limits of 'sex'. Routledge.
Caraway, T. L. (2007).	Assembling women: The Feminization of Global Manufacturing. New York: Cornell University Press.
CARE Myanmar. (2013).	UNSCR 1325 Special Event in Kayah State 2-5 Dec 2013. Workshop report on Engaging Men to end Gender Based Violence. (internal report).
CARE Myanmar (2013 a).	Report on WIN/MEN cultural workshop July 2013. (internal report).
CARE Myanmar (2013b).	Engaging men in Sexual and Reproductive Health. (internal report).
Chaw Chaw. (2003).	Rural women migrating to urban garment factories in Myanmar in Social Challenges for the Mekong region, Chaing Mai: Chiang Mai University. wURL: http://www.rockmekong.org/pubs/social/08_chaw.PDF
Connell, R.W. (1995).	Masculinities. Polity Press in association with Blackwell Publishers.
Elson, D. (1999).	Labor Markets and Gendered Institutions: Equality, Efficiency and Empowerment Issues, World Development, Vol. 27(3). pp: 611-627.

Franck, Anja. (2012). From Formal Employment to street vending. Women's Room to manoeuvre and labor market decisions under conditions of export orientation – the case of Penang, Malaysia. School of Business, Economics and Law, University of Gothenburg.

Gender and Development Initiative (2011). Gender based Constraints in Rural Areas and Women's Empowerment in HDI of UNDP Myanmar.

Gender Equality Network. (2012). GEN Strategic Plan 2012 – 2015, (internal document).

Gender Equality Network. (2013 a). Myanmar laws and CEDAW: The Case for Anti-Violence Against Women Laws. Yangon: Gender Equality Network.

Gender Equality Network. (2013 b). A Historic Walk and Event. Yangon: Gender Equality Network.

Gender Equality Network. (2013 c). The Women's Leadership Training Needs and Training Initiatives Assessment. Yangon:

Gender Equality Network. Civil Society Consultation Workshops: Anti-Violence Against Women Law Drafting. January-October 2013.

Gender Equality Network. (2013 d). Gender Equality: The Constitution of the Republic of the Union of Myanmar. December 2013.

Gender Equality Network. (2013 e). Impact of globalization on women: Women and economic liberalization in the Asia and Pacific region. Women in Development Discussion paper series. No 1.

Ghosh, J. (1999). URL: http://www.unescap.org/ESID/GAD/Publication/DiscussionPaper1.pdf.

Girl Determined/ Colorful Girls. (2013). Understanding the Barriers faced by Girls in Myanmar,(internal report).

The Government of the Republic of the Union of Myanmar. (2013). Learning for All Meeting – Country Paper of the Government of the Republic of the Union of Myanmar. United Nations General Assembly. United Nations. New York; September 2013.

Harriden, J. (2012). The Authority of Influence. Women and Power in Burmese History, Copenhagen: NIAS Press.

Hedström, Jenny. (2013). Where are the women? Negotiations for peace in Burma. Stockholm: The Swedish Burma Committee.

Hooper, C. (2000). Masculinities in transition- the case of globalization. In: Marchand, MH and AS Runyuan (eds.) (2000). Gender and Global Restructuring- sitings, sites and resistances. Routledge, London.

Hylland Eriksen, Thomas. (1999). Kulturelle Veikryss, Essays om kreolisering. Oslo: Universitetsförlaget.

Ikeya C. (2005). The 'Traditional' High Status of Women in Burma: A Historical Reconsideration. The Journal of Burma Studies, 10(6): 51-81.
- 2010. 'The Scientific and Hygienic Housewife-and-mother: Education, Consumption and the Discourse of Domesticity'. The Journal of Burma Studies Vol 14:59-89.
- 2012. Refiguring women, colonialism and modernity in Burma. Chiang Mai: Silkworm Books.

International Labour Organization. (2012) Decent Work in Myanmar: ILO Programme Framework, November 2012 – April 2014, ILO November 2012.

Kawanami, Hiroko. (2001). 'Can Women be celibate? Sexuality and Abstinence in Theravada Buddhism'. in Elisa Jane Sobo and Sandra Bell (eds.) (2001). Celibacy, culture and society: the anthropology of sexual abstinence (Madison, Wisconsin: The University of Wisconsin Press. pp 137-56.

Khin Soe Kyi, (2012). Gender equality and empowerment of women in Myanmar. Case study: candidates of EMPA and EMDEVs at YIE during 2011-12 academic year.

Koggel, C. (2003). Globalization and Women´s Paid work: Expanding Freedom? Feminist Economics, Vol 9(2/3). pp: 163-183.

Ko Htwe and Gene Williams. (2014). Old ties to Myanmar's new media. Asia Times OnLine. 9 January 2014

Kyaw Tin. (2013). Statement by H.e U Kyaw Tin, Permanent Representative of the Republic of the Union of Myanmar to the United Nations at the 57th Session of the Commission on the Status of Women. New York, 11 March, 2013. URL: http://www.un.org/womenwatch/daw/csw/csw57/generaldiscussion/memberstates/myanmar.pdf [accessed on 2014.02.26]

Kyi Kyi Nyein. (2005). A Study on Myanmar women NGOs and their role in enhancing the social safety net for women and children of Myanmar. Master thesis, Master of Public Administration, Yangon Institute of Economics

Lahtaw. J. N & Raw. N. (2012 Myanmar's current peace processes: a new role for women? Center for Humanitarian Dialogue.

Lapchick. R. et al. (2013). The 2012 Associated Press Sports Editors Racial and Gender Report Card. The Institute for Diversity and Ethics in Sports, University of Central Florida.

Marianne, H and Runyan, Sisson. A (eds.). (2000). Gender and global Restructuring-sightings, sites and resistances. London: Routledge.

Marie Stopes International in Myanmar. (2008). Gender Analysis: Report prepared for the project Mobilising Access to Sexual and Reproductive Health in Myanmar.

Marie Stopes International in Myanmar. (2013). Filling the gap? A review of Marie Stopes International and Myanmar Nurses and Midwives Association professional Development Programme for Pre-service midwives.

McCarthy, G. (2013). Myanmar's religious malaise goes online. 19 December 2013 http://inside.org.au/myanmars-religious-malaise-goes-online/

Michaels, S. (2013). 'Why don't men need to be Virgins?'. Irrawaddy. (27 July 2013). URL: http://www.irrawaddy.org/archives/40824 [accessed on 16 September 2013]

Michaels, S. (2013). 'The Safe Sex Talk, Burmese Style'. Irrawaddy. (20 January 2014). URL: http://www.irrawaddy.org/feature/safe-sex-talk-burmese-style.html [Accessed January 21st 2014]

Mikkelsen, Britha. (1995). Methods for Development Work and Research- guide for practitioners, New Delhi: Sage.

Ministry of Culture. (2013). Myanmar Cultural Civics Education and Regulations to be polite and clever.

Min Hein Htet (Myitmakha). (2013). Kayah women's dignity is exchanged for traditional compensation practice, The Standard Time Daily (San Taw Chain). 22 December 2013. Loikaw.

Mohanty, Chandra Talpade. (1991). Under western eyes: Feminist scholarship and colonial discourses, in Mohanty, Chandra Talpade; Russo, Ann, & Torres, Lourdes (eds.). Third world women and the politics of feminism. Bloomington: Indiana University Press.

Myanmar National Committee for Women's Affairs. (2013). National Strategic Plan for the Advancement of Women 2013- 2022. Nay Pyi Taw:

Ministry of Social Welfare, Relief and Resettlement, Department of Social Welfare.

Myanmar Maternal and Child Welfare Association. URL: http://www.mmcwa.org.mm/index.php/working-committees/9-social-activities

Nu Nu Tin. (2006). The status of Myanmar women in development. Thesis, Master of Development, Yangon, Institute of Economics.

Oxfam. (2009). Gender Impacts: Cyclone Nargis, Myanmar (internal document).

Oxfam. (2012). Barriers to and Opportunities for Women's Economic Advancement in Myanmar: A Discussion Paper exploring women's participation in Agricultural and Fishing markets in Myanmar. Internal document.

Oxfam, ActionAid, CARE. (2011). If Given the Chance: Women's participation in public life in Myanmar. Yangon: Oxfam, ActionAid, CARE.

Oxfam, Trocaire, CARE, ActionAid. (2013). Women and Leadership in Myanmar. Yangon: Oxfam, Trocaire, CARE, ActionAid.

Pearson, R. (2007). Reassessing paid work and women´s empowerment: lessons from the global economy. In Cornwall, Harrison and Whitehead (Eds.). Feminisms in Development: contradictions, Contestations and Challenges. London and New York: Zed Books. pp: 201-213.

Perera, S. (2012). Northern Rakhine State Gender Analysis Report. CARE International in Myanmar (internal document).

Peterson, Spike V. & Runyan, Anne S. (1993). Gender as a lens on world politics. In Global Gender Issues. Westview Press. p.17

Roberts, J. (2009). Gender Review of the National Strategic Plan on HIV 2006-2010. UNAIDS (internal document).

Sen, A. (1999). Development as Freedom. New York: Anchor Books.

Steinberg, D. (2014). Deafened by globalisation, Myanmar fears for its culture. Yale Global, February 18th, 2014. URL: http://www.nationmultimedia.com/opinion Deafened-by-globalisation-Myanmar-fears-for-its-cu-30227031.html [Accessed 18 February 2014]

Swe Sin My. (2008). A study of actions for gender development in Myanmar and some selected Asian Developing Countries. Master of Development Studies Program, Yangon Institute of economics.

Taylor-Powell, E. and Marcus Renner. (2003). Analyzing Qualitative Data. UW-Extension: Program Development and Evaluation. University of Wisconsin.

Than, Tharapi. (2012). Commercial Burmanization: two adverts by Burmah Oil Company in postcolonial Burma in Postoclonial Dialogues. The newsletter Vol. 59 (2012):34 International Institute for Asia studies.

Than, Tharapi. (2014). Women in Modern Burma. New York: Routledge.

The Convention of the Elimination of All Forms of Discrimination Against Women. (1979). United Nations.

Thein, Cherry. (2013). Female MPs call for review of draft marriage law. Myanmar Times. August 28, 2013.

Thematic group on Equality. KONSTRUKTIV NORMKRITIK. En rapport om normkritik i Europeiska socialfondens projekt. URL: http://jamstall.nu/wp-content/uploads/2013/02/Konstruktiv-normkritik.pdf

Thinn, Nyo Nyo. (2006). The quest for gender justice: Introduction to the legal status of women in Myanmar. PhD dissertation. Japan: Yokohama National University.

'Ministry to tackle dress and behaviour with civics program'. Myanmar Times,

Thitsar, Swegu. (2013). August 26-September 1, 2013.

Tomlinson, John. (1999). Globalization and culture. Cambridge: Polity Press.

Transnational Institute and Burma Centrum Nederland. (2014). Ethnicity without Meaning, Data without Context.The 2014 Census, Identity and Citizenship in Burma/ Myanmar. Burma Policy Briefing Nr 13, February 2014.

Verbruggen, Yola. (2013). Moe Moe War and her sister symbolise a fight against hidebound tradition, as she takes to the field this SEA Games with the Myanmar women's football team. 14 December 2013. URL: http://m.todayonline.com/sports/side-strength

United Nations Development Programme. (2011). Sustainability and Equity: A Better Future for All. Human Development Report 2011.

UNESCO. (2012). Gender Sensitive Indicators for Media: Framework of indicators to gauge gender sensitivity in media operations and content. Paris: UNESCO.

United Nations Populations Fund. (2010). Report on Situation Analysis of Population and Development, Reproductive Health and Gender in Myanmar. Yangon: UNFPA.

UN Women. (2013). Gender Situation Analysis, Myanmar. (Report; 2nd draft)

Weng, Lawi. (2014). Wirathu to Discuss Interfaith Marriage Restrictions at Monks' Conference. The Irrawaddy, January 9, 2014.

Winther Jørgensen, Marianne and Phillips, Louise. (2000). Diskursanalys som teori och metod, Lund: Studentlitteratur.

World Bank. (2012). World Development Report 2012: Gender Equality and Development. Washington, DC: World Bank.

World Bank & Myanmar Development Research. (2012). Qualitative Social and Economic Monitoring, Round One Report, October 2012. Commissioned by Livelihoods and Food Security Trust Fund.

Yin Yin Myint. (1997). A study of selected women entrepreneurs and their management practices. Yangon Institute of Economics

http://www.modins.net/myanmarinfo/ministry/culture.htm [accessed 13 November 2013]

ဓါတ်ပုံပညာရှင်များသို့ ကျေးဇူးတင်လွှာ

'ရှုန်းမထွက်သာအစဉ်အလာ' မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုစံနှုန်းများ၊ လူမှုအလေ့အထများနှင့် ကျား၊ မ ရေးရာ တန်းတူညီမျှရေး အစီရင်ခံစာနှင့် စာတမ်းအကျဉ်းချုပ်များတွင် ပါဝင်ပုံဖော်ထားသောဓာတ်ပုံများအား ရိုက်ကူးပေးခဲ့ပါသောဓာတ်ပုံပညာရှင်များဖြစ်ကြသည့်

ကြယ်ပြာ၊ ခွန်သီဟ၊ စည်သူဇေယျ၊ ဆိုင်းမိုင်၊ ထွန်းထွန်းဇော်၊ ထူးအောင်ကျော်၊ ဒီနင်ဘောက်မော်၊ နိုင်ထွန်းဝင်း၊ မြတ်သန္တာဦး၊ ရွှေဝတ်မှုန်၊ ရီတာခင်၊ ရည်မွန်ဦး၊ သုသု၊ သိန်းနိုင်(ခ)ညီတော်မောင်၊ အောင်နိုင်ထွန်းဟိန်းနှင့် အာကာထွန်းကျော်တို့ကို ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက် (Gender Equality Network)မှ ကျေးဇူးတင်ရှိပါကြောင်း အသိအမှတ်ပြုဖော်ပြအပ်ပါသည်။

ဖော်ပြပါ ဓာတ်ပုံပညာရှင်များသည် ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်မှ ပြုလုပ်ခဲ့သော မှတ်တမ်းဓာတ်ပုံသင်တန်းနှင့် ဓာတ်ပုံပြိုင်ပွဲတွင် ပါဝင်တက်ရောက်ယှဉ်ပြိုင်ခဲ့ကြပါသည်။ သင်တန်းတွင် သတင်းဓာတ်ပုံပညာများ၊ ဓာတ်ပုံပညာဆိုင်ရာ စည်းမျဉ်းများနှင့်အတူ အစီရင်ခံကိုလွှမ်းခြုံမိသော အဓိအကြောင်းအရာများကို လေ့လာသင်ယူခဲ့ရပါသည်။ အစီရင်ခံစာနှင့် စာတမ်းအကျဉ်းချုပ်များတွင် အသုံးပြုထားသောဓာတ်ပုံများအားလုံးသည် ဓာတ်ပုံပြိုင်ပွဲကာလအတွင်း ဓာတ်ပုံပညာရှင်များ၏ အားထုတ်ရိုက်ကူးထားမှုများဖြစ်ပါသည်။ ယင်းဓါတ်ပုံများတွင်ပါဝင်သူများကို ရိုက်ကူးသူဓာတ်ပုံပညာရှင်များမှတဆင့် ခွင့်ပြုချက်ရယူထားပြီးဖြစ်ပါသည်။ အဆိုပါ ခွင့်ပြုချက်အရ ၄င်းတို့၏အမည်များကို ထည့်သွင်းဖော်ပြခြင်းပြုမည်မဟုတ်ပါ။

ဤအစီရင်ခံစာဖြစ်မြောက်ရေးအတွက် ပံ့ပိုးပေးပါသော အောက်ဖော်ပြပါ အလှူရှင်အဖွဲ့အစည်းများအား အထူး ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

GEN

ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက်